http://www.dhammadownload.com

## သီဟိုဠ်ခေတ်

# စံတော်ဝင်အရိယာများ



ဓမ္မာစရိယ ဦးဋ္ဌေးလှိုင်

http://www.dhammadownload.com

# သီဟိုဠ် ခေတ် စံတော်ဝင် အရိယာများ



- ဖတ်ရှုတွေ့မြင်ရခဲသော ဓာတ်ပုံ မြေပုံ ကျောက်စာ သမိုင်းဝင်ပစ္စည်း အထောက်အထား များနှင့် သီဟိုဠ် မြန်မာ ရှေးဦးသာသနာသမိုင်း၊ အရှင်မဟာဗုဒ္ဓဃောသနှင့် အဋ္ဌကထာ သမိုင်း၊ သီဟိုဠ်, မြန်မာဆက်ဆံရေး၊ သာသနာခေတ်စော၍ အရိယာပေါသော ငါတို့ ပြူနိုင်ငံ မြန်မာပြည်။

- နိကာယ်အဋ္ဌကထာကြီးများနှင့် ရှေးသီဟိုဠ်မှတ်တမ်းများအရ ဆရာနှင့်ဒကာ၊ သာသနာနှင့် လောက၊ ပရိယတ်နှင့် ပဋိပတ် အားကျမခံ အသက်နှင့်ရင်း၍ ဆောင်ကြဉ်းခဲ့ကြပုံ အထွေထွေ သာသနာရေးဗဟုသုတများ၊

- သမထ ဝိပဿနာ အလုပ်ခွင်နှင့်စပ်၍ ယောဂီတိုင်း ကျက်မှတ်ထားရမည့် ဒေသနာ အဆီ အနှစ်များ၊ စံယူအားကျဖွယ် လုပ်ထုံးများ၊ ရှောင်ကြဉ်, လိုက်နာဖွယ် ဟရားအတွေ့အကြုံများ၊

- ဆရာတု, တရားတု စိစစ်ရေး၊ တရားပေါက်ပြီ ထင်မှတ်မှားနေသူများ အရေး၊ ဆရာပြိုင် တရားပြိုင် ယောဂီများအတွက် သံသရာနှင့်ချီ၍ ကြောက်လန့်ဖွယ် ကောင်းလှသော အရိယူပဝါဒ ကံကြီးအကြောင်း၊

- မဟာယာနာနှင့် ဗြာဟ္မဏအန္တရာယ်ကြားက သီရိလင်္ကာ–သီဟိုဠ်နိုင်ငံ၏ ရာဇဝင် သာသနာ ဝင် အချုပ်၊ သမိုင်းဝင် မြို့ရွာ ကျောင်းကန် ဘုရား ခရီးစဉ်၊ တရုတ်ရဟန်းတော် ဖာဟီယန် ကိုယ်တွေ့ ကျွန်းသီဟိုဠ်၊ မဟာယာနနှင့် ရှင်ဥပဂုတ်၊ ဟီနယာန မဟုတ်သော ထေရဝါဒ၊ ဂေါတမဗုဒ္ဓသည် ဗမာလူမျိုး ........ ။

သာသနာတော် သမိုင်းရေစီးကြောင်းနှင့် အနာဂတ်ကမ္ဘာ့သာသနာအား
တွန်းအားပေးတော်မူနေကြသော သီဟိုဠ်ခေတ် ရဟန္တာ ပုဂ္ဂိုလ်ထူးကြီးများအကြောင်း။

http://www.dhammadownload.com

နိကာယ် အဋ္ဌကထာကြီးများတွင်

အရှင်မဟာဗုဒ္ဓဃောသ စံတင်ပြဋ္ဌန်းထားတော်မူသော

# သီဟိုဠ်ခေတ်

# စံတော်ဝင်အာစရိယာများ

ဓမ္မာစရိယ ဦးဌေးလှိုင်

[နိကာယ်ငါးရပ် ပါဠိတော်, အဋ္ဌကထာများနှင့် ရှေးသီဟိုဠ် မှတ်တမ်းများမှ အလုပ်ခွင် လက်တွေ့ သင်ခန်းစာနှင့် သာသနာရေးဗဟုသုတများ ပါဝင်သည်။]

ဉာဏ်အလင်း

မြန့်ချိနရေး
အမှတ် ၄၁၊ ၄၄ လမ်း၊
ရန်ကုန်မြို့။

http://www.dhammadownload.com

# မြန်မာ တို့၏ ဘာသာရေး ခံယူ, ရစ်တည်ချက် နှင့်တကမ္ဘာလုံးက လေးစားရိုသေတ်လာ ရမည့်, အရိယာ မဆိတ်သုဉ်းသော မြန်မာ

မြန်မာနိုင်ငံသည် ဗုဒ္ဓတရားတော် မြှင့်တင်, ပြန့်ပွားရေး မျက်မှောက် လုပ်ဆောင်ချက်များအရ သီဟိုဠ်စသော ကမ္ဘာ့နိုင်ငံတို့၏ ဦးဆောင် လမ်းညွှန် နိုင်ငံအဖြစ်သို့ ရောက်ရှိလာပါသည်။

ယခုအခါ ဗုဒ္ဓသာသနာတော် ထွန်းကား၍ သူတော်ကောင်း တရားများ ပြန့်ပွားလာစေရန် ရဟန်းရှင်လူတို့၏ထက်သန် အားသစ်မှုများမှာလည်း ကမ္ဘာနှင့် အဝန်း ဆင့်ကာ ဆင့်ကာ တိုးတက်လာနေရိပ်ရှိပါသည်။ ကျွန်ုပ်အာထင်သော်— မဝေးတော့သော အနာဂတ်ကာလ တချိန်ချိန်မှာ ဗုဒ္ဓ သာသနာတော်သည် တကမ္ဘာလုံးကိုပင် တကျော့ပြန့်လွှမ်းသွားပါလိမ့်မည်။

ထိုအခါ မြန်မာနိုင်ငံသည် မိမိဆောင်ရွက်ချက်အားလျော်စွာ ကမ္ဘာ့နိုင်ငံ အားလုံးတို့၏ လေးစားရိုသေတ်ခြင်းကို မလွဲမသွေ ထိုက်ထိုက်တန်တန် ခံယူရပါ လိမ့် ဦးမည်။

မြန်မာလူမျိုးတို့၏ တိုးတက်မှုဟူသမျှသည် ဗုဒ္ဓဝါဒ၌သာ အခြေခံ၍ ဗုဒ္ဓ သာသနာတော် ဆုတ်ယုတ်ခြင်းသည် မြန်မာလူမျိုးတို့၏ ကျရှုံးခြင်းပင် ဖြစ်ပါ တော့သည်။

ဒုတိယ ကမ္ဘာစစ်အတွင်းမှာကဲ့သို့သော ဆင်းရဲဒုက္ခမျိုးစုံကိုပင် ရဲရဲဝံ့ဝံ့ စန့်စန့်စားစား နိုးကြားထကြွ ဇွဲလုံ့လဖြင့် ကြံ့ကြံ့ခံ တော်လှန်လွတ်မြောက်နိုင် ခဲ့ကြသည်အထိ မြန်မာလူမျိုးတို့အား သူရသတ္တိနှင့် ခံနိုင်ရည်စွမ်းအင်များကို ပေးခဲ့သည်မှာ ယင်းသည့် ဗုဒ္ဓဝါဒသာလျှင်ဖြစ်ပါသည်။

လွတ်လပ်ရေး ရပြီးသည်နှင့် အမျိုးသား ဖွံ့ဖြိုးရေး ယဉ်ကျေးမှုနှင့်အတူ သံဃါယနာတင်ခြင်း၊ သာသနာတော် သန့်ရှင်း, တည်တံ့ ပြန့်ပွားမြဲ ပြန့်ပွား အောင် ဆုံးဖြတ်လုပ်ဆောင် လိုက်နိုင်ခြင်းမှာလည်း ကွက်တိ လုပ်ရပ်မှန် ဖြစ်၍ ကမ္ဘာကို မြန်မာတို့က စံနမူနာပြလိုက်ခြင်းပင် ဖြစ်ပါတော့သည်။

http://www.dhammadownload.com

သာသနာဟူသည် သုံးမျိုးရှိရာ ပရိယတ်, ပဋိပတ်နှစ်မျိုးမှာ အခြားထေရဝါဒ နိုင်ငံများမှာလည်း အတန်ကျေနပ်ဖွယ် တွေ့မြင်ရပါ၏။ သို့သော် ပဋိဝေဓ သာသနာမှာမူကား ချို့တဲ့လျက်ပင် ရှိနေခဲ့ကြပါသေးသည်။ မြန်မာနိုင်ငံမှာကား ပရိယတ်, ပဋိပတ်သာမက ပဋိဝေဓပါ ဘက်စုံဖွံ့ဖြိုးတိုးတက်နေကြောင်း ရဲရဲကြီးပြောဝံ့ပါသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံတွင် အရိယာ ပုဂ္ဂိုလ်ထူးကြီးများအနှံ့အပြားရှိနေကြမည်ကို ကျွန်ုပ်အနေဖြင့် အကြွင်းမဲ့ စိတ်ချယုံကြည်နေပါသည်။

ဤအချက်ကလည်း ကမ္ဘာမှာ မြန်မာက အသာရနေကြောင်း ထင်ရှားစေပါသည်။ ထိုမျှဖြင့် ဤမည်သော မြန်မာတို့အဖို့ အံ့ချီးဖွယ်မရှိပါ။ ဗုဒ္ဓသာသနာတော်၌ အလေးအနက် သက်ဝင်ခံယူထားသူများပီပီ သာသနာ့အတွက် ဆင်းရဲချမ်းသာ၊ ဥစ္စာနည်းများမဟူ အသက်ကိုပင်လျှင် စွန့်လှူရန် အသင့်ရှိနေသော လူမျိုးများဖြစ်ကြပါသည်။ ထို့ကြောင့်လည်း ဖြစ်ထိုက်၍ ဖြစ်ပေါ်လာရသော ဆိုထုံးတခု တွင်ရှိနေပါသည်–

> "သင်သည် ဗုဒ္ဓဝါဒကို အမှန်တကယ် စိတ်ပါမြတ်နိုး၍ လက်တွေ့ကျကျ အဟုတ်ကျင့်ကြံသည်ကို လေ့လာလိုပါလျှင် မြန်မာနိုင်ငံသို့ သွားပါ။"

In the present effort of hoisting up and propagating the Buddha-Dhamma, this country of Burma has become the leader and guide of all other countries as Ceylon, etc.

Now enthusiasm both of Bhikkhus and laymen in raising up the Sasana, in spreading the Dhamma, as it seems, is gradually increasing in every country. I hope the Sasana of the Omniscient Buddha will spread all over the world once again before long.

In this activity, this country of Burma will be duly paid honour and respect by all the other countries.

The whole progress of Burmese nation is due only to Buddhism, and the decline of Buddhism is the downfall of Burmese nation. ▷

## သီဟိုဠ်သံဃိကာရက သံဃကိုယ်စားလှယ်ခေါင်းဆောင်
## အဂ္ဂမဟာပဏ္ဍိတ အာနန္ဒမေတ္တေယျဆရာတော်၏ အမြင်

[ကမ္ဘာ့ ဗုဒ္ဓဘာသာခေါင်းဆောင်များအလယ် ပြောကြားချက်]

http://www.dhammadownload.com

And further, it is the very Buddha-Dhamma that has given them the courage and preserving energy to stand unhesitatingly and unmoved even in the times of war, facing bravely and enduringly all sorts of troubles and tribulations with a heroic vigour.

So, they are quite right that they have determined, immediately after they got Independence, to enhance the Sasana and bring it back to its pristine purity; as a consequence of which, this sangayana has come to pass. Thus doing their duty to their religion, and thereby to their culture as well, the Burmese people have set an example to other nations.

Last of all, there is one more fact that I cannot neglect mentioning here. You know, I think, that our Sasana consists of three devisions, namely Pariyatti, Patipatti and Pativedha. The first two of these three are still to be found in a somewhat satisfactory condition in other Theravadin countries, whereas with regard to the third division they lack it. But here in Burma, I believe and boldly express my personal view, there are not only Pariyatti and Patipatti in a perfect condition, but also Pativedha Sasana too is still existing and so, I believe, there are Ariya-puggalas still in this country.

Thus, in this aspect too, Burma excels all other countries, and it is no wonder that people of such a country are extremely pious and so inclined to their religion that they are ready at any moment to sacrifice their health, wealth and even their life for the sake of their religion. So, rightly it has become a proverbial saying:

> "If you want to see the ardent love for Buddha-Sasana and earnestly put to practice, go to Burma and see."

[၁၇၊ ၅၊ ၁၉၅၄-၅၆ ဆဋ္ဌသံဂါယနာမှတ်တမ်းမှ။]

http://www.dhammadownload.com

# သီဟိုဠ် မြန်မာဆက်ဆံရေး

## (သမိုင်းမှတ်တိုင်တခု)

ပဲခူးမြို့မ ဆရာတော်
(အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဣန္ဒာစာရ)
နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ

▽

မြန်မာနိုင်ငံနှင့် သီရိလင်္ကာ နိုင်ငံတို့သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်နိုင်ငံများ ဖြစ်ကြသည့် အလျောက် ခေတ်အဆက်ဆက်နှစ်နိုင်ငံသာသနာရေး ကူးလူးဆက်ဆံမှုများ အဆက်မပြတ်ရှိခဲ့သည်။ ပရိယတ္တိမြေဟုဆိုအပ်သော စာပေ ကျမ်းဂန်များ အပြန်အလှန် ပေးပို့ ဖလှယ်ခြင်း၊ ရဟန်းသံဃာတော်များ အပြန်အလှန် ကြွရောက်၍ ပညာ သင်ကြားခြင်း၊ သီရိလင်္ကာနိုင်ငံမှ ဗောဓိပင်များနှင့် စွယ်တော်ပွားစသည့်မြေပဏ္ဏာများကို ပေးပို့ခဲ့၍ မြန်မာနိုင်ငံမှလည်း စွယ်တော်ကြုတ်၊ ထီးတော်၊ စိန်ဖူးတော်များစသည့် လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးပို့လှူဒါန်းခြင်း ပြုခဲ့ကြသည်။

ယခုလည်း သီရိလင်္ကာနိုင်ငံ ယဉ်ကျေးမှု ဒုတိယဝန်ကြီးနှင့် အနုရာဓ ဆရာတော် အရှင်ဥာဏရတနထေရ်တို့က ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားများ ပူဇော် ကိုးကွယ်ရန် အတွက် ဗောဓိပင်များကို ဓမ္မ ပဏ္ဏာ အဖြစ်ပေး အပ်ခြင်း သည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်သူ နိုင် ငံ တော် သား အ ပေါင်း တို့ လောကုတ္တရာ အကျိုးစီးပွား တိုးပွားရန်ဖြစ်သဖြင့် နှစ်သက်ရွှင်လန်း ပီတိလွှမ်းလျက် ဝမ်းမြောက် ဝမ်းသာ လက်ခံကြောင်းကိုပြန်ကြားအပ်သည်။

**ဗုဒ္ဓ သာသနာတော်၏ ကျေးဇူးကြောင့် သည်းခံခြင်း၊ မေတ္တာတရားထားခြင်းနှင့် စိတ်ကောင်း မွေးမြူခြင်းစသော လူ့လောကကျင့်ဝတ်များကို နှစ်ပေါင်းများစွာ စောင့်ထိန်းခဲ့ကြကြောင်း....**

မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် အခက်အခဲကြုံတွေ့ခဲ့သည့်အခါများတွင်တဦးနှင့်တဦး ရိုင်းပင်းကူညီစောင့်ရှောက်ခဲ့ကြသော သာဓကများရှိကြောင်း၊ အထူးသဖြင့် ဗုဒ္ဓသာသနာနှင့် ပတ်သက်၍ အနော်ရထာမင်းလက်ထက် ပထမ ဝိဇယဗာဟုမင်းက သံဃာတော်များ၏ အကူအညီကိုရရှိခဲ့ကြောင်း၊ ရာမညတိုင်းနှင့်မြန်မာနိုင်ငံတောင်ပိုင်းမှဗုဒ္ဓဘာသာသံဃာတော်များသည် သီရိလင်္ကာသို့ ကြွရောက်၍ သာသနာ ပြုခဲ့ကြကြောင်း၊ အလားတူပင် ဥတ္တရာဇီဝ ဆရာတော်သည်လည်းကောင်း၊ ဆပဒ ဆရာတော်သည်လည်းကောင်း သီရိလင်္ကာသာသနာတော်ကို ဆောင်ကြဉ်း၍မြန်မာနိုင်ငံတွင် သာသနာပြုခဲ့ကြကြောင်း၊ ၁၅-ရာစုနှစ် ပဲခူးဓမ္မစေတီမင်း လက်ထက်တွင် မြန်မာ သံဃာတော်များ သီရိလင်္ကာသို့ကြွ၍ သာသနာ ပြုခဲ့ကြကြောင်း။ ၁၇-ရာစု နှစ်တွင် သီရိလင်္ကာနိုင်ငံမှ ရခိုင်ပြည်နယ်သို့ သာသနာပြု စေလွှတ်ခဲ့၍ ရခိုင်ဆရာတော် ၃၃ ပါးတို့သည်လည်း သီရိလင်္ကာသို့ ကြွရောက်ပြီး သာသနာ ပြုခဲ့သည့်နည်းတူ နှစ်-၂၀၀ ခန့် ၁၈၀၂-ခုနှစ်တွင် အမရပူရ နိကာယကို လည်းကောင်း၊ ၁၈၆၄-ခုနှစ်တွင် ရာမည နိကာယကိုလည်းကောင်း ထူထောင်နိုင်ခဲ့ကြောင်း၊ ယင်း အချက်များသည် သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့ ထေရဝါဒ ဗုဒ္ဓဘာသာ နိုင်ငံတော်များ ဖြစ်သည့်အားလျော်စွာ တူညီသော ယဉ်ကျေးမှု ဓလေ့ ထုံးစံများ၊ အနုပညာများ ထွန်းကား ကြီးပွားခဲ့ခြင်း ဖြစ်ကြောင်း။

△

မစ္စတာဗန္ဓ
သီရိလင်္ကာနိုင်ငံအစိုးရ
ယဉ်ကျေးမှုဝန်ကြီးဌာန
ဒုတိယဝန်ကြီး

[ ၂၂၊၆၊၈၀—နေ့ထုတ် ကြေးမုံသတင်းစာမှ ထုတ်နုတ်ချက်။ ]

http://www.dhammadownload.com

## သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများနှင့်စာအုပ်

# ခေတ်ပုံမြေပုံနှင့်ကျောက်စာအညွှန်း

ခေတ်ပုံ ၁၊၂၊၃ ဆဋ္ဌ သံဂါယနာတင်စဉ်က ကြွလာချီးမြှောက် အပူဇော်ခံခဲ့သော အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာအရှင်မြတ်ကြီး၏ ဓာတ်တော်ကြုတ်နှင့် ဓာတ်တော်များ။ (စာမျက်နှာ ၁၀—ကြည့်။The Light of The Dhamma ဆဋ္ဌသံဂါယနာအထူးထုတ်မှ။)

ပုံ ၄၊၅၊၆ မိဟိန္တလေ့တောင်နှင့် အမ္ဗတ္ထလစေတီပုံ။
(နိဒါန်း အခန်း၃-ကြည့်။ Ceylon Ancient Cities မှ။)

ပုံ-၇ သီဟိုဠ်သာသနိကမြေပုံ (ဘိက္ခုဃောသဓမ္မ၏လံကာဒီပ-မှ။)

ပုံ-၈ ဒက္ခိဏာဘာခါ မဟာဗောဓိပင် အဝင်မုခ်ဦးပုံ။
(နိဒါန်းအခန်း ၃-နှင့်နောက်ဆက်တွဲဂ-ကြည့်။)

ပုံ-၉၊၁၀၊၁၁ ဂ္ဂဿရမုနိကျောင်းနှင့် စေတီပုံ၊ဇေတဝနစေတီ၊ ပေါလောန္နရုဝရှုပ်ပွား
၁၂၊၁၃၊၁၄ တော်နှင့်မဟာစေတီ၊ ထူပါရုံစေတီ၊ ကလျာဏီစေတီတော်ပုံများ။
(နိဒါန်း ၃-နှင့် အခန်း ၁—ကြည့်။)

ပုံ-၁၅ (တံဆိပ် ဗိဿနိုး၊ဟန်လင်းနှင့် သရေခေတ္တရာမြို့ဟောင်းများမှ တူးဖော်ရရှိသော
များနှင့်) ၁၆၊ ပုံများ။ (နိဒါန်းအခန်း ၅—ကြည့်။ ကျောက်စာဝန်ဦးမြ၊ရှေးဟောင်း
၁၇၊၁၈ သုတေသနညွှန်ကြားရေးဝန် ဦးအောင်သော်၊ဦးမြင့်အောင်၊ ဦးစိန်မောင်ဦးတို့၏ အစီရင်ခံစာ၊ကျမ်းစာနှင့် သုတေသနစာတမ်းများမှ။)

ပုံ-၁၉၊၂၀ အနော်ရထာမင်းကြီးနှင့်ရှင်အရဟံတို့၏ပိဋကတိုက်တော်နှင့်ဆပဒစေတီပုံ။
(နိဒါန်းအခန်း၄-နှင့်၅-ကြည့်။Pictorial Guide to Paganမှ။)


ပုံ-၂၁၊ ၂၂၊၂၃ လွတ်လပ်ရေးခေတ် သီဟိုဠ်-မြန်မာ ဆက်ဆံရေး သတင်းဓာတ်ပုံများ။ [၂၂၊၆၊၈၀-နေ့ထုတ် ကြေးမုံသတင်းစာ (၂၁)၊ ဉာဏ်လင်းစာပေထုတ် 'မဟာစည်ထေရ်မြတ် အတ္ထုပ္ပတ္တိ' (၂၂)နှင့် အမေရိကန်ပြန်ကြားရေးဌာနမှ ထုတ်ဝေသော ဗုဒ္ဓသာသနာတော် ၂၅၀၀ စာစောင် (၂၃) တို့မှ။]

ပုံ-၂၄၊၂၅ ဗုဒ္ဓသာသနိကမြေပုံနှင့် သီရိလင်္ကာ (သီဟိုဠ်ကျွန်း) မြေပုံ။
(တောင်ပေါက်ဆရာတော်ရေး၊ဗုဒ္ဓသာသနိက ပဋ္ဌဝိဝင်ကျမ်းမှ။)


ပုံ-၂၆၊၂၇ တရားတော်နှင့်သံဃာတော်။ (အသောကမင်းကြီးကျောက်စာတော်၊ ပထမကျောက်တိုင်၊ အမှတ်-၁ဆာရ်နာ့သ်ကျောက်တိုင်နှင့် အမှတ်-၃ သာဉ္စိ—ဆံချီကျောက်တိုင်မှ။)

ပုံ-၂၈ သာသနာပြု အမိန့်ဌာန်စာတမ်း(သာသနာ့သက္ကရာဇ်စာတမ်းမှ။)

http://www.dhammadownload.com



(၁)




(၂) ဆဋ္ဌ သံဂါယနာတင်စဉ် ကြွလာချီးမြှောက် အပူဇော် ခံခဲ့သော
အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာ အရှင်မြတ်ကြီး၏
ဓာတ်တော်ကြုတ်နှင့် ဓာတ်တော်များ

http://www.dhammadownload.com



(၃) ခေတ်တော်ကြုတ်အောက်ခြေအပြင်ဘက်၌ 'သပ္ပုရိသဿမောဂ္ဂလိပုတ္တတိဿဿ' ဟု ရေးထားသော စာတမ်း (စာမျက်နှာ ၁၀ ကြည့်)



(၄) သီဟိုဠ်သာသနာပြု အရှင်မဟာမဟိန္ဒထေရ် ကောင်းကင်မှကြွလာသက်ဆင်း၍ သီတင်းသုံးရာ မိဿကတောင်, စေတီယတောင်ခေါ် မဟိန္ဒဘ္ဘလ=မိဟိန္တလေ တောင်

http://www.dhammadownload.com




(၅) အရှင်မဟာမဟိန္ဒထေရ်၏ ဓာတ်တော်များ ဌာပနာ၍ အရှင်မြတ်သီတင်းသုံးရာ စေတီယတောင် အမ္ဗတ္ထလ (သရက်ပင်ကုန်း)၌ တည်ထားသော အမ္ဗတ္ထလစေတီ (နိဒါန်းအခန်း ၃ အဆုံးကြည့်။)



(၆) ဝဲယာ တရုတ်စကားပင်များ အစီအရီနှင့် ဒေဝါနံပိယ ဘိဿ မင်းကြီးကောင်းမှု ကျောက်လှေကားထစ်ပေါင်း ၁၈၄၀ ရှိ မိဟိန္ဒလေ့တောင်သို့


(၇)
အနုရာဓ နေပြည်တော်ရှိ ရှေးဦးသီဟိုဠ်သာသနာ သမိုင်းဝင် ကျောင်း ကန် ဘုရား စေတီများ၏တည်ရှိပုံကိုပြသော သီဟိုဠ်သာသနိက မြေပုံ။






နှစ်ပေါင်း ၂၂၀၀ ကျော် ကမ္ဘာပေါ်တွင်အသက်အရှည်ဆုံး ဒဗ္ဗိဏာ သာခါ မဟာဗောဓိပင် (အဝင် မုခ်ဦးပုံ၊ နိဒါန်း အခန်း ၃-နှင့် နောက်ဆက်တွဲ ဂ-ကြည့်)။
(၈)

http://www.dhammadownload.com



(၉) လွန်ခဲ့သောနှစ်ပေါင်း ၂၂၀၀-ကျော်က မင်းညီမင်းသား ရဟန်းတော်များ သီတင်းသုံးရာ
ဣဿရမုနိ (ဣဆုရုမုနိယ) ကျောင်းနှင့်စေတီတော်

(၁၀)

အမြင့်ဥာဏ်တော် ပေ ၃၅၀–ရှိ

▽




(နောက်ဆက်တွဲ '၃' ကြည့်)

ပေါလောန္နရုဝ (ပုလတ္တိမြို့) ရှိ၊ အေ–ဒီ ၅၀၀ စုခန့်၊ သီဟိုဠ်ကျောက်ဆစ်ရုပ်ပွားတော်ကြီး။ (မူလထေရဝါဒ ရုပ်ပွားတော်များတွင် ဦးခေါင်းတော်၌ အဆင်တန်ဆာမပါရှိပုံနှင့် လက်တော်ထားပုံ သတိပြုပါ။)

(၁၁) ▷




http://www.dhammadownload.com




(၁၂) သီဟိုဠ်ကျွန်း မဟာစေတီတော်ကြီး
(အခန်း-၁-ကြည့်။)

http://www.dhammadownload.com



(၁၃)အနုရာဓမြို့တော်၊ ဘုရားလေးဆူတို့၏ဓာတ်တော်မွေတော်များကိန်းဝပ်ရာ ထူပါရုံစေတီတော်ကြီး
(နိဒါန်း အခန်း ၃ ကြည့်။)




(၁၄)ဓမ္မစေတီမင်းကြီးလက်ထက် သာဝတီ(ပဲခူး)ဟံ ရဟန်းတော်များရဟန်းခံရာ ကလျာဏီ မြစ်အနီးရှိ
ကလျာဏီစေတီတော်

http://www.dhammadownload.com

ရ ရ
'က ဇ ဇ ယ စာတမ်းပါ
ည ည
အိုးခြမ်းပဲ့တခု။ (ဟန်လင်းမြို့တော်မှရရှိသည်။
မြန်မာလို 'ကျေးဇူးသိသူ ဖြစ်ပါစေ။
ကျေးဇူးတင်ပါသည်' အဓိပ္ပာယ်ရ၏)

▽

ကတညုတ



## သံယသီရိ



△

ဗိဿနိုးမြို့တော် အမှတ် ၂-အဆောက်အဦမှ
ကျောင်းထိုင်ဆရာတော်၏ ဘွဲ့တော်ဟုယူဆရသော
'卐 သံယသီရိ' စာတမ်းပါတံဆိပ်တုံး။
(ရွှံ့တုံး၌ခတ်နှိပ်ထားသည်။ အေ-ဒီ ၂-ရာစု။)
(နိဒါန်းအခန်း ၅ ကြည့်)
(၁၅)

'ဒယာဒိန်' စာတမ်းပါ ဖောင်းကြွတံဆိပ်တုံး
(အေဒီ၊ ၅ ရာစုခန့်၊ ဟန်လင်းမှ၊ မြန်မာလို
'သနားသဖြင့် ပေးကမ်းလှူဒါန်းပါ'။)

▽


ဒယာဒိန်




http://www.dhammadownload.com

## (၁၆) အဘိဓမ္မာ ရွှေပေလွှာ (သရေခေတ္တရာ)


(သရေခေတ္တရာမြို့တော်ဟောင်း ခင်းဘားကုန်းမှ တူးဖေါ်ရရှိသော ရွှေပေလွှာ အချပ် ၂၀-မှ ပထမ ၂-ချပ်။ အေ-ဒီ-၃ ရာစုက ဣန္ဒိယတောင်ပိုင်းသုံး ကဒမ္ဗအက္ခရာဖြင့် သိဒ္ဓံ အစချီကာ ပဋိစ္စသမုပ္ပါဒ်စသော အဘိဓမ္မာပါဠိတော်ကောက်နုတ်ချက်များ ရေးသားထားသည်။



ဗိဿနိုးမြို့တော်မှ (အမှတ်၃) စက်ပိုင်း အဆောက်အဦ (ဓမ္မစကြာစေတီ)၊ အတွင်းစက်ဝန်း အချင်း၁၀၈-ပေ၊ အပြင်စက်ဝန်း ၁၄၁-ပေ၊ ၄-မျက်နှာ၌ ၅-ပေအကျယ် လေကားတစုံစီတပ်ထားသည်၊ ဣန္ဒိယတောင်ပိုင်း၊ အန္ဓရဒေသ အမရဝတီ နာဂရ်ဂျုနကွန်ဒ မြို့ဟောင်း၌ တွေ့ရှိရသော ထူပ=စေတီ ပန္နက်များနှင့် လုံးဝနီးပါး တူညီလျက်ရှိ၏။ (၁၇)




http://www.dhammadownload.com



(၁၈) ဗိဿနိုးမြို့တော်မှ သံဃာသီရိ ကျောင်းတော်ကြီးပုံ
(၇၉-ပေခွဲ အခန်းရှည်ကြီးနှင့် ၁၀-ပေခွဲ အခန်းငယ် ၈-ခန်း ပါဝင်သည့် ဗိဿနိုးမြို့တော်ဟောင်းမှ
တူးဖော်တွေ့ရှိရသော အမှတ် ၂ အဆောက်အဦ။)


http://www.dhammadownload.com



အနော်ရထာမင်းကြီးနှင့် ရှင်အရဟံတို့၏ ပိဋကတိုက်တော်
ပုဂံနေပြည်တော် သရပါတံခါးအနီးအမြင့် ၆၀--ပေ၊ အကျယ်စတုရန်း ၅၁-ပေရှိ
ဤပိဋကတိုက်ကြီး၌ခရစ် ၁၀၅၆-ခုနှစ် သထုံပြည်မှရသောပိဋကနှင့် ၁၀၇၅-ခုနှစ် သီဟိုဠ်မှရသော ပိဋကများကို
ရှင်အရဟံအမှူးပြုသော မထေရ်ကြီးများ သံဂါယနာတင်သည့်အလား ညှိနှိုင်းစိစစ်တော်မူကြသည်။
(၁၁၃၅-ခုနှစ် ဘိုးတော်မင်းတရားကြီး ပြုပြင်ခဲ့သည်။ နိဒါန်း အခန်း ၄-အဆုံးကြည့်။)

http://www.dhammadownload.com

(၂၀) ပုဂံနေပြည်တော်၊ ဆပဒ စေတီ



သီဟိုဠ်မြန်မာ ဆက်ဆံရေး သမိုင်းမှတ်တိုင်များတွင် တခု။ (နိဒါန်း အခန်း ၅-ကြည့်)

## လွတ်လပ်ရေးခေတ် သီဟိုဠ်-မြန်မာ ဆက်ဆံရေး သတင်းဓာတ်ပုံ



သီဟိုဠ် မြန်မာ နှစ်နိုင်ငံ အစိုးရနှင့် ပြည်သူတို့ကိုယ်စား သီဟိုဠ်ဆရာတော် ဉာဏရတနနှင့် ပဲခူးမြို့မှဆရာတော်တို့ ဗောဓိပင်ပျိုးသုံးပင် ပေးအပ်လက်ခံစဉ်။
(၂၀၊ ၆၊ ၁၉၇၀။)

(ပုံ-၂၁၊ ၂၂၊ ၂၃)



သီဟိုဠ်ဦးသတိပဋ္ဌာန် သာသနရိပ်သာ ဌာနခွဲများဖွင့်လှစ်ရန် နှစ်နိုင်ငံအစိုးရ၏ဆန္ဒအရ ဦးသုဇာတနှင့်အဖွဲ့ဝင်ဆရာတော် ၃ပါးတို့အား မဟာစည် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် လေဆိပ်သို့ လိုက်ပါပို့ဆော်မှုစဉ်။ (၂၁၊ ၇၊ ၁၉၅၅။)




ကန္တီယပြည် ဆံချိမှ ရရှိသောသာဝကကြီးနှစ်ပါး၏ ဓာတ်တော်များကို ကမ္ဘာအေး စေတီဌာပနာထားရှိပူဇော်ရန် သီဟိုဠ်မှ လာရောက်ပို့လှူစဉ်။

(၅၊ ၃၊ ၁၉၅၂၊)


http://www.dhammadownload.com

(၂၄) (သုဝဏ္ဏဘူမိယူပုံ နိဒါန်း ၆-အဆုံး၌ ကြည့်။ ကိုးတိုင်းကိုးဌာန နိဒါန်း ၂ ကြည့်။)



http://www.dhammadownload.com





http://www.dhammadownload.com

# တရားတော်

ဒေဝါနံပိယ ပိယဒဿီ ဘွဲ့တော်ချီသော (အသောက)မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူ၏။ ဤဓမ္မတရားတော်ကျောက်စာကို အဘိသိက်ခံ၍ ၂၆ နှစ်မြောက်သောအခါ ရေးထိုးစေတော်မူမလသည်။ ပစ္စုပ္ပန်ဘဝနှင့် နောင်တမလွန်ဘဝတို့၏ ကောင်းကျိုးချမ်းသာ မည်သည်မှာ(၁)တရားတော်ကို အလွန်အမင်းနှစ်သက် မြတ်နိုးခြင်းနှင့်ကင်း၍ငင်း၊ (၂)တရားတော်ကို အသေအချာလေ့လာ စူးစမ်းခြင်းနှင့် ကင်း၍ငင်း၊ (၃)တရားတော်ကိုတရိုတသေလိုက်နာကျင့်ဆောင်ခြင်းနှင့်ကင်း၍ငင်း၊(၄) ဒုစရိုက်အပြစ်ကိုများစွာ ကြောက်ရွံ့ ထိတ်လန့်ခြင်းနှင့်ကင်း၍ငင်း၊(၅)တရားတော်ကို အားသွန် ကြိုးပမ်းလိုသော စိတ်နှင့်ကင်း၍ငင်း....ရရှိနိုင်ရန် ခဲယဉ်းလှချေသည်။ သို့သော်ငါ၏ သွန်သင်ဆုံးမချက်ဖြင့် တရားတော်ကို အလေးဂရုပြုခြင်း၊ နှစ်သက်မြတ်နိုးခြင်းတို့သည် တနေ့တခြား တိုးတက်ပွားများလာပေလိမ့်မည်။ နောင်ကိုလည်း ထို့ထက် တိုးတက်ပွားများ လာပေ ဦးမည် ဖြစ်သတည်း။ ငါ၏ ကိုယ်စားခန့်ထားသူအရာရှိကြီးငယ်တို့သည်လည်း တရားတော်ကို လိုက်နာကျင့်ဆောင်ကြသည့် အတိုင်းလူတို့ကိုလည်း ထို့နည်းအတူ ပြုမူကျင့်ဆောင်ကြစေခြင်းငှာ တိုက်တွန်းနှိုးဆော်ကြပေလတ္တံ့။ နယ်ခြားတိုင်းပြည်ရှိ အမတ်ကြီးတို့လည်း ထို့နည်းအတူ လုပ်ကိုင်ဆောင်ရွက်ကြပေလတ္တံ့။ ထိုသို့အမတ်ကြီးတို့အား ဆင့်ဆိုထားသော အမိန့်ဩဝါဒထို့မှာကား လူတို့အား တရားတော်နှင့်အညီ စောင့်ရှောက်ကြရန်ငင်း၊ တရားတော်နှင့်အညီ စီမံခန့်ခွဲ ကြရန်ငင်း၊ တရားတော်နှင့်အညီ နှစ်သိမ့်ချမ်းသာအောင် ဆောင်ရွက်ကြရန်ငင်း၊ တရားတော်နှင့်အညီ (ကိုယ်)နှုတ်စောင့်စည်း ကြရန်ငင်း ဖြစ်ပေသည်။ [ သီရိဓမ္မာသောကမင်းကြီး၊ ပြာကရိတဘာသာ, ဗြဟ္မီအက္ခရာတို့ဖြင့် ရေးထိုး စေ တော် မူ ခဲ့ သော ကျောက်တိုင် ၇-လုံးတွင် ပဌမကျောက်တိုင်စာတော်။ ]

http://www.dhammadownload.com

# သံဃာတော်

ဒေဝါနံ ပိယ မည်သော မင်းတရားကြီးသည် ဤသို့ အမိန့်တော်ရှိ၏။ ပါဋလိပုတ်နေပြည်တော်ရှိ ရဟန်းသံဃာတော်တို့အား မည်သူမျှ သင်းခွဲခြင်း မပြုစေရ။ အကယ်၍ သင်းခွဲခဲ့လျှင် ရဟန်းယောကျ်ားဖြစ်စေ၊ ရဟန်း မိန်းမဖြစ်စေ၊ အဝတ်ဖြူလဲစေပြီးလျှင် ရဟန်းတို့နေရာမဟုတ်သော နေရာ၌ နေထိုင်စေရမည်။ ဤအမိန့်တော်ကို ရဟန်းယောကျ်ားနှင့် ရဟန်းမိန်းမတို့ ကြားသိအောင် ပြန်ကြားကြစေ။ မင်းတရားကြီးသည် ဤသို့ အမိန့်တော် ရှိပြန်၏။ ဤအမိန့်တော် မိတ္တူကျောက်စာတော်တခုကို ကျောင်းသခ်မ်း၌ထား၍ အခြားမိတ္တူကျောက်စာတော်တခုကို ဥပါသကာတို့ မြင်သာသည့်နေရာ၌ ထားစေ။ ဥပါသကာတို့သည်ဤအမိန့်တော်ကျောက်စာကို ကြားသိစေခြင်းငှာ ဥပုသ်သီတင်း နေ့တိုင်း လာရောက်ကြစေ။ အမတ်တို့လည်း ဥပုသ်သီတင်း နေ့တိုင်း အလှည့်ကျလာရောက်ကြစေ။ထိုမှတပါး အမတ်တို့သည် မိမိတို့နယ် အတွင်း ဤ အမိန့်တော်ကိုဆောင်ယူ၍ နယ်လှည့်ထွက်ကြစေ။ ထို့အတူ မြို့ရွာနယ်ပယ်ရှိ လက်အောက် အရာရှိတို့အား ဆိုင်ရာဆိုင်ရာ နယ် အတွင်း ဤ အမိန့်တော်ကို ဆောင်ယူ၍ နယ်လှည့် ထွက်ကြစေကုန်။ (အမှတ် ၁—မှ။)ငါ၏သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော် အညွန့်တို့သည် နေနှင့် လ,တို့ တည်ရှိသရွေ့ကာလပတ်လုံး အဆက် ဆက် တည်ရှိကြပြီးလျှင် ထိုသံဃာတော်အဖွဲ့အစည်းကို တဖွဲ့တည်း တစည်းတည်းဖြစ်အောင် စောင့်ရှောက်ကြစေကုန်။ ငါ၏အလိုဆန္ဒ တော်ကား သံဃာတော်အဖွဲ့သည် တဖွဲ့တည်း တစည်းတည်း ဖြင့်အဓွန့်ရှည်ကြာ မြဲမြံစွာ တည်ရှိစေရန်ဖြစ်ပေသတည်း။(အမှတ် ၃—မှ။) [အမှတ် ၁ ဆာရ်နာ့သ်ကျောက်တိုင် (အပြည့်အစုံ) နှင့် အမှတ် ၃ သာဉ္စိ=ဆံချီ ကျောက်တိုင်မှ ကောက်နုတ်ချက် ကျောက်စာတော်များ။]

http://www.dhammadownload.com

ဘိုးတော်မင်းတရားကြီးလက်ထက် မောင်းထောင်သာသနာပိုင်

# သာသနာပြုအမိဋ္ဌာန်စာတမ်း

သက္ကရာဇ် ၁၁၅၀-ပြည့်

ရတနာဘုံကျော် ကျောင်းတော်ကြီးကို မတောင်လှူမီ တနှစ်တွင် 'ဉာဏာဘိဝံသ ဓမ္မသေနာပတိ
မဟာဓမ္မရာဇာဓိ ရာဇဂုရု' ဆရာတော်ကို သာသနာပြု သာသနာပိုင် အပ်တော်မူပြန်၏။
ယခင် (ပုဂံပူးတဲ့သာသနာပိုင်) ဆရာတော် ၁၂-ပါးတို့ ပြုစုစီရင်သော အရာသည် ပုထုဇဉ်
ဂတိအားဖြင့် တပါးပါးသို့ လိုက်၍ စီရင်ကြသောကြောင့် (မင်းတရားကြီးစိတ်၌)
အလိုတော်ရှိတိုင်း မပြီး မပြေနိုင် ထင်မှတ်တော်မူ၍ အသီးအခြား တပါးတည်းသာ
အပ်တော်မူပြန်သည်။ (မောင်းထောင်) သာသနာပိုင် ဆရာတော်လည်း အပ်တော်
မူသည့်နေ့ပင် သံဃာတော်များအလယ်တွင် ကျောင်းဦး ဘုရားရှေ့မှာ ဤသို့ အဓိဋ္ဌာန်
သည်။ သာသနာရေး သာသနာမှုနှင့် စပ်သမျှကို ဆန္ဒာ ဒေါသာ ဘယာ
မောဟာ အဂတိလေးပါးမလားပဲ တရားရှိရာ ရွက်ဆောင်မည်။ အသက်
ကိုသော်လည်း စွန့်မည်၊ တရားကိုမစွန့်ပြီ။ သာသနဒါယကာ တရားမင်း
မြတ်က အမိန့်တော် အထူးပြန် သော်လည်း မှန်ရာကိုသာ လိုက်မည်၊
တရားကိုစွန့်၍ မလိုက်ပြီ။ မနာခံသော် ခံမဆိတ်သာ နေမည်၊
ဤသို့ အဓိဋ္ဌာန်ပြုပြီးလျှင် သာသနာရေး သာသနာမှုကို ကောင်းစွာရွက်ဆော
ပြုစုသတည်း။ ယခုတိုင်ပင် အဓိဋ္ဌာန်စာ လက်စွဲရှိသေး၏။ [၁၁၉၃-ခု၊ ဝါခေါင်
လပြည့်ကျော် ၁၄-ရက် နေ့တွင် ပေထက်ရေးတင်၍ မောင်းထောင်သာသနာပိုင်
လှူထွက် မဟာဓမ္မသင်္ကြံအမတ်ကြီး ဆက်သွင်းသော 'သာသနာ လင်္ကာရ
စာတမ်း'မှ မူရင်းအတိုင်း ကောက်နုတ်ချက်။ တစုံတခုသော အကြောင်း
ကြောင့် သာသနာပိုင် ဘဝ အမြင့်မြတ်ဆုံးသော ရာထူး ဂုဏ်ထူးကြီးကိုဖြ
တိုင်းသိပြည်သိ စွန့်လွှတ်ကာ လူဝတ်ကြောင်ဘဝသို့ ရောက်ခဲ့ရသော်လည်း
အသက်ကိုပင် စွန့်၍ သာသနာပြုနိုင်ခဲ့သည်ကို ဂုဏ်ယူကာ အဓိဋ္ဌာန်စာတမ်း
ကို အမြဲစွဲကိုင် ထားတော် မူသည်။]

ပုံ (၂၀)

http://www.dhammadownload.com

# နိဒါန်း မာတိကာ

## သီဟိုဠ် မြန်မာ သာသနာသမိုင်းပြ


နိဒါန်းစကား ၁

(၁) စိတော်ဝင် ပဲ့တင်သံ ၁

ရဟန်းမှန်ယင် ပုထုဇဉ် မရှိ ၁
နိကာယ်အဋ္ဌကထာကြီးများနှင့် သီဟိုဠ်မှတ်တမ်းများ ၃
ပဲ့တင်သံတွန်းအားနှင့် တဆက်တည်း ၃
ပါဠိတော်နှင့်အဋ္ဌကထာ သာသနာ၏ရေသောက်မြစ် ၄
ထေရဝါဒ သာသနာ နယ်ပယ်သစ် ဖွင့်ရာ၌ ၅

(၂) သီဟိုဠ်ဒွိတ္တိယ သာသနာ့နောက်ခံရာဇဝင် ၇

ဗုဒ္ဓမရှိသည့်နောက် ပဓာန ဗုဒ္ဓနိုင်ငံတော် ၈
ရဟန္တာကြီးများ အမြင်ဉာဏ်နှင့် ကျွန်ုပ်တို့ဘုန်းကံ ၉
အသောကမင်းကြီး၏ နိုင်ငံရေးနှင့် ဘာသာရေး ၁၁
သာသနာဝင်၌ ဝမ်းကျောင်းသူနှင့် သန့်ရှင်းလိုသူ ၁၄
မောဂ္ဂလိပုတ္တတိဿမထေရ်ကြီးအားအမိန့်တော်နှင့်
ဆင့်ခေါ်မိ၍ ၁၆
ဝါဒရေးရာ သင်တန်းဆင်းအပြီး ၁၆
သံဂါယနာတင် နယ်သစ်ထွင် အောင်မြင်အဆင့်ဆင့် ၁၇
ကိုးတိုင်းကိုးဌာန ဖြည့်စွက်ယူဆဖွယ် ၁၉

(၃) ရှင်မဟာ မဟိန္ဒထေရ် သီဟိုဠ်သာသနာပြု မှတ်တမ်းကြီး ၂၁

သာသနာပြုခရီးအတွက် နှုတ်ဆက်ကန်တော့ ၂၂
ပထမဆုံး နှင့် နောက်ဆုံး ဉာတတ္ထစရိယာ ၂၃
လူမင်းဘုန်းကြီး နတ်မင်း မနေသာ ၂၄
ရွှေသမင် အသိုက်မှား၍ တရားတွေ့ ၂၆
မင်းကြီး အသိဉာဏ် ရှိ—မရှိ စုံစမ်းခြင်း ၂၇
ဓိပ ပသာဒက—ကျွန်းလုံးကြည်ဖြူ ညွတ်ရသူ ၃၀
နန်းတော်ကြွ၍ တရားမိုးသွန်းချခြင်း ၃၁

http://www.dhammadownload.com

# မာတိကာ


တိတ်ကြိုးနိမိတ်ကြီးများနှင့် ဘုရားအာ့ဏာစက်တွင်းမှာ
    နေလိုသူ ၃၇
လက်ာဒီပ မူလစ်တော်ဝင် ငါးကျိပ်ငါးပါး ၃၆
တန်ဆောင်တိုင် ဓာတ်တော်လှည့်ပွဲနှင့် ထူပါရုံစေတီဝင် ၃၈
တန်ခိုးပြာဋိဟာ နှင့် ထူပါရုံကျောင်း ၄၀
ဒက္ခိဏသာခါ နှင့် သမီးတော် သင်္ဃမိတ္တာ ၄၂
မင်းကြီးအာရုံနိမိတ် နှင့် မဟာဗောဓိဗျာဒိတ်တော် ၄၅
မင်းစည်းစိမ်ဖြင့် သုံးကြိမ်ပူဇော်ခြင်း ၄၇
အသောကမင်းကြီး သောက နှင့် ကျန်ရစ်ခြင်း ၄၈
ဗောဓိပင်တန်ခိုးကြောင့် ရဟန္တာစာထောင်တိုး ၅၁
သာသနာတော်၏ ပဓာန ရေသောက်မြစ်ကြီး ၅၄
ရှင်မဟိန္ဒ ပေးခဲ့သော သာသနာပြု သင်ခန်းစာ ၅၇
ဘဝကို တန်ဖိုးရှိရှိ သုံးစွဲသွားကြသူများ ၅၉

(၄) ရှင်မဟာဗုဒ္ဓဃောသ နှင့် နိကာယ်အဋ္ဌကထာများ ၆၂

ရှင်မဟာ ဗုဒ္ဓဃောသ၏ ဇာတိ ၆၃
ရှင်မဟာ ဗုဒ္ဓဃောသ ထေရုပ္ပတ္တိအကျဉ်း ၆၅
ဝါဒပြိုင်ရာ အနိုင်အရှုံး ၆၆
သီဟိုဠ်မကြွမီက ရေးသောကျမ်းများ ၆၈
အရှင်မဟာ ဗုဒ္ဓဃောသ၏ ဉာဏ်ကိုစမ်းခြင်း ၆၉
ရှေးဦးသင်သင့်သော လက်စွဲမ်းပြု ပထမဆုံးကျမ်း ၇၀
ရှင်မဟာဗုဒ္ဓဃောသ၏ ကံကိုစမ်းခြင်း ၇၁
ကျမ်းပြုရန် တောင်းဆိုတိုက်တွန်းကြခြင်း ၇၂
သီဟိုဠ်ရှေးဟောင်း အဋ္ဌကထာနှင့် ကျမ်းစာများ ၇၄
အဋ္ဌကထာသစ် ဖြစ်ပေါ်လာပုံ နောက်ခံရာဇဝင် ၇၇
ဗာဟီယန်နှင့် ရှင်မဟာ ဗုဒ္ဓဃောသ ၇၉
ထေရဝါဒသည် ဟိနယာနမဟုတ် ၇၉
ထေရဝါဒ၌ အရေအတွက်၊ အရည်အချင်းကျဉ်းမြောင်းသလော ၈၂
လက်နက်ကောင်းရှိသော ထေရဝါဒ ၈၄
ခေတ်ကစောင်းဆိုလာသော နယ်ခြားတံတိုင်းကြီး ၈၄
အဋ္ဌကထာကိုအဘာယ်မူဖြင့်ရေးသနည်း ၈၆
အဋ္ဌကထာကိုယ်တွေ့ဝတ္ထုများ၏ဆွဲအား ၈၉
ရောနှော၍စားချင်သူနှင့် အစားထိုး၍စားချင်သူ ၉၂

http://www.dhammadownload.com

## မာတိကာ

**(၅) သီဟိုဠ်မြန်မာဆက်ဆံရေးနှင့်သာသနာရေးရပ်တည်မှု** ၉၅
သာသနာဂိုဏ်းကွဲကို ဖြေရှင်းရဲသော အာဇာနည်မင်းများ ၉၆
သီဟိုဠ်နှင့်မြန်မာနိုင်ငံ ဆက်ဆံရေးသမိုင်း ၉၈
ခိုင်မာကျစ်လျစ်ခေတ်အဆက်ဆက် ၁၀၄
အင်္ဂလိပ်ခေတ် ထေရဝါဒသာသနာ ၁၀၅
သာသနာ့အသက်ဆက်ရေး ကလေးရွာပုံတော် ၁၁၀
သီဟိုဠ်နှင့်မြန်မာ ခေတ်ပညာသင်ကြားရေး ၁၁၂
ပဉ္စမသံဂါယနာမှပါဠိတက်ကစ်ဆိုဆိုက်ယတီးသို့ ၁၁၃
နှစ်ဘက်မမြင်လိုသော လယ်တီဆရာတော် ၁၁၄
သာသနာ့ရထားကြီး ဘီးချော်မကျအောင် ၁၁၅

**(၆) သာသနာခေတ်စော၌ အရိယာပေါ်သော ဗြဟ္မဒေသ=ပြူ=ဗမာနိုင်ငံတော်** ၁၁၉
ဣန္ဒိယ၊သီဟိုဠ်၊မြန်မာ သာသနာပြုခေတ်ပြိုင်မင်းများ ၁၂၀
ရှေးဦးမြန်မာ သာသနာ ၁၂၁
ရှေးဦးမြန်မာဘိက္ခုနီသာသနာ ၁၂၅
ရှေးဦးမြန်မာ ပြူထေရဝါဒသာသနာ ၁၂၇
ဟတ္ထိနပုရ စာကောင်းသင်းတဲ့ပြည်သာသနာ ၁၂၉
ဂေါတမဗုဒ္ဓသည် ဗမာလူမျိုး ၁၃၀
ဗိဿနိုးပန်ထွာ ပြည်သာသနာ ၁၃၀
ဗိဿနိုးမြို့တော် သံဃသိရိဆရာတော် ၁၃၁
သရေခေတ္တရာ ရသေ့ပြည် သာသနာ ၁၃၃
သက္ကရာဇ်ကပြောသော မြန်မာ့သမိုင်း ၁၃၃
လှမ်းစရာ့ ဟန်လင်းပြည် သာသနာ ၁၃၅
ကြင်နာရက်ရော၌ ကျေးဇူးသိသောပြူလူမျိုးများ ၁၃၈
ဟံသာဝတီ၊ဝေသာလီ၊သထုံပြည်သာသနာ ၁၄၀
ကုလားရန်မကင်းသော အောက်မြန်မာနိုင်ငံ ၁၄၄

**(၇) ဟန်ချက်ညီသော ယနေ့ မြန်မာ့သာသနာ** ၁၄၆
စာဝန်နှင့်လာသူမှ စာဝန်ကိုမကြောက် ၁၄၇
မင်းကွန်းဓမ္မနာဒ တိပိဋကနိကာယဆရာတော် ၁၄၈
အာဇာနည်မိဘကမှ အာဇာနည်ကို မွေးဖွားလို့ရ ၁၅၀
ဆရာတော်နှင့် တိပိဋကရေ ခွဲ၍မရ ၁၅၁
ကမ္ဘာ့သတိပဋ္ဌာန် သာသနာပြု မဟာစည်ဆရာတော် ၁၅၂
ခုနစ်ကြိမ်မြောက် ကမ္ဘာ့သာသနာပြုခရီးမှ ရလဒ် ၁၅၃
ခေတ်မီသတိပဋ္ဌာန် လက်တွေ့အာမခံချက် ၁၅၄
ပရိယတ်မှာလည်း တာဝန်ရှိရှိ ကမ္ဘာသိ ၁၅၅
ဤစံတော်ဝင်လည်း စာစာပ်စာအား ၁၅၈

http://www.dhammadownload.com

# ပုဂ္ဂိုလ်ထူး မာတိကာ


ကျမ်းအဖွင့် 'ကိန်းသေကြီးပွားချမ်းသာရေး' ၁၆၁

အခန်း ၁၊ တိုင်းပြည်နှင့်သာသနာအတွက်အသက်ပေးခဲ့ကြသူ စံတော်ဝင်ပုဂ္ဂိုလ်များ ၁၆၇

(၁) ဆီပွားအိုးကင်းပေါ်မှ ဂါထာစာရ'ကလျာဏီယထေရီ' ၁၆၈

(၂) ထေရပုတ္တာဘယ(စစ်သူကြီး) နှင့် ဒုဋ္ဌဂါမဏိအဘယမင်းကြီး ၁၇၄

(၃) မိဘအမြော်အမြင်နှင့် သံဃာတော်အရှင်တို့၏မေတ္တာ ဗောဓိမာတု မဟာတိဿထေရ် ၁၇၉

(၄) စစ်ပွဲပြန်မင်းကြီးနောင်တကြောင့် ကြွလာရသော ပိယင်္ဂုကျွန်းနေရဟန္တာမထေရ်ကြီးများ။ ၁၈၄

(၅) သထုံပြည်မှ ရဟန္တာကိုးသောင်း ၁၉၂

(၆) ရဟန္တာနှစ်သောင်းလေးထောင်ပရိနိဗ္ဗာန်စံပွဲ ၂၀၆

(၇) သံယုတ္တနိကာယ်ကြီးကို ၁၄နှစ်ကျော်သစ်ရွက်စား၍ ဆောင်ခဲ့ရသောစူဠသီဝထေရ် ၂၀၇

(၈) သစ်ဥသစ်မြစ်စား၍ သာသနာအသက်ဆက်ခဲ့ကြသော ဋ္ဌလ္လသိဒတ္တနှင့် မဟာသောဏထေရ် ၂၁၂

(၉) သစ်ရွက်စား၍ တပည့်ကို အသေခံစောင့်ရှောက်သွားသော နိဂြောဓသာမဏေ၏ ဆရာမထေရ်ကြီး ၂၁၄

(၁၀) ပဋိသမ္ဘိဒါအရ စံတော်ဝင်သူကြွယ်သား တိဿထေရ် ၂၂၅

အခန်း ၂၊ ပရိယတ် ပဋိပတ် ပေါင်းစပ်မှုအရာ စံတော်ဝင်မထေရ်များ ၂၃၈

(၁၁) ဆရာအတွက် အသက်ကိုပင် စွန့်လွှတ်နိုင်သော ယောဂီရဟန်းတော် သုံးပါး ၂၃၉

(၁၂) စာတတ်ပုဂ္ဂိုလ်ဟု အသိမခံလိုသော သာကေတ တိဿထေရ် ၂၄၄

(၁၃) ပဌာန်းကျမ်းကြီးကို သင်အံပို့ချ၍ ရဟန္တာဖြစ်သော မဟာဂတိ ဂမိယတိဿဒတ္တထေရ် ၂၄၈

(၁၄) စာ, သဒ္ဒါသန်သော ယောဂီရဟန်းတို့ကို နှင်လွှတ်သော ဝိဇယာရာမဝါသီ ခီဏာသဝထေရ် ၂၅၀

(၁၅) သစ္စက ပရိဗိုဇ်ဝင်စားသော ကာလဗုဒ္ဓရက္ခိတထေရ် ၂၅၂

(၁၆) ထဲဖေးထူးမရနိုင်၍ မျက်ရည်ကျသော မဟာသီဝထေရ် ၂၅၈

http://www.dhammadownload.com

# မာတိကာ

(၁၇) စာသင်ယင်း ဆွမ်းဖိုးဆပ်၍ အရဟတ္တဖိုလ်ရသော
မလိယဒေဝထေရ် ၂၆၆
(၁၈) ဂန္ထပလိဗောဓအရာ စံတော်ဝင် မဟာဓမ္မရက္ခိတထေရ် ၂၇၂
(၁၉) ကုလပလိဗောဓအရာ စံတော်ဝင်ကောရဏ္ဍကရွာ
စာသင်သား ရဟန်းငယ် ၂၇၈
(၂၀) မိခင်ကြီးအား သားအဖြစ်မသိစေပဲ ချီးမြှောက်သော
နာဂထေရ် ညီနောင် ၂၈၂

အခန်း ၃။ အလှူပေးအလှူခံ စံတော်ဝင် ဆရာဒကာများ ၂၈၄

(၂၁) ရှင်တာဆူ လူတာယောက် ၂၈၅
(၂၂) ဆင်းရဲသား ဆွမ်းတထုပ်ကြောင့် ရဟန္တာဖြစ်သွားသော
ပိဏ္ဍပါတိက တိဿထေရ် ၂၉၅
(၂၃) (သာမိစိပ္ပဋိပန္နအရာ စံတော်ဝင်) ပိင်္ဂလ ဗုဒ္ဓရက္ခိတထေရ် ၃၀၃
(၂၄) ဆင်းရဲသားဆွမ်းကို ကျေးဇူးဆပ်သူ မဟာမိတ္တထေရ် ၃၀၅
(၂၅) ဆွမ်းခံယင်း ဇုက်သင့်သော တိဿဘူတိထေရ် ၃၀၈
(၂၆) အဖမ်းမခံရသော ဆွမ်းခံကိုယ်တော်
စူဠပိဏ္ဍပါတိယ တိဿထေရ် ၃၁၁
(၂၇) သာရဏီယ ကျင့်ဝတ်ကြောင့် သစ်ပင်ရှိယင်ဆွမ်းရှိသော
တိဿထေရ်နှင့် နာဂထေရ, ထေရီမောင်နှမ ၃၁၄

အခန်း ၄။ သီလ, ဓုတင်နှင့် မေတ္တာအရာ စံတော်ဝင် မထေရ်များ ၃၂၃

(၂၈) သီလကြောင့် ဘေးရန်အောင်သော အရိယကောဋိယဝါသီ
မဟာဒတ္တထေရ် ၃၂၄
(၂၉) အမ္ဗခါဒက မဟာတိဿထေရ် ၃၂၆
(၃၀) သီလကို အသက်ပေး၍ ကျင့်တော်မူကြသော မထေရ်ကြီးများ ၃၃၀
(၃၁) သစ္စာဆိုလောက်အောင် ဣန္ဒြေစောင့်စည်းသော မဟာမိတ္တထေရ် ၃၃၃
(၃၂) မျက်စိကိုနိုင်သော စိတ္တဂုတ္တထေရ် ၃၃၄
(၃၃) အရိမေတ္တေယျဖူးချင်၍ ရဟန္တာမဖြစ်နိုင်သော
မဟာသံဃရက္ခိတထေရ် တူအရီး ၃၃၈
(၃၄) ဓုတင်ကိုလျှို့ဝှက်သော မထေရ် နှင့် လာဘ်များအောင်ကျင့်သော
ဘုန်းကြီးဦးရွှာပျော် (ပိယဂါမိထေရ်) ၃၄၀
(၃၅) အာဝါသ ပလိဗောဓအရာ စံတော်ဝင်
ထူပါရုံကျောင်းနေ မထေရ် ၃၄၂
(၃၆) မေတ္တာဘာဝနာအရာ စံတော်ဝင် ဝိသာခထေရ် ၃၄၅
(၃၇) သကုလုဒါယီ ပရိဗိုဇ်ဝင်စားသော မေတ္တာတေဇဂ်ရ အဿဂုတ္တထေရ် ၃၅၀
(၃၈) မဟာယာနတို့ အလေးမူသော ရှင်ဥပဂုတ် ၃၅၇

http://www.dhammadownload.com

# မာတိကာ


အခန်း ၅။ ဇွဲလုံ့လ, သည်းခံမှုအရာ စံတော်ဝင် မထေရ်များ ၃၆၄

(၃၉) ဝေယျာဝစ္စလုပ်ယင်း ရဟန္တာဖြစ်သွားသော
မုဆိုးဘဝ တဖြစ်လဲ မိလက္ခတိဿထေရ် ၃၆၅

(၄၀) ဝေဒနာသည်းမခံနိုင်၍ ရှင်ဘုရင်အထင်သေးခံရသော
ကန္ဒရသာလထေရ် ၃၇၆

(၄၁) အပူအအေးဒဏ်ကို သည်းခံရှုပွားသော လောမသ နာဂထေရ် ၃၇၉

(၄၂) မြွေကိုက်ခံရ၍ တရားရသော ပဓာနိယထေရ် ၃၈၂

(၄၃) မြွေကိုက်ခံရ၍ အနာဂါမ်ဖြစ်သွားသော ပိဏ္ဍပါတိကထေရ် ၃၈၃

(၄၄) တရားဟောကောင်း၍ ဆဲရေးသည်ကိုခံနိုင်သော
ဒီဃဘာဏက အဘယထေရ် ၃၈၄

(၄၅) လေရောဂါကြောင့် အရဟတ္တဖိုလ်ရသော
စိတ္တလတောင်နေ ပဓာနိယထေရ် ၃၈၅

(၄၆) ခြေထောက်ကိုရိုက်ချိုး၍ တရားရှာသော
ကုဋုမ္ဗိကပုတ္တ တိဿထေရ် ၃၈၇

(၄၇) ကျားပါးစပ်၌ အရဟတ္တဖိုလ်ရသော မထေရ် ၃၉၀

(၄၈) သစ်ငုတ်ခြောင့်စူး၍ တရားထူးရသော ကဏ္ဍက ဝိဒ္ဓထေရ် ၃၉၁

(၄၉) လက်ဇော့ကျော်ဘဝမှ ရင်ဝလှံစူး၍
ရဟန္တာဖြစ်သွားသော ပီတမလ္လထေရ် ၃၉၃

အခန်း ၆။ သွားလာလုပ်ကိုင်ယင်း ရှုမှတ်မှုအရာ စံတော်ဝင် မထေရ်များ ၄၀၂

(၅၀) တံမြက်လှည်းယင်း ဂုဏ်တော်ပွား၍ ရဟန္တာဖြစ်သွားသော
ဖုဿဒေဝထေရ် ၄၀၃

(၅၁) ဗုဒ္ဓါနုဿတိပီတိကြောင့်ကောင်းကင်ပျံတက်သော မဟာတိဿထေရ် ၄၁၉

(၅၂) ကျောင်းကန်စီမံယင်း ရဟန္တာဖြစ်သော
စိတ္တလတောင်ကျောင်းနေ တိဿထေရ် ၄၂၁

(၅၃) ကာမဝိတက်ဆေးသုံးလက်ဖြင့် ရောဂါပျောက်သော ကိုရင်တိဿ ၄၂၄

(၅၄) ဆက်နီးဝိတက် နှိပ်စက်၍ အမှိုက်ပုံရှိုးသော ပုံ့သုက္ခထေရ် ၄၂၆

(၅၅) ပြေးနေသောစိတ်ကို ကန့်သတ်ချက်ပေးထားနိုင်သော
မထေရ်ကြီးသုံးပါး ၄၃၁

(၅၆) သွားလာသမျှ သတိမလွတ် ဂတပစ္စာဂတဝတ်အရာ
စံတော်ဝင် မဟာဖုဿဒေဝထေရ် ၄၃၂

(၅၇) ကာဠဝလ္လိမဏ္ဍပဝါသီ မဟာနာဂထေရ် ၄၃၃

(၅၈) ကလမ္ဗတိတ္ထကျောင်းနေ ရဟန်းတော်ငါးကျိပ် ၄၃၄

http://www.dhammadownload.com

# မာတိကာ


(၅၉) အသမ္မောဟသမ္ပဇဉ်ကြောင့် နာရီမလိုသော
ဇဂါဒတ္တထေရ်၊ ကာဠဒေဝထေရ် ၄၃၉

(၆၀) အာနာပါနသတိဖြင့် အံ့ဖွယ်ပရိနိဗ္ဗာန်ပြုသော
စိတ္တလတောင် ညီနောင်နှစ်ပါး ၄၄၁

(၆၁) သတိကောင်းသော မထေရ်များ ၄၄၄

(၆၂) မာတုဂါမကလေး၏ အပြုံးကြောင့် ရဟန္တာဖြစ်သော
စေတိယတောင်နေ မဟာတိဿထေရ် ၄၄၅

(၆၃) ၃၂-ကောဋ္ဌာသကမ္မဋ္ဌာန်းအရာ စံတော်ဝင်
မလ္လက နှင့် မဟာဒေဝထေရ် ၄၄၇

(၆၄) ခြေတရပ်မျှ အသုဘရှု၍ အနာဂါမ်ဖြစ်သော
တောသွား ဦးပဥ္စင်း နှင့် ကိုရင် ၄၄၉


## အခန်း ၇၊ တန်ခိုးဖန်ဆင်းမှုအရာ စံတော်ဝင်မထေရ်များ ၄၅၁


(၆၅) ဂင္ဂါနှုန်ရန်ကို အမြန်ဆုံးကာကွယ်နိုင်သောဗုဒ္ဓရက္ခိတထေရ် ၄၅၂

(၆၆) မာရ်နတ်၏ မီးကျီးမိုးကိုတားသော မထေရ် ၄၅၃

(၆၇) ဝေဇယန္တာပြာသာဒ်ကို ခြေညှပ်၍လှုပ်ယမ်းသော ကိုရင် သံဃရက္ခိတ ၄၅၄

(၆၈) နိရောဓသမာပတ် ဝင်စားမှုအရာ စံတော်ဝင် မဟာနာဂထေရ် ၄၅၆

(၆၉) ရဟန်းခုနစ်ရာကို ဘန်ခိုးဖြင့်ပင့်ဆောင်သော စူဠ သမုဒ္ဒထေရ် ၄၅၈

(၇၀) မဟာဗောဓိပင်ကို တန်ခိုးဖြင့်ပင့်၍ဖူးသော တိဿ ဒတ္တထေရ် ၄၅၉

(၇၁) ရေကို ထောပတ်နို့ လုပ်သော မထေရ် ၄၅၉

(၇၂) ရှင်ဘုရင်အထင်မှားသည်ကို ပြန်လည်စောင့်ရှောက်သော
ကုဋ္ဌတိဿ ထေရ် ၄၆၀

(၇၃) ကောဝင်းကင်ပျံတတ်၍ ပရိနိဗ္ဗာန်ပြုသော မဟာဖျဿထေရ် ၄၆၂

(၇၄) မိုးနတ်သားကို ချက်ချင်းမိုးရွာစေခိုင်းသော ကာလကူဋကထေရ် ၄၆၆

(၇၅) ကိုရင်ကလေး တော်တော်ချာန်ကစား ၄၇၁

(၇၆) မှန်ကင်းစာလှည့် ထင်းစာလှည့် ဈာနသာဘီ ပုဂ္ဂိုလ် ၄၇၇


## အခန်း ၈၊ သိခက်သော အရိယသဘာဝ နှင့် အရိယူပဝါဒ ကံကြီး ၄၈၀


(၇၇) ငရဲ နှင့် နတ်ပြည်ကိုပြ၍ တရားဟောသော
ပုဂ္ဂိုလ်ကျော် ဓမ္မဒိန္နထေရ် ၄၈၁

(၇၈) သမာပတ်ကြောင့် အရဟတ္တဖိုလ်ရပြီထင်နေသော
ဟက်နဝါသီ မဟာဒတ္တထေရ် နှင့် နိကပေန္နကဝါသီ
စူဠသုမနထေရ် ၄၈၃

(၇၉) အရှင် ဓမ္မဒိန္နတူ ပဋိသမ္ဘိဒါအရာ စံတော်ဝင် ရှင် သုဓမ္မ ၄၈၅

(၈၀) အဘိညာဉ်မျှဖြင့် ရဟန်းကိစ္စပြီးပြီထင်မှတ်နေသော မဟာနာဂထေရ် ၄၈၅

http://www.dhammadownload.com

# မာတိကာ


(၈၁) ဆာမာပတ်ရှစ်ပါးဖြင့် ရဟန်းကိစ္စပြီးပြီ ထင်မှတ်နေသော
မဟာတိဿထေရ် ၄၈၈

(၈၂) အရိယာကို ပုထုဇဉ်ထို့ သိနိုင်ခက်ပုံ စိတ္တလစောင်နေ ဦးပဉ်းကြီး ၄၉၀

(၈၃) အသောကမင်းကြီးဆရာ အပ္ပိစ္ဆတာစံတော်ဝင် မဇ္ဈန္တိက ထေရ် ၄၉၁

(၈၄) အရိယာပုဂ္ဂိုလ်အား ကဲ့ရဲ့မိသော မထေရ်ငယ်တပါး ၄၉၇

(၈၅) အရိယူပဝါဒ ကံကြီးမသင့်အောင် စောင့်ရှောက်သော ယသ ထေရ် ၅၀၂

(၈၆) သော‌တာပန်တို့၏စိတ်ထားနှင့် ယုံကြည်ချက်ကိုပြသော
မထေရ်တပါးနှင့် ဒကာတဦး ၅၀၅

(၈၇) တထိုင်တည်း နှင့် ရဟန္တာဖြစ် ကမ္မဋ္ဌာန်းပေးနိုင်သည်ဆိုသော
ပထမတန်း ကမ္မဋ္ဌာန်းနည်းပြ မထေရ်ကြီး ၅၁၀

(၈၈) တရားထိုင်ခါမှ မိစ္ဆာဒိဋ္ဌိ ဖြစ်သွားရရှာသော
မဟာ ဝါစကာလ ဒကာကြီး ၅၁၆

(၈၉) အနစ်နာဆုံး အလိမ်ခံရသူ တာလပုဋဇာတ်အုပ်ဆရာကြီး ၅၂၃

(၉၀) အိုးစရည်း ရဟန္တာ (စာဋိ အရဟန္တ) ၅၂၅

(၉၁) မြစ်ပျဉ်းရဟန္တာ (ပါရောဟ အရဟန္တ) ၅၂၆

(၉၂) တိပိဋကဲ စူဠနာဂ မထေရ်တရားပွဲတွင် အနိစ္စ ကြောက်၍ ထွက်ပြေးသူ ၅၂၈

(၉၃) အခြေခံကောင်းသူတိုင်း တရားထူးရလွယ်သည်ကိုပြသော
မဟာနာဂထေရ်၏ တပည့်တပါး ၅၃၀

(၉၄) ရဟန္တာ ဟုတ်-မဟုတ် စုံစမ်းနည်းများနှင့် ရဟန္တာစုံစမ်းခဲ့သူများ ၅၃၁

(၉၅) ကိုယ်တွေ့ဘဝသံသရာဒုက္ခကို ဖော်ထုတ်ပြခဲ့သော
သုမနာ ထေရီမကြီး ၅၃၄

**အခန်း ၉။ ရှေးခေတ် သီဟိုဠ်မှတ်တမ်းလာရဟန္တာ ပုဂ္ဂိုလ်ထူးများ ၅၄၁**

(၉၆) ဆွမ်းဒါနကြောင့် သာသနာပြုရ၊ သာသနာ့အမွေခံရသော
ဂေါဋ္ဌကမ္ဘရ သူရဲကောင်းထေရ် ၅၄၃

(၉၇) ဦးရိုးတော်ဆရာနှင့်မိဘကို တရားပြသော မိဂ ပေါတက သာမဏေ ၅၄၉

(၉၈) ကောရကျောင်းနေ မဟာအဘယထေရ် ၅၅၂

(၉၉) ခွေးပိန်ကလေးအား ကျွေးဖူးသော ထမင်းတလုတ်နှင့်
သူပုန်ခေတ်အတွင်း အဘယထေရ် ၅၅၅

(၁၀၀) ကံကန်ခိုးနှင့် အဘိညာဉ်တန်ခိုး နှစ်မျိုးစုံသော ကမ္ဗုသုမနထေရ် ၅၅၈

(၁၀၁) တိုင်းပြည်ကို မပုန်ကန်၊ ဘဝကိုတော်လှန်သော
ဒါဌာသေန သူရဲကောင်းထေရ် ၅၆၂

http://www.dhammadownload.com



(၁၀၂) သီဟိုဠ်ကျွန်း ရှင်သီဝလိခေါ် ဆိုလောက်သော စူဠနာဂ ထေရ် ၅၆၈
(၁၀၃) ဒေဝဒူတ သုတ္တန်ဖြင့် မုဆိုးဘဝမှ ရဟန္တာဖြစ်ရသော ပိယောလထေရ် ၅၇၃
(၁၀၄) တော်မှတ်သူတို့အား အလှူအကျိုးကြီးစေသော
ရှုဝက ဝိဋ္ဋိရွာ ဆွမ်းခံထေရ် ၅၇၆
(၁၀၅) ဆင်ရိုင်းကြီးဝမ်းဗိုက်အောက်မှ အရဟတ္တဖိုလ်ရသော
တိဿ မဟာနာဂထေရ် ၅၇၉

# နောက်ဆက်တွဲ မှတ်ဖွယ်များ

(က) တရွတ်ရဟန်းတော် ဖာဟီယန်ကိုယ်တွေ့
ကျွန်းသီဟိုဠ်၊ ရဟန္တာများပနနှင့် ပုဂ္ဂိုလ်ထူးများ ၅၈၄
(ခ) သီဟိုဠ်ကျွန်းသို့ သာသနာသက်ဆင်းပုံ နှင့် ထေရဝါဒ
အတွင်းသို့သွင်းလာသော ဝါဒဆန်းများရှင်းရခြင်း ၅၉၀
(ဂ) သီရိလင်္ကာ သီဟိုဠ်ကျွန်းထင်ရှားသော မြို့ရွာဒေသ
ကျောင်းကန်စေတီများ ခရီးစဉ် သမိုင်းအချုပ်..... ၆၀၃

http://www.dhammadownload.com

# မှတ်သားဖွယ် မာတိကာ

## ကျမ်းအဖွင့်

ပေးလှူကျင့်တာ အညံ့ခံ နစ်နာဆုံးရှုံးရခြင်းလော ၁၆၂
တကိုယ်ကောင်းမဟုတ်၊ လှည့်လည်ဖော်ထုတ်ကြ ၁၆၃
သဘာဝတရား၌ ပုဂ္ဂိုလ်, အခါ, နေရာဒေသဟူ၍ မရှိ ၁၆၄
ခေတ်သည် ဆုတ်၍ ဆုတ်၍ မသွား၊ တိုးတက်၍ တိုးတက်၍
လာနေ၏ ၁၆၅

## အခန်း ၁

ဆွမ်းကျွေးပွဲမှာ ချစ်စာခွေမိ ၁၆၇
ကလျာဏီယ မထေရ်နှင့် ဆီပူအိုးကင်း ၁၆၉
ကံတရား၏ ဆန်းကြယ်ပုံ ၁၇၁
ရှုတ်တရက် ပေါ်ပေါက်လာသော စစ်ပွဲကြားက စောင်ကြီး ၁၇၀
စစ်ပြေးယင်း လှူရသော ဆွမ်းတနပ် ၁၇၁
ဆရာတော် သရဏ ဂစ္ဆာမိ ၁၇၃
သာသနာအတွက် စစ်တိုက်ရခြင်းနှင့် နောင်စာ ၁၇၅
ဒုဋ္ဌဂါမဏိမင်းကြီး၏ ငရုတ်သီးတစောင့် ၁၇၆
ဒုဋ္ဌဂါမဏိ ကုသိုလ်တော် ကုဋေတထောင်ကျော် ၁၇၇
လောဟပါသာဒ ကြေးပြာသာဒ်ကြီး ၁၇၇
သုဝဏ္ဏမာလီ မဟာစေတီကြီး ၁၇၉
သာသနာဦးတိုက်သော ဒါန၏ နောက်ဝယ် ၁၉၀
ထေရပုတ္တာဘယ နှင့် သာသနဒါယကာ၏ နောက်ဆုံးနေ့ ၁၉၃
ဂုဏ်ယူမပြီး 'သံဃကျွန်' ရာထူးကြီး ၁၉၆
ဗြာဟ္မဏတိဿ ပြည်ပျက်ဘေးကြီးအတွင်း အသက်နှင့်ရင်း၍
ဆောင်ကြဉ်းခဲ့ရသော သာသနာ ၂၀၀
စတုတ္ထသံဂါယနာ၏ ရာဇဝင်နောက်ခံမြင်ကွင်းကျယ် "
တိဿသူပုန်ဗိုလ်ကြီး နှင့် တမီးလ်သူပုန်ဗိုလ်များ "
ငရုတ်သီးတစောင့် ကျောင်းရေစက်ချပွဲမှ
အုန်းမှုတ်ခွက်ကလေးကြောင့် ၂၀၂

## မာတိကာ


စစ်ပြီးခေတ် သာသနာ့ဝန်ဆောင် ရဟန္တာအရှင်မြတ်များ
မလယာမြည်နယ်၌ ပထမဆုံးတွေ့ဆုံခြင်း ၂၁၉
ပိဋကတော်ကို တိုက်ဆိုင် စိစစ်ခြင်း ၂၂၃
ပါဠိတော် တကျမ်း ပျောက်ဆုံးနေ၍ ၂၂၄
ပါဠိတပုဒ် ယူဇနာနှစ်ရာ ၂၂၆
တကမ္ဘာလုံးရှိ ထေရဝါဒီတို့၏ ပိဋက ၂၂၇
ပဋိသမ္ဘိဒါဉာဏ် ရကြောင်းငါးပါး ၂၂၈
စတုတ္ထသံဂါယနာရွှေပြေး အစည်းအဝေးကြီး ။
ပရိယတ်၊ ပဋိပတ် အချေအတင် ဆွေးနွေးခြင်း ။
နွားကျောင်းသား နို့စားရရေး ၂၃၂
အင်္ကြင်းတောထဲက ပြဿနာ ၂၃၃
တကမ္ဘာလုံးရှိ ထေရဝါဒီအားလုံးတို့၏ ကိုယ်စား
စတုတ္ထ သံဂါယနာတင်ပွဲ ၂၃၄


## အခန်း ၂


တရားထူးရမည့်သူ အရည်အချင်း ငါးမျိုး ၂၄၀
ဘုရားနှင့်ဆရာအား ခန္ဓာကိုယ်စွန့်လှူအပ်နှင်းရကျိုး ၂၄၁
နတ်ပြဟ္မာများ အားပေး၍ မာရ်နတ်ကြောက်ရွံ့သောအလုပ် ၂၄၂
ပရိယတ္တိ သင်ယူနည်း သုံးမျိုး ၂၄၅
ပရိယတ္တိသက်သက်ဖြင့် အခက်အခဲကို မဖြေရှင်းနိုင် ၂၄၇
မောဂ္ဂလိပုတ္တ တိဿလမ်းစဉ် ။
ပရိယတ်ပညာရှင်မှန်က ပဋိပတ်လုပ်မြဲ ၂၄၉
သဒ္ဒါအနက်၊ ထိုနှစ်ချက် အနက်သည်သာ ပဓာန ၂၅၁
စာပည့်ခြံရံ၍ စာသင်သူအား ဆုံးမခြင်း ၂၅၃
ကာဋကာရာမသုတ္တန်ဟော၍ တိုင်းပြည်လှူခြင်း ၂၅၄
စာတတ်သောဆရာကို စာပည့်က ဆုံးမခြင်း ၂၅၉
နိုသင်ဝုတာင် (မအိပ်ပဲနေသောအကျင့်) ခက်သလား ၂၆၀
မထေရ်ကြီးနှင့် အပြိုင်ငိုသော နတ်သမီး ၂၆၂
သိကြားမင်းလာ၍ ခြေဆေးပေးရခြင်း ၂၆၄
ရဟန္တာတိုင်း ခြေဖဝါးတော် နုသလား ၂၆၅
ခတ်ခိုက်လှသော 'ဆဆက္က သုတ္တန်' ၂၆၉
အလုပ်ခွင်မှာ စာမဝင်စေရ ၂၇၃
ပလိဗောဓကြောင့်ကြမှုကြီး ဆယ်မျိုး ၂၇၆
အသေးစား ကြောင့်ကြမှုများ ၂၇၇

http://www.dhammadownload.com

## မာတိကာ


ရဟန္တာသော်မှ ကြောင့်ကြ နှိပ်စက်၍ ၂၇၈
မိဘကိုပင် သံယောဇဉ်မထားသော စာသင်သား ၂၈၀
အာဇာနည် ရဟန်းမြတ်တို့ ကျင့်ဝတ်လေးမျိုး (အရိယဝံသ) ၂၈၁


## အခန်း ၃


သံဃာတော်ကို သတိရ၍ မျိုမကျသော ခါသီး ၂၈၇
အလှူခံပမာဏ သိသူနှင့် မသိသူ ၂၈၉
အလိုက်မသိလျှင် မိဘပင် မကြည်ဖြူ ၂၉၁
အလှူခံရာအလိုနည်း၍ ပမာဏသိရခြင်း ၂၉၃
သဒ္ဓါများ၍ ပစ္စည်းရှားသော သောတာပန် သပိတ်တကာ ။
အရှင်မောဂ္ဂလာန်ပင် သဒ္ဓါတရားကို အာမ-မခံနိုင် ၂၉၄
တောင်းသူ၊ မပေးနိုင်သူ ငိုသည်မည်ပုံ ။
တာဝန်ကြီးလှသော ဆွမ်းတလုတ်ကျေးဇူး ၃၀၃
ခေါင်းတုံးသဒ္ဒေး အသက်မွေးနည်း ။
သောတာပန်ရဟန်း လူထွက်၊ မထွက် ၃၀၈
အလှတ်နှင့်အဖမ်း ရဟန်းနှင့်လူ ဆက်ဆံနည်းလေးမျိုး ၃၁၂
သာရဏီယဝတ် ဖြည့်ကျင့်နည်း ၃၂၀
ကျင့်ရမည့်ကာလနှင့် ရရှိသောအကျိုးများ ၃၂၁


## အခန်း ၄


သီလဟူသည် ဣစ္ဆာသယ ပတ္တမြား (အာကင်္ခေယျသုတ္တန်) ၃၂၅
ကျောကုန်းပေါ်က အရဟတ္တမဂ် ၃၂၈
နတ်စည်းစိမ်နှင့် မလဲနိုင်သော သီလ ၃၃၁
အလိုနည်းရခြင်း လေးမျိုး (အပ္ပိစ္ဆတာ) ၃၄၂
မေတ္တာအကျိုး ဆယ့်တမျိုး ၃၅၀
ပုဂ္ဂိုလ်ကျော် အရှင်နာဂသေန၏ ဆရာ ၃၅၃
ဝဇီရဗုဒ္ဓိဋီကာ စဉ်းစားဖွယ် ၃၅၇
မှန်နန်းရာဇဝင်၊ ဇိနတ္ထနှင့် မဟာဝင် ၃၅၉
တတိယသံဂါယနာတွင် ရှင်ဥပဂုတ်ပါခဲ့နလား ၃၆၀
အောင်ခေတ်စေနိုင်သူ (ရှင်ဥပဂုတ်) ။
အနှစ်သာရရှာထောင့်မှ အမြင် ၃၆၂

http://www.dhammadownload.com

# မာတိကာ

## အခန်း ၅


| | |
|---|---|
| ထိနမိဒ္ဓ ပယ်ဖျောက်နည်း ခုနစ်မျိုး | ၃၆၈ |
| ကိလေသာ ခွာရှဲထားနိုင်သော အလုပ်ခြောက်မျိုး | ၃၇၀ |
| ဝီရိယ ထုတ်လုပ်နည်း ၁၁-မျိုး | ၃၇၁ |
| ဝီရိယအင်္ဂါလေးရပ် | ။ |
| ဝီရိယ ဖြစ်ကြောင်း ရှစ်မျိုး | ၃၇၄ |
| သာသနာ့အလုပ်မှာ 'အတ္တကိလမထ' ဟူ၍ မရှိ | ၃၇၅ |
| သီလကို လိုအပ်သည်ထက် မကြောင့်ကြသင့် | ၃၇၇ |
| ကိလေသာ ပယ်သတ်နည်း ခုနစ်မျိုး | ၃၇၉ |
| လှူဥပမာ ဒေသနာ | ၃၈၅ |
| ရောဂါဖြစ်တာ ဝမ်းသာစရာ၊ နာတာရှည်လေကောဇင်းလေ | ၃၉၇ |
| ရောဂါဝေဒနာဖြစ်ရာ အကြောင်း ရှစ်မျိုး | ။ |
| နေမကောင်း၍သော့လျှင် နတ်ပြည်ရောက်နိုင် | ၃၉၈ |
| အရှင်ဂိရိမာနန္ဒ နေမကောင်းစဉ်က | ။ |
| နကုလ ပိတု ဒကာကြီး အိုနာ | ၃၉၉ |
| အဆန့်ပုဂ္ဂိုလ်=ပဋိသောတဂါမီ | ၄၀၁ |


## အခန်း ၆


| | |
|---|---|
| တံမြက်လှည်းရကျိုး ငါးမျိုး | ၄၀၃ |
| ဒတ္တထေရ်နှင့် သြဒါက ကသိုဏ်း | ၄၀၆ |
| တံမြက်လှည်းရာဌာနနှင့် ပုဗ္ဗနိဝါသဉာဏ် | ။ |
| ရဟန်းကပါးနှင့် အမတ်သားတို့ အလှူပြိုင်ပွဲ | ၄၀၇ |
| အရှင်သာရိပုတ္တရာ တံမြက် မလှည်းမိ၍ | ၄၀၈ |
| ယောဂီများ သတိပြုဖွယ် | ။ |
| ဝေဘူဆရာတော် သြဝါဒ | ၄၀၉ |
| တရားအရေးကြီးလျှင် ဝေယျာဝစ္စတွေ ရပ်စာန်ရပ်ထား | ၄၁၁ |
| လယ်တီဆရာတော်ဘုရားကြီး ဖွင့်ဆိုထားသော မာရ်တပ်မကြီး ဆယ်တပ် | ၄၁၂ |
| ဇုက္ကရစရိယာ အလုပ်ခွင်မှ ကြုံးဝါးသံ | ၄၁၆ |
| မာရ်နတ်ပရိယာယ် သိမှတ်ဖွယ် | ၄၁၈ |
| ပီတိ ငါးမျိုး | ၄၁၉ |
| သီဟိုဠ်ခေတ်ကမ္မဋ္ဌာန်း ၄-မျိုးနှင့် ဗုဒ္ဓါနုဿတိ ပန်းပဲ | ၄၂၀ |
| ဗုဒ္ဓါနုဿတိ ကြံရည်အမောပြေဆေး | ။ |
| စေတီကျောင်းကန် စီမံတိုင်း အကောင်းမဖြစ် | ၄၂၃ |

http://www.dhammadownload.com

## မာတိကာ

ဝိတက်ပယ်ဖျောက်နည်း ငါးမျိုး ၄၂၈
ဝိတက် သဲပုံကြီးသမိုင်း ၄၃၀
ဂတပစ္စာဂတဝတ် ဖြည့်ကျင့်နည်း ၄၃၂
သမ္မဇည တရား လေးပါး ၄၃၆
ရဟန္တာ မဖြစ်ဖူးသော ဆွမ်းစားစရပ် မရှိ ၄၃၇
အမှတ် လွတ်သွားသော လက် ၄၃၈
ဖောင်းတာ ပိန်တာ ဘယ်က စ ။
စိတ်ကို နှိုးစက်ချနည်း ၄၄၁
သေရမည့်အချိန်ကို အတိအကျ သိခြင်း ၄၄၂
အမိုးအကာ မရှိသော အိမ် ၄၄၆
၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်းမှတ်ဖွယ် ၄၄၈

## အခန်း ၇

နိရောဓသမာပတ် ဝင်စားနိုင်သူနှင့် အဓိဋ္ဌာန်ပုံ ၄၅၆
ဘုန်းကြီးအောင်၊ ပစ္စည်းရအောင် တန်ခိုးပြသလား ၄၅၇
အဝေးကိုနီးအောင်၊ ရေကိုနို့ဖြစ်အောင် ဖန်ဆင်းခြင်း ၄၅၈
ကောင်းကင်ပျံ စာက်လာသော အလောင်းတော် ၄၆၁
အရိယာသဘာဝ၊ သိခက်လှ၊ နတ်ဟ မရဲရ ၄၆၃
ရဟန်းများ မြေတူးတိုင်း အာပတ်သင့်သလား ၄၆၄
ရဟန္တာဟု သိနိုင်သော နည်းလမ်းလေးမျိုး ၄၆၅
မိုးရွာခြင်းအကြောင်း ရှစ်ပါး ၄၆၇
မိုးမရွာခြင်းအကြောင်း ငါးမျိုး ၄၆၈
မိုးရွာမှု-မိုးမရွာမှု လူသာပဓာန ။
မြန်မာပြည်မှာ မိုးရွာအောင်လုပ်နိုင်သော ပုဂ္ဂိုလ်များ ၄၆၉
မိုးရွာအောင် လုပ်နိုင်သော မင်း ၄၇၀
ယက်ကန်းသမကလေး၏ သီချင်းသံကြောင့်
စျာန်လျှော၍ကျပုံ မှတ်ဖွယ် ၄၇၄
နေလကိုကိုင်ခဲ့သောလက်နှင့် မီးသွေးဖုတ်ခြင်း ၄၇၈

## အခန်း ၈

တံမြက်စည်းပီတိ (ဗုဒ္ဓါနုဿတိ) မျှနှင့် ကျေနပ်နေသူများ ၄၈၄
ဝိပဿနာညစ်ညူးကြောင်း (ဓိပဿနုပက္ကိလေသ)
ဆယ်မျိုးနှင့် ဖြစ်သူ၊ မဖြစ်သူ ၄၈၅
တရားထူးမရပဲ ရပြီထင်သူအား ဘုရားအတွေ့မခံ ၄၈၈
ဆင်ဆိုတာ ကြံချောင်းကြီးလိုပါပဲ ၄၉၁

http://www.dhammadownload.com

## မာတိကာ

| | |
|---|---|
| အသောက အလှူပွဲ မင်းဆရာကိုပင် အထင်လွဲ | ၄၉၂ |
| မလိုချင်မှ များများရ | ၄၉၃ |
| အရိယာတို့၏ သဘောထားနှစ်မျိုး | ။ |
| မဟာသမယ နတ်သမီးကလေး | ၄၉၄ |
| ကိုယ့်ဂုဏ်ကိုယ်ဖော်၍ မကျေနပ်သူများ (အနုရုဒ္ဓာစသော မထေရ်သုံးပါး) | ။ |
| မျက်စိရှိသလောက်သာ မြင်ရသည် (ရှားတောရှင်ရေဝတ) | ၄၉၅ |
| သေခါနီးမှ မေး၍ပြောခဲ့ရသော တရားထူး | ၄၉၆ |
| ဈာန်မဂ်ဖိုလ်မရနိုင်သော ကံကြီးငါးမျိုး | ၄၉၇ |
| အရိယူပဝါဒကံ ဖြစ်ပုံနှင့် ကုစားပုံ | ၄၉၈ |
| အရိယာ စွပ်စွဲပြစ် ၁၁-မျိုး | ၅၀၀ |
| အရိယူပဝါဒ မဖြစ်အောင် စောင့်ရှောက်ပုံ | ၅၀၄ |
| သောတာပန် ဓမ္မတာခုနစ်ပါး (မဟာပစ္စဝေက္ခဏာခုနစ်ပါး) | ၅၀၆ |
| အရိယာများ၌ ဖြစ်တတ်သော အာပတ်များ | ၅၀၇ |
| လောကဝတ္တရားနှင့် တာဝန်ကျေသူ သောတာပန် | ၅၀၈ |
| ဝါဒရေးရာတွင် အမြင်ရှင်းသူ သောတာပန် | ၅၀၉ |
| ဗိမ္ဗိသာရနှင့် သီဟစစ်သူကြီးတို့ လူသတ်သေးသလား | ၅၁၀ |
| ပုထုဇဉ်ကို ရဟန္တာမှတ်၍ စေတီတည်ကြ | ၅၁၁ |
| လောကုတ္တရာမှာ ငြင်းရေးမရှိ (သာမဂါမသုတ္တန်) | ၅၁၃ |
| ဘုရားရှင်ကိုပင် တုပြိုင်ငြင်းခုံနေသော လောက | ။ |
| ဗြဟ္မာ့ပြည်အထိ ဒုက္ခပေးနိုင်သော ကမ္မဋ္ဌာန်းဆရာများ | ။ |
| သာဝကကြီးများသော်မှ တရားပြ လွဲချော်တတ် | ၅၁၅ |
| ဘုရားဟော၍ မရ၊ တပည့်ဟောမှ ရသူလဲရှိ | ၅၁၆ |
| ဒိဋ္ဌိဇာလ=လူထောင်မြှုပ်ကြီးများ | ၅၁၇ |
| 'ခန္ဓာကိုယ်တွေ' ပဓာနထားကြလျှင် | ၅၁၉ |
| ဓမ္မစက်ကို ရိုက်ချိုးဖျက်ဆီးမှုကြီး | ၅၂၀ |
| ငရဲအဖော်ညှိသူ | ၅၂၂ |
| ရဟန္တာဟန် ဆောင်သည်အထိ ရဟန်း ဆိုးတို့ လိမ်ပုံလိမ်နည်းများ | ၅၂၄ |
| သာသနာ့ ဒမြသူပုန်ကြီး ငါးယောက် | ၅၂၇ |
| ရဟန္တာ စုံစမ်းနည်းများ | ၅၃၁ |
| ဗြဟ္မာဖြစ်လို့ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တမြုံ့မြုံ့ | ၅၃၄ |
| ကဏှာ မကင်းသေးသမျှ ဘဝသံသရာလည် | ။ |
| ပရိနိဗ္ဗာန်စံခါနီး ကိုယ်တွေ့ဘဝသံသရာတရားဟော | ၅၃၉ |

### အခန်း ၉

| | |
|---|---|
| ရှေးသီဟိုဠ်မှတ်တမ်းလာ ရဟန္တာပုဂ္ဂိုလ်ထူးများ | ၅၄၁ |

http://www.dhammadownload.com

မာတိကာ

## နောက်ဆက်တွဲ (က)

တရုတ်ရဟန်းတော် ဖာဟီယန်ကိုယ်တွေ့ကျွန်းသီဟိုဠ်
(သာသနာ-၉၅၄-၉၅၆) ၅၀၃
ခြေတော်ရာစေတီနှင့် အဘယဂီရိကျောင်းတိုက်ကြီး ၅၀၄
မဟာဗောဓိပင်၊ မြတ်စွယ်တော် ၅၀၅
ဥပုသ်နေ့တိုင်း လမ်းပေါ်က တရားပွဲများ ။
ဘဒ္ဒရိကကျောင်းတိုက်နှင့် ဓမ္မဂုတ္တထေရ် အုံ့ဖွယ် ၅၀၇
မဟာဝိဟာရ ကျောင်းတိုက်ကြီး ။
ရဟန္တာအရှင်မြတ် အလောင်းတော်ကို သဂြိုဟ်ခြင်း ၅၀၈
သီဟိုဠ်ဘုရင် သာသနာအားပေးခြင်း ၅၀၉

## နောက်ဆက်တွဲ (ခ)

သီဟိုဠ်ကျွန်းသို့ သာသနာသက်ဆင်းပုံနှင့် ထေရဝါဒအတွင်းသို့
သွင်းလာသော ဝါဒဆန်းများ ရှင်းရခြင်း ၅၉၀
အဘယဂီရိဝါဒီဂိုဏ်း ဖြစ်ပေါ်လာခြင်း ၅၉၁
ဓမ္မရုစိဂိုဏ်း ဖြစ်ပေါ်လာခြင်း ၅၉၂
ပိဋကသုံးပုံကို ပေထက်အက္ခရာတင်ခြင်း ၅၉၃
အဓမ္မဝါဒ ဖြစ်ပေါ်လာခြင်း ၅၉၄
ဝေတုလ္လဝါဒကို ပထမအကြိမ် နှိမ်နင်းရခြင်း ၅၉၆
သာဂလိယဂိုဏ်း ဖြစ်ပေါ်လာခြင်း ။
ဝေတုလ္လဝါဒကို ဒုတိယအကြိမ် နှိမ်နင်းရခြင်း ၅၉၇
ဝေတုလ္လ အဖွဲ့ဝါဒအကြောင်း ၅၉၈
မဟာဝိဟာရကျောင်းတိုက်ကို ဖျက်ဆီးခြင်း ၆၀၁
ဇေတဝနဝါဒီဂိုဏ်း ဖြစ်ပေါ်လာခြင်း ၆၀၂

## နောက်ဆက်တွဲ (ဂ)

သီရိလင်္ကာ သီဟိုဠ်ကျွန်း ထင်ရှားသော မြို့ရွာဒေသ
ကျောင်းကန်စေတီများ ခရီးစဉ်သမိုင်းအချုပ် ၆၀၃
သာသနာ စတင်ချိန် ၆၀၄
သမိုင်းဝင် ၁၆-ဌာန ၆၀၅
အနုရာဓ ၆၀၅
မျက်မြင်ကိုယ်တွေ့ ရှေးနှင့်ယခု သာသနာအဆောက်အအုံများ ၆၀၆
ထုပါရာမ စေတီ နှင့် ကျောင်း ။


http://www.dhammadownload.com

# မာတိကာ


| | |
|---|---|
| မဟာစေတီ နှင့် လောဟပါသာဒ | ၆၀၇ |
| ရောဟဏ၊ မဟာဂါမ | ၆၀၉ |
| တိဿမဟာဝိဟာရ နှင့် စိတ္တလတောင် | ။ |
| အဘယဂီရိ နှင့် ဖာတီယန် | ၆၁၀ |
| ဇေတဝန စေတီ နှင့် ကျောင်း | ။ |
| လင်္ကာရာမ စေတီနှင့်ကျောင်း | ၆၁၁ |
| ဣဿရမုနိ စေတီ နှင့် ကျောင်း | ။ |
| အသောကမာလာကျောင်း | ။ |
| ဝိဇယာရာမကျောင်း | ။ |
| နှောင်းခေတ်မြို့တော်များနှင့် အခြားသမိုင်းဝင်ဌာနများ | ၆၁၂ |
| အရှင်မဟိန္ဒ နှင့် မိဿက (စေတိယ) တောင် | ၆၁၃ |
| နေမင်းသုံးကြိမ် ချာချာလည် ဦးတိုက်ရသော သမန္တကူဋ (သုမနကူဋ) ခြေတော်ရာတောင် | ၆၁၅ |
| နာဂဒီပ ကျွန်းထူးကျွန်းမြတ် | ၆၁၇ |


× × ×

http://www.dhammadownload.com



# သီဟိုဠ်—မြန်မာ သာသနာ သမိုင်းပြ နိဒါန်း စကား

## (၁)

## စံတော်ဝင် ပွဲတင်သံ

'သီဟိုဠ်ခေတ် စံတော်ဝင် အရိယာ ပုဂ္ဂိုလ်ထူးကြီးများ' အကြောင်းသည် မြန်မာစာဖတ်ပရိသတ်တို့ ဖတ်ရှုကြားနာရခဲ့သော ထေရုပ္ပတ္တိများ(ထေရာပဒါန်များ) ဖြစ်ကုန်၏။ ပါဠိပညာရှင်တိုင်းပင် အပြည့်အစုံ ဖတ်ရှုဖြစ်ခဲ့လေသည်။

စင်စစ် သီဟိုဠ်သာသနာသည် ဗုဒ္ဓရှင်တော်မြတ် မဟာပရိနိဗ္ဗာန်ပြုတော်မူသည့်နောက် ဦးစွာ အတောက်ထွန်းဆုံး အပွင့်လင်းဆုံး ဖြစ်ခဲ့၏။ သာသနာဝင် ကျမ်းပြု မထေရ်ကြီးများသာမက အဋ္ဌကထာ ဆရာကြီး အဆက်ဆက်တို့ပင်လျှင် သီဟိုဠ်သာသနာကို အထူးမှတ်တမ်းတင်၍ သင်ခန်းစာ ပေးတော်မူခဲ့ကြရသည်။

### ရဟန်းမှန်ယင် ပုထုဇဉ်မရှိ

ပဋိပတ္တိနှင့်စပ်၍မူ....သီဟိုဠ်သာသနာ ထွန်းကားစဉ်က ရဟန်းရှင်လူ အရိယာပုဂ္ဂိုလ်ထူးကြီးများ များစွာဖြစ်ထွန်း ပွင့်ပေါ်တော်မူခဲ့ကြရာ....ရံခါ 'ဤသူသည်

http://www.dhammadownload.com



ပုထုဇဉ် ဖြစ်သည်' ဟုပင် လက်ညှိုးထိုးပြရလောက်အောင် ပုထုဇဉ် နည်းပါး၍၊ ရံခါ 'ရဟန်းမှန်လျှင် ပုထုဇဉ်ဟူ၍ပင် မရှိ'ကြောင်း၊ 'ဉာဏ ဝိဘင် အဋ္ဌကထာ' (၄၁၂)၌ ပြဆိုတော်မူထား၏။

ထိုမှတပါး အမရပူရနေပြည်တော် ဘိုးတော်မင်းတရားကြီး လက်ထက် (၁၁၉၃)မင်းတိုင်ပင်အမတ်ကြီး 'မဟာဓမ္မသင်္ကြံ'(မောင်းထောင်သာသနာပိုင်လူထွက်ကြီး) ပြုစုသော 'သာသနာလင်္ကာရ စာတမ်း'၌လည်း ပရိတ္တ နိဒါန်းလာ စကားကို အောက်ပါအတိုင်း ကိုးကားဖော်ပြထားလေသည်။

"ချွန်အာဘိုညာဉ် တန်ခိုးရှိသော ရဟန်းမွန် ရဟန်းမြတ်တို့ လူးလာခေါက်ပြန် ကောင်းကင် အပျံ့ အသွား များသောကြောင့် အစဉ်တစိုက် နေရောင် နေရှိန်မရ၍ စပါးလှန်းသည်မှ မသွေ့တတ် ခဲ့ရကား စပါးထောင်းမိန်းမတို့ အောင့်အဲ ကြရအောင်ပင် သာသနာတော် စည်ပင်ထွန်းလင်းသည်"ဟူ၍နိဒါန်းတွင်ဆိုသည်။

'သီဟိုဠ်ခေတ် စံတော်ဝင် အရိယာပုဂ္ဂိုလ်ထူးကြီးများ' ဘဝနှင့် ရင်း၍ စံတင် ညွှန်းပြတော်မူခဲ့ကြသော သင်ခန်းစာမှာ ပဋိပတ် သက်သက်မျှသာ မဟုတ်ပါချေ။

မိမိအတွက်လည်း ပရိယတ်၊ ပဋိပတ်နှစ်ရပ် ပူးတွဲဆည်းပူးကာ သားစဉ်မြေးဆက်အတွက်လည်း ပရိယတ္တိ သာသနာတော်ကို အသက်နှင့်လဲ၍ပင် ပေးဆောင်တော်မူခဲ့ကြရသည်ကို ဖတ်ရှု ကြည်ညိုရပေသည်။

(သီဟိုဠ်ကျွန်း၌ ပဋိပတ္တိထွန်းကားလွန်းအားကြီး၍ ပရိယတ္တိလျော့ပါးကာ သာသနာ ဆုတ်ယုတ်ခဲ့ရခြင်း မဟုတ်ကြောင်း နောက်ပိုင်း၌ ထင်ရှားလတ္တံ့။)

အမျိုးမျိုးသော အခက်အခဲများကို ကျော်လွှားကာ ပရိယတ္တိသာသနာအား အသက်ပေးတော်မူခဲ့ကြသော စံတော်ဝင် ပုဂ္ဂိုလ်ထူးကြီးများသည် ယနေ့ ပရိယတ္တိဝန်ဆောင် အရှင်မြတ်တို့အတွက် မီးရှူးတန်ဆောင်များ ဖြစ်သကဲ့သို့ သက်စွန့်ကြိုးပမ်း ကမ္မဋ္ဌာန်းအလုပ်ကို မဆုတ်မနစ် ရှုပွားတော် မူခဲ့ကြသော စံတော်ဝင် ပုဂ္ဂိုလ်ထူးကြီးများသည်လည်း အဆက်ဆက်သော ယောဂီတို့အတွက် သဒ္ဓါ၊ဆန္ဒ၊ ဝီရိယ နှိုးစက်ပေးလိုက်သော ကြီးမားသည့် တွန်းအားကြီးများပင် ဖြစ်နေပေသည်။

သို့ရာတွင် နိကာယ် အဋ္ဌကထာကြီးများ၌ ကြိုးကြား ကြိုးကြား စံတင် ပြညွှန်းထားသော ယင်းစံတော်ဝင် အရိယာပုဂ္ဂိုလ်ထူးကြီးများ၏ အကြောင်းကို သီဟိုဠ်၊ မြန်မာ ဂန္ထဝင်တို့၌ တကျမ်းတဖွဲ့အဖြစ် မည်သည့်ပညာရှင်ကမျှ စုစည်းရေးသားထားခြင်း မရှိခဲ့ဖူးသေးချေ။

http://www.dhammadownload.com



## နိကာယ်အဋ္ဌကထာကြီးများနှင့် သီဟိုဠ်မှတ်တမ်းများ

စိစ်စစ် ယင်းပုဂ္ဂိုလ်ထူးကြီးများ၏အကြောင်းသည် နိကာယ်ငါးရပ်အဋ္ဌကထာကြီးများတွင် နေရာများစွာ၌ စကားအလျဉ်းသင့်သလို ထုတ်ဆိုဖော်ညွှန်းထားသဖြင့် အဋ္ဌကထာ ကျမ်းအားလုံး(၅၁)ကို ပလ္လင်ပေါက်ကြည့်ဖြစ်မှသာလျှင် အပြည့်အစုံ သိရှိကြည်ညိုခွင့် ရကြမည်ဖြစ်၏။

သီဟိုဠ်ကျွန်း(ယခု သီရိလင်္ကာနိုင်ငံ)၌နောက်ဆုံးပေါ်အဋ္ဌကထာတစောင်ဟု ဆိုရမည့် 'သာရသင်္ဂဟအဋ္ဌကထာ'၌ကား ယင်းပုဂ္ဂိုလ်ထူးတော်တော်များများ ဖော်ပြထားသည်ကို တွေ့ရှိရ၏။ ယင်းအဋ္ဌကထာမှာ ပထမ ပရက္ကမဗာဟုသီရိသင်္ဃဗောဓိမင်း (သာသနာ-၁၇၀၀) လက်ထက် ဒက္ခိဏာရာမကျောင်းတိုက်ကြီး၏နာယက ပဒရူပသိဒ္ဓိကျမ်းပြု အရှင်ဗုဒ္ဓပ္ပိယမထေရ်၏တပည့်ငယ်တဦးဖြစ်သူ အရှင်သိဒ္ဓတ္ထမထေရ်က အဋ္ဌကထာကျမ်းကြီးများမှ မှတ်သားဖွယ်များကိုထုတ်နုတ်၍အနှစ်ချုပ်ဖော်ပြထားခြင်း ဖြစ်၏။ နေရင်းဦးကောဝိဒ မြန်မာပြန်ဆိုထားသည်။

ဤစံတော်ဝင် အရိယာပုဂ္ဂိုလ်ထူးကြီးများကိုစုစည်းရေးသားရာ၌အောက်ဖော်ပြပါ သီဟိုဠ်ရှေးဟောင်းမှတ်တမ်း ကျမ်းစာများနှင့် နှောင်းပေါ်ခေတ်မီသုတေသနကျမ်းများမှလည်း များစွာ အထောက်အကူရရှိပါသည်။

၁။ ဒီပဝံသနှင့် မဟာဝံသ (ပါဠိနှင့် မြန်မာဝတ္ထု)
၂။ ရသဝါဟိနီ ။
၃။ မဓုရ ရသဝါဟိနီ ။
၄။ သဟဿ ဝတ္ထု (သီဟိုဠ်မူ)
၅။ ဓာတုကထာ ဂါထာ (သီဟိုဠ်မူ)
၆။ သမန္တကူဋဝဏ္ဏနာ (သီဟိုဠ်မူ)
၇။ The Pali Literature of Ceylon.
၈။ Dictionary of Pali Proper Names.
၉။ Ceylon (Ancient Cities.)

## ပဲ့တင်သံ တွန်းအားနှင့် တဆက်တည်း

အဋ္ဌကထာဆရာအဆက်ဆက်တို့သည် ပိဋကသုံးပုံကို ဖွင့်ဆိုကြရာ၌ ဘုရားဟောဒေသနာတော်များ (စာတွေ့) အပေါ် ပို၍ သက်ဝင်ယုံကြည်လာစေရန် လက်တွေ့ကျကျ ထိုခေတ်က အများသိဖြစ်ပေနသော ကိုယ်တွေ့ဝတ္ထုများ ကြားညှပ်၍ ကြားညှပ်၍ ဖွင့်ပြထားရာ အံ့လွှန်ကြည်ညိုအားကျဖွယ် ကောင်းလှပါသည်။

မဟာဝံသ၊ သဟဿဝတ္ထုစသော ရှေးဟောင်းမှတ်တမ်း ကျမ်းစာများတွင် သီဟိုဠ်ကျွန်း၌ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သော ရဟန်းရှင်လူ ပုဂ္ဂိုလ်

http://www.dhammadownload.com



ထူးများကို အများအပြားဖတ်ရှုနိုင်ပါ၏။ အလွန်လည်း ကြည်ညိုအားကျဖွယ် ကောင်းပါ၏။ သို့ရာတွင် အဋ္ဌကထာကျမ်းများ၌ စံတင်ပြည့်နှံထားသော ပုဂ္ဂိုလ် ထူးကြီးများကား သာ၍သာ၍ပင် ကြည်ညိုအားကျဖွယ် ကောင်းလှပါသည်။

"ဘုရားဟောထားတဲ့ သုတ်ဝိနည်းအဘိဓမ္မာဒေသနာတော်ကို မယုံမရှိကြနှင့်။ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယနှင့်တကယ်လုပ်လျှင် အဟုတ်ဖြစ် တယ်" ဟူသော သီဟိုဠ်ခေတ် စံတော်ဝင် အရိယာပုဂ္ဂိုလ်ထူးကြီး များ၏ အားပေးသံသည် ဘုရားဟော ပါဠိတော်များကို ကြည့်ရှု ရွတ်ဖတ်တိုင်းနောက်မှကပ်၍ ပဲ့တင်ခတ်တွန်းပို့နေသော ဩဝါဒ အားဆေးများပင် ဖြစ်ပါတော့သည်။

ဤကမ္ဘာလောက၌ဘုရားဟော ဒေသနာ ပိဋကကျမ်းစာများ တည်ရှိနေသမျှ (သာသနာ တည်ရှိနေသမျှ) ကာလပတ်လုံး စံတော်ဝင် အရိယာပုဂ္ဂိုလ်ထူးကြီး များ၏ ဩဝါဒ အားပေးသံများသည်လည်း တရံမတိတ် မဆိတ်မစဲ အမြဲတစေ ထွက်ပေါ်အားပေးနေကြမည်သာဖြစ်ပါ၏။ ထိုသည့်စံတော်ဝင်ပဲ့တင်သံများနှင့် အတူ ကမ္ဘာ့အလှတန်ဆာ အရိယာ သူတော်ကောင်းကြီးများသည်လည်းကမ္ဘာနှင့် အဝန်း ပွင့်ထွန်းဖြစ်ပေါ်၍ ဖြစ်ပေါ်၍ လာကြမည်မှာ ယုံမှားစရာ မရှိပါချေ။

## ပါဠိတော်နှင့် အဋ္ဌကထာ သာသနာ၏ ရေသောက်မြစ်

အန္ဓကမ္ဘာကြီးကို အလင်းရောင်ပေး၍ အလှဆင်ရာ၌ ပိဋကသုံးပုံ နိကာယ် ပါဠိတော်များနှင့်အတူ အရှင်မဟာ ဗုဒ္ဓဃောသ၏ အဋ္ဌကထာ ကျမ်းကြီးများ သည် သို့စင်ကျေးဇူးကြီးမားလှပါပေကုန်၏။ အလင်းရောင် ပေးနိုင်ပါပေကုန်၏။ ငြိမ်းချမ်းသာယာသော ကလျာဏကမ္ဘာကြီးဖြစ်အောင် လုပ်ပေးနိုင်ပါပေကုန်၏။

သို့စင် ကျေးဇူးများလှသောကြောင့်လည်း ဥစ္ဆေဒ-ဖြတ်လမ်း, လမ်းတိုက သွားနေသူများနှင့် သဿတ-လမ်းရှည် လမ်းကောက်, လမ်းအိုကြီးက သွားနေသူ များက မဇ္ဈိမပဋိပဒါ ထေရဝါဒသာသနာ၏ ရေသောက်မြစ်ကြီးများဖြစ်သော ပါဠိတော်နှင့် အဋ္ဌကထာကို နှံ၍ စမ်းကြည့်နေကြ၏။

၁။ ဤသုတ်သည်သာ ဘုရားဟော၊ ထိုသုတ်ကား ဘုရားဟော မဟုတ် စသည်ဖြင့်လည်းကောင်း၊

၂။ 'အဆင့်ဆင့် နှုတ်တက်အာဂုံဆောင်လာကြတာ တစုံတရာ မချွတ် ယွင်းဘူးလို့ ဆိုနိုင်ပါ့မလား၊ သီဟိုဠ်ကျွန်းမှာစပြီး ပေထက်အက္ခရာ တင်ကြတာဆိုတော့ သူတို့ကြိုက်တာကိုပဲ ရေးတင်ပြီး မကြိုက်တာ ချန်ထားခဲ့မှာပဲ' စသည်ဖြင့် လည်းကောင်း၊ ပါဠိတော်များကို နှံ စမ်းနေကြ၏။

http://www.dhammadownload.com



၃။ ထို့ပြင် ပါဠိတော်၏အနက်အဓိပ္ပာယ် အဖွင့်ကျမ်း (အဋ္ဌကထာ) များကိုလည်း ဗုဒ္ဓရှင်တော်မြတ် သက်တော်ထင်ရှား ရှိစဉ်ကပင် ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကကြီးများ ဟောကြား ဖွင့်ဆိုထားသည်ကို သံဂါယနာ ခေတ်အဆက်ဆက် ဆက်လက်ဆောင်ယူ ဖွင့်ဆိုခဲ့ကြသော်လည်း သာသနာ့အာဇာနည် အတုမဲ့ပုဂ္ဂိုလ်ကျော် အရှင်မဟာဗုဒ္ဓဃောသမှာ နောက်ဆုံး အချောကိုင် တာဝန်ယူတော်မူရသော ကံကြီးရှင်,ဉာဏ်ကြီးရှင်ဖြစ်သဖြင့် အဋ္ဌကထာဆရာကြီးအား ပခုံးချင်းယှဉ်ကာ ပို၍ပင် ရက်ရက်စက်စက် (၀၇)မိုက်မဲစွာ ဝေဖန်ခဲ့ကြ,ဝေဖန်နေကြလေသည်။

ဤကား အသိအမြင်လည်း မကဲ့၊ အစွဲလည်းနာသော ပုထုဇဉ်ကမ္ဘာမှ လက်လွှတ်ခြေလွှတ် ဝေဖန်ချက်များ ဖြစ်ကုန်၏။

'ဒီလိုလား,ဟိုလိုလား' မဆုံးနိုင်သော မေးခွန်းပုစ္ဆာ ပြဿနာ စိစစ်ချက်များထုတ်ကာ ဒိဋ္ဌိ,ဝိစိကိစ္ဆာ ဖြစ်နေသည်ကိုပင် ပညာဟု ထင်မှားကြလေ၏။

## ထေရဝါဒ သာသနာ နယ်ပယ်သစ်ဖွင့်ရာ၌

ဥစ္ဆေဒ,သဿတ စာပေလောင်းရိပ်မိကာ သဒ္ဓါ သီလ ခေါင်းပါးသော ထေရဝါဒီ ပရိယတ္တိ စာပေပညာရှိကြီးအချို့ပင် ဒိဋ္ဌိဝိစိကိစ္ဆာ သံယောင်လိုက်၍ (ပါးစပ်အငှားလိုက်၍) ဖြစ်တတ်ဝေဖန်မိကြရလေ၏။

တသာသနာတွင်မှတယောက်ဟု ဆိုစလောက်သောကံကြီးရှင်၊ ဉာဏ်ကြီးရှင်များ၏ သီလ၊ သမာဓိ၊ ပညာ အစွမ်းတို့ကသာသနာ အင်အားများကို ထည့်၍ မတွက်မိပဲ သာသနာအပြင်ဘက်မှ စာပေပညာရှင်များကဲ့သို့ပင် ဘာသာဗေဒ, စာပေ အက္ခရာမျှလောက်ကိုသာ အပေါ်ယံကြည့် ကြည့်၍ မိမိတို့၏ အသိအမြင်ကို အထင်ရောက်လွန်းကြလေ၏။

မည်သို့ရှိစေ၊ ပြဿနာတွေများသော်လည်း အဖြေကား ရှင်းပါ၏။ ဤ စံတော်ဝင် အရိယာ ပုဂ္ဂိုလ်ထူးကြီးများသည်လည်း ပြဿနာ များစွာအတွက် အဖြေကြီးများပင် ဖြစ်ပါကုန်၏။

၁။ ထေရဝါဒသာသနာ ပိဋကသမိုင်းရေစီးကြောင်းကို ကောင်းမွန်မှန်ကန်စွာ သိရှိထားလျှင်သော် လည်းကောင်း၊
(အခန်း—၁၊ 'စတုတ္ထ သံဂါယနာ၏ ရာဇဝင်နောက်ခံ မြင်ကွင်းကျယ်'မှ 'တကမ္ဘာလုံးရှိ ထေရဝါဒီအားလုံးတို့၏ကိုယ်စား စတုတ္ထ သံဂါယနာတင်ပွဲ' အထိနှင့် ဤကျမ်းနိဒါန်း (၄) 'အရှင်မဟာဗုဒ္ဓဃောသနှင့် အဋ္ဌကထာများ'တွင်လည်း ဖတ်ရှုနိုင်၏။)

http://www.dhammadownload.com



၂။ ထေရဝါဒ သာသနာ့ အရေးအခင်းများတွင် ခေတ်အဆက်ဆက် ဦးဆောင်ဦးရွက် အသက်နှင့် ဆောင်ကြဉ်းတော်မူခဲ့ကြသော၊ ဆောင်ကြဉ်းတော် မူနေကြသော (အတ္ထိ လောကေ သမဏ ဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ) ပဘိန္န ပဋိသမ္ဘိဒါပတ္တ (ပုဒ်ပါဠိ အက္ခရာ သဒ္ဒါအနက် အက္ခရဗေဒနှင့် သဘာဝတ္ထအရာ ဖြန်းဖြန်းကွဲ သိမြင်သူ) ဆဋ္ဌာဘိည (ဘဝများစွာ ကမ္ဘာထုတ်ချင်း ဟင်းလင်းအပြင် ထိုးဖောက် သိမြင်နိုင်၍ တန်ခိုး ဖန်ဆင်းနိုင်သူ) သာသနာ့ဝန်ဆောင် ရဟန္တာအရှင်မြတ်ကြီးများ၏ အသိအမြင်ကို သက်ဝင် ယုံကြည်ထားလျှင်သော် လည်းကောင်း၊

၃။ သို့မဟုတ်၊ စံတော်ဝင် အရိယာအရှင်မြတ်ကြီးများ၏ လမ်းစဉ်တော်အရ ပါဠိတော်နှင့် အဋ္ဌကထာတို့၌ မိန့်မှာတော်မူသည့်အတိုင်း ရှစ်ဖြာမဂ္ဂင် သတိပဋ္ဌာန်ကျင့်စဉ် ကို လက်တွေ့ ကိုယ်တွေ့ကျင့်ကြံထားလျှင်သော် လည်းကောင်း၊ ထေရဝါဒ ပိဋကကျမ်းစာနှင့် ထေရဝါဒ သာသနာလဝန်းကြီးအပေါ် ရစ်ဝဲ ဖုံးအုပ်လာသော ဒိဋ္ဌိဝိစိကိစ္ဆာ မိစ္ဆာ တိမ်သလာများကို လွယ်ကူစွာပင် ဖယ်ရှားနိုင်ကြပေလိမ့်မည်။ ကြည်လင်ပြတ်သားသော အမြင်ကို ရလာနိုင်ပေသည်။

ကိုယ်တိုင်ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်၍ 'ဘုရားဟောလို့၊ စာထဲမှာပါလို့' မျက်စိမှိတ်ယုံရသောအဖြစ်မျိုး မရှိတော့ချေ။ ယုတ်စွာ့အဆုံးလွန်စွာကြောက်လန့်ဖွယ်ကောင်းလှသော ပြောမှား၊ ရေးမှား(အပါယသံဝတ္တနိက) ဘေးကြီးမှမူ လွတ်ကင်းနိုင်လေသည်။

လက်တွေ့ကိုမှ ယုံကြည်သော ယနေ့ခေတ်ကားပြဆိုပြီး 'မမေးထိုက်သော၊ မဆုံးနိုင်သော အကျိုးမဲ့မေးခွန်းများ'တစတစချုပ်ငြိမ်းကာ ထေရဝါဒသာသနာသည် ကမ္ဘာအရပ်ရပ်၌ နယ်သစ်ပယ်သစ်ပင် ဖွင့်လှစ်နေချေပြီ။

နယ်သစ်ပယ်သစ်ဖွင့်လှစ်နေပြီဖြစ်သော ယနေ့ထေရဝါဒ သာသနာတော်စစ်ကြောင်းကြီးများအတွက် ပရိယတ်၊ပဋိပတ်နှစ်ရပ်လောက်လို၊ပြည့်စုံတော်မူကြသော ဤ 'သီဟိုဠ်ခေတ် စံတော်ဝင် အရိယာ ပုဂ္ဂိုလ်ထူးကြီးများ' သည်လည်း အင်အားကြီးမား၍ မမြင်ရသော ပဲ့တင်သံ တွန်းအားကြီးများပင် ဖြစ်ပါပေ၏။

စင်စစ်...သီဟိုဠ်ခေတ် စံတော်ဝင်အရိယာပုဂ္ဂိုလ်ထူးကြီးများကား ဗုဒ္ဓရှင်တော်မြတ်မရှိသည့်နောက် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာတော် တရပ်လုံးအတွက် အခက်အခဲအမျိုးမျိုးကြားမှ ဦးဆောင်ဦးရွက်ပြုကာ နမူနာစံပြ၊ပရိယတ်, ပဋိပတ်ပုံစံချ၍ ပထမဦးစွာ နယ်ပယ်သစ် ရပ်တည်ပြတော်မူခဲ့ကြလေပြီ။

http://www.dhammadownload.com

(၂)

# သီဟိုဠ်နှင့်ဇာနိုဝယ သာသနာ့နောက်ခံ ရာဇဝင်

သီဟဠဒီပ၊တမ္ဗပဏ္ဏိဒီပ၊ လင်္ကာဒီပစသည် ခေါ်ဝေါ်သော သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာ)သည် မဇ္ဈိမဒေသ (ဇာနိုဝယပြည်ကြီး)၏ တောင်ဘက် ဇာနိုဝယ သမုဒ္ဒရာအတွင်း၌ တည်ရှိ၏။ ဇာနိုဝယဆိပ်ကမ်းမှ ၂၂-မိုင်၊ ကာလကတ္တားမှ ၁၂၃၀-မိုင်၊ လန်ဒန်မှ ၄၇၆၀-မိုင်၊ ရန်ကုန်မှ ၁၂၃၅-မိုင် ဝေးကွာ၏။

အလျား၂၇၀-မိုင်၊အနံ၁၄၀-မိုင်၊အကျယ်စတုရန်း၂၅၃၃၂-မိုင်ရှိသော နိုင်ငံဖြစ်သည်။

၁၉၆၃-ခုနှစ်သန်းခေါင်စာရင်းအရ လူဦးရေ ၁၀-သန်း၊ယခု ၁၃-သန်း ခန့်၊သံဃာတော်လေးသောင်းခန့်ရှိ၍ ထေရဝါဒဂါးနိုင်ငံအဝင်အပါနိုင်ငံတနိုင်ငံ ဖြစ်လေသည်။

http://www.dhammadownload.com



# ဗုဒ္ဓမရှိသည့်နောက် ပဓာန ဗုဒ္ဓနိုင်ငံတော်

ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ် နောက်ပါ ရဟန်းငါးရာနှင့် အတူ သုံးကြိမ်သုံးခါကြွရောက်၍ သမာပတ်ဖြင့် သီတင်းသုံးတော်မူဖူး၏။လူနေ ဒေသမဖြစ်သေး။ (မြတ်စွာဘုရား သမာပတ် ဝင်စားရာ သမိုင်းဝင် ၁၆-ဌာန နောက်ဆက်တွဲ ၈-ငယ်တွင် ရှုပါ။)

လာဠတိုင်း၊သီဟပုရပြည်၊ သီဟဗာဟုမင်းကြီး၏ သားတော်ကြီးဖြစ်သော ဝိဇယဗာဟု အိမ်ရှေ့မင်းသားသည် တိုင်းသူ ပြည်သားတို့အား အနိုင့်အထက် နှိပ်စက်ညှဉ်းပန်းမှုဖြင့် ကျွန်သင်းခုနစ်ရာ သားမယားများနှင့် အတူတကွ ပြည် နှင်ဒဏ် အပေးခံရ၏။ ဝိဇယမင်းသားသည် ဘုရားရှင်၏မေတ္တာဗျာဒိတ်တော်အရ သိကြားမင်း၏အကူအညီဖြင့် သားမယားကျေးကျွန်များနှင့်အတူ သီဟိုဠ်ကျွန်းသို့ ချောမောစွာ ဖောင်ဆိုက်ရောက်လေ၏။

ထိုနေ့ကား သုံးလောကမျက်ရှ သဗ္ဗညုဘုရားသခင် မဟာပရိနိဗ္ဗာန် စံဝင် တော်မူသော နေ့ထူးနေ့မြတ်ကြီးနှင့် တိုက်ဆိုင်နေပေတော့သည်။

ထိုအခါမှစ၍ အမနုဿဘီလူးများ စိုးစံရာ သီဟိုဠ်ကျွန်းသည် လူနေဒေသ ဖြစ်၍လာခဲ့၏။စင်စစ် ဝိဇယမင်းသားသည် 'အဆိုးထဲက အကောင်းထွက်' ဆို သကဲ့သို့ သာသနာတော်အတွက် လူနေဒေသ နယ်ပယ်သစ် ခုတ်ထွင်ရသူပါပေ။ ဗုဒ္ဓမရှိသည့်နောက် သီဟိုဠ်နိုင်ငံသည် အချက်အချာကျသော ထေရဝါဒနယ်ပယ် သစ်တခု ဖြစ်ရုံမျှမက ပဓာနဗုဒ္ဓနိုင်ငံတော်တခု ဖြစ်ခဲ့လေသည်။

သာသနာတော်နှစ် တစ်ခုနှစ်၊ ဝိဇယမင်းမှစ၍ သီဟိုဠ်နိုင်ငံ၌ သီဟိုဠ် မင်းပေါင်း၁၈၁-ဆက် စိုးစံခဲ့၏။ခရစ်နှစ်၁၅၀၅-ခုနှစ်တွင်ပေါ်တူဂီလူမျိုးများ၊ ၁၆၀၂-၁၆၅၈-ခုနှစ်တွင် ဒတ်ချ်(နယ်သာလင်)လူမျိုးများက ကမ်းရိုးတန်းမြို့ ကြီးများကို သိမ်းပိုက်ခဲ့ကြသည်။၁၇၉၆-ခုနှစ်မှစ၍မူ ဗြိတိသျှတို့က တနိုင်ငံလုံး ကို စိုးအုပ်ခဲ့ကြလေသည်။၁၉၄၈-ခုနှစ်၊ ဖေဖော်ဝါရီလ ၄-ရက်နေ့တွင် ဒိုမီနီယံ လွတ်လပ်ရေးရ၍ ၁၉၇၂-ခုနှစ်၊ မေလ ၂၂-ရက်နေ့မှစ၍ 'သီရိလင်္ကာဆိုရှယ်လစ် သမ္မတနိုင်ငံ' ဖြစ်လာ၏။

သီဟိုဠ်ရာဇဝင် သာသနာဝင်၌(ကျွဲစံတော်ဝင်အတွက်) အထူးမှတ်သား သင့်သော မင်းများမှာ တဘက်ပါအတိုင်း ဖြစ်သည်။

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၁။ ဝိဇယမင်း | သာသနာတော်နှစ်—၁ | နန်းစံ | ၃၈—နှစ် |
| ၂။ မုဋသိဝမင်း | ။ ၁၃၇ | ။ | ၆၀—နှစ် |
| ၃။ သားတော် ဒေဝါနံပိယတိဿ | ။ ၂၃၇ | (၃၀၇—၂၆၇ ဘီစီ) | |
| | | ။ | ၄၀—နှစ် |
| ၄။ မြေးတော် ဒုဋ္ဌဂါမဏိအဘယမင်း | ။ ၃၈၃ | (၁၀၁—၇၇ ဘီစီ) | |
| | | ။ | ၂၄—နှစ် |
| ၅။ ညီတော် သဒ္ဓာတိဿမင်း | ။ ၄၀၇ | (၇၇—၅၉ ဘီစီ) | |
| | | | ၁၈—နှစ် |
| ၆။ သားတော် ဝဋ္ဋဂါမဏိအဘယမင်း (ပထမအကြိမ်) | ။ ၄၄၀ | ။ | ၅—လ |
| ။ (ဒုတိယအကြိမ်) | ။ ၄၅၅ | ။ | ၁၂—နှစ် |
| ၇။ မဟာနာမ(သိရိပါလ)မင်း | ။ ၉၅၄ | ။ | ၂၂—နှစ် |
| ၈။ သီရိသင်္ဃဗောဓိခေါ် | | | |
| ပထမ ပရက္ကမဗာဟုမင်း | ။ ၁၇၀၈ | ။ | ၃၃—နှစ် |
| သိရိဝိက္ကမ ရာဇသီဟ(နောက်ဆုံး)မင်း | ။ ၂၃၄၁ | ။ | ၁၈—နှစ် |
| ၉။ ဗြိတိသျှအုပ်ချုပ်ရေး (ခရစ်နှစ်) | ။ ၁၇၉၆ | ။ | ၁၅၂—နှစ် |

## ရဟန္တာကြီးများ အမြင်ဉာဏ်နှင့် ကျွန်းပိတ်ဘုန်းကံ

သီဟိုဠ်ကျွန်းသို့ ထေရဝါဒ ဗုဒ္ဓသာသနာတော် ရောက်ရှိပြန့်ပွား ထွန်းကားသည်မှာ တတိယသံဂါယနာ သံဃနာယက(ဗြဟ္မာ့ပြည်မှ တာဝန်နှင့်လာရသော) ကမ္ဘာ့ သာသနာပြု အရှင်မဟာ မောဂ္ဂလိပုတ္တတိဿနှင့် သာသန ဒါယကာ အသောကမင်းတရားကြီးတို့၏ ကြိုးပမ်းချက်ပင် ဖြစ်ပေသည်။

( **Buddhism in Pakistan** ၌ အရှင်မောဂ္ဂလိပုတ္တတိဿကိုပင် ဥပဂုတ္တ ဟု မှားယွင်းစွာ ဖော်ပြထားသည်။ )

ထေရဝါဒ ဗုဒ္ဓသာသနာတော်သည် အနာဂတ်ကာလတွင် ဗုဒ္ဓ ဖွားမြင်တော်မူရာ မဇ္ဈိမဒေသ (ဣန္ဒိယနိုင်ငံ) မြို့ကြီးများ၌ ကြာရှည်စွာ ဆက်လက်ထွန်းကားရန် မရှိ၊ မဇ္ဈိမဒေသ တိုင်းစွန်ပြည်နယ်များနှင့် အထူးသဖြင့် အရံကျွန်းငယ်များဖြစ်သော သီဟိုဠ်၊ သုဝဏ္ဏဘူမိ (သထုံ=မြန်မာပြည်) အရပ်များ၌သာ အရှည်သွန်းကားမည်ကို မြင်တော်မူကြ၏။ ထို့ကြောင့် သာသနာတော်နှစ် ၂၃၅-ခုနှစ် ပါဋလိပုတ်နေပြည်တော်၌ တတိယ သံဂါယနာတင်စဉ် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအဖွဲ့များကို စေလွှတ်တော်မူခဲ့ကြလေသည်။

အနာဂတံသ ဉာဏ်တော်အမြင်ဖြင့် သာသနာသိုက်ပြောင်းရန် စီစဉ်တော်မူကြခြင်းပင် ဖြစ်၏။

http://www.dhammadownload.com



အရှင်မဟာ မောဂ္ဂလိပုတ္တတိဿ စသော သံဂါယနာတင် ရဟန္တာ အရှင်မြတ်ကြီးများ၏ ဉာဏ်တော်အမြင်မှာ သာမန် လောကဉာဏ်ကြီးရှင်တို့ မြင်သော အမြော်အမြင်မျိုး မဟုတ်ချေ။ ကမ္ဘာသုံးဆယ်၊ လေးဆယ် မစင်မကြယ်မြင်သော သာသနာအပြင်ဘက်မှ လောကီအမြင်ရသော ပုဂ္ဂိုလ်တို့၏ အမြင်မျိုးနှင့်လည်း မနှိုင်းယှဉ်သင့်ချေ။

စင်စစ် ဘ၀ပေါင်းများစွာ ကမ္ဘာပေါင်းအသင်္ချေကို ကုန်စင်တိကျစွာ လင်းလင်းချင်းချင်းကြီး မြင်နိုင် သိနိုင်သော မလောကလွန် အမြင်များသာ ဖြစ်ချေသည်။

ထိုသို့သော ဉာဏ်တော်အမြင်ဖြင့် စီစဉ်ဆုံးဖြတ်၍ သာသနာပခုံးပြောင်းလွှဲအပ်ပေးခြင်း ခံယူကြရသော ကမ္ဘောဒီးယား, ယိုးဒယား, လာအို၊ အထူးသဖြင့် သီဟိုဠ်, မြန်မာ ကျွန်ုပ်တို့ဘုန်းကံမှာ နှယ်နှယ်ရရ မဟုတ်တန်ရာပေ။

ထေရဝါဒသာသနာ့အောင်လံတော်ကြီးကို လက်ဆင့်ကမ်းကာ ဆက်လက်ထမ်းဆောင်နေကြရသော ကျွန်ုပ်တို့၏ ဖြတ်သန်းခဲ့ရသည့် ခရီးကြမ်းများ၊ ရှေ့တွင်လည်း ဆက်လက် ချီတက်ကြရဦးမည့် ခရီးစဉ်များတွင် 'မည်သည့်အခါ၊ မည်သည့်နေရာတွင်၊ မည်သို့ဖြစ်မည်'ကိုလည်း ကြိုတင်၍ အသေးစိတ် သိမြင်တော်မူခဲ့ကြပြီးပင် ဖြစ်ပေသည်။

[ ဆဋ္ဌသံဂါယနာတင်စဉ် ၂၆-၃-၅၆ မှ ၂၅-၄-၅၆ နေ့အထိ ဣန္ဒိယ, သီဟိုဠ် အစိုးရများ အကူအညီဖြင့် မြန်မာနိုင်ငံသို့ ကြွလာ အပူဇော်ခံသော အရှင်မဟာ မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကြီး၏ ဓာတ်တော်ပုံကို ရှေ့၌ပြထား၏။

၁၈၅၁-ခုနှစ်က ဣန္ဒိယပြည် ဆံချီမြို့မှရရှိ၍ ၁၉၄၆-ခုနှစ်၊ ဗြိတိသျှပြတိုက်၌ ထားရှိရာမှ သီဟိုဠ်အစိုးရက ဗြိတိသျှတို့ထံမှ တောင်းခံ၍ သီဟိုဠ်ကျွန်း ကန္ဒီမြို့၌ စွယ်တော်မြတ်နှင့် အတူ ပူဇော်ထားကြသည်။

ဓာတ်တော်ကြုတ် တခုထဲ၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ၊ ဂေါတိပုတ္တ၊ ကောသိကီပုတ္တ ရဟန္တာအရှင်မြတ်ကြီး သုံးပါးတို့၏ ဓာတ်တော်များကို တပေါင်းတည်း ထည့်သွင်း၍ ဆံချီစေတီတော်၌ အသောကမင်းကြီး ဌာပနာခဲ့ခြင်းဖြစ်၏။ ဓာတ်တော်ကြုတ် အဖုံး၏အပေါ်, အတွင်းနှင့် အောက်ခြေ သုံးဌာန၌ ကမ္ပည်းများ အသီးအသီး ရေးထိုးထားလေသည်။ **The Light of the Dhamma.** ဆဋ္ဌသံဂါယနာ အထူးထုတ်မှ။ ]

http://www.dhammadownload.com



ဗုဒ္ဓသာသနာတော်သက်တမ်းသည် ယခု ၂၅၂၃-နှစ်မျှသာရှိပေသေး၏။ နှစ်ပေါင်း ထောင်ပေါင်းများစွာ ဆက်လက်ရှင်သန်နေရပေဦးမည်။ အနာဂတ်ကို အာမခံပေးမည့်၊ အနာဂတ်ကို ပိုင်ဆိုင်သော၊ (ဝါ) တာဝန်ရှိရှိ တာဝန်နှင့်လာသော ဘုန်းကံရှင်တို့သည်လည်း ယခုအခါ သူ့တာဝန်နှင့်သူ ကိုင်ဆောင်ရပ်တည်လျက် ရှိနေကြသည်သာ ဖြစ်၏။

သီဟိုဠ်နိုင်ငံအတွက် ထေရဝါဒဗုဒ္ဓသာသနာတော် နယ်ပယ်သစ်ဖွင့်လှစ်ရန် တာဝန်ပေးအပ်ခြင်းခံရသူမှာ အရှင်မဟာ မဟိန္ဒထေရ်ပင် ဖြစ်သည်။

## အသောကမင်းကြီး၏ နိုင်ငံရေးနှင့် ဘာသာရေး

အရှင်မဟာမဟိန္ဒကား သာသနဒါယကာ အသောကမင်းကြီး၏ ထီးမွေ နန်းမွေ ဆက်ခံရန် အိမ်ရှေ့ဥပရာဇာ လျာထားခြင်းခံရသော သားတော်ပင် ဖြစ်တော်မူ၏။

ဤနေရာ၌ အသောကမင်းကြီး၏ ဘဝနှင့် နန်းတွင်းရေး အခြေအနေကို အနည်းငယ် ပြဆိုသင့်၏။

သာသနာတော်နှစ် ၂၁၄-ခုနှစ်တွင် ခမည်းတော် ဗိန္ဒုသာရ မင်းကြီး နတ်ရွာစံ ကံတော်ကုန်သဖြင့် ခမည်းတော်ရိုက်ရာ တိုင်းပြည်ထီးနန်းကို သိမ်းမြန်း စိုးပိုက်ရ၏။ ညီတော် ကိုးကျိပ်ကိုးယောက်တို့က ပုန်ကန် ခြားနား ကြသဖြင့် အားလုံး ကွပ်မျက်ရသည်ဟု ဆိုလေသည်။ လေးနှစ်တိုင်တိုင် တိုင်းပြည်နိုင်ငံ အရေးကိုသာ ဆောင်ရွက်နေရသဖြင့် ၂၁၈-ခုနှစ်တွင်မှ ညီတော် တိဿကုမာရ အား အိမ်ရှေ့အရာထား၍ အဘိသိက်ခံတော်မူရသည်။

> [ မင်းတရားကြီး ကိုယ်တော်တိုင် ရေးထိုးစေခဲ့သော အမှတ် ၄၊ ၅၊ ၆၊ ၇ ကျောက်တိုင် ကျောက်စာတော်များ၌ ညီတော် ပဒေသရာဇ် မြို့စားမင်းသားများ၏ အမည်တို့ကို များစွာ တွေ့ရှိ ကြရသည့်အပြင် တိုင်းသူပြည်သားနှင့် ဆွေတော် မျိုးတော်တို့ အပေါ်၌ ထားရှိသော မင်းကြီး၏မေတ္တာတော်ကိုပါ ဖတ်ရှုကြရ သဖြင့် ညီတော်များအား ကွပ်မျက်ပြီးမှ နန်းတက်ရသည်ဆိုသော အချက်ကို သမိုင်းပညာရှင်တို့က လက်မခံလိုကြပေ။ ]

အသောကမင်းကြီးသည် နန်းတက်ရသည်မှစ၍ သုံးနှစ်တိုင်တိုင် ခမည်း တော်ရိုက်ရာ တိတ္ထိခြောက်သောင်းတို့အား နန်းတော်၌ ဆွမ်းဝတ် အမြဲပူဇော် မူနေရ၏။ ထိုသို့နေရစဉ် တနေ့တွင် တူတော် နိဂြောဓသာမဏေ၏ သတိပဋ္ဌာန်

http://www.dhammadownload.com



ကြုံ၌, အပ္ပမာဒ သတိပဋ္ဌာန်တရားကြောင့် သမ္မာဒိဋ္ဌိ (ဗုဒ္ဓဘာသာဝင်)ဖြစ်လာခဲ့သည်။

အသက်ပေါင်းများစွာ သေကြေပျက်စီးခဲ့ရသော ကလိင်္ဂ စစ်ပွဲကြီး၏ အနိဋ္ဌာရုံမြင်ကွင်းသည် မင်းကြီးအား ဗုဒ္ဓမဗ္ဗ၌ ပို၍ လေးနက်သက်ဝင်အောင် ပို့ဆောင်ပေးလိုက်သော ပဓာန ခံစားချက်ကြီး ဖြစ်ကြောင်း သမိုင်းပညာရှင်တို့က ကလိင်္ဂကျောက်စာတော် ၄၊ ၅ တို့ကို ထောက်ဆ၍ အခိုင်အမာ ယုံကြည်ထားကြသည်။ မင်းကြီးလည်း ထိုအချိန်မှစ၍ ဗုဒ္ဓသာသနာတော်၌ ဒကာခံကာ အသောကနန်းတော်၌ တိတ္ထိများ ဝင်ခွင့်မရကြ။ သို့ရာတွင် အုပ်ချုပ်ရေးအရ သင့်လျော်သော အခြားထောက်ပံ့မှုများကိုမူ ပြုလုပ်တော်မူ၏။ (အသောက ကျောက်စာများ ရှု။)

မင်းကြီးသည် နေ့စဉ်နှင့်အမျှ သာသနာ့ တာဝန်၊ သံဃာ့ တာဝန်တို့ကို ဆောင်ရွက်တော်မူလျက် အသောကာရာမ ကျောင်းတော်ကြီးကိုပင် ဆောက်လှူကာ ရဟန်းတော်အရှင်မြတ် ခြောက်သောင်းတို့အား အမြဲ ဆွမ်းဝတ် ပြုတော်မူ၏။ (အသောကာရာမ ကျောင်းလှူတ်= ကျောင်းပူဇော်ပွဲ၌ သံဃနာယက မဇ္ဈန္တိက မထေရ်ကြီး အထင်သေးခံရပုံကို အခန်း-၈ ၌ ရှုပါ။)

နန်းတက်၍ လေးနှစ်ပင်ရှိသော်လည်း ညီတော်အိမ်ရှေ့မင်းသား 'တိဿကုမာရ'ကား သာသနာတော်၌ လေးစားကြည်ညိုခြင်း မရှိသေး။ တောထဲ၌ လွတ်လပ်စွာ အစာရေစာစားသောက်ပြီး တာဝန်မဲ့ ပျော်ရွှင်မြူးထူးကာ လူးလာပြေးလွှားနေကြသော သားသမင်တို့ကဲ့သို့ ရဟန်းတော်များကိုလည်း **'ကောင်းကောင်းစား, ကောင်းကောင်းနေကာ တာဝန်မဲ့ လူပိုများ'**ဟု အထင်ရောက်နေ၏။ တနေ့သောအခါ တောကစားရာမှပြန်အလာ ထိုအကြောင်းကို နောင်တော် အသောကမင်းကြီးအား ပြောဆိုမိလေ၏။

မင်းကြီးသည် ညီတော်၏စကားကို ကြားရသောအခါ လွန်စွာ စိတ်မချမ်းမသာ ဖြစ်သည်နှင့် တနေ့တွင် ဥပါယ်တမျဉ်ဖြင့် စိတ်ဆိုးဟန်ပြုကာ

"အမောင် တိဿ၊ ဤနေ့မှစ၍ မောင်မင်း ခုနစ်ရက် မင်းလုပ်ရမည်။ ခုနစ်ရက်စေ့လျှင် မောင်မင်းကို ကွပ်မျက်ရလိမ့်မည်" အမိန့်တော်ရှိလျှင် ညီတော်သည် မင်းစည်းစိမ်ကို ခံစားရသော်လည်း မစားနိုင်၊ မအိပ်နိုင် မှိုင်တွေချကာ အရိုးပေါ်အရေတင် ကြောက်လန့်၍ပင် နေလေ၏။ ခုနစ်ရက်စေ့လျှင် ရှေ့တော်ခေါ်၍ မေးသောအခါ သေရမည်ကိုကြောက်သောကြောင့် ညှိုးနွမ်းပိန်ချုံး၍ နေကြောင်း သံတော်ဦးတင်လေ၏။

"ညီတော်....ညီတော်ပင်လျှင် သေရမည့် နေ့ရက်ကို သိမြင်က မပျော်ရွှင်နိုင် ရှိရပေသေး၏။ အရှင်မြတ်များမှာမူကား အာနာပါနနှင့် စပ်သော

http://www.dhammadownload.com



သေခြင်းတရားကို အမြဲရှုပွားၡ် နေတော်မူကြရသည်ဖြစ်ရာ စားကာ အိပ်ကာ အဘယ်မှာလျှင် တာဝန်မဲ့ ပျော်ရွှင်တော် မူနိုင်ကြပါလိမ့်မလဲ ညီတော်''ဟု ညီတော်အား လက်တွေ့ပြတော်မူလိုက်ရာ သာသနာတော်၌ သက်ဝင် ကြည်ညို လာတော့၏။

## သာသနာ့ မိသားစုကြီး

မကြာမီအတောအတွင်း အိမ်ရှေ့စံ တိဿကုမာရမင်းသား တောကစား ထွက်စဉ် တောဆင်ပြောင်ကြီးတကောင်သည် ယောနက မဟာဓမ္မရက္ခိတ အရှင် မြတ်ကြီးအား အင်ကြင်းခက်များကိုချိုး၍ ယပ်လေခတ်ပေးနေသည်ကို မြင်တွေ့ ရသဖြင့် 'ဤမထေရ်ကဲ့သို့ ရဟန်းပြု၍ တောမှာနေရသော် ကောင်းလေစွ'ဟု စိတ်ကူးမိ၏။ မထေရ်လည်း အိမ်ရှေ့မင်းသား၏ စိတ်ကိုသိ၍ သူမြင်လောက် အောင်ပင် ထိုနေရာမှ ကောင်းကင်သို့ပျံတက်ကာ အသောကာရာမ ကျောင်း တော်ကြီးအနီးရှိ ရေကန်၏ ရေပြင်ထက်၌ ရပ်တော်မူ၏။ သင်္ကန်းများကို ကန်အထက် ကောင်းကင်၌ ဆွဲချိတ်ကာ ရေသုံးသပ်တော်မူလေသည်။

ယောနက မဟာဓမ္မရက္ခိတ အရှင်မြတ်ကြီး၏ တန်ခိုးအဘိညာဉ်ကို ကိုယ် တွေ့ ဖူးမြင်ရလေရာ အိမ်ရှေ့မင်းသား တိဿကုမာရသည် ထိုနေ့မှာပင် ထိုအရှင် မြတ်ထံ၌ အရှင်တိဿအမည်ဖြင့် နောက်ပါအခြွေအရံ တသိန်းနှင့်အတူ ရဟန်းပြု လေတော့သည်။ (ထေရဂါထာ အဋ္ဌကထာ၊ ၂၊ ၁၇၄–၌ 'ဧကဝိဟာရိယထေရ်' ဟု လာသည်။ အပြည့်အစုံ ထို၌ရှု။)

ထေရဂါထာ အဋ္ဌကထာ ၁၊ ၃၇၅–၈–၌ အသောကမင်းကြီး၏ ညီတော် ဝီတသောကခေါ် မထေရ်တပါးရှိ၏။ လူဝတ်ကြောင် ဘဝနှင့်ပင် ဂိရိဒတ္တမထေရ်ထံ၌ သုတ္တန်နှင့် အဘိဓမ္မာပိဋကကို သင်ယူတတ်မြောက်ခဲ့သည်။ ရှင်ရဟန်းပြုရန် ဆံချသောနေ့မှာပင် ဆတ္တာသည်လက်မှ မှန်ကိုယူ၍ကြည့်စဉ် တွန့်လိပ်သောအရေနှင့် ဖြူသောဆံပင်များကို ကြည့်ယင်း သံဝေဂ ဝင်ကာ ဝိပဿနာရှု၍ ထိုနေရာ၌ပင် သောတာပန် ဖြစ်ပြီးနောက် မကြာမီ ရဟန္တာ ဖြစ်တော်မူသွား၏။ (အကျယ်ကို ထို၌ရှု။)

မင်းကြီး၏တူတော်၊ သမီးတော် သင်္ဃမိတ္တာ၏ ခင်ပွန်းဖြစ်သူ အဂ္ဂိဗြဟ္မ (သုမနသာမဏေ၏ဖခင်)မင်းသားနှင့်တကွ မင်းညီမင်းသားများလည်း အလားတူ သာသနာ့ဘောင်သို့ အုပ်စုလိုက်ဝင်ကြရာ ရဟန်းတော်များ မရေမတွက်နိုင် အောင် များပြားလှ၏။ မဇ္ဈိမဒေသ ဇမ္ဗူဒီပ ပြည်မတွင် နောက်ဆုံး သာသနာ ထွန်းပခြင်းပင်တည်း။ တနိုင်ငံလုံး သင်္ကန်းရောင် လွှမ်းဖုံးသွားတော့၏။

http://www.dhammadownload.com



မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်နှင့် ပရိနိဗ္ဗာန်ပြုသည့် နောက်တွင် မဇ္ဈိမဒေသ ဇမ္ဗူဒီပနိုင်ငံ၌ သာသနာတော်အတွက် စည်းစိမ်ဥစ္စာ အများဆုံး စွန့်လှူ၍ မိသားစုနှင့်တကွ သာသနာပြုနိုင်သူမှာ အသောက မင်းတရားကြီးပင် ဖြစ်လေသည်။

မင်းကြီးသည် သိန်းပေါင်းများစွာသော သံဃာတော်တို့အတွက် ၈၄၀၀၀ သော မြို့ရွာ နိုင်ငံတို့၌ ကျောင်းပေါင်း ၈၄၀၀၀၊ စေတီပေါင်း ၈၄၀၀၀ တည်ဆောက်ရန် အသပြာငွေပေါင်း ၉၆-ကုဋေ စွန့်လှူခဲ့၏။ တန်ခိုးကြီးဒိဗ္ဗပါဒ် ကြီးမားသော ဣန္ဒဂုတ္တ စသော မထေရ်ကြီးများကလည်း မင်းကြီး၏ အသဒိသ= အတုမဲ့ အလှူတော်များ လွယ်ကူစွာ ပြီးမြောက်စေရန် တန်ခိုးဖြင့် စောင့်ရှောက် ကူညီတော် မူကြလေသည်။

(ကျောင်းလွှတ် ပူဇော်ပွဲ၌ ရှင်ဥပဂုတ် တန်ခိုးပြကြောင်း၊ မင်းကြီး ခန္ဓာကိုယ်ကို မီးရှို့လှူကြောင်း စသည်ဖြင့် ထေရဝါဒမဟုတ်သော အကြောင်း အရာများ ရောထွေးနေပုံကို အခန်း-၄ ၌ စိစစ်ထားသည်။)

"အသောကမင်းကြီးသည် မြတ်စွာဘုရား သာသနာ၌ ဒါနအရာတွင် သာလွန်သူ မရှိ၊ ပစ္စည်းလေးပါးကို ဖြဟ္မာ့ပြည်ထိအောင် စုပုံလှူဒါန်းသော်လည်း သာသနာ့အမွေ ဆက်ခံရသူ မဖြစ်နိုင်သေး"ကြောင်း ရဟန္တာ အရှင်မြတ်ကြီး များ အမိန့်တော်အရ သာသနာတော်နှစ် ၂၂၅-ခုနှစ်၊ နန်းစံ ၆-နှစ်တွင် သားတော် မဟိန္ဒမင်းသား (၂၀-နှစ်)နှင့် သမီးတော် သံဃမိတ္တာ(၁၈-နှစ်) တို့ကို သာသနာတော်အား အပြီးအပိုင်လှူကာ ရဟန်း, သာမဏေမ ပြုခွင့် ပေးလိုက်လေသည်။

သားတော် ရှင်မဟိန္ဒသည် အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးကို ဥပဇ္ဈာယ်ပြု၍ လည်းကောင်း၊ သမီးတော် သံဃမိတ္တာသည် ဓမ္မပါလိတ္ထေရီမ ကြီးကို ဥပဇ္ဈာယ်ပြု၍လည်းကောင်း သာသနာ့ဘောင် ဝင်ရောက်ကြပြီးနောက် မိမိတို့၏ ဥပဇ္ဈာယ်ဆရာများထံတွင် ပရိယတ်စာပေများကို သင်ယူကြ၏။ ရှင်မဟိန္ဒ သည် သုံးနှစ်ရှိလျှင် အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံ အလုံးစုံ တတ်မြောက်၍ သံဃာတထောင်၏ ပါမောက္ခ ဖြစ်လေ၏။

## သာသနာဝင်၍ ဝမ်းကျောင်းသူနှင့် သန့်ရှင်းလိုသူ

အသောကမင်းကြီးသည် သာသနာတော်အား တနေ့တာရသော ဝင်ငွေ အသပြာငါးသိန်းစလုံး နေ့စဉ်လှူဒါန်းလေ့ရှိ၏။

တိတ္ထိများမှာ တနေ့တခြား ပစ္စည်းလာဘ်လာဘခေါင်းပါးလာကြသဖြင့် သာသနာတွင်းသို့ ဝင်ရောက်ကာ မိမိတို့၏ မိစ္ဆာဝါဒများကို ဗုဒ္ဓဝါဒဖြစ်

http://www.dhammadownload.com



လေဟန် လူတို့အားဟောပြောစည်းရုံးလာကြ၏။ကိုယ်တိုင် သက်န်းဝတ်ကာ ဓမ္မ ဝိနယ ပိဋကတော်ကိုပင် ဖျက်ဆီးရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလာကြသည်။

လောလောဆယ် ဝမ်းကျောင်းရုံမျှမက အယူဝါဒကိုပါ ထိုးနှက်ဖျက်ဆီး လာကြသဖြင့် ရဟန်းကောင်းများမှာ ၎င်းတို့နှင့်ရောနှောကာ ဥပုသ်ပဝါရဏာ သံဃကံများကို မပြုလိုကြတော့ပေ။

အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကြီးလည်း ထိုသာသနာ့ဆူးငြောင့်ခလုတ် များကို ရုတ်တရက်သုတ်သင်ဖြေရှင်းရန် မလွယ်သေးသည်ကိုလည်း မြင်တော်မူ သဖြင့် သမာပတ်ချမ်းသာဖြင့် နေတော်မူရန် အဟောဂင်္ဂါတောင်သို့ တပါး တည်း ဖဲကြွတော်မူလေ၏။ တပည့်သံဃာများကို အရှင်မဟိန္ဒအား လွှဲအပ်တော် မူခဲ့လေသည်။ ခုနစ်နှစ်တိုင်တိုင် ဥပုသ်ပဝါရဏာ မပြုကြရလေ။

မင်းကြီးလည်း စိတ်မကောင်းဖြစ်ကာ အမတ်တဦးအား။

"မောင်မင်း၊သာသနာ့အရေးအခင်းများကို ဖြေရှင်း၍ သံဃာတော်များ ဥပုသ်ပဝါရဏာပြုရအောင်ဆောင်ရွက်ရမည်"အမိန့်တော်ချလေ၏။အမတ်လည်း ကျောင်းတော်သို့သွားကာ ရဟန်းတော်များအား စည်းဝေးပင့်ခေါ်၍ အာဏာ ကို သုံးလျက် ဥပုသ်အပြုခိုင်းသည်။

ရဟန်းကောင်း များမှာ ရဟန်း ယောင် များနှင့်အတူ ဥပုသ်မပြုလိုကြ သဖြင့်ငြင်းဆိုကြရာ ငြင်းဆိုသောသံဃမထေရ်ကြီးမှစ၍ ဦးခေါင်းကို သန်လျက် ဖြင့် တပါးပြီးတပါး ခုတ်ဖြတ်လေ၏။

အိမ်ရှေ့မင်းသားဘဝက ရဟန်းပြုလာသော အရှင် တိဿ သည်လည်း သံဃပရိသတ်၌ရှိနေရာ 'ဘုရင့်အမိန့်တော်'ဟုဆိုကာ မဖွယ်မရာ သတ်ဖြတ်သော အမတ်ကိုမြင်လျှင် 'မင်းကြီးအမိန့်တော်ကား မဖြစ်နိုင်၊ အယူအမှတ် လွဲမှား ခြင်းသာဖြစ်ပေမည်'ဟု နှလုံးသွင်း၍ တန်ခိုးဖြင့် ထိုအမတ်အနီးသို့ကပ်၍ ထိုင် လိုက်၏။ အမတ်လည်း အလှည့်ကျသတ်ရန် သန်လျက်ကို အရှိန်ယူစဉ် တိဿ မထေရ်ကိုမှတ်မိသဖြင့် မသတ်ဝံ့ပဲရှိလေသည်။

ရုတ်တရက်မင်းကြီးထံ သွားရောက်၍ အကြောင်းစုံသံတော်ဦး တင်လေရာ မိမိစကားကို အဓိပ္ပါယ်လွဲမှားပြုမူသောအမတ်မိုက်အားကြိမ်းမောင်းကာလွန်စွာ စိတ်ဆင်းရဲခြင်း ဖြစ်တော်မူရ၏။ 'မိမိ၏အပြစ်လော၊အမတ်မိုက်၏ အပြစ်လော' ဟူသောနောင်တပူပန်မှုကြီးသည် တအုံနွေးနွေးဖြစ်ကာ ထိုသံသယကိုဖြေဖျောက် ရန် သံဃာတော်များအား‌ဖွင့်ဟလျှောက်ထားလေသည်။'မင်းကြီးအပြစ်' ဆိုသူ က ဆို၍ 'အမတ်မိုက်၏အပြစ်'စသည် ဖြေသူက ဖြေကြသဖြင့် သံသယ မကင်း ပြင်းစွာပူပန်၍သာ နေရလေ၏။

http://www.dhammadownload.com



## မောဂ္ဂလိပုတ္တတိဿမထေရ်ကြီးအား အမိန့်တော်နှင့် ဆင့်ခေါ်မိ၍

"မိမိသံသယကိုလည်း ပြေရှင်း၍ သာသနာသန့်ရှင်းအောင်လည်းဆောင် ရွက်နိုင်သော မထေရ်ကြီးများရှိ-မရှိ" ထပ်မံ၍လျှောက်ထားစုံစမ်းလေရာ အရှင် မောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးအား ညွှန်ပြကြလေ၏။

အဟောဂင်္ဂါတောင်၌ သီတင်းသုံး နေတော်မူသော အရှင်မြတ်အား ပင့်လျှောက်ရန် ရဟန်းတထောင်စီခြံရံလျက် စကားအရာလိမ္မာသော ဓမ္မကထိက လေးပါးနှင့် မင်းချင်းတထောင်စီ ခြံရံသော အမတ်ကြီးလေးဦးတို့အား စေလွှတ် တော်မူ၏။ သို့ရာတွင်—

"အရှင်ဘုရားအား မင်းကြီးက နေပြည်တော်သို့လာရန် ဆင့်ခေါ်တော် မူသည်"ဟု (အသုံးအနှုန်း မလိမ္မာပဲ)လျှောက်ထားသဖြင့် ကြွတော်မမူ။ ဒုတိယ တကြိမ် တဆတိုး၍ စေလွှတ်ပြန်ရာ "မင်းကြီးခေါ်နေသည်"ဟုပင် လျှောက်ထား ကြပြန်သဖြင့် ကြွတော်မမူ။ တတိယအကြိမ် ဓမ္မကထိက ၁၆-ပါး၊ အမတ် ၁၆ ယောက် တထောင်စီ အခြံအရံဖြင့် စေလွှတ်ကာ....

"သာသနာတော်ကြီး ဆုတ်ယုတ်နေပါသည် အရှင်ဘုရား၊ သာသနာ တော်ကို ပြုစုချီးမြှောက်ရန်အလို့ငှာ ဒကာတော်မင်းကြီးနှင့်တကွ ဘုရားတပည့် တော်များအား ကူညီစောင့်ရှောက် ချီးမြှောက် မ,စ ညွှန်ပြပေးတော်မူပါ အရှင် ဘုရား"ဟု လျှောက်မှ လိုက်ကြွတော် မူလေသည်။

## ဝါဒရေးရာသင်တန်း ဆင်းအပြီး

နေပြည်တော်သို့ရောက်လျှင် မင်းကြီးက သူ၏သံသယ နောင်တ ပူပန်မှုကို လျှောက်လေရာ 'စိတ်စေတနာမပါလျှင် အပြစ်မရှိ' ကြောင်း ဒီပကတိတ္တိရ ဇာတ်တော်ကို ဟောပြတော်မူရာ မင်းကြီး သံသယ ရှင်းသွားလေတော့၏။

အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကြီးလည်း အသောကမင်းကြီး၏ ဥယျာဉ် တော်အတွင်း၌သာ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူကာ မင်းကြီးအား ဗုဒ္ဓ ဝါဒနှင့်တကွ ရောနှောရှုပ်ထွေးလာသော စဝ်ပြိုင်ဝါဒ မိစ္ဆာ အယူအဆများ အားလုံးကို သင်ပြ ပေးတော်မူလေသည်။

http://www.dhammadownload.com



မင်းကြီးလည်း အဃူဝါဒ ရေးရာ၌ ကောင်းစွာဆင်ခြင် သုံးသပ်နိုင်လာသဖြင့် ခုနစ်ရက်ရှိလျှင် အဿောကာရာမကျောင်းတော်ကြီး၌ ရဟန်းတော်များအားလုံး ဝါဒတူရာတူရာ သူ့အုပ်စုနှင့်သူ ကြွလာ စည်းဝေးစေတော်မူပြီးလျှင်–

"မြတ်စွာဘုရားရှင် အဘယ်အယူ ရှိတော်မူပါသနည်း၊ ဗုဒ္ဓဝါဒကို ရှင်းပြတော်မူပါ"ဟု ကိုယ်တော်တိုင် လျှောက်ထားစစ်ဆေးလေတော့၏။ 'သဿတအယူရှိပါသည်' စသည် ဖြေဆိုသော ရဟန်းယောင် တိတ္ထိ ၆-သောင်းတို့အား ချက်ချင်းပင် သင်္ကန်းချွတ်၍ လူဝတ်လဲစေကာ သာသနာသန့်ရှင်းရေးကို ကိုယ်တော်တိုင် ပြုလုပ်တော် မူလေ၏။

ထိုအခါမှစ၍ သံဃာတော် ၆-သန်းတို့လည်း ကောင်းမွန် သန့်ရှင်းစွာ ဥပုသ်ပဝါရဏာ ပြုတော်မူကြရလေသည်။

## သံဂါယနာတင် နယ်သစ်ဖွင့် အောင်မြင်အဆင့်ဆင့်

အရှင်မောဂ္ဂလိပုတ္တတိဿ သံဃမထေရ်ကြီးသည် ရဟန်း သံဃာတော်တို့ အလယ်၌ ဗုဒ္ဓဝါဒ ပိဋကတော်အတွင်းသို့ ဆင်တူယိုးမှား ချွတ်ယွင်း ရောနှောလာသော အယူဝါဒများကို ဖြေရှင်းကာ 'ကထာဝတ္ထု ပါဠိတော်' ကို ဟောကြားတော်မူရ၏။

ပဋိသမ္ဘိဒါပတ္တ၊ ဆဠဘိည၊ တေဝိဇ္ဇ၊ တိပိဋကဓရ ဖြစ်တော်မူကြသော ရဟန္တာ အရှင်မြတ်တထောင်ကို ရွေးကောက်တော်မူကာ အရှင်မဟာကဿပ၊ အရှင်မဟာယသ မထေရ်ကြီးများနည်းတူ သာသနာတော်နှစ် ၂၃၅-ခုနှစ်၊ နယုန်လမှစ၍ အဿောကာရာမ ကျောင်းတော်ကြီး၌ ကိုးလတိုင်တိုင် တတိယအကြိမ်မြောက် သံဂါယနာ တင်တော်မူကြလေသည်။ (အရှင် မောဂ္ဂလိပုတ္တတိဿအကြောင်း အသိများ၍ မပြတော့ပြီ။)

ထိုနှစ် တပို့တွဲလတွင် မြတ်စွာဘုရားရှင်၏ အဆုံးအမတော်ဖြစ်သော ပိဋကသုံးပုံသည် အလုံးစုံစင်ကြယ်သန့်ရှင်း၍ သံဂါယနာတင်ခြင်းကိစ္စ ပြီးမြောက်အောင်မြင်လေ၏။

သံဂါယနာတင်၍ မပြီးမီ၊ တင်ဆဲကာလ တန်ဆောင်မုန်းလမှစ၍ ထေရဝါဒ ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ရန် ရှုမျှော်ဆင်ခြင်၍ ပရိယတ်၊ ပဋိပတ်ပြည့်စုံသော ရဟန္တာ အရှင်မြတ်တို့အား တဖွဲ့တဖွဲ့လျှင် ၅-ပါးစီ ဖွဲ့စည်းကာ ကိုးတိုင်း ကိုးဌာန(ဣန္ဒိယ ၇-ဌာန၊ သီဟိုဠ်၊မြန်မာ ၂-ဌာန) သို့ သာသနာပြု နယ်မြေသစ်ဖွင့်ရန် စီမံ စေလွှတ်တော်မူကြလေသည်။ (မြေပုံ၌ ကြည့်ပါ။ ရှင်မဟိန္ဒနှင့်အဖွဲ့ကား ၂၃၆-ခုနှစ်၊ နယုန်လမှ ကြွသည်။)

http://www.dhammadownload.com



၁။ မဇ္ဈန္တိကထေရ်နှင့် ၄-ပါး ကသ္မီရဂန္ဓာရ (ယခု ကက်သျှမီးနှင့် အာဖဂန် နစ္စတန်နယ်များ) သို့၊

၂။ မဟာဒေဝထေရ် ။ မဟိံသကတိုင်း (မိုက်ဆိုးနှင့်ကနာရ နယ်များ) သို့၊

၃။ ရက္ခိတထေရ် ။ ဝနဝါသီတိုင်း (ကန္ဒ၊ တမိးလ်၊ တေလဂူနှင့် မလဘာနယ်များ) သို့၊

၄။ ယောနက ဓမ္မရက္ခိတထေရ် ။ အပရန္တကတိုင်း (အနောက် ပိုင်းဆင်း၊ ဘလူးချီစတန်နှင့် ဆော်ရပ်ရှ်တရာနယ်များ) သို့၊

၅။ မဟာဓမ္မရက္ခိတထေရ် ။ မဟာရဋ္ဌ(မဟာရပ်ရှ်တရာနယ်များ)သို့

၆။ မဟာရက္ခိတထေရ် ။ ယောနကတိုင်း (ဂရိ၊ ဥရောပ၊ ဆီး ရီးယား၊ အီဂျစ်နယ်များ) သို့၊

၇။ မဇ္ဈိမထေရ် ။ ဟိမဝန္တာအရပ် (နီပေါလ်၊ တိဗက်၊ ဘူတန်၊ ဆစ်ကင်း စသောပြည်များ) သို့၊

၈။ သောဏထေရ်၊ ဥတ္တရထေရ် ။ သုဝဏ္ဏဘူမိ (သထုံ)သို့၊

၉။ သားတော် မဟာမဟိန္ဒထေရ် ။ တမ္ဗပဏ္ဏိ(သီဟိုဠ်)ကျွန်းသို့။

မှတ်ချက်။ သုဝဏ္ဏဘူမိနှင့်စပ်သော မှတ်သားဖွယ်ကို နိဒါန်းအခန်း ၆-၌ ကြည့်ပါ။

သာသနာတော် နယ်သစ်ပယ်သစ် ဖွင့်လှစ်ရာ၌ မည်မျှ အောင်မြင်မှုရသည်ကို ပြောပြ၍ပင် မကုန်နိုင်ပါချေ။

သာသနာပြုများ အသီးအသီး စေလွှတ်ပြီးနောက် နှစ်ပေါင်း ၁၃၇-နှစ် အကြာ ဒုဋ္ဌဂါမဏိမင်းကြီး မဟာစေတီ ပန္ထက်ချပွဲ ကျင်းပရာသို့ သံဃာတော် ပေါင်း ၉၆-ကုဋေတို့ ကောင်းကင်မှ ကြွလာတော်မူကြရာ သထုံပြည်၊ ကေလာသ ကျောင်းတိုက်ကြီးမှပင် ၉-သောင်း ၆-ထောင် ပါဝင်လေသည်။ အခြား ဌာန များမှလည်း သိန်းသောင်းချီ၍ ကြွလာတော်မူကြောင်း မဟာဝံသ(၂၉-အခန်း) ၌ ပြဆိုသည်ကို ကြည့်ရှုမျှဖြင့် မည်မျှအောင်မြင်မှုရကြောင်း သိသာလှပေသည်။

တဖန် သာသနာပြုစေလွှတ်ပြီးနောက် နှစ်ပေါင်း ၂၆၀-ကျော်(သာသနာ ၅၀၀)က ပေါ်ထွန်းခဲ့သော သာဂလနေပြည်တော် (ယခု အနောက်ပါကစ္စတန်၊ ဆီးယားလ်ကွတ်မြို့- Sialkol) ကမ္ဘာကျော် ပိဋကပညာရှင် ဂရိနွယ်ဝင်ဖြစ် သော မိလိန္ဒမင်းကြီးမှာ ပဇ္ဈန္တိကထေရ်ဦးစီး၍ သာသနာပြုရာ ယောနကနယ်စပ် ကသ္မီရဂန္ဓာရ နယ်မြေသစ်မှ ဖြစ်ထွန်းပွင့်ပေါ်ခဲ့သော ပုဂ္ဂိုလ်ထူးကြီးပင် မဟုတ် ပါလော။

http://www.dhammadownload.com



ထိုမှတပါး မင်းတရားကြီး၏ သားတော် သမီးတော် မြေးတော်တို့အား အခြားဌာနများသို့ မစေလွှတ်ပဲ သီဟိုဠ်ကျွန်းသို့ စေလွှတ်တော်မူသည်မှာလည်း သံယောဇဉ်နှင့် အဂတိလိုက်၍ စီစဉ်ခြင်းမဟုတ်။ အနာဂတ် သာသနာအတွက် လူသာမန်တို့ မတွက်ဆနိုင်သော အခြေအနေ အရပ်ရပ်ကို မြင်တော်မူကြသော ကြောင့်သာ ဖြစ်ပေသည်။

စင်စစ် သီဟိုဠ်သာသနာနှင့် ရှင်မဟာမဟိန္ဒ(ဟူသော ဝေါဟာရတွဲလုံး) သည် ဘုရားရှင် ကြိုတင်ချမှတ်တော်မူခဲ့သော ဗျာဒိတ်တော်အရ တာဝန်နှင့်လာ သော သာသန အာဇာနည်ကြီးပေတည်း။

## ကိုးတိုင်းကိုးဌာန ဖြည့်စွက်ယူဆဖွယ်

အဋ္ဌကထာ သံဂီတိနိဒါန်းနှင့် ဒီပဝံသ၊ မဟာဝံသကျမ်းများ အဆို အမိန့် အရ အသောကမင်းကြီး၏ သာသနာပြုစေလွှတ်ရာ၊ တနည်းအားဖြင့် မေတ္တာ အာဏာစက် ပျံ့နှံ့ရာဒေသကို ဇမ္ဗူဒိပ, သီဟိုဠ်နှင့် မြန်မာနိုင်ငံတို့ လောက်သာ ရှိသည်ဟု သာမန်အားဖြင့် ယူဆရ၏။

သို့ရာတွင် အသောကမင်းကြီးကိုယ်တော်တိုင် ရေးထိုးစေခဲ့သော ကျောက် စာတော် အမှတ် ၂၊ ၅၊ ၁၃-တို့ အရ ဇမ္ဗူဒိပ(မဇ္ဈိမဒေသ)မှ ယူဇနာ ခြောက်ရာ (မိုင်ပေါင်း-၄၈၀၀) ဝေးကွာသော 'အာရှတိုက် အနောက်ဘက် တိုင်းနိုင်ငံ အချို့နှင့် ဆီရီယားပြည်၊ ဥရောပတိုက် အရှေ့ဘက် နိုင်ငံအချို့နှင့် မက်စီဒိုနီယား ပြည်၊ ဧပရပ်ပြည်၊ အာဖရိကတိုက် မြောက်ပိုင်း တိုင်းနိုင်ငံအချို့နှင့် အီဂျစ်ပြည်၊ ဆီရိန်းပြည်များ' လည်း ပါဝင်၍—

၁။ ဆီရီယားပြည်—အန္တိကမင်း၊
၂။ အီဂျစ်ပြည်—တုလမယ်ဖိလဒီပမင်း၊
၃။ ဆီရိန်းပြည်—မဂါမင်း၊
၄။ မက်စီဒိုနီယားပြည်—အန္တိကမင်း၊
၅။ ဧပရပ်ပြည်—အလိကသုဒရမင်းစသော ဂရိတ်မင်းလေးဦးပိုင် တိုင်း နိုင်ငံများသို့ပါ မေတ္တာအာဏာစက် သက်ရောက်၍ သာသနာပြုစေလွှတ်ကြောင်း တွေ့မြင်ရလေသည်။

ကျောက်စာတော်များရေးထိုးပြီးနောက် အစောဆုံး နှစ်ပေါင်း၆၀၀ ခန့် ရှိမှ ရေးသော အဋ္ဌကထာနှင့် ဝံသကျမ်းများခေတ်တွင် ထိုနိုင်ငံများသည် အမည် နာမ ပြောင်းလဲနေခြင်း၊ တိုင်းနိုင်ငံဒေသ သတ်မှတ်ဖွဲ့စည်းပုံ မတည်ငြိမ်ခြင်း စသော အကြောင်းများလည်း ရှိနိုင်ပေသည်။ ကိုးတိုင်းကိုးဌာန အမည်များတွင်

http://www.dhammadownload.com



လည်း ကျောက်စာတို့၌ပင် အမည်ကွဲများ တွေ့ရတတ်၍ အပရန္တတိုင်း၊ ယောနက တိုင်း စသည်တို့လည်း ယခုသတ်မှတ်ထားသော နယ်နိမိတ်ထက် ကျယ်ဝန်းသည် လည်း ရှိနိုင်ပေသည်။

မည်သို့ဖြစ်စေ အမေရိကန်ပြည်ကြီးသည်ပင် အနှစ်-၂၀၀မျှသာ သက်တမ်း ရှိသေးရာ ထိုခေတ်အခါက ခေတ်ပြိုင်တည်ရှိ၍ ဆက်သွယ်မှု ပြုနိုင်သော ကမ္ဘာ့ နိုင်ငံများသို့ သာသနာ ဖြန့်ချီခဲ့မည်မှာ ယုံမှားစရာ မရှိပါချေ။

http://www.dhammadownload.com

# ( ၃ )

# ရှင်မဟာ မဟိန္ဒထေရ်
# သီဟိုဠ်သာသနာပြု မှတ်တမ်းကြီး

## သာသနာတော်နှစ် ၂၃၆ - ခုနှစ်။

[သီဟိုဠ် သာသနာအစ အရှင်မဟာ မဟိန္ဒထေရ်ပင် ဖြစ်၍ သီဟိုဠ်စံတော်ဝင် အရှင်မြတ်ကြီးများ အားလုံးတို့၏ ညွှတ်ရိုး ဦးခိုက်ရာ မူလဘူတ ပဓာနအရှင်မြတ်ကြီးမှာ အရှင်မဟာမဟိန္ဒ မထေရ်မြတ်ကြီးပင် ဖြစ်တော်မူ၏။ ထို့ကြောင့် ဤနေရာ၌ ထို အရှင်မြတ်ကြီး၏ အကြောင်းကို ရှေးဦး သိမှတ်ကြည်ညိုသင့်၏။ ထိုအကြောင်းကား ဤ 'သီဟိုဠ် သာသနာပြု မှတ်တမ်းကြီး' ပင်တည်း။]

တတိယ သံဂါယနာတင်စဉ် ရှင်မဟာမဟိန္ဒသည် ၁၂-ဝါရ၍ တန်ခိုး အဘိညာဉ်ရ ရဟန္တာ အရှင်မြတ်ကြီးတဆူ ဖြစ်တော် မူနေပေပြီ။ ပါဋလိပုတ် နေပြည်တော်၊ အသောကာရာမ ကျောင်းတော်ကြီး သံဂါယနာတင်ပွဲသို့ အရှင် မောဂ္ဂလိပုတ္တတိဿ အမှူးရှိသော သံဃာတော်များ စည်းဝေးတော်မူနေကြ၏။ အသောကမင်းကြီးနှင့်တကွ မင်းပရိသတ်များလည်း တခဲနက် လာရောက်ကြည်ညို ပူဇော်နေကြလေသည်။

http://www.dhammadownload.com



## သာသနာပြုခရီးအထွက် နှုတ်ဆက်ကန်တော့

အခါရာသီကောင်းသော တန်ဆောင်မုန်းလပြစ်၍ သာသနာပြုအဖွဲ့များ တဖွဲ့ပြီးတဖွဲ့ မိမိတို့ တာဝန်ကျရာ ဒေသသို့ ကောင်းကင် ခရီးဖြင့် ကြွချီတော်မူကြ၏။ ရှင်မဟာ မဟိန္ဒထေရ်လည်း မိမိ၏ ဥပဇ္ဈာယ်ဆရာ မောဂ္ဂလိပုတ္တ တိဿ စသော မထေရ်ကြီးများအား ဦးချ၍ သံဃာယနာတင် သံဃပရိသတ်ကြီးမှ လက်အုပ်ချီလျက် ထွက်ခွာတော်မူလာ၏။ ဣဋ္ဋိယ, ဥတ္တိယ, သမ္ဗလနှင့် ဘဒ္ဒသာလ မထေရ်တို့လည်း ရှင်မဟိန္ဒထေရ်၏နောက်မှ သပိတ်ကိုယ်စီ လွယ်ကာ လိုက်ပါလာကြသည်။

သံဃပရိသတ်အစွန်၌ သပိတ်ပရိက္ခရာ အစုံဖြင့် ငံ့လင့်နေသော သင်္ဃမိတ္တာ၏သား ဖြစ်သူ တန်ခိုး အဘိညာဉ်ရ တူတော် သုမန သာမဏေလည်း ဖခမည်းတော်ဖြစ်ဖူးသော အဂ္ဂိဗြဟ္မမထေရ်အား ဦးချကန်တော့ပြီးလျှင် ဦးရီးတော် မထေရ်ကြီးနှင့် အဖွဲ့ဝင်များနောက်မှ လိုက်ပါသွား၏။ အရှင်မဟိန္ဒသည် သံဃပရိသတ်ကြီးကိုလွန်လျှင် ရှင်လန်းတက်ကြွစွာ တခဲနက်ကြည်ညိုနေကြသော မင်းပရိသတ်ကြီး အနီးသို့ ရောက်သောအခါ ခေတ္တမျှ အပူဇော် ခံတော်မူ၏။ ပရိသတ်အလယ်၌ တင့်တယ်ခန့်ညားလှသော ခမည်းတော် အသောကမင်းတရားကြီးကိုလည်း အတန်ငယ်ရပ်၍ နှုတ်ဆက်စကား မိန့်ကြားတော် မူလေသည်။

''ဒကာတော်မင်းကြီး....ကိုရင်တို့....သွားကြမယ်''ဟု နှုတ်ဆက်လိုက်သော ၁၆-နှစ်မျှသာ ရှိသေးသည့် မြေးတော် သုမန သာမဏေကလေး၏ အသံမှာ လက်အုပ်တချီချီဖြင့် ပီတိဖြစ်နေသော မင်းကြီးအား ရင်ဆို့မတတ် ဝမ်းသာ ဝမ်းနည်း ဖြစ်ရလေ၏။ ဦးရီးတော် (မဟိန္ဒမထေရ်)၏ မယ်တော်ဖြစ်သော ဘွားအေ မိဖုရားကြီး 'ဝေဒိသက ဒေဝီ'မှာ မင်းပရိသတ်တွင် မပါဝင်၍ ကိုရင် သုမန နှုတ်မဆက်ရတော့ပေ။

မယ်တော် သင်္ဃမိတ္တာထေရီမကြီးကား အစ်ကိုတော်နှင့် သားတော်တို့ သာသနာပြုအဖွဲ့အား အသောကာရာမ ကျောင်းတော်ကြီး တံခါးမုခ်အထိ လိုက်လံနှုတ်ဆက်ကာ ဦးချပြီး ကျန်ရစ်လေတော့သည်။

အသောကာရာမ ကျောင်းတော်ကြီး အထက်မှ ကြည်နူးစဖွယ် သံပိုင် ရွတ်ဖတ် သရဇ္ဈာယ်နေသောအသံမှာ ပတ်ဝန်းကျင် တခုလုံး လွှင့်ပျံ့ ရိုက်ခတ်ပဲ့တင်ထပ်၍နေတော့၏။ (လောကအမြင်အရ မှန်းဆ ကြည်ညို ကြည့်ခြင်း မျှသာ။)

http://www.dhammadownload.com



## ပထမဆုံးနှင့် နောက်ဆုံး ဉာတတ္တစရိယာ

ရှင်မဟာ မဟိန္ဒမထေရ်သည် ကျောင်းတော်အထွက် ခေတ္တမျှ ရပ်တန့်တော်မူ၍ သာသနာပြုရန်အချိန်အခါနှင့် အခြေအနေကို ဆင်ခြင်သုံးသပ်တော်မူ၏။

သီဟိုဠ်ကျွန်း၌ နန်းတက်ဆဲဖြစ်သော မုဋသိဝမင်းကြီးသည် သက်ရှယ်တော်ကြီးရင့်နေပြီဖြစ်သဖြင့် ထိုမင်း၏အကူအညီကိုယူ၍ သာသနာပြုရန်မလွယ်၊ မင်းပျိုမင်းလွင်ဖြစ်သော သားတော် ဒေဝါနံပိယတိဿ(မရုပိယတိဿ)နန်းတက်သော အခါမှသာလျှင် သာသနာပြုခရီး တွင်မည်ကို မြင်တော်မူ၏။ နန်းတက်ချိန် နီးကပ်နေပြီကိုလည်း မြင်တော်မူလေသည်။

ယင်းသို့ အချိန်အခါကို ငံ့လင့်ယင်း မယ်တော်ကြီးနှင့်တကွ ဆွေတော်မျိုးတော်များအား တရားဖြင့် ချီးမြှောက်လို၍ မယ်တော်ရှိရာ ဝေဒိသ မြို့သို့ကြွရန် ဆုံးဖြတ်တော် မူလိုက်၏။ သီဟိုဠ်သို့ သာသနာပြု ကြွလျှင် ဤရပ်ဒေသ ဤဌာနသို့ နောက်ထပ်တဖန် ပြန်လည်ရောက်ကောင်းမှ ရောက်ပေတော့မည်ဟုလည်း စဉ်းစားမိဟန် တူလေသည်။

ထိုသို့ စဉ်းစားပြီးနောက် ဒက္ခိဏာဂိရိ (ဠက္ခိဏတောင်ပိုင်း) နယ်ဘက်သို့ ခရီးဆက်တော်မူ၏။ ထိုဒေသ၌ ခြောက်လခန့် ခရီးဒေသစာရီ လှည့်လည်တော်မူပြီးနောက် မယ်တော်ကြီးနေထိုင်ရာ ရာဇဂြိုဟ်ပြည်နယ်ရှိ ဝေဒိသမြို့သို့ ကြွတော်မူ၏။ ဝေဒိသမြို့ကလေးကား ဝိဒ္ဒျူဘရန်ကြောင့် သာကီဝင်မင်းမျိုးများ စစ်ပြေးခိုရာမြို့ ဖြစ်၏။

အသောက မင်းကြီးသည် ငယ်စဉ် မင်းပျို မင်းလွင်ဘဝ ပြည်နယ်ကို အုပ်ချုပ်ရစဉ် အဝန္တိတိုင်း(ယခုဘိုပေါလ်နယ်)ဥဇ္ဇေနီပြည်အသွား ဝေဒိသမြို့သို့ ရောက်သောအခါ သာကီဝင် ဝေဒိသ သဌေးသမီးကို ကြဝ်ရာတော်မိဖုရား မြှောက်ခဲ့၏။ မဟိန္ဒသတို့သားကို ဥဇ္ဇေနီ၌ ဖွားသန့်စင်တော်မူ၍ သားတော် နှစ်နှစ်သားရှိလျှင် သမီးတော်သင်္ဃမိတ္တာကို ဖွားမြင်တော်မူပြန်သည်။

သားတော်မဟိန္ဒ ၁၄-နှစ်သားအရွယ် (မဟာဝံသအလို ၇-နှစ်) ရောက်လျှင် အသောကမင်းသားသည် ခမည်းတော် ဗိန္ဒုသာရမင်းကြီး နာမကျန်း ဖြစ်နေကြောင်း သတင်းရသည်နှင့် မဟိန္ဒမိသားစုအား ဝေဒိသမြို့ကလေး၌ ထားခဲ့ရကာ ပါဋလိပုတ် နေပြည်တော်သို့ အမြန်ထွက်ခွာသွားရလေသည်။

ခမည်းတော်ကြီး နတ်ရွာစံ၍ အသောကမင်း နန်းတက်ရသောအခါတွင်လည်း ဝေဒိသကဒေဝီမှာ သားတော် သမီးတော်တို့ကိုသာ နေပြည်တော်သို့ ပို့လွှတ်ကာ မိမိမှာမူ ဝေဒိသ မြို့ကလေး၌သာ အေးငြိမ်းစွာ စံနေခဲ့လေသည်။

http://www.dhammadownload.com



သားတော် သမီးတော်တို့နှင့် အတန်ကြာ ကွဲကွာ၍နေရသော ဝေဒိသက ဒေဝီ မယ်တော်ကြီးမှာ သားတော်ကြီးနှင့် မြေးတော်တို့ သာသနာပြု ခရီးအထွက် မိမိထံလာရောက်၍ နှုတ်ဆက်ချီးမြှောက်ကြသဖြင့် ဝမ်းမြောက်ကြည်ညိုမှုဆုံး ရှိရ လေ၏။

မယ်တော်ကြီးသည် သားတော်မဟိန္ဒ၊ မြေးတော် သုမန သာမဏေနှင့် သီဟိုဠ်သာသနာပြုအဖွဲ့အား ဝေဒိသမြို့အနီးတောင်ကုန်းမြင့်ပေါ်(ဝေဒိသဂိရိ)၌ ကျောင်းဆောက်လှူ၍ ပစ္စည်းလေးပါးဖြင့် ပူဇော်ခွင့်ရလေ၏။ အဖွဲ့ ခေါင်းဆောင် သားတော် ရှင်မဟိန္ဒသည်လည်း ရောက်သည့် (ကဆုန်လပြည့်) နေ့မှစ၍ တရားဖြင့် ကျေးဇူးတုံ့ဆပ်တော်မူ၏။ မယ်တော် မိဖုရားကြီး၏ ညီမတော်၊ ညီမတော်သမီးမှ ဖွားမြင်သော အသက်၁၉-နှစ်ကျော် ဘဏ္ဍုကခေါ် လူငယ် တဦးလည်း မိဘဆွေမျိုးများနှင့်အတူ တရားနာလေရာ အနာဂါမိဖိုလ်၌ တည် လေ၏။ ဘဏ္ဍုကကား အိမ်မှာမနေတော့ပဲ တောင်ပေါ်ကျောင်း ရှင်မဟိန္ဒ မထေရ်မြတ် အထံတော်၌သာ နေလေတော့သည်။

[ဘဏ္ဍုကအကြောင်း မဟာဝံသအစီအစဉ်သို့ လိုက်၍ပြသည်။ အဋ္ဌကထာသို့မလိုက်။ သာဝကကြီးနှစ်ပါးနှင့် အရှင်မောဂ္ဂလိပုတ္တတိဿ စသော အရှင်မြတ် ကြီးများ၏ ဓာတ်တော်များ ဌာပနာ၍ အသောကမင်းကြီး တည်ထားခဲ့သော ဆံချီစေတီမှာ ဝေဒိသမြို့ တောင်ကုန်း၌ရှိသည်။]

## လူမင်းဘုန်းကြီး နတ်မင်းမနေသာ

အရှင်မဟိန္ဒသည် ဝေဒိသဂိရိ တောင်ပေါ်ကျောင်း၌ တပါးတည်း ကိန်းအောင်းစဉ် 'ဆွေတော် မျိုးတော်များအထံမှာ ပြုရန်ကိစ္စကား ပြီးပေပြီ၊ သီဟိုဠ်ကျွန်းသို့ ကြွဖို့ အချိန်ကျပြီလော'ဟု စဉ်းစားဆင်ခြင်တော်မူ၏။ မုဋသိဝမင်းကြီး နတ်ရွာစံ၍ သားတော်ဒေဝါနံ ပိယတိဿမင်းသား ထီးမွေနန်းမွေ ဆက်ခံရသည် ကို သိမြင်တော်မူ၏။

ဘုန်းကံကြီးမားသော မင်းဖြစ်သဖြင့် ဆက်ခံသည်နှင့်တပြိုင်နက် အံ့ဖွယ် သရဲ ထူးကဲမြင့်မြတ်၍ တန်ဖိုးမဖြတ်နိုင်သော ရတနာများ မြေအောက် ရေ အောက်မှ အလိုလိုထွက်ပေါ်လာကြ၏။ အသောကမင်းကြီးနှင့် အပြန်အလှန် သံတမန်များစေလွှတ်ကာ လက်ဆောင်ပဏ္ဏာများ လဲလှယ်ပေးကမ်း၍ ရွှေလမ်း ငွေလမ်း ဖောက်နေကြလေသည်။ အသောကမင်းကြီးကမူ မင်းမြှောက်တန်ဆာ ငါးပါး ရာဇာဘိသေက စာတမ်းများနှင့်တကွ လောကီ လက်ဆောင်ပဏ္ဏာများ

http://www.dhammadownload.com



သာမက တရားလက်ဆောင် ရွှေပေလွှာများကိုပါ သီဟိုဠ် သံတမန်များမှတဆင့် ပေးပို့လိုက်၏။

"အကြည်တော် ဒေဝါနံပိယတိဿ....၊ အကျွန်ုပ်ကား ဘုရား တရား သံဃာ ရတနာတော်မြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်၍ မြတ်စွာဘုရား သာသနာတော်၌ ဥပါသကာအဖြစ် ခံယူထားပါသည်။ အကြည်တော်လည်း ပစ္စုပ္ပန် သံသရာ နှစ်ဖြာ စီးပွားများထက်များအောင် ရတနာသုံးပါးဆည်းကပ်၍ တရားမင်းမြတ်ဖြစ်ပါစေကြောင်း ဆုတောင်း မေတ္တာ ပို့သ လိုက်ပါသည် အကြည်တော်...."

မထေရ်မြတ်သည် ထိုအခြေအနေအရပ်ရပ်ကို သိမြင်တော်မူ၏။

"ဒေဝါနံပိယတိဿသည် ငါ၏ခမည်းတော်မင်းကြီး ပို့လွှတ်သော လက်ဆောင်ပဏ္ဏာ ရာဇာဘိသေကစာတမ်းဖြင့် ရွှေနန်းစိုးစံ၍ အဘိသိက် ခံပစေဦး၊ ရတနာသုံးပါး ကျေးဇူးဂုဏ်ကိုလည်း ကြားနာနှင့် ပစေဦး၊ ပွဲသဘင်အတွက် မြို့တော်ကထွက်၍ မိဿကတောင်ပေါ်တက်ပစေဦး၊ ပက်ပင်း ထိုအခါမှ တွေ့ရတော့မည်"ဟုလည်း စဉ်းစားတော်မူလေသည်။

ဝေဒိသမြို့၌ တလတိတိ ရှိပြီဖြစ်သော နယုန်လပြည့်နေ့၌ ဥပုသ်ပြုရန် သာသနာပြုမထေရ်ငါးပါးတို့ ဆုံစည်း၍ သာပြုကြွရန်အချိန်သင့်-မသင့် ဆွေးနွေးတော်မူနေကြ၏။ ထိုအခိုက် မထေရ်များအပါးသို့ သိကြားမင်းလာရောက်၍ မထေရ်မြတ်များအား ရှိခိုးလျက် ဤသို့ လျှောက်လေ၏။

"အရှင်မြတ်ဘုရား ...၊ သီဟိုဠ်ကျွန်း၌ မုဋသိဝမင်းကြီး နတ်ရွာစံ၍ သားတော် ဒေဝါနံပိယတိဿ အဘိသိက်ခံပါပြီ။ သမ္ဗုဒ္ဓမြတ်စွာဘုရား ဘုရားဖြစ်တော်မူဦးစ ဗောဓိမဏ္ဍိုင်၌ စံနေတော်မူသော အချိန်ကပင်လျှင် ဗုဒ္ဓစက္ခုဖြင့် သုံးလောကလုံး ရှုကြည့်တော်မူရာ 'နောင်သောအခါတွင် ငါ၏သားဘော်ကြီး မဟိန္ဒသည် တမ္ဗပဏ္ဏိ သီဟိုဠ်တနိုင်ငံလုံးကို သမ္မာဒိဋ္ဌိ မျက်စိအမြင် ဖွင့်ပေးကာ သာသနာပြုလိမ့်မည်၊ ထိုအခါ သင်လည်း ကူညီစောင်မရမည်'ဟု ဗျာဒိတ်စကားမြွက်ကြားတော်မူခဲ့ပါသည် အရှင်မြတ်....၊ ဒကာတော်လည်း အရှင်မြတ်အား လိုအပ်သမျှ စောင်မကူညီပါမည် အရှင်မြတ်ဘုရား"

မထေရ်မြတ်လည်း သိကြားမင်း လျှောက်ထားသည်ကို လက်ခံပြီးနောက် သုမနသာမဏေ၊ ဘဏ္ဍုကဥပါသကာ၊ သာသနာပြုမထေရ်မြတ် ငါးပါးတို့နှင့် အတူတကွ ဝေဒိသကတောင် (ယခုဆံချီမြို့ ဆံချီစေတီများရှိရာ)မှ ရွှေဟင်္သာမင်းအသွား ကောင်းကင်သို့ ပျံတက်ကာ သီဟိုဠ်ကျွန်း အနုရာဓနေပြည်တော်၏ အရှေ့

http://www.dhammadownload.com



မြောက် (ရှစ်မိုင်ခန့်ဝေးသော) မိဿကတောင်ထိပ် သရက်ပင်များ ရှိသော ကုန်းမြင့်တနေရာ၌ သက်ဆင်း တန့်နားတော်မူလေ၏။ (ထိုနေရာကို 'ထေရမ္ဗတ္ထလ' ဟု ခေါ်တွင်သည်။) သာသနာတော်နှစ် ၂၃၆-ခုနှစ်၊ နယုန်လပြည့်နေ့ ဖြစ်သတည်း။

## ရှေ့သမင်အလိုက်မှား၍ တရားတွေ့

ထိုနယုန်လပြည့်နေ့ကား ဇေဋ္ဌနက္ခတ်နှင့် စန်းယှဉ်သောနေ့ဖြစ်၍ သီဟိုဠ်တကျွန်းလုံးဇေဋ္ဌနက္ခတ်သဘင်ပွဲတော် (ရေကစားပွဲသဘင်)ကျင်းပလေ့ရှိသောနေ့ ဖြစ်၏။ မင်းကြီးမှာ တကျွန်းလုံး ပွဲသဘင်ကျင်းပရန် နှိုးဆော် စေပြီးလျှင် နောက်ပါ အခြံအရံ လူလေးသောင်းနှင့်အတူ မိဿကတောင်သို့ တောကစား ထွက်ခဲ့သည်။

တောင်စောင့်နတ်မင်းသည် မင်းကြီးအား ရှင်မဟိန္ဒ မထေရ်မြတ်ကို ဖူးတွေ့စေရန် ဆတ်(သမင်)ယောင်ဆောင်၍ မနီးမဝေးတွင် သစ်ညွန့်များကို စားဟန်ပြုနေ၏။ မင်းကြီးလည်း ဆတ်ကိုမြင်လျှင် ဧးမောနေစဉ် မပစ်သေးပဲ ပြေးလွှားခါမှ အပျော်တမ်းလိုက်ပစ်ရန် ဆန္ဒရှိသဖြင့် လေးညှို့တင်၍ အသံပေးလိုက်သည်။ ဆတ်လည်း သရက်ပင်ကုန်းမြင့်သို့ တက်ရာလမ်းအတိုင်း ပြေးလေရာ မင်းကြီးလည်း မျက်ခြည်ပြတ်မခံပဲ ထက်ကြပ်အပြေးလိုက်သွား၏။

မထေရ်မြတ် သီတင်းသုံးသော နေရာနှင့် မလှမ်းမကမ်းတွင် ရှတ်တရက် မျက်စိအောက်မှာပင် သားကောင်ပျောက်သွား၍ ဟိုကြည့်ဒီကြည့် ယောက်ယက်ခတ်နေ၏။ မလှမ်းမကမ်းသရက်ပင်ပျိုရိပ်၌ သီတင်းသုံးလျက်ရှိသော မထေရ်မြတ်သည် မင်းကြီးကိုမြင်လျှင် (အဖော်များနှင့်ခွဲကာ တယောက်တည်းလာသူဖြစ်၍ ရဟန်းတော်များကိုမြင်လျှင် ကြောက်လန့်သွားမည်စိုးသဖြင့် တန်ခိုးဖြင့်ဖုံးကွယ်ကာ တပါးတည်းအမြင်ခံလျက်) သီဟိုဠ်ဘာသာဖြင့်....

"အမောင်တိဿ....၊ အို.... အမောင်တိဿ....ဤဘက်သို့ လာခဲ့လော့"ဟု သာယာ အေးဆေးသော အသံဖြင့် ခေါ်တော်မူလိုက်၏။

'ဒီတိုင်းပြည်မှာ ငါ့ငယ်နာမည်ကို ခေါ်တဲ့လူမရှိ၊ အဝတ်စများကို ဖန်ရေဆိုးကာ ချုပ်စပ်ဝတ်ထားသူက ငါ့နာမည်ကို ထုတ်ဖော်၍ ခေါ်ဘိ၏....။ လူသားမှ ဟုတ်ပါလေစ၊ နတ်များလား....'

မင်းသည် အသံလာရာသို့ လှမ်းကြည့်ယင်း ကြောက်ရွံ့တွေဝေနေစဉ်....

http://www.dhammadownload.com



"မြတ်သော ဒကာတော်မင်းကြီး....ငါတို့ကား လူနတ်ဗြဟ္မာ သတ္တဝါတို့ နှစ်ဖြာအစီးအပွား ချမ်းသာများရန် တရားသဖြင့် ညွှန်ပြဆုံးမတော်မူလေ့ရှိသော သကျသာကီဝင် ဂေါတမဘုရားရှင်၏ တပည့်သာဝက ရဟန်းတော်များ ဖြစ်ကြသည်။ ဒကာတော်မင်းကြီးအား သနားစောင့်ရှောက် ချီးမြှောက်ရန်ရည်ရွယ်၍ ဇမ္ဗူဒိပ်မှ ဤသီဟိုဠ်ကျွန်းသို့ ကြွလာတော်မူကြခြင်းသာ ဖြစ်သည်"ဟု မိန့်တော်မူသည်ကို ကြားရခါမှ ကြောက်စိတ် ပြေသွားတော့သည်။

မင်းကြီးလည်း အသောကမင်းကြီး၏ လက်ဆောင် ပဏ္ဏာများနှင့်တကွ ရာဇာဘိသေက ရာဇပဝေဏီညွှန်ကြားကူညီချက်အရ အဘိသိက်ခံပွဲ ပြုလုပ်သည်မှာ တလတိတိမျှသာရှိသေး၏။

အသောကမင်းကြီး ပြောကြား မှာထားသော တရားလက်ဆောင်များကိုလည်း ဖတ်ရှုကြားနာထားရာ မကြာလှသေးသဖြင့် 'ဘုရားသားတော် သံဃာတော်ဟူသည် ဤသို့ပါတကား'ဟု ရိပ်စားမိ၏။ လက်နက် လေးမြား များကို ချထားပြီး မထေရ်မြတ်အပါးသို့ ရဲရဲတင်းတင်း ချဉ်းကပ်လျက် ဝမ်းမြောက် ဝမ်းသာ မေးမြန်းလျှောက်ထားစံ့ တော့သည်။

## မင်းကြီး အသိဉာဏ် ရှိ မရှိ စမ်းခြင်း

ထိုအခိုက် မင်းချင်းများလည်း ဝိုင်းအုံရောက်ရှိလာကြသဖြင့် မထေရ်မြတ်သည် အနီး၌ပင်ရှိသော သာသနာပြုအဖွဲ့ဝင်များအား တန်ခိုးဖြင့် မြင်ခွင့် ပေးတော်မူလိုက်သည်။ တည်ငြိမ်အေးဆေးစွာ စင်္ကြံနှင့်ချ၍ အနီးအပါး၌ ထိုင်နေကြသော ရဟန်းသာမဏေတို့ကို မြင်ရပြန်သောအခါတွင်လည်း မင်းကြီးအံ့အားသင့်ကာ ဤသို့လျှောက်ထားပြန်၏။

**မင်းကြီး** ဤအရှင်မြတ်တွေကော ဘယ်တုန်းက ကြွလာကြပါသလဲ အရှင်ဘုရား။

**မထေရ်** မင်းကြီး....ငါနှင့်အတူပင် လာသူများ ဖြစ်သည်။

**မင်းကြီး** အရှင်ဘုရား....ဇမ္ဗူဒိပ်မှာ အရှင်ဘုရားများကဲ့သို့ အခြား ရဟန်းတော်များကော ရှိကြပါသေးသလား ဘုရား။

**မထေရ်** မင်းကြီး....များစွာရှိကြပေသေးသည်။ ယခုအခါ ဇမ္ဗူဒိပ်တကျွန်းလုံး သင်္ကန်းရောင်များ ဖုံးလွှမ်းကာ ရဟန်း သံဃာတော်များ လူးလားယှက်သန်းလျက် ရှိပေ၏။ သူ့စိတ်အလိုကို သိမြင်နိုင်၍ တန်ခိုးကြီးမားသော ဘုရားရှင် သားတော်တို့သည် များစွာပင် ရှိနေကြသည်။

http://www.dhammadownload.com



မင်းကြီး အရှင်ဘုရား....အဘယ်ခရီးဖြင့် ကြွလာတော်မူကြရပါသလဲ။

မထေရ် မင်းကြီး....ငါတို့လာသည်မှာ ရေလမ်းကလည်းမဟုတ်၊ ကုန်းလမ်းကလည်း မဟုတ်။

မင်းကြီး (ကောင်းကင်မှလာကြောင်း သိရှိသွားကာ) ဘယ်နေ့က ကြွလာတော်မူကြပါသလဲ။

မထေရ် ယနေ့ နံနက် ကပင် ဇမ္ဗူဒိပ်ကျွန်း ဝေဒိသ တောင်ပေါ် ကျောင်းမှ ဆွမ်းဘုဉ်းပေးအပြီး ကြွလာကြသည် ဒကာတော်။ (မင်းကြီးလည်း စိတ်သွားတိုင်း ကိုယ်ပါ၍ လိုရာပြီးတော်မူကြသည်ကို သိရှိကာ လွန်စွာ အံ့ဩလျက် ဆိတ်ဆိတ် နေလေ၏။ ဤအမေးအဖြေ တစုံသည် အဋ္ဌကထာ၌ မရှိ၊ မဟာဝံသ၌သာ လာ၏။

မထေရ်မြတ်သည် တရားဟောရလျှင် ထောင်နိုင်သောနား ရှိမရှိ မင်းကြီး၏ အသိဉာဏ်ကို စုံစမ်းသောအားဖြင့် အနီးရှိ သရက်ပင်ကို ညွှန်ပြကာမင်းကြီးအား ဖြေဆိုသူအဖြစ် အလှည့် ပေးတော်မူလိုက်သည်။)

"မင်းကြီး....ဤအပင်ကို မည်သို့ခေါ် သနည်း"

မင်းကြီး မှန်လှပါ၊ သရက်ပင် ခေါ်ပါသည်ဘုရား။

မထေရ် ကောင်းပြီ မင်းကြီး....ဤသရက်ပင်ကိုထား၍ အခြား သရက်ပင် ရှိ....မရှိ။

မင်းကြီး ရှိပါသည်ဘုရား....၊ သရက်ပင်များ များစွာရှိပါသည်။

မထေရ် ဤသရက်ပင်ကိုလည်းကောင်း၊ အခြားသရက်ပင်များကို လည်းကောင်း ဖယ်ထား၍ အခြားသစ်ပင်များ ရှိပါသေးသလော ဒကာတော်မင်းကြီး။

မင်းကြီး ရှိပါသည်ဘုရား၊ ၎င်းသို့သော် ထိုအပင်များမှာ သရက်ပင်ကား မဟုတ်ကြပါ။

မထေရ် ကောင်းပြီ....မင်းကြီး၊ တခြားသရက်ပင်များကို လည်းကောင်း၊ သရက်ပင် မဟုတ်သော သစ်ပင်များကိုလည်းကောင်း ဖယ်ထား လျှင် အခြားသစ်ပင်ဟူ၍ ရှိနိုင်သေးသလော။

မင်းကြီး (အနီးရှိ မူလ သရက်ပင်ကို လက်ညှိုးထိုးပြလျက်) မှန်လှပါ.... ဤသရက်ပင် တပင်သာလျှင် ရှိပါသည်။

http://www.dhammadownload.com



မထေရ်မြတ်သည် မင်းကြီး၏ ဉာဏ်ရည် ဉာဏ်သွားကိုကောင်းချီးစကား မြွက်ဆိုပြီးလျှင် 'ဆွေမျိုး ရှိ-မရှိ၊ ဆွေမျိုးမတော်သူ ရှိ-မရှိ၊ ဆွေမျိုးမတော်သူမှ တပါး အခြားသူ တစုံတယောက် ရှိ-မရှိ'ကိုလည်း ဆက်၍ မေးတော်မူရာ 'တပည့်တော်သာလျှင် ဖြစ်ပါကြောင်း' လျှောက်ထားလေ၏။

မထေရ်မြတ်လည်း တရားဟောလျှင် မုချ နားလည်နိုင်သူ ဖြစ်ကြောင်း သိတော်မူ၍ ကောင်းချီးသာဓုပေးကာ 'စူဠဟတ္ထိပဒေါ-ပမသုတ္တန်'ကို ဟောတော်မူလေသည်။

[ယင်းသုတ္တန်ကား မူလပဏ္ဏာသ ပါဠိတော်၌ လာ၏။ 'ဘုရားလောက်ပညာရှိသူမှ ဘုရားရှင်၏ပညာကို သိနိုင်ပုံ၊ ချီးကျူးကြတာထက် ပိုလွန်နေပုံ၊ ဝါဒ ပြိုင်သူတိုင်း တပည့် ခံသွားကြရပုံ ဗြာဟ္မဏပဏ္ဍိတ်တဦးနှင့် ပရိဗိုဇ်တဦး ဆွေးနွေးခန်းကို အစချီ၍ ရတနာသုံးပါး ကျေးဇူးဂုဏ်ကို သီလမှအစ ဈာန် မဂ်ဖိုလ်ကျင့်စဉ်များထိ အပြည့်အစုံ ပါဝင်အောင် ဆင်ခြေရာ ဥပမာဖြင့် ဟောသော ဒေသနာ' ဖြစ်သည်။]

ဒေဝါနံပိယတိဿ မင်းကြီးသည် ယင်းသုတ္တန်ကို နာကြားရသည်မှစ၍ အခြွေအရံ မင်းချင်းလေးသောင်းနှင့်အတူ သမ္မာဒိဋ္ဌိ (ဗုဒ္ဓဘာသာဝင်=သရဏဂုံတည်သူ)ဖြစ်သွား၏။ 'ဗုဒ္ဓံ....ဆရဏံ....ဂစ္ဆာ....မိ' ဟူသော အသံမှာ တတောင်လုံး ညံသွားလေတော့သည်။

တရားနာအပြီး မင်းကြီးအား နေ့လယ်ပွဲတော်စာ လာရောက် တည်ဆက်ကြရာ မင်းကြီးမှာ နာယူရသော တရားတော်ဖြင့်ပင် ရဟန်းတော်များ နေမွန်းလွဲလျှင် အာဟာရမသုံးဆောင်ကြောင်း သိရှိထားသော်လည်း မထေရ်များအား မပန် (မဖိတ်)ကြားပဲ ပွဲတော်တည်ရန် ဝန်လေးနေ၏။ ပွဲတော်ခွက်ကို ကိုင်လျက်—

"ဘုဉ်းပေးတော်မူကြပါသလားဘုရား"ဟု လျှောက်ရာ မထေရ်မြတ်က မွန်းမလွဲမီသာ ဘုဉ်းပေးကြောင်း ရှင်းပြတော်မူသည်။

အချိန်လင့်ပြီဖြစ်၍ ပွဲတော်တည်အပြီး မထေရ်များအား မြို့တော်သို့အတူ ကြွပါရန် လျှောက်ရာ တောင်ပေါ်မှာပင် နေရစ်ကြမည့်အကြောင်း မိန့်တော်မူလျှင် ဘဏ္ဍုက ဥပါသကာကိုမူ အတူထည့်လိုက်ရန် လျှောက်ထား၏။

"မင်းကြီး...၊ ဤဥပါသကာသည် အနာဂါမ်တည်၍ ဘုရားအဆုံးအမ ရရှိပြီးသူ ရဟန်းလောင်းဖြစ်သည်။ ယခုပင်သူ့အား ရဟန်းပြုပေးကြတော့မည်" ဟု မိန့်တော်မူသဖြင့် နက်ဖြန်နံနက် မြင်းကသော ရထားများ အကြိုအပင့်

http://www.dhammadownload.com



ပို့လွှတ်မည့်အကြောင်းလျှောက်ထားကာ မျှခိုးဦးညွတ်၍ တောင်ပေါ်မှ ပြန်ဆင်းရန် နှုတ်ဆက် အလေးပြုကြလေ၏။

မင်းကြီးသည် မထေရ်အာပါးမှထပြန်စဉ် အနီးရှိ ဘဏ္ဍုကဥပါသကာအား မျက်ရိပ်ပြကာ ခေါ်လာပြီးလျှင် မထေရ်များနှင့် မနီးမဝေးနေရာသို့ ရောက်သောအခါ မထေရ်များအား တချက်လှမ်း၍ အကဲခတ်ကြည့်ရှုပြီးနောက်—

"အမောင်....အမောင်တို့ဆရာ ရဟန်းများရဲ့အမည်နာမ နေရပ်ဌာနများကို တဆိတ်ပြောပြပါဦး"ဟု စုံစမ်းမေးမြန်းလေ၏။ အသောက မင်းကြီးရဲ့သားတော်နှင့် မြေးတော်များဖြစ်ကြောင်း ဘွဲ့အမည်တော်နှင့်တကွ ရှင်းပြသောအခါ မင်းကြီးမှာ သက်ပြင်းချကာ ခေါင်းနပန်းကြီးမျှ ကြက်သီးထ၍ ဝမ်းသာအားရဖြစ်သွား၏။ အတန်ကြာ စကားဆိတ်သွားပြီးလျှင် လူချင်း မတွေ့ဖူးသော်လည်း ခင်မင် လေးစားရင်းရှိသော အသောကမင်းကြီး၏ သားတော် မြေးတော် ရဟန်းတော်များဖြစ်၍ အရတော်ကြောင်း ကျူးရင့် ပြောဆိုကာ နန်းတော်သို့ ပြန်သွားလေသည်။

ဘဏ္ဍုက ဥပါသကာအားလည်း ထိုမိဿကတောင်၌ ထိုနေ့ ညချမ်းမှာပင် ရှင်ရဟန်းပြုပေးတော်မူကြလေသည်။ ကျွန်းသီဟိုဠ်မြေ၌ ပထမဆုံး ရှင်ရဟန်းပြုရသူဖြစ်၏။ ရဟန်းခံပြီး မကြာမြင့်မီအချိန်အတွင်း၌ ရဟန္တာဖြစ်တော်မူသည်။

## ဒီပ ပသာဒက = ကျွန်းလုံးကြည်ဖြူ ညွတ်ရသူ

နယုန်လပြည့်နေ့ နေဝန်းသည် အနောက်လောကဓာတ်သို့ အရှိန်ပြင်းစွာ သက်ဆင်းနေခိုက် လပြည့်ဝန်းကြီးမှာလည်း ထွန်းလင်းတောက်ပရန် အာကာသ တခွင်၌ ဟန်ပြင်လျက်ရှိ၏။

မထေရ်မြတ်သည် သီဟိုဠ်ကျွန်း မိဿကတောင် ပတ်ဝန်းကျင်မှ နတ်များအား တရားဟောလိုသဖြင့် တူတော် သုမန သာမဏေအား တရားနာ ဖိတ်ခေါ်ရန် ကြွေးကြော်ခိုင်းတော်မူ၏။

'အဘယ်မျှလောက်ကြားအောင် ကြွေးကြော်ရမည်'ကို လျှောက်မေးရာ တကျွန်းလုံးကြားအောင် ကြွေးကြော်ခိုင်းတော်မူလျှင် သာမဏေသည် စတုတ္ထဈာန် ဝင်စားကာ တခုသောကျောက်ဖျာကြီးပေါ်တက်၍ ကြွေးကြော်လိုက်၏။ သာမဏေ၏အသံမှာ ယူဇနာသုံးရာအဝန်းရှိသော သီဟိုဠ် တကျွန်းလုံးပဲ့တင်ထပ်သွားလေတော့သည်။ (ကျောက်ဖျာကြီး ယခုတိုင်ရှိနေ၏။)

မင်းကြီးလည်း နန်းတော်သို့မရောက်ရှိသေးပဲ လမ်းခရီးအကြား နာဂစက္ကရေအိုင်အနီး၌ ညစာပွဲတော် တည်ခိုက်ဖြစ်၍ ရုတ်တရက် လန့်ဖျပ်သွားကာ

http://www.dhammadownload.com



အရှင်မြတ်များအား တစုံတခုသော ဘေးဥပဒ်တွေ့နေပြီအထင်ဖြင့် မင်းချင်း တယောက်ကို အငှထာက်တော်လွှတ်၍ လျှောက်ထား စုံစမ်းရသေး၏။

သာမဏေ၏ အသံကို ကြားကြရသဖြင့် ဘုမ္မစိုးနတ်များမှအစ အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် နတ်ဗြဟ္မာများ အဆင့်ဆင့် တရားနာရန် ကြွေးကြော် ကြ၏။ မိဿကတောင်ပေါ်သို့ နတ်ဗြဟ္မာများ မရေမတွက်နိုင်အောင်လာရောက် စုဝေးကြသည်။ အရှင်မြတ်လည်း 'သမစိတ္တသုတ္တန်' (အင်္ဂုတ္တရ၊ဒုက-သမစိတ္တဝဂ်) ကို ဟောတော်မူရာ တရားထူးရသော နတ်ဗြဟ္မာအရေအတွက်ကား အတိုင်းမသိ ရှိ၍ ဂင္ဂါနန္ဒါးအမျှားပင် သရဏဂုံတည်ကြလေ၏။ (အရှင်သာရိပုတ္တရာ ယင်း သုတ် ဟောတော်မူစဉ်ကကဲ့သို့ ဖြစ်၏။)

အနုရာဓနေပြည်တော်မှစ၍ တကျွန်းလုံး တယောက်စကား တယောက် နားဖြင့် ထူးဆန်း ,အံ့ဩဖွယ်ကောင်းသော မထေရ်များ အကြောင်းကိုသာ တညလုံး ဝိုင်းဖွဲ့ ပြောဆိုနေကြလေသည်။

မင်းကြီးနှင့်တကွ နန်တွင်းသူ နန်းတွင်းသားတို့ကား နောက်တရက်အရှုတ် ဆွမ်းကပ်ရန် စိမ်သူကစိမ်လျက် မဏ္ဍပ်ကနားကိုလည်း နန်းတော်တွင်း၌ ချက်ချင်း ဆောက်လုပ်ကာ ခုံရှည်များချ၍ အခင်းများ၊ ပိတ်မျက်နှာကြက်များ စသည်ဖြင့် အလှဆာပ မွှမ်းမံသူက မွှမ်းမံနေကြ၏။ တညလုံး အလုပ်များကာ မထေရ်များ နှင့်စပ်၍ အမျိုးမျိုးသော ထင်မြင်ချက်များ ပြောဆိုဆွေးနွေးယင်း မိုးလင်းရန် ကိုသာ ကြိုဆိုနေမိကြလေ၏။

## နန်းတော်ကြွ၍ တရားမိုး သွန်ချခြင်း

လပြည့်ကျော် တရက်နေ့ မိုးလင်းလျှင် မင်းစီးရထားကိုပြင်ဆင်မွှမ်းမံစေ၍ မိဿကတောင်သို့ ရထားထိန်းအား အပင့်လွှတ်လိုက်ရာ 'ငါတို့ ရထားကိုမစီး၊ ရှေ့ကသွားနှင့်' ဟု မထေရ်များက လွှတ်လိုက်၍ ရထားထိန်းပြန်လာရ၏။

မင်းကြီးလည်း အခမ်းအနားဖြင့် နန်းတော်မှထွက်ချီကာ အနုရာဓနေပြည် တော် မင်းလမ်းမတော်အတိုင်း မြို့တော်အရှေ့ပြင်ဘက်သို့ ခရီးဦးကြိုရန် စိတ်စော ပြီးထွက်လာ၏။

မြို့ဦးတံခါး မရောက်မီ မြို့တွင်းလမ်းမ၌ပင် ရထားထိန်း တဦးတည်း ရထားခွက်ချည်း ပြန်လာသည်ကို တွေ့မြင်ရသဖြင့် စိတ်မကောင်းဖြစ်ကာ ရထား ထိန်းအား မေးတော်မူ၏။

http://www.dhammadownload.com



'နောက်မှလိုက်လာမည်ဆိုသော မထေရ်များ မိမိအလျင် မြို့အဝင်၌ပင် သက်န်းရုံနေနှင့်ကြသည်ကို ဖူးမြင်ရ၍ အံ့ဩဖွယ်ကောင်းလှကြောင်း၊ ရထားမစီး ကြောင်း' သံတော်ဦးတင်နေစဉ် မထေရ်များမြို့အရှေ့တံခါးမှ ကြွလာတော်မူသည် ကို မင်းကြီးမြင်ရလျှင်ပင် မထေရ်မြတ်အား အလျင်အမြန် သွား၍ ကြိုဆိုရန် ဟန်ပြင်ယင်း 'ရထားမစီး' ဆို၍ မဏ္ဍပ်တွင်ပြင်ထားသော ခုံရှည်မြင့်မြင့်ကြီး များ'ကို ဖယ်ထုတ်ပြီး မြေကြီးမှာပင် ဖျာရိုင်သင်ဖြူးများ၊ ကော်ဇောများကိုသာ အမြန်ပြန်ခင်းရန် အမတ်များအား ချက်ချင်းမှာကြား စေလွှတ်နေလေ၏။

ယမန်နေ့ တရားနာရစဉ်ကပင် 'ဥစ္စာသယန မဟာသယန' အကြောင်း သိပြီးဖြစ်၍ မူလခိုင်းစဉ်ကပင် စိတ်ထင့်နေသောကြောင့် ဖြစ်သည်။ မှာကြား ပြီးသည်နှင့် မထေရ်များထံ ခပ်သုတ်သုတ်သွားရောက် ကြိုဆို၏။ (အနုရာဓမြို့ တော် အရှေ့တံခါးအဝ ကောင်းကင်မှ မထေရ်များ သက်ဆင်းရာဌာန၌ စေတီ တည်ထားသည်။ 'ပထမစေတီ' ဟု ခေါ်၏။)

မင်းကြီးသည် ရှင်မဟိန္ဒမထေရ်မြတ်လက်တော်မှ သပိတ်ကို လှမ်းယူကြိုဆို ကာ လမ်းမတော်အတိုင်း မြို့တွင်းမှ နန်းတော်အထိ ပင့်ဆောင်တော်မူ၏။ မထေရ် မြတ်သည်လည်း မြေပြင်အပြည့်မျှခင်းထားသော အခင်းများကို ကြည့်ကာ 'ငါတို့ ပို့သော သာသနာသည် အခိုင်အမာတကျွန်းလုံးတည်တံ့လိမ့်မည်'ဟု နှလုံးပြုကာ နေရာတော်၌ထိုင်တော်မူ၏။ ဆွမ်းခဲဖွယ်များ မင်းကြီးကိုယ်တိုင်ဆက်ကပ်ကာ နန်း တွင်းသူ နန်းတွင်းသားများနှင့်အတူ တရားနာယူကြသည်၊ပေတဝတ္ထု၊ ဝိမာနဝတ္ထု နှင့် သစ္စသံယုတ်များကို ဟောတော်မူရာ ညီအိမ်ရှေ့မင်းသား (မဟာနာဂ)၏ ကြင်ရာ တော် မိဖုရားကြီး 'အနုဠာဒေဝီ'နှင့် တကွ အမျိုးသမီး ငါးရာတို့ သောတာပန် တည်ကြလေ၏။ (ကျွန်းသီဟိုဠ်၏ ပထမဆုံး လူသားအရိယာ များပေတည်း။)

တရားဟော၍ ပြီးရုံမျှသာရှိသေး၏။ တယောက်စကား တယောက်နား ဖြင့်ရှုတ်တရက်သတင်းပြန့်ပွားကာ မြို့သူမြို့သားများလည်း ဖူးမြော်ရန် နန်းတော် တံခါးမုခ်၌ ကြိတ်ကြိတ်တိုးဝိုင်းအုံကာ ဖူးမြော်ခွင့်တောင်းလာကြ၏။

မင်းကြီးလည်းအကြောင်းစုံကြားသိတော်မူလျှင် နေရာအခက်အခဲမရှိစေ ရန် မင်္ဂလာဆင်တော်များထားရာ ဆင်တင်းကုပ်ကို သဲဖြူများခင်း၍ မျက်နှာ ကြက်ဇီတာန်များဖြင့် ချက်ချင်းပြင်ဆင်ကြရန် မိန့်ဆိုစီမံရလေ၏။ ထို၌ သီလနှင့် ငရဲခန်းကိုပြသော 'ဒေဝဒူတသုတ္တန်' ကို ဟောတော်မူရာ လူပေါင်းတထောင် သောတာပန် တည်ကြလေသည်။

တရားဟောပြီးသော်လည်း မြို့တော်လူအုပ်ကြီးများ တသုတ်ပြီးတသုတ် အုတ်အုတ်ကျက်ကျက် တခဲနက်လာနေကြတုန်းပင် ရှိနေ၍ မင်္ဂလာဆင်တင်းကုပ်

http://www.dhammadownload.com



အဆောက်အအုံမျှဖြင့် မဆံ့နိုင်၍ မြို့တော်တောင်မုခ်ရှိ နန္ဒနဉယျာဉ်တော်၌နေရာ အခမ်းအနားပြင်ဆင်ကြရပြန်သည်။ ထို၌ 'အာသီဝိသောပမ သုတ္တန်' ကို ဟော တော်မူရာလူပေါင်းတထောင်မျှသောတာပတ္တိမဂ်ဉာဏ်အလင်းရကြပြန်လေသည်။ 'ဆား....ဓု....ဆား....ဓု' ဟူသော အသံကြီးမှာ တခဲနက် မြည်ဟိန်းသွားလေ တော့သည်။

တရားပွဲပြီးလျှင် နေဝင်သွားပြီဖြစ်၍ မိဿကတောင်သို့ပြန်ကြွရန် မထေရ် မြတ်များ နေရာမှ ထတော်မူကြ၏။

နန္ဒနဉယျာဉ်၌ ကျိန်းစက်ရန် စီစဉ်ထားကြောင်း အမတ်များက လျှောက် သော်လည်းမရ၍ မင်းကြီးကိုယ်တိုင်လာရောက်၍ 'မိဿကတောင်ကြွရန်မှာ ဝေး လံ၍ အချိန်မဲ့နေပြီဖြစ်ကြောင်း' လျှောက်ထားသည်။

## တိတ်ကြီးနှိမ်တ်ကြီးများနှင့် ဘုရားအာဏာစက်တွင်းမှာနေလိုသူ

နန္ဒနဉယျာဉ်သည် မြို့နှင့်ကပ်နေ၍ ရဟန်းတို့အား မလျှောက်ပတ် ကြောင်း မိန့်တော်မူကြလျှင် မင်းကြီးကိုယ်တိုင် မြို့နှင့်မနီးမဝေး အရိပ်အာဝါသ ကောင်းလှ၍ ရဟန်းတို့အား သပ္ပာယဖြစ်သော မဟာမေဃဝန်ဉယျာဉ်တော်သို့ ပင့်လေ၏။ ဉယျာဉ်တွင်းရှိ စံနန်းတော်မင်းကွန်း၌ ထိုညမှစ၍ ကျိန်းစက်တော် မူကြသည်။ နံနက်မိုးလင်းလျှင် မင်းကြီးကိုယ်တိုင် မုလေးပန်းများဖြင့် ပူဇော်၍ 'ချမ်းသာမှု ရှိ-မရှိ' လျှောက်ထားလေ၏။

မဟာမေဃဝန်ဉယျာဉ်တော်ကိုလည်း သံဃာအား ရည်မှန်း၍ ရွှေကရား ဖြင့် မထေရ်မြတ်လက်၌ ရေစက်သွန်းချလှူဒါန်းရာ လျှောင်ကြီးစွာ လှုပ်သဖြင့် မင်းကြီး ထိတ်လန့်ကြောက်ရွံ့သွား၏။ အကျိုးအကြောင်း လျှောက်မေးရာ 'သာသနာ ကောင်းစွာ တည်မည်ကို ကောင်းချီးသာဓု ပေးခြင်းဖြစ်ကြောင်း၊ ရာဇဂြိုဟ်မြို့ဝေဠုဝန်ကျောင်းတော်ကြီးလည်း ဗိမ္ဗိသာရမင်းကြီး၏ ဝေဠုဝန် ဉယျာဉ်တော်၌ ဆောက်လှူသော ကျောင်းတော်ကြီးဖြစ်ပုံကို ဟောပြတော်မူ၍ သီဟိုဠ်ကျွန်း၌လည်းဘူမိနက်သန်ဖြစ်သော ဤမဟာမေဃဝန် ဉယျာဉ်တော်၌ပင် ရှေးဦးစွာသော သာသနကျောင်းတော်ကြီး **မဟာဝိဟာရ** တည်ဆောက်ရမည့် နိမိတ်ဖြစ်ကြောင်း' မိန့်တော်မူရာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြလေသည်။

အနုဋ္ဌာစသော မိဖုရားငါးရာတို့လည်း သကဒါဂါမိဖိုလ်၌ ဆိုက်ရောက်ကြ လေ၏။

http://www.dhammadownload.com



မထေရ်မြတ်လည်း နောက်ပါ သံဃာများနှင့်အတူ တရားဟောအပြီး ဥယျာဉ်အတွင်းရှိ မင်းကွန်းစံနန်း (ယာယီစံကျောင်း) တော်မှ ဆင်း၍ ဥယျာဉ်တော်ပတ်ဝန်းကျင်၌လှည့်လည်ကြည့်ရှုရန်ကြွတော်မူလျှင် မင်းကြီးနှင့်မှူးမတ်မိသံတို့လည်းနောက်တော်မှ ခြံရံလိုက်ပါ၍ ကြည်ညိုနေကြ၏။ စံကျောင်းတော်တံခါးမုခ်ဝသို့ရောက်လျှင် အသင့်ယူလာသော မုလေးပန်းရှစ်ဆုပ်ကို မင်းကြီးကမထေရ်မြတ်အား ဆက်ကပ်လိုက်၏။

မထေရ်မြတ်သည် မုလေးပန်းများကို ထိုနေရာ၌ ကြဲဖြန့်တော်မူလိုက်ရာ ပန်းများမြေပေါ်ခသည်နှင့်တပြိုင်နက် လျှင်တကြိမ် ပြင်းစွာလှုပ်ပြန်ရာ ပရိသတ်များ ကတိမ်းကပါးတအံ့တသြ ဖြစ်ကြရ၏။

မင်းကြီးက မထေရ်မြတ်အနီး လက်အုပ်ချီ၍ ဖူးမြော်လျှောက်ထားလေလျှင်—

"ဒကာတော်မင်းကြီး....၊ ဤနေရာကား ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူကြသော ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားသုံးဆူတို့၏ ဗောဓိပင် လက်ျာတောင်ကိုင်းများ ကူးယူစိုက်ပျိုးရာဌာနဖြစ်သကဲ့သို့ ငါတို့ဘုရားရှင်၏ ဗောဓိပင် တောင်ကိုင်း (ဒက္ခိဏသာခါ)ကိန်းဝပ်ဖြစ်ထွန်းမည့်နေရာလည်းဖြစ်ကြောင်း ကောင်းချီးနိမိတ်ပင် ဖြစ်သည်"ဟု မိန့်တော်မူ၏။

အခြား သိမ်၊ဆွမ်းစားကျောင်း စသည် ဆောက်မည့် နေရာတို့၌လည်း ပန်းများကြဲဖြန့်တော်မူရာ ငလျင်ကြီးစွာလှုပ်၏။ ထိုသို့ လှည့်လည်တော်မူစဉ် ဥယျာဉ်စောင့်သည် ပေါ်ဦးပေါ်စ သရက်သီးမှည့်တလုံးကို ယူလာ၍ မင်းကြီးအား ဆက်သ၏။ မင်းကြီးကလည်း ဦးဦးဖျားဖျား မထေရ်မြတ်အား ကပ်လှူလိုက်၏။ ဘဉ်းပေးပြီးလျှင် အစေ့ကို ထိုနေရာ၌ စိုက်ပျိုးရန် မိန့်တော်မူ၍ မင်းကြီးကိုယ်တိုင်စိုက်စဉ် မထေရ်မြတ်က အပေါ်မှ ရေလောင်းချပေးတော်မူသည်။

သရက်စေ့မှ အညွန့်အညှောက်များ ချက်ချင်းထွက်ပေါ်ကာ အရိပ်အာဝါသကောင်းသော သရက်ပင်ကြီးတပင် အသီးအပွင့်များနှင့်တကွ ဖြစ်ပေါ်လာလေ၏။အားလုံး အံ့သြကြည်ညို၍ မဆုံးကြချေ။ (ယခု ကြေးပြာသာဒ်ကြီး၏ အရှေ့ဘက် ကျယ်ပြန့်သော မြေကွက်လပ်နေရာဟု ဆိုကြ၏။)

ဆက်လက်၍ ကြွတော်မူလျှင် မဟာစေတီ တည်မည့်နေရာသို့ ရောက်သောအခါ ဥယျာဉ်စောင့်မှတဆင့် မင်းကြီးဆက်ကပ်သော စကားပန်းနှစ်ဆုပ်ကို ကြဲဖြန့်တော်မူရာတွင်လည်း ပို၍သည်းထန်စွာ ငလျင်လှုပ်ပြန်လေသည်။

ထိုနေရာကား ရှေးဘုရားရှင် သုံးဆူတို့ သမာပတ်ဝင်စားရာ မဟာစေတီ တည်မည့်ဌာနဖြစ်ကြောင်း မိန့်တော်၏။

http://www.dhammadownload.com



ဂေါတမဘုရားရှင်၏ မဟာတော် တဒေါဏ (တစရွတ်)ခန့် ကျိန်းဝပ်ရာ သံတောင် -၁၂၀ရှိ 'ဟေမမာလီ'မည်သော မဟာစေတီကြီး ဖြစ်ပေါ်မည်ကို လည်း မိန့်တော်မူလေသည်။

[ဒေါဏ=လေးပြည်= တစိတ်ဟု ဆိုသော်လည်း မြန်မာနှစ်ပြည်နှင့် ညီမျှ သည်။ သီဟိုဠ်တပြည်သည် နို့ဆီဗူး လေးလုံးသာ ဆံ့သည်။]

မင်းကြီးက သူကိုယ်တိုင် တည်ထားကိုးကွယ် လိုပါသည်ဟု လျှောက်လေ လျှင် 'မြေးတော် ဒုဋ္ဌဂါမဏိအဘယမင်းပြုလတ္တံ့'ဟု မိန့်တော်မူရာ မထေရ်မြတ်၏ ယင်းဗျာဒိတ်တော်ကို ကျောက်စာတိုင် ရေးထူတော်မူလေ၏။(မင်းကြီး၏ညီတော် မဟာနာဂ၊ ၎င်း၏သားတော် ယဋ္ဌာလကတိဿ၊ ၎င်း၏သားတော် ဂေါဋ္ဌာဘယ၊ ၎င်း၏သားတော် ကာကဝဏ္ဏတိဿ၊၎င်း၏သားတော် ဒုဋ္ဌဂါမဏိ။)

အခြားကုန်းမြင့်တနေရာကား ဘုရားသုံးဆူတို့၏ ရေစစ်တော်(ကကုသန်)၊ ခါးပန်းထော် (ကောဏာဂုံ)နှင့် ရေသနုပ်တော် (ကဿပ)များ တည်ရှိရာ ဘုရားရှင်တိုင်း သီတင်းသုံးဖူးရာ 'ထူပါရုံစေတီ' တည်မည့်နေရာ ဖြစ်ကြောင်း အကျယ်ဟောပြတော်မူလေသည်။

မထေရ်မြတ်သည် ထိုနေရာသို့အရောက် ဆွမ်းဘုဉ်းပေးရန် အချိန်ကျ သဖြင့် နန်းတော်သို့ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူ၏။ပြီးလျှင် နန္ဒနဉယျာဉ်တော်သို့ ကြွကာ 'အဂ္ဂိက္ခန္ဓောပမသုတ္တန်'ကို ဟောတော်မူရာ လူတထောင်တို့ သောတာပတ္တိ မဂ်ဉာဏ်ရကြလေ၏။ မဟာမေဃဝန်သို့ ပြန်လည်ကြွတော်မူသည်။

၃-ရက်မြောက်သော နေ့တွင်လည်း နန္ဒနဉယျာဉ်တော်၌ပင် 'အာသိ ဝိသောပမသုတ္တန်'ကို ဟောတော်မူရာ ရှေးနည်းအတူ လူထထောင်တို့ အကျွတ် တရား ရကြကုန်၏။

"အရှင်မြတ်ဘုရား၊ တပည့်တော်တို့သည် မြတ်စွာဘုရားရှင်၏ ဥတ်ကမ္မဝါ အာဏာစက်တော် အတွင်းမှာသာ နေလိုကြပါသည်။ အနူရာဓနေပြည်တော် တခုလုံးကို အတွင်းပြု၍ အမြန် သိမ်သမုတ်တော်မူပါ"ဟုလျှောက်ပြီးလျှင် ၄-ရက် မြောက်နေ့ခက်တနေ့နံနက်မှစ၍ နေပြည်တော်တခုလုံး တန်ခွန်ကုက္ကား မုလေးပွား စသည်တို့ဖြင့် ပြင်ဆင်မွမ်းမံစေ၏။ မင်းကြီးလည်း မင်းမြောက်တန်ဆာများ ဆင်ယင်၍ မှူးမတ်ဗိုလ်ပါခြံရံလျက် ဆင်နှစ်ကောင်ကသော ထွန်ကြီးကို လှည့်ပတ် မောင်းနှင်၍ သိမ်နယ်နိမိတ်ကို သတ်မှတ်လေသည်။ ပြီးလျှင် မထေရ်မြတ်များ သိမ်သမုတ် ပေးတော်မူကြ၏။ ထိုနေ့ နံနက်ပိုင်းမှာလည်း နန္ဒနဉယျာဉ်တော်၌ 'အနမတဂ္ဂသုတ္တန်'ကို ဟောတော်မူရာ ရှေးနည်း လူတထောင်တို့ အကျွတ်ဆုရ ကြလေ၏။

http://www.dhammadownload.com



ရှင်မဟာ မဟိန္ဒမထေရ်မြတ်သည် ၅-ရက်မြောက်နေ့၌ 'ခဇ္ဇနီယသုတ္တန်'၊ ၆-ရက် 'ဂေါမယပိဏ္ဍိကသုတ္တန်'၊ ၇-ရက် 'ဓမ္မစက္ကပဝတ္တနသုတ္တန်' တို့ကိုလည်း ဟောကြားတော်မူရာ ရှေးနည်းအတူ တရားတပွဲလျှင် အကျွတ်တရားရသူ တထောင်စီဖြစ်၍ စုစုပေါင်း - ၈၅,၀၀၀ ရှိလေပြီ။

(မင်းကြီးလည်း မကြာမီ ထိုယာယီသိတင်းသုံးရာ မဟာမေဃဝန်ဉယျာဉ်တော်အတွင်း၌ 'မဟာဝိဟာရ' ကျောင်းတိုက်တော်ကြီးကို ကျောင်းရံများစွာဖြင့် သံဃာ့အရံကြီးတည်ဖန်လှူဒါန်းတော်မူ၏။ 'လောဟပါသာဒ'ခေါ် ဘုံခုနစ်ဆင့်ရှိသော ကြေးပြာသာဒ်ကြီးကိုလည်း ဆောက်လှူလေသည်။)

ဤနည်းအားဖြင့် ၂၆-ရက်လုံးလုံး မဟာမေဃဝန် ဉယျာဉ်တော်၌ သိတင်းသုံးတော်မူကြသည်။ (မဟာဝံသသို့ လိုက်၍ပြသည်။)

## လင်္ကာဒီပ မူလစံတော်ဝင် ငါးကျိပ်ငါးပါး

ဝါဆိုလဆန်း ၁၃-ရက်နေ့။

မထေရ်မြတ်သည် နောက်ပါသံဃာများနှင့်အတူ ဉယျာဉ်တော်မှ နန်းတော်သို့ကြွကာ ဆွမ်းဘုဉ်းပေးတော်မူ၏။ ပြီးလျှင် 'မဟာအပ္ပမာဒသုတ္တန်'ကို ဟောတော်မူသည်။

"ဒကာတော်မင်းကြီးနှင့်တကွ ဒကာဒကာမ များ အားလုံး ဘုရားရှင်အဆုံးအမဖြစ်တဲ့ ဤအပ္ပမာဒ သတိပဋ္ဌာန်တရားကို လက်ကိုင်ထား၍ ဖြစ်ပေါ်ဆဲရုပ်နာမ်တရားများကို အမြဲမပြတ် ရှုမှတ်ပွားများပြီး မမေ့မလျော့ ကြိုးစားအားထုတ်ရစ်ကြ"ဟု တရားဟောပြီးသည်နှင့် ဝါဆိုရန် နီးကပ်နေပြီဖြစ်၍ မိဿကတောင်ဘက်သို့ ကြွတော်မူလေ၏။

ထိုသတင်းကို မင်းကြီး ကြားတော်မူလျှင် တခါတည်း ပြန်ကြွသွားပြီ အထင်နှင့် စိတ်မောကိုယ်မော ယောက်ယက်ခတ်ကာ အမတ်များအား မေးစမ်းကြည့်တော်မူ၏။

"အရှင်မြတ်များဟာ အလာတုန်းကလဲ ဘယ်သူကမှမပင့်ဖိတ်ရပဲ သူ့သဘောနှင့် သူ ကြွလာတော်မူကြတာဆိုတော့ ပြန်ကြွတဲ့အခါမှာလဲ ဘယ်သူ့ကိုမှ ပန်ကြားစရာမလိုတဲ့အတွက် ခုလို အသိမပေးပဲ ကြွသွားတာလဲ ဖြစ်နိုင်တာပဲအရှင်မင်းကြီး"ဟု လျှောက်တင်ကြခါမှ သာ၍ပင် သောကဝင်ကာ 'ဟာ....ဒီလိုဆို ခက်ရချေရဲ့'ဟု ပြောပြောဆိုဆို မိဖုရားနှစ်ဦးကို ရထားပေါ်တင်၍ အမတ်များခြံရံကာ မထေရ်မြတ်နောက်သို့ ရထားကိုအသော့နှင်စေ၍ လိုက်တော်မူ၏။

http://www.dhammadownload.com



နေကလည်း ပူလွန်းသဖြင့် မထေရ်မြတ်လည်း မိဿကတောင်အသွား ခရီးလမ်းခွတ်လတ်ရှိ နာဂစတုက္ကရေအိုင်၌ ရေသုံးသပ်ပြီး ဆက်၍ကြွရန်ဟန်ပြင်နေခိုက် ဖူးတွေ့ရလေ၏။ မင်းကြီးသည် မိဖုရားများကိုထားကာ မထေရ်မြတ်အပါးသို့ တဦးတည်း အပြေးအလွှား ချဉ်းကပ်သွားစဉ် ချွေးသီး ချွေးပေါက်များနှင့် ညှိုးငယ်စွာ ရှိခိုးနေသော မင်းကြီးအား—

"ဒကာတော်မင်းကြီး၊ ရေးကြီးသုတ်ပျာ ဘာကိစ္စ နေပူကျဲကျဲမှာ ဆင်းရဲပင်ပန်းခံပြီး လိုက်လာရလနည်း"ဟု မေးတော်မူလျှင်—

"မှန်လှပါ အရှင်မြတ်ဘုရား၊ တပည့်တော်များအား ရသက်ပန်နေတတ်အောင် အပြည့်အစုံ အခိုင်အမာ ချည်တုပ်ဆုံးမပြီး 'မမေ့မလျော့ ကြိုးစားအားထုတ်ရစ်ကြ'လို့ ဩဝါဒ ပေးတော်မူတာထောက်တော့ တပည့်တော်များအား ပစ်ထားကာ တခါထဲ ကြွသွားတော်မူကြပြီလားထင်မိလို့ အကြောင်းစုံ သိရအောင် လိုက်လာရခြင်းပါ အရှင်ဘုရား"ဟု ညှိုးငယ်စွာ လျှောက်ထားလေ၏။

"တခါထဲ ပြန်ကြွတာမဟုတ်ဘူး ဒကာတော်၊ ယခုအခါကား ရဟန်းတော်များအတွက် ဝါဆိုရန် အခါဖြစ်ပေတယ်"ဟု အမိန့်ရှိခါမှပင် ပြုံးရွှင်နိုင်လေတော့သည်။ မထေရ်မြတ်လည်း မိုးတွင်းကာလ၌ ဝါဆိုရပုံ 'ဝဿူပနာယိကက္ခန္ဓက=ဝါဆိုဝါကပ်ဝိနည်း ပညတ်တော်'ကို အပြည့်အစုံ ဟောပြတော်မူပြန်လေသည်။

မင်းကြီးနှင့်အတူ ပါလာသူ တူတော် 'မဟာအရိဋ္ဌ' အမတ်နှင့် ညီတော် နောင်တော် ငါးကျိပ်ငါးဦးတို့လည်း သမဏာသုခ ရဟန်းတို့ဘဝကို အားကျကြည်ညိုကာ နောင်တော်မင်းကြီးအား ခွင့်ပန်၍ ရဟန်းပြုကြလေရာ ဆံချပြီးသည်နှင့် အားလုံး အရဟတ္တဖိုလ်သို့ ရောက်တော်မူကြ၏။

ပထမဆုံးသော လင်္ကာဒီပ သီဟိုဠ်စံတော်ဝင် အရှင်မြတ်များ ဖြစ်တော်မူကြသည်။

မင်းကြီးလည်း မိဿကတောင် သရက်ပင်ကုန်းမြင့်၌ ရဟန္တာအရှင်မြတ် ခြောက်ကျိပ်နှစ်ပါးတို့ သီတင်းသုံးရန် လိုဏ်ဂူ ၆၂-ခုနှင့်တကွ သိမ်၊ တန်ဆောင်း စသည်များကို ချက်ချင်း စီမံဆောက်လုပ်၏။ ဝါတွင်းသုံးလပတ်လုံး ရဟန္တာ အရှင်မြတ် ၆၂-ပါးတို့သည် သပိတ်ကိုယ်စီလွယ်ကာ မိဿက တောင်ပေါ်မှ နေအရုဏ်နှင့်အတူ ဆင်းကြွတော်မူ၍ အနုရာဓနေပြည်တော်၌ ဆွမ်းခံလှည့်တော်မူရာ မင်းနှင့်ပြည်သူတို့ ကြည်ညိုအားရ သူ့ထက်ငါ လှူဒါန်းကြလေ၏။

http://www.dhammadownload.com



## တန်ဆောင်တိုင် ဓာတ်တော်လှည့်ပွဲနှင့် ရူပါရုံစေတီဝင်

သီတင်းဝါလကျွတ်၍ ပဝါရဏာပြုပြီး တန်ဆောင်မုန်းလပြည့်နေ့ နံနက်ကွင် နန်းတော်အတွင်း၌ ဆွမ်းဘုဉ်းပေးတော် မူကြသည်။ ဆွမ်းစားပြီးလျှင်—

'ဘုရားရှင် မဖူးတွေ့ရသည်မှာကြာပြီ၊ ဆရာနှင့်ကင်းပြီး နေခဲ့ကြရသဖြင့် ဘုရားရှင်ဖူးမြော်ရန် ဇမ္ဗူဒိပ်သို့ ပြန်ကြွလိုကြောင်း' မိန့်တော်မူ၏။ မင်းကြီးကလည်း 'ဘုရားရှင် ပရိနိဗ္ဗာန်စံပြီ'ဟု မိန့်ဆိုသည်ကို သတိရ၍လျှောက်ထားရာ ဓာတ်တော် မွေတော်များသည် ဘုရားရှင့်ကိုယ်စား ဘုရားရှင်ပင် ဖြစ်ကြောင်း၊ ဓာတ်တော်များပင့်ကာ စေတီတည်ထား ကိုးကွယ်စေလိုကြောင်း ပရိယာယ်ဖြင့် မိန့်တော်မူခြင်းဖြစ်၏။

"ကောင်းပါပြီ အရှင်ဘုရား၊ ဒကာတော်လည်း စေတီတည်ထားကိုးကွယ်လိုပါသည်။ နေရာရွေးချယ် ပေးတော်မူပါ၊ နောက်ပြီး ဓာတ်တော်မွေတော်များ ကော အဘယ်မှာ ရနိုင်ပါသလဲ"ဟုလျှောက်၍ တူတော် သုမန သာမဏေနှင့် တိုင်ပင်ရန် မိန့်တော်မူ၏။မင်းကြီးက သာမဏေကို ထိုအကြောင်း လျှောက်လျှင်—

"ဒကာတော်မင်းကြီး၊ ဒီကိစ္စ မကြောင့်ကြပါနှင့်၊ ကိုရင်ဆောင်ရွက်ပါ့မယ်" စသည်ဖြင့် မိန့်တော်မူလျက် ယနေ့(တန်ဆောင်မုန်းလပြည့်နေ့) ညချမ်းအခါ မဟာနာဂဝန် ဉယျာဉ်တော်၌ မင်္ဂလာဆင်တော်ဖြင့်စောင့်ကြိုရန် အသေးစိတ် မှာကြားပြီးနောက် မိဿကတောင်သို့ ပြန်ကြွတော်မူနှင့်ကြသော မထေရ်မြတ်များနောက်သို့ အမှီလိုက်တော်မူ၏။ ချက်ချင်းပင် ဦးရီးတော်မထေရ်မြတ်၏ ဩဝါဒအမိန့်ကို နာယူ၍ ပါဠလိပုတ်နေပြည် ဘိုးတော် အသောကမင်းကြီး နန်းတော်သို့ ကောင်းကင်မှ ကြွရောက်တော်မူသည်။

ဘိုးတော် အသောကမင်းတရားကြီးထံမှ (မဟာဝံသအလို) သပိတ်နှင့် တကွ သရီရဓာတ်တော်များကို ပင့်ဆောင်၍ သုမနသာမဏေသည် ထိုဓာတ်တော် သပိတ်ကို ဟိမဝန္တာ၌ ထားခဲ့ပြီးနောက် တာဝတိံသာ သိကြားမင်းထံသို့ ကြွသွားတော်မူပြန်၏။

"ဒကာတော်သိကြားမင်း၊ ငါတို့အား သီဟိုဠ်ကျွန်းသို့ကြွပါဟု တိုက်တွန်းလျှောက်ထားပြီး အဘယ်ကြောင့် မေ့လျော့နေပါသလဲ"ဟု (ဦးရီးတော် မထေရ်မြတ် မှာကြားသည့်အတိုင်း) မိန့်တော်မူရာ သိကြားမင်းကြီးမှာ ပျာ့ပျာသလဲကိုဆိုဦးချ၍ မမေ့ပါကြောင်း လျှောက်ထား၏။ လိုရာအမိန့် ရှိတော်မူရန် တောင်းပန်သဖြင့် တာဝတိံသာ၌ လကျာ်စွယ်တော်နှင့် လကျာ်ညှပ်ရိုးတော်ဓာတ်နှစ်မျိုးတွင် ညှပ်ရိုးတော်ဓာတ်ကို ပေးလှူလိုက်ရန် မိန့်လေလျှင် သိကြားမင်းသည် တယူဇနာရှိ မြကျောက်ဖြာဖြင့်ပြီးသော စူဠာမဏိစေတီတော်ကို ဖွင့်လှပ်၍ ညှပ်ရိုးတော်ကို လှူလိုက်လေသည်။

http://www.dhammadownload.com



သုမနသာမဏေသည် ဓာတ်တော်သပိတ်နှင့် ညှပ်ရိုးတော်ကို ကောင်းကင်ခရီးဖြင့် ပင့်ဆောင်ကာ ဦးရိုးတော်အား ဆက်ကပ်လိုက်လေသည်။ (မိဿကတောင်သည် ထိုအခါမှစ၍ စေတိယတောင်တွင်သည်။ ရှင်မဟိန္ဒ သီတင်းသုံးရာဌာနဖြစ်၍ သီဟိုဠ်သားတို့က 'မိဟိန္တလေ့တောင်'ဟု ခေါ်ကြသည်။မထေရ်မြတ်သည် ဓာတ်တော်သပိတ်ကို ချန်ထား၍ ညှပ်ရိုးတော်မျှကိုသာ ပင့်ဆောင်ပြီးလျှင် သံဃာတော်များနှင့်အတူ မဟာနာဂဝန် ဥယျာဉ်တော်သို့ ကြွတော်မူ၏။

သုမနသာမဏေ မိန့်မှာခဲ့သည့်အတိုင်း မင်းကြီးလည်း နံနက်ကပင် ဥပုသ်သီလ ဆောက်တည်၍ အနုရာဓနေပြည်တော် လမ်းမများနှင့် မဟာနာဂဝန် ဥယျာဉ်တော်၌ တံခွန်ကုက္ကား မုလေးပွား ပန်း ရေအိုးများဖြင့် တန်ဆာဆင်စေ၏။ မင်္ဂလာဆင်တော်ရတနာကိုလည်း တန်ဆာဆင်စေပြီးနောက် ဆင်အထက်၌ ထီးဖြူကိုစိုက်၊ မင်းကြီးကိုယ်တိုင် ဓာတ်တော်ထည့်ရန် ရတနာပန်းတောင်းကို ပိုက်၍ ထွက်ချီတော်မူ၏။ ရှစ်ပါးသီလ ဆောက်တည်ထားကြသော မှူးမတ်ဗိုလ်ပါ ပရိသတ်များက နောက်မှဝင်းခြင်း၍ လိုက်ပါလာကြသည်။ ကချေတော်သဘင်သည်များလည်း ဓမ္မတေးများ သီကျူးကာ တီးမှုတ်ကခုန်၍ ခြံရံလိုက်ပါကြရကုန်၏။

မဟာနာဂဝန်ဥယျာဉ်တော်၌ မထေရ်မြတ်များနှင့် မင်းပရိသတ်များ မရှေးမနှောင်းပင် ရောက်ရှိလာကြ၏။ သံဃာတော်များထည် မြတ်သောနေရာတော်၌ မထေရ်မြတ်အပါး ဝန်းရံ၍ တည်ငြိမ်စွာ သီတင်းသုံးတော် မူနေကြစဉ် မင်းကြီးသည် ဓာတ်တော်ထည့်ရန် ရတနာပန်းတောင်းကို ပိုက်၍ ညှပ်ရိုးဓာတ်တော် လက်ဝယ်ကိုင်ထားသော မထေရ်မြတ်အား အဝေးမှပင် ဦးညွှတ်လာစဉ်—

"ထို ဓာတ်တော် မွေတော်သည် သုံးလောကထွတ်ထား ဘုရားရှင်၏ ကိုယ်တော်မှ ဓာတ်တော်မွေတော်စစ် အကယ်၍ဖြစ်ပါမူကား ဤမင်္ဂလာဆင်တော်သည် စကားမဆိုရပဲ အလိုလိုပုဆစ်တုပ်ပျပ်၍ မြေ၌ဝပ်ပါစေ၊ ဆင်တော်ရတနာထက်မှထီးဖြူတော်လည်း အလိုလိုပွင့်ပါစေ၊ ဓာတ်တော်မွေတော်လည်း ဤရတနာပန်းတောင်းအတွင်းသို့ ကြွရောက်စံပယ်ကာ ရတနာပန်းတောင်းနှင့်တကွ ငါ၏ ဦးခေါင်းထက်၌ တည်နေကိန်းဝပ်ပါစေသား။"

ယင်းသို့ မင်းကြီး စိတ်အကြံ ဖြစ်သည်နှင့် တပြိုင်နက် မင်္ဂလာဆင်တော်သည် မြေ၌တုပ်ပျပ်၍ ဝပ်လေ၏။ ထီးဖြူတော်လည်း အလိုလိုပွင့်၏။ မထေရ်မြတ်လက်တော်မှ ညှပ်ရိုးတော်လည်း မင်းကြီးကိုင်ထားသော ရတနာပန်းတောင်း၌ ကြွပြောင်းကာ ပန်းတောင်းနှင့်တကွ မင်းကြီးဦးထိပ်၌ တည်နေတော်မူလေ၏။

ဖူးမြင်ရသော ပရိသတ်များသည်း ရုတ်တရက် အံ့အားသင့် နေကြ၏။ မင်းကြီးမှာ ကြက်သီးတဖြန်းဖြန်း ပီတိလွှမ်း၍ ရွှင်လန်းတက်ကြွစွာ 'ဘုရား....၊

http://www.dhammadownload.com



ဘုရား....' ဟူ၍သာ လှိုက်လှိုက်လှဲလှဲ တ,ဆိုကျူးရင့်နေတော့၏။ အတန်ကြာလျှင် မင်းကြီး၏ မေးလျှောက်ချက်အရ မထေရ်မြတ်သည် ဓာတ်တော် ရတနာပန်းတောင်းကို ဆင်ဦးကင်း၌ သိတင်းသုံးစေရန် မိန့်တော်မူလိုက်၏။ မင်းကြီးကိုယ်တိုင် ဆင်ဦးကင်းထက်သို့တက်၍ ဓာတ်တော်ပန်းတောင်း တင်လိုက်သည်နှင့်တပြိုင်နက် မင်္ဂလာဆင်တော်လည်း ကြိုးကြာသံကဲ့ ရင့်ကျူးကာ ရှင်မြူးတက်ကြွနေလေ၏။

တိုအခိုက် ကောင်းကင်တခို၌ ရွတ်တရက် တိမ်လိပ်များတရိပ်ရိပ်တက်ကာ (စွတ်စိုစေလိုသူကိုသာ စွတ်စိုစေနိုင်သော) ပေါက္ခရဝဿမေိုး အခါမဲ့မိုးကြီး သည်းထန်စွာ ရွာသွန်းချလိုက်၏။ ပဟာပထပီမြေကြီးလည်း တဒီးဒီးအောမြည်ကာ သွက်သွက်ခါ တုန်ဟည်း၍ ကောင်းချီးပေးလေ၏။

## တန်ခိုးပြာဋိဟာနှင့် ထူပါရုံကျောင်း

ရတနာဓာတ်တော်ပန်းတောင်းကို မင်္ဂလာဆင်တော်၏ ဦးကင်း၌ တင်ပြီးလျှင် ရဟန်းရှင်လူများခြံရံ၍ ဥယျာဉ်တော်မှထွက်ကာ အနုရာဓမြို့တော် အရှေ့တံခါးမှ ဝင်ကြ၏။ မြို့လယ်ရောက်လျှင် တောင်ဘက်တံခါးမှ ထွက်ပြီးနောက် မဟေဇမည်သော နတ်ဘီလူးသိမ်းပိုက်ထားသောနေရာကုန်းမြေ (မဟေဇဝတ္ထု) သို့ရောက်လာကြ၏။ ထိုနေရာကား ထူပါရာမ=ထူပါရုံစေတီတော် တည်ရမည့်ဌာနပင် ဖြစ်သည်။ သို့ရာတွင် ထိုနေရာကား ရှေးဘုရားသုံးဆူတို့၏ ရေစစ်တော်၊ ခါးပန်းတော်၊ ရေသနုပ်တော်များတည်ရာ ပရိဘောဂစေတီထိုက်သော ဌာနဖြစ်၍ သာသနာပကာလ၌ လူတို့အညစ်အကြေး စွန့်ပစ်ဖျက်ဆီးမည် စိုးသောကြောင့် နတ်များက ဆူးချုံ၊ ကလိမ်ချုံတို့ဖြင့် ဝိုင်းအုံ ဖုံးအုပ်ထားခြင်းဖြစ်သည်။

ဓာတ်တော်လှည့်လာသော လူအုပ်ကြီးမှာ ဆူးချုံကြီးဆီသို့ မင်္ဂလာဆင်တော်ကြီး ဦးတည်သွားနေသည်ကို မြင်လျှင် ဆင်တော်ရှေ့သို့အပြေးအလွှားကျော်တက်၍ဆူးချုံကြီးကို သူ့ထက်ငါ ခုတ်ထွင်ရှင်းလင်းကြလေ၏။ ဆင်တော်လည်း အသွားမပျက် မဆိုင်းမငံ့ရပဲ ချက်ချင်းပင် ညီညာသောမြေပြင်ဖြစ်သွားရာ ထိုကုန်းမြေကိုဦးတိုက်ပြီးလျှင် နောက်ပြန်ဆုတ်လျက်က မဟာဗောဓိပင် တည်လတ္တံ့သော ထိုမြေတော်၏ အနောက်ဘက်ရှိကွက်လပ်၌(ထိုနေရာတော်ကိုဦးတိုက်ပြီး) ရပ်တည်နေလေ၏။

မင်းကြီးသည် ဆင်ဦးကင်းပေါ်မှ ညှပ်ရိုးဓာတ်တော်ကို ချယူမည်ပြုရာ ဆင်ကြီးသည် ခေါင်းခါ ယမ်း၍ ယူခွင့်မပြုသောကြောင့် မထေရ်မြတ်အား လျှောက်ရာ-

http://www.dhammadownload.com



"မင်းကြီး၊ ဓာတ်တော်ကို သူ့ကျောက်ကုန်းအောက် နိမ့်သောနေရာ၌ ချသည်ကို သူမကြိုက်"ဟု မိန့်တော်မူ၏။ ချက်ချင်း လူအားဖြင့် ဆင်လောက်မြင့်မောက်အောင် မြေကြီးများသယ်ဖို့၍ ကုန်းမြင့်လုပ်ရသည်။ပြီးမှ ဓာတ်တော်ကို ထိုယာယီစံရာကုန်းမြင့်၌ အစောင့်လူချထားကာ တန့်နားကိန်းဝပ်စေကြ၏။

မင်းကြီးသည် မင်္ဂလာဆင်တော်၏ နှာမောင်းကို ကိုင်တွယ်၍ တယုတယ ပွတ်သပ်လျက်—

"အမောင်....၊သင်လဲ မြတ်စွာဘုရားရှင်ရဲ့ သရီရဓာတ်တော်ကိုစောင့်ရှောက် ယင်း ပူဇော်ပါ"ဟု ပြောဆိုရာ ထူပါရုံစေတီဌပနာပွဲ မပြီးမချင်း မင်္ဂလာဆင်တော်ကြီးသည် ဓာတ်တော်ကို ညဥ့်သုံးယံပတ်လုံး လှည့်လည်စောင့်ရှောက်လေ၏။ နေ့အခါ မဟာဗောဓိပင်တည်လတ္တံ့သောနေရာရှိ မင်းကွန်း၌ နားနေလေ့ရှိသည်။ လူအများလည်း စေတီတည်ရန် အဘယဝါပီရေကန်မှ မြေများကိုယူ၍ အုတ်ဖုတ်ကြ၏။

စေတီပုံတော်ကိုလည်း မထေရ်မြတ်က အရှည်ခိုင်ခံ့အောင် စပါးပုံသဏ္ဌာန်ပြုရမည် မိန့်တော်မူလေသည် (ဓာတ်ပုံမှာ ကြည့်ပါ။ စေတီတည်ရာ၌ ရဟန်းတော်များ ဝိနည်းတော်နှင့် မအပ်မရာ ပါဝင် စီမံ လုပ်ဆောင်ခြင်း မရှိသည်ကိုလည်း သတိပြုရန်။)

စေတီတည်၍ အောက်ခံအကျည်ခုံ(အဋ္ဌကထာ၌ ဇဃ်ပွမာဏ=မြင်းခေါင်းမျှဟုဆို၏။ မျက်မြင်ဆယ့်တစ်ပေခွဲမြင့်သော အောက်ခံခုံဝိုင်းကြီး။) ပြီးပြေလျှင် လကျ်ာညှပ်ရိုးတော်ဓာတ်ကို ဌပနာမည်ရှိသောအခါ နေပြည်တော်၌ စည်လှည့်ကြော်ငြာ၍ မည်သူမဆို လာရောက်ကြည်ညိုရန် ကြွေးကြော်လိုက်ရာ အနုရာဓ နေပြည်တော်မျှမက သီဟိုဠ်တကျွန်းလုံးကပင် တခဲနက်လာရောက်ပူဇော်ကြသည်။ မဟာမေဃဝန်ဥယျာဉ်(မဟာဝိဟာရ)၌ သီတင်းသုံးတော်မူသော ရဟန္တာအရှင်မြတ်များလည်း အရှင်မဟာမဟိန္ဒ မထေရ်မြတ်နှင့်အတူ ကြွလာ ပူဇော်တော်မူကြ၏။

ဓာတ်တော်ဌပနာပွဲပြုလုပ်သော ထိုနေ့ညနေချမ်းအချိန်၌ ဓာတ်တော်ကို ဆင်ဦးကင်း၌ပင် ကိန်းဝပ်စေကြရာ ဆင်ဦးကင်းထက်မှ ညှပ်ရိုးဓာတ်တော်သည် ကောင်းကင်ထက်သို့ ထန်းခုနစ်ဆင့်ခန့် တက်ကြွစံပယ်တော်မူလေ၏။ (ပေ -၇၀၀၊ ၁၀၀၀ခန့်) ကောင်းကင်၌ တည်တော်မူလျက် ဘုရားရှင်ကိုယ်တော်တိုင် သရက်ဖြူပင်ရင်း၌ ရေမီးအစုံအစုံ ယမိုက်ပြာဋိဟာ (ယမိုက်= ယမက= အစုံအစုံ+ ပြာဋိဟာ= ပါဋိဟာရိယ= တန်ခိုး) ပြတော်မူသကဲ့သို့ အရှေ့ဘက်မှ မီးလျှံ၊ အနောက်ဘက်မှ ရေအလျှံ လေးတန်ဆေးမျက်နှာ တလှည့်စီ တလှည့်စီ ရောင်ခြည်တော်ခြောက်သွယ်နှင့်အတူ တန်ခိုးပြာဋိဟာ ပြတော်မူလေသည်။

http://www.dhammadownload.com



ထိုရောင်ခြည်တော်ခြောက်သွယ်နှင့် ရေအလျှံ, မီးအလျှံတို့သည် အပြန်ပြန် အကြိမ်ကြိမ် ထွေးလိမ်ကူးရှက် တက်ချည် သက်ချည် အလီလီကွန့်မြူးတော်မူရာ ယူဇနာ သုံးရာရှိ သီဟိုဠ်တကျွန်းလုံး တန်ခိုးတော်ရေအငွေ့ မထိမတွေ့ရသော နေရာဟူ၍ အပ်တစိုက်စာမျှမကျန်ရ၊ တကျွန်းလုံး ငြိမ်းအေးရှုပင်သွားလေ၏။

(ဤကား မြတ်စွာဘုရားရှင် အဓိဋ္ဌာန်ပြုတော် မူခဲ့ခြင်းကြောင့် ဖြစ်ပေသည်။ မဟာစေတီ တည်သော အခါတွင်လည်း ဓာတ်တော်များ သက်တော်ထင်ရှား ဘုရားသဏ္ဌာန်တော် ဆောင်၍ တန်ခိုးပြာဋိဟာပြရန် အဓိဋ္ဌာန်ပြုတော်မူခဲ့၏။)

ညှပ်ရိုးဓာတ်တော်သည် ကောင်းကင်မှ ဆင်းကြွတော်မူကာ တန်ခိုးပြာဋိဟာပြအပြီး မင်းကြီးဦးခေါင်းပေါ်၌ ကိန်းစံတော်မူရာ မင်းကြီးမှာ ကြက်သီးတဖြန်းဖြန်း ရိုးတွင်းခြင်ဆီထိ ပီတိလှိုက်ဟုန်ဆွေ့ ဆွေ့ခုန်မျှ 'လူဖြစ်ကျိုးနပ်ပေစွ' ဟု အားရဝမ်းသာဖြစ်တော်မူလေ၏။ ရဟန်းရှင်လူပရိသတ် အခမ်းအနားများစွာ ကြီးကျယ်သော ပူဇော်ခြင်းဖြင့် ပူဇော်ကာ ထူပါရုံစေတီတော်မြတ်ကို လကျော်ရစ်လှည့်ပတ်၍ ဌာပနာတော်မူလေ၏။

မကြုံစဖူး ထူးကဲမြင့်မြတ်သော ပွဲတော်ကြီးသို့လာရောက်သူတိုင်း ရတနာသုံးပါးကျေးဇူးဂုဏ်၌ ပို၍ ယုံကြည်မှု ခိုင်မာကာ 'သာသနာတော်အတွက် ဘာပဲလုပ်ရလုပ်ရ' ဟူသော သဒ္ဓါဆန္ဒဝီရိယများ တဖွားဖွား ဖြစ်ပေါ်ကြလေ၏။

မင်းကြီး၏ ညီတော် အဘယမင်းသားနှင့်တကွ မင်းညီမင်းသားတထောင် အမှူးပြု၍ လူပေါင်း သုံးသောင်းတို့ ရဟန်းပြုကြရာ ထူပါရုံ စေတီတော်ကြီး အနီးမှာပင် ထူပါရာမ = ထူပါရုံကျောင်းတော် ပရိဝုဏ်ကြီးကိုပါ ဆောက်လှူပူဇော်ရလေသည်။ (ယင်းထူပါရုံကျောင်းတော်ကြီးမှ စံတော်ဝင်ပုဂ္ဂိုလ်ထူးများ အကြောင်း အခန်း-၄ စသည်၌ ကြည့်။)

## ဒက္ခိဏသာခါနှင့် သမီးတော်သင်္ဃမိတ္တာ

မင်းကြီး၏ခယ်မတော် အနုဠာဒေဝီသည် သဒါဂါမ်အဖြစ်သို့ ရောက်ပြီးနောက် ဘိက္ခုနီ (ရဟန်းမ) ဝတ်ရန် တနေ့ထက် တနေ့ စိတ်ညွတ်လျက် ရှိ၏။ ထိုအကြောင်း မင်းကြီးအား ခွင့်တောင်းလေရာ မင်းကြီးက မထေရ်မြတ်အား လျှောက်ထား၏ရာ မထေရ်မြတ်က—

"ဒကာတော်မင်းကြီး....၊ ငါတို့သည် မာတုဂါမတို့အား ရဟန်းဝတ်မပေးကောင်း၊ ပါဋလိပုတ်နေပြည်တော်၌ ငါတို့၏နှမတော် သင်္ဃမိတ္တာထေရီဘိက္ခုနီမ တပါး ရှိသည်။ ထိုနှမတော်ကို ပင့်ခေါ်မှသာ ဖြစ်နိုင်သည်။ သင်မင်းကြီး၏

http://www.dhammadownload.com



အနုရာဓ နေပြည်တော်မှာလည်း ရှေးဘုရားရှင် သုံးဆူတို့၏ ဗောဓိပင်တည်ရာ အရပ်၌ ငါတို့မြတ်စွာဘုရားရှင်၏ ဗောဓိပင်တည်ထားပူဇော်သင့်ပြီ။ သခင်မ သံဃမိတ္တာ ဗောဓိပင်ကို ပင့်ဆောင်၍ ကြွလာပါစေကြောင်း ခမည်းတော် မင်းကြီးထံ တမန်တော် စေလွှတ်သင့်သည် ဒကာတော်"

## သာသနာ့တမန်တော် အရိဋ္ဌအမတ်

မင်းကြီးလည်း မထေရ်မြတ်အမိန့်တော်ကို ဦးထိပ်ရွက်ပန်ဆင်၍ အမတ်များနှင့်တိုင်ပင်တော်မူရာ တူဖြစ်သူ အရိဋ္ဌအမတ်အား တမန်စေလွှတ်ရန်ရွေးချယ်လိုက်လေ၏။ ထိုတာဝန်ကို ဆောင်ရွက်ရန် စွမ်းနိုင်မစွမ်းနိုင် တူတော်အရိဋ္ဌအမတ်အား မေးမြန်းလေလျှင် တူတော်က-

"မှန်လှပါ ဦးရီးတော်ဘုရား၊ပြန်လာသောအခါ ရဟန်းပြုခွင့်ပေးသနားပါလျှင် ဤကိစ္စပြီးပြေအောင် တူတော်မောင် ဆောင်ရွက်ပါမည်" ဆို၍ ကတိဝန်ခံရလေ၏။

အရိဋ္ဌအမတ်လည်း ဝမ်းသာအားရ မင်းကြီးနှင့်မထေရ်မြတ်တို့၏ သဝဏ်လွှာနှင့် အမိန့်အမှာသြဝါဒကို ယူဆောင်၍ ဇမ္ဗုကောလဆိပ်မှ သင်္ဘောစီးကာ ပါဋလိပုတ်နေပြည်တော်သို့ (မထေရ်မြတ်၏တန်ခိုးတော်ကြောင့်) နေ့ချင်းပေါက် ရောက်သွား၏။

> [ဇမ္ဗုကောလဆိပ်ကား ကိုလမ္ဗိုမှ ၂၅၆- မိုင်အကွာ မြောက်ဘက်စွန်းဂျပနာမြို့အနီး ကျွန်းဆွယ်၌ရှိ၏။ 'ဆံဘိကျုရေ'၊ ယခု ကျည်းကုလားအခေါ် 'ကံကစ်ဆံတုရေ' ခေါ်သော နေရာဖြစ်၏။ အချို့က တလိုင်းမင်းနာ၊သင်္ဘောဆိပ်ဟု မှားယွင်းစွာ မှတ်ယူနေတတ်ကြသည်။ လံကာဒီပ။]

အနုဠာဒေဝီစသော နန်းတွင်းသူ တထောင်တို့လည်း ဆယ်ပါးသီလ ဆောက်တည်ကာ သစ်ခေါက်ဆိုးအဝတ်များကို ဝတ်၍ အရှင်မ သံဃမိတ္တာ၏ အလာကို စောင့်မျှော်နေကြ၏။ မြို့တော်အတွင်း ဒေါဠအမတ် ဆောက်လုပ်သော သမီးတော်ကျောင်း(ဥပါသိကာဝိဟာရ)၌သာ စုပေါင်းနေထိုင်၍ သီလ၊သမာဓိ၊ ပညာကို ကောင်းစွာ ကျင့်ကြံနေနှင့်ကြ၏။

အရိဋ္ဌအမတ်သည်လည်း အရှင်မြတ်နှင့်မင်းကြီးတို့၏ သြဝါဒနှင့်စေတနာ၊ အနုဠာဒေဝီတို့အကြောင်းကို အသောကမင်းတရားကြီးအား လက်ဆောင်သဝဏ်လွှာ သြဝါဒကထာနှင့်အတူ ပြည့်ပြည့်စုံစုံ သံတော်ဦးတင် လိုက်၏။ အရှင်မ သံဃမိတ္တာ၏ကျောင်းတော်သို့လည်း သွားရောက်ကာ လျှောက်ထားလေသည်။

http://www.dhammadownload.com



အရှင်မလည်း ဓမ္မဒူတ သာသနာ့တမန်တော်ဖြစ်သော သီဟိုဠ် သံအဖွဲ့ဝင်များနှင့်အတူ ခမည်းတော်မင်းကြီးထံ ကြွသွား၍ သတင်းစကား ပြောကြားလေ၏။ မင်းကြီးမှာ ချီတုံချတုံ ဝမ်းသာဝမ်းနည်းဖြစ်ကာ မည်သို့လျှောက်ထား ပြောဆို စီမံ့ရမည်မသိ ဖြစ်နေသည်။ တမန်တော်အရိဋ္ဌအမတ်လည်း မင်းကြီးနှင့် အရှင်မတို့အကြား စကား အသွားအလာကို ကြည့်၍ မဖြစ် ဖြစ်သည့်နည်းဖြင့် အခွင့်တော်ရရန်အကြံဖြင့် နာခံခစားနေ၏။ ထိုကိစ္စ မပြီးပြေလျှင်သည်း မိမိ ရဟန်းပြုခွင့် ရမည်မဟုတ်သည်ကို စိုးရိမ်နေမိလေသည်။ မင်းကြီးက–

"ချစ်သမီး....၊ သမီးတော် သိပြီးဖြစ်တဲ့အတိုင်း သားတော်ကြီး ရှင်မဟိန္ဒနှင့် မြေးတော်သုမနသာမဏေတို့ ခမည်းတော်ကို ပစ်ထားပြီး သာသနာပြုကြွသွားကြတာ ခမည်းတော်မှာ လက်နှစ်ဖက်အချိုးခံရသူလို အားကိုးရာမဲ့ဖြစ်ခဲ့ရတယ်။ သားတော်၊ မြေးတော်များနှင့် ခွဲရလို့ ကြေကွဲဝမ်းနည်းမိသော်လည်း သမီးတော် မျက်နှာကို ဖူးမြင်ခွင့်ရနေသေးလို့ တန်သလောက် စိတ်အေးရပါတယ်။ ယခု တခါ သမီးတော်ကပါ ကြွမည် ဆိုပြန်တော့ ခမည်းတော်လည်း မကြံတတ်တော့ဘူး။ ကဲ....မောင်မင်းများပဲ စဉ်းစားပေးကြပါဦး"

သံတမန်များဘက်သို့ လှည့်၍ မိန့်တော်မူရာ မဖြစ် ဖြစ်သည့်နည်းဖြင့် အရှင်မ့ဘက်က ရပ်တည်၍ အကြံအစည်အောင်အောင် ကြံဆောင်မည်ဟု အားခဲထားသော အရိဋ္ဌလည်း သံယောဇဉ်ကိစ္စဖြစ်၍ မည်သို့မျှ ကြားမဝင်ဝံ့ ရှိလေ၏။ သို့နှင့် အရိဋ္ဌအမတ်လည်း အရှင်မ့မျက်နှာကိုသာ အားကိုးသော အမူအရာဖြင့် လှမ်းကြည့်နေတော့သည်။ အရှင်မ့ကလည်း–

"ခမည်းတော် မင်းမြတ်၊ မောင်တော်ဘုရား၏ အမိန့်တော် အာဏာကို ငြင်းဆန်ရန် ဝန်လေးလှပါတယ်၊ မောင်တော်ဘုရားကို အကြောင်းပြု၍ သီဟိုဠ်ကျွန်းမှာ အမျိုးသားများ သာသနာ့ဘောင်ဝင်ခွင့် ရကြသော်လဲ အမျိုးသမီးများမှာ သာသနာဘောင်ဝင်လိုပါလျက် အခွင့်မရ၊ အားငယ်လျက် ရှိနေရှာကြပါတယ်၊ ယခုမူ သမီးတော်အလာကို သေချာစောင့်မျှော်နေရှာကြတဲ့ အမျိုးသမီးများလဲ ရှိနေကြလို့ သမီးတော်ကြွမှ သင့်ပါလိမ့်မယ် ခမည်းတော်"ဟု မိန့်ကြားလေလျှင် မင်းကြီးမှာ အတန်ကြာ စဉ်းစားပြီးမှ–

"ကောင်းပါပြီ သမီးတော်၊ မြတ်စွာဘုရားရှင်ရဲ့ မရွှေမျက်နှာနှင့် ဗျာဒိတ်တော်ကိုခံယူ၍ သားတော်ကြီးနှင့် အကြည်တော် ဒေဝါနံပိယတိဿ တို့ရဲ့ ဩဝါဒနှင့် သဒ္ဓါတရား၊ သီဟိုဠ် ကျွန်းသူ ကျွန်းသားတို့ရဲ့ အကျိုးကိုမြော်ကိုးပြီး သမီးတော်အား အနားက မခွာစေလိုသော်လဲ ခမည်းတော လိုက်လျောပါ့မယ်၊ ဗောဓိဏာသာခါ မဟာဗောဓိပင်ကိုပင့်ပြီး ဘာမီးမယာ် သာသနာပြုကြွရန် စီစဉ်ပေးပါ့မယ်"ဟု ကတိပြုတော်မူလိုက်ရာ အားလုံး သာဓုခေါ်ကြလေသည်။

http://www.dhammadownload.com



## မင်းကြီး၏ အာရုံနိမိတ်နှင့် မဟာဗောဓိမျှာဒိတ်တော်

အသောကမင်းကြီးသည် သီဟိုဠ်ကျွန်းသို့ ပရိဘောဂစေတီ ဗောဓိပင် ဒက္ခိဏာသာခါ လက်ျာတောင်ကိုင်းကို ပို့လှူရန် နယုန်လကတည်းက စိတ်ထဲ၌ အာရုံပေါ်နှင့်လေသည်။ (ဘုန်းကံနှင့်သဒ္ဓါတရားကို သတိပြုပါ။) သို့သော်လည်း စေတီထိုက်သော မဟာဗောဓိပင်ကိုင်းကို ဖြတ်လျှင် ဘုရားရှင်အား သွေးစိမ်းတည်အောင် ပြုလုပ်သော(လောဟိတုပ္ပာဒက)ကံနှင့်တထပ်တည်း အပြစ်ကြီးလေးသဖြင့် မည်သို့လုပ်ရမည်မသိ၊ ဝန်လေးနေခဲ့၏။ (ဤနေရာ၌ မဟာဝံသအလို သံအဖွဲ့ကို ဝါတွင်းကပင်စေလွှတ်၍ သံအဖွဲ့ရောက်မှ ဒက္ခိဏသာခါကို မင်းကြီး ပူဇော် ပင့်ဆောင်ရကြောင်း လာသည်။ ပါရာဇိကကဏ္ဍ အဋ္ဌကထာနှင့် မညီ၊ ဘုန်းကံပါရမီ နှိုးဆော်မှုအစီပွာယ်လည်း လျော့ပါးစေနိုင်သဖြင့် အဋ္ဌကထာအရ ပြလိုက်သည်။)

[ဤနေရာ၌ အထူး သတိပြုကြရန် ပြဆိုဦးအံ့။ ဗောဓိပင်ဟူသည် ပရိဘောဂ 'ဘုရားရှင်၏ အသုံးအဆောင်' စေတီထိုက်၏၊ ချိုးဖွဲ့ဖျက်ဆီးလျှင် ဘုရားရှင်အား သွေးစိမ်းတည်အောင်ပြုသော 'လောဟိတုပ္ပာဒက' ကံကြီးကဲ့သို့ အပြစ်ကြီးလေးလှသည်။ သေလျှင် အဝီစိသို့ မုချ ကျခံရသည်။

'ကာလိင်္ဂ ဗောဓိဇာတ်'တော်၌ ကောင်းကင် ပျံသွားသော ဆင်အာဇာနည်ကြီးသည် အောက်မြေပြင် ဗောဓိပင်ရှိရာ အထက်က ဖြတ်သန်းမသွားဝံ့၍ အသက်ကိုသာ စွန့်သွားကြောင်းလာ၏။ ထိုမျှလောက် အထွတ်အမြတ် ပြုကြရသည်။ ရှေးအခါက ရှင်ဘုရင်တပါး ဆင်တော်စီး၍ ဆရာဘုန်းတော်ကြီးကျောင်းသို့ အလာ ဆင်သည် ဗောဓိပင်ကိုစားရန် လက်မောင်းတင်၍ 'မစားစေချင်လျှင် ငါ့အရှင် ဘုရင်မင်းက တားလိမ့်မည်'ဟု အကဲစမ်းရာ ရှင်ဘုရင်က 'မစားစေချင်လျှင် အရှင်ဖြစ်သော ဘုန်းတော်ကြီးက တားလိမ့်မည်'ဟု အောက်မေ့နေသဖြင့် မည်သူကမျှ မတား၍ စားလေ၏။ သေသောအခါ ဆင်ကအထက်က၊ ဘုရင်ကအလယ်က ဘုန်းတော်ကြီးက အောက်ဆုံးက အဝီစိ ကျခံရသည်ဟုလည်း ဆိုထုံးရှိလေသည်။

ဗောဓိပင်ကို၊ ခေတ်တော်ကိုပူဇော်၍ နိဗ္ဗာန်အထိ အကျိုးရပုံ အပဒါန်ပါဠိတော်တို့၌ များစွာလာ၏။ ခေတ်တော်ကို လူသေကောင်၊ အရိုး စသည် ကဲ့ရဲ့၍ ပြိတ္တာဖြစ်ရကြောင်း 'ခေတုဝိဝဏ္ဏ

http://www.dhammadownload.com



ပေတာ ဝတ္ထု မျှားလည်း အထင်အရှားပင်။ သာသနာ့တော်၌ ဘုရားရှင် ကိုယ်တော်မှဖြစ်သော(သာရီရိက)ဓာတ်ခံတော် မွေတော်နှင့် ဗောဓိပင်(ပရိဘောဂစေတီ)တို့ မည်မျှ အရေးပါကြောင်း ဤသီဟိုဠ် သာသနာဝင်ကလည်း ဖော်ပြလျက်ရှိလေပြီ။ သတိကြပ်ကြပ် မူကြပါကုန်။]

မင်းကြီးသည် မိမိ၏ဆန္ဒနှင့် သံသယကို အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်အား လျှောက်ထားသောအခါ မြတ်စွာဘုရားရှင် မဟာပရိနိဗ္ဗာန် စံခါနီးထားတော်မူခဲ့သော ဗျာဒိတ် အမိန့်ဗျာန်တော် ငါးချက်ကို ဟောပြတော်မူရာ မင်းကြီး လွန်စွာ သဒ္ဓါကြည်ညိုစိတ် ဖြစ်ပွားလေ၏။

၁။ ငါဘုရား ပရိနိဗ္ဗာန် စံပြီးသောအခါ ငါ၏ သာသနာသည် သီဟိုဠ်ကျွန်း၌ ထွန်းကားလတ္တံ့၊ ထိုအခါ မဟာဗောဓိ သီဟိုဠ်၌ တည်စေရန် ဓမ္မာသောကမင်းကြီးသည် မဟာဗောဓိပင်မှ ဒက္ခိဏ သာခါကို ဆောင်ယူလတ္တံ့၊ ထိုအခါ ဒက္ခိဏသာခါ (လက်ျာတောင်ကိုင်း)သည် ဆေးဒန်းမြင်းသီလာ သားရာအရပ်မှအလိုလို ပြတ်ကာ ရွှေအိုး၌ တည်စေသတည်း။

၂။ ရွှေအိုး၌ တည်ပြီးလျှင် မူလအပင်ကဲ့သို့ အမြစ် အသီးအရွက် အညွန့် ထွက်၍ ကောင်းကင်သို့ ပျံတက်ပြီးလျှင် ခုနစ်ရက်ပတ်လုံး ဆီးနှင်း တိမ်တိုက်၌ တည်စေသတည်း။

၃။ ခုနစ်ရက် လွန်သောအခါ ရွှေအိုး၌ သက်ဆင်း တည်လာပြီးလျှင် သီးပွင့်ခက်ရွက်တို့ မြေး ရှက် တင့် တယ် စွာ ခြောက် ဖြာ သော ရောင်ခြည်ကွန်ရက်တို့ ထွက်ပေါ်မြူးကွန့်စေသတည်း။

၄၊ ၅။ (ထူပါရုံနှင့် မဟာစေတီအတွက် အမိန့်ဗျာန် ပြခဲ့ပြီ။)

မင်းကြီးသည် မထေရ်မြတ်၏ အမိန့်ဗျာန်တရားကို နာကြားရသောအခါ အလွန် သဒ္ဓါကြည်ညိုသည်ဖြစ်၍ ဘဏ္ဍာတော်မှ ရွှေများကို ပန်းထိမ်သည်တို့အား အပ်နှံလျက် ဗောဓိပင်စိုက်ပျိုးရန် ရွှေအိုးကြီးကို သွန်းလုပ်စေ၏။

ရွှေအိုးမှာ မျက်နှာဝ အချင်းသုံးတောင်၊ အဝန်းကိုးတောင်၊ အစောက် ငါးတောင်၊ အထု ရှစ်လက်သစ်၊ အနားနှုတ်ခမ်းလုံးမှာ ဆင်ပေါက်နှာမောင်းခန့် ရှိ၏။

ပါဋလိပုတ်နေပြည်တော်မှ မဟာဗောဓိအထိ ခုနစ်ယူဇနာခရီးကို ဝဲယာ မွမ်းမံ၍ ရဟန္တာအရှင်မြတ်တထောင်၊ စစ်အင်္ဂါလေးပါး အတီးအမှုတ်များဖြင့် ခမ်းနားကြီးကျယ်စွာ ထီးဆောင်းမင်းပေါင်း တထောင်ခြံရံလျက် ထွက်တော်မူကြီး ထွက်တော်မူ၏။

http://www.dhammadownload.com



## မင်းစည်းစိမ်ဖြင့် သုံးကြိမ် ပူဇော်ခြင်း

မင်းကြီးသည် ဗောဓိပင်ကို မော်ကြည့်လေလျှင် ပင်စည်နှင့်တောင်ဘက်သို့ သွားသော လကျ်ာကိုင်း၏ အရင်းပိုင်း လေးတောင်ခန့်မျှကိုသာ ဖူးမြင်ရ၏။ ကျန်သော အကိုင်းခက်ရွက်များ အားလုံး မျက်စိအမြင်၌ ပျောက်ကွယ်သွားလေ၏။ (စတုဟတ္ထကို လေးမိုက်ဟုလည်း ယူသော် ရနိုင်ပေရာ၏။) သစ္စာအဓိဋ္ဌာန်ပြုကာ နံ့သာရေသွန်းမှ ပင်လုံးကျွတ် ဖူးမြင်ရသည်။ ဝမ်းသာ ကြည်နူးလှ၍ မင်းစည်းစိမ်ဖြင့် ပူဇော်လေ၏။

တောင်ဘက်သို့သွားသော (ဒက္ခိဏသာခါ = လကျ်ာကိုင်း) လေးတောင်ခန့်နေရာ၌ သစ္စာဓိဋ္ဌာန်ကာ ဆေးဒန်းမြင်းသီလာရည်ကို ရတနာရွှေစုတ်ဖြင့်ယူ၍ လှည့်ပတ်ရစ်သားလိုက်လျှင်ပင် ဒက္ခိဏသာခါ လကျ်ာကိုင်းတော်သည် အလိုလို ပြတ်ကာ နံ့သာညွန်ပြည့်သော ရွှေအိုးကြီး၌ တည်လာ၏။

အချိန်မှာ သီတင်းကျွတ်လပြည့်နေ့ ညနေချမ်းအချိန် ဖြစ်လေသည်။

ပင်စည်အမြင့် ဆယ်တောင်၊ ခက်မ ငါးဖြာ လေးတောင်စီ အသီးကြီး ငါးလုံး၊ တထောင်သော အခက်ငယ်တို့ဖြင့် တင့်တယ်လျက်ရှိရာ ပင်စည်အခြေမှ စ၍ လက်လေးသစ်၊ သုံးသစ် ဆေးဒန်းမြင်း သီလာဖြင့် ရစ်၍ရစ်၍ ပေးလိုက်ရာ ချက်ချင်းပင် အမြစ်များလက်လေးသစ်ခန့် ဆင့်ကာဆင့်ကာ အမြွာမြွာထွက်လာ၏။ အထက်ဆုံးအရစ်မှ ထွက်လာသောအမြစ်မြွာတို့ကား ရွှေအိုးကြီး နှုတ်ခမ်းပတ်လည်၌ ပုလဲကွန်ရက်အုပ်သကဲ့သို့ ကုပ်လျက် ရစ်ဖွဲ့နေကုန်၏။

မင်းကြီးလည်း အသံကုန် ဟစ်အော်၍ ကြွေးကြော်လိုက်ရာ မထေရ်ကြီးများမှအစ ရဟန်းရှင်လူ ပရိသတ်ကြီး၏ သာဓုသံမှာ ခြိမ့်ခြိမ့်ညံလေတော့သည်။ ဘုမ္မစိုးနတ်များမှ စ၍လည်း ဆင့်ကာ ဆင့်ကာ ကောင်းချီးညာသော ဩဘာ သာဓုသံကြီးမှာ ပြဟ္မာ့ပြည်မဆံ့ ရိုက်ခတ်သွားလေတော့၏။

သက်မဲ့ဖြစ်သော မဟာပထဝီ မြေကြီးလည်း လျှင်တော်လည်း ပဲ့တင်ဟည်း၍ ကောင်းချီးသာဓုပေးလေ၏။ မိုးကောင်းကင်နှင့် တောတောင် အရပ်ရပ်တို့မှလည်း စောင်းငြင်းပတ်သာ တူရိယာသံများ ကြားကြရကုန်၏။

ထိုသို့ ရှိခိုးပူဇော်နေကြခိုက် ဒက္ခိဏသာခါ မဟာဗောဓိပင်တော်သည် ရောင်ခြည်တော်ခြောက်သွယ် ယှက်လှယ်မြူးကွန့်၍ တိမ်သွန်ဆီးနှင်း ကောင်းကင်တွင်းသို့ ချက်ချင်း တက်ပျံ၍ ကြွတော်မူ၏။ ခုနစ်ရက်ရှိမှ ရွှေအိုး၌ သက်ဆင်း တည်နေတော်မူသည်။ မင်းကြီးလည်း ခုနစ်ရက်တိုင်တိုင် မဟာဗောဓိ၌ မင်းစည်းစိမ်ဖြင့် ပူဇော်လေ၏။

http://www.dhammadownload.com



သီတင်းကျွတ် လကွယ်နေ့ ပါဋလိပုတ် နေပြည်တော်အရောက် နေ့ချင်းပေါက် ပင့်ဆောင်၍ မြို့တော်အရှေ့ အဝ်ကြပ်းပင်ရိပ်၌ထားကာ ရွှေအိုး ငွေအိုးများဖြင့် ရေချမ်းသွန်းစေလျက် နေ့စဉ်ပူဇော်လေသည်။ တန်ဆောင်မုန်းလဆန်းသုံးရက်နေ့တွင် အညွန့်သစ်များ ထွက်ပေါ်လာပြန်သဖြင့် မင်းကြီးသဒ္ဓါကြည်ညိုကာ မင်းစည်းစိမ်ဖြင့် ပူဇော်ပြန်လေသည်။

မြေးတော်သုမနသာမဏေ ဓာတ်တော်ပင့်ရန် ပါဋလိပုတ်နေပြည်တော်သို့ တန်ဆောင်မုန်းလပြည့်နေ့ ကောင်းကင်မှ ကြွလာသောအခါ ဒက္ခိဏသာခါ ပူဇော်ပွဲကို တွေ့ကြုံ ဖူးမြော်သွားခဲ့ရလေသည်။

(မဟာယာနဗုဒ္ဓဘာသာဝင်တို့သည် မြင့်မြတ်သော ရဟန်း၊ (ဝါ)ဦးပြည်းဖြစ်သော ဘုရားရှင်အား နတ်ဖြစ်လေဟန်၊ မင်းဖြစ်လေဟန် အချွန်အတက် ဘယက်ဒွာဒရာ တန်ဆာ အမျိုးမျိုးခြယ်လှယ်၍ ချီးကျူးသလိုလိုနှင့် လမ်းဖွဲ့သွားနေကြရာ ထေရဝါဒီတို့လည်း ရောယောင်၍ ပါနေကြ၏။

'ဒက္ခိဏသာခါ' ဟု ဆိုကာ ကြာဖက်ကို ဦးခေါင်း၌ ရွက်စေ၍ မှိုကိုးချက်ရိုက်ခြင်း၊ ဝါ-သံကိုးချောင်း ရိုက်ခြင်း စသည်ဖြင့် ရှုပအာစိန္တေယျဖြစ်သော ဘုရားရှင်အား လောကီ အစီအရင်များဖြင့် ကမ္ဘာပေါ်တွင် အရုပ်အဆိုးဆုံးရုပ်တုတော်အဖြစ် ဖန်တီးထိုးနှက်လာသည်ကိုလည်း ထေရဝါဒီ အချို့သည် လောကီနှင့်အထူးအဆန်းကိုင်၍ လမ်းဖွဲ့ လိုက်ပါနေကြပြန် လေသည်။ ကြပ်ကြပ်သတိပြုတော်မူကြပါကုန်။)

## အသောကမင်းကြီး သောကနှင့် ကျန်ရစ်ခြင်း

အသောကမင်းကြီးသည် သီဟိုဠ်သို့ သာသနာပြုကြွမည့်သမီးတော် သင်္ဃမိတ္တာနှင့် ရဟန္တာအရှင်မ တကျိပ်တဦးတို့ကို လည်းကောင်း၊ အရိဋ္ဌအမတ် ဦးစီးသော ဓမ္မဒူတသီဟိုဠ်သံအဖွဲ့ဝင်များကိုလည်းကောင်း နန်းတော်သို့ပင့်၍ ဒက္ခိဏသာခါမဟာဗောဓိပင်အပ်ပွဲ ကျင်းပ၏။ သီဟိုဠ်အထိ လိုက်ပါမည့် ဗောဓိပင်ပြုစုစောင့်ရှောက်ရေးအဖွဲ့ကိုလည်း တပါတည်း ဖွဲ့စည်းအပ်နှံလိုက်သည်။

မင်းကြီးသည် သီဟိုဠ်ကျွန်းသို့ နယုန်လမပြည့်မီကတည်းက ဗောဓိပင်တဆူ ပို့လှူရန် အာရုံညွတ်မိသည်မှအစ အဘယ့်ကြောင့် ဗောဓိပင်ကို ယခုကဲ့သို့ကြည်ညိုပူဇော်နေရပုံ၊ သာသနာ့ကံ, မိမိကံ၏ အစီအမံများကို တမျှော်တခေါ် စဉ်းစား

http://www.dhammadownload.com



ကာ ကံတရား၏အစီအမံကို အပြည့်အစုံမသိသော်လည်း လုပ်ထိုက်၍ လုပ်နေရကြောင်း ဝမ်းသာ၍မဆုံး ရှိရလေ၏။

မင်းကြီးသည် ကြီးစွာသော သာသနာ့ အဆောင်အယောင်၊ မင်းခမ်းမင်းနားဖြင့် (ပဋ္ဌနားခေါ်) ပါဋလိပုတ်နေပြည်တော်မှ မြောက်အရပ် ယမုနာ, အစိရဝတီ, မဟီ, သရဘူ မြစ်လေးစင်းတို့၏ဆုံစည်းရာ ဂင်္ဂါဟု ခေါ်တွင်သော မြစ်သို့ ဗောဓိပင်ကိုပင့်ဆောင်ကြလေ၏။ ဂင်္ဂါမြစ်သို့ရောက်လျှင် လှေတော်ဦး၌ ဗောဓိပင်၊ အရှင်မ သင်္ဃမိတ္တာနှင့်အဖွဲ့၊ အရိဋ္ဌနှင့် သံအဖွဲ့များကို မိမိနှင့်အတူ စီးစေ၍ သာသနာပြုခရီး စတင်ခဲ့ကြလေသည်။

လှေတော်များသည် ဝိဥ္ဈာဋဝီခေါ်သော တောအုပ်တောင်တန်းကြီးကို ရစ်ဝဲ၍ ခုနစ်ရက်တိုင်တိုင် သွားကြရ၏။ ထိုတောင်တန်းကြီးတွင် မိုင်ပေါင်း နှစ်ရာကျော်လုံးလုံးမှာ ဇမ္ဗူဒိပ်ကျွန်း၏ တခုတည်းသော ကမ္ဘာ့ဌာန်းရိပ်သာကြီး အဖြစ် အဿဂုတ္တမထေရ်ကြီး ဦးစီးညွှန်ပြ၍ သီတင်းသုံးရာဌာန ဖြစ်ပေသည်။

[အသောကမင်းကြီးမယ်တော်ဓမ္မာမိဖုရားကြီး၌ ကိုယ်ဝန်သန္ဓေ ရှိစဉ်ကပင် 'မြေအောက်တယူဇနာ၊ ကောင်းကင်တယူဇနာ အာဏာစက်ပျံ့နှံ့၍ မိစ္ဆာအယူအားလုံးကို ချေမှုန်းကာ ဘုန်းတန်ခိုးကြီးမား၍ ဘုရားရှင် သာသနာတော်ကို ကြည်ညို အားပေးမည့် တရားမင်း ဖွားသန့်စင်လိမ့်မည်'ဟု နိမိတ်ဖတ်ခဲ့၍ မင်းအပူဇော်ခံရန် ထမ်းစင်ဖြင့်အလာ အဿဂုတ္တရဟန္တာ အရှင်မြတ်ကြီးနှင့် တွေ့၍ ရဟန္တာဖြစ်တော်မူသွားသော ဗိန္ဒုသာရမင်းကြီး၏ဆရာ ဇနသာနအာဇီဝက ဆရာကြီးလည်း ထိုဝိဥ္ဈာတောင်တန်းကြီး၌ပင်ရှိနေပေမည်။ အဿဂုတ္တမထေရ်ကြီးအကြောင်း အခန်း-၄ ၌ ရှုပါ။]

ဂင်္ဂါမြစ်မှလာသော ဒက္ခိဏသာခါလှေတော်များသည် ခုနစ်ရက်ကြာလျှင် 'တမလ=တာမလိတ္တိ'ခေါ် (ယခုအခါ ကာလကတ္တားမြို့) ပင်လယ် ဆိပ်ကမ်းသို့ ဆိုက်ရောက်ကြလေသည်။ တာမလိတ္တိ ပင်လယ်ဆိပ်ကမ်း၌ ခုနစ်ရက်ပတ်လုံး သုံးကြိမ်မြောက် မင်းစည်းစိမ်ဖြင့် ပူဇော်၍ အဘိသိက်သွန်းလေ၏။

ထိုနေ့ကား နတ်တော်လဆန်း ၁-ရက်နေ့ဖြစ်၏။

သင်္ဃမိတ္တာအမှူးရှိသော ရဟန္တာထေရီမကြီးများနှင့် သံအဖွဲ့ဝင်များ၊ ဗောဓိပင်အမှုထမ်းများအားလုံး သီဟိုဠ်ကျွန်းသို့ကူးမည့် ပင်လယ်ကူးသင်္ဘော လှေကြီးပေါ်သို့ ကူးပြောင်းတက်စီးကြ၏။ မင်းကြီးလည်း မင်းချင်းများနှင့် အတူ ဒက္ခိဏသာခါ လှေတော်ကို ပင်လယ်ကူးသင်္ဘောကြီးအနီးသို့ ဆိုက်ကပ်၍

http://www.dhammadownload.com



ဗောဓိပင်တော်ကို ကူးပြောင်းတင်ပို့ရာ၌ သမုဒ္ဒရာရေတွင်း လည်းပင်းနစ်မျှ သက်ဆင်းလျက် လက်အုပ်ချီကာ လိုက်ပါတော်မူလေ၏။ သင်္ဘောကြီးပေါ်သို့ ဗောဓိပင်တော်ကို ကူးပြောင်းတင်ဆောင်ပြီးလျှင် သင်္ဘောထွက်မည်ရှိသောအခါ အရိဋ္ဌအမတ်သည် မင်းကြီးအား လက်အုပ်ချီ၍ နှုတ်ဆက်လေ၏။

မင်းကြီးလည်း ဗောဓိပင်တော်အား ရှိခိုးလျက် အရိဋ္ဌအမတ်အား ရေထဲမှ လှမ်း၍—

"အမောင်အရိဋ္ဌ....၊ ငါကိုယ်တော်မြတ်သည် ဗောဓိပင်တော်ကို မင်းစည်းစိမ်ဖြင့် သုံးကြိမ်တိုင်တိုင် ပူဇော်ခဲ့ပြီးပြီ၊ ငါ့ရဲ့အကြည်တော် ဒေဝါနံပိယတိဿ မင်းလည်း ငါကဲ့သို့ပင် သုံးကြိမ်ပူဇော်ပါစေ။ အမောင်အရိဋ္ဌ....၊ ငါကိုယ်တော်မြတ်သည် ဗောဓိပင်တော်ကို သမုဒ္ဒရာရေအတွင်း လည်ပင်းနစ်အောင်ဆင်းပြီး လိုက်ပါပူဇော်သလို ငါ့ရဲ့အကြည်တော်လဲ ရေမှာဆင်းပြီး ကြိုဆို ပူဇော်ပါစေ အမောင်"ဟု ပြုံးရွှင်စွာ မှာကြားတော်မူ၏။

ထိုအခိုက်သမုဒ္ဒရာလှိုင်းများ တိတ်ကာ ငြိမ်သက်လျက်ရှိ၏။ ရတ်တရက် ထူးဆန်းစွာကြာမျိုးငါးပါးတို့လည်း ပွင့်ပေါ်လာကြ၏။ ကောင်းကင်တခိုမှ နတ်တူရိယာ စောင်းငြင်းသံများလည်း ကြားကြရလေသည်။

သမီးတော်သင်္ဃမိတ္တာ ရဟန္တာထေရီမကြီးမှာ တည်ငြိမ်စွာ မင်းကြီး မြင်လောက်သောနေရာသို့ ကြွတော်မူ၍ သင်္ဘောအစွန်၌ရပ်တော်မူလျက်-

"ခမည်းတော် သာသနဒါယကာမင်းကြီး သက်ရှည် ကျန်းမာပါစေ၊ ခမည်းတော်မင်းကြီး၊ သမီးတော်တို့သွားပါတော့မည်" မေတ္တာနှုတ်ခွန်း ဆက်တော်မူ၏။ မင်းကြီးလည်း ဗောဓိပင်နှင့်တကွ သမီးတော်များအား လက်အုပ်ချီ နှုတ်ဆက်ကာ စကားတို့မျှမပြန်နိုင်ရှာတော့ပဲ မျက်ရည်များ ဝဲလျက် မျက်လုံးရွှဲကြီးဖြင့် တွေတွေကြီး ကြည့်နေရှာလေ၏။

ပင်လယ်ကူးသင်္ဘောကြီးမှာ တရိပ်ရိပ်ထွက်ခွာစပြုနေ၏။

သာသနဒါယကာ ဓမ္မာသောက မင်းတရားကြီးကား သားတော်၊ မြေးတော်၊သမီးတော်တို့နှင့် နောက်တဖန်ပြန်လည်၍ တွေ့ဆုံရန် အခွင့်မသာ၊ ဤအခါသည် နောက်ဆုံးဖူးတွေ့ရခြင်းဖြစ်သည်ကို မသိရှာပေ။ သမီးတော် သင်္ဃမိတ္တာမှာမူ ထိုအကြောင်းကိုသိမြင်တော်မူမည်သာဖြစ်၏။ခမည်းတော်ကြီးအတွက် မေတ္တာပွားလျက်သာ လိုက်ပါတော်မူလေ၏။

မင်းတရားကြီးကားရေထဲမှနေ၍မျက်စိတဆုံးမျှော်ကြည့်ကာကြည့်၍မမြင်ရတော့မှပင် ပါးပြင်ပေါ်သို့မျက်ရည်များ ကျလာသော်လည်း အားယူအံကြိတ်လျက်က—

http://www.dhammadownload.com



"ဂစ္ဆတိ၀တရေ.... သက်တော်ထင်ရှားမြတ်စွာဘုရားကဲ့သို့ ခြောက်ပါးသော ရောင်ခြည်တော်သခင် ဗောဓိပင်တော်ဟာ....ခုတော့....ငါတို့ကိုပစ်....ထားခဲ့ပြီး--ကြွသွား....တော်မူပါလေပြီကော--"ဟု ဟစ်အော်ငိုကြွေးယင်း တာမလိတ္တိကမ်းထိပ်တွင် လွမ်းစိတ်ကို ဖြေမဆည်နိုင်ရှာတော့ပဲ ခွေယိုင်လဲကျ၍ ကျန်ရစ်ရှာလေဘော့၏။

သဃမိတ္တာထေရီမကြီးသည် လမ်းခရီးအကြား၌ နဂါးတို့ရန်ကိုတန်ခိုးဖြင့် ကာကွယ်ကာ ဒက္ခိဏာသာခါကိုပင့်ဆောင်စဉ် နဂါးမင်းတို့တောင်းပန်၍ခုနစ်ရက်ခွင့်ပြုတော်မူခဲ့၏။ခုနစ်ရက်မြောက် ဗောဓိပင် သင်္ဘောပေါ်သို့ ပြန်ရောက်သောနေ့မှာပင် သီဟိုဠ်ကျွန်း၊ဇမ္ဗုကောလဆိပ်ကမ်းသို့ ဆိုက်ရောက်တော်မူ၏။

## ဗောဓိပင်တန်ခိုးကြောင့် ရဟန္တာ တထောင်တိုး

ဒေဝါနံပိယတိဿမင်းကြီးလည်းနတ်တော်လဆန်း၁-ရက်နေ့မှစ၍အနုရာဓမြို့တော်မြောက်တံခါးမှ ဇမ္ဗုကောလဆိပ်အထိ ခမ်းနားကြီးကျယ်စွာ မွမ်းမံပြင်ဆင်စေတော်မူစေ၏။

မြို့တော် မြောက်ဘက်တံခါးမှ ထွက်တော်မူကာ 'ရောက်ခဲလှသည်'ဟု တံခါးအနီးကပင်အကြိမ်ကြိမ်မျှော်လင့်ရှုစားတော်မူရာ ရှင်မဟာမဟိန္ဒ မထေရ်မြတ်၏ တန်ခိုးတော်ကြောင့် ပင်လယ်တွင်းမှ လာနေသော သင်္ဘောလှေတော်ကို (မှန်ဘီလူး၊ ရေဒါ၌ပေါ်ထင်သကဲ့သို့) အဝေးကပင် မြင်ရလေသည်။ မင်းကြီးလည်း ဝမ်းသာအားရ ခရီးလမ်းတလျှောက် ပန်းမျိုးစုံ ကြဲဖြန့်ကာ ဝဲယာကာရံ၍ ပန်းစေတီများတည်ထားလေ၏။ တီးမှုတ်ကခုန်၊ မွှေးမျိုးထုံလျက် မကြုံစဖူးသော အခမ်းအနားဖြင့် သင်္ဘောဆိပ်အရောက် နေ့ချင်းပေါက် ကြွဆိုရန်ချီတော်မူလေသည်။

သင်္ဘောဆိုက်လုရှိလျှင် လည်ပင်းနစ်မျှ ရေ၌ဆင်း၍ ဗောဓိပင်တော်ကို ဦးခေါင်းဖြင့်ရွက်၍ မဏ္ဍပ်သို့ပင့်ဆောင်၏။ မဇ္ဈိမဒေသမှပါလာသော အဖွဲ့ဝင်များလည်း ဗိုင်းကူမ၍ ချပေးကြသည်။ သဃမိတ္တာနှင့်တကွ ထေရီမကြီးများအားလည်း ဝမ်းသာအားရ နှုတ်ဆက်ကန်တော့လေ၏။ အနုဠာဒေဝီ စသော ယောဂီမ တထောင်တို့လည်း ဝမ်းသာမဆုံးကြချေ။

မင်းကြီးလည်း ဗောဓိပင်ပင့်ဆောင်လာသော အဖွဲ့ဝင် မဇ္ဈိမဒေသအမျိုးသားများအား မင်းစည်းစိမ်သုံးရက်ပေးကာ မိမိဖွာမူ တံခါးစောင့် လုပ်၍ပင်ပူဇော်လေသည်။

http://www.dhammadownload.com



နတ်တော်လဆန်း ဆယ်ရက်နေ့တွင် သဘော်ဆိပ်မှ အနုရာဓနေပြည်တော် အရှေ့မျက်နှာ, သာယာသော မြေအရပ်သို့ ပင့်ဆောင်စေ၏။ အရှင်မဟာမဟိန္ဒ အမှူးရှိသော ရဟန်းတော်များ, သင်္ဃမိတ္တာ အရှင်မ အမှူးရှိသော ရဟန်းတော်မ တကျိပ်တပါးတို့ကို အမှူးထား၍ လာသမျှ ပရိသတ်တို့အား ကျွေးမွေးပြီးလျှင် မြတ်စွာဘုရားရှင် သီဟိုဠ်ကျွန်းသို့ ကြွလာတော်မူစဉ်က သမာပတ် ဝင်စားတော်မူရာ ဌာနတို့၌ ဗောဓိပင်တော်ကို စေ့စေအောင် ကိန်းဝပ်တော်မူစေ၏။

နတ်တော်လဆန်း ၁၄-ရက်နေ့ မွန်းလွဲချိန်သို့ရောက်လျှင် မြို့တော်မြောက် တံခါးသို့ ပင့်ဆောင်၍ မြို့လယ်သို့ရောက်လျှင် တောင်ဘက်တံခါးမှ ထွက်ကာ ထူပါရုံစေတီ၏ အနောက်မျက်နှာ မဟာမေဃဝန် ဥယျာဉ်တွင်းသို့ ပင့်ဆောင် ကြသည်။ သုမနသာမဏေ ညွှန်ကြားချက်အရ ရှေးဘုရားရှင် သုံးဆူတို့၏ ဗောဓိ ပင် တည်ရှိဖူးရာ ဌာနသို့ ဆက်လက်ပင့်ဆောင်ရ၏။ သာမဏေပြသော နေရာသို့ ရောက်လျှင် မှူးချီသော အမျိုးသား တကျိပ်ခြောက်ဦးတို့သည် လက်မှ ရွှေအိုး ကြီးကို လွှတ်လိုက်ကြ၏။

လက်မှ လွှတ်လိုက်သည်နှင့် တပြိုင်နက် ဗောဓိပင်တော်သည် အတောင် ရှစ်ဆယ်ခန့် အရပ်သို့ရောက်အောင် ကောင်းကင်သို့ပျံတက်ကာ ရောင်ခြည်တော် များ ကွန့်မြူးထွက်ပေါ်၍ အပူဇော်ခံတော်မူ၏။

ရောင်ခြည်တော်တို့သည် နေဝင်သည့်တိုင်အောင် ဖြာပြည့်အထိ ကွန့်မြူး လေရာ လွန်စွာ ဝမ်းမြောက် ကြည်နူး ဖူး၍မဝ ရှိကြရလေ၏။ နေဝင်သော အခါတွင်မှ ကောင်းကင်က သက်ဆင်းကာ မြေ၌တည်လှာ၏။ မြေ၌ တည်လှာ ကိန်းဝပ်သည်နှင့် မြေကြီး သိမ့်သိမ့်လှုပ်ကာ ထံရာသော အမြစ်တို့လည်း မြေ၌ သက်ဆင်းကြကုန်၏။ နှစ်ရက်မြောက်လျှင် ခုနစ်ရက်ပတ်လုံး မိုးကြီးသည်းထန်စွာ ရွာသွန်း၍ ဆီးနှင်းများ ဖုံးလွှမ်းနေသဖြင့် ဗောဓိပင်တော်ကို မဖူးမြော်ကြရ။ ခုနစ်ရက်ကျော်မှသာ ဖူးတွေ့ကြရလေသည်။

ဒက္ခိဏာသာခါ မဟာဗောဓိပင်၏ တန်ခိုးတော်ကို ဖူးမြော် ကြရသဖြင့် အမျိုးသား တထောင်ခန့် ဝိပဿနာရှုပွားကာ ရဟန္တာဖြစ်၍ ရဟန်းပြုတော် မူကြလေသည်။

ရဟန်းသံဃာ မင်းပရိသတ်များ အစုံအညီ ပူဇော်နေကြစဉ် ဗောဓိပင်၏ သီးမှည့်တလုံး ကြွေကျလာ၏။ မထေရ်မြတ်က မင်းကြီးအား စိုက်ပျိုးရန် ပေးတော်မူသည်။ မင်းကြီး စိုက်ပျိုးစဉ်မှာပင် အပင်ငယ်ရှစ်ပင် ချက်ချင်း ပေါက်ကာ တနေ့တည်းဖြင့် လေးတောင်ခန့် ရှိလေ၏။ ထိုးမြူ ဆောင်းကာ မင်းကြီးကိုယ်တိုင် အဘိသိက်သွန်းတော်မူသည်။ ဇမ္ဗုကောလဆိပ်၊ ထူပါရုံစေတီ အနီး စသော ရှစ်ဌာနတို့၌ စိုက်ပျိုး ပူဇော်တော်မူလေသည်။ ကြွင်းကျန်သော

http://www.dhammadownload.com



အသီးမှည့်လေးလုံးမှ ပင်ပျို ၃၂-ပင်တို့ကိုလည်း အနုရာဓ ပတ်ဝန်းကျင် တယူဇနာအတွင်းရှိ ကျောင်းများ၌ စိုက်ပျိုးပူဇော်စေလေသည်။

ဓာတ်တော်မွေတော်နှင့် ပရိဘောဂ စေတီဖြစ်သော ဒက္ခိဏသာခါ မဟာဗောဓိများ ကြွလာတော်မူသည့် အချိန်မှစ၍ သီဟိုဠ်ကျွန်းမြေ၌ သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကြွရောက်သီတင်းသုံးတော်မူသည့် အလားသာသနာ့အင်အားများ အပြည့်အစုံ ကိန်းဝပ်တော်မူလေပြီ။

[ သီဟိုဠ်သို့ ဗောဓိပင် ပင့်ဆောင်ပုံကို အသောက မင်းကြီးကိုယ်တိုင် ထိုစဉ်က သက္ကရာဇ် ၁၂၀-ပြည့်နှစ် ထုလုပ်စေသော ရုပ်လုံးများကို သံချီ(သာဥ္စိ)စေတီကြီး၌တွေ့နိုင်သည်။ နှစ်ပေါင်း ၂၂၀၀-ကျော် ကမ္ဘာပေါ်တွင် အသက်အရှည်ဆုံး သစ်ပင်ကြီး အဖြစ်လည်း အပူဇော်ခံလျက် ရှိပေ၏။ နောက်ဆက်တွဲ (ဂ) တွင်လည်း ကြည့်ပါ။ ]

အနုဠာဒေဝီနှင့်တကွ ယောဂီဝတ်၍နေနှင့်ကြသော အမျိုးသမီးတထောင်တို့သည် သင်္ဃမိတ္တာထေရီမကြီး၏ အထံတော်၌ ရှင်မဟာ မဟိန္ဒထေရ်မြတ်၏ ဩဝါဒကိုခံယူ၍ ရဟန်းပြုခွင့်ရကြလေ၏။ ထေရီမများအားလုံး မကြာမြင့်မီပင် ရဟန္တာမကြီးများ ဖြစ်တော်မူကြလေသည်။

ဓမ္မဒူတ ဗောဓိတမန်တော် အရိဋ္ဌအမတ်လည်း အဖော်ငါးရာတို့နှင့်အတူ မင်းကြီးအား ခွင့်ပန်၍ မထေရ်မြတ်အထံတော်၌ ရဟန်းပြုကြရာ မကြာမီပင် ရဟန္တာ ဖြစ်တော်မူကြလေသည်။

သင်္ဃမိတ္တာထေရီမကြီးသည် ဘိက္ခုနီမ တထောင့် တကျိပ် တပါး ခြံရံ၍ သမီးတော်ကျောင်း(ဉပါသိကာ ဝိဟာရ)၌ သီတင်းသုံး၍ အမျိုးသမီး သာသနာကို ပြုတော်မူ၏။ မင်းနှင့်ပြည်သူတို့သည် ပြာသာဒ်ကြီး ၁၂-ဆောင်တို့ကိုလည်း ဆောက်လှူ ကြကုန်၏။ ထိုအဆောင်များ၌ ဗောဓိပင် ပင့်သော လှေတော်မှ လင်းယဉ်တိုင်, ထိုးဝါး, တက်မ စသည် တို့ကို အသီးသီး ပူဇော်ထား၍ 'လင်းယဉ်တိုင် ပြာသာဒ်ကျောင်း' စသည် မှည့်ခေါ်ကြလေသည်။

သင်္ဃမိတ္တာ ထေရီမကြီးသည် ရဟန်းတော် ထေရီမများ တနေ့တခြား များပြားလာ၍ သမီးတော်ကျောင်း၌ ငြီးငွေ့စပြုတော်မူ၏။ တချိန်တည်းမှာပင် မင်္ဂလာဆင်တော်လည်း အနုရာဓမြို့တော်အနီး လှည့်လည်ကျက်စားစဉ် ဆိတ်ငြိမ်အေးချမ်းသော ချောင်းနခမ်းဘေး ဆူးချုံတခု၌သာ စွဲမြဲနေလေ့ရှိသဖြင့် ဆင်ချည်တိုင် လုပ်ပေးထားကြရ၏။ အစာရေစာလည်း မယူမလှမ်း ညှိုးနွမ်း၍သာ နေလေ၏။ မင်းကြီးသည် အရှင်မြတ်အား ထိုအကြောင်းလျှောက်ထားရာ ထိုချုံ အရပ်၌ စေတီတည်စေလိုကြောင်းမိန့်၍ စေတီတဆူတည်ရ၏။

http://www.dhammadownload.com



မင်းကြီးသည် တနေ့တွင် ထေရီမကြီးအား ဖူးမြော်ရန်သွားရာ ကျောင်းမှာမတွေ့ရပဲ ထိုဆင်ချည်တိုင်ရှိရာ ချောင်းနှုတ်ခမ်းဘေး၌ အေးချမ်းစွာ သမာပတ်ဖြင့်နေ့သန့်စင်တော်မူနေသည်ကို ဖူးတွေ့ရလေ၏။ သာသနာရေးကိစ္စများကို ဆွေးနွေးလျှောက်ထားကာ ထိုဆင်ချည်တိုင် စေတီ အနီးမှာပင် အရှင်မအတွက် သီးသန့်ကျောင်းတဆောင် ဆောက်လှူတော်မူလေသည်။ 'ဟတ္ထာဠ္ဍကဝိဟာရ= ဆင်ချည်တိုင်ကျောင်း'ဟု ထင်ရှားလေ၏။

## သာသနာတော်၏ ပစ္စန္တရေသောက်မြစ်ကြီး

သီဟိုဠ်ကျွန်း၌ ခတ်တော် မွေ့တော် ဗောဓိပင်တော်များနှင့် အတူ အမျိုးသားများရော အမျိုးသမီးများပါ ထေရဝါဒသာသနာတော်ကြီး ဘက်စုံ ယှဉ်းပ၍ ပရိယတ်, ပဋိပတ်ဓုရနှစ်ဖြာ ထမ်းဆောင်တော်မူကြရာ မင်းနှင့်ပြည်သူ တို့လည်း ပစ္စည်းလေးပါး လိုလေသေးမရှိပြုစု ထောက်ပံ့ကြလေသည်။

ကျက်သရေရှိလှသော တခုသော နံနက်ခင်းကာလ မထေရ်မြတ်သည် မင်းကြီးနှင့်အတူ ဗောဓိပင်တော်ကို ဖူးမြော်ရန်ကြွတော်မူ၏။ ပြီးလျှင်အနီး ဝန်းကျင်၌ လှည့်လည်တော်မူစဉ် မင်းကြီးသည် တိုင်းသူပြည်သား အများ သတ္တဝါတို့ချမ်းသာရေး အကောင်းဆုံးသော ဘုရားအဆုံးအမ သာသနာတော်ကို အားပေးရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ယင်း မထေရ်မြတ်နောက်မှ လိုက်ပါ လာ၏။

စေတီကျောင်းကန် သံဃာတော်များအကြောင်းတွေးတောယင်း လိုက်ပါ လာရာ စိတ်ထဲတွင် သာသနာပြုရာ၌ တစုံတခုလိုနေသေးသကဲ့သို့ ဖြစ်လာသဖြင့် မထေရ်မြတ်အား လမ်းသွားယင်း အောက်ပါအတိုင်းလျှောက်ထားမိလေ၏။

**မင်းကြီး** အရှင်မြတ်ဘုရား....၊ တပည့်တော်များ သီဟိုဠ်ကျွန်းမှာ မြတ်စွာဘုရားသာသနာတော်တည်ပါပြီလား အရှင်ဘုရား....။ (ပတိဋ္ဌိတံ နုခေါ ဘန္တေ တမ္ဗပဏ္ဏိဒီပေ သာသနံ။)

**မထေရ်** ဒကာတော်မင်းကြီး....၊ သာသနာတော်တည်ပေပြီ၊ သို့ရာတွင် သာသနာ့အမြစ်အရင်းကား မသက်ဆင်းတတ်သေး။ (ပတိဋ္ဌိတံ မဟာရာဇ သာသနံ၊ မူလာနိ ပန’ဿ န တာဝ ဩတရန္တိ။)

**မင်းကြီး** ဒီလိုဆိုယင် အရှင်ဘုရား....၊ အဘယ်အခါကျမှ သာသနာ့အမြစ် အရင်း သက်ဆင်းသည်မည်ပါသလဲ အရှင်ဘုရား....။ (ကဒါ ပန ဘန္တေ မူလာနိ ဩတိဏ္ဏာနိ နာမ ဘဝိဿန္တိ။)

http://www.dhammadownload.com



မထေရ် ဒကာတော်မင်းကြီး....၊ အကြင်အခါ၌ ဤသီဟိုဠ်ကျွန်းသား မိဘနှစ်ပါးတို့မှ ဤသီဟိုဠ်ကျွန်း၌ ဖွားမြင်သော သူငယ်သည် ဤသီဟိုဠ်ကျွန်း၌ ရှင်ရဟန်းပြုပြီးလျှင် ဤသီဟိုဠ်ကျွန်း၌ပင်လျှင် ဝိနည်းပိဋကတော်ကို သင်ယူ၍ ဤသီဟိုဠ်ကျွန်း၌ ဘဝတူသီဟိုဠ်ကျွန်းသားတို့အား ထိုဝိနည်းပိဋကတော်ကို တဆင့်ပြန်လည် ပို့ချသင်ပြပေး၏။

ထိုအခါ သာသနာအမြစ်အရင်း သက်ဆင်းသည် မည်ပေသောသည် ဒကာတော်မင်းကြီး။ (ယဒါ မဟာရာဇ တမ္ဗပဏ္ဏိဒီပကာနံ မာတာပိတူနံ တမ္ဗပဏ္ဏိဒီပေ ဇာတော ဒါရကော တမ္ဗပဏ္ဏိဒီပေ ပဗ္ဗဇိတွာ တမ္ဗပဏ္ဏိဒီပမှိ ယေဝ ဝိနယံ ဥဂ္ဂဟေတွာ တမ္ဗပဏ္ဏိဒီပေ ဝါစေဿတိ၊တဒါ သာသနဿ မူလာနိ ဩတိဏ္ဏာနိနာမ ဘဝိဿန္တိ။)

မင်းကြီး အရှင်ဘုရား....၊ ဒီလိုဆိုပါလျှင်....ထိုကဲ့သို့ စွမ်းဆောင်နိုင်သော သီဟိုဠ်သားရဟန်းတော်ကော ရှိပါသလား။

မထေရ် ရှိပေတယ် မင်းကြီး....၊ သင်မင်းကြီး၏ တူတော် မဟာအရိဋ္ဌ ရဟန်းသည် ဤကိစ္စမှာ စွမ်းဆောင်နိုင်သူ ဖြစ်ပေတယ်။

မင်းကြီး အရှင်ဘုရား....၊ ဒီကိစ္စအတွက် ဒကာတော်ဘယ်ကဲ့သို့ ဆောင်ရွက်ပေးရပါမလဲဘုရား။

မထေရ် မင်းကြီး....၊ ဒကာတော်အနေဖြင့် မဏ္ဍပ်ကြီးတခု အလျှင်အမြန် စီမံပါလေ။

မင်းကြီးသည် မထေရ်မြတ် အမိန့်တော်အရ ပန်းချီ ပန်းပု အနုပညာသည်များအား ထူပါရုံကျောင်းတော်ကြီး ပရိဝုဏ်အတွင်း၌ ခမ်းနား ဆန်းကြယ်သော မဏ္ဍပ်ကြီးတခုကို ဆောက်လုပ်စေ၏။

ထိုနေ့ကား သီတင်းကျွတ်လပြည့်ကျော် ၁-ရက် မဟာပဝါရဏာနေ့ဖြစ်၏။

ထိုအချိန်၌ ထူပါရုံ ကျောင်းဆောင်ကြီးအတွင်း ရဟန်းတော်ပေါင်း ခြောက်သောင်း ရှစ်ထောင်ခန့် စုဝေးတော် မူမိကြလေသည်။ သံဃနာယက ရှင်မဟာမဟိန္ဒထေရ်မြတ်ကြီးအတွက် ထေရာသနပလ္လင်တော်ကြီးကို မြောက်မှ တောင်သို့မျက်နှာမူ၍ ပြင်ဆင်ခင်းကျင်းထားကြ၏။ ဝိနည်းပိဋကကို ဖြေဆိုပို့ချမည့် ဝိနယဓရမဟာအရိဋ္ဌ မထေရ်အတွက် တခုတည်းသော ဓမ္မာသနနေရာတော်ပလ္လင်ကြီးကိုကား တောင်မှမြောက်သို့ မထေရ်မြတ်နှင့် မျက်နှာချင်းဆိုင် ပြင်ဆင်ကြ၏။

http://www.dhammadownload.com



ဝိနည်းပိဋကက ပို့ချရွတ်ဆိုပွဲကြီး ကျင်းပရန် အချိန် ကျရောက်သည်နှင့် သံဃာတော်များအားလုံး တရားမဏ္ဍပ်ကြီး အတွင်းသို့ ကြွလာတော်မူကြရာ ဓမ္မာသနပလ္လင်အနီးသို့ရောက်လျှင် မထေရ်မြတ်က လက်ညှိုးညွှန်၍–

"ငါ့ရှင် အရိဋ္ဌ....၊ အဲသည်ဓမ္မာသနပလ္လင်ပေါ်ကို ကြွပါ"ဟု မိန့်ဆို၍ မိမိမှာမူ မျက်နှာချင်းဆိုင် မြောက်ဘက် နေရာတော်ပေါ်သို့ တက်ကြွတော်မူသည်။ မထေရ်မြတ်နှင့်တကွ ရဟန္တာ အရှင်မြတ်ကြီး ခြောက်ကျိပ် ရှစ်ပါး ဦးစီးသော ရဟန်းတော် ခြောက်သောင်းရှစ်ထောင်တို့သည် မဟာအရိဋ္ဌထေရ် သီတင်းသုံးရာ ဓမ္မာသနပလ္လင်တော်ကြီးကို လှည့်ပတ်ဝန်းရံ၍ အသီးအသီး နေရာယူတော်မူကြသည်။

မင်းကြီး၏ညီတော် မတ္တာဘယမထေရ်ကြီးမှူးသော သီဟိုဠ်သား မထေရ်ငါးရာတို့သည် မဟာအရိဋ္ဌမထေရ်မြတ်အနီး ဓမ္မာသနပလ္လင်တော်ကြီး ခြေတော်ရင်းသို့တိုးကာ ဝန်းရံ၍ သီတင်းသုံးကြလေ၏။

"ငါတို့တတွေ သာသနာတော်ရဲ့ အသက်ဖြစ်တဲ့ ဝိနည်း ပိဋကတော်ကို အလေးအနက်ထားပြီး နာကြားသင်ယူကြမည်"ဟု သဒ္ဓါ ဆန္ဒ မလျော့သော ဝီရိယဖြင့် ကျုံ့ကျုံ့ကလေး ဝန်းရံရှိခိုး၍ နေကြလေသည်။

မင်းကြီးလည်း မင်းပရိသတ်ကြီးနှင့်အတူ ရှေ့ဆုံး၌ လက်အုပ်ချီ ထိုင်နေလျက် တူတော် မဟာအရိဋ္ဌထေရ်သင်ကြားပို့ချမည့် ဝိနည်းပိဋကတော်ကို နာယူဆိုင်းငံ့ကြည်ညိုနေ၏။ ဝိနည်းပိဋကတော်ကို သင်ယူရွတ်ဆိုကြမည့် ရဟန်းတော်များကို ဖူးလိုက်မြန်ပါလျှင်လည်း ညီတော် မတ္တာဘယထေရ်နှင့် တူတော်၊ ဆွေတော်မျိုးတော်တွေချည်း ဖြစ်နေသည်ကို ဖူးမြင်ရရာ လွန်စွာရွှင်လန်းတက်ကြွနေလေ၏။

အနုရာဓ နေပြည်တော် ဒကာဒကာမများလည်း ပန်းဆီမီး အမွှေးနံ့သာများ အသီးအသီး ယူဆောင်၍ 'သာသနာတော် အမြစ်အရင်း သက်ဆင်းတာ ကြည်ညိုကြရအောင်'ဟု ဆိုကာ ကြိတ်ကြိတ်တိုး လာရောက်နာယူကြလေသည်။

မဟာအရိဋ္ဌမထေရ်သည် သံဂါယနာ သုံးတန် ရဟန္တာဆရာမထေရ်ကြီး အဆက်ဆက်တို့ လက်ဆင့်ကမ်းသင်ယူလာသော ဝိနည်းပိဋကကို အနက်အဓိပ္ပာယ် (အဋ္ဌကထာ)နှင့် တကွ ရှင်မဟာမဟိန္ဒမထေရ်မြတ်ကြီးထံမှ သင်ယူတတ်မြောက်ပြီး ဖြစ်သည့်အတိုင်း မဆိုင်းမကွ ဦးစွာရွတ်ဆို၍ပြတော်မူလိုက်ရာ....

"တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္စာယံ ဝိဟရတိ နဠေရုပုစိမန္ဒမူလေ"ဟူသော အသံတော်မှာ တခဲနက် ပဲ့တင်ထပ်ကာ ပရိသတ် အများ

http://www.dhammadownload.com



နားပီတိ ဖြစ်ကြရလေ၏။ အသံတော်မှာ ကောင်းကင်သို့ ပျံတက် မြည်ဟိန်း သွားသည်နှင့် တပြိုင်နက် ကောင်းကင်တခုလုံး ပြိုအက်မတတ် လျှပ်စစ်မိုးချုန်းသံ များ ထွက်ပေါ်လာကုန်၏။ သီဟိုဠ်တကျွန်းလုံး ရေအဆုံးတိုင်အောင် မြေငလျင် ကြီး လှုပ်ခါ၍ နတ်ဗြဟ္မာတို့လည်း သာခုခေါ်ကြလေသည်။

သာသနာတော် အမြစ်အရင်း သက်ဆင်းလေပြီ။

[မင်းကြီးသည် မဟာအရိဋ္ဌမထေရ် စာချရန် ကျောင်းတိုက် ကြီးတတိုက်ကိုလည်း ဆောက်လှူလေ၏။ ထိုကျောင်းတိုက်ကြီး ကား ယခုအခါ လောဟပါသာဒ၏ အနောက်မြောက်၊ မဟာ စေတီအနောက်ဘက် တံတိုင်းကြီး၏ အပြင်ဘက်၊ အဘယဝါပိ ရေကန်အကြား၌ တည်ရှိ၍ ကျောင်းတိုက်ကြီး အလယ် ဗဟို၌ မဟာအရိဋ္ဌမထေရ် စာပို့ချစဉ် ထိုင်သော ကျောက်ဖျာကြီး တချပ်နှင့် ကျောက်မတ်ကြီး ရှိလေသည်။]

"ဝိနည်းသည် သာသနာတော်၏ အသက် ဖြစ်၍ ဝိနည်းတည်မှသာလျှင် သာသနာတော်အသက် ရှင်တည်နေသည်မည်၏။ ဝိနယေ ဌိတေ သာသနံ ဌိတံ၊ ဝိနယော ဟိ နာမ သာသနဿ အာယု" ဟု အဋ္ဌကထာဆရာတို့ မိန့်ကော်မူ ကြ၏။ ဝိနည်းတရားကို ကျင့်ဆောင်ထားသူမှ သာလျှင်လည်း သာသနာတော် အရှည် တည်တံ့အောင် ပြုလုပ်သူ မည်ကြောင်း၊ (သဒ္ဓမ္မဋ္ဌိတိယာ ပဋိပန္နော ဟောတိ — ဝိ၊ ၅–၂၃၆) ဟောတော်မူရာ သာသနာတော်၌ အဘယ် အရာ အရေးအကြီးဆုံးဖြစ်သည်ကို သတိပြုရန်ပင် ဖြစ်၏။

ရှင်ရှင်လူလူ ဝိနည်း(သီလ) ရှိသူသည်သာ သာသနာတည်သူ၊ သာသနာပြုနေသူမည်၍၊ သာသနာတော် တည်တံ့ ပြန့်ပွားရေး ဆောင်ရွက် လိုသူတိုင်း သီလ မခိုင်မာ၍ မရချေ။ သီလသည်= စရဏ=ခြေလက်မည်၍ ခြေလက်ကျိုးသူ၏ လုပ်ဆောင်ချက်ကား အားကိုးဖွယ် မရှိ။

## ရှင်မဟိန္ဒပေးခဲ့သော သာသနာပြု သင်ခန်းစာ

ဗုဒ္ဓသာသနာတော် စစ်မျက်နှာသစ်ဖွင့်ရာ၌ သင်ခန်းစာယူရမည့် အချက် များကို ဤသီဟိုဠ် သာသနာဝင်က ဖော်ပြလျက် ရှိ၏။

http://www.dhammadownload.com



အကျဉ်းချုပ်ကား....

၁။ သာသနာပြုပုဂ္ဂိုလ်သည် သီလ, သမာဓိ, ပညာ ပြည့်သော အရိယ တပည့်တော်ဖြစ်ရုံမျှမက တန်ခိုး ဣဒ္ဓိပါဒ်များပါ ပြည့်စုံမှ ပို၍ခရီး ရောက် အောင်မြင်ခြင်း၊ ဝါ-ပဋိပတ္တိနည်းဖြင့် ဦးစွာသာသနာပြုမှ အောင်မြင်ခြင်း။

ပရိယတ္တိစာပေလက်နက်တခုတည်းကိုသာ အားကိုး၍ 'ဗုဒ္ဓဟူသည်ဘယ်သို့' စသည်ဖြင့် ဟောပြော ဖတ်နာစေကာ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' ရွတ်ဆိုပါ ခိုင်း သော်လည်း ရွတ်မည်မဟုတ်၊ ဤဂုဏ်တော်ကို ကျက်မှတ်ပါ ဆိုသော်လည်း ကျက်မှတ်မည် မဟုတ်ချေ။

သဒ္ဓါတရားသည် လူတဦးထံမှရယူရန် အခက်ခဲဆုံးသော ရတနာဖြစ်၏။ သားအမိချင်းပင်လျှင် ပေးနိုင် ယူနိုင်ခြင်းမရှိ၊ 'ယုံပါ'ဆိုတိုင်းလည်း ယုံကြည် မဟုတ်။ စာမျှဖြင့် ယုံခြင်းသည်လည်း လေတိုက်မခံ၊ ပထမဦးဆုံး နှလုံးသားမှာ ယုံကြည်စိတ်ဝင်လာအောင် လုပ်ဖို့ အရေးကြီး၏။ တနည်းနည်းဖြင့် ဖျောင်းဖျ သိမ်းသွင်းကာ လက်တွေ့ (ပဋိပတ်) လုပ်စေခြင်းမှတပါး အခြားနည်း မရှိချေ။

ယင်းပဋိပတ်တွင်လည်း ကိုးတိုင်းကိုးဌာန သာသနာပြု အရှင်မြတ်များ ကဲ့သို့ လိုအပ်၍ တန်ခိုးကိုသုံးနိုင်ပါမူ သာ၍ ခရီးရောက်၏။ သို့ရာတွင် ရေရှည် အတွက်ကား ပဋိပတ်မျှဖြင့်လည်း ရင်တည်၍မရ၊ တစတစ အယူအဆ ရှုပ်ထွေး လာကာ သာသနာ ညစ်မှေးစေနိုင်၏။ ထို့ကြောင့်....

၂။ အတန်အသင့် ပဋိပတ်အရည်အသွေးများ ပြည့်စုံလာလျှင် (သီဟိုဠ် သာသနာ၌ကဲ့သို့) ပရိယတ္တိကိုပါ ပူးတွဲကျင့်ဆောင်ရ၏။ ပရိယတ္တိ ဆိုရာတွင်လည်း ဘာသာစာပေတရပ် သဘောမျှလောက် လေ့လာ ရုံမျိုးကို မဆိုထားဘိ။ သာမန် စာသင်စာချခြင်းမျိုးနှင့်လည်း မလုံ လောက်။ စင်စစ်'**ဝိနည်း အဓိက-ပရိယတ္တိ**'ကို ထူထောင်ရပေလိမ့်မည်။

ဥရောပနိုင်ငံ၌ ပါဠိစာပေကို လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာခန့်ကပင် လေ့ လာခဲ့ကြသော်လည်း ဘာသာခြား စာပေတရပ် လေ့လာခြင်းမျိုး လောက်သာ ရှိခဲ့ကြ၍ အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့ကြ။ နှောင်းခေတ် သီဟိုဠ်မှ ဘာသန္တရ ကျွမ်းကျင်သော ပါဠိပညာရှင် ရဟန်းတော်များလည်း အပြည်ပြည်၌ ကျောင်းတည်၍ပင် သာသနာ ပြုခဲ့ကြစေကာမူ ပဋိပတ်ကိုထား၍ ပရိယတ်သည် ပင် လိုအပ်သော 'ဝိနည်းအဓိက ပရိယတ်' မဟုတ်တတ်သဖြင့် လ ကမ္ဘာသို့ သွား နိုင်သည်ဆိုသော်လည်း ရောက်ရုံမှတပါး အကျိုးထူး မပေါ်သကဲ့သို့ ဖြစ်ခဲ့ကြရ လေသည်။

http://www.dhammadownload.com



ရှင်မဟာ မဟိန္ဒ မထေရ်မြတ်ကြီး ပေးခဲ့သော သာသနာ နယ်ပယ်သစ် တိုးချဲ့တည်ဆောက်ခြင်း သင်ခန်းစာကား လေးနက်လှပါပေ၏။

စင်စစ် ထေရဝါဒ ဗုဒ္ဓသာသနာတော် နယ်ပယ်သစ်ဖွင့်ရာ၌သာမက လက်ရှိ သာသနာတည်ဆဲဒေသများတွင်လည်းပရိယတ်,ပဋိပတ် ဓုရ=တာဝန်နှစ်ရပ်စလုံး မထမ်းဆောင်နိုင်ပါက ရေရှည်တည်တံ့ရန် မဖြစ်နိုင်ချေ။

ဗုဒ္ဓဘာသာဝင် တဦးချင်း၏ သန္တာန်တွင်လည်း ဤအရည်အချင်းနှစ်မျိုး (တန်သလောက်) မပြည့်စုံလျှင် ဖြန့်ချိနိုင်သောအင်အား, ရပ်တည်နိုင်သောအင် အားများ ချည့်နဲ့လျက်သာ ရှိနေပေမည်။

ဤနေရာ၌ အထူး မှတ်သားခွင့်ရသည်မှာ....

လူမျိုးတမျိုးက အခြားလူမျိုးတမျိုးထံ သာသနာ့အမွေ လွှဲ ပြောင်းဖြန့်ချိကြရာ၌ ပေါင်းကူးပေးရုံမျှသာ တတ်နိုင်၏။

ဆက်လက်တည်တံ့ပြန့်ပွားရန်မှာ ဒေသခံလူမျိုးထဲကပင် ဓုရ နှစ်ဖြာစာပေနှင့် လက်တွေ့ပြည့်စုံအောင်ဆည်းပူးကာ ကိုယ့်အမျိုး ကိုယ်ပြုနိုင်မှသာလျှင် ဝေါဟာရ, ဓလေ့ ထုံးတမ်းကအစ ကျွမ်း ကျင်ပြီးဖြစ်၍ ခရီးပေါက်နိုင်လေသည်။

## ဘဝကို တန်ဖိုးရှိရှိ သုံးစွဲသွားကြသူများ

လောက၌ အသက်တရာ မသေ, နေရသူမရှိ၊ မိမိတို့ ဘဝကို တန်ဖိုးရှိရှိ သုံးစွဲနေထိုင်သွားနိုင်ခြင်းသည်သာ မှန်မြတ်၏၊ မိမိ, သူတပါး နှစ်ဦးသားလုံး၏ အကျိုး၊ကမ္ဘာလောကသားတို့၏အကျိုးကို ဆောင်ရွက် ပေးစွမ်းနိုင်ခြင်းသည်သာ မှန်မြတ်၏။

ဘဝတန် ဖိုးရှိအောင်နေခြင်း၊ သူ့အကျိုးဆောင်ခြင်းဆိုရာ၌ သာသနာ တော် နည်းမှတပါး မှန်မြတ်သောနေခြင်း၊ ဆောင်ရွက်ခြင်းကား အလွန် ရှား လှပေ၏။

၁။ ကမ္ဘာသူကမ္ဘာသား သတ္တဝါအများ ကောင်းစား ချမ်းသာရေး အတွက် ဘဝကို တန်ဖိုးရှိရှိသုံးစွဲ၍ သာသနာရေးအတွက် အသက် ပေးခဲ့သော **အသောကမင်းကြီးသည်** နန်းစံ ၃၇-နှစ် (သာသနာ- ၂၅၅)တွင် နတ်ရွာစံ ကံတော်ကုန်ခဲ့ရလေပြီ။

၂။ သီဟိုဠ် ကျွန်းသူ ကျွန်းသားတို့နှင့်တကွ **ကမ္ဘာသူ ကမ္ဘာသားတို့** **အတွက်ပါ** သာသနာ့အမွေ ပေးခဲ့သော **ဒေဝါနံပိယတိဿမင်းကြီး** **လည်း များစွာသော ကျောင်းကန်ဘုရားကောင်းမှုတော်များကို** တည်

http://www.dhammadownload.com



ထား ဆည်းပူးကာ နန်းစံ၄၀-နှစ် (သာသနာ-၂၇၆) တွင်နတ်ရွာ စံတော်မူခဲ့၏။

၃။ မင်းကြီး၌ သားတော်မရှိ၍ ညီတော် ဥတ္တိယမင်း နန်းတက်ရာ နောင် တော်၏ အရိုက်အရာ သာသနာနှင့် လောကအကျိုးကို သည်ပိုးတော် မူ၏။ ဥတ္တိယမင်း နန်းတက်၍ ရှစ်နှစ်မျှရှိသောအခါ (သာသနာ- ၂၈၃) တွင် **အရှင်မဟာမဟိန္ဒ** မထေရ်မြတ်ကြီး လည်း သက်တော် ရှစ်ဆယ်, ဝါတော်ခြောက်ဆယ်အရ၊ မိဿကစေတီယတောင်ခေါ် မဟိန္ဒလေ့တောင်၌ပင် ဝါကပ်တော်မူယင်း သီတင်းကျွတ်လဆန်း ရှစ် ရက် နံနက် နေအရုဏ်နှင့်အတူ ပရိနိဗ္ဗာန် ပြုတော်မူခဲ့လေပြီ။

မထေရ်မြတ်၏ အလောင်းတော်ကို ရွှေပြာသာဒ်၌တင်၍ ကြီးစွာ သော ပူဇာသက္ကာရ မြွေ့သံဝေဂဖြင့် မဟာဝိဟာရသို့ ရဟန်းရှင်လူများ တန်းစီ၍ ပင့်ဆောင်ကာ ခုနစ်ရက်ပတ်လုံး ကြိမ်မီးအုံးသို့ ယူကျုံးမရ ငိုယိုပူဇော်ကြကုန်၏။ ပြာသာဒ်ဆောင်ကြီး ကြီးစွာဆောက်လုပ်၍ သုံးယူဇနာဝန်းကျင် မုခ်ဦးတုရိုဏ် တန်ခွန်တိုင်နှင့် ပန်းခိုင်ဆီမီး အမွှေးနံ့သာ အဖြာဖြာတို့ဖြင့် အားရအောင် ပူဇော်ကြပြီးလျှင် အလောင်းတော်ကို မဟာစေတီတည်မည့် နေရာအရပ်ကို လကျာ ရစ်ပတ် ရွှေပြာသာဒ်ဖြင့်ပင့်ဆောင်၍ (အရိယာပုဂ္ဂိုလ်တို့ သင်္ဂြိုဟ်ရာ) 'ဣသိဘူမင်္ဂလာ' အရပ်ရှိ 'ထေရာနမ္ဗန္ဓမာလက' အဆောက်အအုံတော်၌ ထင်းနံ့သာတို့ဖြင့် မီးသင်္ဂြိုဟ်ကြသည်။

ကြွင်းကျန်သော ဓာတ်တော်များတွင် တဝက်ကျော်ကျော်ကို ရှင် မဟိန္ဒဓာတုစေတီ တည်ထားပြီးလျှင် ကျန် ဓာတ်တော်များကို စေ တီယတောင်နှင့် သီဟိုဠ်တကျွန်းလုံး နေရာများစွာ၌ ခွဲဝေပူဇော်ကြ၏။ သိရိမေဃဝဏ္ဏမင်း (သာသနာ-၈၄၆-၈၇၃) သည် မထေရ်မြတ် ကြီး၏ ကျေးဇူးဂုဏ်ကို အာရုံ မပြေ ပူဇော်သောအနေဖြင့် မထေရ် မြတ်ရွှေရုပ်တုတော်ပြုလုပ်၍ အမ္ဗတ္ထလစေတီမှာ တည်ထားကိုးကွယ် လေသည်။(ဓာတ်ပုံ၌ကြည့်ပါ။)

သီဟိုဠ်ကျွန်းသူ ကျွန်းသား ရာပေါင်းများစွာတို့သည် မထေရ်မြတ် ကြီးပရိနိဗ္ဗာန် ပြုသောနေ့ရောက်တိုင်း ရာစုနှစ်ပေါင်းများစွာ မျက် မှောက်ကာလအထိ လှည့်လည် ပူဇော်လျက်ကျေးဇူးတော်ကို ဆပ်၍ မတင်းမတိမ်ရှိကြချေသည်။

http://www.dhammadownload.com




၄။ တန်ခိုးအာဘိညာဉ်နှင့်တကွ ဓိဏာသဝရဟန္တာ အရှင်မကြီး ဖြစ်တော်မူသော **သင်္ဃမိတ္တာထေရီမကြီးသည်လည်း** မောင်တော်ကြီး မထေရ်မြတ် ပရိနိဗ္ဗာန်ပြုပြီးနောက်တနှစ်၊ သက်တော် ၇၉-နှစ်၊ သိက္ခာဝါတော် ၅၉-ဝါအရ ဟတ္ထာဠ္ဌက ကျောင်းတော်၌ပင် ပရိနိဗ္ဗာန် ပြုတော်မူ၏။ ညီတော် ဥတ္တိယမင်းကြီးလည်း မထေရ်မြတ်နည်းတူ ပူဇော်၍ ထူပါရုံအရှေ့ စိတ္တသာလာ၏အနီး မဟာဗောဓိမည်သော ဘိက္ခုနီကျောင်း၌ ခမ်းနားကြီးကျယ်စွာ သင်္ဂြိုဟ်လေ၏။ ဓာတ်တော်များကိုလည်း စေတီတည် ထားလေသည်။ (စွယ်တော်တိုက်ဟောင်းနှင့်တဖာလုံအကွာ ထေရီမကြီးသီတင်းသုံးရာ ကျောင်းတိုက်ဟောင်းကြီးရှိ၍ ၎င်း၏ အနောက်မြောက်ဘက် အတောင် ရှစ်ဆယ်ခန့်အကွာ၌ ထေရီမကြီး၏ ဓာတုစေတီကို ဖူးတွေ့နိုင်သည်။)

ခမည်းတော် သာသနဒါယကာ အသောကမင်းကြီး၊ ဒေဝါနံပိယတိဿမင်းကြီး၊ သားတော်မဟိန္ဒ၊ သမီးတော် သင်္ဃမိတ္တာတို့ကား အာဏာနှင့် ဓမ္မ ပူးပေါင်းတော်မူကြ၍ လောကနှင့် သာသနာ့အကျိုးကို ကမ္ဘာချင်းအောင် အသက်နှင့်ရင်း၍ ဆောင်ကြဉ်းတော် မူနိုင်ခဲ့ကြသော သာသနာ့ အာဇာနည်ကြီးများပင် ဖြစ်ပါတော့သည်။

ထေရဝါဒ ဗုဒ္ဓသာသနာ တကမ္ဘာလုံး၏ ကျေးဇူးရှင်ကြီးများပင် ဖြစ်ပါတော့ယည်။

http://www.dhammadownload.com



# (၄)

# ရှင်မဟာ ဗုဒ္ဓဃောသနှင့် နိကာယ် အဋ္ဌကထာများ

'ရှင်မဟာ ဗုဒ္ဓဃောသနှင့် နိကာယ်အဋ္ဌကထာများ' အကြောင်းသည် သီဟိုဠ်သာသနာနှင့် ဤစံတော်ဝင် အရိယာများ အတွက်သာမက ထေရဝါဒ တသာသနာလုံး အတွက် သိရှိထားသင့်သော အကြောင်းပင် ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ရှင်မဟာ ဗုဒ္ဓဃောသသည် **'တသာသနာတွင်မှ တယောက်'** ဟု ဆိုစလောက်သော အတုမဲ့ ပါရမီရှင်၊ ထေရဝါဒီ အားလုံးတို့၏ အားထားရာ သာသနာ့ မီးရှူးတန်ဆောင်ကြီး ဖြစ်သောကြောင့် ပေတည်း။

ကမ္ဘာပေါ်၌ ယနေ့အချိန်အထိ ရှင်မဟာ ဗုဒ္ဓဃောသနှင့် စပ်ရှိသော်လည်းကောင်း၊ အဋ္ဌကထာကျမ်းများနှင့် စပ်ရှိသော်လည်းကောင်း၊ အမျိုးမျိုးသော ဆန့်ကျင်ဘက်ဝေဖန်ပြောဆိုခြင်းများ ရှိနေတတ်ကြရာ ထို ဒိဋ္ဌိ ဝိစိကိစ္ဆာ ဆန့်ကျင်ဘက် မိစ္ဆာစက်ကွင်းများမှ လွတ်ကင်းရန် အရေးကြီးလှပေသည်။

ရှင်မဟာ ဗုဒ္ဓဃောသအား မထေမဲ့မြင် အထင်သေး ရှုတ်ချခြင်းသည် ထေရဝါဒ သာသနာတော်အား မထေမဲ့မြင် အထင်သေး ရှုတ်ချခြင်းပင်ဖြစ်၏။

အဋ္ဌကထာကျမ်းများအား မထေမဲ့မြင် အထင်သေး ရှုတ်ချခြင်းသည် ထေရဝါဒ သာသနာတော်အား မထေမဲ့မြင် အထင်သေး ရှုတ်ချခြင်းပင်ဖြစ်၏။

http://www.dhammadownload.com



ထေရဝါဒ သာသနာတော်အား မထေမဲ့မြင် အထင်သေးရှုတ်ချခြင်းသည် သဗ္ဗညုတ ဉာဏ်တော်သခင် ဘုရားရှင်အား မထေမဲ့မြင် အထင်သေး ရှုတ်ချခြင်း ပင် ဖြစ်၏။

## ရှင်မဟာ ဗုဒ္ဓဃောသ၏ ဇာတိ

ရှင်မဟာ ဗုဒ္ဓဃောသနှင့် အဋ္ဌကထာကျမ်းများဖြစ်ပေါ်လာပုံကို လေ့လာ သိရှိထားခြင်း၊ လေးစား ကြည်ညိုခြင်းသည် ထေရဝါဒ သာသနာ ဝင်ကို လေ့လာခြင်းပင်ဖြစ်၍ သာသနာတော်အား လေးစားကြည်ညိုခြင်း မည်တော့ သည်။ ထိုမျှလောက် သာသနာတော်အတွက် အခြေခံကျ၍ ဘာသာဝင်တိုင်း သိအပ်လှသဖြင့် ဤ၌ တတ်စွမ်းသမျှ ခြုံငုံသုံးသပ်ကာ ဖော်ပြပါဦးအံ့။

ရှင်မဟာ ဗုဒ္ဓဃောသ ထေရုပ္ပတ္တိနှင့်စပ်၍ ရေးသားကြရာ၌ ဇာတိဌာနကို ဗောဓိမဏ္ဍိုင်အနီး ဗုဒ္ဓဂယာဟုလည်းကောင်း၊ မြန်မာပြည်ဟု လည်းကောင်း၊ ဣန္ဒိယတောင်ပိုင်းဟု လည်းကောင်း၊ ရေးသားကြလေသည်။ထိုတွင် အဘက်ဘက် က ခိုင်မာ၍ ပညာရှင်များ လက်ခံသော ဝါဒမှာ နောက်ဆုံးဝါဒပင် ဖြစ်၏။

ရှင်မဟာ ဗုဒ္ဓဃောသ၏ ထေရုပ္ပတ္တိနှင့် စပ်၍ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ နိဒါန်းတွင် ပါဠိ, မြန်မာ နှစ်ဘာသာဖြင့် စိစစ်ဖော်ပြထားပြီး ဖြစ်လေသည်။

> ၁၃၁၉-ခုနှစ် သံဂါယနာတင်စဉ် ဝန်ဆောင် သံဃာ အဖွဲ့ ကြီး၏ တာဝန်ပေးအပ်ချက်အရ ပါဠိနိဒါန်းကို ရေးသားခြင်း ဖြစ်၏။
>
> ၁၉၅၀-ပြည့်နှစ် ဟားဗဒ် ယူနီဗာစီတီမှ ထုတ်ဝေသော အင်္ဂလိပ်ဝိသုဒ္ဓိမဂ်ကျမ်း ရှေ့ဦးအမှာစကား၌ 'ဓမ္မာနန္ဒကောသမ္ဗီ' ၏ အဋ္ဌကထာဆရာကြီးအား မချေမငံ မတန်မရာ ပြစ်တင်ရှုတ်ချ ရေးသားခြင်းနှင့် စပ်၍ ဆရာတော် ဘုရားကြီးက သာသနာ့ အထောက်အထား, လောက အထောက်အထားများဖြင့် အခိုင် အမာ စိစစ် ရေးသားထားခြင်း ဖြစ်သည်။
>
> မြန်မာနိဒါန်းကို ဆရာတော်၏ ဝိသုဒ္ဓိမဂ်မြန်မာပြန် ပထမ တွဲ၌ အပြည့်အစုံ ဖတ်ရှုနိုင်ပါသည်။ စူဠဝံနှင့် ဗုဒ္ဓဃောသုပ္ပတ္တိ အဆိုများကို 'သာသနာ့လက်ဘရစာတမ်း'၌ ဖတ်ရှုနိုင်ပါသည်။

ဆရာတော်ဘုရားကြီးက ရှင်မဟာဗုဒ္ဓဃောသ၏ ဇာတိ ဌာနနှင့် စပ်၍ အောက်ပါအတိုင်း စိစစ်ထားပါသည်။

ထို့ပြင်....ဝိသုဒ္ဓိမဂ်ကျမ်း၏ နိဂုံး၌လည်း'မောရဏ္ဍ-ခေဋကဝတ္တဗ္ဗေန = မောရဏ္ဍရွာသားဟု ခေါ်ဆိုအပ်သော' ဟူသောပုဒ်ကို မိန့်ဆိုထား၏။ ဤပုဒ်၌ 'ခေဋ' သဒ္ဒါသည် ရွာဟူသောအနက်၊ တောနယ်သား လယ်သမားတို့၏ နေရာဟူသော အနက်, မြို့ငယ်ဟူသော အနက်တို့၌ ဖြစ်သည်ဟု အဘိဓာန်၌ ပြဆိုထား၏။

ဣန္ဒိယတောင်ပိုင်း၌ ရွာကို 'ခေဋ'ဟု ယခုထက်တိုင် ခေါ်ဝေါ် သုံးစွဲလျက်ရှိ၏။ ထို့ကြောင့် 'မောရဏ္ဍ = ဒေါင်းဥ' မည်သော-'ခေဋက' = ရွာ၌ ဖြစ်သော သူသည် 'မောရဏ္ဍ ခေဋက'မည်၏။ 'မောရဏ္ဍ ခေဋက = မောရဏ္ဍ ရွာသား'ဟု ခေါ်ဆိုအပ်သော သူသည် 'မောရဏ္ဍ ခေဋကဝတ္တဗ္ဗ'မည်၏။ ဤသို့ ဝစနတ္ထပြု၍ 'မောရဏ္ဍရွာ၌ ဖြစ်သောသူဟု ခေါ်ဆိုအပ်သော မထေရ်သည်' ဟူသော အနက်ကို ယူအပ်၏။

ယခုခေတ် ဣန္ဒိယတောင်ပိုင်း ဂုန္တာ ဒိစတြိတ်တွင် နာဂါရ်ဇုန ကောဏ္ဍ ခေါ်သောအရပ်မှ ၅၁-မိုင်ခန့်၊ အမရဝတီ ခေါ်သောအရပ်မှမူ ၅ဂ-မိုင်ခန့် ဝေးသောအရပ်၌ 'ကောတနေမလိ ပုရိ'ဟူသော ဌာနနှင့် 'ဂုန္ဒလပလ္လိ'ဟူသော ဌာနတို့ ရှိကြ၏။ ထိုအရပ်ဒေသ ပတ်ဝန်းကျင်၌လည်း ဗုဒ္ဓ သာသနာတော်နှင့် စပ်ဆိုင်သော ရှေးဟောင်းအဆောက်အအုံ ပျက်များ ပြန့်ကျဲလျက် ရှိသည်ကို တွေ့ရ၏။

'နေမလိ'ဟူသော တေလဂူစကားသည် 'မောရ = ဥဒေါင်း'၏ အမည် ဖြစ်သည်။ 'ဂုန္ဒလု'ဟူသော တေလဂူစကားသည်'အဏ္ဍ = ဥ'၏အမည်ဖြစ်သည်။ ထို့ကြောင့် ထို နေမလိပုရိမည်သော ဌာနနှင့် ဂုန္ဒလပလ္လိမည်သော ဌာန နှစ်ခုသည် ရှေးက မောရဏ္ဍခေဋကဟု ခေါ်သော အရှင်မဟာဗုဒ္ဓဃောသ၏ ဇာတိရွာ ဖြစ်တန်ရာ၏ဟု ရှေးဟောင်းပစ္စည်းတို့ကိုရှာသော ဣန္ဒိယအစိုးရ စူးစမ်းရှာဖွေရေး ပညာရှိတို့က ယူဆထား၏။ ဤမောရဏ္ဍခေဋက ပုဒ်ကိုလည်း မထေရ်၏ ဇာတိဌာနကို သိသော ထိုခေတ်က ပညာရှင်တဦးဦးက နောက်မှထည့်ထားဟန် ရှိသည်။

ထိုမှတပါး အဋ္ဌကထာ, ဋီကာ ဆရာတို့သည် အများအားဖြင့် ဣန္ဒိယ တောင်ပိုင်းသားတို့ ဖြစ်ကုန်၏။

၁။ အရှင်မဟာဗုဒ္ဓဃောသနှင့် ခေတ်ပြိုင် ဗုဒ္ဓဝံသစသော အဋ္ဌကထာ ကျမ်းများကို ရေးသားသူ အရှင်ဗုဒ္ဓဒတ္တထေရ်သည် စောဠတိုင်း တမ္ဗပဏ္ဏိမြစ်အနီး ဥရ မြို့သားဖြစ်၏။

http://www.dhammadownload.com



၂။ အဘိဓမ္မတ္ထ သင်္ဂဟစသော အဋ္ဌကထာ ကျမ်းများကို ရေးသားသူ အရှင်အနုရုဒ္ဓါထေရ် သည်လည်း ကဉ္စိပုရတိုင်း, ကာဝေရီမြို့သား ဖြစ်သည်။

၃။ ဥဒါန်းအဋ္ဌကထာစသော အဋ္ဌကထာ, ဝိသုဒ္ဓိမဂ် မဟာဋီကာ စသော ဋီကာကျမ်းများကို ရေးသားသူ အရှင် ဓမ္မပါလထေရ်လည်း ဇွန္တိယ တောင်ပိုင်းကဉ္စိပုရမြို့ (မဒရယ်မြို့၏ အနောက်တောင်ဘက် ၄၅-မိုင်ကွာ ကဉ္စိဝရံမြို့)သားပင် ဖြစ်၏။

အရှင် မဟာ ဗုဒ္ဓဃောသ ကိုယ်တော်တိုင် ရေးသားသော အင်္ဂုတ္တရ အဋ္ဌကထာ နိဂုံး၌—

"ရှေးအခါက ကဉ္စိပုရမြို့ စသည်၌ အတူ နေဖူးသူ အရှင် ဇောတိပါလ မထေရ်က တောင်းပန် တိုက်တွန်း၍" ဆိုသော စကားသည်လည်းကောင်း၊ မဇ္ဈိမအဋ္ဌကထာ နိဂုံး၌လည်း—

"ရှေးအခါက မယူရဒူတသင်္ဘောဆိပ် (ယခု မဒရယ်မြို့အနီး 'မိုက်လပိုရ်' အရပ်) ၌ အတူ နေဖူးသူ အရှင် ဗုဒ္ဓမိတ္တထေရ်က တောင်းပန်တိုက်တွန်း၍" ဆိုသော စကားသည် လည်းကောင်း ဇွန္တိယတောင်ပိုင်းသား ဖြစ်ကြောင်း တနည်း တဖုံ အထောက် အထားပြုသင့်သော အချက်များပင် ဖြစ်လေသည်။

## မဟာဝံသ၌လာသော
## အရှင်မဟာဗုဒ္ဓဃောသ ထေရုပ္ပတ္တိအကျဉ်း

ခေတ်အဆက်ဆက်သောသီဟိုဠ်ပညာရှင်တို့သည် အရှင်မဟာ ဗုဒ္ဓဃောသ အား အလွန်လေးစားခဲ့ကြ၏။ သီဟိုဠ်ကျွန်း၌ အရှင်မဟာမဟိန္ဒ ထေရ်မြတ်ကြီးကို ထောက်ထား၍ ဒုတိယမြောက် သီဟိုဠ်သာသနာပြုသူမှာ အရှင်မဟာဗုဒ္ဓဃောသ ဟုပင် ဂုဏ်ယူကြကုန်၏။

အရှင်မဟာဗုဒ္ဓဃောသနှင့် ခေတ်ပြိုင် ဇွန္တိယတောင်ပိုင်းသား ပညာရှင်များ၊ မရှေးမနှောင်းနှင့် အဆက်ဆက်သော ပညာရှင်များ အားလုံးကလည်း အရှင်မဟာဗုဒ္ဓဃောသကဲ့သို့ အဋ္ဌကထာကျမ်းကြီးများကို ရေးသားနိုင်စွမ်းသော အရည်အချင်း ရှိကြသော်လည်း အရှင်မဟာဗုဒ္ဓဃောသကို မကျော်လွန်ကြ၊ အရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာများကို အဖွင့်ဋီကာရေးခြင်း,သခေ်ပ အဋ္ဌကထာရေးခြင်းအားဖြင့်ပင် အလေးအမြတ် ထားကြလေသည်။

http://www.dhammadownload.com



ထိုသို့သော အကြောင်းများကြောင့် သီဟိုဠ်နိုင်ငံ၏ တခုတည်းသော သာသနာ့ဝင်ကျမ်းဟု စံတင်ထားသောမဟာဝံသ ၃၇-အခန်း၌ အရှင်မဟာဗုဒ္ဓဃောသ၏ ထေရုပ္ပတ္တိကို ဂါထာပေါင်း ၃၂-ဂါထာတို့ဖြင့် မှတ်တမ်းတင်ထားကြရ၏။

[မဟာဝံသ ဒုတိယပိုင်းကို စူဠဝံသဟုလည်းခေါ်ကြ၏။ ဒုတိယ ပရက္ကမဗာဟုမင်းလက်ထက် ခရစ်နှစ် -၁၂၃၆နှင့်၁၂၇၁-ခုနှစ် အတွင်း ထင်ရှားခဲ့သော ဓမ္မကိတ္တိမထေရ်က မဟာဝံသကို ဆက်၍ ရေးသည်ဟုဆို၏။ ယင်းသို့ဆက်၍ ဆက်၍ သမိုင်းတင်ခဲ့ကြရာ အင်္ဂလိပ်ခေတ်အထိ အခန်းပေါင်း ၉၉-ခန်းရှိ၏။]

ယင်းမဟာဝံသအခန်း-၃၇၊ဂါထာနံပါတ်၂၁၅-မှ၂၄၆-အထိပါရှိသော ထေရုပ္ပတ္တိကို မူထား၍ နှောင်းခေတ် သုတေသနပညာရှင်တို့၏ အဆိုများကိုလည်း ပြန်သလောက်ဖြည့်စွက်ကာ ပြဆိုပါဦးအံ့။

အရှင်မဟာဗုဒ္ဓဃောသကား ခရစ်-၉၀၁မှ ၁၀၀၀-အတွင်း ပေါ်ထွန်းခဲ့သောပုဂ္ဂိုလ်ထူးတပါးဖြစ်၏။

## ဝါဒပြိုင်ရာ အနိုင်အရှုံး

အရှင်မဟာဗုဒ္ဓဃောသလောင်းလျာသည် ဗောဓိမဏ္ဍိုင်အနီး (ဗုဒ္ဓဂယာ) အရပ်၌ ဖွားမြင်၍ ဝိဇ္ဇာ,သိပ္ပ,ကလာ ခေါ်သောအတတ်များ တတ်မြောက်၍ ဗေဒင်သုံးပုံ၌ ကမ်းတဘက်ရောက်သူ ဖြစ်၏။

အယူဝါဒအမျိုးမျိုးတို့ကိုလည်း ကောင်းစွာတတ်သိ၍ အယူဝါဒရေးရာ၌ ပါရဂူမြောက်ရဲရင့်သူဖြစ်၏။ ထိုလုလင်သည် အယူဝါဒရေးရာ အချေအတင် ပြောဆိုမှု၌ အထူးစိတ်ဝင်စားသူဖြစ်၍ ဇမ္ဗူဒိပ်(ဣန္ဒိယ)တကျွန်းလုံးသို့ လှည့်လည်ကာ ဝါဒပြိုင်ဆိုင် ပြောဆိုနေခဲ့လေသည်။ (ဂါထာနံပါတ် ၂၁၅-၆။)

'ပီ-တီ-အက်စ်'သာသနဝံသကျမ်း၌ကား ဗုဒ္ဓဂယာရွာ၌ မဂဓ ပြည့်ရှင် ဘုရင်သင်္ဂါမမင်း၏ ပုရောဟိတ် ပုဏ္ဏားကြီးဖြစ်သူ ခမည်းတော် ကေသနှင့် မယ်တော် ကေသိနီပုဏ္ဏေးမကြီးတို့မှ မွေးဖွားသည်ဆို၏။ ငယ်မည် ဃောသ၊ အရွယ်ရောက်လျှင် ပညာထူးချွန်၍ ဗြာဟ္မဏပဏ္ဍိတ်များ၏ အငြိုအစူကိုပင် ခံရသည်။

ဃောသလုလင်သည် တနေ့သောအခါ ဗြာဟ္မဏပဏ္ဍိတ်ကြီးများ စည်းဝေးနေကြစဉ် ဗြာဟ္မဏတို့ ကိုးကွယ်သော သိဝဘုရား စင်မြင့်ပေါ်သို့ တက်၍ ထိုင်

http://www.dhammadownload.com



လေ၏။ ဃောသသည် ဘုရားစင်မြင့်ပေါ်၌ ထိုင်လျက် မုယောမုန့်ကြွပ်များကိုလည်းစားလေ၏။ ထိုအခြင်းအရာကိုမြင်လျှင် အားလုံးက ဝိုင်း၍ရှုတ်ချကြ၏။ ဘုရင့် ပုရောဟိတ်ကြီး၏ သားဖြစ်၍ မည်သူ တဦး တယောက်ကမျှ ကိုယ်ထိလက်ရောက် နှိပ်စက်ဝံ့ဟန်မတူချေ။

ဗြာဟ္မဏပဏ္ဍိတ်များနှင့်တကွ ပရိသတ်အားလုံးက ပြစ်တင်ရှုတ်ချလေလျှင် ဃောသလုလင်သည် မုန့်ကြွပ်ကိုဝါးစားလျက်က—

"မိတ်ဆွေတို့၊ ငါကဲ့သို့သောသူသည်သာလျှင်သင်တို့၏ ကိုးကွယ်ရာ ဗိဿနုမည်၏။ ငါမှတပါးအဘယ်သူအား ဗိဿနုဟုဆိုအပ်ပါသနည်း" (မာသော၀ ဗိဿနုနာမ၊ ကော ဗိဿနုတိ ဝုစ္စတိ) စသည်ဖြင့် ထပ်၍ပင် ပြောဆိုလိုက်၏။ ဇာတ်ဝါဒကို ပထမဆုံး တော်လှန်စွန့်ပယ်ခဲ့လေသည်။

ထိုလုလင်သည် အယူဝါဒရေးရာ အချေအတင် ဆွေးနွေးပြောဆိုယှဉ်ပြိုင်ရန် လှည့်လည်စဉ် ကျောင်းတိုက်ကြီးတတိုက်သို့ ရောက်သွား၏။ ထိုကျောင်းတိုက်၌ ညအိပ်တည်းခိုကာ ညအခါတွင် ပတဥ္စလိ၏ အယူဝါဒကျမ်းစာကို အသံနေ အသံထားဖြင့် ရွတ်ဖတ်သရဇ္ဈာယ်နေလေသည်။

ထိုကျောင်းတိုက်၌ သီတင်းသုံးလျက် ရှိသော အရှင်ရေဝတ မထေရ်ကြီးသည် တရားစာပေ အသံနေ အသံထားဖြင့် ရွတ်နေသော လုလင်အနီးသို့ ကြွလာ၏။ အသံ၏ ထူးခြားမှုကို သတိပြုကာ 'ဤသူကား ဉာဏ်ပညာကြီး၏၊ ထုံးမသွန်သင်ရလျှင် သင့်တော်မည်'ဟု စဉ်းစားမိ၍—

"ဟေ့....ဒီနားက မြည်းအော်သလို အော်မြည်နေတာ ဘယ်သူလဲဟေ့" ဟု ပြောလိုက်ရာ ထိုလုလင်က—

"မြည်းအော်တဲ့ အသံရဲ့ အဓိပ္ပာယ်ကိုကော နားလည်ပါသလား" ဟု စကားအတင်မခံ ပြန်၍ပြောလိုက်၏။

"မင်းရွတ်ဆိုနေတာတွေ ဘာတွေဆိုတာ ငါမသိပဲ နေပါ့မလား၊ သိလို့ ပြောနေတာပေါ့၊ မင်း ရွတ်ဆိုနေတဲ့ တရားစာတွေထဲက မင်း အဓိပ္ပာယ် မရှင်းတာ ရှိယင်လည်း မေးပေါ့"ဟု စိန်ခေါ်လိုက်ရာ လုလင်က ပြဿနာ တခုပြီးတခု မေးလိုက်သည်။ အရှင်ရေဝတမထေရ်လည်း မဆုတ်မဆိုင်းပင် မေးတိုင်းဖြေတော်မူလိုက်၏။ မေးခွန်း၏ချွတ်ယွင်းချက်ကိုပင် ထောက်ပြတော်မူလေသည်။ လုလင်သည် မိမိဝါဒနှင့်စပ်၍ နောက်ထပ် မေးစရာမရှိတော့သဖြင့်—

http://www.dhammadownload.com



"ဒါဖြင့်....အရှင်ဘုရားဝါဒကိုလဲ ပြောပြပါဦး"ဟုတောင်းပန်၍ မထေရ်က အဘိဓမ္မာပါဠိသဘောများကို ဟောပြလိုက်ရာ ဘာတခုမျှ နားမလည်နိုင်ပဲ ရှိလေ၏။ ထို့ကြောင့်—

"အရှင်ဘုရား....ဒီဗေဒင် (ပညာအယူဝါဒ)ဟာ အဘယ်သူ့ရဲ့ ဗေဒင်ပါလဲ"ဟု မေးလျှောက်ရာ ဗုဒ္ဓမန္တ=ဗုဒ္ဓဗေဒင်ဖြစ်ကြောင်း မိန့်တော်မူလျှင်—

"အကျွန်ုပ်အား ထိုဗုဒ္ဓဗေဒင်ကို သင်ပြပေးပါ"ဟု တောင်းပန်၍ 'ရဟန်းပြုလျှင် သင်ပေးမည်'ဟု မိန့်တော်မူလေ၏။ အရှင် မဟာဗုဒ္ဓဃောသလောင်းလျာသည် ဗုဒ္ဓဗေဒင်ကိုလိုချင်သဖြင့် ရဟန်းပြုပြီး ပိဋကသုံးပုံကို စ၍ သင်ယူလျှင်ပင်—

'ဤ ဗုဒ္ဓဗေဒင် (ဗုဒ္ဓညွှန်ပြသော တရားတော်)သည်သာ ဆင်းရဲမှ လွတ်မြောက်ကြောင်း တကြောင်းတည်းသော လမ်းစဉ် ဖြစ်သည်'ဟု အကြွင်းမဲ့ သက်ဝင်နှစ်ခြိုက် သွားလေတော့သည်။

ဥပဇ္ဈာယ်ဆရာ အရှင်ရေဝတမထေရ်ကြီးကလည်း-

'ဤသူသည် မြတ်စွာဘုရားရှင်၏ အသံတော်ကဲ့သို့ နက်နဲသော အသံရှိသူဖြစ်၍ ဘုရားကဲ့သို့ပင် ကျော်စော ထင်ရှားမည့်သူ ဖြစ်သည်'ဟု မြော်တွေးကာ 'ဗုဒ္ဓဃောသ'ဟူ၍ပင် ဘွဲ့ပေးတော်မူ၏။ [ဗုဒ္ဓ=ဘုရားကဲ့သို့+ဃောသ=ကျော်စောသံ ရှိသူ။]

## သီဟိုဠ်မကြွမီက ရေးသောကျမ်းများ

အရှင် ဗုဒ္ဓဃောသသည် ပိဋကသုံးပုံကို သင်ယူ တတ်မြောက်လေလျှင် ကျမ်းပြုရာ၌ ပါရမီဖြိုးဖြစ်ရကား လိုအရှင်ရေဝတ ဆရာမထေရ်အထံ၌ နေစဉ်ကပင်-

၁။ ဉာဏောဒယကျမ်းကို ရေးပြီးလျှင်-
၂။ ဓမ္မသင်္ဂဏီအဖွင့် အဋ္ဌသာလိနီ အဋ္ဌကထာကျမ်း၊
၃။ နိကာယ်ဖွင့် အကျဉ်းချုပ်=ပရိတ္တ အဋ္ဌကထာကျမ်းတို့ကို ရေးစမ်းတော်မူလေ၏။ (ယခုအခါ မည်သည့်ဒေသ၌မျှ ထိုမူလ လက်သင်ကျမ်းများကိုမတွေ့ရှိရ။ အဋ္ဌသာလိနီအဋ္ဌကထာမှာလည်းယခုရှိသောကျမ်းမဟုတ်နိုင်။ ရေးသင့်သလောက်သာ ရေးပြီး၍ ရေးရန် စီစဉ်စုဆောင်းခြင်းမျှသာ ဖြစ်ပေလိမ့်မည်။)

ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်ရေဝတ မထေရ်မြတ်ကြီးသည် အရှင်ဗုဒ္ဓဃောသ၏ ဉာဏ်ရည်ဉာဏ်သွေးကို မျက်ဝါးထင်ထင် တွေ့မြင်အားရတော်မူသဖြင့် ပိဋကအဋ္ဌကထာရာဇဝင်နှင့်တကွ အောက်ပါအတိုင်းညွှန်ပြတိုက်တွန်းတော်မူ၏။

http://www.dhammadownload.com



"ငါ့ရှင် ဗုဒ္ဓဃောသ....၊ ဤဇမ္ဗူဒိပ်(ဣန္ဒိယနိုင်ငံ) ဒေသ၌ကား ဘုရားဟော ပါဠိတော်မျှကိုသာ ဆောင်ရွက်လေ့ကျက်နေကြရ၏။ ပါဠိတော်၏အနက်အဓိပ္ပာယ်ကိုဖွင့်ပြသော အဋ္ဌကထာကျမ်းများလည်းမရှိ၊ ဆရာ့ ဆရာ အရှင်မြတ်တို့၏ မှတ်သားနာယူဖွယ် ထူးထူးထွေထွေ အယူအဆ (အာစရိယဝါဒ)များကိုလည်း မရနိုင်။

"သံဂါယနာ သုံးတန်တင်ထားပြီးသော ဘုရားဟော ဒေသနာတော်များနှင့်အရှင်သာရိပုတ္တရာ စသော သံဂါယနာတင် မထေရ်ကြီး အဆက်ဆက်တို့၏ဒေသနာအစီအစဉ်နှင့်အနက်အဓိပ္ပာယ်ဖွင့်ချက်(အဋ္ဌကထာ)များအားလုံးကို အရှင်မဟာမဟိန္ဒထေရ်မြတ်ကြီး ဤနိုင်ငံမှ သီဟိုဠ်ကျွန်းသို့ယူဆောင်သွားသည်။ သီဟိုဠ်ကျွန်းသို့ ရောက်သောအခါတွင်လည်း သီဟိုဠ်ကျွန်းသားတို့ နားလည်စေရန် သီဟိုဠ်ဘာသာဖြင့် စီရင်ရေးသားထားရာ သန့်ရှင်းစင်ကြယ်သည့် သီဟိုဠ်အဋ္ဌကထာများ သီဟိုဠ်ကျွန်း၌ ဖြစ်ပေါ်နေပြီ။

"ငါ့ရှင် ဗုဒ္ဓဃောသ....၊ သင်သည် သီဟိုဠ်ကျွန်းသို့ ကူးသွားပြီးနောက် ထိုသီဟိုဠ်အဋ္ဌကထာများကို မာဂဓဘာသာ (ပါဠိ)ဖြင့် ပြန်ဆိုချေပါ။ ထိုသို့ ပြန်ဆိုနိုင်လျှင် ငါ့ရှင်၏ မာဂဓဘာသာပြန် အဋ္ဌကထာကျမ်းများသည် တလောကလုံးအတွက် အကျိုးသက်ရောက် ဖြစ်ထွန်းရန် ရှိပေသည်။"

## အရှင်ဗုဒ္ဓဃောသ၏ ဉာဏ်ကိုစမ်းခြင်း

ဉာဏ်ကြီးရှင် အရှင်ဗုဒ္ဓဃောသသည် ဥပဇ္ဈာယ်ဆရာ၏ မိန့်ဆိုတိုက်တွန်းချက်အရ သီဟိုဠ်ကျွန်း မဟာနာမမင်း လက်ထက် (သာသနာ-၉၅၃-၉၇၅) ဣန္ဒိယမှ သီဟိုဠ်သို့ ကြွရောက်လေ၏။

နာမည်ကျော် ထေရဝါဒ သာသနာ့ဦးဆောင် မထေရ်မြတ်များ သီတင်းသုံးရာ မဟာဝိဟာရ ကျောင်းတော်ကြီးသို့ရောက်ရှိ၍ မဟာဝိဟာရ၏ တောင်ဘက်၌ အရိပ်အာဝါသနှင့် ပြည့်စုံသော မဟာပဓာနဃရခေါ် ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး၏နာယက အရှင်သံဃပါလ စသော မထေရ်ကြီးများ အထံတော်၌ ထေရဝါဒပါဠိတော်များနှင့်(မဟာအဋ္ဌကထာ, မဟာပစ္စရီအဋ္ဌကထာ, ကုရုန္ဒီအဋ္ဌကထာဟူသော) သီဟိုဠ်ဘာသာ အဋ္ဌကထာကြီး သုံးစောင်တို့ကို သင်ယူ၏။ (ဝိနည်း အဋ္ဌကထာနိဂုံး။)

အရှင်ဗုဒ္ဓဃောသသည် ပါဠိအဋ္ဌကထာ ထေရဝါဒကို ကြားနာသင်ယူပြီးသည်နှင့်—

http://www.dhammadownload.com



'ဤသည်သာလျှင် မြတ်စွာဘုရားရှင်၏ အလိုတော်ဖြစ်သည်'ဟု အားရကျေနပ် ဆုံးဖြတ်ချက် ချလေ၏။ မဟာဝိဟာရ ကျောင်းတိုက်ကြီးအတွင်း သံဃာတော်များကိုလည်း စည်းဝေးစေတော် မူပြီးလျှင်—

"ကျေးဇူးရှင် သံဃာတော် အရှင်မြတ်များဘုရား၊ သီဟိုဠ် အဋ္ဌကထာများကို မာဂဓဘာသာ ပြန်ဆိုရေးသားနိုင်ရန် တပည့်တော်အား ရှိသမျှ ပိဋကပေစာများ ငှားရမ်းမစ၊ ကြည့်ရှုခွင့် ပေးတော်မူကြပါ"ဟု လျှောက်ထား၏။ သံဃာများက အရှင်ဗုဒ္ဓဃောသ၏ ဉာဏ်ရည်ကို စူးစမ်းသောအားဖြင့် 'သီလေ ပတိဋ္ဌာယ နရော သပညော' စသော ဂါထာနှစ်ပုဒ်ကို ပေးပြီးလျှင်—

"ငါ့ရှင် ဗုဒ္ဓဃောသ....၊ ဤဂါထာ ပါဠိတော် နှစ်ပုဒ်တို့၌ သင်၏ စွမ်းရည်ကို ပြဦးလော့။ ထို သင်၏ ရေးသားချက်စွမ်းရည်ကို ကြည့်ဦးပြီးမှသာလျှင် ပိဋကပေစာများအားလုံးကို သင့်အား ပေးကြမည်"ဟု ပြန်၍ မိန့်တော်မူကြလေသည်။

အရှင်ဗုဒ္ဓဃောသလည်း မဟာဝိဟာရ သံဃာတော်တို့၏ အမိန့်အရ အဋ္ဌကထာနှင့်တကွ ပိဋက သုံးပုံလုံး၏ အနှစ်သာရ မှန်သမျှကို ထိုဂါထာနှစ်ပုဒ် အတွင်းသို့ အကျဉ်းရုံးထည့်သွင်း၍ 'ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ' အမည်တပ်ကာ ပထမဆုံးသော အဋ္ဌကထာကို ရေးစီရင်တော်မူ၏။

## ရှေးဦးသင်သင့်သော လက်စွမ်းပြ ပထမဆုံးကျမ်း

ဝိသုဒ္ဓိမဂ်သည် သီလ သမာဓိ ပညာ ပိဋကသုံးပုံ၏ အနှစ်ချုပ် အဆီလုံးစုပေးထားသော ကျမ်းဖြစ်၏။ ပိဋကသုံးပုံလုံးကို မလေ့လာနိုင်သူများ ထိုတကျမ်းတည်းကြည့်ရှုလေ့လာရုံမျှဖြင့် ပိဋကသုံးပုံကို ခြုံငုံ စမ်းဝါးမိနိုင်၏။ လက်စွမ်းပြ၊ ဉာဏ်စွမ်းပြ ကျမ်းပေတည်း။

သို့ရာတွင် မဟာဝံသ၌ မည်သည့် အဋ္ဌကထာ ပါဠိတော်ကိုမျှ မကြည့်ပဲ ဖွင့်ဆိုရေးသားသည်ဟု ဆိုလိုရာရောက်သဖြင့် ထို မဟာဝံသစကားကို ဂုဏ်တင်ချီးကျူးသော စကားမျှသာဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းဆရာကိုယ်တော်တိုင်(နိကာယ် အဋ္ဌကထာတို့၌)—

"ဤဝိသုဒ္ဓိမဂ်ကျမ်းသည် နိကာယ်လေးရပ်တို့၏ အလယ်၌တည်လျက် ထိုနိကာယ်လေးရပ်တို့၌ ဟောထားသမျှသော အနက်အဓိပ္ပာယ်ကို ပြမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဝိသုဒ္ဓိမဂ်ကို ရေးသား စီရင်ခဲ့ပြီ"ဟု လည်းကောင်း၊ ဝိသုဒ္ဓိမဂ်၌ပင် နိကာယ်အဋ္ဌ

http://www.dhammadownload.com



ကထာတို့၌ မည်သို့ဆိုထားကြောင်း၊ နိကာယ်ဆောင် ပုဂ္ဂိုလ်တို့က မည်သို့ယူဆကြောင်း ပြဆိုထား၏။

အထူးသဖြင့် မဂ္ဂါ မဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိအခန်း၌ မဟာဝိဟာရဝါသီ မထေရ်ကြီးများ အလေးမူ သင်ယူပို့ချချက်ဖြစ်သော 'ဝိသုဒ္ဓိကထာနှင့် အရိယ ဝံသကထာ' ခေါ် အဋ္ဌကထာ အမည်မခံသောကျမ်းများ၏ အဆိုအမိန့်များကိုပါ တွေ့နိုင်ပေသည်။ နိဒါန်း နိဂုံးများအရလည်း 'မဟာဝိဟာရဝါသီ မထေရ်မြတ်တို့၏ သင်ကြားပို့ချနည်းကို မူထား၍ နိကာယ်ငါးရပ် အဋ္ဌကထာ အဆိုအမိန့်များကို စုရုံးယူငင်၍ ရေးသားထားကြောင်း' ဝန်ခံထားပြီး ဖြစ်လေသည်။

ဂါထာပါဠိ နှစ်ပုဒ်ထဲသို့ ပိဋကသုံးပုံလုံးကို အနှစ်ချုပ်၍ နိကာယ်အဋ္ဌကထာကြီးများနှင့်မဟာဝိဟာရဝါသီဆရာ့ ဆရာကြီးများ၏အဆိုအမိန့်များအားလုံးကို သိမ်းကျုံး ယူငင်လျက် အပြစ်ကင်းစင်၍ ပညာရှင်အားလုံးတို့၏ အားထားရာ၊ နိကာယ်အားလုံးတို့အတွက် တခုတည်းသော အိတ်ဆောင် အဋ္ဌကထာအဖြစ် ရေးသားတော် မူနိုင်ခြင်းသည်ပင်လျှင် အရှင်ဗုဒ္ဓဃောသ၏ ဉာဏ်စွမ်းသည် ပေါ်လွင်လှပါပေ၏။

အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံကို ကုန်စင် ပြီးဆုံးအောင် ဖတ်ရှုသင်ယူရန်မှာ မလွယ်ကူလှပေ။ စာသင်သားတထောင်လျှင်တဦး ကျမ်းပေါက်သင်ယူနိုင်သူ မရှိသလောက်ဖြစ်လေသည်။ ထို့ကြောင့် အဋ္ဌကထာကျမ်းများစွာတွင် ဝိသုဒ္ဓိမဂ်ကို ဦးစွာ သင်ယူပို့ချနိုင်ကြပါလျှင် ထေရဝါဒ သာသနာတော်သည် ပို၍ခိုင်မာကျစ်လျစ်ကာ အနှစ်အသားပြည့်ပြည့် ရပ်တည်နိုင်ရန် အကြောင်း များစွာ ရှိလေသည်။

## အရှင် မဟာဗုဒ္ဓဃောသ၏ ကံကိုစမ်းခြင်း

အရှင်ဗုဒ္ဓဃောသသည် ဝိသုဒ္ဓိမဂ်ကျမ်းကို လက်စွမ်းပြ ပထမကျမ်းစာ အဖြစ်ရေးသားပြီးလျှင် ဘုရားအလိုတော်၌ လိမ္မာသော ရဟန်းသံဃာတော်များကို စည်းဝေးပင့်ခေါ်လေ၏။

ဒက္ခိဏသာခါ မဟာဗောဓိပင်အနီး၌ ဝိသုဒ္ဓိမဂ်ကျမ်းကို သံဃာတော်များ ရှေ့မှောက်၌ ဖတ်ကြားတင်ပြရန် စီမံလိုက်၏။ သို့ရာတွင် ဝိသုဒ္ဓိမဂ်ကျမ်းစာမူပေထုပ်ကြီး ရုတ်တရက်ပျောက်သွားသဖြင့် အကြံရခက်နေ၏။ မည်သို့မျှ ရှာဖွေစုံစမ်း၍မရသဖြင့် အသစ်တမူ ထပ်၍ရေးရ၏။ ရေးပြီး၍ စည်းဝေးကင်းပြမည်ရှိစဉ် ထိုဒုတိယမူလည်း ပျောက်ခြင်းမလှပျောက်သွားပြန်၏။ သို့နှင့်သုံးကြိမ်ကိုင်တိုင် ထပ်၍ရေးရပြန်သည်။

http://www.dhammadownload.com



သံဃာ့အစည်းအဝေး၌ သုံးကြိမ်မြောက် ရေးသားသော စာမူတော်ကို ဖတ်ကြားမည်ရှိစဉ် သံဃာ့အလယ်၌ပထမ, ဒုတိယမူနှစ်မူလည်း ထူးဆန်းစွာရောက်ရှိနေနှင့်သည်ကို တွေ့ကြရလေ၏။ သုံးမူစလုံးကိုပင် တပြိုင်နက် ဖတ်ရှုနာယူကြသောအခါ သုံးမူစလုံး တစုံတရာ ကွဲလွဲခြင်းမရှိ၊ တထပ်တည်း ဖြစ်နေသည်ကို ကြားသိတွေ့မြင်ရလျှင် သံဃာမထေရ်ကြီးများ ပို၍ပင် အံ့အားသင့်ကာ—

"အရှင် ငါ့ရှင်ဗုဒ္ဓဃောသကား သာမညမဟုတ်၊ ဘုန်းနှင့်သမ္ဘာ ထက်ကြပ်ပါ၍ ပါရမီရင့်ညောင်းသော မေတ္တေယျဘုရားအလောင်းတော်ကြီး အစစ်ပါပဲ" ဟု ကောင်းချီးပေးတော်မူကြလေသည်။

မဟာဝံသဂါထာ နံပါတ်-၂၃၇၌—

"အရှင်ဗုဒ္ဓဃောသ၏ သိမ်မွေ့ထက်မြက်သောဉာဏ်စွမ်းရည်ကို များစွာသော လူအပေါင်း၌ ထင်ရှားဖော်ပြခြင်းငှာ နတ်တို့သည် ဝိသုဒ္ဓိမဂ် ပေစာထုပ်ကို ဝှက်ထားကြကုန်၏" ဟု ပြဆိုထားလေသည်။

## ကျမ်းပြုရန် တောင်းဆိုတိုက်တွန်းကြခြင်း

မဟာဝိဟာရ သံဃာတော်များလည်း ထိုအခါမှစ၍ အရှင်ဗုဒ္ဓဃောသ၏ ဉာဏ်အစွမ်းနှင့် ကြီးမားသော လုံ့လဝီရိယကို သိရှိတော်မူကြသဖြင့် အလိုရှိသော ပိဋကအ, အဋ္ဌကထာ ပေစာထုပ်များကို ပေးအပ်ကြလေ၏။ အရှင်ဗုဒ္ဓဃောသလည်း ထိုအခါမှစ၍ လူသူကင်းဆိတ်သော ပိဋကတိုက်ကျောင်း၌သီတင်းသုံးလျက် ထိုခေတ်က ရှိနေနှင့်သော သီဟိုဠ်ဘာသာ အဋ္ဌကထာ ကျမ်းအားလုံး တို့ကို ညှိနှိုင်းကာ မာဂဓဘာသာဖြင့် ပြန်ဆိုတော်မူလေသည်။

မဟာဝံသ-၂၄၅-ဂါထာ၌ ယင်းအဋ္ဌကထာသစ်များနှင့်စပ်၍—

"ပါဠိဘာသာဖြင့် ပြန်ဆိုထားသော အရှင်ဗုဒ္ဓဃောသ၏ အဋ္ဌကထာသစ်သည် ဘာသာအမျိုးမျိုးကို တတ်သိပြောဆိုကြသော ပုဂ္ဂိုလ်အားလုံးတို့အား အကျိုးကျေးဇူး များလှပါပေသည်။ (သီဟိုဠ်ဘာသာဖြင့်သာ ရှိနေလျှင် သီဟိုဠ်သားတို့သာ အကျိုးရရှိမည်၊ ယခုမူ ပါဠိဘာသာပြန်ဆိုထား၍ လူမျိုးတိုင်းအား အကျိုးများသည်ဟု ဆိုလို၏။

"အလုံးစုံသော ထေရဝါဒ ဆရာမသေရ်မြတ်တို့သည် ထိုအဋ္ဌကထာသစ်ကို ဘုရားဟော ပါဠိတော်ကဲ့သို့ပင် အလေးတမူ အရေးယူလျက် နှစ်သက်လက်ခံတော် မူကြလေသည်" ဟု (နိဂုံး ဂါထာဖြင့်) ပြဆိုကာ—

http://www.dhammadownload.com



အရှင်ဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်း၌ ပြုဖွယ်ကိစ္စ ပြီးဆုံးသောအခါ မဟာဗောဓိကို ဖူးမြော်ရန် ဇမ္ဗူဒိပ်သို့ ပြန်ကြွတော်မူကြောင်း မှတ်တမ်းတင်ထားလေသည်။

စင်စစ်ထေရဝါဒ၏ အဆီအနှစ်များအားလုံးကို ရည်ရွယ်သည့် အတိုင်း ရရှိ၍ ဋီကနိဒ္ဒိယ ဇာတိမြေ၌ ပြန်လည်သာသနာပြုရန် ကြွတော်မူခြင်းပင်တည်း။ (အရှင်မဟာဗုဒ္ဓဃောသ ကျမ်းပြုရာဌာနမှာ စတုတ္ထသံဂါယနာတင်ရာ မယဇနပုဒ် = ယခုမာတလေ့မြို့အနီး အာလောကလိုဏ်ဂူ = အလုဝိဟာရ ဖြစ်သည်ဟုလည်း သီဟိုဠ်မှတ်တမ်းအချို့၌ တွေ့ရ၏။)

အရှင် မဟာဗုဒ္ဓဃောသ၏ ဂုဏ်သတင်းသည် ဝိသုဒ္ဓိမဂ်ကျမ်းနှင့်အတူ သီဟိုဠ်ကျွန်း၌ထင်ရှားလာလေတော့၏။ ဆရာသမားများနှင့် သီတင်းသုံးဖော်များကမူ သီဟိုဠ်အဋ္ဌကထာများကို သင်ယူစဉ်ကပင် အရှင်မဟာ ဗုဒ္ဓဃောသ၏ ဉာဏ်ရည် ဉာဏ်သွေးကို သိရှိခဲ့ကြပြီးပင်ဖြစ်၏။ အထူးသဖြင့်–

> 'မြတ်စွာဘုရား သာသနာတော်၌ သဒ္ဓါနှင့် ပညာ ညီညွတ်မျှတ၍ ဝီရိယကြီးမားသူဖြစ်ကြောင်း၊ စာရိတ္တသီလ, ဝါရိတ္တသီလရှိ၍ ဖြောင့်မတ်သူ၊ သိမ်မွေ့နူးညံ့သူဖြစ်ကြောင်း၊ ထေရဝါဒ ဗုဒ္ဓသာသနာတော်ဟူသော မိမိ၏အယူဝါဒနှင့် ထိုခေတ်အခါ၌ ထင်ရှားသော အခြားစင်ပြိုင် အယူဝါဒများအပေါ်၌ နှိုင်းယှဉ်သုံးသပ်၍ ဆုံးဖြတ်နိုင် လောက်အောင် ဉာဏ်အစွမ်းထက်မြက်သူ ဖြစ်ကြောင်း' ရင်းနှီးသော မထေရ်များလောက၌ ထင်ရှားတော်မူပြီး ဖြစ်နေခဲ့၏။

ဤကား အများသိနေကြသော အရှင်မဟာဗုဒ္ဓဃောသ၏ ကျေးဇူးဂုဏ်များ ဖြစ်ကုန်၏။ ထို့ကြောင့်လည်း ကျမ်းဆရာကိုယ်တော်တိုင် မိမိ၏ကျမ်းများ၌ ဖော်ပြထားလေသည်။

ထူးခြားထက်မြက်သော အရည်အချင်းများကို အတွင်းသိ, အစင်းသိ သိတော်မူကြသဖြင့် မိမိတို့ ထက်သန်စိတ်ဝင်စားရာ နိကာယ်များကို အဋ္ဌကထာသစ်များ ပြုစုပါရန် တောင်းပန်တိုက်တွန်းကြ၏။ အဋ္ဌကထာ ကျမ်းတိုင်း၏ နိဒါန်း, နိဂုံးတို့၌ တောင်းပန် တိုက်တွန်းသူများ၏ အမည်များ ကိုလည်း အသီးသီး ဖော်ပြပါရှိသည်။

အရှင်မဟာ ဗုဒ္ဓဃောသ ပြုစုခဲ့သော အဋ္ဌကထာသစ်များမှာ (ဝိနည်းပိဋက=ဒီဃ-မဇ္ဈိမ-သံယုတ္တ-အင်္ဂုတ္တရ-နိကာယ် အပြည့်အစုံ။ အဘိဓမ္မ ပိဋက =

http://www.dhammadownload.com



ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ သုတ္တနိပါတ်၊ ဇာတ်-၇ အုပ်၊ ပါတိမောက်နှင့် ဝိသုဒ္ဓိမဂ်ဟူ၍) ဆဋ္ဌသံဂါယနာ စာတော်မူအရ ကျမ်းစာအုပ်ကြီးပေါင်း ၃၅-အုပ်၊ စာမျက်နှာပေါင်း တသောင်းသုံးထောင် (၁၃၀၀၀)ကျော် ရှိလေသည်။

ဤမျှ များပြားသောစာများကို ပေရွက်၌ ရေးတင် ဖွင့်ဆိုတော်မူသည်ကို ကြည့်ရှုံမျှဖြင့် အရှင်မဟာ ဗုဒ္ဓဃောသ၏ ကရုဏာ, သဒ္ဓါ ဆန္ဒနှင့် လွန်ကဲ ကြံ့ခိုင်သော ဝီရိယဦးစီးသော ဉာဏ်တော်ကို ကြည်ညိုမဆုံး ရှိကြရလေသည်။ ထို့ကြောင့်လည်း အဋ္ဌကထာ နိဂုံးတို့၌—

"အဋ္ဌကကာနှင့်တကွ ပိဋကသုံးပုံဟူသော ထူးထွေများပြားသည့် ပရိယတ်ကျမ်းဂန်နှင့် ပြည့်စုံသော (ဝါ-စာပေကျမ်းဂန် ဓမ္မက္ခန္ဓာတို့ဖြင့်အခိုင်အမာရပ်တည်လျက် ရှိသော) မြတ်စွာဘုရား၏ သာသနာတော်၌ အပိတ်အပင် အဆီးအတားကင်းသည့်ဉာဏ် စွမ်းရည်နှင့် ပြည့်စုံသော (အကျွန်ုပ် = ဗုဒ္ဓဃောသ)" ဟူ၍လည်း ရဲရင့်စွာ ဝန်ခံတော်မူထား၏။ (မိမိစာအတွက် အာမခံလက်မှတ်ရေး၍ တာဝန်ယူလိုက်ခြင်းပင်တည်း။)

## သီဟိုဠ်ရှေးဟောင်းအဋ္ဌကထာနှင့် ကျမ်းစာများ

ဤနေရာ၌'အဘယ့်ကြောင့် အဋ္ဌကထာသစ်များရေးသားပြုစုရကြောင်း' ကို ဖော်ပြသင့်၏။မဖော်ပြမီ သီဟိုဠ်ကျွန်း၌ အရှင်မဟာဗုဒ္ဓဃောသ မရောက်မီက ရှိနှင့်သော အဋ္ဌကထာဟောင်းများအကြောင်း 'အဋ္ဌကထာ သမိုင်း' အကျဉ်းချုပ်ကို သိထားသင့်လေသည်။

အဋ္ဌကထာ (အတ္ထ=အဋ္ဌ = အနက်အဓိပ္ပာယ်ကို+ ကထာ = ဖွင့်ပြသောစကား) ဆိုသည်မှာ ပါဠိတော်ဟူသော ပိဋကသုံးပုံကို အနက်အဓိပ္ပာယ် အယူအဆ မတိမ်းမယိမ်းရအောင် ထိန်းကွပ်ပေးသော အဖွင့်ကျမ်းဟု အဓိပ္ပာယ်ရ၏။ ယင်းသို့ဝေါဟာရ အထိန်းအကွပ် ကန့်သတ်ချက် မူချပေးမထားလျှင် မိမိတို့ ထင်ရာ ဆွဲငင်၍ လိုသလို (ဝါ) ကြိုက်လျှင် ကြိုက်သလို၊မကြိုက်လျှင် မကြိုက်သလို'ကိုယ့်ယူဆချက်အမှန်' ဟု ယူဆကြသော် ကာလကြာလျှင် မြတ်စွာဘုရား၏ ဒေသနာစကားတော်များ အမှားမှား အယွင်းယွင်း ဖြစ်ကာ သတ္တဝါအများအတွက် များစွာအကျိုးယုတ်စေနိုင်လေသည်။

၁။ ထိုသို့သော အကြောင်းများကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်ပင် အနက်အဓိပ္ပာယ်ကို ဖွင့်ဆို ပေးတော် မူခဲ့ရလေသည်၊

http://www.dhammadownload.com



ဝေါဟာရ ကန့်သတ်ချက် ပေးတော်မူခဲ့ရလေသည်။ ယင်းကို 'ပကိဏ္ဏကဒေသနာ = အထွေထွေ တရားတော်၊ ဗုဒ္ဓသံဝဏ္ဏိတ အဋ္ဌကထာ= ဘုရားရှင်ဖွင့်ပြသော အဋ္ဌကထာ' ဟု ခေါ်၏။ (အနုဋီကာ-၁၊ ၁၁။ ဒီ-ဋီ-၁၊ ၁၅။)

၂။ အရှင်မဟာကဿပစသော သံဂါယနာတင် ထေရဝါဒီ မထေရ်ကြီး အဆက်ဆက်တို့၏ အဆုံးအဖြတ် ဖွင့်ဆိုချက် အနုဗုဒ္ဓသံဝဏ္ဏိတ အဋ္ဌကထာ=သာဝကကြီးများ၏ အဖွင့်=မဂဓအဋ္ဌကထာ၊ (ဒီ-ဋ္ဌ-၁၊ ၁၊ သာရတ္ထ-၃၊၆။ မဟာဝံသ-၃၇-၂၄၄။)

ယင်းသို့ သံဂါယနာ သုံးတန်တင်ပြီး မထေရ်ကြီး အဆက်ဆက်တို့ ဖွင့်ဆိုခဲ့ကြသော အဋ္ဌကထာများကို အရှင် မဟာမဟိန္ဒထေရ်မြတ်သည် သီဟိုဠ်ကျွန်းသို့ ယူဆောင်သွားပြီးလျှင် သီဟိုဠ်ကျွန်းသားတို့ အတွက် သီဟိုဠ်ဘာသာဖြင့် ပြန်ဆိုရေးတင်ထားသည်။ ယင်း အဋ္ဌကထာကိုပင် မူလအဋ္ဌကထာဟု လည်းကောင်း၊ မဟာ အဋ္ဌကထာဟုလည်းကောင်း ခေါ်ဆိုသည်။ (ဒီ-မ-သံ-အံ-နိကာယ် အဋ္ဌကထာကြီး၏ ပဏာမနိဒါန်းဂါထာ။)

ယင်း မူလ, မဟာအဋ္ဌကထာ များကိုပင် ပေါရာဏအဋ္ဌကထာ၊ သီဟိုဠ်အဋ္ဌကထာ ကြီးများဟုလည်း ခေါ်တွင်သည်။ (စရိယာ-ဋ္ဌ၊၃၂၇။ ဥဒါန်-ဋ္ဌ၊၃၉၃)။

၃။ အရှင် မဟာ မဟိန္ဒထေရ်မြတ်၏ အဆက်အနွယ် ဖြစ်သော မဟာ ဝိဟာရ ထေရဝါဒီ မထေရ်မြတ်ကြီး သီဟိုဠ်ဘာသာသက်သက်ဖြင့် ဦးစွာရေးသားသော မဟာပစ္စရိအဋ္ဌကထာဟူ၍လည်းရှိ၏။ ပစ္စရိ သဒ္ဒါ ဖောင်ကိုဟောသဖြင့် ဖောင်ပေါ်၌နေ၍ ရေးသားပြုစုသော အဋ္ဌကထာဟုဆို၏။(ဝဇိရဋီကာ၊ ၁၀။)

၄။ ကုရုန္ဒီဝလ္လိမည်သောကျောင်း၌ ရေးသော ကုရုန္ဒီအဋ္ဌကထာ၊

အရှင် မဟာဗုဒ္ဓဃောသ အဋ္ဌ ကထာသစ် ရေးစဉ် အခိုင်အမာ ကိုယ်ထည်အနှစ်သာရထား၍ အားကိုးရသော အဋ္ဌကထာများမှာ ယင်းသီဟိုဠ်အဋ္ဌကထာကြီး ၃-စောင်ပင်ဖြစ်၏။ (ဝိ-ဋ္ဌ–၁၊၁။ ဝိ-ဋ္ဌ-၄၊ ၂၆၃။) ယင်းအဋ္ဌကထာကြီး သုံးစောင်တွင်လည်း အရှင် မဟိန္ဒမထေရ်မြတ်ရေးပြုတော်မူသော မူလ အဋ္ဌကထာကြီးမှ တပါး ကျန်အဋ္ဌကထာကြီး ၂-စောင်သည် ဝိနည်းပိဋ္ဋက (ခုဒ္ဒက နိကာယ်) မှတပါး အခြား နိကာယ်များအတွက်ကား ရှိဟန်မတူချေ။

http://www.dhammadownload.com



၅။ စူဠပစ္စရီအဋ္ဌကထာ (မဟာပစ္စရီ၏ အကျဉ်းချုပ်)။

၆။ သခေ်ပ အဋ္ဌကထာ=အဋ္ဌကထာအကျဉ်း။

၇။ အန္ဓက အဋ္ဌကထာမှာ ဣန္ဒိယ တောင်ပိုင်း အန္ဓကတိုင်း ဘာသာ (တေလဂူဘာသာ) ဖြင့်ရေးထားသော အဋ္ဌကထာဖြစ်သည်။

ယင်းအဋ္ဌကထာကြီးများအပြင် သီဟိုဠ်သာသနာဝင်၌ပရိယတ်, ပဋိပတ်အရာ ကျော်ကြားထင်ရှားသော ထေရဝါဒီ မထေရ်မြတ်ကြီးများ၏ အယူအဆဆုံးဖြတ်ချက်=ထေရသလ္လာပများ (ဒီ-ဋ္ဌ-၃။ ၆၆) ဇမ္ဗူဒိပ်ကျွန်း၌ ထင်ရှားသော မထေရ်ကြီးများ၏ အယူအဆများ (မ-ဋ္ဌ-၃၊၁၉၅၊၁၉၇၊၂၁၀)၊ဝိသုဒ္ဓိမဂ်၌ ညွှန်းပြထားသော 'ဝိသုဒ္ဓိကထာ၊ အရိယဝံသကထာ' စသော ကျမ်းစာများ၊ အေ-ဒီ၄-ရာစု အတွင်း(မဟာသေနမင်း သာသနာ ၈၀၈-၈၃၅၊အေ-ဒီ ၃၂၅-၃၅၂)က ဖြစ်ပေါ်ခဲ့သော ဒီပဝံသခေါ် ပထမဆုံး သာသနာဝင် ကျမ်းစသည်များသည် အရှင်မဟာဗုဒ္ဓဃောသ သီဟိုဠ် မရောက်မီက ရှိနှင့်သည့် ထေရဝါဒဆိုင်ရာ ခိုင်မာသန့်ရှင်းသော အဋ္ဌကထာနှင့် သီဟိုဠ် ကျမ်းစာများ ဖြစ်ပေသည်။

## စံတော်ဝင် ထေရုပ္ပတ္တိများ

ယင်းအဋ္ဌကထာကျမ်းကြီးများမှာ အရှင် မဟာဗုဒ္ဓဃောသ မရောက်မီ လွန်ခဲ့သော အနှစ်သုံးရာကျော်က ရှိနှင့်ကြသော သီဟိုဠ် အဋ္ဌကထာကြီးများ ဖြစ်ကုန်၏။အဘယ့်ကြောင့်ဆိုသော် ထိုအဋ္ဌကထာ ဟောင်းကြီးများမှ ဘာသာ ပြန်ဆို ထည့်သွင်းထားသော စံတော်ဝင်မထေရ်ကြီးများ၏ ထေရုပ္ပတ္တိများကို ကြည့်လျှင်သာသနာတော်၆၀၉-၆၅၃ နှစ်များအတွင်း ဝသဘမင်း၏ လက်ထက်မှ နောက်ကာလ၌ ဖြစ်ပေါ်သော ထေရုပ္ပတ္တိများကိုလည်းမတွေ့ရ၊(နောက်အကျဆုံး မဟာသေနမင်း(၈၀၉-၈၄၆)ဝတ္ထုမှတပါးအခြား ဝတ္ထုများလည်း မပါရှိသောကြောင့်ဖြစ်၏။

အရှင်မဟာဗုဒ္ဓဃောသကား ဝသဘမင်းမှ နောက်နှစ်ပေါင်း သုံးရာခန့် နောက်ကျသော မဟာနာမမင်းလက်ထက် (၉၅၃-၉၇၅) ရောက်မှ သီဟိုဠ်သို့ ကူးကြွခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



ဤ 'စံတော်ဝင် အရိယာပုဂ္ဂိုလ်ထူးကြီးများ' သည်လည်း အရှင်မဟာဗုဒ္ဓဃောသ သီဟိုဠ်အဋ္ဌကထာကြီးများမှ ပါဠိဘာသာပြန်ဆို၍ ဖော်ပြပေးထားခြင်းမျှသာ ဖြစ်သည်ဟုလည်း ဤ၌ မှတ်ယူခဲ့စေလိုပါသည်။

အရှင်မဟာဗုဒ္ဓဃောသ၏ သဘောသက်သက်မျှဖြင့် ဖော်ပြထားခြင်း မဟုတ်ရုံသာမက၊ ထေရဝါဒီ သီဟိုဠ်သာသနာစောင့်မထေရ်ကြီးအဆက်ဆက်တို့ အလေးအနက်ဂုဏ်ယူစံတင်ထားသော အများသိ ပုဂ္ဂိုလ်ထူးကြီးများ ဖြစ်သည်ဟုလည်း ထပ်ဆင့်ယုံကြည်သင့်ကုန်၏။

## အဋ္ဌကထာသစ် ဖြစ်ပေါ်လာပုံ နောက်ခံရာဇဝင်

အရှင်မဟာ ဗုဒ္ဓဃောသပြုစုသော အဋ္ဌကထာများကို 'အဘိနဝ အဋ္ဌကထာ=အဋ္ဌကထာသစ်' ဟူ၍ လည်းကောင်း၊ 'သင်္ဂဟ အဋ္ဌကထာ=အကျဉ်းချုပ် အဋ္ဌကထာ' ဟူ၍ လည်းကောင်း ခေါ်ဆိုကြ၏။

အဋ္ဌကထာသစ်များ ဖြစ်ပေါ်လာရာ၌ အကြောင်းမဲ့မဟုတ်ချေ။ နောက်ခံ ရာဇဝင်များ ရှိနေခဲ့သည်ပင် ဖြစ်၏။ ဖြစ်သင့်၍ ဖြစ်ပေါ်လာရခြင်းဟု ဆိုရပေမည်။ မူလ အကြောင်းရင်းကား မဟာယာန တရားတုများ ထိုးနှက်လာခြင်းကြောင့်ပင် ဖြစ်ပါသည်။ ရှင်းပါဦးအံ့—

အရှင် မဟာမဟိန္ဒထေရ်မြတ် ပြုစုပျိုးထောင်တော်မူခဲ့သော ထေရဝါဒ ပင်မ ဗုဒ္ဓသာသနာတော်သည် သီဟိုဠ်ကျွန်း၌ မိစ္ဆာဒိဋ္ဌိမင်းများနှင့် ဆိုးရွားလှသော ရာဇီဥတုဒဏ်ကို ခံခဲ့ရသော်လည်း အတွင်းသား အနှစ်သာရနှင့်စပ်၍ကား လျော့ပါးညစ်နွမ်းခြင်းမရှိ၊ နှစ်ပေါင်းနှစ်ရာကျော် ဝဋ္ဋဂါမဏိမင်း လက်ထက် (၄၄၀၊ ဒု-၄၅၅—၄၆၆) စာတုတ္ထ သံဂါယနာ တင်သည့်တိုင်အောင် တရှိန်တည်း ဖွံ့ဖြိုးတိုးတက်လာခဲ့၏။

ထိုမင်းသည် ထေရဝါဒ သာသနာတော်အား ချီးမြှောက် ထောက်ပံ့သူ သံဂါယနာ ဒကာတော်ဖြစ်သည်ဟု ယူဆဖွယ်ရှိသော်လည်း မဟာဝိဟာရ သံဃာတော်များကို ကြည်ညိုအားပေးသူ မဟုတ်ချေ။ သူ့လက်ထက်၌ သံဂါယနာ တင်၍ ထင်ရှားနေခြင်း ဖြစ်၏။

စင်စစ် ထိုမင်းသည် ပြည်တွင်းအရေး ရှုပ်ထွေး ပြေးပုန်းနေရစဉ်က ထမင်း တလုတ်ကျွေးဖူးသော ကျေးဇူးကို ငဲ့ကွက်မိသဖြင့် ထမင်းရှင် မဟာတိဿထေရ်

http://www.dhammadownload.com



အား အဘယဂီရိ ကျောင်းတိုက်ကြီး ဆောက်လှူခဲ့သည်။ မထေရ်လည်း မင်းကိုးကွယ်ခံရခြင်းကို မာန်မူ၍ မဟာဝိဟာရမထေရ်ကြီးများ၏ဩဝါဒကိုမခံ၊အလဇ္ဇီတို့၏ သဘောဓလေ့အရ လူတို့နှင့် ရောနှောဆက်ဆံသဖြင့် မဟာဝိဟာရဂိုဏ်းမှ အကြဉ်ခံရသည်။ အဘယဂီရိဂိုဏ်း သီးခြားထူထောင်လိုက်၏။

အသိဉာဏ်နှင့် ဘုန်းကံနည်းသော မင်းများ၏ အားပေးမှု၊ လူကုံထံတို့ ဆည်းကပ်မှုစသော အာဏာနှင့် လောကီသာယာဖွယ် (လောကာမိသ) များကို ဦးစားပေးကာ အဘယဂီရိဂိုဏ်းဝင်တို့သည် တစတစ ထေရဝါဒ အစဉ်တွင်က ဗုဒ္ဓသာသနာအင်အားများ လျော့ပါးလာ၏။ ထိုနောက် ဝိနည်းပညတ်များကို လိုရာအဓိပ္ပာယ်ဖွင့်ဆို၍ ပြုမူ နေထိုင်လာကြသည်။ နောက်ဆုံး သီလ သမာဓိ ပညာ အားနည်းလာနှင့်အမျှ ဣန္ဒိယဘက်၌ ခေတ်စားနေသော အာဏာရှိသူနှင့် ခေတ်လူတို့ အကြိုက် သက္ကတဘာသာဖြင့် ခေတ်နှင့်အညီ တီထွင် ဆန်းသစ် ထားသော ဓမ္မရုစိဂိုဏ်း၏ ပိဋကလက်သစ်များကို ဦးစွာသင်ယူပို့ချလာကြ၏၊ နောက် မဟာယာန ပိဋကများကို သင်ယူပို့ချလာကြသည်။ အလဇ္ဇီမှ ဒုဿီလသို့ ဦးတည်နေကြ၏။

တတိယ သံဂါယနာတင်ခါနီးက ထေရဝါဒ ပင်မဗုဒ္ဓဘာသာမှ ထုတ်ပယ်ခံရသော အဓမ္မဝါဒီတို့တွင်သမ္မိတိယဂိုဏ်းသည် မြန်မာနိုင်ငံဘက်သို့လည်းကောင်း၊ ဓမ္မရုစိနှင့် ဝေတုလ္လစသောဂိုဏ်းသည် သီဟိုဠ်ဘက်သို့ လည်းကောင်း အဦးဆုံး လိုက်လံနှောင့်ယှက်ကြလေ၏။

မဟာဝိဟာရဝါသီ အရှင်မြတ်တို့ကား မင်းမှူးမတ်တို့၏ အကူအညီကို မရသော်လည်း ထေရဝါဒပင်မ ဗုဒ္ဓသာသနာတော်၏ ပိဋကများကို သံဂါယနာတင် စိစစ် ထိန်းသိမ်းပြီး အရိုးခံကြီးအတိုင်း ကျင့်ဆောင်မြဲ ကျင့်ဆောင်တော်မူနေကြ၏။ သို့ရာတွင် အသစ်အဆန်းကိုမှ ကြိုက်လေ့ရှိသော လူတို့၏ သဘာဝအလျောက် ထိုခေတ်သီဟိုဠ် ဒယကာ, ဒါယိကာမတို့၏အမြင် ထေရဝါဒ ပင်မဗုဒ္ဓဘာသာတရားတော်အပေါ်၌ ငြီးငွေ့လာကြ၏။

အာဏာရှိသူနှင့် ခေတ်မီ လူကုံထံတို့ ဝင်ထွက်ရာ အဘယဂီရိ ကျောင်းတော်ကြီးသည် စွယ်တော်လှည့်ပွဲ စသော ပဓာန ဘာသာရေးပွဲတော်များကိုပင် ဦးစီးချုပ်ကိုင် လာနိုင်၏။ ထုံးစံအတိုင်း သဘောတရား အသစ်အဆန်းများကပင် အသိဉာဏ်မရှိသော လူတို့၌ ရေပန်းစား လာလေတော့၏။

http://www.dhammadownload.com



## ဖာဟီယန်နှင့် အရှင် မဟာ ဗုဒ္ဓဃောသ

တရုတ်ရဟန်းတော် ဖာဟီယန်နှင့် အရှင်မဟာဗုဒ္ဓဃောသတို့ခေတ်၊ မဟာနာမမင်းလည်း အဘယဂီရိကို အားပေးကြည်ညိုသူ ဖြစ်နေပြန်လေသည်။ ထို အချိန်က အဘယဂီရိ၌ သံဃာငါးထောင်ရှိ၍ မဟာဝိဟာရ၌ သုံးထောင်ခန့်ရှိကြောင်း ဖာဟီယန်မှတ်တမ်း၌ တွေ့ရ၏။

ကမ္မနိယာမ=ကံရေစီးကြောင်းကား အံ့ဖွယ်ကောင်းလေစွ။

ဖာဟီယန်သည် သီဟိုဠ်သို့ ၄၁၄-ခုနှစ်ရောက်၍ ၂-နှစ် နေထိုင်သွား၏။ သို့သော် အဘယဂီရိ၌သာ နေသွားရရှာသဖြင့် မဟိသာသကဂိုဏ်း ပိဋကများကိုသာ ကူးယူသွားရ၏။ အနုရာဓ နေပြည်တော်လမ်းမကြီးများ၌ ဥပုသ်နေ့တိုင်း တရားပွဲများရှိ၍ သွားရောက်နာယူလေရာ ဣန္ဒိယမှ တရားဟော ဆရာတဦး၏ အလွန်ထူးဆန်းလှသော 'ဂေါတမဗုဒ္ဓ သပိတ်တော်နှင့် အရိမေတ္တေယျနတ်သား' အကြောင်းများကို နာယူရသည်ဆို၏။ ထို သုတ္တန်ဒေသနာတော်ကို ကြည်ညိုလှသဖြင့် ကူးယူခွင့်ပြုရန် တောင်းဆိုသောအခါ တရားဟောဆရာက—

"ဘုရားဟော မူရင်းမဟုတ်၊ ကျွန်ုပ်၏ စီစဉ်ချက်မျှသာ"ဟု ပြောဆိုကြောင်းကိုလည်း အကျဉ်းချုပ် မှတ်တမ်းတင်ထားလေသည်။

မဟာနာမမင်းလက်ထက် အရှင် မဟာ ဗုဒ္ဓဃောသတို့ ရောက်ရှိနေချိန်ဖြစ်သော သီဟိုဠ်သာသနာသည်ပင် မည်မျှရှုပ်ထွေး၍ အဓမ္မဝါဒီတို့ မည်မျှ အတင့်ရဲနေကြောင်း ရှုမြင်နိုင်ပေသည်။ ရှင် မဟာဗုဒ္ဓဃောသကား သီဟိုဠ်သို့ ၄၆၅-ခုနှစ်တွင် ရောက်၍ ဖာဟီယန်နောက် ၁၁-နှစ် နောက်ကျလေသည်။ သို့သော် ဖာဟီယန်၏ ကံရေစီးကြောင်းသည် မြောက်ဘက်သို့သာ စီးသွား၍ အရှင် မဟာဗုဒ္ဓဃောသ၏ ရေစီးကြောင်းကား တောင်ဘက်သို့သာ စီးဆင်းသွားလေ၏။

## ထေရဝါဒသည် ဟိနယာန မဟုတ်

ဝဋ္ဋဂါမဏိမင်း လက်ထက်မှ မဟာနာမမင်း လက်ထက် တိုင်အောင် အသိဉာဏ်ခေါင်းပါးသော မင်းများနှင့် (သဒ္ဓါပညာ ညှိဖျှင်းသည့်အလျောက်) သာသနာကို ခေတ်နှင့်အညီ ပြုပြင်ကျင့်သုံးလိုသော ရဟန်းများကြောင့် မဟာ

http://www.dhammadownload.com



ဂိဟာရဝါသီ ထေရဝါဒ သာသနာစောင့်မထေရ်ကြီးများ ကျောင်းပစ် ကန်ပစ် အသက်နှင့် လဲ၍ပင် စောင့်ရှောက်တော် မူခဲ့ကြရလေသည်။

(သီဟိုဠ်သို့ မဟာယာနများ လိုက်လံ၍ ထေရဝါဒမှ ထပ်၍ ဖွဲ့ထုတ်ကြပုံကို နောက်ဆက်တွဲ-ခ၌ ရှုပါ။)

ဒုတိယ သံဂါယနာ (သာသနာ-၁၀၀)မတင်မီ၊တင်အံ့ဆဲဆဲ ထေရဝါဒမှ ကြဉ်ဖယ်ထားသော အလဇ္ဇီရဟန်းများ....

တတိယ သံဂါယနာမတင်မီ၊ တင်ခါနီးက ထေရဝါဒ ပင်မ ဗုဒ္ဓသာသနာ ဟော်မှဖဲ့၍ ထွက်သွားသော အလဇ္ဇီ ဒုဿီလ ရဟန်းများ၊ဣန္ဒိယတွင် နယ်စောင့် ကျန်ရစ်သော ထေရဝါဒမှလည်း ပဲ့ထွက်သွားသော ရဟန်းများ....

ထိုရဟန်းများသည် သာသနာတော် အနှစ်တရာကျော်မှသည် အနှစ်ကိုးရာကျော် (အရှင်မဟာ ဗုဒ္ဓဃောသတို့ခေတ်)အထိ တဂိုဏ်းပြီး တဂိုဏ်း ဂိုဏ်းများထောင်ကာ ဝါဒစစ်ထိုးကြရာ အဆိုးရွားဆုံး အရှုပ်ထွေးဆုံး အချိန်သို့ ရောက်နေ၏။

ဝါဒရေးရာ အတွက် ပါဠိတော်အသစ်များကိုပင် ရေးထုတ်ကြရာ'နဂါးပြည်မှရသည်၊ နတ်ပြည်မှရသည်' စသည် အဆန်းထွင်ကာ ဘုရားအမည်ကိုပင် သုံးလာကြ၏။ ဝါဒပိုင်ဆိုင်ရာ၌ တဂိုဏ်းထက် တဂိုဏ်း သာလွန်အောင် မဆုံးနိုင်သော သက္ကတဘာသာ ဒေသနာသစ်များ, လိုရာဆွဲ၍ဖွင့်သော အဋ္ဌကထာများ, ဝတ္ထုဇာတ်လမ်း ကဗျာကျမ်းများ သူ့ထက်ငါရေးထုတ်ကာ ဗုဒ္ဓဝါဒဟု ကြေငြာကြကုန်၏။

အုပ်ချုပ်သူနှင့် လူများစု အကြိုက်ကိုလိုက်၍ တရားသစ်များနှင့် အတူ ဝတ်စားဆင်ယင်မှု အသုံးအဆောင် အမူအရာများ သူ့ထက်ငါ သာအောင် တီထွင်ကြ၊ ဂိုဏ်းခွဲကြ၊ ခံစစ်ဖြစ်လိုက်, ထိုးစစ်ဖြစ်လိုက်၊ အတိုက်အခံ ငြင်းခုံနေခဲ့ကြရာ တဖြည်းဖြည်း ထေရဝါဒ ပင်မဗုဒ္ဓ သာသနာ မဇ္ဈိမပဋိပဒါ ပင်စည်မှ ဝေးကွာ၍ ဝေးကွာ၍ သွားကြလေတော့၏။

သာသနာ ၇၀၀-စု (၆၅၀-ခန့်)တွင် ကသ္မီရ ဂန္ဓာရ၌ သဗ္ဗတ္ထိဝါဒဂိုဏ်းသည် သံဂါယနာတင်နိုင်သည်အထိ အားကောင်းလာခဲ့သည်။

အဘယ့်ကြောင့်ဆိုသော် သဗ္ဗတ္ထိဝါဒသည် ဖနတ္တကို ကာကွယ်ယင်း အတ္တဖြစ်ကာ သံသရာ အရိုးစွဲ (ဗြာဟ္မဏဝါဒီတို့အကြိုက်) သဿတဝါဒ ဖြစ်သွားသောကြောင့် ပေတည်း။ သို့ရာတွင် အယူဝါဒအားလုံးကို သိမ်းကျုံး၍ ပို၍ ခေတ်မီသော ဗုဒ္ဓဝါဒ လုပ်လိုသည့် (သမာဓိ အဓိက) ယောဂါစာရဂိုဏ်းကြီး

http://www.dhammadownload.com



ပေါ်လာသောအခါ ဗြာဟ္မဏ (ဟိန္ဒူ)မင်းများမှာ တက္ကသိုလ်ကြီးများကိုပင် ထူထောင်ပေးသည်အထိ အစွမ်းကုန် အားပေးချီးမြှောက်လာကြ၏။ အဘယ့်ကြောင့်ဆိုသော် ထိုယောဂါစာရဂိုဏ်းသည် ဝိညာဏဝါဒဟု ကြွေးကြော်ကာ 'လောကနှင့် နိဗ္ဗာန်အတူတူ၊ အနိစ္စနှင့် နိစ္စအတူတူ၊ အနတ္တနှင့် အတ္တအတူတူ' စသည်ဖြင့် သဘောတရားသစ် (အဘိဓမ္မာ) ကျမ်းများကိုပင် ရေးသားကာ ဗုဒ္ဓဝါဒမှာ အပေါ်ယံ အထင်ခံ အသံအမည်မျှသာ ရှိတော့၍ ဗြာဟ္မဏတို့၏ အတ္တဝါဒကို အတွင်းသား အနှစ်သာရ အမာခံအမြုတေလုပ်ထားသောကြောင့် ပေတည်း။

ထိုအခါ သဗ္ဗတ္ထိဝါဒီတို့ပင် လက်မခံနိုင်တော့ပဲ ယောဂါစာရဂိုဏ်းအား ခုခံဝေဖန်လာကြ၏။ ငြင်းခုံကြ၏။ ခုခံယင်း၊ ငြင်းခုံယင်း သဗ္ဗတ္ထိဝါဒီ ခေါင်းဆောင် ဝသုဗန္ဓုကဲ့သို့သော ကျမ်းပြုပုဂ္ဂိုလ်ကြီးများပင် နောက်ဆုံး သာသနာ ၁၀၀၀-ခန့်၌ ယောဂါစာရ ဂိုဏ်းထဲသို့ ထိုးကျ သွားလေတော့၏။

နောက်လိုက်အချို့မှာ ဆက်လက်ခုခံကြသော်လည်း အားမရှိတော့ချေ။ ယောဂါစာရဂိုဏ်းကြီးလည်း ပို၍ပင် ခေတ်မီလာစဉ် ထို့ထက်ခေတ်မီတိုးတက်သူအချို့က တန္တရ, မန္တရမှ ဝဇီရယာနတိုင်အောင် သမာဓိအာရုံနိမိတ်ကို အခြေခံရာမှ ဂါထာမန္တန်အင်းအိုင်ခါးလှည့်လက်ဖွဲ့ မှော်သိဒ္ဓိ အဂ္ဂိရတ် ဓာတ်လုံး စုန်းနတ်ကဝေ ယောဂပညာအထိ လျှို့ဝှက်တန်ခိုးများကို ဦးစားပေးလာကြလေသည်။

ထိုအတွင်း ဗြာဟ္မဏဝါဒကလည်း ဗုဒ္ဓဝါဒီအမည်ခံ ဂိုဏ်းအမျိုးမျိုးအား ပူး၍တမျိုး၊ ခွာ၍တဖုံ၊ အနုအကြမ်းနည်းမျိုးစုံဖြင့် ထိုးနှက်မြဲ ထိုးနှက်နေခဲ့၏။

သဗ္ဗတ္ထိဝါဒစသော သဘောတရားသမားများသည် အစွမ်းကုန် တိုးတက်၍ လူကြိုက်များနေသော ဘုန်းကြီးနတ်ကတော် မှော်ဆရာများကို မခုခံ မကာကွယ်နိုင်ကြတော့ပေ။ သမ္မတ္ထိဝါဒ ပိဋကများလည်း စုမတြ၊ ဂျားဗားကျွန်းများကို ကျော်ဖြတ်ကာ တရုတ်ပြည်၊ ဂျပန်ပြည်ဘက်သို့ နယ်သစ်ဖွင့် ထွက်နေခဲ့ကြလေပြီ။

ဇ္ဗုဒ္ဓီယတပြည်လုံးလည်း ဝါးအစည်းပြေကာ ရာဇဝင် မင်းစဉ်မင်းဆက် ဆက်စပ်၍မရအောင်သူတလူငါတမင်း ဖြစ်နေချိန်၊ဘုရင်နှင့်မှူးကြီးမတ်ရာ သေနာပတိသဌေးသူကြွယ်များမှအစ **ဘုန်းကြီးနတ်ကတော်, ဘုန်ကြီးမှော်ဆရာ,** အင်း **ဆရာ,ဓာတ်လုံးဆရာ, ဂိုဏ်းဆရာမျာ** ကိုအားကိုးလာကြ၏။

ယောဂါစာရ (ဝိညာဏဝါဒ) မှ ဆင့်ပွားသွားသော တန္တရ,မန္တရဂိုဏ်းများသည် အားအကောင်းဆုံးဖြစ်ကာ သဗ္ဗတ္ထိဝါဒ, သုတ္တန္တိက, အန္ဓက စသော စင်ပြိုင်ဂိုဏ်းများမှာ လွန်စွာအားနည်းသွားကြ၏။ ထို့ကြောင့် အယူဝါဒ ကျဉ်းမြောင်း၍ အရေအတွက်အားဖြင့်လည်း အားနည်းသူကို **ဟီနယာန**၊ အားကြီးသူကို **မဟာယာန** ဟု နောက်ကာလတွင် သတ်မှတ်လာကြလေသည်။

http://www.dhammadownload.com



ထို 'မဟာယာန၊ ဟီနယာန' ဟူသောဝေါဟာရသည် ထေရဝါဒ သာသနာဝင်နှင့် မည်သည့် ထေရဝါဒကျမ်းစာများမှာမျှ မလာရှိပဲ ဒုတိယသံဂါယနာမှစ၍ ထေရဝါဒ ပင်စည်ပင်မဗုဒ္ဓသာသနာမှ ခွဲထွက်သွားကြရသော ဂိုဏ်းများအချင်းချင်း ထိုးစစ် ခံစစ်လုပ်ရာမှ ထွက်လာသောဝေါဟာရမျှသာ ဖြစ်လေသည်။ ထေရဝါဒနှင့် မည်သို့မျှ မဆိုင်ချေ။

## ထေရဝါဒ၏ အရေးအတွက် အရည်အချင်း ကျဉ်းမြောင်းသလော

ဂိုဏ်းကွဲဂိုဏ်းဖျားများအချင်းချင်း အပြိုင်အဆိုင် မတိုက်ခိုက်ကြမီကပင် ထေရဝါဒ ပင်စည်ပင်မ ဗုဒ္ဓသာသနာတော်သည် ဇမ္ဗူဒီပအတွင်း ခုနစ်ဌာန၊ သီဟိုဠ်၊ မြန်မာနှစ်ဌာနအားဖြင့်စောစီးစွာ ကြိုတင်၍ နေရာယူထားနှင့်ပြီး ဖြစ်၏။ မည်သည့် အရော အနှော အပိုအလို မရှိ၊ သန့်စင်ကောင်းမွန်စွာ မြင့်မားသော အရှိန်အဟုန်ဖြင့် အခိုင်အမာ တသီးတခြား တပ်စွဲနေနှင့်ကြပြီး ဖြစ်လေပြီ။

ထိုအချက်ကို ထင်ရှားစေရန် အထောက်အထားများကား များစွာ ရှိပေသည်။

ဂိုဏ်းကွဲများအချင်းချင်း ဝါဒစစ်ပွဲပြင်းထန်နေချိန် သာသနာ ၄၀၀-စု ဒုဋ္ဌဂါမဏိလက်ထက်၌ ရဟန္တာ အရှင်မြတ်များ ကုဋေချီ၍ရှိနေ၏။

ဇမ္ဗူဒီပသာသနာပြု နယ်မြေသစ်များ၌လည်း ရဟန္တာ အရှင်မြတ်များ သိန်းသန်းချီ၍ ရှိတော်မူနေကြ၏။ (မဟာစေတီ ပန္နက်ချပွဲ-အခန်း၌ ရှု။)

သာသနာ ၅၀၀-စု ဝဋ္ဋဂါမဏိမင်း လက်ထက်မှာပင် ရဟန္တာအရှင်မြတ် သုံးသောင်းခန့် (သီဟိုဠ်ကျွန်းမှာပင်) ထင်ရှား ရှိတော်မူနေကြ၏။

ယင်းသာသနာ ၅၀၀-စု၊ ၆၀၀-စုတွင် ဂန္ဓာရတိုင်း (အရှင်နာဂသေနခေတ်)၌လည်း ရဟန္တာအရှင်မြတ်များ ထောင်သောင်းချီ၍ တည်ရှိနေကြောင်း မိလိန္ဒပဉှာ၌ တွေ့နိုင်ပေသည်။

မဟာယာနရဟန်းတော် ဖာဟီယန် ကိုယ်တိုင်ပင် (သာသနာဆယ်ရာစု) မဟာ ဝိဟာရမှ ရဟန္တာ အရှင်မြတ်ကြီး တပါး ပရိနိဗ္ဗာန်ပြု၍ ထိုမျှာပနပွဲ အကြောင်း ကိုယ်တွေ့မှတ်တမ်း ရေးထားခဲ့ပေသေးသည်။ (လင်္ကာတရားမှန်၍ အကျင့်မှန်သည်ကိုလည်း သတိပြုရန်။)

http://www.dhammadownload.com



ထေရဝါဒသည် အရေအတွက်အားဖြင့် ဟီန=အားနည်းမှုမရှိရုံသာမက သဘောတရားအားဖြင့်လည်း မကျဉ်းမြောင်းချေ။ အကျယ်ပြန့်ဆုံးပင် ဖြစ်ပေသည်။ အကြောင်းကား သာဝက ဖြစ်ရေးမျှလောက်ကိုသာ ဦးမတည်ပဲ ဗုဒ္ဓ, ပစ္စေက ဗုဒ္ဓ ဖြစ်ရေးကိုလည်း ဗုဒ္ဓဝံသ၊ ဇာတ်ကြီးဆယ်ဘွဲ၊ ဧကဂ္ဂဝိသာဏသုတ် စသည်ဖြင့် လမ်းဖွင့်ပေးထားပြီး ဖြစ်သည်။

စွမ်းအားရှိလျှင် ရှိသလောက်ရယူနိုင်ရန် ပို၍ပင် ပြည့်စုံ ကျယ်ပြန့်သော အခွင့်အရေးကိုပေးထားရာ သဘောတရား လမ်းစဉ်အားဖြင့်လည်း အဘယ်မှာ ဟီန=ကျဉ်းမြောင်းပါလိမ့်မည်နည်း။

ထေရဝါဒ သာသနာသည် ဂိုဏ်းကွဲများအချင်းချင်း ဝါဒစစ်ခင်းနေချိန်တွင် အရေအတွက်ရော, အရည်အချင်းပါ ခိုင်မာစွာဖြင့် သီးခြား ရပ်တည်နေလာခဲ့သည်မှာ ထင်ရှားလှပေသည်။

အရှင်မဟာဗုဒ္ဓဃောသတို့ သီဟိုဠ်သို့ မကူးမီ (ငါးယ်ရာစုအစပိုင်း)မှ စ၍မူ ဇမ္ဗူဒီပ(?)ရှိထေရဝါဒသာသနာသည် ဇမ္ဗူဒီပတောင်ပိုင်း ကဉ္စိပုရမြို့စသည်၌သာလျှင် စု၍ ပါဠိတော်လောက်ကိုပင် မပျောက်ပျက်, မရောနှောရအောင် ထိန်းသိမ်းနေကြရဟန် တူလေသည်။ နောက်.... ရပ်တည်၍ မရသော အခါ သီဟိုဠ်သို့ ကူးပြောင်းကာ အဋ္ဌကထာ, ဋီကာများကို လွှယ်လွှယ်ကူကူ ထက်ထက်သန်သန် ရေးသားပြုစုကြလေသည်။

သမိုင်းဆရာတော်တော်များများသည် သဗ္ဗတ္ထိဝါဒ စသော ဂိုဏ်းများကို ထေရဝါဒနှင့်အတူတူဟု ယူဆကာ ထေရဝါဒကိုလည်း ယခုအခါ ဟီနယာနဟု မှားယွင်းစွာ ဖော်ပြနေမိကြလေသည်။

ပင်စည်သည် အကိုင်း မဟုတ်။

ထေရဝါဒသည် ဟီနယာန မဟုတ်ချေ။

ထိုအချက်ကို ထင်ရှားစေရန်....အရှင်မဟာဗုဒ္ဓဃောသတို့မပေါ်မီ လွန်ခဲ့သော နှစ်ပေါင်းတထောင့်ငါးရာ(၁၅၀၀)ကျော်က ရေးသားခဲ့၍ အစောဆုံး သာသနာဝင်ကျမ်းဖြစ်သော ဒီပဝံသကျမ်း ဂါထာအမှတ်-၅၂၌ ဂိုဏ်းကွဲ-၁၇ ဂိုဏ်းကို ဖော်ပြပြီးနောက်—

> "ဝါဒတို့တွင် အကောင်းဆုံးအမြတ်ဆုံးဖြစ်သော ထေရဝါဒ သည် ပညောင်ပင်ကြီးနှင့်တူစွာ မြတ်စွာဘုရားအဆုံးအမ သာသနာတော် အပြည့်အစုံကို (အားလုံးကို) မပိုမယုတ် ပြည့်နှင့်လျက် ရှိပေ၏။ ကြွင်းသောဝါဒ(ဟီနယာန, မဟာယာနဂိုဏ်းကွဲအယူ) တဆယ့်ခုနစ်မျိုးတို့သည်ကား ထိုပညောင်ပင်ကြီး၌ မှီတွယ် ဖြစ်ပေါ်လာသော ဆူးငြောင့်တို့နှင့် တူကုန်၏။"ဟု ဖော်ပြထား၏။

http://www.dhammadownload.com



## လက်နက်ကောင်းရှိသော ထေရဝါဒ

ဗုဒ္ဓပွင့်ပေါ်ရာ ဇမ္ဗူဒီပ အိန္ဒိယနိုင်ငံကြီးအတွင်း အယူဝါဒရေးရာရှုပ်ထွေးသကဲ့သို့၊ နိုင်ငံရေးလည်း ရှုပ်ထွေးလျက်ရှိနေခဲ့၏။ နောက်ဆုံး ၁၃-ရာစု၊ ၁၄-ရာစုခေတ်တွင် အတုရော, အစစ်ပါ ဗုဒ္ဓဝါဒများ အားလုံး အပြီးတိုင် ချုပ်ငြိမ်းကာ သာသနာကွယ်ပခဲ့ရလေသည်။ (အိန္ဒိယ၌ အဘယ်ကြောင့် သာသနာကွယ်ပရပုံကို 'ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ' တွင်လည်း ဖော်ပြထားခဲ့ပြီ။)

အကြမ်းဖက်နယ်ချဲ့စစ်တပ်ကြီးများ ကျူးကျော်လာသောအခါ ရှင်ဘုရင်နှင့် သဌေးသူကြွယ်တို့ ကိုးကွယ်အားထားနေသော ဗုဒ္ဓဝါဒအမည်ခံ တန်ခိုးသိဒ္ဓိ မှော်ဆရာဂိုဏ်း ဘုန်းကြီးများလည်း ဥုံခံ မန်းမှုတ်ယင်းပင် ရှင်ဘုရင် သဌေးသူကြွယ် ဒကာ, ဒကာမများနှင့်အတူ ရန်သူ၏ဓားမှာ ထွက်ရပ်ပေါက်သွားကြရရှာ၏။ ဂိုဏ်းဘုန်းကြီးအကြွင်းအကျန်များလည်း ပုဂံ၊ နီပေါနှင့် အများအားဖြင့် တိဗက်သို့ ကုန်းကြောင်းထွက်ပြေး သွားကြရလေ၏။

ထိုရာဇဝင်ရိုင်းကြီးသည် ဗုဒ္ဓဘာသာ နာမည်ကိုသာမက ထေရဝါဒ၏ စစ်မှန်သော သီလသမာဓိပညာအင်အားများကိုပင် သံသယဝင်စေနိုင်လေသည်။

စင်စစ် ပိုးရွခြပုန်းတို့ မည်သည် အကာ အဆွေးကိုသာ ဖျက်ဆီးနိုင်၍ အသားကျစ်အောင် အနှစ်တည်နေသောအရာကို ဖျက်ဆီးနိုင်ရိုးမရှိချေ။ ထေရဝါဒ၏ သီလ မေတ္တာစသော အခြေခံပင်မ အင်အားတို့ကား တန်ခိုးပြသကဲ့သို့ လူမမြင်ရသော်လည်း အလိုအလျောက် ပြီးမြောက်အောင်မြင်မြဲ ဖြစ်လေသည်။

'နှိပ်စက်ဖျက်ဆီးတိုင်း ပျက်စတမ်း' ဆိုပါမူ ထေရဝါဒသည် ၂၅၀၀ ခရီးသို့ပင် ချီတက်မလာနိုင်လောက်ပေ။ အမှန်အားဖြင့် ထေရဝါဒ၌ အမတ=ခေါ် စစ်မှန် မြင့်မြတ်သော **လောကလွန်မသေဓာတ်ကြီး**နှင့် အတူ ခန္တီ မေတ္တာ ဟူသော**အနှိပ်စက်ခံ** ပြီးဆေးအောင်မြင်ရေးလက်နက်ကြီးများ ရှိနေကြပေသည်။

ထိုလက်နက်ကြီးများ သံချေးမတက်သမျှ နှစ်ပေါင်းထောင်နှင့် သောင်းနှင့်ချီ၍ ဆက်လက်ရှင်သန်တည်တံ့နေဦးမည်မှာ ယုံမှားဖွယ် မရှိပါချေ။

## ခေတ်ကတောင်းဆိုလာသော နယ်ခြားတံတိုင်းကြီး

အရှင်မဟာဗုဒ္ဓဃောသသည် အထက်ဖော်ပြပါအတိုင်းနှစ်ပေါင်းထောင်ချီ၍ ပွေလီရှုပ်ထွေးလှသော ဝါဒစစ်ဆင်ရေး ကြားတွင် မွေးဖွားလာရသူ ဖြစ်သည့်အတိုင်း ခေတ်ပေါ်ရှေးဟောင်း အိန္ဒိယအယူဝါဒများအားလုံးကို(မကြားချင်မှအဆုံး) ကောင်းစွာ နားလည်ခဲ့ပြီးသူ ဖြစ်၏။

http://www.dhammadownload.com



ထို့ကြောင့်လည်း အရွယ်နှင့် မလိုက်အောင် ဝါဒယှဉ်ပြိုင် ပြင်းခုံရန် စိတ်အား ထက်သန်ခဲ့လေသည်။ ထေရဝါဒကိုမတွေ့ရမီ ဗြာဟ္မဏဝါဒကစ၍ မည်သည့်အယူဝါဒကိုမျှ အားရကျေနပ်ခြင်း မရှိသောကြောင့်လည်း ဖြစ်၏။ အရှင်ရေဝတမထေရ်ကြီးထံမှ ထေရဝါဒကိုသင်ယူရရှိပြီးသော်လည်း ပါဠိတော် သက်သက်မျှသာရှိ၍ အားရတင်းတိမ်ခြင်းမရှိ။

သာသနာ ၁၉၆၅-ခုနှစ် သီဟိုဠ်ကျွန်း မဟာဝိဟာရ ထေရဝါဒတက္ကသိုလ် ကျောင်းတော်ကြီးသို့ ရောက်ရှိသောအခါ အဖွင့်အဋ္ဌကထာများပါ သင်ယူ နာကြားရလျှင်ပင်—

"**ဒါမှ ဘုရားရှင်၏ အဆုံးအမ အစစ်၊ ထေရဝါဒသာသနာ ပင်စည်ပင် မကြီးဖြစ်သည်**" ဟု ကြည်နူးရှင်ပျအားရနှစ်သိမ့်တော်မူလေသည်။ ထိုအမွေကို အသက်နှင့်လဲ၍ ထိန်းသိမ်းတော်မူခဲ့ကြပြီးလျှင် **ရိုးရာကိုအထိမခံ၊ လူဆန်၍ခေတ် မီသည်ကို မလိုလားသော** မဟာဝိဟာရဆရာ မထေရ်ကြီးများအားလည်း ကျေး ဇူးတင်ကြည်ညိုမဆုံးရှိရလေ၏။

သီဟိုဠ်ကျွန်းသို့ ရောက်ရှိသွားသောအခါ မိမိတို့ဇမ္ဗူဒီပပြည်ကြီးအတွင်း နှစ်ပေါင်းများစွာ ရှုပ်ထွေး ပွေလီနေခဲ့ကြသော ဓမ္မရုစိ၊မဟိသာသက ဗသော သက္ကတကျမ်းစာများနှင့် မဟာယာနကျမ်းစာများကို အသစ်အဆန်း ပြုလုပ်၍ မဟာဝိဟာရထေရဝါဒီများနှင့် ဆန့်ကျင်လျက်သင်ယူပို့ချ နေခဲ့ကြသော—

(၁) အဘယ ဂိရိဝါသီဂိုဏ်း(သာသနာ-၄၅၅)၊
(၂) သာဂလိယဂိုဏ်း(သာ-၇၉၇-၈၁၀)၊
(၃) ဇေတဝန ဝါသီဂိုဏ်း (သာ-၈၂၉—၈၄၅)များ ဖြစ်ထွန်းနေလေ ပြီကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်ရလေ၏။ (ထိုဂိုဏ်းခွဲများအကြောင်း နောက်ဆက်တွဲ-ခ၌ ကြည့်ပါ။)

"ဘဝပေါင်းများစွာ ကမ္ဘာပေါင်း အသင်္ချေ နေပင်နေရ သော်လည်း တရားစစ်တရားမှန်တခု ရရှိဖို့အရေးသည် လွန်စွာ ခက်ခဲလှပါဘိတောင်း"ဟု ဓမ္မသံဝေဂဖြစ်ကာ ထေရဝါဒအဋ္ဌ ကထာကျမ်းသစ်များရေးရန် သန္နိဋ္ဌာန်ချတော်မူလိုက်၏။

မဟာယာန၊မဟာယာနနှင့် အလားတူသောအလဇ္ဇီဒုဿီလတို့၏ တရားတု တရားယောင်များ ရောနှော ပူးသတ်လာခြင်းသည် အရှင် မဟာ ဗုဒ္ဓဃောသ၏ အဋ္ဌကထာကျမ်းသစ်ကြီးများ ထွန်းသစ်ထွက်ပေါ်လာစေရန် နှိုးဆော်တိုက်တွန်း ခြင်းအရင်းမူလ ပဓာနအကြောင်းကြီးဖြစ်ပေ၏။ အဋ္ဌကထာသစ်များသည် 'မြဲရာ သံပတ်'ဟူသကဲ့ ဝေါဟာရအတိမ်းအယိမ်းမရှိ တိကျကျစ်လျစ်၍ အသေဆုပ်

http://www.dhammadownload.com



ကိုင်ယားနိုင်စွမ်းသော ပါဠိတော်(မာဂဓဘာသာ)ကို ပို၍ ခိုင်မြဲစေရန်ပါဠိနှင့် သက္ကတ၊ အနုတ္တနှင့်အတ္တ၊ ပင်စည်နှင့် အကိုင်းတို့အကြား နယ်ခြားသတ်မှတ်ပေး လိုက်သောတံတိုင်းကြီးပင် ဖြစ်တော့သည်။

(၁) သိဟိုဠ်လူထုက အသစ် အဆန်းများကို ခုံမင်လိုက်စား နေချိန် ဟေရဝါဒပိဋကာ သိဟိုဠ်အဖွင့်ကျမ်းများမှာ မူလက ရိုးတာလှသည့် အထဲ နှစ်ပေါင်း-၃၀၀ကျော်က ပေရွက်ပေါ် ရေးတင်ခဲ့သောကျမ်း များဖြစ်ခြင်းကြောင့် ရှေးကျ၍ဝေါဟာရ အခက်အခဲများလည်း ရှိနေခြင်း။

၂။ မည်မျှပင်ပုံကောင်း၊အထည်အသားကောင်းသော်လည်း ကိုယ်တိုင်း နှင့်ချုပ်ထားသော သင်တိုင်းအင်္ကျီရှည်(ဘောင်းဘီရှည်)သည် ကိုယ် တိုင်းပေးသူသာ ဝတ်ဆင်နိုင်၍ အခြားသူများနှင့် မတော်သကဲ့သို့ သိဟိုဠ် အဋ္ဌကထာကျမ်းဟောင်းကြီးများလည်း သိဟိုဠ်သားတို့သာ နားလည်နိုင်၍ တိုင်းတပါးသားတို့ နားမလည်နိုင်သဖြင့် သာသနာ ပြုရာ၌ ခရီးမပေါက်ခြင်းတို့ကြောင့် မဟာဝိဟာရမထေရ်ကြီးများနှင့် တကွ အားလုံးကပင် မာဂဓဘာသာဖြင့် အဋ္ဌကထာကျမ်းသစ်များ ထွက်ပေါ်စေရန်လိုလားလျက် ရှိနေခဲ့ကြလေသည်။

## အဋ္ဌကထာကို ဘယ်မူဖြင့်ရေးသနည်း

အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာကျမ်းများကိုရေးသားရာ၌မိမိသဘော ကျ၊ ကိုယ်ကြိုက်ကိုယ့်ဆန္ဒတခုတည်းဖြင့် ရေးသားခြင်းမဟုတ်သည်ကို ဤ၌အထူး မှတ်သားရန်လိုပေသည်။ ထိုသဘောကိုမသိရှိ-မယုံကြည်ကြသဖြင့် မိမိတို့နှင့် နှိုင်း စကား မတန်မရာ ပြောဆိုဝေဖန်နေခြင်းဖြစ်၏။

ထိုအချက်ကို အရှင်မဟာဗုဒ္ဓဃောသသည် ကျမ်းစာတိုင်း၏ နိဒါန်းနိဂုံး တို့၌အတည့်အလင်း ဖွင့်ဟဝန်ခံထားပြီးဖြစ်၍ အကျယ်မဝေဖန်မဖော်ပြလိုတော့ ပေ။ အဋ္ဌကထာကျမ်းသစ်များပြုစုရာတွင်—

(၁) ဘုရားရှင်ဖွင့်ဆိုသော ပကိဏ္ဏက ဒေသနာအဋ္ဌကထာ၊ သံဂါယနာ သုံးတန်၌ပါဝင်သော မထေရ်ကြီးများဖွင့်ဆိုသည့် အဋ္ဌကထာအဆုံး အဖြတ်များ အားလုံးကို အရှင် မဟာ မဟိန္ဒထေရ်မြတ် သိဟိုဠ် ဘာသာဖြင့်ရေးတင်ထားသော မူလအဋ္ဌကထာခေါ် မဟာ အဋ္ဌ ကထာကြီးကို သရီယ =ကိုယ်ထည်အမာခံ ပြုထားခြင်း၊

http://www.dhammadownload.com



(၂) ဝိနည်းအဋ္ဌကထာများအတွက် မဟာပစ္စရိနှင့် ကုရုန္ဒီအဋ္ဌကထာကြီးများကိုလည်း ကိုက်ဆိုင်ထည့်သွင်းထားခြင်း၊

(၃) အထူးသဖြင့် မဟာဝိဟာရဝါသီ ထေရဝါဒီ ပင်စည်သာသနာစောင့် မထေရ်မြတ်ကြီးများ၏ ချုပ်ပို့သင်ကြားနည်းကို အခြေခံမူအဖြစ်ထားခြင်း၊

(၄) နိကာယ်ဆောင် ပုဂ္ဂိုလ်ကျော်များ၏ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များ ထည့်သွင်းခြင်း၊

(၅) အရေးအမှတ် မှားယွင်းချက် (ဝမာဒ လေခ) ရှိနေလျှင်မူ မဟာအဋ္ဌကထာကိုပင် ပြင်၍ထည့်ခြင်း (ဝိ-ဋ္ဌ-၁၊ ၂၇၀။ ၂၇၇။)

(၆) ကျယ်လွန်းလျှင် ကျဉ်းပေး၍ ရှုပ်ထွေးနေလျှင် ရှင်းပေးခြင်း၊ (သဘောတရား အနှစ်သာရကို မပြင်ဆင်၊ မဖြည့်စွက်၊ မပယ်နုတ်။)

ဤမူကိုချ၍ ရေးသားတော်မူခြင်း ဖြစ်ပေသည်။ သီဟိုဠ် နိဿယများကို ဘာသာပြန်ဆိုရုံ သက်သက်မဟုတ်သကဲ့သို့၊ ကြိုက်လျှင် ကြိုက်သလို၊ မကြိုက်လျှင် မကြိုက်သလို၊ လိုရာယူ မလိုရာချန်ပစ်ထားကာ မိမိသဘောကခုတည်းဖြင့် ရေးသားခြင်းလည်း မဟုတ်ပေ။

လောကဝ္ဌ ကိုယ့်ကျမ်းကို ကိုယ်ကြိုက်သလို ရေးလေ့ရှိကြရာ သာသနာအတွက် တာဝန်နှင့်လာ၍ သစ္စာနှင့် လုပ်ဆောင် ရသူများအပေါ်တွင်လည်း ကိုယ်ချင်းစာ မှားတတ်ကြပေသည်။

အရှင် မဟာ ဗုဒ္ဓဃောသ အဋ္ဌကထာကျမ်းများ ပြုရာ၌ အနီးကပ်ဆုံး တင်ပြရသော် အဘိဓာန်ရေးသူ၏ တာဝန်နှင့် သစ္စာကဲ့သို့ပင် ဖြစ်ပေမည်။ ရှိသည့် အတိုင်းကို အရင်းအတိုင်း ပြည့်ပုံပေါ်လွင်အောင်သာ တင်ပြခွင့်ရှိ၍ အတ္တနောမတိ=ကိုယ်ပိုင် အယူအဆများကို မထည့်ရ၊ သို့မဟုတ် ဦးစားမပေးရပေ။

သို့ရာတွင် အဋ္ဌကထာဆရာသည် ပြဆိုခဲ့သည့် စည်းကမ်းမူများအရ ရေးသားပြုစုရာတွင် ဝါဒကွဲ၍ မိမိစိတ်ထဲ မကျေလည်သောအချက် ရှိနေလျှင်၊ သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကြိုက်လျှင်၊ သို့မဟုတ် ဆုံးဖြတ်သ လျက် မဆုံးဖြတ်ပဲ ထားခဲ့လျှင် ထိုအချာမျိုးကို ဗလုံးဗထွေးမထား၊ ပြည့်ဖုံးကားချ၍လည်း မထားခဲ့ပေ။ ကိုယ်ပိုင်အယူအဆသစ်တခု ရဲရဲရင့်ရင့် တင်ပြထားသည်ကိုလည်း နေရာများစွာ၌ တွေ့မြင်ရပေသည်။ (မ-ဋ္ဌ-၁၊ ၃၀။ အဘိ-ဋ္ဌ-၃၊ ၃၁၆။)

http://www.dhammadownload.com



ထေရဝါဒ ပင်စည်ပင်မ သာသနာ့ တာဝန်ကြီးတခုလုံးကို တဦးတည်း ကျုံး၍ရွက်ဆောင်ရှက်ရသေး တာဝန်နှင့်အုန်းကံကို ကြည့်လျှင်ပင် မည်သည့် ပြဿနာ မျှ ပေါ်စရာ မရှိပါချေ။ အသစ်အဆန်းများနောက်သို့ စုပြုံ လိုက်ပါနေကြသူ များအား ပြန်လည်၍ မျက်နှာမူလာအောင် ဆွဲဆောင်ရသည်မှာ အလွန် မလွယ် ကူလှချေ။ အချိတ်အဆက်, အပို့အယူ, အသုံးအနှုန်းစသော အရှင် မဟာ ဗုဒ္ဓ ဃောသ၏ ဘဝယ-ါရမီပေး ကိုယ်ပိုင်ရေးဟန်နှင့် အပြင်အဆင်တို့မှာလည်း ဘာ တခုမျှ ဆိုဖွယ်မကျန်ပေ။

ရှင်မဟာဗုဒ္ဓဃောသ 'လုပ်ကြံ ရေးထည့်ထားသောအရာ' ဆိုသည်မှာလည်း စိတ်ကူးမျှဖြင့်ပင် မပြစ်မှား သင့်ပါချေ။ ပရိယတ်, ပဋိပတ် နှံ့စပ်ကျော်ကြား သော ရဟန္တာ အရှင်မြတ်ကြီးများလည်း အရှင်မဟာ ဗုဒ္ဓဃောသ၏ အနီးမှာပင် ရှိနေတော် မူကြပေမည်။

ထိုမှတပါး အရှင်မဟာဗုဒ္ဓဃောသနှင့်စပ်၍ အထူးမှတ်သားသင့်သော အချက်တခု ရှိပေသေးသည်။ ယင်းကား အခြားမဟုတ်၊ ဗုဒ္ဓဝါဒနှင့် စင်ပြိုင်ပေါ် လာသော ဝါဒများမှအစ နောက်ဆုံးမဟာယာနဝါဒများအထိ မဇ္ဈိမပဋိပဒါနှင့် ဆန့်ကျင်သောဝါဒ ဗာဟိရအယူအဆမှန်သမျှ (မပြောလျှင်မပြီး၍ တန်သလောက် ညွှန်းပြရုံမှတပါး) မိစ္ဆာအယူများအားလုံးကို ပြည်ဖုံးကား ချထားခဲ့ခြင်းပင် တည်း။ တိတ္ထိကြီးများဝါဒနှင့် နောက်ပေါ် ကပိလရသေ့တို့၏ သချ်ာဝါဒ၊ အကျုံမြူဝါဒများကိုမူ အနည်းငယ် ညွှန်းပြခဲ့၏။)

> မိစ္ဆာဒိဋ္ဌိဝါဒ၊မန္တန်အတတ်၊မာတုဂါမ ... ဤအရာသုံးမျိုးကို
> ဖွင့်ဖော်ထားလျှင် သတ္တဝါတို့အား ဒုက္ခဖြစ်စေနိုင်သဖြင့်'ဖုံးထားမှ
> သင့်တော်သောအရာများ' ဟု ဟောတော်မူသည် မဟုတ်ပါလော။
> (အင်္ဂုတ္တရ၊ တိက၊ ပဋိစ္ဆန္န သုတ်။)
>
> မိစ္ဆာ,မန္တန်၊ မာတုဂါမ်၊ ဖွင့်လှန် ကျိုးမရှိ။
>
> တရား,လ,နေ၊ ဤသုံးမထွေ၊ ဖုံးလေ ကျိုးမရှိ။

အရှင်မဟာဗုဒ္ဓဃောသ ယုံကြည်သောဝါဒ, ထမ်းဆောင်ရသောတာဝန်၊ ရေးသားရခြင်းအကြောင်းများကို စဉ်းစားလျှင်ပင် 'အဘယ့်ကြောင့်' ဆိုသည်မှာ ရှင်းလင်းလှပါသည်။

'ထိုအယူဝါဒများကို မတတ်ကျွမ်းလို့'ဟု ထပ်ဆင့်ကျူးကျော်၍ စော် ကားသည်ကို ကြားတော်မူလျှင်လည်း အဋ္ဌကထာဆရာကြီးသည် ထိုပညာရှိကြီး အား သနားသောအပြုံးဖြင့် ပြုံးပြုံးကြီး နားထောင်ကာ ခွင့်လွှတ်တော်မူမည် သာတည်း။

http://www.dhammadownload.com



# အဋ္ဌကထာ ကိုယ်တွေ့ဝတ္ထုများ၏ ဆွဲအား

အဋ္ဌကထာကျမ်းသစ်ကြီးများ ပေါ်ထွက်လာသောအခါ မိစ္ဆာဝါဒများနှင့် လောလောဆယ် ရင်ဆိုင်နေကြရသော မဟာဝိဟာရ မထေရ်ကြီးများမှအစ တကျွန်းလုံး ဝမ်းသာမဆုံးကြတော့ပေ။

ကမ္ဘာပေါ်တွင် အထူးခြားဆုံး ဘုရားသုံးဘာသာ၊ ပဋိသမ္ဘိဒါဉာဏ်ကိုပင် ရစေနိုင်သော ပါဠိဘာသာ (မာဂဓဘာသာ)ဖြင့် ရေးသားခြင်းဖြစ်၍ သံဂါယနာအဆက်ဆက်၊ မဟာဝိဟာရ ထေရဝါဒီ မထေရ်ကြီးများ အဆက်ဆက်တို့ သင်ယူ ပို့ချလာခဲ့ကြသော ပါဠိတော်၏ အနက်အဓိပ္ပာယ်များသည် ပါဠိဘာသာကိုအကြောင်းပြု၍ တကမ္ဘာလုံးသို့ပင် ပြန့်ပွားသွားလေတော့၏။

ထိုအခါ—

(၁) မဟာယာန သက္ကတ ဝတ္ထုကဗျာဆရာကြီး 'အဿဃောသ'စသော ပုဂ္ဂိုလ်များက ဗုဒ္ဓဝါဒအပေါ် သဒ္ဓါတရားရှိထားနှင့်ပြီးသူများ၏ အညာလွယ်တတ်သော သဒ္ဓါနှင့် အထာကို သိထားသည့်အတိုင်း ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကကြီးများ၏ အမည်ကိုသုံးကာ 'သုန္ဒရာနန္ဒ= ညီတော်မင်းနန်'စသော ခေတ်ပေါ်ဝတ္ထုကဗျာများနှင့် အသိဉာဏ်နည်းသော အပျော်စာဖတ်ပရိသတ်များကို အတ္တဝါဒ မဟာယာန မြှုံးကြီးထဲသို့ ဆွဲဆောင် သိမ်းသွင်းခဲ့ကြ၏။

ထိုခေတ် သီဟိုဠ်သားများလည်း ယင်းဝတ္ထုကဗျာများကိုတကယ့်ဗုဒ္ဓဝင်၊ တကယ့်ထေရုပ္ပတ္တိ အဖြစ်အပျက်များထင်ကာ သူ့ထက်ငါ ဖတ်ရှုလေ့လာနေခဲ့ကြရာ အဋ္ဌကထာသစ်ကြီးများ ထွက်ပေါ်လာသောအခါ—

'မုသာဝါဒ=အတ္တဝါဒကို ဘုရားဟော ဗုဒ္ဓစာပေအစစ် ဖြစ်လေဟန် လိမ်လည်ထားသည့်အပြင်၊

သမ္ဖပ္ပလာပ=ပြိန်ဖျင်းသောစကား အပါယ်လားမည့် စိတ်ကူးယဉ် လုပ်ကြံ ဝတ္ထုစာပေများဖြစ်ကြောင်း' ကောင်းစွာ သိမြင်သွားကြသေသည်။

(၂) မိမိ ခန္ဓာကိုယ်၌ ရှုမြင်ရမည့် ဗုဒ္ဓ အဘိဓမ္မာကို လောဂျစ်နည်း (တက္ကဗေဒ)၊ ဒိုင်ယာလက်တစ်နည်း (အညမညဗေဒ) စသည်ဖြင့် နာဂဇ္ဇုန (နာဂရ်ဂျုန်)စသော ဆရာများ၏ မဇ္ဈိမပဋိပဒါ၊ စကြဝဠာ၊

http://www.dhammadownload.com



အဏုမြူ၊ သုညအတ္တ၊ အနတ္တ အတွေးအခေါ် ဗီဇသဘောဖိမျိုးများကို အထင်တကြီး လေ့လာဖတ်ရှုနေခဲ့ကြသော သီဟိုဠ်ကျွန်း၏ ထိပ်တန်း သုတေသနပညာရှင် သဘောတရားရေးရာ အဘိဓမ္မာ သမားများ လည်း အဋ္ဌကထာသစ်များ ကျေးဇူးကြောင့် ထေရဝါဒ အဘိဓမ္မာ သဘောတရားများကို ကြည်ကြည်လင်လင် နားလည် သိမြင်ရ၍ ကျေးဇူးတင် ဝမ်းမြောက်မဆုံးကြတော့ချေ၊

## စံတော်ဝင် ဖွဲ့စည်းပုံ

အထူးသဖြင့် ဝိသုဒ္ဓိမဂ်စသော အဋ္ဌကထာသစ်ကျမ်းကြီးများ၌ ကမ္မဿ ကတာဉာဏ် အခြေခံရတနာသုံးပါးမှ ထိပ်ဆုံး ကမ္မဋ္ဌာန်း လုပ်ငန်းများတိုင်အောင် သဘောတရားမှန်၍ ကျင့်ကြံပေါက်မြောက် ချမ်းသာ ရောက်သွားကြသော’ ရှေး့သီဟိုဠ်သူ၊ သီဟိုဠ်သား ရဟန်း ရှင်လူ များ၏ ကိုယ်တွေ့ ဖြစ်ရပ် အတ္ထုပ္ပတ္တိဝတ္ထုများကိုလည်းဖော်ပြထားရာ ထိုဝတ္ထုများ (စံတော်ဝင် အရိယာ ပုဂ္ဂိုလ်ထူးများ)သည် စာဖတ်နာယူသူတို့အား အဆွဲဆောင်နိုင်ဆုံး အချက်တခု ဖြစ်သွားလေတော့၏။ အားကျ ကြည်ညို၍ မဆုံးကြတော့ပေ။

အရှင်မဟာဗုဒ္ဓဃောသ၏ အရေးအသား အမှို့အယူ များမှာလည်း ဘယ်ခေတ်မျှမရှိနိုင်သော အရေးအသားဟုပင် ဆိုရပေမည်။ ဓမ္မနှင့်စပ်သော ဟာသဝတ္ထုများကိုပင် ဖော်ပြထားရာ ဖတ်ရှုသူတိုင်း ပြုံးရွှင်ကြရ၏။

(အခန်း–၄ ဘုန်းကြီးဦးရွှာပျော် ‘ပိယဂါမိထေရ်’၊ အခန်း-၃၊ အဖမ်း မခံရသော ဆွမ်းခံကိုယ်တော် ‘စူဠ ပိဏ္ဍပါတိယ တိဿထေရ်’ ရှု။)

၍‘စံတော်ဝင် အရိယာများ’ကား အရှင်မဟာဗုဒ္ဓဃောသအရှင်မြတ်ကြီး ၏ နိကာယ်အဋ္ဌကထာကျမ်းများမှ တုတ်နုတ်၍ သင့်လျော်ရုံ အခန်းကဏ္ဍဖွဲ့ကာ ဖော်ပြထားခြင်း ဖြစ်ပါသည်။ သို့ရာတွင် ရတနာသုံးပါး အခြေခံ ကံ့ကံ၏ အကျိုးပြုစသော ဝတ္ထုများကိုမူ စာမျက်နှာကိုငဲ့၍ ချန်လှပ် ထားခဲ့ရပါသေး သည်။ ပရိယတ်,ပဋိပတ်နှင့် တိုက်ရိုက် စပ်ဆိုင်တော ဝတ္ထုများ၊ ဆရာ ဒကာ ဆက်ဆံရေး, သာသနာရေးနှင့် စပ်ဆိုင်သော ဝတ္ထုများကိုမူ တစုံတရာ ခြွင်းချန် ထားခြင်း မရှိ၊ အပြည့်အစုံ ဖော်ပြလိုက်ပါသည်။

အဋ္ဌကထာကျမ်းများနှင့် ဆက်နွယ်နေသော မဟာဝံသနှင့် သဟာဿဝတ္ထု စသော ရှေးသီဟိုဠ်မှတ်တမ်းများမှလည်း စံတော်ဝင် ပုဂ္ဂိုလ်များကို သီးခြား ရွေးထုတ်လျက် အောက်ပါအတိုင်း အခန်းကြီး ၉–ခန်းဖြင့် ဖွဲ့စည်းထားပါသည်။

http://www.dhammadownload.com



၁။ တိုင်းပြည်နှင့် သာသနာအတွက် အသက် ပေးခဲ့ကြသူ စံတော်ဝင်ပုဂ္ဂိုလ်များ၊
၂။ ပရိယတ်,ပဋိပတ် ပေါင်းစပ်မှုအရာ စံတော်ဝင် မထေရ်များ၊
၃။ အလှူပေး,အလှူခံ စံတော်ဝင် ဆရာဒကာများ၊
၄။ သီလ,ဓုတင်နှင့် မေတ္တာအရာ စံတော်ဝင်မထေရ်များ၊
၅။ ဇွဲလုံ့လ,သည်းခံမှုအရာ စံတော်ဝင်မထေရ်များ၊
၆။ သွားလာ လုပ်ကိုင်ယင်း ရှုမှတ်မှုအရာ စံတော်ဝင် မထေရ်များ၊
၇။ တန်ခိုးဖန်ဆင်းမှုအရာ စံတော်ဝင်မထေရ်များ၊
၈။ အသိခက်သော အရိယသဘာဝနှင့် အရိယူပဝါဒကံကြီး၊
၉။ ရှေးသီဟိုဠ်မှတ်တမ်းလာ ရဟန္တာပုဂ္ဂိုလ်ထူးများနှင့် နောက်ဆက်တွဲ မှတ်သားဖွယ်များ။

အဆိုပါ အရှင်မဟာဗုဒ္ဓဃောသစသော ထေရဝါဒီပင်စည်သာသနာစောင့် မထေရ်မြတ်ကြီးများ စံတင်ဖော်ညွှန်းတော်မူခဲ့ကြသော သီဟိုဠ်ပုဂ္ဂိုလ်ထူးများကို ဖတ်ရှု ကြားနာရသူတိုင်း ပရိယတ်,ပဋိပတ်၊ ဒါန, သီလ, ဘာဝနာ သာသနာ လုပ်ငန်းတိုင်းအတွက် အရသာမျိုးစုံထွက်၍ အားတက်ကြည်ညိုမဆုံးကြရပေ။ သဒ္ဓါ, ဆန္ဒ, ဝီရိယများလည်း တရှိန်ထိုး အားတိုး ထက်သန်ကြရ၏။

၁။ 'သာသနာရေးရာတွင် မည်မျှခက်ခဲကျပ်တည်းသော ဘေးအန္တရာယ်ကြီးများနှင့် ရင်ဆိုင်ရပါစေ၊ အမှန်တရားတခုအတွက် အသက်နှင့်လဲ၍ပင် ထိန်းသိမ်း စောင့်ရှောက်ရမည်' ဟူသော သင်ခန်းစာ (အခန်း-၁၊ အခန်း-၃)၊
၂။ ခွေးပိန်မကလေးအား ကျွေးရသော ထမင်းတလုတ် (ဒါန) သည်ပင် နိဗ္ဗာန်ဝင်ရာ၌ သူတကာနှင့် မယှဉ်သာအောင် လာဘ်လာဘ တန်ခိုး သတ္တိကြီးမားပုံနှင့် ထမင်းတလုတ်အပေါ် ထားရှိရသောသစ္စာ၊ ထမင်း တလုတ်၏ အရေးပါပုံများ (အခန်း-၁၊ အခန်း-၃၊ အခန်း ၉) မှာလည်း လွန်စွာ အတုယူဖွယ် ကောင်းလှပေသည်။

**ရွှေတ်သီးတစ်တောင့်ပင်လျှင် ရာဇဝင်တွင်၍ အထိမ်းအမှတ် စေတီတည်ရသောခေတ် ပေတည်း။**

၃။ ဗုဒ္ဓလက်တော်က ကျွတ်ဆုမရလိုက်သော သကုလုဒါယီပရိဗိုဇ်, သစ္စကပရိဗိုဇ်များလည်း အသောကခေတ်, သီဟိုဠ်ခေတ်တို့၌ သာသနာ့ဦးဆောင်ကြီးများအဖြစ် ကျွတ်တမ်းဝင်ကြပုံ စသည်တို့မှာလည်း မှတ်သားဖွယ် ကောင်းလှပါပေသည်။ (အခန်း-၂၊ အခန်း-၄။)

http://www.dhammadownload.com



# ဈေးရောနှော၍စားချင်သူနှင့် အစားထိုး၍စားချင်သူ

'ထေရဝါဒ ပိဋကကျမ်းစာများမှာ လာသည့်အတိုင်း ယုံယုံကြည်ကြည်နှင့် တကယ်လုပ်လျှင် အဟုတ်ဖြစ်သည်' ဆိုသောအချက်ကို ဖော်ညွှန်းရာ၌ ခေတ်လူတို့ စိတ်ဝင်စားလာစေရန် အများသိ ဝတ္ထု သက်သေတို့ဖြင့် ဆွဲဆောင်ထားသော်လည်း သဘောတရားအနှစ်သာရကိုမူ လျှော့စျေးမချ။ အရောအနှောများဖြင့်လည်း မပေးကြပေ။ အရိုးခံချည်းအတိုင်းကိုပင် လုပ်ချင်လာအောင် သဒ္ဓါ ဆန္ဒ ဝီရိယကို နှိုးဆွပင့်တင်ပေးတော်မူသည်ကို သင်ခန်းစာ ယူကြရပေလိမ့်မည်။

ဥပမာ-'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ နာမရူပံ အနိစ္စံ၊ ဣတိပိသော ဘဂဝါ အရဟံ-အရဟံ ဝတ သော ဘဂဝါ' စသည် ထေရဝါဒ ပိဋကတော်၌ တိုက်ရိုက်မလာသော အရောအနှော ဆင်တူယိုးမှားများ၊ 'ဂုဏ်တော်ကို နှလုံးမသွင်းတတ်သေးခင် ပုတီးစိပ်ပေါ့၊ သီလ ငါးပါးလုံး မတတ်နိုင်ယင် နှစ်ပါး သုံးပါး အဓိဋ္ဌာန်ပြီး ထိန်းပါ'စသည်ဖြင့် အဆင့်မြင့် ဘာသာရေး အလုပ်ကြီးများ မလုပ်နိုင်သေးသော ဘာသာရေး အောက်ခြေသမားတို့အတွက် ဟုဆိုကာ သဘောတရား အနှစ်သာရကို လက်လှမ်းမီအောင်နှိမ့်၍၊ လျှော့စျေးချ၍ ပေးသလိုလိုနှင့် အစားထိုး လမ်းလွှဲပေးခြင်းများ....။(အစစ်ကိုလျှော့၍ စားရမှုကား မထောပ်းတာ၊ တန်သလောက် အားဖြစ်ပေသေး၏။)

မြတ်စွာဘုရားရှင်သည် လူတို့မကျင့်နိုင်သော အကျင့်များကို ထားတော်မမူခဲ့ပေ။ ဝ-လုံးတန်းအောက် နိမ့်သောအတန်းလည်းမရှိချေ။ အစ—မကောင်းလျှင် အနှောင်းလည်း မသေချာနိုင်။

မီးရထားလမ်းချော်၍ မှောက်ရာ၌ အများကြီးမဟုတ်။ တဆံချည်မှစ၍ လမ်းချော် သွားခြင်းဖြစ်သည်။

ဒီဂရီအချိန်ပိုလွန်၍ အဏုမြူပေါင်းဖိုကြီး ပေါက်ကွဲရခြင်းသည် တနာရီ၊ နှစ်နာရီ ပိုလွန်ခြင်းမဟုတ်၊ စက္ကန့်ကလေး မျှသာတည်း။

နတ်သုဒ္ဓာ တအိုးလုံး သွန်ပစ်လိုက်ရသည်မှာလည်း မစင် တစ္စေးသား ကြောင့်သာ ဖြစ်သည်။

စီးပွား ဥစ္စာ အာဏာ ရာထူးတို့၌ သတ္တဝါတို့ အမျိုးမျိုး ချမ်းသာ ကြီးပွားချင်နေကြသည်ကို ဘုရား အရိယာတို သိမြင်တော်မူကြပြီးပင် ဖြစ်ပါ၏။ အရောအနှောနှင့် ပေးခြင်း၊ လျှော့စျေးချခြင်း၊ အစားထိုးပေးခြင်းများကြောင့်

http://www.dhammadownload.com



မမြင်ရသော အင်အား သတ္တိများ မည်မျှ သေးသိမ် အားနည်းသွား၍ ထိုမှ ဆင့်ကာ ဆင့်ကာ တွဲလုံးမှောက်သည်အထိ ဆက်တိုက်လမ်းချော်စရာတွေ မည်မျှ ရှိနေသည်ကို ဘုရား, အရိယာ ပညာရှိ သူတော်ကောင်းများမှတပါး မည်သူ မည်သို့ သိနိုင် ပါချိမ့်မည်နည်း။

သတ္တဝါအများ ချမ်းသာစေရန် ဘုရားရှင်နှင့်တကွ ထေရဝါဒ မထေရ် မြတ်ကြီးများ ထုတ်ဖော် ပေးကျွေးတော် မူခဲ့ကြသော ဒါန သီလ ဘာဝနာ ဈာန် မဂ်ဖိုလ် အမြိုက်သုဓာများကို သည်ထဲကမှ ရောနှော၍ စားချင်ပါသည်။ အမြိုက်သုဓာအစစ်မဟုတ်၊ ဆင်တူယိုးမှားကိုပင် အစားထိုး၍၊ လျှော့၍ စားချင် ပါသည် ဆိုခဲ့သော် မည်သူ မည်သို့ တတ်နိုင်ပါချေတော့မည်နည်း။

ဘုရားဟော စကားတော်များကို ကိုယ်လိုသလို အဓိပ္ပာယ် ဖော်ခြင်း၊ ဘုရားဟောမဟုတ်သော တရားများကို ဘုရားဟောလုပ်ခြင်းစသော ဆင်တူ ယိုးမှား တရားအတုအယောင်များကြောင့်ပင် အဆက်ဆက် သံဂါယနာတင်ခဲ့ရ သည်ကို အထူး သတိမူသင့်ကြလေသည်။

အရှင်မဟာဗုဒ္ဓဃောသ သီဟိုဠ်ဘာသာမှ ပါဠိဘာသာဖြင့် အဋ္ဌကထာ ကျမ်းများ ရေးသားခြင်းသည်လည်း သံဂါယနာတင်သကဲ့သို့ပင် ကျေးဇူးများလှ သဖြင့် သာသနာလျှောက်စာတမ်းများတွင် 'ဆဋ္ဌသံဂါယနာ' ဟူ၍ပင် သတ်မှတ် တော်မူခဲ့ကြ၏။

စလေဦးပုည၏ သာသနာလျှောက် စာတမ်း၌—

အရှင်နာဂသေနနှင့် မိလိန္ဒမင်းကြီးတို့၏ ဒေသနာဆွေးနွေး ပွဲကို'ပဥ္စမသံဂါယနာ' ဟု သမုတ်၍၊ အနော်ရထာ မင်းကြီး လက် ဆက် အရှင်အရဟံ အမှူးပြုသော ရဟန္တာအရှင်မြတ်များ သရပါ တံခါးအနီး အမြင့် ၆၀-ပေ၊ အကျယ်စတုရန်း ၅၁-ပေရှိ ပိဋက တိုက်တော်ကြီး၌ သထုံမှရသော ပိဋကနှင့် သီဟိုဠ်မှ ရသော ပိဋကတော် မူနှစ်ခု ညှိနှိုင်းတော်မူကြသည်ကို၊ သတ္တမ'သံဂါယနာ' ဟု မော်ကွန်း ထိုးခဲ့ကြဖူး၏.

ယင်း ပိဋကတိုက်ကြီးကို မြန်မာ-၁၁၃၅-ခုနှစ်က ဘိုးတော် မင်းတရားကြီး ထပ်မံ ပြုပြင်တော်မူခဲ့သည်။

သထုံမှ ပိဋကကို ခရစ် ၁၀၅၆-ခုနှစ်ရ၍ သီဟိုဠ်မှ ခရစ် ၁၀၇၅-ခုနှစ် ရသည်ဟု ခေတ်သုတေသီတို့ သတ်မှတ်ကြသည်။

http://www.dhammadownload.com



အရှင်မဟာ ဗုဒ္ဓဃောသ၏ အဋ္ဌကထာသစ်များ ထွက်ပေါ်လာသော အခါ သီဟိုဠ် သာသနာတွင်မျှမက ခေတ်ပြိုင် ကမ္ဘာ့အရပ်ရပ်ရှိ ထေရဝါဒ သာသနာလည်း အနှစ်သာရအားဖြင့် ပို၍ တောက်ပြောင်လာခဲ့၏။ သီဟိုဠ်ကျွန်း၌ ရောက်ရှိနေကြသော ဇမ္ဗူဒီပတောင်ပိုင်းသား ထေရဝါဒ ပညာရှင်များကလည်း ကြွင်းကျန်သော အဋ္ဌကထာ, ဋီကာကျမ်းများကို ဆက်လက်ရေးသား ဖြန့်ဝေကြလေသည်။

http://www.dhammadownload.com

# (၅)

# သီဟိုဠ်—မြန်မာ ဆက်ဆံရေးနှင့် သာသနာရေး ရပ်တည်မှု

သာသနာတော် ဆယ်ရာစု (ရှင်မဟာ ဗုဒ္ဓဃောသတို့ခေတ်) နောက်ပိုင်းမှ စ၍ ဣန္ဒိယနိုင်ငံကြီးအတွင်း နိုင်ငံရေး ရှုပ်ထွေးသည်နှင့်အမျှ မဟာယာနတို့လည်း တပြည်ထောင်လုံးလွှမ်းမိုးနိုင်ခဲ့ဟန် ရှိပေ၏။ သို့ရာတွင် ထေရဝါဒ အမာခံများဖြစ်သော သီဟိုဠ်နှင့် မြန်မာနိုင်ငံတို့၌မူ နိုင်ငံတော်ဘာသာအဖြစ်သို့ ရောက်အောင် မလွှမ်းမိုးနိုင်ခဲ့ချေ။

ပိဋကအနှစ်ချုပ် အလုပ်စခန်းပြ 'ဝိသုဒ္ဓိမဂ်ကျမ်းကြီး'ကား တရားတု တရားယောင်များကို ဟန့်တားဖယ်ရှားရာ၌ လက်တွေ့အကျဆုံး၊ အင်အားအပါဆုံး ကျမ်းကြီးဖြစ်ခဲ့၏။

မဟာယာနတို့သည် အေဒီ ၇၀၀-စု၊ ၈၀၀-စု တွင်ကား အင်အားအကောင်းဆုံး ဖြစ်လာကာ တိဗက်နှင့် အရှေ့တောင်အာရှ တခွင်လုံးသို့ပင် နယ်ပယ်သစ် ဖွင့်လှစ်နေကြပေပြီ။ သီဟိုဠ်နှင့် မြန်မာနိုင်ငံတို့လည်း အပြင်းအထန် ခုခံနေကြရ၏။ မြန်မာတို့ကား အေဒီ ၁၁-ရာစု(သာသနာ-၁၅၉၉-ခန့်၊ အနော်ရထာ သထုံသိမ်းစဉ်) အထိ အလူးအလဲ ခံခဲ့ကြရသည်။ ဣန္ဒိပြည်ကြီးနှင့် ပို၍နီးစပ်စွာ ရပ်တည်နေရသော သီဟိုဠ်နိုင်ငံကား ဆိုဖွယ်ရာမရှိပြီ။

http://www.dhammadownload.com



[သီဟိုဠ်ဦးအေဒီ-၆၅၀နှင့်၇၅၀-အတွင်းကရေးထိုးခဲ့သော‘တိရိယေ ဂိရိကန္ဒ’ ကျောက်စာ၊ ရခိုင် ဝေသာလီဦး အေဒီ ၇၂၀-ခုနှစ် ရေးထိုးသော (မန္တလေးရှိ မဟာမုနိ ရုပ်ပွားတော် သွန်းခဲ့သူ မဟာယာန သာသန ဒါယကာ) အာနန္ဒစန္ဒြမင်း ကျောက်စာ၊ သာထုံ ရွှေစာရံဘုရားအတွင်းရှိ ခေတ်ပြိုင်ဖြစ်သော မွန်ဘာသာရေး ‘တြာပ် ကျောက်စာနှင့် ပဏ္ဍိတ်ကျောက်စာ’ စသည်။]

## သာသနာဂိုဏ်းကွဲများကို ဖြေရှင်းရသော အာဏာနည်းမင်းများ

အထူးသဖြင့် သီဟိုဠ်နိုင်ငံကလေးသည်—

၁။ စေဥ္စတိုင်းသား ကျည်းကုလားများ၏ အန္တရာယ်(ဝါ)ဗြာဟ္မဏဝါဒ အတ္တဝါဒ အန္တရာယ်သည် သာသနာမျိုးစေ့ ကျပြီးသည်နှင့် မရွေး မနှောင်း ပူးကပ်လာသော အကြမ်းဖက် အဖျက်အဆီးတခု ဖြစ်၏။

[ယခုတိုင် သီဟိုဠ်ရဟန်းတော်တို့အတွင်း၌ပင် ဇာတ်ဝါဒကို အကြွင်းမဲ့ မဖယ်ရှားနိုင်သေး။ ဘုန်းတော်ကြီးကျောင်းတွင်း၌ အပရိစုဏ် ဗောဓိပင်နှင့်အတူ နတ်စင်များ ထားပေးနေရသေးသည်။ အချို့ ဘုရားပွဲများကိုလည်း နတ်ပွဲနှင့် ရော၍ ပူးတွဲ ကျင်းပနေကြသည်။]

၂။ သာသနာ ၅၀၀-စု အလယ်ခေတ်လောက်ကစ၍ မဟာယာနအန္တရာယ် ကြီးက ထပ်မံဝင်ရောက် ပူးသတ်လာပြန်ရာ ပထမ ပရက္ကမဗာဟု မင်းကြီးလက်ထက် (သာသနာ-၁၇၀၈) တိုင်အောင်ပင် ဖြစ်သည်။ နှစ်ပေါင်း တထောင်ကျော်မျှ ပူးကပ်ရောသတ်ခြင်း ခံခဲ့ရ၏။

ဆင်တူယိုးမှား ပူးကပ်လာသော မဟာယာန အန္တရာယ်သည် ပို၍ ကြောက်ဖွယ်ကောင်းလှသည်။

သီဟိုဠ်ဘုရင်တို့သည် လောလောဆယ် ရာဇပလ္လင်ကိုလုယက်၍ ထေရဝါဒကို ဒုတိယဖျက်ဆီးသော ကုလားအန္တရာယ်ကိုသာ မြင်လွယ်ကြ၏။ ခုခံ ကာကွယ်ကြ၏။ သီဟိုဠ်သားတို့၏ နှလုံးသည်းပွတ်ဖြစ်သော ထေရဝါဒကို ဖျက်ဆီးသည့် အလဇ္ဇီ ဒုဿီလနှင့် မဟာယာနအန္တရာယ်ကိုမူ ဘုရင်တိုင်း မမြင်ခဲ့ကြချေ။ မမြင်ရုံမျှသာမက ဝဋ္ဋဂါမဏိ မဟာသေနတို့ကဲ့သို့သော ဘုရင်များသည်ပင် မဟာယာန သာသနဒါယကာ ခံယူမိရှာကြ လေတော့သည်။

http://www.dhammadownload.com



ဘုန်းကံနည်းပါး၍ အသိဉာဏ်ခေါင်းပါးသော မင်းများကြောင့်လည်း မဟာယာနသည် နှစ်ပေါင်းထောင်ကျော် အမြစ်တွယ်ခဲ့ရာ ဘုန်းကံကြီးမား၍ ဆရာသမားကောင်းအမှီရသော (အနော်ရထာ, ဘိုးတော်, မင်းတုန်းမင်းကြီးတို့ ကဲ့သို့သော)မင်းများလည်း ပေါ်ပေါက်ခဲ့၏။

မင်းဆက်ပေါင်းရာချီ၍၊ နှစ်ပေါင်းထောင်ချီ၍ မှားခဲ့သော အမှားကြီးကို ရဲဝံ့ပြတ်သားစွာ ဖယ်ရှားနိုင်သော ဘုန်းသမ္ဘာကံ ဉာဏ်အာဏာစက် ကြီးမားသည့် မင်းကောင်း မင်းမြတ်တပါးတလေ ပေါ်ထွန်း လာလျှင်ပင် တိုင်းပြည်နှင့် သာသနာအတွက် တခေတ်ပြောင်းပစ်နိုင်သည်သာ ဖြစ်၏။

သီဟိုဠ်ကျွန်း၌သိရိသင်္ဃဗောဓိမင်း၊ ဝေါဟာရိကတိဿမင်း၊ ဂေါဌာဘယ မင်းနှင့် အထူးသဖြင့် ပထမ ပရက္ကမဗာဟုမင်းတို့သည် ထိုကဲ့သို့သောမင်းများ ဖြစ်လေသည်။ ပရက္ကမဗာဟုမင်းကြီးကား (အနော်ရထာမင်းကြီးကဲ့သို့) တိုးတက် သော နိုင်ငံတော် ပြုပြင်ရေး စီမံကိန်းများချ၍လည်း ဆောင်ရွက်ခဲ့၏။ သူ၏ လုပ်ဆောင်ချက်တို့ကား နောက်ပိုင်းခေတ်တွင် တိုင်းပြည်နှင့် သာသနာအတွက် အပြောင်းမြောက်ဆုံး, အထိရောက်ဆုံး ဖြစ်ခဲ့သည်။

အထူးသဖြင့် သီဟိုဠ်သာသနာ၌ နှစ်ပေါင်းတထောင်ကျော် အခိုင်အမာ ကိုင်စွဲနေကြသော သာသနာ့ဂိုဏ်းကွဲကြီး သုံးစုကို တခုတည်းပြုကာ အမှန်တရား အတွက် သတ္တိရှိရှိ ဆောင်ရွက်ခဲ့သူအဖြစ် သာသနာ့သမိုင်းတွင် သားစဉ်မြေးဆက် ကျေးဇူးတင် ဂုဏ်ပြုမဆုံး ရှိနေခဲ့လေသည်။ **မြန်မာ့သာသနာဝင်တွင် အနော်ရထာ မင်းကြီးကဲ့သို့ ပရက္ကမဗာဟုမင်းကြီး၏ သာသနာရေး လုပ်ဆောင်ချက်သည် သာသနာနှင့်မကင်းသော မင်းတိုင်းအတွက် သင်ခန်းစာ မှတ်တိုင်ကြီးတခုအဖြစ် ရပ်တည်၍ ထွန်းပြနေဆဲပင် ရှိလေသည်။**

ထို့ကြောင့်လည်း မဟာဝံသခေါ် ကမ္ဘာကျော် သမိုင်းကျမ်းကြီးနှင့် သာသနာလင်္ကာရစသော သမိုင်းကျမ်းများတွင် သီးခြားဂုဏ်ပြု ဖော်ကျူးခြင်း ခံယူရလေသည်။ သီဟိုဠ်သာသနာ ဂိုဏ်းကွဲများနှင့်စပ်၍ 'သာသနာလင်္ကာရ စာတမ်း' ၃၆-၌ အောက်ပါအတိုင်း မှတ်တမ်းတင်ထားခဲ့ရ၏။

> "သိရိသင်္ဃဗောဓိမင်း၊ ဝေါဟာရိက တိဿမင်း၊ ဂေါဌာဘယ မင်းတို့လက်ထက် (သာသနာတော်ကို) သုတ်သင် ပြုစုသော်လည်း အဓမ္မဝါဒီ ဂိုဏ်းကွဲဂိုဏ်းခြား မကင်း၍ အချင်းခပ်သိမ်း မသန့်ရှင်း မစင်ကြယ်လေ။ သိရိသင်္ဃဗောဓိ ပရက္ကမဗာဟု မဟာရာဇာမင်း၊ ဝိဇယ ဗာဟုမင်းတို့လက်ထက်မူကား အဓမ္မဝါဒီ ဂိုဏ်းကွဲဂိုဏ်းခြား မရှိ ပျောက်ကင်း၍ အချင်းခပ်သိမ်း သန့်ရှင်းစင်ကြယ်လေ၏။"

http://www.dhammadownload.com



သာသနာတော်ကို ချီးမြှောက်၍ ပြုစုသူထက် ငါမှန် သူမှား အငြင်းပွားနေစဉ် အမှားအမှန်ကိုခွဲခြားသိမြင်လျက် အမှန်ဘက်က ပြတ်ပြတ်သားသားရပ်တည်ကာ သာသနာရန်စပင်းကို နှိမ်နင်း၍ပြုစုနိုင်သူကိုသာလျှင် သာ၍ အထူးချီးကျူးအပ်ပေသည်။

## သီဟိုဠ်နှင့် မြန်မာနိုင်ငံ ဆက်ဆံရေးသမိုင်း

သီဟိုဠ်ကျွန်းနှင့် မြန်မာနိုင်ငံတို့သည် လူမျိုးရေးဇာတိအားဖြင့် ခြားနားကြသော်လည်း နိုင်ငံကြီးများအနီး၌ ရပ်တည်ရသူ ဘ၀တူချင်း၊ အသိအမြင်တူချင်း ဖြစ်ကြသဖြင့် အမြဲတမ်း အေးအတူ ပူအမျှ လက်တွဲခဲ့ကြ၏။ ဘာသာရေး၊ စီးပွားရေး အားဖြင့် သာမက နိုင်ငံရေးအားဖြင့်လည်း အပေးအယူ ရှိခဲ့ကြလေသည်။

စင်စစ် သီဟိုဠ်-မြန်မာ ဆက်ဆံရေးသည် သမိုင်းစာတမ်း တကျမ်းတဖွဲ့ရေးတင်လောက်ပေ၏။ ဤ၌ကား မာတိကာသဘောမျှလောက်ကိုသာ ဖော်ပြနိုင်ပါသည်။ သို့ရာတွင် အနော်ရထာ ခေတ်မတိုင်မီ နှစ်ပေါင်းတထောင်ကာလကဆက်ဆံရေးသမိုင်း ကွင်းဆက်များကား လစ်လပ်လျက်ပင် ရှိနေခဲ့သဖြင့် ဆက်လက်၍ သုတေသနပြုရပေဦးမည်။

### သထုံခေတ်ဦး

၁။ ဒုဋ္ဌဂါမဏိမင်းကြီး (၁၀၁-၇၇-ဘီ၊စီ)မဟာစေတီ ပန္နက်ချပွဲပြုလုပ်ရာတွင် သထုံပြည် ကေလာသကျောင်းတိုက်ကြီးမှ ဈာန်အဘိညာဉ်ရ ရဟန္တာအရှင်မြတ်ကြီး ကိုးသောင်းခြောက်ထောင်တို့ ကောင်းကင်ခရီးဖြင့် ကြွရောက် ချီးမြှောက်တော်မူခြင်းသည် တွေ့ရှိရသမျှတွင် ပထမဆုံးသော သီဟိုဠ် မြန်မာ သာသနာရေး ဆယ်ဆံမှုဖြစ်သည်။ (မဟာဝံသ-၂၉၊ ၃၇နှင့် သီဟိုဠ်-ဒေါက်တာသိဝလိ၏ ဗုဒ္ဓသမိုင်း။)

၂။ မွန် မြန်မာသမိုင်း စာတမ်းဟောင်းများ၌ အဋ္ဌကထာဆရာ အရှင်မဟာ ဗုဒ္ဓဃောသအား မြန်မာနိုင်ငံသားအဖြစ်ဖော်ပြကြရာ သီဟိုဠ်သို့ ပိဋကများ သွားရောက်ကူးယူကြောင်း ပြဆိုကြ၏။ မည်သို့ဖြစ်စေ သထုံပြည် မနူဟာမင်းဆရာတော်များ လက်ထက်တိုင်အောင် ရှိနေခဲ့သော ပိဋကများလည်း သီဟိုဠ်မှပင် ကူးယူ ရရှိခဲ့ပေလိမ့်မည်။ (မွန်ရာဇဝင်၊ စေတီသမိုင်းပေါင်းချုပ် စသည်။)

http://www.dhammadownload.com



## ပုဂံခေတ်

၃။ ဣန္ဒိယ၊ သီဟိုဠ်နှင့် အရှေ့တောင်အာရှတခွင်လုံး ထေရဝါဒ သာသနာတော် မှေးမှိန် ကျဆင်းနေချိန်တွင် မြန်မာနိုင်ငံ၌သာမက သီဟိုဠ်နိုင်ငံ၌ပင် ထေရဝါဒ သာသနာတော် စင်ကြယ်သန့်ရှင်း ထွန်းလင်းတောက်ပအောင် ဆောင်ရွက် နိုင်သသူမှာ **အနော်ရထာမင်းကြီး** (အေ-ဒီ- ၁၀၄၄—၁၀၇၇)ပင် ဖြစ်၏။

ယဉ်ကျေးမှုနှင့် လူမျိုးစုဆက်ဆံရေးတွင် ဣန္ဒိယနှင့် တရုတ်နိုင်ငံကြီးများကိုပင် ကျော်လွှားကာ ကုန်းကြောင်း၊ ရေကြောင်း ဆက်သွယ်ရေးကောင်းသော အရှေ့တောင်အာရှ စံပြနိုင်ငံတော်တခုအဖြစ် ရပ်တည်ပြခဲ့လေသည်။

ထီးပြိုင် နန်းပြိုင်ဖြစ်သော သီဟိုဠ်ကျွန်း ပထမဝိဇယဗာဟုခေါ် သီရိသင်္ဃဗောဓိမင်း (အေ-ဒီ- ၁၀၆၅—၁၁၂၀)က ဣန္ဒိယတောင်ပိုင်း စောဠတိုင်းသား ကုလားများနှင့် စစ်တိုက်ရစဉ် စစ်ရေး ရှုံးနိမ့်သဖြင့် အနော်ရထာမင်းထံ စစ်ကူတောင်းခဲ့ဖူး၏။ တဖန် အေ-ဒီ-၁၀၇၁-ခုနှစ်တွင် စစ်ဘေးစစ်ဒဏ်ကြောင့် သီဟိုဠ်နိုင်ငံတွင် သာသနာဆက်ပြတ်လုဖြစ်နေ၍ သီဟိုဠ်မင်း၏မေတ္တာရပ်ခံချက်အရ အနော်ရထာမင်းသည် ပုဂံနေပြည်တော်မှ သာသနာပြု မထေရ်ကြီးများစေလွှတ်၍လည်း သာသနာရေး တပ်ကူပေးခဲ့၏။

ထို စစ်ရေး, သာသနာရေး အကူအညီများကြောင့် နှစ်ပြည့်တပြည် ပို၍ချစ်ကြည်ရင်းနှီးလာကြ၏။ ပုဂံရွှေစည်းခုံစေတီ၌ဌာပနာရန် **စွယ်တော်နှင့်ပိဋကများ**ကိုပါ သီဟိုဠ်မှ လက်ဆောင်ရရှိခဲ့လေသည်။ (မဟာဝံသ ခေါ် စူဠဝံသနှင့် ပုဂံရွှေစည်းခုံ စေတီ သမိုင်း။)

အလောင်းစည်သူ၊ **ထီးလှိုင်မင်း ခေါ်** ကျန်စစ်မင်းနှင့် နရပတိစည်သူမင်းတို့ လက်ထက်များတွင်လည်း သီဟိုဠ်-မြန်မာ ဆက်ဆံရေး တိုးပွားလျက်ပင်ရှိပေသည်။ [ပြည်ရွှေဆံတော် မွန်ကျောက်စာ-နှာ- ဂ၊မဟာရာဇဝင်ကြီး— ၂၅၅-၂၆၀၊ ကျောက်စာပုံ ၁၉—ခ (၂၄) ဦးကုလား မဟာရာဇဝင်ကြီးအလို **အလောင်းစည်သူ**၊ တွင်းသင်း ရာဇဝင်သစ်အလို (ဂုဏ်း၏မြေး) နရပတိစည်သူမင်းကြီးသည် သမုဒ္ဒရာခရီးထွက်တော်မူရာ သီဟိုဠ်,မလေးရှား (မလ္လာယု)သို့ပင်ရောက်သည်ဟု ဆို၏။]

**နရပတိစည်သူမင်းကြီး**(အေဒီ- ၁၁၇၄-၁၂၁၁ ခန့်)လက်ထက်တွင်ကားမင်းကြီး၏ဆရာ ဥတ္တရာဇီဝမထေရ်နှင့် ပုသိမ် ပေုတောမြို့နယ် ဆပ္ပဒရွာသား

http://www.dhammadownload.com



ဆပ္ပဒသာမဏေတို့ သီဟိုဠ်သို့ကြွရောက်ရာမှ အပြန်တွင် တာမလိတ္တိသား သီဝလိထေရ်၊ ကမ္ဘောဇမင်းသား [ယခုအခေါ် ကမ်ပူးချားနိုင်ငံ၊ သတ္တမ၊ ဇယဝါရမန်မင်း (ခရစ်- ၁၁၈၁–၁၂၀၀)၏သားတော်] တာမလိန္ဒထေရ်၊ ကဉ္စိပုရသား အာနန္ဒထေရ်၊ သီဟိုဠ်သား ရာဟုလထေရ်များပင် မြန်မာနိုင်ငံ ပုဂံနေပြည်တော်သို့ လိုက်ပါလာကြလေသည်။ (အကျယ်ကို သာသနာလင်္ကာရ ၅၉-၆၁။ မှန်နန်း-ပ၊ ၃၂၀–၁ ရှု။) သီဟိုဠ်-မြန်မာ ဆက်ဆံရေးမှာ ပို၍ကျယ်ပြန့်လာ၏။ သို့ရာတွင် မာန်မာနကြောင့် သံဃာဂိုဏ်းကွဲမှုကြီး စတင်ဖြစ်ပေါ် ခဲ့ရသည်မှာ သာသနာ့ဝန်ဆောင် အရှင်မြတ်တို့ သင်ခန်းစာယူဖွယ်ဖြစ်၏။

၄။ အလောင်းစည်သူမင်း၏ သားတော်ငယ်ဖြစ်သူ နရသူမင်း (အေဒီ- ၁၁၆၀–၁၁၆၅ခန့်) လက်ထက်၌ သီဟိုဠ်-မြန်မာဆက်ဆံရေးကား ရာဇဝင်ပြဿနာဘရပ် ရှိခဲ့၏။ ယင်းပြဿနာကိုထား၍ ထိုမင်းလက်ထက် မြန်မာ ရဟန်းတော်များ သီဟိုဠ်ကျွန်းသို့ အကူးအပြောင်း အသွားအလာ များကြ၏။

ရက်စက်ကြမ်းကြုတ်သော မင်းဆိုးမင်းညစ် ဖြစ်သဖြင့် သန့်စွမ်းသော ရဟန်းများကို လူထွက် အလုပ်လုပ်ခိုင်းသဖြင့် ရဟန်းတော်များ သီဟိုဠ်ကျွန်း၌ ခိုလှုံကြရသည်။ သာသနာပြု ပံ့သုကူမထေရ်ကြီးမှာ နန်းတက်စကပင် သီဟိုဠ်သို့ ကြွကာ နရပတိစည်သူမင်း လက်ထက်ကျမှ ပြန်ကြွလာတော်မူ၏။ (မှန်နန်း-ပ၊ ၃၀၁–၃၂၀။)

ဤ နရသူ ခေါ် ကုလားကျမင်းနှင့်စပ်၍ ဖြစ်ပေါ်ခဲ့သော ရာဇဝင်ပြဿနာကား သီဟိုဠ်နှင့် မြန်မာတို့ စစ်ဖြစ်ပွား၍ နရသူမင်း ကျဆုံးရသည်ဟု ရေးရမ်းမှန်းဆသူများ ရှိခဲ့ဖူး၏။ ထိုသူများကား မြန်မာကို သေးသေးကလေး ဖြစ်အောင် ပိပိရိရိ ပညာသားပါပါ ရာဇဝင်ကို ပုံပြောင်းလေ့ရှိသော ဗြိတိသျှ သစ္စာတော်ခံ မြန်မာ သမိုင်းပညာရှင် အင်္ဂလိပ်လူမျိုး ဂျီ-အိပ်ချ်၊ လု-စ် နှင့် အပေါင်းပါများ ဖြစ်လေသည်။

ပြဿနာစတင်ရာကား စူဠဝံသဖြစ်၍ ပရက္ကမဗာဟုမင်းလက်ထက်(အေ-ဒီ ၁၁၅၃-၁၁၈၆) ခရစ်နှစ်-၁၁၆၅၊ မေ-ဇွန်လအတွင်း သီဟိုဠ်က မြန်မာနိုင်ငံတွင်းသို့ စစ်သည်သင်္ဘောများစွာဖြင့် စစ်ချီတက်ကာ ဥက္ကာမမြို့တွင်ရာမညမင်းကို သတ်သင်လိုက်သည်ဟု စူဠဝံသ၌ ပါရှိလေသည်။ ထိုဖြစ်ရပ်နှင့် ဆက်စပ်သော သီဟိုဠ်ကျောက်စာတချပ်လည်း ရှိလေသည်။ ယင်းကို မြန်မာသမိုင်း ဆရာတို့က နရသူအား ကုလားမင်းသတ်၍ ကုလားကျခေါ်သည့်နှင့်လည်း ရောထွေးကာ သီဟိုဠ်နှင့် မြန်မာနှစ်နိုင်ငံအကြား တမင်ရှုပ်ထွေးအောင် စဉ်းစားကြခြင်းပင် ဖြစ်၏။

http://www.dhammadownload.com



မြန်မာဘက်မှ ကျဆုံးရသူမှာ ပုဂံနေပြည်တော်မှ ဘုရင်မင်းမြတ်မဟုတ်နိုင်၊ ရာမညမြို့စား(ဥက္ကာမမြို့စား) အဆင့်ရှိသူသာ ဖြစ်သင့်ကြောင်း၊ စူဠဝံသအင်္ဂလိပ်ပြန်သူ 'ဒေါက်တာဒီ-ဒဗလျူဂိုင်ဂျာ'၊ သီဟိုဠ် သမိုင်း ပညာရှင်များဖြစ်သော သီရိဝိကြမသိံဟနှင့် သီဟိုဠ် ရှေးဟောင်း သုတေနသန မင်းကြီးဒေါက်တာ စီ၊အီး-ဂိုဒကုမ်ဘူရာတို့ကိုယ်တိုင် နရသူမင်းမဟုတ်ကြောင်း ရှင်းလင်းထားပြီးဖြစ်ပေသည်။ (စူဠဝံသနိဒါန်း၊ဒေါက်တာထင်အောင် အင်္ဂလိပ်လိုရေး၍ အောင်သန်း(မန္တလေး)မြန်မာပြန်သော 'ပုဂံမပျက်မီက မြန်မာ့သမိုင်း' နှင့်မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီထုတ် 'အခြေပြ မြန်မာ့ နိုင်ငံရေး သမိုင်း၊ ပထမတွဲ' စာမျက်နှာ-၂၄၇တို့၌ အပြည့်အစုံ ရှုပါလေ။)

## ပုဂံခေတ် ရာမည

၅။ အောက်မြန်မာနိုင်ငံ၌လည်း ပုဂံခေတ်ကပင် သီဟိုဠ်-မြန်မာ သာသနာရေး ဆက်ဆံမှုများ အဆက်မပြတ် ရှိနေခဲ့သည်ကို တွေ့နိုင်၏။ သီရိရတနာပုရခေါ် မုတ္တမမြို့မိဖုရားကြီးဆရာ ဗုဒ္ဓဝံသထေရ်၊ မဟာနာဂထေရ်၊ထို့နောက် မုတ္တမမြို့ ဆင်ဖြူရှင် မင်းကြီးမယ်တော်၏ ဆရာဖြစ်သော မေဓင်္ကရထေရ်၊ထို့နောက် သုဝဏ္ဏသောဘဏထေရ်စသည်တို့လည်း သီဟိုဠ်သို့ အသီးအသီး ကြွရောက်ကာ မဟာဝိဟာရထေရဝါဒသာသနာကို ဆက်ခံသောအားဖြင့် ရေသိမ်၌ ပဉ္စင်းထပ်ခံ၍ မြန်မာနိုင်ငံ၌ ပြန်လည်သာသနာပြုကြသည်။ (သာသနာလင်္ကာရ-၆၁-၂။)

## အင်းဝ၊ ပြည်၊ ကေတုမတီခေတ်

၆။ အင်းဝခေတ်၊သီရိသုဓမ္မရာဇာမည်သော မိုးညှင်းမင်းတရားကြီး လက်ထက် မြန်မာ၇၉၁-ခုနှစ်၊ သီဟိုဠ်မှ သီရိသဒ္ဓမ္မာလင်္ကာရနှင့် သီဟဠမဟာသာမိ မထေရ်မြတ်နှစ်ပါး ပုသိမ်မှတဆင့် အင်းဝ နေပြည်တော်သို့ ဓာတ်တော်ငါးဆူပင့်ဆောင်၍ ကြွရောက်တော်မူလာကြ၏။ မင်းကြီးသည်ဓာတ်တော်များကိုစစ်ကိုင်းမြို့ဟောင်း၏အနောက်ဘက်ဆင်များရှင် ဘုရားခေါ် ရတနာစေတီတည်၍ ဌပနာတော်မူ၏။ စေတီပုံစံမှာ သီဟိုဠ်ပုံစံဖြစ်၍ ထူးခြားသပ္ပာယ်လှသည်။ (ယခု မြေလျောင်ခ၍ မရှိပြီ။)

http://www.dhammadownload.com



စေတီ၏ အနောက်မြောက်ထောင့် ဂိုက်သုံးရာခန့်အကွာ၌ ကျုံးသရေ သုံးတိုက်၊ ပြတင်းတံခါး ၇၈-တံခါးရှိသော 'လက်ာရာမ မဟာဝိဟာရ' ခေါ် ဥမင် ရွှေကျောင်းတော်ကြီးကိုလည်း မဟာဝိဟာရနွယ်ဝင် သီဟိုဠ်အရှင်မြတ် နှစ်ပါးအား တင်လှူလေသည်။ (မှန်နန်း-၁၊ ၇၉။ ရဘနာစေတီကျောက်စာနှင့် ရတနာစေတီ ဆင်များရှင်ဘုရားသမိုင်း၊ သာသနာလင်္ကာရ-၉၉။)

၇။ **ပြည်ဘုရင်သတိုးမင်းစော** လက်ထက်တွင်လည်း ရှင်မဟာ သာမိထေရ် သီဟိုဠ်ကြွရာ အပြန်တွင် သီဟိုဠ်သားရှင်သဒ္ဓမ္မစာရီထေရ်ပါ အဖော်ပါလာ၏။ ဘုရင်က ကျောင်းအသီးအသီးဆောက်လှူကိုးကွယ်သည်။ ထိုအရှင်မြတ်နှစ်ပါးထံ စာပေသင်ကြားသောဘပည့်များစွာ ရှိ၏။ (သာသနာလင်္ကာရ ၇-၁၀၃။)

၈။ **ကေဘုမတီ တောင်ငူပြည်ကြီးကို တည်ထောင်သော တောင်ငူ ဘုရင် မဟာသီရိဇေယျသူရ** လက်ထက် မြန်မာ-၈၉၂-ခုနှစ် မဟာပရက္ကမ မည်သော သီဟိုဠ်ဘုန်းတော်ကြီးတောင်ငူသို့ကြွရောက်တော်မူလာ၏။ မင်းကြီးကိုယ်တိုင် ဒွာရာဝတီမြို့ တောင်အရပ်၌ သာယာလှစွာသော ကျောင်းကြီးဆောက်လှူတော်မူ၏။ (သာသနာလင်္ကာရ-၁၀၃-၄။)

## ဟံသာဝတီခေတ်

၉။ ဟံသာဝတီ နေပြည်တော်၌ မြန်မာ ၇၄၅-ခုနှစ် နန်းတက်သော ဗညားနွဲ့ဘွဲ့ခံ **ရာဇဓိရာဇ်မင်းထံ** သီဟိုဠ်ကျွန်း ပဏ္ဍုရာမမင်းက ဗုဒ္ဓ စွယ်တော်ပွားတဆူနှင့် သုမုတ္တာဒေဝီ ခေါ် သမီးတော် တပါး ဆက်သခဲ့၏။ ထိုစွယ်တော် သပိတ်ကို ရွှေမော်ဓောစေတီ၌ ဌာပနာ ခဲ့သည်။ (ရွှေမော်ဓော သမိုင်းဟောင်း။)

၁၀။ သာသနာ ၂၀၀၂-ခု၊ မြန်မာ ၈၂၀-ခုနှစ်၊ ဟံသာဝတီ (ပဲခူး)၌ နန်းတက်သော ဓမ္မစေတီဟု ကျော်ကြားသော ရာမာဓိပတိမင်း လက်ထက် (အေ-ဒီ-၁၄၇၂-၁၄၉၂) သီဟိုဠ်-မြန်မာ ဆက်ဆံရေးသည် အထင်ရှားဆုံး ဖြစ်သကဲ့သို့ 'ကလျာဏီကျောက်စာ' အားဖြင့် ပြည့်စုံ ခိုင်လုံသော အထောက်အထားများသည်း ရှိနေပေသည်။

ရာမာဓိပတိမင်းကြီးသည် ရာမညတိုင်း၌ အလဇ္ဇီနှင့် ဂိုဏ်းကွဲ မရှိစေပဲ မဟာဝိဟာရ ထေရဝါဒ သာသနာတော် တခုတည်း သန့်ရှင်း စင်ကြယ်စွာ တည်တံ့ပြန့်ပွားရန် ရည်ရွယ်၍ စိတြဒူတ, ရာမဒူတ အမတ် နှစ်ယောက်တို့အား

http://www.dhammadownload.com



သီဟိုဠ်မင်း ဘုဝနေကဗာဟုမင်းနှင့် စွယ်တော်, သံဃာတော်တို့အတွက် လက်ဆောင်သိစာပဏ္ဏာပစ္စည်းများ အပ်နှင်း၍ ရာမညတိုင်းမှ ရဟန်းတော်-၄၄ပါး ကို စိတြဒူတ, ရာမဒူတ ခေါ် သင်္ဘောနှစ်စင်းဖြင့် ပင့်ဆောင်စေလျက် သီဟိုဠ်၌ သိက္ခာသစ်တင်ရန် စေလွှတ်လေ၏။

အုပ်ချုပ်သူ ဆရာ ၂၂-ပါး၊ တပည့် ၂၂-ပါး၊ စုစုပေါင်း ၄၄-ပါးတို့ ၈၃၇-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁-ရက်၊ တနင်္ဂနွေနေ့ စတင်ခရီးထွက်ကြရာ သီဟိုဠ်သို့ ရောက်လျှင် ကလျာဏီမြစ်ရေသိမ်၌ ပဥ္စင်းသစ်ခံယူပွဲ ကျင်းပသည်။ အပြန်တွင် လေမုန်တိုင်းမိ၍ သင်္ဘောနစ်သဖြင့် ဆရာ ခြောက်ပါးနှင့် တပည့် လေးပါးတို့ ပြန်လွန်ခဲ့ရ၏။

သီဟိုဠ်မှရဟန်းသစ် အပါး ၃၀တို့ ဟံသာဝတီနေပြည်တော်သို့ရောက်လျှင် မင်းကြီးသည် 'ကလျာဏီ' သိမ်ကို ဦးစွာသမုတ်စေ၍ သာသနာတော်ကိုသန့်ရှင်း စင်ကြယ်စွာ ပြုစုအားပေးလေ၏။ ရာမညတိုင်းအတွင်း မြို့ရွာ ၃၉၇ ဌာနတို့၌ လည်း သိမ်များကိုသမုတ်စေလေသည်။ (ကလျာဏီ မှန်ကျောက်စာ။) ၈၃၈-ခုနှစ်မှ ၈၄၁-ခုနှစ်တိုင်အောင် ဂိုဏ်းအုပ်ဆရာတော် ၈၀၀-နှင့်တကွ ရာမညတိုင်း ၌ မဟာဝိဟာရ ထေရဝါဒ သာသနာဝင် စင်ကြယ်သော သံဃာတော်ပေါင်း ၁၅၆၆၆-ပါး ပြန့်ပွား စည်ပင်လေသည်။

ရာမာဓိပတိမင်းကြီး လက်ထက် မြန်မာ နိုင်ငံ၌ သာသနာ့ယုတ်လျော့ အားနည်းခြင်းမှာ ပြောပလောက်အောင် ရှိမည် မဟုတ်ချေ။ ဘုန်းကြီးလူထွက် ပညာရှိမင်းကြီးဖြစ်သည်အားလျော်စွာ ထေရဝါဒသာသနာ သာလွန်ကျစ်လျစ် စေရန် ထက်သန်ပြင်းပြသော သဒ္ဓာဆန္ဒအရ သာသနာပြုခြင်းမျှသာ ဖြစ်ပေ လိမ့်မည်။ (အကျယ်ကို ပိဋကဗျူဟာအဖွဲ့ထုတ် 'ကလျာဏီ ကျောက်စာ မြန်မာ ပြန်' ၌ ကြည့်ပါ။)

၁၁။ ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို လူမှုရေး, သာသနာရေး ဘက်စုံ တိုးတက်အောင် တည်ထောင်နိုင်၍ ဒုတိယအနော်ရထာဟု ခေါ်ဆို သင့်သူကား ဟံသာဝတီ နေပြည်တော် ဘုရင့်နောင် **မင်းတရားကြီး** (အေ-ဒီ–၁၅၅၁-၁၅၈၁)ပင် ဖြစ်၏။

ထိုမင်းလက်ထက်တွင် အာရပ်, ဣန္ဒိယ, ဥရောပ နိုင်ငံသားများ အထူး ပင်လည် ရောက်ရှိလာကြကာ ၎င်းတို့နှင့်အတူ ဗရင်ဂျီ၊ ခရစ်ယာန်နှင့် အစ္စလာမ် ဘာသာများ ပါရှိလာကြ၏။

မင်းကြီးသည် ပြည်နယ်များ၌ သာသနာပြုရုံမျှမက သီဟိုဠ်ကျွန်းသို့လည်း သာသနာပြုမထေရ်များ စေလွှတ်ခဲ့လေသည်။ပိဋကတစုံနှင့်တကွ သီဟိုဠ်ကျွန်း၌

http://www.dhammadownload.com



ပျက်စီးယိုယွင်းလျက်ရှိသော ကျောင်းကန်စေတီများကို ပြင်ဆင်ရန် ပန်းရံ၊ပန်းချီနှင့် သစ်စေးမျက်ပါး (ရွှေချ)သမား အမှုထမ်းများကိုပါ သင်္ဘောဖြင့် ပို့လွှတ်ပေးခဲ့၏။ (ပုဂံ-ရွှေစည်းခုံ၊ ဘုရင့်နောင် ခေါင်းလောင်းစာ။)သီဟိုဠ်မှ ရရှိသော ဓာတ်တော်, စွယ်တော်များကို ဌာပနာ၍ သံတောင်-၁၅၀ ရှိ မဟာစေတီကြီးကို မြန်မာ ၉၂၁-ခုနှစ်၌ တည်ထား ကိုးကွယ်သည်။

ဦးကုလား မဟာရာဇဝင်ကြီး၌ အေ-ဒီ-၁၅၇၄-ခုနှစ်က သီဟိုဠ်မင်း ဓမ္မပါလက ကွတ်တည်မင်း, ခန္တီမင်း, သီတာဝတ်မင်း စသော ကုလားရန်ကို ကူညီတိုက်ခိုက်ပေးရန် သင်္ဘောနှစ်စင်း ရဟန်းတော်များနှင့်အတူ လက်ဆောင် ပဏ္ဏာဖြင့် စစ်ကူတောင်းလာ၍ ဘုရင်နောင်မင်းကြီးက စန္ဒသူရိယနှင့် ရာဇဗညားသူရဲကောင်းကြီးနှစ်ဦးနှင့်ရဲမက်တော်များအား သင်္ဘော ငါးစင်းဖြင့်ပို့လွှတ်လိုက်သည်။ စစ်ဟန်ရေးပြရုံမျှဖြင့် ကုလားမင်းများကြောက်ရွံ့ကာ အညံ့ခံကြကြောင်း အကျယ်တဝင့် ရေးသားဖော်ပြထားလေသည်။

သီဟိုဠ်ကျွန်းရှိ စွယ်တော်မြတ်ကို ပေါ်တူဂီများလုယူသွားစဉ် ပေါ်တူဂီပိုင် မလက္ကာခံတပ်အတွက် ဆန်သင်္ဘောတစင်းစာနှင့်အတူ ငွေရှစ်သိန်းဖြင့်ရောင်းရန် တမန်လွှတ်၍ ဘောင်းခံခဲ့ဖူး၏။ သီဟိုဠ်မှ စွယ်တော်နှင့်အတူ သမီးကညာတဦး ဆက်သရာ ပုသိမ် သင်္ဘောဆိပ်သို့ သွားရောက်၍ ခမ်းနား ကြီးကျယ်စွာ ကြိုဆိုလက်ခံရ၏။ (ဂျီ-အီ-ဟာဗီးရေး မြန်မာရာဇဝင်)

## နိုင်မာကျစ်လျစ် ခေတ်အဆက်ဆက်

၁၂။ ၁၇-ရာစုတွင် သီဟိုဠ်မှ ရခိုင်သို့ သာသနာပြု စေလွှတ်ခဲ့၏။ ရခိုင်ဆရာတော် ၃၃-ပါးတို့လည်း သီဟိုဠ်သို့ကြွကာ အတုံ့အလှယ် သာသနာ ပြုခဲ့ကြ၏။

၁၃။ (ကုန်းဘောင်ခေတ် သီဟိုဠ်-မြန်မာဆက်ဆံရေး နောက်၌ ပြမည်။) သီဟိုဠ်ကျွန်းရှိ မဟာစေတီကြီး၌ မြန်မာနိုင်ငံကပင် ခေတ်အဆက်ဆက် အဖိုးမဖြတ်နိုင်သော ကျောက်မျက် ရတနာ များနှင့် အတူ စိန်ဖူးတော်ကို တင်လှူခဲ့ကြ၏။

ဆဋ္ဌသံဂါယနာ မျက်မှောက်ခေတ် အထိ သီဟိုဠ်နှင့် မြန်မာ တို့သည် အတူးသဖြင့် သာသနာရေးကိစ္စမှန်သမျှ အမြဲလက်တွဲ၍ ဆောင်ရွက် ခဲ့ကြ၏။ ဆဋ္ဌသံဂါယနာတွင် အခြားထေရဝါဒနိုင်ငံများနည်းတူ သီဟိုဠ်နိုင်ငံမှ ရဟန်းပညာရှိ၊ လူပညာရှိ အမျိုးအပြားဝင် စာပေနှင့် ဝေယျာဝစ္စ လုပ်ငန်းများ၌

http://www.dhammadownload.com



ကိုယ်ထိလက်ရောက် ပါဝင်အားပေး ဆောင်ရွက်ခဲ့ကြ၏။ ယခုတိုင် သီဟိုဠ် မထေရ်ကြီးများအား မြန်မာနိုင်ငံတော်အစိုးရက ဘွဲ့ထူး ဂုဏ်ထူးများ ဆက်ကပ်၍ ပင် ကိုးကွယ်လျက် ရှိပေသည်။

တနိုင်ငံနှင့် တနိုင်ငံ 'တပည့်ခံသည်၊ ဆရာလုပ်သည်'ဟု သဘောမထား၊ ပင်ရင်းမူလ မဟာဝိဟာရ ထေရဝါဒ သာသနာတော် ရှင်သန် ပြန့်ပွားရေး၊ မြတ်စွာဘုရားရှင် တရားတော်များ ထုန်းကား၍ သတ္တဝါအများ ချမ်းသာရေး တခုတည်းကိုသာဦးတည်၍ ခေတ်အဆက်ဆက် လက်တွဲကာ အမြဲတမ်းအပေးအယူ လုပ်ခဲ့ကြ၏။

မြန်မာနိုင်ငံ၌ အမြဲသီတင်းသုံးကာ သာသနာပြုနေသော သီဟိုဠ် ရဟန်း တော်များ ရှိနေသကဲ့သို့၊ သီဟိုဠ်နိုင်ငံ၌ အမြဲသီတင်းသုံးကာ သာသနာပြုနေသော မြန်မာရဟန်းတော်များလည်း ခေတ်အဆက်ဆက်ပင် ရှိနေခဲ့၏။ အထူးသဖြင့် ဗြိတိသျှခေတ် သီဟိုဠ်ကျွန်း ကိုလံဘိုမြို့ မကုဋာရာမ မြန်မာ ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူသော ဦးဝိနယာလင်္ကာရ အရှင်မြတ်ကြီးကား သီဟိုဠ်တကျွန်း လုံးက ကြည်ညိုလေးစားခံရသော မြန်မာဆရာတော် တပါးပင်တည်း။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော အချိန်ကပင်လျှင် သက်စွန့်ကြိုးပမ်း သွားလာကူးလူးကြ၍ **တနိုင်ငံနှင့် တနိုင်ငံ အပြန်အလှန် အားယူ တည်ဆောက် နိုင်ခဲ့သော ထေရဝါဒသာသနာသည်** အဘယ်မျှ ခိုင်မာ ကျစ်လျစ်၍ စစ်မှန် စင်ကြယ်သည်ကို ကြည်ညိုဝမ်းမြောက်ဖွယ်ကောင်းလှပါပေ၏။ နှစ်ပြည်ထောင် သာသနာပြုမင်းနှင့် ဆရာမထေရ်ကြီးတို့၏ ကျေးဇူးလည်း ကြီးမားလှပါပေ၏။

## အင်္ဂလိပ်ခေတ် ထေရဝါဒ သာသနာ

သီဟိုဠ်ကျွန်း၌ အမြဲဘစေရင်ဆိုင်ခဲ့ရသော ကုလားအန္တရာယ်နှင့် မဟာ ယာနအန္တရာယ်တို့အကြား ထေရဝါဒသာသနာ ထိန်းသိမ်းကြရသည်မှာ လွန်စွာ ကျပ်ဘည်းလှပေ၏။ မည်မျှပင် ကြမ်းကြုတ်ရက်စက်၍ မည်မျှပင် ဆင်တူ ယိုးမှား သိမ်မွေ့ပြားသော်လည်း ထေရဝါဒ သာသနာအနှစ်အသားမှာမူကား ခိုင်မာ လျက်ပင် ရှိခဲ့ပေ၏။

ကြမ်းကြုတ်ရက်စက်ခြင်းလည်းမဟုတ်၊ ဆင်တူယိုးမှားလည်းမဟုတ်သော ဥရောပယဉ်ကျေးမှုသည်ကား ထေရဝါဒ သာသနာကို ပညာသားပါပါ သတ္တဝါ စရိုက် အကြိုက်ပေး၍ လိမ်မာ ယဉ်ကျေးစွာ အနှစ်သာရကို လိုက်၍ စားခဲ့ရာ တိုင်တလုံးကိုခြစားသကဲ့သို့ မျက်မြင်အားဖြင့်မသိသာ၊ သာ၍ပင် တိုးတက်သည်ဟု

http://www.dhammadownload.com



ထင်လိုက ထင်စရာရှိသော်လည်း အတွင်း အနှစ်သာရကား ကုန်ဆုံးနေတတ်ပေသည်။

သီဟိုဠ်ကျွန်း၌ ကမ်းရိုးတန်း မြို့ကြီးများကို ပေါ်တူဂီ, ဒတ်ချ်တို့ တစတစ အနိုင်ကျင့်ရာမှ နောက်ဆုံး သီရိဝိက္ကမ ရာဇသီဟမင်းလက်ထက် သာသနာ ၂၃၅၉-ခုနှစ် (မြန်မာ - ၁၁၇၇-ဘိုးတော်လက်ထက်)တွင် အင်္ဂလိပ်တို့သည် တကျွန်းလုံးကို သိမ်းယူအုပ်စိုးခဲ့၏။

မဟာဝံသနောက်ပိုင်း စူဠဝံသ၌ အင်္ဂလိပ်အုပ်စိုးသည့်ခေတ်အထိ မှတ်တမ်းတင်ထားသော်လည်း ဗြိတိသျှအုပ်ချုပ်ရေး အာဏာစက်အောက်တွင် ရေးသားမှတ်တမ်းတင်ရသဖြင့် သီဟိုဠ် ထေရဝါဒသာသနာ၏ အတွင်းရေးကို ပီပီပြင်ပြင် မြင်ခွင့်မရနိုင်ပေ။ ထိုသမိုင်း တကဏ္ဍအတွက် ခေတ်ပြိုင် မြန်မာ မှတ်တမ်းများ အကူအညီနှင့်ကြည့်မှ အတွင်းသားကို မြင်ရမည်ဖြစ်ပေသည်။ ထိုအချက်နှင့် စပ်၍ 'သာသနာလင်္ကာရစာတမ်း' - ၃၆ ၌-

"ထိုမှနောက် ကာလရှည်လျားလတ်သော် ဗရင်ဂျီ၊အာရမဏီ၊ ဗသီ၊ အင်္ဂလိပ်၊ အော်လန္ဒေစသော မိစ္ဆာဒိဋ္ဌိ ကုမျိုးတို့ဘေးဖြင့် သီဟိုဠ်ကျွန်း၌ သာသနာတော် ယိုယွင်းပျက်စီး၍ ဂိုဏ်းပြည့်ရုံမျှ ရဟန်းသံဃာ မရှိသောကြောင့် မဟာဝိဇယဗာဟုမင်းလက်ထက် ရာမညတိုင်းက သံဃာတို့ကို ပင့်ဆောင်ရသည်။ ၎င်း နောက် ဝိမလဓမ္မသူရိယမင်း လက် ထက် ရခိုင် ပြည် က သံ ဃာ တို့ကို ပင့်ဆောင်ရသည်။ ၎င်းနောက် ဝိမလမဟာရာဇာမင်း လက်ထက်ကလည်း ရခိုင်ပြည်က သံ ဃာ တို့ ကို ပင် ပင့် ဆောင် ရ သည်။ ၎င်းနောက် ကိတ္တိသူရိယ ရာဇသီဟမင်းလကထက် ယိုးဒယားပြည်က သံဃာတို့ကို ပင့်ဆောင်ရသည်။ ဤအကြောင်းအရာများကို သက္ကရာဇ် ၁၁၅၁-ခုနှစ်၊ သီဟိုဠ် သံဃာတို့ ဆက်စာတွင် ပါသည်ကို ထောက်၍ သိရသည်။

## အမရပူရဂိုဏ်း သမိုင်းအစ

တဖန် ယင်းစာတမ်း ၂၀၃-၄- ၌

"သက္ကရာဇ် ၁၁၆၂-ခုနှစ်၊ သီဟိုဠ်ကျွန်းက ဓာတ်တော်စစ်ဆယ်ဆူကိုပင့်ဆောင်၍ အမရပူရ ရွှေမြို့တော်သို့ရောက်လာသော အမ္ဗဂဟတိဿ၊မဟာဓမ္မ၊ ကောဋ္ဌဂေဝါစ၊ဗြာဟ္မဏဝတ္တ၊ဘောဂဟ

http://www.dhammadownload.com



ဝတ္တ၊ ဝါတုရဂမ္မ မည်သော သာမဏေ ခြောက်ပါး တို့ကို (အမရပူရ) ဆင်ကြိုးရွှေဂူသိမ်တွင် ဉာဏာဘိဝံသ ဓမ္မသေနာပတိ (ပထမ မောင်းထောင် သာသနာပိုင်) ဆရာတော်ကို ဥပဇ္ဈာယ် ပြုစေ၍ မြောက်နန်းကျောင်း ဆရာတော်၊ ရွှေရေးဆောင် ကျောင်းဆရာတော်၊ ပြာသာဒ်ကျောင်း ဆရာတော် စသော ဆရာတော် ၃-ပါးစီ ကမ္မဝါစာဆရာ လဲလှယ် ဖတ်ရွတ်စေ၍ ပဉ္စင်းခံစေတော်မူ၏။ နာဒ မည်သော လူ ဥပါသကာကိုလည်း သာမဏေပြုစေတော်မူ၏။

"ထိုမှနောက် အကြိမ်များမှာ သီဟိုဠ်ကျွန်းက လာရောက်သော ရဟန်းပဉ္စင်းတို့ကို သိက္ခာအသစ်ထပ်၍ တင်စေတော်မူ၏။ သာမဏေတို့ကိုလည်း ပဉ္စင်းခံစေတော်မူ၏။ လူဥပါသကာတို့ကိုလည်းသာမဏေပြုတော်မူ၏။ သီဟိုဠ်ကျွန်း သီရိဝဍ္ဎန (ဓမ္မစေတီမင်းခေတ် စွယ်တော်ကိန်းဝပ်ရာ ကောဠမ္ဗ= ကိုတေးခေါ်သော) မြို့ ရာဇာဓိ ရာဇသီဟ မင်းသို့လည်း သာသနာပြုနည်း သံစာနှင့် သီဟိုဠ်ရဟန်းသာမဏေတို့ကို စေလွှတ်တော်မူ၏။ ဤအကြောင်း အရာများသည် သီဟိုဠ်သို့ ပေးမှာသော'သန္ဒေသကထာ' စာများတွင် အထင်အရှားရှိလေပြီ။"

သီဟိုဠ်ကျွန်း အင်္ဂလိပ် မသိမ်းပိုက်မီကပင် မြန်မာနိုင်ငံ အမရပူရနေပြည်တော်သို့ သီဟိုဠ်မှ ရဟန်းရှင်လူများ အကြိမ်ကြိမ် လာရောက်ကြ၏။ သာသနာရေး အကူအညီကို ရယူလေ့ ရှိကြ၏။

မြန်မာ ၁၁၆၉-ခုနှစ်၊ ဝိဇယသီဟမင်း၏ညီတော် ဘောဂဟာတိဿမထေရ်နှင့် မထေရ်ငါးပါးတို့ မောင်းထောင် သာသနာပိုင်ထံ ပဉ္စင်းသစ် ခံကြရ၏။ သိမ်နုတ် သိမ်သမုတ်နည်းအချုပ်ကို တောင်းခံကြ၍ 'အာစရိယမုဋ္ဌိ နယပ္ပကာသနီ' မည်သော (ဒီမိုင်း ၁၅-မျက်နှာရှိ) 'သိမဗန္ဓနကထာ=သိမ် အဆုံးအဖြတ်'ကို ပါဠိဘာသာဖြင့် ရေးသား ချီမြှင့်တော် မူလိုက်သည်။ သာသနာပိုင် ဆရာတော်ကြီး ရေးသားသောသီလက္ခန်ဋီကာသစ် ကျမ်းကြီးကိုလည်း သီဟိုဠ်သို့ ယူဆောင်သွားကြ၏။ သီဟိုဠ်သာသနာ သန့်ရှင်း ထွန်းလင်းရေးကို ဆောင်ရွက်ကြလေ၏။ သီဟိုဠ်၌ အမရပူရဂိုဏ်းဟု တွင်ခေါ်သည်။

သို့ရာတွင် နှစ်ပေါင်းထရာခန့် ရှိသောအခါ သျှမ်းဂိုဏ်းမှ ၃-ဂိုဏ်း၊ အမရပူရဂိုဏ်းမှ ၇-ဂိုဏ်း ထပ်မံကွဲကြရာ ဝိနည်းနှင့်စပ်၍ ငြင်းခုံမှုများ များစွာ ဖြစ်ပွားလျက်ရှိကြောင်း သီဟိုဠ်၌နေသော မြန်မာဘုန်တော်ကြီး ဦးရာဇိန္ဒထံမှ 'သိမ

http://www.dhammadownload.com



ဗန္ဓုကလာ' နိဿယရေးတော်မူသော စကုမ္ဗိုသက်တော်ရှည်တိုက် 'ပဏ္ဍဝါ လင်္ကာရာဘိဓဇ' ဆရာတော်ထံ ၁၂၆၈-ခုနှစ်က ပေးစာကို ယင်းနိဿယနိဂုံး၌ ဖတ်ရှုရ၏။ (ယင်း နိဿယကို ပိဋကတ်ဆရာ ဦးဘိုးခက ကြည့်မြင်တိုင် လေးကျွန်းသီရိန် ပုံနှိပ်တိုက်၌ ၁၂၆၉-ခုနှစ်က ပုံနှိပ်ခဲ့သည်။)

သီဟိုဠ်ရဟန်းတို့သည် လယ်ယာ အုန်းခြံမြေ စသည် ချငှား စားသောက်ခြင်း၊ သင်းပိုင်ချုပ်ရိုး မဖြတ်မရှိ၊ ပန်းရောင် ဆိုးဝတ် ခြင်း၊ လျှော်ဖွယ်ပစ္စည်းမှန်သမျှ သံဃိက ရေစက်ချ၍ ကျောင်းရောက် လျှင် ထီးတလက်ကိုပင်ဖြစ်စေ တန်ဖိုးသင့်၍ တမူးတပဲ ခွဲဝေယူ ခြင်း၊ ပညာသင်ကြားရေး၌ အဘိဓမ္မာပိဋက လုံးလုံးကွယ်ပျောက် ၍ တရားဟောပြောရန် သုတ္တန်နှင့်စပ်လျဉ်းသော ငှက်ပျောသီး၊ အုန်းသီး၊ ယာဂုနှင့် အလားတူသော ဇာတ်နိပါတ်ဝတ္ထုများကို အသင်အကြားများခြင်း၊ နာဂရီ၊ ဧင်္ဂလိ၊ ဗာဟိရ သက္ကတစာများ ကိုသာ များစွာလေ့လာ သင်ကြားခြင်း စသည်ဖြင့် ဝိနည်းဓမ္မကံ နှင့်စပ်၍ များစွာပြင်းခုံကာ ဝိနည်းတော်နှင့် မအပ်မရာ သာသနာ ကျဆင်းလျက်ရှိကြောင်း သံဝေဂယူဖွယ် ၅-မျက်နှာခန့် ရေး သား ဖော်ပြထားလေသည်။

မင်းတုန်းမင်းတရားကြီး ခေတ်တွင်လည်း သီဟိုဠ်၌ သာသနာအင်အား နည်းပါးယိုယွင်း၍ရွှေကျင်ဆရာတော် (ဦးဇာဂရ) ထံမှ ဝိနည်းဓမ္မကံနှင့်စပ်သော သာသနာပြုပြင်ရေး နည်းပေးသည်များကို 'လင်္ကာသာသန ဝိသုဒ္ဓိ' ကျမ်းတွင် အပြည့်အစုံ တွေ့နိုင်လေသည်။ (ယင်းကျမ်း သာသနာရေးဦးစီးဌာနတွင် ရိုက်နှိပ် ရန် ဤစာရေးသူပင် ကော်ပီမူဟောင်းတဆူ ပေးလှူ၍ ရိုက်နှိပ်ထားပြီး ရှိပြီ။)

သီဟိုဠ်နိုင်ငံသည် သီရိလင်္ကာအမည်ဖြင့် ၁၉၄၈-ခုနှစ်တွင်မှ လွတ်လပ်ရေး ရရှိခဲ့၏။ ဒုတိယကမ္ဘာစစ်မတိုင်မီ အင်္ဂလိပ်လက်အောက် ထေရဝါဒ သီဟိုဠ် သာ သနာ၏ အခြေအနေကို (၁၉၃၇-ခုနှစ်မှစ၍ သီဟိုဠ်၌ နှစ်ပေါင်းများစွာ နေလာ ခဲ့သော ပုလော့မြို့ ဘိက္ခုဃောသဓမ္မ၏) 'လင်္ကာဒီပ နိုင်ငံခြားဗဟုသုတ' စာအုပ် ၉၅—၉၉-၌ အောက်ပါအတိုင်း တွေ့ရှိနိုင်ပေသည်။

"မဟာဝင်, ရာဇဝင်တို့၌ ရှေးအခါ သီဟိုဠ်ကျွန်းတွင် သိန်းသန်း ချီ၍ သံဃာတော်များစွာ ရှိ၏ဟု ဆိုသော်လည်း ယခုအခါ တသောင်း နှစ်ထောင့်လေးရာကျော်မျှသာ ရှိပေသည်။ ခရစ် ၁၉၃၅-ခုနှစ် စာရင်းဖြစ်၏။ မြန်မာပြည်၌ကဲ့သို့ သံဃာဂိုဏ်းကွဲ များကုန်၏။ ဇာတ်ယုတ် ဇာတ်မြတ်ခွဲခြားလျက် ရဟန်းတော်များ ဖြစ်လာသည့်တိုင်အောင် မစွန့်သင့်၍ ဂိုဏ်းကွဲကုန်၏။

http://www.dhammadownload.com



သာသနာနှစ် တထောင်ကျော်၌ သီဟိုဠ်ရာဇသီဟ မင်းသားသည် ခမည်းတော်ကိုသတ်၍ နန်းတက်၏။ ဘုရင် ဖြစ်လာသောအခါ သံဃာတော်တို့ကို စည်းဝေးစေ၍ အဖကိုသတ်မိသော ကံကြီးကို ပြေပျောက်အောင် ကုစားပေးပါရန် လျှောက်သောအခါ ကုစား၍မရနိုင်ကြောင်း သံဃာတော်တို့က မိန့်ကြားကုန်၏။ ဘုရင်သည် မကျေနပ်သဖြင့် ဟိန္ဒူ ဆာဒူး ဒမ္မိလဘုန်းကြီးတို့အား တဖန်လျှောက်ပြန်ရာ ပြေပျောက်နိုင်ကြောင်း ပြော၍ ဆင်၊ မြင်း၊ ကျွဲ၊ နွား တရာစီသတ်၍ ယဇ်နတ်ပူဇော်စေ၏။ မင်းကြီးလည်း ဗုဒ္ဓဘာသာ ရဟန်းတို့အား လူထွက်စေ၍ အချို့ကို သတ်ဖြတ်လျက် သာသနာတော်ကို ဖျက်ဆီး၏။

ဤသို့ အဘသတ်မင်းလက်ထက်၌ သီဟိုဠ်သာသနာ ဖရိုဖရဲ ပျက်စီးတိမ်ကောသဖြင့် ပထမ ဝိဇယဗာဟုမင်း နန်းတက်သောအခါ (သာသနာ-၁၆၀၉-၁၆၆၄၊အနော်ရထာနှင့် ခေတ်ပြိုင်မင်း။ပိဋကတိုက်ကို မီးရှို့သော ရာဇသီဟမှာ သာသနာနှစ်ထောင်ကျော်ဖြစ်သည်။စာရေးဆရာ အမှတ်မှားဟန်ရှိ၏။) မိတ္တာတို့အား နှိမ်နင်း၍ ဗုဒ္ဓသာသနာပြုအဖွဲ့များကို မြန်မာပြည်သို့ စေလွှတ်၏။ လမ်းလွဲသဖြင့် ယိုးဒယားသို့ဆိုက်ရောက်၍ ၎င်းမှ မျက်ခုံးမွေးရိတ်အတင်ဂိုဏ်း သာသနာကိုနည်းယူပြီးလျှင် အချို့ရဟန်းဘောင်သို့ဝင်ကုန်၏။ ထိုအခါမှစ၍ သီဟိုဠ်၌ ဆိုင်းယင်းမျက်ခုံးမွေးရိတ်အတင်ဂိုဏ်း စတင် ပေါ်လာ၏။ (ယခု အခါ သျှာမ်းဂိုဏ်း ခေါ်သည်။)

ဘုရင်သည် ဝမ်းမြောက်ဝမ်းသာရှိလှ၍ သာသနာ့ဝတ္ထုကမြေဘဏ္ဍာမြောက်မြားစွာလှူ၍ ချီးမြှင့်လေ၏။ ရှေးဟောင်းဘုရားအရာမ်စသည်တို့ကို လွှဲအပ်စောင့်ရှောက်စေ၏။ ဤသို့ တန်ခိုးကြီးလာသော ဘုန်းကြီးတို့သည် မိမိတို့ အမျိုးဇာတ် မြတ်ကြောင်းကြွေးကြော်၍ အခြားသူတို့အား ရဟန်းပြုခွင့်မပေးရန် ဘုရင်နှင့်ပူးပေါင်း၍ ဥပဒေပြဋ္ဌာန်းကုန်၏။ ထိုအခါ မခံမရပ်နိုင် ဖြစ်၍ တိုင်းသူပြည်သားတို့သည် အခြားသာသနာပြုအဖွဲ့နှစ်ခုကို မြန်မာပြည် အထက်ပိုင်းသို့တဖွဲ့၊ အောက်ပိုင်းသို့တဖွဲ့ စေလွှတ်ပြန်၏။ ခရစ်၁၈၀၂-ခုနှစ်အထက်ပိုင်းမှ ဥပနိဿယ ခံယူလာသောအဖွဲ့ကို 'အမရ ပူရဂိုဏ်း' ခေါ်၏။၁၈၆၄-ခုနှစ်၊ အောက်ပိုင်းမှလာသောအဖွဲ့ကို 'ရာမညဂိုဏ်းဟု' ခေါ်၍ မြန်မာဂိုဏ်းနှစ်ဂိုဏ်း ဖြစ်ပေါ်လာကုန်၏။

http://www.dhammadownload.com



ကာလကြာမြင့်လျှင် ယိုးဒယားမျက်ခုံးမွေးရိတ် အတင်ဂိုဏ်း(သျှာမ်းဂိုဏ်း)ရဟန်းအချို့သည် မြန်မာတို့ကဲ့သို့ သက်န်းရုံသဖြင့် အရုံဂိုဏ်း, အတင်ဂိုဏ်းနှစ်မျိုးကွဲပြန်၏။ မျက်ခုံးမွေးရိတ်ဂိုဏ်းမှာ သံဃာဦးရေ-၈၀၀၀ ရှိသည်။ လာဘ်သပ္ပကာ ဥစ္စာပစ္စည်းပေါများချမ်းသာကုန်၏။ ၎င်းတို့၏စာသင်တိုက်ကြီးများ၌ ဆွမ်းခံလေ့မရှိ။ လခကြေးငွေပေးနိုင်သူကိုမှ နေခွင့်ပြုလေ့ ရှိ၏။

မြန်မာအမရပူရဂိုဏ်း၌ သံဃာ -၃၂၀၀ ရှိ၍ ဒုတိယလိုက်၏။ ကလျာဏီဂိုဏ်း၊ ဝဇီရာရာမဂိုဏ်း၊ မာတရဂိုဏ်း စသည်ဖြင့် ၄၈-ဂိုဏ်းမျှကွဲကြပြန်၏။ ရာမညဂိုဏ်း၌ သံဃာ-၁၂၀၀ မျှရှိ၍ ဂိုဏ်းအုပ်တပါးတည်းဖြင့် ညီညွတ်လျက် ရှိ၏။

သီဟိုဠ်ဘုန်းကြီးတို့သည် ယခုခေတ်၌ ဝိနည်း အဘိဓမ္မာထက် သုတ္တန်ကိုသာ အသင်များကုန်၏။ **လောကီ အင်္ဂလိပ်ပညာကို အထူးလိုက်စား၍ ဒေါက်တာ, အမ်အေ, ဘီအေဘွဲ့ရရှိရန်အားထုတ်သူကများကုန်၏။"**

## သာသနာအသက်ဆက်ရေး ကလေးရှာပုံတော်

အမှန်စင်စစ်အားဖြင့် သီဟိုဠ်ကျွန်း၏ ပညာရေးကို တက္ကသိုလ်ကျောင်းတော်ကြီးများမှ မူလတန်းကျောင်းအထိ ပညာရေးဘတ်ဂျက်များကိုအများဆုံးသုံးစွဲကာ ဘုန်းကြီးကျောင်းအုပ်၊ ဘုန်းကြီးကထိကစသည်ဖြင့် ကျောင်းများကိုလှည့်လည်စစ်ဆေးခြင်းများအထိ ဘွဲ့ရဘုန်းကြီးများကသာ ချုပ်ကိုင်လျက်ရှိ၏။ ဝိနည်းတော်ကိုအလေးမူလျက် ပရိယတ်သက်သက် ဆောင်ရွက်သော ဘုန်းကြီးအရေအတွက်ကား အလွန်နည်းပါးလျက်ရှိပေပြီ။

ယင်းသို့ခေတ်လူတို့အကြိုက် ခေတ်ပညာများကို မူလတန်းမှ ဘွဲ့ပေးသည်အထိ ဘုန်းကြီးများကသာ ချုပ်ကိုင်လာခဲ့ကြသော်လည်း မိမိတို့ ကျောင်းကန်၌ကား အမွေဆက်ခံရန် ကိုရင်တပါးမျှ ရရှိဖို့အရေးသည် အလွန်ကြီးလေးသောပြဿနာကြီးဖြစ်၍နေလေသည်။ ကျောင်းထိုင် ဘုန်းတော်ကြီးနှစ်ပါး အဖော်ညှိကာ သာမဏေ လောင်းလျာတဦး ရရှိရန် နွေဦး ပေါက်သည်နှင့် ၆-လခန့်တကျွန်းလုံးလှည့်လည်ရှာဖွေနေကြရ၏။ ဆင်းရဲချို့ငဲ့သော မိဘတို့၏ ကလေးငယ်များကို အာမခံစာချုပ်၍ သာသနာ့အမွေခံ မွေးထုတ်နေကြရသည်။

http://www.dhammadownload.com



ဤနေရာ၌ နောက်ပိုင်းခေတ်နှင့် လက်ရှိသီဟိုဠ်သာသနာက (အနာဂတ်သို့ နယ်ပယ်သစ်ဖွင့်ရန် ဟန်ပြင်လျက်ရှိသော၊နယ်ပယ်သစ် ဖွင့်လှစ်နေပြီဖြစ်သော) ထေရဝါဒ ပညာရှင်တို့အား လေးနက်သော သင်ခန်းစာတခု ပေးနေခဲ့သည်ကို ကျွန်ုပ်တို့ ကြည်ကြည်လင်လင် ရှုမြင်သုံးသပ်နိုင်ရန် အရေးကြီးပေသည်။

ယခုအခါ အချို့သော ရဟန်းရှင်လူတို့သည် 'မြန်မာရဟန်းတော်များ ခေတ်ပညာမတတ်၍ ကမ္ဘာသို့ သာသနာမဖြန့်နိုင်'ဟု ယူဆကာ 'သာသနာ' ဆိုသော ဝေါဟာရ၏ မူလအဓိပ္ပာယ်ကိုပင် မဆင်ခြင် မသုံးသပ်မိပဲ ရဟန်းတော်များအတွက် ခေတ်ပညာ သင်ကြားရေး ကျောင်းကြီးများကိုပင် ဖွင့်လှစ်တည်ထောင်ရန် ဆန္ဒရှိနေကြ၏။ 'ဓမ္မဒူတ ဝိဇ္ဇာလယ'ခေါ် သီဟိုဠ်ပုံစံ သင်တန်းများကိုပင် အစိုးရအကူအညီဖြင့် လုပ်ဆောင်ခဲ့ကြဘူးသည်။

ဥရောပနိုင်ငံများတွင် ဗုဒ္ဓစာပေများကို နှစ်ပေါင်း နှစ်ရာခန့် ကတည်းက လေ့လာ၍ ဘာသာပြန်ကျမ်းစာများ ကမ္ဘာသို့ ဖြန့်ချိခဲ့ခြင်းနှင့် သီဟိုဠ် ခေတ်ပညာတတ် ဒေါက်တာ ရဟန်းတော်များ ကမ္ဘာ အရပ်ရပ်သို့ စေလွှတ်သော်လည်း သာသနာပြု နေခဲ့ကြခြင်းများကိုလည်း တဘက်က အကျိုးအပြစ် အရှုံးအမြတ် လေ့လာသင့်ကြပေသည်။

နှစ်များမကြာမီမှစ၍ မြန်မာပြည် ဘုန်းတော်ကြီးများ ကျောင်းတို့တွင် 'ကျောင်းသားမရှိ၍ ကိုရင်မရှိ၊ ကိုရင်မရှိလျှင်လည်း ဦးပဉ္ဇင်းမရှိ'ဟု ကြောင့်ကြစိတ် ဝင်လာကြ၏။ 'လူတို့အကြိုက် ခေတ်ပညာမပေးနိုင်၍'ဟု ထင်ကာ ခေတ်ပညာပေး၍ ကျောင်းသားကိုရင်ရှိရေးကို အလေးပေး ဆောင်ရွက်လာကြသည်ကိုလည်း တွေ့မြင်ရ၏။

**တက္ကသိုလ် ဘွဲ့ကြီးများကိုပင် ပေးနေခဲ့ကြသော သီဟိုဠ် ဘုန်းကြီးများကိုယ်တိုင် အမွေဆက်ခံမည့် ကိုရင်လောင်းလျာ ရှာဖွေနေကြရသော ဒုက္ခကို မြင်ယောင်မိပေသည်။**

'သာသနာ'ဟူသည် အဘယ်ကို ခေါ်ဆိုသနည်းဟူသော ပြဿနာကား တိမ်ယောင်နှင့်နက်၊ လွယ်ယောင်နှင့် ခက်လှပါပေသည်။

အင်္ဂလိပ်ယဉ်ကျေးမှုသည် သီဟိုဠ် ထေရဝါဒ သာသနာအား တိုးနှက်ရာ၌ အကြမ်းဖက်လေ့ရှိသော ကုလားအန္တရာယ်နှင့် အနုနည်း ရောနှောပူးသတ်လေ့ရှိသော မဟာယာန အန္တရာယ်တို့ထက် သိမ်မွေ့လှပေသည် တကား။

http://www.dhammadownload.com



# သီဟိုဠ်နှင့် မြန်မာ ခေတ်ပညာ သင်ကြားရေး

မြန်မာနိုင်ငံ၌ ဗြိတိသျှများ အောက်ပိုင်း၌ အနှစ်တရာကျော်၊ အထက်ပိုင်း၌ အနှစ်ခြောက်ဆယ်ကြာ အုပ်စိုးသွားသော်လည်း အင်္ဂလိပ် ယဉ်ကျေးမှုဒဏ်ကို အလူးအလဲမခံရချေ။ ခိုင်မာသော သုဓမ္မာသံဃာ့အဖွဲ့အစည်း သာသနာ့ဦးကိုင် မထေရ်ကြီးများနှင့် ဘိုးတော်, အထူးသဖြင့် မင်းတုန်းမင်းကြီး၏ ကျေးဇူးကြောင့်ပင် ဖြစ်၏။

အထက်မြန်မာနိုင်ငံကို အလှယ်ကလေးဖြင့် အချိန်မရွေးသိမ်းယူနိုင်သော အခြေအနေတွင် မင်းတုန်းမင်းကြီး၏ နိုင်ငံရေးရပ်ဘည်မှု၊ ပဥ္စမသံဂါယနာတင်၍ သုဓမ္မာသံဃာ ဦးသျှောင် ဖွဲ့စည်းထားခြင်း၊ လေးပြင်လေးရပ် ဝတ်အသင်းများ ဖွဲ့စည်းပေးခြင်း စသော ဘာသာရေးရပ်တည်မှုခိုင်မာသည်ကို မြင်အောင် မကြည့်နိုင်ကြသဖြင့် ပျော့ညံ့သည်ဟု ထင်နေကြ၏။

သာသနာ့ဘုန်းကံ, မြန်မာတို့၏ ဘုန်းကံနှင့် မင်းတုန်းမင်းကြီး၏ ဘုန်းကံဆိုသည်များကိုမူ သာ၍ပင်လက်မခံနိုင်ကြသဖြင့် ထိုခေတ်ကပင်လျှင် 'သာသနာငါးထောင်မရှိ၍ ယခုရှိသော သံဃာများ သံဃာစစ်မဟုတ်'ဟု ထိုးနှက်သူတို့ ထိုးနှက်လာ၏။ 'ဘုရားအကြိုက်၊ တရားလိုက်က၊ လူနှိုက်အရေးပျက်တတ်သည်' ဟု ပြဇာတ် စာရေးဆရာများကလည်း ကွယ်ရာက အသံပစ်ကြ၏။ နောက်ဆုံး နန်းတွင်းရေး လုပ်ကြံသည်အထိ ဆန့်ကျင်လာကြလေသည်။

သမိုင်းရေစီးကြောင်းနှင့် ကံရေစီးကြောင်းကို ကောင်းစွာ မဆင်ခြင်နိုင်ကြသဖြင့် မျက်မှောက်ခေတ် မြန်မာစာရာဇဝင်ဆရာအချို့က အကြောင်းတစုံတရာ ခိုင်မာခြင်းမရှိသော ရေမြှုပ်ဖိုးလုပ်ကြံဇာတ်လမ်းဖြင့် ထေရဝါဒ သာသနာနှင့် မင်းတုန်းမင်းကြီးအား ခေတ်လူတို့ အထင်အမြင်လွဲအောင် အိုးမဲ သုတ်ပေးနေကြတုန်းပင် ရှိချေသေး၏။

အမေရိကန်, ရုရှား စသော ကမ္ဘာ့နိုင်ငံကြီးများနှင့် သံတမန် စသည် ဆက်သွယ်မှု ပြုလုပ်၍ ဂျပန်နိုင်ငံနှင့် တချိန်တည်း နိုင်ငံခြား ပညာတော်သင်များ စေလွှတ်ကာ စက်ရုံပေါင်း—၄၀ ကျော် တည်ဆောက် ပေးနိုင်ခဲ့သော မင်းတုန်းမင်းကြီး၏ အမြော်အမြင်သည် အဘယ်မှာလျှင် ရာဇဝင် ဇာတ်ထုပ် လုပ်ကြံသော ဆရာတို့ ထင်သလို ဟုတ်ပါလိမ့်မည်နည်း။

http://www.dhammadownload.com



## ပဉ္စမသံဂါယနာမှ ပါဠိ တက်က်စ်ဆိုဆိုက်ယတီးသို့

အင်္ဂလိပ်ဝန်ရှင်တော်မင်းကြီး 'ဆာ-အာသာဖယ်ရာ'သည် မြန်မာနိုင်ငံကို အပြီးအပိုင် တိုက်ခိုက် သိမ်းယူရန် အမြဲအကြံယူနေသော ဗြိတိသျှ အစိုးရ၏ သံအဖြစ် မင်းတုန်းမင်းကြီးထံ အကြိမ်ကြိမ် အခစားဝင်လာရာ၌ မင်းတုန်းမင်း ကြီးသည် အလွန်အရေးကြီးသော နှစ်ပြည်တပြည် အရေးအခင်းများ (စစ်ပြေ ငြိမ်းရေး စာချုပ် စသည်)ကို အရေးမကြီးလေဟန် လေသံမျှ မဟသေးပဲ မြန်မာစာတတ်သော ဖယ်ရာအား—

"ဖယ်ရာ....ဓာတ်တော်ကြီးဆယ်ဘွဲ့ကို ဖတ်ဖူး၏လော"ဟူ၍ ဘာသာရေး နှုတ်ခွန်းဆက်ဖြင့် စတင်နှုတ်ဆက် အတွေ့ခံလေ၏။

နိုင်ငံခြား သံကြီးတမန်ကြီးများ တွေ့ဆုံသောညီလာခံ၌ အလွန်ရှီးတာလှ သော ဓာတ်ကြီးဆယ်ဘွဲ့အကြောင်း ရေးကြီးခွင်ကျယ်လုပ်၍ နှုတ်ခွန်းဆက်ဧည့်ခံ သော မင်းတုန်းမင်းကြီးအား နိုင်ငံကြီးသားတို့အမြင်၌ မည်သို့ရှိမည်ကို မခန့် မှန်းနိုင်။

ဤအချိန်အခါမျိုးမှာ ဤသို့သောစကားကို ပြောဆိုခြင်းသည်ပင် မြင် တတ်လျှင် ဖော်ပြမထားသော လျှို့ဝှက်ချက်နှင့် လေးနက် ခိုင်ကျည်သော စိတ်ဓာတ်စစ်ဆင်ရေးတစုံတရာ ပါဝင်ငုပ်ကွယ်နေမည်ကိုကား သိသာလှပေ၏။

ဓာတ်ကြီး ဆယ်ဘွဲ့က အလောင်းတော်ကြီးများ တိုင်းပြည် အုပ်ချုပ် မင်းလုပ်ကြရာ၌ အများပြည်သူတို့၏အကျိုးကို အဘယ်မျှ အနစ်အတာခံ၍ သည်ပိုး ကြသနည်း၊ အဘယ်ရည်ရွယ်ချက်ဖြင့် မင်းလုပ်သကြနည်း၊ အဘယ်မျှတော်တည့် မှန်ကန်၍ အဘယ်မျှ ရဲစွမ်းသတ္တိလို့လဝီရိယရှိကြသနည်း၊ သတ္တဝါအများနှင့် အမှန်တရားအတွက် အသက်ကိုပင် အသေခံနိုင်သူမှာ အလောင်းတော်ကြီးများ ဖြစ်ကြ၏။ မြန်မာတို့သည်၊ အထူးသဖြင့် မြန်မာခေါင်းဆောင်တို့သည် အရာရာ၌ ထိုဗုဒ္ဓဝါဒအမြင်အသိဖြင့် သတ္တိရှိရှိ၊ ဝီရိယသန်သန်၊ နှိုင်းရှည့်ဝေဖန်၍ သည်းခံ လိုက်လျော၊ သဘောထားကြီးစွာပြုလုပ်ဆောင်ရွက်ကြမြဲ ဖြစ်ကုန်၏။

အင်အားကြီးတိုင်းသည်း အနိုင်မကျင့်၊အင်အားသေးသော်လည်း အရှုံး ပေးလိမ့်မည်မဟုတ်။ မင်းတုန်းမင်းကြီး၏ ခံယူချက်နှင့် ဘာသာရေး ကြိုတင် ပြင်ဆင်မှုများသည် နယ်ချဲ့အရှိန်အဟုန်ကို ဟန်တားနိုင်ခဲ့ရုံမျှမက မတတ်သာ၍ အရှုံးပေးလိုက်ရစေကာမူ မြန်မာတို့၏ နှလုံးသည်းပွတ်သဖွယ် ဖြစ်သော ထေရ ဝါဒသာသနာကား သာ၍ပင် ဒတောက်ပြောင်လာခဲ့၏။

http://www.dhammadownload.com



မြန်မာပြည်သို့အင်္ဂလိပ်များဝင်ရောက်လာသောအခါ တိုင်းပြည်အများစု ပညာရေးအထူးသဖြင့် ငြိမ်ဝပ်ပိပြားရေး၍ လိမ္မာရေးခြားရှိရေးအတွက်ဘုန်းတော်ကြီးများကိုကျော်လွှန်၍မရ၊ ရှေးမင်းစဉ်ဆက် ဆောင်ရွက်ခဲ့သောပါဠိပညာရေးနှင့် ဘွဲ့ထူး ဂုဏ်ထူးပေး စနစ်များကိုပင် ဆက်လက် တာဝန်ယူရလေတော့၏။ အုပ်ချုပ်ရေးအမြင်ရာဇာဥပါယ်အရသာလျှင်မဟုတ်၊ မြန်မာတို့၏ ခံယူချက်နှင့် ရပ်တည်မှုကို ဥပေက္ခာပြု၍မရနိုင်သောကြောင့်လည်းဖြစ်၏။

အချုပ်ကိုဆိုရသော် ပဌမ သံဂါယနာ ကျောက်တိုင် ကျောက်စာကြီးများသည်ပင် အင်္ဂလန် ပါဠိစာတော်မူ အသင်းကြီး (ပါဠိတက်က်စ်ဆိုဆိုက်ယတီး) ဖြစ်မှန်းမသိ ဖြစ်သွားလေတော့၏။ ထိုအသင်းကြီးကား ယခုအခါ နှစ်ပေါင်းတစ်ရာပြည့်ပြီဖြစ်ရာ ပါဠိတော်နှင့် ဘာသာပြန်များ ကိုသာမက အဋ္ဌကထာ ဘာသာပြန်များကိုပင် တကမ္ဘာလုံးသို့ ဖြန့်ချီနေလေပြီ။

အင်္ဂလိပ်တို့မြန်မာပြည်မှရရှိသွားသော ရတနာတို့တွင် ထေရဝါဒ ပိဋကသာသနာသည် မျက်စိနားကြီးသော အင်္ဂလိပ်လူမျိုးတို့အဖို့တန်ဖိုးမဖြတ်နိုင်သော ရတနာကြီးဖြစ်၏။

## နှစ်ဘက်မမြင်လိုသော လယ်တီဆရာတော်

အားလုံးခြုံ၍ဆိုရသော် ဗြိတိသျှအုပ်ချုပ်ရေး ဝင်လာသည့်အတွက် မြန်မာနိုင်ငံ သာသနာရေးသည် မင်း၏အကူအညီ အထောက်အပံ့ မရရှိ၍ တိုးတက်သင့်သလောက် မတိုးတက်သည်မှအပ ကျဆင်းဆုတ်ယုတ်ခြင်း မရှိချေ။ မဆုတ်ယုတ်ရုံမျှသာမက မြန်မာနိုင်ငံ သာသနာ့ဝန်ဆောင် အရှင်မြတ်များ၏ ပရိယတ်,ပဋိပတ် ရပ်တည်မှု ခိုင်မာ၍ ဒကာ၊ ဒကာမတို့၏ ပစ္စယာနုဂ္ဂဟကြောင့် ကမ္ဘာတခွင်လုံးသို့ ထေရဝါဒသာသနာ ဖြန့်ပွားရာ၌မူ သာ၍ပင် အောင်မြင်မှု ရှိနေပေသည်။

'မြန်မာရဟန်းတော်များအင်္ဂလိပ်စာမတတ်ခြင်းကြောင့်ကမ္ဘာ၌သာသနာပြု၍ မရနိုင်'ဟု သာမန်အားဖြင့် ထင်စရာရှိ၏။ စင်စစ် အင်္ဂလိပ်စာသည် သာမန်အကူမျှသာ ဖြစ်၏။ ပရိယတ် ပဋိပတ်ကို အဟုတ်အဟတ် တတ်သိနိုင်နင်းမှုသာလျှင် ပဓာနဖြစ်သည်။ လုံချည် အင်္ကျီ လုံလုံအောင် ဝတ်စရာမရှိသေးပါပဲလျက် သနပ်ခါးလူး၊ပန်းပန်သူကဲ့သို့လည်းကောင်း၊ပုဆိုးမပါပဲ ခေါင်းပေါင်းစထောင်သူကဲ့သို့ လည်းကောင်း မဖြစ်သင့်ချေ။

တချိန်က ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးအား အင်္ဂလိပ်စာ လေ့လာရန် လျှောက်ထားကြဖူးသတတ်။ ထိုအခါ ဆရာတော်ဘုရားကြီးက—

http://www.dhammadownload.com



"ခအေး....အင်္ဂလိပ်စာ တတ်ထားယင်တော့ ကောင်းသကွယ့်၊ ဒါပေမယ့် ဘာသာခြားတခုကို အဟုတ်တတ်ဖို့ဆိုတာလဲ မလွယ်ကူလှဘူး။ မတတ်ပေမယ့်လဲ သာသနာပြုလို့ ရပါတယ်၊ နှစ်ဖက်မြင်တာတော့ ကောင်းပါရဲ့၊ ဒါပေမယ့် တဘက်ထဲကြည့်ရသလောက် အားမကောင်းဘူး၊ နှစ်ဘက်ဆိုတော့ ဝိုးတိုးဝါးတားပဲ မြင်ရတယ်"ဟု မိန့်တော်မူဘူးလေသည်။ (သက္ကတနှင့်စပ်သော လယ်တီဆရာတော်၏ အမြင်ကို ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ၌ ရေးခဲ့ပြီ။)

အဟုတ်အဟတ် တတ်သိကျွမ်းကျင်ရန် ခက်ခဲလှသော ပရိယတ်၊ ပဋိပတ်အလုပ် ခိုင်မာမှုမရှိသေးပဲ တတ်မြောက်လာရသော အင်္ဂလိပ်စာလည်း မိတ်ဖြစ်ဆွေဖြစ် အခမ်းအနား ဘာသာရေးအဆင့်ထက် မကျော်လွန်နိုင်ချေ။ ကျမ်းစာရေးသားနိုင်သည်အထိ နှစ်ဘက်စလုံး နိုင်နင်းသည်ဆိုရန်မှာလည်း အလွန်ဖြစ်ခဲမျှ။

ယခုအခါကား အဘိဓမ္မာဝေါဟာရ၊ လက်တွေ့သဘာဝများ အထူးတိုးတက်လာသဖြင့် ဝေါဟာရ ပြောင်းလဲကပ်ကူးပေးရုံမျှဖြင့် မရချေ။ လက်တွေ့အလုပ်ဖြင့် တတ်နိုင်သမျှ သဘာဝဆိုက်အောင် ရေးသား ဟောပြောနိုင်မှသာ ဖြစ်နိုင်ပေသည်။

အကြောင်းကား ကမ္ဘာနှင့်အဝန်း ထေရဝါဒ သာသနာ၏ လက်တွေ့သဘော (ပဋိပတ်အလုပ်)များ ပြန့်ပွားနေပြီ ဖြစ်သောကြောင့်တည်း။

အင်္ဂလိပ်စာမတတ်သော ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ဒီပနီကိုးကျမ်းခန့်နှင့်တကွ ပရိယတ်၊ ပဋိပတ်အမွေများ ယခုအခါ ကမ္ဘာတခွင်၌ ဆက်လက်သာသနာပြုလျက်ရှိနေကြ၏။ မိမိ၏ ပရိယတ်၊ ပဋိပတ်ဖြစ်သော ဓုရနှစ်ဖြာ ပဓာနအလုပ်သည်သာလျှင် လိုရင်းဖြစ်ကြောင်း ကောင်းစွာ ရှုမြင်အပ်ပေသည်။

## သာသနာရထားကြီး ဘီးချော်မကျအောင်

သီဟိုဠ်နိုင်ငံ ထေရဝါဒ သာသနာသည် နှစ်ရှည်လျားစွာ ကုလားရန်နှင့် မဟာယာနအန္တရာယ်တို့အကြား လုံးပါးပါးခဲ့ရာမှ အင်္ဂလိပ် ယဉ်ကျေးမှု ဝင်လာသောအခါ—

'သာသနာတော် ယိုယွင်းပျက်စီး၍ ဂိုဏ်းပြည့်ရုံမျှ ရဟန်း သံဃာမရှိသောကြောင့်'(သာသနာလင်္ကာ-၃၆) မြန်မာနိုင်ငံစသည်မှ သာသနာပြု တပ်ကူများပေးပို့ကူညီခဲ့ရခြင်း၊ ယခုအခါ ပရိယတ်၊ ပဋိပတ်ဦးဆောင် ဆရာတော်များ

http://www.dhammadownload.com



ရှိနေကြသေးသော်လည်း လွန်စွာအရေးအတွက်နည်းပါးခြင်း၊သာသနာမျိုးဆက် သာမဏေတပါးရရှိရန်ပင် ခက်ခဲခြင်းစသော အားနည်းချက်များသည် ထေရဝါဒသာသနာ ကမ္ဘာတခွင်လုံးသို့ဖြန့်ချီရန် တာစူနေသောဤအခါမျိုး၌ စံတော်ဝင် အရိယာများနှင့်အတူ ဂါင်ခန်းစာ ယူရမည့် အကြောင်းများ ဖြစ်ပေတော့သည်။

သီဟိုဠ်မြန်မာ သာသနာ သမိုင်းတလျှောက်တွင် မိစ္ဆာဒိဋ္ဌိမင်းများအန္တရာယ်၊ မဟာယာန အန္တရာယ် တို့ထက် သာသနာအတွင်းနေ အလဇ္ဇီဒုဿီလ(ခေတ်မီတိုးတက်သည်ဆိုသောအကျင့်ပျက်သွမ်း)ရဟန်းတို့၏ အန္တရာယ်က ပို၍ ကြောက်ဖွယ် ကောင်းလှသည်ကို တွေ့မြင်ရ၏။

အပြင်ပအန္တရာယ်သည် ညှိုးနွမ်းရုံမျှသာတတ်နိုင်၍ အတွင်းကလာသောအန္တရာယ်သည် ဆိုင်ရာဒေသ၌ သာသနာ အမြစ်ပြတ်သည်အထိ ဖြစ်သွားနိုင်လေသည်။

အလဇ္ဇီဒုဿီလရဟန်းတို့မလုပ်ရဲသော အလုပ်ဟူ၍မရှိတော့ပြီ။ ဘုရားကိုပင် ပုန်ကန်ရဲသူများပေတည်း။

ထို့ကြောင့်ဘုရားသားတော် ရဟန်းတော်တို့သည် မိမိတို့ မလွှဲမသွေတတ်ပွန်ထမ်းဆောင်နေရမည့် ပရိယတ်၊ ပဋိပတ်၊ သီလ၊ သမာဓိ၊ပညာ၊စာပေနှင့်ကိုယ်ကျင့်လုပ်ငန်းမှတပါး အခြားစာပေလုပ်ငန်းများတွင် လိုအပ်သည်ထက်ပိုလွန်၍အာရုံမစိုက်သင့်ချေ။ အာရုံစိုက်ခွင့် မပေးသင့်ချေ။

သာသနာသည် လောကနှင့် မကင်းသောကြောင့် ရဟန်းတော်များအတွက် လောကီစာပေနှင့် လောကီလုပ်ငန်းများ၏လိုအပ်သော အတိုင်းအဆာဆိုသည်မှာလည်းအကယ်စင်စစ် မရှိ။ဖြစ်၊မတတ်မဖြစ်သော ကိစ္စကားမဟုတ်ချေ။ ပရိယတ်၊ပဋိပတ်ပြည့်စုံတန်သလောက် ပြည့်စုံပြီးသော ရဟန်းတော်များအတွက် ပင်လျှင် မဆိုစလောက်သော အတိုင်းအတာမျှသာ ဖြစ်သင့်ပေသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ရဟန်းတော်များအတွင်း၌ နှစ်ပေါင်းထောင်ချီ၍အတွင်းလိုက်ပူးဝင်နေခဲ့သော မဟာယာနအမှုအကျင့်များနှင့် အလဇ္ဇီရဟန်းများကို အကြွင်းမဲ့ဖယ်ရှားရန် မတတ်နိုင်ကြရသည့်အထဲ (သို့မဟုတ်၊ ဖယ်ရှားရကောင်းမှန်းပင် မသိတော့အောင် ပီရိစ္စာ ရောနှော ခံနေကြရသည့်အထဲ) 'ခေတ်အားလျော်စွာ'ဟုဆိုကာ လောကီစာပေ၊ ကိစ္စများကိုပါ လက်ခံကြပါမူကား(ခေတ်လူတို့အမြင် ဂုဏ်တင်စီးပစရာ ဖြစ်ကောင်း ဖြစ်နိုင်သော်လည်း)

http://www.dhammadownload.com



သာသနာတော်အတွက်ကား အနုတ်လက္ခဏာတခု၏နောက် အနုတ်လက္ခဏာတခု ထပ်ဆင့်လာခြင်းသာလျှင် ဖြစ်တော့သည်။

'ခေတ်အားလျော်စွာ'သည် မဟာယာနတို့၏ မူလ ဆောင်ပုဒ်ကြီးပင် ဖြစ်၏။ ထေရဝါဒသာသနာကား ခေတ်နှင့်အညီ ခေတ်မီအောင် တစုံတရာပြုပြင် ကျင့်သုံးဖွယ် မလိုချေ။

လောကီစာပေ,ကိစ္စများသည် ပထမတွင် သာသနာအတွက် အထောက် အကူဖြစ်လေဟန် ထင်ရစေကာမူ လောကီအာရုံကြီးပွားမှုကိုသာ အမြဲစေ့စော် ဖန်တီးလေ့ရှိရာ သတ္တဝါတို့ကြိုက်ရင်းစွဲ အာရုံဖြစ်သည်နှင့်လည်း လျော်ညီစွာ သာသနာပြုယင်းပြုယင်းနှင့် ဖျက်မိလျက်သား ဖြစ်သွားကြရရှာလေသည်။

သီဟိုဠ်နှင့် မြန်မာနိုင်ငံရှိ ရဟန်းတော်အချို့သည် လောကီ စာပေ၊ လောကီကိစ္စ၊ လောကီအာရုံများကိုကျက်စားမိရာမှ ဝိနည်း သိက္ခာပုဒ်ငယ်များ၌ ပေါ့လျော့ ပျက်ကွက်လာ၏။ ဒေသနာ ကြား ကုစားရန်ပင် သတိမမူ။ ကြွေးထူ မပူ၊ သန်းထူမယား ဖြစ်သွား၏။

သိက္ခာပုဒ်ငယ်များ၌ ကျူးလွန်ရန် ယဉ်ပါးလာရာမှ သိက္ခာ ပုဒ် ကြီး များ ကို လည်း အလွယ် တကူ ကျူး လွန် နိုင်လာလေ တော့၏။

ထိုအခါ (ရထားတွဲကြီးများ တစ တစ လမ်းချော်ကာ တွဲလုံး တိမ်းမှောက်သွားရသကဲ့သို့) ရဟန်းတော်တို့နှင့် မအပ်မရာလူမှု ကိစ္စများ၌သာမက၊ တိုင်းပြည် အုပ်ချုပ်သော မင်းများ၏ကိစ္စ (နိုင်ငံရေး) များအထိ တတိတတိ နယ်ကျွံ သွားကြပြီးလျှင် ကမ္ဘာကျော် နိုင်ငံတော် ရာဇဝတ်မှုကြီးများ ကျူးလွန်သည် အထိ ဖြစ်ခဲ့ကြရသည်မှာ ထေရဝါဒ သာသနာသမိုင်းတွင် အလွန် အကျည်းတန် ရှိုင်းပြလှပေသည်။

'ဧကော အလဇ္ဇီ, အလဇ္ဇီသတံ ပေါတိ=တယောက်က,စ တရာ' ရဟန်းကောင်းများအဖို့ ပေါင်းစရာပင် မရှိတော့ချေ။

သီဟိုဠ်သာသနာသမိုင်းကိုကြည့်လျှင် အရိယာပုဂ္ဂိုလ်ထူးများ အလွန်များပြားခဲ့သည်ကိုသာ သာမန်အားဖြင့်ကြည့်၍ 'ပဋိပတ္တိ ထွန်းကားလွန်း၍ ပရိယတ္တိလျော့ပါးကာ သာသနာ ဆုတ်ယုတ် ခဲ့ရသည်'ဟု အချို့ပုဂ္ဂိုလ်များ ယူဆတတ်ကြရာ သမိုင်းရေစီး ကြောင်းကို ကောင်းစွာ သုံးသပ်ကြရာသည်။

http://www.dhammadownload.com



မည်သို့ဖြစ်စေ....ယခုအခါ မြန်မာနိုင်ငံ့ထေရဝါဒသာသနာ ရေသောက်မြစ်ကြီးကား ကမ္ဘာသို့ မျိုးဆက်ဖြန့်ပွားပေးရန် အလွန် အင်အား ပြည့်စုံသော အခြေအနေ၌ ရှိနေပေသည်။ နှစ်ပေါင်းထောင်ချီ၍ လက်ဆင့်ကမ်းသည်ဆောင် လာကြသော သာသန ဒါယကာမင်းများနှင့် သာသနာ့စောင့် မထေရ်ကြီး အဆက်ဆက်တို့၏ ကျေးဇူးပင်ဖြစ်၏။

ဘုရားဟောပါဠိတော်နှင့်တကွ အဋ္ဌကထာဋီကာများ၏အဓိပ္ပာယ်သဘော သဘာဝကို ကျနသည်ထက်ကျန၊ ကျစ်လျစ်သည်ထက် ကျစ်လျစ်အောင် ခေတ် အဆက်ဆက် ကျောက်ဆစ်သကဲ့သို့ လေ့လာခဲ့ကြရာ ယခုအချိန်ကား ပြည့်စုံ ကိုင်၍ ပွင့်လင်းလာသောအခါဖြစ်၏။

"ဘုရားဟောဒေသနာပါဠိတော်တို့၏ ပြည့်စုံသောအဓိပ္ပာယ် အနှစ်သာရ ကို သိလိုလျှင် မြန်မာစာကိုတတ်မှ ဖြစ်မည်" ဟုပင် ဆိုသင့်၏။

ထေရဝါဒ၌ အာရုံစိုက်လာသော ဘာသာလူမျိုးခြားတို့သည် မဝေး လှသောအနာဂတ်ကာလတွင် ထိုသို့ပင် သဘောသက်ဝင်ကာ မြန်မာစာကိုပင် သူ့ထက်ငါလေ့လာသင်ယူရသောအဖြစ်မျိုး ဖြစ်မလာနိုင်ဟုမဆိုနိုင်ချေ။သို့သော် မြန်မာပညာရှိဆိုသူတိုင်းပင် မြန်မာစာကို မတတ်ကြသေး။


'ကိုယ်လုပ်ရမည့်အလုပ်ကိုသိမ်းထုပ် သေချာအောင် လုပ်နေခြင်းသည်ပင် အခြားသူတို့၏ အကျိုးကိုလည်း သည်ပိုးလုပ်ဆောင်ပေးပြီးဖြစ်နေသည်' ဟု ဟော တော်မူသော သေဒကသုတ္တန်ဒေသနာတော်သည် လွန်စွာ လေးနက်လှပေ၏။

အရှင်မဟာဗုဒ္ဓဃောသသည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကြီး စတင် ရေး ရသောအခါ ပိဋကသုံးပုံကို ခြုံမိငုံမိသော 'သီလေပတိဋ္ဌာယ' ဂါထာကို မတည်၍ ဖွင့်ဆိုရေးသားတော်မူခဲ့၏။

သီလသမာဓိပညာများ မိမိသန္တာန်၌ ရှိနေသူသည်သာလျှင် သာသနာ တည်သူ၊ သာသနာ ပြုနေသူမည်၏။ သာသနာပြုလိုသော ရဟန်း ရှင်လူတိုင်း အောက်ထစ်ဆုံး လူဖြစ်က လူသီလ၊ ရဟန်းဖြစ်က ရဟန်းသီလ ရှိထားနှင့်ပြီး ဖြစ်ရ၏။

သီလ၏ အရှိန် အဝါသည်ပင် ကြီးကျယ် မြင့်မြတ်လှပါပေ၏။ လိုရာ ပြီးမြောက် ခရီးပေါက်စေနိုင်ပါပေ၏။ ထိုသီလသည် ဘာသာများစွာ တတ် ကျွမ်း၍ မတိကျ မရေရာ ဇဝေဇဝါဘာသာပြန်ထားသော ဘာသာရေး ကျမ်း စာအုပ်ကြီးများ၊ ဝါစာကမာ ဘာသာရေးအခမ်းအနား၊ ဘာသာရေး ဟော ပြောပွဲကြီးများထက် အဆပေါင်းများစွာ အကျိုးသက်ရောက်မှုများ ရရှိစေနိုင် သည်ကို မမြင်တတ်ကြ၍ မြင်အောင်ကြည့်နိုင်ဖို့ အရေးကြီးလှပါပေသည်။

http://www.dhammadownload.com



# (၆)

# သာသနာ့ခေတ်စော၌ အရိယာပေါသော မြဟ္မဒေသ = ပျူ = ဗမာနိုင်ငံတော်

"ဤသို့ဆိုလျှင် မြန်မာတိုင်းနိုင်ငံ၌ သာသနာ့ဝင် ဆရာစဉ် ဆက်တွင် စူဠာန်အဘိညာဉ်မဂ်ဖိုလ်ရသော သီလဝန္တ ဂုဏဝန်ဆရာ စဉ်ဆက်ဖြင့်လည်း ယခုထက်တိုင် မြဲမြဲတည်ကြည်စွာ သာသနာ တော်မြတ် စည်ပင်သန့်ရှင်း ထွန်းလင်း၏။"

(သာသနာလင်္ကာရ-၁၀၅။)

သီဟိုဠ်နိုင်ငံသည် မြတ်စွာဘုရားရှင် သက်တော် ထင်ရှားရှိစဉ်က လူနေ ဒေသ မဖြစ်သေး။ မဟာပရိနိဗ္ဗာန်ပြုသည့် နေ့တွင်မှ ဝိဇယမင်းသား သီဟိုဠ်သို့ ကူးကာ ထိုအခါမှစ၍သာ လူနေဒေသ ဖြစ်လာသည်။

မြတ်စွာဘုရားရှင် သုံးကြိမ်သုံးခါ သမာပတ်ချမ်းသာဖြင့် လင်္ကာဒီပသို့ ကြွရောက်စံနေဖူးသော်လည်း သာသနာကား တတိယသံဂါယနာ ၂၃၆-ခုနှစ်မှ ရောက်ရှိ၏။ အခြားသာသနာပြု ဌာန ရှစ်ဌာနတို့၏ နောက် တနှစ်ခန့် နောက်ကျ ပေသေးသည်။ သို့ရာတွင် ဗုဒ္ဓမရှိသည့်နောက် သာသနာ ငါးရာစုမှစ၍ကမ္ဘာပေါ် တွင် ထေရဝါဒသာသနာ ပဓာနခံတပ်မြို့တော်ကြီးအဖြစ် ကြံ့ကြံ့ကြီး ရပ်တည်

နိုင်ခဲ့လေပြီ။ ဘုရားဟော ဒေသနာမူရင်းကျကျနှင့် အဋ္ဌကထာကျမ်းများအတွက်လည်း တကမ္ဘာလုံးကပင် အားထားခဲ့ကြရသော နိုင်ငံဖြစ်လေသည်။

## ဣန္ဒိယ၊ သီဟိုဠ်၊ မြန်မာ သာသနာပြုခေတ်ပြိုင်မင်းများ

ဗြဟ္မဒေသ (ဗရ်ဟ်မဒေ့ရှ်) ခေါ် ပျူ-မွန်စသည်ပါဝင်သော မြန်မာနိုင်ငံတော်သည်ကား ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် သာသနာရောက်ရှိ၍ ဒုတိယသံဂါယနာ (သာသနာအနှစ်-၁၀၀) ကာလာသောကမင်းလက်ထက်တွင်ကား ဒွတ္တဘောင်မင်းကြီး သရေခေတ္တရာ၌ နန်းတက်တော်မူရာ သာသနာလွန်စွာ စည်ပင်၍ ရဟန္တာအရှင်မြတ်များ အမြောက်အမြား ရှိတော်မူနေကြပြီ။

ဤ၌ ရှေးဦးမြန်မာနိုင်ငံ သာသနာသည် လွန်စွာအားရကြည်ညိုဖွယ်ကောင်းလှပေ၏။ ရှေးဦးစွာ မဇ္ဈိမနှင့် သီဟိုဠ်သာသနာပြုမင်းများနှင့် ခေတ်ပြိုင်စိုးစံသော မြန်မာမင်းများကို သိမှတ်ထားသင့်၏။

| ဣန္ဒိယနှင့်သီဟိုဠ် | သာသနာတော်နှစ် | မြန်မာ |
|---|---|---|
| ၁။ အဇာတသတ်မင်း (မဇ္ဈိမ ဒေသ) | ၁ .... | ဇမ္ဗုဒီပဓဇမင်း၊ တကောင်း၊သင်းတွဲပြည်။ |
| ၂။ ကာလာသောကမင်း | ၁၀၀ .... | ....ဒွတ္တဘောင်မင်း၊ သရေခေတ္တရာပြည်။ |
| ၃။ သီရိဓမ္မာသောကမင်း | ၂၃၅ | ရန်ပေါင်မင်း၊ သရေခေတ္တရာပြည်၊ သီရိမာသောကမင်း၊ သထုံပြည်။ |
| ၄။ ဝဋ္ဋဂါမဏိမင်း .... (သီဟိုဠ်ကျွန်း) | ၄၅၀ .... ။ | တေပါးမင်း၊ သရေခေတ္တရာပြည်၊ |
| ၅။ မိလိန္ဒမင်း(ဂန္ဓာရ) (ရှင်နာဂသိန်ခေတ်) | ၅၀၀ .... | ပါပိယံမင်း၊ သရေခေတ္တရာပြည်၊ |
| ၆။ မဟာနာမမင်း(သီဟိုဠ်) (ရှင်ဗုဒ္ဓဃောသခေတ်) | ၉၃၀ .... | သော်လည်ကြောင်မင်း၊ သီရိပစ္စယာ၊ ပုဂံ။ |

http://www.dhammadownload.com



၇။ မဟာဝိဇယဗာဟုမင်း ၁၆၀၉ (၅၅) အနော်ရထာမင်း၊
(သီဟိုဠ်) အရိမဒ္ဒန-ပုဂံနေပြည်တော်။

၈။ သိရိဝိက္ကမ သီဟမင်း ၂၃၄၁ ဘိုးတော်မင်း၊
(သီဟိုဠ်နောက်ဆုံးမင်း) အမရပုရနေပြည်တော်။

**မှတ်ချက်**။ သာသနာတော် နှစ်များမှာ နန်းစံနှစ်များ မဟုတ်၊ သံဂါယနာတင်နှစ်စသည် သိသာရုံပြထားခြင်းမျှသာ ဖြစ်၏။

# ရှေးဦး မြန်မာ့ သာသနာ

သီဟိုဠ်နှင့် မြန်မာနိုင်ငံတို့သည် မဇ္ဈိမဒေသခေါ် ဇမ္ဗူဒီပပြည်ကြီး၏ အခြံအရံ ကျွန်းငယ်များ ဖြစ်ကြ၏။ အထူးသဖြင့် မြန်မာနိုင်ငံသည် ပထဝီအနေ အထားအားဖြင့် မဇ္ဈိမဒေသကြီးနှင့် တဆက်တည်းတည်ရှိ၍အမြဲတမ်းကူးလူးဆက်ဆံနိုင်သော ဒေသဖြစ်ရုံမျှမက တရုတ်၊ ဇမ္ဗူဒီပပြည်ကြီး နှစ်ပြည်ထောင်အကြား ရေလမ်း၊ ကုန်းလမ်း အဝင်အထွက် စခန်းသင့်သော နေရာလည်း ဖြစ်သည်။

ဗုဒ္ဓ မပွင့်ပေါ်မီက မဇ္ဈိမဒေသတွင် ရသေ့သူတော်စင်ကြီးများ ရှိနေခဲ့ကြဖူးသကဲ့သို့ ရှေးဦးမြန်မာနိုင်ငံတွင်လည်း ရသေ့သူတော်စင်ကြီးများ ရှိနေခဲ့ကြသည်ပင်။ မဇ္ဈိမဒေသကြီးနှင့် မရှေးမနှောင်း ဖြစ်ပေါ်တည်နေသော ဒေသဖြစ်၍ ဗုဒ္ဓမပွင့်မီ နှစ်ပေါင်းများစွာကပင် လူနေဒေသဖြစ်ခဲ့ကြောင်းလည်း သမိုင်းအထောက်အထားများ ရှိနေပေသည်။

ဗြိတ်သျှခေတ် မျက်နှာဖြူ သမိုင်းဆရာတို့ မည်သို့ပင် မြန်မာကိုသေးငယ်သိမ်ဖျင်းအောင် ကြံဆောင်၍ သမိုင်းတင်ကြသော်လည်း ပထဝီအနေအထားကပင် ယဉ်ကျေးမှုခေတ်စောသော နိုင်ငံတနိုင်ငံဖြစ်ကြောင်း မည်သို့မျှငြင်းကွယ်၍ မရသာပေ။

ရှေးဦးမြန်မာနိုင်ငံသမိုင်းကိုကြည့်လျှင် မြန်မာနိုင်ငံသည် သာသနာခေတ်စော၍ အရိယာပေါများသော ထေရဝါဒနိုင်ငံကြီးတနိုင်ငံဖြစ်ကြောင်းမြေပေါ် မြေအောက်သမိုင်းများက ဖော်ပြလျက်ရှိ၏။ ခေတ်အဆက်ဆက် နိုင်ငံရေးရှုပ်ထွေးမှုများ၊ ဗြာဟ္မဏနှင့် မဟာယာနအာစရိယဂိုဏ်းများကြားကပင် မျက်မှောက်ခေတ်အထိ အရိယာသူတော်ကောင်းကြီးများ အဆက်မပြတ် ဖြစ်ထွန်းပွင့်ပေါ်တော်မူနေခဲ့သည်မှာ မြန်မာနိုင်ငံ၏ ထူးခြားသော ဝိသေသလက္ခဏာပင် ဖြစ်၏။ အမြွက်မျှ ပြည့်နှင်းရပါမူ အောက်ပါအတိုင်း ဖြစ်၏။

http://www.dhammadownload.com



## ဗုဒ္ဓခေတ်

၁။ ဘုရားဖြစ်တော်မူပြီးစ ၄၉-ရက်အရ၊ တပုဿ, ဘလ္လိက ညီနောင်နှစ်ပါးကို အကြောင်းပြု၍ သုဝဏ္ဏဘူမိတိုင်း၊ ဥက္ကလာပပြည်နယ်၌ သာသနာ စတင်ရောက်ရှိသည်။

'တပုဿကား သောတာပန်ဥပါသကာ၊ ဘလ္လိကကားရဟန္တာ၊ အပဒါန်ကျမ်းဝင်သာဝကဟူ၍ ထေရဂါထာ အပဒါန် ကျမ်းများ၌ ဆိုသည်။' (သာသနာလင်္ကာရ-၂၃-၄။)

၂။ မြတ်စွာဘုရား ရှစ်ဝါအရတွင် အရှင်ဂဝံပတိ ရဟန္တာအရှင်မြတ်ကို အကြောင်းပြု၍ သံဃာတော်နှစ်သောင်း ခြံရံလျက် သုဝဏ္ဏဘူမိ သထုံပြည်သို့ ကြွရောက်၍ တရားအမြိုက် တိုက်ကျွေးတော် မူ၏။ (ရွှေမော်ဓောကျောက်စာနှင့်ရာဇဝင်,သာသနာဝင်,သမိုင်းများ။)

သီဟိုဠ်သာသနာဝင် မဟာဝံသကျမ်းမှာကဲ့သို့ မြန်မာနိုင်ငံသို့မူ ဘုရားရှင် အကြိမ်ကြိမ် ကြွရောက်တော်မူလျက် သမာပတ်ဝင်စားကာ ဗျာဒိတ်ထားတော်မူသောအရာတို့ကား စေတီဝံသသမိုင်းကျမ်းဟောင်းတို့၌ များစွာလာရှိကုန်သည်။

မှတ်ချက်။ ။ပါဠိတော်တို့၌ မြတ်စွာဘုရားရှင်သည် မဇ္ဈိမဒေသမှတပါး အခြားဒေသတို့၌ ဒေသစာရီ ကြွချီကြောင်း မတွေ့ရခါမျှဖြင့် ထိုမှတ်တမ်း ဟောင်းများကို တမင်သိဒ္ဓိတင်ပြီးရေးထားသည်ဟုချည်း မဆိုသင့်။

သီဟိုဠ်-မြန်မာစသည်တို့၌ လက်ရှိသာသနာ့ အခြေအနေများအထိ ကြိုတင်၍ သိမြင်တော်မူကြပြီးပင်ဖြစ်သည်။ ယုံမှားဖွယ်မရှိ။ လောက၌ အင်အားကြီးသော လက်နက်နိုင်ငံရှင်များသည် မိမိတို့အာဏာသက်ရောက်မည့်၊ သို့မဟုတ်.... သက်ရောက်ရာ နိုင်ငံနယ်ပယ်ဒေသတို့၌ ရုပ်ပိုင်းဆိုင်ရာ ရိက္ခာ,အကာအကွယ်များ လိုအပ်သလို တာဝန်ယူလေ့ရှိကြသည်။

ထိုအတူ ရုပ်ပိုင်းဆိုင်ရာ,နာမ်ပိုင်းဆိုင်ရာ အတုမဲ့ တန်ခိုးရှင် ဖြစ်တော်မူသော ဘုရားရှင်သည်လည်း မိမိ၏ သာသနာတော် တည်အံ့သော ဒေသများ အတွက်မေတ္တာ,တန်ခိုးသတ္တိအကာအကွယ်များ တစုံတခုသောအတိုင်းအတာအရ စောင်မ,ချီးမြှောက်ခြင်းပြုတော်မူခဲ့မည်ကို ယုံမှားစရာ မရှိပါချေ။

http://www.dhammadownload.com



## သရေခေတ္တရာခေတ်၊ သာသနာတော် တစ်ရာစု

၃။ ဘုရားရှင် ပရိနိဗ္ဗာန် ပြုပြီးနောက် သာသနာတော်နှစ် ၁၀၁-နှစ် ရှိသောအခါ သရေခေတ္တရာခေါ် ရသေ့ပြည်၌ ဒွတ္တဘောင်မင်းကြီး လက်ထက် ရဟန္တာအရှင်မြတ်သုံးထောင်ရှိ၏။ နေ့စဉ်ပစ္စည်းလေးပါး လှူဒါန်း၍ဓာတ်တော်မွေတော်များကိုလည်း 'ဗောဗော၊ ညဉ်းညဉ်း၊ ဆဉ်းဆဉ်း၊ ယောယော၊ သော့ကြမာ၊သရမ္မာ၊ မြင်ဗာဟု၊မြသီတင်း၊ မြသိန်းတန်' စေတီကြီး ၉-ဆူ တည်တော်မူ၏။ ယခုတိုင်ဖူးမြော်နိုင်ကြသည်။ (ရာဇဝင်ကြီးနှင့် သာသနာဝင်,သမိုင်းများ။)

"သိရိခေတ္တ (ရှရိခရှစ်တရ) ရသေ့လည်း နှစ်သောင်းသော ရသေ့တို့နှင့်တကွ အဘိညာဉ်သမာပတ်ကို ဖြစ်စေလျက်နေ၏။ သိရိခေတ္တရာ ရသေ့သားဖြစ်သော နှစ်သောင်းသောရသေ့တို့မှာ အရှင်ပုဏ္ဏထေရ်၏ တရားကို နာရသဖြင့် ရဟန္တာနှစ်သောင်း ဖြစ်ကုန်၏။"

(၁) ဒွတ္တဘောင် မင်းကြီးတွင် မိဖုရားကြီး လေးဦးရှိရာ သိရိစန္ဒာမိဖုရားသည် အရှင်သောဘိတ ရဟန္တာ၊

(၂) ဥမ္မာရဒေဝီသည် အရှင်သုမင်္ဂလ ရဟန္တာ၊

(၃) ပိဿတိုး မိဖုရားသည် အရှင် ဗောဓိရက္ခိတ ရဟန္တာ၊ အရှင်မြတ်များကို ကိုးကွယ် ဆည်းကပ်၍၊ ထိုအရှင်မြတ်တို့သည် အရိယာတပည့်တထောင်စီခြံရံလျက် သီတင်းသုံးတော်မူကြသည်။

(၄) ဘေစန္ဒီမိဖုရားမှ ဖွားမြင်သော သုဝဏ္ဏမာလာ မင်းသမီးသည် မဟာယာမရဟန္တာအရှင်မြတ်ကြီး၏ တရားကို နာကြားရသဖြင့် အခြွေအရံတထောင်နှင့်အတူ ဘိက္ခုနီမဝတ်ကာ သုဓမ္မာထေရီအမည်ဖြင့်ရဟန္တာမကြီး ဖြစ်တော်မူ၏။

(၅) ဥမ္မာရဒေဝီလည်း ကာလာသောကမင်းကြီး၏ နှမတော်နန္ဒာထေရီ အမှူးရှိသော ဘိက္ခုနီမ-၅၀၀တို့ထံ တရားနာ၍ အခြွေအရံတထောင်နှင့်အတူသောတာပန်ဖြစ်၏။ မင်းကြီးထံခွင့်ပန်၍ ၇-ရက်တရားရှုပွားရာ ဥမ္မာထေရီ အမည်ဖြင့် ရဟန္တာမကြီး ဖြစ်တော်မူ၏။

(၆) ဥမ္မာရဒေဝီမှ ဖွားမြင်သော သားတော် ဒွတ္တဇမင်းသားသည်လည်း အရှင်ဓမ္မရက္ခိတထံ ရဟန်းပြုတော်မူရာ အရှင်စန္ဒသီရိ ဘွဲ့တော်ဖြင့် ရဟန္တာ ဖြစ်တော်မူ၏။

http://www.dhammadownload.com



(၇) ပိဿတိုး မိဖုရားမှ ဖွားမြင်သော ဒုတ္တရာဇ်မင်းသားလည်း အရှင် **စန္ဒသာဂရာဇ်** ဘွဲ့တော်ဖြင့် ရဟန္တာဖြစ်တော်မူ၏။ အရိယာတပည့် အခြံအရံ တထောင်စီဖြင့် သီတင်းသုံးတော်မူကြသည်။

တရံရောအခါ ဒုတ္တဘောင်မင်းကြီးသည် ပိဿတိုးမိဖုရားကြီးနှင့်(တောင် ညာစံဒေဝီ မဖြစ်ရသဖြင့်) ရန်ငြိုးမပြေရှိနေကြ၏။ အရှင်မဟာယသ ရဟန္တာ အရှင်မြတ်ကြီးက မင်းနှင့်မိဖုရားကြီးတို့အား တချိန်က တဦးပေါ်တဦး အလွန် ကြင်နာကြသော ပွေးမောင်နှမဖြစ်ခဲ့ကြပုံ အတိတ်ဇာတ်ကို ဟောပြတော် မူရ လေသည်။အရှင်မဟာယသ ရဟန္တာအရှင်မြတ်ကြီး၏ တရားတော်ကို နာကြား ကြရသဖြင့် မင်းနှင့်မိဖုရားတို့သင့်မြတ်ချစ်ခင်သွားကြသည်။မင်းကြီးလည်းမိဖုရား၊ သားတော်၊သမီးကော်တို့အား ဆန္ဒအလျောက် ရဟန်းပြုခွင့် ပေးတော်မူ၏။

မင်းကြီးကိုယ်တိုင် သားတော်နှစ်ပါး၏ တရားကို နာကြားရသဖြင့် သော တာပန် တည်လေ၏။

"တနေ့တနေ့လျှင်ကိုးသိန်းကိုးသိန်းသောဥစ္စာတို့ကိုစွန့်ပေ၏။ ရဟန်း ယောကျ်ား ၄-သိန်း၊ ရဟန်းမိန်းမ ၃-သိန်း၊ တနေ့ တနေ့လျှင် ၇-သိန်း ၇-သိန်းသော ရဟန်းသာမဏေတို့ကို စွန့်လှူ ကုန်၏။"

(၁၂၀၀-ခုနှစ် မင်းကြီးမဟာမင်းလှမင်းခေါင် သေနာပတိအမတ်ကြီး တောင်းပန်၍ ဆရာတော် ဦးမေဓာပြုစုသော 'ပြည်ရွှေဆံတော် သမိုင်း'နှင့် ပြည်သမိုင်းဟောင်းကျမ်းများမှ ကောက်နုတ်ချက်။)

## သထုံခေတ်၊ သာသနာ သုံးရာစုမှ ငါးရာစု

၄။ သာသနာတော်- ၂၃၅၊ တတိယ သံဂါယနာခေတ်တွင် သုဝဏ္ဏဘူမိ သထုံပြည်၌ သီရိမာသောကမင်း နန်းတက်၏။ သာသနာပြု အရှင် သောဏ,အရှင်ဥတ္တရ ရဟန္တာအရှင်မြတ်ကြီးများ ဗြဟ္မဇာလသုတ္တန်ကို ဟောပြ သာသနာ ပြုရာ လူပေါင်းခြောက်သောင်း အရိယာဖြစ် ကြ၏။ ယောကျ်ား သုံးထောင့်ငါးရာ၊ မိန်းမ တထောင့်ငါးရာတို့ ရဟန်းပြုကြသည်။ (ပါရာဇိကဏ် အဋ္ဌကထာနိဒါန်း။ သုဝဏ္ဏဘူမိ သိမှတ်ဖွယ် အကျယ် ရှေ့၌ပြမည်။)

http://www.dhammadownload.com



၅။ သာသနာတော် နှစ်၃၇၃-ခုနှစ်၊သီဟိုဠ်ကျွန်း ဒုဋ္ဌဂါမဏိ မင်းကြီး၏ မဟာစေတီပန္နက်ချပွဲသို့ သထုံပြည် ကေလာသ ကျောင်းတိုက်ကြီးမှ သူရိယဂုတ္တမဟာထေရ်အမှူးပြုသော ရဟန္တာအရှင်မြတ် ကိုးသောင်း ခြောက်ထောင်တို့ ကောင်းကင်မှ ကြွရောက် ချီးမြှောက်တော်မူကြသည်။ (မဟာဝံသ ၂၉။၃)

၆။ သာသနာတော်နှစ် ၄၃၃-ခုနှစ်၊ သရေခေတ္တရာ၌ ဝေပါးမင်း မင်းပြုရာ—

"ထိုမင်းလက်ထက် ထိုတိုင်းပြည်တွင် ရဟန္တာအရှင်မြတ်-၅၀၀ ရှိ၏။ ထိုရဟန္တာအရှင်မြတ်-၅၀၀တို့အား နေ့စဉ်မပြတ် ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းတော်မူ၏။သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အရိယာ တို့ကား အရေအတွက်မရှိ့,များပြားစွာ၏။" (သာသနာလင်္ကာရ-၁၀၇-၈။)

## ပုဂံခေတ်၊ ၁၆–ရာစုမှနောက်

၇။ "သာသနာ ၁၆၀၁–ခုနှစ်၊ သက္ကရာဇ် ၄၁၉-ခုနှစ်၊အနော်ရထာ မင်းစော သထုံကိုအောင်မြင်၍ သာသနာကို ပုဂံသို့ ဆောင်ခဲ့သည့် ကာလ၊ သထုံက ရဟန္တာပင် တထောင်မြောက်စင် ပုဂံသို့ ပါ၏ဟု ပရိတ္တနိဒါန်းတွင်ဆိုသည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အရိယာတို့ကား အရေအတွက်မရှိများပြားစွာသတည်း။"(သာသနာ လင်္ကာရ-၉၃၊ ၁၀၈။)

၈။ အနော်ရထာမှ နောက်ပိုင်း ခေတ်အဆက်ဆက် မျက်မှောက်ခေတ် တိုင်အောင်မြန်မာနိုင်ငံ၌ ဖြစ်ထွန်းပွင့်ပေါ်တော်မူခဲ့ကြသောအရိယာ အရှင်မြတ်များအကြောင်းကား'ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ'စာအုပ်၌ ဖော်ပြပါရှိလေပြီ။

ဤကား ရှေးဦးမြန်မာ့သာသနာ အနှစ်ချုပ်မှတ်သားဖွယ်များ ဖြစ်၏။ မကျဉ်းမကျယ်ကား အောက်ပါအတိုင်း ဖြစ်သည်။

## ရှေးဦးမြန်မာ ဘိက္ခုနီသာသနာ

ဗုဒ္ဓခေတ်မှ ယနေ့ကျအောင် မြန်မာနိုင်ငံတော်၌အရိယာ သူတော်ကောင်း ကြီးများ အဆက်မပြတ် ဖြစ်ထွန်းတော်မူလျက်ရှိသည်ကို ကြည်ညို ဝမ်းမြောက် ရသကဲ့သို့ ရှေးဦးမြန်မာ့ သာသနာတွင် ဘိက္ခုနီထေရီမကြီးများ ဒွတ္တဘောင်

http://www.dhammadownload.com



လက်ထက်၊ အရှင်သောဏ,ဥတ္တရတို့လက်ထက်မှာသာမက ပုဂံခေတ် လွန်ခဲ့သော အနှစ်-၅၀၀ ကျော်ကာလအထိပင် ရှိနေခဲ့ကြသေးကြောင်း သမိုင်းသုတေသန ဆရာတို့က ထုတ်ဖော်ကြ၏။

သမိုင်းပါမောက္ခ ဒေါက်တာ သန်းထွန်း၏ 'အသစ်မြင် ဗမာသမိုင်း' စာအုပ်-၂၀၄-၅၃ ဘိက္ခုနီသာသနာသည် လွန်ခဲ့သော အနှစ်-၅၀၀ကျော်ကာလ အထိ ရှိနေသေးကြောင်း အောက်ပါအတိုင်း တွေ့ရှိရသည်။

> "တောကျောင်း ဘိက္ခုနှင့်ယှဉ်၍ တောကျောင်း ဘိက္ခုနီ ရှိကြောင်းကို (အေ-ဒီ) ၁၂၀၁-ခုထိုး ကျောက်စာ (ခေတ်ပုံ ၂၆၀/၁၆)အရ တအံ့တသြသိရပါသည်။ ဘိက္ခုနီ၏အမည်မှာ 'အိုဆီ'ဖြစ်၏။ စကားသင့်၍ ဖော်ပြလိုသည်မှာ **ပုဂံခေတ်က ဘိက္ခုနီရှိကြောင်း သက်သေအခိုင်အမာ** (ခေတ်ပုံ၂၉/၇-၁၉။ ခေတ်ပုံ၅၁/၇။ ခေတ်ပုံ၀၉/၂၇။ ခေတ်ပုံ ၉၂/၁၄။ခေတ်ပုံ ၁၀၁/၂၀။ ခေတ်ပုံ ၁၁၉-က/၂။ခေတ်ပုံ၁၃၄-ခ/၅။ခေတ်ပုံ ၁၄၇-ခ/၂၀-၁။ ခေတ်ပုံ-၂၀၀/၁၁-၁၅။ ခေတ်ပုံ ၂၁၄-ခ/၉။ ခေတ်ပုံ ၂၂၀/၉။ခေတ်ပုံ ၂၂၁/၇၂။ ခေတ်ပုံ ၂၆၀/၁၆။ ခေတ်ပုံ ၃၂၉/၁၅။ခေတ်ပုံ ၅၁၀/၃။ခေတ်ပုံ ၅၅၉-က/၁၄။ခေတ်ပုံ၅၆၂-က/၀။ခေတ်ပုံ ၅၇၆-က/၇)ရှိ၍အနည်းဆုံး **အေ-ဒီ၁၄၀၀-ခုအထိ ဘိက္ခုနီ** (ခေတ်ပုံ ၅၁၀/၃၊ သကရစ် ၃၁၇။ စာရင်း၀၃၄/၂၊ သကရစ်-၇၇၀၊ ရွှေကျောင်သဃ်ရာဇာ အိမ်တောဝ်ရှိဝ်) **ရှိသည်ဟု ယူဆစရာ အကြောင်းရှိပါသည်။"**

ပုဂံခေတ်ဦး (အေ-ဒီ-၀၀၀)စု က ပျူလူမျိုးတို့အကြောင်း ရေးသား ထားသော တရုတ်ထန်ရာဇဝင်သစ်လာ 'ယောကျ်ားကလေးရော မိန်းကလေး များပါအသက်ခုနစ်နှစ်ရှိလျှင် ဘုန်းတော်ကြီးကျောင်း၌ ပညာသင်ရ၏၊ ခေါင်း ရိတ်ရ၏၊အသက်နှစ်ဆယ်ပြည့်၍မှ တရားမကျင့်နိုင်လျှင် ဆံပင်ရှည်ထား၍ အိမ် မှာပင်နေရသည်' ဆိုသော အချက်မှာလည်းအမျိုးသားများသာမက အမျိုးသမီး များပါ ရဟန်းပြုရသည်ဆိုသောအချက်ကို ဖော်ပြခြင်းပင်ဖြစ်၏။

မြန်မာနိုင်ငံတော်သည် (၀ါ) ယနေ့မြန်မာဟူ၍ပင် ခေါ်ဆိုရမည့် ဖြတ္တ ဒေသရှိ ရှေးဦးလူမျိုးစုများသည် အေ-ဒီ ၉၀၀-စုတွင် မြို့ပြနိုင်ငံရေးတည်ငြိမ်မှု မရရှိပဲ ဝါးအစည်းပြေသကဲ့သို့ ဖြစ်ခဲ့ကြရ၏။ သမိုင်းကွင်းဆက်များ ပျောက်ခဲ့ ရ၏။

http://www.dhammadownload.com



မည်မျှပင် သမိုင်းကွင်းဆက်များ ပျောက်ခဲ့သော် ငြားလည်း မြေပေါ် မြေအောက်ရနိုင်သမျှ အထောက်အထားများဖြင့်ပင် ဘုရားပွင့်တော်မူစကတည်းက ရရှိသော ထေရဝါဒနှင့် အတူ ယဉ်ကျေးသော လူမျိုးများ ဖြစ်ကြောင်းကိုကား ယုံမှားစရာမရှိပေ။

ပြဆိုခဲ့သည့်အတိုင်း အနော်ရထာ သာသနာပြု မင်းတရားကြီးလက်ထက် (အေ-ဒီ ၁၀၄၄-၁၀၇၇)တွင် စစ်မှန်သောထေရဝါဒသာသနာ တည်ထောင်လိုသည်မှာ အကြောင်းမဲ့မဟုတ်ချေ။ ရှေးဘိုးဘေးဘီဘင်တို့လက်ထက်က ဆင်းသက်လာသော ထေရဝါဒသာသနာတော်အကြောင်း ကောင်းစွာ ကြားသိပြီး ဖြစ်နေသောကြောင့်တည်း။

ပုပ္ပားစောရဟန်မင်းနှင့် အနော်ရထာ၏ခမည်းတော် ကွမ်းဆော်ခေါင်ကျောင်းဖြူမင်းများလက်ထက်ကပင် ထေရဝါဒ သာသနာတည်ထောင်ရန် ကြိုးစားခဲ့ကြဟန်တူလေသည်။ အဘယ့်ကြောင့်ဆိုသော်ပုပ္ပားစောရဟန်သည် တုရင်တောင်ထိပ်၌ သိမ်သမုတ်ခြင်း၊ ကွမ်းဆော်လုလင်သည် ငယ်စဉ်ကပင် အနုဿတိဆယ်ပါးကို နှလုံးသွင်း တတ်နေခြင်းများသည် ထေရဝါဒ သာသနာဝင်တို့၏ လုပ်ငန်းများ ဖြစ်နေသောကြောင့်တည်း။

တဖန်အနော်ရထာမင်းတရားကြီးလက်ထက်၌ ထေရဝါဒသာသနာ စတင်တည်ထောင်သည်နှင့်တပြိုင်နက် ရဟန္တာစာထောင်ရှိ၍ အနာဂါမ်စသောအရိယာတို့ကား အလွန်များပြားစွာရှိနေသည်ကိုထောက်လျှင် ထေရဝါဒသာသနာသည် မြန်မာပြည်တခွင်၌ အားကောင်းလျက်ပင် ရှိနေသည်မှာ ထင်ရှားလှပေ၏။ အနော်ရထာမင်းကြီးထံ သီဟိုဠ်နိုင်ငံမှ စစ်ရေးအကူအညီ၊ သာသနာရေး အကူအညီများပင်တောင်းခံ၍ နှစ်နိုင်ငံဆက်သွယ်မှု ပြုသည်မှာလည်း အနော်ရထာ အလျှင်က အစဉ်အလာရှိနိုင်ခဲ့ခြင်းနှင့် မြန်မာပြည်တခွင်၌ အနော်ရထာ အလျှင်ကပင် နိုင်ငံရေး၊ သာသနာရေး ခိုင်မာမှု ရှိနေခဲ့သည်ကို သိသာ ပေါ်လွင်စေလေသည်။

အနော်ရထာ့အလျှင်က မြန်မာတို့လက်ထဲမှာပင် ထေရဝါဒ သာသနာ အမြစ်ပြတ်ပြီဟု မဆိုနိုင်ချေ။

## ရှေးဦးမြန်မာ ပျူ- ထေရဝါဒသာသနာ

ဗြိတိသျှခေတ်သမိုင်းသုတေသနခေတ်မီ တိုးတက်လာသည်မှာ ငြင်းဖွယ်ရာမရှိ။ သို့ရာတွင် ရာဇဝင်ကြီးများ၌လာသော အဆိုအမိန့်များ၊ အထူးသဖြင့် သာသနာနှင့်စပ်သော အကြောင်းအရာများကို ယုတ္တိမရှိသော ဒဏ္ဍာရီများဟု

http://www.dhammadownload.com



ဆိုကာ လွယ်လွယ်ကလေးနှင့် ပယ်ဖျက်ပစ်ကြ၏။ ဘုန်းတော်ဘွဲ့ဟုလည်း ယူဆပစ်ကြ၏။ ရာဇဝင်ကြီးများကို နိဒါန်းကစ၍စေ့စေ့စပ်စပ်ဖတ်ရှုပါလျှင်ကျောက်စာ, သံပိုင်း, သမိုင်း, စာတမ်း အစောင်စောင်ကို ရှာဖွေနှိုင်းညှိ၍တာဝန်ရှိရှိ ရေးသားပြုစုခဲ့ကြသည်ကို တွေ့ရမည်ဖြစ်၏။

ရှေးမှတ်တမ်းရှိ၍ ရေးထားသော ရာဇဝင်ကို စိတ်ကူးယဉ် မှန်းဆချက်က ပယ်ဖျက်အစားထိုးလိုက်ရာ ထိုစိတ်ကူးယဉ်မှန်းဆချက်များကိုပင် အတည်ပြု၍ အခိုင်အမာ လုပ်နေကြလေသည်။

ကြာလာသောအခါတကယ့်ဖြစ်ရပ်မှန်များက ကွယ်ပျောက်၍ အထင်နှင့် ရမ်း၍ပြောသောစကားများက 'သုတေသနမျက်နှာဖုံး' စွပ်ကာ ရှေ့တန်း ရောက်လာကြ၏။ မြန်မာလူမျိုးသည်ပင် ၉-ရာစုခန့်ကနောက်မှ ရောက်လာသောလူမျိုး ဖြစ်လေဟန် 'မြန်မာအစတကောင်းက' ဟု တညီတညွတ်တည်း ဖော်ပြကြသော မြန်မာရာဇဝင်အားလုံးကိုပင် အောက်ခြေက ကိုင်၍ လှဲပစ်လိုက်ကြသည်။

## ပျူလည်းမြန်မာ၊ မြန်မာလည်းပျူ

မြန်မာတို့သည် သကျသာကီဝင် မင်းမျိုးများ ဖြစ်ကြောင်း မှန်နန်းရာဇဝင်မပေါ်မီ 'မင်းတရားရွှေထီးဧချင်း' စသော ဧချင်းဟောင်းများ၊ ရာဇဝင်သမိုင်းဟောင်းများနှင့် အထူးသဖြင့် သက္ကတဘာသာဖြင့် ကာသိတိုင်း သီရိ အမတဆရာရေး 'ပဗောဓ စန္ဒြောဒယ' မည်သော ဂေါတမပုရာဏ် ကျမ်းတို့၌ တညီတညွတ်တည်းပြဆိုခဲ့ကြ၏။ မြို့, ရွာ, မင်းအမည်မှစ၍ ဣန္ဒိယ ယဉ်ကျေးမှုအရ ပါဠိအမည်များချည်း မှည့်ခေါ်ခဲ့ကြသည်။ သို့သော်ဣန္ဒိယကမင်းများ လာရောက် အုပ်စိုးသည်ဟုကား မယူဆသင့်ချေ။

ပျူလူမျိုးတို့သည်လည်း တကောင်းခေတ်မတိုင်မီကပင် မင်းဆက်ပေါင်း ၁၃၉၃—ဆက်အထိ ရှိခဲ့လေပြီ။ တဂေါင်းနေပြည်တော်မှာပင် အဘိရာဇာမှစ၍ ပထမ, ဒုတိယမင်းဆက်-၅၀ အုပ်စိုးခဲ့ကြောင်း ရာဇဝင်ကြီးများ၌ အတည့်အလင်း ပြဆိုထားရာ တကောင်းသည်ပင် ခရစ်မပေါ်မီ အနှစ်ခြောက်ရာ၊ ဗုဒ္ဓလက်ထက် တော်က မြို့တော်ဖြစ်ကြောင်း ယူဆကြလေသည်။

**'ပြူလည်းမြန်မာ၊ မြန်မာလည်းပြူ၊ မြန်မာဟူသည်၊ ပြူသား ပြူမြေးများဖြစ်သည်'**

ကိုပယ်ဖျက်ရန် 'မြန်မာအစ ကျောက်ဆည်က' နှင့်အတူပြူကို ရ-ရစ်နှင့်ရေးရမည့် အစား ယ-ပင့်နှင့်ရေးရန် မျက်နှာဖြူ သမိုင်းဆရာတို့ပင် တီထွင်ခဲ့ကြ၏။

http://www.dhammadownload.com



'ပြုဟ္မဒေသ= ဗရ်ဟ်မ ဒေ့ရှ်=ဗရမာ=(မွန်အခေါ်) ပရှမ်း= (ကမ္ဘော ဒီးယားအခေါ်)ဗရှမ်း=ဗရမ်း၊ပြူ=ပြူဂါမ=ပုဂါမ=ပုဂံ' ဟူသော ဝေါဟာရ ပြောင်းလဲထုံး ရှုထောင့်အမြင်အားဖြင့်ဖြစ်စေ၊ 'ပြူစောထီး'ဟူသော ဝေါဟာရ ကဲ့သို့ ရခိုင်ရာဇဝင်၌ ရခိုင်မြောက်ပိုင်းကို အနော်ရထာမင်း စစ်ချီတိုက်ရာ 'ပြူ ကိုးသောင်းနှင့် ပြူမင်းလာသည်'ဟု လည်းကောင်း၊ မဟာဗောဓိ ကျောက်စာ (အေဒီ- ၁၂ရာစု)၌ လကျ်ာမင်းနန်က သူ့ကိုယ်သူ 'ပြူတသိန်းမင်း'ဟု လည်း ကောင်း ရေးသား သုံးစွဲနေခဲ့ကြသည်ကို ထောက်ဆ၍ဖြစ်စေ၊ ရာဇကုမာရ် ကျောက်စာရေးထိုးချိန် (မြန်မာ- ၄၇၅၊ အေဒီ- ၁၁၆၃ခန့်)အထိ တည်ရှိနေ ဆဲသော ပြူလူမျိုးများ အစုလိုက်အပြုံလိုက် ပျောက်ခြင်းမလှပျောက်ကွယ်သွား ပုံကို စဉ်းစားရာ၌ **'ပြူဟူသည် မြန်မာမင်းများပင်ဖြစ်သည်'** ဟု ယူဆခြင်းမှတပါး အခြားနည်းမဖြစ်နိုင်ဟူသော ယုတ္တိအရဖြစ်စေ၊မြန်မာမှတပါး သီးခြားပြူလူမျိုး ဟူ၍ မရှိနိုင်ချေ။ 'သီးခြားရှိပါသည်' ဆိုလျှင် ထုထည်ကြီးထွား၍ ယဉ်ကျေးမှု မြင့်မားသောပြူလူမျိုးများကို ရာစုနှစ်အနည်းငယ်မျှသောကာလအတွင်း ပိပိရိရိ လုပ်ကြံဖျောက်ကွယ်ပစ်ရန် မည်မျှရင့်ကျက်သော ရာဇဝင်ပညာရှင်ကမျှ တတ်နိုင် မည် မဟုတ်ချေ။ နောက်မှရောက်လာသော မြန်မာလူနည်းစုက ပြူလူမျိုးကြီး တမျိုးကို မျိုပစ်လိုက်သည်ဟု ယူရန်မှာ သာ၍ပင် ယုတ္တိမရှိချေ။

## ဟတ္ထိနပုရ တကောင်း သင်းတွဲပြည်သာသနာ

တကောင်းပြည်ကို မာကိုပိုလိုမှတ်တမ်းအရ တပ်ဂမာနေပြည် ခေါ်၍ ရာဇဝင်ကျောက်စာများ၌ သက်ဿရဋ္ဌ၊ ပဉ္စာလရာဇ်၊ ဟတ္ထိနပုရ၊ သင်းတွဲပြည် စသည်ဖြင့် သုံးနှုန်းသည်။

မဇ္ဈိမဒေသမှတဆင့် အာရိယန်လူမျိုးများ၊သာကီဝင်မင်းမျိုးများ ခေတ် အဆက်ဆက် လာရောက်ပူးပေါင်း၍ ပြည်တည် နေထိုင်ကြောင်း ရာဇဝင်တို့၌ များစွာလာရှိ၏။ ထေရဝါဒသာသနာလည်း စောစီးစွာကပင် ရောက်ရှိခဲ့ရပေ လိမ့်မည်။

အေဒီ ၄၂၀၊၄၈၁၊၆၁၀ ခုနှစ်များက ရေးထိုး၍ ပုဂံဂူဆိပ်ဘုရားမှရရှိ သော သက္ကဋ ကျောက်စာများအရ ဧရာဝတီမြစ်ကမ်း ဟတ္ထိနပုရ ပြည်ကြီးရှင် မဟာရာဇာဓိရာဇာဇေယျပါလက မဟာကဿပ ကျောင်းတော်ကြီးရှိ ရဟန်း တော်များနှင့် စေတီများအတွက် မြေရာနှင့် ငွေများလှူကြောင်းပါရှိရာ အခြား ဒေသများနည်းတူ နောက်ကာလ၌ မဟာယာနများကြီးစိုးသောဒေသဖြစ်သည်ကို

http://www.dhammadownload.com



တွေ့ရှိရ၏။ မင်းဆက်များလည်း ထိုကျောက်စာ၌ ရေးထိုး ပါရှိလေသည်။ တကောင်းကြံညှပ်မှ သက္ကဋဘာသာဖြင့် ရေးထိုးထားသော ဒင်္ဂါးများလည်း ရရှိခဲ့၏။

## ဂေါတမဗုဒ္ဓသည် မြန်မာလူမျိုး

တကောင်းကား ရှည်လျားလှပေ၏။ တစ္စန်းတစတွေ့ရှိမှုဖြင့် 'တကောင်းကား ဤသို့'ဟု တထစ်ချမပြောထိုက်ချေ။ မည်သို့ဆိုစေ 'မြန်မာအစ တကောင်းက' ဆိုသည်ကို မငြင်းသာသကဲ့သို့ ဗုဒ္ဓလက်ထက်တော်ကပင် တကောင်းပြည်၌ ထေရဝါဒ သာသနာ ထွန်းကားခဲ့သည် ဆိုသော အချက်ကိုလည်း မငြင်းနိုင်ပါချေ။

> ဝေသာလီမှ လိစ္ဆဝီများ၊ ဒေဝဒဟ, ကောလိယ, ကပိလဝတ် ပြည်တို့မှ ဂေါတမဗုဒ္ဓ၏ အမျိုးအနွယ်များ ဖြစ်သော သာကီဝင်များသည် ခတ္တိယအမည်ခံ၍ အာရိယန် ဘာသာစကား ပြောဆိုနေကြသော်လည်း တိဗက်-မြန်မာ စစ်စစ်များ ဖြစ်ကြောင်း နှင့် တကောင်း တဝိုက်သို့ ရောက်ရှိနေကြသော နောင် မြန်မာဟုခေါ်တွင်မည့် သူတို့နှင့် သကျသာကီဝင်တို့ မြို့ပြတည်ထောင်၍ ရောနှောဆက်ဆံနေနိုင်ကြသည်မှာ လူမျိုးရေး အခြေခံတူညီခြင်း၊ ယဉ်ကျေးမှု တူညီခြင်းကြောင့်သာဖြစ်ကြောင်း ဣန္ဒိယဘိုင်းသား ထင်ရှားသော သမိုင်း ပညာရှင်ကြီးများက အခိုင်အမာ ဆိုကြလေသည်။

**မြန်မာသည် သာကီဝင်မျိုးဖြစ်၍ သာကီဝင်တို့ ဟူသည့်လည်း မြန်မာမျိုးနွယ် ဖြစ်ကြောင်း ထင်ရှားလေသည်။**

(The Cultural Heritage of India, VOL. 1, P.88 အခြေပြု မြန်မာနိုင်ငံရေးသမိုင်း၌ အကျယ်ရှု။)

## မိဿနိုးပန်ထွာပြည် သာသနာ

ရာဇဝင်ကြီးများ၌ ရှေးဦးမြန်မာဖြစ်သော ပြူမင်းများ အကြောင်းကို မင်းဆက်အမည်သာမန်မျှနှင့် မှတ်သားဖွယ် အရိပ်အမြွက်မျှကိုသာ ဖော်ပြနိုင်ကြတော့၏။ ထိုဖော်ပြထားသလောက်ကိုပင် ဒဏ္ဍာရီဟုဆိုကာနုတ်ပယ်လိုက်ကြသည်။

http://www.dhammadownload.com



သရေခေတ္တရာ၊အထူးသဖြင့် ဗိဿနိုးမြို့ဟောင်းများကို တူးဖော်သောအခါ ဒက္ခာရီဟုဆိုကာ ပယ်ချထားသော ရာဇဝင်ကြီးများ၏ အဆိုအမိန့်များ လွန်စွာ အရေးပါကြောင်း သိရှိလာကြရ၏။ ၁၉၆၀-ပြည့်နှစ်က ဗိဿနိုး မြို့ဟောင်းကို တူးဖော်ကြသောအခါ ရာဇဝင်ကြီးလာ အရိပ်အမြွက် မှတ်တမ်းများသာမက ရာဇဝင်ထဲသို့ ရောက်မလာသော သမိုင်းဟောင်းများနှင့် ပစပ်ရာဇဝင်၊ အရပ် ရာဇဝင်တို့ပင်လျှင် အသက်ရှင်လာသည်ကို တွေ့မြင်ကြရလေသည်။ ကျွန်ုပ်တို့သည် မြန်မာတို့၏ ဘုန်းကံ၊ မြန်မာတို့၏ ဇာတိမာန်အတွက် တိုးတက်သည် ဆိုသော ခေတ်မီရာဇဝင်သုတေသနပြုချက်၊(ဝါ) လက်လွတ်စပယ် မှန်းဆချက်များထက် ရာဇ ၀င်ကြီးများရေးစဉ်ကနေရာမပေးနိုင်သဖြင့် ချန်ထားခဲ့ရသောလှည့်စားချက် မပါ၊ ရိုးသားသော ပေပုရပိုက်များကိုသာ ကြည့်လိုစိတ်များ ဖြစ်ပေါ်နေမိခဲ့၏။

## ဗိဿနိုးမြို့တော် သံဃသီရိဆရာတော်

မြန်မာတို့၏ ရှေးဟောင်းမြို့တော်များမှာ ဗိဿနိုး၊ ဟန်လင်းနှင့် သရေ ခေတ္တရာတို့ ဖြစ်ကုန်၏။

ဗိဿနိုးမြို့ကို တူးဖော်၍ ကာဗွန်ခာတ်ခွဲကြည့်သောအခါ လွန်ခဲ့သော အနှစ်-၂၀၀၀က မြို့တော်ဖြစ်ကြောင်း သိရှိကြရ၏။ ယင်း ဓာတ်ခွဲမှုလည်း မြို့ ပျက်မှ တွေ့ရှိရသောပစ္စည်းကို ဓာတ်ခွဲရခြင်းဖြစ်၍ စတင်တည်ထောင်သော အချိန် အခါသည် ထို့ထက်ပင် နှစ်များစွာ စောနိုင်ပေသေးသည်။

အထူးမှတ်သားထားရန်မှာ ရှေးဦးမြန်မာဖြစ်သော ပျူလူမျိုးတို့ စိုးစံခဲ့ရာ မြို့တော်ကြီးများတွင် ထေရဝါဒသာသနာ စတင်ခဲ့၍၊ ကြားကာလတွင် မဟာ ယာန အရောအနှော ရှိခဲ့သော်လည်း ထို ထေရဝါဒသာသနာသည် မြို့တော် ပျက်သည်အထိ ဆက်လက်တည်ရှိခဲ့ကြောင်း အထောက်အထားများ တွေ့ထား ကြလေပြီ။

ဦးစွာ ဗိဿနိုးမြို့ကိုတူးဖော်သောအခါ မြို့ပြအနေအထားမှာ သရေခေတ္တရာ နှင့် ခေတ်ပြိုင်ဟု အနည်းဆုံး ယူဆရသော အထောက်အထားများအပြင် ကျောင်း သခ်မ်းဟု ယူဆရ၍ အလွန်ဆန်းကြယ်သည့် အခန်းများ များစွာပါဝင်သော အုတ်တိုက်ကြီးများကို တွေ့ကြရ၏။ ဗိဿနိုးမြို့တော်၌ ဗုဒ္ဓဘာသာမှာ ဣန္ဒိယ တောင်ပိုင်း အန္ဓရဒေသမှလာသော (ဆင်းတုမကိုးကွယ်သော) ဗုဒ္ဓဘာသာဖြစ် ကြောင်း ခန့်မှန်းကြရ၏။

http://www.dhammadownload.com



အဘယ့်ကြောင့်ဆိုသော် ဣန္ဒိယတောင်ပိုင်း အရှင်မဟာ ဗုဒ္ဓဃောသ၏ ဇာတိနယ်မြေဟု ယူဆရသော အန္ဓရဒေသ အမရဝတီနှင့် နာဂဇ္ဇုနကောဏ္ဍ(နာဂရ်ဂျုနကွန်ဍ)မြို့၌ တူးဖော်တွေ့ရှိသော ဝိဟာရများ၊ ထူပ(စေတီ)များနှင့် လုံးဝ နီးပါး တူနေသောကြောင့် ဖြစ်၏။

အထူးသဖြင့်အဆောက်အအုံ(၂)မှာအရှေ့ဘက်၌ဆင်ဝင်(ဆယ်ပေခွဲ,ဆယ်ပေ)၊ အနောက်ဘက်ခြမ်း၌ အခန်းငယ် ရှစ်ခန်း (ဆယ်ပေ,ကိုးပေခွဲ)၊ တိုက် အရှေ့ဘက်ခြမ်း၌ အခန်းရှည်ကြီး (၇၉-ပေခွဲ,ရှစ်ပေ ကိုးလက်မ) များဖြင့် ဆောက်လုပ်ထားသော ကျောင်းဆောင်ကြီး ဖြစ်၏။ စင်္ကြံ လမ်းရှည်ကြီးများ လည်း ပါဝင်၏။

အဲ့ဖွယ်ကောင်းသည်မှာ ကျောင်းထိုင်ဆရာတော်၏ ဘွဲ့တော်ဟု ယူဆရ သော 'သံဃသိရိ' စာတန်းပါ ရွှံ့တုံး၌ခတ်နှိပ်ထားသည့် တံဆိပ်တခုကိုလည်း တွေ့ရှိရလေသည်။ ၂-ရာစုဟု ခန့်မှန်းကြ၏။

အမှတ်(၃) အဆောက်အအုံကြီးမှာ စက်ဝိုင်းသဏ္ဌာန် ဆောက်ထား၏။ ဇဟိုချက်မ အဆောက်အအုံကို ကာရံလှည့်ပတ်ထားသော အတွင်းတံတိုင်းစက်ဝန်း မှာအချင်း ၁၀၇-ပေ၊ အပြင်တံတိုင်းစက်ဝန်း ၁၄၀-ပေ၊လေးမျက်နှာ၌ ၅-ပေခန့် ကျယ်သော လှေကားတစုံစီ တပ်ဆင်ထားလေသည်။ (မြောက်ဘက်လှေကား မရှိ တော့ပြီ။)

၁—ရာစုမှ ၅-ရာစုအတွင်း သာသနာ စည်ပင်ထွန်းကားခဲ့သော ပျူမြို့ တော်ကြီးတခုအဖြစ် တွေ့မြင်ကြရလေပြီ။ နိုင်ငံတော်အစိုးရ ရှေးဟောင်းသုတေ သနဌာန၏ ကျေးဇူးပင်။

ဗိဿနိုးနှင့်တကွ ပျူနိုင်ငံတို့၌ ထေရဝါဒ ရဟန်းတော်များ ထောင်ပေါင်း များစွာ ရှိခဲ့သည်ဟု ပြောဆိုကြသော မျက်မှောက်ခေတ် သမိုင်းပညာရှင်တို့၏ အဆိုအမိန့်များမှာ လွန်စွာ ယုတ္တိတန်လှပါပေသည်။

[ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန် ဦးအောင်သော် ရေး 'Excavations at Beikthano (1968)' နှင့် ၎င်းရေး တက္ကသိုလ်ပညာ ပဒေသာ စာစောင်၊ တွဲ-၁၊ ပိုင်း-၂၊ ၁၉၆၆-မှ အထောက်အထား ရပါသည်။]

ဗိဿနိုးမြို့ကို ပိဿတိုးခေါ် ပန်တွာမင်းသမီးက အုပ်စိုး၍ ဒွတ္တပေါင်မင်းကြီးက တိုက်ခိုက်သိမ်းပိုက်ကြောင်း ရာဇဝင်သမိုင်းဟောင်းများ၌ ပြဆိုကြသည်။ ပိဿတိုးမိဖုရား၏သားတော် အရှင်စန္ဒသာဂရာစ်သည် အရိယာတပည့်သား တယောင်အခြံအရံဖြင့် သရေခေတ္တရာ၌ စံနေတော်မူကြောင်း ပြခဲ့ပြီ။

http://www.dhammadownload.com



## သရေခေတ္တရာ ရသေ့ပြည် သာသနာ

သရေခေတ္တရာ ထေရဝါဒ သာသနာအကြောင်း ရှေ့၌ပြခဲ့ပြီ။ တူးဖော်ရရှိ၍ မငြင်းဆန်သာသော အထောက်အထားများအရ အနည်းငယ် ပြဆိုဦးအံ့။

သရေခေတ္တရာ(ရသေ့ပြည်)ကို မှန်နန်းရာဇဝင်အရ ခရစ်မပေါ်မီ ၄၄၃-ခုနှစ်က တည်ကြောင်းပါရှိ၏။ တရုတ်စသော ခရီးသည် မှတ်တမ်းများအရလည်း ကြီးကျယ်ခမ်းနားသော ဗုဒ္ဓနိုင်ငံတော်ကြီး ဖြစ်ကြောင်း ပြဆိုကြသည်။ ဘောဘောကြီး စေတီစသော လက်ရှိမျက်မြင် သာသနိက အဆောက်အအုံကြီးများ၊ ၁၉၁၁-၁၂၊ ၁၉၂၆-၂၇- ခုနှစ်များက တူးဖော်ရရှိသော ရွှေပေလွှာ၊ ငွေပေလွှာနှင့် ငွေသားရုပ်ကြွ ဆင်းတုတော်များကို ကြည့်ခြင်းအားဖြင့် ခရစ်နှစ်အစ လွန်ခဲ့သော အနှစ်- ၂၀၀၀ ခန့်ကပင် ထေရဝါဒသာသနာ ထွန်းကားနေပြီ ဖြစ်ကြောင်း အလွယ်ဖြင့် ခန့်မှန်းနိုင်၏။

ရွှေပေလွှာများ၌ ပရိတ်ကြီးများ၊ အဘိဓမ္မာ၊ ပဋိစ္စသမုပ္ပါဒ်၊ ပဋ္ဌာန်းပါဠိတော်များကို တွေ့ရှိရပေရာ 'ယေဓမ္မာ ဟေတုပ္ပဘဝါ'အဘိဓမ္မာသဘောများကို လက်ခံနိုင်၍ ဝဋ္ဋပရိတ်စသော ပရိတ်ကြီးများကို ယုံကြည်နေသော လူမျိုးများ ဖြစ်ကြောင်း တွေ့ရှိရပေရာ ထေရဝါဒသာသနာပင် မည်မျှ ရင့်ကျက်နေပြီ ဖြစ်ကြောင်း ကောင်းစွာ သိမြင်နိုင်၏။

[ဗြိတိသျှသမိုင်းဆရာတို့ကမူ အေဒီ ၄-ရာစုမှ ၇-ရာစုခေတ်ဟုပင် သက္ကရာဇ်ကိုဆွဲ၍ ခန့်မှန်းခဲ့ကြလေသည်။ သရေခေတ္တရာအကြောင်း သိရိပုံချီ ဦးမြရေး'ရှေးဟောင်းအုတ်ခွက် ရုပ်ပွားဆင်းတုတော်များ' ဒု-တွဲ၌လည်း ကြည့်ပါ။]

ရှေးဦး မြန်မာ (ပျူ)တို့၏ သက္ကရာဇ်ရေတွက်ပုံကို ကြည့်ခြင်းအားဖြင့် သာသနာနှင့် တသားတည်း ရပ်တည်လာသူများ ဖြစ်ကြောင်း ထင်ရှားလေသည်။ အေဒီ ၇၈-ခုနှစ်က အိန္ဒိယတွင် စတင်သုံးစွဲသော သက္ကမင်းဆက်(ကနိသျှကမင်း)၏ သက္ကရာဇ်စနစ်ကိုပင် ပျူတို့ လက်ခံ သုံးစွဲကြသည်။

မှန်နန်းရာဇဝင်၌ ပျူတို့ ကိုယ်ပိုင် သက္ကရာဇ်ကို အေဒီ ၇၈-ခုနှစ်၌ စတင်အသုံးပြုကြောင်း တိုက်ရိုက် ဖော်ပြထားသည်။

သုံးစွဲသော သက္ကရာဇ်များကလည်း မြန်မာတို့၏ ဘဝသနစ် အမှန်ကို တနည်းတဖုံအားဖြင့် ထွက်ဆိုလျက် ရှိပေသည်။

## သက္ကရာဇ်က ပြောသော မြန်မာ့ သမိုင်း

ယင်း သက္ကမင်း၏ နှစ်(သက္ကရာဇ်)ကိုပင် ယနေ့တိုင် အိန္ဒိယ၊ အင်ဒိုချိုင်းနား၊ အင်ဒိုနီးရှားနှင့် မြန်မာတို့ ဆက်လက် သုံးစွဲ လာကြလေသည်။ ယင်း

http://www.dhammadownload.com



သက္ကရာဇ်က သာသနာတော်နှစ် (ပရိနိဗ္ဗာန်စံသည့်နှစ်က စတင်ကာ အသောက မင်းကြီးကို အကြောင်းပြု၍ သုံးစွဲသောနှစ်)ကို အိန္ဒိယနှင့် အင်ဒိုချိုင်းနားတို့၌ ဖယ်ရှားအစားထိုးလိုက်သည်။မြန်မာတို့ ယခု သုံးစွဲနေသော သက္ကရာဇ်(ကောဇာ) မှာ ယင်း သက္ကရာဇ်နှစ်ပင် ဖြစ်သော်လည်း သရေခေတ္တရာပြည် သုမုန္ဒရီမင်း လက်ထက်က သာသနာနှစ် - ၆၂၄ရှိသောအခါ ၂-ခုချန်၍ သက္ကရာဇ်ဖြိုဖျက် ပြီးလျှင် ၂-ကစ၍ အသစ်အရေတွက်ခြင်း၊ တဖန် ပုဂံပြည် ပုပ္ပား စောရဟန်းမင်း လက်ထက် ၅၆၂-ရှိလာပြန်သောအခါ ၂-ခုကြွင်းပြု၍ ဖြိုဖျက်ပြန်ခြင်းတို့ကြောင့် အရေအတွက် နည်းနေခြင်းဖြစ်၏။ ဆိုလိုသည်မှာ ယခု သုံးစွဲသော သက္ကရာဇ်မှာ ပုပ္ပားစောရဟန်တိုင်အောင် ၂-ကြိမ်ဖြိုဖျက်ပြီးမှ ဆက်လက် သုံးစွဲလာသော သက္ကရာဇ်ဖြစ်သည်။ ထို့ကြောင့် ကောဇာက သာသနာတော်နှစ်ကို မှီအောင်—

'ဒွေအဋ္ဌနှင့်၊ ကေကော၊ နှောတုံပါက၊ သာသနာနှစ်၊ အမှန်ဖြစ်၏'ဟု ၁၁၈၂-ခု၊ ကိန်းရော၍ ရေတွက်ရလေသည်။

(၁၁၈၂-သည် နှစ်ကြိမ် ဖြိုဖျက်ခဲ့သော ကိန်းဟုဆိုလိုသည်။ ခရစ်နှစ်မှာ ခရစ်တော်မွေးသည်ကစ၍ရေတွက်သည်။ သာသနာမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံ နှစ်ကစ၍ ရေတွက်သည်။)

တဖန် တကောင်း၌ သကျသာကီဝင်တို့ လာရောက်နေထိုင်ပုံအကြောင်း၊ တကောင်းနှင့် တဆက်တည်းပင် သာကီဝင် ကုံရာဇာကြီး မြို့ပြတည်ထောင်သော ရခိုင်ဘက်တွင်ကား ဇွန္ဒိယ, မြန်မာတို့ကဲ့သို့ သာသနာနှစ်ကို မသုံးပဲ ဘိုးတော် အဥ္စနမင်းကြီး၏ အဥ္စနနှစ်ကို ၁၃၃၂-ခုနှစ် (အေဒီ-၆၄၀)အထိ ဆက်လက် သုံးစွဲနေခဲ့ကြသည်။

သာကီဝင် အဥ္စနနှစ်၊ ထေရဝါဒ အသောကမင်း သာသနာနှစ်၊ မဟာ ယာန ကနိသျှက သက္ကနှစ်များကို ပြောင်းလဲသုံးစွဲခဲ့ခြင်းအားဖြင့် မူလဗီဇသာကီ ဝင်များအဖြစ်ကို ညွှန်ပြသည့်အပြင် ထေရဝါဒ, မဟာယာန အပြိုင်အဆိုင်နေရာ ယူပုံကိုလည်း သိမြင်နိုင်လေသည်။ ကနိသျှကမင်းသည် သာသနာ-၆၅၀ခန့်က မဟာယာန သာသနဒါယကာအဖြစ် ခံယူ၍ သဗ္ဗတ္ထိဂိုဏ်း သံဂါယနာ တင်စေ ခဲ့သည်။

တဖန် သရေခေတ္တရာမှ တူးဖော်ရရှိသော အရိုးအိုးများတွင် ပထမ မင်း ဆက်ကို ဆက်ခံသော ပိကြမမင်းဆက် တဆက်ကိုလည်း တွေ့ရ၏။ ပျူသက္ကရာဇ် များလည်း ပါရှိ၍ မဇ္ဈိမဒေသ (ဇွန္ဒိယ)ဘွဲ့မည်ကို ခံယူထားသော ပျူမင်းများ ဖြစ်ကြသည်။

http://www.dhammadownload.com



သူရိယဝိက္ကမ ၅၀-ခုနှစ်(အေဒီ-၁၂၈)တွင် လွန်သည်။
ဟရိဝိက္ကမ ၅၇-ခုနှစ်(အေဒီ-၁၃၅)တွင် လွန်သည်။
သီဟဝိက္ကမ ၈၀-ခုနှစ်(အေဒီ-၁၅၈)တွင် လွန်သည်။
ဤသို့ နှစ်, လ, ရက်၊ အသက်များပါ အတိအကျ ရေးထိုးထားလေသည်။

ဤမျှ တိတိကျကျ ခုလ၊ရက်နှင့် ဖော်ပြထားသော ပျူသက္ကရာဇ်များကိုလည်း ဗြိတိသျှသမိုင်းဆရာတို့က 'လက်ရှိ သုံးစွဲနေသော ကောဇာသက္ကရာဇ်' ဟု ဆိုကာ နှစ်ပေါင်း- ၅၆၀ လျှော့ချ၍ 'သူရိယဝိက္ကမ အေဒီ-၆၈၈' စသည်ဖြင့် (၉-ရာစု မြန်မာနှင့်လိုက်လျောအောင်)သက္ကရာဇ်များကို ငယ်၍ပေးကြလေသည်။ အရိုးအိုးပါ ပျူမင်းများကိုယ်နှိုက်က ဣန္ဒိယမင်းဘွဲ့အမည်ကိုပင် ခံထားသူများဖြစ်ရာ မူလ သက္ကနှစ်များ ဖြစ်ရမည်မှာ သေချာလှပေသည်။

မည်သို့ဖြစ်စေ ဤသက္ကရာဇ်သုံးစွဲပုံကို ကြည့်ခြင်းအားဖြင့်လည်း ပျူ မြို့တော်ကြီးများ၏ သက်တမ်း၊ ပျူသည်ပင် မြန်မာ၊ ဗုဒ္ဓမပွင့်မီကပင် မြို့ပြ တည်ထောင်၍ ဗုဒ္ဓသာသနာ စတင်သည်နှင့် တပြိုင်နက် လက်ခံကျင့်သုံးခဲ့သော လူမျိုး စသည်ဖြင့် ရှေးဦးမြန်မာ သာသနာနှင့် လူမျိုးသမိုင်းဆိုင်ရာ ပြဿနာပေါင်း များစွာကို ဖြေရှင်းပြီး ဖြစ်သွားနိုင်လေသည်။

သရေခေတ္တရာ၌ တကောင်းမင်းရိုး မဟာသမ္ဘဝမှ သုပညာ နဂရ ဆိန္နမင်းအထိ ၂၇-ဆက်မျှသော ရာဇဝင်များ၌ ပြဆိုထားသော်လည်း 'ဝရ်မာန်' မင်းဆက်၊ 'ဝိက္ကမ' မင်းဆက်များ ရှိကြောင်းလည်း အရိုးအိုးစာများအရ တွေ့ရှိရ၏။

ခရစ်နှစ် အစောပိုင်းမှ အေဒီ - ၁၀ ရာစုခန့်အထိ ကြီးကျယ်ခမ်းနား၊ သာသနာထွန်းကား၍ ဗုဒ္ဓဘာသာ ဓမ္မသတ်ဥပဒေများဖြင့်ပင် တိုင်းပြည်အုပ်ချုပ်ခဲ့သော ဗုဒ္ဓနိုင်ငံတော်ကြီးဖြစ်ကြောင်း ထင်ရှားလှပေသည်။

> ဂေါတမ ဗုဒ္ဓသည်ပင်လျှင် မြန်မာလူမျိုး (တိဗက်တို ဗားမင်း) ဖြစ်ကြောင်း ဣန္ဒိယသမိုင်း ပညာကျော်တို့ ကိုယ်တိုင် အခိုင်အမာ ထုတ်ဖော် နေကြသည်ကိုလည်း မမေ့သင့်ချေ။ ထို့ကြောင့် မြန်မာနှင့် သာသနာသည် ခွဲ၍မရ။

## လွှမ်းဝေရှာ ဟန်လင်းပြည် သာသနာ

ဗိဿနိုး၊သရေခေတ္တရာနှင့်ဟန်လင်းပျူတို့သည် ပုဂံနေပြည်တော်မရောက်မီ တပြည်နှင့်တပြည် မရှေးမနှောင်း တည်ရှိခဲ့ကြသော ရှေးဦးမြန်မာ ပျူနိုင်ငံတော်

http://www.dhammadownload.com



ကြီးများ ဖြစ်ကြ၏။ ဗိဿနိုး၅-ရာစုအထိ၊ ဟန်လင်း ၉-စုအထိ၊ သရေခေတ္တရာ ၁၀-ရာစုထိ တည်ရှိခဲ့ကြကြောင်း သာမန်အားဖြင့် လက်ခံထားကြလေသည်။

ရာဇဝင်များ၌ ဟန်လင်းအကြောင်း ဖော်ပြခြင်း မရှိသော်လည်း မြေအောက် တူးဖော်လေ့လာမှုအရ ဗုဒ္ဓဘာသာ ထွန်းကားကြောင်း အထောက်အထားများ တွေ့ရှိကြရ၏။ ထေရဝါဒ ဗုဒ္ဓဘာသာအပြင် ဟိန္ဒူနှင့် မဟာယာနတို့လည်း နောက်ပိုင်းတွင် ရောက်ရှိရောနှောနေပုံရသည်။

ဘိုးတော်လက်ထက် သက္ကရာဇ် ၁၁၄၃-၈၁-ခုနှစ် ဟန်လင်းရွာစားစည်သူကျော်ထင်ဘွဲ့ခံ သာချင်းဆရာ ဦးအောင်ဖြိုး ရေးသားသော 'ဟန်လင်းသမိုင်းလင်္ကာ'အရ မဇ္ဈိမတိုင်းမှ မဟာသမ္မတ၏သားတော် 'ကရဘော်'မင်းသားက စတင်တည်ထောင်၍ မင်းဆက်ပေါင်း- ၇၉၉ ပါး စိုးစံခဲ့ပြီး ပြူစောထီးမင်းလက်ထက်တွင် ပြာပူမိုးရွာ၍ ထီးနန်းပျက်သုဉ်းခဲ့ရသည်ဟု ဆိုလေသည်။

ရတနာပုံနေပြည်တော် သတင်းစာ အယ်ဒီတာ ဘိုးဝဇီရ၏ ၂၇-ပိုဒ်ရှိ 'စက်တော်ရာမော်ကွန်းလင်္ကာ'အရ ဟန်လင်းနေပြည်တော် စိတ္တရာဇာ၊ ဒိဗ္ဗရာဇာ ညီနောင်မင်းနှစ်ပါး လက်ထက်က ရဟန္တာသာမဏေကျော်တပါး ထွန်းကားခဲ့သည်။ (ယင်းအကြောင်း 'ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ' စာအုပ်၌ ဖော်ပြခဲ့ပြီ။)

နိုင်ငံခြားမှတ်တမ်းများအရ အေဒီ၊၈၃၂-ခုနှစ်တွင် နန်းစောလူမျိုးများ တိုက်ခိုက်၍ မြို့တော်ပျက်စီးခဲ့ရသည်ဟု ဆိုလေသည်။ ခေတ်ပြိုင် ပါရှအထောက်အထား၊ မြောက် အာဖဂန်နစ္စတန် အထောက်အထားများအရ ပျူနိုင်ငံ၏ အကျယ်အဝန်းမှာ အရှေ့ကမ္ဘောဇ၊တောင် ပင်လယ်၊ အရှေ့တောင် ဒွာရာဝတီ (ယိုးဒယား)၊ အနောက် ဂ္ဂနိယ၊ မြောက် နန်းစောပြည်ဖြစ်၍ လက်အောက်ခံပြည်ထောင် ၁၈-ပြည်ထောင်ရှိ၏။ ဖလမ်းဗင်း၊ဂျာဗား ၊သာဝတ္ထိ၊စံပါတို့ကိုပင် ပျူနိုင်ငံဝင် တောင်ဘက်ဒေသများအဖြစ် ဖော်ပြထားသည်။ ခံတပ်မြို့ပေါင်း ၉-မြို့၊ တိုင်းရင်းသားလူမျိုးစုပေါင်း ၂၉၈-မျိုး ပါဝင်သည်ဟု ဆိုလေသည်။

## တရုတ်တို့ပြောသော ပျူယဉ်ကျေးမှုနိုင်ငံကြီး

အေဒီ-၃၀၀ စု တရုတ်မှတ်တမ်းများ၌ မြန်မာနိုင်ငံအလယ်ပိုင်းဟု ယူဆရသောဒေသတွင် ဗုဒ္ဓသာသနာထွန်းကားသော 'လင်ယန်ပြည်'ရှိကြောင်းဖော်ပြထား၏။လင်ယန်ပြည်ဆိုသည်မှာ ဟန်လင်းပင်ဖြစ်သည်ဟု အများယူဆကြသည်။ တရုတ်ဘုရားဖူး ဆွန်ဆန် (အေဒီ- ၆၄၈)နှင့် ဂူဆင်(၆၇၅-ခန့်) တို့ကလည်း ပျူနိုင်ငံ(သရေခေတ္တရာ)ကို ဗုဒ္ဓသာသနာထွန်းကားသော နိုင်ငံအဖြစ် မှတ်တမ်းတင်ကြလေသည်။

http://www.dhammadownload.com



ခရစ် ၇၀၀-ပြည့်နှစ်တွင်ပျူနိုင်ငံတော်မှ ၃၅-ဦး ပါဝင်သောဆိုကဒ်တီး အနုပညာအဖွဲ့တဖွဲ့ တရုတ်ပြည်ဘုရင်မင်းမြတ်ထံ ညွှတ်ခံဖျော်ဖြေကြရာ တရုတ် အနုပညာရှင်တို့ပင် မနာလိုစိတ် ဖြစ်လောက်အောင် ပြောင်မြောက် ထူးချွန်ကြ သည်ဟု ဆိုလေသည်။ ပျူအနုပညာသည်တို့ သီဆိုသော သီချင်းမှာ ၁၂-ပုဒ်ရှိ၍ ဗုဒ္ဓဘာသာနှင့်စပ်သော အကြောင်းများကို စပ်ဆိုထားကာ 'အင်ကြင်းတော၊ ချာန်၏ငြိမ်းအေးမှု၊ ဥဒေါင်းမင်း' စသော ဘာသာရေးအထိမ်းအမှတ် အမည်များ ဖြင့် သီချင်းခေါင်းစဉ် တပ်ထားသည်ဟုလည်းဆို၏။ အသံ ၈-မျိုးထွက်အောင် တီးမှုတ်နိုင်၍ တူရိယာ အမျိုးအစား ၂၂-မျိုးပါသည်ဟု တရုတ်မှတ်တမ်းအရ သိရှိရသည်။

တရုတ်ထန်ရာဇဝင်သစ်၌ ပျူလူမျိုးတို့ယဉ်ကျေးဖွယ်ရာ၍ ခမ်းနားသော နိုင်ငံတော်ကြီးတခု ဖြစ်ကြောင်းများကိုလည်း မှတ်တမ်းတင်ထားကြ၏။ ထိုမှတ် တမ်းကား အေဒီ- ၇၀၀စု အလွန်ကာလဖြစ်၍ ပျူခေတ်ကုန်ဆုံးခါနီး ပုဂံနေပြည် တော် ရွှေပြေးခေတ်ဟု ဆိုရပေမည်။ (ပုဂံမြို့ကို မြန်မာရာဇဝင်တို့က အေဒီ- ၈၄၉-ခုနှစ် ပျဉ်ပြားမင်းတည်ကြောင်းပြဆိုသည်။) ထန်ရာဇဝင်လာ ပျူနိုင်ငံ တော်အကြောင်းများမှ ဗုဒ္ဓဘာသာနှင့် စပ်သော အချက်အလက် ကောက်နုတ် ချက်အချို့မှာ ဤသို့ဖြစ်၏။

"ပျူနိုင်ငံတော်တွင် တံခါး ၁၂-ပေါက်ရှိသည်။ ထောင့်- ၄ ထောင့်၌ စေတီများရှိ၏။ မြို့တော်တံတိုင်းကြီးကို စဉ့်အုတ်တို့ဖြင့် စီထားရာ အချင်းလီ- ၁၆၀ (တနေ့ခရီး) ရှိ၏။ လူတို့ တံတိုင်း အတွင်း၌ နေထိုင်ကြရာ အိမ်ခြေပေါင်း သောင်းပေါင်း များစွာ ရှိ၏။ အမိုးများကို ခဲပြား၊ သံဖြူပြားဖြင့် မိုးထားသည်။

"ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းပေါင်း တရာကျော်၏။ တောက်ပသော နီဝါဆေးများ ခြယ်လှယ်ထား၍ ကော်ဇောများ အပြည့်ခင်းထားသည်။ လူများ တယောက်နှင့် တယောက် လက် မောင်းကိုဆုပ်ကိုင်၍ နှုတ်ဆက်လေ့ ရှိကြ၏။ ဦးခေါင်း ညွှတ်၍ အရိုအသေ ပြုကြသည်။ နက္ခတ်တာရာ အတတ်ပညာတွင် လွန်စွာ ကျွမ်းကျင်၍ ဗုဒ္ဓတရားတော်ကို ကြည်ညိုလေးစားကြသည်။

"အသက် ၇-နှစ်ပြည့်လျှင် ယောကျ်ားကလေးများရော မိန်း ကလေးများပါ ဘုန်းတော်ကြီးကျောင်း၌ ပညာသင် ကြရသည်။ ခေါင်းရိတ်ရ၏။ အသက်- ၂၀ ကျော်၍မှ တရား မပြည့်နိုင်သော် ဆံပင်ရှည်ထား၍ အိမ်မှာနေရသည်။ အသက်သတ်မှု ရှောင်ကြဉ်

http://www.dhammadownload.com



ကြသည်။ ပိုးချည်အဝတ်ကိုပင် မဝတ်ကြ။ ရွှေ၊ ငွေဒင်္ဂါး သွန်းလုပ်သုံးစွဲ၏။ ဒင်္ဂါး၌ လခြမ်းပုံ ပါသည်။

"ဘုရင့်နန်းတော်တွင် ရွှေ၊ ငွေ ခေါင်းလောင်းနှစ်လုံး ထားရှိသည်။ (နန်းတော်မုခ်ဝနှင့် မျက်နှာချင်း ဆိုင်နေရာတွင်) ပေတရာ ညာဏ်တော်အမြင့်ရှိသော ကျောက်သားဆင်းတု အဖြူကြီး တဆူရှိ၏။ တရားတပေါင်ဖြစ်သော အမှုသည်တို့သည် ဆင်းတုတော်ကြီးရှေ့၌ ပုဆစ်တုပ် ဒူးချဝတ်ပြု၍ မိမိတို့ အမှားအမှန်ကို ဆင်ခြင်ပြီးမှ လိုရာသို့ သွားကြသည်။ လူ့ခြေသလုံးနီးပါး ကြံပင်ကြီးများလည်း ရှိကြ၏။

"ပျားဖယောင်းနှင့် အမွှေးနံ့သာရော၍ မီးထွန်းသည်။ အိမ်ထောင်သည် မိန်းမတို့သည် ဆံပင်ကိုထုံးခွေ၍ ငွေနှင့် ပုလဲသွယ် အဆင်တန်ဆာများကို ဆင်မြန်းကြ၏။ အပြာရောင် လျှော်ထဘီများကို ဝတ်ဆင်ကြသည်။ ပဝါပါးပါးကို လွှမ်းခြုံကြ၏။ လမ်းလျှောက်ထွက်လျှင် ယပ်တောင်ကိုင်သည်။ အထက်တန်းကျသူများ၌ ယပ်တောင်ကိုင် အခြံအရံ အစေအပါး ၅-ယောက်၊ ၆-ယောက်ဘေးမှ လိုက်ပါလာကြသည်။"

## ကြင်နာရက်ရော၍ ကျေးဇူးသိသော ပျူလူမျိုးများ

ဗိဿနိုးနှင့်ဟန်လင်းကို ၁၉၀၅-ခုနှစ်က စမ်းသပ်ရုံမျှသာ စမ်းသပ်နိုင်ခဲ့ကြ၍ ၁၉၅၈-၅၉မှ ၁၉၆၂-၃ အထိ ဗိဿနိုး၌ ၆-ကြိမ်၊ ၁၉၆၃-မှ ၁၉၆၆ ထိ ဟန်လင်း၌ ၅-ကြိမ် ရှေးဟောင်းသုတေသနဌာနက တူးဖော်မှုလုပ်ငန်းများ အပတ်တကုတ် ကြိုးစားလုပ်ဆောင်ခဲ့ကြသည်။

ပျူဒင်္ဂါး၊ဖန်ထည်စသော လူမှုရေးသမိုင်းအထောက်အထားများနှင့်အတူ သက္ကဋ္ဌ ကျောက်စာကြီးတချပ်နှင့် ဗုဒ္ဓရုပ်ပွားတော် စသော သာသနာရေးသမိုင်း အထောက်အထားများကိုလည်း ထုတ်ဖော်နိုင်ခဲ့ကြ၏။ ဟန်လင်း၌ အမှတ် (၉) အဆောက်အအုံကြီးမှာ ပေ-၁၂၀ ရှည်လျား၍ သစ်သားတိုင်ပေါင်း-၈၀ ကျော်ဖြင့် ဆောက်လုပ်ခဲ့သော ခန်းမကြီးတခုဖြစ်ကြောင်း အံ့သြဖွယ် တွေ့မြင်ကြရ၏။

အနည်းဆုံး ခရစ် ၂-ရာစုမှ ၉-ရာစုအတွင်း သာသနာထွန်းကား၍ လူမှုရေး ယဉ်ကျေးမှု မြင့်မားသောနိုင်ငံတခုအဖြစ် ရှေးဟောင်း သုတေသန ပညာရှင်တို့က သက်သေ ပြလိုက်ခြင်းပင် ဖြစ်၏။

http://www.dhammadownload.com



ခရစ် ၅-ရာစုခန့်ဟု ခန့်မှန်းရသော 'ဒယာဒါနံ'စာတန်းပါ ခတ်နှိပ်ရန် ဖောင်းကြွ သေသပ်သော တံဆိပ်တုံး တခုကိုလည်း တွေ့ရှိခဲ့ကြ၏။ ကမ္ဗောဒီးယား တောင်ပိုင်း 'အောဒ့အီးယို' မြို့ဟောင်း၌ တွေ့ရသော တံဆိပ်တုံးနှင့် တထပ်တည်း တူညီလျက်ရှိသဖြင့် ပျူတို့၏ ပြည်ပ ဆက်ဆံရေးကို ဖော်ပြနေ၏။ ဒယာဒါနံ ဆိုသည်မှာ 'သနားသဖြင့် ပေးကမ်းလှူဒါန်းပါ'ဟု အဓိပ္ပာယ်ရသဖြင့် ဗုဒ္ဓဝါဒ အသိအမြင်ဖြင့် ရပ်တည်ခဲ့သော ပျူ-မြန်မာတို့၏ နှလုံးသားကိုလည်း မြင်သာ လှပေသည်။

အိုးခြမ်းပဲ့တခုတွင် ဖောင်းကြွ ခတ်နှိပ်ထားသော ပျူစာတန်းတခုမှာ လည်း ရှေးဦး ပျူမြန်မာတို့၏ အနုပညာလက်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေး မှုကို ပေါ်လွင် စေလေသည်။ စာတမ်းမှာ ရ ရ
ဖြစ်၍ ပါဠိလို 'ကတညုတ ကတဝေဒီ'နှင့် က ဇ ဇ ယ
အဓိပ္ပာယ် တူလေသည်။ (မြစေတီကျောက် ည ည
စာ စသည်၌ လာသော 'ကြွည္ဍာ, ကြေည္ဍူ' ဝေါဟာရများနှင့် အဓိပ္ပာယ်လုံးဝ တူလေသည်။) မြန်မာလို 'ကျေးဇူးသိသူဖြစ်ပါစေ၊ သို့မဟုတ် ကျေးဇူးတင်ပါ သည်'ဟု အဓိပ္ပာယ် ဖော်ဆောင်ပေနိုင်သည်။ တွေးတိုင်း လေးနက်လှသော အိုးခြမ်းပဲ့ကလေးပါပေ။

(တက္ကသိုလ်ပညာပဒေသာ စာစောင်၊ တွဲ-၃၊ ပိုင်း-၃၊ ၁၉၆၈၊ ဦးမြင့် အောင် 'သုတေသနဝန်ထောက်'ရေး 'ဟန်လင်းမြို့ဟောင်း'နှင့် ယင်း တွဲ-၅၊ ပိုင်း-၃၊ ၁၉၇၀၊ ဦးစိန်မောင်ဦး 'သုတေသန အရာရှိ'ရေး 'မြန်မာ နိုင်ငံရှိ ရှေးဟောင်းကမ္ပည်းတံဆိပ်အချို့'ကို အထောက်အထား ပြုပါသည်။)

ထေရဝါဒ ဗုဒ္ဓသာသနာတော်၏ လမ်းညွှန်ချက်ကို ဦးထိပ်ရွက် ပန်ဆင်၍ လူမှုရေး၊ ဝိဇ္ဇာသိပ္ပံပညာရေး (ဖန်ချက်လုပ်ငန်းများ, ဒင်္ဂါးသွန်းစက်များ ရှိနေ သည်အထိ) အဘက်ဘက်က တိုးတက်စည်ပင်ခဲ့သော ရှေးဦး မြန်မာ ပျူ ဗုဒ္ဓ ဘာသာဝင်တို့၏ လင်ယန်ခေါ် ဟန်လင်းနိုင်ငံတော်ကြီးသည် ခရစ် ၈၃၂-ခုနှစ် နန်းစောလူမျိုးတို့ တိုက်ခိုက်၍ ထီးနန်းသုဉ်းခဲ့ရလေပြီ။

ဗိဿနိုး, ဟန်လင်း, သရေခေတ္တရာ (မရှေးမနှောင်းခေတ်ပြိုင်) ပျူနိုင်ငံ ကြီးများ တည်ရှိခဲ့ရာ၊ ပျူနိုင်ငံကြီးများ ပျက်စီး ချုပ်ငြိမ်း ခဲ့ရသော်လည်း သရေခေတ္တရာမှ ပုဂံ........ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်အထိ မြန်မာတို့၏ ဇာတိသွေး ဇာတိမာန်၊ မြန်မာတို့၏ဘုန်းကံနှင့် ဗုဒ္ဓသာသနာတော်ကား မြန်မာ တို့၏ နှလုံးသည်းပွတ်၌ ဆက်လက်ရှင်သန်လျက်ပင်....။

http://www.dhammadownload.com



## ဟံသာဝတီ၊ ဝေသာလီ၊ သထုံပြည် သာသနာ

အောက်မြန်မာနိုင်ငံ ရှေးဦးသာသနာနှင့်စပ်၍ အနည်းငယ် ပြဆိုဦးအံ့။

ဟံသာဝတီ (ဥဿာ၊ပဲခူး)နေပြည်တော်သည်ပင် နှစ်ပေါင်း တထောင်ခန့် (၉၇၂-နှစ်)ကြာညောင်းခဲ့၏။ မြန်မာ ၁၀၇-ခုနှစ်၊ သမလ မင်းမှစ၍ ပထမ ၁၇-ဆက်၊ မင်းမှဲ ၃၁၂-နှစ်နှင့် ဒုတိယ ဗညားဦးမှ ဖြမိုင်းဓိရာဇာထိ ဒုတိယ ၂၈-ဆက်၊ စုစုပေါင်း မင်းပေါင်း ၄၅-ဆက် စိုးစံ၍ ထေရဝါဒ သာသနာကို အားပေးခဲ့ကြလေသည်။

သုဓမ္မပုရခေါ် သထုံပြည် သီရိမာသောကမင်းလက်ထက် သာသနာတော် နှစ် ၂၃၆-ခုနှစ်အရောက် ဘုရားရှင်၏ သွားတော်ဓာတ်ကို ဌာပနာ၍ ရွှေမော်ဓော စေတီကို တည်ထားကြောင်း ဓမ္မစေတီမင်းလက်ထက်ရေး ကျောက်စာ၌ ဖော်ပြ ပါရှိ၏။ တပုဿ, ဘလ္လိကတို့၏လက်ထက်ကပင် ဆံတော်ဓာတ်ကိုဌာပနာ၍ တည် ထားကြောင်း သမိုင်းဟောင်းများက ဆိုလေသည်။

မည်သို့ဖြစ်စေ၊ ဟံသာဝတီနေပြည်တော် နှောင်းခေတ် ဓမ္မစေတီနှင့် ဘုရင့်နောင်တို့လက်ထက် ထေရဝါဒ သာသနာသည် လွန်စွာသန့်ရှင်း ထွန်းလင်း တောက်ပ,ခဲ့သဖြင့် ရှေးဦးမဟုတ်စေကာမူ ခေတ်လယ်မြန်မာ သာသနာဝင်တွင် ဟံသာဝတီနေပြည်တော်၏ ရပ်တည်မှုမှာ အားရဖွယ် ကောင်းလှပေ၏။

## ရခိုင်ဝေသာလီ သာသနာ

ရခိုင်ဒေသလည်း ပျူနိုင်ငံတော်ကြီးများနှင့် ခေတ်ပြိုင် ပေါ်ထွန်း နေ ကြောင်း တွေ့ရှိရ၏။ မဇ္ဈိမဒေသနှင့် ပိုမို၍ ကူးလူးဆက်ဆံမှုများရှိခဲ့၏။ ဟိန္ဒူ၊ မဟာယာနတို့နှင့်အတူ ထေရဝါဒလည်း ထွန်းကားခဲ့လေသည်။

နီတိစန္ဒြမင်း (၅၂၀-၅၇၅)၏ သာဝိတာ စန္ဒြသြိယာမည်သော မိဖုရား ကျောက်စာတွင် 'ယေဓမ္မာ ဟေတုပ္ပဘဝါ' ဂါထာနှင့်တကွ အလှူဒါန မှတ်တမ်း များ ရေးသားပါရှိရာ ထေရဝါဒ သာသနာပြု မင်းဆက်များလည်း များစွာ ရှိခဲ့ရပေလိမ့်မည်။

အေဒီ ၇၂၀-ခုနှစ်ထိုး အာနန္ဒ စန္ဒြမင်း၏ ကျောက်စာတွင် ရှေးမင်း ဆက်ကြီးသုံးဆက် မင်းပေါင်း ၃၆-ဦး အမည်, နန်းသက်, ခုနှစ်နှင့်တကွ ပြဆို ထားရာ ထိုမင်းဆက်များကိုထောက်၍ ရခိုင်ဒေသ၌ ခရစ်မပေါ်မီ ၁၁၅-ဘီစီ လောက်ကပင် မြို့ပြ တည်ထောင်ပြီးဖြစ်ကြောင်း တွေ့ရှိရလေသည်။

http://www.dhammadownload.com



နှောင်းခေတ်ရေး ဓညဝတီ ရာဇဝင်၌ကား ပထမ ဓညဝတီတွင် ၂၆၆၆-ဘီစီခန့်က မာရယုမင်း တည်ထောင်ခဲ့သော မင်းဆက် ၅၄၊ ဒုတိယ ဓညဝတီတွင် ၈၂၅-ဘီစီမှ အေဒီ-၇၈၈တိုင်အောင် မင်းဆက် ၅၃-ဆက် ရှိကြောင်း ဖော်ပြ၍ ယင်းမင်းဆက်မှာ တကောင်းနေပြည်တော်မှ သာကီဝင် ကံရာဇာကြီး တည်ထောင်ခဲ့ကြောင်း ဖော်ပြထား၏။

ရခိုင်ဒေသတွင် ဝေသာလီသည် နိုင်ငံတော် တခုအဖြစ် ထင်ရှားခဲ့၏။ ပင်းယ နေပြည်တော် တည်ခါနီး ကောင်းကင်မှ ကြွလာ၍ သာသနာပြုသော **'ရှင်ဒိဗ္ဗစက် ရဟန္တာထွေး'** သည် ဝေသာလီမှ ကြွလာသည်ဆိုသဖြင့် ရခိုင်ဝေသာလီ ဖြစ်မည်ဟု ယူဆရလေသည်။ ယင်းယူဆချက် မှန်ကန်ခဲ့သော် ရခိုင်ဒေသတွင် ပင်းယခေတ်အထိ အရိယာသူတော်ကောင်းများ အဆက်မပြတ် ပွင့်ထွန်းခဲ့သည် ဟု ဆိုရပေမည်။

[ရှင်ဒိဗ္ဗစက်အကြောင်း သာသနာလင်္ကာရ၊ ဝံသဒီပနီတို့၌ရှု၊ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများစာအုပ် ပင်းယခေတ်၌လည်း ကြည့်နိုင်ပါသည်။ ဝေသာလီမှာ မြို့ဟောင်းမြို့၏ မြောက်ဘက် ၆ မိုင်ခန့်အကွာ၌ ရှိသည်။]

## သုဝဏ္ဏဘူမိ သထုံပြည် သာသနာ

မြန်မာနိုင်ငံ ထေရဝါဒ သာသနာဝင်တွင် သာသနာတော်နှစ်- ၂၃၅-ခုနှစ် (တတိယ သံဂါယနာ)မှ စ၍ သုဝဏ္ဏဘူမိ သထုံပြည်သာသနာသည် အထူး ထင်ရှား တိုးတက်လာ၏။

သုဝဏ္ဏဘူမိနှင့်စပ်၍ သဘောကွဲလွဲမှုကား အနည်းအကျဉ်း ရှိနေခဲ့၏။ သံလွင်နှင့် ဧရာဝတီဖြစ်ခဲ့ဖြစ်သော တိုးမြစ်စပ်ကြား ပင်လယ်ကမ်း တဝိုက်သည် သုဝဏ္ဏဘူမိ ဖြစ်ကြောင်း ခေါမစာတမ်းနှင့် တရုတ် ရာဇဝင်တို့၌ ဖော်ပြကြ၍ အာရပ်တို့ကမူ ဗင်္ဂလားဒေသ၏ အရှေ့ဘက်နှင့် မြောက်ဘက်နယ်မြေ တခုလုံးကို ခြုံ၍ 'ရွှေပြည်တော်=ရွှေမြေဒေသ=သုဝဏ္ဏဘူမိ' ခေါ်ဝေါ်ကြ၏။ (တရုတ် မှတ်တမ်းများ၌ 'ကျင်လင်'ဟု ခေါ်သည်။)

သထုံခရိုင် ဘီးလင်းမြို့နယ် ကေလာသတောင် တဝိုက်သည် ရှေးရာစုနှင့် များစွာက ပင်လယ်ဆိပ်ကမ်း ဖြစ်ခဲ့၏။ ထိုခေတ်က ပင်လယ်ကမ်းစပ်မှာ ယခု အရက်သည်မ (ဝိုက်ကုလား)ရွာ ကေလာသ ဖောင်ခြေအဆိုဖြစ်၍ ယင်းအရက်

http://www.dhammadownload.com



သည်မရွာနှင့် သထုံမြို့နေရာတို့မှ လေးမြား၊ ကျောက်ကြိုး စသော နိုင်ငံခြားသဘော်များ၏ အပိုင်းအစများကို တူးဖော်ရရှိခဲ့ဖူးကြောင်း 'သထုံဒိစတြိတ်ဗားမား ဂေဇက်တီးယား' (၁၉၃၁)၌ ဖော်ပြထား၏။ ယင်းဂေဇက်တီးယား၌ သုဝဏ္ဏဘူမိနှင့်စပ်၍ ဤသို့လည်း မှတ်ချက်ပြုထားလေသည်။

> "အရှင်သောဏ, အရှင်ဥတ္တရတို့ သုဝဏ္ဏဘူမိသို့ သာသနာပြုကြသည်ဟူသော အစဉ်အလာကို ငြင်းပယ်သူတို့၏ အကြောင်းပြချက်များမှာခိုင်လုံခြင်း မရှိပါပေ။ အသောကမင်းကြီး၏ ရည်ရွယ်ချက်မှာ သူ လက်လှမ်းမှီသမျှ နိုင်ငံတိုင်း၌ ဗုဒ္ဓသာသနာ ပြန့်ပွား ထွန်းကား စေရန်ပင်ဖြစ်၏။ သို့ဖြစ်သောကြောင့် ဂရိကဲ့သို့သော နေရာဒေသ မျိုးကို သူသာသနာပြုရာ ဌာနအဖြစ် ရွေးချယ်ထားသေးရာ မြန်မာနိုင်ငံ ကဲ့သို့သော နေရာဒေသကို ခြွင်းချန်ထားခဲ့ခြင်းမှာ ယုတ္တိမရှိပေ။"

မဟာရာဇဝင်ကြီး (ပ–၂၄၉)၌ ဘုရား သက်တော်ထင်ရှား ရှိစဉ်ကပင် အသောက ဓမ္မရာဇာ မည်သော မင်းသည် သထုံဒေသ၌ မင်းပြုကြောင်း ပြဆို၍ သထုံရာဇဝင်သမိုင်းဟောင်းကမူ တိဿဓမ္မသီဟရာဇာမင်းဟု ပြဆို၏။ ထိုမင်းက နောင်တော်ဖြစ်သူ ဂဝံပတိထေရ်ထံမှ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုသော အခါ သွားတော် ၃၂-ဆူကို အနှစ်ခြောက်ဆယ်တိုင် ကိုးကွယ်ပူဇော်ရသည်ဟု ဆိုသည်။ မွန်မြန်မာ ရာဇဝင်များအလို သထုံမြို့ကို ဘီ-စီ ၁၇- ရာစုကပင် တည်ထောင်ခဲ့သည်ဟု သတ်မှတ်ကြလေသည်။

အရှင်သောဏ, အရှင်ဥတ္တရတို့ သာသနာပြုကြစဉ် ဘီလူးများရန်ကို နှိမ်နင်းရကြောင်း အဋ္ဌကထာ နိဒါန်း၌ လာရှိ၏။ မွန်ရာဇဝင်နှင့် ကလျာဏီကျောက်စာတို့၌လည်း သထုံပြည်ကို ရက္ခပုရ(ရေဘီလူးနိုင်ငံ)ဟု ခေါ်ကြောင်း၊ ဘီးလင်းမြို့နယ် ဇွတ်သုတ်ရွာ ထီးဆောင်း ဘုရားကို ဘီလူးများတည်ကြောင်း၊ သံလွင်မြစ်ဝ၌ ယခုတိုင် ဘီလူးကျွန်းဟူ၍ ရှိနေကြောင်းတို့ကို ထောက်ဆ၍လည်းကောင်း၊ တဖန် ခေါမ ပထဝီပညာရှင် တော်လမီက 'ဗေစင်ဂ' ခေါ်သော မုတ္တမကွေ့ ပင်လယ်ကမ်းရိုးတလျှောက်တွင် အရပ်ပုကွ၍ ဆံပင်လိပ်၊ နှာခေါင်းပြား၊ တုတ်ခိုင်သော (ဩစတြေးလွှံက်နွယ်)လူများ နေထိုင်ကြသည် ဟူသော အဆိုကို ထောက်ဆ၍လည်းကောင်း၊ရက္ခသ=ရက္ခုိသ်=ရေဘီလူးများ အန္တရာယ်ကို နှိမ်နင်းခဲ့ရသည်မှာ ဖြစ်နိုင်ကြောင်း(၀၁) သထုံသည်ပင် မူလ သုဝဏ္ဏဘူမိဖြစ်ကြောင်း သမိုင်းပညာရှင်အများစုက လက်ခံ ယုံကြည်ထားကြ၏။

http://www.dhammadownload.com



# မြေကြီးသက်သေ တည်ပါစေ

မျက်မှောက်ခေတ် သီဟိုဠ်သမိုင်းပညာရှင်များဖြစ်သော သိရိဝိကြမသင်္ဃ (အရှေ့တောင်အာရှနှင့် သီဟိုဠ်နိုင်ငံ ဆက်ဆံရေး)၊ ဒေါက်တာ သီဝလိ (ဗုဒ္ဓသမိုင်း)တို့ကလည်း ဘီ-စီ ၂၀၀-ရာစုက ဒုဋ္ဌဂါမဏိမင်းကြီး မဟာစေတီ ပန္နက်ချပွဲသို့ ကေလာသ ကျောင်းတိုက်ကြီးမှ သံဃာ့ကိုယ်စားလှယ်များ ကြွရောက်ကြောင်း မဟာဝံသ အဆိုနှင့်စပ်၍ သထုံပြည် ကေလာသကျောင်းတိုက်ကြီးမှပင် ဖြစ်ကြောင်း ပြဆိုကြလေသည်။

သုဝဏ္ဏဘူမိသထုံမှာ ပထမ သထုံ, ဒုတိယသထုံဟု ခွဲခြား မှတ်သားရန် ရှိပေသေး၏။

မြတ်စွာဘုရားရှင်လက်ထက် တိဿဓမ္မ သီဟရာဇာ တည်ထောင်သော သထုံမှာ **ပထမသထုံ** ဖြစ်၍ 'ဇင်းကျိုက်တောင်၏ မြောက်ဘက် ခရီး မြန်မာတိုင် ခုနစ်တိုင်ကွာ'၌ရှိ၏။ သာသနာတော်နှစ်- ၁၉၁ မှာ ပျက်၏။

**ဒုတိယသထုံ**မှာ သာသနာ၂၀၉-ခုနှစ်တွင် ရာဇာစေဝေမင်းက'သုဓမ္မဝတီ' အမည်ဖြင့် တည်ထောင်သည်။ တည်နေရာနှင့်စပ်၍ 'ယခု ဒနုန်းချောင်းတောင်ကြီးရွာ၊ ကျောက်လုံးကြီးရွာ၊ ဝင်ကရွာ တလျှောက်တို့သည် သုဓမ္မဝတီ ဒုတိယသထုံဟောင်းနေရာ' ဖြစ်သည်။ ပထမသထုံမြို့သက် ၁၃၉၀-နှစ်၊ ဒုတိယ ၂၄၁-နှစ်။ မင်းဆက် ၅၀-ဆက်။ (မနူဟာ ကျောက်စာအလို ၀၄-ဆက်)

ရှစ်ဝါမြောက် ဘုရားရှင် ကြွရောက်ရာ သထုံကား ယခုရှိသော ပထမ သထုံ၊ အရှင်သောဏ, အရှင်ဥတ္တရတို့ သာသနာပြုရာ သထုံကား ဒုတိယ သုဝဏ္ဏဘူမိ၊ ဒုတိယ သထုံဖြစ်ကြောင်း'စစ်ကဲဦးနော်'၏ မွန်ရာဇဝင်စေတီသမိုင်း ပေါင်းချုပ်၌ အကျယ်ပြဆိုထားသည်။

သာသနာပြု မထေရ်မြတ်နှစ်ပါးသည်—

"သာသနာ -၂၅၀ကျော်တွင် ပရိနိဗ္ဗာန်ပြုတော်မူကြ၏။ကုသိနာရုံဘုရားစေတီ၌ အလောင်းတော် နှစ်ဆူထား၏" (ယင်း နှာ-၃၀)ဟုလည်း ဆက်လက် ဖော်ပြထားလေသည်။

ယခုအခါတွင် သုဝဏ္ဏဘူမိနှင့်စပ်၍ အယူအဆ ဝါဒကွဲများ မည်မျှပင် ရှိနေစေကာမူ မွန်မြန်မာသမိုင်းဟောင်းများပင် ပြန်လည် အသက်ဝင်လာရန် မဝေးတော့ချေ။အဘယ့်ကြောင့်ဆိုသော် ၁၉၇၆-ခုနှစ်မှစ၍ နိုင်ငံတော် အစိုးရ ရှေးဟောင်း သုတေသန ဌာနက ဝင်းကရွာ၊ အရက်သည်မရွာ ဒေသတဝိုက်၌

http://www.dhammadownload.com



တူးဖော်မှုများ ပြုလုပ်ခဲ့ကြ၏။ မဇ္ဈိမဒေသမှ ဇေတဝန် ကျောင်းတော်ရာကဲ့သို့သော အလျားအနံ ပေ-၉၀ ရှိ မြေအောက် ကျောင်းတော်ကြီးများပင် ပေါ်ထွက်လာနေပေပြီ။

မကြာမီ သုဝဏ္ဏဘူမိ၏ သနစ်အမှန်ကို ကေန်ပင် သိမြင်ကြည်ညိုကြရပေတော့မည်။

[မှတ်ချက်။ ။ရှေ့၌ ပြထားသော မြေပုံပါ သုဝဏ္ဏဘူမိမှာ ယေဘုယျသဘောမျှသာ ဖြစ်၏။ သထုံသာလျှင် သုဝဏ္ဏဘူမိဖြစ်ကြောင်း သာမိုင်းသာဓက အားကောင်းလျက် ရှိလေသည်။]

## ကုလားရန်မကင်းသော အောက်မြန်မာနိုင်ငံ

သုဝဏ္ဏဘူမိ နိုင်ငံလည်း ပျူတို့ တန်ခိုးကြီးစဉ်က လက်အောက်ခံ နိုင်ငံတခု ဖြစ်ဟန်ရှိ၍ ပျူနိုင်ငံတို့နှင့်အတူ အေ-ဒီ-ဂ၃၂-၃၅တွင် နန်းစောတို့ တိုက်ခိုက်၍ ပျက်ခဲ့ရသည်ဟု သမိုင်းပညာရှင်တို့ ယူဆကြ၏။ မန္တဟာမင်း (မှန်မြန်မာ ပညာရှိတို့ မကုတဟု မှန်လို ရေးသည်လို မဖတ်တတ်၍ မှားယွင်းခေါ်ကြောင်း ဗြိတိသျှခေတ် အင်္ဂလိပ်သမိုင်းဆရာကြီးက ဆိုသေးသည်) လက်ထက်တွင် မဟာယာန၊ အထူးသဖြင့် ဟိန္ဒူပြာဟ္မဏ အတ္တဝါဒများအန္တရာယ်သည် အလွန်ကြီးမားခဲ့ဟန် ရှိ၏။

ရာမည ဒေသခေါ် အောက်မြန်မာနိုင်ငံတော်သည် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်သဖြင့် နိုင်ငံခြားဆက်သွယ်မှုများ ခေတ်အဆက်ဆက် ရှိခဲ့လေရာ တိသာမင်းကြီးလက်ထက် (သာသနာ-၆၉၇) ကုလားတို့၏ ရန်ကြောင့် ဟံသာဝတီ တနိုင်ငံလုံး ဗုဒ္ဓဘာသာ ကွယ်ပျောက်လုမတတ် ရှိခဲ့ရာ၊ သုဘဒ္ဒာခေါ်ဘဒြာဒေဝီကြောင့် ပြန်လည် ထွန်းကားခဲ့သည်။

သုဝဏ္ဏဘူမိ သထုံပြည် သီရိမာသောကမင်း၏ သားတော် သမလ, ဝိမလ နောင်ညီနှစ်ပါးသည် ကျေးကျွန်လူပေါင်း-၂၇၀၊ လှေတော် ၁၇-စင်းဖြင့် သုဝဏ္ဏဘူမိ သထုံပြည်မှ ဟံသာဝတီ (ပဲခူး)တည်မည့် ဌာနသို့ ရောက်လာကြရာ နှစ်ပေါင်း-၉၀ ကျော်ကပင် သံတိုင်စိုက်၍ နယ်မြေ မှတ်ထားသည်ဆိုသော 'ရှက်အဒ္ဒလာလော' စသော သဘော်ကုလားများနှင့် သူပိုင် ငါပိုင် တရားဆိုင် တိုက်ခိုက်ယူခဲ့ရဖူး၏။

သမလ, ဝိမလ မင်းနှစ်ပါးသည် သာသနာတော်နှစ် ၃၅-ခု နှစ်ကဝင်၍ ဟသ်ာဖိုမ နားသည်ကိုစွဲ၍ 'ဟံသာဝတီ' အမည်ဖြင့် နေပြည်တော်တည်ခဲ့၏။ မော်ဓော စေတီကိုလည်း တပြိုင်နက် တည်ထားခဲ့သည်။

http://www.dhammadownload.com



နောက်ပိုင်း အေ-ဒီ ၁၅- ရာစုတခိုတွင် ပေါ်တူဂီ, ပြင်သစ်, ဒတ်ချ်, အင်္ဂလိပ် ကုန်သည်နှင့် သာသနာပြု အဖွဲ့များ ခေတ်အဆက်ဆက် ရောက်ရှိလာကြကာ သန်လျင်စား ငစင်ကာခေါ် 'ဖိုးလစ်ဒီဗရစ်တိုနီကိုတီ'သည် ဗုဒ္ဓ သာသနာတော်ကို ဖျက်ဆီးကာ မြန်မာနိုင်ငံတော် အာဏာကိုပင် လုပ်ကြံသည်အထိ ကျူးကျော်ခဲ့လေသည်။

ရခိုင်ပြည်နယ်နှင့် သုဝဏ္ဏဘူမိ ရာမညဒေသသည် မြန်မာနိုင်ငံရှိ အခြားဒေသများနှင့် စာသော် နိုင်ငံခြား ကူးလူးဆက်ဆံမှု လွယ်ကူသဖြင့် ပြည်ပမှ ကောင်းသော ယဉ်ကျေးမှုများ ရလွယ်သလောက် တိုင်းပြည်နှင့် သာသနာကိုပင် ကျူးကျော်ဖျက်ဆီးသော ကုလားများအန္တရာယ်လည်း နီးစပ်လှသဖြင့် ခိုင်မာကျစ်လျစ်သော အမျိုးဘာသာ သာသနာရပ်တည်မှုရှိရန် သမိုင်းက သတိပေးလျက်ပင် ရှိနေခဲ့လေသည်။

မည်သို့ဖြစ်စေ အထက်မြန်မာပြည်တွင် အနော်ရထာ,ဘိုးတော်နှင့် မင်းတုန်းမင်းတို့ကဲ့သို့သော၊ အောက်မြန်မာပြည်တွင် ဓမ္မစေတီ,ဘုရင့်နောင်တို့ ကဲ့သို့သော တိုင်းပြု ပြည်ပြု သာသနာပြုမင်းများ ပေါ်ပေါက်လာသဖြင့် မြန်မာနှင့် ထေရဝါဒ သာသနာသည် တကမ္ဘာလုံးက အားကိုးရသောနေရာသို့ ရောက်ရှိခဲ့လေသည်။

ပဉ္စမ သံဂါယနာမှသည် ဆဋ္ဌ သံဂါယနာခေတ်သို့ ရောက်လာသောအခါ မြန်မာနိုင်ငံနှင့် ထေရဝါဒသာသနာအပေါ် ကမ္ဘာကပင် အာရုံစိုက်လာကြ၏။

ဗုဒ္ဓမရှိသည့်နောက် သီဟိုဠ်နိုင်ငံသည် ပထမဆုံးသော ထေရဝါဒ ခံတပ်မြို့တော်ကြီးအဖြစ် ရပ်တည်လာသကဲ့သို့ အနော်ရထာမင်းကြီးလက်ထက်မှ စ၍ကား မြန်မာနိုင်ငံတော်သည် တည်ငြိမ်သော ကိုယ်ပိုင် အုပ်ချုပ်ရေးနှင့်အတူ ထေရဝါဒသာသနာ အချက်ချာကျသော ပဓာနနိုင်ငံအဖြစ် ပရိယတ်, ပဋိပတ်ဘက်စုံ ရပ်တည်လာနိုင်ခဲ့၏။

http://www.dhammadownload.com

(၇)

# ဟန်ချက်ညီသော ယနေ့ မြန်မာ့သာသနာ

မြန်မာနိုင်ငံရှိ သာသနာတော်ဝန်ထမ်း ရဟန်းတော်အရှင်မြတ်တို့လေကဦ ရှေးအခါက စ၍—

"ဆယ်ဝါ စာသင်၊ ဆယ်ဝါ စာချ၊ ပြီးလျှင် တောထွက် တရားအားထုတ်" ဟူသော အစဉ်အလာတရပ် ရှိနေခဲ့၏။ ပရိယတ်ကို ပဓာနထား၍ ဆောင်ရွက်ခိုက်မှာလည်း ပေါ့ပါးသော ပဋိပတ်(ဗုဒ္ဓာနုဿတိ, မေတ္တာစသည်)ကို ပူးတွဲဆောင်တော်မူလေ့ ရှိကြသည်။ ပဋိပတ်ကို ပဓာနထား၍ ဆောင်ရွက်ခိုက်မှာလည်း ပေါ့ပါးသော ပရိယတ်တာဝန်ကို ပူးတွဲ ဆောင်ရွက်တော်မူလေ့ ရှိခဲ့ကြလေသည်။

သာသနာဟူသည် ပရိယတ်, ပဋိပတ် နှစ်မျိုးစလုံးကို ခေါ်သောအမည်ဖြစ်၍ ပရိယတ်ချည်းသက်သက်လည်း ရပ်တည်၍မရ၊ ပဋိပတ် သက်သက်ချည်းလည်း ရပ်တည်၍မရ။

http://www.dhammadownload.com



"ပညဝါ ဘိက္ခု တေပိဋကံ သုတ္တာဒ္ဓေပိ ပူရေတိ (ဝိဘင်္ဂ အဋ္ဌကထာ)=ပညာရှိသော ရဟန်းမည်သည် ဘုရားဟောဒေသနာ ပိဋကကျမ်းစာကို နာယူသင်ကြားပြီးသည်နှင့် ဂန္ထဓုရ(ပရိယတ်), ဝိပဿနာဓုရ (ပဋိပတ်) ၂-မျိုးလုံးကိုပင် ဖြည့်ကျင့်လေတော့၏။"

"ဆယ်ဝါ စာသင်၊ ဆယ်ဝါ စာချ၊ ပြီးလျှင်တောထွက်"ဟူသော မြန်မာနိုင်ငံ ထေရဝါဒသာသနာ အစဉ်အလာသည် မိမိ့သူတပါး အကျိုးနှစ်ခုပြီးစေသော အစဉ်အလာကောင်းပင် ဖြစ်ပေသည်။ အကြောင်းအားလျော်စွာ ထိုအစဉ်အလာအတိုင်း အတိအကျ ဖြည့်ကျင့်ခွင့်မရသော အရှင်မြတ်များကား ပရိယတ် ပထမ, ပဋိပတ် ဒုတိယ၊ ပဋိပတ် ပထမ, ပရိယတ် ဒုတိယ ပူးတွဲကျင့်ဆောင်သော နည်းကို အသက်ထက်ဆုံး ပြုကျင့်တော်မူကြကာ မိမိနှင့်သူတပါး၊ တိုင်းပြည်နှင့် သာသနာ အကျိုးနှစ်ပါးကိုးငအောင် ဆောင်ရွက်တော် မူကြလေသည်။

## တာဝန်နှင့်လာသူမှ တာဝန်ကိုမကြောက်

ယခုအခါ မြန်မာနိုင်ငံ ထေရဝါဒ သာသနာ၏ ရပ်တည်မှုမှာ လွန်စွာခိုင်မာလှပေ၏။ ကမ္ဘာသို့ သာသနာမျိုးဆက် ဖြန့်ပွားနိုင်ရန် အဆင်သင့် ဘက်စုံရပ်တည်နေပေသည်။

လွန်ခဲ့သော အနှစ်တထောင်၏ ဤမှာဘက်တွင် ယခုကဲ့သို့ ဘက်စုံရပ်တည်နိုင်သော အခြေအနေမျိုး မရှိခဲ့ဖူးသေးချေ။ ဘုန်းကံကြီးမားသော သာသနာကော်နှင့် ထိုက်တန်၍ အမျိုး,ဘာသာ,သာသနာအတွက် ပြည့်စုံစွာ တာဝန်နှင့်လာသော တိုင်းပြုပြည်ပြု သာသနာပြုမင်းများ၊ သာသနာ့ဦးဆောင် ပုဂ္ဂိုလ်များ မရရှိနိုင်ခဲ့သောကြောင့်ပင် ဖြစ်၏။

တာဝန်နှင့်လာသူတို့မှသာ တာဝန်ကိုမကြောက်၊ တာဝန် ထမ်းဆောင်ယင်းသေရသည်ကိုပင် ဂုဏ်ယူကြသည်။

ယခုအခါ မြန်မာနိုင်ငံ ထေရဝါဒသာသနာနှင့်စပ်၍ တိုင်းပြည်အုပ်ချုပ်သောမင်းများနှင့်တကွ တိုင်းသူပြည်သားတို့၏ အားပေးမှု၊ အားကိုးမှုသည် လိုသည်ဟုမရှိသလောက် ပြည့်စုံလျက်ရှိ၏။ ထို့ကြောင့်လည်းသာသနာ့ဝန်ဆောင်အရှင်မြတ်တို့ဘက်ကလည်း (အများအားဖြင့်)ပရိယတ်၊ပဋိပတ်ဖြင့် အခိုင်အမာရပ်တည်ကာ ဓုရနှစ်ဖြာ တာဝန်ကျေကုံတော်မူကြပါပေ၏။

တာဝန်နှင့်လာသော သာသနာပြု သာသနာ့ ဝန်ဆောင် အရှင်မြတ်တို့သည် မြန်မာနိုင်ငံ၌အရေးအတွက်ရော အရည်အချင်းပါ များစွာ ရှိတော်မူနေ

http://www.dhammadownload.com



ကြ၏။ ထိုအရှင်မြတ်များတွင် မည်သူကမျှ ရွေးကောက်တင်မြှောက်ခြင်း မပြုရပဲ ရဟန်းရှင်လူတရပ်လုံးက အလိုအလျောက် ရွေးကောက်လက်ခံယုံကြည်နေကြပြီ ဖြစ်သော အရှင်မြတ်ကြီးနှစ်ပါး၏ ဟန်ချက်ညီညီ ကိုယ်ကျိုးစွန့် ရပ်တည်မှုကို ကြည့်ခြင်းအားဖြင့်ပင် ယနေ့မြန်မာတို့လက်ဝယ်ရရှိပိုင်ဆိုင်ထားသောထေရဝါဒ သာသနာ၏ အနာဂတ်အလားအလာကို အလွယ်ပင် မြင်သာလှပေ၏။

ထိုသည့်အရှင်မြတ်ကြီးနှစ်ပါးတို့ကား အခြားမဟုတ်။ အားလုံး သိရှိပြီး ဖြစ်သော—

၁။ အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌသံဂီတိ ဝိသဇ္ဇက၊ ကျေးဇူးရှင် မင်းကွန်း ဓမ္မနာဒ,တိပိဋကနိကာယ ဆရာတော် ဘုရားကြီးနှင့်—

၂။ အဂ္ဂမဟာပဏ္ဍိတ၊ ကမ္ဘာ့သတိပဋ္ဌာန်သာသနာပြု၊ ဆဋ္ဌသံဂီတိပုစ္ဆက၊ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး နှစ်ပါးတို့ပင် ဖြစ်တော်မူကြကုန်၏။

## ပရိယတ်ပထမ၊ ပဋိပတ် ဒုတိယ မင်းကွန်း ဓမ္မနာဒ,တိပိဋက နိကာယဆရာတော်

'မင်းကွန်း ဦးဝိစိတ္တသာရာဘိဝံသ၊ တိပိဋကဓရ ဆရာတော်'ဟု အများ ခေါ်ဝေါ်လျက်ရှိသော ကျေးဇူးရှင် မင်းကွန်း ဓမ္မနာဒ, တိပိဋက နိကာယ ဆရာတော်ဘုရားကြီးသည် မြင်းခြံမြို့နယ်၊ ကျည်းပင်(သဲဖြူဝ)ရွာ၌ ခမည်းတော် ရွာသူကြီးဦးဆုံ၊ မယ်တော်ဒေါ်ဆင်တို့မှ ၁၂၇၃-ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၁၁-ရက်၊ ဗုဒ္ဓဟူးနေ့(နေ့စက်နာရီ၃-နာရီကျော်)တွင် ဖွားမြင်တော်မူခဲ့၏။

မြန်မာနိုင်ငံ၌ အများလက်ခံဂုဏ်ပြုရသော စာမေးပွဲကြီးတိုင်းတွင် အဦး ဖျားဆုံးနှင့် အထူးခြားဆုံးအောင်မြင်တော်မူခဲ့၏။

၁။ အစိုးရပထမကျော်၊
၂။ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ (အာဒိကမ္မိက=ပထမဆုံး) ဝဋ္ဋံသကာ၊
၃။ ရွှေဟင်္သာဆိပ်ရ အင်္ဂကာသာပြန်အကျော်၊
၄။ သာသနဓဇ သီရိပဝရ ဓမ္မာစရိယ၊
၅။ ဗုဒ္ဓသာသနဝိသိဋ္ဌ (အာဒိကမ္မိက=ပထမဆုံး) တိပိဋကဓရ မဟာ တိပိဋက ကောဝိဒ(တိပိဋကဓရ စာမေးပွဲဘွဲ့)၊

http://www.dhammadownload.com



၆။ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက(ဆဋ္ဌသံဂါယနာ အဒုတိယက သီးခြား စာပေဝန်ဆောင်ဘွဲ့)၊

၇။ ဆဋ္ဌသံဝီတိ(ဆဋ္ဌသံဂါယနာ)ဝိသဇ္ဇက၊

၈။ ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်းပြု။

သုတ်,ဝိနည်း,အဘိဓမ္မာ ဆဋ္ဌသံဂါယနာမူတော် ပါဠိတော်စာအုပ် ဆိုက်ကြီး စာမျက်နှာပေါင်း -၆၉၅၀ကို အာဂုံနှုတ်တက် သဘာဝအချက်နှင့်တကွ ခဲရာခက်ဆစ်များကို အဝါးဝနိုင်နင်းတော်မူသဖြင့် ဆဋ္ဌသံဂါယနာ တင်သောအခါ ပါဠိ အဋ္ဌကထာ၊ ဋီကာစိစစ်ရေးနှင့် မေးသမျှ ဖြေဆိုရသော တာဝန်ကို ဆောင်တော်မူခဲ့ရ၏။ဆဋ္ဌသံဂါယနာအတွက် တာဝန်နှင့် ထွက်ပေါ်တော်မူလာရသော သံဂါယနာ ဖွားဘက်တော်ကြီး ဖြစ်တော်မူလေသည်။

ပါဠိတော် သံဂါယနာတင်သောအခါ ပုစ္ဆက မဟာစည်ဆရာတော်ဘုရားကြီးက မေးလေသမျှ ကမ္ဘာ့ ဗုဒ္ဓဘာသာခေါင်းဆောင်ကြီးများ အလယ်၌ မငြိတွယ် မထွေးရှုပ်၊ မဆုတ်မဆိုင်း၊ အဇာနည်သိန္ဓောမြင်း စိုင်းသကဲ့သို့ သိုင်းဝိုင်းချဲ့ထွင်၍ မြန်မာမှု အလင်္ကာဖြင့် သာယာခန့်ညားစွာ ကျမ်းစာအလွတ် တတွတ်တွတ် ဖြေဆိုတော်မူရာ ကြားနာရသူမှန်သမျှ ကြက်သီးတဖြန်းဖြန်း ထခဲ့ရပေ၏။

အဋ္ဌကထာသံဂါယနာ တင်သောအခါတွင်ကား အတွင်းသိ၊ အနီးကပ်ရှိတော်မူနေကြသော သံဃမထေရ်ကြီးများမှာ ပို၍ပင် အံ့သြ ချီးကျူးခဲ့ကြရပြန်လေသည်။ အကြောင်းမှာ ပိဋကသုံးပုံ ပါဠိတော်များကိုသာမက အဋ္ဌကထာကျမ်းကြီးများကိုပင် (ဘယ်အချိန်က ကျက်ထားသည်မသိ) စာမကြည့်ပဲ ရွတ်ဆိုဖြေကြားနေသည်ကို အနီးကပ် တွေ့မြင်ကြရသောကြောင့်ပင် ဖြစ်လေသည်။

ဆရာတော်၏ဟောပြောချက်များသည် မြန်မာနိုင်ငံ ခေတ်အဆက်ဆက် ဟောပြောခဲ့ကြသော ဓမ္မကထိက အရှင်တို့၏ အစဉ်အလာ ဟောနည်း ပြောနည်းများကိုပင် (ဆင်သွားလျှင်လမ်းဖြစ်သည် ဆိုသကဲ့သို့) တခေတ် ပြောင်းပေးမှန်းမသိ ပေးတော်မူနိုင်ခဲ့လေပြီ။

တိမိလ,တိပိင်္ဂလစသော ငါးကြီးများသည် သမုဒ္ဒရာ၌ ကျက်စားရမှသာ အားရကျေနပ်သည် ဆိုသကဲ့သို့ ဆရာတော်၏ တာဝန်နှင့် ယှဉ်လာရသော ပညာ ပညာပါရမီသည် ဆဋ္ဌသံဂါယနာနှင့်မှ လိုက်လျောညီထွေ ရှိလှပါပေ၏။

ပါဠိမတတ်ကျွမ်းသော တိုင်းသူပြည်သူ သာသနာ့ ကျေးဇူးရှင်ဒါယကာ ဒါယိကာမများအတွက်လည်း အနယ်နယ်အရပ်ရပ် ဒလစပ် (ရံခါတနေ့ ဆယ်ပွဲခန့်) ဟောပြောပေးတော်မူနေရသည့်ကြားက စာမျက်နှာပေါင်း ၅၁၆၃ မျက်နှာ၊ ၆-တွဲ၊ ၈-အုပ်ရှိ ပိဋကသုံးပုံအနှစ်ချုပ် မဟာဗုဒ္ဓဝင်ကျမ်းကြီးကိုလည်း ရေးသားတော်မူခဲ့၏။

http://www.dhammadownload.com



## အာဇာနည်မိဘကမှ အာဇာနည်ကို မွေးဖွားလို့ရ

ဆရာတော်သည် စစ်ကိုင်း-မင်းကွန်းတောင်ရိုးရှိ ရဟန်း,သာမဏေ,သီလရှင်တို့ ဆွမ်းကွမ်း အခက်အခဲနှင့်ကြုံလာသဖြင့် ရဟန်း,သာမဏေ,သီလရှင်များ ဆွမ်းကွမ်းပြည့်စုံ၍ သာသနာ့ဝန်ကိုလည်း ဆောင်နိုင်စေ၊ တိုင်းသူပြည်သား ဒကာဒကာမများ သာသနာ့ပြု ဒါနမြောက်၍ သီလ,သမာဓိ,ပညာ အသိဉာဏ်လည်း တိုးစေ ရည်ရွယ်ချက်ဖြင့် ထက်အောက်စုန်ဆန် ပြန်ချည်သွားချည်၊ မနေမနား တရားဓမ္မ ဟောပြောတော်မူ၍ ရသမျှ နဝကမ္မများကို ဘိုးဘွားရိပ်သာ၊ စာသင်ကျောင်း၊ အမျိုးသုံးမီးစက်၊ ရေစက်၊ လမ်းဖောက်လုပ်မှု စသော (သတ္တုဿဒ) လူမှုရေးဒါနများကိုလည်း ဖြည့်တော်မူ၏။

ဘဝတသက်တာလုံး ရုပ်ရေနာမ်ပါ သတ္တဝါအများအတွက် အနားမရှိ အားထုတ်တော်မူသော်လည်း အားရတော်မမူ၊ တိုင်းပြည်နှင့် သာသနာအတွက် မျိုးဆက်ချ ပွားတော်မူရန် လက်ရှိသံဃာ စာသင်သား - ၁၀၀ ခန့်ရှိ ဓမ္မနာဒ ကျောင်းတိုက်ကြီးတာဝန်အပြင် အဘိဓဇ မဟာရဋ္ဌဂုရု ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်ကိုလည်း အလေးမူ ပူဇော်သောအားဖြင့် ၁၃၄၀ ပြည့်နှစ်၊ ဝါဆိုလဆန်း,၅-ရက်နေ့မှစ၍ မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်ကုန်းမြေ၌ တိပိဋက နိကာယ ကျောင်းတိုက်ကြီးကိုပင် ဖွင့်လှစ်တည်ထောင်၍ ပရိယတ္တိ ချပို့တော် မူလေသည်။

တိပိဋက ဓရ ဆွမ်းဆန်တော် လစဉ် အစိုးရအလှူငွေ ၃၁၁-ကျပ်နှင့် အရပ်ရပ်အလှူငွေ ၁၅-သိန်းခန့်ကို ဘဏ်၌ မတည်ငွေပင်စိုက်၍ တိပိဋက စာမေးပွဲဖြေဆိုကြမည့် သာသနာ့အာနည်လောင်းလျာ အဆင့်မြင့်စာသင်သား တရားနီးပါးတို့အား အာဇာနည်အရှင်မြတ်တို့နှင့် လျောက်ပတ် ထိုက်တန်သော နံနက်ဆွမ်း၊ နေ့ဆွမ်း အလုံအလောက် ကပ္ပိယကာရကဖြင့် အသင့် စီမံ ပေးတော်မူ၏။ တနေ့လုံး စာကျက် စာအံရသောဒုက္ခကို ခံနိုင်ရည်ရှိစေရန် ကိုယ်ချင်းစာအသိဖြင့် ဖျော်ရည်တကြိမ်၊ စတုမဓုတကြိမ် ဆက်ကပ်စေတော်မူသည်။

ယခုအခါ တိပိဋကဓရစာမေးပွဲကြီး၌ အောင်မြင်တော်မူကြသော သာသနာ့ အာဇာနည်၊ ထက်ဝက်ခန့်မှာ ဆရာတော်၏ မိုးမိတ် တိပိဋက နိကာယ ကျောင်းတိုက်ကြီးမှ အရှင်မြတ်များ ဖြစ်နေပေပြီ။

http://www.dhammadownload.com



## ဆရာတော်နှင့် တိပိဋကဓရ ခွဲ၍မရ

ပရိယတ္တိသာသနာတော်အတွက် ဆရာတော်၏ လုံ့လဝီရိယနှင့် ကြောင့်ကြစိုက်မှုသည် ကြီးမားတော်မူလှပါပေ၏။

ဆဋ္ဌသံဂါယနာအကြို ပိဋကအာဇာနည်များမွေးထုတ်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော် အစိုးရနှင့် သာသနာ့ဝန်ဆောင် မထေရ်ကြီးများ တိုင်ပင်၍ တိပိဋကဓရ စာမေးပွဲကြီးကို ၁၃၁၀-ပြည့်နှစ်က စတင်၍ကျင်းပခဲ့ရာ ပထမအကြိမ် ၆-ပါးဖြေသော်လည်း တပါးမျှ မအောင်။ ဒုတိယအကြိမ် ၅-ပါးဖြေဆိုပြန်ရာ ဝိနယပိဋက အာဂုံပြန် ဂုဏ်ထူးဆောင် တပါးမျှသာ ထွက်ပေါ်ခဲ့သဖြင့် တာဝန်ရှိသောပုဂ္ဂိုလ်များအတွက် အထိုက်အလျောက် ကျေနပ်ဖွယ် ရှိရသော်လည်း ရည်ရွယ်ချက်မပြည့်မဝ ရှိနေခဲ့ကြရ၏။ အဘက်ဘက်က အဖျက်အဆီး အဟန့်အတားများလည်း ရှိခဲ့လေသည်။

(ပိဋကအာဂုံဆောင်သောခေတ် မဟုတ်တော့သယောင်၊ ပြည်သူ့ဘဏ္ဍာငွေများကို အလဟဿဖြုန်းသကဲ့သို့ အောင်မြင်သူမရှိပဲလျက် မလုပ်သင့်ကြောင်း ရပ်စဲပစ်ရန်ပင် သတင်းစာအချို့၌ ရေးသားလာကြ၏။)

ဆရာတော်သည် ဆွမ်းရှင် ဒကာတို့၏ဆန္ဒ၊ သာသနာတော်အတွက်အလွန်လိုအပ်သော ရည်ရွယ်ချက်ကြီး အကြောင်းတစုံတခုကြောင့် ပျက်ပြားသွားမည်ကို စိုးရိမ်လှသဖြင့် စာမေးပွဲစ,ကတည်းက စာမေးပွဲကျင်းပရေး ဆရာတော်ကြီးများအပါးမှာနေ၍ 'ခဲတံချွန် စာအုပ်ရှာပေး' စသော ဝေယျာဝစ္စများကို လုပ်အားပေးတော်မူခဲ့၏။ ယင်းသို့ပြုမှုဖြင့်လည်း ဆန္ဒမပြည့်ဝကြသဖြင့် မျက်နှာမကြည်မလင်ရှိနေကြသောအခါ တတိယအကြိမ် (၁၃၁၂-ခုနှစ်)ကစ၍ ကိုယ်တော်တိုင်ဝင်ရောက်ဖြေဆိုကာ သာသနာ့အပေါ်၌ တင်ရှိနေသော ဆွမ်းရှင် ဒကာ၊ ဒကာမတို့၏ကြွေးကို ဆပ်ပေးတော်မူခဲ့သည်။

စင်စစ် တိပိဋကဓရ စာမေးပွဲကြီးကား ဆရာတော့်အတွက်ကြောင့်ပင်စီစဉ်ပေးရသကဲ့သို့ရှိ၍ ဆရာတော့်ကြောင့်ပင်လည်း ဆက်လက် ရှင်သန်ခဲ့ရသည်မည်လေရာ ဆရာတော်နှင့် တိပိဋကဓရသည် ခွဲခြား၍ပင် မရနိုင်တော့ပေ။

"ဘုန်းကြီးက အလုပ်ကို များများလုပ်ပေမယ့် အခွင့်အရေးကိုတော့နည်းနည်းပဲယူလိုပါတယ်" (သာဝကဒုက္ခကို ဆိုလိုသည်)ဟုပင်ကြွေးကြော်၍ ဘုရားအလောင်းတော်ကြီးများ၏ လုံ့လဝီရိယကို သုံးတော်မူ၏။ တိုင်းပြည်နှင့် သာသနာအတွက် ခန္ဓာကိုယ်ကို အလျော်အစားလုပ်ကာ လွန်စွာ ကြောင့်ကြစိုက်တော်မူ၏။

http://www.dhammadownload.com



ဆရာတော်သည် ပရိယတ်နှင့်စပ်၍ ဤမျှအပန်းတကြီး ဆောင်ရွက်တော်မူနေသော်လည်း တပည့် ဒကာ-ဒကာမတို့အား ဗုဒ္ဓါနုဿတိ, မေတ္တာ ဘာဝနာ စသော အိမ်တွင်းဝိပဿနာ အခြေခံတရားများကိုလည်း မလွတ်တမ်း ညွှန်ကြားပြသပေးတော်မူ၏။

ခေတ်ခြောက်ပါး ကမ္မဋ္ဌာန်း ရှုပွားနည်းကို အထွတ်တပ်ကာ ပဋိပတ်သာသနာကိုလည်း ပူးတွဲကျင့်ဆောင် စေတော်မူသည်မှာ 'ပရိယတ်ပထမ' သာသနာ့ဝန်ဆောင် အရှင်မြတ်တို့အတွက် ရွှေသွား လမ်းပြတော်မူသကဲ့သို့ ရှိပေတော့၏။ (ဆရာတော်ဘုရားကြီးအကြောင်းကား ကလေးငယ်များအထိ သိသူများ၍ ဤမျှသာ ဖော်ပြရပေ၏။)

## ပဋိပတ် ပထမ၊ ပရိယတ် ဒုတိယ

## ကမ္မဋ္ဌာနသတိပဋ္ဌာန် သာသနာပြု မဟာစည်ဆရာတော်

အဂ္ဂမဟာ ပဏ္ဍိတ၊ ဆဋ္ဌသံဂီတိပုစ္ဆက၊ ကမ္မဋ္ဌာနသတိပဋ္ဌာန် သာသနာပြုကျော်ဇောရှင် မဟာစည်ဆရာတော်ဘုရားကြီးကား ၁၂၆၆-ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော် ၃-ရက်(၂၉-၇-၁၉၀၄)၊ သောကြာနေ့ နံနက် ၃-နာရီခန့်အချိန် ရွှေဘိုမြို့ အနောက်ဘက် ၇-မိုင်ကွာ ဆိပ်ခွန်ရွာကြီး၌ ခမည်းတော် ဦးကံတော်, မယ်တော် ဒေါ်အုပ်တို့မှ ဖွားမြင်တော်မူ၏။

'ဆူးသည်ဖြစ်စ, ကတည်းက ချွန်၏'ဆိုသကဲ့သို့ ဆရာတော် လောင်းလျာကား ငယ်စဉ်ကပင် အသိဉာဏ်အရာ၌ လွန်စွာထူးချွန်၏။ ၁၆-နှစ်သား ရွယ်တွင် ဂဏန်းသင်္ချာကို စာအုပ်ကြည့်ကာမျှဖြင့် ဆရာမပြပဲ တတ်မြောက်ခဲ့၏။ နောက်ကာလ ပထမကြီးအဆင့်တွင် ဆန်းကျမ်းကိုသင်ယူစဉ် 'အတန့်ပျောက်ရှာ ပထျာဖြန့်နည်း'သင်္ချာကိန်းကြီးများကိုပင် အလွယ်နှင့် အဖြေတွက်နိုင်လေသည်။

ရှင်သာမဏေဘဝကပင် အရွယ်နှင့်မလိုက် နျာသ၊ မူလဋီကာစသော စာသင်သားလောက၌ ခက်ပေ့ဆိုသောကျမ်းများကိုပင် ကိုယ်ပိုင် အနက်ထင်အောင် ကြည့်၍ စာဆိုနိုင်သဖြင့် စာချဆရာတို့၏ ချီးကျူးခြင်းခံခဲ့ရ၏။ ရဟန်းဖြစ်သောအခါ မန္တလေးအနောက်ပြင် ခင်မကန်တိုက် ဘုရားတော်ကျောင်း၌ စာပေသင်ကြားခဲ့သည်။

အစိုးရ ဓမ္မာစရိယ စာမေးပွဲပေါ်ခါစ ဒုတိယအကြိမ် (၁၃၀၃-ခုနှစ်)၌ ဝင်ရောက်ဖြေဆိုတော်မူရာ ဂုဏ်ထူး ၅-ကျမ်းနှင့်တကွ သုတ်, ဝိနည်း, အဘိဓမ္မာ ကျမ်းရင်း သုံးကျမ်းကို နှစ်ချင်းအောင်မြင်တော်မူခဲ့သည်။ (ထိုစဉ်က ဖြေဆိုသူ ၁၀၀-ကျော်၊ အောင်မြင်သူ ၂၅-ဦးလောက်သာ အများဆုံး ရှိခဲ့၏။)

http://www.dhammadownload.com



ဆရာတော်ကား ပရိယတ်အရာ၌သာ ထက်မြက်စေ့စပ်သည်မဟုတ်၊ အကျင့်ပဋိပတ်အရာ၌လည်း အရှယ်နှင့်မလိုက်အောင်ပင် ထူးမြတ်သူ ဖြစ်ခဲ့၏။ ရဟန်းဖြစ်၍ ပရိယတ် တာဝန်များ ထမ်းဆောင်နေသည့်ကြား၊ စာသင်သားဘဝကပင် ရှက္ခမှု, နိသဇ္ဇစသော ဓုတင်အကျင့်များကိုလည်း လ,နှင့်ချီပြီး စမ်း၍ လေ့ကျင့်ခဲ့လေသည်။

၁၂၉၃-ခုနှစ်၊မော်လမြိုင် တောင်ဝိုင်းကလေး တိုက်ကျောင်း၌ စာချနေစဉ် သထုံမြို့ မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီးထံ သတိပဋ္ဌာန် ဝိပဿနာ ရှုပုံကို နည်းခံအားထုတ်ခဲ့၏။ ၄-လအတွင်း နည်းပြဆရာကျေနပ်လောက်အောင် အားထုတ် မြနိုင်ခဲ့သော်လည်း တိုက်ကျောင်း ဆရာတော် ပျံလွန်တော်မူသဖြင့် သထုံမှပြန်ကြွကာ ကျောင်းတိုက်တာဝန်ကို ယူရလေ၏။

၁၃၀၀-ပြည့်နှစ်၊ဇာတိဆိပ်ခွန်ရွာ၌ ၇-လခန့် နေထိုင်ရစဉ် သတိပဋ္ဌာန် ဝိပဿနာ ရှုနည်းများကို သွေးသား တော်စပ်သူများအား စတင် ပြသ ပေးရာမှ တစ တစ ထင်ရှားလာ၏။

## ခုနစ်ကြိမ်မြောက် ကမ္ဘာ့သာသနာပြုခရီးမှ ရလဒ်

ဗုဒ္ဓ သာသနာ နုဂ္ဂဟ အဖွဲ့ချုပ်က ပင့်လျှောက်၍ ၁၃၁၁-ခုနှစ်တွင် ရန်ကုန်သာသနရိပ်သာသို့ ကြွရောက်မလာမီကပင် ဆရာတော်၏ သတိပဋ္ဌာန် တရားပြဌာနခွဲပေါင်း -၃၀ကျော် ရှိခဲ့၏။ ယခုအခါ (၁၉၇၉-ခုနှစ်) စာရင်းအရ မြန်မာနိုင်ငံ၌ ဌာနခွဲပေါင်း ၂၉၀-ဌာနရှိ၍ သတိပဋ္ဌာန် ဝိပဿနာတရားစနစ်တကျ အားထုတ်ပြီးသူပေါင်း ကိုးသိန်းနီးပါး (၈၈၄၃၁၅) ရှိသွားပြီဖြစ်၏။

သီရိလင်္ကာခေါ် သီဟိုဠ်နိုင်ငံ၌ ၁၃၁၇(၄၊၈၊၁၉၅၅)ခုနှစ်မှစ၍ ဌာနခွဲပေါင်း -၃၀ကျော်၊ ယောဂီ နှစ်သောင်းခန့် ရှိလေပြီ။ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၌ ဌာနခွဲပေါင်း-၃၀၀ ကျော်၊ အင်ဒိုနေရှား၌ ၁၃၁၅(၁၇၊၁၂၊၅၃) ခုနှစ်မှစ၍ ဌာနခွဲပေါင်း -၇၀ကျော်ရှိရာ ယောဂီပေါင်း မည်မျှ ရှိနေမည်ကို ခန့်မှန်းနိုင်ပေသည်။

အထူးသဖြင့် ၁၉၇၉-ခုနှစ်၊ ဧပြီလ ၁-ရက်နေ့မှ ဇူလိုင်လ ၇-ရက်နေ့အထိ လေးလနီးပါး (ရက်ပေါင်း ၁၁၈-ရက်) ဂျပန်၊ အမေရိက၊ အင်္ဂလန်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ အီတလီ၊ ဟော်လန်၊ အနောက်ဂျာမနီနှင့် ထိုင်းနိုင်ငံ (၉-နိုင်ငံ)တို့သို့ နောက်ပါ သံဃာ ငါးပါးနှင့်အတူ ကမ္ဘာလှည့်၍ သတိပဋ္ဌာန်သာသနာ ဖြန့်တော်မူခဲ့၏။ ၇-ကြိမ်မြောက် နိုင်ငံခြား သာသနာပြု ကြွခြင်း

http://www.dhammadownload.com



ဖြစ်သည်။ ဝါရှင်တန်တွင် ယောဂီ -၂၀၀အထိ ရှိသော တရားဟော တရားပေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ခဲ့၏။

ဝါရှင်တန် ဗုဒ္ဓဝိဟာရတွင် ဧပြီလ ၂၂- ရက်နေ့က ဣန္ဒိယ, သီဟိုဠ်, ကမ္ဘောဒီးယား, ထိုင်း, မြန်မာ ငါးနိုင်ငံ ထေရဝါဒရဟန်းတော် ၁၃-ပါးတို့ စုဝေးမိကြရာ ဆရာတော်ဘုရားကြီး ကြီးမှူး၍ အမေရိကန်၌ ပထမဆုံး ထေရဝါဒ သာသနာ့ အောင်မြေ သိမ်တော်ကြီးကို သမုတ်နိုင်ခဲ့သည်မှာ အမေရိကန်၌ ထေရဝါဒ သတိပဋ္ဌာန် သာသနာ ပန္နက်ချလိုက်ခြင်းပင် ဖြစ်ပေသည်။

နိုင်ငံခြား၌ ဆရာတော့်တရားကို နာကြား ကျင့်ပွားကြရသောအခါ ချုံးပွဲချ ငိုယိုသူများပင် ရှိခဲ့၏။ ဈင်စသော ကျင့်စဉ်များကို ဗုဒ္ဓတရားဟု ထင်စားကာ အချိန်ကြာမြင့်စွာ လမ်းမှားလိုက်ပါနေခဲ့မိသောကြောင့်ဟု ဆိုလေသည်။

ဆရာတော်သည် ကမ္ဘာလှည့် သတိပဋ္ဌာန်သာသနာပြု မဏ္ဍိုင်ကပင် တရားတော် ၅-ပုဒ်ကို အင်္ဂလိပ်,မြန်မာ ၂-ဘာသာဖြင့် ကြိုတင် စီစဉ် ပုံနှိပ်သွားရာ ရောက်လေရာ၌ အင်္ဂလိပ်, မြန်မာ ၂-ဘာသာဖြင့် အလျဉ်းသင့်သလို ကိုယ်တော်တိုင် ဖတ်ပြ ဟောကြားတော်မူခဲ့၏။

စီစဉ်သွားသော တရားများမှာလည်း အနောက်နိုင်ငံ သားတို့နှင့် တန်အောင် ရွေးချယ်စီစဉ်ထားခြင်းဖြစ်ရာ အကြောင်းအရာ ရွေးချယ်မှုသည်ပင် အလွန်စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ (ကမ္ဘာ့သာသနာပြု တရားတော်များ ပုံနှိပ်ထားပြီး။)

## ခေတ်မီသတိပဋ္ဌာန် လက်တွေ့အာမခံချက်

ကံ, ကံ၏ အကျိုး၊ ဗုဒ္ဓဝင်နှင့်မဂ္ဂင်ရှစ်ပါး၊ သီလ, သမာဓိ, ပညာ, သတိပဋ္ဌာန်ဒေသနာတို့သည်ထေရဝါဒ၌ ပဓာန ရှေးဦးသိမှတ်ဖွယ်များချည်း ဖြစ်သည့်အပြင်(ဆရာတော်၏ အခြား စာအုပ်များတွင် တွေ့ခဲလှသော)အောက်ပါစကားဝါကျများမှာလည်း သတိပဋ္ဌာန် အလုပ်စခန်း၏ ခေတ်နှင့် ဆီလျော်မှု၊ စေ့စပ်တိကျမှုနှင့် လက်တွေ့ကျကျ၊ အာမခံနိုင်မှု စသည်တို့ကို သိသာပေါ်လွင်စေလေသည်။

(၁) "ယခု (တရားရှုမှတ်တာ) ၂-မိနစ်ရှိသွားပါပြီ၊ တမိနစ် တမိနစ်အတွင်းမှာ မှတ်ချက်ပေါင်း -၅၀၊ ၆၀-အထိ ရနိုင်ပါတယ်။ တမှတ် တမှတ်အတွင်းမှာမဂ္ဂင်ရှစ်ပါး တရားတွေ ဖြစ်ပွားနေပါတယ်။"(နှာ-၁၁။)

(၂) "ဒီ ဥရောပ အမေရိကမှ သိပ္ပံပညာရှင် တွေက ရုပ်ရှင် ပြရာမှာ တစက္ကန့် အတွင်း၌ ဖလင်အရိပ် -၃၀အထိ အပြောင်းအလဲ ရှိတယ်လို့

http://www.dhammadownload.com



ပြဆိုထားကြတယ်။ ခေတ်မီးသီး(ဘတ်သီး)ထဲမှ အလင်းရောင်ဟာလဲ တစက္ကန့် အတွင်းမှာ အကြိမ်-၅၀ အပြောင်းအလဲ ရှိတယ်လို့ ပြဆို ထားကြတယ်။" (နှာ-၃၇။)

(၃) "ညွှန်ကြားတဲ့ အတိုင်း ရှုမှတ်ပြီး ဝိပဿနာဉာဏ်ထူး၊ မဂ်ဖိုလ်တရားထူး တွေကို ကိုယ်တိုင်တွေ့ရပြီး အားရ ကျေနပ်သွားကြတဲ့ ပုဂ္ဂိုလ်တွေဟာ တသိန်းမက များလှပါပြီ။" (နှာ-၃၃။)

(၄) "ယောဟိ ကောစိ ဘိက္ခဝေ (လ)အနာဂါမိတာ... အဲ့ဒီ ဝန်ခံ မိန့်ကြား ချက်အရ အနာဂါမ်အထိ မဖြစ်သေးတောင်မှ သောတာပန် ဖြစ်ဖို့ ကတော့ သေချာပါတယ်။ ယခုနေ အခါမှာ ဒီ သတိပဋ္ဌာန်ဒေသနာ တော်က ပြဆိုထားတဲ့အတိုင်း ဖောဝ်းတာ ပိန်တာကို အစပြုပြီး ကိုယ် အမူအရာတွေ ထင်ရှားဖြစ်ပေါ်လာတိုင်း၊စိတ်အမူအရာတွေ၊ ခံစားမှု ဝေဒနာတွေ၊ မြင်မှု ကြားမှု စသော သဘောတရားတွေ ထင်ရှား ဖြစ်ပေါ်လာတိုင်း မပြတ် ရှုမှတ်ခြင်းဖြင့်တလ နှစ်လခန့်မျှ အားထုတ် သူတွေ မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်သွား ကြရတာ များ စွာပင်ရှိနေပါပြီ" (နှာ-၅၀။)

(၅) "ဘုန်းကြီးက မိမိတဦးတည်း ထင်မြင်သဘောကျတာတွေကို လျှောက် ဟောနေတာ မဟုတ်ပါဘူး။ တပည့်ယောဂီ လေး,ငါး,ဆယ်ယောက် လောက် တွေ့မြင်ရုံနဲ့လဲ ဟောနေတာ မဟုတ်ပါဘူး။ ယောဂီတွေ ရာပေါင်းများစွာ ဒီအတိုင်း တွေ့မြင်နေပြီ၊ ယခုလဲ တချို့က တွေ့မြင် ဆဲ ဖြစ်နေကြတယ်။ ဒါ့ကြောင့် ဟောနေတာပါ။"(၁၃၂၀-ပြည့်နှစ်၊ ဝိပဿနာ အခြေခံတရားတော်၊ စာမျက်နှာ-၁၁၅။)

## ပရိယတ်မှာလဲ တာဝန်ရှိရှိ ကမ္ဘာသိ

ဆရာတော်သည် ပဋိပတ်သာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားရေး အတွက် ဝိပဿနာတရားများကို ကမ္ဘာလှည့်၍ပင် ဟောကြား ပြသွန်းတော်မူ နေရစေကာမူ ပရိယတ်တာဝန်ကိုလည်း မချ၊ ယခုတိုင် ဆောင်ရွက်တော်မူဆဲ ရှိ ပေ၏။

၁။ ၁၉-၀ါအရ၊ သက်တော် ၃၉-နှစ်၊ ၁၃၀၅-ခုနှစ်ကပင် ဂျပန်ခေတ် စက်သေနတ် ဗုံးတွေကြား စာမျက်နှာ-၉၅၀ ရှိ ဝိပဿနာ ရှုနည်း ကျမ်းကြီး (ပ-ဒု)နှစ်တွဲကို ၇-လနှင့်အပြီး ရေးသားတော် မူခဲ့၏။

http://www.dhammadownload.com



[ယခု ၈-ကြိမ် ရိုက်နှိပ်ပြီးလေပြီ။ ထိုစဉ်က စစ်အတွင်းကာလ ရွှာသစ်ကြီးရွာ၊ စစ်ပြေးပုံနှိပ်တိုက်ကလေး၌ ရွှာသစ်ကြီး၊ ရွှေစေတီတောရ ဘုန်းတော်ကြီး ဦးသုန္ဒရ (ယခု အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီဆရာတော်ဘုရားကြီး)၏ အကူအညီဖြင့် ဆေးလိပ် ဖင်အစီခံလုပ်မည့် စက္ကူများဖြင့် အုပ်ရေ-၅၀၀ စတင်ရိုက်ခဲ့ရ၏။ ဒုတိယတွဲ ရိုက်ပြီးခါနီး ရွှာသစ်ကြီးဗုံးချခံခဲ့ရ၍ မီးထဲပါသွားသည်။]

၂။ မဟာသတိပဋ္ဌာနသုတ်နိဿယ(၁၃၁၁၊အဓိပ္ပာယ် ရှင်းလင်းချက်များနှင့်တကွ)၊

၃။ ဝိသုဒ္ဓိမဂ္ဂ နိဒါနကထာ (၁၃၁၉၊ ပါဠိဘာသာရေး။ ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃာအဖွဲ့၏ တိုက်တွန်းချက်အရ ဂန္ထဝင်နှင့် သမိုင်း စိစစ်ချက်များ ပါဝင်သည်။)

၄။ ဝိသုဒ္ဓိမဂ် မဟာဋီကာကြီး နိဿယ(၁၃၂၂၊ စာမျက်နှာ-၅၀၀ ခန့်စီရှိသော အုပ်ကြီး ၄-အုပ်။ အဏုမြူဝါဒ စသော ဟိန္ဒူ ဒဿန ဖီလိုဆိုဖီများကို ဟိန္ဒီသက္ကတ အင်္ဂလိပ်ကျမ်းတို့၏ အဆိုအမိန့်များနှင့် ညှိနှိုင်း ရေးသားသည်။)

၅။ ဝိသုဒ္ဓိမဂ် မြန်မာပြန် (၁၃၂၃၊ စာမျက်နှာ ၅၀၀-ကျော် ဆိုက်ကြီး ၄-အုပ်။ ဆဋ္ဌသံဂါယနာ ဝန်ဆောင် သံဃာအဖွဲ့ဥက္ကဋ္ဌ၊ သံဃမဟာနာယက၊ အဘိဓဇ မဟာရဋ္ဌဂုရု ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက်အရ ကမ္မဋ္ဌာနာစရိယနှင့် ယောဂီ ရဟန်းတော်များအား စာချယင်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် ဋီကာကြီးတို့ကို မြန်မာပြန်နိဿယရေးခြင်း ဖြစ်သည်။)

၆။ ဝိပဿနာ အခြေခံတရားတော်၊ ပဋိစ္စသမုပ္ပါဒ်၊ ဓမ္မစကြာ၊ အနတ္တလက္ခဏ၊ မဟာသမယသုတ်များ တရားတော်စသော ဟောပြောသော ကျမ်းစာများလည်း ၄၀-ကျော် ပုံနှိပ်ပြီး ရှိလေပြီ။

ဤသို့သော အကြောင်းများကြောင့် ၁၃၁၆-ခုနှစ် မှစ၍ ဆဋ္ဌသံဂါယနာ တင်သောအခါမတင်မီ ၁၃၁၄-ခုနှစ်မှ၍ သံဂါယနာကိစ္စများကို ဆောင်ရွက်စီမံကြရရာ ပါဠိ,အဋ္ဌကထာ,ဋီကာ ကျမ်းပေါင်း တရာကျော်ကို ပြင်ဆင်တည်းဖြတ်မှု၌ ဆရာတော်အား အခြားအဖွဲ့ဝင် ဆရာတော်များနှင့်အတူ အများဆုံး တာဝန် ပေးအပ်ခဲ့ကြရလေသည်။

သံဂါယနာ တင်သောအခါတွင်လည်း ပထမ သံဂါယနာတင်စဉ်က အရှင်မဟာကဿပ,အရှင်အာနန္ဒာတို့ကဲ့သို့ မဟာစည်ဆရာတော်ဘုရားကြီးက မေးစိစစ်၍ တိပိဋကဓရ ဆရာတော်က ဖြေကြားခြင်း ပြုတော်မူခဲ့ကြရလေသည်။ ထိုပြင်

http://www.dhammadownload.com



၁၃၁၈-ခုနှစ်မှစ၍ အဋ္ဌကထာ ဋီကာများကိုပါ သံဂါယနာ တင်သောအခါ တွင်လည်း ဆရာတော်သည် သံဂါယနာ စိစစ်ခန်းများကို ဆောင်ရွက်တော် မူရ ပြန်လေသည်။

ပထမတွင် ဆရာတော့်နေရာ၌ အစားထိုး စိစဉ်ကြည့်ကြသေးသော်လည်း တာဝန်နှင့်လာသော သူများမှသာ ဆောင်ရွက်နိုင်သည့်ကိစ္စဖြစ်၍ ထိုအရှင်မြတ် ကြီးနှစ်ပါးသည်သာလျှင် စာပေစိစစ် တည်းဖြတ်မှုနှင့် ဟောပြော မေးဖြေမှု အားလုံးအတွက် အစမှအဆုံး ဆဋ္ဌသံဂါယနာ၏ လက်ရုံးကြီးနှစ်ဆူ တာဝန် အများဆုံး ယူတော်မူခဲ့ကြရလေသည်။

ကျေးဇူးရှင် တိပိဋကဓရ ဆရာတော်ဘုရားကြီးအား ဆဋ္ဌသံဂါယနာ အတွက် ၁၃၁၅-ခုနှစ်ကပင် တနှစ်ကြိုတင်၍ တိကျလှသော ကံကြမ္မာ စီရင်မှုအရ တိပိဋကဓရ ဖြစ်တော်မူခဲ့သဖြင့် ဆဋ္ဌသံဂါယနာ၏ ဖွားဘက်တော်ကြီးဖြစ်ကြောင်း အားလုံးကပင် လက်ခံခဲ့ကြ၏။ သို့ရာတွင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရား ကြီးကိုမူ ပဋိပတ္တိပုဂ္ဂိုလ် (ကမ္မဋ္ဌာန်းဘုန်းကြီး) ဟူသော သာမန်အသိဖြင့်သာ လက်ခံခဲ့ကြ၍ အစောပိုင်းက နီးစပ်သူများမှတပါး ဆရာတော်၏ ပရိယတ္တိအရည် အချင်းကို သိသူ နည်းပါးခဲ့လေသည်။

ပဋိယတ္တိနှင့်စပ်၍ ဆရာတော်နှင့် အနီးကပ် ထိတွေ့ဖူးသော နိုင်ငံခြားမှ ပါဠိပညာရှင်ကြီးအချို့ကား သံဂါယနာ မတင်မီကတည်းက နီးစပ် သိမြင်ခွင့် ရကြသဖြင့် မဆွကပင် လေးစားပြီးဖြစ်၏။ ဥပမာ-ဆဋ္ဌသံဂါယနာတင်ရန် ကြိုတင် စီစဉ်ရေးအတွက် သီဟိုဠ်နိုင်ငံမှ ဘိက္ခုအာနန္ဒ မေတ္တေယျ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘိက္ခုဗုဒ္ဓဒတ္တ (အဂ္ဂမဟာပဏ္ဍိတ)စသော ပညာရှိဆရာတော်များ ပါဝင်သော သာသနာရေးမစ်ရှင်အဖွဲ့တဖွဲ့ ပထမဆုံး မြန်မာနိုင်ငံသို့ လာရောက်၏။ သီဟိုဠ်သို့ ပြန်ရောက်လျှင် သီဟိုဠ်မှရင်းနှီးသော ရဟန်းရှင်လူများအား အာနန္ဒမေတ္တေယျ ဆရာတော်ကြီးက—

"ဗမာပြည်မှာ တိပိဋကဓရ နှစ်ပါး တွေ့ခဲ့ရတယ်" ဟုပင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ နာမည်ကို ထုတ်ဖော်ကာ ပိဋကနှင့် စပ်၍ မေးလျှောက်သမျှ ခဲရာခက်ဆစ်များကို ဖြေဆိုတော် မူနိုင်ကြောင်း ချီးကျူး ဂုဏ်ပြုစကား ပြောကြားခဲ့ဖူးလေသည်။

[ခေတ်အဆက်ဆက် သီဟိုဠ်-မြန်မာ ဆက်ဆံရေးသမိုင်းတွင် ဆရာ တော်ဘုရားကြီး၏ မြန်မာမှသီဟိုဠ်သို့ သတိပဋ္ဌာန်သာသနာပြုသမိုင်း သည် မျက်မှောက်ခေတ် သီဟိုဠ်သာသနာအား တခေတ်ပြောင်းစေ နိုင်သည့် ကဏ္ဍပင် ဖြစ်ပေသည်။]

http://www.dhammadownload.com



ကျေးဇူးရှင် အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော် ဘုရားကြီးကလည်း ဝိသုဒ္ဓိမဂ် မဟာဋီကာကြီး နိဿယနှင့် စပ်၍ ဆဋ္ဌသံဂါယနာတင်စဉ်က ဆရာတော် စိစစ် လျှောက်ထားချက်များကို ပြန်လည်ကြားယောင်မိကာ—

"မဟာစည်ဆရာတော်ဟာ သင်္ဂြိုဟ်ဆရာ, ဋီကာကျော်ဆရာတို့၊ အခြားကျမ်းပြုဆရာတို့ မမြင်ခဲ့တဲ့ အမှားများကိုတောင် မြင်အောင် ကြည့်နိုင်တယ်။ သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်း ဒိဋ္ဌိဝိသုဒ္ဓိအခန်းမှာ နာမ်ရုပ်တို့ကို လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ဖြင့် ပိုင်းခြား သိရမည် ဆိုထားရာမှာ ပဒဋ္ဌာန်ကို ဒိဋ္ဌိဝိသုဒ္ဓိအခန်းမှာ မဆိုသင့်သေးပဲ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိအခန်းကျမှသာ ဆိုသင့်ကြောင်း သံဂါယနာ စိစစ်ဟောပြောစဉ်က ထောက်ပြနိုင်ခဲ့တယ်။

"ဒီက ရွှေ မဟာစည်ဆရာတော်ထက် သာသူကိုမပြောနဲ့၊ တန်းတူပုဂ္ဂိုလ်ကိုတောင် တွေ့ရဖို့မလွယ်ဘူး။ မဟာစည်ဆရာတော်ရဲ့စွမ်းရည်သတ္တိကို သိလို့လဲ ဝိသုဒ္ဓိမဂ် မဟာဋီကာကြီး နိဿယရေးဖို့ တို့များက တိုက်တွန်းခဲ့တယ်" ဟူ၍ပင် ချီးကျူး ဂုဏ်ပြု အားပေးတော် မူခဲ့လေသည်။

## ဤစံတော်ဝင်လည်း တတပ်တအား

ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးနှင့် ကျေးဇူးရှင် မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, တိပိဋက နိကာယ ဆရာတော် ဘုရားကြီး နှစ်ပါးအား အမည်နာမတော်ကို ထုတ်ဖော် ရေးသားရသော်လည်း စင်စစ် မျက်မှောက်ခေတ် မြန်မာနိုင်ငံ ထေရဝါဒသာသနာ၏ ဘက်စုံ အခိုင်အမာ ရပ်တည်မှု မှန်ကန်ပုံကို ဓမ္မဓိဋ္ဌာန်အားဖြင့် ပြလိုရင်း ဖြစ်ပါသည်။

ပရိယတ် ပဓာနထားသော်လည်း ပဋိပတ်မကွာ၊ ပဋိပတ် ပဓာန ဆောင်သော်လည်း ပရိယတ်မလွတ်၊ အမည် အသံအားဖြင့် သူ့ရေစီးကြောင်းနှင့်သူ ခြားနားသည် ထင်ရစေကာမူ သာသနာ့ တာဝန်ကို ထမ်းဆောင်တော်မူကြရာ၌ တသားတည်းပင်ဖြစ်၍ ခေတ်အဆက်ဆက် နမူနာတင်ရန် သင်ခန်းစာပေးသကဲ့သို့လည်း ရှိပေ၏။

ဤသို့သော အာစာနည်အရှင်မြတ်ကြီးများ ဦးဆောင်သည့် သာသနာရိပ်တွင် မြန်မာဖြစ်ရသည်မှာ ဂုဏ်ယူမဆုံးအောင် ရှိအပ်လှပေသည်။

http://www.dhammadownload.com



ယနေ့ ကမ္ဘာ တခွင်လုံးသို့ ထေရဝါဒ သာသနာ မျိုးဆက် ပြန့်ပွားရ၍ ကမ္ဘာသူကမ္ဘာသားတိုင်းအား ချမ်းသာမှု ကိုယ်စီ ဝေငှရန် မြန်မာတို့၌ သမိုင်းပေး, ဘဝပေး တာဝန် ကျရောက်နေပြီ ဖြစ်သည် အားလျော်စွာ ထိုတာဝန်ကို လွယ်လင့်တကူထမ်းဆောင်ရန် မြန်မာတို့လက်ဝယ် စစ်မှန်သောဘဝမြင့်မားရေး, ငြိမ်းချမ်းရေး နည်းပညာကောင်းများလည်း အဆင်သင့်ရှိနေကြောင်း ကောင်းစွာ ရှုမြင် သုံးသပ်ကြရာသည်။


ထေရဝါဒသာသနာ မြန်မာမှကမ္ဘာသို့ လက်ဆင့်ကမ်းရာ၌ ဤ'သီဟိုဠ်ခေတ် စံတော်ဝင် အရိယာများ'သည်လည်း အားပေးထောက်ကူမှု ပြုပါစေခလို။

အသိမှန်ရ၍ ချမ်းသာကြပါစေ။

သူတော်ကောင်းခေတ်၊တရားမြတ်၊လွှမ်းပတ် ကမ္ဘာ တည်ရမည်။

၁၃၄၀-ပြည့်နှစ်၊ တပေါင်းလပြည့်နေ့၊ ဒွေးလှိုင်
(၁၂-၃-၁၉၇၈)

http://www.dhammadownload.com



# ကျမ်းအဖွင့်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အပဏ္ဏက ပဋိပဒါ

# ကိန်းသေ ကြီးပွားချမ်းသာရေး

လောက၌ သတ္တဝါတိုင်း၏ တူညီသော ဆန္ဒမှာ ကြီးပွားချမ်းသာလိုခြင်းပင် ဖြစ်၏။ သို့သော် ကြီးပွားချမ်းသာအောင် ကြံစည်, ပြောဆို, လုပ်ကိုင်ကြရာ၌ကား တဦးနှင့်တဦး တူညီချင်မှ တူညီကြပေလိမ့်မည်။

ဗုဒ္ဓရှင်တော်မြတ်၏ သဗ္ဗညုတဉာဏ်တော်အမြင်အရ သတ္တဝါတိုင်း ကြီးပွားချမ်းသာရအောင် ညွှန်ပြတော်မူထားသည်မှာကား နည်းလမ်းသုံးခုသာလျှင် ရှိပေ၏။ ဒါန၊ သီလ၊ ဘာဝနာ၊ ပေးရခြင်း, ရှောင်ရခြင်းနှင့် ကျင့်ရခြင်းပင်တည်း။

http://www.dhammadownload.com



## ပေးလှူကျင့်တာ အညံ့ခံတာ
## နစ်နာ ဆုံး ရှုံး ရခြင်း လော

သတ္တဝါအများစု၏အထင်နှင့်ကား ဆန့်ကျင်ကောင်းဆန့်ကျင်နေမည် ဖြစ်၏။ ပွဲဦးထွက် ပေးရသည်ကိုပင် ဆုံးရှုံးခံရသည်ဟု ထင်နေတတ်၏။ ရှောင်ရသည်ကို အညံ့ခံရ၊ သက်သက်မဲ့ အခွင့်အရေးကို လက်လွှတ်ရသည် ထင်နေတတ်၏။ ကျင့်ရသည်ကိုမူ သာ၍ပင် အနစ်နာခံရသည်၊ ကိုယ့်ကိုကိုယ် ညှဉ်းဆဲနေသည်ဟု ထင်နေတတ်၏။

လောကအထင်နှင့် ဗုဒ္ဓရှင်တော်မြတ်၏ အမြင်သည် ယေဘုယျအားဖြင့် ဖီလာဆန့်ကျင်မှု ရှိကောင်း ရှိနိုင်၏။ သို့သော် ဗုဒ္ဓရှင်တော်မြတ်၏ ဒေသနာတော်ကား ပွင့်လင်းလှပေ၏။ အာမခံချက်များလည်း ရဲတင်းလှပါပေ၏။

၁။ **ဒါန** လှန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာမှစ၍ ယနေ့ကျအောင် အလှူရဲလို့ မွဲရသူ တဦးတလေမျှ မရှိ၊ ကြီးပွားချမ်းသာနေသူ မှန်သမျှ ဒါနရှင်တွေသာ ဖြစ်ခဲ့ကြောင်း 'သင္ဃာယတန သံယုတ်-ကုလသုတ်'စသည်၌ အတည့်အလင်း ဟောပြတော်မူခဲ့သည် (သံ-၂၊၅၀၇)။

၂။ **သီလ** ပတ်ဝန်းကျင်၏ ချစ်ခင်ရှိညွတ်ခြင်း ခံရ၍ ပဒေသာပင်ကဲ့သို့ လိုတ, ရစေနိုင်သည်မှာ သီလသာလျှင် ဖြစ်ကြောင်း 'မူလပဏ္ဏာသ—အာကင်္ခေယျသုတ်' စသည်၌ ရဲရဲတင်းတင်း အာမခံထားတော်မူသည်(မ—၁၊၃၉)။

၃။ **ဘာဝနာ** ကိုယ့်အကျိုး ကိုယ်ဆောင်ရွက်မှုနှင့် သူ့အကျိုးပါ အောင်ခြင်း၊ သူ့အကျိုး ဆောင်ရွက်မှုနှင့် ကိုယ့်အကျိုးပါ အောင်ခြင်း၊ တချက်ခုတ်နှစ်ချက်ပြတ်၊ သတ္တဝါအများ ကြီးပွားချမ်းသာအောင် အကောင်းဆုံး လုပ်ဆောင်ပေးခြင်းမှာ တရားဘာဝနာအလုပ်ပင် ဖြစ်ကြောင်း 'မဟာဝဂ္ဂ သံယုတ်—သေဒကသုတ်' စသည်၌ (တကိုယ်ကောင်း ကိုယ်လွတ်ရုန်းသော အလုပ်မဟုတ်သည်ကို) ဥပမာ ဥပမေယျဖြင့် ပွင့်ပွင့်လင်းလင်း ညွှန်ပြတော်မူထားသည်။

တလောကလုံး ကြီးပွားချမ်းသာစေရန် အနည်းဆုံး ရဝ့်စွာ ဒါနပြုလိုသူအတွက်ပင်လျှင် တနေရာရာ၌ အဆင်သင့် ငံ့လင့်နေ

http://www.dhammadownload.com



ကြသော ဒါနဝတ္ထုများက ရှိနေကြသည်ပင်။ ထို့ထက် 'သော မံ လောကံ ပဘာသေတိ'ဟု မိန့်တော်မူသည့်အတိုင်း တလောကလုံး ကြီးကိုပင် အလင်းရောင်ပေးနိုင်သူ 'အဂ္ဂဒက္ခိဏေယျ' အဖြစ် ကျင့်ဆောင်လိုပါမူလျှင်လည်း အဆင့်ဆင့်လွယ်ကူသောလက်တွေ့ ကျင့်စဉ်များမှာ ပူပူနွေးနွေးပင် ရှိနေကြပါသေးသည်။ လူတို့ မလိုက်နာနိုင်သော ကျင့်စဉ်ကိုလည်း ဟောတော်မမူခဲ့ချေ။

## တကိုယ်ကောင်း မဟုတ်
## လှည့်လည် ဖော်ထုတ်ကြ

အထက်ပါ သုံးနည်းတို့တွင်လည်း တာဝန်နှင့်အရင်းအနှီးမှာ တခုထက်တခု ပိုမိုသက်သာ၍ သတ္တိအင်အား (အကျိုးသက်ရောက်မှု)မှာလည်း တခုထက်တခု သာ၍သာ၍ ကြီးမားကြောင်း 'အင်္ဂုတ္တရ–ဝေလာမသုတ်၊ သီလက္ခန္ဓဝဂ္ဂ–ကူဋဒန္တသုတ်' စသည်တို့၌ တခုနှင့်တခု အင်အားချင်းနှိုင်းယှဉ်၍ အကျယ်တဝင့် ဟောပြထားတော်မူလေသည် (အံ–၃၊၁၉၅။ ဒီ–၁၊၁၃၆)။

ယုံချင်ယုံ မယုံချင်နေ၊ ကျင့်ချင်ကျင့် မကျင့်ချင်နေ၊ 'အပဏ္ဏက ပဋိပဒါ= ကိန်းသေ ကြီးပွားချမ်းသာရေးကျင့်စဉ်များ' ဖြစ်သည် မှာကား ထင်ရှားလှပေသည် (မ–၂၊၆၂)။

ထို ဘဝကြီးပွားချမ်းသာရေးနည်းလမ်းများသည် တကိုယ်ရေ တကာယ လိုက်နာကျင့်သုံးသူ တဦးတည်းသာ ကြီးပွားချမ်းသာ ရသောနည်းများမဟုတ်ကုန်။ ကျင့်သုံးသူတို့၏ အင်အားအလိုက် ထိုသူနှင့်စပ်သမျှ တမိသားစု တရပ်တရွာမှအစ အနန္တစကြဝဠာ သို့ပင် အကျိုးသက်ရောက် စေနိုင်လေသည်။

ထို့ကြောင့်လည်း မြတ်စွာဘုရားရှင်သည် ထိုသဘောတရားကို ကောင်းစွာ သိမြင်ညွှန်ပြနိုင်သော ရဟန္တာအရှင်မြတ် ခြောက်ကျိပ်မျှ စုစည်းရရှိလာသည်နှင့် တပြိုင်နက်—

"ချစ်သားတို့....၊ တလောကလုံး ကြီးပွားချမ်းသာကြစေရန်၊ သနားစောင့်ရှောက်ရန်.... ဒေသစာရီ လှည့်လည် (ဟောပြောဖြန့်ချီ)ကြကုန်လော့။ တကြောင်းတည်းသောခရီးကိုပင် နှစ်ပါး မသွားကြကုန်လင့်"ဟု စေလွှတ်တော်မူခဲ့လေသည်။

http://www.dhammadownload.com



သမာပတ် ချမ်းသာဖြင့် တကိုယ်တော် လွတ်ငြိမ်းမှုကို ခွင့်ပြု လိုလားတော် မမူချေ။ (မဟာဝဂ္ဂ-ဝိ-၃၊ ၂၇) အဘယ့်ကြောင့် ဆိုသော် ယင်း 'ကိုန်းသေကြီးပွားချမ်းသာရေးနည်း' များသည် တဘာဝ, နှစ်ဘဝ၊ ဘဝတရာ, ဘဝတထောင် လေ့လာရှာဖွေရုံမျှ ဖြင့် ရရှိခဲ့သော နည်းများမဟုတ်ကုန်။ လေးသင်္ချေနှင့် ကမ္ဘာ တသိန်း၊ ဘဝပေါင်းများစွာ၊ အသက်ပေါင်းများစွာ၊ စည်းစိမ် ပေါင်းများစွာကို အရင်းအနှီးပြုပြီးမှ ရရှိလာသော နည်းများ ဖြစ်သောကြောင့် ပေတည်း။

ယင်းသို့ ခက်ခက်ခဲခဲ ရှာဖွေတော်မူခဲ့ရသော်လည်း သတ္တဝါ တွေက ပိန်းလွန်း၊ နည်းက လွယ်ကူသော်လည်း သိမ်မွေ့လွန်း သဖြင့် ရုတ်တရက် ယုံကြည်စွာ လက်ခံနိုင်ကြမည် မဟုတ်၍ ထုတ် ဖော် ညွှန်ပြရန်ပင် ပထမတွင် ဆုတ်ဆိုင်းဆိုင်း ဖြစ်တော်မူခဲ့ရပေ သေး၏။ (မဟာဝဂ္ဂ—ဗြဟ္မယာစနကထာ)။

## သဘာဝ တရား၌ ပုဂ္ဂိုလ် အခါ, နေရာဒေသဟူ၍မရှိ

ထိုမှတပါး ထိုကြီးပွားချမ်းသာရေး နည်းလမ်းများကို 'ဗုဒ္ဓ လက်ထက်တော်၌သာ ကျင့်လို့ ရနိုင်သည်၊ ယခုခေတ် မရနိုင်၊ မည်သည့် ပုဂ္ဂိုလ်မျိုးသာ ရနိုင်သည်၊ မည်သည့် ပုဂ္ဂိုလ်၌မရ၊ မည်သည့် အဆင့်ရှိ ပုဂ္ဂိုလ်များ မည်မျှလောက်သာ ကျင့်ရသည်' စသည်ဖြင့်လည်း ကန့်သတ်ချက် မရှိချေ။

ကြီးပွားချမ်းသာ လိုသလောက် ကျင့်ပိုင်ခွင့်ရှိ၍ ကျင့်သ လောက် ကြီးပွားချမ်းသာနိုင်လေသည်။

'အလံတရာ ရေမှာငုပ်သော်လည်း ငရုတ်သီးမှန်လျှင် စပ်ရ သည်' ဟူသကဲ့သို့ သဘာဝ တရားဟူသည် အချိန်အခါ, နေရာ ဒေသမရွေး၊ ပုဂ္ဂိုလ်ရေး မျက်နှာ မလိုက်ချေ။

ဤ 'စံတော်ဝင် ပုဂ္ဂိုလ် ထူးကြီးများသည်လည်း ယင်း အချက်ကို သက်သေထူကာ ထွန်းပြတော်မူနေကြ၏။

ယခုအခါ လူဦးရေ ၁၃-သန်း ပတ်ဝန်းကျင်၌ သာရှိ၍ ကမ္ဘာ့ ဧရိယာတွင် မပြောပ,လောက်သော သီရိလင်္ကာခေါ် သီဟိုဠ်ကျွန်းကလေးမှာပင် ဗုဒ္ဓ မရှိသည့်နောက် ဒါန, သီလ

http://www.dhammadownload.com



သူ့ရဲ့ကောင်းကြီးများနှင့်အတူ တန်ခိုးအာဘိညာဉ်ရ အရိယာ သူတော်ကောင်းကြီးများ ကုဋေချီ၍ ပွင့်ထွန်းဖြစ်ပေါ်တော် မူခဲ့ကြလေပြီ။

ရုပ်ပိုင်းဆိုင်ရာ, နာမ်ပိုင်းဆိုင်ရာ အထောက်အထားများ ယခုတိုင် တွေ့မြင်နိုင်ကြပါသေး၏။

ဝေးဝေးလံလံ နာမ်ပိုင်းဆိုင်ရာလည်း မဟုတ်ပါသေး၊ လွန်ခဲ့သော အနှစ်တစ်ရာ နှစ်ရာက ပူမျှားသည် ယခုအခါ လူ့ပြည် လူ့ရွာ လူ့ကမ္ဘာ၌ ညအခါ လျှပ်စစ်မီး တထိန်ထိန်ဖြင့် ရုပ်မြင်သံကြားများ နားထောင်ကြည့်ရှုကာ အာကာသတွင် သွားလာနေကြပြီ ဆိုသည်ကို အဘယ်သို့ ယုံကြည်နိုင်ရှာကြပါမည်နည်း။

## ခေတ်သည် ဆုတ်၍ ဆုတ်၍ မသွား
## တိုးတက်၍ တိုးတက်၍ လာနေ၏။

အနိမ့်ဆုံး ကျင့်စဉ်ဖြစ်သော ဒါနနှင့်စပ်၍ အနာထပိဏ်သူဌေးကြီးသည် ဗုဒ္ဓခေတ်၌ ၅၄-ကုဋေ လှူခဲ့၏။ ဗုဒ္ဓ မရှိသည့်နောက် အသောက မင်းတရားကြီးသည် (အသောကာရုံကျောင်းတော်ကြီးအတွက်) ကုဋေ-၁၀၀လှူခဲ့၏။ သီဟိုဠ်ခေတ် ဒုဋ္ဌဂါမဏိ အဘယမင်းကြီးသည် ကုဋေ-၁၀၀၀ကျော် လှူခဲ့၏။

လူအချို့ ထင်သကဲ့သို့ ခေတ်သည် ဆုတ်၍ ဆုတ်၍ မသွားပဲ၊ တိုး၍ တိုး၍သာ လာနေသည်ကို သမိုင်းက ပြည့်နေလေသည်။

အနိမ့်ဆုံး ဒါန၏ နောက်ကွယ်မှာပင် နက်ရှိုင်းစွာ တည်ရှိနေသည့် မမြင်ရသောအင်အားတို့ကား ထုထည်ကြီးမားလှပေ၏။

ဘုရားတဆူပွင့်ရာ တသာသနာတွင် တဦးတည်းအတွက်သာ နေရာရှိနိုင်သော လက်ဝဲ လက်ယာ စသော ဝိသေသ အရာထူး, အခွင့်ထူးများမှအပ၊ ဓမ္မအင်အားနှင့် စပ်၍ကား ဗုဒ္ဓခေတ်, ဗုဒ္ဓသာဝကကြီးများနှင့်မခြား၊ ဒါန, သီလ, ဘာဝနာ လိုရာ အင်အားများကို အချိန်အခါမရွေး၊ လူမျိုးဘာသာ, နေရာဒေသ မရွေး ရယူနိုင်ကြောင်း သီဟိုဠ်ခေတ် စံတော်ဝင် ပုဂ္ဂိုလ်ထူးကြီးများ၏ ဘဝနှင့် ရင်း၍ ပေးတော်မူခဲ့ကြသော သင်ခန်းစာများကို ရိုသေစွာ နာယူမှတ်သားကြပါကုန်စို့။

"သတဉ္စ ဓမ္မော န ဇရံ ဥပေတိ။"


(မဟာသုတသောမဇာတ်)။

http://www.dhammadownload.com



သူတော်ကောင်းတရားကား မည်သည့် အခါတွင်မျှ ဟောင်းနွမ်းဆွေးမြည့် ပျက်စီး၍ သွားသည်မရှိ၊ အခေတ်ခေတ်တိုင်း ထွန်းသစ်တောက်ပကာ အစဉ်သဖြင့် နုပျိုလန်းဆန်းလျက်သာ ရှိနေပေတော့၏။

http://www.dhammadownload.com



# အခန်း (၁)

# တိုင်းပြည်နှင့် သာသနာအတွက် အသက်ပေးခဲ့ကြသူ စံတော်ဝင် ပုဂ္ဂိုလ်များ

**သာသနာနှင့် ထိုက်တန်သူ**

သာသနံ ပုညဝန္တဿ
ပုညဇန္တာ,ဝ လဗ္ဘရေ၊
နာ'ပ္ပံပုညာ ကရဟုစိ
ပဂ္ဂဏ္ဍိတု' မဝိဿဟာ။

ဘုန်းကံနည်းသူတို့သည် သာသနာတော်ကို အနည်းငယ်မျှပင် ချီးမြှောက်ခွင့် မရကြကုန်၊ ဘုန်းကံရှိသူတို့သာလျှင် ရနိုင်ကုန်၏၊ အဘယ့်ကြောင့်ဆိုသော် သာသနာတော်သည် အတုမရှိ ဘုန်းကံကြီးမားတော်မူသော ဘုရားရှင်၏ သာသနာတော် ဖြစ်သောကြောင့်ပေတည်း။ (ပေါရာဏ ဂါထာ။)

http://www.dhammadownload.com



## ဆီပူအိုးကင်းပေါ်မှ ဂါထာတရာ

# ကလျာဏိယထေရ်

သီဟိုဠ်ကျွန်း အနောက်တောင်ပိုင်း ကလျာဏီမြစ်အနီး ကလျာဏီမြို့၌ ကလျာဏီတိဿမင်း (၃၀၆–၂၀၇-ဘီ-စီ) မင်းပြု၏။ 'ယဋ္ဌာလတိဿ' ဟုလည်း ခေါ်သည်။

ညီတော် အယျဥတ္တိယအား အိမ်ရှေ့ဥပရာဇာအရာနှင်းတော်မူ၏။ ညီတော် နောင်တော်နှစ်ဦးစလုံး ကလျာဏိယ မထေရ်ကြီးထံ ပညာသင်ခဲ့ကြရသည်။ မင်းဖြစ်သောအခါ မိမိတို့၏ ဆရာမထေရ်ကြီးအား နောက်ပါသံဃာများနှင့်အတူ နန်းတော်သို့ပင့်၍ နေ့စဉ် ဆွမ်းကပ်လှူလေ၏။

မကြာမီ ညီတော်အိမ်ရှေ့မင်းသည် မရီးတော် မိဖုရားကြီးနှင့် အကျွမ်းတဝင် ယဉ်ပါးဆက်ဆံ ဖောက်ပြန်လျက်ရှိရာ နောင်တော် ရိပ်မိသိရှိလေလျှင် ညီတော်မှာ ရွာသိမ်ရွာငယ်တခုသို့ ထွက်ပြေးတိမ်းရှောင် နေရသည်။

ညီတော် ဥတ္တိယမင်းသားလည်း ကာလကြာသောအခါ မရီးတော်ကို သတိရ လွမ်းဆွတ်သဖြင့် စာတစောင်ရေးကာ မိမိ၏ ကျွန်ယုံတော်တဦးအား မိဖုရားကြီးထံ အပို့လွှတ်လေ၏။ ထိုကျွန်ယုံတော်သည် တခုသော နံနက်တွင် ရဟန်းယောင်ဆောင်၍ သင်္ကန်းဝတ်ကာ နန်းတော်တံခါးမုခ်က စောင့်နေကာ ကလျာဏိယ မထေရ်ကြီး နောက်ပါသံဃာများနှင့်အတူ နန်းတွင်းသို့ဆွမ်းစားကြွအလာတွင် သံဃာများနှင့်တတူ ရောယောင် လိုက်ပါသွားလေသည်။

### ဆွမ်းကျွေးပွဲမှာ ချစ်စာခွေမိ

ကလျာဏိယမထေရ်ကြီး၏ စိတ်တွင်'မင်းနှင့် အကျွမ်းဝင်သော ရဟန်းတပါးဖြစ်မည်' အထင်ဖြင့် တစုံတရာ မမေးမမြန်းပဲ အမှတ်မဲ့ပင် ကြွတော်မူ၏။ မင်းကြီးလည်း 'မထေရ်ကြီး၏ တပည့်တပါးဖြစ်မည်' ဟုပင် ယုံကြည်၍ တစုံတရာ ပြောဆိုစစ်ဆေး မေးမြန်းခြင်းမပြု။ ထုံးစံအတိုင်း မင်းနှင့်မိဖုရားတို့ ဆွမ်း ဆက်ကပ်ကြ၏။ ဆွမ်း အနုမောဒနာတရားပြီးလျှင် မင်းကြီးက ဦးစွာထ၍ နန်းတွင်းသို့ ဝင်သွားခိုက် မိဖုရားကြီးမှာ သံဃာတော်အများအနီးသို့ တိုးသွားကာ ပန်းကန် ခွက်ယောက်များကို သိမ်းဆည်းစေရန် စီမံလေ၏။

http://www.dhammadownload.com



သံဃာတော်များလည်း ပြန်ကြွရန် ဟန်ပြင်နေခိုက် သက်န်းဝတ် တမန်လည်း မိဖုရားကြီးအနီး ကြမ်းပြင်ပေါ်သို့ ပေဖူးလွှာ စာခွေတခု ပစ်ချလိုက်၏။ မင်းကြီးလည်း အတွင်းဘော်သို့ မဝင်ရောက်သေးမီ အသံကြား၍ နောက်သို့ လှည့်ကြည့်လိုက်သည်။ ပေဖူးလွှာ စာခွေကို မြင်ရသဖြင့် ချက်ချင်း ပြန်လှည့်လာ၏။ စာကို ကောက်ယူ၍ ကြည့်လိုက်ရာ ဒေါသ အမျက် ခြောင်းခြောင်း ထွက်လေတော့သည်။

နန်းတော်မှ ထွက်ခွာကြွသွားသော သံဃာများထံ ချက်ချင်း နောက်က လိုက်စေ၍ ယနေ့မှ ဆွမ်းကျွေးရာသို့ လိုက်ပါလာသူ ရဟန်းယောင်အား မင်းချင်း များက ခေါ်ဆောင်လာကြရသည်။

ရဟန်းယောင်လည်း အမှန်အတိုင်း ဝန်ခံလျှင် မိမိရော၊မိမိဆရာ မင်းသား ကိုပါ ကွပ်မျက်မည်ကို သိသဖြင့် ကလျာဏီယ မထေရ်ကြီးအား အကာအကွယ် ယူရန် သတိရလေသည်။ မထေရ်ကြီးမှာ မင်းကြီး၏ ငယ်ဆရာလည်းဖြစ်၊အလွန် လည်း အကြည်ညိုခံရသည်ကို သိထားသည့်အတိုင်း မင်းကြီးက စစ်ဆေးလျှင်—

"ဒကာတော်မင်းကြီး....၊ ဒီစာခွေကို ဦးပဥ္စင်းအား ဆရာတော်ကြီးက မိဖုရားကြီးရှေ့မှာ ချခဲ့ရမယ်ဆိုလို့ ချခဲ့ရပါတယ်"ဟု ပြောလေ၏။ မင်းကြီးလည်း ပို၍ပင် ဒေါသထွက်ကာ—

"ငါကတော့ ရဟန္တာအမှတ်နဲ့ ကိုးကွယ်ခဲ့ဘူးယ်။ ယခုတော့ ညီတော်ရဲ့ တမန်အလုပ်ကို လုပ်ရက်ပါပေတယ်။ ငါ့ဆရာဟာ ငါ့မိဖုရားကြီးကိုပဲယူပြီး ဘုရင် များ လုပ်ချင်သေးလို့လား"ဟု ရေရွတ်ပြောဆိုလေ၏။

## ကလျာဏီယ မထေရ်နှင့် ဆီပူအိုးကင်း

အာဏာပါးကွက်သား သူသတ်သမားများကိုလည်း ချက်ချင်းဆင့်ခေါ် ကာ ကလျာဏီယမထေရ်ကြီးအား ကျောင်းသို့ သွားရောက် ဆွဲခေါ်စေ၏။ နန်း တွင်း၌ပင် ဆီအိုးကင်းကြီးတခု၌ ဆီများအပြည့်ထည့်ကာ ကျိုက်ကျိုက်ဆူအောင် မီးထည့်ခိုင်းလေ၏။ မထေရ်ကြီးရောက်လာလျှင် ဒေါသတကြီး ရေရွတ် ကြိမ်း မောင်းကာ တစုံတရာ မေးမြန်းစိစစ်ခြင်းမရှိ၊ ဆီအိုးကင်း၌ထည့်၍ ကြော်ပြီး သတ်ရန် တချက်လွှတ်အမိန့် ချလိုက်လေသည်။

မင်းကြီးသည် မစူးမစမ်း မဆင်မခြင်ပဲ ဒေါသတကြီး သူသတ်သမား မင်းခ ယောကျ်ားများအား အမိန့်ချနေသည့်အချိန်မှစ၍ ပညာရှိ မှူးကြီးမတ်ကြီး များလည်း တဦးပြီးတဦး သတိပေးစကားများ လျှောက်ထား သံတော်ဦး တင်

http://www.dhammadownload.com



ကြ၏။ အသက်ကိုပင်စွန့်၍ ဝံ့ဝံ့စားစား အကြောင်းအကျိုးပြ တားမြစ်ကြသော်လည်း မင်းကြီးမှာ မည်သူ့စကားကိုမျှ အလေးမမူ လျစ်လျူရှု၍သာနေလိုက်၏။ သတ်ရန်အမိန့်ကိုသာ တွင်တွင် ချမှတ်နေသည်။

မထေရ်ကြီးမှာ အမှန်အတိုင်းဖွင့်၍ ပြောသော်လည်း အခြား တစုံတဦးအား အသက်ဘေးမှ ချမ်းသာခွင့်ပေးမည်မဟုတ်သည်ကို သိတော်မူသဖြင့် မည်သို့မျှ အမိန့်ရှိတော်မမူဘော့ချေ။ သူသတ်သမားများ ဆွဲခေါ်ရာသို့သာ လိုက်ပါ၍ များစွာသံဝေဂဖြစ်တော်မူရလေ၏။ မေတ္တာနှင့် ဝိပဿနာ တရားကိုသာ ပွားများလိုက်ပါယင်း နန်းတွင်းသို့ရောက်လျှင်လည်း သူသတ်သမားများ စီမံဆွဲတင်သည့်အတိုင်း ဆီပူအိုးကင်းကြီးထဲသို့ ဆင်းသက်တော်မူရလေ၏။

မတုန်မလှုပ်ပင် ရုပ်နာမ်သဘောများကို ဆင်ခြင် သုံးသပ်ယင်း ဆီပူအိုးကင်းကြီးထဲသို့ ဆင်းတော်မူရာ ဆီပူထဲသို့ မကျရောက်မီမှာပင် မဂ်ဖိုလ်လေးဆင့် ဉာဏ်မြတ်ရင့်၍ အမြင့်မြတ်ဆုံးသော အရဟတ္တဖိုလ်သို့ ရောက်တော် မူလေ၏။ အရဟတ္တဖိုလ် ဂုဏ်သတ္တိကြောင့် မထေရ်ကြီး၏ မွေးညင်းတော်မျှကိုပင် ပူလောင်ခြင်း မရှိချေ။

## မထေရ်ကြီး၏ အတိတ်ကံ

မထေရ်ကြီးလည်း ဣန္ဒနီလာ ပတ္တမြားကျောက်ဖျာ၌ ရွှေဟင်္သာ တန်နားသကဲ့သို့ ဆီပူအိုးကင်းကြီးပေါ်၌ ရပ်တော်မူလျက်က ခန္ဓာကိုယ်၏ အပြစ်,သံသရာဘေးကြီးအကြောင်း အနီးရှိပရိသတ်အား ဟောကြားတော်မူရာ ဂါထာပေါင်း တစ်ရာ ရှိလေ၏။ 'တေလ ကဋ္ဌာဟ ဂါထာ'ဟု ခေါ်လေသည်။

မထေရ်ကြီးသည် တရားဟောပြီးလျှင် မိမိ၏ ဘဝဝဋ်ကံကြွေးကို ဆင်ခြင်တော်မူရာ ရှေးဘဝတခုက နွားကျောင်းသားဖြစ်စဉ် ယင်တကောင်ကို သေစေလိုသော စေတနာဖြင့် ကျိုက်ကျိုက်ဆူသော နွားနို့ရည်၌ နှစ်သတ်ခဲ့ဘူးသော အကုသိုလ်၏ကို တွေ့ရလေ၏။

"သြော်....ငါ့အား ထိုမကောင်းမှု အကျိုးကား ဆိုက်ရောက်လာလေပြီ။ ရှောင်၍မရ၊ မလွှဲမသွေ အကျိုးပေးတော့မည်။ ငါသည် ဤဝိပါက် ဝဋ်ကြွေးမှ မလွဲမဖယ်နိုင်တော့ချေတကား"ဟု ဆင်ခြင်တော်မူမိသည်နှင့် ဆီပူအိုးကြီးထဲသို့ သက်ဆင်းကာ ခန္ဓာဝန် ချတော်မူရလေသည်။

ကလျာဏီတိဿ မင်းကြီးသည် ရဟန်းယောင်သက်န်းဝတ် တမန်ကိုလည်း သုံးပိုင်းပိုင်း သတ်စေကာ မထေရ်ကြီးအလောင်းတော်နှင့်အတူ သမုဒ္ဒရာ၌ ပစ်ချ

http://www.dhammadownload.com



စေ၏။ ထိုအခါ ဘုမ္မစိုးနတ်, ရုက္ခစိုးနတ်, သမုဒ္ဒရာစောင့်နတ်မှအစ နတ်များ ဒေါသထွက်ကာ—

"တိုင်းကားပြည်ရွာနှင့်တကွ ကလျာဏီတိဿမင်းယုတ်အား ဖျက်ဆီးကြကုန်အံ့"ဟု တိုင်းပင်ကြသည်။ အခါမဲ့ သမုဒ္ဒရာရေများ လွှမ်းတက်လာစေကုန်၏။ တမြို့နယ်လုံး သမုဒ္ဒရာရေများ လွှမ်းမိုးလာရာ နေပြည်တော် ကလျာဏီမြို့နှင့် နှစ်ခါဝုတ်(လေးမိုင်)မျှသာ ဝေးတော့၏။ (ကလျာဏီမြစ်ကား ပင်လယ် ကမ်းခြေနှင့် ၁၆-မိုင်မျှသာဝေးကွာ၍ စေတီပါဒတောင်ကြားမှ မြစ်ဖျားခံ စီးဆင်းလာကာ မိုင်ကိုးဆယ်မျှ ရှည်လျား၏။)

သမုဒ္ဒရာရေသည် တရွေ့ရွေ့တက်လာရာ တဂါဝုတ်မျှသာ လိုတော့သော အချိန်၌ မိစ္ဆာအယူသည်းသော ပြဲဟ္မဏ အမတ်အချို့က—

"အရှင်မင်းကြီး....၊ အခါမဲ့ရေကြီးလာရာ သတ္တဝါတွေ သေကြေကုန်ကြရပါပြီ။ ကလျာဏီမြို့တော်လည်း တဂါဝုတ်မျှသာ လိုပါတော့သည်။ မဏိမေခလာ သမုဒ္ဒရာစောင့်နတ်ကို ပသပူဇော်မှသာလျှင် ချမ်းသာရာ ရကြပါတော့မည်"ဟု သံတော်ဦး တင်ကြ၏ ။

## ကံတရား၏ ဆန်းကြယ်ပုံ

မင်းကြီးလည်း အသိဉာဏ် အဆင်ခြင်ပညာ နည်း၍ အကုသိုလ်ကံကြီးကို ကျူးလွန်မိသူပီပီ မိစ္ဆာအယူရှိသော အမတ်များ အကြံပြုချက်ကို လက်ခံမိကာ ဆက်၍မှားပြန်၏။ မိမိရင်သွေး တဆယ့်နှစ်နှစ်မျှသာ ရှိသေးသော ဒေဝီခေါ် သမီးတော်ကလေး တပါးအား နတ်ဝတ်တန်းဆာများ ဆင်ယင်စေ၍ ရွှေအိုးစရည်းကြီးတလုံးအတွင်း၌ ထည့်ကာ ရေ၌မျှောချလျက် နတ်ပူဇော် ပသလိုက်ရလေ၏။ အိုးအတွင်း၌လည်း စားရေရိက္ခာနှင့်တကွ 'ကလျာဏီတိဿမင်းကြီး၏ သမီးတော်ဒေဝီ'ဟူသော စာတန်းနှင့်အတူ သမုဒ္ဒရာစောင့်နတ်အား ပူဇော် ပသလိုက်ကြောင်း စာရေး၍ ထည့်လိုက်လေသည်။

ကံတရားတို့ကား ဆန်းကြယ်လှပေစွ။

သမီးတော်ကလေး ဒေဝီအား ရေချမျှောလိုက်သောအခါ ရွှေအိုးစရည်းကြီးသည် လှိုင်းအဟုန်ဖြင့် မျှောပါသွားသော်လည်း နတ်များ စောင့်ရှောက်ကြသဖြင့် သီဟိုဠ်ကျွန်းကို လက်ဝဲရစ်ပတ်ကာ ရောဟဏတိုင်း၊ မဟာဂါမ နေပြည်တော်အနီး 'တောလက'ကျောင်းကြီးဆိပ်ကမ်း၌ ကပ်ရောက်လာလေ၏။

[ 'ပိဋကတော်လာ ပါဠိအမည်များ အဘိဓာန်' Dictionary of Pali Proper Names. ၌ မဟာဝံသဋီကာ-၄၃၂ကို ထောက်၍'တောလက

http://www.dhammadownload.com



ကျောင်းအနီးဆိပ်’ဟု ဆိုသည့်အတိုင်း ပြလိုက်သည်။ မဓုရ ရသဝါဟိနီနှင့် မဟာဝင် ဝတ္ထုတို့၌ ‘ကောဠလက၊ ယောဠကလက်ာ’ဟု ရှိနေကြသည်။]

ရေဆိပ်စောင့် ဆိပ်ကမ်းမှူးလည်း ထိုရွှေအိုးကြီးကို တွေ့မြင်ရ၍ ဆယ်ယူကြည့်ရာ လှပသော သတို့သမီးငယ်တဦးကို တွေ့ရသဖြင့် အလွန် အံ့အားသင့်သွားလေသည်။ ကလျာဏီတိဿမင်းကြီး၏ သမီးတော်ဖြစ်ကြောင်းသိရလျှင် ပို၍ပင် အံ့အားသင့်ခနလေ၏။

တောလကဆိပ် ကျောင်းနေ မထေရ်ကြီးအား လျှောက်ထား၍ မထေရ်ကြီးက ခေတ္တ မွေးမြူ စောင့်ရှောက်ထားရ၏။ ဆိပ်ကမ်းမှူးလည်း အိမ်ခြေသုံးသောင်းရှိ မဟာဂါမ နေပြည်တော် ကာကဝဏ္ဏတိဿမင်းကြီးထံ သွားရောက်သံတော်ဦးတင်လေသည်။မင်းကြီးလည်း ‘မဟာဝိဟာရဒေဝီ’ အမည်ဖြင့် မိဖုရားအရာ မြှောက်စားတော်မူလိုက်၏။ သုံးဝမ်းကွဲ မောင်နှမလည်း တော်စပ်လေသည်။

ဝိဟာရဒေဝီဟူသည် သာသနာပြုသူရဲကောင်းကြီး ဒုဋ္ဌဂါမဏိမင်းကြီးနှင့် ညီတော် သဒ္ဓာတိဿမင်းကြီးတို့၏ မယ်တော်ပင်တည်း။

ကလျာဏီတိဿမင်းကြီးမှာ မိစ္ဆာဒိဋ္ဌိအမတ်တို့၏စကားကို ယုံစား၍ မိမိချမ်းသာရေးအတွက် သမီးတော်ကလေးအား သမုဒ္ဒရာသို့ မျှောချလိုက်သော်လည်း သမီးတော်ကား မသေ၊ မိဖုရားခေါင်ကြီးပင်ဖြစ်ရလေ၏။ သမီးတော်အားရေမျှောချသောအချိန်မှစ၍ ကလျာဏီမြို့တော်ကြီးအတွင်း ရေလွှမ်းမိုးလာဘဖြင့် ပြည်သူတို့သာ အကုသိုလ်စက်ကွင်းမိကာ မင်းနှင့်အတူတကွ မရှုမလှ သေကြေပျက်စီးခဲ့ကြရရှာလေသည်။

ကံတရားတို့ကား ဆန်းကြယ်လှပါပေစွ။

အဆိုးကိုပင်သော်လည်း အကောင်းဟုထင်ကာ သတ္တဝါတို့သည် ပြုံးရွှင်နေတတ်ကြ၏။ အကောင်းကိုပင် သော်လည်း အဆိုးဟုထင်ကာ မရွှင်နှလုံး ယူကျုံးမရ ဝမ်းနည်းနေတတ်ကြ ပြန်သည်။ အဆိုးနှင့်အကောင်း တို့ကလည်း သောင်းပြောင်းရောထွေးကာ ရံခါ မျက်လှည့်ပြတတ်ကြသေး၏။ ‘ကမ္မဝိပါကော အစိန္တေယျော’ မဟုတ်ပါလော။

ကံဆန်းကြယ်သလောက်၊ သတ္တဝါတို့ကလည်း မိမိတို့ အသိဉာဏ်ကလေးမျက်တောင်မွေးတဆုံးကို အထင်ရောက်လွန်းကြ၏။ ထို့ကြောင့်လည်း မည်သည့်အခါမျှ မှုန်းခြေပေါက်ရသည်မရှိ၊ အတိဒုက္ခရောက်လျက်သာ နေကြရ၊သေကြရကုန်သည်။

ချမ်းသာမည် အထင်ဖြင့် ဒုစရိုက်တွေကိုသာ ဇက်ရဲလက်ရဲ တွင်တွင်ကြီးလုပ်နေကြ၏။ ကာယကံ, ဝစီကံကောင်းအောင် သီလကို ကြိုးကုတ်၍၊ မနောကံကောင်းအောင် သမာဓိအလုပ် လုပ်ရမည်ကိုမူ ခက်ခဲသည် ထင်နေကြလေ၏။

http://www.dhammadownload.com



တွေးချင်သလောက်တွေး၊ ပြောချင်သလိုပြော၊ ထင်ရာလုပ်ချင်သလို လုပ်ရသည်ကို အမြင်မှန် လွတ်လပ်သည်ဟု ခံယူနေကြသော သတ္တဝါတို့ အတွက် မြတ်စွာဘုရားရှင်၏ ကံဟောင်းပယ်မြစ်, ကံသစ်ထူထောင်ရေး တရားတော်ကား သိမ်မွေ့လှန်းစွ။

ထိုထက် ကောင်းဆိုးနှစ်တန် ကမ္မနိယာမ ယန္တရားကြီးကို ချိုးဖျက်၍ ၃၁-ဘုံနယ်နိမိတ်မှ ထွက်မြောက်ရာကျင့်စဉ်ကား သာ၍ပင် သိမ်မွေ့နက်နဲစွ။ လက်တွေ့ စမ်းသပ်ရဲသူများ သည်သာလျှင် ချမ်းသာလွယ်ကူသော နည်းဖြစ်ကြောင်း သိမြင်ကြရလေသည်။

ဝိဟာရဒေဝီသည် ကမ္မနိယာမ၏ နက်ရှိုင်းပုံကို သာဓကတင်ခဲ့၍၊ ကလျာဏီယ အရှင်မြတ်ကြီးကမူ 'မလွယ်ကူ'ဟု ထင်ရသော ဈာန်မဂ်ဖိုလ် စခန်းသည် လက်တကမ်းမျှ၌သာ တည်ရှိနေကြောင်း ပြည့္သန်တော်မူခဲ့လေသတည်း။

[မဟာဝံသ-ပါဠိ-၂၂၊ အခန်း-၁၃၊ ၂၂-ဂါထာ။ မဓုရဝတ္ထုနံပါတ်-၂၂၊ ကာကဝဏ္ဏတိဿဝတ္ထု။ သဟဿဝတ္ထု (သီဟိုဠ်မူ) ဝတ္ထုနံပါတ်-၃၉။ မဟာဝင်ဝတ္ထု၌ ကလျာဏီယထေရ်ကို အဘယထေရ်ဟုလည်းကောင်း၊ မဓုရ၌ ဓမ္မပါလဟုလည်းကောင်း ဆို၏။

နာမည်ကျော် 'ထေလ ကဋ္ဌာဟ ဂါထာ ၁၀၀'ကို ပဲနွယ်ကုန်းမြို့ သိမ်ကျောင်း ဦးစန္ဒောဘာသက မြန်မာအက္ခရာ ပြန်ဆို၍ မာန်လည်ဆရာတော် ဘုရားကြီးက ၁၂၈၁-ခုနှစ် အနက်မြန်မာပြန်ထားသည်။ D.P.N. ၌ ဂဂ-ဂါထာဟု ဆိုသည်။ 'သီဟိုဠ် ပါဠိစာပေသမိုင်း= The Pali Literature of Ceylon-162 ၌ အကျယ်ရှုပါလေ။]

http://www.dhammadownload.com

# ထေရပုဗ္ဗာဘယ စစ်သူကြီးနှင့် ဒုဋ္ဌဂါမဏိ အဘယမင်းကြီး

(သာသနာ-၃၇၃-၄၀၇။ ၁၀၁-၇၇-ဘီ-စီ)

ကာကဝဏ္ဏတိဿ မင်းကြီးသည် သားအကြီးဂါမဏိ (နောင်အခါဒုဋ္ဌဂါမဏိ)ငါးနှစ်ပြည့်၍ ညီတော်တိဿ (နောင်အခါသဒ္ဓာတိဿ) သုံးနှစ်ရှိလျှင် သံဃာတော်အရှင်မြတ်များအား ပင့်ဖိတ်၍ ထမင်းခံ့မင်္ဂလာ ကျင်းပ၏။

သံဃာတော်များသုံးဆောင်ပေးပြီး၍ ကျန်သောနို့ဃနာထမင်းကို ဝိဟာရဒေဝီမိဖုရားကြီးအားကျွေး၏။ သားတော်နှစ်ပါးအားလည်း—

“ကဲ....သားတော်တို့လဲ စားကြ။ သင်တို့ဟာ မြတ်စွာဘုရား သာသနာတော်ကို ပစ်ပယ်လျှင် ဤစားတဲ့ထမင်းများ အဆိပ် ဖြစ်ပါစေ” ဟုဆိုကာကျွေးလေ၏။ မင်းသားနှစ်ဖော်လည်း ဝမ်းသာအားရ စားကြလေသည်။

သိတတ်သောအရွယ်မှစ၍ သာသနာသွေး မွေးပေးလိုက်ခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



## သားကြီးဂါမဏိ

တဖန်၁၂-နှစ်၊၁၀-နှစ်ရှိလာသောအခါတွင်လည်း သံဃာယော် ငါးရာ ဘုဉ်းပေးပြီးသော ထမင်းကျန်၊ဟင်းကျန်များကို ပန်းကန်သုံးခုဖြင့်ထည့်၍ ဦးစွာ တပန်းကန်စီကို သားတော်နှစ်ဦးအား ပေးပြီးနောက် —

"ကဲ....သားတော်တို့၊ဒီထမင်းကိုသစ္စာဆိုပြီးစားကြရမယ်၊ ငါတို့သည် ဘိုးဘေးစဉ်လာမပျက် ဆင်းသက်ကိုးကွယ်လာသော သံဃာတော်အရှင်မြတ်တို့အား အဘယ်အခါမှ မျက်ကွယ်မပြု၊ ဂရုမမူ၊မကြည်ဖြူ မလှူဒါန်းပဲ မနေပါ။ အကယ်၍ နေမိခဲ့လျှင် ဤထမင်းသည် အစာမကြေ အဆိပ်သဖွယ်ဖြစ်ပါစေ"ဟုသစ္စာဆို၍ စားစေ၏။

သားတော်နှစ်ပါးလည်း ခမည်းတော် ဆိုပေးသည့်အတိုင်း သစ္စာဆို၍ ဝမ်းသာအားရ စားကြလေ၏။

ဒုတိယထမင်းတပန်းကန် ပေးသောအခါ ညီနောင်နှစ်ပါး 'မည်သည့်အခါမျှ မသင့်မတင့်မဖြစ်ပါ'ဟုသစ္စာဆိုကြရ၏။ ထိုအခါလည်း ဝမ်းသာအားရပင် စားကြလေသည်။

တတိယ တပန်းကန်ကိုမူ သားတော်တို့၏ စိတ်အလိုကို စမ်းသည့် အနေဖြင့် ဂင်္ဂါမြစ် တဘက်ကမ်း မြောက်ဘက်ဒေသရှိ သီဟိုဠ်နိုင်ငံအား မိစ္ဆာဒိဋ္ဌိ ကျေးကုလား(ဒမိဠ=တမယ်)မင်းများအုပ်စိုးနေသည်ကိုအကြောင်းပြု၍'ထိုကျေးကုလားများကို စစ်မတိုက်ပါ'ဟု သစ္စာဆို၍ အစားခိုင်းရာ ညီတော် တိဿသည် ထမင်းကိုယူ၍ပစ်လိုက်၏။ နောင်တော်ဂါမဏိကား ထမင်းများကိုပစ်ချချေမှုပြီး မစားပဲ ခမည်းတော်အား ရှိခိုး၍ထသွားလေ၏။

အိပ်ရာသို့ရောက်သောအခါ စန့်စန့်ရန့်ရန့် မအိပ်ပဲ ကောက်ကွေးကွေး တဆစ်ချိုးကြီးလုပ်၍ အိပ်နေရာ မယ်တော်ကြီး အနားလာ၍—

"သားကြီးရယ်.... ဘာဖြစ်လို့ ခွေခွေခေါက်ခေါက်ကြီး အိပ်နေရတာလဲ၊ ခြေလက်ဆန့်တန်းပြီး ချမ်းချမ်းသာသာ အိပ်ပါခံတော့လား သားရယ်"ဟု ချော့မော့ ပြောဆိုလျှင်—

"မယ်မယ်ဘုရား....၊ဂင်္ဂါမြစ် တဘက်ကမ်းမှာ ကျေးကုလားတွေ အုပ်စိုးနေတယ်မဟုတ်လား၊ ပြီးတော့ဂေါဌသမုဒ္ဒရာကြီးကလဲ အိမ်နားမှာပဲ ကပ်နေတယ်၊ ဒီဆောက်ကျဉ်းကျပ်တဲ့နေရာကလေးမှာ သားတော်ဘယ်လိုလုပ် ခြေလက်ဆန့်ပြီး အိပ်လောက်မှာလဲ မယ်မယ်ဘုရား"

http://www.dhammadownload.com



သီဟိုဠ်ကျွန်း တောင်ဘက်ဆုံး ရောဟဏနယ်၊ မဟာဂါမ၌ နန်းစိုက်၍ မဟာဝေလိဂင်္ဂါ၏မြောက်ဘက်နယ်များအားလုံး စောဠတိုင်းသား ကျေးကုလားများသာအုပ်စိုးနေ၍ မဟာဂါမနေပြည်တော်မှာ ကျဉ်းကျဉ်းမျှသာ ရှိကြောင်း ပြောဆိုခြင်းဖြစ်၏။ (ရှေးအခေါ်'မဟာဝါလုကဂင်္ဂါ-နဒီ' ဟုခေါ်၏။)

'မင်းဖြစ်မည့်သူရောင်ကလေးနှင့်'ဆိုသကဲ့သို့ အရွယ်နှင့်မလိုက်အောင်ရာဇမာန်နှင့်မျိုးချစ်စိတ်ရှိသော သားတော်၏စကားများကိုကြားရသောအခါ ခမည်းတော်,မယ်တော်တို့သည် ဝမ်းထဲကကျိတ်၍ ကျေနပ်မဆုံး တပွုံးပွုံးရှိကြရလေ၏။ (မဟာဝံသ-၂၂၊၇၃-၈၇။)

## အဘယ သူရဲကောင်း

ခမည်းတော် မင်းကြီးနတ်ရွာမစံပင်မှာမီ ဂါမဏိ၏လက်ရုံးပမာ သာသနာတော်နှင့် တိုင်းပြည်အတွက် အသက်ပေး၍ အရှင့်သစ္စာကို နာခံသော(ဂါမဏိနှင့် မတိမ်းမယိမ်း) သူရဲကောင်းစစ်သူကြီးဆယ်ဦးတို့ ပေါ်ပေါက်လာလေသည်။

ထိုတွင် အဘယသူရဲကောင်းစစ်သူကြီးကား ဂါဏိနှင့် တိုင်းပြည်အတွက် သေဖော်သေဖက်လောကီရဲဘက်တော်ကြီးတဦးဖြစ်သကဲ့သို့ သာသနာပြု လုပ်ငန်းနှင့် သံသရာအတွက် လောကုတ္တရာ မိတ်ကောင်းကြီးတဦးလည်း ဖြစ်လေသည်။

သူကား ကောဋ္ဌတောင်အနီး ကိတ္တိရွာသူကြီး ရောဟဏ၏သားဖြစ်၏။ လူကြီးငါးယောက် မချီ မ မနိုင်သော ကျောက်ဖျာကိုပင် ထွေလုပ်၍ကစားနိုင်၏။ အဘယ ဆယ့်ခြောက်နှစ်သားအရွယ် ရောက်လျှင် သူ၏ဖခင်က သုံးဆယ့်ရှစ်လက်သစ်အလုံးရှိ၍ တဆယ့်ခြောက်တောင် ရှည်သောတုတ်ကို လုပ်ပေးထားရသည်။ (မဝုရ ရသ၌ ၂၈-သစ်၊မဟာဝံသပါဠိ-၂၃၊ ၅၈၌၃၈-သစ်။ နောက်၌မူ ကွဲလျှင် မဟာဝံသအရ ပြဆိုသွားပေအံ့။)

အဘယသည် ထိုတုတ်ဖြင့် ထန်းပင်အုန်းပင်များကို ရိုက်ချိုးနိုင်သဖြင့် အားကောင်းသူအဖြစ် တစတစနာမည်ကြီးလာလေ၏။ ကာကဝဏ္ဏမင်းကြီးကြား၍ သားတော်ကြီး ဂါမဏိထံခစားရန် ရွေးကောက်လိုက်သည်။ ဖခင်ဖြစ်သူ သူကြီးမှာ မင်းမှုထမ်းဘဝ မဖြစ်စေလိုသဖြင့် မိမိသားအား သာမဏေပြုရန် အမြန်စီစဉ်ရလေ၏။

ဖခင်သူကြီးမှာ ကောဋ္ဌခေါ် တောင်ပေါ်ကျောင်း၌ သီတင်းသုံးတော်မူသော မဟာသုမ္မ မထေရ်ကြီး၏ ပစ္စည်းလေးပါးဒကာ, အလုပ်အကျွေးဒကာ ဖြစ်၏။ မဟာသုမ္မ မထေရ်ကြီး၏ တရားကိုနာရ၍ သောတာပန် ဖြစ်သွားသည်။ မကြာမီ မင်းကြီးအား သူကြီးတာဝန်များကို ခွင့်ပန်၍ ရှိသမျှပစ္စည်းများကို သားဖြစ်သူအား လွှဲအပ်ကာ ထိုကျောင်း၌ ရဟန်းပြုသွား၏။ တရားဘာဝနာများ

http://www.dhammadownload.com



အားထုတ်လေရာ မကြာမီ ရဟန္တာ ဖြစ်တော်မူသွားသည်။ ထို့ကြောင့် အဘယ သူရဲကောင်းကိုလည်း ထေရပုတ္တာဘယ (ဘုန်းကြီးသား အဘယ)ဟု ခေါ်ဆိုကြလေ၏။ (မဟာဝံသ-၂၃၊ ၅၅—၆၃။)

ရဟန္တာဖြစ်သောခမည်းတော်ကြီးလည်း သားအဘယအတွက် စိတ်မအေးသဖြင့် မင်းကြီးအား ပန်ကြားကာ ချက်ချင်း သာမဏေပြုပေးလိုက်၏။ သားအဖနှစ်ဦးလုံး ကပ္ပကန္ဒရအရပ်၌ အတူဝါကပ္ သီတင်းသုံး နေထိုင်ကြလေသည်။

အဘယသာမဏေသည် ဗောဓိပင်နှင့်တကွ ရဟန်း သံဃာများအတွက် ထန်း အုန်းစသော အသီးအပင်များကို များစွာ စိုက်ပျိုးထား၏။ တနေ့သော အခါ အဘယသာမဏေ ရွာတွင်းသို့ ခရီးသွားနေခိုက် ကာကဝဏ္ဏ တိဿမင်းကြီး၏ သူရဲကောင်းတဦးဖြစ်သူ ဂေါဌကုမ္ဗရသည် အပေါင်းအဖော်များနှင့်အတူ မဟာဂါမသို့သွားယင်း ထို ကပ္ပကန္ဒရကျောင်းသို့ ဝင်လာ၏။ ထမင်းစားပြီးနောက် အပေါင်းအဖော်များကအုန်းသီးစားချင်သည်ဆို၍ ဂေါဌကုမ္ဗရကအုန်းပင်များကို လှုပ်ခါချွေချ၍ ကျွေး၏။ စားပြီးနောက် အားလုံး တရေးတမော အိပ်နေကြလေသည်။

ထိုနောက် မကြာမီ အဘယသာမဏေ ရွာမှ ပြန်ရောက်လာ၏။ အုန်းပင်များ ကျိုးကျသည့်အပင်က ကျိုးကျ၍ မကုန်နိုင် မခန်းနိုင် စားသောက်၍ အုန်းခွံ အုန်းဆန်များ ဖရိုဖရဲ ပစ်ကြဲထားသည်ကိုမြင်ရ၍ ဒေါသထွက်ကာ အကျိုးအကြောင်းကိုမေးလျှင် ဂေါဌကုမ္ဗရ ပြုလုပ်ကြောင်း သိရသည်နှင့် အနည်းငယ် ပုကွသော ၎င်းအား—

"ဒီငကွဟာ ကိုယ့်ခွန်အားကိုသာ အထင်ကြီးပြီး သူတဖက်သား၏ ခွန်အားကို မသိလေ၊ ဒင်း....ငါ့အကြောင်းကို သိစေမည်"ဟု ကြံစည်ကာ အိပ်နေသော ဂေါဌကုမ္ဗရအနီးသို့ ကြွသွား၏။ ၎င်း၏ခြေကို မိမိခြေမနှင့်ညှပ်လျက် ဒရွတ်ဆွဲသွားလေရာ မည်သို့မျှ မရုန်းသာပဲ နာကျင်လူးလွန့်လျက်သာ ပါသွားရသည်။ ကျောင်း တလင်းပြင်တလျှောက် ဒရွတ်ဆွဲသွားပြီး ချာချာလည်အောင် ပွေ့ယမ်းလိုက်ရာ အပေါင်းအဖော်များက လွှတ်မြောက်စေရန် သာမဏေအနီးသို့ အပြေးလိုက်လာကြသည်။

ရောက်လာသူတိုင်းအား လက်ဖြင့် တောက်ရုံမျှ တောက်လိုက်ရာ အတုံးအရုံး လဲသူလဲကျ၍ ဖူးဖူးရောင်သူ ရောင်သွားလေ၏။ အနားသို့ မသီရဲကြတော့ပေ။

"ကိုရင်....တပည့်တော်ကို လွှတ်ပါတော့၊ ကိုရင့်အုန်းသီးဖိုး လျော်ပါ့မယ်၊ လွှတ်ပါတော့"ဟု တောင်းပန်၏။ အနီးပတ်ဝန်းကျင်ရှိ သံဃာများကလည်း ဝိုင်းဝန်း တောင်းပန်ကြသဖြင့် လွှတ်ပေးလိုက်လေသည်။

"ကိုရင်....၊ တပည့်တော် ပြိုင်ဘက်မရှိ သန်လှပြီ အောက်မေ့နေတာ၊ ယခု ကိုရင့်ကိုတွေ့ရတော့ တပည့်တော် ဝမ်းသာပါတယ်။ အဖော်ရတာပါပဲ"ဟုပင်

http://www.dhammadownload.com



စိတ်မဆိုးသည့်အပြင် ကျေးဇူးတင်စကားပြောကာ ရှင်လူထွက်ပြီး မင်းမှုထမ်းရန် ပြောကြားလေ၏။ ဆုတော် လာဘ်တော် လခရိက္ခာ များစွာရမည့်အကြောင်း ကိုပါ ပြောဆို သိမ်းသွင်းလေရာ–

"ဟော့....ကော့....၊ ငါ့မှာ ဘုရင့်ထံကရဖို့ မလိုပါဘူး။ ငါ့မိဘတွေမှာ အများကြီး ချမ်းသာကြပါတယ်"

ဂေါဋ္ဌဏ္ဍမ္ဘရလည်း သာမဏေအဘယအား ဆွဲဆောင်၍ မရသဖြင့် မဟာဂါမသို့ ခရီးဆက်သွားလေတော့၏။

နန်းတော်သို့ ရောက်သွားသောအခါ တနေ့တွင် ကာကဝဏ္ဏတိဿ မင်းကြီးက 'ဂေါဋ္ဌဏ္ဍမ္ဘရမှတပါး ခွန်အားကြီးသူများ ရှိ-မရှိ' မေးတော်မူလျှင် ထိုသာမဏေအကြောင်းကို သံတော်ဦးတင်လေ၏။ (မဝုရဋ္ဌ ဒုဋ္ဌဂါမဏိ မင်းကြီး ဟု ဆို၏။) မင်းကြီးက အခေါ်ခိုင်းသဖြင့် ဘုရင့် ဘဏ္ဍာ အသပြာနှင့် လှူဖွယ်တန်းရံများကိုပါ ယူဆောင်၍ ဂေါဋ္ဌဏ္ဍမ္ဘရသည် ကပ္ပကန္ဒရကျောင်းသို့ သွားရသည်။

ကျောင်းရှိ ရဟန်းသံဃာတော်များအား ကျွေးမွေး လှူဒါန်းပြီးနောက် အဘယသာမဏေထံ သွား၍–

ဂေါဋ္ဌ — ကိုရင်....၊ယခု ကိုရင့်မှာ ရဟန်းပြုပြီး ပဋိပတ်ကို အားမထုတ်နိုင်သေးပါဘူး၊ လူ့ ဝတ်ကြောင်နဲ့နေပြီး ကုသိုလ်ကောင်းမှုလုပ်ယင်လဲ လူနတ်ချမ်းသာ ရနိုင်တာပါပဲ။ မင်းကြီးက ကိုရင့်အကြောင်း သိရလို့ ဝမ်းသာနေပါတယ်။ လူဝတ်လဲပြီး ယခု လိုက်ခဲ့ပါ။

ကိုရင် — ဒကာ....၊ ကိုရင်ဟာ ရခဲလှတဲ့ဘဝ၊ သာသနာနှင့် ကြုံကြိုက်ရတဲ့ အခိုက် သာမဏေပြုကာ သီလကို ကြိုးစားဖြည့်ကျင့်နေပါတယ်။ ဘဝသံသရာ ဆင်းရဲတွေက ကင်းလွတ်ချင်လို့ပါ။ လောလော ဆယ် မလွတ်မြောက်နိုင်သေးပေမယ့် နေ့အခါတုန်းက တွင်းကြီး ချောက်ကြီးမှန်း သိမြင်ထားတော့ ညအခါမှာ ဒီထဲမကျအောင် သတိပြုရပါတယ်။

ဂေါဋ္ဌ — ဟုတ်ပါတယ်ကိုရင်....၊ လူတွေဟာ ရေထဲမျောပါပြီး သေကြေပျက်စီးနေကြရတာ မြင်နေလျက်နဲ့၊ ကယ်ဆယ်လဲ ကယ်ဆယ်နိုင်လျက်နဲ့ သည်အတိုင်း ကြည့်နေမယ်ဆိုယင် ကရုဏာရှိရာ မရောက်ဘူး။

ယခုအခါ ကျေးကုလားတွေဟာ ဗောဓိပင်နှင့်တကွ စေတီ ရုပ်ပွား ဘုရားကျောင်းကန်တွေ ဖျက်စီးပြီးနေကြတာ ကိုရင်အသိ ပဲမဟုတ်လား။ ရဟန်းသံဃာတော်တွေလဲ ပစ္စည်းလေးပါးချို့တဲ့၊ ဒကာ ဒကာမတွေလဲ အကျိုးမဲ့ သေကြရ၊ ဘုရားတောင်မှ

http://www.dhammadownload.com



ဒီပက်ရာ ခြေတော်ရင်းမှာ နိဗ္ဗာန်ကို ရနိုင်ပေမယ့် မယူခဲ့ဘူး၊ သတ္တဝါတွေကို ကယ်ဖို့ ပါရမီ ဖြည့်ခဲ့ရတာ ကိုရင်သိပြီး ဖြစ်ပါတယ်။

ယခုလိုအချိန်မှာ မင်းကြီးရဲ့သားတော်ကြီးနှင့် ပြန်ပေါင်းပြီး တိုင်းပြည်ရန်ကို ဖြိုခွင်းကာ သာသနာထွန်းလင်းအောင် လုပ်ရမယ့်အခါ ဖြစ်ပါတယ်။

သည်လို တိုင်းပြည်နှင့် သာသနာအတွက် ဆောင်ရွက်ပြီးမှ သာသနာတော်မှာဝင်ပြီး တရားဘာဝနာနှင့် နေချင်လဲ ချမ်းချမ်းသာသာနေလို့ ရသွားနိုင်ပါတယ်။

ဂေါဠ အပြောကောင်းသဖြင့် အဘယသာမဏေ လူထွက်ရလေ၏။ ဆံပင်မရှည်မချင်း ဂေါဠအိမ်၌ပင် နေရကာ ကာကဝဏ္ဏမင်းကြီးမှတဆင့် သားတော်ကြီး ဂါမဏိထံ ခစားရလေ၏။

ယခင် ရက်ပိုင်း လပိုင်းမျှ ခစားရစဉ်ကမူ ၁၆-နှစ်မျှသားသာ ရှိသေး၍ စွမ်းရည်များ မသိသာလှသေးချေ။ ယခုမူ ၁၈-နှစ် ၁၉-နှစ်သားရှိနေပြီဖြစ်၍ သားတော်ကြီး ဂါမဏိနှင့်အတူ အရွယ်မာန်နှင့် ဇာတိမာန်ထက်၍ လက်စွမ်းပြရန် ဟန်ရေးငင်သော အရွယ်ဖြစ်လေသည်။ (မဟာဝံသ-၂၃၊ ၅၄—၆၃။ မဓုရ ရသဝါဟိနီ-၂၆-ထေရပုတ္တာဘယ သူရဲကောင်းဝတ္ထုမှ။)

## မိဘအမြော်အမြင်နှင့် သံဃာတော်အရှင်တို့၏ မေတ္တာ

# မောဓိမာတု မဟာတိဿထေရ်

ကာကဝဏ္ဏတိဿမင်းကြီးသည် အရှည်မျှော်ကာ ၁၈-နှစ် ၁၉-နှစ်ရွယ်ရှိ အားကောင်း မောင်းသန်သော သူရဲကောင်းကြီး တကျိပ်ကို စုဆောင်း၍ သားတော်ကြီးထံ ခစားစေ၏။ လစာရိက္ခာများစွာ ထောက်ပံ့ထားသည်။ ဆင်အာဇာနည်များလည်း ထွက်ပေါ်လာ၏။

သူရဲကောင်းတဦးလျှင် စိတ်ကြိုက် ရဲဘော်ဆယ်ဦးစီမှအစ တစ်ထောင့်တစ်ရာဆယ်ဦးခန့်စီအထိရအောင် အသီးအသီး စည်းရုံးခိုင်းရာ တစ်သောင်းတစ်ထောင့်တစ်ရာ စုစည်းမိလေသည်။

http://www.dhammadownload.com



သားတော်ကြီး ဂါမဏိနှင့် သူ့ရဲ သူခက်တို့သည် မဟာဂါမ နေပြည် ခမည်းတော်ကြီး အနီး၌ ခစားကာ ဆင်စီး မြင်းတက် စစ်ရေးများ လေ့ကျင့် နေကြရ၏။ သားတော်ငယ် တိဿကိုမူ နယ်ပယ်လုံခြုံရေးအတွက် ဒီဃဝါပိ အရပ်၌ နေစေ၏။

ဂါမဏိသည် စစ်သည် သူ့ရဲသူခက် လက်နက်အင်အား တိုးပွားခိုင်ဖြိုး၍ လာလျှင် မိစ္ဆာဒိဋ္ဌိ သာသနာဖျက် ကျေးကုလားများကို သီဟိုဠ်ကျွန်းမှ တိုက် ထုတ်ရန် ခမည်းတော်အား သုံးကြိမ်တိုင်တိုင် ခွင့်တောင်းရာ မရလေ။ လက်ရှိ နယ်ပယ်မျှနှင့် ကျေနပ်နေရန် ဖျောင်းဖျပြောဆို၏။

စိတ်ခုတ်ကြွနေသော ဂါမဏိသည် ခမည်းတော်ကိုပင် သတ္တိနည်းသူဟု တင်လာကာ ရဲဘော်တဦးအား မိန်းမ အသုံးအဆောင်များကို ခမည်းတော်ထံ အပို့ လွှတ်လေရာ မင်းကြီး မျက်တော်မူလေ၏။ သားတော်ကြီးအား ဖမ်းချုပ်ရန် ရွှေခြေကျဉ်း အလုပ်ခိုင်းရာ ဂါမဏိသည် မလယဇနပုဒ်သို့ ထွက်ပြေးသွားလေ သည်။

ထိုအခါမှစ၍ ဖခင်အား ပြစ်မှားသူ ဖြစ်သဖြင့် 'ဒုဋ္ဌ (ပြစ်မှားသူ) ဂါမဏိ'ဟု တွင်လေသည်။ (အမည်အပြည့်အစုံမှာ 'ဒုဋ္ဌဂါမဏိအဘယ'ဖြစ်သည်။)

တနေ့သောအခါ အမြော်အမြင်ကြီးသော ခမည်းတော် မင်းကြီးသည် စိတ္တလတောင်၌ သီတင်းသုံးတော်မူကြသော ရဟန္တာ အရှင်မြတ်ကြီးများ များစွာ ပါဝင်သည့် သံဃာတော် တစ်သောင်း နှစ်ထောင်တို့အား ပရိက္ခရာအစုံလှူကာ မင်္ဂလာစေတီ ပူဇော်ပွဲ ကျင်းပ၏။ စစ်သူကြီးများကိုလည်း စည်းဝေးခေါ်ယူကာ သံဃာတော်များရှေ့၌ 'ညီတော် နောင်တော်နှစ်ပါး မသင့်မမြတ် ဖြစ်ခဲ့သော် မည်သူ့ ဘက်ကိုမျှ မလိုက်ပါကြရန်' သစ္စာအဆိုခိုင်းလေ၏။

သက်တော် ၆၄-နှစ်၊ ၆၄-မျိုးသော ကျောင်းကန်စေတီ သာသနာပြု ကုသိုလ်ကြီးများ လုပ်ဆောင်အပြီး မင်းကြီး နတ်ရွာစံလေသည်။

## ရုတ်တရက် ပေါ်ပေါက်လာသော စစ်ပွဲကြားက တောင်ကြီး

ခမည်းတော်နတ်ရွာစံသဂြိုဟ်ပြီးသည်နှင့် ညီတော် နောင်တော် စစ်ဖြစ်ကြ ၏။ စူဠင်္ဂဏိယအရပ်၌ တိုက်ပွဲကြီးဖြစ်ရာ စစ်သည်ထောင်ပေါင်းများစွာ ကျဆုံး ကြရသည်။

နောင်တော်ဒုဋ္ဌဂါမဏိ စစ်ရှုံး၍ တိဿ အမတ်နှင့်အတူ မြင်းမ တကောင် စီးကာ ထွက်ပြေးရလေ၏။ ညီတော် တိဿလည်း ဆင်အာဇာနည် ကဏ္ဍုလကို

http://www.dhammadownload.com



စီးကာ စစ်သည် အလုံးအရင်းနှင့် လိုက်ပါ တိုက်ခိုက်လေရာ ရှေးအခါက မရှိဖူးသော တောင်ကြီးတလုံးသည် ရှေ့ကဆီးကာနေသည်ကို တွေ့ရသဖြင့်—

"အဘိညာဉ်ရသော ရဟန္တာ အရှင်မြတ်ကြီးများ တားမြစ်တော်မူလေမှကော"ဟု သိသည်နှင့် ပြန်နစ်လေ၏။ နောင်တော်လည်း တန်ခိုးကြီးသော သာသနာစောင့် မထေရ်ကြီးများ၏ အစောင်အမကို ရပြီဟု သိသည်နှင့် စိတ်ချလက်ချ ကပ္ပကန္ဒရမြစ် ဇီဝမာလီဆိပ်သို့ တိမ်းရှောင်သွားလေသည်။ (မဟာဝံသ—၂၄၊ ၁—၂၂။)

## စစ်ပြေးယင်း လှူရသော ဆွမ်းတနပ်

ဒုဋ္ဌဂါမဏိမင်းသည် ကျွန်ယုံတော် တိဿအမတ်၊ မြင်းတကောင်နှင့် ထွက်ပြေးလာကြရာ ပင်ပန်းဆာလောင်လှသဖြင့်—

"နောင်တော် တိဿ,...၊ ကိုယ်တော်မြတ် ယမန်နေ့ကလဲ ပွဲတော် မတည်ရဘူး၊ ဆာလဲဆာလှပြီ၊ ဘယ်လိုလုပ်ကြမလဲ"ဟု မေးလျှင် တိဿ အမတ်က ရွှေခွက်ဖြင့် ထည့်ယူလာကော တယောက်စာ ထမင်းတော့ ရှိကြောင်း သံတော်ဦးတင်လျှင် ညီတူညီမျှ လေးပုံ ပုံရန် မိန့်တော်မူ၏။

**တိဿ** မင်းကြီး....၊ ကျွန်တော်မျိုးတို့ မြင်းနှင့်ပါမှ သုံးဦးတည်းရှိရာ ဘယ့်နှယ်ကြောင့် လေးပုံပုံရပါသလဲ။

**ဒုဋ္ဌ** နောင်တော် တိဿ၊ ကိုယ်တော်မြတ်ဟာ သိတတ်တဲ့အရွယ်ကစပြီး သံဃာတော်အရှင်မြတ်များကို ဆွမ်းဦး မပေးလှူပဲ မစားဖူးဘူး၊ ယနေ့လဲ မလှူရသေးပဲနဲ့တော့ ပွဲတော်မတည်လိုဘူး။

(သို့နှင့် တိဿ အမတ်လည်း လေးပုံ ပုံရ၏။ ပြီးလျှင်—) ကဲ.... နောင်တော်၊ ပုံပြီးယင် 'ဆွမ်းဘုဉ်းပေးချိန်စာန်ပါပြီး အရှင်မြတ်တို့ဘုရား' လို့ လျှောက်ထား ကြွေးကြော်ပါ။

**တိဿ** မင်းကြီး....၊ ဒီတောကြီး မျက်မည်းထဲမှာ ဘယ်ကလာ အလှူခံပုဂ္ဂိုလ် ရနိုင်ပါ့မလဲ။

**ဒုဋ္ဌ** အို....ဒါ သင်ပူစရာ မရှိပါဖူး။ ပီပီသသ ကြွေးကြော် လျှောက်ထားပါ။ ကိုယ်တော်မြတ် သဒ္ဓါတရားရှိရိုးမှန်လျှင် အလှူခံအရှင်မြတ်များ ရလာမှာပေါ့။

http://www.dhammadownload.com



တိဿ အမတ်လည်း အသံနေအသံထားဖြင့် သုံးကြိမ်တိုင်တိုင်ကြွေးကြော် လျှောက်ထားလိုက်လျှင်ပင် ပိယင်္ဂုကျွန်းနေ ဗောဓိမာတု မဟာတိဿမထေရ်ကြီး သည် ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ကြားသိတော်မူ၍ အကြောင်းစုံ သိမြင်တော် မူသဖြင့် မင်းကြီးအားချီးမြှောက်ရန် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူ၏။

မင်းကြီးလည်း မထေရ်ကြီးတပါးသက်န်းရုံသပိတ်ပိုက်၍ ကြွရောက် အလှူ ခံလေလျှင် 'ကဲ....နောင်တော် တိဿ၊ တွေ့တယ်မဟုတ်လား'ဟုဆိုကာ သပိတ်ကို ယူပြီးလျှင် ပို၍သဒ္ဓါတရား ပေါက်လာသဖြင့် မထေရ်အတွက် ဝေစုကိုသာမက မိမိ ဝေစုကိုပါ လောင်းလှူလိုက်၏။

"အရှင်ဘုရား....၊ ဤကောင်းမှုကြောင့် နောင်သောအခါ စားရေရိက္ခာ အတွက် တစုံတရာသော အနှောင့်အယှက်ကိုမျှမတွေ့ကြုံရပါစေသား"ဟုလျှောက် ၍ ရှိခိုးပြီး ရပ်နေခိုက် တိဿအမတ်လည်း ကြုံခေါင်ကြုံခဲ ဖြစ်၍ သူ့ဝေစုကိုပါ လှူလိုက်သည်။

မင်းကြီးသည် လောင်းလှူပြီးကြသောအခါ အနီးရှိ မြင်း(မြည်း)မကြီးကို ကြည့်မိလေရာ မြင်းမကြီးမှာလည်း သူ့ဝေစုကိုပါ လောင်းလှူလိုသော အရိပ် လက္ခဏာ မြင်ရသဖြင့် ဝေစုအားလုံးကိုပင် လှူလိုက်ကြလေသည်။

မထေရ်ကြီးလည်း ဆွမ်းအလှူခံပြီး ကောင်းကင်ခရီးဖြင့်ပင် ပြန်ကြွလေရာ မိမိနေရာသို့ရောက်လျှင် သံဃာတော်တစ်သောင်း နှစ်ထောင်တို့အားလည်း ကပ်လှူ တော်မူရလေ၏။ မင်းကြီးလည်း—

"ဆာလိုက်တာ အလွန်ပဲ၊ ဆွမ်းကျန်ကလေးများ ပို့လိုက်ယင်တော့ ကောင်းမှာပဲ"ဟုစဉ်းစားမိသည်ကို မထေရ်ကြီးသိတော်မူသဖြင့် ဆွမ်းစားအပြီး သုံးဦးစာချန်၍ သပိတ်ကိုတန်ခိုးတော်ဖြင့် ကောင်းကင်မှစေလွှတ်တော်မူလိုက်၏။ မင်း၊ အမတ်နှင့် မြင်းမကြီး သုံးဦးသားလည်း ဝလင်အောင်စားကြရလေ၏။

မင်းကြီးသည် သပိတ်ကို ကိုယ်တော်တိုင် ဆေးကြောပြီးနောက် သပိတ် ချည်း မပို့လိုသဖြင့် တံဘက်ကိုဖြေကာ သပိတ်သုတ်ပဝါအဖြစ် ချည်၍ မထေရ် ကြီး လက်တော်ရောက်အောင် အဓိဋ္ဌာန်၍ မြှောက်လိုက်သည်။ သပိတ်လည်း ကောင်းကင်၌ ပျံတက်သွားကာ မထေရ်ကြီးလက်တော်သို့ ရောက်သွားလေ၏။

[အံ-ဋ္ဌ-၂၊ ၁၀၅-၇—နိဒါနသုတ်အဖွင့်။ မဟာဝံသ-၂၄၊၂၄-၃၁ ၌ကား ဒုဋ္ဌဂါမဏိမင်းအား သရဏဂုံသီလပေးသော ပိယင်္ဂုကျွန်းနေ ဂေါတမမည်သော ဆရာမထေရ်ကြီး ဒိဗ္ဗ သောတဖြင့် ကြားတော်မူ၍ တပည့် ကုဋ္ဋုမ္ဗိယတိဿအား ကောင်းကင်ခရီးဖြင့် သွားရောက်အလှူခံ စေသည်ဟု ဆို၏။]

http://www.dhammadownload.com



## ဆရာတော် သရဏံ ဂစ္ဆာမိ

ဒုဋ္ဌဂါမဏိသည် ဇီဝမာလီဆိပ်မှ နေပြည်တော် မဟာဂါမသို့ပြန်၍ လူသူစုရုံးကာ စစ်သည် ခြောက်သောင်းမျှရလျှင် ညီတော် တိဿအား ထိုးစစ်ဆင်ပြန်၏။ ညီတော်သည် ခမည်းတော်နတ်ရွာစံ သဂြိုဟ်သည့်အချိန်က ခေါ်ဆောင်သွားသော မယ်တော်ဝိဟာရဒေဝီနှင့် ကဏ္ဍုလဆင် အာဇာနည်ကို လက်လွှတ်ရကာ ထွက်ပြေးရ၏။ စစ်သည်လည်း များစွာ ဆုံးရှုံးနစ်နာသွားသည်။

နောင်တော် မင်းကြီးက နောက်ကလိုက်၍ ဖမ်းလေရာ ကျောင်းတိုက်တခုထဲသို့ ပြေးဝင် ပုန်းခိုသွား၏။ မထေရ်ကြီးလည်း မင်းသားအား ခုတင်အောက်သို့ ရုတ်တရက် ထိုးသွင်းထားကာ အပေါ်က သင်္ကန်း လွှမ်းဖုံး ထားလိုက်၏။

ဒုဋ္ဌဂါမဏိ မင်းကြီးလည်း နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာရာ မထေရ်ကြီးအား—

"အရှင်ဘုရား....ငမိုက်သားတိဿ ဘယ်မှာပါလဲ"ဟု မေးလျှောက်လျှင်—

"မင်းကြီး....တိဿ ခုတင်ပေါ်မှာမရှိပါလား"ဟု လိမ်းလွှဲဖြေတော်မူရာ (သိလျက်နှင့်ပင် သံဃာတော်ကို လေးစားသောအားဖြင့်) ကျောင်းအပြင်သို့ ထွက်လာခဲ့၏။ သို့ရာတွင် ကျောင်းဝင်းကိုမူ အစောင့်ချထားလိုက်သည်။ မထေရ်ကြီးလည်း ကြာလျှင် လွတ်ရန်မရှိ၍ တိဿ မင်းသားအား ခုတင်ငယ် တခု၌ လျောင်းအိပ်စေ၍ ရဟန်းတော် အလောင်းချသည့်ဟန်ဖြင့် သင်္ကန်း ဖုံးကာ ရဟန်းငယ်လေးပါးကို ထမ်း၍ ကျောင်းအပြင်သို့ ထုတ်ဆောင်စေ၏။ မင်းကြီးလည်း ထိုအပြုအမူကို သိမြင်တော်မူသဖြင့်—

"ဟယ်....ငမိုက်သား တိဿ....နင်ဟာ ငါတို့ ဘိုးဘွားအစဉ်အဆက် ကိုးကွယ်သော သံဃာတော်တို့ရဲ့ ခေါင်းပေါ်ကနေ ထွက်ပြေးတယ်ပေါ့လေ....ငါဟာ ငါတို့ ကိုးစားရာ သံဃာတော်အရှင်မြတ်တို့ထံက ဗလက္ကာရ လုံမယူလိုဘူး။ သင်သာ မသေမချင်း အမျိုးတို့ကိုးကွယ်ရာ သံဃာတော်အရှင်မြတ်တို့ရဲ့ ကျေးဇူးဂုဏ်ကို အာရုံပြုပါလေ"ဟု ပြောဆိုကာ မယ်တော်နှင့် ကဏ္ဍုလ ဆင်အာဇာနည်ကို ခေါ်ဆောင်ကာ မဟာဂါမသို့ ပြန်လေ၏။

ညီတော် တိဿလည်း ဒီဃဝါပိအရပ်သို့ ထွက်ပြေးကာ မိမိအပြစ်ကို သတိရသဖြင့် ဂေါဓဂတ္တတိဿ မထေရ်ကြီးထံ ချဉ်းကပ်၍ သံဃာငါးရာ ပင့်ဆောင်ကာ နောင်တော်အား လာရောက်ဝန်ချ ကန်တော့လေသည်။ (မဟာဝံသ—၂၄။)

သိတော် မြင်တော်မူကြသော သံဃာတော်အရှင်မြတ်တို့သည်ပင် တိုင်းပြည်နှင့် သာသနာအတွက် ဘုန်းနှင့်သမ္ဘာ ထက်ကြပ်ပါသော ညီနောင် မင်းသားနှစ်ပါးအား အမျိုးမျိုးကူညီ စောင်မတော် မူကြရလေသည်။

http://www.dhammadownload.com



## စစ်ပွဲပြန်မင်းကြီး နေ့ခင်းတကြောင့် ကြွလာရသော

# ဝိယင်္ဂကွန်းနေ ရဟန္တာ မထေရ်ကြီးများ

အမြဲတမ်း ညီညွတ်နေကြရမည့်သူအချင်းချင်း မသင့်မမြတ်ဖြစ်နေကြသဖြင့် မူလ ရည်ရွယ်ရင်း တိုင်းပြည်နှင့် သာသနာ့ရန်သူဘက်သို့ မျက်နှာမမူနိုင်ပဲ ရှိခဲ့ကြရ၏။

ရတနာသုံးပါး ဦးထိပ်ထား၍ ညီနောင်အချင်းချင်းလည်း သင့်မြတ်ကာ သူရဲကောင်းတကျိပ်နှင့် ရဲဘက်စစ်သည် အင်အားလည်း ကောင်းလာ၏။ နှစ်ပေါင်းများစွာ ဂင်္ဂါမြစ်တဘက်ကမ်း၌ အခြေစိုက် ကြီးစိုးနေခဲ့သော မိစ္ဆာဒိဋ္ဌိ ကုလားများကို ဖြိုဖျက်ရန် စီမံကြလေ၏။

စစ်ချီမည်ရှိသောအခါ မဟာဂါမနေပြည်တော်ရှိ တိဿ မဟာ ဝိဟာရ ခေါ် ကျောင်းတော်ကြီးသို့ ဦးစွာသွားရောက်၍ သံဃာတော်များကို ရှိခိုး ကန်တော့လေ၏။ ထိုကျောင်းတော်ကြီး၌ကား ရဟန္တာအရှင်မြတ်ကြီးများ ရာထောင်မက သီတင်းသုံးတော်မူနေကြသည်။ မင်းကြီးသည် သံဃ မထေရ်ကြီးများအား—

"အရှင်မြတ်တို့ဘုရား....ဒကာတော်သည် သာသနာတော် ထွန်းပ၍ တိုင်းသားပြည်သူ ရှင်လူ ရဟန်းတို့ ချမ်းသာကြစေရန် ဂင်္ဂါမြစ် တဘက်ကမ်းသို့ သွားရပါမည်ဘုရား။ ရဟန်းသံဃာတော် အရှင်မြတ်များကို အစဉ်ဖူးမြင်ရခြင်းသည် 'သမဏာနဉ္စ'ဒဿန' မင်္ဂလာဖြစ်သည့်အပြင် သူတော်ကောင်းတို့၏ သီလ သမာဓိ ပညာကြောင့် ဘေးရန်အကာအကွယ်လည်း ရနိုင်ပါသည်။ အစဉ်မပြတ် ဖူးမြော်ရ၍ ဒါနကုသိုလ်လည်း မြောက်စေရန် ရဟန်းတော်များကို ဒကာတော်နှင့်အတူ ထည့်ပေးတော်မူကြစေချင်ပါသည် အရှင်ဘုရား"ဟု လျှောက်ထားရာ သံဃာ့မထေရ်ကြီးများလည်း ရဟန်းငါးရာ ခွင့်ပြုတော်မူလိုက်ကြသည်။

မူလကပင် စစ်သည်ပေါင်း ခြောက်သောင်းကျော်ရှိသော မင်းကြီးသည် ဤကဲ့သို့ ရဟန်းတော်များအား ပင့်ဆောင်သည်မှာ လောကရေးရာ သာမန်အကူအညီ အကာအကွယ်အတွက်မဟုတ်ချေ။ တိုင်းပြည်နှင့် သာသနာအတွက် ရတနာသုံးပါး ဦးထိပ်ထားခြင်းသာလျှင် ဖြစ်ပေသည်။

မြို့ရွာအသီးသီး ကြီးစိုးအုပ်ချုပ်နေသော ကျေးကုလား မင်းပေါင်းပင် ၃၂-ဦး ရှိလေရာ တနှစ်ကျော်ကျော် တမြို့ပြီးတမြို့ ချီတက်သိမ်းပိုက်ရရာ ကျေးမင်းနှင့် ကျေးကုလားပေါင်း အက္ခောဘိဏီ (၂၁၈၇၀၀)မက များပြားစွာ သုတ်သင်ရလေ၏။

စစ်သည်တော်များ ခေါးလှုံဆေးသော ကန်ကြီးပင် ခြင်းခြင်း နီနေ၍ 'ကုလတ္ထဝါပီ'ဟု ထင်ရှားလေသည်။

http://www.dhammadownload.com



## သာသနာအတွက် စစ်တိုက်ရခြင်းနှင့် နောင်တ

မင်းကြီး၏စစ်သည်များ အမှတ်သညာကေ်တပင် မထားနိုင်လောက်အောင် များပြားလှသဖြင့် အချင်းချင်းပင် လက်လွန်မိကြရလေ၏။ ထိုအခါ မင်းကြီးသည် အောက်ပါအတိုင်း သစ္စာဆိုတော်မူသည်။

ရဇ္ဇ သုခါယ ဝါယာမော၊
နာ'ယံ မမ ကဒါစိပိ။
သမ္ဗုဒ္ဓ သာသနဿေ'ဝ၊
ဌပနာယ အယံ မမ။ ။(၂၅၊၁၇)

"ငါ့ယခု စစ်တိုက်ခြင်းသည် မင်းစည်းစိမ်ဟူသော ငါ၏ ကိုယ်ကျိုးစီးပွားရလိုမှုလို့လ ဘယ်အခါမျှ မရှိခဲ့ဖူးပါ။ မြတ်စွာဘုရားရှင့်သာသနာတော် စည်ပင်ပြန့်ပွား၍ သတ္တဝါအများချမ်းသာရန်အလို့ငှာသာ ဖြစ်ပါသည်။ ဤသစ္စာစကားကြောင့် ငါ၏ စစ်သည်တော်များ ဝတ်ဆင်ထားသော အဝတ်တန်ဆာများသည် မီးအလျှံအဝါကဲ့သို့ လွန်စွာတောက်ပလျက် အောင်ပွဲရပါစေသတည်း။"

ဤသို့ သာသနာကိုဦးတိုက်၍ သစ္စာဆိုလိုက်ရာ စစ်သည်တော်များကို မြင်လိုက်ရရုံဖြင့် ရန်သူတို့ ကြောက်ရွံ့ကြရလေသည်။ နှစ်ဆယ့်ကိုး (၂၉) ကြိမ် စစ်ထိုးရ၏။ (၂)နှစ်ကျော်ကာလ ကြာလေသည်။

ထေရပုတ္တာဘယစသော ဖွားဖက်တော် သူရဲကောင်းကြီးများနှင့်အတူ တမြို့ပြီးတမြို့သိမ်းပိုက်အောင်မြင်၍ ထီးနန်းဥကင်ဖွင့်သောအခါ များစွာသော လူတို့အား သတ်ဖြတ်ခဲ့ရသည်ကို ဆင်ခြင်စဉ်းစားမိရာ 'သာသနာပြုချင်၍ လုပ်သော်လည်း အပါယ်လားမည့်အလုပ်ပင် ဖြစ်လေမည်'ဟု ကုက္ကုစ္စ နောင်တဖြစ်ကာ အိပ်စက်၍ မရလေ။

ထိုအကြောင်းကို ပိယင်္ဂုကျွန်းနေ အဘိညာဉ်ရ ရဟန္တာမထေရ်ကြီးများ သိမြင်တော်မူကြသဖြင့် မင်းကြီးအား တရားဓမ္မပြရန် ရဟန္တာမထေရ်ကြီးရှစ်ပါးကို နန်းဆောင်သို့ လွှတ်တော်မူကြလေသည်။ မင်းကြီးက အကျိုးအကြောင်းမေးလျှောက်ရာ တရားဟောရန်လာသည်ဆို၍ မိမိ၏နောင်တဖြစ်ပုံကို လျှောက်လျှင်–

"ဒကာတော်မင်းကြီး....၊ ကျေးစစ်သည် မိစ္ဆာဒိဋ္ဌိတို့ကို သတ်ဖြတ်ရသော အကုသိုလ်ကံသည် နတ်ရွာသုခကို မရအောင်လည်း မတားနိုင်။ မဂ်ဖိုလ်နိဗ္ဗာန်ရရန်

http://www.dhammadownload.com



အနှောင့်အယှက်လည်းမဖြစ်။ သေကြရသော စစ်သည်များတွင် လူတယောက်နှင့်တပိုင်းသာ သတ်မိသည်။ ကျန်သမျှမှာ မိစ္ဆာချည်းဖြစ်၍ သားနွားသတ်သော အပြစ်မျိုးမျှသာ ရှိပေ၏။ (ငါးပါးသီလတည်သူတဦးနှင့် သရဏဂုံတည်သူတဦးဟု ဆိုလိုသည်။)”ဟု မိန့်တော်မူကြသည်။

ကုက္ကုစ္စစိတ် (နောင်တ)ကို ဖြေဖျောက်၍ စိတ်ချမ်းချမ်းသာသာဖြင့် သာသနာပြုရန်ကိုသာ မိန့်မှာပြီး ပြန်ကြွတော်မူကြ၏။

## ဒုဋ္ဌဂါမဏိမင်းကြီး၏ ငရုတ်သီးတတောင့်

မင်းကြီးလည်း မိမိဘဝတလျှောက်၌ နတ်ရွာစံ ခမည်းတော်ကြီး ထမင်းခွံ့မင်္ဂလာလုပ်ပေးသော အချိန်မှစ၍ တဖွဖွ ဆုံးမတော်မူခဲ့သည့်အတိုင်း သံဃာတော်အား အဦးအဖျား မလှူမတန်းပဲ တစုံတရာ စားသုံးခဲ့ဖူးခြင်း ရှိမရှိ ဆင်ခြင်စဉ်းစား၍ နေမိ၏။

စဉ်းစားသောအခါ စစ်တိုက်ရစဉ်က တခုသော နံနက်စာစားစဉ် သံဃာတော်အား မပေးလှူပဲ ငရုတ်သီးတတောင့် စားမိခဲ့ဖူးသည်ကို သတိရလေရာ မိမိကိုယ်ကို ဒဏ်ခတ်သောအားဖြင့် ထိုနေရာ၌ (လုံးပတ်-၅၆ဝ၊ အမြင့် ၆ဝ-ပေရှိ) ငရုတ်သီးတတောင့်စေတီ (မရီစဝဋ္ဋိ)နှင့် ကျောင်းအရံကို ဦးဦးဖျားဖျား သာသနာအတွက် အသပြာ တဆယ့်ကိုးကုဋေ စွန့်ကြဲ လှူဒါန်းလေ၏။ [သုတ္တနိ-ဋ္ဌ-၁၊ ၆၃။ အပ-ဋ္ဌ-၁၊ ၁၇၄။ စူဠနိ-ဋ္ဌ၊ ၁ဝ၃-နှင့် မဟာဝံသ-၂၅-အခန်း။ ရတနာတန်ဖိုး မပါသေး။ ထိုကျောင်း ရေစက်ချပွဲ ဗြာဟ္မဏတိဿပြည်ပျက်ဘေးကြီးအကြောင်း၌ ပြမည်။]

## ရာထူးမယူလိုသော ထေရပုတ္တာဘယ

ဒုဋ္ဌဂါမဏိ မင်းကြီးသည် သာသနာတော် ၃၈၃–ခုနှစ်တွင် သီဟိုဠ်ကျွန်းမြောက်ပိုင်း အနုရာဓ နေပြည်တော်၌ နန်းစိုက်ကာ ရာဇာဘိသေက သဘင်ဆင်ယင်၍ သီဟိုဠ်တကျွန်းလုံး၏ ကေရာဇ်ဘုရင် ဖြစ်တော်မူ၏။

ထီးနန်းဥကင်၌ ညီလာခံသဘင် စတင်သောနေ့မှာပင် ဒုဋ္ဌဂါမဏိမင်းဘုရားကြီးသည် တိုင်းပြည်နှင့် သာသနာတော်အတွက် သက်စွန့်ကြိုးပမ်း အတူ ကွ ထမ်းဆောင်ခဲ့ကြသော သူရဲကောင်း စစ်သူကြီးများအား ဆုတော်လာဘ်တော်များ ချတော်မူ၏။ မြို့စားရွာစား ပေးသနားကာ မှူးကြီးမတ်ရာ သေနာ

http://www.dhammadownload.com



ပတိစသော ရာထူး ဌာနန္တရများကို အသီးအသီး ခွဲဝေမြှောက်စားတော် မူလေသည်။

အသီးအသီး ဝမ်းမြောက်ဝမ်းသာ ရာထူးဌာနန္တရများ ခံယူကြသော်လည်း ဘုန်းကြီးသား ကိုရင်လူထွက်ဖြစ်သူ ထေရပုတ္တာဘယခေါ် အဘယစစ်သူကြီးကား ပေးသောရာထူးကို ငြင်းပယ်လိုက်သဖြင့် မင်းကြီးနှင့်တကွ အားလုံး အံ့သြကြလေ၏။

**မင်းကြီး** အမောင် အဘယ....။ တိုင်းပြည်နှင့် သာသနာအတွက် အသက်ကိုပင် စွန့်ပြီး ဆောင်ရွက်ခဲ့ကြရာ သာသနာပြုရမယ့်အခါ, ချမ်းသာစွာ နေရမယ့်အချိန်မျိုးမှာမှ ဘာ့ကြောင့် ပေးတဲ့ရာထူးကို ငြင်းပယ်ရသလဲ။

**အဘယ** မှန်လှပါ အရှင်မင်းကြီး....၊ ကျွန်တော်မျိုးကြီးမှာ စစ်တိုက်ရန် ကျန်ရှိနေသေးလို့ပါ။

**မင်းကြီး** အလို....ဘယ်လိုသံတော်ဦး တင်လိုက်တာလဲ အဘယ....၊ မောင်မင်းနှင့်တကွ ငါကိုယ်တော်အရှင်မြတ်များ တိုင်းပြည်နှင့်သာသနာကို ဖျက်ဆီးနေတဲ့ မိစ္ဆာဒိဋ္ဌိ ရန်သူများကို အောင်မြင်လို့ ယခုအခါ ငါကိုယ်တော် အရှင်မြတ်သည်ပင်လျှင် တကျွန်းလုံးရဲ့ ကေရာဇ်ဘုရင် ဖြစ်နေမှုကော၊ ဘယ်ရန်သူတွေ ကျန်ရှိနေသေးလို့ ဘယ်လိုများ တိုက်ပွဲဝင်စရာ ရှိသေးလို့လဲ။

**အဘယ** မှန်လှပါ အရှင်မင်းကြီး....၊ တိုင်းပြည်နှင့် သာသနာ့ရန်၊ အရှင်မင်းကြီးရဲ့ အန္တရာယ်မှန်သမျှ အမြစ်မကျန် သုတ်သင်ခဲ့ရပါပြီ။ အလွန်တရာ အောင်နိုင်ခဲသော ကိလေသာ အတွင်းရန်သူများနှင့် စစ်တိုက်ဖို့ ရှိနေပါသေးတယ်။ ကိလေသာရန်သူနှင့် စစ်မူခြင်းကို ခွင့်လွှတ်တော်မူပါ။

ညီလာခံ သဘင်တွင် မင်းကြီးနှင့်တကွတအံ့တသြဖြစ်ကြရလေ၏။မင်းကြီးမှာ မငြင်းမဆန်သာ ကျေနပ်ဖွယ်ရာလည်းဖြစ်နေသဖြင့် ရှုတ်တရက် စကားမဆိုသာရှိလေ၏။ သို့ရာတွင် သေဖော် သေဖက် ကျေးဇူးရှင်တဦး ဖြစ်နေ၍လည်း ရှုတ်တရက်ခွင့်မပြုလို၊ အကြိမ်ကြိမ်တားတော်မူ၏။ အဘယလည်း အကြိမ်ကြိမ် ခွင့်တောင်းကာ နောက်ဆုံးတွင် ခွင့်ပြုချက်ရသဖြင့် နှစ်ကြိမ်မြောက် သာသနာ့ဘောင်သို့ ဝင်တော်မူ၏။

သက်ရှယ်တော် နှစ်ဆယ်ကျော်ရုံမျှသာရှိသေး၍ ဒ...ယမထေရ်အတွက် ကိလေသာစစ်ပွဲသည် အခက်ခဲမရှိ အောင်ပွဲရတော်မူလေသည် ...ဟာန်းပြု၍ မကြာ

http://www.dhammadownload.com



မိပင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်တော်မူ၍ နောက်ပါ ရဟန်း ၄ ါးရာပင် ခြံရံလျက်အရဟတ္တဖိုလ်ထီးဖြူဖွင့်ကာ အမြင့်မြတ်ဆုံးသော သည်ပိုးခြင်းဖြင့် သတ္တဝါတို့၏ အကျိုးကို သည်ပိုးတော်မူလေ၏။

ထိုအကြောင်းကို မင်းကြီးကြားသိရသောအခါ 'ငါတို့စစ်တိုက်သောအမှုသည် နတ်ရွာ မဂ်ဖိုလ်နိဗ္ဗာန်၏ အန္တရာယ်မဖြစ်ဟု မိန့်တော်မူကြသည်မှာ မှန်လှပါပေစွ'ဟု အားရရွှင်မြူးကြည်နူးဝမ်းမြောက်တော်မူလေ၏။ (မဟာဝံသ-၂၆၊ ၁-၅။ မဓုရ ရသဝါဟိနီ။)

## ဒုဋ္ဌဂါမဏိကုသိုလ်တော် ကုဋေတထောင်ကျော်

ဒုဋ္ဌဂါမဏိ မင်းတရားကြီးလည်း ကလေးငယ်ဘဝမှစ၍ မိဘ၏စကား, သူတော်ကောင်းများ၏ မေတ္တာကို ခံယူတော်မူရသဖြင့် အထိကရ သာသနအဆောက်အအုံကြီးများကို တခုပြီးတခု တည်ထားကာ နန်းစံ ၂၄-နှစ် လုံးလုံး သာသနာပြုတော်မူလေ၏။

ကုသိုလ်တော်အရပ်ရပ်အတွက် ကိန်းဂဏန်းတပ်၍ရသော ကုသိုလ်ကောင်းမှု (ဒါတဗ္ဗဝတ္ထု)အစုစုကား ငွေအသပြာချည်းသက်သက် ကုဋေပေါင်းတထောင်နှင့် လေးဆယ့်ကိုးကုဋေဖြစ်၏။ တန်ဖိုးမဖြတ်နိုင်သောရတနာအလှူနှင့် မှတ်တမ်း မတင်သော နိစ္စဗဒ်အလှူများ မပါသေးချေ။

## လောဟပါသာဒ ကြေးပြာသာဒ်ကြီး

သာသနာတော်နှစ် ၂၃၆-ခုနှစ် နန်းတက်သော ဒေဝါနံပိယတိဿမင်းကြီးသည် အရှင်မဟိန္ဒ မထေရ်ကြီး၏ ဗျာဒိတ်စကားများကို နန်းစဥ် မှတ်တမ်း၌ ရေးသား၍ သံသေတ္တာ၌ သိမ်းဆည်းထား၏။ ဒုဋ္ဌဂါမဏိမင်းကြီးသည် ထိုသံသေတ္တာကို ဖွင့်ကြည့်သောအခါ မိမိအမည်နာမနှင့်တကွ သာသနာတော်အတွက် ဆောင်ရွက်ရမည့်ကုသိုလ်တော်စာရင်းများကို ဖတ်ရှုရသဖြင့် အတိုင်းမသိ ဝမ်းသာတော်မူလေသည်။

ထိုတွင် ဒေဝါနံပိယတိဿ မင်းကြီး၏ ကောင်းမှုတော် မဟာဝိဟာရ ကျောင်းတိုက်တော်ကြီးအတွင်း၌ သံတောင်၁၂၀-ရှိ မဟာစေတီကြီး တည်မည့်အကြောင်း၊ ဘုံကိုးဆင့်၊ တဆင့်တဆင့်လျှင် စုလစ်မွန်ချွန် အဆောင်တရာစီ ပါ၍ အလျား အနံ အမြင့် သံတောင်တရာစီရှိသော ကြေးအုတ်ကြွပ်မိုး ပြာသာဒ်ကြီး

http://www.dhammadownload.com



(လောဟပါသာဒ) ဆောက်လုပ်မည့် အနေကြောင်းများကို ဖတ်ရှုရလေရာ မဟာဝိဟာရ ရဟန္တာအရှင်မြတ်ကြီးအား လျှောက်ထား၍ ဦးစွာ ကြေးပြာသာဒ်ကြီးကို ဆောက်လုပ်စေလေသည်။

ပြာသာဒ်ကြီးပုံစံကို ရဟန္တာအရှင်မြတ်များ နတ်ပြည်ကြွရောက်၍ ကူးယူခဲ့သော ဘရဏီနတ်သမီး၏ဗိမာန်နှင့်အတူ ရတနာမျိုးစုံ ခြယ်လှယ်၍ ဆောက်လုပ်၏။ လေးဘက်မျက်နှာစာ၊ လေးဘက်တံခါးမုခ်၊ မဟာရံတံတိုင်း၊ အရှေ့ဘက်၌ အမ္ဗလဋ္ဌိကအဆောင်၊ အနောက်ဘက်၌ ပဉ္စနိကာယမဏ္ဍလ အဆောင်များ၊ ခင်းနှီးကမ္ဗလာ ရတနာ အသုံးအဆောင်များဖြင့် ခမ်းနား ကြီးကျယ်စွာ ဆောက်လုပ်လေသည်။

ဘုံ ၉-ဆင့်တွင် ပထမထပ်၌ ပုထုဇဉ် ရဟန်းတော်များ၊ ဒုတိယထပ်၌ ပိဋကသုံးပုံဆောင် ရဟန်းတော်များ၊ တတိယထပ်၌ သောတာပန်၊ စတုတ္ထ သကဒါဂါမ်၊ ပဉ္စမ အနာဂါမ်၊ ဆဋ္ဌ, သတ္တမ, အဋ္ဌမ, နဝမ လေးထပ်တို့၌ ရဟန္တာအရှင်မြတ်များ အသီးအသီး သီတင်းသုံးတော်မူကြလေသည်။ (မဟာဝံသ-၂၇၊ ၄၄-၅။)

တန်ဖိုးမဖြတ်နိုင်သော ကျောက်မျက်ရတနာများ မပါ အသပြာငွေ သက်သက်ပင် ကုဋေသုံးဆယ် ကုန်ကျ၏။

## သုဝဏ္ဏမာလီ (ဟေမမာလီ) မဟာစေတီကြီး

မင်းကြီးသည် တန်ဖိုးအနဂ္ဃထိုက်သော ကြေးပြာသာဒ်ကြီး အပြီးတွင် သံတောင်-၁၂၀ (ထီးတော်နှင့်တကွ ၁၃၇၊ ဘိနပ်ဘကျယ်သံတောင် -၆၆၉ နှင့် ၂-မိုက်၊ အချင်း ၂၂၂-တောင် ၄-လက်မ)ရှိ မဟာစေတီကြီးကို ဆက်၍ တည်ရန် စံနန်းဘော်၌ လျောင်းနေစဉ် စိတ်ကူးဖြင့် စီစဉ်ကြည့်နေမိ၏။

တိုင်းပြည်တွင်လည်း နှစ်နှစ်ကျော်ကျော် စစ်ဖြစ်ရ၍ တိုင်းသူပြည်သားများ ရိရှားနွမ်းပါးသည်ကိုလည်း သိမြင်တော်မူပြီးဖြစ်၍ အခွန်အတုတ်လည်း **မကောက်**ယူလို၊ လုပ်အားဖြင့်လည်း မညှဉ်းဆဲလို၊ သို့နှင့် ဦးစွာ အုတ်ရရှိဖို့ အရေးကိုပင် တရားသဖြင့် ပြည့်စုံပြီးမြောက်အောင် မည်သို့ စီမံရမည်မသိ ဖြစ်နေလေ၏။ တိုင်းပြည်၌ ငွေကြေးရော လုပ်အားပါ ပင်ပန်းပြီးခါစ ဖြစ်နေသည်။

ထိုသို့ ကြံစည်နေသည်ကို နန်းပြာသာဒ်ရှိ ထီးချက်စောင့် နတ်သမီး သိ၍ သိကြားမင်းထံ သတင်းပို့လိုက်၏။ နောက်တရက် နံနက်တွင် အနုရာဓမြို့တော်နှင့် တယူဇနာ (ရှစ်မိုင်)ဝေးသော ဂမ္ဘီရမြစ်အနီး၌ ဖုတ်လုပ်ပြီး အုတ်များကို တွေ့

http://www.dhammadownload.com



ရှိရကြောင်း တောလိုက်မုဆိုးတဦး လာရောက် သံတော်ဦးတင်သည်ကို ဆုတော် ချလိုက်လေသည်။

တဖန် အနုရာဓ ပတ်ဝန်းကျင် သုံးလေးယူဇနာရှိ အာစာရပိဋ္ဌိ၊ တမ္ဗပိဋ္ဌ၊ သုမနဝါပိ စသောရွာများမှ ပတ္တမြား, ပုလဲ, ငွေခဲ, ကြေးနီ, ရွှေချောင်းများ လှည်းအစီးပေါင်း များစွာဖြင့် တိုက်ယူလောက်အောင် မရွေးမနှောင်း အသီး အသီး တွေ့ရှိသူများ သတင်း ပို့လာကြလေသည်။ ဆုတော်များ ချီးဘာ်မူ လေ၏။

စေတီ တည်ရန် အုတ်မှအစ ရတနာများ ရလာပုံမှာ အံ့ဩလောက် သကဲ့သို့ ကိုးကွယ် ပူဇော်ရန် ဓာတ်တော် မွေတော်များ နဂါးပြည်စသည်မှ ရလာသည်မှာလည်း မဖြစ်ဖူးမြဲ ထူးကဲလှပေသည်။

## သာသနာဦးတိုက်သော ဒါန၏ နောက်ဝယ်

ထိုကိစ္စမျိုးတွင် တမင်ခြုံထွင်၍ ဂုဏ်ဘင်ရေးသည်ဟု အသိဉာဏ် နည်း သူတို့ ထင်ဖွယ်ရှိပေသည်။ သိနိုင်ရန် အခြေခံအင်အားကို မွေးမြူကြရာ၏။

သာသနံ ပုညဝန္တသ်၊
ပုညဝန္တာဝ လဗ္ဘရေ။
နာပ္ပပုညာ ကရယာစိ၊
ပဂ္ဂဏှာတု မဝိသဟာ။ ။

"ဘုန်းကံနည်းသူတို့သည် သာသနာတော်ကို အနည်းငယ်မျှပင် ချီး မြှောက်ခွင့် မရကြကုန်။ ဘုန်းကံ ရှိသူတို့သာလျှင် ရနိုင်ကုန်၏။ အဘယ် ကြောင့် ဆိုသော် သာသနာ တော်သည် အတုမရှိ ဘုန်းကံ ကြီးမားတော် မူသော ဘုရားရှင်၏ သာသနာ ဖြစ်သောကြောင့်တည်း။"

'ကမ္မဝိပါကော အစိန္တေယျော' ဟူသော ဒေသနာအရ ကံအရာကို ကြံဆ၍ မရစကောင်းချေ။ ကိုယ်တွေ့ပညာဖြင့် လက်မခံနိုင်သေးသော်ရှိစေ၊ ဘုရား အစရှိသော သူတော်ကောင်းကြီးများအား ယုံကြည်သောအားဖြင့် (သဒ္ဓါဖြင့်) အနည်းဆုံး လက်ခံနိုင်အောင် စိတ်ကိုဖြောင့်မတ်စေသင့်၏။

သာသနာတော်အား ဦးတိုက်၍ကိုယ်ကျိုးမဖက်မျှော်လင့်ချက်မပါသော ဒါနသီလများတွင် နောက်ပိုင်း၌ ငုပ်ကွယ်နေသည့် မမြင်ရသော အင်အားများ များစွာရှိနေတတ်လေသည်။ အမြွက်မျှ ဆိုပါဦးအံ့။

http://www.dhammadownload.com



အနာထပိဏ်သဋ္ဌေးကြီး ဇေတဝန်ကျောင်းဆောက်လှူရာ ၅၄-ကုဋေ ကုန်ကျ၏။ နေ့စဉ် သံဃာ့ ဝေယျာဝစ္စအတွက်လည်း များစွာကုန်ကျ၊ ရောင်းပန်း ဝယ်ပန်းလည်းမလုပ်၍ ကာလမကြာမီ စီးပွားရေးချို့ငဲ့လာ၏။ အမွေခံတော်ဝင်လာခြင်းပင် ဖြစ်သည်။ နောက်မိစ္ဆာဒိဋ္ဌိ အိမ်တံခါးစောင့်နတ်အား အလှူဒါန ပိတ်ပင်စကားပြောလှာ၍ နှင်ထုတ်လိုက်ရာ ထိုနတ်သည်သိကြားမင်းထံ ပြန်နေခွင့်ရရန်အသနားခံ၏။ သိကြားမင်းက သဋ္ဌေးကြီးမှာ ဆုံးရှုံးသွားသော ရတနာများကိုပြန်ရအောင် အလုပ်ခိုင်းလေ၏။ (ဒါနစေတနာ=ကံစီမံပုံကို သတိပြုပါ။)

ကုန်သည်များ ချေးငှားယူထားပြီး မဆပ်ပဲနေသော ၁၈-ကုဋေ၊ အစိရဝတီမြစ်ကမ်း၌ မြှုပ်ထားရာ ရေစားကမ်းပြို၍ ပင်လယ်ထဲ မျောပါသွားသော ၁၈-ကုဋေ၊ မည်သူမျှမပိုင်ဆိုင်သော အခြားတနေရာရှိ ၁၈-ကုဋေ၊ စုစုပေါင်း ၅၄-ကုဋေကို ထိုမိစ္ဆာဒိဋ္ဌိနတ်ကပင် ယူငင်၍ အခေါင်းချည်းသာ ဖြစ်နေသော သဋ္ဌေးကြီး၏ ဘဏ္ဍာကျီကြများတွင် ထည့်သွင်းပေးရ ဖူးလေသည်။ (ဇာနိပါတ်-ခဒိရင်္ဂဇာတ်၊ဇာ-ဋ္ဌ-၁၊၂၄၃။)

မြတ်စွာဘုရားသာသနာ၌ ဒါနလောက်ကိုပင် ကျေလည် သဘောပေါက်ရန် မလွယ်ကူပါချေ။

သာသနာတော်အတွက် အစစ်အမှန် သုံးစွဲလိုသူများအဖို့ ရတနာတို့သည် အသင့်ရှိနေကြကုန်၏။ နားကင်းကြီးနှင့်လာ၍ ပေးလှာမည်ကား မဟုတ်။ ရယူနိုင်သော အင်အားကိုထူထောင်ကြရန်သာ ရှိပေသည်။ ပိတ်ချင်းသီးနှင့် ထွန်းချေးခဲတို့ကိုပင် ရွှေဖြစ်စေနိုင်သောနည်းသည် ဤသာသနာတော်၌ အမှန်ပင်ရှိနေလေသည်။

တစ်တောင်ရေနေရှိသော ရေတွင်းမှရေကို နှုတ်ယူ၍မသုံးမစား မဝေမငှလျှင်လည်းရေတစ်တောင်သာရှိ၏။ သုံးစားဝေငှလျှင်လည်းတစ်တောင်က လျော့သွားသည် မရှိချေ။

ဘုရားသောက်တော်ရေ တခွက်လောက်ကိုပင် စောက်ကျ အံကျ မလှူဖူးသဖြင့် ဆီတစ်ကျပ်သားလောက်ကိုပင်အောင်စ,ဝင်ပုလင်းကလေးဖြင့် လီ၍လီ၍ ဝယ်ယူသုံးစွဲနေရသူများ ယုံကြည်အောင် ပြောပြရန်မှာ ခက်ခဲလှပါ၏။

ကွင်းဆက်ထွေ အများကြီး ကျော်လွန်နေလေပြီ။

ထိုလူစားမျိုးကပင် ဆန်၊ ဆီ၊ ဆား မကြားရ၊ မမြင်ရ၊ မသုံးစားရသော ဘဝမျိုးသို့ပင် ဦးတည်နေသော ကျူးလွန်ပြစ်မှားစကားမျိုးကို နှုတ်ထွက်ရဲတတ်ကြပြန်လေ၏။

http://www.dhammadownload.com



# သထုံပြည်မှ ရဟန္တာကိုးသောင်း

မဟာဝံသ၌ ဒုဋ္ဌဂါမဏိမင်းကြီး၏ မဟာစေတီတည်ခန်းသည် အံ့သြဖွယ်, အားကျဖွယ် ကောင်းလှ၏။

ဘုန်းကံ၏ အစိပ္ပာယ်ကို ဖွင့်ဆို ဖော်ပြရန် သာဓကဝတ္ထုကြီးတပုဒ် ဖြစ်တော့သည်။

သိကြား နတ် ဗြဟ္မာ အထူးသဖြင့် အရိယာ သူတော်ကောင်းကြီးများ ကိုယ်တော်တိုင် တန်ခိုးကို အသုံးပြုကာ ရတနာသိုက်များကို ဖော်ညွှန်ပေးခြင်း၊ နဂါးပြည်ရှိ ဓာတ်တော် မွေတော်များကို ပင့်ဆောင်ပေးခြင်း၊ မာရ်နတ်ရန်ကို ဟန့်တားပေးခြင်း၊ ဘုရားဖူးပရိသတ်များ မိုးလေမမိအောင် လုပ်ဆောင်ပေးခြင်း စသည်ဖြင့် အားကျကြည်ညိုဖွယ် ရှိလှပေသည်။

သာသနာတော်နှစ် ၃၇၂-ခုနှစ် ပန္နက်ချသည့်အချိန်ကစ၍ အပြည်ပြည်ရှိ (တကမ္ဘာလုံးရှိ) အရိယာ သူတော်ကောင်းကြီးများ ကောင်းကင်ခရီးဖြင့် ကြွလာ ချီးမြှောက်တော်မူကြရာ ၉၆-ကုဋေရှိယည်ဟု ဆိုပေသည်။

ထူးခြားသည်မှာ—

သထုံပြည် ကေလာသ ကျောင်းတိုက်ကြီးမှ သူရိယဂုတ္တ မထေရ်ကြီး ဦးဆောင်ကာ ကိုးသောင်း ခြောက်ထောင်သော ရဟန္တာ အရှင်မြတ်ကြီးများ ကောင်းကင်မှ ကြွရောက်တော်မူကြသည်ကို တွေ့ရပေသည်။ (မဟာဝံသ-၂၉၊ ၄၃ နှင့် သီဟိုဠ်ရေး ဗုဒ္ဓသမိုင်း။)

မဟာစေတီနှင့် စပ်၍ အဆင့်ဆင့်သော ပူဇော်ပွဲများ၌ ကျွတ်တမ်းဝင်သူ အပေါင်းမှာလည်း ထောင်ပေါင်းများစွာ ရှိကြလေ၏။

ဒုဋ္ဌဂါမဏိ မင်းတရားကြီးသည်ကျောင်းတိုက်ကြီးပေါင်း၉၉-တိုက်လည်း တည်လှူတော်မူခဲ့၏။ (မဟာဝံ-၃၂၊ ၂၆-ဂ။) ထိုသို့ တိုင်းပြည်နှင့် သာသနာ အတွက် ရက်ရက်ရောရော စွန့်စွန့်စားစားဆောင်ရွက်တော်မူနိုင်ခဲ့သဖြင့် နိကာယ် အဋ္ဌကထာကြီးများ(ဒီ-ဋ္ဌ-၂၊ ၂၃၃-စသည်)၌ မကြာခဏ ဂုဏ်တင်ဖော်ပြခဲ့ ရသည်။ အရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာများမပေါ်မီ မဟာအဋ္ဌကထာ စသော ရှေးအဋ္ဌကထာဆရာကြီးတို့လည်း ဖော်ပြဂုဏ်ပြုတော်မူခဲ့ကြရလေသည်။

(ထိုခေတ်၌ အထူး တန်ခိုးကြီးတော်မူကြသော ဣန္ဒဂုတ္တ, သောဏုတ္တရ, ပိယဒဿီစသောရဟန္တာ အရှင်မြတ်ကြီးများ တန်ခိုးဖြင့် ကူညီ စောင့်ရှောက်ပုံ များကို မဟာဝံသ၌ အသေးစိတ်ရှုပါကုန်။)

http://www.dhammadownload.com



# ထေရပုတ္တာဘယနှင့် သာသနဒါယကာ၏ နောက်ဆုံးနေ့

သံတောင် တစ်ရာ့နှစ်ဆယ် ရှိသော မဟာစေတီကြီးကား အုတ်ရိုးစီ၍ ပြီးသွား၏။ အင်္ဂတေ မလိမ်းကျံရသေး။ ထီးတော်မတင်နိုင်သေး။

သာသနဒါယကာ ဒုဋ္ဌဂါမဏိ မင်းတရားကြီးမှာ သလွန်တော်မှ မထ မပြောင်းနိုင်အောင် ရောဂါဖိစီးလာ၏။ ညီတော် သဒ္ဓာတိဿအား ဆက်လက် ဆောင်ရွက်ရန်သာ မှာကြားတော်မူသည်။

ညီတော်လည်း ထိုရောဂါမှ လွန်မြောက်ရန် မမြင်တော့သဖြင့် နတ်ရွာ စံခါနီး ကြည်ညိုသွားနိုင်ရန် အင်္ဂတေ,ရွှေထီးအစား ပန်းချီသမားများ, အပ် ချုပ်သမားများကို ခေါ်၍ အဝတ် အထည် သစ်များ ဖုံးအုပ် ခြယ်သ, စေကာ စေတီတော်ကြီးအား ရက်ပိုင်းမျှဖြင့် ပြီးစီးအောင် ယာယီထည်အဖြစ် ပြင်ဆင် မွမ်းမံလိုက်လေသည်။ မင်းကြီးအားလည်း မဟာစေတီကြီး ပြီးပြေကြောင်း ပြောဆိုလေ၏။

မင်းကြီးအားလည်း ထမ်းစင်သလွန်တော်ပေါ်၌ လဲလျောင်း လိုက်ပါ စေ၍ မဟာစေတီဖူးမြော်ရန် ပို့ကြရသည်။

ညီတော်နှင့် မှူးမတ်များလည်း နောက်မှလိုက်ပါလျက် စေတီကြီးအား လကျ်ာရစ်သုံးပတ်လှည့်၍ မင်းကြီးကို ပင့်ဆောင်ကြရာ မင်းကြီးလည်း သလွန် တောင်ပေါ်၌ လဲလျောင်းလျက်က လက်အုပ်ချီ၍ ဖူးမြော်ယင်း လိုက်ပါခဲ့ လေသည်။

တောင်ဘက်မုခ်မြေပြင်၌ သလွန်တော်ကို ချပေးကြရာ လက်ယာဘက်ဖြင့် လျောင်းယင်း အာရုံပြုတော်မူ၏။ စေတီကြီးကား ပကတိ ထုံးသင်္ကန်းရောင်, ရွှေရောင်ထက်ပင် ကြည်ညိုဖွယ်ဆောင်နေရာ ဖူး၍မဝအောင် ရှိလေ၏။ အတန် ကြာလျှင် လက်ဝဲဘက်သို့ပြောင်းလှည့်ပေးကြရ၏။ (အရှေ့တောင်ဘက် သုံးဖာလုံ ခန့်သာ ဝေးကွာသော) လောဟပါသာဒ ကြေးပြာသာဒ်ကြီးဆီသို့ လှမ်းမျှော် ကြည်ညို နေပြန်လေသည်။

စေတီ ရင်ပြင်တော် လေးဘက် လေးမုခ်လုံး အပြည့်ပြည့်မှ ရဟန္တာ မထေရ်ကြီးများ ၉၆-ကုဋေ ရင်ပြင်အပြည့် စုဝေး ချီးမြှောက်တော်မူလာကြ၏။ မင်းကြီးအား ရည်မှတ်၍ တရားကျမ်းဂန်များ အစုလိုက် အဖွဲ့လိုက် ရွတ်ဖတ်ပေး တော် မူနေကြလေသည်။

http://www.dhammadownload.com



မင်းကြီးကား တိုင်းပြုပြည်ပြု သာသနာပြုဘက် ရဲဘက်တော်ကြီးတဦး ဖြစ်ခဲ့သူ ထေရပုတ္တာဘယကို ရုတ်တရက် သတိရလာတော်မူ၏။ ဟိုဟိုဒီဒီ စူးစမ်းကြည့်ရှုတော်မူရာ မတွေ့ရသဖြင့် စိတ်မချမ်းမသာ ရှိရလေသည်။

ထေရ ပုတ္တာဘယ ရဟန္တာ အရှင်မြတ်ကြီးကား ကရိန္ဒမြစ်ညာ ပဉ္စလိတောင်ဦရဟန္တာဂေါ်ရာ ခြံရံလျက် နေတော်မူခိုက် ဖြစ်၏။

"အင်း....အဘယဟာ ၂၉-ကြိမ်တိုင်တိုင် ကျေးကုလားများနဲ့ စစ်တိုက်ရတုန်းကတော့ ငါကိုယ်တော်မြတ်နိုင်မှာကို သိလို့ ရဲဘက်တော် အဖော်တယောက် ဖြစ်ခဲ့ပေတယ်။ ယခု သေမင်းနှင့် စစ်တိုက်ရာမှာ ငါကိုယ်တော် ကျရှုံးမှာမြင်လို့ မလာတာဖြစ်မှာပဲ"

မင်းကြီးမှာ မျက်ရည်များ ဝေ့၍ပင်ခနေရှာ၏။ ဘုရားအာရုံပင် မဝင်နိုင်တော့ပေ။

'ထေရပုတ္တာဘယ'ခေါ် အဘယမထေရ်လည်း မင်းကြီး၏ စိတ်အကြံကို သိတော်မူသဖြင့် နောက်ပါရဟန္တာဂေါ်ရာခြံရံ၍ ကောင်းကင် ခရီးဖြင့် မင်းကြီးအနီးသို့ ကြွလာတော်မူ၏။ မင်းကြီးလည်း အားတက် ဝမ်းမြောက်သွားကာ—

**မင်းကြီး** အရှင်ဘုရား....အဘယ....၊ ရှေးတုန်းကတော့ တိုင်းပြည်နှင့် သာသနာ့ ရန်သူကို အရှင်ဘုရားတို့နှင့်အတူ တိုက်လို့ နိုင်ခဲ့ပါတယ်။ ခုတော့ ...သေမင်းကို တပည့်တော် တယောက်တည်းတိုက်နေရပြီ။ ဒီတချီမှာတော့ တပည့်တော်ရှုံးရပါတော့မယ်။

**အဘယ** ဒကာတော်မင်းကြီး....၊ အားမလျှော့ပါနှင့် ကြောက်စရာ မရှိပါဘူး၊ ကိလေသာရန်ကို မအောင်သေးယင် သေမင်းရန်ကို အောင်တယ်မဆိုရဘူး။ ရုပ်နာမ်တရားတွေ ဆိုတာမလဲ အမြဲ ဖြစ်ပျက် သေပျောက်နေကြတာ ဓမ္မတာပဲ။ ဒါကိုကြောက်ရွံ့ခြင်း မရှိတဲ့ မြတ်စွာဘုရားရှင်ကိုတောင်မှ ဒီတရားတွေဟာ နှိပ်စက်ခဲ့ကြပါတယ်။

ရုပ်နာမ်ခန္ဓာ ဒီသင်္ခါရ တရားတွေဟာ အမြဲတရစပ် ဖြစ်ပျက်နေကြတဲ့ အနိစ္စတရားတွေချည်းပါကလား....။ မမြဲလို့ ဆင်းရဲရပါကလား....။ ဆင်းရဲလို့ ချမ်းသာစေလိုသော်လဲ ကိုယ့် အလိုသို့ မလိုက်ပါ၊ သူ့သဘော သူဆောင်နေတာပါကလား....လို့သာ မိမိရဲ့ ခန္ဓာကိုယ်တနေရာရာမှာ ခဏကလေး စူးစိုက်ရှုမှတ် ဆင်ခြင်နေလိုက်ပါ....ဒကာတော်မင်းကြီး။

ရုပ်နာမ်အစုအဝေးဖြစ်တဲ့ ခန္ဓာကိုယ်ကြီးဟာ ဘယ်နေရာမှာမှ မလပ်ရအောင် တဖျတ်ဖျတ် တဖျောက်ဖျောက် ဖြစ်ပျက် ချုပ်

http://www.dhammadownload.com



ပျော်က်နေကြတာဖြစ်လေတော့ တအောင့်ကလေးမျှ သက်သာတယ်၊ ချမ်းသာတယ်ဆိုတာ မရှိခဲ့ဖူးပါဘူး။ ဉာဏ်နဲ့ စူးစိုက်ပြီး မခံဂါသုံး နေရာမှာ ဒုက္ခ ဝေဒနာရဲ့ ဒဏ်ချက်ကို ကွက်ကွက်ကွင်းကွင်း မြင်အောင်သာ ရှုမှတ်ဆင်ခြင်နေပါလေ....ဒကာတော်မင်းကြီး။

(မည်သို့ပင် အနားက တရားပြပေးနေသော်လည်း မင်းကြီးမှာ တရားဘဝနာကို နှလုံးမသွင်းနိုင်။ ဝမ်းနည်း ဝမ်းသာ မျက်ရည်တို့သာ တဖြိုင်ဖြိုင် စီးကျလာကုန်၏။

**မင်းကြီး** အရှင်ဘုရား....အဘယ....၊ (တပည့်တော်ရဲ့ တိုက်တိုင်းအောင်) ကဏ္ဍုလ ဆင်ကြီးအစား ယခုအခါ သေမင်း ဆင်ကြီးကသာ တပည့်တော်တကိုယ်လုံး နင်းဖိနေပါပြီ။ တပည့်တော် သေရမယ့် အချိန် ရောက်နေပါပြီကော ဘုရား....။

**အဘယ** မင်းကြီး၊ ဝမ်းနည်းစရာမဟုတ်ပါ။မင်းကြီးဟာ လွန်ခဲ့တဲ့ဘဝက ဒီသီဟိုဠ်ကျွန်းမှာပဲ ကောဋ္ဌပဗ္ဗတကျောင်းမှာ ရှင်သာမဏေ ဖြစ်ခဲ့ပါတယ်။ အမျိုးမျိုးသော သံဃ ဝေယျာဝစ္စ သီလကျင့်ဝတ်တွေ၊ စေတီ, စောင်းတန်းတွေလုပ်ခဲ့တဲ့ ကုသိုလ်လောက်နဲ့တောင်မှ နတ်ပြည်ကို ရောက်ခဲ့ရပါတယ်။

တိုင်းပြည်နဲ့သာသနာတော်ကို ပြုစုရမယ့်ဘုန်းကံကြောင့် ယခုဘဝ ဒကာတော်မင်းကြီး ဖြစ်လာခဲ့ပါတယ်။ (မဟာဝံသ-၂၂၊ ၂၅-၃၉။ ၃၂၊ ၂၁-၂၂။)

လူသာမန်တွေရဲ့ဘဝသံသရာဟာ အလွန်ကြောက်စရာ ကောင်းပေမယ့် ဒကာတော်မင်းကြီးဟာ သာသနာတော် ထွန်းလင်းအောင် အတုမရှိ များပြားလှတဲ့ ကုသိုလ်တော်တွေ ဆည်းပူးခဲ့ရပြီ မဟုတ်လား။ ဒါတွေကို ယခုလိုအခါမှာ အစကအဆုံး ပြန်လည် နှလုံးသွင်းရမယ့် အခါပါပဲ။ ဒီလိုနှလုံးသွင်းရုံနဲ့ နတ်ချမ်းသာဟာ မကြာမတင်ရလာဖို့ ဘာမှ ယုံမှားစရာ မရှိဘူး။ ဒီ မဟာစေတီကြီးနှင့် လောဟပါသာဒကြီးဟာဆိုယင် ရဟန်းရှင်လူတွေကအစ နတ်ဗြဟ္မာတွေအဆုံး ဝမ်းမြောက်လို့ မဆုံးနိုင်ကြဘူး။

(အဘယမထေရ်လည်း အဇ္ဈာသယလိုက်၍ ဘာဝနာကုသိုလ်အစား ဒါနကုသိုလ်ကိုသာ လှည့်ပြောင်း ဟောပြောလေရာ မင်းကြီးလည်း မဟာစေတီနှင့် ကြေးပြာသာဒ်ကြီးဆီသို့ တချက်စောင်းငဲ့၍ဖူးမြော်ကာ အားတက်ဝမ်းမြောက်လာပြန်လေသည်။)

http://www.dhammadownload.com



မင်းကြီး  အရှင်ဘုရား....၊ အရှင်မြတ်ဟာ ဒကာတော်....သေမင်းနဲ့တိုက်ရတဲ့ ဒီ ဒုတိယစစ်ပွဲမှာလည်း အဖော်သဟဲ ရဲဘက်တော်ကြီးတဆူ ဖြစ်တော်မူပါပေတယ် ဘုရား...။ သာဓု....သာဓု။

(မင်းကြီးသည်နန်းစံနှစ်ဆယ့်လေးနှစ်ပတ်လုံးသာသနာအတွက် ဆောင်ရွက်ခဲ့သမျှ ကုသိုလ်တော်စာရင်း 'ပုညဝဓ္ဓနစာတမ်း' ကို အနီး၌ ခစားနေသော မော်ကွန်းထိန်းအမတ်အား အစမှအဆုံးတိုင် ဖတ်လျှောက်ခိုင်းကာ နာယူကြည်နူး နေလေ၏။)

## ဂုဏ်ယူမပြီး 'သံဃကျွန်' ရာထူးကြီး

မော်ကွန်းထိန်းအမတ်လည်းမဟာစေတီ တည်သည့်အချိန်အထိ တန်ဖိုးဖြတ်၍မရသော ရတနာများနှင့်တကွ ငွေအသပြာချည်းသက်သက် ကုန်ကျသော တစ်ထောင့်လေးဆယ့်ကိုး (၁၀၄၉) ကုဋေကျော် ကုသိုလ်တော်စာရင်းများကို အသီးအသီး တခုစီ တခုစီ ဖတ်လျှောက်၍ ပြသည်။

ပြီးလျှင်....မင်းကြီး မလယ ဇနပုဒ်=မလယပြည်နယ်၌ နေတော်မူစဉ် တိုင်းပြည်အဝန်း ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်၍ လူအများ မရိုးသီး ပြုတ်စားနေရသော အချိန် ရဟန်းသံဃာတော်များ ဆင်းရဲခွမ်းပါးသည်ကို မြင်တော်မူရသဖြင့် တန်ဖိုးဖြတ်၍မရသော နန်းစဉ် နားတောင်းနှစ်ဘက်ကို ဖြုတ်၍ ရောင်းချပြီးဆပ်ဆန်များကို ဝယ်ယူတော်မူခဲ့၏။ ထိုဆပ်ဆန်ကို ဟင်းလေးယာဂု ဆွမ်းချက်၍ နာမည်ကျော် မလိယ မဟာဒေဝ (ရှေ့၌ပြလတ္တံ့)မထေရ်နှင့်တကွ ရဟန္တာအရှင်မြတ်ကြီး ငါးပါးအား လောင်းလှူခဲ့ဖူးရာ ထိုကုသိုလ်ကိုလည်း ဖတ်လျှောက်၍ပြ၏။

ထို့နောက်....ညီတော်နှင့် စစ်ဖြစ်ရစဉ်က တောထဲ၌ ကျွန်ယုံတော် တိဿ အမတ်နှင့်အတူ ပုန်းအောင်းနေရစဉ်ကထမင်းတနပ်ကိုမစားပဲလှူခဲ့ဖူးသောကောင်းမှုကိုလည်း အငယ်စား ကုသိုလ်တော်များအဖြစ် ဆက်လက် ဖတ်လျှောက်လေ၏။

ထိုအခါ မင်းကြီးက ဖတ်လျှောက်သောအမတ်အား လက်ကာပြတော်မူသည်။ စာရင်းမတင်သော နေ့စဉ် အလှူဝတ်များ၊ ကျောင်း စေတီ ပူဇော်ပွဲကြီးများအကြောင်းကိုလည်း စီကာပတ်ကုံး ကိုယ်တော်တိုင်ဆက်၍ မိန့်တော်မူ၏။ ခေတ္တ အမောဖြေပြီးနောက်....

''အင်း....ကုသိုလ်တော်တွေ အများကြီးပါပဲ။

''သို့သော်လဲ....ဟို....ကုသိုလ်....ကုသိုလ်တော်ကြီးတွေဟာ ကြီးကျယ်လှပေမယ့် ငါကိုယ်တော် ဝမ်းမသာလှသေးပါဘူး။ အင်း....အတိဒုက္ခ ရောက်နေရတဲ့

http://www.dhammadownload.com



အချိန်က လှူရတဲ့ဆပ်ဆွမ်းနဲ့ တောထဲမှာလှူရတဲ့ တထပ်စာဆွမ်းဟာဖြင့် ကိုယ်တော်မြတ် ဝမ်းအမြောက်ဆုံးပါပဲ”

ထိုစကားကို အနီးရှိ အဘယမထေရ်ကြီး ကြားတော်မူလျှင်' အဘိညာဉ်ဖြင့် ဆင်ခြင်တော်မူပြီးနောက် မင်းကြီး သာ၍ ဝမ်းမြောက်တော်မူစေရန်—

**အဘယ** ဒကာတော်မင်းကြီး....၊ အဲဒီ ဆပ်ဆွမ်းလှူဒါန်းစဉ်က မင်းကြီးဟာ မထေရ်ကြီးငါးပါးကိုပဲ လောင်းလှူရပေမယ့် တကျွန်းလုံး တနိုင်ငံလုံးရှိ သံဃာတော် အရှင်မြတ်တွေကို လောင်းလှူရတာနဲ့ မထူးပါဘူး....ဒကာတော်။

၁။ မလိယဒေဝ မထေရ်ကြီးဟာ အဲဒီဆွမ်းကို ဒကာတော်မင်းကြီးထံက အလှူခံယူသွားပြီးတဲ့နောက် သုမနကူဋ (ခြေတော်ရာ) တောင်မှာ ဆွမ်း မဘုဉ်းပေးရတဲ့ ရဟန်းတော်ကိုးရာကိုပါ ခွဲဝေလှူဒါန်း ရပါသေးတယ်။ ကိုယ်တိုင်လဲ ဘုန်းပေးတော်မူပါတယ် မင်းကြီး။ (မလိယဒေဝမထေရ် အခန်း-၂-ကြည့်။)

၂။ မြေလျှောင် လှုပ်ခြောက်၊ နှစ်ယောက်မရှိ တန်းခိုးဣဒ္ဓိပါဒ်ကြီးလှတဲ့ ကလျာဏီယကျောင်းနေး ဓမ္မဂုတ္တ မထေရ်ကြီဟာလဲ ဒကာတော်ရဲ့သပ်ဆွမ်းကို ကလျာဏီကျောင်းရှိ ရဟန်းတော်ပေါင်း ငါးရာတို့နှင့်အတူ ဘုဉ်းပေးတော် မူပါတယ်။

၃။ တလင်္ဂရအရပ်မှာ သီတင်းသုံးတော်မူတဲ့ ဓမ္မဒိန္န မထေရ်ကြီးဟာလဲ ပိယင်္ဂုကျွန်းမှာ ဆွမ်းအာဟာရပြတ်လပ်တော်မူနေကြတဲ့ ရဟန်းတော် တစ်သောင်းကိုသွားရောက်ခွဲလှူ အတူတကွ ဘုဉ်းပေးတော်မူတာပါပဲ။ (ဓမ္မဒိန္နမထေရ် အခန်း-၈ ကြည့်။)

၄။ မင်္ဂဏအရပ်မှာ သီတင်းသုံးတော်မူတဲ့ အလွန်တန်ခိုးကြီးတော်မူသော ခုဒ္ဒ(ခုဇ္ဇ=ကုဋ္ဋ ?)တိဿ မထေရ်ကြီးလည်း ကောလာသ ကျောင်းနေ ရဟန်းတော် ခြောက်သောင်းနှင့်အတူ ဘုဉ်းပေးတော် မူပါတယ်။ (ကုဋ္ဋတိဿနှင့် မဟာဗျဂ္ဃ မထေရ်တို့ ထူးဆန်းစွာ ပရိနိဗ္ဗာန်စံပုံ အခန်း-၇ကြည့်။)

၅။ မဟာဗျဂ္ဃ မထေရ်ကြီးဟာ ဆိုယင်လဲ ဥက္ကနဂရ ကျောင်းမှာ သီတင်းသုံးကြတဲ့ ရဟန်းတော်ခုနစ်ရာတို့နှင့်အတူ ဝေငှပြီး ကိုယ်တော်တိုင် ချီးမြှောက်ဘုဉ်းပေးတော်မူပါတယ်။

http://www.dhammadownload.com



ငါးပါးစာဆွမ်းဟာ တကျွန်းလုံးရှိ သံဃာတော်များ ဘုဉ်းပေး ကြရပါတယ်။ ဘုဉ်းပေး လောက်အောင်လဲ ချီးမြှောက်တော်မူကြ တာပါ။

နောက်ပြီး....တိဿအမတ်နဲ့အတူ တောထဲမှာ စံတော်မူရစဉ်က လှူလိုက်ရတဲ့ တယောက်စာ တနပ်စာ ဆွမ်းဟာလဲ တကယ်တော့ ပိယင်္ဂုကျွန်းက ရဟန်းတော် တစ်သောင်းနှစ်ထောင် ဘုဉ်းပေးတော် မူကြရပါတယ်....ဒကာတော်မင်းကြီး။(မဟာဝံသ-၃၂၊၅၅-ကို ၂၄၊ ၂၉-နှင့် ညှိရန်။)

(ထိုအခါ မင်းကြီးမှာ အဘယမထေရ်၏ တရားကို နာယူယင်း ပီတိများတသိမ့်သိမ့်ဖြစ်ကာ လက်အုပ်တချီချီနှင့် သာခုခေါ်၍ မပြီး တော့ချေ။ များစွာဝမ်းမြောက်တော်မူလေ၏။)

**မင်းကြီး** အရှင်ဘုရား....အဘယ၊ အရှင်ဘုရားယခုလို အမိန့်ရှိခါမှ ဒကာ တော် သာ၍ဝမ်းမြောက်မဆုံးရပါ ဘုရား။

ဒကာတော်ဟာ နှစ်ဆယ့်လေးနှစ်တိုင်တိုင် သာသနာ့ဝန်ဆောင် သံဃာတော်အရှင်မြတ်တို့ရဲ့ အကျိုးကျေးဇူးကို များစွာဆောင် နိုင်ခဲ့တဲ့ သာသနာ့ကျွန်, သံဃာ့ကျွန်ကြီးပါဘုရား....။သံဃာ့ကျွန် ကြီးပါဘုရား....။

သံဃာ့ကျွန်ဖြစ်တဲ့ ဒကာတော်ရဲ့ ဒီခန္ဓာကိုယ်ရုပ် အံစုကြီးကို လဲ နောက်ဆုံး သံဃာတော်ကိုသာ လှူခဲ့လိုပါတယ် ဘုရား။ မဟာစေတီအနီးမှာရှိတဲ့ ဒကာတော်ရဲ့ ကုသိုလ်တော်တခုလဲဖြစ်၊ အရှင်ဘုရားများ ကံကြီးကံငယ်ပြုရာလဲဖြစ်တဲ့ ဥပုသ်အိမ် (သိမ်) တော်မှာ ဒကာတော်ကို ချီးမြှောက်သောအားဖြင့် မီးသင်္ဂြိုဟ်ခွင့် ပြုတော်မူကြပါဘုရား။

(မင်းကြီးသည်ပြောယင်း အသံများပျော့...ာမောနေသဖြင့် နား၍နား၍ လျှောက်နေရ၏။ အတန်ကြာလျှင်အနီးရှိ ညီတော် တိဿအား မျက်စိကို အားကုန် စိုက်ထုတ်၍ စိန်းစိန်းကြီး ကြည့်တော်မူနေ၏။ ညီတော်လည်းမင်းကြီးအား တက်အုပ်ချီကာ မင်းကြီး မျက်နှာအနီးသို့ကပ်၍)

**တိဿ** နောင်တော်ဘုရား....၊ ညီတော်အား ဘာများ ဆုံးမလိုပါသေး သလဲ၊ ညီတော်ပြစ်မှားမိသမျှ ခွင့်လွှတ်ရန် ထပ်မံ ကန်တော့ ပါတယ်။

http://www.dhammadownload.com



သာသနာ့တာဝန် သံဃာ့ကျွန်အမှုတို့ကို တိုးပြီး ဆောင်ရွက်ပါ့မယ် နောင်တော်ဘုရား။

မင်းကြီး သာဓုသာဓုညီတော်....၊ ဆုံးမစရာ မရှိပါဘူး၊ နောင်တော်တည်လက်စ ဒီမဟာစေတီကြီးကိုလဲ ညီတော် ဆက်လက်တည်ရစ်ပါ။ ဆွမ်းပန်းရေချမ်းလဲ မညှိုးနွမ်းပါစေနဲ့။

နတ်ရွာစံ ခမည်းတော်ကြီး ဆုံးမခဲ့တဲ့အတိုင်း နော်တော်ရဲ့ သာသနာ့ကျွန် သံဃာ့ကျွန်အလုပ်တွေကို ဆက်လက် လုပ်ဆောင်ရစ်ပါလေ ညီတော်....၊ အလို....ဘုရား....ဘုရား။

မင်းကြီးသည် ညီတော်အား မှာကြား ဆုံးမယင်း စကားရပ်သွား၏။ အထူးအဆန်းတစုံတရာ ကြားမြင်ရဟန်ရှိကာ မျက်စိကို အပေါ်သို့ လှဲပြောင်း စူးစိုက်၍ တွေတွေကြီး ရှုစားတော် မူနေသည်။

နှုတ်ခမ်းများ ပြုံးယောင်သန်းလာ၏။

မင်းကြီးမှာ လက်ကာ၍လည်း ပြလိုက်သည်။

တခဲနက်ရွတ်ဖတ်သရဇ္ဈာယ်သံများ ချက်ချင်းရပ်စဲသွားလေ၏။ မရွတ်ဖတ်ရန် လက်ကာပြခြင်းမဟုတ်ကြောင်း လျှောက်ခါမှ ဆက်၍ရွတ်ဖတ်ကြလေသည်။

ရှေ့နောက် မစပ်သော စကားများကို ပြောဆိုလျှောက်ထား နေသဖြင့် အနားရှိသူများမှာ မင်းကြီး ယောင်ယမ်း ပြောဆိုနေသည် ထင်ကြလေ၏။ ထိုသံသယကိုလည်း ပြေပျောက်စေ၍ ပရိသတ်အများလည်းထင်ရှားသိသာစေရန် မင်းကြီးကိုယ်စား မင်းကြီးဆန္ဒရှိရာ လက်ညှိုးညွှန်သည့်အတိုင်း အဘယမထေရ်က ကောင်းကင်သို့ ပန်းကုံးတကုံးကို ပစ်မြှောက်၍ တင်ပေးလိုက်ရာ ထိုပန်းကုံးသည် ရထားခြောက်စင်းတွင် တုသိတာ ရထား၌ သွား၍ငြိစွပ်နေသည်ကို မြင်ကြရလေ၏။

ရထားမှကျိုးကျိုးကျည်ကျည် မြည်သံများကိုပင် ပရိသတ်အများ ကြားရလေသည်။

မင်းကြီးလည်း မဟာစေတီအား လက်အုပ်ချီအာရုံပြုယင်း ဝိညာဉ်ချုပ်ငြိမ်းလေ၏။

မကြာမီပင် မဟာစေတီ ရင်ပြင်တော်ရှိ ထောင်ပေါင်း များစွာသော ရဟန်း ရှင် လူ ပရိသတ်ကြီးမှာ အုတ်အော်သောင်းနင်း တခဲနက် ပြောဆိုကာ အားလုံးကောင်းကင်ထက်သို့ မော်ကြည့်နေကြပေသည်။

တုသိတာနတ်ရထားမှ ဒုဋ္ဌဂါမဏိ နတ်သားသည် လှပသော နတ်ဝတ်တန်ဆာများဆင်ယင်ကာ ကိုယ်ထင်ရှားပြလျက် မဟာစေတီနှင့် သံဃာတော်အရှင်မြတ်များအား လက်ျာရစ်သုံးပတ်လှည့်၍ ပြုံးရွှင်စွာရှိခိုးဝတ်ပြုသွားသည်ကို မကြုံစဖူး ချီးကျူး အံ့သြ၍ နေကြ လေသတည်း။

http://www.dhammadownload.com



## ဗြာဟ္မဏတိဿ ပြည်ဖျက်ဘေးကြီးအတွင်း

# အသက်နှင့်ရင်း၍ဆောင်ကြဉ်းခဲ့ရသောသာသနာ

### စတုတ္ထသံဂါယနာ၏ ရာဇဝင်နောက်ခံ မြင်ကွင်းကျယ်

သဒ္ဓာတိဿမင်းကြီး၏သားတော် ဝဋ္ဋဂါမဏိအဘယ (သီဟိုဠ်အခေါ် ဝဋ္ဋဂံဗာဟု)မင်းကြီးသည် သာသနာတော် လေးရာ့လေးဆယ် ပြည့်နှစ် ပထမအကြိမ်နန်းတက်၏။ ငါးလရှိလျှင် စောဠတိုင်းသား ကျေးကုလား များနှင့် ဗြာဟ္မဏတိဿ(သီဟိုဠ်အခေါ် ဗြာဟ္မဏတိယ) ပုန်ကန်မှုကြီး ပေါ်ပေါက်၏။ တိုင်းပြည်ရန်အေး၍ လေးရာ့ငါးဆယ့်ငါးခုနှစ် ဒုတိယအကြိမ် နန်းတက်သည်။

သီဟိုဠ်ကျွန်း၌ သာသနာတော်၄၄၀-ကျော်မှစ၍ တဆယ့်ငါးနှစ်ကာလသည် တိုင်းရေးပြည်ရေး အရှုပ်ထွေးဆုံး ကာလကြီး ဖြစ်၏။ သာသနာလည်း မှောင်ကျလုမတတ် ရှိခဲ့ရလေသည်။

အင်္ဂုတ္တရအဋ္ဌကထာ(၁-၁၇)အလို စဏ္ဍာလတိဿဟုလည်း ခေါ်သော တိုင်းဖျက်ပြည်ဖျက်သာသနာဖျက် သူပုန်ဘေးကြီးနှိပ်စက်သည့်ကြား မိုးလေဝသလည်း အလွန်ခေါင်းပါးသဖြင့် ရဟန်းရှင်လူအများ သေကြေ ပျက်စီးခဲ့ကြရလေသည်။

သံယုတ်အဋ္ဌကထာ၊ နိဒါန-ပုတ္တမံသူပမသုတ်အဖွင့် (သံ-ဋ္ဌ-၂၊ ၁၀၂)၌ ထိုခေတ်က အစာရေစာ ပြတ်ကြသဖြင့် "လင်စိတ် သားစိတ်ပင် မရှိ။ သူပုန်ရန်အေးမှ ကလေးကင်ပွန်းတပ် ပုခက်တင်မင်္ဂလာများ ယူဇနာတရာရှိ တကျွန်းလုံးသူ့ထက်ငါ ကျင်းပကြလေသတတ်"ဟု ဖွင့်ဆိုထားသည်။

## တိဿသူပုန်ဗိုလ်ကြီးနှင့် တမယ် သူပုန်ဗိုလ်များ

တိဿခေါ်တိယသည် သီဟိုဠ်ကျွန်းတောင်ပိုင်းရောဟဏနယ်(ကုလနဂရ) သားဗြာဟ္မဏလူမျိုးဖြစ်သည်။ ငယ်စဉ်က နက္ခတ်ဗေဒင်ဆရာ တဦးက မင်းဖြစ်မည်ဟု ဟောဖူးသည်ကို အကြောင်းပြု၍ လူဆိုး လူမိုက်များကို စုဆောင်းကာ ဝဋ္ဋဂါမဏိနန်းစံငါးလတွင် ဗြာဟ္မဏတိဿအမည်ခံကာ သူပုန် ထလေတော့၏။

သီဟိုဠ် တောင်ပိုင်း ရောဟဏမှ မြောက်ပိုင်း နေပြည်တော် အနုရာဓအထိ မြို့ရွာစဉ်တလျှောက် တိုက်ခိုက် သိမ်းယူလာပြီးနောက် ဝဋ္ဋဂါမဏိမင်းကြီးထံ 'နန်းအပ်မည်လော၊ စစ်ထိုးမည်လော' တမန်စေလိုက်သည်။

http://www.dhammadownload.com



ထိုအချိန်မှာမှ ဒမိဠကျေးမင်း၏ အဆက်ဖြစ်သော တမယ်ကျေးကုလား (ဒမိဠ) သူပုန်ခေါင်းဆောင် ခုနစ်ဦးတို့လည်း နောက်လိုက်များနှင့်အတူ မဟာတိတ္ထဆိပ်ကမ်းသို့ ရောက်လာကြ၏။ မင်းကြီးထံ တမန်စေကြပြန်သည်။

ဤ၌ မဟာတိတ္ထဆိပ်ကမ်းဟူသည် မြေပုံ၌ပါသော သီဟိုဠ်တောင်စွန်း ကမ်းခြေ မဟာတိတ္ထ 'မာတရ' ဟုတ်ဟန် မရှိ။ အနောက်မြောက်ဘက်စွန်း 'ယာဝနေ' ယခုအခေါ် ဂျပ္ဖနား ခေါ် မဟာတိတ္ထသာ ဖြစ်ဖွယ်ရှိ၏။ ရှေးက ယင်းဌာနကိုလည်း မဟာတိတ္ထပင်ခေါ်၍ ကျေးကုလားများဝင်ရောက်ရာလမ်းဖြစ်ကြောင်းဟု D.P.N. ၌ပြ၏။ အရှင်မဟာဗုဒ္ဓဃောသ ကြွရောက်လာရာဆိပ်လည်းဖြစ်သည်ဆို၏။ လံကာဒီပ-၁၅၄။]

ဝဋ္ဋဂါမဏိမင်းကြီးသည် စစ်မျက်နှာ နှစ်ခု ဖြစ်လာစဉ် ပရိယာယ်ဖြင့် ဗြာဟ္မဏတိဿထံ– 'တကျွန်းတည်းသားဘာသာအယူ တူသူချင်းဖြစ်၍ တီးနန်းအပ်မည့်အကြောင်း၊ကျေးကုလားများကိုသာ ဦးစွာ တိုက်ထုတ်ရန်' တမန်စေလိုက်သည်။သို့နှင့် တိဿသည် ကျေးသူပုန်ခုနစ်ဦးနှင့် တိုက်ပွဲဖြစ်ရာ 'သင်္ကေတဟာလ'အနီးတိုက်ပွဲ၌ ကျဆုံးလေ၏။

မင်းကြီးလည်း တိဿရန် အေးသွားသော်လည်း ကျေးကုလားများနှင့် ရင်ဆိုင်ရပြန်ရာ အရေးနိမ့်၍ ၁၄-နှစ်နှင့် ခုနစ်လလုံးလုံး တတော ထွက်ဝင် ပုန်းလျှိုးနေရလေ၏။ အနုဠာဒေဝီ၊ သောမာဒေဝီ မိဖုရားနှစ်ဦးနှင့် သားတော်နှစ်ဦးပါခေါ် ဆောင်ထွက်ပြေးနေရစဉ် ကုပ္ပိလကအရပ် မဟာတိဿထေရ်စသော မထေရ်များက ကျွေးမွေးစောင့်ရှောက်ထားကြလေသည်။

[နောင်အဘယဂိရိ ကျောင်းတည်သောအခါ ထိုကျေးဇူးကိုထောက်၍ ကျောင်းတင်လှူမှုအကြောင်း နောက်ဆက်တွဲအဘယဂိရိဂိုဏ်း သုတ်သင်ရပုံ၌ ရှုပါ။ ဒေသအမည်မှာ D.P.N. ၌ 'ကုပိက္ကလ၊ ကုဝိက္ကလ၊ ကုမ္ဗိကာလ၊ ကုဋ္ဌိကုလ' ဟု မူကွဲများ ပြထား၏။]

သူပုန်ဗိုလ်ကုလားခုနစ်ဦးတွင် တဦးက အနုရာဓ၌ ကျန်ခဲ့သော ဘုရားသပိတ်တော်ကိုယူ၍ ထွက်ပြေး၏။ တဦးက မိဖုရားသောမာဒေဝီကို ခေါ်ဆောင်ထွက်ပြေးရာ ကျန်ဗိုလ်ငါးဦးတို့ တဦးကိုတဦးသတ်ကာ ၁၄-နှစ်၊၇-လ တိုင်တိုင် တယောက်ဆင်း တယောက်တက် နန်းစံကြလေ၏။

http://www.dhammadownload.com



ရှေးမင်းအဆက်ဆက်တို့ ကိုးကွယ်တည်ဆောက်ခဲ့သောကျောင်းကန်ဘုရားများကိုလည်း ရစရာမရှိအောင် ဖျက်ဆီးကြလေတော့သည်။ (မဟာဝံသ -၃၃-အခန်း။)

အဋ္ဌကထာတို့၌ 'တဆယ့်နှစ်နှစ်ကာလ စဏ္ဍာလ(ဗြာဟ္မဏ)တိဿသူပုန်ဘေးကြီး ဆိုက်ရောက်ခဲ့စဉ်က' ဟုသာ ပြဆိုတော်မူလေသည်။ ဤ၌ တိုင်းပျက်ပြည်ပျက် ဘေးကြီးနှင့်အတူ ဒုဗ္ဘိက္ခန္တရကပ်ကြီးပါ ပူးတွဲ နှိပ်စက်စဉ်ကာလ သာသနာ့ဝန်ဆောင် မထေရ်ကြီးများ၏ အသက်နှင့်ရင်း၍ သာသနာ စောင့်ရှောက်ခဲ့ကြပုံကို ဖော်ပြပါအံ့။

ယင်းအကြောင်း မြန်မာသာသနာ့ဝင် ကျမ်းတို့၌ အမြွက်မျှသာ ဖော်ပြကြသဖြင့် မြန်မာစာဖတ်ပရိသတ်များအတွက် အဋ္ဌကထာမှာ လာသည့်အတိုင်း အပြည့်အစုံသိစေချင်သောကြောင့်ဖြစ်ပါသည်။ စတုတ္ထ သံဂါယနာ ဖြစ်ပေါ်လာရခြင်း၏ ရာဇဝင်နောက်ခံကြီးဖြစ်၍လည်း သိစရာ ကောင်းလှပေသည်။

## ရှေ့တ်သီးတတောင့် ကျောင်းရေစက်ချပွဲမှ အုန်းမှုတ်ခွက်ကလေးကြောင့်

တိုင်းပျက်ပြည်ပျက် ဘေးကြီးနှင့် ရံဖန်ရံခါ ကြုံကြိုက်တတ်ကြရာ သာသနာစောင့် မထေရ်ကြီးများ သာသနာဆက် မပြတ်စေရန် အခက်အခဲ အမျိုးမျိုးကြားမှ ဆင်းရဲပင်ပန်းစွာ ကြိုးစားတော်မူကြရ၏။

တိုင်းပြည်နှင့်, ကမ္ဘာနှင့်ချီ၍ ကြီးလေးလှသော တာဝန်ကြီးကို မဆိုထားဘိ၊ မိမိတို့ တကိုယ်ရေ (တနိုင်) သာသနာကိုပင် မထိန်းသိမ်းနိုင်သူက များလေသည်။ ခေတ်ဆိုး ခေတ်ပျက်ကြီးနှင့် ကြုံရသောအခါ တကိုယ်ရေ သာသနာကိုပင် မနိုင့်တနိုင် ထိန်းနေရသူများ (တိုယ်ပိုင် အဇ္ဈတ္တိက သာသနာအင်အားနည်းပါးသူများ)မှာ လွယ်လွယ်နှင့်ပင် သာသနာ ကွယ်ကြရရှာလေ၏။

အောက်ပါ ဖြစ်ရပ်သည် ဤ၌ သာဓကတရပ် ဖြစ်ပေတော့သည်။တနည်းအားဖြင့် ကြီးငယ်မဟူ၊ ရှင်လူမရွေး တဏှာပေမ အစေးငြိလျှင် ဘေးထိ တတ်ကြောင်း ဝတ္ထုသက်သေ တခုလည်း ဖြစ်ပေ၏။

ဒုဋ္ဌဂါမဏိမင်းကြီး၏ ရှေ့တ်သီးတတောင့် ဘုရားနှင့် ကျောင်းသည် အံ့ဩဖွယ် ကောင်းလှသကဲ့သို့ ထိုကျောင်း ရေစက်ချပွဲ၏ နောက်ဆက်တွဲ ဖြစ်ရပ်ကလေးမှာလည်း ထူးဆန်းလှပေ၏။

http://www.dhammadownload.com



မင်းကြီးသည် မင်းအဖြစ် အဘိသိက်ခံပြီး ခုနစ်ရက်ရှိသောအခါ မှူးမတ်၊ မိဖုရား အခြံအရံဖြင့် တိဿဝါပိ ရေကန်သို့ ထွက်ချီတော်မူ၏။ အမြို့မြို့မှ လက်ဆောင်များကိုလည်း ကျောင်းစေတီ တည်မည့် နေရာဖြစ်သော ယာယီ စံနန်းအတွင်းသို့ ယူဆောင်လာကြရသည်။ ဓာတ်တော်များ ဌာပနာထားသော လက်သုံးတော်လှံလည်း အနီး၌ စိုက်ထား၏။ တနေကုန် ရေကစား, စားသောက်ပြီး၍ ပြန်မည်ရှိစဉ် ထိုလှံမှာ ဗိုလ်ခြေအများ စိုင်း၍ နုတ်သော်လည်း မရ၍ ထိုနေရာ၌ ငရုတ်တတောင့် စေတီ တည်ခဲ့၏။

လှံ=(ပါဠိလိုကုန္တ)ကို ဌာပနာ၍ တည်သောကြောင့် မရီစဝဋ္ဋစေတီကို ကုန္တစေတီဟုလည်း ခေါ်လေသည်။ စေတီပြီးလျှင် မရီစဝဋ္ဋကျောင်းကြီးကိုလည်း စေတီအနီး၌ တည်ဆောက်ထား၏။ သုံးနှစ် တည်ရလေသည်။

ထိုကျောင်းနှင့် စေတီကြီးသည် အနုရာဓမြို့၏ ကျက်သရေဖြစ်သော တိဿဝါပိ ရေကန်ကြီးနှင့် အဘယဝါပိ ရေကန်ကြီး နှစ်ကန်၏ အကြား၌ တည်ရှိသည်။ တိဿဝါပိကန်ကြီးမှာ အရှေ့အနောက် သုံးမိုင်၊ တောင်မြောက်နှစ်မိုင်ရှိ၏။ ဠသိဂိလိကျောက်တောင်၏ အနောက်ဘက် ကပ်လျက်ရှိသည်။ ကန်တာရိုးကြီးမှာ အောက်ခြေ၌ အတောင်-၅၀၊ ထိပ်ပိုင်း -၂၀၊ အမြင့် ၁၅- တောင်ရှိ၍ အနုရာဓနှင့် မဟိယင်္ဂဏာသွား လမ်းမကြီးဖြစ်၏။ တမြို့လုံး ပိုက်လိုင်းများဖြင့် ရေပေးသော ကန်ကြီး ဖြစ်သည်။

အဘယဝါပိကန်ကြီးမှာ ယင်း၏ သုံးပုံ နှစ်ပုံမျှ ရှိ၍ ချိုးကန် ဖြစ်သည်။ သီဟိုဠ်သားတို့က 'ဘာကဝဲဝ'ဟု ခေါ်၏။ အဘယဝါပိသည် မဟာစေတီကြီး၏ အနောက်တည့်တည့် တာငါးဆယ်အကွာ၊ တိဿဝါပိကန်ကြီး၏ မြောက်ဘက် တမိုင်ကွာလောက်တွင် တည်ရှိ၏။

ငရုတ်သီး တတောင့်ကျောင်းကြီး ရေစက်ချပွဲ လုပ်သောအခါ ကြီးကျယ်သော မဏ္ဍပ်ကြီးများ ထိုးထား၏။ ရဟန်းသံဃာတော်များ သီတင်းသုံးရန် မဏ္ဍပ်ကြီးကိုမူ အဘယဝါပိ ရေကန်ကြီးအလယ်၌ ဆောက်လုပ်သည်။ ခုနစ်ရက်တိုင်တိုင် ကျောင်းလှူတ်(ပူဇော်)ပွဲ ပြုလုပ်လေ၏။

ကျောင်းရေစက်ချပွဲ၌ ရဟန်းတော်တသိန်း၊ ရဟန်းမိန်းမ ကိုးသောင်းကြွရောက်၍ မထေရ်ကြီးများအား တသိန်းတန်၊ မထေရ်ငယ်များအား တထောင်တန် ပရိက္ခရာ အပ်စပ်သောပစ္စည်းများ လှူလေသည်။ (မဟာဝံသ-၂၆-အခန်း။)

ကျောင်းရေစက်ချပွဲ၌ စားသောက် ဖွယ်များမှာလည်း လိုလေသေးမရှိ၊ ပြည့်ပြည့်ဝဝ လောင်းလှူလေသည်။ သာမဏေငယ်တပါးသည် သပိတ်၌ အပြည့်အလျှံ လောင်းလှူလိုက်သော ယာဂုပူပူကို ပွေ့ပိုက်လာစဉ် ပူလွန်း၍ မကိုင်နိုင်သဖြင့် သင်္ကန်းထောင့်စွန်းများ လိုးထွေးခုံပြီး ပွေ့ရ၏။ ကြာလာလျှင် သင်္ကန်းများပါ ပူလာ၍ သပိတ်ကို မြေကြီးပေါ်သို့ ချလေ၏။

http://www.dhammadownload.com



တဖန် သက်နီးများ လုံးထွေးခုခံကာ ခရီးတထောက်သွားပြန်၏။ သွားလိုက် နားလိုက် လုပ်နေရသည်ကို သာမဏေရီ(အမျိုးသမီး သာမဏေမ)ကလေးက မြင်နေရသဖြင့်—

"ကိုရင်….၊ ပူလို့ရှိယင် တပည့်တော်မဆီက ဟောဒီ အုန်းမှုတ်ခွက်ကို အောက်ကခံဖို့ ယူသွားပါ။ တပည့်တော်မ ကိုရင့်ကို လှူလိုက်ပါတယ်"ဟု ပြုံးရွှင်သော စကားဖြင့် အကူအညီ ပေးလှာ၏။

ထိုအခါကျမှ ကိုရင်ကလေးမှာ အပူလည်းသက်သာ၊ ပွေ့ယူရာတွင်လည်း အဆင်ပြေသွားသဖြင့် ဝမ်းမြောက်သွားလေသည်။

ကျေးဇူးတင်လွန်း၍ ရှေ့ဆက်မသွားသေးပဲ သာမဏေ မကလေးအား တချက်လှမ်းပြီး တွေတွေကြီး ကြည့်နေလိုက်မိ၏။

သာမဏေမ ကလေးကလည်း ကိုရင်ကလေးအား ကရုဏာမှ မုဒိတာသို့ ပြောင်းကာ ဝမ်းသာစွာ အပြုံးဖြင့် နှုတ်ဆက်နေမိလေသည်။

ထို့နောက် ကိုယ့်လမ်း ကိုယ်သွားကာ သမင်လည်ပြန် ခွဲခွာကြလေ၏။

ခုနစ်ရက် ခုနစ်လီ ကျောင်းရေစက်ချ အသဒိသ အလှူပွဲကြီး၏ နောက်ဆုံးနေ့ ဖြစ်၍ ပြန်လည် တွေ့ဆုံခွင့် မရကြတော့ပေ။

နှစ်ပေါင်း ငါးဆယ်ခန့် ရှိသောအခါ ဝဋ္ဋဂါမဏိမင်းကြီးလည်း ဗြာဟ္မဏတိဿ သူပုန်ဘေးကြီးကြောင့် ထွက်ပြေးနေရစဉ် တိုင်းပြည်၌ ငတ်မွတ်ခေါင်းပါးသော ဘေးကြီးလည်း ပူးတွဲလာသဖြင့် သီဟိုဠ်ကျွန်းမှ ရဟန်းသာမဏေများ မဇ္ဈိမဒေသ(ဇမ္ဗူဒိပ)ဘက်သို့ အများအားဖြင့် ကူးပြောင်း သီတင်းသုံးကြရသည်။

ဇမ္ဗူဒိပပြည် တောရွာဘရွာသို့ရဟန်းမိန်းမ(ဘိက္ခုနီမ)များလည်း သီဟိုဠ်မှ ကူးလာခဲ့ကြ၏။ ထိုရွာရှိ ရဟန်းတော်များ သီတင်းသုံးရာ ကျောင်းတွင် သီဟိုဠ်ဘုန်းတော်ကြီး တပါးလည်း မကြာမီက လာရောက် သီတင်းသုံးလေသည်။

သက်တော် ခြောက်ဆယ်ခန့်ရှိသော ဘိက္ခုနီမကြီး တဦးသည် ရဟန်းတော်များ ကျောင်း၌ သီဟိုဠ်ဘုန်းကြီးတပါး ရောက်လာကြောင်း သတင်းရ၍ ဇာတိသံယောဇဉ်ကြောင့် သတင်းမေးရန် ထိုကျောင်းသို့ သွားလေ၏။ အဆင်သင့်ပင် ဘဝတူ, ဇာတိတူ ဘုန်းတော်ကြီးကို တွေ့ရသဖြင့် တိုင်းရေးပြည်ရေး အခြေအနေများကို ပြောဆို မေးမြန်းလေသည်။

ယခင်က သိကျွမ်းဖူးသူများ မဟုတ်သော်လည်း သီဟိုဠ်ဇာတိ၊ စစ်ပြေးဘဝတူ အချင်းချင်း ဖြစ်၍ တထိုင်အတွင်းမှာပင် ခင်မင်ရင်းနှီး သွားကြလေ၏။ ဒုက္ခတွေ့သောအခါ ရွှေထီးဆောင်းခဲ့ရသည်ကို သတိရတတ်ကြသည့် အတိုင်း—

**ဘိက္ခုနီမကြီး** (ဘုန်းတော်ကြီးအား လေးလေးနက်နက် စူးစိုက်ကြည့်ကာ) အရှင်ဘုရား ငရုတ်သီးတတောင့်ကျောင်း ရေစက်ချပွဲကြီး မှီရဲ့လား ဘုရား။

http://www.dhammadownload.com



ဘုန်းတော်ကြီး အား....မှိုပါပြီလား၊ တသက်နှင့်တကိုယ် အပျော်ဆုံး ပွဲတော်ကြီးပေါ့"

ဘိက္ခုနီမကြီး (တခဏမျှ စဉ်းစားပြီး) "ဒါဖြင့် အရှင်ဘုရား အဲဒီတုန်းက ဘယ်အရွယ်လောက် ဖြစ်မလဲ"

ဘုန်းတော်ကြီး "ဘာရှိအုံးမလဲ....ခုနစ်နှစ်သားလောက် ရှိမှာပေါ့၊ သင်လဲ အဲဒီတုန်းက ဘယ်အရွယ်လောက် ရှိပြီလဲ"

ဘိက္ခုနီမကြီး "တပည့်တော်မလဲ ရှိရင် ခုနစ်နှစ် သမီးလောက်ပါပဲ။ အဲဒီတုန်းက တော့ သာသနာ့ဟာ သိပ် စည်ကားတာပဲဘုရား။ အလွန်မှလဲ ပျော်စရာကောင်းပါတယ်။

ဒါထက်....တခု သတိရလို့ တပည့်တော်မ လျှောက်ရအုံးမယ်။ အဲဒီ ကျောင်းရေစက်ချပွဲ နောက်ဆုံး နေ့မှာပေါ့ဘုရား၊ တပည့်တော်မကလဲ မဟာစေတီဘက်က ပြန်အလာ၊ လမ်းမှာ ကိုရင်ကလေးတပါး ယာဂုပူပူနဲ့ သပိတ်ကို မကိုင်နိုင်လို့ ပွေ့လိုက် ချလိုက် လုပ်နေတာ တွေ့လို့ တပည့်တော်မ အုန်းမှုတ်ကြီးတခု တောင် လှူလိုက်ရသေးတယ်။ သူ့ခမျာ အတော့်ကို ကျေးဇူးတင်သွားပုံ ရပါရဲ့။ ခုထိ တပည့်တော်မဖြင့် မျက်စိထဲ မြင်ယောင်သေး....။

ဘုန်းတော်ကြီး (ဘုန်းတော်ကြီးမှာ သက်ပြင်းချလျက်) အာ... အဲဒါသူများ ဟုတ်ပါရိုးလား။ ကျုပ်ပဲပေါ့(ပြောပြောဆိုဆိုသင်္ကန်းစုတ်ကလေးဖြင့် လုံးထွေး သိမ်းဆည်းထားသော အုန်းမှုတ် ကို ထုတ်၍ ပြလေ၏။)

ဘိက္ခုနီမကြီးသည် 'ဩော်' ဟု ဆိုကာ စကားကိုပင် ဆက်၍ မပြောနိုင်တော့ပဲ ကတုန်ကယင် ဘုန်းတော်ကြီး မျက်နှာကိုသာ စိုက်၍ ကြည့်နေလေ၏။

ဘုန်းတော်ကြီးလည်း အုန်းမှုတ် ခွက်ကြီးကိုင်ကာ ဘာကိုမျှ ဆက်၍ မပြောနိုင်တော့ပဲ သက်ပြင်းရှည်ကြီးဆွဲကာ ဘိက္ခုနီမကြီး၏ မျက်နှာကိုသာ ကြောင်ကြောင်ကြီး ကြည့်နေလေ၏။

နောက်တနေ့တွင် ထိုရွာမှ အသက်ခြောက်ဆယ်ကျော် စစ်ပြေး ဘုန်းတော်ကြီး တပါးနှင့် ဘိက္ခုနီမကြီးတဦး ထူးထူးခြားခြား ပျောက်ကွယ်သွားလေတော့သတည်း။ (မ—ဋ္ဌ-၂၊ ၅၁-၂-ရထဝိနီတသုတ်။)

http://www.dhammadownload.com



## ရဟန္တာ နှစ်သောင်း လေးထောင် ပရိနိဗ္ဗာန်စံပွဲ

အဆိုပါ ပြဲဟမ္မဏတိဿ သူပုန်ဘေးကြီး ဖြစ်စဉ်က သီဟိုဠ်ကျွန်း တောင်ပိုင်း ရောဟဏနယ်စွန်ရှိ နာမည်ကျော် နိဗ္ဗာန်ဆိပ်ဦး ဌာနကြီးတခု ဖြစ်သော စိတ္တလ တောင်ကြီး၌ ရဟန္တာပေါင်း တသောင်း နှစ်ထောင် သီတင်းသုံးတော်မူလျက်ရှိကြ၏။

ယင်းနယ် မဟာဂါမ နေပြည်တော်ဟောင်းရှိ တိဿမဟာရာမ ခေါ် တိဿမဟာဝိဟာရ ကျောင်းတော်ကြီး၌လည်း ရဟန္တာပေါင်း တသောင်း နှစ်ထောင်ပင် သီတင်းသုံးတော်မူလျက် ရှိကြလေသည်။

(စိတ္တလတောင်နှင့် တိဿမဟာဝိဟာရ ကျောင်းတော်ကြီးမှာ တဆယ့်နှစ်မိုင်ခန့်သာ ဝေးကွာ၏။)

ပုဂ္ဂိုလ် တဦးတယောက်အတွက်ဖြစ်စေ၊ သာသနာတော် တခုလုံး အတွက်ဖြစ်စေ ရံခါ တွေ့ကြုံရသော အန္တရာယ်အရှက်များမှာ အံ့ဩ လောက်ပေ၏။ ကံတရားတို့ကား ဆန်းကြယ်လှပေသည်။

အဆိုပါ စိတ္တလတောင်နှင့် တိဿမဟာဝိဟာရ နှစ်ကျောင်း လုံး၌ပင် သံဃာတော်များ ချမ်းသာစွာ ပရိယတ်, ပဋိပတ် ဆောင်နိုင်စေရန် ဒကာ, ဒကာမများက ကပ္ပိယများ ထားရှိကာ စပါးဆန်ရေ ရိက္ခာများ သုံးနှစ်စာခန့်ပင် လှူထားကြလေသည်။ မိုးလေဝသ ခေါင်သော်လည်း သူတော်ကောင်းများ အတွက် မဆင်းရဲရအောင် ပိုပိုကြိုကြို စီစဉ်ကြခြင်းပြစ်၏။

သို့ရာတွင် ထိုသံဃာတော် နှစ်သောင်း လေးထောင်ခန့် သုံးနှစ်စာ သိုလှောင်ထားသော ဆန်စပါးများမှာ ကြွက်ကြီးများ အုပ်လိုက်ချီ၍ ဖျက်ဆီးကြရာ တညတည်းဖြင့် အခွံအဖွဲ့မျှသာ ကျန်လေတော့သည်။

စိတ္တလတောင် ကျောင်းတိုက်ကြီးမှ ရဟန္တာပေါင်း တသောင်း နှစ်ထောင်တို့သည် စားရေရိက္ခာ အာဟာရ ပြတ်လပ်တော် မူကြရလေ၏။ 'တိဿမဟာဝိဟာရ ကျောင်းတော်ကြီး၌ကား စားရေရိက္ခာ ရှိတန်ကောင်း၏' အထင်ဖြင့် တိဿမဟာ ဝိဟာရ ကျောင်းဘက်သို့ ထွက်ခွာတော်မူကြလေ၏။

တိဿမဟာဝိဟာရမှ ရဟန္တာအရှင်ပေါင်း တသောင်း နှစ်ထောင် တို့မှာလည်း ကြွက်ကြီးများ နှိပ်စက်၍ အာဟာရပြတ်လပ်ကာ 'စိတ္တလတောင်ကျောင်းတော်ကြီး၌မူ ရိက္ခာရှိတန်ကောင်း၏' အထင်ဖြင့် စိတ္တလတောင်ဘက်သို့ ထွက်ခွာတော်မူခဲ့ကြလေသည်။

http://www.dhammadownload.com



ထိုရဟန္တာ အရှင်မြတ်ပေါင်း နှစ်သောင်းလေးထောင်တို့သည် လမ်းခုတ် လတ်ရှိ ဂမ္ဘီရချောင်းကြီးထိပ်၌ ဆုံမိကြလေရာ အချင်းချင်း ပြောဆို မေးမြန်း ကြလျှင် အကြောင်းစုံ သိရှိတော်မူကြ သဖြင့် ရွှေသို့ ခရီးဆက်တော် မမူကြ တော့ပေ။

ဂမ္ဘီရချောင်းကြီးဘေးရှိ တောအုပ်ကြီးထဲသို့ အသီးအသီး ကြွဝင်ကာ ရဟန္တာအရှင်မြတ်ပေါင်း နှစ်သောင်း လေးထောင်စလုံး ထိုင်လျက် ပရိနိဗ္ဗာန် ပြုတော်မူကြရလေသည်။ပြည်ဖျက် သူပုန်ဘေးကြီး ငြိမ်းအေးခါမှ သိကြားမင်း၏ အကူအညီဖြင့် အရိုးဓာတ်တော်များ ကောက်ယူကာ စေတီတည်ထားကြရလေ၏။ (ဝိဘင်္ဂ-ဋ္ဌ၊ ဉာဏဝိဘင်း-၄၂၆-၇။)

မြတ်စွာဘုရားရှင်နှင့်တကွ တန်ခိုးဣဒ္ဓိပါဒ်ကြီးမားကြသော အဂ္ဂသာဝက ကြီးများသည် ဝေရဥ္စပြည်၌ ဝါကပ်စဉ်က မြင်းစားဂျုံများကိုသာ တဝါတွင်း လုံး ဘုဉ်းပေးတော် မူကြရဖူး၏။ ကံတရား၏ အစီအမံကို မည်မျှ တန်ခိုးကြီးသော ပုဂ္ဂိုလ်တို့မျှ မလွန်ဆန်နိုင်ကြကုန်ပြီ။

ကံကောင်းအောင်သာ ကြိုးစားကြရကုန်၏။ ကာယကံ, ဝစီကံ ကောင်း အောင် သီလကို ဆောက်တည်၍၊ မနောကံပါကောင်းအောင် သမာဓိ အလုပ်ကို လုပ်ကြရလေသည်။

### သံယုတ္တနိကာယ်ကြီးကို ၁၄-နှစ်ကျော် သစ်ရွက်စား၍ ဆောင်ခဲ့ရသော

# စူဠသီဝထေရ်

ဗြာဟ္မဏတိဿ သူပုန်ကြီးသည် သီဟိုဠ်တကျွန်းလုံးအား ဖျက်ဆီးနေ၍ သံဃာတော်များ စည်းဝေးကာ သူပုန်ကြီးကို တားမြစ်ပေးရန် သိကြားမင်းထံ မထေရ်ရှစ်ပါးကို စေလွှတ်ကြ၏။

"အရှင်မြတ်တို့ဘုရား၊ တပည့်တော်သည် ဖြစ်ပေါ်နေသော သူပုန်ကြီးကို ဟန့်တားနိုင်ခြင်း မရှိပါ။ သမုဒ္ဒရာ တဘက်ကမ်း (မဇ္ဈိမဒေသ-ဇမ္ဗုဒိပ်)ကိုသာ ကြွတော်မူစေချင်ပါတယ်။ သမုဒ္ဒရာကို ကူးမြောက်ရန်အတွက်ကိုမူ တပည့်တော် စောင့်ရှောက်နိုင်ပါတယ်"ဟု သိကြားမင်းက အကြောင်းပြန်လိုက်၏။

သီဟိုဠ်တကျွန်းလုံးရှိ အရပ်လေးမျက်နှာမှ ရဟန်းတော်များလည်းမိုးလေ ဝသမှန်ကန်၍ သူပုန်ရန်မှ ကင်းလွတ်ရာ ဇမ္ဗုဒိပ်သို့ကူးရန် သီဟိုဠ်အနောက်မြောက်

http://www.dhammadownload.com



ဘက်ရှိ နာဂဒီပကျွန်းသို့ ကြွရောက်စုဝေး၍ ဇမ္ဗုကောလဆိပ်၌ သိကြားမင်း ဖန်ဆင်းသော သုံးထပ်ဖောင်ကြီးကို စီးကြရ၏။ (ဇမ္ဗုကောလဆိပ်နှင့် နာဂဒီပ မြေပုံနှင့် နောက်ဆက်တွဲ၌ ရှုပါ။) အောက်ဆုံးထပ်မှာ ရေ၌မြုပ်နေ၏။ တထပ်မှာ သံဃာတော်များစီးနင်းလိုက်ပါ၍ ကျန်တထပ်၌ ပရိက္ခရာများ ထားကြလေသည်။ (ဝိဘင်္ဂ-ဋ္ဌ၊ ၄၂၇။)

ဖောင်သင်္ဘောကြီးပေါ်၌ ရဟန်းခုနစ်ရာရောက်နေကြ၏။ ဆိပ်ကမ်းပေါ်၌လည်း အပါးခုနစ်ဆယ်ခန့် ရပ်လျက်ရှိနေကြသေးသည်။ ထိုအခါ သင်္ဘောမှူး (သိကြားမင်း)က ဆိပ်ကမ်းပေါ်၌ ရပ်နေကြသော မထေရ်များ အနီးသို့လာ၍-

"အရှင်ဘုရားတို့၊ အကြီးအကျယ် ဘေးကြီး ဆိုက်ရောက်ပါတော့မယ်။ မိုးလည်း ကောင်းကောင်းမွန်မွန် ရွာမှာ မဟုတ်ဘူး။ အရှင်ဘုရားများ ပစ္စည်းလေးပါးအတွက် ခက်ခဲဆင်းရဲနေရပြီး ပရိယတ္တိသာသနာတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက် နိုင်ကြတော့မှာ မဟုတ်တော့ပါဘုရား။

"မဇ္ဈိမဒေသ ကြွရောက်ပြီးအသက်တချောင်းစောင့်ရှောက်ဖို့သင့်ပါတယ်။ သင်္ဘောပေါ် ကြွတော်မူကြပါဘုရား။ နေရာထိုင်ခင်းမလုံလောက်လျှင်လဲ ဟောဒီ ပျဉ်ချပ်ပေါ်မှာ ဝမ်းလျားမှောက်ပြီး ကူးတော်မူကြပါ။ စိတ်ချတော်မူကြပါ။ မည်သည့်ဘေးအန္တရာယ်မျှ မဖြစ်စေရပါဘူး။"

(ထိုခေတ်ကား ပိဋကကို နှုတ်ဖြင့်သာ ဆောင်ထားကြ၏။ ပေစာ၌ များများစားစား ရေးမှတ်ထားခြင်း မရှိသေးချေ။)

ဆိပ်ကမ်းပေါ်၌ ရပ်နေကြသော ရဟန်းတော်များတွင် ခြောက်ကျိပ်သော မထေရ်များသည်-

"ကဲ....တပည့်တော်တို့ မလိုက်ပါကြစို့နှင့်။ ဒီမှာပဲနေခဲ့ပြီး ပိဋကသုံးပုံကိုသာစောင့်ရှောက်နေကြစို့"ဟုအချင်းချင်းကတိထားကာသီဟိုဠ်ကျွန်းအလယ်လောက်တွင်ရှိသော (ကန္ဒီမှအနုရာဓသွား လမ်းဘေး ၁၅-မိုင်ကွာ မာတလေ့ခေါ်) မလယနယ်ဘက်သို့ ကြွသွားတော်မူကြလေသည်။ (အံ-ဋ္ဌ-၁၊ ၇၁။)

အသက်အရွယ်ကြီးရင့်လှပြီ ဖြစ်သော မထေရ်အိုကြီးတပါးနှင့် အလုပ်အကျွေးကိုရင်တပါးလည်းတောဘက်သို့ထွက်သွားကြလေ၏။(ဝိဘင်္ဂ-ဋ္ဌ၊ ၄၃၀။)

သင်္ဘောပေါ်၌ ပါသွားကြသော သံဃာများ၏ ဆရာ မထေရ်ကြီးများဖြစ်ကြသော သံယုတ္တနိကာယ်ဆောင် စူဠသိဝမထေရ်၊ ဣသိဒတ္တမထေရ်နှင့် မဟာသောဏမထေရ်ကြီးသုံးပါးသာလျှင် ဆိပ်ကမ်းပေါ်၌ရပ်ကာ တစုံတခု စဉ်းစားတော်မူနေကြ၏။

"အရှင်ဘုရားများ၊ သင်္ဘောပေါ်ကြွတော်မူကြပါဘုရား" သင်္ဘောမှူးက လျှောက်ပြန်၏။ ဣသိဒတ္တထေရ်နှင့် စူဠသိဝမထေရ်ကြီးနှစ်ပါးက မဟာသောဏ မထေရ်အား-

http://www.dhammadownload.com



"ကဲ–ငါ့ရှင် မဟာသောဏ၊အချိန်လင့်ပြီ၊ သင်္ဘောပေါ်တက်ပေတော့" ဟု ဝိုင်း၍ နားချကြ၏။

"အရှင်ဘုရားများကော ဘုရား"ဟု မဟာသောဏက ပြန်၍မေးလျှောက်ရာ စူဠသီဝမထေရ်ကြီးက–

"ငါ့ရှင် မဟာသောဏ၊ တို့များ အသက်အရွယ်ကြီးပြီ။ ရေမှာသေသေ၊ ကုန်းမှာသေသေ သေတာအတူတူပဲ။ တို့များ မလိုက်ကြတော့ဘူး။ ဒါပေမယ့် ငါ့ရှင်ကတော့ဖြင့် ငယ်လည်းငယ်သေးတယ်။ နောင်တချိန်မှာ တို့များသာသနာဟာ ငါ့ရှင်ကို အမှီသဟဲပြုပြီး သားစဉ်မြေးဆက် ဆက်လက် အရှည်တည်တံ့ဖို့ အကြောင်းရှိတယ်။ ကဲ....ငါ့ရှင်၊ တို့များ တောင်းပန်ပါတယ်။ သင်္ဘောပေါ်ကြွပါ။"

"အရှင်ဘုရားများမှ မကြွလျှင် ဘုရားတပည့်တော်လည်း လိုက်ပါမသွားပါဘုရား။ သည်းခံတော်မူကြပါ။"

သုံးကြိမ်တိုင်တိုင် ပြောဆိုနားချသော်လည်း မရ၍ မထေရ်ကြီးများ လက်လျှော့ လိုက်ကြရ၏။

သင်္ဘောမှူးလည်း မည်သို့မျှကြားဝင်မလျှောက်သာတော့ပဲ သင်္ဘောပေါ်သို့သာ ပြန်၍တက်သွား၏။ သင်္ဘောကြီးလည်း ဇမ္ဗုကောလဆိပ်မှ တရိပ်ရိပ်ထွက်ခွာသွားလေတော့သည်။

မထေရ်ကြီးသုံးပါးလည်း ဇမ္ဗုကောလဆိပ်ကမ်း၌ ရပ်၍ ကျန်ရစ်တော်မူကြရာ စူဠသီဝမထေရ်ကြီးက ဣသိဒတ္တမထေရ်ကြီးအား မခွဲခွာမီ–

"ငါ့ရှင် ဣသိဒတ္တ၊ နောင်အခါမှာ တပည့်တော်များ သာသနာဟာ ဒီ မဟာသောဏကိုအကြောင်းပြုပြီး သာသနာစဉ်ဆက် ဆက်လက်ပြန့်ပွားရမယ့် အခြေအနေ ရှိပါတယ်။ တပည့်တော်အထူးမှာခဲ့ပါရစေ၊ အရှင်ဘုရား။ သူ့ကို လက်မလွှတ်ပါလေနဲ့" ဟု မှာကြားနေစဉ် ဣသိဒတ္တမထေရ်ကြီးက–

"အရှင်ဘုရားကော ဘယ်ကိုကြွမှာပါလဲ။"

"တပည့်တော်များ မဟာစေတီကြီးကို ဖူးမြော်ချင်ပါသေးတယ်ဘုရား" ဟုပြောပြောဆိုဆို လမ်းခွဲတော်မူကြလေ၏။ စူဠသီဝမထေရ်ကြီးကားအနုရာဓမြို့ဆီသို့ တရွေ့ရွေ့ကြွသွားတော်မူလေ၏။ဣသိဒတ္တမထေရ်ကြီးကား မဟာသောဏထေရ်ကိုခေါ်ဆောင်၍ သင်္ဘောဆိပ်မှ ဦးတည့်ရာ ကြွတော်မူကြသည်။ (ဇမ္ဗုကောလမှ အနုရာဓသို့ခြေကျင်ငါးရက်ခရီးခန့်ရှိသည်။ D.P.N.)

တိုင်းပျက်ပြည်ပျက်ကြီးအတွင်း ရဟန်းတော်တို့သည် ဣန္ဒိယသို့ ကြွသူကြွ၊ ကျန်သူကျန်၊ မိမိတို့ဆန္ဒအလျောက် သီတင်းသုံးတော်မူကြလေရာ ရဟန်းတော်ပေါင်းများစွာ အကျိုးမဲ့ ပျံလွန်ကော်မူကြရလေ၏။

- http://www.dhammadownload.com



သာသနာစောင့်မထေရ်ကြီးများကား ကပ်ဘေးဆိုးကြီးက လွန်မြောက်ကာ သာသနာတော်ကြီးအား မည်သို့အသက်ဆက်ကြရမည်ကိုသာ ကြည့်ရှုစီစဉ်တော်မူကြရလေသည်။ ခန္ဓာကိုယ် ပင်ပန်းမည်ကို ငဲ့ညှာတော်မမူ၊ အသက်ပင်သေသော်လည်း ချမှတ်သော သာသနဝန်ကိုသာ ရှေးရှု ခံဋ္ဌာန်တော် မူကြလေသည်။

စူဠသီဝမထေရ်ကြီးသည် အနုရာဓနေပြည်တော် မဟာဝိဟာရ ကျောင်းတိုက်ကြီးသို့ ရောက်သွားသောအခါ များစွာသံဝေဂဖြစ်တော်မူရ၏။

သီဟိုဠ်ကျွန်းသို့ သာသနာရောက်စ ဒေဝါနံပိယတိဿမင်းကြီး(သာသနာ ၂၃၆-၂၇၇)တည်ထားခဲ့သော နှစ်ပေါင်းများစွာ သံဃာတော်ထောင်သောင်း သီတင်းသုံးတော်မူခဲ့ရာ မဟာဝိဟာရကျောင်းတော်ကြီးကား ယိုယွင်း ဖျက်စီးကာ ကြည်းနှင် ဖုတ်ဖုတ် ရှိလေ၏။ သုံးဖာလုံခန့်ဝေးသော မဟာစေတီဘက်သို့ ဆက်၍သွားရာ ပို၍ပင် သံဝေဂဖြစ်တော်မူရလေသည်။ စေတီကြီးမှာ ရေညှိရေမှော်များငြိကပ်၍ ချုံနွယ် ပိတ်ပေါင်းများရစ်ပတ်လွှမ်းဖုံးနေ၏။ စေတီတော်ရင်ပြင်တခုလုံးလည်း ကြက်ဆူပင်များသာ မင်းမူနေတော့သည်။

မထေရ်ကြီးသည် တနေရာ၌ ရှိသေစွာထိုင်၍ သက်တော်ထင်ရှား မြတ်စွာဘုရားရှင်အား ဝတ်ပြုသည့်ပမာ လေးလေး မြတ်မြတ်ကြီး ဦးချ ကန်တော့၏။ ပြီးလျှင် စေတီကြီးအနောက်မုခ်ဇရပ်တခုသို့ဝင်နားကာ စေတီတော်အား ဖူးမြော်ကြည်ညိုနေယင်း....

"အင်း....ကျွန်မှုအတုမရှိသော ပူဇော်သကာ ရရှိတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သရီရ ဓာတ်တော်များ ကိန်းဝပ်ရာ မဟာစေတီကြီးသည်ပင် ထိန်းသိမ်းစောင့်ရှောက်သူမရှိပါတကား"ဟုသံဝေဂဖြစ်ကာ စဉ်းစားယင်း ထိုင်နေတော်မူ၏။

ထိုသို့စဉ်းစားနေခိုက် ဒကာတဦးသည် ဆန်ကျည်တောက်နှင့်ထန်းလျက်ခဲများကိုယူဆောင်၍ မထေရ်ကြီးအနီးသို့ လာရောက်ဝတ်ပြုကာ—

**ဒကာ** အရှင်ဘုရားများ ဘယ်ကိုကြွကြမှာပါလဲ။

**မထေရ်** တို့များ(ဒက္ခိဏဒေသ)တောင်ပိုင်းအရပ်ဆီသွားဖို့ပဲ။

**ဒကာ** တပည့်တော်များလဲ အဲဒီကိုပဲသွားမှာပါ၊ အတူတကွ သွားကြပါစို့ဘုရား။

**မထေရ်** ဒကာ....၊ တို့များလူအိုဆိုတော့ ဒကာကို မီအောင် လိုက်နိုင်မှာမဟုတ်ဘူး၊ ဒကာသာ ရှေက သွားလေတော့။

**ဒကာ** ကိစ္စမရှိပါဘုရား၊ အရှင်ဘုရားများ ကြွနိုင်သလောက်ပဲ တပည့်တော် သွားပါ့မယ်။

http://www.dhammadownload.com



ဒကာသည် မထေရ်ကြီး၏ သပိတ်သက်နှန်းကိုယူကာ ခရီးအတူထွက်ကြရာ (မဟိယင်္ဂဏမှ အနုရာဓသွား တာရိုးလမ်းဖြစ်သော) တိဿဝါပီကန်တာရိုးပေါ် အရောက်တွင် ပါလာသောထန်းလျက်ကို သပိတ်ဖြင့် ဖျော်ရည်လုပ်၍မထေရ်ကြီး အား ကပ်လေ၏။ မထေရ်ကြီးမှာ ထူးထူးခြားခြား အားအင်များ ပြည့်လာ သည်။

နောက်မကြာမီပင် ဝေဏုမြစ်အနီးကျောင်းဟောင်းတခုသို့ ရောက်သွား ကြရာ ဒကာက ထေရ်အားရှင်းလင်း၍ နေရာလုပ်ပေး၏။ နောက်တနေ့ နံနက် မထေရ်ကြီးမျက်နှာသစ်ပြီးလျှင်ပင် ဒကာသည် ယာဂုကျို၍ကပ်၏။ ဆွမ်းအချိန် ဆွမ်းကပ်လေသည်။

"ဒကာ၊သင့်အတွက် ချန်ထားဦး" ဟု သပိတ်ကို လက်ဖြင့်ပိတ်ရာ "တပည့် တော်သွားရမယ့်ခရီးမဝေးတော့ပါဘုရား" ဟု ဆိုကာ ဆွမ်းကိုအကုန် ဆက်ကပ် ၏။ မကြာမီပင် ဇဇ္ဇရမြစ်ဆိပ်သို့ရောက်လေ၏။ (ယခုအခေါ် Deduru Oya)

"အရှင်ဘုရား....၊ဒီအရပ်ဒေသဟာ သစ်ရွက်စားတဲ့လူများ နေရာဒေသပါ ဘုရား၊ဟိုမှာမီးခိုးတောင်မြင်နေရပါပြီ၊ တပည့်တော်ကိုလဲ ခွင့်ပြုပါဦးဘုရား၊ ရှေ့သွားရပါအုံးမယ်"ဟုလျှောက်ပြီး ထွက်သွားလေ၏။

ဤမျှဝေးကွာသောခရီးကို မပင်မပန်း အချိန် တိုတိုဖြင့် ရောက်လာနိုင် သည်ကို စဉ်းစားသောအခါမှ ထိုဒကာသည် လူဒကာမဟုတ်ကြောင်း စဉ်းစား မိလေ၏။

စူဠသီဝမထေရ်ကြီးလည်း တိုင်းပျက်ပြည်ပျက် ခေတ်ဆိုးကြီး အတွင်း သစ်ရွက်ကိုသာ ဘုဉ်းပေး၍ သံယုတ္တနိကာယ်ကြီးကို နှုတ်လုံးသွင်း ဆင်ခြင်ကာ အသက်ဆက်တော်မူနေရှာလေ၏။ (ဝိဘင်္ဂ–ဋ္ဌ၊၄၂၃-၀။

(ခေတ်ပျက်ကြီးအတွင်း နတ်ဆွမ်းစား၍ သာသနာပြုခဲ့ကြသော 'နာဂ ထေရ,ထေရီ'မောင်နှမအကြောင်း အခန်း-၃၃ ၌ ရှုပါ။)

## မေတ္တာအရာမှာလည်း စံတော်ဝင်

စူဠသီဝမထေရ်သည် သီဟိုဠ်ကျွန်းတခွင်၌ နာမည် ကျော်ကြားလှသဖြင့် ဖူးမြော်လူဒါန်းသူများ များပြား၊ လာဘ်ပူဇော်မှုလည်း များပြား လှသဖြင့် ငြီးငွေ့တော် မူနေရ၏။ သို့နှင့် ဆိတ်ငြိမ်မှုရရန် မဟာ တိတ္ထ ဆိပ်ကမ်းမှ သင်္ဘောဖြင့် ဇမ္ဗူဒိပ်(ဇမ္ဗုဒိပ)ဘက်သို့ ကြွသွားတော်မူခဲ့ဖူး၏။

http://www.dhammadownload.com



လမ်းခရီးအကြား သဘော်စီးယင်း ပင်လယ် ရေပြင်ကြီးကို တစိမ့်စိမ့် ကြည့်ရှုနေစဉ် ချက်ချင်းပင် အာပေါကသိုဏ်း ဝင်စားတော် မူနိုင်လေသည်။ (ဝိသုဒ္ဓိ-၁၊၁၆၅-အာပေါ ကသိဏကထာ။)

ပါဠိတော်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌လည်း မဟာသီဝစသော မထေရ်ကြီးများကဲ့သို့ အဋ္ဌကထာဆရာကြီးများ စူဠသီဝမထေရ်၏ဝါဒကို ကိုးကားဖော်ပြရလေ့ရှိ၏။ (ဒီ-ဋ္ဌ-၃၊ ၆၆-သမ္ပသာဒနီယသုတ်၊ဓမ္မအဘိညာ အဓိပ္ပာယ်။)

သို့ရာတွင် ယင်းစူဠသီဝထေရ်နှစ်ပါးမှာ အမည်တူ အခြားတပါးစီလော၊ ဤမထေရ်ချည်းပင်လော၊ အတပ်မဆိုသာ။ ဝိသုဒ္ဓိမဂ်(၁၊ ၃၀၇-မေတ္တာ ဘာဝနာ၊ အံ-ဋ္ဌ-၃၊၃၄၆)၌ကား—

"မေတ္တာဘာဝနာနှင့်နေသူအား သံယုတ္တ ဘာဏက စူဠသီဝ မထေရ်ကဲ့သို့ပင် အဆိပ်မသင့်နိုင်"ဟု တိုက်ရိုက်ပြဆိုထား၏။မည်သို့ အဆိပ်ထိကြောင်းကိုမူ အကျယ်မတွေ့ရချေ။ D.P.N. ၌ ပြာဟ္မဏတိဿ ခေတ်ကြီး အတွင်းက အဖြစ်အပျက် ဖြစ်ကောင်းဖြစ်မည်ဟု ခန့်မှန်းရ၏။

မည်သို့ဖြစ်စေ စူဠသီဝမထေရ်ကြီးသည် မေတ္တာ အရာတွင် စံတော်ဝင်တပါးဖြစ်တော်မူသကဲ့သို့ ၁၂-နှစ်မှ သည်၁၄-နှစ်ကျော်ကျော် သစ်ရွက်ကိုသာဘုဉ်းပေး၍ သံယုတ္တနိကာယ်ကြီး မကွယ်ပရအောင် အာဂုံနှုတ်တက် ဆောင်ရွက်တော်မူခဲ့သော ပိဋကကျေးဇူးရှင်ကြီးတပါးလည်း ဖြစ်တော်မူသည့်မှာ ငြင်းဖွယ်မရှိ၊ ကြည်ညိုဖွယ်အတိ ဖြစ်ပါတော့သည်။

## သစ်ဥသစ်မြစ်စား၍ သာသနာ့အသက် ဆက်ခဲ့ကြသော

# ဠသိဒတ္တနှင့် မဟာသောဏထေရ်

ဠလိဒတ္တမထေရ်ကြီးလည်း ဇမ္ဗူဒိပ်သွား သဘော်ဆိပ်မှ လှည့်ပြန်ကာ မဟာသောဏထေရ်ကိုခေါ်၍ သူပုန်ဘေး လွတ်ကင်းမည်ထင်သော ဒေသများသို့ လှည့်လည် ကြွတော်မူရာ သီဟိုဠ်ကျွန်းတောင်ပိုင်း ဒေသတခုဖြစ်သော အဋ္ဌဇနပုဒ် နယ်ကြီးသို့ ရောက်သွား၏။

ထိုဒေသရှိ လူများမှာ သစ်မည်စည်သီးများကို မမှည့်တမှည့် ဆွတ်ခူး၍ အစေ့ကိုသာယူပြီးလျှင် အခွံများကိုစွန့်ပစ်ထားလေ့ ရှိကြသည်။

ဠလိဒတ္တ မထေရ်ကြီးလည်း မည်သည့်အာဟာရကိုမျှ မဘုဉ်းပေးရပဲ ခရီးလည်း ပင်ပန်းလှသဖြင့်—

http://www.dhammadownload.com



"ငါ့ရှင် မဟာသောဏ....၊ ဒီနေရာမှာ ဆွမ်းခံလို့ရမယ်ထင်တယ်"ဟု ပြောပြောဆိုဆို သက်နိုးရှိ သပိတ်ပွေ့ပိုက်လျက် သစ်မည်စည်သီး ခူးနေသော ဒကာများထံ နှစ်ပါးအတူသွား၍ ဆွမ်းရပ်တော် မူကြသည်။

အနီးအနားရှိ ကလေးသူငယ်များကလည်း အသုံးကျ၍ အလှူခံသည်အထင်ဖြင့် သစ်မည်စည်သီး အခွံများကို သဲစင်အောင် လက်ဖြင့်ပွတ်၍ လောင်းလှူလိုက်ကြ၏။ မထေရ်နှစ်ပါးလုံး အဋ္ဌဇနပုဒ်၌ခုနစ်ရက်တိုင်တိုင် သစ်မည်စည်သီးအခွံကိုသာ ဘုဉ်းပေးတော် မူကြရသည်။

ရှေ့သို့ဆက်၍ ခရီးကြွတော်မူကြလျှင် စောရိယသာရခေါ်သော ရွာငယ်သို့ ရောက်သွားကြ၏။ ကြာပန်းများကို ခူးယူပြီး ပစ်ထားခဲ့သော ကြာရိုးများကို မြင်လျှင် ရှေးနည်းဆွမ်းရပ်ရာ ကလေးငယ်များက ကြာရိုးများကို လောင်းလှူကြသည်။ ထိုဒေသ၌ ခုနစ်ရက်ပတ်လုံး ကြာရိုးကိုသာ ဘုဉ်းပေး၍ ပရိယတ်,ပဋိပတ်များကို ဆောင်တော် မူကြရလေ၏။

ရှေ့သို့ဆက်၍ ကြွတော်မူကြလျှင် သစ်ရွက်ကိုသာ စားသုံးကြသော လူများနေရာ ရွာတံခါးသို့ ရောက်သွားကြပြန်၏။

ထိုရွာ၌ သူငယ်မလေးတဦးသည် ၎င်း၏မိဘများ အလုပ်ကိစ္စအတွက် တောထဲသို့ သွားခါနီးတွင်—

"သမီးရေ....၊ ရဟန်းတော်များ တပါးတလေ ကြွများလာယင် ဘယ်ကိုမှ မသွားစေနှင့်၊ သီတင်းသုံးဖို့ နေရာကိုသာ သမီးက လျှောက်ထားညွှန်ပြလိုက်"ဟု မှာထားခဲ့သည့်အတိုင်း မထေရ်နှစ်ပါး ဆွမ်းခံ ဝင်လာသည်ကိုမြင်လျှင် ချက်ချင်းပင် သပိတ်ကိုသွားယူကာ နေရာထိုင်ခင်း ပေးလေ၏။ ထိုဒေသကား ဆန်ရေစပါးရှိသော ဒေသ မဟုတ်ချေ။

ခေတ္တမျှ သီတင်းသုံးရန် ရှိခိုးလျှောက်ထားပြီးလျှင် ဓားငယ်တချောင်းကို ယူ၍ အိမ်အပြင်သို့ ထွက်သွား၏။ ချင်ရွေးရွက်၊ ချင်ရွေးနွယ်၊ ၎က်ပျောပင်စည်ပပ်များကိုယူပြီး အိမ်ထဲသို့ ပြန်ဝင်လာသည်။ ၎င်းတို့ကို ဆုံတခု၌ ထောင်းထုလုံးထွေးကာ အဆုပ်သုံးဆုပ်လုပ်ပြီး ပန်းကန်ပြားတချပ်ဖြင့်ယူ၍ မထေရ်များအား လောင်းလှူ၏။

သူငယ်မကလေးသည် တပါး အဆုပ်တဆုပ်ကျ လောင်းလှူပြီး ကျန်တဆုပ်ကို ဋလသိဒတ္တ မထေရ်ကြီး သပိတ်ထဲသို့ လောင်းမည်ဟု စိတ်ကူး၍ လက်ကိုဆန့်ပြီး ထည့်လှူလိုက်ရာ လက်မှာ မဟာသောဏ သပိတ်ဆီသို့ အလိုလိုရောက်သွားကာ ကျန်တဆုပ်မှာ မဟာသောဏ သပိတ်ထဲသို့ ကျရောက်လေ၏။

"ငါ့ရှင် မဟာသောဏ....၊ အဲဒါကိုပဲကြည့်တော့....။ အလွန်မှ ငတ်မွတ်ခေါင်းပါးနေရတဲ့ ဗြာဟ္မဏတိဿ ခေတ်ဆိုးကြီးအတွင်း ချင်ရွေး ၎က်ပျောပပ်ဆွမ်းမှာတောင် ဒီလောက် အကျိုးပေးတဲ့ကံဟာ ဒေသ,ကာလ သမ္ပတ္တိသာ ဖြစ်

http://www.dhammadownload.com



မယ်ဆိုယင် ဘယ်လောက် အကျိုးပေး သန့်လိုက်မလဲဆိုတာ ပြနေတာပဲ ငါ့ရှင်''ဟု မိန့်တော်မူကာ သူငယ်မ ညွှန်ပြသော လူမနေ ရဟန်းမရှိသော ကျောင်းတခု၌ ဝင်ရောက် ဘုဉ်းပေးကြလေ၏။

လူကြီးများ တောထဲမှ ပြန်လာကြသောအခါ သမီးငယ်၏ ပြောပြချက်အရ ကျောင်းသို့ ဝမ်းသာအားရ လိုက်လာကြကာ—

''အရှင်မြတ်များ ဘုရား....၊ တပည့်တော်တို့အား ချီးမြှောက်သောအားဖြင့် ဝန်မလေးပါက ဒီမှာပဲ သီတင်းသုံးတော်မူကြပါ၊တပည့်တော်များ ရှာဖွေရတတ်သရွေ့ လောင်းလှူပြုစုပါရစေ ဘုရား''ဟု လျှောက်ထားကြသည်။

မထေရ်နှစ်ပါးလည်း ၁၄-နှစ်တိုင်တိုင် နေရာမရွှေ့ပြောင်းတော့ပဲ ထိုဒေသ၌ပင် သီတင်းသုံးတော် မူကြရလေ၏။ သစ်ရွက် သစ်ခေါက် သစ်ဥများကိုသာ အာဟာရ ပြုတော်မူကြလျက် ပရိယတ် ပဋိပတ်ကို ဆောင်တော်မူကြရလေ၏။ (ဝိဘင်္ဂ—ဋ္ဌ၊ ၄၂၀-၉။)

## သစ်ရွက်စား၍ တပည့်ကိုအသေခံစောင့်ရှောက်သွားသော နိဂြောဓသာမဏေ၏ဆရာ မထေရ်ကြီး

ဝတ္တဗ္ဗက နိဂြောဓ မထေရ်လည်း တိုင်းပြည်ပျက် ဘေးကြီး ဆိုက်စဉ် သာမဏေဘဝဖြင့်သာ ရှိလေသေး၏။ ဥပဇ္ဈာယ်ဆရာ မထေရ်အိုကြီးကို လုပ်ကျွေးပြုစုနေရသည်။

ဇမ္ဗူဒိပ်သို့ မကူးလိုဟု မထေရ်ကြီးကဆို၍ သီဟိုဠ်ကျွန်းမှာပင် မထေရ်ကြီးကို ပြုစုယင်း သူပုန်ဘေးလွတ်ရာ တောစွန်တောရပ်များသို့ ဆရာတပည့် လှည့်လည် သီတင်းသုံးကြရလေ၏။

တိုင်းစွန်ပြည်ဖျား ပစ္စန္တရစ်အရပ်တခုသို့ ရောက်သွားကြသောအခါ ခုနစ်ရက်လုံးလုံး အာဟာရပြတ်လပ်တော် မူနေကြသဖြင့် ရွာအနီး အသီးများမှည့်နေသော ထန်းပင်များကို တွေ့ရလျှင်—

''အရှင်ဘုရား....၊ ခဏ ဆိုင်းငံ့တော်မူပါဦး၊ ထန်းပင်ပေါ်တက်ပြီး တပည့်တော် ထန်းသီးမှည့် ခူးပရစေ''ဟု သာမဏေက ဥပဇ္ဈာယ်ဆရာအား လျှောက်ရာ ဆရာက—

''ငါ့ရှင် နိဂြောဓ....၊ မတက်ချင်နှင့်တော့၊ ကိုရင့်မှာ အားနည်းနေပြီ''ဟု တားသော်လည်းမရပဲ ဓားငယ်တခုယူပြီး ထန်းပင်တက်ရာ ထန်းခိုင်ကိုခုတ်လှီးစဉ် ဓားမှာ အောက်သို့ကျသွား၏။

http://www.dhammadownload.com



အစာပြတ် အားနည်းနေသည့်ကြားက ထန်းပင်တက်ရာ ခေါးကျသွားသဖြင့် မည်သို့လုပ်လေမလဲဟု ဆရာက စိတ်ပူစဉ်းစားနေစဉ် သာမဏေသည် ထန်းရွက်များကို လက်ဖြင့်ဆုတ်ဖြဲ၍ တခုနှင့်တခု ကြိုးဖြစ်အောင် ဆက်ချည်ပြီး မြေကြီးသို့ ချပေးလိုက်၏။

"ဆရာတော်ဘုရား....၊မရှိမသေ ထန်းရွက်နဲ့ခေါးရိုးကို ချည်ပေးတော်မူပါ" ဟု လျှောက်ရာ ဆရာမှာ 'ဉာဏ်ရှိပေသားပဲ'ဟု ချီးကျူး၍ ချည်ပေးလိုက်၏။ သာမဏေလည်း ထန်းသီးများကို ခုတ်လှီးချပြီးလျှင် အောက်သို့ ဆင်းလာရာ ဆရာသည် ချပေးလိုက်သောခေါးဖြင့် လိမ့်စဉ်သွားသော ထန်းသီးတလုံးကို ကောက်ယူလှီးကာ-

"ကိုရင်.... မောနေပြီပေါ့။ ဒါကလေး အယင်စားလိုက်အုံး"ဟု ပေးလျှင်-

"အာ....ဆရာတော် မဘုဉ်းပေးရသေးပဲနဲ့ တပည့်တော် မစားလိုပါဘုရား" ဟု ဆိုကာ သပိတ်ထဲသို့ ထန်းသီးများ လှီးခွဲထည့်ကာ ဆရာမထေရ်အိုကြီးအား ဦးစွာကပ်လိုက်သည်။ ပြီးမှ စားလေ၏။ ဆရာတပည့် ထန်းပင် အောက်၌ပင် ထန်းသီးဆွမ်းဖြင့်ဝလင်အောင် ဘုဉ်းပေးပြီးနောက် သစ်ရွက်စားသော လူနေဒေသ အနီး တောလမ်းခရီး၌ လစ်လပ်နေသော ကျောင်းဟောင်း ကျောင်းပျက်တခု တွေ့ကြရသဖြင့် စတည်းချနေကြလေသည်။

ဆရာအတွက် နေရာထိုင်ခင်းများ ရှင်းလင်း ပြင်ဆင်ပေးရာ မထေရ်ကြီးလည်း တပည့်ငယ်အား တရားစကား အနည်းငယ် သတိပေး ဟောပြောကာ ကျောင်းထဲဝင်၍ အနားယူတော်မူလေ၏။ သာမဏေလည်း ကျောင်းထဲရှိ စေတီတဆူကို လှမ်းမျှော်ကြည့်ရှုရင်း–

"အင်း.... မည်သည့်အရပ်မှာ သေရမယ်လို့ မသိနိုင်ဘူး။ နေရာအတည်တကျမမှန်းဆ မသိမြင်ရပဲ သေခဲ့ရတဲ့ဘဝတွေ များခဲ့ရလှလေပြီ။ ရတနာသုံးပါးကျေးဇူးကြောင့် အသိဉာဏ်ရရှိတဲ့ဘဝ အသက်ကလေးရှင်နေရတုန်း ဘုရားရှင်ရဲ့ဝေယျာဝစ္စလုပ်ယင်း ဘုရားအာရုံပြုဦးမှပဲ"ဟု ဆင်ခြင်၍ စေတီရင်ပြင်သို့ သွားလေ၏။

စောင့်ရှောက်သူ ကင်းမဲ့နေသော စေတီရင်ပြင်၌ မြက်ပင်များ တရပ်တသူခန့် တောထနေလေရာ မြက်များကိုနုတ်၍ စုပုံလိုက်,စွန့်ပစ်လိုက်လုပ်နေရာ ခုနစ်ရက်အာဟာရပြတ်နေသဖြင့် အားပြတ်ကာ မတ်တတ်က လဲကျသွားလေ၏။ ထိုအခါ သေခြင်းတရား၏အန္တရာယ်မှာ ပို၍နီးကပ်နေပြီကို ဆင်ခြင်မိသဖြင့် တရားအာရုံပြုယင်း မြက်တောထဲ၌ လဲကျလျောင်းလျက်က အနီးရှိ လက်လှမ်းတမီ မြက်ပင်များကို နုတ်နေလေသည်။

တောထဲမှ အစာအာဟာရ ရှာဖွေ၍ ထင်းခွေပြန်လာကြသော ရွာသားအချို့ ကျောင်းအနီးသို့ရောက်လေလျှင် မြက်ပင်များ လှုပ်နေသည်ကိုမြင်၍ သားသမင်အထင်ဖြင့် အနီးသို့ ရောက်လာကြ၏။

http://www.dhammadownload.com



ဒကာ ကိုရင်ပါလား....၊ ကိုရင် ဒီမှာ ဘာလုပ်နေတာလဲဘုရား။

ကိုရင် ဒကာ....၊ ဒီ စေတီရင်ပြင်မှာ မြက်ပေါင်းသင်နေတာပါ။

ဒကာ ဪ....၊ ဒီမှာ ကိုရင် တပါးတည်းလား၊ အဖော်ကော ပါသေးသလား။

ကိုရင် ကိုရင့်ဆရာ ဥပဇ္ဈာယ်ဆရာတော်ကြီးတပါးလဲ ပါပါတယ်၊လူကြီးဆိုတော့ ခရီးပန်းလို့ ကျောင်းခန်းထဲမှာပဲ အမောဖြေနေတယ်။

ဒကာများလည်း သာမဏေအား တောထဲကရလာသော ပျားအုံပျားလပို့တခုကို ပေးလှူပြီး—

"ကိုရင်....ကိုရင့်ဆရာတော်ကြီးကပ်ပြီး ကိုရင်လဲဘုဉ်းပေးပါ။ တပည့်တော်တို့ကို ခွင့်ပြုပါဦး။ တပည့်တော်တို့ဆီလဲ ကြွခဲ့ပါဘုရား၊ လမ်းမှာ သစ်ခက်ချိုးပြီး ချ-ချ ထားခဲ့ပါ့မယ်။ ကိုရင့်ဆရာတော်ကြီးကိုပါ ပင့်ပြီး ဆွမ်းခံကြွပါဘုရား"ဟု လျှောက်ထားသွားကြလေ၏။

သာမဏေလည်း ဝမ်းသာအားရ ပျားလပို့ကိုယူကာ ဆရာမထေရ်ကြီးနေသောကျောင်းကလေးသို့ သွား၏။တံခါးအပြင်ဘက်မှနေ၍ 'ဆရာတော်ဘုရား' ဟု လျှောက်ရာ' အင်း....ကိုရင်တော့ ဆာလောင် မောပန်းလာပြီထင်တယ်'ဟု စဉ်းစားကာ ခွန်းတုံ့မပြန်ပဲ ဆိတ်ဆိတ်ပင်နေတော်မူလေ၏။

ကိုရင် ဆရာတော်ဘုရား....။

ဆရာ ကိုရင်.... ဘာဖြစ်လို့ ဘုန်းကြီးအိုကြီးတွေကို ချမ်းချမ်းသာသာ နားနားနေနေ အိပ်နေတာ နှောင့်ယှက်ချင်ရတာလဲ။

ကိုရင် တံခါကလေး ခဏ ချီးမြှင့်ပါဘုရား။

ဆရာ (ထ၍ တံခါးဖွင့်ပေးပြီးလျှင်) ကိုရင့်လက်ထဲက ဘာတွေလဲ။

(သာမဏေလည်း အကြောင်းစုံ လျှောက်ပြီးနောက် ဆရာမထေရ်အိုကြီးဆန္ဒအရ ဖျော်ရည်လုပ်၍ကပ်လေ၏။ မထေရ်ကြီးလည်း အတော်အတန် အားပြည့်လာကာ)

ကိုရင်၊လူနေ အိမ်ရာရွာရှိတဲ့နေရာကလေးများမမေးလိုက်ဖူးလား။

ကိုရင် သူတို့ကိုမမေးရပဲ လျှောက်ထား ပင့်ဖိတ်သွားကြပါတယ် ဘုရား။

ဆရာ အိမ်း ...၊ ဒါဖြင့်လဲ ကောင်းသာပဲ ကိုရင်၊ မနက်မှသွားယင် အစာမရှိလို့ မောပန်းနေကြရဦးမယ်၊ အားကလေးရှိတုန်း ယခုပဲ သွားကြစို့ရဲ့။

http://www.dhammadownload.com



ဆရာတပည့် ပြောပြောဆိုဆို ခရီး တထောက် ဆက်ကြ ပြန်လေသည်။ သာမဏေလည်း ဆရာမထေရ်အိုကြီး၏သပိတ်သက်နိုးများယူကာ သစ်ခက်ချထား သော အမှတ်သညာဖြင့် ကြွကြရာ နေဝင်ခါနီး ရွာအနီးသို့ ရောက်သွားကြလေ ၏။ ရွာထဲသို့ မဝင်တော့ပဲ ထိုတညအတွက် ရွာဝင်ပေါက်နှင့်မနီးမဝေး နေရာ၌ ကျိန်းစက်ကြလေသည်။

## လူသားစားသော ဒေသ နိဂြောဓ ပျောက်နေ၍

မိမိတို့မရောက်ဖူးသော ဒေသလည်း ဖြစ်နေ၍ စိတ်ချလက်ချ မနေရဲကြ ပေ။ သူဝုန်သူကန် မရှိသော်လည်း ဘေးကြီး မျက်မည်းဖြစ်၍ သားရဲတိရစ္ဆာန် များ ဘေးကို စိုးရိမ်သည့်အခါ စိုးရိမ်နေကြရ၏။ အချို့ ပစ္စန္တရစ် အရပ်ဒေသ များမှာ လူသားစားသောသူများပင် ရှိနေသည်ကိုလည်း ကြိုတင် သိရှိတော် မူကြသဖြင့် သူတော်ကောင်းကြီးများမှာ ကြောက်ရွံ့ခြင်း မရှိသော်လည်း သတိ ဝီရိယနှင့် နေတော်မူကြရလေ၏။

သာမဏေနိဂြောဓကား ရွာအနီးရှိ သစ်ပင်ကြီးတပင် အောက်၌ ဆရာ မထေရ်အိုကြီးအတွက် နေရာ ရှင်းလင်းပေးပြီးနောက် ဆရာနှင့် မလှမ်း မကမ်း နေရာ၌ လဲလျောင်းနေ၏။ မထေရ်ကြီးလည်း တပည့်အား ပရိယတ် အမွေမပေး နိုင်ပဲ တရားဘာဝနာကိုသာ လူငယ်နှင့် တန်သလောက်နှလုံးသွင်းနေထိုင်ရန် သတိ ပေးပြီး ကျိန်းစက်တော်မူလေ၏။

သာမဏေကား လူငယ်ပီပီ စိုးရိမ်ကြောင့်ကြခြင်းမရှိ၊ မထေရ်ကြီး တရား နှလုံးသွင်းယင်း မှေးကနဲအိပ်ပျော်သွားခိုက် မိမိ သပိတ်ကလေးကို ကောက်ယူ လွယ်ပြီး ရွာနှင့် ခပ်လှမ်းလှမ်း တောထဲသို့ ညကြီး မင်းကြီး တပါးတည်း ကြွသွားသည်။

မထေရ်ကြီး အိပ်ရာမှ နိုး၍ကြည့်သောအခါ သာမဏေကို မတွေ့ရသဖြင့် မှောင်နှင့်မည်းမည်း သစ်ပင်ရိပ် တလျှောက် လှည့်ပတ် ရှာဖွေ ကြည့်သေး၏။ မတွေ့ရချေ။

"အင်း....၊ ငါ့ကိုရင်တော့ လူသားစားတဲ့သူတွေ ဖမ်းခေါ်သွားပြီ ထင် ပါရဲ့"ဟု စဉ်းစားမိကာ ကြောင့်ကြစိတ်ဝင်နေသဖြင့် အိပ်စက်၍မရ၊ တညလုံး ငုတ်တုတ်ထိုင်ယင်း တရားရှုပွားရှုသာ နေတော်မူရ၏။

နေအရုဏ်တက်ပြီးသည်နှင့် သာမဏေလည်း တောထဲမှ ပြန်ကြွလာ၏။ သပိတ်ဖြင့် မျက်နှာသစ်ရေခပ်ယူခဲ့ပြီး တောထဲမှ ယူလာသော ဒန်ပူ(သွားတိုက်

http://www.dhammadownload.com



တံ)ကို ဆရာမထေရ်ကြီးအား ဆက်ကပ်လိုက်သည်။ မထေရ်ကြီးမှာ မျက်နှာကို ပင် မသစ်အားသေးပဲ—

"ကိုရင်....ကြည့်စမ်း၊ မင်းညက ဘယ်သွား နေတာလဲ၊ တကတဲ.... မထေရ်အိုကြီးတွေကို ကြောင့်ကြဝင်အောင် တယ်လုပ်သကိုး၊ ကဲ....ကဲ....၊ မင်းကို ဒဏ်ပေးရမယ်"ဟု မြည်တွန်လေရာ—

"မှန်လှပါဘုရား၊ ပေးတဲ့ဒဏ် ထမ်းပါ့မယ်"ဟု သာမဏေလည်း ဝန်ခံ လေ၏။

မျက်နှာသစ်ပြီးလျှင် ဆရာ တပည့် ရွာတွင်းသို့ အရုဏ်ဆွမ်းခံ ဝင်ကြ လေ၏။ လူများလည်း မိမိတို့စားနေကျ သစ်ဥသစ်မြစ်နှင့် အသီးအရွက်များကို လောင်းလှူကြလေ၏။ ဆရာတပည့် အရုဏ်ဆွမ်းကိစ္စပြီး၍ မိမိတို့ ညက ကျိန်းစက် သော သစ်ပင်ကျောင်းသို့ ပြန်လာကြရာ သာမဏေမှာ သပိတ်ဖြင့် မထေရ်ကြီး အတွက် ခြေဆေးရေကို ခပ်ယူခဲ့၏။ ကျောင်းသို့ ရောက်လျှင်—

ကိုရင် — အရှင်ဘုရား၊ ဒီမှာ ခြေဆေးရေ ခပ်ယူခဲ့ပါတယ်၊ တပည့်တော် ခြေဆေးပြီးပေးပရစေဘုရား။

ဆရာ — (မထေရ်ကြီးလည်း ဝတ္တရားကျေ၍ အလိုက်သိလှသောတပည့်ကို ကြည့်ယင်း ညက အဖြစ်အပျက်ကို ပြန်လည် သတိ ရလာကာ) ကိုရင်....ညက ဘယ်သွားနေတာလဲ၊ တို့များစိတ်မချလို့ကြောင့်ကြ ပြီး တညလုံး တရားကောင်းကောင်း ရှုမှတ်လို့တောင် မရဘူး။

ကိုရင် — မှန်လှပါဘုရား၊ ဘုရားတပည့်တော် သာမဏေဝတ်တဲ့နေ့က စပြီး ရွာထဲကိုမဆိုထားနှင့် ရွာစွန်ရွာနားမှာပင် အရုဏ်မတက်ဘူးပါ။ ဒါလဲ ဆရာတော်သိပါတယ် ဘုရား။ ဒါကြောင့် ညကလဲ ရွာနီး အနားမှာ အရုဏ်မတက်ချင်လို့ တောရအရုဏ်ရချင်တာနဲ့ တောထဲ ကို သွားနေတာပါဘုရား။ ဆရာတော်လဲမေ့းစက်နေလို့ အိပ်ရေး လဲပျက်၊ တရားအနှောင့်အယှက်လဲ ဖြစ်မှာစိုးလို့ မလျှောက်ထား မိတာပါ ဘုရား။

ဆရာ — အင်း....သာဓု သာဓု ကိုရင်၊ ဒီလိုဆိုတော့ ကိုရင်ဟာ ဒဏ်မထမ်း ထိုက်ဘူး။ ကဲ....တို့ပဲ ဒဏ်ထမ်းပါ့မယ်။

မထေရ်ကြီးလည်း အရညကင်ဓုတင်မပျက်အောင် စောင့်ရှောက်၍ အရွယ် နှင့် မလိုက်အောင် ဘုရားအဆုံးအမကိုလေးစားသော မိမိတပည့်အားပို၍မြတ်နိုး တော်မူလေ၏။ ထိုပစ္စန္တရစ်ဒေသ၌ပင် ဆရာတပည့် သီတင်းသုံးနေကြရစဉ်—

http://www.dhammadownload.com



"ကိုရင်၊ တို့များလဲ အသက်ကြီးပြီ၊ တနေ့ ဘာဖြစ်မယ်ဆိုတာ မပြောနိုင်ဘူး။ ကိုရင်တို့မှာ သာသနာအတွက် ဆောင်ရွက်ရန် အချိန်တွေအများကြီး ရှိသေးတယ်။ တို့များကိုချည်းငဲ့ညှာအားကိုးမနေနဲ့။ မတတ်သာယင် လျစ်လျူရှုတန်ရှုပြီး သာသနာပြုနိုင်အောင် ကိုယ့်ကိုကိုယ်သာ သတိဝီရိယနဲ့စောင့်ရှောက်နေ"ဟုသတိပေးစကား ပြောကြားမှာထားတော်မူ၏။

မထေရ်ကြီးကား အနာဂါမ် ပုဂ္ဂိုလ်ကြီး ဖြစ်လေသည်။

မျှားမကြာမီ မထေရ်ကြီးမှာ လူသားစားသူများကြောင့် ပြန်လွန်တော်မူသွားရရှာ၏။

သာမဏေ နိဂြောဓလည်း ဆရာပြန်လွန်သဖြင့် အားငယ်ကာတတောထွက်ဝင် ဆရာစုံရှာရလေ၏။ မိမိကိုယ်ကိုစောင့်ရှောက်ယင်း ဆရာသမားကောင်းများနှင့် တွေ့ရ၍ ခေတ်ပျက်ကြီးအတွင်း ပရိယတ်စာပေများ သင်ကြားယင်း ရဟန်းဖြစ်လေ၏။

တိပိဋကဓရ ဝတ္တဗ္ဗက နိဂြောဓမထေရ်ဟုပင် ထင်ရှားခဲ့လေသည်။

(ဝိဘင်္ဂ-ဋ္ဌ၊ ၄၃၀၊ ၄၃၂။)

## စစ်ပြီးခေတ် သာသနာ့ဝန်ဆောင် ရဟန္တာ အရှင်မြတ်များ

# မလယပြည်နယ်၌ ပထမဆုံး တွေ့ဆုံခြင်း

ဇမ္ဗုကောလ သင်္ဘောဆိပ်သို့ ရောက်ပြီးမှ ဇမ္ဗူဒိပ် မကူးလိုပဲ 'ဖြစ်သလိုနေပြီး ပိဋကသုံးပုံကိုသာ စောင့်ရှောက်နေတော့မည်' ဟု ဆုံးဖြတ်၍ လှည့်ပြန်လာကြသော ရဟန်းတော် ခြောက်ကျိပ်တို့မှာလည်း သင်္ဘောဆိပ်မှ မလယ ဇနပုဒ်=မလယပြည်နယ် (ကန္ဒီမှ ၁၅-မိုင်ခရီး) ဘက်သို့ ကြွသွားတော် မူကြ၏။

မလယ ဇနပုဒ်မှာ တောတောင်ထူထပ်သော ဒေသဖြစ်သည်။ (ယခုအခါ 'မာတလေ'ဟု ခေါ်၍ စတုတ္ထ သံဂါယနာတင်ရာ ဒေသဖြစ်၏။)

ရဟန်းတော် ခြောက်ကျိပ်မှာ အသီးအသီး မိမိတို့လေ့ကျက်ရာ နိကာယ်များကို မမေ့မပျောက်အောင်သာ စိတ်စော၍ ရွတ်ဖတ် သရဇ္ဈာယ် နေကြ၏။ မလယ တောထဲ၌ စားသောက်ရသော အာဟာရမှာ သစ်ဥ သစ်မြစ် သစ်ရွက်များသာ ဖြစ်၏။

အထိုက်အလျောက် ရွတ်နိုင် ဖတ်နိုင်လောက်အောင် သစ်ဥသစ်မြစ် အာဟာရ မှီဝဲရသောအခါ စုပေါင်း၍ထိုင်ကာ သရဇ္ဈာယ်ကြကုန်၏။ ခန္ဓာကိုယ် မခံကျန်းသောအခါ သဲပုံကြီးတခု ပုံထားပြီးလျှင် ထိုသဲပုံ၌ လှည့်ပတ်ဝိုင်းထိုင်ကာ ခေါင်းချင်းဆိုင်၍ ပိဋကကျမ်းစာများကို စိတ်ထဲကသာ နှလုံးသွင်း နေကြရလေ၏။

http://www.dhammadownload.com



ဤနည်းဖြင့် ၁၂-နှစ် (၁၄-နှစ်ခန့်)တိုင်တိုင် အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံကို နှုတ်ငုံ ဆောင်တော်မူကြရသည်။ ဇမ္ဗူဒိပ် (ဣန္ဒိယ)သို့ ကူးသွားကြသော ရဟန်းတော်ခုနစ်ရာတို့လည်း မိမိတို့ အသီးအသီး နေထိုင်သီတင်းသုံးရာ အရပ်တို့၌ အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံကို နှုတ်ငုံဆောင်၍ သရဇ္ဈာယ် နေခဲ့ကြ၏။ (အံ-ဋ္ဌ-၁၊ ၇၁။)

ယင်းသို့ နေရာဒေသအသီးအသီးသို့ ရောက်ရှိနေကြသော ရဟန်းတော်တို့သည် ပရိယတ် ပဋိပတ်၌ အထူးကြောင့်ကြစိုက်ကာ မြတ်စွာဘုရား ဟောတော်မူသော ပိဋကသုံးပုံတွင် တလုံးတပါဒမျှ ကျပျောက် မေ့ကျန် တိမ်းယိမ်း လွဲချော်ခြင်းမရှိအောင် စောင့်ရှောက်သော မထေရ်များ အများအပြားရှိကြသကဲ့သို့ 'ကာလဝိပတ္တိ=ခေတ်ပျက်ကြီး' များ၌ ဖြစ်လေ့ ဖြစ်ထရှိသော သဘာဝအတိုင်း သီလ,သမာဓိ အင်အားနည်းသော ရဟန်းယောကျ်ား, ရဟန်းမိန်းမ အများအပြားလည်း လူထွက်သူ ထွက်၊ သေသူသေ ခေတ်ဆိုး ကပ်ဆိုးကြီးကို မကျော်လွန်နိုင်ခဲ့ကြပေ။

## ပြည်တွင်းစစ်ကြီး ပြီးဆုံးချိန် သာသနာတော်နှစ် ၄၅၄။

ဗြာဟ္မဏတိဿနှင့် ကျေးကုလားမင်းများရန် ငြိမ်းသဖြင့် ဝဋ္ဋဂါမဏိ မင်းကြီး ဒုတိယအကြိမ် နန်းတက်လာ၏။

နောင်တော် ခလ္လာဋမင်း၏ မိဖုရားကြီး အနုဋ္ဌာဒေဝီနှင့် ထီးမွေနန်းမွေခံ ထိုမင်း၏သားတော် တူဖြစ်သူ မဟာစူဠိကမင်းသားအား အဘအရာတည်၍စောင့် ရှောက်သောကြောင့် မင်းသားက ဝဋ္ဋဂါမဏိ ဘထွေးတော်အား 'ပိတု-ခမည်း တော်'ဟုသာ ခေါ်ရာမှ ပိတုရာဇာ (သီဟိုဠ်အခေါ် ပိတိရာဇာ)ဟု တွင်လေသည်။ ထို့ကြောင့် ဝဋ္ဋဂါမဏိမင်းကြီးကိုပင် အဋ္ဌကထာတို့၌ 'ပိတုမဟာရာဇာ' ဟု သုံး စွဲခြင်း ဖြစ်လေသည်။

၁၄-နှစ်နှင့် ခုနစ်လရှိ၍ ဝဋ္ဋဂါမဏိမင်းကြီး နန်းပြန်ရသောအခါ တိုင်းပြည်လည်း တစတစ အေးချမ်း၍လာ၏။ ကစဉ့်ကလျား ပြေးလွှား ပုန်းခိုနေရသော ရဟန်းရှင်လူ ပြည်သူအများလည်း မိမိတို့နေရင်း မြို့ရွာသို့ ပြန်လည်လာ ကြလေသည်။

မလယဇနပုဒ် တောအုပ်တောင်ခြေ၌ သီတင်းသုံးနေကြသော မထေရ် ခြောက်ကျိပ်တို့သည် လည်းကောင်း၊ ဣသိဒတ္တ၊ မဟာသောဏ၊ နိဂြောဓစသော

http://www.dhammadownload.com



ပြည်တွင်းတောစွန်စုံပြား၍ ပုန်းအောင်းခိုလှုံနေကြသော မထေရ်တို့သည် လည်းကောင်း၊ သီဟိုဠ်ကျွန်းတောင်ပိုင်း (ဒက္ခိဏဒေသ) နယ်မြေ ကာလကရွာမဏ္ဍလာရာမ ကျောင်းတိုက်ကြီး ဆီသို့ ရှေးရှုကြွလာကြကုန်၏။ (ကာလကရွာကား ဘောက္ကန္တရွာအနီးဖြစ်ဖွယ်ရှိ၏-D.P.N.)

ကာလကရွာသည် အိမ်ခြေခုနစ်ရာခန့်ရှိ၍ မဏ္ဍလာရာမကျောင်းတိုက်ကြီး၌ တိဿဘူတိမထေရ်ကြီး သီတင်းသုံးတော်မူနေ၏။ စစ်ဘေးစစ်ဒဏ် အတန်ငယ်သက်သာသောရပ်ရွာဖြစ်၍ အနယ်နယ်မှစစ်ပြေးရဟန်းတော်များအားလုံး ဦးစွာပေါင်းဆုံသီတင်းသုံးရာ ဌာနကြီးတခု ဖြစ်လေသည်။

ဇမ္ဗူဒိပ် (ဣန္ဒိယ) သို့ ကူးသွားသော မထေရ်ခုနစ်ရာတို့လည်း တိုင်းပြည်ငြိမ်ဝပ်ပိပြားအေးချမ်းလာပြီဟု သတင်းရ၍ သီဟိုဠ်ကျွန်းသို့ ပြန်ကြွလာကြ၏။ ထိုမထေရ်တို့တွင် ဣသိဒတ္တ, မဟာသောဏ မထေရ်ကြီးများ၏ တပည့်များလည်း ပါဝင်လေရာ ထိုရဟန်းတော်များ မဟာတိတ္ထဆိပ်ကမ်းသို့ သင်္ဘောကပ်သည်နှင့် 'မဟာသောဏမထေရ် ဘယ်မှာသီတင်းသုံးတယ်လို့ ကြားသလဲ' စသည်ဖြင့် စုံစမ်းထောက်လှမ်း၍ ကာလကရွာသို့ပင် လိုက်လာကြလေသည်။

မဟာသောဏ မထေရ် အခိုက်အတန့်သီတင်းသုံးရာ မဏ္ဍလာရာမကျောင်းတော်ကြီး၌ မထေရ်၏ တပည့်ရဟန်းတော်ပေါင်း ၈ါးရာအထိ သုံစည်းမိကြ၏။ ယင်းသို့ ဆုံစည်းမိသောညတွင် ကာလကရွာရိုးတလျှောက်နတ်များကကြွေးကြော်နိုးဆော်ကြလေ၏။

"အို...ကာလက ရွာသူရွာသား သူတော်ကောင်း အပေါင်းတို့....၊ မဟာသောဏမထေရ်နှင့် ရဟန်းတော်၈ါးရာတို့ မဏ္ဍလာရာမ ကျောင်းတော်ကြီးမှာ ကြွရောက် သီတင်းသုံးတော်မူနေကြပါတယ်။ တအိမ်လျှင် သက်နှုံးလျာအဝတ်စကိုးတောင်နှင့်အတူ အသပြာတကျပ်တန် ဆွမ်းတအုပ်စီ လောင်းလှူကြကုန်လော့။"

ကျောင်းခံ နာယက တိဿဘူတိမထေရ်ကြီးကို အကြီးအမှူးပြု၍ မဟာသောဏထေရ်လည်း နောက်ပါသံဃာ၈ါးရာနှင့်အတူ နောက်တရက် နံနက် ရွာတွင်းသို့ ဆွမ်းခံကြွတော်မူ၏။

စစ်ဘေးစစ်ဒဏ်ကြောင့် သံဃာတော်များအား ဤမျှ များများပြားပြား မဖူးတွေ့ရ၊ မလှူဒါန်းရသဖြင့် ရွာသူရွာသားများလည်း သူ့ထက်ငါ ယောင်းလှူပူဇော်ကြလေ၏။ နေရာထိုင်ခင်းများ ကောင်းမွန်စွာ ခင်းကျင်း၍ ဦးစွာယာဂုကျွေးလှူကြရာ တိဿဘူတိ နာယက-မထေရ်ကြီးအနီးသို့ ဥပါသကာကြီးတယောက် လာရောက်ဝတ်ပြုကာ-

http://www.dhammadownload.com



"အရှင်ဘုရား....၊မဟာသောဏဆိုတာဘယ်မထေရ်အရှင်မြတ်ပါလဲ" ဟု လျှောက်ထားမေးမြန်းနေ၏။ မဟာသောဏမှာ ဂုဏ်သတင်းကြီးမားသော်လည်း မထေရ်ငယ်မျှသာ ရှိသေးသဖြင့် ပရိသတ်အစွန်၌ပင် ထိုင်နေတော်မူ၏။ မထေရ်ကြီးက လက်သှိုးညွှန်ပြလိုက်လျှင် ထိုဥပါသကာကြီးလည်း အရှင်သောဏ အနီးသို့ ချဉ်းကပ်ရှိခိုးပြီး သပိတ်ကိုတောင်းယူ၏။ အရှင်သောဏကား သပိတ်ကိုမပေးပဲ နေသည်ကို မထေရ်ကြီး မြင်၍—

"ငါ့ရှင် သောဏ၊ သင့်လိုပါပဲ တို့များလည်း သိလို့ရယ်မဟုတ်ပါဘူး။ ဘုန်းကံရှိတဲ့ ပုဂ္ဂိုလ်များအတွက် နတ်တွေဟာ အစာကိုပြုလုပ်ချက်ပြုတ်လေ့ ရှိကြတယ်။ ငါ့ရှင်၊ ငါ့ရှင်ရဲ့ သီတင်းသုံးဘော်တွေကိုလည်း ချီးမြှောက်တဲ့ အနေနဲ့ သပိတ်ကို အဲဒီဒကာကြီးလက်ထဲ ပေးသာ ပေးလိုက်ပါ" ဟု လှမ်း၍ မိန့်တော်မူလိုက်၏။ ထိုသို့ သံဃမထေရ်ကြီးက အမိန့်ရှိခွင့်ပြုခါမှ အရှင်မဟာသောဏလည်း သပိတ်ကို ပေးလိုက်သည်။

ဥပါသကာလည်း သပိတ်ထဲသို့ တကျပ်ဘန်ဆွမ်းများ အပြည့်ထည့်၍ ကိုးတောင် (သို့မဟုတ်ကိုးမိုက်) ရှိသော အဝတ်ပိုင်းကိုလည်း သပိတ်အောက်က ချပ်ချပ်ရပ်ရပ်ခေါက် ခံ၍ မဟာသောဏမထေရ်လက်သို့ လာရောက်ဆက်ကပ်လေသည်။

ထိုနောက် ဥပါသကာတယောက်လည်း အရှင်မဟာသောဏထံက သပိတ်ကိုပင်တောင်းယူ၍ ရှေးနည်းအတိုင်းလောင်းလှူလေ၏။ အရှင်သောဏကလည်း အခြားမထေရ်များ၏ သပိတ်များကိုပင်ယူ၍ အလှူခံရလေသည်။ တရွာလုံးရှိ ဥပါသကာအားလုံးပင် အရှင်မဟာသောဏကိုသာ လောင်းလှူကြသဖြင့် ပြည်တွင်းစစ်ဘေးကြီးအပြီး ပထမဆုံးဆွမ်းအုပ်ခုနစ်ရာ, သက်န်းလျာအဝတ် ခုနစ်ရာ အလှူခံ ရရှိလေ၏။

ထိုဘုန်းကံကိုကြည့်၍ စစ်အတွင်း တောထဲ၌ ချင်ရွေးရွက်နှင့် ငှက်ပျောပင်စည် ဖပ်ဆွမ်းစားကြရစဉ်က ဣသိဒတ္တမထေရ်ကြီးက မိန့်တော်မူခဲ့ခြင်း ဖြစ်လေသည်။

(ဝိဘင်-ဋ္ဌ၊ ၄၂၉-၄၃၀။)

ဝတ္တဗ္ဗက နိဂြောဓမထေရ်လည်း မဟာသောဏမထေရ်ကဲ့သို့ ကြွလေရာ၌ တကျွန်းလုံးက တခဲနက် လှူဒါန်းပူဇော်ကြလေသည်။

[မည်မျှရှေးဘုန်းရှေးကံကြီးမားသူပင်ဖြစ်စေသမ္ပတ္တိလေးပါး(ဂတိ=ဘဝ၊ ဥပဓိ၊ ကာလ၊ ပယောဂ=ကောင်းစွာလုပ်ကိုင်ခြင်း)နှင့်ပြည့်စုံမှ အကျိုးကျေးဇူး ရနိုင်သည်။ ဝိပတ္တိလေးပါးတွင် တပါးပါးနှင့် တိုးမိပါက ထိုရှေးကံများ အကျိုးမပေးနိုင်ကြောင်းအဋ္ဌကထာဆရာကြီးက ပြတော်မူလို၍ ဤဝတ္ထုများကို ထုတ်ပြလေသည်။ ဤ၌ကား သာသနာ့ဝင်သမိုင်း တကဏ္ဍအဖြစ် ဖော်ပြခွင့်ရပေ၏။]

http://www.dhammadownload.com



# ပိဋကတော်ကို တိုက်ဆိုင်စိစစ်ခြင်း

အထက်ဖော်ပြပါအတိုင်း သီဟိုဠ်ကျွန်း၌ စဏ္ဍာလတိဿ သူပုန်ဘေး၊ ဒမိဠ ကျေးကုလားများ သူပုန်ဘေး၊ ဒုဗ္ဘိက္ခန္တရ ကပ်ဆိုးကြီးများ တပြိုင်နက် ပေါင်းဆုံ နှောင့်ယှက် လာလေရာ ပရိယတ်, ပဋိပတ်သာသနာတော်ကြီး မကွယ် မပျောက်ရအောင် အသက်နှင့်လဲ၍ စောင့်ရှောက်ခဲ့ကြရသည်မှာ လွန်စွာ ခက်ခဲ ကျပ်တည်းလှပေ၏။

အထူးသဖြင့် သုတ်, ဝိနည်း, အဘိဓမ္မာ, နိကာယ်ငါးရပ် ပိဋကသုံးပုံခေါ်သော မြတ်စွာ ဘုရားရှင်၏ အဆုံးအမ ပရိယတ္တိ ဓမ္မများမှာ ယခု အခါကဲ့သို့ ကျမ်းစာဖြင့် ပြည့်ပြည့်စုံစုံ ရေးမှတ်ထားခြင်း မရှိသေး။ စိတ်သန်ရာ သန်ရာ၊ တာဝန်ကျရာ ကျရာ မိမိတို့ စွမ်းဆောင်နိုင်သလောက် သားစဉ် မြေးဆက် နှုတ်တက်အာဂုံဆောင်၍ လာခဲ့ကြရ၏။

ထို အာဂုံဆောင်မထေရ်ကြီးများ ထိုကပ်ဘေးဆိုးကြီးအတွင်းက ဆုံးပါးခဲ့ကြသော် ပိဋကသုံးဖြာ ပရိယတ္တိ ကျမ်းစာများ တည်ရှိကြတော့မည် မဟုတ်ချေ။ ထိုပိဋကကျမ်းစာများ ကွယ်ပခဲ့လျှင်လည်း ငါးပါးသီလမှအစ ဘုရား အဆုံးအမ အပဏ္ဏက ပဋိပဒါ ကိန်းသေ ကြီးပွားချမ်းသာရေး ကျင့်စဉ် ပဋိပတ္တိ သာသနာလည်း တသီးတခြား တည်ရှိနေနိုင်ခဲ့မည် မဟုတ်ချေ။

ယင်းသို့ သစ်ဥ သစ်ဖုများစားသောက်ကာ ပရိယတ္တိစာပေများ မပ, မ ပျောက်ရအောင် နှုတ်ငုံဆောင်တော်မူခဲ့ကြရသော သာသနာ့ဝန်ဆောင် မထေရ် ကြီးများ၏ အမြော်အမြင်နှင့် လုံ့လဝီရိယတို့သည် မြတ်စွာဘုရား သာသနာ၊ ထေရဝါဒ သမိုင်းတွင် ထိပ်ဆုံးက မှတ်တမ်းတင်ရမည့် ပဓာန အခန်းကြီးတခန်း ဖြစ်ခဲ့ရလေသည်။

ထိုသာသနာဖျက် တိုင်းဖျက် ပြည်ဖျက် ကပ်ဘေးဆိုးကြီးမှ လွတ်မြောက် လာကြရသော သာသနာ့ဝန်ဆောင် မထေရ်ကြီးများ အစုံအလင် မဏ္ဍလာရာမ ကျောင်းတိုက်ကြီး၌ ကံအားလျော်စွာ ပေါင်းဆုံမိကြစဉ် စတုတ္ထ သံဂါယနာ တင်ရန် အခွင့်အလမ်းကြီးတခုပါ ပွင့်ပေါ်၍ လာလေတော့သည်။

မထေရ်ကြီးများသည် နိကာယ်ငါးရပ် ပိဋက သုံးပုံကို အာဂုံဆောင်သော မထေရ်များ အချင်းချင်း တပါးနှင့်တပါး၊ တဖွဲ့နှင့်တဖွဲ့ ကွဲလွဲမှုရှိ-မရှိ ညှိနှိုင်း တိုက်ဆိုင်ကြရ၏။

ညှိနှိုင်းတိုက်ဆိုင် ကြည့်ကြသောအခါ (ကောက္ခရမ္ဗိ ကောဗျဋ္ဌနမ္ဗိ အသမေန္တံ နာမ န ပဿိံ သု-အံ-၄-၁၊၇၁။) အက္ခရာ တလုံးတပါဒမျှ ကွဲလွဲခြင်း၊ ကျပျောက်

http://www.dhammadownload.com



ခြင်း၊ မှားယွင်းချွတ်ချော်ခြင်း မရှိ။ အားလုံး တညီတညွတ်တည်း ပြန်လည် ရရှိကြသည်မှာ သာသနာတော်၏ ဘုန်းကံပင် ဖြစ်ပေတော့သည်။

## ပါဠိတော်တကျမ်း ပျောက်ဆုံးနေ၍

မထေရ်ကြီးများ အားလုံး ဆုံစည်း ညှိနှိုင်း၍ စိစစ်ကြည့်ကြသောအခါ ပါဠိတော် ကျမ်းလေးဆယ်ကျော်တွင် မဟာနိဒ္ဒေသပါဠိတော်တကျမ်း ပျောက် ဆုံးနေသည်ကို တွေ့ကြရ၏။

သံဃာတော်အားလုံးအား တပါးစီ စစ်မေးကြည့်ရာ မဟာနိဒ္ဒေသပါဠိ တော်ကို အာဂုံဆောင်ထားသူ တပါးတလေမျှ မပါပဲ ဖြစ်နေလေသည်။

ထိုအတွက် သံဃာမထေရ်ကြီးများက နိကာယ်လေးရပ် ဆောင်တော် မူသော (စတုနိကာယိက) တိဿမထေရ်အား မဟာနိဒ္ဒေသကျမ်းကြီး စုံစမ်း ထုတ်ဖော်ရန် တာဝန်ပေးကြ၏။ စုံစမ်းထောက်လှမ်းသောအခါ ယင်းကျမ်းကို အာဂုံဆောင်ထားသူမှာ တကျွန်းလုံးတွင် တပါးတည်းသာ ကျန်ရှိနေကြောင်း၊ ထိုပုဂ္ဂိုလ်မှာလည်း ဒုဿီလ ဖြစ်နေကြောင်း သိရသဖြင့် တိဿမထေရ်ကြီးက မိမိ ၏ ဥပဇ္ဈာယ်ဆရာ မဟာတိပိဋကမထေရ်အား အကျိုးအကြောင်း လျှောက်ထား လေသည်။

မဟာတိပိဋက မထေရ်ကြီးလည်း ချက်ချင်းပင် စဉ်းစား ဆုံးဖြတ်၍ တပည့်တပါးဖြစ်သူ မဟာရက္ခိတထေရ်အား—

**ဆရာ** ငါ့ရှင် မဟာရက္ခိတ၊ အဲဒီ မဟာနိဒ္ဒေသဆောင် မထေရ်ထံသွားပြီး ငါ့ရှင် မဟာနိဒ္ဒေသပါဠိတော်ကြီးကို သင်ယူရမယ်။

**တပည့်** အဲဒီပုဂ္ဂိုလ်ဟာ ဒုဿီလ ရဟန်းယုတ်လို့ ဆိုပါတယ်။ တပည့်တော် ဒုဿီလထံမှာ တပည့်မခံလိုပါဘုရား။

**ဆရာ** ငါ့ရှင် သွားပြီး သင်သာသင်ပါ၊ ဒါသာသနာ့ ပူဇော်တာပဲ။ ငါ့ရှင်နဲ့ အတူ ဒို့များလဲလိုက်ပြီး စာနာမယ်။

**တပည့်** ဒီလိုဆိုယင်တော့ တပည့်တော် သွားသင်ယူပါ့မယ်ဘုရား။

ယင်းသို့ ဆရာတပည့် အရှင်သာရိတ္တရာ မထေရ်မြတ်ကြီး ဟောကြား ဖွင့်ဆိုတော်မူခဲ့သော မဟာနိဒ္ဒေသ ပါဠိတော်ကြီးကို ဒုဿီလမထေရ်ထံ သွား ရောက်၍ နည်းခံသင်ယူစေရ၏။ နေ့ညဉ့်မပြတ် သည်းခံသင်ယူ၍ ပြီးဆုံးသော နေ့၌ပင် ထိုဒုဿီလမထေရ်၏ ခုတင်အောက်၌ မာတုဂါမ တယောက် ရှိနေသည်ကို မဟာရက္ခိတထေရ် မြင်သွားသဖြင့် ဆရာအား—

http://www.dhammadownload.com



"အရှင်ဘုရား ယခင်ကတော့ သူများပြောစကား ကြားရုံပဲ ကြားရပါတယ်။ ခုတော့ တပည့်တော်များ မျက်မြင်ပဲ။ ဒီလိုမှန်းသိရင် ဒီဒုဿီလထံမှာ မဟာနိဒ္ဒေသကို တပည့်ခံပြီး မသင်ပါဘူး အရှင်ဘုရား" ဟု လျှောက်လေ၏။

ပျားသည် ဆူးရှိသော, စပ်ပူသော ရှားစောင်းပင်, ခံပင်တို့မှလည်း စုပ်ယူရသကဲ့သို့ မလွဲမရှောင်သာသဖြင့် သာသနာတော် မျက်နှာကိုသာ ထောက်၍ အခြားမထေရ်များလည်း ထိုဒုဿီလ ရဟန်းယောင်ထံ၌ သင်ယူခဲ့ကြရလေသည်။
(ဝိ-ဋ္ဌ-၂၊ ၂၇၄-၅—ရှုပိယ သိက္ခာပုဒ်အဖွင့်။)

## ပဋိသမ္ဘိဒါအရာ စံတော်ဝင်
# သူကြွယ်သား တိဿထေရ်

သီဟိုဠ်သာသနာ ခရီးတလျှောက် နှစ်ပေါင်း လေးရာ့ ငါးဆယ် ခန့် ပိဋကကို နှုတ်ဖြင့်သာ ဆောင်ရွက်ခဲ့ကြသဖြင့် စာအုပ်ကိုသာ အားကိုးလေ့ ရှိကြသော ယခုခေတ် အဝေဖန်များသူအချို့က 'ဒီပါဠိတွေအားလုံး အမှန်ချည်းပဲလို့ စိတ်ချရပါ့မလား' စသည်ဖြင့် အထင်ရောက်တတ်ကြ၏။

'ကျမ်းစာမလို၊ ကိုယ်သိတာသာ ပမာန' ဟူသော စာလွတ် ပေလွတ် ကျင့်စဉ်ကို ဆုပ်ကိုင်နေသူ အချို့ကလည်း ပိဋကကျမ်းစာကို ပထမဆုံး ထုတ်ပယ်ရန် တာဝန်ရှိနေသည့်အတိုင်း အနောက်တိုင်းမှ စာစဉ်များပင် ထုတ်ဝေကာ ထိုအာဂုံဆောင်သမိုင်းကို ရည်ညွှန်း၍ ထေရဝါဒအား 'နှဲကြည့်' နေကြပြန်လေသည်။

မည်သို့ပင် ထင်မြင်ယူဆကြစေ၊ ထေရဝါဒ သာသနာစောင့် မထေရ်ကြီး အဆက်ဆက်တို့ကား 'အက္ခရာတလုံး ဘုရားတဆူ' ခံယူတော်မူကြသည့် အတိုင်း တကျမ်းတဖွဲ့ကို မဆိုထားဘိ၊ အက္ခရာ စာတလုံးမျှ အတွက်ဖြင့်ပင် ယူဇနာတရာ (မိုင်ရှစ်ရာ)ခရီးကို ခြေကျင်ကြွကာ လေ့လာ အတည်ပြုတော် မူခဲ့ကြလေသည်။

သာသနာစောင့် မထေရ်ကြီးများ၏ လုံ့လ ဝီရိယနှင့် အမြော်အမြင်ကို ဆင်ခြင်သုံးသပ်ကြရာ၏။ ဘဝတသက်တာ နှစ်ပေါင်းတရာ နှစ်ရာလောက်ကိုသာ ကြည့်၍ စီစဉ်သော ခန့်မှန်းခြေ အထင်များ မဟုတ်ကုန်။ ခေတ်လူတို့ မည်သို့မျှ ကိုယ်ချင်းစာ၍ မသိနိုင်, အလှမ်းမမီနိုင်သော ဉာဏ်တော် အမြင်များသာ ဖြစ်ကုန်၏။

တတိယ သံဂါယနာပွဲအပြီး ကိုးတိုင်း ကိုးဌာန သာသနာပြု လွှတ်ရာတွင် အသောက မင်းကြီး၏ သားတော်,သမီးတော် အရှင်မဟိန္ဒနှင့် သံဃမိတ္တာ

http://www.dhammadownload.com



တို့အား သီဟိုဠ်ကျွန်း၌သာ စေလွှတ်ပုံ၊ စေလွှတ်ရာ၌လည်း ခုနစ်လ နောက်ချန် ပြီးမှ ကြွပုံမှအစ ထေရဝါဒ သာသနာ့ဝန်ဆောင် မထေရ်ကြီးများ၏ ဉာဏ်တော် အမြင်ကို ထောက်ဆ ဆင်ခြင် ကြည့်လျှင် အနည်းငယ် ရိပ်စားမိနိုင်ပါ၏။

## ပါဠိတပုဒ် ယူဇနာနှစ်ရာ

သီဟိုဠ်ကျွန်း၌ ပုနဗ္ဗသု သူကြွယ်၏သား၊ ပဋိသမ္ဘိဒါအရာ စံတော်ဝင် တပါးဖြစ်တော်မူသော တိဿမထေရ်ခေါ် ရဟန္တာအရှင်မြတ်တပါး ရှိတော်မူ၏။

ထိုအရှင်တိဿမထေရ် ပရိယတ္တိကိုသင်ယူရာ၌ အလွန်အံ့ဩ ကြည်ညိုဖွယ် ကောင်းလှသည်။

မထေရ်သည် သီဟိုဠ်ကျွန်း မထေရ်ကြီးများထံ ပိဋကသုံးပုံကိုသင်ယူပြီး နောက် ပို၍ ပြည့်စုံကြွယ်ဝစေရန် ဇမ္ဗူဒိပ်သို့ ကြွရောက်၍ ယောနက ဓမ္မရက္ခိတ အရှင်မြတ်ကြီးထံ ထပ်မံသင်ယူပြန်လေသည်။

> [ယောနကတိုင်းကား ဂန္ဓာရ အနောက်မြောက်မှသည် ဂရိတိုင် အောင်သော နယ်ဖြစ်၏။ တတိယသံဂါယနာခေတ် မဟာရက္ခိတ ဦးဆောင်သောအဖွဲ့ သာသနာပြုကြွရာဌာနဖြစ်၏။ ကိုးတိုင်းကိုးဌာန တွင် သာသနာအထူးစည်ပင် ပြန့်ပွားသောဌာနတခုဖြစ်သည်။ ဒုဋ္ဌ ဂါမဏိမင်းကြီးလက်ထက် မဟာစေတီပန္နက်ချပွဲတွင် ထိုယောနက တိုင်းမှ ယောနက မဟာဓမ္မရက္ခိတ ရဟန္တာအရှင်မြတ်ကြီး ဦးစီးသော ရဟန္တာသုံးသောင်း ကြွလာတော်မူဖူးသည်။ သီဟိုဠ်နှင့် မြန်မာက လွဲလျှင် နှစ်ရှည်ကြာစွာ သာသနာတည်တွန်းသောဌာနဟု ဆိုသင့်၏။ Buddhism in Pakistan ၌လည်းရှုပါ။]

ယခု သူကြွယ်သား တိဿမထေရ်၏ဆရာလည်း ယောနကဓမ္မရက္ခိတဟု ဆိုရာ ဒုဋ္ဌဂါမဏိခေတ်ကမထေရ်ကြီး ဖြစ်ကောင်းဖြစ်နိုင်၏။ မည်သို့ဆိုစေ တိဿ မထေရ်ကား ဆရာ့ထံမှ ပိဋကသုံးပုံ အလုံးစုံကို သင်ယူမှတ်သား ပြီးလျှင်သီဟိုဠ် ကျွန်းသို့ပြန်ရန် ဇမ္ဗူဒိပ်သင်္ဘောဆိပ်သို့ ရောက်လာ၏။

သင်္ဘောတက်မစီးမီ ပါဠိဝေါဟာရ ပုဒ်တခုနှင့်စပ်၍ သံသယဖြစ်ပေါ် လာသဖြင့် အမှန်တိကျမဝေခွဲ မဆုံးဖြတ်နိုင်ပဲရှိလေ၏။ ထို့ကြောင့်သီဟိုဠ်သွား သင်္ဘောကိုမစီးတော့ပဲ သင်္ဘောဆိပ်မှလှည့်ပြန်ကာ ယူဇနာတရာ ဝေးကွာသော ယောနကတိုင်းဆရာ့ထံ လျှောက်ထားမေးမြန်းရန် ပြန်ကြွလေ၏။

http://www.dhammadownload.com



## တကမ္ဘာလုံးရှိ ထေရဝါဒီတို့၏ ပိဋကတ်

ထိုသို့ကြွစဉ် လမ်းခရီးအကြား၌ သူကြွယ်တဦးနှင့်တွေ့ဆုံမိ၍ သူကြွယ်က ပိဋကဒေသနာလာ မရှင်းမလင်းသော ပြဿနာများကို လျှောက်ထား၏။ တိဿမထေရ်လည်း ကျေနပ်လောက်အောင် ဖြေဆိုနိုင်သဖြင့် သူကြွယ်က ကြည်ညို၍ အဖိုးတသိန်းတန်သော ကမ္ဗလာစောင်ကြီးတထည် လှူသည်ကိုခံယူရ၏။

ထိုကမ္ဗလာစောင်ကြီးကိုလည်း ဆရာအားပင် ပေးလှူလိုက်လေသည်။ စောင်ကြီးကိုလည်း ဓားငယ်ဖြင့်ဖြတ်လှီး၍ နေထိုင်ရာ၌ အခင်းလုပ်ထားလိုက်၏။

"ပုဒ်တခုအတွက် ယူဇနာနှစ်ရာတိုင်တိုင် ငါသွားရ ပြန်ရသောခရီးကို ဆင်ခြင်၍ နောင်အခါလာရောက်ကြမည့် ညီတော့်ညီတော် သီတင်းသုံးတော်တို့သည် ဤအခင်းကိုကြည့်ကာ ဘုရားအဆုံးအမကို လိုက်နာဖြည့်ကျင့်လိုစိတ် ပေါ်ပေါက်ကြပါစေ" ဟူသော ရည်ရွယ်ချက်ဖြင့် သာသနာအစဉ်အဆက် ဥဒါန်းတွင်၍ သင်ခန်းစာတခု ဖြစ်ရစ်စေရန် အဖိုးတသိန်းတန်သော ကမ္ဗလာကြီးကို ဓားဖြင့် လှီးဖြတ်၍ ခင်းထားခဲ့ခြင်း ဖြစ်လေသည်။

တိဿမထေရ်လည်း ယောနကဓမ္မရက္ခိတဆရာမထေရ်ထံ သံသယဖြစ်သော ပုဒ်တခုကို ကျေနပ်လောက်အောင် ဖြေဆိုရှင်းလင်းချက် ရယူပြီးနောက် ဇမ္ဗုကောလဆိပ်မှတက်ကာ သီဟိုဠ်ကျွန်းသို့ ပြန်ကြွလာလေ၏။

ရှေးခေတ်သီဟိုဠ်သာသနာ ပရိယတ္တိဝန်ဆောင်အရှင်မြတ်တို့သည် မိမိတို့ ဆရာ့ထံမှရရှိထားသော ပိဋကကိုချည်းပြည့်စုံပြီဟု အကြွင်းမဲ့လက်ခံနေကြသည် မဟုတ်ချေ။ ဇမ္ဗူဒီပစသော ခေတ်ပြိုင် တိုင်းပြည်များသို့လည်းကြွရောက်၍ အမြဲ လေ့လာ နှီးနှော့ခြင်း ပြုခဲ့ကြသော အလေ့အထကောင်းများ ရှိခဲ့ကြလေသည်။ တခါက တိပိဋက တိဿမထေရ်သည် 'ပိဋက သုံးပုံတို့ကို စင်ကြယ်သည်ထက် စင်ကြယ်အောင် သုတ်သင်တည်းဖြတ်မည်' ဟု ရည်ရွယ်၍ ဇမ္ဗူဒီပဘက်သို့ ကြွခဲ့ဖူးကြောင်း (သံ-ဋ္ဌ-၃၊ ၂၇၂- ဇကဗိဇိသုတ်အဖွင့်) မှတ်သားရပေသည်။

ထို့ကြောင့် ယနေ့ရှိနေသော ပိဋကသည် သီဟိုဠ်၌ မှတ်တမ်းတင်ထားသော်လည်း သီဟိုဠ်ပညာရှင်များ သက်သက်၏ လက်ခံအတည်ပြုချက် မျှသာ မဟုတ်ချေ။

တိဿမထေရ်သီဟိုဠ်ကျွန်းသို့ ရောက်သွားသောအချိန်ကား ရဟန်းတော်များထုံးစံအရ စေတီရင်ပြင်၊ ကျောင်းရပ်ပြင်၊ တံမြက်စည်းလှည်းချိန် ဖြစ်၍ မိမိရောက်ရာ ဇမ္ဗုကောလဆိပ်အနီးရှိ ဝါလိကကျောင်းတွင်း၌ ဝင်ရောက်၍ တံမြက်လှည်းနေလေ၏။

http://www.dhammadownload.com



ရဟန္တာအရှင်မြတ်ကြီးများလည်း ထိုကျောင်း၌ရှိနေတော်မူကြရာ တံမြက်စည်းလှည်းရာကို ကြည့်ရှုမှုဖြင့် ရဟန္တာတပါး တံမြက်လှည်းထားသော နေရာဟု သိမြင်တော်မူကြသည့်အတိုင်း တံမြက်လှည်းနေသော တိဿမထေရ်အား ခဲရာခက်ဆစ် ပြဿနာများကို ပိုင်း၍ မေးမြန်း စမ်းကြည့်တော်မူကြသည်။ တိဿမထေရ်လည်း မေးတိုင်း မေးတိုင်း မဆုတ်ဆိုင်းပဲ မြင်းကောင်းစိုင်းသကဲ့သို့ ခဏချင်း ဖြေဆိုလျှောက်ထားလေ၏။ (ဝိဘင်္ဂ-ဋ္ဌ၊ ၃၇၂-၃၊ပဋိသမ္ဘိဒါဝိဘင်း။)

## ပဋိသမ္ဘိဒါဉာဏ်ရကြောင်း ငါးပါး

အင်္ဂုတ္တိုရ်ကထာ၌ ပဋိသမ္ဘိဒါဉာဏ်ရင့်သန် ရှင်းလင်း ကြည်လင်ခြင်းအကြောင်း ငါးမျိုးကို ပြတော်မူ၏။

၁။ အဓိဂမ= ရဟန္တာဖြစ်ပြီးရခြင်း၊

၂။ ပရိယတ္တိ= ပါဠိကျမ်းဂန် သင်ယူဖူးခြင်း၊

၃။ သဝန= တရားစာပေကို တရိုတသေနာယူခြင်း၊

၄။ ပရိပုစ္ဆာ= အနက်အဓိပ္ပာယ် ဖွင့်ဆိုဟောပြခြင်း၊

၅။ ပုဗ္ဗယောဂ= ရှေးရှေးဘဝက ကမ္မဋ္ဌာန်းတရား အားထုတ်ရာ ဂတပစ္စာဂတိကဝတ် ကျင့်ခဲ့ဖူးခြင်း။ (ဝါ)သတိပဋ္ဌာန်အမှတ် ဒလစပ်စွဲမြဲခြင်း။

ယင်း ၅-မျိုးကို ပြဆိုရာတွင် ကမ္မဋ္ဌာန်းအားထုတ်စဉ်က လျှောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုထ်လေးပါးစလုံး ရှေ့နောက် အမှတ်ချင်းစပ်အောင် မှတ်နိုင်၍ ရဟန်းကိစ္စပြီးသောအခါ ပဋိသမ္ဘိဒါရသူတို့တွင် ပို၍ ကြည်လင်ထက်မြက်ကြောင်း တိဿမထေရ်ကို စံတင် သာဓကပြခြင်း ဖြစ်၏။

ဤကျမ်း၌ကား ထေရဝါဒ သာသနာ့စောင့် မထေရ်ကြီးများ၏ လုံ့လဝီရိယနှင့် သာသနာ့နောင်ရေး မျှော်တွေးကျင့်ဆောင်ပုံကို တနည်းတဖုံ ရည်ညွှန်းရပါ၏။

# စတုတ္ထသံဂါယနာ ရှေပြေးအစည်းအဝေးကြီး
## ပရိယတ်၊ ပဋိပတ် အချေအတင်ဆွေးနွေးခြင်း

တိုင်းဖျက်၊ ပြည်ဖျက်၊ သာသနာဖျက် ဘေးကြီးမှ ကံအားလျော်စွာ လွတ်မြောက် လာကြသော ထေရဝါဒ သာသနဝန်ဆောင် မထေရ်ကြီးများ တိုင်းပြည်အေးချမ်းစ ဒက္ခိဏာဒေသ ကာလကရ္ဘာ မဏ္ဍလာရာမ ကျောင်းတိုက်ကြီး

http://www.dhammadownload.com



သို့ အမှတ်မထင် ဆုံစည်းတော်မူကြရာတွင် မမြင်ရသောတွန်းအားသည် နောက်ကွယ်၌ အမှန်တကယ် ရှိနေလေသည်။

အမှန်သော်ကား သာသနာတော် နောင်အရှည် တည်တံ့ပြန့်ပွားစေရန် စတုတ္ထသံဂါယနာတင်ရေး ရွှေတော်ပြေးအစည်းအဝေးကြီး ဖြစ်မှန်းမသိ ဖြစ်ခဲ့လေ၏။

ပထမဆုံး မြတ်စွာဘုရားရှင် မုခပါဌ် ပိဋကတော်များကို အရေးတကြီး ညှိနှိုင်းစိစစ်ကြ၏။ တစုံတရာ ကွဲလွဲ ကျပျောက်ခြင်း မရှိသည်ကို တွေ့ကြရမှ သာသနာနောင်ရေး စိတ်အေးတော်မူကြရလေ၏။ ထိုသံဃအစည်းအဝေးကြီးတွင် တကျွန်းလုံးရှိ ပရိယတ်,ပဋိပတ်အကျော် သံဃာတော်များအားလုံးလောက်နီးနီး ဆုံစည်းမိကြစဉ် သာသနာတော်အကြောင်း ဆွေးနွေးကြယင်းက ပြဿနာ တရပ် ပေါ်ပေါက်ခဲ့လေသည်။

ပြဿနာကား– "မြတ်စွာဘုရားသာသနာတော် အရှည်တည်တံ့ပြန့်ပွားခြင်း၏ အခြေခံအကြောင်းရင်းသည် ပရိယတ္တိလော၊ သို့မဟုတ် ပဋိပတ္တိလော" ဆိုသည့် ပြဿနာပင် ဖြစ်သည်။

## ပဋိပတ်သာ သာသနာမူလ

**ပံ့သုကူဆောင် မထေရ်များက** 'ပဋိပတ္တိ = အကျင့်တရားသာလျှင် သာသနာတော်၏ အခြေခံ ဖြစ်ကြောင်း' ဖြေဆိုကြကုန်၏။

**ဓမ္မကထိက မထေရ်များကမူ** 'ပရိယတ္တိသာလျှင် အခြေခံဖြစ်ကြောင်း' ကန့်ကွက်ပြောဆိုကြလေသည်။

**သံဃမထေရ်ကြီးများ** "ကဲ.... ငါ့ရှင်တို့၊ သင်တို့ နှစ်ဦးနှစ်ဘက် အပြောချည်းသက်သက်ဖြင့် တို့လက်မခံ နိုင်သေးဘူး။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ သုတ္တန် စကားတော် အဆိုအမိန့်များကို ထုတ်ဆောင်ကိုးကားပြီး ပြောဆိုကြပါ"ဟု တိုက်တွန်းလိုက်၏။

**ပံ့သုကူဆောင်မထေရ်များ** "ပါဠိတော် သာဓကပေးရန် အခက်အခဲ မရှိပါဘုရား။

"ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အသ= ချစ်သားသုဘဒ္ဒ.... ငါ၏သားတော်များ မဂ္ဂင်ရှစ်ဖြာကို ကောင်းစွာကိုယ်တိုင်လည်းကျင့်ကြံ၊ တပါးသူတို့ကိုလည်း ကိုယ်နှင့် ထပ်တူ ကျင့်ကြံစေခြင်းအားဖြင့် ကောင်းမွန်

http://www.dhammadownload.com



ဖြောင့်မှန်စွာ နေကြမည်ဆိုလျှင် ဤလောကကြီးသည် ရဟန္တာတို့ဖြင့် မဆိတ်သုဉ်းနိုင်ဘူး'လို့ မဟာပရိနိဗ္ဗာနသုတ်တော် (ဒီ-၂၊၁၂၅)မှာ အတည့်အလင်း ဟောတော်မူထားခဲ့ပါတယ်။

"ဆက်၍ လျှောက်ထားပါမည်ဘုရား-

ထိုမှတပါး မိလိန္ဒပဉှပါဠိတော်မှာ အရှင်နာဂသိန် ကိုယ်တိုင် မိလိန္ဒမင်းကြီးအား ဒီပြဿနာကို ဖြေဆိုတော်မူခဲ့ပြီး ဖြစ်ပါတယ်။

"ပဋိပတ္တိမူလကံ မဟာရာဇ သတ္ထုသာသနံ ပဋိပတ္တိ သာရကံ၊ ပဋိပတ္တိယာ ဓရန္တာယ တိဋ္ဌတိ= မြတ်သောမင်းကြီး မြတ်စွာဘုရား သာသနာဟာ ပဋိပတ္တိသာလျှင် အရင်းမူလဖြစ်၍ ပဋိပတ္တိသာလျှင် အနှစ်သာရ ရှိတယ်။ ပဋိပတ္တိသာသနာ ထင်ရှား ရှိနေသေးယင် သာသနာ ရှိနေတာပဲ"လို့လဲ မိလိန္ဒပဉှာ ပါဠိတော်မှာ ဖြေဆို ခဲ့ပါတယ်ဘုရား။ (မိလိန္ဒပါ-၁၃၆)

## ပရိယတ်သာ ပဓာန

**ဓမ္မကထိကမထေရ်များ** (မိမိတို့အယူဝါဒ ခိုင်မာစေရန် အောက်ပါ ဂါထာများကို ရွတ်ဆို ချေပကြလေသည်။)

(၁) "ယာဝ တိဋ္ဌန္တိ သုတ္တန္တာ၊ ဝိနယော ယာဝ ဒိပ္ပတိ။
တာဝ ဒက္ခန္တိအာလောကံ၊ သူရိယေ အဗ္ဘုဋ္ဌိတေ ယထာ။

"သုတ်အဘိဓမ္မာ တရားတော်များ တည်ရှိနေသေးသမျှ၊ ဝိနည်း တရားတော် ထွန်းပနေသေးသမျှ နေမင်းကြီးထွက်ပေါ်တည်ရှိနေ သေးလျှင် အလင်းရောင်ကြောင့် အကောင်းအဆိုးခွဲခြားသိမြင်ခွင့် ရနေသကဲ့သို့ ဤလောလည်း သူတော်ကောင်းတရား အလင်းရောင်ကြီး ကြောင့် အမှန်အမှား ခွဲခြားသိမြင်ခွင့် ရနေကြရမှာပဲ ဖြစ်ပါတယ်။"

(၂) သုတ္တန္တေသု အသန္တေသု၊ ပမုဋ္ဌေ ဝိနယမှိ စ။
တမော ဘဝိဿတိ လောကော၊ သူရိယေ အတ္ထင်္ဂတေ ယထာ။

"သုတ်အဘိဓမ္မာ တရားတွေ မပျောက်ကွယ် ကုန်ကြမယ်ဆိုယင်၊ ဝိနည်းတရားတွေမှ ပျောက်ကွယ်ပနေမယ်ဆိုယင် နေဝင်တဲ့အခါလို ဤကမ္ဘာလောကကြီးတခုလုံး မှောင်အတိကျတော့မှာပါပဲ။"

(၃) သုတ္တန္တေ ရက္ခိတေ သန္တေ၊ ပဋိပတ္တိ ဟောတိ ရက္ခိတာ။ ပဋိပတ္တိယံ ဌိတော ဓီရော၊ ယောဂက္ခေမာ န ဓံသတိ။ ။"ဒါကြောင့် ပရိယတ္တိ

http://www.dhammadownload.com



ခေါ်တဲ့ သုတ်, ဝိနည်း, အဘိဓမ္မာ ကျမ်းစာတွေကို စောင့်ရှောက်ထားနိုင်ယင် ပဋိပတ္တိဟာ စောင့်ရှောက်ပြီးသား ဖြစ်ပါတယ်။ ပဋိပတ္တိမှာ ရပ်တည်နိုင်တဲ့ အရိယာပညာရှင်ဟာ ပဋိဝေဓခေါ်တဲ့ နိဗ္ဗာန်ချမ်းသာကြီးမှ မလွဲချော် မဆုံးရှုံးနိုင်တော့ပါဘူး။"

## မထေရ်ကြီးများ၏ ဆုံးဖြတ်ချက်

(ထိုအခါ ပံ့သုကူဆောင် မထေရ်များမှာ ပြန်လည် မချေပကြတော့ပဲ ဆိတ်ဆိတ်ပင် နေတော်မူကြလေ၏။)

**သံဃမထေရ်ကြီးများက** အောက်ပါအတိုင်း ဆက်၍ ဓမ္မကထိက မထေရ်တို့၏စကားကို ထောက်ခံ ရှင်းပြတော်မူကြသည်။

"နှစ်ဘက်စလုံးက ဖြေဆိုကြတာတွေဟာ အလွန်မှတ်သားစရာ ကောင်းပါတယ်။ အားလုံးလဲ အမှန်ချည်းပါပဲ။ သို့သော်လဲ အရှည်သဖြင့် သာသနာ တည်တံ့ပြန့်ပွားအောင်ဆိုယင်တော့ ပရိယတ္တိ သာသနာ၊ ပရိယတ် ဝန်ဆောင် ပုဂ္ဂိုလ်တွေဟာ ပိုပြီးအရင်းမူလ ပဓာနဖြစ်ပါတယ်။

"နွားလားဥသဘကြီးတွေ အရာအထောင် ရှိနေကြစေကာမူ ဒီအထဲမှာ အဆက်အနွယ်ကို ထိန်းသိမ်းစောင့်ရှောက်မယ့်နွားမ မရှိယင် နွားမျိုးဆက် ပြတ်သွားနိုင်သလို ဒီအတိုင်းပဲ ဝိပဿနာ အားထုတ်တဲ့ ရဟန်းတော်တွေ အရာအထောင် ရှိနေကြစေကာမူ ပရိယတ္တိ-ပရိယတ္တိဝန်ဆောင် မရှိယင် ပဋိဝေဓ သာသနာ (အရိယမဂ်ကို ထိုးထွင်းသိမြင်ခွင့်)ဆိုတာ မရှိနိုင်တော့ပါဘူး။

"တနည်းအားဖြင့် ပြောမယ်ဆိုယင် ရွှေအိုးကြီး မြှုပ်ထားတဲ့ နေရာကို အတိအကျ သိဖို့ရာ အက္ခရာ ကျောက်စာတိုင်သာ ရှိနေသေးယင် ရွှေအိုးကြီး ပျောက်ဆုံးသွားပြီလို့ မဆိုရပါဘူး။ ထို့အတူပဲ ကျောက်စာတိုင်ပမာ ပရိယတ္တိ သာသနာတော်ကြီး တည်ရှိနေသေးသမျှ သာသနာကွယ်ပပြီလို့ မဆိုရပါဘူး။

(အံ-ဋ္ဌ-၁၊၇၁-၇၂-ဒုတိယ ပမာဒ ဒိဝဂ်။)

"တနည်းအားဖြင့် ပြောရမယ်ဆိုယင် ပရိယတ္တိဟာ ကန်ဘောင်နှင့် တူပါတယ်။ ပဋိပတ္တိဟာ ရေနှင့် တူပါတယ်။ ပဋိဝေဓဟာ ကြာနှင့်တူပါတယ်။ ဒါကြောင့် ကန်ဘောင်မရှိယင် ရေမရှိနိုင်သလို၊ ရေမရှိယင် ကြာမရှိနိုင်တော့ပါဘူး။

"ဣတိ ပဋိပတ္တိတောပိ ပရိယတ္တိယေဝ ပမာဏံ=ဒါ့ကြောင့်လဲ ပဋိပတ်ထက် ပရိယတ်သာ ပမာဏ ဖြစ်ပါတယ်။(သံ-ဋ္ဌ-၂၊ ၁၈၇-၈-သဒ္ဓမ္မပ္ပဋိရူပကသုတ် အဖွင့်။)

http://www.dhammadownload.com



## နွားကျောင်းသား နို့စားရရေး

"နောက်ဆုံး ပြောချင်တာကတော့ 'သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ=သာသနာတည်မှုအတွက် ပရိယတ်သာ ပမာဏ ဖြစ်တယ်ဆိုတာ ငြင်းစရာ မရှိပါဘူး။

"ဘာကြောင့် ပရိယတ္တိ-ပရိယတ္တိဆောင် ပုဂ္ဂိုလ်တို့သာ လိုရင်း ပဓာန ဖြစ်သလဲ ဆိုတာကို ဆက်ပြီး စဉ်းစားယင်—

> "ပဏ္ဍိတော ဟိ တေပိဋကံ သုတ္ဂာ ဒွေပိ ပူရေတိ=ခက်ခက်ခဲခဲ ပိဋကကျမ်းစာတွေကို ကျွမ်းကျင်အောင် သင်ယူရတာဟာ အထူး သဖြင့် ပုထုဇဉ်များအတွက် ကျင့်ဖို့ သင်ရတာ ဖြစ်ပါတယ်။ အဲဒီလို သင်ယူပြီးတဲ့ ပရိယတ် ပညာရှင်တိုင်း ပဋိပတ်၊ ပဋိဝေဓဆိုတဲ့ သာ သနာ့ နှစ်ရပ်ကိုလဲ မကျင့်ပဲမနေ၊ ဆက်လက် ဖြည့်ကျင့်မြဲ ရရှိမြဲ ဖြစ်လို့ ပရိယတ်လိုရင်းပဲလို့ ပြောရခြင်း ဖြစ်ပါတယ်။

"ထိုကဲ့သို့ မကျင့်နိုင်ဘူးဆိုယင်တော့ နွားကိုသာ ထိန်းကျောင်းနေရပြီး နို့အရသာ မခံစားရတဲ့ နွားကျောင်းသားနှင့် အတူတူပဲလို့ မြတ်စွာဘုရားရှင် ဟောတော်မူတဲ့အတိုင်း အရှင် နာဂသေနကို သူ့ဆရာ ပါဠလိပုတ်ပြည် အသော ကာရုံကျောင်း ဓမ္မရက္ခိတ မထေရ်ကြီး ဆုံးမသလို ဖြစ်နေတတ်ပါတယ်။ (ဒီ-ဋ္ဌ-၃၊ ၈၂-သမ္ပသာဒနီယသုတ် အဖွင့်နှင့် မိလိန္ဒပဉှာ။)

> ဗဟုမ္ပိ စေ သံဟိတဘာသမာနော၊
> န တက္ကရော ဟောတိ နရော ပမတ္တော။
> ဂေါပေါဝ ဂါဝေါ ဂဏယံ ပရေသံ၊
> န ဘာဂဝါ သာမညဿ ဟောတိ။ ။
> (ဓမ္မပဒ-၁၉၊ ဋ္ဌ-၁-၁၀၁-ဒွေသဟာယက ဘိက္ခုဝတ္ထု။)

"ပိဋကသုံးပုံခေါ် မြတ်စွာဘုရား စကားတော် (သံဟိတ) ကို များစွာ ဆောင်ထား ဟောကြားသင်ပြနေသော်လည်း မိမိကိုယ်တိုင် ကမူ မေ့လျော့နေကာ စာလာအတိုင်း မလိုက်နာ မကျင့်သုံးသော သူသည် သူတပါးတို့၏ နွားကိုသာ အငှားကျောင်းရသော နွား ကျောင်းသားသည် နို့အရသာ မခံစားရ သကဲ့သို့ သာမညဖလ ရဟန်းသုခဝေစုကို ရသည် မမည်ချေ။"

http://www.dhammadownload.com



# အင်ကြင်းတောထဲက ပြဿနာ

"ဒီနေရာမှာ နောက်ဆုံး ဒီကိစ္စမှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အလိုတော်ကျအောင် စဉ်းစား လိုက်နာရမှာပဲ ဖြစ်ပါတယ်။

"အားလုံးသိရှိတော်မူပြီး ဖြစ်တဲ့အတိုင်း တချိန်က မြတ်စွာဘုရားရှင်ဟာ အရှင်သာရိပုတ္တရာ, အရှင်မဟာ မောဂ္ဂလ္လာန်,အရှင်မဟာကဿပစသော ထင်ရှားသော သာဝကကြီးများနှင့်အတူ အင်ကြင်းတောထဲမှာ သီတင်းသုံးတော်မူကြ ရစဉ်က မထေရ်ကြီးများ အတွင်းမှာ ပြဿနာတခု ဖြစ်ပေါ်ခဲ့ဖူးပါတယ်။

"အင်ကြင်းတောပမာ ဤသာသနာတော်ကြီးကို ဘယ်လို အရည်အချင်း ရှိတဲ့ ပုဂ္ဂိုလ်မျိုးကသာ တင့်တယ်စေနိုင်မလဲ၊ တည်တံ့ပြန့်ပွားအောင် ရွက်ဆောင်နိုင်မလဲ ဆိုတဲ့ ပြဿနာပါပဲ။ ဒီပြဿနာကို မထေရ်ကြီးများက မိမိတို့ သန့်ရာ သန့်ရာ ထင်မြင်ချက် အသီးအသီးကို ထုတ်ဖော် ပြောဆိုခဲ့ကြပါတယ်။ ယနေ့ ပြောဆိုကြမယ့် အရေးမျိုးကို မြင်တော်မူကြလို့ ယခုလို ကြိုတင် ဆွေးနွေး အဖြေပေးခြင်းလဲ ဖြစ်နိုင်ပါတယ်။ အဲဒီ ပြဿနာကို—

၁။ အရှင်အာနန္ဒာက ပရိယတ္တိ ပါရှိသူမှ ဟုလည်းကောင်း၊

၂။ အရှင် ရေဝတက သမထ ဝိပဿနာ အကြွင်းမဲ့ ပြည့်စုံ နိုင်နင်းသူမှ ဟုလည်းကောင်း၊

၃။ အရှင်အနုရုဒ္ဓာက ဒိဗ္ဗစက္ခု ရရှိသူမှ ဟုလည်းကောင်း၊

၄။ အရှင်မဟာ ကဿပက ဓုတင်ဆောင်သူမှ ဟုလည်းကောင်း၊

၅။ အရှင်မဟာ မောဂ္ဂလ္လာန်က အဘိဓမ္မာ နိုင်သူမှ ဟုလည်းကောင်း၊ (ဤ၌ 'အဘိဓမ္မာ'မှာ သင်္ဂြိုဟ် ကျက်စာသိလေ့ကက်ကို ဆိုသည် မဟုတ်။)

၆။ အရှင်သာရိပုတ္တရာကတော့ စိတ်နောက်ကို မိမိကမလိုက်ပါပဲ စိတ်ကို မိမိအလိုအတိုင်း ပါအောင်လုပ်ဆောင်(သမာပတ်) နိုင်နင်းသူမှသာ အင်ကြင်းတောပမာ ဤသာသနာတော်ကြီးကို တင့်တယ်စေနိုင်သူဖြစ် ကြောင်း အသီးအသီး ထင်မြင်ချက်များကို မိန့်ဆိုတော်မူကြပါတယ်။

"အရှင်သာရိပုတ္တရာမထေရ်ကြီးဟာ မထေရ်များအားလုံးရဲ့ ထင်မြင်ချက် များကို သူကိုယ်တိုင် တပါးစီ မေးမြန်းပြီး အားလုံးကို ခေါ်ဆောင်သွားကာ ဘုရားရှင်အား ထင်မြင်ချက်များကို အားလုံး၏ကိုယ်စား အသီးအသီး တင်ပြပါ တယ်။ 'ဘယ်သူ့အဖြေဟာ အကောင်းဆုံး ဖြစ်ပါသလဲ ဘုရား'လို့လဲ လျှောက် ထားတော့ မြတ်စွာဘုရားက—

http://www.dhammadownload.com



"သာရိပုတ္တရာ....၊ ပရိယာယ်အားဖြင့် သင်တို့ ထင်မြင် ဖြေဆိုချက်တွေ အားလုံး အကောင်းချည်းပါပဲ။ ဒါပေမယ့် ငါဘုရား၏ ထင်မြင် ယူဆချက်ကိုလည်း နားထောင်ကြဦးလို့ မိန့်တော်မူကာ 'ဆွမ်းခံသွား, ဆွမ်းစားပြီးသည်နှင့် တင်ပျဉ်ခွေထိုင်ကာ အရဟတ္တဖိုလ်မရသမျှ ဒီတင်ပျဉ်ခွေ မဖျက်တော့ဘူး၊ မထတော့ဘူးဆိုတဲ့ ဇွဲလုံ့လဆန္ဒယုံကြည်ချက်နှင့် ရှုမှတ်နိုင်တဲ့ပုဂ္ဂိုလ်မျိုးသာလျှင် အင်ကြင်းတောပမာ ဒီသာသနာတော်ကို တင့်တယ်စေနိုင်တယ်၊တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်နိုင်မယ်' လို့မိန့်တော်မူခဲ့ဖူးပါတယ်။ (မူလပဏ္ဏာသ၊ မဟာဂေါသိင်္ဂသုတ်၊ မ-၁၊ ၂၇၂-၂၈၁။)

"ကဲ....ယခုလဲ အရှင်မြတ်များအားလုံးဟာ ဘုရားရှင်၏ အလိုတော်ကို ဦးတိုက်ပြီးသကာလ ပရိယတ်နှင့် ပဋိပတ်သည် ဝေါဟာရအားဖြင့် ကွဲပြားသော်လဲ အငြင်းပွားစရာ မရှိ၊ တသားတည်း ဖြစ်အောင်သာ မိမိတို့အင်အားအလျောက် ခုရနှစ်ဖြာစလုံး ပူးတွဲကာ ဆောင်ရွက်တော်မူနိုင်ကြပါစေ။"

[အဋ္ဌကထာ၌ ပံသုကူဆောင်နှင့် ဓမ္မကထိကများ စကား အချေအတင်ဆိုပုံကိုသာ တိုက်ရိုက်ပါရှိ၍ သံဃမထေရ်ကြီးများ ပြောပုံ တိုက်ရိုက်မလာရှိပါ။ ထိုထိုအဋ္ဌကထာဖွင့်များကို ခြုံငုံ သုံးသပ်၍ 'ဉာဏဝဍ္ဎန=ဉာဏ်ပွား'စေရန်နှင့် သဘောသက်ရောက်သလို နှလုံးသွင်းနိုင်ကြပါစေရန် ရည်သန် ရေးထည့်လိုက်ပါသည်။]

## တကမ္ဘာလုံးရှိ ထေရဝါဒီ အားလုံးတို့၏ ကိုယ်စား

# စတုတ္ထ သံဂါယနာတင်ပွဲ

ယင်းသို့ မထေရ်ကြီးများ တွေ့ဆုံပြောဆိုညှိနှိုင်းစိစစ်ကြခြင်းသည် စတုတ္ထ သံဂါယနာတင်ရန် အနီးကပ်ဆုံးသော အကြောင်းကြီးဖြစ်ကာ ရဟန္တာအရှင်မြတ်ငါးရာတို့ဦးစီးကာ ပေထက်အက္ခရာ တင်တော်မူခဲ့ကြလေသည်။

တင်ရာဌာနကား မလယဇနပုဒ် မာတုလ (သီဟိုဠ်အခေါ် မာတလေမြို့) အနီး မိုခနောက်ဆိုင်သဖွယ် ကျောက်တောင်များတည်ရှိရာ တောင်နှစ်လုံးတို့၏ နံပါး အာလောကလိုဏ် (သီဟိုဠ်အခေါ် အာလုံတ ဝိဟာရ)၌ သာသနာတော်နှစ် ၄၅၅-ခုနှစ်မှာပင် အဋ္ဌကထာနှင့်တကွ ပါဠိတော်များကို စတုတ္ထ သံဂါယနာ ပေထက်အက္ခရာ တင်တော်မူခဲ့ကြလေသည်။

http://www.dhammadownload.com



ဤ၌ အထူးသတိပြုသင့်သည်မှာ လက်ရှိပိဋကတော်များသည် သီဟိုဠ်ကျွန်း၌ ပေထက်တင်အတည်ပြုခဲ့ရသဖြင့် သီဟိုဠ်မထေရ်များ၏ ဆန္ဒနှင့် ပညာအရသာလျှင် အတည်ပြုခဲ့ခြင်း မဟုတ်၊ ခေတ်ပြိုင် တကမ္ဘာလုံးရှိ ထေရဝါဒီမထေရ်ကြီးအားလုံးတို့၏ ဆန္ဒနှင့်ပညာကိုလည်း ရယူပြီးမှ အတည်ပြုခြင်း ဖြစ်ကြောင်း တိဿမထေရ်အကြောင်း၌ ရေးခဲ့ပြီ။

ထိုမျှသာမက သီဟိုဠ်ကျွန်း ဗုဒ္ဓဘာသာဝင်တို့သည် အရှေ့ဘက် ထေရဝါဒီနိုင်ငံတို့နှင့်လည်း ယုတ်စွအဆုံး စစ်ရေးကအစ ခေတ်အဆက်ဆက် အပေးအယူရှိခဲ့ကြလေသည်။ သီဟိုဠ်ကျွန်း၌ မဟာစေတီ ပန္နက်ချပွဲကဲ့သို့ သာသနာရေးကိစ္စကြုံတိုင်း တကမ္ဘာလုံးရှိ ထေရဝါဒီမထေရ်ကြီးများ ပါဝင်အားပေးခဲ့ကြသည်ကိုလည်း ထောက်ဆ၍ လက်ရှိပိဋကသည် ထေရဝါဒီအားလုံးတို့၏ အတည်ပြုချက်ပင်ဖြစ်ကြောင်း အကြွင်းမဲ့ ယုံကြည်ထိုက်ပေ၏။

ယင်းစတုတ္ထသံဂါယနာကို အဋ္ဌကထာ, ဋီကာနှင့် ဝံသကျမ်းတို့၌ အပြည့်အစုံ တခန်းတကဏ္ဍအဖြစ် ရေးသားမှတ်တမ်းတင်ခြင်းမရှိသဖြင့် ရာဇဝင်နောက်ခံနှင့်တကွ တတ်စွမ်းသမျှ ကွင်းဆက်ပြု၍ ရေးသားလိုက်ပါသည်။

ဒီပဝံသ(၂၀၊၂၀-၁)နှင့် မဟာဝံသ(၃၃၊၁၀၂-၃) တို့၌ အောက်ပါအတိုင်း ဂါထာနှစ်ပုဒ်ဖြင့်သာ မှတ်တမ်းတင်ခဲ့ကြလေသည်။

(၁) ပိဋကတ္တယပါဠိံ၊ တဿ အဋ္ဌကထမ္ပိစ။
မုခပါဌေန အာနေသုံ၊ ပုဗ္ဗေ ဘိက္ခူ မဟာမတီ။ ။

(၂) ဟာနိံ ဒိသွာန သတ္တာနံ၊ တဒါ ဘိက္ခူ သမာဂတာ။
စိရဋ္ဌိတတ္ထံ ဓမ္မဿ၊ ပေါတ္ထကေသု လိခါပယုံ။ ။

သံဂါယနာတင်သည့်နှစ်ကိုလည်း ဝဋ္ဋဂါမဏိမင်းကြီး နန်းစံနှစ်ကိုယူ၍ ၄၅၅-ခုနှစ် ဟုသာ ပြဆိုကြလေသည်။ အချိန်အခါ အတိအကျမပြ။ အမှန်အားဖြင့် ဗြာဟ္မဏတိဿဘေးကြီးကင်းဝေးပြေငြိမ်းစ၄၅၅-ခုနှစ်၌ တင်ဟန်မရှိ၊ အဘယဂိရိ ရဟန်းတော်များအတွင်းသို့ မိစ္ဆာအယူဝါဒ ဝေတုလ္လ အယူမှားများ ဝင်ရောက်ပြီးသည့်နောက်မှ သာသနာ့အတွင်းရန်၊ အပြင်ရန်များကို သံဝေဂယူကာ သာသနာအရှည် တည်တံ့ပြန့်ပွားအောင် လုပ်ဆောင်တော် မူကြဟန်ရှိပေသည်။

မဟာဝံသဂါထာ အသွားအလာကို ကြည့်လျှင်လည်း ဤအဓိပ္ပာယ်ပင်ရလေသည်။ မဟာဝင် မြန်မာဝတ္ထု(၃၂၄-နှာ)၌ကား ဤသို့ ပြန်ဆိုထား၏။

[ဒက္ခိဏကျောင်း၌, နေသော ရဟန်းတို့လည်း အဘယဂိရိကျောင်းနေ ရဟန်းတို့နှင့် ကွဲပြားကုန်၏။

http://www.dhammadownload.com



ဤသီဟိုဠ်ကျွန်း၌ အရှင်မဟိန္ဒ ရောက်သည်မှစ၍ ဝဋ္ဋဂါမဏိမင်း၏ လက်ထက် တိုင်အောင် အဆက်ဆက်သော ဆရာတို့သည် ပိဋကသုံးပုံဖြစ်သော ပါဠိတော်၊ အဋ္ဌကထာကို နှုတ်ဖြင့်သာ ဆောင်ရွက်ခဲ့ကြကုန်သည်။ စက္ကူထက်၊ ပေထက်၌ကား အနည်းငယ်သာ ရေးထားကြသည်။ (ဝဋ္ဋဂါမဏိ)မင်း၏လက်ထက်၌ကား—

နောင်သောအခါ သတ္တဝါတို့၏ ပညာသတိ ဆုတ်ယုတ်ကြသဖြင့် မုခပါဌ်ပြု၍ မဆောင်နိုင်အံ့သည်ကို ဆင်ခြင်မိရကား မင်းကြီးအား အကြောင်းကြားပြီးလျှင် အညီအညွတ်စည်းဝေးကြ၍ တရားတော်၏ မြင့်ရှည်စွာ တည်ခြင်း အကျိုးငှာ ပါဠိတော် အဋ္ဌကထာတို့ကို ပေထက်၌ ရေးတင်၍ ထားကုန်၏။]

ဝဋ္ဋဂါမဏိမင်းကြီး လက်ထက်၌ သံဂါယနာတင်သည် ဆိုသော်လည်း မင်းကြီးကား သံဂါယနာဒါယကာ မဟုတ်ချေ။ မင်းမှူးမတ်တို့၏ အကူအညီကို မရ၊ ကိုယ့်အားကိုယ်ကိုးကြိုးစားတော်မူခဲ့ကြရလေသည်။ (မင်းကြီးကားမဟာဝိဟာရကိုဆန့်ကျင်သော အဘယဂီရိဂိုဏ်းကို အားပေးသူဖြစ်၏။)

အထူးမှတ်သားရန်မှာ အဋ္ဌကထာတို့၌ သံဂါယနာသုံးတန်ကိုသာ ဖော်ပြ၍ စတုတ္ထသံဂါယနာကို မဖော်ပြ။ ဝဇီရဗုဒ္ဓိ(၅၄၃)၊ သာရတ္ထ (၃၊ ၄၅၆)နှင့် ဝိမတိ (၂၊ ၂၇၂) ဋီကာတို့၌လည်း 'စတုတ္ထသင်္ဂီတိသဒိသာ ပေါတ္ထကာရုဠှ–သင်္ဂီတိ=စတုတ္ထ သံဃာယနာ တင်သည့်အလား ပေထက်တင်သော သံဂါယနာ' ဟူ၍သာ သုံးနှုန်းကြ၏။ သံဂါယနာဟု ဆိုရလောက်အောင် လေးနက် ခိုင်မာခြင်း မရှိသောကြောင့် မဟုတ်တန်ရာပေ။ စင်စစ် စုပေါင်း ရွတ်ဆိုခြင်းကို ပဓာန မထား၊ ပေ၌ရေးသားခြင်းကိုသာ ပဓာန ပြုခဲ့သောကြောင့် သံဂါယနာဟု တိုက်ရိုက်မသုံးနှုန်းခြင်းသာ ဖြစ်ရာ၏။

သာသနာတော်နှစ် ၂၄၂၃-ခုနှစ်က သီဟိုဠ်ကျွန်း အမရပုရ နိကာယဝင် ဝိမလသာရမဟာထေရ်ရေးသားသော ဂါထာ-၁၆၇၁-ဂါထာရှိ 'သာသနဝံသဒီပပါဌ်'၌ စတုတ္ထ သံဂါယနာတင်ခန်းကို ၁၀၇၅-နံပါတ် ဂါထာမှစ၍ ဂါထာနှစ်ဆယ်မျှ မှတ်တမ်းတင်ထားသည်ကို တွေ့ရ၏။ ဂါထာနံပါတ် ၁၀၉၀၌။

"နိဋ္ဌာပေ'သေကဝဿန၊

စတုတ္ထံ ဝိယ သင်္ဂဟံ"ဟု ဖော်ပြကာ တနှစ်တိုင်တိုင် ပေထက်၌ ရေးတင်ရသည်ဟု ဆိုထားရာ ယုတ္တိတန်၍ အမှန်ဖြစ်သင့်သောအချက်ဟု ဆိုရပေမည်။

http://www.dhammadownload.com



မြတ်စွာဘုရားသာသနာတော်သည် အတွင်းရန်၊ အပြင်ရန်များနှင့် ရံခါ အကျဉ်းအကျပ်ရင်ဆိုင်ခဲ့ရသည်။ အထူးသဖြင့် မဟာယာနဝါဒသည် ထေရဝါဒ ပင်မဗုဒ္ဓဝါဒီများကိုပင်လျှင်ဟီနယာနအဖြစ်အထင်မှားအမြင်မှားလောက်အောင် အမြဲတမ်း သွားလေရာ နောက်ကလိုက်ပူးကပ်၍ နှောင့်ယှက် ခဲ့ကြလေသည်။ (နောက်ဆက်တွဲကိုလည်းရှုပါ။)

ဥယျာဉ်ကြီးတခုအတွင်း၌ ပေါင်းမြက်ပင်တို့သာ မစိုက်မပျိုးမပြုမပြင်ရပဲ အလိုလိုကြီးထွားရှင်သန်နေကြစေကာမူ အသုံးဝင်သော အသီးအပင်တခု ဖြစ်ထွန်းရှင်သန်အောင် စိုက်ပျိုးပြုစုရသည်မှာကား ခက်ခဲလှပေ၏။ ဆစ်ပိုး၊မြစ်ပိုး၊ မိုး လေ နေ အန္တရာယ်များလှချေ၏။

အပြည်ပြည်ဆိုင်ရာ အတိတ်သာသနာသမိုင်းစဉ်ခရီးကြမ်းကြီးကိုမျှော်မှန်း ထောက်ရှု၍ အမှန်တရားတခုရရှိဖို့အရေးသည် မည်မျှခက်ခဲလှကြောင်း ဆင်ခြင်တော်မူကြလျက် တိုတောင်းလှသော သက်တမ်းကာလကလေးအတွင်း ပြင်းပြထက်သန်စွာ ကြိုးစားအားထုတ် သင့်လှပါတော့သည်။

http://www.dhammadownload.com




# အခန်း (၂)

# ပရိယတ် ပဋိပတ် ပေါင်းစပ်မှုအရာ စံတော်ဝင် မထေရ်များ

## စာနှင့် လက်တွေ့ ပူးတွဲ၍

ပိဋကသုံးပုံခေါ် မြတ်စွာဘုရားရှင်၏ စကားတော် (သံဟိတ) ကို များစွာဆောင်ထား ဟောကြားသင်ပြ နေသော်လည်း မိမိကိုယ်တိုင်ကမူ မေ့လျော့ကာစာလာအတိုင်း မလိုက်နာ မကျင့်သုံးသောသူသည် သူတပါးတို့၏ နွားကိုသာလျှင် အငှားကျောင်းရ၍ နို့မစားရသော နွားကျောင်းသားကဲ့သို့ သာမညဖလ ရဟန်းသုခဝေစုကို ရသည်မမည်ချေ။ (ဓမ္မပဒ။)

ပဏ္ဍိတော ဟိ စောပိဋကံ သုတ္တာ ဒွေပိ ပူရေတိ = ပညာရှိသူတိုင်း ပရိယတ် သင်ယူပြီးလျှင် ပဋိပတ်ကိုလည်း ပူးတွဲ ဖြည့်ကျင့်သည်သာ။

(ဒီ-ဋ္ဌ-၃၊ ၇၂။)

http://www.dhammadownload.com



## ဆရာအတွက် အသက်ကိုပင် စွန့်လွှတ်နိုင်သော

# ယောဂီ ရဟန်းတော် သုံးပါး

သီဟိုဠ်ကျွန်း သာသနာ အလွန်ထွန်းကားစဉ်က 'စူဠပိဏ္ဍပါတိက တိဿ' ခေါ် မထေရ်ကြီးတပါး ရှိ၏။ သီဟိုဠ် ပဋိပတ္တိသာသနာဝင်၌ ကျော်စော ထင်ရှားသော မထေရ်များတွင် တပါးအပါအဝင် ဖြစ်တော်မူသည်။

တနေ့သောအခါ မထေရ်ငယ် သုံးပါးတို့သည် ကမ္မဋ္ဌာန်းတရား နည်းခံကျင့်ပွားရန် ထိုမထေရ်ကြီးထံ အတူတကွ ရောက်လာကြ၏။

"ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော=အသိမှန်ရရန် သင်ပြနည်းညွှန်တတ်သော ဆရာကို ရှာရမည်။ (ဆရာမရှိပဲ မလုပ်ရ။)" ဟု မိန့်တော်မူသည့်အတိုင်း သတင်းစကား နားထောင်ကာ ဆရာကောင်း ရှာဖွေ ရောက်ရှိလာခြင်းဖြစ်၏။ ဆရာ ရရှိထားရုံမျှမက ဆရာ့အပေါ် မည်မျှ ယုံကြည်ကိုးစားအားထားကြောင်းကိုလည်း 'ဝိသုဒ္ဓိမဂ် အဋ္ဌကထာ' ၌ အောက်ပါအတိုင်း ဆက်လက်ဖော်ပြတော် မူထားလေသည်။

အဆိုပါ မထေရ်ကြီးသည် မိမိထံ ရောက်ရှိလာကြသော ယောဂီရဟန်းတော် သုံးပါးတို့အား ဆရာသမားနှင့် ကမ္မဋ္ဌာန်းတရားအပေါ် မည်မျှလောက် ယုံကြည်ကိုးစား အားထားကြောင်း မေးစမ်းတော်မူ၏။ ထိုအခါ အာဂန္တုယောဂီရဟန်းတော် သုံးပါးတို့တွင်—

**ပဌမရဟန်း** အရှင်ဘုရားများအတွက် အကျိုး တစုံတရာဖြစ်မည်ဟု ဘုရားတပည့်တော်အား တစုံတဦးက ပြောဆိုလာပါလျှင် ဘုရားတပည့်တော်သည် အရှင်ဘုရားများအတွက် အသူတရာနက်တဲ့ ချောက်ကမ်းပါးထိပ်က ခုန်ချပြီး သေပေးဝံ့ပါတယ် အရှင်ဘုရား။

**ဒုတိယရဟန်း** လူတကိုယ်လုံး အမှုန့်ပြု၍ အရှင်ဘုရားများအတွက် တစုံတရာ အကျိုးရှိမည်ဟု တစုံတဦးက ပြောဆိုလာပါလျှင် ဘုရားတပည့်တော်တကိုယ်လုံး ဖနောင့်ကစ ခေါင်းသို့ကျအောင် ကျောက်ပျဉ်ပေါ်မှာ သွေး၍ လျှုလို့ရမည်ဆိုပါက စွန့်လှူနိုင်ပါတယ် အရှင်ဘုရား။

http://www.dhammadownload.com



**တတိယရဟန်း**. ဘုရားတပည့်တော်၏ ထွက်လေ ဝင်လေများ အောင့်ချုပ် သေ ပေး၍ အရှင်ဘုရားများအတွက် ဆေးဘက် ဝါးဘက်အဖြစ် အကျိုးတစုံတရာ ရှိမည်ဟု တစုံတယောက်က ဆိုလာပါလျှင် ဘုရားတပည့်တော်လဲ အရှင်ဘုရားများအတွက် အသက်ကိုပင် စွန့်လှူနိုင်ပါတယ် အရှင်ဘုရား။

ဤသို့ အသီးအသီး လျှောက်ထားဝန်ခံ ကြလေ၏။

ယင်းသို့ သဒ္ဓာ ဆန္ဒ ဝီရိယဖြင့် အသက်ပေးယုံကြည်ကြောင်း လျှောက်ထားကြလျှင် မထေရ်ကြီးတ—

"ဤ ရဟန်းငယ်သုံးပါးလုံး ကမ္မဋ္ဌာန်းတရား ပေးထိုက်သူများဖြစ်ပေပြီ" ဟု သဘောပိုက်ကာ ရှုမှတ်နည်းများကို သင်ပြပေးတော်မူလိုက်သည်။ ရဟန်းငယ် သုံးပါးလည်း ဆရာမထေရ်ကြီး ညွှန်ကြားပြသသည့်အတိုင်း ရှိရှိသေသေ၊ ယုံယုံ ကြည်ကြည်၊ လိုလိုချင်ချင်၊ ကြိုးကြိုးစားစား ရှုမှတ်ပွားများကြရာ မကြာမီပင် သုံးပါးလုံး ရဟန်းကိစ္စ ပြီးမြောက်သွားကြလေသည်။

ဤကား ဆရာသမားအပေါ် မိမိ၏ခန္ဓာကိုယ်နှင့် အသက်ကို စွန့်လွှတ်နိုင် သည်အထိ ယုံကြည်သော သဒ္ဓါတရား၏ အကျိုးဖြစ်ပေသည်။ (ဝိသုဒ္ဓိမဂ်–၁၊ ၁၁၂- ကမ္မဋ္ဌာန်းယူခန်း။)

## တရားထူးရမည့်သူ အရည်အချင်း ငါးမျိုး

ထို့ကြောင့် ကမ္မဋ္ဌာန်းတရား အားထုတ်လိုသော ယောဂီတို့သည်—

"သက္ကောစ= သူတော်ကောင်းတရားတို့ကို အမှန်တကယ် သက်စွန့်ကြိုး ပမ်း အားထုတ်နိုင်ရခြင်းသည် လည်းကောင်း၊ သုဝစောစ= ဆရာ့စကားကို တသဝေမတိမ်း လိုက်နာလွယ်သူ ဖြစ်ရခြင်းသည်လည်းကောင်း"ဟု ဟောတော် မူသော မေတ္တာကမ္မဋ္ဌာန်း (မေတ္တသုတ်)လာ ရွှေပြေးအရည်အချင်းများ ရှိထား ကြရလေသည်။

တရားအားထုတ်မည့်သူများ၌ ကြိုတင်ပြည့်စုံထားရမြဲဖြစ်သော (ယခုဘဝ မှာပင် တရားထူးရစေနိုင်သည့်) အင်္ဂါအရည်အချင်း (ပဓာနိယင်္ဂတရား)ငါးမျိုး ရှိ၏။

၁။ ရတနာသုံးပါးနှင့် ကမ္မဋ္ဌာန်းဆရာအပေါ် အကြွင်းမဲ့ယုံကြည်ရခြင်း၊
၂။ ကျန်းမာရေး ကောင်းသူ ဖြစ်ရခြင်း၊
၃။ မိမိမှာ မရှိသောဂုဏ်ကို မဖော်၊ ရှိသောအပြစ်ကိုလည်း မဖုံးကွယ်၊ ရိုးသားဖြောင့်မှန်သူ ဖြစ်ရခြင်း၊

http://www.dhammadownload.com



၄။ အသား အသွေးတွေ ခန်းခြောက်ချင် ခန်းခြောက် ပါစေ၊ အရေ အကြောအရိုးမျှ ကျန်လိုက ကျန်ပါစေ၊ တရားထူးမရမချင်း မပြတ် မလပ် ငါ အားထုတ်မည်ဟူသော (စတုရင်္ဂ)ဝီရိယ ရှိရခြင်း၊

၅။ ရုပ်နာမ်ဖြစ်ပျက်ကို သိမြင်သော (ဥဒယဗ္ဗယ)ဉာဏ် ဖြစ်ပေါ်ခြင်း။

(မ-၂၊ ၃၀၀- ဗောဓိရာဇ ကုမာရသုတ်။)

ထို့ကြောင့်လည်း အမှတ်တစ် အင်္ဂါအရ ကမ္မဋ္ဌာန်း၏ ရှေ့ပြေးအလုပ် (ပုဗ္ဗကိစ္စ)ဖြစ်သော သီလယူ၊ ဂုဏ်တော်ပွား၊ မေတ္တာပို့၊ အမျှဝေ စသည် ပရိကံ ပြုဖွယ်များနှင့်တကွ ဘုရားရှင်နှင့် ကမ္မဋ္ဌာန်းပေးမည့်ဆရာအား မိမိခန္ဓာကိုယ်ကို စွန့်လှူ အပ်နှင်းကြရလေသည်။ ယုံကြည်မှုကို ပြသရခြင်းဖြစ်သည်။

ဘုရားလှူ "ဣမာဟံ ဘဂဝါ အတ္တဘာဝံ တုမှာကံ ပရိစ္စဇာမိ=မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည် ဤခန္ဓာကိုယ် အတ္တဘောကြီးကို မြတ်စွာ ဘုရားအား အပ်နှင်းစွန့်လှူပါသည်ဘုရား။"

"သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ ကမ္မဋ္ဌာနံ မေ ဒေထ= ဘုရားတပည့်တော်အား သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကျွတ်လွတ် ပါရခြင်းအကျိုးငှာ ကမ္မဋ္ဌာန်းတရား ပေးသနားရှဲ ချီးမြှင့်တော်မူပါ ဘုရား။"

ဆရာလှူ "ဣမာဟံ ဘန္တေ အတ္တဘာဝံ တုမှာကံ ပရိစ္စဇာမိ=('မြတ်စွာဘုရား' နေရာ၌ 'အရှင်ဘုရား' ဆိုရုံသာ ထူးသည်။)

"သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ ကမ္မဋ္ဌာနံ မေ ဒေထ။" (ရှေ့က အတိုင်း။)

## ဘုရားနှင့်ဆရာအား ခန္ဓာကိုယ်စွန့်လှူ အပ်နှင်းရကျိုး

ယင်းသို့ စွန့်လှူအပ်နှင်းသည့်အတွက် အဘယ်အကျိုးရှိသနည်း။

အကျိုးများစွာရှိပေ၏။ ဤသို့ပြုလုပ်ခြင်းသည် ဆရာသမားအား ရိုသေ ကျိုးနွံကြောင်း ဖော်ပြခြင်းပင်ဖြစ်၏။ ရိုသေကျိုးနွံ၍ မြေဝယ်မကျ နာယူသူတို့ မှုလည်း မြှောက်စားအားပေးခြင်း ခံယူရသည်။ ဆရာသမား မြှောက်စားအား ပေးခြင်း ခံရသူမှသာလျှင်လည်း လိုရာပန်းတိုင်သို့ရောက်ရ၏၊ ချမ်းသာရ၏။

ထိုမှတပါးလည်း မိမိ၏ သဒ္ဓါ, ဆန္ဒ, ဝီရိယကို ထုတ်ဖော် ပြရာလည်း ရောက်သည်။ ထိုသို့ နှုတ်မြွက်စွန့်လှူကတည်းက မိမိ၏ ရုပ်နာမ်အစဉ်၌ ကြည်လင် ပြတ်သားသော ယုံကြည်မှုအင်အား (သဒ္ဓါဓာတ်)၊ မရမနေလိုလားသော စိတ် ဓာတ်အင်အား (ဆန္ဒဓာတ်)၊မဖြစ်မနေ ကြိုးစားနိုင်သောအင်အား (အာရမ္ဘ=

http://www.dhammadownload.com



နိက္ကမ=ပရက္ကမဓာတ်ခေါ် ဝီရိယဓာတ်)များ တရိပ်ရိပ်ဝင်လာသည်ကို တွေ့ရမည် ဖြစ်၏။

ထို သဒ္ဓါ, ဆန္ဒ, ဝီရိယဓာတ်တို့သည် ပရမတ္ထသဘာဝ အမှန်တကယ် ရှိသော အင်အားများ, သတ္တိထူးကြီးများဖြစ်ကုန်၏။ ကမ္မဋ္ဌာန်းတရားအားထုတ် မည့်သူ၌ ထိုအင်အားသုံးခု မရှိ၍ မဖြစ်ချေ။

မိမိတကိုယ်တည်း တရားထိုင်နေသည်ဟု ထင်ရသော်လည်း မဟုတ်ချေ။ သုံးလောကထွတ်ထား ဘုရားရှင်နှင့်တကွ မိမိကမ္မဋ္ဌာန်းဆရာတို့၏ ဘုန်းတန်ခိုး မေတ္တာ ကရုဏာ အရှိန်အဝါများ သက်ဝင်ကာ စင်စစ်ဘုရားရှင်နှင့် ဆရာသမား များသည် သင့်ယောဂီနှင့် အတူ ရှိတော်မူနေကြ၏။

စိတ္တဗေဒအရလည်း ရှေးအခါက စစ်ပွဲများတွင် စစ်သူကြီး ဦးစီးတိုက် သော စစ်ပွဲနှင့် တိုင်းပြည်သခင် ရှင်ဘုရင်ကိုယ်တိုင် ဦးစီးထွက်ချီသော စစ်ပွဲများ အောင်ပွဲရပုံချင်း မတူကြချေ။စစ်သည်များ ပို၍ စိတ်အားထက်သန် တက်ကြွခြင်း၊ ဘုရင့်အရှိန်အဝါ ကြီးမားခြင်းတို့ကြောင့်ပင် ဖြစ်သည်။

တရားထိုင်ခြင်းဟူသည် မာရ်စစ်သည်များနှင့် တိုက်ပွဲဝင်နေရခြင်း ပင် တည်း။

## နတ်ပြဟ္မာများ အားပေး၍ မာရ်နတ်ကြောက်ရွံ့သောအလုပ်

'ဂ္ဂတိဝုတ်ပါဠိတော်၊ ဒေဝသဒ္ဒသုတ်'၌ မြတ်စွာဘုရား ဟောတော်မူသည် မှာ တန်ခိုးဂုဏ်ပါဒ်ကြီးမားသော သူတော်ကောင်း နတ်ပြဟ္မာများ မာရ်နတ် နှင့် တိုက်ပွဲဝင်၍ ဝမ်းသာအားရ သာဓုခေါ် အားပေးသော အခါသုံးမျိုးရှိ၏။

၁။ ရှင်, ရဟန်းပြုသောအခါ၊

၂။ တရားစတင် အားထုတ်သောအခါနှင့်

၃။ ရဟန်းကိစ္စ ပြီးမြောက်သော အခါများ ဖြစ်ကြသည်။တဖန်-'ဝိသုဒ္ဓိမဂ် နေသဇ္ဇိကင်္ဂစတင်ကို ပြရာ'၌—

အာဘုဇိတွာန ပလ္လင်္ကံ၊
ပဏိဓာယ ဥဇုံ တနုံ။
နိသီဒန္တော ဝိကမ္ပေတိ၊
မာရဿ ဟဒယံ ယတိ။ ။

"ယောဂီသည် တရားအားထုတ်ရန် တင်ပျဉ်ခွေလျက် အထက်ပိုင်း ကိုယ် ကို ဖြောင့်မတ်စွာ ထား၍ ထိုင်လိုက်လျှင်ပင် (ကမ္မဋ္ဌာန်းရှုမှတ်ဖို့ တင်ပျဉ်ခွေ ထိုင်လိုက်ရုံမျှဖြင့်) မာရ်နတ်၏ နှလုံးသားကို တုန်လှုပ် ချောက်ချားသွားစေ သည်"ဟု ဆိုလေသည်။

http://www.dhammadownload.com



ခန္ဓာကိုယ် စွန့်လှူအပ်နှင်းထားရခြင်းနှင့်စပ်၍ ဝိသုဒ္ဓိမဂ်လာ အောက်ပါမှာထားချက်ကိုလည်း ကြိုတင် သိထားသင့်၏။

"ဤကဲ့သို့ စွန့်လှူအပ်နှင်း၍ မထားပါပဲ တောစွန်စုံပြား နေရာများသို့ သွားရောက်၍ တရားရှုပွားသည်ရှိသော် တစုံတခုသော ကြောက်ရွံ့ထိတ်လန့်ဖွယ် အနှောင့်အယှက် အန္တရာယ် အာရုံ နိမိတ်များ တွေ့ကြုံထင်မြင်လာလျှင် ယောဂီသည် ကြံ့ကြံ့ခိုင်ခိုင် မခံရပ်နိုင်တော့၍ ရွာနီးချုပ်စပ်သို့ ကပ်ရောက်လာရကာ လူတို့နှင့် ရော၍ မလိုလားအပ်သော အကျိုးမဲ့ ပျက်စီးခြင်း ပျက်စီးသွားနိုင်လေသည်။

"ဘုရားရှင်အား ခန္ဓာကိုယ် စွန့်လှူအပ်နှင်းထားသော ယောဂီမှာကား အကယ်၍ တစုံတရာ ကြောက်ရွံ့ ထိတ်လန့်ဖွယ် အနှောင့်အယှက် အန္တရာယ် အာရုံနိမိတ်များ တွေ့ကြုံရသော်လည်း ကြောက်ရွံ့ထိတ်လန့်ခြင်း မဖြစ်တော့ပြီ။ မဖြစ်ရုံမျှသာမက—

"အသိဉာဏ်ရှိသော အို ယောဂီ....၊ သင်သည် သင်၏ ခန္ဓာကိုယ်နှင့် အသက်ကို ဘုရားရှင်အား ရှေးမဆွကပင် နှင်းအပ် စွန့်လှူခဲ့ပြီ မဟုတ်ပါလားဟု ဆင်ခြင်လိုက်သည်နှင့် တပြိုင်နက်၊ 'တွင်းပြင်နှစ်ဖြာ လွန်စွာ အန္တရာယ်များလှသော ငါ၏ ခန္ဓာကိုယ်ကြီးကို သင့်လျော်လုံခြုံရာ၌ သိမ်းဆည်းအပ်နှံ ထားခဲ့ရပေပြီ'ဟု ဝမ်းမြောက်ဝမ်းသာ၍ပင် နေတော့သည်။ (မဟာဋီကာ။)

"ဥပမာအားဖြင့် သော်ကား—

အဖိုးတန် ကောင်းမွန်လှသော အဝတ် အစား ရှိထားသူသည် မိမိ အဝတ်အစားများကို ပိုးရွ၊ ခြပုန်း၊ကြွက် စသည် ကိုက်ဖျက် ခံရသော အခါ လွန်စွာ စိတ်ဆင်းရဲရ၏။ အကယ်၍ ထိုအဝတ်အစားများကို အရှင်မြတ် ထပါးပါးအား ပေးလှူပြီးသည့် နောက်မှ အပိုင်းပိုင်း ပြတ်ကာ ရစရာမရှိအောင် ပျက်စီးသွားသည်ကို မြင်တွေ့ရသော်လည်း (ငါ, ငါ့ဟာ=အတ္တ, အတ္တနိယ မပါ မရှိတော့သဖြင့်) စိတ်ဆင်းရဲခြင်း မဖြစ်။ 'ငါ့လက်ထဲမှာလဲ ပျက်စီးသွားနိုင်တာပဲ၊ ယခုမူ ငါ၏ အလှူဒါန မြောက်ရပေစွ'ဟု ဝမ်းမြောက်၍သာ နေသကဲ့သို့တည်း။"

## စစ်မတိုက်မီက အောင်ပွဲရ

စင်စစ်အတုမဲ့ ဘုန်းတန်ခိုး ကြီးမြတ်တော်မူသော ဘုရားရှင်၏ ဂုဏ်တော် အောင်လံများ အမြဲစိုက်ထောင် လွှင့်ထူထားသော ဘုရားသားတော် သမီး

http://www.dhammadownload.com



တော် ယောဂီတို့အား မည်မျှတန်ခိုးကြီးသူ နတ်လူ ဗြဟ္မာတို့ကမျှ မနှိပ်စက် မဖျက်ဆီးရဲကြ၊ လောက၌ ဘုရင့်သားကို မည်သူမျှ မစော်ကားရဲ။

ဘုရားရှင် ပိုင်ဆိုင်ထားသော ပစ္စည်းများကိုလည်း မည်သူကမျှ မလုယူ၊ မဖျက်ဆီးနိုင်ချေ။ (ဗုဒ္ဓါနံ ဥဒ္ဒိဿ အာဘိ ဟဋ္ဌာနံ စတုန္န ပစ္စယာနံ နသက္ကာ ကေနစိ အန္တရာယောကာတုံ တထာ မေ ဟောတု။)

ယင်းသို့ တရားအားမထုတ်မီ ကြိုတင်ပြင်ဆင်ရုံ ကလေးမျှ၌ပင် ရရှိထားသော အရှိန်အဝါ အင်အား သတ္တိများကား အားရကျေနပ် ထိုက်လှပါပေစွ။ တင်ပျဉ်ခွေ ထိုင်မိခါမျှ၌ပင် ရန်သူတပ်များ ဆုတ်လန်ခွာရှဲ၍ ပြိုကွဲသွားပုံမှာလည်း ထင်ရှားလှပေတော့၏။

သက်စွန့်ကြိုးပမ်းကြပါလေ....သူတော်ကောင်းတွေတို့....။

အမှန်တရားဟူသည် ယုံကြည်မှုပေးကာ အသက်နှင့်လဲ၍ပင် ယူနိုင်သူမှ ရနိုင်ကြလေသည်တကား။

### စာတတ်ပုဂ္ဂိုလ်ဟု အသိမခံလိုသော

## သာကေတ တိဿထေရ်

သူတော်ကောင်းတို့သည် အကျင့် ပဋိပတ်အရာ၌သာ မိမိဂုဏ်ကို လျှို့ဝှက်သိုသိပ်တော် မူကြသည်မဟုတ်၊ ပရိယတ် အရာ၌လည်း 'စာတတ်ပုဂ္ဂိုလ်, ဓမ္မကထိက ပုဂ္ဂိုလ်'ဟု အသိမပေးလိုကြပေ၊ ပရိယတ္တိ အပ္ပိစ္ဆာဟု ခေါ်သည်။

ပရိယတ္တိအရာ အလွန်ကျော်ကြားလှသော သာကေတ တိဿမထေရ်သည် အချိန်ကြာမြင့်စွာ ပရိယတ်ကို သင်ကြား ပို့ချလျက်ရှိရာ မထေရ်၏ တနေ့တာ လုပ်ငန်းစဉ်တွင် ရှေ့နောက် အချိန်များ အကြားအလပ်မရှိ၊ သီးသန့် စာတဝါ တက်ခွင့်ရရန်၊ ယုတ်စွာ့အဆုံး ခရီးလမ်းကြုံမှာပင် ပြဿနာ တစုံတခုလောက် လျှောက်ခွင့်ရရန်ပင် အချိန်မရှိပေ။ ပရိယတ္တိကို အချိန်ပြည့် အသုံးချတော်မူ၏။

ယင်းသို့ နေစဉ် မထေရ်တပါးက စာဝါတောင်းခံရာ အချိန်မရှိကြောင်း မိန့်တော်မူ၍—

"ဒီလိုဆိုယင် ...အရှင်ဘုရား....၊ သေဖို့ အချိန်မှ ရှိပါသေးရဲ့လား" ဟု အလျှောက်ထားခံရသည့် အချိန်မှစ၍ သံဝေဂ ဖြစ်ကာ တပည့်သံဃာများကို စွန့်ခွာ၍ ပဋိပတ်လုပ်ရန် ကဏိကာရ ဝါလိက သမုဒ္ဒ ခေါ် ကျောင်းသို့ကြွသွားလေတော့၏။

http://www.dhammadownload.com



ထိုကျောင်းသို့ ရောက်သော အခါ၌လည်း ကြီးကြီး ငယ်ငယ် ရွယ်ရွယ် လတ်လတ် ရဟန်းတော် အရှင်မြတ်တို့အား ပရိယတ် ဗဟုသုတများဖြင့် အခါ အားလျော်စွာ အထောက်အကူ ပြုပေးလျက်ရှိ၏။ တရားကိုလည်း တဝါတွင်းလုံး အားထုတ်တော်မူသည်။

သီတင်းဝါလကျွတ်၍ မဟာပဝါရဏာ ပြုသောနေ့တွင်ရဟန်းသံဃာများ နှင့်ဒကာ၊ ဒကာမများအား တရားဟောပြောရန် ရှိသဖြင့် အရှင်သာကေတတိဿ ကပင် တရားပလ္လင်သို့တက်၍ ဟောပြောကူညီတော်မူ၏။

ပရိသတ်များ အားလုံး အထူးဝမ်းမြောက်ကာ ကြက်သီး မွေးညင်း ထ လောက်အောင် သဒ္ဓါဝီရိယ ဖြစ်ကြလေ၏။

"ဒီ မထေရ်ရဲ့ တရား ဘယ်တော့များမှ နောက်တကြိမ် နာရပါ့မလဲ"ဟု သူ့ထက်ငါ ရွှင်လန်း တက်ကြွ နေကြလေ၏။ တရားပွဲပြီးလျှင် ပရိသတ်များ အားလုံး လှိုက်လှိုက်လှဲလှဲ တခဲနက် သာဓုခေါ်၍ ဦးချနေချိန်မှာပင် အရှင်မြတ် သည် ပလ္လင်မှ အလျှင်အမြန် ဆင်းကြွပြီးလျှင် သံဃပရိသတ်ထဲသို့ ဝင်ကာ ကျောင်းသို့ ပြန်ကြွ သွားတော်မူလေသည်။

"တရားဟောတဲ့ မထေရ်ဘယ်မထေရ်ပါလိမ့်မလဲ"ဟု သိသွားမည်စိုးသော ကြောင့် ဖြစ်လေသည်။ (မ-ဋ္ဌ-၁၊ ၄၆။ အံ-ဋ္ဌ-၁၊၅၉။ အံ-ဋ္ဌ-၃၊၂၂၆။)

## ပရိယတ္တိသင်ယူနည်း သုံးမျိုး

ပရိယတ္တိကို သင်ယူလေ့လာကြရာ၌ သင်ယူလေ့လာနည်း ၃-မျိုး ရှိလေ သည်။

၁။ **အလဂဒ္ဒူပမ ပရိယတ်** = မြွေအလမ္ပယ်ဆရာ စာသင်နည်း။ မြွေပွေး ခါးပိုက် ပိုက် စာသင်နည်း။ အနက်အဓိပ္ပာယ် သဘောသဘာဝကို မဆင်ခြင်၊ နှလုံးမသွင်း၊ ဝါဒရေးရာ စကားစစ်ထိုးရန်၊ တဘက်သား အပေါ် အနိုင်ကျင့်ရန်စသည်ဖြင့် မကောင်းသော ရည်ရွယ်ချက်ဖြင့် သင်ယူသည့်အတွက် သံသရာနှင့်ချီ၍ ဒုက္ခပေးတတ်သော စာသင်နည်း ဖြစ်သည်။

၂။ **နိတ္ထရဏတ္ထ ပရိယတ်**=ထွက်မြောက်ရေး စာသင်နည်း။ စာသင်၍တတ် သိလာလျှင် သိသည့်အလျောက် သီလ, သမာဓိ, ပညာများကို ဆည်း ပူးရန် ကောင်းသောရည်ရွယ်ချက်ဖြင့်ကောင်းစွာ သင်ယူသည့်အတွက် မိမိ သူတပါး အများ ချမ်းသာစေသော စာသင်နည်းဖြစ်သည်။

http://www.dhammadownload.com



၃။ **ဘတ္တာဂါရိက ပရိယတ်** = ဘဏ္ဍာစိုး စာသင်နည်း။ ရဟန္တာ ပုဂ္ဂိုလ်များ၏ ပရိယတ် သင်ယူချပို့ခြင်း၊ ကျမ်းစာပြုခြင်းများ ဖြစ်၏။ သူတော်ကောင်းတရားများ မပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ပေးသည့် သဘောဖြစ်လေသည်။

**ဝိနည်း** တရားကို မတတ်လျှင်၊ သို့မဟုတ် မကောင်းသဖြင့် ကိုင်တွယ်လျှင် ဒုဿီလ ဖြစ်တတ်၏။

**သုတ္တန်** ကို မတတ်လျှင်၊သို့မဟုတ် မကောင်းသဖြင့် ကိုယ်တွယ်လျှင် မိစ္ဆာဒိဋ္ဌိ ဖြစ်တတ်၏။

**အဘိဓမ္မာ**ကို မတတ်လျှင်၊ သို့မဟုတ် မကောင်းသဖြင့် ကိုင်တွယ်လျှင် မတန်မရာ အကြံလွန်ကာ ရူးသွပ်တတ်လေသည်။

(မ-၁၊၁၈၆-အလဂဒ္ဒူပမသုတ်။ ဝိ-ဋ္ဌ-၁၊၂၀-ဗာဟိရနိဒါန်း။)'ယာဝ ဒေဝအနတ္တာယ၊ ဥတ္တံဗာလဿဇာယတိ' ဟူသည့်အတိုင်း သဒ္ဓာသီလနည်းလျှင် နည်းသလောက် ကယ်မယ့်သူမရှိအောင် မိုက်တွင်းနက်ကာ ဒုက္ခ ရောက်တတ်လေသည်။

စာပေပရိယတ်သင်ကြားခြင်းအားဖြင့် ထိုထိုပါဠိတော်များစွာတို့၌—

"ဓတာ=အာဂုံ ဆောင်ခြင်း၊ ဝစသာပရိစိတာ=အာဂုံရပြီးရွတ်ဆိုသရဇ္ဈာယ်ခြင်း၊ မန သာ နု ပေက္ခိတာ=ရွတ်ယင်း သဇ္ဈာယက မထေရ်ကဲ့သို့သဘောတရားကို နှလုံးသွင်းခြင်း၊ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓာ=ထိုသို့ နှလုံးသွင်းဆင်ခြင်နိုင်သဖြင့် လက္ခဏာရေး သုံးပါး မြင်ကာ အရိယာဖြစ်ခြင်း" စသည်ဖြင့် သင်ယူရွတ်အံရခြင်း၏ ကွင်းဆက် အကျိုးများကို ပြည့်နှင့်တော်မူလေသည်။ ထိုအကျိုးတရား ရမှသာ သင်ယူရကျိုးနပ်၏။

သို့မှသာ နိတ္တရဏတ္ထ=ဘဝလွတ်မြောက်ရေးကို ပေးနိုင်သော ဘုရားရှင့် အကြိုက် စာသင်နည်း ဖြစ်နိုင်သည်။ဤသင်နည်းကိုရည်ရွယ်၍သာလျှင်'ပရိယတ်သည်သာ သာသနာတည်မှုပဓာန'ဟုဆိုခြင်းဖြစ်လေသည်။ ထိုသို့မဟုတ်ပါက—

"လူမှာမတတ်၊ စာမှာတတ်၊ ဂါဟတ်ကိုက်စိတ်တတ်သည်"ဆိုသော 'ဒီပဲရင်းဆရာတော်ဘုရားကြီး' ဩဝါဒကဲ့သို့ တဏှာ၊ မာန၊ ဒိဋ္ဌိ ဂါဟဟူသော မြွေကြီးသုံးကောင်၏အစာဖြစ်တတ်၏။ အထိုက်အလျောက် ထိန်းသိမ်းနိုင်၍ မြွေပေါက်မခံရစေကာမူ နို့ကိုမူမစားရပဲ နွားကိုသာ ကျောင်းနေရသော နွားကျောင်းသား ဘဝက လွတ်ရန် မရှိတော့ချေ။

http://www.dhammadownload.com



## ပရိယတ်သက်သက်ဖြင့် အခက်အခဲကိုမဖြေနိုင်

ပရိယတ်သက်သက်မျှကိုသာ နိုင်နင်း၍ ကိုယ်တွေ့ပဋိပတ်မရှိပါလျှင်လည်း ဘိုးတော်မင်းတရားကြီး လက်ထက်က မင်းဆရာတော်ကြီးများ အရိယာဟုတ် မဟုတ်စစ်ဆေးရန် ရေစကြိုမြို့နေပဋိပတ်အရှင်နှစ်ပါးထံ သွားကြရာ ပြောသမျှ နားထောင်ပြီး ပြန်ရကာ ဘာတခုမျှ အဖြေမပေးနိုင်၊ မည္သန်ကြားနိုင်ကြသကဲ့သို့ လည်းကောင်း၊ ရံခါအရိယာ ပုဂ္ဂိုလ်ကြီးများကိုပင် အထင်အမြင်သေး၍ပြောဆိုမိသော စာချဆရာတော်အချို့ကဲ့သို့ လည်းကောင်း ဖြစ်တတ်သဖြင့် သာသနာ့တာဝန်လည်းမကျေ၊ အပြစ်ပင်ပို၍လေးတတ်ပြန်လေသည်။ (ဘုရားရှင်လက်ထက်တော်က သာဝတ္ထိသူငယ်ချင်းနှစ်ပါးအကြောင်း၊ မြင်းခြံ ဦးကဝိအား စစ်ဆေးသော စာတတ်ပုဂ္ဂိုလ်အချို့၏ သဘောထားစသည်။)

## မောဂ္ဂလိပုတ္တတိဿလမ်းစဉ်

စင်စစ် ပဋိပတ် ထွန်းကားသောခေတ်တွင် သာသနာတွင်း အယူအဆ အပြောအဆိုများ သူတမျိုးငါတဖုံရှိနေတတ်ရာ မကိုင်တွယ်တတ်လျှင် အလွန်ဝန်လေးလှပေသည်။ ထိုအမျိုးမဆုံးနိုင်သော အယူအဆ အပြောအဆိုများကို သုတ်သင်ရှင်းလင်းနိုင်ရန်မှာ ပရိယတ်သက်သက်တတ်ရုံမျှဖြင့် မလုံလောက်တော့ချေ။ ပဋိပတ်သက်သက်မျှသာရှိသူများကား ထိုကိစ္စအတွက်သာ၍ မှီခိုရာ ဖြစ်ခဲလှပေသည်။ ထို့ကြောင့် ပရိယတ် တတ်မြောက်ပြီး၍ ပဋိပတ် ဆောင်တော်မူသောအရှင်မြတ်တို့သာလျှင် စွမ်းဆောင်နိုင်သော ကိစ္စ ဖြစ်တော့သည်။

သာသနာတော်တွင် အယူဝါဒများ ရှုပ်ထွေးလာမည်ကို အရှည် မြင်တော်မူကြသော အရှင်သိဂ္ဂဝမထေရ်ကြီးသည် တတိယ သံဂါယနာတွင် အယူဝါဒများစွာကို ဖြေရှင်းကာ သာသနာပြုမည့် သာသနာ့ အာဇာနည် လောင်းလျာ 'မောဂ္ဂလိပုတ္တတိဿ' အား ခက်ခဲစွာ သိမ်းသွင်း၍ သာသနာ့ ဘောင်သို့ ဆောင်ကြဉ်းခဲ့ရ၏။ သာမဏေပြုပေးပြီး မကြာမီ ကော်ဋ္ဌာသ ကမ္မဋ္ဌာန်းပေး၍ သောတာပန်ဖြစ်သွားသောအခါကျမှသာလျှင် စာပေသင်ကြားရန် 'စဏ္ဍဝဇ္ဇိ မထေရ်ကြီး' ထံ ပို့လွှတ်လေသည်။

( သောတာပန်ဖြစ်သွား၍ ဝိဝေကနိန္နစွဲမြဲသွားလျှင် ) သာသနာတော်မှ လူမထွက်တော့ရုံမျှမက၊ လုံ့လရှိရှိသမာဓိခိုင်ခိုင်ဖြင့် စာပေသင်ယူရန် အခြေခံ အားကောင်းလာရုံမျှသာ ရပ်တန့်ကာ တရားကို ဆက်၍မပေးပဲ ထားလိုက်၏။

http://www.dhammadownload.com



ရဟန္တာ ဖြစ်သွားလျှင်ကား အချို့ရဟန္တာ ပုဂ္ဂိုလ်များ တရား အရသာဖြင့် အချိန်ကုန်ကာ ပရိယတ်၌ ကြောင့်ကြမဲ့နေတတ်သောကြောင့်လည်း ဖြစ်သည်။ (ဝိ-ဌ-၁၊ ၃၁-တတိယသံဂီတိခန်း။)

ထို့ကြောင့် ထိုက်ထိုက် တန်တန် သာသနာပြုလိုသော အရှင်မြတ်တိုင်း သာသနာပြု မထေရ်ကြီးများ၏ ထုံးကို နှလုံးမူကြလေသည်။

## ပဋ္ဌာန်းကျမ်းကြီး သင်အံပို့ချ၍ ရဟန္တာဖြစ်သော
## မဟာဂတိဂမိယတိဿ ဒတ္တထေရ်

မဟာဂတိဂမိယ တိဿ ဒတ္တမည်သောမထေရ်သည် အဘိဓမ္မာခုနစ်ကျမ်း တွင် အဆန်းကြယ်အနက်နဲဆုံးဖြစ်သော ပဋ္ဌာန်းကျမ်းကြီးကို သင်အံပို့ချ လေ့ ကျက်မှုများသော မထေရ်ဖြစ်သည်။

ထိုမထေရ်သည် တနေ့သောအခါ သီဟိုဠ်ကျွန်းမှ မဇ္ဈိမဒေသ (ဇမ္ဗူဒီပ) သို့ မဟာဗောဓိကိုဖူးမြော်ရန် ပင်လယ်ခရီး၌ သင်္ဘောစီး၍ ကြွတော်မူ၏။ ခရီး တဝက်လောက်ရောက်လျှင် သင်္ဘောပေါ်မှနေ၍ ပင်လယ်ရေပြင်ကြီးကို တမျှော် တခေါ်ကြည့်ရှုနေမိသည်။

ထိုအချိန်၌ ပင်လယ်ရေပြင်ကြီးမှာ အလွန်ပင် ကျယ်ပြောကာ ဟိုမှာ ဘက်ကမ်းကိုလည်း မမြင်ရ၊ ဒီမှာဘက်ကမ်းကိုလည်း မမြင်ရ။ အိမ်လောက်မက ကြီးမားသော လှိုင်းလုံးဖြူကြီးများသာ တက်ကြွရိုက်ခုန်နေတော့၏။ ကမ်းမမြင် ရသကဲ့သို့ မည်မျှနက်ရှိုင်းမည်ကိုလည်း မခန့်မှန်းနိုင်တော့ချေ။

ထိုအခါ မထေရ်၌ အဘိဓမ္မာပဋ္ဌာန်းကျမ်းကြီးကို လေ့ကျက်ဖန် များ သည့်အတိုင်း ပဋ္ဌာန်းကျမ်းကြီးနှင့်စပ်သော စိတ်ကူးအကြံတခုဝင်လာလေသည်။

"ဤ မဟာ သမုဒ္ဒရာကြီး၏ လှိုင်းတံပိုး အဟုန်ကပင် အင်အားကြီး သလော။ထိုသို့မဟုတ်၊ ၂၄-ကျမ်းရှိသော မဟာပဋ္ဌာန်းကျမ်းကြီး၏ ဆန်းကြယ် သော နည်းပညာကပင် အင်အားကြီးသလော"

ထိုအခါ မထေရ်၏ ဉာဏ်အမြင်၌—

"မဟာသမုဒ္ဒရာသည် မည်မျှပင် ကျယ်ပြောသော်လည်း အပိုင်းအခြား ကား ရှိပေသေးသည်၊ အထက်မှာ ကောင်းကင်၊အောက်မှာမြေပြင်၊ တဘက်တွင် စကြဝဠာတောင်နှင့် ပင်လယ်ကမ်းခြေ၊ ပိုင်းခြား သတ်မှတ်လို့ ရပေသေးသည်။ ပဋ္ဌာန်းကျမ်းကြီး ဆန်းကြယ်နက်ရှိုင်းမှုမှာကား အပိုင်းအခြား အကန့်အသတ် မရှိပါတကား"ဟု ပဋ္ဌာန်းကျမ်းကြီးကို ရင်းဖျား တို့လှည့် နှိုင်းရှည့် ဆင်ခြင်မိ လေ၏။

http://www.dhammadownload.com



သိမ်မွေ့နက်ရှိုင်းသော အဘိဓမ္မာ ပဋ္ဌာန်းဒေသနာများကို သက်တုံ တက်တုံ အစုန်အဆန်အပြန်ပြန်အလှန်လှန် သုံးသပ်ဆင်ခြင်တော်မူရာတကိုယ်လုံး ပီတိများ လွှမ်းဖုံးသွားတော့၏။

ဖြစ်ပေါ်လာသောပီတိကို လျစ်လျူရှုကာ မိမိခန္ဓာကိုယ်ပေါ်၌အမြဲမပြတ် ဖြစ်ပေါ်ချုပ်ပျက်နေသော ရုပ်နာမ်သဘောများကို အကြောင်းနှင့်အကျိုး၊ အာရုံနှင့် အာရမ္မဏိကစသည်ဖြင့် ရှုမှတ်တော်မူရာ သဘော်ပေါ်၌ပင်ကိလေသာ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်တော်မူလေသည်။

ပရိယတ္တိအဖြစ်လေ့လာထားခဲ့သော ပဋ္ဌာန်းဒေသနာ အဘိဓမ္မာ သဘာဝ များသည် ပဋိပတ္တိအဖြစ်ခန္ဓာကိုယ်၌တင်၍ ရှုဆင်ခြင်သောအခါ စာပေ အဆို အမိန့်အတိုင်း ကိုယ်တွေ့လက်တွေ့သိမြင်ရသဖြင့် သဘော်ပေါ်၌ အောက်ပါ အတိုင်း ဥဒါန်းကျူးရင့်တော်မူခဲ့၏။

အတ္တေဝ ဂမ္ဘီရဂတံ သုဒုဗ္ဗုဓံ၊
သယံ အဘိညာယ သဟေတုသမ္ဘဝံ။
ယထာနုပုဗ္ဗံ နိခိလေန ဒေသိတံ၊
မဟေသိနာ ရူပဂတံ၀ ပဿတိ။

"မြတ်စွာဘုရားရှင်သည် ကိုယ်တော်တိုင် ထိုးထွင်း သိမြင်သော ဉာဏ်တော်ဖြင့် အကြွင်းအကျန်မရှိအစီအစဉ်တကျ ဟောကြားတော် မူအပ်သော နက်နဲ၍သိနိုင်ခက်လှသော ကြောင်းကျိုးဆက်ဖြာမဟာ ပဋ္ဌာန်းကျမ်းကြီးကို လက်ဝယ်တင်ထားပတ္တမြားပမာ သိမြင်နိုင်သော ဘုရားရှင့်တပည့်သည်အမှန်ပင်ရှိပေ၏တကား။" (အဋ္ဌသာလိနီ-၁၂။)

## ပရိယတ်ပညာရှင်မှန်က ပဋိပတ်လုပ်မြဲ

သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်၌ စာအံယင်း မိမိအသံကို အာရုံပြု ဆင်ခြင်၍ ရဟန္တာဖြစ်သွားသော 'သဇ္ဈာယမထေရ်'ဟုလည်း ရှိခဲ့ဖူး၏။

"နှုတ်ဖြင့် ရွတ်ဆိုခြင်းသည် စိတ်ဖြင့်ရွတ်ဆိုခြင်းအား ကျေးဇူးပြု၏။ (စိတ်ဖြင့်ရွတ်ဆို=နှုလုံးသွင်းခြင်း၏ အကြောင်းဖြစ်၏။) စိတ်ဖြင့် ရွတ်ဆိုခြင်းသည် လက္ခဏာရေးသုံးပါးကို ထိုးထွင်း သိမြင်ကြောင်းဖြစ်၏။ လက္ခဏာရေးသုံးပါး ကို ထိုးထွင်းသိမြင်ခြင်းသည် နိဗ္ဗာန်ရကြောင်း ဖြစ်၏" (ဝိသုဒ္ဓိမဂ်နှင့် သမ္မော အဋ္ဌကထာ ကောဋ္ဌာသခန်း၌)ဖွင့်ဆိုတော်မူကြ၏။

ပရိယတ်အရှင်မြတ်များ ပဋိပတ်ဘက်သို့ ကူးပြောင်းရန် အထူးအားစိုက် ဖွယ်မရှိ၊ သမာဓိအခြေခံတန်သလောက်ရှိနေပြီဖြစ်၍ စိတ်အာရုံ ပြောင်းလွှဲပေးရုံ တည်းဘည်းကလေးမျှသာ ရှိနေကြောင်း သတိပြုတော်မူကြရန်ဖြစ်ပါ၏။

http://www.dhammadownload.com



## ၈၁. သဒ္ဒါသန်သော ယောဂီရဟန်းကို နှင်ထုတ်သော ဝိဇယာရာမဝါသီ ခီဏာသဝထေရ်

ဝိဇယာရာမကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ရဟန္တာ အရှင်မြတ်ကြီး တပါးရှိ၏။ ထိုကျောင်းတိုက်ကား အနုရာဓမြို့ မဟာဝိဟာရ နယ်နိမိတ်ကို ဖြတ်သွားရသော ဥယျာဉ်တခု၌ ဆောက်လုပ်ထားသည်။ ထိုအရှင်မြတ်ကြီးထံ ကမ္မဋ္ဌာန်း နည်းခံရန် ယောဂီရဟန်းတော်နှစ်ပါး ရောက်လာကြရာ မထေရ်ကြီးက သုတ္တန်ပါဠိတော်များ ရွတ်ဆိုကိုးကားလျက် ကမ္မဋ္ဌာန်းတရားပေးတော်မူ၏။

ထိုမထေရ်ကြီး ရွတ်ဆိုသော ပါဠိတော်များတွင် 'သမုဒ္ဒေါ သမုဒ္ဒေါ'ဟု ပါရှိလေရာ သမုဒ္ဒေါဟု ဒ-အက္ခရာနှင့် ရွတ်ဆိုရမည့်အစား ဓ-အက္ခရာနှင့် ရွတ်ဆိုမိသဖြင့် သဒ္ဒါကို ဦးစားပေးလွန်းသော ယောဂီရဟန်းတပါးက—

"ရှင်ဘုရား....၊ သမုဒ္ဒေါ သမုဒ္ဒေါ ဆိုတာ ဘာကို ဆိုလိုပါသလဲဘုရား" ဟု ကြားဖြတ်၍ လျှောက်လိုက်ရာ—

"ငါ့ရှင်....၊ သမုဒ္ဒေါပဲဆိုဆို၊ သမုဒ္ဒေါပဲဆိုဆို၊ တို့များဟာ ဆားငန် ပင်လယ်ကိုပဲ နားလည်ကြတယ်။ လက်စသတ်တော့ ငါ့ရှင်တို့ဟာ အနက်အဓိပ္ပာယ်ကို ရှာဖွေသူများ မဟုတ်။ အက္ခရာ သဒ္ဒါကိုပဲ ရှာနေကြတာကိုး။ ကဲ....ဒါဖြင့်လဲ ငါ့ရှင်တို့....မဟာဝိဟာရကျောင်းကိုပဲ ပြောင်းကြ။ အဲဒီမှာ သဒ္ဒါအရာ တဘက်ကမ်းခပ် တတ်ကျွမ်းလေ့လာတဲ့ ဆရာတွေဆီမှာ သဒ္ဒါသင်ယူချေကြ"ဟု မိန့်တော်မူကာ ကမ္မဋ္ဌာန်းမပေးပဲ နှင်လွှတ်တော်မူလေသည်။

ထိုရဟန်းသည် နောင်သောအခါ မဟာဝိဟာရ ကျောင်းတော်ကြီးအတွင်း၌ စည်တီးခတ်ကြေငြာစေ၍ ရဟန်းသံဃာတော်များကို ပင့်ဖိတ်တော်မူ၏။ ရဟန်းသံဃာတော်များ စုံညီစည်းဝေးကြသောအခါ မဂ်လေးပါးနှင့်စပ်သော ပြဿနာများကို ဖြေဆိုဟောကြားကာ ထိုနေရာ၌ပင် ပရိနိဗ္ဗာန်ပြုတော်မူသွားလေသည်။

သဒ္ဒါနေ သဒ္ဒါထား အနည်းအကျဉ်း မှားယွင်းရုံမျှဖြင့် မဂ်ဖိုလ် နိဗ္ဗာန်တရားထူးအတွက် အနှောင့်အယှက် မဖြစ်နိုင်ကြောင်း သင်ခန်းစာပေးသည့် အနေဖြင့် ယင်းကဲ့သို့ သံဃာများ ပင့်ဖိတ်၍ ဟောကြားသွားတော်မူခြင်း ဖြစ်လေသည်။

ဝိနည်းအရာတွင်ကား 'သမုဒ္ဒေါ, သမုဒ္ဒေါ' (သိထိလ, ဓနိတ=အပျော့နှင့်အပြင်း) ရွတ်ဆိုမှုလောက်ကိုပင် အတိမ်းအယိမ်း မရှိစေရပေ။ သုတ္တန်အရာ

http://www.dhammadownload.com



သမထ ဝိပဿနာ အလုပ်တွင်ကား မဆိုစလောက်သော သဒ္ဒါနေ သဒ္ဒါထား တိမ်းယိမ်းမှုကို ပဓာန မပြုရ။ သဘောသဘာဝကိုသာ အလေးမူရလေသည်။

မြတ်စွာဘုရားရှင်သည် ဥပရိပဏ္ဏာသပါဠိတော် 'ကိန္တိသုတ်'(၂၆-၃၁)၌ ပစ္စည်းလေးပါး ပေါများကြွယ်ဝရန် တရားကို ဟောကြားခြင်းမဟုတ်၊ ကိုယ်တော်တိုင် ထိုးထွင်းသိမြင်သည့် အတိုင်း ဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ဟောကြားထားသော သတိပဋ္ဌာန်စသော ဗောဓိပက္ခိယ တရားတို့၌ အညီအညွတ် ဝမ်းပန်းတသာ(ငြင်းခုံခိုက်ရန်ပြုခြင်း မရှိပဲ)ကျင့်ကြရန် တိုက်တွန်းတော်မူထားလေသည်။

အကယ်၍ သဒ္ဒါ အမြင်အားဖြင့် သော်လည်းကောင်း၊ အနက်သဘာဝ အမြင်အားဖြင့် သော်လည်းကောင်း နှစ်ဦး နှစ်ဝ နှစ်ပက္ခလုံး ညီညွတ်နေပါလျက်လည်း ငြင်းခုံလေ့ ရှိကြရာ ဝိဝါဒ ပြေငြိမ်းအောင် ရှက်ဆောင်ရမည့် နည်းလမ်းများကိုလည်း ဟောတော်မူထားလေသည်။ (မ-၃-၄၊ ၁၉- ကိန္တိသုတ် အဖွင့်။)

## သဒ္ဒါအနက်၊ ထိုနှစ်ချက်၊ အနက်သည်သာ ပဓာန

ယခုအခါတွင်လည်း ပရိယတ်သက်သက်ကိုသာ အလေးအမြတ်ပြုသူများက ပဋိပတ် ကိစ္စတွင် "စိတ်စေတသိက် ရုပ်အဋ္ဌဝီသမှ မသိပဲ တရားအားထုတ်လို့ ဘာရမှာလဲ"စသည်ဖြင့် တာဝန်ကြီးလေးလှသော စကားမျိုးကို ပြောဆို တတ်ကြရာ သတိပြုကြကုန်ရာ၏။ အဋ္ဌကထာတို့၌ နေရာများစွာ "ဗျဉ္ဇနံ အနာဒိယိတွာ= သဒ္ဒါဝေါဟာရကို အလွန်အမင်း မစွဲကိုင်ရ၊ အတ္ထော ဟိ ပဋိသရဏံ=အဓိပ္ပာယ် အနက်သဘာဝသာလျှင် နောက်ဆုံး အားကိုးရာ ဖြစ်သည်" ဟု မပြြခဏ မိန့်မှာတော်မူကြလေသည်။ (အတ္ထံ ဟိ နာထော သရဏံ အဝေါစ၊ န ဗျဉ္ဇနံ လောကဟိတော မဟေသီ—ဝိနည်း အဋ္ဌကထာ။)

'ပုဗ္ဗာရုံကြောင်း'ဟု ရရစ်နှင့် ရေးသော်လည်း မည်သူမျှ 'ပုဗ္ဗာရုံအိမ်'ဟု မဖတ်-ဆိုသကဲ့သို့ မဂ်ဖိုလ်နိဗ္ဗာန် အလုပ်စခန်းနှင့်စပ်၍ လွန်စွာ မခြားနားလှသော အသုံးအနှုန်းကလေးမျှဖြင့် တစင်ထောင် ငြင်းခုံကာ သာသနာ့ အခွင့်ကောင်းကြီးများ လက်မလွတ်ကြစေလိုသော မေတ္တာ ကရုဏာတော်ဖြင့် မြတ်စွာဘုရားရှင်၏အလိုတော်ကို အဋ္ဌကထာ ဆရာကြီး ထုတ်ဖော်တော်မူခြင်း ဖြစ်ပေသည်။ သို့ရာတွင် 'စိတ်-စိတ်အတိုင်းထားဝါဒ' ကဲ့သို့ ဝေါဟာရမှာသိုးဖာသိဖာ ထင်ရသော်လည်း တသံသရာလုံးသွားမည့်ကွဲလွဲချက်မျိုးကို ဆိုလိုသည် မဟုတ်ကြောင်းကိုလည်း သတိပြုကြကုန်ရာ၏။

http://www.dhammadownload.com



## သစ္စက ပရိဗိုဇ် ဝင်စားသော

# ကာဠ ဗုဒ္ဓ ရက္ခိတ ထေရ်

နာမည်ကျော် သစ္စကနိဂဏ္ဍောသည် သစ္စက ပရိဗိုဇ်သည် ဘုရားရှင်အား အတိုက်အခံလုပ်၍ ဝါဒပြိုင်ဆိုင်လာလေရာ နှစ်ကြိမ်တိုင်တိုင် ဖြစ်သည်။ ထို့ကြောင့် သူ့အား ဟောကြားသော တရားတော်မှာ မဇ္ဈိမနိကာယ် မူလပဏ္ဏာသ ပါဠိတော်၌ “စူဠသစ္စကသုတ်၊ မဟာသစ္စကသုတ်”ဟူ၍ နှစ်သုတ်ပင် ရှိနေ၏။

သစ္စကသည် တရားနှစ်ကြိမ် နာရသော်လည်း အကျွတ်တရား မရသည့်အပြင် သရဏဂုံမျှပင် မတည်လေ။

မြတ်စွာဘုရားရှင်တို့မည်သည် မိမိဝါဒကို ယုံကြည်သူ၊ ချက်ချင်း လက်ခံနိုင်မည့်သူ၊ တရားထူးရမည့် သူကိုသာ ဟောတော်မူသည်မဟုတ်။ တချိန်ချိန်၌ တရားထူးရရန် အခြေခံဝါသနာ ပါရမီအထုံ ဓမ္မမျိုးစေ့ ရသွားမည်ကို မြင်တော်မူလျှင်လည်း ဟောကြားတော်မူသည်ပင် ဖြစ်၏။

သစ္စကကဲ့သို့သော အညတိတ္ထိယ (ဘာသာခြား) များကို တရားဟောရခြင်းနှင့်စပ်၍—

“ကျပ်တီးကုန်းဆားငန်မြေမှာ နွားစာမှ ရရ၊ စိုက်ပျိုးရသကဲ့သို့ လည်းကောင်း၊ အိုးပဲ့ အိုးပေါက်မှာ ဆေးရေကြောရေမှ ရရ၊ ဝင်နိုင်သမျှဝင်အောင် ရေကိုငင်၍ ထည့်ထားရသကဲ့သို့ လည်းကောင်း အညတိတ္ထိယ (ဘာသာခြား) များကိုလည်း ငါဘုရား ဟောတော်မူသည်”ဟု မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် (သံယုတ်၊ ခေတ္တူပမသုတ်၌) မိမိဝါဒကို ထုတ်ဖော်တော်မူခဲ့ဖူးလေသည်။

တချိန်က မြတ်စွာဘုရားရှင်အား ကတ်ကိုးကတ်ဖဲ့ ဝါဒပြိုင်ဆိုင်ခဲ့သူ သစ္စကသည် ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း နှစ်ရာအလွန် သီဟိုဠ်၌ သာသနာ ထွန်းကားချိန် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာ ဖြစ်တော်မူလေသည်။

ထိုအချက်ကို ဗုဒ္ဓရှင်တော်မြတ် အကြွင်းမရှိ သိမြင်တော်မူသွားခဲ့ပေသည်။

သစ္စက ပရိဗိုဇ်သည် ကွယ်လွန်သောအခါ ဘုရားရှင်အား ဆွမ်းကပ်လှူရခြင်း၊ တရားတော်ကို ကျေနပ်ဝမ်းမြောက်ခြင်း စသည့် ကုသိုလ်အရှိန်ကြောင့် နတ်ပြည်၌ ဖြစ်ရ၏။

သာသနဒါယကာ အသောကမင်းတရားကြီးနှင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿစသော သာသနဝန်ဆောင် ရဟန္တာ မထေရ်ကြီးများ၏ ကျေးဇူးတော်ကြောင့် သီဟိုဠ်နိုင်ငံ၌ ဘုရားရှင်၏ သာသနာတော် ထွန်းကားသောအခါ သစ္စက

http://www.dhammadownload.com



နတ်သားသည် သီဟိုဠ်ကျွန်း ဒက္ခိဏဂိရိကျောင်းတိုက်ကြီး၏ ဂေါစရဂါမ်ရွာ၌ အမတ်ကြီးတဦး၏သား ဖြစ်လာလေသည်။

အရွယ်ရောက်သောအခါ ရှင်ရဟန်းပြု၍ ပိဋကသုံးပုံကို သင်ယူ တတ်မြောက်လေရာ ဂိုဏ်းခေါင်းဆောင် မထေရ်တပါး ဖြစ်လာလေသည်။ ဘွဲ့အမည်တော်ကား 'ကာဠဗုဒ္ဓရက္ခိတ'ဟု တွင်လေ၏။

## တပည့်ခြိမ်းရံ၍ စာသန်သူအား ဆုံးမခြင်း

တနေ့သောအခါ ကာဠဗုဒ္ဓရက္ခိတ မထေရ်သည် တပည့် ရဟန်းအများ ခြံရံကာ ဥပဇ္ဈာယ်ဆရာ သီဘင်းသုံးရာ အရပ်သို့ ကြွသွား၏။ ဥပဇ္ဈာယ်ဆရာလည်း စာသန်လှသော တပည့်အား ဆုံးမ ရန် ကြံစည်နေစဉ် စာပေ ပရိယတ်များ တဘက်ကမ်းခပ် တတ်မြောက်ပြီး၍ ဆရာအား ကန်တော့ရန် လာသော ကာဠဗုဒ္ဓရက္ခိတအား စကားတခွန်းမျှ မြွက်ဟ၍ ပြောဆို မေးမြန်းခြင်း မပြုချေ။ ဆိတ်ဆိတ်ပင် နေတော်မူလေ၏။

ကာဠဗုဒ္ဓရက္ခိတလည်း တညတာ နေပြီးနောက် ဆရာ၏ သဘောကို မေးလျှောက်ရန် နောက်တနေ့ နံနက်တွင် ဆရာ့ထံ တပါးတည်း အကန်တော့ ဝင်လေ၏။

မထေရ် ကျေးဇူးရှင်ဘုရား...၊ တပည့်တော်များ ဆရာ့အမိန့်တော်အရ ပိဋကစာပေများ သင်ယူခဲ့ရာ ယခုအခါ သင်ယူတတ်မြောက်၍ ကျေးဇူးရှင် ဆရာ ဘုရားအား ကန်တော့ရန် လာပါသည်ကို နှုတ်တော်ဖွင့်ဟ၍ စကားတခွန်းမျှပင် မိန့်တော်မမူပဲ ဆိတ်ဆိတ် နေတော်မူသည်မှာ ဘုရားတပည့်တော်တို့မှာ အပြစ်တစုံတရာများ ရှိနေပါသလားဘုရား။အပြစ်ရှိလျှင်လည်း ဆုံးမတော်မူပါ အရှင်ဘုရား။

ဆရာ ငါ့ရှင်....ဗုဒ္ဓရက္ခိတ....၊ငါ့ရှင်ဟာ ပိဋကသုံးပုံကို စုန်ဆန်မွှေနှောက် တတ်မြောက်ကျွမ်းကျင်နေရုံနှင့်များ 'ငါ့မှာ ရဟန်းတို့ပြုဖွယ်ကိစ္စ ပြီးဆုံးပြည့်စုံသွားပြီ'လို့များ ထင်မှတ်နေသလား။

(ဘုရားခုနစ်ဆူလုံး၏သာသနာတွင် တိပိဋကဖြစ်ခဲ့သော'ပေါဋ္ဌိလမထေရ်' စာချဆရာတော်ကြီးဖြစ်ခဲ့သော ကပိလ ရွှေငါးကြီးကိုလည်း ထောက်ပြဖွယ်ရှိပေသည်။ ဓမ္မ-ဋ-၂၊၂၆၂။၃၂၀။ သုတ္တနိပါတ် ကပိလသုတ်။)

မထေရ် ဘာလုပ်ရမည်ဆိုတာ မိန့်တော်မူပါ အရှင်ဘုရား။

http://www.dhammadownload.com



ဆရာ ငါ့ရှင်....၊ သင့်မှာ ဒီကိုလာတာတောင် တပည့်အခြံအရံတွေနဲ့ ဆိုတော့ ဒီဂိုဏ်းဂဏ တပည့်ဒကာ ဒီပလိဗောဓတွေကို အယင်ဆုံး ဖြတ်ရမယ်။ ပပဉ္စကိလေသာ အရာရာမှာ ဇာခွဲ နေတာတွေ အကုန်ရှင်းပြီး စေတိယတောင်ကျောင်းကို ငါ့ရှင်သွားမှဖြစ်မယ်။ အဲဒီသွားပြီး ရဟန်းတရား အားထုတ်ချေဦး။

မထေရ်လည်း ဥပဇ္ဈာယ်ငယ်ဆရာ၏ ဩဝါဒကို မဆန်မလှန် ဦးထိပ်ဖြင့် ခံယူကာ စေတိယတောင်ကျောင်းလို သပိတ်တလုံး၊ သုံးထည်သော သင်္ကန်းမျှဖြင့် တပါးတည်း ကြွသွားလေ၏။

ပါရမီရှိသူ ဖြစ်သည့်အတိုင်း မကြာမီပင် ပဋိသမ္ဘိဒါလေးပါးနှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်တော်မူသွား၏။ ထို စေတိယတောင်ကျောင်း၌ပင် ဆက်လက်၍ သီတင်းသုံးတော်မူရကာ ရှင်ဘုရင်အကိုးကွယ်ခံ ဘုန်းကံကြီးမား၍ တပည့်အခြံအရံလည်း များပြားလှသော မထေရ်ဘပါးဖြစ်လေဘော့၏။

## ကာဠကာရာမသုတ္တန်ကို ဟောခြင်း

သဒ္ဓါတိဿမင်းကြီး (သာသနာ-၄၀၇။ ၇၇-၅၉-ဘီ-စီ)လည်း ကာဠဗုဒ္ဓ ရက္ခိတမထေရ်အား အထူးကြည်ညိုလေးစားကာ ထိုအချိန်က စေတိယတောင်ရှိ မင်းလိုဏ်ဂူတော်၌ပင် ဥပုသ်သီတင်း စောင့်သုံး နေလေသည်။ မင်းကြီးမှာ မထေရ်၏အလုပ်အကျွေး ရဟန်းငယ်တပါးအား—

"အရှင်ဘုရား....၊ မထေရ်မြတ် ပုစ္ဆာပြဿနာ ဖြေဆိုရမည်ဖြစ်စေ၊ တရား ဓမ္မ ဟောပြသည်ဖြစ်စေ ဒကာတော်ကို အသိပေးပါဦး"ဟု ကြိုတင် မှာထား လေ၏။

မထေရ်လည်း တရားဟောလေ့ရှိသောတနေ့တွင် တပည့်များခြံရံ၍ ကဏ္ဍက စေတီရင်ပြင်သို့ တက်တော်မူ၏။ ဘုရားဝတ်ပြုပြီးလျှင် တည်ပင်ညိုကြီး တပင် အောက်၌ ရပ်တန့်နေတော်မူခိုက် ပိဏ္ဍပါတိက မထေရ်သည် ကာဠကာရာမသုတ္တန် နှင့် စပ်၍ ပြဿနာများကို လာ၍လျှောက်ထား၏။

ထိုအခါ မထေရ်က တရားနာယူ ဟောကြားရမည့် နေ့လည်း ဖြစ်နေ၍ ပြဿနာကိုလည်း ဖြေပြီးသား ဖြစ်စေရန် ပိဏ္ဍပါတိက မထေရ်အား အကျိုး အကြောင်းမိန့်တော်မူကာ တရားပလ္လင် အပြင်ခိုင်းတော်မူ၏။ ပြီးလျှင် တည်ပင်ညို ကြီးအောက်ရှိ တရားပလ္လင်ထက်သို့ တက်ကြွတော်မူကာ အမေးရှိထားသော ကာဠကာရာမသုတ္တန်ကိုပင် ဟောကြားရန် ရှေးဦးစွာ တရားအဖွင့်ဂါထာတပုဒ် ကို ရွတ်ဆိုတော်မူလိုက်၏။

http://www.dhammadownload.com



'ကာဠကာရာမသုတ္တန်'ဟူသည် အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်၌ ဘုရားရှင်၏ ကျေးဇူးတော် ဂုဏ်တော် ဉာဏ်တော်များအကြောင်း ဟောကြားတော်မူထားသော သုတ္တန်ဖြစ်သည်။

[ကာဠကာရာမသုတ္တန်ကို ဟောတော်မူသော ကာဠဗုဒ္ဓရက္ခိတမထေရ် သီတင်းသုံးတော်မူသည့် 'ကာဠဒေကပေါက္ခရဏီ'သို့မဟုတ် ကာဠသိလာပေါက္ခရဏီ ကျောက်ရေကန်နှင့် ၎င်းအနီး ကာဠတိမ္ဗရုရုက္ခ=အထူးမည်းနက်သော ပင်စည်အဆင်းရှိသော တည်ပင်ပေါက်ရာအရပ်လည်း ၎င်းမိဿက တောင်ခေါ် စေတိယ တောင်၏အနီးအနောက်တောင်ထောင့်အရပ်မှာ ရှိသည်—ဗုဒ္ဓသာသနိက ပဌဝီဝင်—၁၇၀။ အဋ္ဌကထာ၌ 'တိဿ'ဟု သာမညဆို၏။ D.P.N. ၌ သဒ္ဓာတိဿ ဖြစ်သင့်မည်ဟု ဆိုသည်။]

## တရားပွဲအပြီး တိုင်းပြည်ကိုလှူဒါန်းခြင်း

တိဿမင်းကြီးလည်း မထေရ်၏အလုပ်အကျွေး ရဟန်းငယ် အချိန်မီ လာရောက်သတင်းပေးသဖြင့် မင်းလိုဏ်ဂူတော်မှ ထွက်လာကာ တရားပွဲပရိသတ်အစွန်၌ မထင်မရှားရပ်လျက် တရားနာယူနေ၏။

တရားပွဲမှာ ညတရားပွဲဖြစ်၍ မိုးလင်းသည်အထိ ဟောကြားသည်ကိုနာယူကြလေသည်။ မထေရ်သည် မိုးလင်း၍ တရားလည်း ပြီးဆုံးသွားသဖြင့်—

''ဣဒ' မဝေါစ ဘဂဝါ= သိတော်မူ,မြင်တော်မူသော၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤသို့ဟောကြားတော်မူခဲ့ပါသတည်း''ဟု တရားကို အဆုံးသတ်တော်မူလိုက်ရာ ပရိသတ်က သာဓုခေါ်ကြ၏။ ပရိသတ်အစွန်မှ နှစ်ခိုက်လေးပင်စွာ သာဓုခေါ်သံတသံကို ကြားမိသဖြင့် သတိပြုတော်မူရာ တိဿဘုရင်မင်းမြတ်ဖြစ်ကြောင်း မထေရ်သိတော်မူလျှင်—

**မထေရ်** ဒကာတော်မင်းကြီး....၊အဘယ်အချိန်ကစပြီး ရောက်နေပါသလဲ။

**မင်းကြီး** မှန်လှပါ....၊ အရှင်ဘုရား တရားအဖွင့်ဂါထာ ပြီးဆုံးစကပင် ရောက်ရှိနေပါတယ် ဘုရား။ (မင်းကြီးသည် ပရိသတ်အစွန်၌ တညလုံး မတ်တတ်ရပ်၍ တရားနာနေသည်ကို ရည်ညွှန်းလျက်—)

**မထေရ်** မင်းကြီး....၊ အသင်မင်းကြီးဟာ လူသာမာန်တို့ ပြုနိုင်ခဲသော အမှုကို ပြုပါပေတယ်။

**မင်းကြီး** အရှင်ဘုရား....၊ ဤအမှုကား ပြုနိုင်ခဲသောအမှု မဟုတ်သေးပါ။ အရှင်ဘုရား တရားတော် ဟောသောအခါမှစ၍ မိုးသောက်

http://www.dhammadownload.com



ကာလ အဆုံးကျအောင် ဟောသမျှတရားစကားများတွင် တလုံး တပါဒကိုပင်မှော်မျှ သတိချွတ်ယွင်းကာ နှလုံးမသွင်းပဲ နေမိခဲ့သော် ဤ သီဟိုဠ်ကျွန်းကြီး တခုလုံးကို မဆိုထားဘိ၊ လုံတံတထောက်စာမျှ မြေအရပ်မှာပင် အစိုးရသောသူ မဖြစ်ပါစေသား အရှင်မြတ်ဘုရား။(မင်းကြီးက ဂျိနိဆို၍ပင်လျှောက်ထားလေ၏။မထေရ်ဟောကြားသော သုတ္တန်မှာလည်း ဘုရားရှင်၏ ကျေးဇူးတော် ဂုဏ်တော်များဖြစ်၍ လွန်စွာကြည်ညိုသဒ္ဓာစိတ်ပေါက်ကာ မထေရ်၏ ဒေသနာဉာဏ်စွမ်းနှင့် အနန္တကျေးဇူးဂုဏ်တော်များကိုလည်း အဆန်းတကြယ် နာကြားလိုလှသဖြင့်)

အရှင်ဘုရား....၊ မြတ်စွာဘုရားရှင်၏ ကျေးဇူးတော်ဂုဏ်တော်များဟာ ထိုမျှလောက်သာရှိပါသလား၊အခြားတပါးဂုဏ်တော်များ ရှိပါသေးသလား ဘုရား။

**မထေရ်** မင်းကြီး....၊ ယခုဟောပြခဲ့သော ကျေးဇူးတော် ဂုဏ်တော်များထက် မဟောမပြရသေးသော ကျေးဇူးတော် ဂုဏ်တော်များက ပို၍ပင် များပြားစွာရှိ၍ အတိုင်းမသိဖြစ်ပေတယ် မင်းကြီး။

**မင်းကြီး** အရှင်ဘုရား....၊ ဥပမာပြတော်မူပါဦး။

**မထေရ်** ကောင်းပြီ မင်းကြီး....၊ ဥပမာအားဖြင့် မင်းပယ်တထောင် (ကေတသောင်းကျော်ခန့်) ကျယ်ဝန်းသော သလေးစပါးခင်းထဲက သလေးစပါးနှံတခုမှာ ပါဝင်တဲ့စပါးထက် ကြွင်းသောစပါးက အတိုင်းအဆမရှိ များပြားသလို မဟောမပြရသေးတဲ့ ကျေးဇူးတော် ဂုဏ်တော်များဟာ ထိုဥပမာအတိုင်း မနှိုင်းယှဉ်သာအောင် များပါပေတယ် မင်းကြီး။

**မင်းကြီး** အရှင်ဘုရား....၊ ထိုမှတပါး အခြားဥပမာတခု ပြတော်မူပါဦး။

**မထေရ်** မင်းကြီး....၊ရေအယဉ်ပြည့် ကမ်းလုံးအိမျှ တည်ရှိနေတဲ့ ဂင်္ဂါမြစ်ရေများကို အပ်နဖားဝဖြင့် ခပ်ယူခဲ့လျှင် အပ်နဖားဝမှာပါလာတဲ့ရေထက် ဂင်္ဂါမြစ်ထဲမှာ ကြွင်းကျန်နေစဲ့ရေက များသလို၊ ယခုဟောကြားခဲ့တဲ့ ကျေးဇူးတော် ဂုဏ်တော်ထက် မဟောကြားရသေးတဲ့ ကျေးဇူးတော် ဂုဏ်တော်က အတိုင်းအဆမရှိ များပြားပါပေတယ် မင်းကြီး။

**မင်းကြီး** အရှင်ဘုရား....၊ ထိုမှတပါး အခြားဥပမာတခု ပြတော်မူပါဦး။

**မထေရ်** ကောင်းပြီ မင်းကြီး....၊ လောက၌ နှံစုတ်ငှက်ခေါ်တဲ့ သေးငယ်သော ငှက်တမျိုးရှိသည် မဟုတ်ပါလား မင်းကြီး။

http://www.dhammadownload.com



မင်းကြီး မှန်လှပါ....၊ ရှိပါတယ် ဘုရား။

မထေရ် ထိုနှံစုတ်ငှက်ငယ် ကောင်းကင်မှာ မြူးထူးပျံလွှား ကျက်စားတဲ့ အခါ ထိုငှက်ငယ် အတောင်ပံ ဖြန့်လွှမ်းထားတဲ့ ကောင်းကင် နေရာက များသလား၊ အတောင်ပံ မဖြန့်လွှမ်းသေးတဲ့ နေရာက များသလား မင်းကြီး။

မင်းကြီး မှန်လှပါ....၊ နှံစုတ်ငှက်ငယ် အတောင်ပံ ဖြန့်လွှမ်းထားနိုင်တဲ့ နေရာက အနည်းငယ်မျှသာရှိ၍ မဖြန့်လွှမ်းမိနိုင်တဲ့ နေရာကသာ လျှင် များပြားလှပါတယ် ဘုရား။

မထေရ် မင်းကြီး....၊ ထိုဥပမာအတိုင်းပင် ယခုဟောပြခဲ့တဲ့ ကျေးဇူးတော် ဂုဏ်တော်ထက် ဟောမပြရသေးတဲ့ ကျေးဇူးတော် ဂုဏ်တော် ကသာ အတိုင်းအဆမမြင် အဆုံးမထင်သော ကောင်းကင်ပမာလို များပြားလှပါပေတယ် မင်းကြီး။

မင်းကြီး အရှင်ဘုရား....၊အတိုင်းမသိသော ကောင်းကင်ဖြင့် နှိုင်းယှဉ်ကာ အလွန်ကောင်းမြတ်သောဥပမာကို မိန့်တော်မူနိုင်ပါပေတယ်။

ဒကာတော်သည် အရှင်မြတ်အား များစွာ ကြည်ညိုလှပါ တယ်။ အရှင်မြတ်တရားတော်နှင့်ထိုက်တန်အောင် တုံ့ပြန်ပူဇော် နိုင်စွမ်း မရှိပါဘုရား။ ဤ သီဟိုဠ်ကျွန်းကြီးမှာ ယူဇနာ တရာ ရှိသော ရေမြေသနင်း မင်းအဖြစ်ကို အရှင်မြတ်အား ပေးလှူ ပါတယ်ဘုရား။

ဤကား ဆင်းရဲလှစွာသော တကာတော်ရဲ့ တရားအလှူတော် ပါ ဘုရား။

မထေရ် မြတ်သော ဒကာတော် မင်းကြီး....၊ ဤကိစ္စကား ဒကာတော် မင်းကြီး ကြည်ညိုသောအခြင်းအရာ သဒ္ဓါဆန္ဒအလျောက် ပြုလုပ် ခြင်း ဖြစ်ပါပေတယ်။

အကျွန်ုပ်တို့ကလဲ ဒကာတော်မင်းကြီး ပေးလှူသော မင်း အဖြစ်ကို ဒကာတော် မင်းကြီးအားသာ ပြန်လည် နှင်းအပ်ပါ တယ်။ ဒကာတော်မင်းကြီးကသာ တရားနှင့်လျော်စွာ မင်းပြုမြဲ ပြုစေချင်ပါတယ်။ (မ-ဠ-၂၊ ၁၉၄-၆။ မဟာသစ္စကသုတ်အဖွင့်။)

http://www.dhammadownload.com



## တရားထူးမရနိုင်၍ မျက်ရည်ကျရသော
# မဟာသီဝထေရ်

'ရွာအနီး တောင်လိုက်ဂူ (ဂါမန္တပဗ္ဘာရ)၌ သီတင်းသုံးတော်မူသော မဟာသီဝမထေရ်ကြီး'ဟူ၍ ထင်ရှားသော မထေရ်ကြီးသည် မဟာဂါမရွာ၊တိဿ မဟာဝိဟာရ ကျောင်းတိုက်ကြီး၌ နေတော်မူ၍ သံဃာတထောင့် နှစ်ထောင်စီ ရှိသော ဂိုဏ်းကြီး တဆယ့်ရှစ်ဂိုဏ်းမှ သံဃာတော်များအား ပါဠိ, အဋ္ဌကထာ ပိဋကကျမ်းစာများကို ပို့ချတော်မူရာ၌ အထူးထင်ရှားတော်မူ၏။

နိကာယ်အဋ္ဌကထာကြီးများတွင် နေရာများစွာ၌ 'မဟာသီဝမထေရ်ကြီးကား ဤနေရာ၌ ဤသို့ဆုံးဖြတ်တော်မူထားသည်'ဟု အဋ္ဌကထာ ဆရာကြီးများ ပင် အထူးအရေးတယူ အလေးမူရသော မထေရ်ကြီး ဖြစ်လေသည်။ (ဒီ-ဋ္ဌ—၂၊ ၁၃၃။ ဒီ-ဋ္ဌ—၃၊ ၆၆-၌ 'ဒီဃဘာဏက တိပိဋက မဟာသီဝထေရ်' ဟုလည်း သုံးနှုန်းသည်။)

ဤ မထေရ်ကြီး၏ ပရိယတ် ပဋိပတ်ဩဝါဒများကိုခံယူ၍ ရဟန္တာဖြစ်ကြ ရသော ပုဂ္ဂိုလ်ပေါင်းမှာ သုံးသောင်းမျှ (အံဋ္ဌ—၁၊ ၃၁-၌ ခြောက်သောင်း) ရှိသည်ဟူ၏။ ထိုသို့ ရဟန္တာဖြစ်သွားကြသော တပည့်များတွင် မထေရ်တပါးသည် မိမိရရှိထားသောတရားကို နှလုံးသွင်းတိုင်း အတိုင်းမသိ ဝမ်းသာ ငြိမ်းအေးမှု ရသဖြင့် မိမိအား ထိုချမ်းသာကို ညွှန်ပြပေးသော ကျေးဇူးရှင်ဆရာကို ကျေးဇူး တင် သတိရနေလေ၏။

'ဤ ငါ၏ဂုဏ်များ, ချမ်းသာများကား အတိုင်းမသိ များပြားပေစွ။ ငါ၏ဆရာ၌ ဤဂုဏ်များ, ချမ်းသာများ ရှိမှ ရှိပါလေစ'ဟု ဆင်ခြင်လိုက်ရာ ဆရာမထေရ်ကြီးမှာ ပုထုဇဉ်မျှသာ ရှိနေသေးကြောင်း တွေ့မြင်ရသဖြင့်—

'ဩော်.... ငါတို့ရဲ့ဆရာတော်ကြီးကား သူတပါးတို့၏ ကိုးကွယ်အားထား ရာသာလျှင်ဖြစ်ပြီး သူ့ကိုယ်သူ ကိုးကွယ် အားထားရာကား မဖြစ်ရှာသေးပါ ကလား။ ဥပါယ်တမျဉ်ဖြင့် ငါ့ဆရာအား သတိသံဝေဂရအောင် ကြံဆောင် ဦးမှပဲ'ဟု စဉ်းစားကာ ချက်ချင်းပင် ကောင်းကင်ခရီးဖြင့် မထေရ်ကြီးထံကြွသွား လေ၏။

http://www.dhammadownload.com



## စာတတ်ဆရာကို တပည့်က ဆုံးမခြင်း

ကျောင်းအနီးသို့အရောက် ကောင်းကင်မှ သက်ဆင်း၍ ဆရာမထေရ်ကြီးထံ ရှိသေစွာ ချဉ်းကပ်ဝတ်ပြုလျက် ရှိခိုးနေစဉ်–

ဆရာ ငါ့ရှင် ဘာကိစ္စ လာသလဲ။

တပည့် ခွင့်ပြုတော်မူပါလျှင် အနုမောဒနာ တရားတပုဒ်လောက် သင်ယူရန် ခြေတော်ရင်းသို့ လာရပါသည်ဘုရား။

ဆရာ ငါ့ရှင်.... သင်ယူနေကြတဲ့ တပည့်တွေက များနေတယ်။ ငါ့ရှင်အတွက် အချိန်မပေးနိုင်ပါဘူး။

တပည် သီးသန့်အချိန်မရှိလျှင်လဲ ဆွမ်းခံသွားဖို့ စည်းဝေးစုရုံးတဲ့ တန်ဆောင်းထဲရပ်နေတုန်းမှာပဲ မေးလျှောက်ပါ့မယ်ဘုရား။

ဆရာ အဲဒီနေရာမှာ ဒီလိုပဲ မေးလျှောက်နေကြတဲ့ ပုဂ္ဂိုလ်တွေ ရှိနေတာပဲ။

တပည့် ဒါဖြင့်လဲအရှင်ဘုရား....၊ဆွမ်းခံကြွတုန်း လမ်းမှာပဲ မေးလျှောက်ပါ့မယ်။

ဆရာ အာ.... အဲဒီမှာလဲ ဒီလိုမေးလျှောက်တဲ့သူတွေ ရှိနေတာပဲ။

တပည့် (သင်္ကန်းရုံရာ၊ သပိတ်ကို အိတ်ထဲမှာထည့်ရာ၊ ယာဂုသောက်ရာ၊ ဆွမ်းခံရွာမှ ထွက်ခိုက်၊ ကျောင်းအပြန်လမ်း၊ ဆွမ်းစားပြီးစ၊ နေ့ခင်းနေ့လယ်၊ အိပ်ရာဝင် ခြေဆေးခိုက်၊ အိပ်ရာထ မျက်နှာသစ်ခါနီး၊ မျက်နှာသစ်ပြီးစ၊ အခန်းတွင်း၌ ခေတ္တထိုင်နေချိန်တို့ကိုလည်း တခုပြီးတခု အချိန်တောင်းရာ 'အဲဒီမှာလဲ မေးလျှောက်သူများ ရှိနေသည်' ဟုချည်း မိန့်တော်မူနေသဖြင့်)

"အရှင်ဘုရား....၊ မျက်နှာသစ်ပြီး ကျောင်းခန်းသို့ ဝင်နေတုန်း ပူဇွေးရှု သုံးလေးထိုင်လောက်တော့ဖြင့် တရားနှလုံး သွင်းတဲ့အချိန်ထားရှိဖို့ သင့်ပါသေးတယ်။ ခု အတိုင်းသာဆိုလျှင် အရှင်ဘုရားဘုရားမှာ သေဖို့အချိန်တောင်မှ ရှိပါအုံးတော့မလား မသိ။ အရှင်ဘုရားသည် နောက်ခံအမှီခုံကြီးလို ဖြစ်နေပါပြီ။ သူများကသာမှီရ၍ ကိုယ့်ဟာကိုယ်တော့ မှီနေခွင့်မရ။ အရှင်ဘုရားထံက အနုမောဒနာတရားကိုလည်း တပည့်တော် မလိုချင်တော့ပါဘူးဘုရား"

တပည့်မထေရ်လည်း ပြောပြောဆိုဆို ချက်ချင်းပင် ဈာန်အဘိညာဉ်ဝင်စားကာ (ရဟန်းဆိုတာ ဒီလိုမှုဟု ဆုံးမသည့်သဘောဖြင့်) ထိုနေရာမှပင်ကောင်းကင်သို့ ပျံတက်သွားလေတော့သည်။ ထိုအခါကျမှ မဟာသိဝမထေရ်ကြီးလည်း–

http://www.dhammadownload.com



'အင်း....လက်စသတ်တော့ စာသင်ယူဖို့လာတာမဟုတ်၊ ငါ့ကိုသတိပေး ဆုံးမဖို့လာတာကိုး' ဟု သဘောပေါက်သွားကာ နေ့ဝါညဝါစာဝါများကို ချုပ်ပြီး၊နောက်တရက် နံနက်မှစ၍ သပိတ်သင်္ကန်းများယူဆောင်ကာ တရားအလုပ်ခွင် ဝင်ရန် မဟာတိဿဝိဟာရကျောင်းတိုက်ကြီးမှ ထွက်ခွာသွားလေတော့၏။

စာသင်နေသော နောက်ပါတပည့်ရဟန်းငယ်တပါးကိုသာ ခေါ်ဆောင်၍ ရွာအနီးတောင်လိုဏ်ဂူကို ရှင်းလင်းသုတ်သင်ကာ ခုတင် ၁၃-ပါးကိုလည်း ဆောက်တည်လိုက်၏။

'ငါကဲ့သို့သော ပုဂ္ဂိုလ်မှာ အရဟတ္တဖိုလ်ရရန် ဘာမျှမခဲယဉ်း၊ နှစ်ရက်သုံးရက်မျှဖြင့် ရဟန္တာဖြစ်ပြီးလျှင် ကျောင်းသို့ပြန်နိုင်မည်' ဟု ထင်မိသောကြောင့် တပည့်များကိုလည်း အကျိုးအကြောင်းမှာမထားခဲ့ချေ။

ထိုနေ့ကား ဝါဆိုလဆန်း ၁၃-ရက်နေ့ဖြစ်၏။ လိုဏ်ဂူအတွင်း၌ တပည့်ဖြစ်သူက အင်းပျဉ် (ခုတင်) တချပ်ကို ခင်းပေးထားလေသည်။

လပြည့်နေ့သော် ကျရောက်လာ၏။ တရားထူးကား မရသေးချေ။

'သြော်....တရက်နှစ်ရက်မျှဖြင့် အရဟတ္တဖိုလ်ရရမယ်ဟု ငါထင်ခဲ့တယ်။ ယခု မရသေးပါကလား။ ရှိပါစေလေ....၊ ဒီဝါတွင်းသုံးလကို သုံးရက်လောက် သဘောထားပြီး ကြိုးစားရမှာပဲ။ ဝါကျွတ်လျှင်ရတော့ သိရောပေါ့။"

ထိုသို့ နှလုံးသွင်း၍ ထိုလိုဏ်ဂူ၌ပင် ဝါဆိုရလေ၏။ 'ယနေ့ပင် ရ ရမည်' ဟု ထင်စား အားခဲသော်လည်း သုံးလကြာ၍ သီတင်းဝါလသာ ကျွတ်သွား၏။ မဂ်ဖိုလ်တရားထူးကား မရပေ။ သီတင်းကျွတ်၍ပဝါရဏာပြုရန် ရက်ပိုင်းလောက်ကတည်းက—

'မဟာတိဿကျောင်းတိုက်ကြီးကိုသွားပြီး ရဟန္တာအဖြစ်နှင့် အစင်ကြယ်ဆုံး ပဝါရဏာပြုမည်။ ပုထုဇဉ်အဖြစ်နှင့် မပြုစေရဖူး' ဟု မိမိကိုယ်တိုင်လည်း အားခဲတော်မူထား၏။ သီတင်းကျွတ်၍ပဝါရဏာပြုရန်ရက်သို့ပင်ရောက်လေရာ—

'သြော်....နှစ်ရက်သုံးရက်နဲ့ ရဟန်းကိစ္စပြီးမည်ထင်၍ လာခဲ့ရာ သုံးလပင် ကြာသော်လည်းဘာတရားထူးမျှ ငါ့မှာမရ၊ အင်း.... ငါ့သီတင်းသုံးဖော်များကတော့ ရဟန္တာကြီးများအဖြစ်နှင့် ပဝါရဏာပြုကြရပေမှာပဲ' ဟု စဉ်းစားမိကာ မဟာသိဝမထေရ်ကြီးမှာ မျက်ရည်များသာ တသွင်သွင်ကျရရှာလေတော့၏။

## နတ်သမီးငိုတယ် ဆရာ

'အင်း....အိပ်ရာဝင်တဲ့အခါ ခြေဆေးရ၊ အင်းပျဉ် (ခုတင်) ခင်းပြီး အိပ်နေရလို့ မဂ်ဖိုလ်မရနိုင်တာဖြစ်မယ်။ ကဲ....ဒါလောက်ရှိတာ ...ဒီကနေ့ကစပြီး

http://www.dhammadownload.com



အရဟတ္တဖိုလ်မရမချင်း ဒီအဝင်းပျဉ်ပေါ် မှာငါကျောမခင်းတော့ဘူး။ အိပ်ရာမဝင်လို့ ခြေဆေးရတဲ့တာဝန်လဲ မရှိတော့ဖူး။"

မထေရ်ကြီးသည် ကြောင့်ကြဝေယျာဝစ္စနည်း၍ တရားရှုမှတ်ချိန် များများရရန် အကြံရသည်နှင့်တပြိုင်နက် အင်းပျဉ်ကို ခေါက်ထားခိုင်းလိုက်၏။ အိပ်ခြင်းဣရိယာပုထ်မထား၊ မအိပ်ရုံမျှမက၊ ကျောဆန့်ရုံမျှပင် မလျောင်းတော့ပဲသွား၊ ရပ်၊ ထိုင် ဣရိယာပုထ်သုံးမျိုးဖြင့်သာ လဲလှယ်၍ နေ့ညမပြတ်တရစပ်ရှုမှတ်ပွားများလေတော့သည်။

မည်မျှပင် လုံ့လဝီရိယကြီးမားစွာ အားထုတ်ပါသော်လည်း ၂၉-နှစ်သာကြာညောင်းသွား၏။ မဂ်ဖိုလ်တရားထူးကား တစုံတရာမျှ မရပေ။ ၂၉-နှစ်၊ ၂၉-ကြိမ်တိုင်တိုင် သီတင်းကျွတ်လပြည့်ကျော် ၁-ရက် ပဝါရဏာပွဲနေ့သို့ ရောက်တိုင်းမျက်ရည်ကျတော်မူရလေသည်။

အနှစ်-၃၀လုံးလုံး မအိပ်ရုံမျှသာမက ကျောဆန့်ခြင်း၊ လျောင်းခြင်းမျှကိုပင်မပြုပဲနေသည်ဆိုခြင်းမှာ 'နေသဇ္ဇိကဓုတင်'အကျင့်ကျင့်ခြင်းပင် ဖြစ်၏။ လူ့ဒကာများလည်း ကျင့်ရသည်ပင်။

မအိပ်မလျောင်းပဲ နေရခြင်းကို အလွန်ခက်ခဲ ပြင်းထန်သော အလုပ်ဟုထင်ရသော်လည်း လက်တွေ့တွင်ထင်သလောက် မခက်ခဲ။ အတ္တကိလမထဟုလည်း မခေါ်ရ။ သမ္မာဝါယာမ မဂ္ဂင်သာ ဖြစ်၏။

အနားယူခြင်း၊ အိပ်စက်ခြင်းဟူသည် တနေကုန်ပူလောင်လှုပ်ရှားနေသော ခန္ဓာကိုယ် (ရုပ်နာမ်) ကို အနားပေးခြင်း,အအေးဓာတ်သွင်းပေးခြင်းသာဖြစ်၏။ မိုင်ပေါင်းများစွာ, နာရီပေါင်းများစွာ မောင်းနှင်လည်ပတ်သော ကား, စက်ယန္တရားများ အနားပေး, အအေးခံရသကဲ့သို့ ဖြစ်၏။

လူတို့သည် နေထွက်မှနေဝင်အချိန်ရှိသမျှတကိုယ်လုံးအပူလောင်ခံနေရ၏။ မျက်စိ နား နှာ လျှာ ကိုယ် စိတ်၊ တဆိတ်ကလေးမျှ အနားရသည် မရှိ။ ဗဟိဒ္ဓအာရုံအပူများ၏ တရစပ်ပွတ်တိုက်လောင်မြိုက်ခြင်း ခံနေရသည်။ 'စက္ခုံသိမ္ဗိအာဒိတ္တံ=မျက်စိလည်းလောင်....သဗ္ဗမ္ပိအာဒိတ္တံ=တကိုယ်လုံးလောင်။'

လူတို့သည် ကြည့်ရ၊ နားထောင်ရသည်ကို အရသာရှိသည်ထင်၍ ပေါက်လွှတ်ပဲစားအာရုံများကို တနေကုန် လိုက်လံဖမ်းယူနေကြ၏။ ပူလောင်မှန်းမသိ။ ထိုလူများအတွက် မကြာမီပင် အအေးဓာတ်ပေးရန် လိုအပ်လာ၏။ အိပ်စက်ပေးရ၏။ ထိုလူများအအေးဓာတ်မပေးလျှင်လောင်မြိုက်သေကြေသွားနိုင်လေသည်။

ယောဂီတို့ကား ၂၄-နာရီလုံးလုံး ပီတိ, သုခ, ပဿဒ္ဓိအအေးဓာတ်များနှင့် ချည်း နေရသူများဖြစ်၏။ အအေးဓာတ်များပြည့်နေ၍ အနားယူရန်၊ အအေးဓာတ်ပေးရန်၊ အိပ်စက်ရန် မလိုတော့ချေ။

http://www.dhammadownload.com



ဘုရားရှင် ခိုင်းတော်မူသည်မှာ 'ဆင်းရဲမည်၊ ရောဂါရမည်၊ သေမျှားသွားမလား' စသည်ဖြင့် ထင်ချင်သလို ထင်နေကြသော်လည်း ချမ်းသာဖို့ချည်းပင်။

မဟာသီဝမထေရ်ကြီးမှာ နေသဇ္ဇိကဓုတင်ဖြင့် နေ့ညမအားရှုပွားတော်မူရာ အနှစ်သုံးဆယ်မြောက်ပဝါရဏာနေ့သို့ပင် ရောက်လာသော်လည်းမည်သည့်တရားထူးမျှ မရရှိနိုင်ပဲ ဖြစ်နေလေရာ—

'အင်း....ငါ တရားအားထုတ်တာ အနှစ်- ၃၀တောင်ရှိသွားပြီ။ တကယ်ပင် အရဟတ္တဖိုလ်ကို မရသေးပါကလား၊ ခက်ခဲလှချည်ရဲ့။ သည်လောက်တောင် သက်စွန့်ကြိုးပမ်းအားထုတ်တာမှ မရသေးလျှင် ဒီဘဝမှာ ငါတော့မဂ်ဖိုလ်ရတော့မှာ မဟုတ်တော့ဘူးထင်ပါရဲ့။ သီတင်းသုံးဖော်များနှင့်အတူ ရဟန္တာအဖြစ်နှင့် စင်ကြယ်တဲ့ပဝါရဏာပြုရတော့မှာလည်း မဟုတ်တော့ပါဘူး' ဟု စဉ်းစားမိပြန်သဖြင့်အကြိမ်သုံးဆယ်မြောက် အပြင်းထန်ဆုံး ကြေကွဲဝမ်းနည်းကာ ရှိုက်ကြီးတငင် ငိုကြွေးတော် မူရပြန်လေသည်။

## မထေရ်ကြီးနှင့် အပြိုင်ငိုသော နတ်သမီး

မထေရ်ကြီးနှင့် မနီးမဝေး တောင် လိုဏ်ဂူဘေး၌ နတ်သမီးတယောက်လည်း မဟာသီဝ မထေရ်ကြီးကဲ့သို့ပင် ရပ်၍ ငိုကြွေးနေရှာ၏။ထိုသို့ ငိုကြွေးသံကို ကြားရသဖြင့်—

**မထေရ်** ဟဲ့....သည်နားမှာ ငိုနေတာ ဘယ်သူလဲ။

**နတ်သမီး** တပည့်တော်မ နတ်သမီးပါဘုရား။

**မထေရ်** သင်....ဒီမှာ ဘာ့ကြောင့် လာငိုနေရတာလဲ။

**နတ်သမီး** အရှင်ဘုရား ငိုနေတာ မြင်ရလို့ ငိုလျှင်လဲ မဂ်ဖိုလ် ရနိုင်တယ် ထင်မိတဲ့အတွက် နှစ်မဂ် သုံးမဂ်လောက် ရမလားလို့ ငိုနေတာပါ အရှင်ဘုရား။

ထိုအခါ မထေရ်ကြီးမှာ ရှက်လည်းရှက်၊ သတိလည်းရသဖြင့်—

'မဟာသီဝ....၊ ကဲ....ဘယ့်နှယ်ရှိစ၊ ကြည့်စမ်း....နတ်သမီးကတောင် သင့်ကို လှောင်နေပြီ။ဒီအမူအကျင့်ဟာ သင်နှင့်လျော်ကန်ပါရဲ့လား သင်စဉ်းစားစမ်း' ဟု စိတ်ကို လျှော့ကာ ဝမ်းနည်းမှု၊ စိတ်ဆင်းရဲမှု (နိရာမိသ ဒုက္ခ၊ နေက္ခမ္မသိတဒေါမနဿ)ကို ဖြေဖျောက်ကိုက်၏။

http://www.dhammadownload.com



သီတင်းကျွတ် လပြည့်ကျော် တရက်နေ့ည ဖြစ်၍ လရောင်ဖြင့် သာယာ ကြည်နူးဖွယ် ကောင်းလှသော ညဥ့်ဦးယံဖြစ်၏။ မိမိတရားအားထုတ်ရာ တောင် လိုဏ်ဂူအပေါ် ညစ်ကြေးမထင် တိမ်ကင်းစင်သော ကောင်းကင် အလယ်၌ ကြည်နူးစဖွယ် ပြည့်ပြည့်ဝဝ ထွန်းလင်းနေသော လမင်းကြီးကို လှမ်း၍ တချက် မျှော်ကြည့်လိုက်မိ၏။

'အင်း....ဒီလမင်းကြီးနှင့် ငါရဲ့ သီလဟာ ဘယ်အရာက သာလွန်သန့်ရှင်း ထွန်းလင်းပါလိမ့်မလဲ'ဟု စိတ်ထဲတွင် နှိုင်းယှဉ် စဉ်းစား နေမိ၏။

'အလွန်သာယာ ထွန်းလင်းတဲ့ လမင်းကြီးမှာ ယုန်ရေးလက္ခဏာ မှိုင်း ပြာသော အညစ်အကြေး ရှိနေသေးတယ်။ ရဟန်းပြုသည့် အချိန်ကစပြီး ဒီကနေ့ ကျအောင် ငါရဲ့ စတုပါရိသုဒ္ဓိသီလမှာမူကား မည်းမြေခြောက် မပြောက်မကျား စင်းလုံးချော ဖြူစင်လှပါပေစွတကား'ဟု ဆင်ခြင်မိသည်နှင့် ပီတိ သောမနဿ စိတ်များ တဖွားဖွား တလှိုက်လှိုက် ဖြစ်ပေါ်လာလေသည်။

အသိဉာဏ် ရင့်ကျက်တော်မူသော သံဃနာယက မဟာထေရ်ကြီး ဖြစ် တော်မူသည် အားလျော်စွာ ထိုဖြစ်ပေါ်လာသော ပီတိကို ဖယ်ခွာမေ့ဖျောက်၍ မိမိခန္ဓာကိုယ်ရှိ ရုပ်နာမ်ဓမ္မ သဘာဝများကိုသာ ဖြစ်ပျက် ဆင်ခြင်တော်မူရာ ပဋိသမ္ဘိဒါလေးတန် ဂုဏ်ထူးဝိသေသ ခြံရံလျက် ထိုညဥ့်ပင် ရဟန္တာ ဖြစ်တော် မူလေသည်။(ဒီ-ဋ္ဌ-၂၊ ၂၀၀-သက္ကပဉ္ဟသုတ် အဖွင့်။ အံ-ဋ္ဌ-၁။ ၃၁။)

ဝုတ်တင် ၁၃-ပါးဖြင့် ကိလေသာ ခေါင်းပါးနေသောကြောင့် 'ယနေ့ပင် အရဟတ္တဖိုလ်ကိုရမည်'ဟု အထင် ရောက်နေ၏။ သို့ရာတွင် ပရိယတ္တိ ဗဟုသုတ များ ကြွယ်ဝများပြားသော မထေရ်ကြီးဖြစ်၍ (အရှင် သာရိပုတ္တရာ ကဲ့သို့) အကျယ်အကျယ် ရှုပွားသုံးသပ်နေမည်ဖြစ်သဖြင့်သီလအင်အား ပြည့်စုံငြားလည်း တရားမရနိုင်ပဲ ရှိလေသည်။

(ဤဝတ္ထုကို အင်္ဂုတ္တရ အဋ္ဌကထာ၌ ဝုတင်ကြောင့် ကိလေသာ နိဝရဏ ခွာရှိပုံကို သာဓက ထုတ်၏။ 'ငါဒီဘဝမှာ တရားထူးမရ တော့ဘူး ထင်ပါရဲ့'စသည်ဖြင့် တရားနှင့်စပ်၍ စိတ်ဆင်းရဲမှု, စိတ် ပျက်မှု ဖြစ်တတ်၏။ ယင်းကို 'နိရာမိသဒုက္ခ'ဟု လည်းကောင်း၊ 'နေက္ခမ္မသိတ ဒေါမနဿ'ဟု လည်းကောင်း ခေါ်သည်။ သက္ကပဉ္ဟ သုတ် အဋ္ဌကထာ၌ကား ယင်းဒုက္ခ, ဒေါမနဿကို သာဓက ထုတ် ပြခြင်း ဖြစ်လေသည်။)

မထေရ်ကြီးသည် နှစ်ပေါင်း သုံးဆယ်တိုင်တိုင် ထိုင်ခြင်း၊ ရပ်ခြင်း၊အထူး သဖြင့် စင်္ကြံလျှောက်ခြင်း ဣရိယာပုထ် သုံးမျိုးဖြင့်သာ နေတော်မူသည်ဖြစ်၍ မထေရ်ကြီး၏ ခြေထောက် ခြေဖဝါးများမှာ ကြည့်မကောင်း ရှုမကောင်းအောင် ကြေးညှော် အထပ်ထပ်တက်၍ ခြေဖဝါး နှစ်ဘက်စလုံး ကွဲအက်၍ပက်နေလေပြီ။

http://www.dhammadownload.com



အိပ်ရာဝင်လျှင် ခြေထောက်ကို ရေဆေးရ၏။ ရေဆေးလျှင်လည်း ခြေပွတ်အိုးခြမ်းဖြင့် ပွတ်တိုက်လေ့ရှိကြရာ မထေရ်ကြီးကား အိပ်လည်းမအိပ်၊ ခြေကိုလည်းမဆေး၊ ကြောင့်ကြမှု တာဝန်နည်းနိုင်သမျှ နည်းအောင် ကျင့်တော်မူ၍ အထူးသဖြင့် ခြေဖဝါးများမှာ ကမ္မဋ္ဌာန်းဒဏ် အခံရဆုံး ဖြစ်ကုန်၏။ ကျောင်းအနီးရှိ ဂေါစရဂါမ်ရွာမှ ကလေးများပင် တယောက်နှင့် တယောက် ကျီစယ်ကြသောအခါ—

"မဟာသီဝ မထေရ်ကြီး ခြေထောက်တွေလို ဖြစ်ပါစေ၊ ဖြစ်ရပါစေရဲ့" ဟု ပြောင်လှောင် ကျိန်ဆိုကြလေသည်။

## သိကြားမင်းလာ၍ ခြေဆေးပေးခြင်း

မထေရ်ကြီး အနှစ်သုံးဆယ်မြောက် မဟာပဝါရဏာနေ့ ညဥ့်ဦးယာမ်တွင် ပဋိသမ္ဘိဒါလေးတန်နှင့်တကွ ရဟန်းကိစ္စ ပြီးမြောက်တော်မူလျှင် သက်ရှယ်တော်လည်းကြီး၊ ရည်ရွယ်ချက်လည်း ပြီးပြည့်စုံသဖြင့် 'ကျောဆန့်ယှောင်းဦးမှပဲ' ယူဆကာ အနှစ်သုံးဆယ် လုံးလုံး ခေါက်၍ သိမ်းထားသော ကွပ်ပျစ်ကို ဖြန့်ခင်းလိုက်၏။

အနှစ်သုံးဆယ်လုံးလုံး တခါမျှ ရေမဆေးဖူးသော ခြေတော်များကိုလည်း ရေဆေးလိုသဖြင့် ခြေဆေး အင်းပျဉ်ရှိရာ စောင်းတန်းထိပ်သို့ ကြွရောက်ရပ်နေတော်မူ၏။ ထိုအခိုက် သီဟိုဠ်တကျွန်းလုံးရှိ ရဟန္တာတပည့်ကြီးများကလည်း မိမိတို့ဆရာ မဟာသီဝ မထေရ်ကြီး ရဟန်းကိစ္စပြီး-မပြီး ဆင်ခြင်ကြည့်ကြရာ ရဟန်းကိစ္စပြီး၍ ခြေတော်ဆေးရန် ဟန်ပြင်နေသည်ကို မြင်ကြရလေ၏။

'ငါတို့လို အတွင်းနေ တပည့်ကြီးတွေ ရှိနေပါလျက် ငါတို့ဆရာ ကိုယ့်ခြေတော်ကို ကိုယ်ဆေးရန် မသင့်လျော်ဘူး။ ငါသွားပြီး ဆရာ့ခြေတော်ကို ဆေးပေးချေဦးမှ'ဟု စိတ်ကူးကာ ကောင်းကင်မှ တပည့်ရဟန္တာ မထေရ်ကြီး ပေါင်း သုံးသောင်းတို့ ချက်ချင်း ဆိုစည်း ရောက်ရှိလာကြလေသည်၊ ရောက်လျှင်ပင် ခြေဆေးပေးခွင့် တောင်းကြလေရာ အခွင့်မပေး။ ကိုယ်တော်တိုင် ဆေးမည်ဟု မိန့်ဆို မြစ်တားတော်မူလိုက်၏။

ထိုအခိုက် သိကြားမင်းလည်း ရဟန္တာမထေရ်ကြီးများနှင့် အကြံတူ တပြိုင်နက် ဆိုစည်းရောက်လာသည်ကိုပင် ခြေတော်ဆေးခွင့် မပြုပဲ ငြင်းဆန်နေသည်ကို မြင်လေရာ ခြေဆေး ပူဇော်ရန် သုဇာတာကို ခေါ်၍ ချက်ချင်း ရောက်ရှိလာလေ၏။ မထေရ်ကြီး သုံးသောင်းမျှ စုဝေးနေတော်မူကြသဖြင့် မဟာသီဝမထေရ်ကြီး အနီးသို့ တိုးသွား ချဉ်းဦးကပ်ရန် မလွယ်ကူသဖြင့် သုဇာတာကို ရှေ့ကထား၍—

http://www.dhammadownload.com



"အရှင်ဘုရားများ လမ်းချိုးမြင့် တိမ်းဖယ် ပေးတော်မူကြပါ....၊ ဒီမှာ မာတုဂါမ ဖြစ်နေလို့ပါ"ဟု အခွင့်အရေးရရန် ကြံဖန် တိုးဝင်သွားပြီးနောက် မထေရ်ကြီးအနီးသို့ ရောက်လျှင် ဆောင့်ကြောင့်ထိုင်၍ ခြေတော်ဆေးခွင့်လျှောက် တော်င်းလေ၏။

"ဒကာတော် သိကြားမင်း၊ ငါ၏ ခြေထောက်များ မဆေးမကြောတာ အနှစ်သုံးဆယ်တောင် ရှိနေပြီ။ သင်တို့ နတ်တွေဆိုတာ အလိုလိုကမှ လူနံ့ကို မခံနိုင်ကြ၊ ရွံရှာကြတယ်။ ယူဇနာ တရာလောက် ဝေးတဲ့ နေရာမှာ ရပ်နေတာ တောင် လည်ပင်းမှာ ခွေးသေကောင် အဆွဲခံရသလို သင်တို့မှာ နံစော်ကြတယ် ဆိုတော့....၊ နေပေ့စေ၊ မဆေးနှင့်။ တို့ဟာတို့ ဆေးကြမယ်"ဟု မိန့်တော်မူလျှင် သိကြားမင်းက—

"လူအနံ့ဟာ မပြောလောက်ပါဘုရား။ ယခု အရှင်ဘုရားများရဲ့ သီလ ရနံ့ဟာ တပည့်တော်များ နတ်ပြည်ခြောက်ထပ်ကိုပင် ကျော်တက်ကာ အထက် ဘဝဂ်ထိအောင် သင်းပျံ့ ကြိုင်လှိုင် နေပါတယ်ဘုရား။ သီလရနံ့ထက် သင်းပျံ့ သာလွန်တဲ့ လွှမ်းနိုင်တဲ့အနံ့ လောကမှာ မရှိပါဘုရား။ အရှင်ဘုရားများရဲ့ ဒီမွှေး ပျံ့တဲ့ သီလရနံ့ကြောင့်ပင် ဒကာတော် လာရောက်ရခြင်း ဖြစ်ပါတယ်ဘုရား"ဟု ပြောပြောဆိုဆို ဖယ်ဘက်လက်ဖြင့် မထေရ်ကြီး၏ ခြေဖမျက်ကို ကိုင်၍ ညာဘက် လက်ဖြင့် ခြေဖဝါးတော်ကို စောင်းငွဲ့ပြီး ပွတ်တိုက်ပေးလေ၏။

မဟာသီဝ မထေရ်ကြီး၏ ခြေတော်များမှာ ကလေးငယ်ကလေးများ ခြေ ထောက်ကဲ့သို့ နူးညံ့ပျော့အိ၍ သွားလေတော့သတည်း။

## ရဟန္တာတိုင်း ခြေဖဝါးတော် နုသလား

တခါက အညာဒေသရှိ ရဟန္တာဟု ထင်ရှား ကျော်ကြားသော ဆရာ တော်ကြီး တပါးထံ ဤစာရေးသူသည် သာသနာရေးဦးစီးဌာန ပါဠိ အဘိဓာန် ကျမ်းပြုမှူး အယ်ဒီတာ ယောဂီ မမှိမိတ်ဆွေကြီး ဦးမျိုးမြင့်နှင့် သွားရောက် ဖူးမြော်ခဲ့ကြစဉ် ကံအားလျော်စွာ တညဥ့် တည်းခို၍ ဆရာတော်ဘုရားကြီးအား တပည့်အများနှင့်အတူ ဝတ်ဖြည့်(နှိပ်) ခွင့် ရခဲ့ကြ၏။

သက်နိုးတော်များ ခြေဆုံးအထိ ခြုံလွှမ်းထားသည့်အပြင် အသားတော် ကိုလည်း မထိစေရန် မျက်နှာသုတ်ပဝါ ရှည်ကြီးများ တင်လွှမ်း၍ ဝတ်ဖြည့်ကြရ ဖြဲ ဖြစ်ရာ ဦးမျိုးမြင့်က ရုတ်တရက် မဟာသီဝမထေရ်ကြီး၏ ခြေတော်အကြောင်း သတိရလာသဖြင့် 'ရဟန္တာတို့၏ ခြေတော်သည် ကလေးငယ်များကဲ့သို့ နူးညံ့သည်' ဟုပင် နားလည်ထားသည့် အတိုင်း ဆရာတော်ကြီး၏ ခြေဖဝါးကို ကိုင်၍ ကြည့် လိုစိတ် ပေါက်လာသည်ဆို၏။

http://www.dhammadownload.com



ကံအားလျော်စွာ သက်နိုးများ, တဘက်များကို ဘေးသို့ကျအောင် ခြေတော်လှုပ်ခါတော်မူလိုက်သဖြင့် အလိုက်သင့် ထိတွေ့ခွင့် ကြုံရရာ ပြန်လာသောအခါ ဦးမျိုးမြင့်က "ဟယ်တယ် ကိုဌေးလှိုင်ရေ့"ဟု ဆိုပါသည်။ ယင်း နူးညံ့မှုမှာ အလွန် သဘာဝ ယုတ္တိ ရှိသော်လည်း ဓမ္မတာ တခုကဲ့သို့ ယူရန် သင့်-မသင့်ကား အတပ် မဆိုသာပါ။)

## စာသင်ရင်း ဆွမ်းမိုးဆပ်၍ အရဟတ္တမိုလ်ရသော မလိယဒေဝထေရ်

ပရိယတ် ကျမ်းဂန် သင်အံပို့ချခြင်းသည်လည်း ကိလေသာ ခေါင်းပါးကြောင်း အကျင့်တခု ဖြစ်၍ ထိုကိုလေသာတို့ ခေါင်းပါးငုပ်ကွယ်နေသောအခိုက် လက္ခဏာရေးသုံးပါး ဆင်ခြင်လျှင် အလွယ်တကူပင် တရားထူး ရနိုင်ပုံကို သီဟိုဠ်ခေတ် မလိယဒေဝ ရဟန်းငယ်က သက်သေထူခဲ့လေသည်။

မလိယဒေဝကား သုံးဝါမျှသာ ရသေး၏။ကလ္လဂ္ဂါ မဏ္ဍလာရာမကျောင်းတိုက်ကြီး၌ ပရိယတ်စာပေများ သင်ယူလျက် တဘက်က တရားကိုလည်း အတန်အသင့် နှလုံးသွင်းသည်။ တနေ့သောအခါ ကလ္လဂ္ဂါထွင်းသို့ မေတ္တာ ဘာဝနာ, အပ္ပမာဒ သတိပဋ္ဌာန်အမှတ်ဖြင့် ဆွမ်းခံဝင်လေရာ ဒါယိကာမကြီးတဦးက မလိယဒေဝ၏ အမူအရာကိုကြည့်၍ ကြည်ညိုသဒ္ဓါသဖြင့် ယာဂုဆက်ကပ်၏။ ယာဂုဘုဉ်းပေးသောအခါတွင်လည်း တရားအမှတ်ဖြင့် ဘုဉ်းပေးရာ ဒါယိကာမကြီးမှာ ပို၍ပင်ကြည်ညိုလာ၏။ ယာဂုဘုဉ်းပေးပြီးလျှင်—

"သုခီ ဟောတု = ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ။

ဒုက္ခာ မုစ္စတု = ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ"ဟု မေတ္တာဆုပေးရာ သားတမျှပင် ကြည်ညိုသွား၏။ အိမ်တွင်းသို့ ပင့်လျှောက်ကာ ကောင်းမွန် မြိန်မြတ်သော ဆွမ်းဘောဇဉ်များကို ဆက်ကပ်လေ၏။ ပြီးလျှင် ပေးမြဲဆုကို ပေးလေသည်။

"သားတော် ဘယ်ကျောင်းမှာ သီတင်းသုံးပါသလဲ"

"မဏ္ဍလာရာမ ကျောင်းကြီးမှာ ဦးပဉ္ဇင်း စာသင်နေပါတယ်"

"ဩော်....ကောင်းပါလေဘုရား၊ သားတော်မောင် စာသင်နေသမျှ ကာလပတ်လုံး ဒကာမကြီး အိမ်မှာပဲ ဆွမ်းအလှူခံတော်မူပါ"ဟု လျှောက်၍ နေ့စဉ်အိမ်မှာပင် ဆွမ်းကပ်လေ၏။

http://www.dhammadownload.com



နေ့စဉ် ဆွမ်းဘုဉ်းပေးရာ တဝါတွင်းသာ ကုန်လွန်သွားသော်လည်း မည်သည့်တရားစကားမျှ မဟောပြော။ "သုခီဟောတု၊ ဒုက္ခာမုစ္စတု" ဟုသာ မိန့်ဆိုဟောကြားပြီး ပြန်ကြွမြဲဖြစ်သည်။ သို့ရာတွင် ဆွေမတော် မျိုးမတော် မည်သည့်ကျေးဇူးခံ ကျေးဇူးစားမျှမရှိ၊ မည်သည့်မျှော်လင့်ချက်မျှမပါ၊ သာသနာတော်ကို ကြည်ညိုသော စိတ်သက်သက်ဖြင့် နေ့စဉ်ပေးလှူသော ဆွမ်းကို ဘုဉ်းပေးရသည့်အတွက် စိတ်ထဲတွင် ပိုပြီး တာဝန်တက်နေ၏။

"ဆွမ်းကို ထိုက်တန်အောင် စားမည်၊ ဆွမ်းလှူသူပို့၍ အကျိုးကျေးဇူးများအောင် လုပ်မည်" ဟု ဆုံးဖြတ်ထားသည်။

လှူဒကာတို့ ပြုသော ရိုသေခြင်း၊ လှူဒါန်းခြင်းနှင့် ထိုက်တန်အောင်၊အလှူအကျိုးရှိအောင် လုပ်ပေးနိုင်သည်မှာ တလောကလုံးတွင် သံဃာတော်များသာဖြစ်ပေ၏။ ယင်းကိုပင်သာမီစိပ္ပဋိပန္နော ဟု ခေါ်သည်။ မိမိသန္တာန်၌ကိလေသာကုန်ခန်း၍ ရဟန္တာဖြစ်သည်အထိ ကျင့်ကြံခြင်းအားဖြင့် လှူသူတို့အား ပြန်လည်ချီးမြှောက်ခြင်း၊ ဆွမ်းဖိုးဆပ်ခြင်း၊ လှူဒကာတို့အကျိုးများအောင် ဆောင်ရွက်ပေးခြင်း ဖြစ်တော့သည်။ (မဟာမိတ္တထေရ်လည်း ကြည့်။)

မလိယဒေဝရဟန်းငယ်လည်း ဆွမ်းဒါယိကာမကြီး၏စေတနာကို ထောက်၍ အစွမ်းကုန် ချီးမြှောက်မည်ဟု ရည်ရွယ်ကာ စတင်ဆွမ်းအလှူခံယူသောနေ့မှ စ၍ တဘက်က စာသင်ရင်း တရားကိုလည်း ထက်ထက်သန်သန်နှလုံးသွင်းနေခဲ့၏။ သီတင်းဝါလကျွတ်၍ ပဝါရဏာပြုသောအခါ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာ ဖြစ်တော်မူလေသည်။

ရဟန်းတော်များ ထုံးစံအတိုင်း ပဝါရဏာပွဲကို သီတင်းကျွတ်နှင့်အတူ ပြုလုပ်လေ့ရှိရာ ထိုနေ့မျိုးတွင် ဒကာ ဒကာမများလည်း တတ်စွမ်းသမျှ လှူဖွယ်တန်းရန်များနှင့်တကွ ကျောင်းသို့လာရောက် ပူဇော်လေ့ရှိကြရာ မဏ္ဍလာရာမကျောင်းထိုင် မထေရ်ကြီးက—

"ငါ့ရှင် မဟာဒေဝ၊ ယနေ့ကျောင်းမှာ ဒကာ, ဒကာမတွေလာရောက်စုဝေးကြလိမ့်မယ်။ ငါ့ရှင် တရားဓမ္မ ချီးမြှင့်ရမယ်" ဟု အမိန့်ချတော်မူ၏။ (ကျောင်းထိုင်မထေရ်ကြီး၏ အသိဉာဏ်ကိုလည်း ကြည်ညိုနိုင်ပေသည်။)

အရှင်မလိဒေယဝ ရဟန်းငယ် တရားဟောမည်ကို ကိုရင်များက ဆွမ်းအမကြီးအား ဆွမ်းခံယင်း အသိပေး ဖိတ်ကြားခဲ့ကြသည်။

"ဒကာမကြီး၊ ဒကာမကြီးသား ဒီကနေ့ ကျောင်းမှာ တရားဟောလိမ့်မယ်။ ဒကာမကြီး ကျောင်းလာပြီး တရားနာပါအုံး။"

http://www.dhammadownload.com



"မလျော့ဝင်ကြပါနဲ့ ကိုရင်တို့ရယ်.... တရားဆိုတာ ပုဂ္ဂိုလ်တိုင်းဟောနိုင်ကြတာ မဟုတ်ပါဘူး၊ တပည့်တော်မ, သား မောင်ပဥ္စင်းဟာ ခုလောက်သာ ကြားတယ်၊ 'သုခီဟောတု၊ ဒုက္ခာမုစ္စတု' ဒီနှစ်ပုဒ်လောက်ပဲ ဟောတတ်တာပါ။"

"မဟုတ်ပါဘူး ဒကာမကြီးရယ်၊ တတ်တတ်, မတတ်တတ်၊ တရားနာလာ ဖြစ်အောင်သာ လာခဲ့စမ်းပါ။"

ဆွမ်းအမကြီးမှာလည်း ကိုရင်များ သတင်းပေး, တိုက်တွန်းချက် အရ ပန်းနံ့သာစသည့် လှူဖွယ်များကိုယူ၍ ကျောင်းသို့ ရောက်လာ၏။ သားရဟန်း ဟောမည့်တရားကို မရွံ့မရဲတထိတ်ထိတ်ဖြင့် ပရိသတ်အစွန်ကပင် နာယူနေလေ၏။

နေ့ခင်းနေ့လယ်ပိုင်း အလှည့်ကျ ဟောပြောရွတ်ဖတ်သည့် ပုဂ္ဂိုလ်များ ပြီးဆုံးသွားသောအခါ မလိယဒေဝရဟန်းငယ်လည်း ကြည်ညိုစဖွယ် သပ္ပာယ် တည်ငြိမ်စွာ ဓမ္မကထိကကြီးများကိုင်ဆောင်လေ့ရှိသောယပ်တောင်ကိုကိုင်ဆောင် ၍ ကရားပလ္လင်ထက်သို့ တက်ကြွတော်မူလာ၏။ ထုံးစံအတိုင်း သီလစသည်ပေးပြီး လျှင် ဟောရမည့်တရားကို စဉ်းစားသောအခါ ဆွမ်းအမကြီးအား တဝါတွင်းလုံး ဟောခဲ့ဘူးသော တရားကိုပင်ဟောရန် ဆုံးဖြတ်လိုက်၏။

(အချိန်မှာ နေဝင်စပြုလေပြီ။ ကျောင်းထိုင်မထေရ်ကြီးနှင့်တကွ စာသင် ဘက်ရဟန်းတော်များ, ကိုရင်ငယ်ကလေးများမှအစ သင့်တော်ရာနေရာ၌ အသီး အသီး နေရာယူကာ နာယူနေကြ၏။ အကဲခတ်နေကြ၏။)

မလိယဒေဝရဟန်းငယ်သည် 'သုခီဟောတု၊ ဒုက္ခာမုစ္စတု' တရားနှစ်ပုဒ် ကိုပင် တရားကိုယ်အမာခံထားလျက် နိကာယ်ငါးရပ်, ပိဋကသုံးပုံ ခြုံငုံသုံးသပ်၍ အကျယ်ဖွင့်ဆိုဟောကြားတော်မူရာ ညဉ့်နက်သည်ထက် နက်၍လာသော်လည်း ကြာသည်မထင်၊ နာ၍မငြီး ရှိကြလေ၏။

"တလောကလုံး၊ တသံသရာလုံး သတ္တဝါတိုင်း၏ဆင်းရဲရပုံများကို ပြဆိုပြီးလျှင် သောတာပန်ပုဂ္ဂိုလ်၏ ချမ်းသာပုံ၊ ဆင်းရဲမှ လွတ်ပုံ၊ သကာဒါဂါမိပုဂ္ဂိုလ်၏ ချမ်းသာပုံ၊ ဆင်းရဲမှလွတ်ပုံ၊ အနာဂါမိပုဂ္ဂိုလ်၏ ချမ်းသာပုံ၊ ဆင်းရဲမှလွတ်ပုံများကို အဆင့်ဆင့်နှိုင်းယှဉ်ဝေဖန်၍ နောက် ဆုံး အရဟတ္တဖိုလ်သို့ မရောက်ကြရသေးသမျှ ချမ်းသာအပြည့်အဝ မခံ စားရသေးပုံ၊ ဆင်းရဲမှလုံးဝကင်းငြိမ်းပြီ မဆိုနိုင်သေးပုံများကို အသေး စိတ်ရှင်းလင်းဟောပြကာ တရားမိုးကြီး ရွာသွန်းတော်မူလေသည်။"

'ချမ်းသာပါစေ၊ ဆင်းရဲကင်းပါစေ' စကားနှစ်ခွန်းသည် ပိဋကသုံးပုံလုံး ခြုံငုံမိ၍ အလွန်အရေးပါသော မေတ္တာဘာဝနာ စကားဖြစ်ကြောင်း ပရိသတ် များ အားလုံး သဘောပေါက်သွားကြ၏။

http://www.dhammadownload.com



(ဓမ္မပဒအဋ္ဌကထာ-၁၊ ၃၃၃-လာ ဝနဝါသီတိဿ သာမဏေလည်း ယင်းနှစ်ပုဒ်ကိုပင် တညလုံးဟောရကြောင်း 'မေတ္တာဝါဒ' စာအုပ်၌ရေးခဲ့ပြီ။)

တရားပွဲ ပြီးဆုံးသောအချိန်နှင့် အရှေ့လောကဓာတ်မှ နေအရုဏ်တက်သောအချိန်သည် အချိန်ကိုက်ဖြစ်နေ၏။ တရားပွဲပြီးလျှင် ဆွမ်းအမကြီးလည်း သောတာပန် တည်လေတော့သတည်း။

(ဂန္ထပလိဗောဓအရော စံတော်ဝင် မဟာဓမ္မရက္ခိတထေရ် အခန်း၌လည်း မလိယဒေဝမထေရ်အကြောင်း ရှုပါဦး။ ဝိသုဒ္ဓိမဂ်-၁၊ ၉၂။)

## ခေတ်မှီက်လှသော 'ဆဆက္ကသုတ္တန်' ဟောကြားခြင်း

မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသပါဠိတော်၌ ဆဆက္ကသုတ်ဟူ၍ရှိသည်။ (မ-၃၊ ၃၂၇-၃၃၅။) ထိုသုတ်ကို မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်၌ ရဟန်းများကို ဟောတော်မူ၏။

ဟောကြားသောတရားများမှာ–အတွင်းအာယတနခြောက်ပါး၊ အပြင်အာယတနခြောက်ပါး၊ ဝိညာဏ်ခြောက်ပါး၊ ဖဿခြောက်ပါး၊ ဝေဒနာခြောက်ပါး၊ တဏှာခြောက်ပါးတို့ ဖြစ်ကုန်၏။

"စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ"

ဤပါဠိကိုမူတည်၍ ၆×၆=၃၆-မျိုးသော တရားသဘောတို့သည် ဖြစ်မှု ပျက်မှု ထင်ရှား၍ ငါ, ငါ့ဥစ္စာဟု မသုံးသပ်ထိုက်ကြောင်း အကျယ်ဟောတော်မူခြင်းဖြစ်၏။

ထိုသုတ်ကိုဟောတော်မူ၍ ပြီးဆုံးသောအခါ ရဟန်း ခြောက်ကျိပ်တို့ ရဟန္တာဖြစ်တော်မူကြသည်။ ယင်းသုတ္တန်ကို အရှင်သာရိပုတ္တရာ ဟောတော်မူရာတွင်လည်း ရဟန်းခြောက်ကျိပ်တို့ ရဟန္တာဖြစ်တော်မူကြ၏။ အရှင်မောဂ္ဂလ္လာန် ဟောတော်မူရာတွင်လည်း ထို့အတူ ရဟန်းခြောက်ကျိပ်တို့ ရဟန္တာ ဖြစ်တော်မူကြ၏။ အခြားသော အသီတိသာဝကမထေရ်ကြီးများ ဟောတော်မူကြရာတွင်လည်း အလားတူ ရဟန်းခြောက်ကျိပ်တို့ ရဟန္တာ ဖြစ်တော်မူကြရာ ခြောက်ခြောက်လီသုတ္တန်သည် သာသနာတော်၌ အလွန်ထူးခြားလှသော သုတ္တန်ကြီးဖြစ်လေသည်။

http://www.dhammadownload.com



ထိုမျှသာမက သီဟိုဠ်ကျွန်း၌ သာသနာ ပွင့်ထွန်းသောအခါ မလိယဒေဝ (ဥပရိပဏ္ဏာသ အဋ္ဌကထာအလို-မာလေယျဒေဝ) ထေရ် ဘုံကိုးဆင့်ရှိ ကြေးပြာသာဒ်ကြီးအောက်၌ ယင်း ခြောက်ခြောက်လီ သုတ္တန်ကို ဟောတော်မူရာ၌လည်း ရဟန်းခြောက်ကျိပ်တို့ ရဟန္တာ ဖြစ်တော်မူကြလေသည်။

လောဟပါသာဒခေါ် ကြေးပြာသာဒ်ကြီးရှေ့ ရဟန်းတော်များ သီတင်းသုံးရန် ပြုလုပ်ထားသော အဝတ်မိုးမဏ္ဍပ်ကြီးတွင်လည်း ဟောတော်မူရာ ရဟန်းခြောက်ကျိပ်တို့ ရဟန္တာဖြစ်တော်မူကြရပြန်လေသည်။

မလိယဒေဝထေရ်သည် အလွန်တန်ခိုး အာနုဘော်ကြီးသော မထေရ် ဖြစ်တော်မူ၏။ ယင်းမထေရ်သည် မဟာဝိဟာရ ကျောင်းတိုက်ကြီးမှ ထွက်ခွာ၍ စေတိယတောင်၌ ကြွရောက် သီတင်းသုံးတော်မူစဉ်ကလည်း ယင်းသုတ္တန်ကြီးကို ဟောတော်မူပြန်ရာ အထက်ပါအတိုင်း ရဟန္တာဖြစ်တော်မူကြလေသည်။

ထိုမှတပါး သာကိယဝံသကျောင်း၊ ကူဋာလိကျောင်း၊ အန္တရသောဗ္ဘ၊ မုတိင်္ဂဏ၊ ဝါတကတောင်၊ ပါစိနဃရက၊ ဒီဃဝါပိ၊ လောကန္ဒရ၊ နောမဏ္ဍလ တလ (သီမူအလို-ဂမေဏ္ဍဝါလ)၊ ထိုနေရာဌာနတို့၌လည်း မလိယဒေဝထေရ်မင် ယင်း သုတ္တန်ကိုဟောတော်မူရာ ရှေးနည်းအတူ အသီးအသီး ရဟန္တာ ဖြစ်တော်မူကြ လေသည်။

မထေရ်သည် စိတ္တလတောင်သို့ ကြွတော်မူသောအခါကလည်း စိတ္တလ တောင်ကျောင်း၌ သီတင်းသုံးသော ဝါခြောက်ဆယ်ကျော် မထေရ်ကြီးတပါး သည်တနေ့သောအခါ စိတ္တလတောင်ရှိရေကန်ကြီးတခု၌ ကုရုဝကဆိပ်ခေါ်သော လုံခြုံသောရေချိုးရာ ဌာနတခုရှိရာ ထိုဌာနသို့ ရေချိုးရန် ကြွတော်မူ၏။

မလိယဒေဝထေရ်လည်း နောက်မှလိုက်ပါသွားကာ မထေရ်ကြီးအနီးသို့ ရောက်လျှင် ရှိသေစွာရှိခိုး၍—

"အရှင်ဘုရား....၊ဘုရားတပည့်တော် ရေချိုး၍ပေးပါရစေ၊ ခွင့်ပြုတော် မူပါ"ဟု လျှောက်လျှင် မထေရ်ကြီးသည် ခေတ္တမျှစဉ်းစား၍ 'အင်း....မလိယ ဒေဝထေရ်လို့ ပြောနေကြတယ်၊ သူများဖြစ်လေမလား'ဟုဆင်ခြင်လျက်—

"ငါ့ရှင်....၊ သင်ဟာ အများပြောနေကြတဲ့ ဒေဝထေရ်ပဲ မဟုတ်လား" ဟု မေးတော်မူ၍။

"မှန်လှပါဘုရား"ဟု လျှောက်ရသည်။

"ငါ့ရှင်....၊ တို့များ ဝါခြောက်ဆယ်ကျော်လာပြီ၊ ဒီလောက်သာ ကြာ ပေမယ့် တို့များကိုယ်ကို မည်သူ့လက်နှင့်မှ ထိခွင့်မပေးခဲ့ဖူးဘူး၊ ငါ့ရှင်ကိုတော့ ခွင့်ပြုရပေမပေါ့"ဟု မိန့်တော်မူကာ ကန်ဘောင်ပေါ်သို့တက်လာ ကိုယ်လက်

http://www.dhammadownload.com



ဆုပ်နယ် ချေးပွတ်ပေးရန် ခွင့်ပြုတော်မူလိုက်၏။ မလိယဒေဝထေရ်လည်း စိတ်တိုင်းကျ မထေရ်ကြီးအား ပူဇော်ရလေသည်။

ထိုနေ့ကား တရားဓမ္မ ဟောပြောနာယူ ကြသောနေ့ ဖြစ်သည့်အတိုင်း ရေမိုးချိုးပြီးသောအခါ မထေရ်ကြီးက—

''ငါ့ရှင်....ဒေဝ၊ ဒီယနေ့ တို့များကို တရားအလှူပေးပါဦး''ဟု တောင်းပန်၍—

''ကောင်းပါပြီ အရှင်ဘုရား''ဟုဝန်ခံကာ နေဝင်သောအခါ အားလုံး တရားနာကြွရောက်ကြရန် ထုံးစံအတိုင်း နှိုးဆော်ကြလေ၏။ ထိုနေ့ တရားပွဲသို့ ထူးထူးခြားခြား ဝါတော်ခြောက်ဆယ်ကျော်မထေရ်ကြီး ခြောက်ကျိပ်တို့ တရားနာ ကြွတော်မူလာကြ၏။

မလိယဒေဝထေရ်လည်း တရားအမှန်း အနည်းငယ် ရွတ်ဆိုပြီးနောက် အထက်ပါခြောက်ခြောက်လီ သုတ္တန်ကိုပင် ဟောတော်မူ၏။ တရားပွဲ ပြီးလျှင် အဆိုပါ ဝါခြောက်ဆယ်ကျော် မထေရ်ကြီး ခြောက်ကျိပ်စလုံး ရဟန္တာဖြစ်တော်မူကြလေသည်။

မလိယဒေဝထေရ်လည်း စိတ္တလတောင်မှ ထွက်ခွာ၍ သီဟိုဠ်သာသနာဝင်တွင် ထင်ရှားသော တိဿမဟာဝိဟာရ၊ နာဂမဟာဝိဟာရကာဠကစ္ဆရွာ၊ ကလျာဏီမဟာဝိဟာရ ရှိ ဉပုသ်ကျောင်းတော် ပြာသာဒ်ကြီး အောက်ထပ်၊ ယင်းအထက်ထပ် စသည်တို့၌လည်း လှည့်လည်ကြွရောက်၍ ယင်းခြောက်ခြောက်လီ သုတ္တန်ကြီးကိုပင် ဟောတော်မူရာ ဟောကြားသောဌာနပေါင်းခြောက်ဆယ့်ခြောက်ဌာနစလုံး၌ပင် ရဟန်းတော် ခြောက်ကျိပ်-ခြောက်ကျိပ်စီ ရဟန္တာဖြစ်တော်မူကြလေသည်။

အမ္ဗိလကာဠကျောင်းနေ တိပိဋက စူဠနာဂမထေရ် ယင်းသုတ္တန်ကိုပင် ဟောကြားတော်မူစဉ်ကလည်း လူပရိသတ်သုံးဂါဝုတ်၊နတ်ပရိသတ်တယူဇနာပင် ရှိလေရာ တရားဆုံးလျှင် ရဟန်းတော်တထောင် ရဟန္တာ ဖြစ်တော်မူကြ၏။ ထိုထို အရပ်မှလာရောက် နာယူကြသော နတ်တို့တွင်လည်း အနည်း အကျဉ်းမျှသာ ပုထုဇဉ်အဖြစ် ကြွင်းကျန်၍ အများအပြား အရိယာ ဖြစ်ကြရလေသည်။

ခြောက်ခြောက်လီ သုတ္တန်ကြီး၏ အာဏာစက် ခတ်ခိုက်ပုံမှာ အလွန်ကြည်ညို အားကျဖွယ်ကောင်းလှပေသည်။ (မ-ဋ္ဌ-၄၊ ၂၄၆-ဆဆက္ကသုတ်အဖွင့်နှင့် ဋီကာ—၃၊၄၃၂။)

[မလိယဒေဝအကြောင်း'သီဟိုဠ်ဓမ္မဝတ္ထုများ' တွင် ဝတ္ထုနံပါတ် ၃၆၊ ၄၆၊၅၉-တို့၌လည်း ပါရှိသည်။ ဆက်လက်ကြည့်ရှုပါလေ။]

http://www.dhammadownload.com



## ဂန္ထပလိဗောဓိအရာ စံတော်ဝင်
# မဟာဓမ္မရက္ခိတ ထေရ်

သီဟိုဠ်ကျွန်း၌ နာမည်ကျော် မဟာဝိဟာရကျောင်းတိုက် ဟူ၍ ရှိ၏။ ထိုကျောင်းတိုက်မှ ပိဋကသုံးပုံဆောင်အဘယမထေရ်ကလေး(တိပိဋကစူဠာဘယ) ခေါ် မထေရ်တပါးသည် အဋ္ဌကထာကို မသင်ယူဖူးပဲလျက် နိကာယ်သင်ယူ လေ့လာပြီးသော ပရိသတ်အလယ်၌ ပိဋကသုံးပုံကိုဖွင့်ဆိုပြမည်ဟု စည်တီး၍ ကြေငြာစေ၏။

ထိုအခါ သံဃာ့မထေရ်ကြီးများက—

"ဒါ ဘယ်ကဆရာ့နည်းလဲ၊ မိမိတို့ဆရာ (မဟာဝိဟာရ) ပို့ချစဉ်အတိုင်းသာ ပို့ချပါစေ။ (ထင်သလိုဖွင့်ဆိုနေကြသော) တခြားဆရာတို့ ပို့ချစဉ်နှင့် ပို့ချလျှင် ခွင့်မပြုနိုင်ဘူး" ဟု ပြောဆိုနေကြ၏။

အဘယမထေရ်၏ ဉပဇ္ဈာယ် ဆရာတော်ကြီးကလည်း မိမိထံသို့ဝတ်ပြုရန် လာသော အဘယမထေရ်အား-

**ဆရာ** ငါ့ရှင် အဘယ၊ သင် စည်တီးခိုင်းတယ်ဆိုတာ ဟုတ်သလား။

**အဘယ** မှန်လှပါ အရှင်ဘုရား။

**ဆရာ** ဘယ်အတွက်လဲ။

**အဘယ** ပိဋကကို ဖွင့်ဆိုပြဖို့ရည်ရွယ်လို့ပါ အရှင်ဘုရား။

**ဆရာ** ငါ့ရှင် အဘယ....ဆရာတို့ (....)ဒီပုဒ်ကို ဘယ်လို ဖွင့်ဆိုကြသလဲ။

**အဘယ** မှန်လှပါ(....) ဤသို့ ဖွင့်ဆိုကြပါတယ် အရှင်ဘုရား။

**ဆရာ** ဟင်....

(ဆရာတော်ကြီးက 'ဟင်....' ဟု ဆိုလိုက်သဖြင့် အဘယမထေရ်မှာ အခြားနည်းများဖြင့် သုံးကြိမ်တိုင်တိုင် ပြင်၍ ပြင်၍ ဖွင့်ဆိုလျှောက်ရာ 'ဟင်....ဟင်' ဟုသာ ငြင်းပယ်ခြင်းခံရလေ၏။) "ငါ့ရှင် အဘယ....ငါ့ရှင် ပထမ ပြောတဲ့ အဖွင့်သာလျှင် ဆရာတို့ရဲ့ ပို့ချစဉ် ဖြစ်တယ်။ သို့သော်လည်း ငါ့ရှင်ဟာ ဆရာသမားများ နှုတ်က သင်ယူထားခဲ့တာမဟုတ်လေတော့ 'ဆရာစဉ်ဆက်ဒီအတိုင်းပဲ ဖွင့်ဆိုကြပါတယ်' လို့ ကြံ့ကြံ့မရပ်တည်နိုင်ပဲ ဖြစ်ရတယ်။ ငါ့ရှင် ဆရာသမားများ့ထံမှာ သွားရောက် သင်ယူချေပါအုံး။"

http://www.dhammadownload.com



အဘယ — အဘယ်အရပ် အဘယ်ဆရာထံ သွားရပါမည်နည်း အရှင်ဘုရား။

ဆရာ — ဟို—ဂင်္ဂါမြစ်တဘက်ကမ်း ရောဟဏဇနပုဒ် တုလာဓာရကျောင်းမှာ မဟာဓမ္မရက္ခိတ ခေါ်တဲ့ မထေရ်ကြီးတပါး ရှိတယ်။ ပိဋကသုံးပုံကို အလုံးစုံ ကျွမ်းကျင်နိုင်နင်းတော်မူတယ်။ အဲဒီကိုသွားပေတော့။

စူဠာဘယ မထေရ်လည်း ဥပဇ္ဈာယ်ဆရာ အမိန့်အရ နောက်ပါ တပည့်ငါးရာခေါ်ဆောင်၍ သွားလေရာ မဟာဓမ္မရက္ခိတ မထေရ်ကြီးက လာရင်းအကြောင်းမေးတော်မူလျှင် အဋ္ဌကထာဓမ္မ ပိဋကအဖွင့်နာယူရန် လာကြောင်းလျှောက်ထားလေ၏။

"ငါ့ရှင် အဘယ....၊တို့များဒီဃနှင့်မဇ္ဈိမနိကာယ်ကိုတော့ရံဖန်ရံခါအမေးအမြန်းရှိလို့ အာရုံပြုမိသေးတယ်။ ကျန်နိကာယ်များကိုမူ တို့များ ပြန်လည်မကြည့်ပဲထားတာ အနှစ်သုံးဆယ်ရှိသွားပြီ။ သို့သော်လည်း ငါ့ရှင် ညအခါမှာ တို့များထံ လာရောက်ပြီးပါဠိတော်ကို ပြန်ဆိုပြလှည့်။ နေ့အခါကျယင်ငါ့ရှင်အားအဋ္ဌကထာကို ပို့ချပေးရတာပေါ့" ဟု အဘယထေရ်အား ခွင့်ပြုတော်မူလိုက်၏။

စူဠာဘယမထေရ်သည် ညအခါ ပါဠိတော်များကို ဆရာ့ထံ၌ ရွတ်အံပြရ၍ ညကတပည့်ရွတ်ပြသောပါဠိတော်များကို ဆရာကနေ့အခါ အဋ္ဌကထာဖွင့်ဆိုသင်ပြပေးတော်မူ၏။ ရွာသူရွာသားများလည်း ကျောင်းပရိဝုဏ်အနီး မဏ္ဍပ်ကြီးထိုးကာ နေ့စဉ် စာနာလာကြလေသည်။

ဤနည်းအားဖြင့် ဆရာတပည့် သင်ပြနာယူပြီးသောအခါ မဟာဓမ္မရက္ခိတ ပိဋကဆောင် မထေရ်ကြီးက အမြင့်အင်းပျဉ်ပေါ်မှ ဆင်းကာ မိမိတပည့်ရှေ့ မြေကြီးဖျာပေါ်၌ထိုင်လျက်-

"ငါ့ရှင် အဘယ.... တို့များကို ကမ္မဋ္ဌာန်းတရား သင်ကြားပြသပေးပါ" ဟု တောင်းပန်ရာ—

"အရှင်ဘုရား....၊ ဘယ်လို မိန့်တော်မူပါသလဲ။ တပည့်တော်များမှာ အရှင်ဆရာများထံ နာယူသင်ကြားနေရသောတပည့်တပါးမဟုတ်ပါလားဘုရား။ အရှင်ဘုရားများ သိတော်မမူသေးတဲ့တရားကို တပည့်တော်များက ဘယ်လိုလုပ်ပြီး ဟောပြနိုင်ပါ့မလဲဘုရား" ဟု စူဠာဘယမထေရ်ကရိုသေစွာပြန်၍လျှောက်၏။

"ငါ့ရှင် အဘယ....ပဋိပတ်ကို ကျင့်ကြံပြီး ကိုယ်တိုင်အမှန် သိပြီးသော ပုဂ္ဂိုလ်များရဲ့ အကျင့်စခန်း ကမ္မဋ္ဌာန်းကျင့်စဉ် ဆိုတာက တသီးတခြားဖြစ်ပေတယ်"(အညော ဧသ အာဝုသော ဂတကဿ '=ပဋိပတ္တိဂမနေန ဂတဿ ဒိဋ္ဌသစ္စဿ'မဂ္ဂေါ နာမ)

http://www.dhammadownload.com



စူဠာဘယမထေရ်လည်း ဆရာသမား၏တောင်းပန်မှုအရ ကမ္မဋ္ဌာန်းပြပေးရ၏။ စူဠာဘယမထေရ်ကား ထိုစဉ်ကပင် သောတာပန်ဖြစ်နေပြီဟု ဆိုလေသည်။ ဆရာအားကမ္မဋ္ဌာန်းပေး၍ ပြန်လာပြီးနောက် လောဟပါသာဒ=ကြေးပြာသာဒ်၌ ပိဋကသုံးပုံပါဠိတော်ကို ဖွင့်ဆို ပို့ချတော်မူလေ၏။

ထိုသို့ စာပို့ချနေစဉ်မှာပင် "ရောဟဏဇနပုဒ်မှာ မဟာ ဓမ္မရက္ခိတမထေရ်ကြီး ပရိနိဗ္ဗာန်စံတော်မူသတဲ့" ဟူသော သတင်းကို အရှင်စူဠာဘယ ကြားသိတော်မူလျှင် စာလိုက်သံဃာတော်များ ရှေ့၌ပင် (ဆရာအား လေးမြတ်ပူဇော်သောအားဖြင့်) သန့်ပြန့်သော သင်္ကန်းအသစ် အယူခိုင်း၍ လဲလှယ်ပြီး လက်ကတော့ထိုးကာ ဆရာရှိရာအရပ်သို့ လက်အုပ်ချီလျက်-

"ငါ့ရှင်တို့.... ငါတို့ ဆရာအား အရဟတ္တမဂ်ဟာ သင့်မြတ်လှပါပေတယ်။ (ရဟန်းကိစ္စပြီးဖို့ရာ ယုံမှားစရာ မရှိဘူး။) ငါတို့ဆရာဟာ ဖြောင့်လဲဖြောင့်မတ်တော်မူပါပေတယ်။ အာဇာနည်မထေရ်မြတ်ကြီးပါ။ မိမိတပည့်စာသင်သားရဲ့ ရှေ့မြေကြီးက ဖျာပေါ်မှာထိုင်ပြီး ကမ္မဋ္ဌာန်းပြပေးရန် တောင်းခံခဲ့ဘူးတယ်။ ငါ့ရှင်တို့.... ငါတို့ဆရာအတွက် အရဟတ္တမဂ်ဟာ ဖြစ်သင့်ပါပေတယ်" ဟု ချီးကျူး ပြောဆိုတော်မူလေသည်။

## အလုပ်ခွင်မှာ စာမဝင်စေရ

ပရိယတ္တိသင်ယူနေသော သံဃာတော်များအတွက်လည်း အားကျဖွယ်၊ အတုယူဖွယ် ဖြစ်ပေတော့သည်။ ပရိယတ်အလုပ်သည် မလုပ်ရှိမရ၊ ပဋိပတ်၏ ပဝမ အခြေခံဖြစ်သည်။ သို့သော် ပရိယတ်မျှဖြင့်လည်း ရောင့်ရဲမနေရ။ ပဋိပတ်အလုပ်ခွင်သို့ ဝင်သောအခါမှာစ၍လည်း စာပေ သင်အံပို့ချခြင်းများကို အမြဲတစေ ကြောင့်ကြစိုက်၍ မနေရချေ။ တရားအလုပ်အား နှောင့်နှေးစေတတ်သဖြင့် 'ဂန္ထပလိဗောဓ'='စာပေကြောင့်ကြမှု' ဟု ဆိုရလေသည်။ ထို့ကြောင့် 'မဟာဓမ္မရက္ခိတ မထေရ်ကြီးထံ့ကို နှလုံးမူရမည်' ဟု အဋ္ဌကထာ ဆရာကြီးက ပြည့်နှင့်တော်မူလိုရင်း ဖြစ်ပေသည်။

အလားတူ စာပေ ပရိယတ္တိနှင့်စပ်၍ အခြား အတ္ထုပ္ပတ်များကိုလည်း အမြွက်မျှ ဖော်ပြသတိပေးတော် မူထားပြန်လေသည်။

မဇ္ဈိမနိကာယ်ဆောင် ဒေဝမထေရ်သည် မလယအရပ်၌ သီတင်းသုံးသော ဒေဝမထေရ်ထံ၌ ကမ္မဋ္ဌာန်းတောင်းရာ-

http://www.dhammadownload.com



မလယထေရ် ငါ့ရှင်....ပရိယတ်မှာဘာတွေကို လေ့ကျင့်ခဲ့ဖူးသလဲ။

မဇ္ဈိမ မှန်လှပါ၊ မဇ္ဈိမ နိကာယ်ကို နှုတ်တက်ဆောင်ပါတယ် ဘုရား။

မလယ ငါ့ရှင်....မဇ္ဈိမနိကာယ်ဆိုတာ အလွန်ခက်ပေတယ်။ မူလပဏ္ဏာသကို ရွတ်ဆိုနေတုန်း မဇ္ဈိမပဏ္ဏာသက ဝင်လာပြန်တယ်။ မဇ္ဈိမ ရွတ်နေပြန်တော့လဲ ဥပရိပဏ္ဏာသက ရောက်လာပြန်ရော....၊ ငါ့ရှင် ဘယ်မှာ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလို့ ရပါတော့မလဲ။

မဇ္ဈိမ မှန်လှပါ၊ အရှင်ဘုရားများ အထံတော်က ကမ္မဋ္ဌာန်းတရားယူပြီးသည်နှင့် ပရိယတ်ကို နောက်ထပ်တဖန် ပြန်၍ မကြည့်တော့ပါ ဘုရား။

ယင်းသို့လျှင် မဇ္ဈိမနိကာယ်ဆောင် ဒေဝမထေရ်သည် ၁၉-နှစ်လုံးလုံး ပရိယတ်ကို ရွတ်အံသဇ္ဈာယ်ခြင်းမပြုပဲ တရားကိုသာဖိဖိစီးစီး (ဂန္ထပလိဗောဓကြီး မဝင်အောင်) နှလုံးသွင်းတော်မူရာ အနှစ်နှစ်ဆယ်ရှိသောအခါ ရဟန္တာဖြစ်တော်မူလေသည်။

ထိုသို့ ပရိယတ္တိကို အနှစ်နှစ်ဆယ်လုံးလုံး မရွတ်အံ မသရဇ္ဈာယ်ပဲ ထားခဲ့သော်လည်း ရဟန်းကိစ္စပြီး၍ တပည့်များက စာဝါတောင်းခံသဖြင့် ပို့ချရာ အစမှအဆုံးတိုင်တလုံးတပါဒမျှ ချွတ်ချော်တိမ်းပါးခြင်းမရှိအောင် ရွတ်ဆိုသင်ပြပေးတော်မူနိုင်လေသည်။

ထိုနည်းအတူပင် ကရုဠိယတောင်၌ သီတင်းသုံးတော်မူသော နာဂမထေရ်သည်လည်း ၁၈-နှစ်လုံးလုံး ပရိယတ္တိကို စွန့်လွှတ်ပြီးနောက် တပည့်များအား ဓာတုကထာပို့ချရာ ၎င်း၏တပည့်များက အနုရာဓမြို့နေ မိတ်ဆွေစာသင်သားများနှင့် နှိုင်းနှောကြည့်ရာ နာဂမထေရ်၏ ချပို့စဉ်၌ တလုံးတပါဒမျှ ချွတ်ယွင်းခြင်းမရှိကြောင်း တွေ့ကြရလေ၏။

ပရိယတ်ပြည့်စုံပြီးသော အရှင်များအတွက် ပဋိပတ်အလုပ်ခွင်သို့ ဝင်ရာနှစ်ပေါင်းများစွာ ပရိယတ်ကို ရပ်တန့်မေ့ဖျောက်ထားသော်လည်း 'သမာဓိ ပရိဘာဝိတာ ပညာ=သမာဓိထုံမှ ပညာရ' ဟူသည့်အတိုင်း ပဋိပတ်သမာဓိသည် ပရိယတ်ပညာအား ရှေးကထက်အဆပေါင်းရာထောင်မက စူးရှထက်မြက်စေနိုင်လေသည်။

ပြဆိုပြီး စူဠာဘယမထေရ်သည် အဋ္ဌကထာများကိုမသင်ကြားဖူးပဲလျက် တနိုင်ငံလုံးစည်တီး၍ 'အဋ္ဌကထာဖွင့်ပြမည်' ဟု မဟာဝိဟာရဂိုဏ်း မထေရ်ကြီးများ သက်တော်ထင်ရှား ရှိနေစဉ်မှာပင် အထင်ကရ ကြေငြာထုတ်ဖော်ရဲသော

http://www.dhammadownload.com



သတ္တိကို ကြည့်ရှုပါလျှင်လည်း ပဋိပတ်သမာဓိက ပရိယတ္တိပညာအား များစွာ ဖွင့်ဖော်ပေးနိုင်ကြောင်း သိသာနိုင်ပေသည်။ (ဝိသုဒ္ဓိမဂ်-၁၊ ၉၂-၃ ။)

## ပလိဗောဓ=ကြောင့်ကြမှုကြီး ဆယ်မျိုး

ကမ္မဋ္ဌာန်းအလုပ်ခွင်သို့ ဝင်ရောက်နေပြီဖြစ်သော ယောဂီများ အလုပ်ခွင် နှောင့်နှေးမှုဖြစ်စေတတ်သော ကြောင့်ကြမှုကြီးဆယ်မျိုး (ပလိဗောဓဆယ်ပါး) ဟူ၍ရှိ၏။ ယင်းဆယ်မျိုးကား—

အာဝါသော စ ကုလံ လာဘော၊ ဂဏော ကမ္မဉ္စ ပဉ္စမံ။
အဒ္ဓါနံ ဉာတိ အာဗာဓော၊ ဂန္ထော ဣဒ္ဓီတိ တေဒသ။
(ဝိသုဒ္ဓိမဂ်-၁၊ ၈၆။)

၁။ **အာဝါသပလိဗောဓ**=ကျောင်းကန် နေရာအတွက် ကြောင့်ကြစိုက်နေရခြင်း၊

၂။ **ကုလပလိဗောဓ**=ဒကာဒကာမ၊ မိတ်ဆွေသင်္ဂဟအတွက် ကြောင့်ကြ စိုက်နေရခြင်း၊

၃။ **လာဘပလိဗောဓ**=ပစ္စည်းရမှုအတွက် ကြောင့်ကြ စိုက်နေရခြင်း၊ ဘုန်းကြီးသော ပုဂ္ဂိုလ်များအတွက် မိမိက မလိုသော်လည်း လှူသူ များ၍ အနှောင့်အယှက် ဖြစ်ရခြင်း၊ (မာတုဂါမသည်ရဟန္တာ အား မနှောင့်မယှက်နိုင်၊ လာဘ်လာဘကား အထိုက်အလျောက် နှောင့်ယှက်နိုင်လေသည်။)

၄။ **ဂဏပလိဗောဓ**=ဂိုဏ်းဂဏအသင်းအဖွဲ့ ရှိနေသူများအတွက် ထိုဂိုဏ်း ဂဏအသင်းအဖွဲ့ဆိုင်ရာ ကြောင့်ကြစိုက်နေရခြင်း၊

၅။ **ကမ္မပလိဗောဓ**=နဝကမ္မပြုဖွယ်အမှုကိစ္စ၌ ကြောင့်ကြစိုက်ရခြင်း၊

၆။ **အဒ္ဓါနပလိဗောဓ**=ခရီးသွားမှု၌ ကြောင့်ကြစိုက်ရခြင်း၊ (သာသနာရေးအတွက်ဖြစ်စေကာမူ မကောင်း။)

၇။ **ဉာတိပလိဗောဓ**=ဆရာတပည့် မိဘ သားသမီး ဆွေမျိုးတို့အတွက် ကြောင့်ကြစိုက်နေရခြင်း၊ (ဆရာသမားမိဘတို့ မမာမကျန်းရှိ၍ ပြုစုရခြင်းနှင့် သက်ဆိုင်ရာ ဆောင်ရွက်ရမြဲဖြစ်သော ကျင့်ဝတ် များကိုမူ လုပ်မြဲလုပ်ရသည်။ ပလိဗောဓ မဆိုရ။)

၈။ **အာဗာဓ ပလိဗောဓ** = မိမိ ရောဂါ အတွက် ကြောင့်ကြစိုက်နေ ရခြင်း၊ (အနာရောဂါရှိနေလျှင် အမြန် ပျောက်ကင်းအောင် လုပ်

http://www.dhammadownload.com



ရ၏။ နာတာရှည်ဖြစ်နေခဲ့သော်'' စက်ဆုပ်ဖွယ်ရာအိုခန္ဓာကိုယ်ကြီး၊ ငါသည် သင်၏ကျွန်လည်း မဟုတ်၊ အခစားလည်း မဟုတ်။ သင့်ကိုပဲ လုပ်ကျွေးခဲ့ရသဖြင့် အစမထင်သော သံသရာမှာ ဆင်းရဲ ရှည်ခဲ့ရလေပြီ'' ဟု လျစ်လျူရှု၍ တရားကိုသာ တွင်တွင်အားထုတ်ရမည်။)

နာ'ဟံ ဒါသော ဘဋော တုယှံ၊ နာ'ဟံ ပေါသေမိ ဒါနိ တံ။
တွ'မေဝ ပေါသေန္တော ဒုက္ခံ၊ ဝဋ္ဋေ ပတ္တော အနပ္ပကံ။
(ပေါရာဏ ဂါထာ)

၉။ ဂန္ထ ပလိဗောဓ = စာပေ ကျမ်းဂန် သင်အံပို့ချ နာကြားရမှု၌ ကြောင့်ကြစိုက်နေရခြင်း၊

၁၀။ ဣဒ္ဓိ ပလိဗောဓ=တန်ခိုးရနေသည့်အတွက် တန်ခိုး၌ ကြောင့်ကြစိုက်နေရမှု၊ (ပုထုဇဉ် တန်ခိုးကို ဆိုလိုသည်။ ယင်း ပုထုဇဉ်တန်ခိုးကား မွေးကင်းစ ကလေးငယ်နှင့် ကောက်ပင်ငယ်များ ပမာ စောင့်ရှောက်ရ ခက်သည်။ အနှောင့်အယှက် အနည်းငယ်မျှနှင့်လည်း ပျက်စီးသွားနိုင်၏။ သို့ရာတွင် ဝိပဿနာ ရှုသူ အတွက်သာလျှင် တန်ခိုးသည် အနှောင့်အယှက် ဖြစ်သည်ဟု ဆိုရ၏။ သမာဓိ(သမထ)အတွက်ကား အနှောင့်အယှက် မဖြစ်၊ သမာဓိရှိမှ တန်ခိုး ရနိုင်သောကြောင့် ဖြစ်သည်။)

အထက်ပါပလိဗောဓများတွင် ယောဂီ၌ တခုခုသောပလိဗောဓနှင့် ရင်ဆိုင် တွေ့ကြုံနေရလျှင် မြန်မြန် ပြီးပြတ်အောင် လက်စသတ် လုပ်ဆောင်ရ၏။ ပြီးမှသာ အလုပ်ခွင် ဝင်ရသည်။ အလုပ်ခွင်၌ တစုံတရာ ကြောင့်ကြနေရလျှင် အလုပ်မတွင်ပြီ။

## အသေးစား ကြောင့်ကြမှုများ

ဤကား ပလိဗောဓကြီးများဖြစ်ကုန်၏၊ ပလိဗောဓငယ်များဟူ၍လည်း ရှိသေးသည်။ ယင်းတို့ကား ဆံပင်, ခြေသည်း, လက်သည်း, မုတ်ဆိတ်များ ရှည်နေလျှင် ဖြတ်ပယ်ခြင်း၊ သင်္ကန်း, သပိတ်, ညောင်စောင်း အင်းပျဉ် စသည် ပြုပြင်ဖွယ်များကို ပြုပြင်ရခြင်း၊ ၎င်းကြောင့်ကြဖွယ်ကမလေးများကိုလည်း ပြီးပြတ်အောင် လုပ်ပြီးမှ အလုပ်ခွင် ဝင်ကြရ၏။ (ဝိသုဒ္ဓိမဂ်-၁၊ ၁၁၉။)

http://www.dhammadownload.com



မဆုံးနိုင်သော နဝကမ္မ သာမန်ရဟန်းကိစ္စ, လူမှုကိစ္စများနှင့် စပ်၍ကား (စူဠဝါ ပါဠိတော်၌) မဟာနာမ်မင်းသားက ညီတော် အနုရုဒ္ဓါအား "လူမှုကိစ္စများကား ဘယ်တော့မျှ ပြီးဆုံးသည်ဟူ၍ မရှိ၊ တနေ့လာလဲ ဒီအလုပ်၊ တနှစ်လာလဲ ဒီအလုပ်၊ ရှေးကမိဘတွေလဲ ဒီလိုပဲ လုပ်ယင်းနှင့်သေ သေကုန်ခဲ့ကြလှပြီ" ဟု ရဟန်းပြုရန် နားချသကဲ့သို့ မဆုံးနိုင်သောအလုပ်များကို ကိုယ်က မလုပ်ခြင်းအားဖြင့်သာ အဆုံးသတ်ပစ်ရလေသည်။

## ရဟန္တာသော်မှ ကြောင့်ကြနှိပ်စက်

ကြောင့်ကြမှု တစုံတရာရှိနေလျှင် ရဟန္တာ အရှင် မြတ်ကြီးများသော်မှ သမာပတ် ဝင်စား၍မရ ဖြစ်တတ်ပေသေးသည်။

ရဟန္တာအရှင်မြတ်ကြီးတပါးသည် ရဟန္တာဖြစ်သော တပည့်သာမဏေကို နောက်ပါခေါ်၍ တောအရပ်သို့ ကြွတော်မူကြရာ မထေရ်ကြီးအတွက်သာလျှင် ကျောင်းနေရာ ရှိ၏။ သာမဏေအတွက် ကျောင်းမရှိသဖြင့် သားရဲ သစ်ကျား ထူပြောလှသော တောထဲ၌ မိမိတပည့်ငယ်အတွက် 'နေစရာကျောင်း ဘယ်လို လုပ်ရပါ့မလဲ' ဟု ကြောင့်ကြတော်မူနေရ၍ တဝါတွင်းလုံး တရက်မျှ သမာပတ် ဝင်စား၍ မရချေ။

သာမဏေငယ်မှာကား တဝါတွင်းလုံး သမာပတ် ချမ်းသာဖြင့် ကုန်လွန်ခဲ့ရာ-

"အရှင်ဘုရား—၊ဤတောအရပ်မှာ သပ္ပာယ မျှတပါရဲ့လား" ဟုတပည့်က လျှောက်လျှင် မမျှတကြောင်း ပြန်လည် မိန့်တော်မူလေသည်။ (မ-ဋ္ဌ-၄၊၄၆-ဂဏက မောဂ္ဂလ္လာနသုတ် အဖွင့်။)

### ကုလပလိဗောဓအရာ စံတော်ဝင်

## ကောရဏ္ဍကရွာ စာသင်သား ရဟန်းငယ်

သီဟိုဠ်ကျွန်း ကောရဏ္ဍက ခေါ်သော တောရွာတရွာရှိ ကောရဏ္ဍက ကျောင်းတိုက်ကြီး၌ နှစ်မဖြစ်သူ ဇနီး မောင်နှံက ကျောင်းတဆောင် ဆောက်လှူကာ အစ်ကိုဖြစ်သူက ကျောင်းနေ ဘုန်းကြီး ဖြစ်၏။ ကျောင်းအမဖြစ်သူ နှမ၏ သားဦးပဥ္စင်းတပါးလည်း ဦးရီးတော်နှင့်အတူနေရာ ကျောင်းအမ ဇနီး မောင်နှံက ပင် ဆွမ်းကွမ်းပါ တာဝန်ယူလုပ်ကျွေးလေသည်။

http://www.dhammadownload.com



တနေ့သ၌ တူဦးပဥ္စင်းမှာ ရောဟဏဇနပုဒ်သို့ စာသင်ကြွလိုသဖြင့် ဦးရီး တော် မထေရ်ကရော ခမည်းတော် မယ်တော်များကပါ ခွင့်ပြုလိုက်ကြရ၏။ မယ် တော်ကြီးသည် သားဦးပဥ္စင်း စာသင်ကြွ၍ အချိန်ကြာမြင့်သောအခါ အစ်ကို တော် မထေရ်ကြီးအား သားဦးပဥ္စင်းအကြောင်းကိုသာ နေ့ရှိသမျှ မေးလျှောက် နေလေတော့၏။

ကြာလာသောအခါ မထေရ်ကြီးက နှမဖြစ်သူအား—

"အေး ...ကောင်းပြီ၊ ဦးပဥ္စင်းကို ငါသွားပြီးခေါ်ပေးမည်"ဟုမိန့်တော် မူကာ ကြွသွားလေ၏။ ဝါဆိုရန် အချိန်နီးကပ်လာသော်လည်း မထေရ်ကြီးလည်း ပြန်ကြွမလာ၊ သားဦးပဥ္စင်းကိုလည်း မတွေ့ရသဖြင့် မယ်တော်ကြီးမှာ တစုံတခု ဖြစ်နေပြီ အထင်ဖြင့် ပို၍ပင် သောက ရောက်နေလေ၏။ သို့ရာတွင် ကျောင်း ဒကာမှာ ဝါကပ်မည့်နေ့တွင် ရောက်လိုရောက်ငြား 'ကောရဏ္ဍကကျောင်းဘက်သို့ ထွက်သွားရာ ကျောင်း၌ မိမိ မျှော်လင့်သော သား ဦးပဥ္စင်းနှင့် မထေရ်ကြီးကို မတွေ့ရ၊ အာဂန္တုရဟန်းငယ်တပါး ရောက်နေသည်ကို တွေ့ရ၏။

ကျောင်းဒကာလည်း ချက်ချင်း ကျောင်းရှိ သံဃာတော်များထံသွား၍-

"အရှင်ဘုရား....၊ တပည့်တော်များ ကျောင်းမှာ အဘယ်မထေရ်ဝါကပ် ပါမလဲ ဘုရား"ဟု လျှောက်ရာ သံဃာတော်များက ယနေ့မှ ကြွလာသော အာဂန္တုရဟန်းငယ်တပါး ဝါကပ်မည့်အကြောင်း မိန့်တော် မူလိုက်ကြသည်။

ကျောင်းဒကာလည်း မိမိကျောင်း၌ ဝါကပ်မည့်ဘုန်းကြီးတပါးရရှိနေ၍ အတန်ငယ် စိတ်သက်သာရာရကာ မိမိ ကျောင်း၌ သီတင်းသုံး ဝါကပ်မည့် ရဟန်းငယ်ထံ သွားရောက်၍-

"အရှင်ဘုရား....၊ တပည့်တော် ဒီကျောင်းဒကာပါ၊ တပည့်တော်များ ကျောင်းမှာ ဝါကပ်တဲ့ ပုဂ္ဂိုလ်အတွက် တပည့်တော်များမှာ ဝတ်ရှိပါတယ်"ဟု လျှောက်ရာရဟန်းငယ်က—

"ဘာဝတ်ငါ့ ဒကာကြီး"ဟု မေးတော်မူလျှင်—

"မှန်လှပါ....တပည့်တော်များ ကျောင်းမှာ ဝါကပ်တဲ့ပုဂ္ဂိုလ်ဟာ တပည့် တော်များအိမ်မှာပဲ တဝါတွင်းလုံး ဆွမ်းအလှူခံ ပါမယ် ဘုရား၊ ဝါကျွတ်လို့ ပဝါရဏာပြုပြီးနောက် တနေရာရာကြွသွားတော်မူလျှင်လဲ တပည့်တော်များအား ပြောကြား အသိပေးရပါမယ် ဘုရား"ဟု လျှောက်လေသည်။ ရဟန်းငယ်ထံမှ ဝန်ခံချက်ရယူပြီး ကျောင်းဒကာ အိမ်သို့ပြန်လာ၏။

"ရှင်မရေ....တို့ကျောင်းမှာ ဒီနှစ်ဝါကပ်မယ့် အာဂန္တု ကိုယ်တော် တပါး တော့ ကြွရောက်နေတယ်၊ ညည်းတို့ ရိုရိုသေသေ ပြုစုလုပ်ကျွေးကြပါကွယ်"ဟု

http://www.dhammadownload.com



ပြောလေ၏။ ကျောင်းအမကလည်း "ကောင်းပါပြီ"ဟု ဝန်ခံ၍ မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်များကို စီမံထား၏။ အာဂန္တုရဟန်းငယ်လည်း ဝါတွင်း သုံးလပတ်လုံး ကျောင်းဒကာ, ကျောင်းအမ အိမ်၌သာ နေ့စဉ်ကြွ၍ ဆွမ်းဘုဉ်း ပေးရသည်။

## မိဘကိုပင် သံယောဇဉ်မထားသော စာသင်သား

သီတင်းဝါလကျွတ်၍ ပဝါရဏာပြုပြီးသောအခါ "ဦးပဥ္စင်းကြွတော့မယ်" ဟု ပြောဆိုပန်ကြားရာ နောက်တရက်မှကြွရန်တားထားကြသည်။ နောက်တရက် တွင် အိမ်မှာပင် ဆွမ်းကပ်၍ ဆီကျည်တောက်ကို ဆီအပြည့်ထည့်ပြီးလျှင် တင်လဲ တခဲ၊ ကိုးတောင်ရှိသောအဝတ်စတစကို လှူလိုက်ကြသည်။ အာဂန္တုရဟန်းငယ် လည်း ဆွမ်းအနုမောဒနာတရား ဟောကြားပြီး မိမိ မူလနေရာသို့ပြန်ကြွလေ၏။

အစ်ကိုမထေရ်ကြီးလည်း အာဂန္တုရဟန်းနှင့် အထွက်အဝင် ကျောင်းသို့ ပြန်ရောက်လာပြီးလျှင် နောက်တနေ့ နံနက် သပိတ်လွယ်လျက် ကောရဏ္ဍကရွာ နှမအိမ်သို့ကြွ၏။ နှမဖြစ်သူ ကျောင်းအမမှာ 'အစ်ကိုကြီးက သားကိုခေါ်ပြီး တနေ့ကြာ လာနိုးနိုးဖြင့် နေ့စဉ် လမ်းတက်သို့ မျှော်ကြည့်လျက်သာ နေခဲ့ရာ အစ်ကိုမထေရ်တပါးတည်း ကြွလာသည်ကိုမြင်လျှင်—

'အစ်ကိုကြီးတပါးထဲ ကြွလာတယ် ..၊ အမယ်လေး.... ငါ့သားလေး.... သေပြီထင်ပါရဲ့'ဟု အတွေးဝင်၍ အစ်ကိုမထေရ်ကြီး ရောက်လျှင် ရောက်ချင်း ခြေရင်း၌ တုပ်ဝပ်ကာ အမျိုးမျိုးဖွဲ့နွဲ့ မြည်တမ်း၍ ငိုလေတော့သည်။ အစ်ကို မထေရ်ကြီးကလည်း—

'အင်း....တူမောင်ဟာ အလိုနည်းပါးတဲ့အတွက် အသိမပေးပဲ သွားတာ ဖြစ်မှာပဲ'ဟု စဉ်းစားမိသဖြင့်—

"နေစမ်းပါအုံး....ငါ့နှမ၊ ဘာမပြောညာမပြော ဘောက်မဲ့ ငိုရတာလဲ"

"တပည့်တော်မသား မောင်ပဥ္စင်းသေပြီ မဟုတ်လား ဘုရား"

"သြော်....တကတဲပါမှပဲ ဒီကို မေးမျှား မေးပါအုံးတော့၊ ငိုတာက အယင်၊ ငါလဲ ကျောင်းကထွက်အသွား၊ သူကလဲ နင်တို့ငါတို့ကို ဖူးရ, တွေ့ရ အောင်ဆိုပြီး ရောဟဏဇနပုဒ်က အလာ၊ ငါနဲ့ မဟာဝေလိ ဂင်္ဂါမြစ်ကမ်းမှာ တို့တူအရီး ဆုံမိကြတာပဲ။

"ဒါနဲ့....ငါလဲ မင့် မယ်တော်ကြီးက မျှော်နေတဲ့ အကြောင်း၊ ယခု ငါ ကိုယ်တိုင် လာခေါ်တဲ့ အကြောင်း ပြောလိုက်တယ်၊ သူ....ကျောင်းမှာ တဝါ တချီတော့ နေအုံးမှာပဲထင်လို့ ငါလဲ ဟိုမှာပဲ ဒီတဝါနေအုံးမယ်လို့ သူ့ကိုတောင် မှာလိုက်သေးတယ်။

http://www.dhammadownload.com



"အခုဝါကျွတ်လို့ ငါပြန်လာတော့လဲ လမ်းမှာ တိဿဝရီးဂင်္ဂါမြစ်ကမ်းမှာပဲ ဆုံမိလို့ နင်တို့နှင့်တွေ့ခဲ့ကြောင်း၊ နေထိုင်ကောင်းကြောင်း အကြောင်းစုံ ငါ့ကို လျှောက်သွားတာပဲ"

နှမလုပ်သူမှာ အကိုမထေရ်ကြီး ရှင်းပြခါမှ ဝမ်းသာရမလိုလိုနှင့် နားထဲတွင် ပို၍ ရှုပ်လာ၏။ စိတ်ထဲတွင်လည်း တစုံတခုသော မတင်မကျ သံသယက ဝင်လာပြန်သဖြင့် စိတ်မရှည်တော့ပဲ—

"အနို့ တပည့်တော်မ မောင်ပဥ္စင်းက ဘယ်မှာလဲ"

"နေပါအုံးလေ....ငါ့စကားဆုံးအောင် နားထောင်ပါအုံး၊ ဒါနဲ့....အရိပ်အာဝါသကောင်းတဲ့သစ်ပင်ကြီးတပင်အောက်မှာ တဝရီး စကားတပြောပြောနဲ့ အမောဖြေယင်း သူကတောင် ငါ့ကို ဆီကျည်တောက်ထဲက ဆီငှဲ့ပြီး ခြေထောက်ကို ပွတ်သပ်နှိပ်နယ်ပေးသေးတယ်။ ပါလာတဲ့တင်လဲခဲနဲ့ ဖျော်ရည် ဖျော်ကပ်၊ ပြီးတော့ (သပိတ်အိတ်ကိုဖြေ၍ဖွင့်ကာ တစုံတခု နှိုက်ယူလိုက်ပြီးလျှင်) နင်တို့ လှူလိုက်တဲ့အဝတ်စကိုတောင် ငါ့ကိုလှူလိုက်သေးတယ်၊ ရော့ ဒါ နင်တို့လှူလိုက်တဲ့ ပိတ်စ မဟုတ်လား" ပြောပြောဆိုဆို ပိတ်စကိုပြလိုက်ရာ နှမလုပ်သူမှာ ရုတ်တရက် စကားမပြန်နိုင်တော့ပဲ—

"ဩော်၊ ဒါ တပည့်တော်မသား မောင်ပဥ္စင်းလား" ဟု ဆိုကာ အလွန်ဝမ်းသာသွား၏။ သားဦးပဥ္စင်းကြွရာ အရပ်ဘက်လှည့်၍လည်း မြေကြီး၌ ရင်ဖြင့်တုံ့ဝပ်ကာ အားရပါးရ ရှိခိုးဦးချပြီးနောက်—

"ဒါမှ ငါ့သား၊ ဒီလို ငါ့သားနဲ့တူတဲ့ ရဟန်းတော်တွေ သက်သေတင်ပြီး ရထဝိနီတသုတ်လာ အကျင့်တွေ၊ ရောင့်ရဲမှုနဲ့ဘာဝနာမှာ မွေ့လျော်ပျော်ပိုက်အောင်ဟောတဲ့ မဟာအရိယဝံသတရားတွေကို ဘုရားရှင်ဟောတော်မူခဲ့တာ ဖြစ်မှာအမှန်ပါပဲ ဘုရား၊ တဝါတွင်းလုံးအမေ့အိမ်မှာ နေ့တိုင်း ဆွမ်းစားနေပါလျက်ကနဲ့ မယ်တော်ကြီးလို့ တခွန်းမဟာဘူး၊ ဒါမှအမေ့သားအံ့ဩဖွယ် အာဇာနည်ယောကျ်ားပါလား ဘုရား" ဟု သားကိုလှမ်း၍လျှောက်ထားလိုက်လေသတည်း။ (ဝိသုဒ္ဓိမဂ်-၁၊ ၈၈-လာ ဝတ္ထုကို ပေါ်လွင်အောင် ရေးလိုက်ပါသည်။)

## အာဇာနည်ရဟန်းမြတ်တို့၏ ကျင့်ဝတ် ၄-မျိုး

၁။ ရထဝိနီတသုတ်လာအကျင့်များ ဆိုသည်မှာ- ဝိသုဒ္ဓိ ခုနစ်ပါးကို ရထားခုနစ်စင်း ဥပမာပြ၍ဟောကြားသော မူလပဏ္ဏာသ ရထဝိနီတသုတ်ပင်တည်း။ ဤ၌ ဆိုလိုရင်းကား ယင်းသုတ်လာ ယောဂီသူတော်ကောင်းတို့ ပြောရမည့်စကားဆယ်မျိုးပင် ဖြစ်၏။ ဆယ်မျိုးကား အလိုနည်းခြင်းနှင့်စပ်သော စကား၊ ရောင့်ရဲခြင်း၊ ဆိတ်ငြိမ်

http://www.dhammadownload.com



ခြင်း၊ လူသူမရောယှက်ခြင်း၊ ပြင်းထန်စွာ အားထုတ်ခြင်း၊ သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿနနှင့် စပ်သော စကားမျိုးကိုသာ ပြောရမည်ဟု ဆိုလိုသည်။

၂။ **မောနေယျအကျင့်ကား**–နာလကထေရ်အား ဟောသော သုတ္တနိပါတ် ပါဠိတော် ၃၇၇-လာအကျင့်များပင်တည်း။ အကျဉ်းအားဖြင့် တောထဲတွင် သစ်ပင်ရင်း၌ ထိုင်၍,ရပ်၍ တရားကို ပြင်းထန်စွာ အားထုတ်။ နံနက်ဆွမ်းခံဝင်၊ အိမ်စဉ်လှည့်၍ရသော ဆွမ်းကိုစား။ ပင့်ဆွမ်း ပို့ဆွမ်း လက်မခံရ။ ဒကာ,ဒကာမတို့နှင့်ပြောဟော မနေရ။ ရွာတရွာ သို့မဟုတ် သစ်ပင်တပင်၌ တရက်သာ ဆွမ်းခံ၊ တရက်သာနေ၊ ဤကား မောနေယျအကျင့်အကျဉ်း။

၃။ **တုဝဋ္ဋကအကျင့်မှာ** သုတ္တနိပါတ် တုဝဋ္ဋကသုတ်လာ အကျင့်များပင်တည်း။ လူတို့နှင့်မရောရ၊ လာဘ်ရအောင် မဟောရ၊ တဏှာ, မာန, ဒိဋ္ဌိ, အဝိဇ္ဇာတို့ကို အမြစ်ပြတ်ပယ်သတ်ရန် ဟောသည်။

၄။ **မဟာအရိယဝံသအကျင့်မှာ**– အင်္ဂုတ္တရ-၁၊ ၃၃၆-လာ ပစ္စည်းလေးပါးရောင့်ရဲရပုံနှင့် ဘာဝနာ၌ မွေ့လျော်ရပုံကို ဟောသည်။

န မုနီ ဂါမမာဂမ္မ၊ ကုလေသု သဟာသာ စရေ။
ဃာသေသနံ ဆိန္နကထော၊ န ဝါစံ ပယုတံ ဘဏေ။ ။

"ရဟန်းသည် ရွာသို့ဝင်လျှင် လူဒကာတို့နှင့် အရောတဝင်မနေရ။ ဆွမ်းရှာရာ၌ စကားမပြောတတ်သောသူ အ,ကဲ့သို့ပြုလျက် ဆွမ်းရရေးနှင့်စပ်၍ စကားမဆိုရ။" (သုတ္တနိပါတ်-၃၇၉၊ နာလက။)

## မိခင်ကြီးအား သားအဖြစ်မသိစေပဲ ချီးမြှောက်သော

# နာဂထေရ်ညီနောင်

'ကုလပလိဗောဓခေါ် ဒကာ ဒကာမတို့နှင့်စပ်၍ ကြောင့်ကြနေရမှု' ဆိုရာ၌ သာမန် ဆွမ်းဒကာ, ကျောင်းဒကာမျိုးလောက်အတွက် ကြောင့်ကြစိုက်ရမှုကိုပင် မဆိုထားဘိ၊ မိဘအပေါ်၌ပင် ကြောင့်ကြစိုက်ခြင်း ကင်းတော်မူပုံမှာ ကြည်ညိုဖွယ် ကောင်းလှ၏။

ကောရဏ္ဍကရွာ စာသင်သား ရဟန်းငယ်ကဲ့သို့ပင် စိတ်ဝင်ရသော ညီနောင်နှစ်ပါးလည်း ရှိပေသေးသည်။ မဟာဌမြို့သား စူဠနာဂ,မဟာနာဂခေါ် ညီတော်,နောင်တော်နှစ်ပါး ရှိကြ၏။ စိတ္တလတောင်၌ အနှစ်သုံးဆယ် ကာလပတ်လုံး အာရုကက္ခ ဿိတင်းသုံးကြသည်။

http://www.dhammadownload.com



ညီနောင်နှစ်ပါးစလုံး ရဟန်းကိစ္စ ပြီးမြောက်ကြသောအခါ မဟေဠမြို့ရှိ မယ်တော်ကြီးအား ချီးမြှောက်ရန် စိတ္တလတောင်မှ မဟေဠမြို့ ကျောင်းတိုက်သို့ နှစ်ပါးအတူ ကြွလာကြ၏။ နောက်တရက် နံနက်တွင် မယ်တော်ကြီးအိမ်ရှေ့သို့ အခြား ရဟန်းတော်များကဲ့သို့ပင် အရှက်ဆွမ်းအလှူခံ ကြွကြလေ၏။ မယ်တော်ကြီးသည် ဆွမ်းရပ်လာသော မထေရ်၏သပိတ်၌ ယာဂုတမှုတ် လောင်းလှူလိုက်သည်။ သားမထေရ်ကို မမှတ်မိသော်လည်း စိတ်ထဲ၌ သားကဲ့သို့ ကြည်ညိုသွား၍-

"ချစ်သား....၊ သင်ဟာ ဒကာမကြီးသား မဟာနာဂများလေလား" ဟု သံသယစကားဖြင့် လျှောက်ရာ မဟာနာဂမထေရ်က—


"ဒကာမကြီး....၊နောက်ကကြွလာနေတဲ့ မထေရ်ကို လျှောက်ကြည့်ပါဦး" ဟုသာ မိန့်ဆို ကြွသွားလေ၏။ သို့နှင့် ခပ်လှမ်းလှမ်းနောက်က လိုက်ပါကြွလာသော စူဠနာဂ မထေရ်အားလည်း ယာဂုလောင်းလှူပြီးလျှင်—

"ချစ်သား....၊ သင်ဟာ ဒကာမကြီးသား စူဠနာဂများ ဖြစ်နေရော့လား" မတင်မကျ မရွှံမရဲ မျက်စိမှုံမှုံ ဇာတုန်ကယင်ဖြင့် လျှောက်ရပြန်ရာ စူဠနာဂ မထေရ်က—

"ဒကာမကြီး....၊ ဘာဖြစ်လို့ ရှေ့က ကြွသွားတဲ့မထေရ်ကို မမေးလျှောက်သလဲ"ဟူ၍သာ မိန့်ဆို ကြွသွားပြန်လေ၏။ မယ်တော်ကြီးခမျာ 'ငါ့သားနှင့် တူပေမယ့် မဟုတ်လို့ထင်ပါရဲ့' ဟုသာ စိတ်ကို ဖြေသိမ့်ရရှာလေတော့၏။ (သံ-ဋ္ဌ-၂၊ ၁၅၅။)

'နိဒါနဝဂ်-ကဿပသံယုတ်-စန္ဒူပမသုတ်၌' အရှင်မဟာကဿပ မထေရ်ကြီးသည် ဒကာဒကာမတို့၌ တွယ်တာကပ်ငြိမှု မရှိရုံမျှမက 'နိစ္စနဝက'=တွေ့တိုင်း တွေ့တိုင်း အသစ်အသစ် (တစိမ်းတရံဆံ) ချည်းဖြစ်၍နေသည်။ ရဟန်းတော်တိုင်း ထိုသို့ကျင့်ရမည်ဟု သင်ခန်းစာ ပေးတော်မူခဲ့လေသည်။

http://www.dhammadownload.com



# အခန်း (၃)

## အလှူပေး အလှူခံ စံတော်ဝင် ဆရာ ဒကာများ

### တာဝန်ကိုယ်စီ

"ငါတို့သည် ဘိုးဘေးစဉ်လာမပျက် ဆင်းသက်ကိုးကွယ်လာသော သံဃာတော် အရှင်မြတ်တို့အား အဘယ်အခါမျှ မျက်ကွယ်မပြု၊ ဂရုမမူ၊ မကြည်ဖြူ မလှူဒါန်းပဲ မနေပါ၊ အကယ်၍ နေမိခဲ့လျှင် ဤထမင်းသည် အစာမကြေ အဆိပ်သဖွယ် ဖြစ်ပါစေ။" (ဒုဋ္ဌဂါမဏိမင်းကြီး။)

"ဒကာ့ ဒကာမတွေဟာ မင့်ဆီက လယ်ယာမိုးမြေ ရွှေငွေရတာနာ ဘာတွေကိုမှ မြှော်လင့်ပြီး လှူကြတာမဟုတ်၊ ဆွေမျိုးလဲ မတော်စပ်၊ လူ နတ် နိဗ္ဗာန် ချမ်းသာကိုသာမျှော်ပြီး လှူကြတာ၊ ကောင်းပြီ....၊ သင်ကကော သူတို့လိုချင်တာ ပေးနိုင်မတဲ့လား၊ ရဟန်း ဒေါသ မောဟတွေ ဒင်းကြမ်းနဲ့၊ မင်း ဒီဆွမ်းကို မစားသင့်တော့ဘူး။" (မဟာမိတ္တထေရ်)

http://www.dhammadownload.com



# ရှင်တဆူ လူတယောက်

သီဟိုဠ်ကျွန်း၌ 'ဓမ္မိက တိဿမဟာရာဇာ'ဟု ကမ္ပည်းထိုးရလောက်အောင် တရားသဖြင့် မင်းပြုသော (ဒုဋ္ဌဂါမဏိမင်းကြီး၏ ညီတော်) 'သဒ္ဓါတိဿ' မင်းကြီး (၇၇-၅၉-ဘီစီ) လက်ထက်၌ ခုနစ်နှစ်ရွယ် သာမဏေငယ် ပုဂ္ဂိုလ်ထူးတပါး ပေါ်ပေါက်ခဲ့၏။

တနေ့သောအခါ မင်းကြီးထံ ပဏ္ဏာတော် ထန်းလျက်များ လှည်းအစီး ငါးရာ ရောက်ရှိလာ၏။ မင်းကြီးလည်း ရတနာသုံးပါး လေးစားကြည်ညိုသူ ဖြစ်သည့်အတိုင်း–

'ဤလက်ဆောင် ပဏ္ဏာများကား အလွန် နှစ်သက်ဖွယ် ကောင်းလှသည်။ သံဃာတော် အရှင်မြတ်များအား မလှူမတန်းဦးပဲ မစားသုံးထိုက်'ဟု နှလုံးပိုက်၍ လှည်းအစီး နှစ်ရာ့ငါးဆယ်ကို သံဃာအများဆုံး သီတင်းသုံးတော်မူလျက်ရှိသော မဟာဝိဟာရ ကျောင်းတိုက်ကြီးသို့ ပို့လှူစေသည်။ မင်းကြီးလည်း ပွဲတော်တည် (ထမင်းစား) ပြီးသောအခါ ကျောင်းသို့ ကိုယ်တော်တိုင် လိုက်သွား၏။

မင်းကြီးရောက်လျှင်ပင် သံဃမထေရ်ကြီးက စည်တီး စေလိုက်သောအခါ ရဟန်းသာမဏေပေါင်း တသောင်းနှစ်ထောင် တပြိုင်နက် စုဝေး ရောက်ရှိလာကြလေသည်။ မင်းကြီးလည်း သင့်လျော်သော နေရာတခု၌နေ၍ သံဃာ့ အလုပ် အကျွေးဒကာ (ကပ္ပိယ) တဦးအား ခေါ်ဆောင်တော်မူလျက်–

"အမောင်....၊ဒါ....ရှင်ဘုရင့်အလှူနော်၊ မောင်မင်းခွက်ပြည့်အောင်ခပ်ပြီး လောင်းလှူရမယ်၊ သံဃာတော်များ ကိုင်ဆောင်လာတဲ့ သပိတ်လဲ ပြည့်လျှံသွားအောင်ထည့်၊ လျော့မနေစေနှင့်၊ ဒါ့ထဲကမှ တိုင်းတိုင်းဆဆနဲ့ အလှူခံတဲ့ ပုဂ္ဂိုလ်ရှိနေသေးယင်လဲ ဘယ်ကိုယ်တော်လဲဆိုတာ ချက်ချင်း သံတော်ဦးတင်လှည့်"ဟု ကြိုတင် မှာထားတော်မူလေ၏။

ထိုအချိန်၌ မဟာဝိဟာရမှ မထေရ်ကြီး တပါးသည် စေတီယတောင်မှ မဟာဗောဓိ၊ မဟာစေတီများကို ဖူးမြော်ပြီး ပြန်လာရာ ကျောင်းတိုက်သို့ဝင်လာစဉ် ကြေးပြာသာဒ်ကြီးရှေ့ရှိ မဏ္ဍပ်ကြီးအတွင်း၌ ရဟန်းသံဃာများ တန်းစီကာ ထန်းလျက် အလှူခံ ကြွနေကြသည်ကို တွေ့ရလေ၏။ မထေရ်ကြီးသည် နောက်ဆုံးမှ အလှူခံရန် တန်းစီနေသော သာမဏေကလေးထံ သွား၍–

http://www.dhammadownload.com



"ငါ့ရှင်....၊ ကိုရင့်မှာ ထန်းလျက် အလိုမရှိဘူး မဟုတ်လား"

"မှန်လှပါ အရှင်ဘုရား....၊ အလိုမရှိပါ"

"ဒါဖြင့်လဲ ငါ့ရှင်၊ တို့များ ခရီးပန်းလာလို့ ထန်းလျက်ခဲကလေး သီးသီးလုံးလောက် အလိုရှိတယ်"ဟု မိန့်တော်မူလျှင် သပိတ်ကို ထုတ်၍ မထေရ်ကြီး ကိုယ်စား သွားရောက် အလှူခံလေ၏။ ထန်းလျက် လောင်းလှူသော ဒကာက ခွက်ကို ပြည့်ပြည့်ကြီး ခပ်ယူကာ လောင်းထည့်ရန် ဟန်ပြင်နေခိုက် သာမဏေက လက်ကာ၍ တားလိုက်၏။ ထိုဒကာက—

"ကိုရင်ကလေး၊ ရှင်ဘုရင့်အလှူဆိုတာ အပြည့်အလျှံ လောင်းလှူရတာ ထုံးစံပဲ၊ သပိတ်ပြည့်အောင် ခံယူတော်မူပါ"ဟု လျှောက်ရာ—

"ဟုတ်ပါတယ် ဒကာကြီး၊ မင်းကြီး စိတ်က အများကြီးလောင်းလှူချင်တယ်ဆိုတာ ဟုတ်ပါတယ်၊ ဒါပေမယ့် ကိုရင့်ဥပဇ္ဈာယ်ဆရာက ဒီလောက်ပဲ အလိုရှိလို့ ဒီလောက်ပဲ အလှူခံတာပါ"ဟု ပြောပြ၏။

မင်းကြီးလည်း လောင်းသူ ဒကာနှင့် ကိုရင်ကလေး ရပ်၍ အချီအချ ပြောနေသည်ကို မြင်လျှင် ချက်ချင်း ထသွားရာ ဒကာက အကျိုးအကြောင်းကို ရှင်းပြ သံတော်ဦးတင်သဖြင့် မင်းကြီးကပင်—

"ကိုရင်- ယူဆောင်လာတဲ့ သပိတ်ပြည့်အောင်တော့ အလှူခံသွားတော်မူပါ"ဟု ထပ်၍ လျှောက်ရာ သာမဏေကလေးက—

"ဒကာတော် မင်းကြီး၊ မင်းကြီးစိတ်ဆန္ဒက အများကြီး ခွက်ပြည့်လောင်းလှူလိုတာလဲ မှန်ပါတယ်၊ ဒါပေမယ့် ကိုရင့်ဥပဇ္ဈာယ်ဆရာက ဒီလောက်ပဲအလိုရှိလို့ပါ၊ သည်းခံပါ"ဟု ထပ်၍ အမိန့်ရှိလိုက်လေသည်။

'ကိုရင့် ကြည့်ရတာကဖြင့် ခုနစ်နှစ်သားလောက် ရှိသေး၊ ပါးစပ်က နို့နံ့မှ မပျောက်သေးဘူး၊ နေ့ဖို့ ညစာ ဗူးနဲ့ ကြုတ်နဲ့ ထည့်ထားပြီး စားမယ်လို့ မပါဘူး၊ အင်း....အရွယ်နဲ့ မလိုက်အောင် မြတ်စွာဘုရား အဆုံးအမကို စောင့်ရှောက်နိုင်ပါပေရဲ့'ဟု ဝမ်းမြောက်ကာ အောက်ပါအတိုင်း မှူးမတ်များအား အမိန့်ပေးလိုက်လေသည်။

"မောင်မင်းများ၊ ငါကိုယ်တော်မြတ် ဒီ ကိုရင်ကလေးကို ကြည့်ရတာ အလွန်ကြည်ညို သဒ္ဓါ ဖြစ်မိတယ်၊ ကျန်တဲ့ ထန်းလျက် လှည်းအစီးနှစ်ရာ ၁၀ ငါးဆယ် ကိုလဲ သွားပြီး ယူချေကြ၊ သံဃာတော်အရှင်မြတ်များအား အကုန် လှူရမယ်"

http://www.dhammadownload.com



# သံဃာတော်ကိုသတိရ၍ မျိုမကျသော ခါသား

ထိုတိဿမင်းကြီးသည်ပင် တနေ့သ၌ နားရောဂါအတွက် ခါသားကင် ခေတ်စာပွဲတော် တည်ရန် ဆန္ဒရှိနေ၍ 'မည်သို့ ပံ့သုကူရနိုင်ပါမလဲ'ဟု စဉ်းစားရာ အကယ်၍ မင်းကြီး ခါသားကင် ပွဲတော်တည်ရန် အလိုရှိကြောင်း တစုံတဦးအား ဖွင့်ဟ ပြောဆိုမိလျှင်ပင် တယူဇနာအတွင်းမှာပင် ခါငှက်များအား ဒုက္ခပေးကြမည်ကို စိုးရိမ်တော်မူသဖြင့် သုံးနှစ်တိုင်တိုင် ထိုအာသာဆန္ဒကို မျိုသိပ်ခဲ့ရဘူး၏။

သူတော်ကောင်းတို့သည် သတ္တဝါအား ကိုယ်တိုင်သတ်ခြင်း၊သတ်စေခြင်း မပြုရုံမျှသာမက မိမိအားရည်ရွယ်၍ သတ်သောအသား (ဥဒ္ဒိဿမံသ) ကိုပင် မစားကြပေ။

တနေ့သောအခါ မင်းကြီးနားကအနာမှာ ပြည်တည်လာသဖြင့် ခေတ်စာ အတွက် ခါသားကို အလိုရှိတော်မူ၍ မင်းချင်းများအား ဥပါယ်တမျဉ်ဖြင့် မေးတော်မူ၏။

"အမောင်တို့....၊ ငါတို့မင်းချင်းတွေထဲမှာ သီလမြဲတဲ့လူ ဘယ်သူများ ရှိသလဲ။"

"မှန်လှပါ.... ရှိပါကြောင်းဘုရား၊ အမတ်ကြီးသား တိဿဟာ ငါးပါး သီလကို မကျိုးမပေါက်အောင် စောင့်ရှောက်ကြောင်း သိရပါတယ်။"

"ကဲ.... ဒါဖြင့်လဲ ကောင်းပြီ၊ တိဿကို ငါ၏ရှေ့တော်သို့ ခေါ်ဆောင်ခဲ့ကြ။"

မင်းကြီးလည်း တိဿဆိုသူကို လူသိရရုံ ခေါ်ယူမေးမြန်းပြီး ချက်ချင်း ပြန်လွှတ်လိုက်၏။ မကြာမီ မင်းချင်းတဦးအား ကြက်အရှင်တကောင်ကိုပေးအပ်၍ တိဿထံ အပို့လွှတ်လိုက်၏။ ၎င်းကြက်ကိုသတ်၍ အချက်, အကင်, အကြော်, ဟင်းသုံးမျိုး ပွဲတော်တည်ရန်လည်း မှာကြားလိုက်သည်။ ထိုမင်းချင်း ကြက်ကို ယူဆောင်၍ တိဿအား အမိန့်တော်ကို ပြောပြလျှင် တိဿက-

"မိတ်ဆွေ.... ခက်တာပဲ....၊ မိတ်ဆွေကြက်က အသေဆိုယင်လဲ ကိုယ်တတ် သလို ချက်ပြုတ်စီမံပြီး ပွဲတော်ဆက်ဖို့ မခဲယဉ်းပါဘူး။ ခုတော့ အရှင်ဖြစ်နေ တော့ ကျုပ် ပါဏာတိပါတ မလုပ်ဝံ့ပါဘူး"ဟု ပြောပြလိုက်သည်။

ထိုမင်းချင်းက မင်းကြီးအား ပြန်၍သံတော်ဦးတင်ရာ မင်းကြီးက ထိုသူ အား တခေါက်ပြန်လွှတ်ကာ မင်းချင်းချင်း အနေဖြင့် အပြောခိုင်းပြန်သည်။

"မိတ်ဆွေ တိဿ....၊ စဉ်းစားပါအုံး၊ ရှင်ဘုရင်ကို ခ,စားရတယ်ဆိုတာ အလွန်ဝန်လေးလှပါတယ်။ ဒီလို မလုပ်ပါနဲ့။ ခင်ဗျားသီလက ထပ်ပြီးဆောက်

http://www.dhammadownload.com



တည်လဲ ရနိုင်သားပဲဟာ၊ အမိန့်တော်အတိုင်း ချက်သာ ချက်ပေးလိုက်ပါ''ဟု မင်းချင်းက ပြောလျှင်—

"အင်း.... ရှိပါစေ မိတ်ဆွေ...၊ သတ္တဝါဟာ မည်သူမဆို တဘဝမှာ နှစ်ခါပြန်သေရိုးထုံးစံ မရှိပါဘူး။ တဘဝမှာ တခါပဲသေကြရတာပဲ။ တကယ်ပဲ ကျုပ် ပါဏာတိပါတ မလုပ်ဝံ့လို့ပါ၊ သည်အတိုင်းသာ သံတော်ဦးတင်ပေးပါ'' ဟုသာ တိဿက ငြင်းပယ်လိုက်၏။

သုံးကြိမ်တိုင်တိုင် စေခိုင်းသော်လည်း ဇွတ်ငြင်းပယ်နေသဖြင့် မင်းကြီး ကိုယ်ကော်တိုင် ရွှေတော်ခေါ်၍ အမိန့်တော်ကို နာခံရန် အတန်တန်ပြောပြရာ တိဿမှာ မည်သို့မျှ မလုပ်ဆောင်နိုင်သဖြင့် ငြင်းပယ်မြဲ ငြင်းပယ်ရလေ၏။

မင်းကြီးလည်း အာဏာဖီဆန်သူ တိဿအား သုသာန်ထုတ်ဆောင်၍ ခေါင်းဖြတ်ကွပ်မျက်ရန် ,သူသတ်သမား မင်းချင်းများအား ချက်ချင်း အမိန့် ချမှတ်တော်မူလိုက်သည်။မင်းချင်းများက သူသတ်ကုန်းသို့ခေါ်ဆောင်သွားကာ တိဿ၏ခေါင်းကိုဖြတ်ရန် ခြိမ်းခြောက် ပြင်ဆင်နေကြ၏။ တိဿအား သူသတ် ကုန်း၌ တုံးလုံးလှဲ့အိပ်စေကာ ကြက်အရှင် တကောင်ကိုလည်း တိဿ လက်ထဲသို့ ပေးလိုက်၏။ အမိန့်တော်အတိုင်း ဆောင်ရွက်ရန် ချော့၍ခြောက်၍ ပြောဆို ကြစဉ် တိဿသည် လက်ဖြင့်ကိုင်ထားသော ကြက်ကို—

"ကဲ....ချစ်သား၊ သင့်အား ငါ့အသက်ကို ပေးလှူပါတယ်၊ သင့်ကိုယ်စား အသေခံ၍ သင့်အသက်ကို ငါ လဲလှယ် ယူလိုက်ပါပြီ၊ သင် ချမ်းချမ်းသာသာ သွားလိုရာသွားပေတော့''ဟု သူသတ်သမားများရှေ့၌ပင် ပြောဆိုလွှတ်လိုက်၏။ ကြက်ကြီးမှာ ဝမ်းသာလွန်း၍ အတောင်ပံများ ရိုက်ခတ် တွန်မြည်ကာ ပျံတက် ပြီးလျှင် ပသျှောင်ပင်၌ သွား၍ ပုန်းခိုနေလေ၏။ (ကြက် ဘေးမဲ့ပေးရာ ဌာန ကို ယခုအခါ 'ကုက္ကုဋဂီရိ=ကြက်တောင်'ဟု ခေါ်သည်။)

မင်းချင်းများမှာ မင်းကြီး မှာကြားလိုက်သော အတွင်း စကား အရ တိဿလုလင်အား မသတ်ပဲ မင်းကြီးအား ပြန်၍သံတော်ဦးတင်ကြရ၏။ မင်းကြီး လည်း အကြောင်းစုံသိရသောအခါ တိဿလုလင်အား ကောင်းမွန်သော အဝတ် တန်ဆာများ ဆင်ယင်စေ၍ ရွှေတော်၌ ခ,စားစေ၏။

"တော်ပါပေစွ အမောင်တိဿ....၊ ငါကိုယ်တော်မြတ်ဟာ သင့်အား ဒီရည်ရွယ်ချက်နှင့် စုံစမ်းခြင်းဖြစ်တယ်၊ ငါကိုယ်တော်မြတ် နားမှာ အနာ ဖြစ် ပေါ်နေ၍ ခါသားကင် ခေတ်စာစားလိုသည်မှာ သုံးနှစ်ပင်ကျော်ခဲ့ပြီ အမောင်၊ အမောင်ဟာ ငါကိုယ်တော်မြတ် အတွက် ခါသား ပွဲသုကူစစ်စစ် ရအောင် ကြံဆောင် ဆက်သနိုင်ပါ့မလား''ဟု အကြောင်းစုံ ဖွင့်ဟမိန့်တော်မူလျှင်—

"ထိုကိစ္စမှာ ကျွန်တော်မျိုးတို့၏ တာဝန်ပင် ဖြစ်ပါတယ်''ဟု သံတော်ဦး တင်လိုက်သည်။

http://www.dhammadownload.com



တိဿ အမတ်သားလည်း မြို့တံခါးဝတခု၌ စောင့်စားထ၍ စောင့်ကြို နေစဉ် ခါအသေသုံးကောင်ကိုယူဆောင်ကာမြို့တွင်းသို့ဝင်လာသောလူတယောက် ကို အဆင်သင့် တွေ့ကြုံရသဖြင့် အသပြာ ငွေနှစ်ကျပ်ပေး၍ ဝယ်ယူလိုက်၏။ ခါသေများကို ကောင်းစွာ ကိုင်တွယ်စီရင်ပြီးနောက် ချင်း၊ ဇီယာ စသည်တို့ဖြင့် ထုံ၍ မီးကျီး၌ကင်ပြီးလျှင် မင်းကြီးအား ဆက်သလေ၏။

မင်းကြီးလည်း နန်းရင်ပြင် ရာဇပလ္လင်ထက်၌စံနေခိုက် ခါသားကင်များ လာရောက် ဆက်သ သဖြင့် သုံးနှစ်သုံးမိုး စောင့်ငံ့နေရသည် အားလျော်စွာ ချက်ချင်းပင် ခါကင်တခုကိုချိုးဖဲ့ပြီးဝါးစားလိုက်ရာ လွန်စွာအရသာတွေ့သွား၏။

မင်းကြီးလည်း ခါသားကို အားပါးတရ ဝါးစားနေယင်း ပါးစပ်ထဲမှ ခါသားကိုထွေး၍လက်ဖြင့် ယူလိုက်ပြီး မြေကြီးပေါ်သို့ ပစ်ချရန် ဟန်ပြင်နေခိုက် တိဿသည် ဒူးတုပ်လျက်က အနားသို့ တိုးကာ ပါးစပ်ဟ၍ ခံယူလိုက်သည်။ မည်သည့်အန္တရာယ်မျှမရှိ၊ လတ်ဆတ် ကောင်းမွန်ကြောင်း ပြသလိုက်ခြင်းပင် ဖြစ်သည်။ သို့သော် မင်းကြီးကား မကောင်း၍စွန့်ပစ်ခြင်းမဟုတ်၊ ကောင်းလွန်း၍ စွန့်ပစ်ခြင်းဖြစ်လေသည်။ အလွန်အရသာရှိသော အသားကို သုံးဆောင်ရသဖြင့် သံဃာတော်များကို သတိရတော်မူသောကြောင့် ဖြစ်သည်။

'ရေမြေသနင်းမင်းဖြစ်သော ငါကိုယ်တော်မြတ်တောင်မှ ခါသားပွဲသုကူ ကို စားချင်နေတာ သုံးနှစ်ပင် ကြာသော်လဲ စားခွင့် မရခဲ့ဘူး။ သူတကာ လောင်းလှူမှ ဘုဉ်းပေးတော်မူရတဲ့ သံဃာတော်အရှင်မြတ်များ ဘယ်မှာ ဒါမျိုး ရနိုင်ပါ့မလဲ'

စွန့်ပစ်သည်ကို ပါးစပ်ဖြင့် ခံလင့်နေသော တိဿ အမတ်သားကိုလည်း—

"မောင်မင်း ခါသားဟာ ဘာအပြစ်မှ မရှိဘူးဆိုတာသိပါတယ်ကွယ်" ဟု မိန့်တော်မူကာ တွေးစွန့်ရခြင်း၏ အကြောင်းကို ရှင်းပြလိုက်၏။ ကျန် ခါ နှစ်ကောင်ကိုလည်း ကောင်းစွာ ပြန်ကင်ပြီး သိမ်းဆည်းထားရန် မိန့်မှာလိုက်လေ သည်။

## အလှူခံ ပမာဏ မသိသူနှင့် သိသူ

နောက်တရက် နံနက် နန်းတော်သို့ ကြွနေကျမထေရ်တပါး ဆွမ်းခံကြွ လာလျှင် အမတ်သား တိဿလည်း မြင်လျှင် မြင်ချင်း သပိတ်ကို လှမ်းယူကာ နန်းတွင်းသို့ ပင့်သွား၏။ တောထွက် ကိုယ်တော်ကြီး တပါးလည်း ထိုမထေရ်၏ နောက်ပါတပည့်အသွင် နောက်က ထက်ကြပ် လိုက်ပါ၍ ဝင်သွား၏။ မထေရ်

http://www.dhammadownload.com



ကလည်း ထိုတောထွက် ကိုယ်တော်ကြီးအား ရှင်ဘုရင်က အပင့် ခိုင်းထားသော ပုဂ္ဂိုလ်ဖြစ်မည် ထင်လိုက်၏။ အမတ်သား တိဿကလည်း မထေရ်၏အလုပ်အကျွေး တပည့်ဖြစ်မည်ဟု ထင်လိုက်သည်။

နန်းတွင်းသို့ ရောက်လျှင် အထူးမေးလျှောက်မနေပဲ နှစ်ပါးစလုံးကိုပင် ယာဂုများ ကပ်၏။ မင်းကြီးကိုယ်တိုင် မြတ်နိုးလှသော ခါသားကင်များကို ဆက် ကပ်ရာ မထေရ်က တကောင်အလှူခံသကဲ့သို့ တောထွက် ကိုယ်တော်ကြီးကလည်း တကောင် အလှူခံလိုက်သည်။

"လိုတာ ရှိလျှင် အမိန့်ရှိတော်မူပါ"ဟု မင်းကြီးက လျှောက်၍ ထပ်မံ လိုက်ပွဲကပ်ရာ မထေရ်က လက်ကာ၍ တားလိုက်၏။ တောထွက် ကိုယ်တော်ကြီး ကား သပိတ်ကို ထိုးပေး၍ ခံယူလိုက်သည်။ မင်းကြီးမှာ တောထွက်ကြီး၏ ဘုဉ်းပေး ပြုမူ နေထိုင်ပုံများကို ကြည့်ကာ စိတ် မချမ်းသာလှသဖြင့် မထေရ် ပြန်ကြွလျှင် သပိတ်ပွေ့၍နောက်မှ လိုက်ပါသွားကာ—

"အရှင်ဘုရား....၊ ဒကာ, ဒကာမတို့ထံ ကြွတဲ့ မထေရ်များဟာ အလှူခံ ကျင့်ဝတ် သိနားလည်တဲ့ တပည့်များကိုသာ ခေါ်ဆောင်ကြွသင့်ပါတယ်ဘုရား" ဟု လျှောက်ရာ မထေရ်မှာ ထိုအခါကျမှ တောထွက်ကြီးအား ရှင်ဘုရင်ပင့်ထား သော ကိုယ်တော် မဟုတ်ကြောင်း သိတော်မူလေ၏။

နောက်တနေ့ နန်းတော်သို့ ကြွရာတွင်ကား သာမဏေငယ် တပါးကို နောက်ပါ ခေါ်၍ ကြွတော်မူလာ၏။

မင်းကြီးမှာ နောက်တနေ့တွင်လည်း ယာဂုနှင့် မိမိမြတ်နိုးသော ခါသား ကင်ကို ဆက်ကပ်လေရာ မထေရ်က တကောင် ခံယူ၏။ သာမဏေငယ်အား ကပ် ရာတွင် သာမဏေမှာ ကြိုတင် မှာကြားထားခြင်းမရှိပဲလျက် လက်ဖြင့် အမူအရာ ပြလျက် တဝက်ခွဲပြီး အလှူခံလေသည်။ ထိုတဝက်ကိုပင် မင်းကြီးက မထေရ်အား ကပ်လှူပြန်ရာ လက်ကာ၍ တားမြစ်တော်မူ၏။ သာမဏေအား တဖန် ထပ်၍ ကပ်ပြန်၏။ လက်ကာ၍ ပြလိုက်လေသည်။

မင်းကြီးသည် မိမိမြတ်နိုးသော သံဃာတော်များအား နှစ်ခြိုက်လှသော ခါသားကင်ကို နှစ်ရက်တိုင်တိုင် ဆက်ကပ်ပြီးမှ ကျေနပ်လှသဖြင့် မလှမ်းမကမ်း တနေရာ၌ ထိုင်လျက် ခါသားကင်နှစ်ကောင်ခွဲကို ချိုးဖဲ့၍ မြိန်ရေရှက်ရေစားသုံး လေ၏။

"အင်း....ကျင့်ဝတ် နားလည်သော သူတော်ကောင်းများကို မှီခိုခွင့် ရတဲ့ အတွက် ငါစားချင်နေတဲ့ ခါသားကင်မှာ ယခုမှ စားရပေတော့တယ်"ဟု ပြောပြောဆိုဆို ဝမ်းသာ အားရ စားနေခိုက်မှာပင် နားနှစ်ဘက်ရှိ အနာက ပြည် ပုပ်များ ပွက်၍ ထွက်ကျသွားကုန်၏။ ထို့နောက် ခံတွင်းကို ဆေးကြော (ပလုပ် ကျင်း)ပြီးနောက် သာမဏေငယ်ထံ ချဉ်းကပ်၍—

http://www.dhammadownload.com



မင်းကြီး ကိုရင်....၊ ဒကာတော်မင်းကြီး အလွန် ကြည်ညိုသဒ္ဓါ ပွားလှပါတယ်။ ကိုရင့်အား ဒကာတော် နေ့စဉ် ဆွမ်းရှစ်ပွဲလှူပါတယ်။

ကိုရင် မင်းကြီး....၊ ထို ဆွမ်းရှစ်ပွဲကို ကိုရင့် ဥပဇ္ဈာယ် ဆရာတော်အား လှူပါ၏။

မင်းကြီး ဒါဖြင့် ဘုရား....၊ နောက်ထပ် ရှစ်ပွဲ လှူပါတယ်။

ကိုရင် အဲဒီရှစ်ပွဲကို ကိုရင့် စာချဆရာတော်အား လှူပါ၏။

မင်းကြီး နောက်ထပ်လဲ ရှစ်ပွဲလှူပါဦးမယ်ကိုရင်။

ကိုရင် ဒါကိုတော့ ဥပဇ္ဈာယ်ဆရာတော်နှင့် သက်တူရွယ်မျှ မထေရ်ကြီးများအား လှူပါ၏....မင်းကြီး။

မင်းကြီး နောက်ထပ်လဲ ရှစ်ပွဲလှူပါတယ် ကိုရင်။

ကိုရင် ဒီရှစ်ပွဲကိုတော့ သံဃာများအား လှူပါ၏။

မင်းကြီး နောက်ထပ်လဲ ရှစ်ပွဲထပ်ပြီး လှူပါတယ်ဘုရား။

ကိုရင် (လက်ခံသောအားဖြင့်) ဆိတ်ဆိတ်နေလေ၏။

(သံ-ဋ္ဌ-၃၊ ၆၇-ရထောပမသုတ်အဖွင့်။)

## အလိုက်မသိလျှင် မိဘပင် မကြည်ဖြူ

ထိုတိဿမင်းကြီးသည်ပင် စေတီယတောင်၌ သံဃာတော်များအား နေ့စဉ် ဆွမ်းလောင်းလှူတော်မူရာ 'ဒီတနေရာတည်းပဲ လောင်းနေရသလား။ တခြား ဌာနတွေမှာ မလောင်းရကောင်းလား'ဟု ပြောဆိုကြသဖြင့် အနုရာဓမြို့၌ လောင်း လှူရပြန်သည်။

အနုရာဓမြို့၌ လောင်းလှူရာတွင် ဆွမ်းသံဃာ တပါးတလေမျှ အတိုင်း အရှည်ပမာဏကိုသိသော ရဟန်း မရှိချေ။ ဆွမ်းဘောဇဉ်များကို တပါးတည်းက နှစ်ပါး သုံးပါး ဘုဉ်းပေးလောက်အောင်ပင် အပိုအလျှံ ခံယူကြ၏။

နောက်တနေ့တွင် စေတီယတောင်၌ သီတင်းသုံးသော သံဃာတော်များ အား နန်းတော်သို့ ကြွရောက် အလှူခံရန် ပင့်ဖိတ်လေ၏။ သံဃာတော်များ ကြွလာလျှင် မင်းကြီးက စိတ်တိုင်းကျ လောင်းလှူရန်—

"သပိတ် ချီးမြှင့်ပါဘုရား"ဟု လျှောက်ရာ

http://www.dhammadownload.com



"ဒကာတော် မင်းကြီး သည်းခံပါ(နေပါစေ)၊ ရဟန်းသံဃာတော်များ ကိုယ့်ပမာဏ ကိုယ်သိပြီးအလှူခံတော်မူကြပါလိမ့်မယ်"ဟု မိန့်တော်မူကာတပါးမျှ သပိတ်ကို မပေးအပ်ကြချေ။ ကိုယ့်ပမာဏ ကိုယ်ကြည့်၍ တန်သလောက် လက်ရိပ်ပြကာ ခံယူတော်မူကြလေသည်။

ဆွမ်းလောင်းပြီးသောအခါ မင်းကြီးက မထေရ်များအား—

"အရှင်ဘုရားများ ဘုရား....၊ ရဟန်းတော်တွေထဲမှာ တပါးတလေမျှ ပမာဏ မသိကြပါလားဘုရား။ မနေ့ကဆိုယင် တဇွန်းစာမျှ မကျန်ဘူး။ ကနေ့ ကျတော့လည်း အလှူခံတာကနည်းနည်း၊ ကျန်နေတာက အဆမတန် များနေပါတယ်။ ကြည့်ပါအုံးဘုရား"ဟု ကျန်နေသော ဆွမ်းဘောဇဉ်များကို ညွှန်ပြ၍ လျှောက်ထားလိုက်၏။

များများ လောင်းလှူလိုသော်လည်း နည်းနည်းမျှသာ လိုအပ်သလောက် အလှူခံ၍ ဝမ်းသာ ဝမ်းမြောက် လျှောက်ခြင်းဖြစ်၏။ ယမန်နေ့က လောင်းလှူရာတွင် ပမာဏမသိသော ရဟန်းများ အကြောင်းကိုလည်း စိတ်မကောင်းလှသဖြင့် အသိပေးခြင်း ဖြစ်ပေသည်။

ဤအကြောင်းအရာနှင့် တဆက်တည်းပင် အဋ္ဌကထာဆရာကြီးက 'အလိုကြီးသော ရဟန်းအား မွေးသမိခင်ကပင် မကြည်ညိုကြောင်း၊ မီးပုံကြီးသည် လောင်စာကို အားရပြီ မရှိသကဲ့သို့လည်းကောင်း၊ သမုဒ္ဒရာသည် ဝင်လာသမျှ ရေကို လက်ခံကာ ပြည့်လျှံတန်ပြီ မရှိသကဲ့သို့ လည်းကောင်း၊ အလိုကြီးသူအား ပစ္စည်းလေးပါးများစွာ (လှည်းဖြင့်တိုက်၍) ပေးသော်သည်း အားရ ကျေနပ်ပြီမရှိ၊ ပြည့်နိုင်ခဲကြောင်း' ဘုရားဟော ဒေသနာကို ထောက်ပြတော်မူ၏။

သားအမိ ဝတ္ထုတပုဒ်ကိုလည်း ဖော်ပြထားလေသည်။

မုန့်ခဲဖွယ်ကို ကြိုက်နှစ်သက်လှသော သားဦးပဉ္စင်းတပါးအား မိခင် ဒကာမကြီးက အကျင့်ကို စုံစမ်းသော အနေဖြင့်—

'တကယ်လို့ ငါ့သားမောင် ပဉ္စင်း....အလှူခံ ပမာဏသိလျှင် တဝါတွင်းလုံး မုန့်ခဲဖွယ်လှူမည်'ဟု စိတ်ကူးကာ ဝါဆို ဝါကပ်သော နေ့တွင် ပထမ မုန့်တခု ကို ကပ်လိုက်၏။ ကုန်သွား၍ ဒုတိယတခု ကပ်ပြန်၏။ ကုန်သွားပြန်၍ ထပ်ပြီး ကပ်ပြန်၏။ 'တော်လောက်ပြီ ဒကာမကြီး'ဟု တခွန်းမဟ၊ ကပ်သမျှ အကုန် ဘုဉ်းပေးပစ်လိုက်သည်။

'အင်း.... ငါ့သားကဖြင့် တဝါတွင်းလုံး နေ့တိုင်းကပ်မယ့်မုန့်ကို ဒီနေ့ တရက်တည်းနဲ့ ကုန်အောင် ဘုဉ်းပေးလိုက်ရန်ကော'ဟု သဘော မတွေ့သဖြင့် နောက်နေ့မှစ၍ မုန့်တခုမျှ မကပ်တော့ ဟူ၏။ (ဝိဘင်္ဂ-ဋ္ဌ၊ ၄၅၅-ခုဒ္ဒကဝတ္ထု ဝိဘင်းအဖွင့်။ မ-ဋ္ဌ-၂၊ ၄၅။)

http://www.dhammadownload.com



## အလှူခံရာ အလိုနည်း၍ ပမာဏသိရခြင်း

ရဟန်းသံဃာတော်တို့သည် ဒကာ,ဒကာမတို့၏ သဒ္ဓါဒေယျ (ယုံကြည်သဖြင့် လှူအပ်သော) ပစ္စည်းလေးပါးကို အမှီသဟဲပြုနေကြသရဖြင့် သုံးစွဲရာ၌ အလိုနည်းရ၊ ပမာဏ သိရသကဲ့သို့ အလှူခံယူရာ၌လည်း အလိုနည်းရ၊ ပမာဏ သိကြရလေသည်။

အလှူခံရာ၌–(၁)ဒါယကာ၏ အခြေအနေ၊ (၂)ပစ္စည်းဝတ္ထု၏ အခြေအနေ၊ (၃)မိမိ၏ အခြေအနေ သုံးမျိုးဖြင့် ခြင့်ချိန်တွက်ဆ ပမာဏကိုကြည့်၍ အလှူခံရ၏။

၁။ လှူဖွယ်ဝတ္ထု များစွာရှိနေစေကာမူ ပိုင်ရှင်ဒကာက နည်းနည်းသာ လှူလိုပုံရလျှင် ဒကာကိုငဲ့၍ နည်းနည်းသာ ခံယူရ၏။

၂။ ဒကာက သဒ္ဓါကောင်း၍ များများ လှူလိုသော်လည်း ဝတ္ထုပစ္စည်း နည်းနေလျှင် (ဆင်းရဲသားသော် လည်းကောင်း ဖြစ်လျှင်) ဝတ္ထုပစ္စည်းကိုငဲ့၍ နည်းနည်းသာ ခံယူရ၏။

၃။ ဒကာကလည်း များများလှူလို၏။ ဝတ္ထုပစ္စည်းကလည်း ပေါပေါ များများရှိနေ၏။ သို့ရာတွင် အလှူခံပုဂ္ဂိုလ်က မိမိတို့၌ သုံးစွဲလောက်ရုံသာ ခံယူရသည်။

ယင်းသို့ ပမာဏသိသော အလှူခံပုဂ္ဂိုလ်အား မရရှိသေးသော လာဘ်လာဘများ အလွယ်တကူ ရတတ်၏။ ရပြီး လာဘ်လာဘများ အစိုင်အခဲ အမြဲတည်တံ့၏။ ပျောက်ရှလေလွင့်ခြင်း မရှိ။ (သံ-ဋ္ဌ-၃၊ ၆၇နှင့် အပ္ပိစ္ဆတာ,ဘောဇနေမတ္တညုူ-ပုဒ်အဖွင့် အဋ္ဌကထာများ။)

## သဒ္ဓါများ၍ ပစ္စည်းရှားသော သောတာပန် သပိတ်ဒကာ

ဘုရားလက်ထက်တော်ကလည်း ကပိလဝတ်မြို့သား သောတာပန် သပိတ်ဖုတ်သမားသည် နိဂြောဓာရုံ သံဃာများအား သပိတ်အလှူ ဖိတ်မန်ထားရာ ရဟန်းများက အလိုက်မသိ အလှူခံ နှိပ်စက်ကြသဖြင့် ရောင်းဖို့ဝယ်ဖို့ သပိတ်ကို အလျဉ်မမီအောင် မဖုတ်လုပ်နိုင်။ မှီခိုသူ မိသားစုအားလုံး စားဝတ်နေ ဆင်းရဲ ကျပ်တည်းခဲ့ကြရဖူး၏။

သောတာပန်ဖြစ်၍ စိတ်ဆင်းရဲခြင်း၊ မတော်မတရား စီးပွားရှာခြင်း၊ ခိုးယူခြင်းစသည် မရှိခဲ့ပေ။ (ဝိ-ဋ္ဌ-၂၊ ၂၀၆။ ပါဠိ-၃၅၅-ဦနပဉ္စဗန္ဓနသိက္ခာပုဒ်။)

http://www.dhammadownload.com



## မလိုချင်မှ များများရ

တခါက ဥဒေနမင်းကြီးသည် 'မိဖုရားငါးရာတို့အား မိမိ အမြတ်တနိုး ဆုချထားသော အထည်ငါးရာစလုံး သိမ်းကျုံး အလှူခံရကောင်းလား' ဟု အရှင်အာနန္ဒာအား ကဲ့ရဲ့ရှုတ်ချလျက် ကျောင်းတော်သို့ လိုက်ပါ လျှောက်ထားရာ အဝတ်သက်န်းများကို အမှုန့်ဖြစ်သည်အထိ စွန့်ပစ် လေလွင့်ရခြင်း မရှိအောင် စနစ်တကျ သံဃာတော်များ သုံးစွဲကြောင်း သိရသောအခါ နောက်ထပ် အဝတ်အထည် ငါးရာကိုပင် ထပ်၍ လှူလိုက်လေသည်။ (ဝိနည်းစူဠဝဂ္ဂ-ဗြဟ္မဒဏ္ဍကထာ-၄၀၇။)

ဒုကနိပါတ်–ဂုဏဇာတ် (ဇာ-၄-၂၊ ၂၁)၌ ကောသလမင်းကြီးလည်း ဥဒေန မင်းကြီးကဲ့သို့ပင်ဖြစ်၍ နောက်ထပ် တထောင်စီတန်သော အဝတ်အထည် ငါးရာ အရှင်အာနန္ဒာအား လှူခဲ့ရဖူးလေသည်။

## အရှင်မောဂ္ဂလ္လာန်ပင် သဒ္ဓါတရားကို အာမ မခံနိုင်

သုပ္ပဝါသာ ဆွမ်းအလှူကိစ္စအတွက် အလျင်ပင့်ထားနှင့်သော ဒကာအား သွား၍ ရက်ရွှေ့ရာ ဒကာက အရှင်မောဂ္ဂလ္လာန်အား အာမခံပေးရန် သုံးချက်တောင်းဆိုလေရာ- "ဒကာ....၊ ခုနစ်ရက်အတွင်းမှာ သင့်အသက်နှင့် ပစ္စည်းများ မသေမပျောက်ရအောင် ငါ တာဝန်ခံနိုင်တယ်၊ ဒါပေမယ့် သင့်သဒ္ဓါတရားကို တော့ သင့်ဟာသင် စောင့်ရှောက်ပါ၊ ငါ အာမ မခံနိုင်ဘူး"ဟု ပြောပြရသည်။

တန်ခိုး ဣဒ္ဓိပါဒ် ကြီးမြတ်သော အရှင်မောဂ္ဂလ္လာန် မထေရ်ကြီးပင် သဒ္ဓါတရားကို အာမ မခံနိုင်ချေ။ ပုထုဇဉ်တို့၏ သဒ္ဓါတရားသည် စွဲမြဲခိုင်မာခြင်းမရှိ၊ ခြေတလှမ်းအတွင်းမှာပင် ပြောင်းလဲသွားနိုင်လေသည်။ (ဥဒါန-သုပ္ပဝါသာ သုတ်-ခုဒ္ဒကာဒိ-၉၆။ အံ-၄-၁၊ ၁၃၁-သမ္မုခိဘာဝသုတ်အဖွင့်။)

ထို့ကြောင့်လည်း 'ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ' ဟု ဟောတော်မူခဲ့၏။ ဒကာ ဒကာမတို့၏ သဒ္ဓါတရားကို ပန်းဝတ်ရည် စုပ်ယူသော ပျားပိတုန်းပမာ သတိကြီးစွာ စောင့်ရှောက် အပ်လှပါပေသည်။

## တောင်းသူ့ မပေးနိုင်သူ ငိုသည်မည်ပုံ

တောင်းသောသူသည်၊ ငိုသောမည်၏။ မကြည်မဖြူ၊ မပေး
သူလည်း၊ ထို့တူခေါ်လေ့၊ ပြန်၍ငိုသည်၊ သူပင်မည်၏။

http://www.dhammadownload.com



စိတ်ကြည်မနူး၊ နှစ်ဦးနှစ်ဝ၊ တူအမျှပင်၊ ဒေါသ (အပြစ်) မလွတ်၊ ဖြစ်သတတ်ကြောင့်၊ သူမြတ်သူလျှာ၊ သူတော်စွာတို့၊ ဗာရာပြည့်ရှင်၊ ဒကာစင်လျက်၊ လင်္ကာတွင်ဆောင်ယူ၊ တောသလူ ရှက်၊ထိုးတလက်နှင့်၊ သက်သက်တထပ်၊ လှူဖိနပ်မျှ၊ လိုအပ်လျက် ကွဲ၊ခံတွင်းမဲ့သို့၊ ဆယ့်နှစ်နှစ်ကျော်၊ တိုင်အောင်သော်လည်း၊ နှုတ် တော်ဖွင့်လှစ်၊ မတောင်းဖြစ်တည်း။ (မဃဒေဝ။)

ယာစနံ ရောဒနံ အာဟု၊ ပဉ္စာလာနံ ရထေသဘာ။
ယော ယာစနံ ပစ္စက္ခာတိ၊ တမာဟု ပဋိရောဒနံ။ ။
(စတုက္က–ဗြဟ္မဒတ္တဇာတ်–ဇာ–ဋ္ဌ–၃၊ ၇၄။)

"တောင်းလျှင် မပေးပဲမနေရ၊ နည်းနည်းပင်ဖြစ်စေ ပေးရ၏။ ဒဇ္ဇာ အပ္ပမ္ပိ ယာစိတော" (ဓမ္မပဒ)

## ဆင်းရဲသား ဆွမ်းတထုပ်ကြောင့် ရဟန္တာဖြစ်သွားသော
# ပိဏ္ဍပါတိကတိဿ ထေရ်

ထိုနေ့ကား သီဟိုဠ်ကျွန်း တိဿမဟာဝိဟာရ ကျောင်းတိုက်ကြီး၌ ရဟန်း ရှင်လူများ ပျားပန်းခပ်မျှ စည်ကားလှသော နေ့ကြီး ဖြစ်၏။

ထူးဆန်းသော ဖြစ်ရပ်တခုကြောင့် ကာကဝဏ္ဏတိဿမင်းကြီးပင် မင်းခမ်း မင်းနားဖြင့် လာရောက် ပူဇော်လေသည်။

အကြောင်းကား အာဂန္တုက ရဟန်းတော်တပါး သံဃပရိသတ်အလယ်၌ ထူးဆန်းစွာ စုတိကမ္ဗဇရုပ် ချုပ်ငြိမ်းသွားသောကြောင့် ဖြစ်၏။ ရဟန်းသံဃာ တော်များ ဓမ္မသံဝေဂဖြစ်ကာ လူဒကာ, ဒကာမများလည်း ပန်းဆီးမီးနံ့သာ များဖြင့် သူ့ထက်ငါ လာရောက်ပူဇော်ကြ၏။ တအံ့တသြ ပြောဆို ချီးမွမ်း ကြသည်။ မင်းကြီး ကိုယ်တိုင် ဦးစီး၍ အလောင်းတော်ကို စံကျောင်းပြာသာဒ်၌ တင်လှူပူဇော်ကြ၏။

ခန္ဓာဝန်ချပုံ ထူးဆန်းသကဲ့သို့ မီးသင်္ဂြိုဟ်မည် ရှိသောအခါတွင်လည်း အံ့သြကြရပြန်သည်။ သာခုကြီး၌ ဓမ္မသဘင်ကြီး ပြီးစီး၍ အလောင်းတော်ကို မီးသင်္ဂြိုဟ်ရန် ပင့်ဆောင်ကြရာ လူအားဖြင့် ပင့်မ, သော်လည်း မရပဲ ရှိလေ၏။ မည်သို့မျှ မကြံတတ်အောင် ရှိနေကြစဉ် မင်းကြီးက ရုတ်တရက် အကြံရသဖြင့် သံဃမထေရ်ကြီးထံ ချဉ်းကပ်၍—

"ဆရာတော်ဘုရား....၊ ပြန်လှန်တော် မမူမီက မည်သို့သော စကားအထူး များ မိန့်ကြားသွားပါသေးသလဲ ဘုရား"ဟု လျှောက်ရာ မထေရ်ကြီးမှာလည်း

http://www.dhammadownload.com



အရှင်တိဿမထေရ် မပြန်လှန်မီက သံဃပရိသတ်အလယ်၌ လျှောက်ထားသွားသော အကြောင်းကိုသာ ပြန်လည် အမိန့်ရှိတော်မူလေသည်။

အရှင်တိဿမထေရ် ထုတ်ဖော်အမိန့်ရှိသွားသော စကားများမှာ အောက်ပါအတိုင်းဖြစ်ပေ၏။

မဟာဂါမ နေပြည်တော်ကြီး၌ ထင်းခွေ ထင်းရောင်း၍ အသက်မွေး ရခြင်းကြောင့် 'ဒါရုဘဏ္ဍက မဟာတိဿ' ခေါ်သော သူဆင်းရဲတဦး ရှိ၏။ တနေ့သောအခါ မဟာတိဿသည် သူ၏ ဇနီးသည်အား—

"ရှင့်မရေ....ငါတို့မှာ အသက်မွေးဝမ်းကျောင်းရတာ တယ်ဆင်းရဲလှပါကလား။ မြတ်စွာဘုရားက ဆင်းရဲသားများ အလှူဒါနဟာ တယ်ပြီး အကျိုးများတယ်လို့ ဟောဖူးတယ် မဟုတ်လား။ ငါတို့ နိစ္စဗဒ် နေ့စဉ် အလှူတခု ပြုကြဖို့ မလွယ်ဘူး၊ ဒီတော့ လပြည့် လကွယ် ဆွမ်းဖြစ်ဖြစ်၊ စာရေးတံဆွမ်း ဖြစ်ဖြစ် လှူကြရအောင်ကွယ်။"

ထိုအကြံကို အိမ်ရှင်မကပါ သဘောတူသဖြင့် နောက်တနေ့မှာပင် ပက္ခဆွမ်း (လဆန်းတကြိမ်, လဆုတ်တကြိမ်လှူသောဆွမ်း) လောင်းလှူကြ၏။ ထိုအချိန်ကား သံဃာတော်များ ပစ္စည်းလေးပါး ပေါများသောအခါဖြစ်၍၊ သာမဏေများသည်ပင် အစားကောင်းများ ရရှိနေကြသဖြင့် ထင်းရောင်းသမအလှူကို ခံယူရုံသာ ခံယူကြ၏။ မြင်လောက်သော နေရာ၌ပင် စွန့်ပစ်ခဲ့ကြသည်။ ထိုထင်းသည်မသည် အိမ့်ရှင် ယောကျ်ားအား ပြန်လည် ပြောပြရုံမှတပါး စိတ် ထိခိုက် ခြင်းကား မဖြစ်ပေ။

## သမီးကို ပေါင်နှံ၍ နွားမတကောင် ဝယ်ခြင်း

"ရှင်မ....တို့မှာ၊ ဆင်းရဲသားလှူ လှူရတာဆိုတော့ အရှင်မြတ်များ ကောင်းကောင်းမွန်မွန် ဘုဉ်းပေးလို့ရအောင် လှူဖို့က မလွယ်ဘူးကွယ့်။ အရှင်မြတ်များ စိတ်ကျေနပ် ချမ်းသာအောင် ဘယ်လိုလုပ် ကြံရမလဲ။"

"ကိုတိဿ....၊ ဘယ်လို ပြောလိုက်တာလဲ၊ သားသမီး ရတနာရှိတဲ့လူဟာ ဆင်းရဲတယ်လို့ မခေါ်နိုင်ပါဘူး၊ (အနီးရှိ သမီးငယ်ကို လက်ညှိုးထိုး၍)ဒါ ရှင်နဲ့ ကျွန်မတို့ သမီးပဲ။ သူ့ကို တအိမ်အိမ်မှာ အစေအပါးလုပ်ဖို့ သွားအပ်၊ အသပြာငွေ ၁၂-ကျပ်လောက်ရယင် နို့စားနွားမ, တကောင် ဝယ်ခဲ့ပေါ့။ အရှင်မြတ်များကို နို့ဃနာ စာရေးတံဆွမ်း လောင်းလှူရယင် အရှင်မြတ်များ စိတ်ချမ်းသာတော်မူကြမှာ အမှန်ပဲ" ဟု အိမ့်ရှင်မ အကြံပေးသည့်အတိုင်း သမီးငယ်ကို ချမ်း

http://www.dhammadownload.com



သာကြွယ်ဝသော အိမ်တအိမ်၌ အပ်နှံထားလိုက်သည်။ နို့စားနွားမမှာ သူတို့၏ ဘုန်းကံကြောင့် နို့များ အလွန်အကျွံ အံ့ဩလောက်အောင် ထွက်လေသည်။ (နံနက် သုံးတင်း ညသုံးတင်း=တီဏိမာဏိကာ ဟု ဆို၏။) ဒိန်ချဉ် လုပ်တန်သရွေ့ လုပ်၊ ထောပတ် ချက်တန်ချက် ထားရသည်။

စာရေးတံ နို့ဃနာဆွမ်းကို ထောပတ်ဆမ်း၍ လောင်းလှူလိုက်ရာ ထင်းရောင်း ဇနီး မောင်နှံတို့ အိမ်မှ စာရေးတံဆွမ်းကို ကံကောင်းသော ရဟန်းသာမဏေများ ဝမ်းမြောက်ဝမ်းသာ အလှူခံကြရသည်။

တနေ့တွင် ထင်းရောင်းသမား မဟာတိဿသည် စိတ်အကြံတခု ပေါ်လာ၍ အိမ့်ရှင်မအား—

"ရှင်မရေ....၊ သမီး ကယ်ပေလို့သာ ငါတို့မှာ အရှက်မကွဲတာ၊ ငါတို့ နို့ဃနာဆွမ်းကလဲ အရှင်မြတ်များအတွက် ဘုဉ်းပေးဖို့ ထိုက်တန်ပါတယ်၊ ရှင်မရေ....၊ ဒါထက် ငါ့မှာ ခရီးထွက်စရာကိစ္စတခု ပေါ်လာလို့ ငါ မရောက်မချင်း ဒီအလှူဝတ်မပျက်ကွက်ရစ်ပါစေနှင့်နော်၊ ငါ့မှာ တစုံတရာဆောင်ရွက်လုပ်ကိုင်ပြီး သမီးကို ပြန်ခေါ်နိုင်ဖို့က ရှိနေသေးတယ်။"

ဇနီးမောင်နှံ ပြောဆိုတိုင်ပင်ကာ မဟာတိဿသည် တရပ်တရွာသို့သွား၍ ကြံကြိတ်ကြံချက်လုပ်ငန်းတွင် အခစားဝင်ရောက်လုပ်ကိုင်ရလေသည်။ ခြောက်လတိတိ အခစားလုပ်ရာ ငွေအသပြာ ၁၂-ကျပ်စုမိဆောင်းမိသောအခါ 'ဒီလောက်ဆိုယင် ငါ့သမီးကို ရွေးနိုင်လေပြီ' ဟု ဆုံးဖြတ်၍ အသပြာကို ပုဆိုးစွန်မှာထုပ်ပြီး အိမ်ပြန်ခဲ့လေ၏။

ထိုအချိန်၌ပင် အမ္ဗရိယရွာ ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူသော ပိဏ္ဍပါတိယ တိဿ မထေရ်လည်း တိဿမဟာဝိဟာရသို့ ဘုရားဖူးရန် အကြွ မဟာဂါမ နေပြည်တော်သွား လမ်းခရီးဖြင့် ကြွတော်မူ၏။ ထင်းရောင်း ဒကာလည်း မထေရ်ကို ခပ်လှမ်းလှမ်းကပင် ဖူးတွေ့နေရသဖြင့် 'သီလရှိသော သူတော်ကောင်းများကို အမြဲတစေဖူးတွေ့ခွင့် ရနိုင်တာမဟုတ်၊ ထိုအရှင်မြတ်နှင့် အတူလိုက်ပါပြီး တရားစကား နာကြားယင်း သွားရလျှင် ကောင်းမှာပဲ' အကြံဖြင့် မထေရ်ကို အမီလိုက်၍ ရှိခိုး နှုတ်ဆက်လျက် ခရီးအတူ သွားလေ၏။

## သမီးရွေးရန် ငွေ ၁၂-ကျပ်

သွား၍မကြာမီတွင် မွန်းတည့်ရန်အချိန်နီးကပ်နေသဖြင့် 'ငါ့မှာလဲထမင်းထုပ် မပါခဲ့၊ အရှင်မြတ်မှာလဲ ဆွမ်းစားချိန် ရောက်နေပြီ၊ စားနိုင်ပါဘူးလေ....၊ ရွာရွာအဝင်ရောက်မှပဲ ပါလာတဲ့ အသပြာနဲ့ ဝယ်ခြမ်း ကပ်ရတော့မှာပဲ' ဟု

http://www.dhammadownload.com



စဉ်းစားနေဆဲမှာပင် ထမင်းထုပ်နှင့် ခရီးသွား တယောက်ကို မမျှော်လင့်ပဲ တွေ့လိုက်ရသဖြင့်-

"အရှင်ဘုရား၊ ခဏ ဆိုင်းငံ့တော်မူပါဦး"ဟု လျှောက်၍ ထမင်းထုပ် ပါလာသော ခရီးသည်ထံ ခပ်သုတ်သုတ် သွားတွေ့လိုက်သည်။

"ဒီမှာမိတ်ဆွေ....၊ ခင်ဗျားထမင်းထုပ်ကလေးကို ရောင်းခဲ့ပါ၊ ကျွန်တော် အသပြာတကျပ်ပေးပါ့မယ်။"

ခရီးသည်မှာ 'ကာလတန်ဖိုးအရ တပဲမျှတောင်မတန်တဲ့ ငါ့ထမင်းထုပ်ကို ချက်ချင်း အသပြာတကျပ်ပေးမယ်ဆိုတော့....၊ ဒါအကြောင်းတခုခု ရှိရမယ်'ဟု ရှတ်တရက် စဉ်းစားကာ-

"မိတ်ဆွေ....၊ အသပြာတကျပ်နဲ့တော့ မရောင်းနိုင်ပါဘူး"ဟု ဆိုလေ၏။ နှစ်ကျပ်မှစ၍ တိုးကာ တိုးကာ နောက်ဆုံး ပါသမျှ အကုန်ပေးသော်လည်း နောက်ထပ်ငွေရှိလိမ့်မည်အထင်ဖြင့် မရောင်းချနိုင်ကြောင်း ငြင်းမြဲငြင်းနေသဖြင့်-

"မိတ်ဆွေ....၊ကျွန်တော့်မှာ ဒါ အကုန်ပါပါပဲ၊ သည့်ထက်ပါလာခဲ့ယင်လဲ ပါတာအကုန်ပေးဆိုပေးဖို့ပါပဲ၊ ဒါလဲ ကျွန်တော့်အတွက်မဟုတ်ပါဘူး မိတ်ဆွေ၊ ဟောဟို သစ်ပင်ရိပ်မှာ ပင့်လျှောက်ထားတဲ့ အရှင်မြတ် အတွက်၊ အချိန်လဲ မရှိတော့လို့ပါ။ မိတ်ဆွေရဲ့ကုသိုလ်ဆိုလဲ မမှားပါဘူး။ တဆိတ် ကျေးဇူးပြုပါ"ဟု ပြောခါမှ အသပြာ ၁၂-ကျပ်ဖြင့် ဝယ်ယူရရှိလေ၏။

ချက်ချင်းပင် ထမင်းထုပ်ကိုဝယ်ယူပြီး လက်မျှားဆေးကြောကာ "အရှင်ဘုရား....သပိတ်ဖြင့် အလှူခံတော်မူပါ"ဟု လျှောက်၍လှူလိုက်သည်။ မထေရ်လည်း သပိတ်ကို အိတ်မှထုတ်ကာ အဖုံးကိုဖွင့်ပေးလိုက်၏။ ပါလာသော ထမင်းတဝက် လောက် သပိတ်ထဲရောက်သောအခါ လက်ကာ၍ သပိတ်ဖုံးကို ပိတ်လိုက်သည်။

"အရှင်ဘုရား၊ ဒီဆွမ်းဟာ တယောက်စာပဲရှိတာပါဘုရား၊ ဒီထဲက ခွဲပြီး တပည့်တော် မစားလိုပါ။ အရှင်ဘုရားဘုန်းကံကြောင့် ယခုလို လှူယ်လင့်တကူ ရတာ ဖြစ်ပါတယ်။ တပည့်တော်ကို ချီးမြှောက်သောအားဖြင့် အားလုံး လက်ခံ တော်မူပါ"ဟု မရမနေ လျှောက်တား၍ ထမင်းအားလုံး လောင်းလှူလိုက်သည်။

မထေရ်လည်း 'အကြောင်းတစုံတရာ ရှိလေမည်'ဟု အောက်မေ့လျက် အားလုံး ဘုဉ်းပေးတော်မူ၏။ ဆွမ်းဘုဉ်းပေးပြီးလျှင် ထင်းရောင်း ဒကာလည်း ရေကို ရေစစ်ဖြင့်စစ်၍ ကပ်လိုက်၏။ ပြီးလျှင် အတူတကွ ရွှေ့သို့ ခရီးဆက်ကြ ပြန်သည်။

http://www.dhammadownload.com



## ဆွမ်းဖိုးကျေအောင် ကြံဆောင်ဖြည့်ကျင့်

မထေရ်လည်း "ဒကာ.... သင် ဘာ့ကြောင့် ထမင်းမစားသလဲ"ဟု မေးတော်မူရာ အကြောင်းစုံ လျှောက်ထား, ကြားသိရသဖြင့် များစွာ သံဝေဂဖြစ်တော်မူ၏။ တစုံတခုသော ဆုံးဖြတ်ချက်ကိုကည်း ချလိုက်လေသည်။

'အင်း.... ထင်းရောင်းဒကာကား လူသာမန်တို့ ပြုနိုင်ခဲ့သော အမှုဆိုပြုပါပေတယ်။ ငါဟာ ဒီလိုဆွမ်းမျိုးကို စားပြီး ဆွမ်းဒကာကျေးဇူးကို ဆပ်နိုင်ဖို့ကောင်းတယ်။ သင့်တော်တဲ့ နေရာမျိုးကိုသာရခဲ့လျှင် အရေအသားအသွေးတွေ ခန်းခြောက်ချင် ခန်းခြောက်ပါစေ၊ အရဟတ္တဖိုလ် မရသေးသမျှ ဒီတင်ပျဉ်ခွေ မဖျက်တော့ဘူးဆိုတဲ့ သမ္မပ္ပဓာန်လုံ့လနဲ့ ကြိုးစားမှ တော်တော့မယ်။'

မထေရ်သည် တလမ်းလုံး ထိုကဲ့သို့ စဉ်းစားဆုံးဖြတ်ပြီး လာခဲ့ရာ တိဿမဟာဝိဟာရကျောင်းတိုက်ကြီးသို့ရောက်လျှင် အာဂန္တုကဝတ်စသည်ကို ပြုလုပ်ပြီးသည်နှင့် ဆိတ်ငြိမ်ရာ၌ နေရာထိုင်ခင်းကာ အပြင်းအထန် တရားရှုမှတ်တော်မူ၏။ သို့ရာတွင် ထိုည မိုးစင်စင်သော လင်းသွားသော်လည်း အရောင်အလင်းနိမိတ်ကိုမျှပင် မရရှိပေ။

(နောက်တရက် နံနက်တွင် စဉ်းစားမိသည်မှာ—

'ငါဟာ ဆွေမတော် မျိုးမတော်, ဘာမျော်လင့်ချက်မှမပါ, သာသနာတော်အတွက် သက်သက်သဒ္ဓါတရားနဲ့ လှူတဲ့ဆွမ်းတွေ စားခဲ့လှပြီ၊ လူဒကာတွေမှာ ထမင်းတလုတ်ရဖို့ရာ နည်းမျိုးစုံနဲ့ ပင်ပန်းကြီးစွာ လုပ်ကိုင် ရှာဖွေကြရရှာတယ်၊ သဒ္ဓါဖြင့်လှူတဲ့ သူ့ဆွမ်းဖိုးကိုတောင် ကြွေးမကျေသေးဘူး၊ နောက်ထပ်ကြွေးဆက်ပြီး ခံယူဦးမယ်ဆိုယင် မသင့်တော်တော့ဘူး'ဟု သံဝေဂဝင်ကာ)ဆွမ်းခံပင် မကြွ၊ ဆွမ်းကိုပင်မစားတော့ပဲ ဆက်တိုက် တရားအလုပ်ခွင်၌သာ နှစ်မြှုပ်လိုက်တော့၏။ တရားကိုသာ ထပ်ပြန်တလဲလဲ ဇွဲနဘဲကြီးစွာ ရှုမှတ်လေ၏။

ခုနစ်ရက်လုံးလုံး မည်သည့်ဆွမ်းဘောဇဉ်အာဟာရကိုမျှ မသုံးဆောင်ပဲ အားထုတ်ရာ ခုနစ်ရက်မြောက်နေ့နံနက် အရုဏ်တက်တွင် ပဋိသမ္ဘိဒါလေးတန်နှင့်တကွ အရဟတ္တဖိုလ်ဆုကြီးကို ရတော်မူလေသည်။

'အင်း.... ငါ့ရဲ့ကိုယ်ခန္ဓာတို့ လွန်စွာပင်ပန်းနွမ်းလျသွားပြီ။ ငါ့ရဲ့ အသက်ဇီဝိတိန္ဒြေဟာ ကြာရှည် ခံမှ ခံပါတော့မလား'ဟု ဆင်ခြင်စဉ်းစား၍ ကြည့်ရှုတော်မူရာ မိမိနေရမည့် အသက်အပိုင်းအခြားကို သိမြင်တော်မူသည်နှင့် ကျောင်းနေရာထိုင်ခင်းများ သိုမှီးသိမ်းဆည်းလိုက်၏။ ပြီးလျှင် ကျောင်းတိုက်အလယ်လောက်ရှိ အကြောင်းရှိလျှင် တီးရန်ထားသော စည်ကြီးရှိရာသို့ ကြွသွားပြီးနောက် စည်ကို

http://www.dhammadownload.com



ရိုက်တီးလိုက်၏။ တိုက်တွင်းရှိ ရဟန်းသံဃာတော်များအားလုံး ကြွရောက်စည်းဝေ ကြရန် ပင့်ဖိတ်လိုက်ခြင်းပင် ဖြစ်လေသည်။

## ပရိနိဗ္ဗာန်မပြုမီ ဆွမ်းတလုတ်မော်ကွန်းတင်

သံဃပရိသတ်စုံသောအခါ သံဃမထေရ်ကြီးက မည်သည့် အကြောင်းကိစ္စကြောင့် မည်သူမည်ဝါက စည်တီး၍ သံဃာတော်များကို ပင့်ဖိတ်ကြောင်း မေးတော်မူရာ အရှင်တိဿ မထေရ်က သံဃ ပရိသတ်အလယ်၌ လက်အုပ်ချီကာ စည်းဝေးပင့်ဖိတ်ရခြင်း အကြောင်းကို လျှောက်ထား၏။

"ယခုကဲ့သို့ ပင့်ဖိတ်ရတာ အခြားကိစ္စမဟုတ်ပါဘုရား။ အားလုံးသော ညီတော် နောင်တော် သီတင်းသုံးဖော်များဘုရား။ သူတော်ကောင်းတရား မဂ်ဖိုလ်နိဗ္ဗာန်နှင့်စပ်လို့ တစုံတရာ ယုံမှားသံသယရှိလျှင် ယခုနေ မေးမြန်းနိုင်ကြပါတယ်ဘုရား" ဟု လျှောက်ရာ သံဃာများ ဆိတ်ဆိတ်ပင်နေကြ၏။ ထိုအခါ သံဃမထေရ်ကြီးက—

"ငါ့ရှင် သူမြတ်....၊သူတော်ကောင်းတို့မည်သည်မှာ မိမိသန္တာန်၌ အမှန်မရှိသော ကျေးဇူးဂုဏ်ကို ဝါကြွား ပလွှားပြီး ပြောဆိုတော်မမူကြ။ ဒီအတွက် ငါတို့မှာ မည်သည့် ယုံမှားသံသယမျှ မရှိ။

"ငါ့ရှင်သူမြတ်....၊ငါ့ရှင်ကသာ အဘယ်သို့သော သံဝေဂရ၍မည်သို့သော အကြောင်း အထောက်အပံ့ကြောင့် ရဟန်းကိစ္စ ပြီးမြောက်ရသည်ကိုသာ သံဃာ ပရိသတ်မှာ တဆိတ်ဟောပြပါ" ဟု တိုက်တွန်းရာ အရှင်တိဿမထေရ်လည်း (ပြဆိုခဲ့သည့်အတိုင်း) အကြောင်းစုံ ရှင်းပြလျှောက်ထားရာ အားလုံး သာဓုခေါ်ကြလေသည်။ ကြည်ညိုအားကျသည့် စိတ်များလည်း တဖွားဖွား ဖြစ်ပေါ်ကြ၏။

"ခုနစ်ရက်မျှတကယ်အားထုတ်လျှင် ဧကန်ဘုရားထူးရနိုင်သည်" ဟု မြတ်စွာဘုရားရှင် အာမခံတော်မူသည်ကို အရှင်တိဿက ထပ်ဆင့်ထောက်ခံကာ စံတင်ပြတော်မူလေပြီ။

အရှင်တိဿမထေရ်လည်း ဒကာတို့လှူသော ဆွမ်းကို ယင်းကဲ့သို့ အလေးအမြတ်ပြု၍ ပူဇော်ရ, ကျေးဇူးဆပ်ရကြောင်း အကျယ်တဝင့် လျှောက်ယင်း လျှောက်ယင်း အသံများ တိမ်၍တိမ်၍ လာ၏။ လက်အုပ်ချီ၍ ငြိမ်သက်စွာ မျက်စိကို စုံမှိတ်လျက်က "ငါ၏ အလောင်းတင်ရာ စံကျောင်းပြာသာဒ်ကို ကျေးဇူးရှင် ဆွမ်းဒကာ ထင်းရောင်းသမား မဟာတိဿလက်နှင့် ထိတို့မှသာလျှင် လှုပ်ရှားရွေ့လျားပါစေသား" ဟု အဓိဋ္ဌာန်ပြီး ခန္ဓာဝန်ကို ပစ်ချတော် မူသွား၏။

http://www.dhammadownload.com



ကြွရောက်လာသော ပရိသတ်များလည်း တိုး၍ပင် သံဝေဂ ဖြစ်တော်မူကြလေ၏။ ကာကဝဏ္ဏတိဿ မင်းကြီးကိုယ်တော်တိုင် ကြွရောက်ပူဇော်ရာ အလောင်းတော်ကို မီးပူဇော်ရန် ရှိသောအခါ ပင့်မ,၍ မရသဖြင့် သံဃမထေရ်ကြီး ပြန်လည် အမိန့်ရှိသည်များကို အထပ်ထပ် စဉ်းစားနေ၏။ မင်းကြီးလည်း ရုတ်တရက် အကြံပေါ်လာသဖြင့် မင်းချင်းယောကျ်ားများအား ထင်းရောင်းသမား မဟာတိဿဆိုသူကို လိုက်လံရှာဖွေ ဆင့်ခေါ်စေ၏။

## ဝမ်းနည်းဝမ်းသာ ဆွမ်းဒကာဘုန်းကံ

ထင်းရောင်းစားရသူ ဆင်းရဲသား ဆွမ်းဒကာ မဟာတိဿ ရှေ့တော်သို့ ရောက်လျှင် မင်းကြီးက—

"အမောင် မဟာတိဿ....၊ လွန်ခဲ့တဲ့ခုနစ်ရက်မြောက်က ခရီးသွား ဘုရားဖူး ရဟန်းတော်တပါးကို ဆွမ်းထုပ်များ ကပ်လှူခဲ့ဖူးသလား။"

"မှန်လှပါ အရှင်မင်းကြီး....၊ ကပ်လှူခဲ့ဖူးပါတယ်။"

"ဘယ်လို ကပ်လှူခဲ့ရတယ်ဆိုတာ အကြောင်းစုံ သံတော်ဦး တင်ပါအုံး။"

ဆွမ်းဒကာ မဟာတိဿသည် ဖြစ်ကြောင်းကုန်စင် သံတော်ဦး တင်ရပြန်လေသည်။ မင်းကြီးသည် ခေါင်းကို အသာညိတ်လျက်—

"အင်း....သာဓု သာဓု၊ ကောင်းပါပြီ မဟာတိဿ၊ ရှိပါစေတော့။ အဲသည်မထေရ်ကို မြင်တွေ့ရလျှင်လည်း သင် မှတ်မိလောက်ပါတယ်၊ သင်ရဲ့ ဆွမ်းတထုပ်ကလဲ သာသနာတော်မှာ အလွန်ကျေးဇူးများပါဘိ၊ ကဲ....ကဲ၊ ရှိပါစေတော့။ ကိုယ့်ချွေးနှီးစာ အလှူဒါနကို အာရုံပြုပြီး ဝမ်းမြောက်စွာ,နေပါ"ဟု မိန့်တော်မူကာ မဟာတိဿအား အလောင်းတော်ကို သွားရောက် ဖူးမြော်စေ၏။

မဟာတိဿလည်း စံကျောင်းပြာသာဒ်ပေါ်မှအလောင်းတော်ကို မျက်နှာတော်ဖွင့်၍ ကြည့်ရာ အံ့အားကြီးသင့်၍ ကြက်သေ သေနေရှာတော့၏။ မည်သို့မျှ မပြောမဆို ငိုင်၍၊ ခေါင်းစိုက်၍သာ နေလေတော့၏။ အတန်ကြာလျှင် မျက်ရည်များ တသွင်သွင် ကျဆင်းကာ ရင်ဘတ်ကိုတီးလျက် အမျိုးမျိုး အထွေထွေ ခရရွတ် မြည်တမ်းရှာလေတော့၏။

မင်းချင်းများက မဟာတိဿအား တဘက်တယောက် တွဲခေါ်ကာ မင်းကြီးထံ အခစားဝင်လာကြရာ မဟာတိဿမှာ မရှက်မကြောက်နိုင်တော့ပဲ—

"မင်းကြီး....၊ကျွန်တော်မျိုး ဦးပဉ္စင်း....ကျွန်တော်မျိုး ဦးပဉ္စင်း၊ ပြန်လွန်တော်မူပြီ" ဟူ၍သာ တ,ဆို ငိုကြွေး နေရှာတော့သည်။ ပရိသတ်ကြီးမှာလည်း

http://www.dhammadownload.com



နောက်ဆုံး မီးသင်္ဂြိုဟ်မည့် အချိန်ကျနေသဖြင့် အလောင်းတော်ကိုလည်း ပင့်မ,၍ မရကြောင်း သိထားကြသည့်အတိုင်း အမျိုးမျိုး ပြောဆို ဝေဖန်နေကြ၏။

မဟာတိဿ ငိုယို မြည်တမ်း၍ ပင်ပန်း နွမ်းဟိုက်နေရာ အတန်ကြာလျှင် မင်းကြီးကပင် "သာသနာတော်မှာ မဟာတိဿ၏ ဆွမ်းတထုပ်သည် အလွန် တန်ဖိုး ကြီးမားကျေးဇူးများကြောင်း" အမျိုးမျိုး ချီးမွမ်း ပြောဆိုကာ နှစ်သိမ့် စေတော်မူ၏။

မဟာတိဿ သဒ္ဓါ ရွှင်လန်း ဝမ်းပန်းတသာ ရှိလာသောအချိန်၌ မဟာ တိဿအား ထီးသုံး နန်းသုံး ဝတ်စားတန်ဆာများကို ချီးမြှင့်လိုက်သည်။ ဆင်းရဲ သားအဝတ်များကို ချွတ်ကာ ချက်ချင်း လဲလှယ် ဝတ်စားစေပြီးနောက် ချစ်စနိုး ခေါ်ဝေါ်ကာ—

"နောင်တော် မဟာတိဿ၊ နောင်တော်ရဲ့စေတနာနှင့် ပါရမီ ဘုန်းကံဟာ ယခု ကြွလာကြတဲ့ ပရိသတ်ကြီးထဲမှာ အကောင်းဆုံး အမြင့်မြတ်ဆုံး ဖြစ်နေတာ ကိုလဲ နောင်တော်မဟာတိဿ သတိထားပါဦး။

"ယခု မီးပူဇော်ဖို့ အချိန်ကျနေပြီ၊ နံ့သာ ထင်းများလဲ အဆင်သင့်ဖြစ် နေပြီ။ နောင်တော် မဟာတိဿပဲ နောက်ဆုံး ပူဇော်ခြင်းအနေဖြင့် အားလုံး ကိုယ်စား ပင့်ဆောင်ပေးပါ"ဟု တိုက်တွန်းစကား ပြောကြားလျှင် မဟာတိဿ လည်း အလောင်းတော် တင်ထားသော စံကျောင်း ပြာသာဒ်တော်သို့ သွား၍ အလောင်းတော်၏ ခြေတော်အစုံကို ရှိခိုးပြီးနောက်—

"ကျေးဇူးရှင် ပိဏ္ဍပါတိက တိဿအရှင်မြတ်ဘုရား၊ တပည့်တော် ဆင်းရဲ သား ဆွမ်းဒကာ မဟာတိဿ အရှင်မြတ် ခြေတော်ရင်းမှာ ရောက်ရှိပါပြီ။ ပူဇော် ခွင့်ပေးတော်မူပါဘုရား"ဟု အလောင်းတင် စံကျောင်း ပြာသာဒ်တော်ကို မိမိ ခေါင်းပေါ်သို့ ချီမ,ပင့်တင်လိုက်ရာ အလွယ်တကူပင် ကြွတက်လာလေသည်။

သူ့ထက်ငါ တိုးဝှေ့ကြည့်ညိုနေကြသော ပရိသတ်ကြီးမှာ မကြုံစဖူးအထူး အံ့သြနေကြ၏။ ပရိသတ်အားလုံး တအံ့တသြ ပြောဆိုနေခိုက် အလောင်းတော် တင်ထားသော စံကျောင်း ပြာသာဒ်တော်သည် မဟာတိဿ ခေါင်းပေါ်၌ ကိန်း ဝပ်နေရာမှ ကောင်းကင်ပျံတက်ကာ အသင့်ပြင်ဆင်ထားသော နံ့သာထင်းပုံကြီး ပေါ်သို့ သူ့အလိုအလျောက် ကြွရောက် ကိန်းစံလေသည်ကို ဖူးတွေ့ကြရ၏။

အလောင်းတော် ထင်းပုံပေါ်သို့ ရောက်လျှင် ရောက်ချင်း နံ့သာထင်းပုံ ကြီးမှာလည်း လေးဘက်လေးတန်မှ မီးလျှံများ အလိုလို တက်ကြွ တောက် လောင်လာကာ အရှင်တိဿမထေရ်အား ပူဇော်ကြလေသတည်း။ (အင်္ဂုတ္တရ အဋ္ဌ ကထာ-၁၊ ၃၉၅-ဝီရိယသမ္ဘာဇ္ဈင်အဖွင့်။ မဓုရ ရသဝါဟိနီ၌ နကုလ ဝတ္ထုဟု လာ၏။ ဝတ္ထုနံပါတ် ၄၄။ အနည်းငယ် ကွဲလွဲ၏။)

http://www.dhammadownload.com



# ပိဂ်လပဗ္ဗရကွိတထေရ်

## တာဝန်ကြီးလှသော ဆွမ်းတလုတ်ကျေးဇူး

သံဃာတော်ဂုဏ် ၉-ပါးတွင် 'လူဒါယကာတို့က ပြုလုပ်သော ရိုသေခြင်း, လေးစားခြင်း, လှူဒါန်းပူဇော်ခြင်းများနှင့် ထိုက်တန်အောင် တုံ့ပြန်သောအားဖြင့် ကျင့်ကြံသော=သာမီစိပ္ပဋိပန္န' ဂုဏ်တော်ဟူသည် အထက်ပါအတိုင်း ကျေးဇူးတုံ့ပြန် ကျင့်ကြံခြင်းကို ဆိုလိုပေသည်။

ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ကြောင်း=ဝီရိယထွက်အောင်လုပ်ရသော အကြောင်း ၁၁-မျိုးတွင်လည်း–

"ဒါယကာနံ မဟပ္ဖလဘာဝ ကရဏေန ပိဏ္ဍာပစာယနတာ=ဒကာတို့၏ ကောင်းမှုကို အကျိုးကြီးအောင် ပြုလုပ်ပေးသောအားဖြင့် ဆွမ်းတုံ့ပူဇော်ခြင်း" ဟူ၍ လာရှိရာ တရားကို ကြိုးကြိုးစားစား အားထုတ်ဖြစ်ခြင်း၏ အကြောင်း တခုပင် ဖြစ်လေသည်။

'မူလပဏ္ဏာသ-မဟာအဿပုရသုတ်'သည် စေတနာသဒ္ဓါတရား ကောင်းကြသော အဿပုရ ရွာသူ ရွာသားများ ရတနာသုံးပါးကြည်ညိုပုံ ထက်သန်လှသဖြင့် ဘုရားရှင်က ရဟန်းတို့အား 'ပိဏ္ဍပါတာပစာယန'= ဆွမ်းတုံ့ ပူဇော်ရန် အထူးသတိပေး ဟောကြားသော သုတ်ဖြစ်ပေသည်။

## ခေါင်းတုံးသဌေး အသက်မွေးနည်း

ရဟန်းသည် ဆွမ်းလောင်းသူကို ဒကာပင် ဖြစ်စေကာမူ မျက်နှာကို မကြည့်ရ၊ ကြည့်လျှင် ဒုက္ကဋ်အာပတ်သင့်လေသည်။ (ဝိ-၄၊၃၇၄။ ယင်း ၄-၁၂၁။ ဝိ–၅-၃၆၇။ ၄-၂၃၃။)

ဆွမ်းရကြောင်း သွယ်ဝိုက်လှည့်ပတ်၍ ပြောဆိုခြင်းကို 'နိမိတ္တကထာ' ရဟန်းတို့ လှိမ့်နည်း မြှူဆွယ်နည်းဟု ဆိုရသည်။ (ဝိသုဒ္ဓိမဂ်-၁၊ ၂၇-စသည်။)

ဆွမ်းခံစားလေ့ရှိသော ရဟန်းသူတော်ကောင်းတို့ကား 'ဘယ်တော့များမှ မိုးထဲလေထဲ ဆွမ်းခံစားရပါ့မလဲ'ဟုပင် တောင့်တကြ၏။ ဂုဏ်ယူကြ၏။ ဘုရားရှင်သည်ပင် ဘုရားဖြစ်တော်မူစ ခမည်းတော်ကြီး၏ ဆွမ်းကို မစား၊ 'ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ=ဆွမ်းခံဝတ်ကို မချတ်ရာ' ဟု သင်ခန်းစာ ပေးတော်မူရန် ဆွမ်းခံကြွ၍ ဘုဥ်းပေးတော်မူ၏။

ထိုသို့ မဟုတ်မူ၍ ကျောင်းမှာပင် ဆန်ဆီဆား ငါးပိ သိုလှောင်ကာ ချက်ပြုတ် စားသောက်သော ရဟန်းများလည်းရှိတတ်ရာ ထိုရဟန်းမျိုးမှာရဟန်း

http://www.dhammadownload.com



ကျင့် ကျင့်သူ မဆိုရ။ 'မုဏ္ဍကုဋုမ္ဗိက ဇီဝိက= ခေါင်းတုံးသဒ္ဒေးအသက်မွေးနည်း' ဟု ခေါ်၏။ (ဒီ-ဋ္ဌ-၁၊ ၈၁-အာမိသပုဒ်အဖွင့်။) ရဟန်းကျင့် မကျင့်၊ လူကျင့် ကျင့်သော ထိုရဟန်းမျိုးသည် သာသနာ့ကွယ်ကြောင်းပင် ဖြစ်၍ သာသနာကို ရ'ပြုစော်ကားသူဟုလည်း ခေါ်ရသည်။ (ပဥ္စက အင်္ဂုတ္တရ-အနာဂတ ဘယသုတ်။)

ရဟန်းတော် အရှင်မြတ်တို့သည် မိမိတို့ အင်အားအလိုက် ပစ္စည်းလေးပါး ဒကာ, ဒကာမတို့ အကျိုးစီးပွား ချမ်းသာ များအောင် အမြဲတစေ ကြောင့်ကြ စိုက် စောင့်ရှောက်တော်မူကြမြဲ ဖြစ်၏။

ယင်းသို့ အလှူဝတ္ထုစင်ကြယ်အောင်၊ အကျိုးကြီးအောင် ဆောင်ရွက်သူတို့ တွင် 'အရှင်သုဘူတိ' သည် ဧတဒဂ်ရတော်မူ၏။ ဆွမ်းခံ ကြွတော်မူလျှင် အိမ်တအိမ် ရှေ့သို့ ရောက်သည်နှင့် တပြိုင်နက် မေတ္တာစျာန်ကို ဝင်စားတော်မူ၏။

"ဆွမ်းဒကာ ဒကာမတွေကအစ သတ္တဝါတွေအားလုံး ချမ်းသာကြပါစေ" ဟူသော မေတ္တာစျာန်ကိုဝင်စားပြီးမှသာလျှင် ထိုအိမ်က ဆွမ်းကိုအလှူခံတော်မူ၏။ ရဟန်းတော်များ မေတ္တာပွားရှိကလေး ပွားကာမျှဖြင့်ပင် ဆွမ်းဖိုး ကျေသည်ဟု (ဧကက အင်္ဂုတ္တရ-အစ္ဆရာသင်္ဃာတဝဂ်၌)လည်း ဟောတော်မူထားလေသည်။ (အရှင်သုဘူတိအကြောင်းအကျယ်ကို မေတ္တာဝါဒ (ဗြဟ္မဝိဟာရအဖွင့်)၌ ရေးခဲ့ပြီ။)

ထိုအတူ အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးလည်း ဆွမ်းခံရာ အိမ်ရှေ့၌ နိရောဓသမာပတ် ဝင်စားပြီးမှသာလျှင် ဆွမ်းကို အလှူခံယူတော်မူလေ့ရှိသည်။

သီဟိုဠ်ကျွန်း၌လည်း ပေါရာဏကမင်း လက်ထက် ပိင်္ဂလ ဗုဒ္ဓရက္ခိတမထေရ် ဟူ၍ ရှိ၏။ ထိုမထေရ်သည် ဥတ္တရဂါမရွာကြီး (ဥတ္တရဝစုမာနတောင်၊ အမ္ဗရိယ ကျောင်း)၌ သီတင်းသုံးရာ ထိုရွာကြီးမှာ အိမ်မျိုး (မိသားစု) ခုနစ်ရာ နေထိုင် ကြသော ရွာကြီးဖြစ်သည်။ ပိင်္ဂလဗုဒ္ဓရက္ခိတ မထေရ် သမာပတ် မဝင်စား ဖူးသော အိမ်တံခါးဝဟူ၍မရှိ၊ အိမ်ပေါက်စေ့ သမာပတ် ဝင်စားတော်မူသည်။ ဆွမ်းဒကာ, ဒကာမများ အကျိုးစီးပွားများစေရန် ဒက္ခိဏေယျ, သာမီစိပ္ပဋိပန္န ဖြစ်အောင် ကျင့်ဆောင်တော်မူခြင်း ဖြစ်လေသည်။

ထိုမထေရ်၏ ဒကာတဦးလည်း သီလကို အသက်နှင့် လဲနိုင်သူအဖြစ် ဝိရတီ ဝတ္ထု (မ-ဋ္ဌ-၁၊ ၂၀၇။ သံ-ဋ္ဌ-၂၊ ၁၃၉၊ အဋ္ဌသာလိနီ-၁၄၆ စသည်)များ၌ စံတော်ဝင် ဥပါသကာအဖြစ် မော်ကွန်းတင် ခံရသူဖြစ်လေသည်။

(မ-ဋ္ဌ-၄၊ ၁၉၃-၄-အရဏဝိဘင်္ဂသုတ်အဖွင့်။)

http://www.dhammadownload.com



## ဆင်းရဲသားဆွမ်းကို ကျေးဇူးဆပ်သူ

# မဟာမိတ္တထေရ်

အဃျမိတ္တဟုလည်း ခေါ်သော မဟာမိတ္တထေရ်သည် ကဿက လိုဏ်ဂူတောကျောင်း၌ သီတင်းသုံးတော်မူ၏။ မထေရ် ဆွမ်းခံရွာမှ သူဆင်းရဲ သားအမိသည် မထေရ်အား သားရင်းတမျှ ကြည်ညိုလုပ်ကျွေးကြသည်။

တခုသောနံနက် ဆွမ်းခံဝင်ချိန် ကျရောက်သဖြင့် မထေရ်သည် လိုဏ်ဂူမှ ထွက်ကာ သက်န်းရုံပြီးလျှင် အသင့်ထားသော သပိတ်ကို လှမ်းယူလိုက်စဉ် (ဠိကာ အလို အဘိညာဉ်ဖြင့်) ရုတ်တရက် သားအမိ စကားပြောဆိုသံကို ကြားလိုက်မိသည်။ မတ်တတ်ရပ်လျက်က စကားဆုံးအောင်ပင် နားထောင်နေမိ၏။ မိမိအား သားတမျှ လေးစားကြည်ညိုကာ ဆွမ်းဝတ်ပြုနေကြသော သားအမိနှစ်ဦး အချီအချ စကားပြောနေခြင်း ဖြစ်၏။ တောထဲသို့ အလုပ်ထွက်ခါနီး မိခင်ကြီးက သမီးအား–

"သမီးရေ....ခဏလာအုံး၊ အမေ အလုပ်သွားအုံးမယ်၊ မီးဖိုချောင်က အိုးထဲမှာ ဆန်ဟောင်းကလေး ဖွပ်ရွေးပြီး ထားခဲ့တယ်။ အဲဒီနားမှာ နို့ရော ထောပတ်တင်လဲရော အဆင်သင့် ထားတယ်။ သင့်အစ်ကိုကြီး ဆွမ်းခံကြွလာတဲ့ အခါ ကောင်းကောင်း မွန်မွန် ချက်ပြီး လောင်းရစ်၊ နို့နဲ့ ထောပတ်တင်လဲ လှူလိုက်၊ ကျန်တာ သမီးလဲစားပေါ့။ အမေတော့ မနေ့က ကျန်တဲ့ ထမင်းကြမ်း အသိုးကိုပဲ ဆန်ပုန်းရည်နှင့် စားပြီးပြီ။"

"နေ့လယ်စာကော အမေ ဘာစားမလဲ။"

"ဆန်ကွဲကလေးကို ဆန်ပုန်းရည်နှင့် ကျိုထား၊ ချခါနီး ဟင်းရွက်ကလေး ခတ်လိုက်၊ ဒါဆို တို့သားအမိ တော်ရောပေါ့။"

မဟာမိတ္တထေရ်သည် သားအမိ ပြောဆိုသံကို အစမှ အဆုံးတိုင် နားစွင့်ပြီးနောက် မတ်တတ်ရပ် သပိတ်ကိုင်လျက် တွေတွေကြီး စဉ်းစားနေမိ၏။ သာမန်အားဖြင့် မိမိထင်ထားသည်နှင့် တခြားစီ ဖြစ်နေ၍ ကြောင်ကြောင်ကြီး ရပ်ကာ ငိုင်နေမိ၏။

"မဟာမိတ္တ....၊ မင်းကြားရဲ့လား၊ သူ့ခမျာမျာ ထမင်းကြမ်း ထမင်းသိုးနဲ့ ဆန်ပုန်းရည်နဲ့ ထမင်းတထပ် မသေရုံ စားကြရရှာတယ်။ မင်းအတွက်တော့ ဆန်ကောင်း ဆန်းဟောင်းကလေးနဲ့ နို့ထောပတ်တင်လဲနဲ့ အကောင်းဆုံး လောင်းလှူဖို့ စိတ်စောနေရှာကြရတယ်။

http://www.dhammadownload.com



"ဒီလို လှူတာဟာ မင့်ဆီက လယ်ယာ မိုးမြေ ရွှေငွေရတနာ ဘာတွေကိုမှ မျှော်လင့်ပြီး လှူကြတာမဟုတ်ဘူး၊ ဘာဆွေမျိုးမှလဲမတော်၊ မင့်ကို မှီခိုနေကြရတဲ့ မင်းရဲ့ အလုပ်အကျွေး အခိုင်းအစေလည်းမဟုတ်။

"သူတို့ဟာ လူ နတ် နိဗ္ဗာန် သုံးတန်ချမ်းသာကို လိုချင်နေကြတယ်....၊ ကောင်းပြီ၊ မင်းကကော သူတို့ လိုချင်နေတဲ့ ချမ်းသာကို ပေးနိုင်မတဲ့လား။

"ဘုရားရှင်ကလဲ ဒီလို ပစ္စည်း ကောင်းတွေကို သုံးစွဲပြီး အိပ်လိုက် စားလိုက်နဲ့ ကြောင့်ကြမဲ့ တကိုယ်ကောင်းချမ်းသာ (ဇိမ်ခံ)ဖို့ ပေးသနားခွင့် ပြုခဲ့တာ မဟုတ်ဘူး။ တရားသဖြင့်၊ သဒ္ဓါသဖြင့် သူတပါးလှူတဲ့ ပစ္စည်းလေးပါးကို သုံးစွဲပြီးသကာလ ရဟန်းတရား အားထုတ်ကာ ကိုယ်တိုင် သံသရာဘေးက လွတ်အောင်၊ ဒကာ ဒကာမတွေကိုလဲ ဟောပြောညွှန်ပြ ဆုံးမနိုင်အောင် ရည်ရွယ်ပြီး ပေးသနားခွင့် ပြုခဲ့တာ မဟုတ်လား။

"မဟာမိတ္တ....၊ မင်းစဉ်းစား၊ မင်းဟာ ရာဂ၊ ဒေါသ၊ မောဟတွေ ဒင်းကြမ်းနဲ့ ဒီဆွမ်းမျိုးကို မစားထိုက်တော့ဘူး။ မင်း ဒီအတိုင်းသာဆိုယင် ဘယ်နည်းနှင့်မှ စားလို့ မတော်ပေဘူး။ မင်းစဉ်းစား။"

မဟာမိတ္တသည် ဆွမ်းခံကြွရန် ဟန်ပြင်နေရာမှ သူဆင်းရဲ သားအမိ၏ စကားသံကြောင့် လွန်စွာ သံဝေဂ ဖြစ်သွား၏။ သုတ်လက်စ သပိတ်ကို သပိတ်အိတ်ထဲထည့်ကာ ခုတင်အောက် ထိုးသွင်းထားလိုက်သည်။ သင်္ကန်းရုံထားသည်ကိုလည်း ဖျက်ကာ သင်္ကန်းတန်း၌ တင်လွှမ်းထားလိုက်၏။ ထို့နေ့အတွက် ဆွမ်းခံလည်းမကြွ၊ ဆွမ်းလည်း မစားတော့ပဲ ကဿက လိုဏ်ဂူထဲသို့သာ ကြွဝင်သွားလေ၏။

"ငါသည် အရဟတ္တဖိုလ်ဆုကြီးကို မရသမျှ ကာလပတ်လုံး ဤလိုဏ်ဂူမှ မထွက်တော့"ဟုပင် သန္နိဋ္ဌာန်ချလိုက်၏။ သမ္မပ္ပဓာန်ဝီရိယမြှင့်တင်တော်မူလိုက်သည်။ မထေရ်သည် ရှေးယခင်ကပင် နေ့ညဥ့်မပြတ် ဝိပဿနာတရားကို ကြိုးစားအားထုတ်တော် မူခဲ့သော မထေရ်တပါး ဖြစ်တော်မူ၍ မွန်းမလွဲမီ အချိန်ပိုင်းအတွင်းမှာပင် ရဟန်းကိစ္စ ပြီးတော်မူသွား၏။

နေအရှဏ်သင့်၍ ပွင့်သော ကြာပန်းအသွင် ကြည်ရွှင် လန်းဆန်းလျက် လိုဏ်ဂူမှထွက်တော်မူစဉ် လိုဏ်ဂူပေါက်အနီးရှိသစ်ပင်မှ ရုက္ခစိုးနတ်မင်းကြီးသည် ဤသို့ ဥဒါန်းရင့်ကြွေးကာ ကောင်းချီးပေးလေ၏—

နမောတေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။

ယဿ တေ အာသဝါ ခီဏာ၊ ဒက္ခိဏေယျောသိ မာရိသ။ ။

"အို.... အာဇာနည် ယောကျ်ား အရှင်မြတ်ဘုရား၊ အရှင်မြတ်အား အကျွန်ုပ် ရှိခိုးပါ၏။ အို-ယောကျ်ားမြတ် ဖြစ်တော်မူသော အရှင်မြတ်ဘုရား၊ အရှင်မြတ်အား အကျွန်ုပ် ရှိခိုးပါ၏။ အရှင်မြတ်အား ကိလေသာ အာသဝေါတို့

http://www.dhammadownload.com



ကွာလျော့ခန်းခြောက် ကုန်လေပြီ ဖြစ်၍ လှူရသူ အကျိုးကြီးအောင် ချီးမြှောက်တော်မူနိုင်ပါပြီ အရှင်မြတ်ဘုရား။''

ဥဒါန်းကျူးရင့်ပြီးလျှင် (ဆွမ်းခံချိန် ရှိသေးကြောင်း သတိပေးသည့်အလား) "အရှင်မြတ်ဘုရား၊ အရှင်မြတ်တို့ ကဲ့သို့သော ဆွမ်းအလှူခံ ရဟန္တာအရှင် မြတ်တို့အား ဆွမ်းလှူရသော ဒကာ, ဒကာမတို့သည် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော ဘေးဒုက္ခတို့မှ ကင်းဝေးခွင့်ရကြပါမည် အရှင်မြတ်'' ဟုလည်း လျှောက်ထားလိုက်၏။

မဟာမိတ္တထေရ်သည် အချိန်ကို ကြည့်လိုက်ရာ ဆွမ်းခံချိန် ရှိနေသေးသဖြင့် ရွာတွင်းသို့ ဆွမ်းခံကြွလေ၏။ သူဆင်းရဲ သမီးလည်း မိခင်ကြီး မှာထားသည့်အတိုင်း ကောင်းမွန်စွာ ချက်ပြုတ်၍ ထားရာ အချိန်ကျသော်လည်း ကြွလာတော်မမူသဖြင့် လမ်းဘက်သို့ တမျှော်မျှော် ဖြစ်နေသည်။

အိမ်ထဲသို့ ကြွဝင်လာလျှင်ပင် ဝမ်းသာအားရ သပိတ်ကို လှမ်းယူ၍ ထောပတ်တင်လဲ များနှင့် ကျိုချက်ထားသော နို့ဃနာဆွမ်းကို ထည့်လှူ ဆက်ကပ်လိုက်၏။

"ချမ်းသာကြပါစေ''ဟု ဆုပေးကာ ကြွတော်မူလျှင် သူဆင်းရဲ သမီးလည်း မျက်စိတဆုံး ကြည့်ကာ ပီတိဖြစ်နေရှာ၏။ ကိုယ်တိုင် ကြောင့်ကြ စိုက်ထုတ်၍ လှူရသော ဒါနဖြစ်သည့်အပြင် အစ်ကိုကြီးပမာ လွန်စွာ ကြည်ညိုနေသော မဟာမိတ္တထေရ်၏ အသားအရေကို ဖူးရသည်မှာ ခါတိုင်းနှင့်မတူ၊ ပို၍ သန့်ရှင်း ကြည်လင်ကာ အရောင် ထွက်နေသလားဟုပင် ထင်ရ၏။ "ချမ်းသာကြပါစေ'' ဆိုသော အသံနှင့် အမူအရာတွေကလည်း ခါတိုင်းထက်ပို၍ ကြည်ညိုဖွယ်ကောင်း နေ၏။ မျက်နှာတော်ကလည်း အညှာမှ ကျွေစ ထန်းသီးမှည့်ကဲ့သို့ ကျက်သရေ ရှိလှသည်ဟု ထင်မိ၏။

ထိုသို့ စဉ်းစားနေခိုက် မိခင်ကြီး တောအလုပ်ခွင်မှ ပြန်ရောက်လာ၍—

"သမီးရေ....၊ သင့် အစ်ကိုကြီး ဆွမ်းခံကြွလာရဲ့ မဟုတ်လား''ဟု အိမ်ထဲ မဝင်မီကပင် လှမ်း၍ မေးနေသဖြင့် အကြောင်းစုံ ဖြေဆို ပြောပြရသည်။ ခါတိုင်း နေ့ထက် ပို၍ ကြည်ညိုဖွယ် ကောင်းပုံကို သူမ ထင်သည့်အတိုင်း အသေးစိတ် ပြောပြရာ 'ငါ့သားကြီး....။ ဒီကနေ့ ရဟန်းကိစ္စ ပြီးလေဗုကိုး' ဟု အတပ်သိသော မိခင်ကြီးက—

"အေး....၊ ညည်း အစ်ကိုကြီးတော့ သာသနာတော်မှာ ပျော်ပျော်ကြီး နေသွားနိုင်ပြီပေါ့အေ''ဟု ပြောကာ ဆင်းရဲသား သားအမိ နှစ်ဖော်လည်း အပျော်ဆုံးနေ့ ဖြစ်နေကြလေသတည်း။ (အံ-ဋ္ဌ-၁၊ ၃၉၃။ ဒီ-ဋ္ဌ-၂၊ ၃၇၉။ မ-ဋ္ဌ-၁၊ ၂၉၀။ သံ-ဋ္ဌ-၃၊ ၁၉၆)

http://www.dhammadownload.com



## သောတာပန်ရဟန်း လူထွက်၊ မထွက်

အနာဂါမ်၊ ရဟန္တာ ဖြစ်သွားသော ပုဂ္ဂိုလ်များ လူမထွက်တော့ကြောင်း ရည်ရွယ်၍ ပြောခြင်း ဖြစ်ပေသည်။

(စကုက္က အင်္ဂုတ္တရ-ပုတ္တသုတ်၊ ပပတိကသုတ်၊ တိက-ပထမသိက္ခာသုတ်၊ နိဒါနသံယုတ်-ကဋ္ဌာရသုတ် ပါဠိနှင့် အဋ္ဌကထာ၊ ဝိ-ဌ-၁၊ ၃၁-၂၀၉။ ပုဂ္ဂလပညတ် အဋ္ဌကထာ-၇၀-တို့၌ ကြည့်ပါလေ။ သောတာပန် ရဟန်းမှာမူတား ဝိဝေက နိဋ္ဌမဖြစ်လျှင် လူထွက်နိုင်သေးကြောင်း ကျေးဇူးရှင်မဟာ စည်ဆရာတော်ဘုရားကြီး ဆုံးဖြတ်တော်မူ၏။)

## ဆွမ်းခံယင်း ငှက်သင့်သော တိဿဘူတိထေရ်

တိဿဘူတိခေါ် ရဟန်းငယ်တပါးလည်း ကလ္လရွာ မဏ္ဍလာရာမကျောင်းတိုက်ကြီး၌ပင်နေ၍ ဝိနည်းပိဋကကို သင်ယူနေ၏။

တနေ့သောအခါ ရွာတွင်းသို့ ဆွမ်းခံကြွယင်း ဝိသဘာဂ (မာတုဂါမ) တဦးကို မြင်မိရာမှ စွဲလမ်းတပ်မက်သောစိတ်က အတွင်းကျိတ် ထိုးအောင့်လာကာ တဏှာခြောင့်စူးဝင်ခြင်း ပြင်းစွာ ခံစားရရှာ၏။ ဆောက်ဘည်ရာမရအောင် ပြင်းထန်လှသဖြင့် ရှေ့ဆက်၍ မကြွတော့ပဲ ရပ်ထားသော ခြေကိုပင် မလှုပ်မယှက်ထိန်းမတ်ပြီး သပိတ်ထဲက ယာဂုကိုပင် နောက်ပါကျောင်းသားငယ်၏ သပိတ်ထဲသို့ သွန်ထည့်ကာ ထိုနေရာမှ လှည့်၍ ပြန်ခဲ့သည်။

"ဒီ ကာမဝိတက်ကြီးသာ ကြီးထွားလာယင် ငါ့ကို အပါယ်ချတော့မှာ အမှန်ပဲ"ဟု ထိတ်လန့်သွား၏။

ကျောင်းသို့ ရောက်လျှင် ရောက်ချင်း စာချ ဆရာတော်ထံ သွားရောက်ဦးချကာ—

"ဆရာတော်ဘုရား၊ တပည့်တော် ရုတ်တရက် ရောဂါတခု ဖြစ်ပေါ်ခံစားနေရပါတယ်။ အမြန်ကုစားပစ်လိုပါတယ်ဘုရား၊ ဘုရားတပည့်တော် ဒီရောဂါကို ကုလို့ပျောက်လျှင် ကျေးဇူးရှင် ဆရာ့ထံ ပြန်လာခဲ့ပါမယ်၊ မပျောက်လျှင် လာတော့မည် မဟုတ်ပါဘုရား။ ထို့ကြောင့် နေ့ခင်းစာဝါနှင့် ညနေပိုင်း စာဝါများအတွက် ဘုရားတပည့်တော်ကို စောင့်မနေပါနှင့် ဘုရား။ သို့သော်လဲ နောက်တရက် နံနက်ပိုင်းစာဝါကိုမူ ဆိုင်းငံ့ထားနိုင်လျှင် ဆိုင်းငံ့ စေချင်ပါတယ်။

http://www.dhammadownload.com



ခွင့်ပြုတော်မူပါဦးဘုရား”ဟုလျှောက်ကာ ချက်ချင်းပင်ထွက်ခွာ၍ မလယကျောင်း မဟာသံဃရက္ခိတ မထေရ်ကြီးထံ သွားရောက်လေ၏။

သံဃရက္ခိတ မထေရ်ကြီးလည်း ကျောင်းရှိ သစ်ရွက်မိုး တရားမဏ္ဍပ် အတွင်း၌ အသုံးအဆောင်များ နေရာတကျ သိမ်းဆည်းနေသည်ကို တွေ့ရလျှင် အနီးသို့သွား၍ ဦးချလိုက်၏။

မထေရ်ကြီးသည် သပိတ်ကိုလွယ်၊ နှစ်ထပ်သင်္ကန်းကြီး ပခုံးပေါ်တင်ကာ အမောတကော ရောက်လာသော တိဿဘူတိ ရဟန်းငယ်အား ကြည့်မျှပင် မကြည့်မူ၍—

“ငါ့ရှင်၊ သင်၏ သပိတ်သင်္ကန်းများကို နေရာတကျ သိမ်းဆည်းထား ချေဦး”ဟု မိန့်တော်မူလျှင်—

“အရှင်ဘုရား၊ တပည့်တော်မှာ ရောဂါဝေဒနာတခု စွဲကပ် နေပါတယ်။ ဒီရောဂါကို ကုသပေးနိုင်လျှင် ဘုရားတပည့်တော် သပိတ်သင်္ကန်းများကို နေရာ တကျ သိမ်းဆည်းပါ့မယ်ဘုရား”ဟု လေးစား ခြေငံစွာ ပြန်၍ လျှောက်၏။

“ငါ့ရှင်....၊ ယခု သင့်ရောဂါကို ကုပေးနိုင်တဲ့ ဆရာသမားထံမှာ ရောက် နေပြီကပဲ၊ သိမ်းသာ သိမ်းထားလိုက်”ဟု မိန့်တော်မူ၍ ‘ဒီဆရာတော်ကြီးဟာ မသိမမြင်ပဲနဲ့ ဒီလို မမိန့်တန်လောက်ဘူး’ဟု ဆင်ခြင်မိကာ သပိတ်သင်္ကန်း သိမ်း ဆည်းချထားပြီး ဝတ်ကြီး ဝတ်ငယ်များပြုလျက် မထေရ်ကြီးအနီး ချဉ်းကပ် ရှိခိုး နေ၏။

မထေရ်ကြီးသည် ‘ဤမောင်ပဉ္စင်းကား ရာဂ စရိုက်ရှိသော သူပေပဲ’ဟု ဆင်ခြင်တော်မူကာ အသုဘ ကမ္မဋ္ဌာန်းကို စီးဖြန်းတတ်အောင် ဟောကြား သင်ပြပေးတော်မူ၏။ တိဿဘူတိ ရဟန်းငယ်လည်း တရားပေးပြီးသည်နှင့် ကြာ ကြာ မထိုင်တော့ပဲ ချက်ချင်း နေရာမှထကာ ချထားသော သပိတ်သင်္ကန်းများကို ကောက်ယူ၍ ပခုံးတဘက်၌ လွယ်ပြီးလျှင် မထေရ်ကြီးအား မတ်တတ်ရပ်လျက် အကြိမ်ကြိမ် ဦးနှိမ်ရှိခိုးနေလေ၏။

“ငါ့ရှင် မဟာဘူတိ၊ အဘယ့်ကြောင့် အလွန် အမင်း အကြိမ်ကြိမ် အရို အသေပြုနေရလဲ”ဟု မေးတော်မူလျှင်—

“မှန်လှပါ ကျေးဇူးရှင်ကြီးဘုရား၊ (ဘုရားအစရှိသော ဆရာသမားများ ဟာ နည်းပေးရုံသာ တတ်နိုင်ကြပြီး ကိုယ့်အလုပ် ကိုယ်လုပ်ကြရမှာပါဘုရား) ကိုယ်လုပ်ရမယ့်အလုပ် ကိုယ်သိပြီး အဟုတ်လုပ်နိုင်မှပဲ ကောင်းပါတယ်ဘုရား။ မလုပ်နိုင်ယင် နေရာမကျပါ။ ခွင့်ပြုပါဦးဘုရား။ ဒါ နောက်ဆုံး ဖူးမြော်ကန် တော့ခြင်းပါ ဘုရား။”

http://www.dhammadownload.com



အရှင်တိဿဘူတိက မတ်တတ်ရပ် လျှောက်ထားယင်း ထွက်ခွာမည်အပြု-

"သာဓု သာဓု ငါ့ရှင် မဟာဘူတိ၊ ကြွပေဦးတော့။ သို့ကလောက် ဇွဲလုံ့လ ရှိသော ပုဂ္ဂိုလ်များအတွက် ဈာန်မဂ်ဖိုလ်တရားဟာ မရနိုင်စရာ အကြောင်းမရှိပါဘူး ငါ့ရှင်" ဟု ကောင်းချီး ပေးတော်မူလိုက်သည်။

အရှင်တိဿဘူတိလည်း အလာကပင် အရိပ်အာဝါသ ကောင်း၍ ဆိတ်ငြိမ်သော ချုံပုပ္ပောင်းတခုကို ရည်ရွယ် သတ်မှတ်ပြီး လာခဲ့ရာ ထိုနေရာအရောက် ထိုချုံဖုတ်ထဲသို့ ဝင်ရောက် နေခိုတော်မူလိုက်၏။ ဆရာသမား မိန့်မှာသည်များကိုလည်း ဦးထိပ်တွင် သံမှိုနှက်သကဲ့သို့ အလေးအနက် ခံယူကာ ထိုချုံအတွင်းမှာပင် ပံ့သုကူသက်န်းကို ဖြန့်ခင်းပြီးနောက် တင်ပျဉ်ခွေထိုင်၍ မိမိဆံပင် မွှေးညင်းမှအစ တကိုယ်လုံး၏ မတင့်မှတယ် စက်ဆုပ်ဖွယ် သဘောများကို တခုပြီး တခု နှလုံးသွင်းလေ၏။

အသုဘ ကမ္မဋ္ဌာန်းကို နှလုံးသွင်းရာ ဥပစာရသမာဓိမှ အပ္ပနာသမာဓိကျအောင် မိမိရရ ရှုပွားနိုင်လာ၏။ ယင်း အသုဘ ကမ္မဋ္ဌာန်းကို အခြေခံ၍ ခန္ဓာကိုယ်၏ ရုပ်နာမ်နှစ်ချက် ဖြစ်ပျက်သဘာဝကို ဆက်လက် သုံးသပ်ရာ တညလုံး အိပ်စက်ချိန်ပင် မထားတော့ပေ။ နံနက် အရုဏ်တက်သည်နှင့် ရဟန်း ကိစ္စပြီးမြောက်လေတော့၏။

အရှင်တိဿဘူတိသည် နေအရုဏ်တက်သည်နှင့် ထို ချုံပုပ္ပောင်းထဲမှ ထွက်ခွာ၍ ကလျာဏ မဏ္ဍလာရာမ ကျောင်းတိုက်ကြီးသို့ ပြန်လည် ကြွလာခဲ့၏။ ကျောင်းထိုင် စာချ ဆရာတော်လည်း နံနက်ခင်း စာဝါကို ချပို့ရန် ပြင်ဆင်ယင်း အရှင်တိဿဘူတိ၏ အမှာစကားအရ သူ့အား စောင့်ကြိုတော်မူလျက် ရှိလေသတည်း။

(မူလပဏ္ဏာသ အဋ္ဌကထာ-၁၊ သဗ္ဗာသဝသုတ်အဖွင့် ၆၇-၌) 'အရှင်တိဿဘူတိ' ဟု လာ၏။ မထေရ်ငယ်ကား ဉာဏ်ထက်မြက်သူဖြစ်၍ စုပေါင်း ရွတ်ဆိုရာ၌ ခေါင်းဆောင်သူဖြစ်ကြောင်း၊ တရားရှုမှတ်ရာ အနာဂါမ် ဖြစ်သွားသော်လည်း 'ငါ အနာဂါမ်ဖြစ်ပြီ' ဟု စာပေ ပရိယတ္တိ၌ တွန့်ဆုတ်မှု မရှိပဲ နောက်တနေ့ နံနက် စာဝါအမီ ရောက်လာကြောင်း ယင်းဋီကာ၌ ဆိုလေသည်။

ကိလေသာ အာသဝေါတရားတို့ကို မဖြစ်စေရန် ကာကွယ် နှင်ထုတ်နည်းအမျိုးမျိုးကို ယင်း 'သဗ္ဗာသဝသုတ်' ၌ ဟောတော်မူရာ အရှင်တိဿဘူတိကဲ့သို့ စာပေသင်ကြားခြင်း၊ ဆွေးနွေး မေးမြန်းခြင်း၊ ကမ္မဋ္ဌာန်းပေးတတ်သူထံ ချဉ်းကပ်နာယူခြင်းများ ပြုလုပ်ကာ သင့် မသင့် ဆင်ခြင်နိုင်သော ဉာဏ်မျက်စိရအောင် ကြိုးစားရမည်ဟု ဖော်ပြလေသည်။

(ပရိယတ္တိ အရှင်များ နမူနာယူဖွယ် ဖြစ်လေသည်။)

http://www.dhammadownload.com



## အဖမ်းမခံရသော ဆွမ်းခံကိုယ်တော်

# စူဠပိဏ္ဍပါတိယ တိဿထေရ်

စူဠပိဏ္ဍပါတိယ တိဿ ခေါ်သော မထေရ်တပါးသည် မိမိဂေါစရဂါမ် ရွာသို့ ဆွမ်းခံကြွတော်မူရာ သဒ္ဓါကြည်ညိုသော ဒကာမကြီး တဦးသည် ၁၂-နှစ် တိုင်တိုင် ဆွမ်းဝတ်ပြုလေ၏။

တနေ့သ၌ ထိုဆွမ်းခံရွာမီးလောင်ရာ အိုးအိမ် အသုံးအဆောင်များ ဆုံးရှုံး နစ်နာကြရလေ၏။ ဒကာ,ဒကာမများနှင့် ချမ်းသာမကွဲ ဆင်းရဲအတူ (သဟသော ကီ, သဟနန္ဒီ)လူနှင့်ရောနှောကာ လူပေါင်း ပေါင်းသော ကုလူပကဘိက္ခုခေါ် အိမ်လည်ရဟန်း ဆွမ်းခံကိုယ်တော်များမှာ ရွာမီးလောင်သည် ကြားရသည်နှင့် သက်ဆိုင်ရာ ဒကာ, ဒကာမများထံ ရောက်သွားကြ၏။

"ကိံ ဉပါသိကေ အပိ ကိဉ္စိ ဘဏ္ဍကံ အရောဂံ ကာတုံ အသက္ခိတ္ထ=ဘယ့် နှယ်လဲ ဒကာမကြီး....၊ အတွင်းပစ္စည်းကလေး ဘာလေးများ တော်တော် ရလိုက် သေးရဲ့ မဟုတ်လား"စသည်ဖြင့် မီးသတင်း မေးကြလေသည်။

၁၂-နှစ်တိုင်တိုင် ရိုရိုသေသေ လေးလေးမြတ်မြတ် ဆွမ်းဝတ်ပြုနေသော ဒကာမကြီးမှာလည်း 'အမေကြီး'ဟု ခေါ်ကာ တရွာလုံးက လေးစားရသော ဒကာမကြီးဖြစ်၏။ ထိုဒကာမကြီးအိမ်လည်း မီးထဲပါသွားရာ အုတ်နံရံမျှသာ ကျန်ရစ်လေ၏။

၁၂-နှစ်တိုင်တိုင် ဆွမ်းခံကိုယ်တော်အား ဆွမ်းဝတ်ပြုနေရာ ဒကာမကြီး ကလည်း ဆွမ်းခံ ကိုယ်တော်ထံ မည်သည့် အကူအညီမျှ မတောင်းခံစဖူး၊ ကိုယ် တော်ကလည်း တရားနှင့်စပ်၍ မေးလျှောက်လျှင် တခွန်းစ နှစ်ခွန်းစ အမိန့် ရှိသည်မှတပါး လာဘ်ရရာရကြောင်း အရေးတဝင် ခင်မင်လေဟန် တရင်းတနှီး ပြောဆိုဆက်ဆံခြင်း၊ တစုံတရာ အလှူခံခြင်းမရှိ။ အချိန်ကျလျှင် ဆွမ်းလောင်း သူက လောင်း၍ အလှူခံသူက အလှူခံပြီး ပြန်ကြွမြဲ ဖြစ်၏။

ထိုအခြင်းအရာကို သိထားသော အိမ်နီးနားချင်းများက မီးလောင်၍ အုတ် နံရံကလေးမျှသာ ကျန်နေရာ ထိုနံရံအရိပ်မှာပင် ဆွမ်းကွမ်းများ စီစဉ် လုပ်ကိုင် နေသော ဒကာမကြီးအား—

http://www.dhammadownload.com



"အမေကြီး....၊ အမေကြီး ကိုယ်တော်ကတော့ ဆွမ်းစားချိန်ကျမှပဲ လာလိမ့်မယ်ထင်တယ်။ ဆွမ်းစားချိန်ကျယင်တော့ မနေပါဘူး လာမှာပါ"စသည်ဖြင့် ခနဲ့၍ ပြောင်လှောင် ပြောဆိုကြ၏။

မထေရ်လည်း ဆွမ်းစားချိန်ကျ၍ ကြွလာလေရာ လူဒကာ, ဒကာမတို့နှင့် ရင်းရင်းနှီးနှီး တအိမ်ဝင် တအိမ်ထွက် နှုတ်ဆက် ပြောဆိုလေ့ရှိသော ကုလူပကရဟန်းများလည်း ဆွမ်းကိစ္စပြီး၍ အသီးသီး မိးကြောင်း ရွာကြောင်း ပြောဆိုနေကြလေသည်။

ဒကာမကြီးလည်း မိမိကိုယ်တော် ကြွလာလျှင် ထုံးစံအတိုင်း ကောင်းမွန်စွာ စီမံဆက်ကပ်၏။ မထေရ်လည်း 'သုခီဟောတု'ဟု ဆိုကာ ဆွမ်းအနုမောဒနာပြုပြီး ပြန်ကြွလေသည်။ ရပ်ကြောင်း ရွာကြောင်း တစုံတရာ အပိုပြောဆို မေးမြန်းခြင်း မရှိ။ မထေရ် ပြန်ကြွသွားလျှင် အိမ်နီးချင်းများက—

"ကဲ....၊ အမေကြီး....၊ ကျွန်မတို့(ကျွန်တော်တို့)ပြောတာ မဟုတ်ဘူးလား၊ အမေကြီး ကိုယ်တော်ကတော့ ဆွမ်းစားချိန်ကျယင်တော့ ကြွလာမှာပဲဆိုတာ"

ထိုအခါ ဒကာမကြီးက အိမ်နီးချင်းများအား အောက်ပါအတိုင်း ပြန်၍ ပြောလိုက်လေ၏။

"အေးပါလေ....၊ ညည်းတို့ ကိုယ်တော်တွေနဲ့ ညည်းတို့နှင့်တော့ လိုက်လဲ လိုက်ပါပေရဲ့။ အံကိုက်ပါပဲ။ အမေကြီးလဲ အမေကြီး ကိုယ်တော်နဲ့ အမေကြီး ပေါ့။"

## အလှူတ်နှင့်အဖမ်း
## ရဟန်းနှင့်လူ ဆက်ဆံနည်း ၄-မျိုး

ရဟန်းတော်များနှင့် လူဒကာ, ဒကာမတို့သည် မကွေမကွာ ဆက်ဆံနေကြရသူများဖြစ်၍ ခွဲခွာ၍ မရစကောင်း။ သာသနာ့ တာဝန်ကို ဆောင်ရွက်ကြရာ၌ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ၊ ပစ္စယနှင့် ဓမ္မ၊ လောကနှင့် လောကုတ္တရာ ဒွန်တွဲနေသဖြင့် ခွဲခွာ၍မရ။ သို့ရာတွင် လိုအပ်သည်ထက် ကျော်လွန်၍ ပူးတွဲခြင်း မရှိစေရချေ။

၁။ ဂါဟ ဂါဟက=အပြန်အလှန်ဖမ်းခြင်း၊ အချို့လူ ဒကာ, ဒကာမတို့သည် ရဟန်းတော်များအား ရှိခိုးပူဇော်လှူဒါန်းကြရာ၌ အလွန် ရခဲသော ဒက္ခိဏေယျ သံဃာတော်ဂုဏ်ကို အာရုံမပြုနိုင်ကြ။ ရဟန်းများထံမှ သီလ, သမာဓိ, ပညာ ရရာရကြောင်း၊ လူ, နတ်, နိဗ္ဗာန်သုံးတန်ချမ်းသာ ရရာရကြောင်း အခွင့်ကောင်းကြီးများကို မဆင်ခြင်နိုင်။

http://www.dhammadownload.com



လောလောဆယ် အပေးအယူ အကူအညီ ရယူလိုသောစိတ်ဖြင့် ဆက်ဆံကြ၏။ ထို့ကြောင့် ဒကာ ဒကာမမျိုးကို လာဘ်ပေး လာဘ်ယူ နည်းအရ အာမိသပစ္စည်းကို မိမိက အရင်ပေးကာ မိမိကိုယ်ကျိုးအတွက် ဖြား ယောင်း၍ အမိဖမ်းသူဟု ခေါ်၏။

ပါဠိလို 'ဂါဟ' ဟု ခေါ်၏။ တဏှာ မာန ဒိဋ္ဌိ တမျိုးမျိုးဖြင့် ဖမ်းယူခြင်းဟု ဆိုလိုသည်။

အချို့ ရဟန်းတော်များလည်း ထို့အတူပင် ဒကာ ဒကာမတို့အား အသိဉာဏ်ပေးခြင်း၊ ရဟန်းတရား ကျင့်ကြံခြင်း အားဖြင့် အလှူ အကျိုးများအောင် ဆောင်ရွက်ပေးခြင်းမျိုးဖြင့် မပေါင်းပဲ လာဘ်ရရေးအတွက် လူပေါင်းပေါင်းကာ ဝမ်းကျောင်းအလှူခံရုံမျှမက မိမိကပင် သစ်သီးပေးခြင်း၊ ပန်းပေးခြင်း၊ ငွေချေးခြင်း၊ အစေအပါးလုပ်ခြင်း၊ လူမှုကိစ္စတွင် ပါဝင် အကူအညီပေးခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးပေးခြင်း စသည်ဖြင့် **ကုလဒူသန** ခေါ် လူဒကာတို့၏ ပင်ကိုယ်ယုံကြည်စိတ်, သဒ္ဓါစိတ်ကလေးကိုပင် လမ်းပြောင်းသွားအောင် ဖျက်ဆီးတတ်ကြလေသည်။ အလဇ္ဇီ=အရှက်မရှိသော ရဟန်းတည်း။

ဤနည်းဖြင့် ဆက်ဆံသည်ကို ရဟန်းတော်များဘက်က ဖမ်းယူခြင်း 'ဂါဟ'ဟု ဟောတော်မူလေသည်။ ထို့ကြောင့် **ဂါဟ ဂါဟက**=ဒကာ ဘက်ကလဲဖမ်း၊ ရဟန်းဘက်ကလဲဖမ်း၊ အဖမ်းအဖမ်းချင်း ဆက်ဆံနည်း (ချိတ်ချင်း ချိတ်ယူနည်း)။

ထိုရဟန်းမျိုးကို သာသနာဖျက်ဆီးသူဟု ခေါ်ရ၍၊ လှူဒါန်းအားပေးသူ ဒကာ ဒကာမတို့လည်း သာသနာဖျက် အားပေးသူများ ဖြစ်၍ သေလျှင် ငရဲသို့ ကျခံရတတ်ကြောင်း 'စူဠဝဂ္ဂဋ္ဌကထာ'၌ မိန့်ဆိုထား၏။

၂။ **ဂါဟမုတ္တက** = ဒကာကသာ ဖမ်း၍ ရဟန်းဘော်ဘက်က အဖမ်းမခံခြင်း၊ လွတ်ခြင်း။

၃။ **မုတ္တဂါဟက** = ဒကာဘက်က လွတ်ထားသော်လည်း ရဟန်းဘက်က ဖမ်းနေခြင်း။

၄။ **မုတ္တမုတ္တက** = ဒကာဘက်ကရော ရဟန်းဘက်ကပါ မဖမ်းမဲ လွတ်ထားခြင်း။ ဆက်ဆံနည်း လေးမျိုးရှိရာ နောက်ဆုံးနည်းကိုသာ ဘုရားကြိုက်တော်မူလေသည်။ (မ-ဋ္ဌ-၂၊ ၅၂-ရထဝိနီတသုတ်အဖွင့်။)

မလိုချင်မှု များများရ၊ ဘုရားအဆုံးအမအတိုင်းနေမှ ပို၍ ကြီးပွား ချမ်းသာသည်ကို မမြင်ကြသော ဘုရားသားတော်များလည်း ရှိတတ်ကြ၏။

http://www.dhammadownload.com



## သာရဏီယကျင့်ဝတ်ကြောင့် သစ်ပင်ရှိလျှင် ဆွမ်းရှိသော

# တိဿထေရ်နှင့် နာဂထေရ၊ ထေရီ မောင်နှမ

မဟာဂီရိရွာကို ဂေါစရဂါမ်ပြုသော လေဏဂိရိ(သေနဂိရိ) ခေါ်တောင် လိုဏ်ဂူကျောင်းနေ အရှင်တိဿမထေရ်သည် သာရဏီယ ကျင့်ဝတ်ကို ဖြည့်ကျင့်ရာ၌ စံတော်ဝင် မထေရ်တပါး ဖြစ်တော်မူ၏။ (D.P.N. ၌ 'မဟာခီရဂါမ၊ လောဏဂိရိ' ဟုလည်း ပြထားသည်။)

တခါက နာဂဒီပကျွန်းသို့ ဘုရားဖူးကြွကြသော မထေရ် ငါးကျိပ်တို့သည် ဘုရားဖူးသွားရာလမ်းခရီးနာဂဒီပနယ်အဝင်၌တည်ရှိသော ထိုမဟာဂီရိရွာတွင်းသို့ ဆွမ်းခံလှည့်လည်ကြ၏။ ဆွမ်းခံ၍ မရကြသဖြင့် သပိတ်ချည်းလွယ်ကာ ရွာအပြင်ဘက်သို့ ထွက်လာကြရသည်။

အရှင်တိဿမထေရ်လည်း ဆွမ်းခံကြွလေရာ ရွာအဝင်၌ပင် မထေရ်များကို တွေ့မြင်ရသဖြင့်-

| | |
|---|---|
| **တိဿ** | အရှင်ဘုရားများ၊ ဆွမ်းရတော်မူကြပါရဲ့လား ဘုရား။ |
| **မထေရ်များ** | ငါ့ရှင်၊ အိမ်ပေါက်စေ့တော့ ရပ်ခဲ့ကြတာပါပဲ။ |
| **တိဿ** | (မထေရ်သည် ဆွမ်းမရကြောင်း သိ၍)အရှင်ဘုရားများ ဘုရား တပည့်တော် ပြန်လာသည်အထိ ဒီကပဲ ခဏစောင့်ငံ့ တော်မူကြပါဦးဘုရား။ |
| **မထေရ်များ** | ငါ့ရှင်၊ ကောင်းပါပြီ၊ ငါတို့ ရဟန်းတော် ငါးကျိပ်လုံး သပိတ် စိုစွတ်ရုံကလေးတောင် မရခဲ့ကြပါဘူး ငါ့ရှင်။ ငါ့ရှင်တို့လို အမြဲနေ ပုဂ္ဂိုလ်များမှာတော့ စွမ်းဆောင်နိုင်တတ်ကြပါရဲ့။ အနဲဆုံး ဆွမ်းခံလမ်း အထာကိုတော့ သိနေတတ်ကြပါသယ်။ |

ထိုသို့ လျှောက်ထား ပြောဆိုကြပြီးလျှင် အရှင်တိဿမထေရ်လည်း ရွာတွင်းသို့ ဆွမ်းခံဝင်လေ၏။

မိမိအမြဲဆွမ်းခံအိမ်မှ ဒကာမကြီးမှာလည်း အရှင်မြတ် အလာကို စောင့်မျှော်ယင်း နို့ဃနာဆွမ်းများကို လောင်းလှူရန် ပြင်ဆင်နေ၏။ အိမ်တံခါးသို့ မထေရ်ရောက်လျှင်ဖင် မထေရ်လက်မှ သပိတ်ကို ယူကာ အပြည့် လောင်းလှူလိုက်သည်။

http://www.dhammadownload.com



မထေရ်လည်း သပိတ်ကိုလွယ်၍ ရွာအပြင်၌စောင်ဆိုင်းငံ့လင့်နေကြသော အာဂန္တုမထေရ်ငါးကျိပ်တို့ထံသွားပြီးလျှင်သံဃာ့မထေရ်ကြီးထံ ဦးစွာချဉ်းကပ်၍ သပိတ်ကို ဖွင့်ပြီး ခပ်ယူ ဘုဉ်းပေးရန် လျှောက်ထား၏။ မထေရ်ကြီးမှာ နို့ဃနာ ဆွမ်းများကို မြင်လျှင် အံ့ဩကာ အခြားအဖော်များကို လှမ်းကြည့်နေ၏။

'ငါတို့မှာ ရွာရိုးလျှောက် အကြာကြီး လှည့်လည်ကြတာတောင်မှ ဘာမျှ မရခဲ့ကြဘူး။ခု ချက်ချင်း သွား, ခုချက်ချင်း ပြန်လာ,ရလာတယ်။ ဘယ်လိုပါလိမ့်မလဲ'ဟူသော အကြည့်မျိုးဖြင့် ကြည့်နေစဉ် အရှင်တိဿမထေရ်က–

"အရှင်ဘုရားများ၊ ဘာမှ သံသယ ကုက္ကုစ္စ ရှိတော်မမူကြပါနှင့်၊ ဒီဆွမ်းဟာ ဝိနည်းတော်အရ တရားသဖြင့် ရသော ဆွမ်း ဖြစ်ပါတယ်၊ အလှူခံယူတော်မူကြပါ ဘုရား....''ဟု မထေရ်ကြီးမှအစပြု၍ ထေရ်စဉ် ဝါလိုက် အပါးစေ့ အလိုရှိသလောက် ဝလင်အောင် ပေးလှူပြီးနောက် မိမိလည်း ဝဝလင်လင် ဘုဉ်းပေးရလေ၏။

သံဃာတော်များ အားလုံး ဆွမ်းတသပိတ်မျှဖြင့် သံဃာ ငါးကျိပ် တပါး ဘုဉ်းပေးနိုင်သည်ကို တွေ့မြင်ရ၍ သံဃာ့မထေရ်ကြီးက အရှင်တိဿအား–

**မထေရ်ကြီး** ငါ့ရှင်၊ ဒီလောကုတ္တရာတရားထူးကို ဘယ်အချိန်က ရခဲ့ပါသလဲ။

**တိဿ** မှန်လှပါ၊ ဘုရားတပည့်တော်မှာ လောကုတ္တရာ တရားထူး မရရှိသေးပါဘုရား။

**မထေရ်ကြီး** ဒါဖြင့် ငါ့ရှင်-ဈာနလာဘီပေါ့။

**တိဿ** မှန်လှပါ အရှင်ဘုရား၊ ဘုရား တပည့်တော်မှာ ဈာန်ကိုလဲ မရရှိပါ။

**မထေရ်ကြီး** အနို့-ဘာမှ မရဘူးသာဆိုတယ်၊ ဒါ တန်ခိုးပွဲမဟုတ်လားငါ့ရှင်။

**တိဿ** မှန်လှပါ၊ သူရားတပည့်တော် သာရဏီယ ဝတ်ကိုတော့ ဖြည့်ခဲ့ဖူးပါတယ်ဘုရား။ ဒီ သာရဏီယ ဝတ်ကို ဖြည့်ပြီးတဲ့ အချိန်ကစပြီး သံဃာတရာ တထောင်ရှိပါစေ၊ ဘုရားတပည့်တော် သပိတ်ထဲက ဆွမ်းဟာ ဘယ်တော့မှ ကုန်သွားတယ်ရယ်လို့ မရှိပါဘုရား။ (မထေရ်များ ဝိနည်းသံသယ ကင်းရှင်းအောင်လျှောက်ထားခြင်း ဖြစ်သည်။)

**မထေရ်ကြီး** သာဓု-သာဓု- ငါ့ရှင် သူတော်ကောင်း၊ ငါ့ရှင်ရဲ့ ကျင့်ဝတ်ဟာ အလွန်သင့်မြတ် အတုယူအပ်လှပါပေတယ်။

http://www.dhammadownload.com



## အလှူပွဲတကာမှာ အသာဆုံးရခြင်း

ဤအရှင်တိဿ မထေရ်မြတ်သည်ပင် တခါက စေတီယတောင် 'ဂိရိဘဏ္ဍ မဟာပူဇာ'ခေါ် ဘုရားမီးပူဇော်ပွဲ သံဃဒါန အလှူပွဲကြီးတခုသို့ ကြွရောက်တော်မူရ၏။

ရဟန်းသံဃာများအား လောင်းလှူရန် လှူဖွယ်ဝတ္ထုအမျိုးမျိုးကို ကြည်ညို ဖွယ် ခင်းကျင်းပြသထားသောနေရာသို့ ကြွသွားကာ–

"ဒကာတို့၊ ဒီထဲမှာ ဘယ်ဟာ အကောင်းဆုံးလဲ"ဟု မေးတော်မူရာ သက်နိုးချုပ်ရန် ပိတ်စ နှစ်ခု အကောင်းဆုံးဖြစ်ကြောင်း လျှောက်ထားလျှင်–

"အဲဒီ အကောင်းဆုံး ပိတ်စ နှစ်ခု ဦးပဥ္စင်းပဲ ကျမှာပါ"ဟု ပြောဆို ထွက်သွားလေ၏။ အမတ်ကြီးတဦးသည် ထိုသို့ ပြောဆိုသည်ကို ကြားရသဖြင့် မထေရ်ငယ်တပါးက ဤသို့ပြောသွားကြောင်း မင်းကြီးအား သွား၍ လျှောက် လိုက်သည်။ မင်းကြီးက–

"ကိုယ်တော်ငယ်ကလေးတွေဆိုတာ ဒီလိုပဲ၊ အကောင်းကြိုက်တာ ထုံးစံ ပါပဲ။ ဒါပေမယ့် ဒီနူးညံ့ချောညက်တဲ့ အဝတ်နှစ်ထည်ကတော့ မထေရ်ကြီးများ နှင့်ပဲ တော်ပါတယ်"ဟု ဆိုကာ သတ်သတ်မှတ်မှတ် အထက်ဆုံးက တင်ထား လေ၏။

သံဃာတော်များ ဝါစဉ်အလိုက် မထေရ်ကြီးများမှစ၍ ကြွလာ အလှူခံ တော်မူကြရာ မင်းကြီး ကိုယ်တိုင်ပင် လောင်းလှူလေ၏။ သို့ရာတွင် မထေရ်ကြီး များအတွက် သီးသန့် ရည်ရွယ်ပြီး အပေါ်ဆုံးက တင်ထားသော အဆိုပါ ပိတ်စ နှစ်ခုမှာ မင်းကြီး လက်ထဲသို့ ရောက်မလာ၊ အခြား လှူဖွယ်ဝတ္ထုများကိုသာ ကိုင်မိလျက်သား ဖြစ်နေလေ၏။

မထေရ်ကြီးများ အားလုံးအား သောင်းလှူပြီးနောက် အရှင်တိဿ မထေရ် ငယ်အလှည့်သို့ ရောက်သော အခါ၌မူ အဆိုပါ ပိတ်စနှစ်ခုကို ကိုင်မိလျက်သား ဖြစ်နေ၏။ မင်းကြီးလည်း မထေရ်ငယ်၏ လက်ထဲသို့ ဆက်ကပ်လိုက်ပြီးနောက် အနီး၌ ရှိနေသော အမတ်ကြီးအား ပြုံး၍ မျက်ရိပ် မျက်ခြည်ပြကာ မထေရ် ငယ်အား ခေတ္တ ဆိုင်းငံ့ရန် တားထားလိုက်၏။

သံဃဒါန အလှူပွဲကြီးလည်း ပြီးဆုံး၍ သံဃာအများ ပြန်လည် ကြွသွား ကြလေ၏။ မင်းကြီးနှင့် အမတ်များကမူ အရှင်တိဿ မထေရ်အား လှူဖွယ်တန်း ရန်များ ထပ်မံ လှူဒါန်းကာ မထေရ်ငယ်ရှေ့၌ ရှိသေစွာ ထိုင်၍ ရှိခိုးပြီးလျှင် မင်းကြီးက—

http://www.dhammadownload.com



မင်းကြီး အရှင်ဘုရား....၊ ဘယ်အချိန်က ဒီတရားထူးကို ရခဲ့ပါသလဲဘုရား—ဟု လျှောက်လေ၏။ မထေရ်လည်း မိမိ၌ ထင်ရှားမရှိသော, တကယ် မရသောဂုဏ်ကို ပရိယာယ်မျှဖြင့်ပင် မပြောဆိုပဲ—

မထေရ် ဒကာတော်မင်းကြီး....၊ ဦးပဉ္ဇင်းမှာ လောကုတ္တရာ တရားထူး မရရှိ သေးပါဘူး—ဟု အမှန်အတိုင်း ပြောဆိုလိုက်ရာ—

မင်းကြီး အရှင်ဘုရား....၊ ဒါဖြင့် ဒီပိတ်စနှစ်ခုကတော့ ဦးပဉ္ဇင်းပဲ ကျမှာပဲလို့ ဘယ်လိုလုပ်ပြီး ပြောဆိုနိုင်ပါသတုံး။

မထေရ် မှန်ပါတယ် ဒကာတော်မင်းကြီး၊ ဦးပဉ္ဇင်းဟာ ဘုရားဟောတော်မူထား တဲ့ သာရဏီယကျင့်ဝတ်ဆိုတာ ရှိပါတယ်။ အဲဒါကို ကျင့်နေတာပါပဲ။ ဦးပဉ္ဇင်း အဲဒီ သာရဏီယဝတ်ကို ကျင့်တဲ့အချိန်ကစပြီး လှူဖွယ်ပစ္စည်း အမျိုးမျိုး ခွဲဝေလှူဒါန်းကြတဲ့ နေရာမျိုးမှာ အကောင်းဆုံး ပစ္စည်း ဟာ ဦးပဉ္ဇင်းလက်ထဲ အလှူခံရလေ့ ရှိပါတယ်။

မင်းကြီး သာဓုဘုရား....၊ သာဓု သာဓု၊ အရှင်ဘုရားရဲ့ အကျင့်ဟာ တယ်လဲ မွန်မြတ်လှပါပေတယ်။

ဤသို့ လျှောက်ကာ မင်းနှင့် အမတ်ကြီးကိုလည်း အရှင်တိဿ မထေရ် ငယ်အား ဝမ်းသာ အားရ ဝတ်ပြုကာ ပြန်ကြလေ၏။

## တိုင်းပျက် ပြည်ပျက် ဘေးကြီးအတွင်း

# နာဂထေရ် မောင်နှမ

နာဂထေရီမည်သော အရှင်မသည် တပည့် ထေရီမ တကျိပ်နှစ်ပါးကို အုပ်ချုပ်ကာ ဘာတရရွာ၌ သီတင်းသုံး နေထိုင်လေ၏။

သီဟိုဠ်ကျွန်း၌ ဗြာဟ္မဏတိဿ သူပုန်ဘေးကြီး ပေါ်ပေါက်လာသော အခါ ဘာတရ ရွာသူ ရွာသားတို့သည် အရှင်မ,နာဂထေရီအား အသိပေးချိန် မရတော့ပဲ ရွာလုံးကျွတ် ညတွင်းချင်း ထွက်ပြေး တိမ်းရှောင်ကာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့သွားကြ၏။

အရှင်မလည်း နံနက် မိုးသောက်သောအခါ—

"ရှင်မတို့....၊ တရွာလုံးလဲ ဘာသံမှ မကြားရ၊ တိတ်ဆိတ်လှချည်လား၊ သွားပြီးများ စုံစမ်းကြည့်ကြပါဦး"ဟု ထေရီမကလေးများကို လွှတ်၍ စုံစမ်း စေရာ တရွာလုံး ညကပင် ပြောင်းရွှေ့သွားကြကြောင်း အရှင်မအား လျှောက် ထားကြကုန်၏။

http://www.dhammadownload.com



"ရှင်မတို့....၊ ရှင်မတို့တတွေ ဒကာ, ဒကာမတွေ ပြောင်းရွှေ့ ပြေးသွားကြလို့ ဘာမှ စိုးရိမ်ကြောင့်ကြ မနေကြနှင့်။ ကိုယ့်စာ ကိုယ်ကြိုးစားပြီး ကိုယ့်တရားကိုသာ နှလုံးသွင်းမြဲ သွင်းနေကြပါ"ဟု နှစ်သိမ့်ဖွယ်စကား ပြောကြားအားပေးလေသည်။

ဆွမ်းခံကြွချိန် ရောက်သောအခါ အရှင်မ နာဂထေရီနှင့်အတူ ထေရီတကျိပ်နှစ်ပါး ထုံးစံအတိုင်း သင်္ကန်းရုံပြီး ကြွမြဲရွာသို့ ထေရ်စဉ် ဝါလိုက် ကြွကြလေ၏။ ထေရီမကလေးများမှာ မည်သို့မျှ မဝေခွဲတတ် ရှိနေစဉ် အရှင်မ နာဂထေရီသည် ရွာအဝင်ပေါက်သို့ ရောက်သောအခါ ရွာအဝင်ဝရှိ ညောင်ပင်ကြီးတပင် အောက်သို့ ကြွရောက် ရပ်တန့်နေလေ၏။

ညောင်ပင်စောင့် ရုက္ခစိုး နတ်မင်းကြီးလည်း ရုတ်တရက် ဆင်းလာကာ မထေရ်မ တကျိပ်နှစ်ပါးလုံးအား ဆွမ်းကွမ်းလုံလောက်အောင် လှူလိုက်သည်။

"အရှင်မတို့....၊ အရှင်မတို့ ဆွမ်းကွမ်းအတွက် တခြား ဘယ်ကိုမှလဲ ကြွမနေကြပါနှင့်၊ နေ့စဉ် ဒီမှာပဲ ဆွမ်းအလှူ ခံယူတော်မူလှည့်ကြပါ"ဟုပင် ပင့်ဖိတ်လိုက်လေသည်။

## အစ်မတော်ဆွမ်းကို ငြင်းပယ်သော မောင်ပဉ္စင်း

အရှင်မနာဂထေရီတွင် နာဂထေရ်ခေါ်သော မောင်မထေရ်တပါးလည်း ရှိလေသည်။ အခြား မြို့ရွာတခု၌ နေတော်မူ၏။

ထိုနာဂထေရ်လည်း တပည့်များအား—

"ငါ့ရှင်တို့ ...၊ တိုင်းပြည်မှာလဲ တနေ့တခြား ဘေးအန္တရာယ် များလာတယ်။ ငါတို့ ဒီမှာနေလို့ ဆွမ်းကွမ်းမျှတဖို့ မလွယ်ဘူး။ တခြားတနိုင်ငံ ပြောင်းကြမှ သင့်မယ်"ဟု ဆိုကာ နောက်ပါ တပည့် တကျိပ်တပါးကို ခေါ်ဆောင်ကာ မိမိနေရာမှ ထွက်ခွာလာကြရာ 'အစ်မတော် နာဂထေရ်ရီကို တွေ့ပြီးမှ သွားမည်'ဟု ယူဆကာ ဘာတရရွာဘက်သို့ ထွက်ခွာလာကြလေ၏။

အရှင်မလည်း မောင်တော် မထေရ်များ မိမိထံ ကြွလာကြောင်း သိရသည်နှင့် သွားရောက်၍ ခရီးဦးကြိုဆိုလျက် သူပုန်သူကန် အခြေအနေ မည်သို့မည်ပုံရှိကြောင်း လျှောက်ထား ပြောဆိုနေကြ၏။ အကြောင်းစုံ သိရသောအခါ အရှင်မက—

"ဒီလိုဆိုယင် မောင်တော်များ တညတလေ ဒီမှာပဲ သီတင်းသုံးပြီး နက်ဖြန်မှ ခရီးဆက် ကြွတော်မူကြပါဘုရား"ဟု လျှောက်၍ ကျောင်း၌ပင် မထေရ်တကျိပ်နှစ်ပါးတို့ ညအိပ် နားနေတော်မူကြရလေ၏။

http://www.dhammadownload.com



အရှင်မသည် နောက်တရက် ဆွမ်းခံချိန် ရောက်သောအခါ ညောင်ပင်သို့ ကြွကာ ဆွမ်းခံခဲ့ပြီးနောက် မောင်တော် မထေရ်များအား—

အရှင်မ ဤဆွမ်းကို ဘုဉ်းပေးတော်မူကြပါဘုရား။

မထေရ် ဝိနည်းနဲ့ အပ်ပါ့မလား....၊ အစ်မတော်။ (မဘုဉ်းပေးပဲ ရပ်တန့်တော်မူနေ၍)။

အရှင်မ မောင်တော်ဘုရားတို့....၊ ဘာမှ သံသယကုက္ကုစ္စ ရှိတော်မမူကြပါနှင့်။ တရားသဖြင့် ရတဲ့ဆွမ်းပါ၊ ဘုဉ်းပေးတော်မူကြပါဘုရား။

မထေရ် အပ်ပါ့မလား....အစ်မတော်။

အရှင်မသည် မောင်တော်များအား နောက်ထပ်မလျှောက်တော့ပဲ တရားသဖြင့် ရသော ဆွမ်းဖြစ်ကြောင်း သက်သေပြသော အနေဖြင့် အဓိဋ္ဌာန်ဖြင့် သပိတ်ကို ကိုင်၍ အပေါ်သို့ မြှောက်တင်လိုက်ရာ သပိတ်မှာ လေထဲ၌ ရပ်တည်နေလေသည်။ သို့ရာတွင် ဝိနည်းကို လေးစားလွန်းသော မောင်တော်မထေရ်မှာ—

"အစ်မတော်....၊ ထန်းခုနစ်ဆင့် အမြင့်မှာ တည်နေပေမယ့် ဘိက္ခုနီမရဲ့ ဆွမ်းဟာ ဘိက္ခုနီမဆွမ်းပဲ အစ်မတော်....။ ကိုယ့်သလုံး မြင်းခေါင်းနဲ့ ရင်းပြီးရတဲ့ ဆွမ်း မဟုတ်ဘူး။

"တိုင်းပျက် ပြည်ပျက် ဘေးကြီးဟာလဲ အမြဲတမ်း ခုလိုပဲ ရှိနေမှာ မဟုတ်ပါဘူး အစ်မတော်။ တိုင်းပြည် ငြိမ်ဝပ်ပိပြားလို့ အေးအေးချမ်းချမ်းရှိတဲ့အခါမှာ ကျောင်းသက်နီးဆွမ်း ရသမျှနှင့် ရောင့်ရဲရမယ်ဆိုတဲ့ အရိယဝံသတရားကိုများ မောင်တော် ဟောရမယ်ဆိုတဲ့ အခါမျိုးမှာ 'ငါ့ရှင်....၊ သင်ကိုယ်တိုင်ကတော့ ဘိက္ခုနီမ ဆွမ်းကို စားပြီး နေခဲ့တာ မဟုတ်လား'လို့ ကိုယ့်စိတ်က ကိုယ့်ကိုယ်ကို ပြန်ပြီး မေးစစ်ယင် အခိုင်အမာ ဖြေဆိုနိုင်ဖို့ ခက်လိမ့်မယ် အစ်မတော်။ ကိုယ့်စိတ်နှင့်ကိုယ် ကြည်ညိုနိုင်မှ ကောင်းတယ်။"

"ကဲ....ကဲ....အစ်မတော်များလဲ မမေ့မလျော့ပဲ အပ္ပမာဒတရား လက်ကိုင်ထားပြီး ကိုယ့်တရားကိုယ်သာ နှလုံးသွင်းနေရစ်ကြပါတော့။"

အထက်ပါအတိုင်းပြောဆိုကာ မောင်တော်နှင့်တကွ မထေရ် တကျိပ်နှစ်ပါးတို့သည် ဆွမ်းမစားပဲ ခရီးထွက်ကြလေ၏။

ဘာတရိရွာအဝင်မှ ညောင်ပင်စောင့် ရုက္ခစိုးနတ်မင်းကြီးလည်း တဘက်တလမ်းက စောင့်ရှောက်ကူညီရန် သူ့စိတ်ကူးနှင့်သူ စဉ်းစားနေလေ၏။

'မထေရ်မြတ်များ.... အစ်မတော် ထေရီမကြီးလက်က လှူတဲ့ဆွမ်းကို ဘုဉ်းပေးကြမယ်ဆိုယင်တော့ မကြွပါနဲ့လို့ တားဖို့မလိုပေဘူး။ မဘုဉ်းပေးဘူးဆိုယင်တော့မကြွဖို့ တားကြည့်ရဦးမှာပဲ'ဟု စဉ်းစား၍ ရပ်နေရာ မထေရ်များခရီးဆက်ရန်ထွက်လာကြသည်ကို ဖူးတွေ့ရသဖြင့် သစ်ပင်မှဆင်းကာ—

http://www.dhammadownload.com



"အရှင်ဘုရား....၊ သပိတ်ချီးမြှင့်တော်မူပါ"ဟု လျှောက်ထား ယူငင်၍ မထေရ်ကို ညောင်ပင်ရင်းသို့ပင့်လျက် နေရာထိုင်ခင်းများ ခင်းကျင်း စီစဉ်ကာ ဆွမ်းကပ်လေ၏။ ဆွမ်းဘုဉ်းပေးပြီး နောက်တွင်လည်း အမြဲ ဆွမ်းခံကြွရန် ပင့်လျှောက်ကာ ဘုရားသားတော် သမီးတော် နှစ်ကျိပ် လေးပါးတို့အား ခုနစ်နှစ်ပတ်လုံး ရုက္ခစိုးနတ်မင်းကြီးကပင် ဆွမ်းကွမ်းဆက်ကပ်လေ၏။

အရှင်မ နာဂထေရီမကြီးသည်လည်း သာရဏီယဝတ်ကို ဖြည့်ကျင့်သူဖြစ်၍ အခက်အခဲကြုံလျှင် နတ်များကူညီကြပုံ သာဓကဖြစ်ပေသည်။ (မ—ဋ္ဌ-၂၊ ၂၉၅-၇—ကောသမ္ဗိယသုတ်အဖွင့်။)

## သာရဏီယဝတ် ဖြည့်ကျင့်နည်း

သာရဏီယကျင့်ဝတ်တရား ခြောက်ပါးရှိ၏။ ယင်းတို့ကို (ဆက္က—အင်္ဂုတ္တရပါဠိတော် သာရဏီယဝဂ်နှင့် မူလပဏ္ဏာသ- ကောသမ္ဗိယသုတ်စူဠဂေါသိင်္ဂသုတ်၊ သာမဂါမသုတ်၊ ဝိနည်းမဟာဝဂ္ဂတို့၌) အောက်ပါအတိုင်း မြတ်စွာဘုရား ဟောတော်မူထား၏။

> "ရဟန်းတို့....၊ သီတင်းသုံးဖော် (အတူတကွနေရသူ) များ၏ ချစ်ခင်ခြင်း, လေးစားခြင်းကို ပြုတတ်ကုန်သော ဤသာရဏီယတရား ခြောက်မျိုးတို့သည် သီတင်းသုံးဖော်တို့အား သင်္ဂြိုဟ်ထောက်ပံ့ရန်၊ မငြင်းခုံရန်, ညီညွတ်ရန်, တပေါင်းတည်း စည်းလုံးရန် ဖြစ်ကုန်၏။ တရားခြောက်မျိုးကား—

၁။ မေတ္တာကာယကံ ထားခြင်း၊
၂။ မေတ္တာ ဝစီကံ ထားခြင်း၊
၃။ မေတ္တာ မနောကံ ထားခြင်း၊
၄။ မိမိပိုင် ပစ္စည်းများကို သီလရှိသော သီတင်းသုံးဖော်တို့နှင့် မခွဲခြားမကန့်သတ်ပဲ အတူတကွ (အများဘုံဆိုင်ကဲ့သို့ သဘောထား၍) သုံးစွဲခြင်း၊
၅။ တူညီသော ကိုယ်ကျင့်သီလရှိခြင်း၊
၆။ တူညီသော အယူဝါဒ(ဒိဋ္ဌိ=အမြင်)ရှိခြင်းတို့ ဖြစ်ကုန်၏။"

သာရဏီယကျင့်ဝတ်ကို ဖြည့်ကျင့်လိုသောပုဂ္ဂိုလ်သည် ဤအင်္ဂါ ခြောက်ခုနှင့် ပြည့်စုံရ၏။ မေတ္တာသုံးမျိုးထားပုံမှာ လွယ်သယောဝ်နှင့် ခက်လှပေသည်။ (မေတ္တာဝါဒ ဗြဟ္မဝိဟာရအဖွင့်၌ အပြည့်အစုံရေးခဲ့ပြီ။)

http://www.dhammadownload.com



ထို ၆-မျိုးတွင် မိမိပိုင်ပစ္စည်းဆိုသည်မှာ ပထမဆုံးခံ၍ရသော ဆွမ်းပင်တည်း။ ထိုဆွမ်းမှစ၍ သီတင်းသုံးဖော်များနှင့် မခွဲမခြား မကန့်မသတ်ပဲ အများဘုံဆိုင်ကဲ့သို့ သဘောထားပြီး သုံးဆောင်ရသည်။

'ဘယ်ပုဂ္ဂိုလ်ကိုသာ ပေးမည်၊ ဘယ်လောက်ကိုသာ ပေးမည်' ဆိုသော အကန့်အသတ်မထားရ။ ဓမ္မိယလဒ္ဓ=တရားသဖြင့် အပ်စပ်သော ပစ္စည်းလည်း ဖြစ်ရမည်။ ဆွမ်းကို ခံယူကတည်းက သံဃာတော်များနှင့်အတူ သုံးစွဲမည်ဟု ရည်မှတ်ထားရ၏။

မိဘနှင့် ဆရာဥပဇ္ဈာယ်စသူတို့အား ရဟန်းသည် ပေးကျွေးကောင်း၏။ အပြစ်မရှိ။ သို့သော် ဤသာရဏီယဝတ် ကျင့်လျှင်ကား ပလိဗောဓတခုပင်ဖြစ်၏။ ကန့်သတ်ရာ ရောက်၏။ မပေးရ။

အကယ်၍ ပေးလိုက ကန့်သတ်ပေးနိုင်သောပုဂ္ဂိုလ်များကား ရှိသေး၏။ ဥပမာ— သူနာရဟန်း, သူနာပြုရဟန်း, အာဂန္တုရဟန်း, ခရီးသွားရဟန်း, သပိတ်, သင်္ကန်း ကိုပင် မကိုင်တွယ်တတ်သေးသော ရဟန်းသစ်များကိုမူ ပေးလိုလျှင် ပေးနိုင်၏။

ယင်းသို့ ပေးစရာရှိလျှင် ပေး၍ ကျန်သောဆွမ်းကို တိုက်တာရှိ အတူနေ မထေရ်ကြီးကစ၍ နောက်ဆုံး မထေရ်အငယ်ဆုံးအထိ ကြီးစဉ်ငယ်လိုက် ပုဂ္ဂိုလ်စေ့အောင် လိုက်၍ ပေးလှူရသည်။ အနည်းငယ် အနည်းငယ် စတိပေး ပေးလှူခြင်း မဟုတ်။ ထိုသံဃာများ အလိုရှိသလောက် လှူရသည်။ 'မလုံမလောက်လျှင်၊ မကျန်တော့လျှင် ထပ်မံ၍ ဆွမ်းခံပြီး ရှေးနည်းတူ မထေရ်ကြီးမှစ၍ ကောင်းမွန်သမျှကို အကုန် ပေးလှူရ၏။

အခုံးလုံး သံဃာများအား ပေးလှူပြီး ကြွင်းကျန်သော ဆွမ်းကိုသာ မိမိ စားရသည်။ (ဒုဿီလကိုမူ မပေးပဲ နေနိုင်၏။)

## ကျင့်ရမည့်ကာလနှင့် ရသောအကျိုးများ

ဤသာရဏီယ ကျင့်ဝတ်ကို ကျင့်ရသည်မှာ အသိဉာဏ်ရှိ၍ ယဉ်ကျေးသော ပရိသတ်တွင် ကျင့်ရလျှင် ပြည့်မြောက်လျက်ရှိ၏။ ထိုပရိသတ်မျိုးကား အခြား တနေရာရာက ရထားလျှင် မယူတော့ချေ။ မရရှိသေးစေကာမူ အတိုင်းအရှည် ပမာဏကို သိပြီး အလှူခံ၏။ အပိုအမို လက်မခံ။

ဤကျင့်ဝတ်ကား လိုအပ်လျှင် အထပ်ထပ်ပင် ဆွမ်းခံလှည့်၍ ရရသမျှ သံဃာအား ပေးလှူ၊ ကျန်သည်ကိုသာ စားရသောအကျင့်ဖြစ်ရာ တဆယ့်နှစ်နှစ် ကျင့်လျှင်ပင် ထိုဝတ် ပြည့်စုံ ပြီးမြောက်သည်ဟု ဆိုရ၏။ ထို့အောက်ကား မလျော့စေရ။

http://www.dhammadownload.com



အကယ်၍ ၁၂-နှစ် ပြည့်ခါနီးမှ ဆွမ်းသပိတ်ကို ဆွမ်းစားကျောင်း၌ ထား၍ ရေချိုးသွားစဉ် သံဃာများက သာရဏီယကျင့်နေသူ၏သပိတ်မှန်းသိ၍ အားလုံး ခွဲဝေစားပစ်လိုက်သော်လည်း 'ငါ့ဆွမ်းတွေကို အကုန်စားပစ်ကြသည်၊ ချန်မှချန်မထားကြလေ'ဟု စိတ်မကွက်ရ၊ ဒေါမနဿ မဖြစ်ရ။ ထိုစိတ် ဖြစ်လျှင် သာရဏီယဝတ် ပျက်သွားသည်။ တရက်တာမျှ ပြန်အစားကျင့်၍မရ။ အစကစ၍ ၁၂-နှစ်ပင် ပြန်လည်ကျင့်သုံးရသည်။


'ငါ့သီတင်းသုံးဖော်များ ငါ့ကိုမပြောဆို မပန်ကြားပဲတောင်မှ ဘုဉ်းပေး ချီးမြှောက်ကြပေတယ်။ ငါ ကံ ကောင်းလေစွ'ဟု ဝမ်းမြောက် ဝမ်းသာ ၁၂-နှစ်တာတွင် တစုံတရာ စိတ်ကွက်ခြင်း မရှိရအောင် ကျင့်ရလေသည်။

ဣဿာ မစ္ဆေရ စိတ် လုံးဝ ကင်းရသည်။

ထိုသို့ ၁၂-နှစ်ပတ်လုံး ချွတ်ယွင်းချက် မရှိ၊ ပြည့်စုံ ပြီးမြောက်အောင် ကျင့်နိုင်ပါလျှင် (ပြဆိုခဲ့သော သာကေ ဝတ္ထုများအတိုင်း)

၁။ လူများ'ဣဿာ မစ္ဆေရ မရှိ၊ ချစ်ခင် ကြည်ညိုခြင်း၊
၂။ နတ်များ ချစ်ခင် ကြည်ညိုခြင်း၊
၃။ ပစ္စည်း လာဘ်လာဘ ရလွယ်ခြင်း၊
၄။ သပိတ်တလုံး၌ရှိသော ဆွမ်းမျှဖြင့် ပေးလှူ၍ မကုန်နိုင်ခြင်း၊
၅။ ပစ္စည်း ခွဲဝေ လှူဒါန်း ခွဲခြမ်းရာ (မဲချရာလည်း ပါဝင်နိုင်၏)တွင် အကောင်းဆုံးပစ္စည်းကို ရခြင်း၊
၆။ တိုင်းပြည်ပျက်ခြင်း၊ ငတ်မွတ်ဘေးဆိုက်ခြင်းမျိုးနှင့်ကြုံလျှင် နတ်များ ကြောင့်ကြစိုက် ကူညီခြင်းအကျိုးများ မုချ ရနိုင်ပေသည်။ (မ-ဋ္ဌ ၂၊ ၂၉၃-၅-ကောသမ္ဗိယသုတ်နှင့် အံ-ဋ္ဌ-၃၊ ၉၂။ ဒီ-ဋ္ဌ-၂၊၁၂၄။)

http://www.dhammadownload.com



# အခန်း (၄)

# သီလရတင်နှင့် မေတ္တာအရာ စံတော်ဝင်မထေရ်များ

ထောင်မြင် ရာစွန့်

ဓနံ စဇေ အင်္ဂဟေတု

အင်္ဂံ စီဝိတံ ပရိစ္စဇေ

ဓနံ အင်္ဂဉ္စ ဇီဝိတံ

သဗ္ဗမ္ပိ ဓမ္မံ ပရိစ္စဇေ။

ခြေလက်အင်္ဂါအတွက် ဥစ္စာကိုစွန့်ရာ၏။ အသက်အန္တရာယ်အတွက် ခြေလက်အင်္ဂါကိုစွန့်ရာ၏။ တရားဓမ္မအတွက်မူကား စီးပွားဥစ္စာ အင်္ဂါခြေလက် အသက်ကိုပင် စွန့်ရာ၏။ (ဝိသုဒ္ဓိမဂ်မှီး။)

http://www.dhammadownload.com



# သီလကြောင့် ဘေးရန်အောင်သော အရိယကောဋ္ဌိယဝါသီ
# မဟာဒတ္တထေရ်

အရိယကောဋ္ဌိယအရပ်နေ မဟာဒတ္တထေရ်သည် ကိစ္စတစုံတခုကြောင့် ခရီးဒေသစာရီကြွရစဉ် တောအုပ်တခုသို့ အရောက်၊ ခရီး ပင်ပန်းလှသဖြင့် အရိပ်အာဝါသကောင်းလှသော သစ်ပင်ကြီးတပင်အောက်၌ ဝင်ရောက်နားခိုနေ၏။

'အင်း....တနေ့တာ ဒီမှာနားခိုယင်း တရားအားထုတ်ပြီးမှပဲ ခရီးဆက်တော့မယ်' ဟုဆုံးဖြတ်ကာ နှစ်ထပ်သင်္ကန်းကြီးခင်းလျက် ထိုသစ်ပင်ရင်း၌ပင် တရားအားထုတ်လေ၏။

မထေရ်ရောက်လာလျှင် ရုက္ခစိုးနတ်မင်းကြီး၏ကလေးများမှာ (မထေရ်၏ သီလတန်ခိုးတော်ကြောင့်) နေမထိ ထိုင်မထိ လန့်ဖျပ် အော်ငို ကုန်ကြ၏။ ထို့ကြောင့် ဖခင်ရုက္ခစိုး နတ်မင်းကြီးမှာ မထေရ်အား စိတ်ဆိုးကာ သစ်ပင်ကို ဝှေ့ယမ်း လှုပ်ခါနေ၏။ မထေရ်ကား မတုန်မလှုပ်ပင် တရားရှုမြဲ ရှုမှတ်တော်မူနေသည်။

မထေရ်မှာ မည်သို့မျှကြောက်ရွံ့ထိတ်လန့်ပုံမပေါ်သဖြင့်ရုက္ခစိုးကြီးသည် မီးလျှံမီးခိုးများကို အဆက်မပြတ် လွှတ်ထုတ်ပြန်လေသည်။ မထေရ်ကား မတုန်လှုပ်။ မည်သို့မျှ ခြောက်လှန့်နိုင်ထုတ်၍ မရသဖြင့် နောက်ဆုံး ဒကာတဦးအသွင်ဖန်ဆင်း၍ မထေရ်ထံ လာရောက်ရှိခိုးလျက် ရပ်လှာ၏။

**မထေရ်** သင်ဘယ်သူလဲ။

**နတ်** တပည့်တော် ဒီအပင်မှာစောင့်နေတဲ့ နတ်မင်းကြီးပါဘုရား။

**မထေရ်** ယခုတွင်က ခြောက်လှန့်တာ သင်ပဲမဟုတ်လား။

**နတ်** မှန်လှပါဘုရား။

**မထေရ်** ဘာ့ကြောင့် ဒီလိုလုပ်ရတာလဲ။

**နတ်** အရှင်ဘုရား ဒီအပင်အောက်မှာနေတဲ့အတွက် အရှင်ဘုရားရဲ့သီလ အရှိန်အဝါကြောင့် တပည့်တော် ကလေးတွေ အပေါ်မှာ နေလို့ ထိုင်လို့မရလို့ ကြောက်လန့် အော်ငိုနေကြရပါတယ်၊ ဒါကြောင့် အရှင်ဘုရားထွက်သွားအောင် လုပ်မိပါတယ်ဘုရား။

**မထေရ်** ကောင်းပြီဒကာ....၊ သို့သော်လဲ ဘာဖြစ်လို့ 'အရှင်ဘုရား.... ဒီမှာ မနေလာပါနဲ့၊ တပည့်တော်တို့မှာ အနေရ အထိုင်ရ ဆင်းရဲရပါတယ်'လို့ စောစောက မလျှောက်သလဲ။

http://www.dhammadownload.com



ကဲ....ခုမှတော့မထူးဘူး၊ ဘာမှလဲ ပြောမနေချင်တော့နဲ့၊ မဟာဒတ္တထေရ်ဟာ အမနုဿဘေးကြောင့် ထွက်ပြေးရတယ်လို့ ပြောမှာ ရှက်စရာကောင်းတယ်၊ ဒါ့ကြောင့် ဒီတနေ့တာတော့ ဒီမှာပဲနေတော့မယ်။ သင်တို့မိသားစု ဒီတရက်တော့ဖြင့် သင့်တော်ရာခဏတိမ်းရှောင်နေကြပေဦးတော့။

မဟာဒတ္တမထေရ်သည် အထက်ပါအတိုင်း ပြောဆိုကာ တရားကိုသာဆက်လက် ရှုပွားလေတော့သည်။ (မ-ဋ္ဌ-၁၊ ၁၆၅-မူလပဏ္ဏာသ အာကင်္ခေယျသုတ်အဖွင့်။)

# သီလဟူသည် ဇာနည်သယပတ္တမြား

## (အာကင်္ခေယျသုတ္တန်)

မြတ်စွာဘုရားရှင်သည်—

"သစေ မယံ စတုဟိ ပစ္စယေဟိ နကိလမေယျာမ၊ သီလာဒိံ ပူရေတုံ သက္ကုဏေယျာမ=ငါတို့မှာ စီးပွားဥစ္စာပစ္စည်းမချို့ငဲ့ဘူး ဆိုယင်တော့ သီလစတဲ့ တရားတွေကို မကျင့်ရလေလား၊ ယခုတော့ အူမ-မတောင့်လို့ သီလ မစောင့်နိုင်ဘူး"စသည်ဖြင့် ဆင်ခြေကန်တတ်သော လူညံ့ရဟန်းညံ့များအတွက် မည်သို့မျှ မဟာရဲအောင် ရဲရဲကြီး အာမခံတော်မူထားလေသည်။

"ရဟန်းတို့....

၁။ သီတင်းသုံးဖော် မိတ်ဆွေများ၏ ချစ်ခင် လေးစားခြင်းခံရပြီး သမထဝိပဿနာ လွယ်ကူစွာပေါက်မြောက်လိုလျှင်—

၂။ ပစ္စည်းလာဘ်လာဘပေါများလိုလျှင်—

၃။ မိမိရဲ့ ဒကာဒကာမတွေ (သတ္တဝါတွေ) ဘေးရန်ကင်းကွာ ကြီးပွားချမ်းသာစေလိုလျှင်—

၄။ ကွယ်လွန်သူ မိဘညာတကာတို့ကို ကောင်းရာသုဂတိပို့ကာ အကျိုးများစေလိုလျှင်—

၅။ သူတော်ကောင်းအလုပ်မှာ ပျော်ပိုက်နိုင်ပြီး လောကီ အာရုံတွေကို လွှမ်းမိုး အောင်နိုင်လိုလျှင် (အရတိရတိသဟော)—

၆။ တောတောင်အရပ်တို့၌ အနှောင့်အယှက်ဘေးရန် အန္တရာယ်မှန်သမျှ ခံနိုင်ရည်ရှိကာ အောင်မြင်လိုလျှင် (ဘယဘေရဝသဟော)—

၇။ လောကီစျာန်သမာပတ်တွေကို ရရှိရုံမျှမကနိုင်နိုင်နင်းနင်းကျွမ်းကျွမ်း ကျင်ကျင်ရရှိကာ ချမ်းချမ်းသာသာကြီးနေလိုလျှင်—

http://www.dhammadownload.com



၈-၁၁။ လောကီ အဘိညာဉ်မှစ၍ အာသဝက္ခယ ဉာဏ်အထိ (ရဟန္တာဖြစ်ရသည်အထိ)ဂုဏ်ထူးဝိသေသနှင့်တကွ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုလျှင်—

"သီလေသွေ'ဝဿ ပရိပူရကာရီ=သီလကိုသာလျှင် ပြည့်စုံ လုံလဲအောင် ဆောက်တည်ကြကုန်"ဟု အတည့်အလင်းမိန့်မှာတော်မူလေသည်။ (ရချင်လို့တော့ မလုပ်နှင့်၊လုပ်လျှင်တော့ရမှာအမှန်ပဲ ဟူ၏။)

အထက်ပါ မဟာဒတ္တထေရ်ဝတ္ထုမှာ ဘေးရန် အောင်နိုင်မှု အတွက်သာ ပြဆိုခြင်းဖြစ်၏။ အချုပ်အားဖြင့် သီလဟူသည် လောကီနယ်ပယ်အတွင်း၌ ချမ်းမြေ့ပြည့်စုံစွာနေနိုင်ရေးမျှသာမက လောကုတ္တရာနယ်ပယ်၌လည်းတန်ခိုးအဘိညာဉ်နှင့်တကွ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်သည်အထိ ကြီးမားသော ပင်မတွန်းအားကြီး ဖြစ်ပေတော့သည်။

## ကျောကုန်းပေါ် လိုက်ပါယင်း သီလကိုသုံးသပ်၍ ရဟန္တာဖြစ်သော

# အမ္ဗာခါဒက မဟာတိဿထေရ်

သီဟိုဠ်သာသနာထွန်းကားစဉ်က သီလအရာတွင် စံတင် ညွှန်ပြလောက်သော မထေရ်တို့တွင် စိရဂုမ္ဗအရပ်၌ သီတင်းသုံးတော်မူသော အမ္ဗာခါဒက မဟာတိဿမထေရ်ကြီးသည်လည်း သီလအရာ စံတော်ဝင် အရှင်မြတ်တပါး ဖြစ်တော်မူ၏။

မထေရ်ကြီးသည် သီဟိုဠ်တကျွန်းလုံး ဒုဗ္ဘိက္ခန္တရ ကပ်ကြီး ဆိုက်ရောက်နေစဉ် ကိစ္စတခုဖြင့် ခရီးထွက်တော်မူရရာ သက်ရွယ်တော်ကြီး၍ ခရီးလည်း ပင်ပန်း၊ အာဟာရလည်း ပြတ်လပ်သဖြင့် မလှမ်း မသယ်ချပ်အောင် နွမ်းနယ်အားပြတ်၍ ခရီးတဝက်မှာပင် ရပ်နားတော်မူရ၏။ ရှေ့ဆက်၍ မကြွသွားနိုင်တော့ပေ။

လမ်းအနီးရှိ အရိပ်အာဝါသကောင်းလှသော သရက်ပင်ကြီး၏ ပင်ခြေအမြစ်ရင်း၌ လှဲမှီနားနေတော်မူရ၏။ သရက်ပင်ကြီးအောက် မြေပြင်တလျှောက်တွင် ဝင်းထိန်နေသော သရက်သီးမှည့်များ ကြွေကျ ပြန့်ကျဲနေသည်ကိုလည်း မြင်တော်မူရ၏။ဆာလောင် မွတ်သိပ်လှသဖြင့် ဘုဉ်းပေးတော်မူလိုလှသော်လည်း မိမိ သီလကို ဆင်ခြင်ကာ အာသာကို မျိုသိပ်ရလေ၏။

http://www.dhammadownload.com



## ဘဝနှင့် ဓမ္မ တန်ဖိုးဖြတ်နည်း

ဓနံ စဇေ အင်္ဂဟေတု၊ အင်္ဂ ဇီဝိတပ္ပစ္စယာ။
ဓနံ အင်္ဂ ဇီဝိတံ၊ သဗ္ဗမ္ပိ ဓမ္မပ္ပစ္စယာ။

"ငါ့ရှင်တိဿ၊ လောက၌ ခြေလက်အင်္ဂါ ဖြတ်တောက်ဖို့ အရေးကြုံလာ၍ ဥစ္စာစီးပွားကို ပေးက လွတ်မြောက်နိုင်သည်ဆိုလျှင် ခြေလက်အင်္ဂါဟူသော အကြောင်းကြောင့် ဥစ္စာစီးပွားကိုစွန့်လွှတ်သင့်ကစွန့်လွှတ်ရသည်။ တဖန်၊ အသက်အန္တရာယ်ရှိလာ၍ ခြေလက်အင်္ဂါဖြတ်တောက်ပစ်မှ ချမ်းသာရမည် ဆိုပါလျှင်လည်း အသက်ကိုငဲ့ပြီး ခြေလက်အင်္ဂါကို စွန့်ပစ်တန် စွန့်ပစ်ရသည်။

"ငါ့ရှင်တိဿ၊ သီလ, သမာဓိ, ပညာ သူတော်ကောင်းတရားနှင့် အလျော်အစားကြုံလာပါမူကား စီးပွားဥစ္စာ အင်္ဂါခြေလက် အသက်ပါမက ရှိသမျှ အကုန်လုံးကို စုန်းစုန်းမြုပ် စွန့်ပစ်နိုင်ရမယ် ငါ့ရှင်"ဟု သရက်သီးမှည့်များကို ကြည့်ယင်း အာသာကို မျိုသိပ်လျက် မိမိ ကိုယ်ကို နှိပ်ကွပ် ဆုံးမတော် မူလေသည်။ (ဝိသုဒ္ဓိမဂ်လာ ဂါထာကို ရွတ်ဖတ် လွယ်ကူစေရန် ပြင်ဆင်ထားပါသည်။)

မထေရ်ကြီးသည် မိမိကိုယ်ကို မည်သို့ နှိပ်ကွပ် ဆုံးမနိုင်သော်လည်း တစုံတရာအာဟာရ မရရှိလျှင် ထိုနေရာ၌ပင် ပျံလွန်တော်မူရန် အချိန်မဝေးတော့ချေ။ ဇီဝိန်ငွေ့ငွေ့ မရွေ့မထနိုင် အသက်နေ တဲ့တဲ့ကလေး မျှသာ ရှိလေ၏။ မည်သို့ဖြစ်စေ မထေရ်ကြီးကား မိမိ သီလကိုသာ အသက်ပေး၍ အရယူရန် သန္နိဋ္ဌာန် ချတော်မူလေသည်။

"ငါ့ရှင် တိဿ၊ ယခုအချိန်ကား သီလနှင့်အသက်ကို အလျော်အစား လုပ်ရမည့်အခါပေတည်း။ ဝိနည်းနှင့်မအပ်မရာ အာဏာ ဒေသနာတော်ကို ဖီဆန်ကာ သီလကို အပျက်ခံ၍ သရက်သီးမှည့်ကို စားပြီး အသက်ကို ဗူမည်လော၊ အသက်အသေခံ၍ သီလကို အရယူမည်လော။

"ရဟန်းတို့၏ စတုပါရိသုဒ္ဓိ သီလတော်ကား အကျဉ်း နှစ်ရာ့နှစ်ဆယ့်ခုနစ်သွယ်၊ အကျယ်အားဖြင့် ကုဋေ ကိုးထောင် တရာ့ ရှစ်ဆယ့် ငါးသန်း သုံးသောင်း ခြောက်ထောင် များပြားသည်ဟု အရေအတွက်အားဖြင့် ပိုင်းခြားချက် ရှိသော်လည်း ငါ့ရှင်သည် အရေအတွက်အားဖြင့် ပိုင်းခြား ကန့်သတ်၍ ဤမျှ

http://www.dhammadownload.com



ဤမျှကိုသာလျှင် ငါကျင့်မည်ဟုလည်း ကန့်သတ်ချက် မထား။ ရဟန်းပြုသည်မှ စ၍ အရွယ်အချိန်အားဖြင့်လည်း ပိုင်းခြားခြင်း မရှိ 'အပရိယန္တ' ဖြစ်ခဲ့ပြီ။

"သီလကို စင်ကြယ်စွာ ဆောက်တည်နိုင်လျှင် မရရှိသေးသော စီးပွားလာဘ်လာဘ, အခြံအရံ ကျော်စောကိတ္တိများ ရလာနိုင်၍ ရရှိပြီးသော စီးပွားလာဘ်လာဘ အခြံအရံကျော်စောကိတ္တိများလည်း တိုးပွားကြောင်း.... မိမိ အင်္ဂါ ခြေလက် အသက်နှင့်တကွ ကွယ်လွန်လေပြီးသော မိဘ ဆွေမျိုး သားချင်းများမှ အစ သေွးသားတော်စပ်သူများအားလုံးတေးရန်မသန်းချမ်းသာကြီးပွားကြောင်း အထောက်အပံ့ကောင်း ဖြစ်သည်ကိုလည်း ဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း သိပြီး ဖြစ်ပေသည်။ (မူလ ပဏ္ဏာသ-အာကင်္ခေယျသုတ်) သို့ရာတွင် ငါ့ရှင် သီလကို စောင့်ခဲ့သည်မှာ လာဘ်ခြံရံကျော်စောကိတ္တိလိုချင်၍လည်းမဟုတ်၊ မိမိ၏ အင်္ဂါ ခြေလက် အသက်နှင့်တကွ မိဘ ဉာတကာတို့ ချမ်းသာရာရစေတော့ ဟူသော မျှော်လင့်ချက်လည်းမပါ၊ 'ပါရိသုဒ္ဓိ=ထက်ဝန်းကျင် ပြည့်စုံ စင်ကြယ်သော' သီလဖြစ်သည် မဟုတ်လော။

"သေချင်လဲသေပါစေ၊ အသက်ကလေး တချောင်း ရှင်ရရေး အတွက် ဒီအသက်အရွယ်ကျမှတော့ မြတ်စွာဘုရား အာဏာတော်ကို မတော်လှန်မဖီဆန်လေနှင့်၊ မိမိ၏သီလကိုသာ နှလုံးသွင်းလေတော့"

ယင်းသို့ အပြီးအပိုင် ဆုံးဖြတ်ချက်ချကာ သရက်ပင်ရင်း မြစ်ခြေပါးပျဉ်းကြား၌ အသာမှေးစက်တော်မူ၍ မိမိသီလကိုသာ နှလုံးသွင်း ဆင်ခြင်တော်မူလေ၏။

## ကျောကုန်းပေါ်မှ အရဟတ္တမဂ်

သီလ၏တန်ခိုးတော်ကြောင့်လည်း မကြာမီ ခရီးသွား ဒါယကာကြီးတဦး ရောက်လာ၏။ သရက်ပင်ခြေရင်း၌ပင်ပန်းနွမ်းလျ၍ ယဲ့ယဲ့မျှသာရှိသောမထေရ်ကြီးကိုမြင်လျှင် အနီးသို့ လာရောက်ဦးချကာ—

"အရှင်ဘုရား၊ ဘယ်ကို ကြွမှာပါလဲ၊ ဘယ်မှာ သီတင်းသုံးပါသလဲ"ဟု မေးရာ—

"စိရဂုမ္ဗ..."ဟု လေသံမျှ ဖြေဆိုတော်မူနိုင်တော့၏။ ခရီးသွား ဒါယကာကြီးမှာလည်း လိမ္မာပါးနပ်စွာ အကဲခတ်တတ်သူ ဖြစ်သည့် အတိုင်း အာဟာရပြတ်နေကြောင်းသိ၍ သရက်သီးမှည့်များကို ကောက်ယူကာ ဖျော်ရည်လုပ်၍ ဆက်ကပ်လိုက်သည်။ မထေရ်ကြီးမှာ တဝကြီး ဘုဉ်းပေးတော်မူရသဖြင့် အတန်ငယ် အားပြည့်သွား၏။ သို့သော် မိမိခြေဖြင့် မကြွလှမ်းနိုင်သေးချေ။

http://www.dhammadownload.com



"အရှင်ဘုရား.... ကြောင့်ကြတော်မမူပါနှင့်၊ ဘုရား တပည့်တော်အား ချီးမြှောက်သောအားဖြင့် ဘုရားတပည့်တော်ရှိကျောင်းပေါ်က လိုက်ကြွတော်မူပါ၊ စိရဂုမ္ဗ ရောက်အောင် ပို့ဆောင် ပေးပါ့မယ် ဘုရား"ဟု လျှောက်ထားကာ ကုန်းပိုး ပင့်ဆောင်ခဲ့လေ၏။

မထေရ်ကြီးလည်း ဒကာ၏ ကျောကုန်းပေါ်က လိုက်ပါယင်း လမ်းတလျှောက်လုံး မိမိသီလဂုဏ်ကျေးဇူးကိုသာ ဆင်ခြင်ဝမ်းမြောက်နေမိ၏။

န ပိတာ နပိ တေ မာတာ၊ န ဉာတိ နပိ ဗန္ဓဝေါ။
ကရောတေ တာဒိသံ ကိစ္စံ၊ သီလဝန္တဿ ကာရဏာ။

"သြော်....ယခု ငါ့ကို ကုန်းပိုး ပို့ဆောင်တဲ့ ဒါယကာကြီးဟာ မိဘလဲမတော်၊ သားချင်းဆွေမျိုးစပ်၍လဲ မဟုတ်။ အသက်နှင့် လဲခဲ့ရသော ငါ့ရဲ့ သီလကြောင့်သာ ယခုလို လုပ်နိုင်ခဲ့သော အလုပ်ကို လုပ်ဆောင်ခြင်း ဖြစ်ပေတယ်။"

သံဝေဂံ ဇနယိတွာန၊ သမ္မာသိတွာန ယောနိသော။
တဿ ပိဋ္ဌိဂတော သန္တော၊ အရဟတ္တံ အပါပုဏိ။

"'ယခုလို အသက်နှင့်လဲ၍ သီလကိုသာ မစောင့်ထိန်းနိုင်ခဲ့လျှင် အကျိုးမဲ့ ဆုံးရှုံးရတော့မှာပါကလား'ဟု သံဝေဂ ဖြစ်ကာ သီလာနုဿတိ ပီတိကို အခြေခံ၍ မိမိ ခန္ဓာကိုယ် ရုပ်နာမ် ဓမ္မ တို့၏ ဖြစ်ပျက် သဘာဝကို အမှန်အတိုင်း သုံးသပ် ရှုမှတ်တော်မူနိုင်၍ ဒါယကာ၏ကျောကုန်းပေါ်၌ လိုက်ပါလျက်က မဂ်ဖိုလ်အဆင့်ဆင့် ဉာဏ်ရောင်ဝင့်ကာ အရဟတ္တဖိုလ်ထီးဖြူကို ဖွင့်တော်မူခဲ့လေသည်။"

(ဝိသုဒ္ဓိမဂ်-၁၊ ၄၄-အဆိုအမိန့်ကို မဟာဋီကာ-၁၊ ၃၄၊ ၇၀-နှင့် လုံးစေ့ပါဌ်စေ့ ညှိနှိုင်း ဖော်ပြပါသည်။ အမ္ဗ=သရက်သီး+အခါဒက=ကောက်ယူ၍ မစားသောသူ။ သီလနှင့်စပ်၍ လိုရင်းမှတ်ချက်ကို အခန်း-၅ ကန္ဒရသာလမထေရ် အကြောင်း၌ ကြည့်ဖြစ်အောင်ကြည့်ပါဦး။)

http://www.dhammadownload.com



# သီလကို အသက်ပေး၍ ကျင့်တော်မူကြသော မထေရ်ကြီးများ

မဟာဝတ္တနီ ခေါ်သော တောအုပ်ကြီးတခုအတွင်း၌ အမည်မသိ မထေရ် တပါးကို ခိုးသားတို့သည်(မိမိတို့အကြောင်း အခြားသူတို့အားသွား၍မပြောကြား နိုင်ရန်) နွယ်ငန်းများဖြင့်တုပ်နှောင်၍ လဲလျောင်းအိပ်နေစေကြ၏။

မထေရ်လည်း လျောင်းမြဲလျောင်းကာ ခုနစ်ရက်ပတ်လုံး ဝိပဿနာ တရား ကိုသာရှုပွားတော်မူနေ၏။ (တုပ်နှောင်ထားသည်ကို ဖြေဖျက် ထွက်ပြေးသွားလျှင် ဝိနည်းတော်အရ တာဝန်မကင်းဟုလည်း သံသယ ရှိတော်မူဟန်တူလေသည်။) တရားရှုမှတ်ယင်းပင် အနာဂါမ် ဖြစ်တော်မူ၏၊ ထိုတောအုပ် အတွင်းမှာပင် ကွယ်လွန်၍ ဗြဟ္မာ့ပြည်၌ ဖြစ်တော်မူလေသတတ်။

အခြား မထေရ်တပါးလည်း ထိုအတူပင် ခိုးသားတို့ ဆင်သမနွယ်ဖြင့် တုပ်နှောင်ပစ်လှဲထားကြစဉ် တောမီးကြီး လောင်လာသော အခါ တုပ်နှောင် ထားသော နွယ်ကိုမဖြတ်ပဲ ဝိပဿနာကိုသာ ရှုပွား၍နေတော်မူသဖြင့် ထိုနေရာ၌ ပင် သမသီသီ (ရဟန္တာလည်းဖြစ်, အသက်လည်းသေရသော) ရဟန္တာ ဖြစ်တော် မူလေသည်။

> [သမသီသီ ဟူသည် ဝဋ်ဆင်းရဲ၏ဦးခေါင်း=သီသသဖွယ်ဖြစ်သော အသက်ဇီဝိတိန္ဒြေနှင့် ကိလေသာ၏ဦးခေါင်းသဖွယ်ဖြစ်သော အဝိဇ္ဇာ တို့ မရှေးမနှောင်း တပြိုင်နက် ချုပ်ငြိမ်းပြတ်ဆုံးသည်ကို 'သမသီသီ' ဟု ခေါ်သည်။ အရပ်စကားအားဖြင့် သေချိန်နှင့် ရဟန္တာဖြစ်ချိန် အချိန်ကိုက်ဖြစ်သော ရဟန္တာမျိုးဟု ဆိုလိုသည်။ သမသီသီ သုံးမျိုး, လေးမျိုး အစိပ္ပာယ် ကျမ်းဂန်တို့၌ရှု။]

ဒီဃဘာဏက အဘယမထေရ်ကြီးသည် နောက်ပါတပည့်ငါးရာနှင့် ခရီး ကြွတော်မူရာ တောကြီးအတွင်း၌ ထိုမထေရ်၏ အလောင်းတော်ကို တွေ့မြင် ရလေရာ ရဟန္တာဖြစ်ကြောင်း အဘိညာဉ်ဖြင့် သိမြင်တော်မူ၍ မီးသင်္ဂြိုဟ်ကာ စေတီတည်ထား ကိုးကွယ်ခဲ့လေသည်။

ဤကား တိတ္တိတူးငှက်မသည် အသက်ကို မငဲ့မထောက်ပဲ မိမိ၏ အဥကို စောင့်ရှောက်သကဲ့သို့ လည်းကောင်း၊ စမရီမည်သော သားကောင် (တိဗက် နွားတမျိုး)သည် မိမိ၏အမြီးဆံမျှား တစုံတရာနှင့် ငြိတွယ်နေလျှင် ရှေ့သို့ဆက်၍ မသွား၊ အသက်ကိုသာလျှင် အသေခံ၍ မိမိအမြီးဆံကို စောင့်ရှောက်သကဲ့သို့

http://www.dhammadownload.com



လည်းကောင်း သီလကို အသက်နှင့်လဲ၍ စောင့်ရှောက်တော်မူကြပုံ ဖြစ်သည်။ (ဝိသုဒ္ဓိမဂ်-၁၊ ၃၄-၅။)

ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ။
ပညတ္တံ လောကနာထေန၊ န ဘိန္ဒေ သီလသံဝရံ။ ။

ပါတိမောက္ခ သံဝရသီလကို ဖြူစင်စေလိုလျှင် မိမိ၏အသက်ကိုပင် သော်လည်း စွန့်၍ကျင့်ရာ၏။ လူသုံးပါးတို့၏ အားထားကိုးကွယ်ရာ ဘုရားရှင် ပညတ်တော်မူအပ်သော သီလစောင့်စည်းမှုကို မကျူးလွန် မဖျက်ဆီးရာ။

## နတ်စည်းစိမ်နှင့်မလဲနိုင်သောသီလ

မထေရ်ကြီးတပါးသည်လည်း အသည်းအထန် မမာမကျန်း ဖြစ်နေရာ မိမိလက်ဖြင့်ယူ၍ အာဟာရကိုမျှ မသုံးဆောင်နိုင်။ မိမိ ကျင်ကြီးကျင်ငယ်၌သာ ကျံ့နစ်ပေကျံ့ကာ တပြောင်းပြန်ပြန် လူးလှိမ့်နေရ၏။

ထိုသို့ လူးလှိမ့်နေသောမထေရ်ကို ရဟန်းငယ်တပါးက မြင်ရ၍—

''ဩော်....၊အသက်ရှင်နေရမှုအတွက် ကြောင့်ကြရခြင်း၊ အသက်ရှင်နေရ ခြင်းကား ဆင်းရဲလှပါတကား'' ဟု ညည်းတွား ပြောဆိုမိလေ၏။ ထိုအခါ မထေရ်က ရဟန်းငယ်အား—

''ငါ့ရှင်....၊ ငါ ယခုမျှားသေသွားလျှင် နတ်စည်းစိမ်ရဖို့ရာ အလွန်သေ ချာတယ်။ ဘာမှ သံသယမဖြစ်ဘူး။ ဒါပေမယ့် ယခုလို မြင့်မြတ်တဲ့ရဟန်းသီလ ကို ပစ်ပယ်ထားခဲ့ရပြီးမှရမယ့် နတ်စည်းစိမ်ဟာ သိက္ခာချပြီး လူထွက်ရတာနဲ့အတူ တူပဲ။ (နတ်စည်းစိမ်လောက်နဲ့မလဲနိုင်ဘူး။ ဘဝတစုံတခုကို ရဦးယူဦးမယ်ဆိုယင် ဒီမြင့်မြတ်တဲ့ ရဟန်းသီလကို စွန့်လွှတ်ခွဲခွာပြီး ဒီသီလကိုဖျက်ဆီးရတာနဲ့မထူးဘူး။ ဒါ့ကြောင့် ငါ့သီလကို ဘယ်ဘဝနှင့်မှ လဲပြီး မယူလိုဘူး) ဒီသီလကိုသာ ဖက်ပြီး သေတော့မယ်''ဟု မိန့်တော်မူလိုက်၏။

ယင်းသီလမျိုးကိုပင်လျှင် ငါ, ငါ့ဥစ္စာဟု တဏှာဒိဋ္ဌိတို့ဖြင့် မှားယွင်းစွာ မသုံးသပ်အပ်သော၊ ထက်ဝန်းကျင် စင်ကြယ်ခြင်းရှိသော သီလ=**အပရာမဋ္ဌသီလ** ဟု ခေါ်၏။ လောကဝေါဟာရဖြင့်ဆိုရသော် ချမ်းသာကြွယ်ဝအောင်၊နတ်ပြည် စသော၊ ကောင်းရာသုဂတိရောက်အောင် စသော၊ တဏှာလောဘအကြောင်းခံ၍ စောင့်သော သီလမျိုးကို **တဏှာပရာမဋ္ဌသီလ**ဟု ခေါ်၏။ အညတိတ္ထိယတို့ကဲ့သို့ 'ဤအကျင့်ဖြင့် သံသရာဆင်းရဲက လွတ်မည်'ဟု ယုံကြည်၍ အမှားကျင့်သုံးသော သီလဗ္ဗတပဒါမာသ သီလမျိုးကို **ဒိဋ္ဌိပရာမဋ္ဌသီလ**ဟု ခေါ်၏။

http://www.dhammadownload.com



ဤမထေရ်၏သီလကား တစုံတရာမှားယွင်းသောအကျင့်၊ မျှော်လင့်ချက်ပါသော သီလမဟုတ်၍အရဟတ္တဖိုလ်ကလွဲ၍ မည်သည့်စည်းစိမ်ချမ်းသာမျိုးနှင့်မျှ မလဲနိုင်ကြောင်း ပြောဆိုလိုရင်း ဖြစ်ပေသည်။

မထေရ်လည်း ထိုသို့ပြောဆိုပြီးနောက် အိပ်ရာထဲ၌ လဲလျောင်းလျက်ကပင် နာကျင်ခံခက် နှိပ်စက်လှသောရောဂါ (ဟုဆိုအပ်သော) ဝေဒနာကို ရှုမှတ်တော်မူလေသည်။

ရောဂါ(ဟုဆိုအပ်သော) ဝေဒနာကို ရှုမှတ် သုံးသပ်ယင်းကပင် ကြွင်းသော ခန္ဓာလေးပါး ရုပ်နာမ်ဓမ္မများကိုလည်း ရှုမှတ်တော်မူရာ ဂိလာနညောင်စောင်းပေါ်၌ပင် အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။

ရဟန်း သံဃာတော် များကိုလည်း အောက်ပါသုံးဂါထာတို့ဖြင့် ပြောကြား သတိပေးတော်မူလေသည်။

ဖုဋ္ဌဿ မေ အညတရေန ဗျာဓိနာ၊
ရောဂေန ဗာဠှံ ဒုခိတဿ ရုပ္ပတော။
ပရိသုဿတိ ခိပ္ပံ မိဒံ ကဠေဝရံ၊
ပုပ္ဖံ ယထာ ပံသုနိ အာတပေ ကတံ။

"ငါ့ရှင်တို့....၊ တစုံတခုသော အနာရောဂါ နှိပ်စက်လှသဖြင့် အပြင်းအထန်ဆင်းရဲဖောက်ပြန်နေတဲ့ တပည့်တော်ရဲ့ ခန္ဓာကိုယ်ဟာ နေပူလောင်ထားတဲ့ မြေမှုန့်ပေါ်မှာ ပစ်ချထားတဲ့ပန်းလို မကြာခင်မှာပဲ ကုန်ခန်းသွေ့ခြောက်သွားပေလိမ့်မယ်။"

အဇညံ ဇညသင်္ခါတံ၊ အသုစိံ သုစိသမ္မတံ။
နာနာကုဏပ ပရိပူရံ၊ ဇညရူပံ အပဿတော။
ဓိရတ္ထု'မံ အာတုရံ ပူတိကာယံ၊
ဒုဂ္ဂန္ဓိယံ အသုစိ ဗျာဓိဓမ္မံ။
ယတ္ထပ္ပမတ္တာ အဓိမုစ္ဆိတာ ပဇာ၊
ဟာပေန္တိ မဂ္ဂံ သုဂတူပ ပတ္တိယာ။

"အပုပ်ကောင်၌ ရာဂကြောင့်မေ့လျော့ကာ မက်မောတွေဝေနေကြတဲ့ သတ္တဝါတွေဟာ သုဂတိရောက်စေနိုင်တဲ့ သီလလောက်ကိုပင်လျှင် လျော့ချပစ်နေကြတယ်။

"ခန္ဓာကိုယ်ကြီးကို စက်ဆုပ်ဖွယ်ဖြစ်ပါလျက် နှစ်သက်ဖွယ်လို့သတ်မှတ်ကြတယ်။ မစင်ကြယ်ပါပဲလျက် စင်ကြယ်တယ်လို့ သတ်မှတ်ကြတယ်။ ကျင်ကြီးကျင်ငယ် အသွယ်သွယ်သော အပုပ်မျိုးစုံတို့နဲ့ ပြည့်နေ

http://www.dhammadownload.com



တယ်။ အမှန်မမြင်နိုင်တဲ့ လူမိုက်သတ္တဝါအပေါင်းကို နှစ်သက်ဖွယ် ထင်အောင် အယောင်ဆောင်ရှိလဲ ပြနေတယ်။

"ရောဂါမျိုးစုံကလဲ နှိပ်စက်၊ စက်ဆုပ်ရွံရှာဖွယ် အနို့တထောင်း ထောင်းထပြီး မစင်မကြယ် နှစ်သက်တွယ်တာဖွယ်မပါ၊ နာရှိသာ နေတော့တယ်။ ဒီအပုပ်ကောင်ကြီးကို ငါ့ရှင်တို့ စက်ဆုပ်ရွံမုန်းနိုင်ကြ ပါစေ။" (ဝိသုဒ္ဓိမဂ်—၁၊၄၆။)

## သစ္စာဆိုလောက်အောင် ဣန္ဒြေစောင့်စည်းသော

# မဟာမိတ္တထေရ်

မဟာမိတ္တထေရ်သည် ဣန္ဒြေကိုစောင့်စည်းတော်မူရာတွင် သီဟိုဠ်သာသနာ ဝင်၌ စိတ္တဂုတ္တမထေရ်ကြီးနှင့်အတူ စံတင်ရတော်မူသော မထေရ် ဖြစ်တော်မူသည်။ စောရက မဟာဝိဟာရ၌ သီတင်းသုံးတော်မူ၏။ မထေရ်၏ နှမတော်တဦးလည်း ဘိက္ခုနီ(ရဟန်းမိန်းမ)ပြု၍ နေလေ၏။

တနေ့သောအခါ မယ်တော်ကြီးမှာ ဝိသဂဏ္ဍခေါ် ဆိပ်အိုင်းနာ(နို့အိုင်း နာ)ပေါက်၍ အိပ်ရာထဲ၌ အလူးအလဲ ခံစားနေရသဖြင့် သမီးဘိက္ခုနီမအား—

"ချစ်သမီး၊ သင်ရှိ မောင်တော်ကြီးဆီ သွားပြီး မယ်တော်ကြီး မကျန်း မာကြောင်း ပြောချေပါ။သင့်မောင်တော်ကြီးဆီက ဆေးများလဲ တောင်းခဲ့ပါ" ဟု ဆိုသဖြင့် သမီးဘိက္ခုနီမသည် မောင်တော်ထံသွား၍ အကျိုးအကြောင်း လျှောက်ထားလေ၏။ မဟာမိတ္တ မောင်တော်ကြီးက—

"နှမငယ်....၊ ငါ့မှာ သစ်ဥ သစ်မြစ်များကို စုဆောင်း ထောင်းထုပြီး ကျိုချက်ရတဲ့ ဆေးဆိုတာလဲ နားမလည်ဘူး။ ငါ့မှာ ဘာဆေးမှလဲ မရှိပါလား။ ဒါပေမယ့် မယ်တော်ကြီး ရောဂါပျောက်စေနိုင်တဲ့ဆေးကိုတော့ မောင်တော်ကြီး ပြောပြလိုက်မယ်၊ နှမတော် မသေသေချာချာ မှတ်သွားပေတော့"ဟု မိန့်တော် မူကာ အောက်ပါအတိုင်း သစ္စာစကားကို မိန့်ကြားတော်မူလိုက်၏။

"ငါသည် ရဟန်းပြုသည့် အချိန်မှ အစပြု၍ လောဘသဟဂုတ် တပ်မက် သော စိတ်ယုတ်ဖြင့် မျက်စိစသော ဣန္ဒြေကို ဖျက်၍ ဝိသဘာဂ (မာတုဂါမ) အာရုံကို မကြည့်ရှုခဲ့စဖူးပါ။ဤမှန်သော သစ္စာစကားကိုဆိုရခြင်းကြောင့် ငါတို့၏ မယ်တော်ကြီးရောဂါ ပျောက်ကင်း ချမ်းသာခြင်း ရှိပါစေသတည်း။"

"ကဲ....နှမတော်၊ ဒီ အတိုင်း မှတ်သားပြီး မယ်တော်ကြီးရှေ့မှာ သွား ရောက်ဆိုချေ။ သစ္စာဆိုယင်း မယ်တော်ကြီးရဲ့ ကိုယ်ကိုလဲ နှမတော်ရဲ့ လက်နဲ့ ပွတ်သပ်ပေးလိုက်ပေါ့"ဟု မိန့်တော်မူလိုက်သည်။

http://www.dhammadownload.com



နှမတော် ထေရီမလည်း မောင်တော်ကြီး မဟာမိတ္တအား ဦးချ ပြန်လာပြီးနောက် မယ်တော်ကြီးအား အကျိုးအကြောင်း ပြောပြကာ မောင်တော်ကြီးမှာကြားလိုက်သည့် အတိုင်း သစ္စာဆို၍ မယ်တော်ကြီး ကိုယ်ကို ပွတ်သပ်ပေးလိုက်၏။

မယ်တော်ကြီး၏ အနာသည် ချက်ချင်းပင် ရေမြှုပ်ကဲ့သို့ ကြေပျက်၍သွားလေ၏။ မည်သည့် ဝေဒနာမျှ မခံစားရတော့ချေ။ မယ်တော်ကြီးလည်း ဝမ်းသာ အားရ နေရာမှထကာ—

"မြတ်စွာဘုရားသာ သက်တော်ထင်ရှား ရှိနေမယ်ဆိုယင် ငါ့သားကြီးလို ရဟန်းတော်မျိုးရဲ့ ဦးခေါင်းတော်ကို လက္ခဏာဇာကွန်ရက်တို့ဖြင့် ဆန်းကြယ်တော်မူတဲ့ ရွှေလက်တော်နဲ့ သုံးသပ်တော်မမူပဲ နေတော်မူမှာ မဟုတ်ပါဘူး" ဟု ကျူးရင့် မြွက်ဆိုလိုက်လေ၏။ (ဝိသုဒ္ဓိမဂ်—၁၊ ၃၇-၈။)

## မျက်စိကို နိုင်သော

# စိတ္တ ဂုတ္တ ထေရ်

သီဟိုဠ်ကျွန်း မဟာဂါမမြို့တော်ကို ဂေါစရဂါမ်ပြု၍ ကုရဏ္ဍက လိုဏ်ဂူတော်ကြီး၌ သီတင်း သုံးတော်မူသော စိတ္တဂုတ္တမထေရ်ကြီးသည်လည်း ရဟန်းတို့ဣန္ဒြေကို စောင့်စည်းရာ၌ ပဋိပတ္တိ သာသနာဝင် စံတင်ရတော်မူသော မထေရ်ကြီးတပါး ဖြစ်တော်မူ၏။

ယင်းကုရဏ္ဍက လိုဏ်ဂူတော်ကြီး၏ နံရံနှင့် အမိုးတို့၌ ရှေးဘုရားရှင် ခုနစ်ပါးတို့၏ တောထွက်ခန်း ဆေးရေးပန်းချီများ အဆန်းတကြယ် ရေးခြယ် ပူဇော်ထား၏။ တနေ့သောအခါ ဘုရားဖူးရဟန်းငယ်များသည် စေတီပုထိုး ကျောင်းကန်များကို လှည့်လည် ဖူးကြရာ လိုဏ်ဂူတော်ကြီးသို့ ရောက်လျှင် ပန်းချီဆေးရေးကားများကို တအံ့တသြ ကြည့်ရှု ပြောဆိုနေကြ၏။ စိတ္တဂုတ္တ မထေရ်ကြီးအား ဝင်ရောက် ကန်တော့ယင်း....

"အရှင်ဘုရား....၊ လိုဏ်ဂူတော်ကြီးက ပန်းချီဆေးရေး ဗုဒ္ဓဝင် တောထွက်ခန်းတွေဟာ တယ်ပြီး အဆန်းတကြယ် ကြည်ညိုဖွယ် ကောင်းလှပါလားဘုရား" ဟု လျှောက်ကြသည်။

မထေရ်ကြီးကား....

အစော ခိပေယျ စက္ခူနိ၊ ယုဂမတ္တဒသော သိယာ။
ဝန မက္ကဋလောလဿ၊ န စိတ္တဿ ဝသံ ဝဇေ။ ။

http://www.dhammadownload.com



"မျက်စိတို့ကို အောက်သို့ချ၍ ရထားထမ်းပိုးတပြန်မျှသာ ကြည့်လေ့ရှိ၏။ တောမျောက်ပမာ လျှပ်ပေါ် လော်လည်သော စိတ်၏ အလိုသို့ လိုက်ပါလေ့မရှိ။"

စက္ခုန္ဒြေစသည်တို့ကို စောင့်စည်းကာ မိမိ သီတင်းသုံးသော လိုဏ်ဂူတော်ကြီး၏ နံရံနှင့် အမိုးများကိုပင် မော်၍ ကြည့်ဖူးခြင်း မရှိသဖြင့် ဘုရားဖူး ရဟန်းများအား ...

"ဩော်....ဟုတ်ပေလိမ့်မယ်၊ ဒို့များ ဒီလိုဏ်ဂူကြီးထဲမှာ နေလာတာ အနှစ်ခြောက်ဆယ် ကျော်သွားပြီ။ ဒီ ပန်းချီ ဆေးရေးကားတွေ ရှိနေတယ်လို့ သတိမပြုမိဘူး။ ခုမှပဲ မျက်စိကောင်းတဲ့ ငါ့ရှင်များ ပြောလို့ သိရပေတယ်"ဟု မိန့်တော်မူလေသည်။

စိတ္တဂုတ္တမထေရ်ကြီးသည် မိမိသီတင်းသုံးသော လိုဏ်ဂူတော်ကြီးကိုသာမက ထိုလိုဏ်ဂူတော်ကြီးအဝင်ဝ၌လည်း မြင့်မားသော ကံ့ကော်ပင်ကြီးတပင်ရှိရာ ထို ကံ့ကော်ပင်ကြီးကိုလည်း အနှစ်ခြောက်ဆယ်ကျော်သော်လည်း တခါမျှ မော်၍ မကြည့်စဖူး။ ရှိနေသည်ကိုပင် သတိမမူမိချေ။ တနှစ်တကြိမ် ကံ့ကော်ပွင့်များပွင့်၍ ပွင့်ချပ် ဝတ်ဆံများ မြေပေါ်၌ ကြွေကျသောအခါမှသာ ကံ့ကော်ပင်ရှိနေကြောင်း သိတော်မူလေသည်။

## သားသည်မိခင်တို့ သားမြတ်ချိပ်ပိတ်ခံရ

ကာကဝဏ္ဏတိဿ မင်းကြီးလည်း မထေရ်ကြီး၏ ဂုဏ်ကျေးဇူး သတင်းစကားများကို ကြားသိရသဖြင့် ဖူးမြော်လို၍ အမတ်များအား နန်းတော်သို့ ကြွရောက် အပူဇော်ခံရန် သုံးကြိမ်တိုင်တိုင် ပင့်လျှောက်ခိုင်း၏။ မထေရ်ကြီးကား ကြွမလာ။

(လူတို့သည် တစုံတရာ သတင်းထွက်လာလျှင် 'ပုဂ္ဂိုလ်ထူး' ဟု ဆိုကာ သူ့ထက်ငါ ဖူးတွေ့ ပူဇော်လိုကြ၏။ လူတို့က တအံ့တသြ ပြောဆို အံ့သြနေကြသော 'အထူး' များသည် သူတော်ကောင်းကြီးများ၌ ဘာမျှ အဆန်းတကြယ် အံ့သြဖွယ်မဟုတ်၊ သာမန်မျှသာ ဖြစ်နေတတ်၏။ မည်သို့ ဖြစ်စေ အလိုက်မသိသော, သာသနာကို မငဲ့သော, ကိုယ်ကျိုးကိုသာ ရှုလေ့ရှိသော မလိမ္မာသည့် ဒကာ, ဒကာမတို့ကြောင့် ကျင့်ကြံဆဲ ရှိနေသေးသော သူတော်ကောင်း ယောဂီကြီးများ၌ ကြီးစွာသော အနှောင့်အယှက်ကြီး ဖြစ်ရလေ၏။

သတ္တဝါအများ ချမ်းသာရေးအတွက် ရှေးရှုကျင့်ကြံ၍ နေကြသည်ဖြစ်ရာ အချိန်ကျ၍ ပြည့်စုံပြီးမြောက်ပါလျှင် မည်သူကမျှ မပင့်ဖိတ် စေကာမူ ကိုယ်

http://www.dhammadownload.com



တော်တိုင် ကြွရောက် ချီးမြှောက်ကြမည်မှာ ယုံမှားဖွယ် မရှိအပ်။ သာသနာ အညွန့် အညှောက်များကို မဖျက်ဆီးမိအောင် သတိပြုကြရာ၏။)

မင်းကြီးသည် သုံးကြိမ်တိုင်တိုင် ပင့်လျှောက်သော်လည်း ကြွလာတော် မမူသဖြင့် မဖူးရ၊ ဖူးရအောင် အကြံထုတ်ကာ မထေရ်ကြီးအား အကျပ်ကိုင်လေ တော့သည်။

မဟာဂါမ မြို့တော်ကြီးရှိ သားသည်မိခင်များအားလုံး စာရင်းကောက် ရွေးထုတ်ကာ သားမြတ်ကို ရင်စည်းအဝတ်စည်းလျက် မင်းတံဆိပ် ခတ်နှိပ်လိုက် လေသည်။

"စိတ္တဂုတ္တ မထေရ်ကြီး ငါ၏နန်းတော်သို့ မကြွရောက်လာသေးသမျှ မိခင် များအားလုံး မိမိတို့ကလေးများကို နို့မတိုက်ရ" ဟုလည်း အမိန့်ထုတ်လေတော့ သည်။ မဟာဂါမမြို့တော်ကြီး တခုလုံး ကလေးငိုသံများ ဆူညံသွားလေ၏။

မထေရ်ကြီးလည်း ကြားသိတော်မူကာ ကလေးငယ်များကို သနားကြင်နာ တော်မူ၍ မဟာဂါမ မြို့တော်ဘက်သို့ နောက်ပါ တပည့် ရဟန်းတော်များနှင့် အတူ ကြွလာတော် မူရလေ၏။ မထေရ်ကြီး ကြွလာပြီဖြစ်ကြောင်း မင်းကြီး ကြားလေလျှင် အမတ်များကို—

"သီလယူကြရအောင် မထေရ်ကြီးကို နန်းတော်သို့ အမြန် ပင့်ဆောင် ခဲ့ကြ" ဟု စေလွှတ်ကာ နန်းတော်သို့ ရောက်လျှင် မိဖုရားကြီးနှင့်အတူ ရှိခိုးကန် တော့၍ ကျွေးလှူ ပူဇော်ကြ၏။ ဆွမ်းကျွေးပြီးလျှင်—

"အရှင်ဘုရား... တပည့်တော်များ ဒီကနေ့ သီလယူရန် အခါအခွင့်မရ အောင် ရှိနေကြပါတယ်ဘုရား။ နက်ဖြန်ကျမှသာ သီလယူကြပါတော့မယ်" ဟု အချိန်ဆွဲ၍လျှောက်ရာ မထေရ်ကြီး နန်းတော်မှ ပြန်ကြွတော်မူလာရ၏။

မင်းကြီးနှင့် မိဖုရားကြီးတို့လည်း မထေရ်ကြီး၏သပိတ်ကို ယူဆောင် လိုက်ပါကာ ပို့တော်မူကြသည်။ ဤနည်းဖြင့် နန်းတော်သို့ ခုနစ်ရက်တိုင်တိုင် ကြွရောက်တော် မူရလေ၏။

မထေရ်ကြီးသည် မင်းကြီးက ရှိခိုးသည်ဖြစ်စေ၊ မိဖုရားကြီးက ရှိခိုးသည် ဖြစ်စေ—

"မြတ်သောမင်းကြီး ချမ်းသာပါစေ=သုခီဟောတု မဟာရာဇ" ဟူ၍သာ ဆုပေးတော် မူလေ့ရှိ၏။ နေ့တိုင်းပင် ထိုသို့ချည်း ဆုပေးတော်မူနေသဖြင့် နောက် ပါတပည့်များက—

"အရှင်ဘုရား ...မင်းကြီးက ရှိခိုးလဲ 'မြတ်သောမင်းကြီး ချမ်းသာပါစေ'၊ မိဖုရားကြီးက ရှိခိုးလာလဲ 'မြတ်သောမင်းကြီး ချမ်းသာပါစေ' လို့ ဘယ်နှယ့် ကြောင့် မိန့်တော်မူရပါသလဲဘုရား" ဟု လျှောက်ထားကြရာ—

http://www.dhammadownload.com



"ငါ့ရှင်တို့...ဒို့များမှာ မင်းကြီးပဲ, မိဖုရားကြီးပဲရယ်လို့ ကြည့်ရှုခွဲခြားပြီး မနေဘူး"ဟု မိန့်တော်မူလိုက်၏။ (အထီး အမ မည်သူမည်ဝါဟု မျက်စိဖွင့်၍ ကြည့်တော်မမူ၊ ရိပ်ကနဲ မြင်လိုက်မိလျှင် မြင်ကာမျှသာ တန့်ရပ်၍'သတ္တဝါ တဦး' ဟုသာ သိနေခြင်း ဖြစ်လေသည်။ သတိပဋ္ဌာန် အရှုအမှတ်များ အမြဲတမ်း ရှုမှတ် နေခြင်း ဖြစ်လေ၏။)

## နိုင်ငံမာသော စင်္ကြံသမာဓိ

ကာကဝဏ္ဏတိဿ မင်းကြီးသည် 'မထေရ်ကြီး ဤရပ်ရွာအတွင်း သီတင်း သုံးရတာ ပင်ပန်းတော်မူပြီ' ဟု သိ၍ ပြန်လွှတ်သဖြင့် စိတ္တဂုတ္တမထေရ်ကြီးလည်း ဝဋ္ဋကျွတ်ကာ ကုရဏ္ဍက လိုဏ်ဂူတော်ကြီးသို့ ပြန်ကြွတော် မူရသည်။

လိုဏ်ဂူတော်ကြီးသို့ရောက်လျှင် ညအခါ တရားရှုမှတ်ယင်း စင်္ကြံလျှောက် တော်မူရာ ကံ့ကော်ပင်စောင့် နတ်မင်းကြီးက 'အလွန်လျှင် သီလစင်ကြယ်တော် မူသောအရှင်မြတ်ကြီးပါတကား'ဟု သိ၍ မထေရ်ကြီး စင်္ကြံလျှောက်တိုင်း မီးရှူး တိုင်ကို ကိုင်၍ ရပ်တည်လာ၏။

(စိတ္တဂုတ္တမထေရ်ကြီးမှာ ကျော်ကြားသည်ဆိုကာ လူဒကာတို့ နှောင့် ယှက်ခြင်းဘေးမှလည်း ကင်းဝေး လွတ်မြောက်လာသဖြင့် သပ္ပာယမျှကာ) စင်္ကြံခြေလှမ်းများ ခါတိုင်းနှင့်မတူ၊ ကြွမှု၊လှမ်းမှု၊ မြေကြီးနှင့်ခြေထိမှုစသည်၌ ဣရိယာပထပဗ္ဗနည်းအရ သတိများကပ်၍ ရှုမှတ်တော်မူရာ ကြွလို၊ လှမ်းလို၊ချလို သောစိတ်(နာမ်)ကြောင့် စိတ္တဇဝါယောဓာတ်(ရုပ်)များ အလယ်ပိုင်း ကိုယ်၊ အထူးသဖြင့် ခြေနှစ်ဘက်၌ သက်ရောက် လှုပ်ရှား၍ အဆင့်ဆင့်ရိုက်ခတ်သွားပုံ၊ အဆင့်ဆင့်ပျက်၍ ပျက်၍ သွားပုံများကို တကန့်စီတကန့်စီ ဉာဏ်၌မြင်တော်မူ နေရ၏။

အမှတ်သတိ အသိဉာဏ်များ ကြည်လင်ပြတ်သား၍၊ ပြတ်သား၍လာရာ ခြေထောက်မှစတင်သော၊ဝါယောဓာတ်မှစတင်သော သတိနှင့်အသိသည် ခြေမှ ခေါင်းသို့လည်းကောင်း၊ ဝါယောဓာတ်မှ အခြားဓာတ်ကြီးသုံးပါးနှင့် ရုပ်နာမ် အစဉ်များသို့လည်းကောင်း၊ခြေဆုံးခေါင်းဆုံးပြောင်းလှည့်ရှုကြည့်နေမိရာ အသိ ဉာဏ်များ တခုနှင့်တခု တချိန်နှင့်တချိန် မသိမသာ ကွဲပြားထူးခြား၍ တိုးတက် သိမြင်လာ၏။

အသိဉာဏ်သည် မိမိခန္ဓာကိုယ်ပေါ်မှ မပြောင်းရွှေ့တော့ပဲ ပို၍အသေး စိတ်ကာစိတ်ကာ ကြည်ကြည်လင်လင်ကြီး သိမြင်လာသဖြင့် ကံ့ကော်ပင်စောင့် နတ်ကြီး မီးရှူးတိုင်ကိုင်၍ ရပ်တည်နေလှာသည်ကိုလည်းမမြင်၊ မီးရောင်များရှိနေ သည်ဟူ၍ပင် မသိတော့ချေ။

http://www.dhammadownload.com



တဖြည်းဖြည်းချင်း စင်္ကြံကြွတော်မူရာ ညဥ့်နက်သည်ထက်နက်ကာ သန်းခေါင်ကျော်၍ပင်လာလေပြီ။ ဤမျှကြာသွားပြီဟုလည်း မထင်မှတ်ချေ။)

"ဘယ့်နှယ်လဲ....ယနေ့ညငါ့ရဲ့တရားမှာ အလွန်ကြည်လင် ထင်ရှားပြတ်သားလှပါကလား"ဟု အောက်မေ့မိလေသည်။ (ထိုသို့ပင် စူးစိုက်ရှုမှတ်ယင်း ကြွလှမ်းတော်မူလေရာ စင်္ကြံတနေရာ၌ တလှမ်းပြီးတလှမ်း လှမ်းနေသော ခြေလှမ်းများနှင့်အတူ သိမှတ်၍ သိမှတ်၍နေသော စိတ်အသိတရားနှင့် သိမှတ်စရာသဘောတရားများ (အသိခံများ)အားလုံး ရုတ်တရက် ချုပ်ဆိုး ငြိမ်းပျောက် ကုန်ကြလေသည်။)

ကုရဏ္ဍကလိုဏ်ဂူတော်ကြီးတည်ရှိရာ တောင်ကြီးတတောင်လုံး အိုးထိန်းစက်ပမာ သွက်သွက်ခါလှုပ်၍တခဲနက်သောအသံကြီးမြည်ဟည်းကာလျှော်ကြီးလှုပ်နေသည်ကိုပင် စိတ္တဂုတ္တမထေရ်ကြီး သိလိုက်ဟန်မတူချေ။

အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသတည်း။ (ဝိသုဒ္ဓိမဂ်-၁၊၃၆-၇။)

## အရိမေတ္တေယျ ဖူးချင်၍ ရဟန္တာမဖြစ်နိုင်သော

# မဟာသံဃရက္ခိတ ထေရ် ဝတ္ထု

သက်တော် နှစ်ဆယ်၊ ဝါတော် ခြောက်ဆယ် ရပြီးသော မဟာ သံဃရက္ခိတ မထေရ်ကြီးလည်း သီလအရာတွင် စံတော်ဝင်ဖြစ်တော်မူ၏။ ထို မထေရ်ကြီးသည် ရဟန်းပြုသည်မှစ၍ ဝါတော် ခြောက်ဆယ်ကျော်လွန်သည့်တိုင်အောင် ရဟန်းသီလ တစုံတရာ ညစ်ညူးခြင်း မရှိ၊ ကောင်းစွာ သွေးအပ်သော ပတ္တမြားအနှစ်၊ ကောင်းစွာ ကျင်အပ်သော ရွှေစင်အစစ်သဖွယ် ထက်ဝန်းကျင် ပြည့်စုံစင်ကြယ်သော ပရိပုဏ္ဏ ပါရိသုဒ္ဓိ သီလ ဖြစ်လေသည်။

ထိုသီလမျိုးသည် အရဟတ္တဖိုလ် ရရန် နီးသော အကြောင်း (ပဒဋ္ဌာန်) ဖြစ်သော်လည်း မထေရ်ကြီးသည် အရဟတ္တဖိုလ်ကို မရနိုင်ပဲ ရှိလေ၏။

သက်ရှယ်တော် ကြီး၍ ပျံလွန်မည်ရှိရာ သေအံ့သော ညောင်စောင်း၌ လျောင်းတော်မူရစဉ် တပည့်သံဃာများက တရားထူးနှင့် စပ်၍ မေးလျှောက်ကြ၏။

"ငါ့ရှင်တို့၊ ဒို့မျာ:မှာ လောကုတ္တရာတရားထူး မရရှိသေးပါဘူး"ဟုသာ ဖြေတော်မူသဖြင့် အတွင်းနေ သူနာပြုရဟန်းငယ်တပါးက–

http://www.dhammadownload.com



"အရှင်ဘုရား၊ 'မဟာသံဃရက္ခိတ မထေရ်ကြီး ပရိနိဗ္ဗာန် ပြုတော်မူတော့မတဲ့' ဆိုပြီး ပတ်ဝန်းကျင် ၁၂-ယူဇနာအတွင်းက ဒကာ, ဒကာမတွေ လာရောက် စုရုံးနေကြပါပြီ ဘုရား။ အရှင် ဘုရားများ ပုထုဇဉ် သေခြင်းမျိုးနှင့် သေလွန် သွားပါလျှင် လာတဲ့သူတွေ အားလုံး 'ဒို့ ဒီကို လာကြရတာ၊ အလကားပါပဲ' ဆိုပြီး စိတ်မချမ်းမသာဖြစ်ကုန်ကြတော့မှာပါ ဘုရား" ဟု ဝမ်းနည်းစွာ လျှောက် ထားလိုက်၏။

ထိုအခါ မထေရ်ကြီးက--

"ငါ့ရှင်....၊ ဒို့များ မေတ္တေယျ ဘုရားရှင်ကို ဖူးတွေ့ချင်သေးလို့ ဝိပဿနာကို အားမထုတ်ပဲ နေခဲ့တာ။ ရှိပါစေတော့လေ၊ ဒါဖြစ်ယင်လဲ ဒို့များကို ထူမ,ပြီး နောက်မှီမှာ မှီပေးခဲ့၊ ကဲ ...ငါ့ရှင် ခဏ အပြင်ထွက်ချေဦး" ဟု မိန့်တော် မူသဖြင့် သူနာပြုတပည့်ရဟန်းငယ်မှာ အခန်းအပြင်သို့ ထွက်မယ်၍ပေးလိုက်၏။

ရဟန်းငယ် အခန်းမှထွက်ကာမျှ၌ပင် အရဟတ္တဖိုလ်သို့ ရောက်တော်မူ၍ မထေရ်ကြီးက တပည့် ရဟန်းငယ်အား ချက်ချင်းပင် လက်ဖျစ် တီး၍ ခေါ် လိုက်၏။ အကြောင်းစုံ သိရှိရသောအခါ သံဃာများ အားလုံး ဝမ်းမြောက် ဝမ်းသာ စည်းဝေး လာရောက်ကြပြီးလျှင်-

"အရှင်ဘုရား၊ ယခုလို သေခါနီးကာလကလေးအတွင်းမှာ လောကုတ္တရာ တရားကိုရအောင် လုပ်နိုင်တာဟာဖြင့် အခက်အခဲကြီးတခုကို လုပ်လိုက်ခြင်းပါပဲ ဘုရား" ဟု လျှောက်ထားကြရာ-

"ငါ့ရှင်တို့၊ ဒါ ဘာမှ အခက်အခဲ မဟုတ်သေးဘူး။ ဒို့များ သည့်ထက် ခက်ခဲတာကို ပြောပြအုံးမယ်။ ဒို့များ ရဟန်းပြုတဲ့နေ့ကစပြီး အမှတ်သတိကင်းပြီး မသိပဲ မှားမှားယွင်းယွင်း လုပ်မိတာ တခုမှ စဉ်းစားကြည့်လို့ဇမြင်ဘူး ငါ့ရှင်တို့" ဟု မိန့်တော်မူလေသည်။

တူတော်သံဃရက္ခိတမထေရ်လည်း ဝါတော်ငါးဆယ်အရတွင် အလားတူ အရဟတ္တဖိုလ် ရတော်မူလေ၏။ (ဝိသုဒ္ဓိမဂ်-၁၊ ၄၅။)

အရဟတ္တဖိုလ်သို့ တုတ်တုတ်ထိ ရောက်စေနိုင်သော သီလနှင့် သတိ ပညာ များ ထိုမျှ အားကောင်း ပြည့်စုံ လုံလောက်နေသော ပုဂ္ဂိုလ်ကြီးများကိုပင် 'နောက်ဘုရား အာသာ' သည် တဘဝတလုံး ဆုပ်ဆွဲထားနိုင်ခဲ့၏။ နောက်ဘုရား ဝါဒနှင့် ဘုရားလောင်းဝါဒကို ကျနစွာ လေ့လာ ဆင်ခြင်ကြကုန်ရာ၏။

http://www.dhammadownload.com



## ဓုတင်ကိုလျှို့ဖွက်သော မထေရ်နှင့် လာဘ်များအောင်ကျင့်သော

# ဘုန်းကြီး ဦးရှာပျော်

## (ဝိယဂါမိထေရ်)

သူတော်ကောင်းတို့သည် မိမိတို့ရရှိထားသော တရားထူး၊ ကျင့်ကြံဆဲသော အကျင့် ပဋိပတ်နှင့် ပရိယတ် ဂုဏ်ကျေးဇူးများကို အမြဲ လျှို့ဝှက်တော်မူကြ၏။ သူတပါးတို့ သိသွားမည်ကို စိုးရိမ်တော် မူကြသည်။ အကျိုးထူး တစုံတရာ ဖြစ်ဖွယ်မမြင်လျှင် လူဒကာတို့ကို မဆိုထားဘိ၊ တရားကျင့်ဖက် သီတင်းသုံးဖော် ရဟန်းတော်အချင်းချင်းကိုပင် အသိမပေးလိုကြပေ။ 'အပိစ္ဆတာ=အလိုနည်းရခြင်း' ဂုဏ်ဟု ခေါ်လေသည်။

သူယုတ်မာတို့ကား သူတော်ကောင်းတို့နှင့် ပြောင်းပြန် ဆန့်ကျင်ဘက်ဖြစ်ကြသည့်အတိုင်း မဟုတ်ပဲလျက် သူတော်ကောင်း တရားရေးရာတွင် ဟန်ဆောင်ခြင်း၊ လုပ်တာထက် ပို၍သိအောင် ပြခြင်း စသည်ဖြင့် အတွင်းစိတ် ယုတ်မာ သလောက် ကာယကံ ဝစီကံ ကောက်ကျစ်ကြကုန်၏။

မဟာသုမ ထေရ်ကြီးသည် သုသာန်ဓုတင်ကို နှစ်ပေါင်း ခြောက်ဆယ်ပတ်လုံး ကျင့်သုံးဆောက်တည်လေရာ မည်သည့်ရဟန်း တပါးတလေကမျှ သုသာန်ဓုတင်ဆောင်ကြောင်း မသိကြရချေ။ (မဋ္ဌ၊ ၂။၄၆။ အံဋ္ဌ၊ ၁၊၅၇-၁ခ်ကား 'မဟာကုမာရထေရ်' ဟု ရှိ၏။)

သီဟိုဠ်ကျွန်း စေတိယတောင်၌ ညီတော် နောင်တော် သီတင်းသုံးနေထိုင်ကြရာ နောင်တော်မထေရ်ကြီးသည် ဓုတင်များကို ဆောင်တော်မူ၏။ မည်သူ့အားမျှ မသိစေခဲ့ပေ။

တနေ့သောအခါ ညီတော်မထေရ်သည် ၎င်း၏ အလုပ်အကျွေး ဒကာတဦးက ပို့လှူလိုက်သော ကြံပိုင်းတို့ကိုယူ၍ နောင်တော်ကြီးထံ သွားပြီးလျှင်—

"သုံးဆောင်တော်မူပါ အရှင်ဘုရား"ဟု ဆက်ကပ်လိုက်၏။ နောင်တော်ကြီးကား ဆွမ်းစားပြီး၍ နှုတ်ခံတွင်း ဆေးကြောနေချိန် ဖြစ်၏။ ထို့ကြောင့် နောင်တော်ကြီးက—

"ငါ့ရှင်....၊ တော်ပြီ....၊ အလိုမရှိပါ"ဟု မိန့်တော်မူလျှင် ညီတော်က—

"ဘယ်လိုပါလဲ အရှင်ဘုရား....၊ အရှင်ဘုရားများ ဧကာသနိက်ဓုတင်များ ဆောင်ထားကြပါသလား"ဟု လျှောက်သည်နှင့် အနှစ်ငါးဆယ်ပတ်လုံး ဧကာသနိက်ဓုတင် ဆောင်လာသည်ကို မသိစေလိုသောကြောင့်—

http://www.dhammadownload.com



"ကဲ....ကဲ၊ ဒါဖြင့်လဲ ကြံပိုင်းများကို ယူခဲ့ပါ ငါ့ရှင်"ဟုဆိုကာ ဝုတင်ကို ဖျက်၍ သုံးဆောင်တော် မူရလေသည်။ ပြီးမှ ခံတွင်းဆေးကြော ပလုပ်ကျင်းကာ မိမိဝုတင်ကို ပြန်၍ ဆောက်တည်တော် မူရ၏။ (မ-ဌ-၂၄၆။ အံ-ဌ-၁၊၅၉။)

တဖန်-နောင်တော်မထေရ်ကြီးနေသဇ္ဇိက(မအိပ်၊မလျောင်းရသော) ဝုတင်ဆောင်သည်ကို မည်သူမျှ မသိကြ။ တခုသောညတွင် လျှပ်စစ်ရောင်ဖြင့် နောင်တော်မထေရ်ကြီး အိပ်ရာအင်းပျဉ်၌ မအိပ်မလျောင်းပဲ ငုတ်တုတ် မိုးအလင်းထိုင်နေတော်မူသည်ကို ညီတော်မထေရ် မြင်သွားပြန်၏။

"အရှင်ဘုရားများ နေသဇ္ဇိကဝုတင် ဆောင်တော် မူကြပါသလား" ဟု ညီတော်က (မမေးအပ်သည်ကို မေး၍ မသိစေလိုသောကြောင့်) နောင်တော်မထေရ်ကြီးသည် ချက်ချင်းပင် အိပ်ရာအင်းပျဉ်ပေါ်၌ လဲလျောင်းတော် မူရလေသည်။ နောက်မှ ဆက်လက်ဆောက်တည်ကာ ဆောင်မြဲ ဆောင်သွားလေ၏။ (ဝိသုဒ္ဓိမဂ် မဟာဋီကာ-၁၊၉၁-အဆို။ အံ-ဌ-၃၊၂၂၆-၌ 'ဝတ္ထု ဝိသုဒ္ဓိမဂ်၌ ဆိုခဲ့ပြီ'ဟု မှာထားသော်လည်း ဝိသုဒ္ဓိမဂ်၌ အကျယ်မလာ။)

## ပိယဂါမိထေရ်=ဘုန်းကြီးဦးရွှာပျော်

ရှေးအခါက ဂါမဝါသီဖြစ်သော ပိယဂါမိ မထေရ်တပါးသည် ဝုတင်ဆောက်တည်သော ရဟန်းများ၌ လာဘ်လာဘ များပြားသည်ကိုမြင်၍ 'ငါလဲ ဝုတင်ကျင့်ပြီး လာဘ်ရှာမည်'ဟု နှလုံးသွင်းပြီးလျှင် တခုသောသုသာန်သို့သွား၍ သောသာနိကဝုတင်=သုသာန်နေအကျင့်ကို ကျင့်၍နေလေ၏။

တနေ့သ၌ အလုပ်ခွင်၌ အသုံးမဝင်တော့၍ ထမ်းပိုးလွှတ်ထားသော နွားအိုကြီးတကောင်သည် နေ့အခါ နွားစားကျက်များ၌ လှည့်လည်ရှာဖွေ စားသောက်၍ ညအခါ ထိုမထေရ်နေသော သုသာန်ရှိ ပန်းချုံကြီးတခု၌ ခေါင်းဆိုက် အိပ်ယင်း တညလုံး တကျွိကျွိမြည်အောင် စားမြုံ့ပြန်၍ နေလေ၏။

ပိယဂါမိထေရ် (ပိယော ဂါမော တဿ=ဘုန်းကြီး ဦးရွှာပျော်-ဋီကာ) လည်း ညအခါ တိတ်တိတ်ဆိတ်ဆိတ် သုသာန်အတွင်း စကြံလျှောက်နေစဉ် ထို နွားအိုကြီး စားမြုံ့ပြန်သံ ကြားရသဖြင့်—

'အင်း....ဒီကိုယ်တော် လာဘ်ပေါများအောင် သုသာန်ထဲလာပြီး နေတယ်လို့ ငါ့အကြံတွေ သိကြားမင်းကြီး သိသွားပြီနှင့် တူတယ်....။ ဒါနဲ့ ငါ့ကို နှိပ်စက်ဖို့လာတာ ဖြစ်မှာပဲ....။ မလွဲပေဘူး'ဟု အတွေးဝင် သွားလေသည်။

သို့နှင့် ဘုန်းကြီးဦးရွှာပျော်သည် ကြောက်ကြောက်နှင့် နွားအိုကြီးရှေ့သို့ သွားကာ လက်အုပ်ချီ၍—

http://www.dhammadownload.com



"အို...သိကြားမင်း သူတော်ကောင်းကြီး၊ ကျွန်ုပ်ကို ချမ်းသာပေးပါ၊ ဒီတည်တော့ နေပရစေအုံး၊ နက်ဖြန်ကစပြီး ဒီလို မလုပ်တော့ပါဘူး"ဟု တည်လုံး မိုးစင်စင်လင်းအောင် နွားအိုကြီးကို ရှိခိုးလိုက်၊ တောင်းပန်လိုက် လုပ်နေလေ၏။ နွားအိုကြီး တလှုပ်လှုပ်နှင့် စားမြုံ့ပြန်နေသည်ကို သူပြောသည့်အတိုင်း ကျေနပ်၍ သိကြားမင်းကြီးက သည်းခံနေသည်ဟု ထင်လေ၏။

နံနက်မိုးလင်း၍ သဲသဲကွဲကွဲ မြင်ရခါမှ နွားအိုကြီးမှန်း သိသွားလျှင် "ဒင်း....တည်လုံး ငါ့ကို ခြောက်လှန့်ခဲ့တဲ့အကောင်....သေပေတော့"ဟု ရေရွတ်ကာ တောင်ဝှေးဖြင့် ရိုက်ခြောက် မောင်းထုတ် လေတော့သတည်း။ (မ-ဋ္ဌ-၁၊ ၁၂၀-မဟာ သတိပဋ္ဌာနသုတ်အဖွင့်။ အရှင်မဟာ ဗုဒ္ဓဃောသ ဆရာတော်ကြီး၏ အရေးအသား စာသွားစာဟန်မှာ တုဖက် ကင်းတော်မူပါပေသည်။ လေးလေး နက်နက် မှတ်သားရမည့်နေရာ၌ လေးလေးနက်နက်ပင် ဖွင့်ဆိုသွားကာ ပုံပြင် သဘောပြရမည့် နေရာမျိုး၌လည်း ဆရာတော်ကြီး၏စာမှာ အရသာခံယင်း ပြုံးရွှင်ရပါ၏။)

## အလိုနည်းရခြင်း လေးမျိုး

အလိုနည်းခြင်း=အပ္ပိစ္ဆတာဂုဏ်သည် လေးမျိုးရှိ၏။

၁။ ပစ္စယအပ္ပိစ္ဆ=လာဘ်လာဘအရာ အလိုနည်းရခြင်း၊
၂။ ဓုတင်္ဂအပ္ပိစ္ဆ=ဓုတင်သီလအရာ အလိုနည်းရခြင်း၊
၃။ ပရိယတ္တိ အပ္ပိစ္ဆ=ပရိယတ္တိအရာ အလိုနည်းရခြင်း၊
၄။ အဓိဂမ အပ္ပိစ္ဆ=တရားထူးရမှုအရာ အလိုနည်းရခြင်း (မဖောင်ပေါ် စေလိုခြင်း၊ လျှို့ဝှက် ဖုံးကွယ်ခြင်း။)

## အာဝါသ ပလိဗောဓအရာ စံတော်ဝင်

# ထူပါရုံကျောင်းနေမထေရ်

သီဟိုဠ်ကျွန်း အနုရာဓမြို့သားနှစ်ဦးသည် သဘောတူတိုင်ပင်၍ ထူပါရုံ ကျောင်းသို့သွားကာ ရဟန်းပြုကြ၏။ ထိုရဟန်းနှစ်ပါးတွင် တပါးမှာ ဒွေမာ တိကာကို နှုတ်တက်ရအောင်ဆောင်၍ ငါးဝါအရ သိတင်းကျွတ် ပဝါရဏာပွဲ အပြီး အနုရာဓမြို့အရှေ့ဘက် တောင်တန်းတောအုပ်အရပ် (ပါစိန ခဏ္ဍရာဇိ)သို့ ကြွသွားတော်မူ၏။ တပါးကမူ ထူပါရုံကျောင်းမှာပင် နေခဲ့သည်။

http://www.dhammadownload.com



ထိုတော၌ ငါးဝါသီတင်းသုံးအပြီး ဆယ်ဝါအရတွင်—

"ဤအရပ်ကား တကိုယ်တည်း ကိန်းအောင်းနေထိုင်ရန် သင့်လျော်ပေတယ်၊ ငါ့မိတ်ဆွေကိုလဲသွားပြီး အကြောင်းကြားဦးမှပဲ"ဟု အကြံရကာ မိတ်ဆွေရှိရာ ထူပါရုံကျောင်းသို့ သွားလေ၏။ ထူပါရုံမထေရ်လည်း ဆယ်ဝါ ရဝါတူ ဖြစ်သည်။ တောမှ မိတ်ဆွေ ကြွလာလျှင်ပင် ခရီးဦးကြိုဆိုလျက် သပိတ်သင်္ကန်းလှမ်းယူကာ အာဂါသိကဝတ်ကိုပြု၏၊ ကျောင်းတွင်းသို့ ဝင်ပြီးနောက် တောမှကြွလာသော မထေရ်စိတ်ထဲ၌ သူ၏မိတ်ဆွေမှာ မြို့နေကြာသဖြင့် 'ဒကာဒကာမများအား ထောပတ်တင်လဲ အဖျော်ယမကာ စသည် အကပ်ခိုင်းလိမ့်မည်'ဟု မျှော်လင့်နေ၏။ အိပ်ချိန်သာ ရောက်လေ၏။ ည ဘုဉ်းပေးရန် တစုံတခုမျှ မရောက်လာ။ ခရီးပန်းလာ၍ ဆာဆာနှင့်ပဲ အိပ်ပျော်သွားသည်။

နံနက် အရုဏ်တက်လျှင်လည်း 'အလုပ်အကျွေးဒကာတို့အား ယာဂုခဲဖွယ်အပ္ပိလွှတ်လိမ့်မည်' ထင်ထားနေပြန်၏။အချိန်ကုန်သွားသော်လည်း တဦးတလေမျှပို့လွှတ်ခြင်း မရှိ။ သို့ရာတွင် ဆွမ်းခံဝင်သောအခါကျမှ ဝိုင်းဝန်း၍ မိမိတို့နှစ်ပါးလုံးအား လှူဒါန်းဆက်ကပ်ကြမည်အထင်ဖြင့် ကျောင်းခံမြို့နေ မိတ်ဆွေနှင့်နှစ်ပါးအတူ အရုဏ်ဆွမ်းခံ ဝင်ကြရသည်။ အိမ်တအိမ်မှ ယာဂုတမှုတ်စီ ရလျှင်ပင် ကျောင်းခံမိတ်ဆွေက ကျောင်းသို့ ပြန်လှည့်လာသဖြင့် တောနေရဟန်းလည်း ၎င်းနှင့်အတူ ပြန်ကြွလာကာ ဆွမ်းစားဇရပ်၌ နှစ်ပါးအတူ ယာဂုသောက်ကြရ၏။

'ယာဂုဝတ် အမြဲတာဝန်ယူတဲ့ ဒကာရှိဟန်မတူ၊ နေ့ခင်းဆွမ်းချိန်ကျမှသာ မွှန်မွှန်မြတ်မြတ် လာရောက် ကပ်လှူကြမယ် ထင်ပါရဲ့'ဟု ထပ်၍ ထင်စားနေမိပြန်ရာ အချိန်ကျ၍ ဆွမ်းခံကြွရန်ခေါ်သဖြင့် မြို့တွင်းသို့ ဆွမ်းခံလိုက်ပါသွားရ၏။ အရေးတယူ လောင်းလှူမည့်သူကို မတွေ့ရပဲ ရသမျှနှင့် ဆွမ်းတထပ် ပြီးရပြန်လေသည်။ မြို့နေကျောင်းခံမိတ်ဆွေအပေါ် အထင်နှင့်အမြင် ကွာခြားကာ အံ့အားကြီးသင့်လျက်—

**တောနေမထေရ်** အရှင်ဘုရား....ခါတိုင်းလဲ ဒီလိုပဲ ရသမျှနဲ့ မျှတနေတာပဲလား ဘုရား။

**မြို့ခံမထေရ်** ဟုတ်ပါတယ် ငါ့ရှင်။

**တော** ဒါဖြင့် ဘုရားတပည့်တော်နေတဲ့ အရှေ့တောင် တောတန်းအရပ်မှာ ချမ်းသာပါတယ်။ အဲဒီကို ကြွကြရအောင်။

တောကမိတ်ဆွေ အကြံပြုချက်အရ မြို့ခံ ထူပါရုံမထေရ်လည်း မြို့တောင်ဘက်တံခါးမှထွက်ကာ အိုးထိန်းသည် ရွာလမ်းအတိုင်း ရှောက်ကြွရန် ဟန်ပြင်လေ၏။

http://www.dhammadownload.com



တော — အရှင်ဘုရား....ဘယ်ကိုကြွမှာလဲ။

မြို့ခံ — အနို့....အရှင်ဘုရားက အရှေ့တောင်တောတန်းအရပ်မှာ ချမ်းသာတယ်ဆို၊ အဲဒီကို ကြွကြွမယ်လေ။

တော — (အသုံးအဆောင်များစွာ ယူမလာသည်ကိုကြည့်၍)အရှင်ဘုရား။ ဒီမြို့မှာ သီတင်းသုံးတာ ကြာလှပြီပဲ။ သည့်ပြင် အပိုပရိက္ခရာ မရှိတော့ဘူးလား၊ ဒါပဲလား။

မြို့ခံ — မရှိပါဘူး ငါ့ရှင်၊ ညောင်စောင်းနဲ့ အင်းပျဉ်တော့ရှိပါရဲ့။ ဒါလဲ ကျောင်းပိုင်သံဃိက ပစ္စည်းဆိုတော့ ခရီးသွားခါနီး ထုံးစံအတိုင်း သိမ်းဆည်းထားခဲ့ရတယ်လေ။

တော — အရှင်ဘုရား....၊တပည့်တော်တောင်မှ ယခုအလာတောင်စေးရယ်၊ ဆီကျည်တောက်ရယ်၊ ဖိနပ်အိတ်ရယ်၊ အရှင်ဘုရား ထူပါရုံမှာပဲ ကျန်ရှိရစ်ပါသေးတယ်။

မြို့ခံ — (ထူပါရုံမထေရ်မှာ အံ့သြလျက်) ဩော်....ဖြစ်မှဖြစ်ရလေ၊ တနေ့တာ ခဏကလေး လာတာတောင်မှ ဒီလောက်များတဲ့ ပရိက္ခရာတွေကို ယူလာထားပစ်ခဲ့ရသကိုး။

တော — (ဝန်ခံလျှောက်ထားပြီး ခရီးသွားယင်းပင် ထူပါရုံမိတ်ဆွေမထေရ်ကို ကြည်ညိုလေးစားသွား၏။ အရှေ့တောင်တောတန်းသို့အရောက် နောက်တရက်တွင် တောနေမိတ်ဆွေက ထူပါရုံ မထေရ်အား လက်အုပ်ချီ ရှိခိုးလျက်) အရှင်ဘုရား....အရှင်ဘုရားတို့လို ပုဂ္ဂိုလ်မျိုးဟာ ဘယ်အရပ်ဒေသမှာမဆို တောရ နေရသလိုပါပဲလား ဘုရား။ ထူပါရုံစေတီကြီးဟာလဲ လေးဆူသော ဘုရားရှင်တို့ရဲ့ ခါးပန်းကြိုး၊ ရေစစ်၊ ရေသနုပ်၊ ညှပ်ရိုးတော်များ ဌာပနာပြီး တည်ထားတဲ့ စေတီတော်ကြီး လောဟပါသာဒ=ကြေးပြာသာဒ် ကြီးမှာဆိုယင်လဲ တရားတော်များ နာခွင့်ရပါတယ်။ မဟာစေတီကြီးနဲ့ မထေရ်ကြီးများကိုလဲ အမြဲ ဖူးခွင့်ရပါတယ်။ မြတ်စွာဘုရားရှင်ပွင့်တော်မူတဲ့ အခါအတိုင်းပါပဲ။ တပည့်တော်တော့ အနုရာဓကိုပဲ ပြန်ပါတော့မယ်၊ အရှင်ဘုရားပဲ ဒီအရှေ့တောင်တောတန်းမှာ ချမ်းချမ်းသာသာ သီတင်းသုံး နေရစ်ပေတော့။

တောနေ မိတ်ဆွေရဟန်းမှာ အရှေ့တောင်တောတန်းအရပ်၌ တညနေပြီး နောက်တရက်နံနက် သပိတ်လွယ်ကာ အနုရာဓဘက်သို့ ထွက်ခွာသွားလေတော့၏။

ထူပါရုံနေ မထေရ်ကား မည်သည့်အရပ်ဒေသ ကျောင်းပရိဝုဏ်၌မဆို ကျောင်းကန် ပြင်ဆင်မှု၊ စည်ပင်မှု၊ ကျောင်းပရိဘောဂ၊ ကျောင်းနှင့်စပ်၍

http://www.dhammadownload.com



မည်သည့်တာဝန်ပိုမျှ ကြောင့်ကြဖွယ်မရှိ၊ အာဝါသပလိဗောဓ ကင်းပြတ်ရာ၌ စံတော်ဝင် မထေရ်တပါးဖြစ်ပေသည်။ (ဝိသုဒ္ဓိမဂ်-၁၊ ၇၇။)

(ထူပါရုံမထေရ်နှင့် စာသင်သားရဟန်းတော်များ 'အရိယာ'ဟု မပါရှိသော်လည်း အရိယလမ်းစဉ် ကျင့်သုံးနေသူများဖြစ်၍ ဖော်ပြလိုက်ပါသည်။ သီလ၊ ဓုတင် စသော သူတော်ကောင်းတရားများ၌ အရိယာဖြစ်တော်မူသွား၍ ပြည့်စုံစွာ ကျင့်ဆောင်တော်မူနိုင်ခြင်းကား အဆန်းမဟုတ်ပြီ။ ပုထုဇဉ် အဖြစ်ဖြင့် သဒ္ဓါ၊ ဝီရိယရှေ့ထားကာ အပြည့်အစုံ အလုံအလဲ ကျင့်ဆောင်နိုင်ခြင်းက ပို၍ ချီးကျူးထိုက်လှသည်။)

## မေတ္တာဘာဝနာအရာ စံတော်ဝင်

# ဝိသာခ ထေရ်

မြတ်စွာဘုရားမရှိသည့်နောက် မဇ္ဈိမဒေသ ပါဋလိပုတ်ပြည်၌ ဝိသာခ ခေါ်သော သူကြွယ်တဦးရှိ၏။ သူကြွယ်သည် ပါဋလိပုတ်ပြည်၌ ရောင်းဝယ် ဖောက်ကားယင်း နေထိုင်စဉ် သာသနာ ထွန်းသစ်စဖြစ်သော သီဟိုဠ်ကျွန်း၏ သာသနာရေးဆိုင်ရာ ကောင်းသတင်းများကို မကြာခဏ ကြားသိနေရသည်။

"တမ္ဗပဏ္ဏိဒီပ ခေါ် သီဟိုဠ်ကျွန်းသည် စေတီပုထိုးများ ပန်းကုံးသဖွယ် ကြည်ညိုဖွယ်ကောင်းလှသည်။ သက်န်းရောင်များ တောက်ပလျက်ရှိ၏။ သီဟိုဠ်တကျွန်းလုံး မည်သည့်နေရာ၌မဆို မိမိတို့နှစ်သက်ရာ နေထိုင်ချင်စဖွယ် ရှိသည်။ နေရာထိုင်ခင်း မရှား။ ရာသီဥတုကောင်း၏။ ဗုဒ္ဓသာသနာ ဘုရားအဆုံးအမနှင့် စပ်၍ ဆွေးနွေးမေးမြန်းရမည့် ပုဂ္ဂိုလ်, ဆည်းကပ်ရမည့်ပုဂ္ဂိုလ်များ ပေါများ၏။ ဗုဒ္ဓတရားတော်များ လေ့လာနာယူကျင့်သုံးရန် သင့်မြတ်သောဒေသ ဖြစ်သည်။ မည်သည့်အရာမဆို အလွယ်တကူရရှိနိုင်သည်....။"

ဝိသာခသူကြွယ်သည် အဆိုပါသတင်းများကို အမြဲလိုလို ကြားနေရသဖြင့် လွန်စွာစိတ်ပါဝင်စားနေ၏။

နောက်ဆုံး သီဟိုဠ်သို့သွားရန် ဆုံးဖြတ်လိုက်၏။ ရှိသမျှ စီးပွားဥစ္စာနှင့် စီးပွားရေးကိစ္စအားလုံးကို သားမယားများအား လွှဲအပ်လိုက်သည်။ မိမိမှာမူ အသပြာတကျပ်မျှသာယူ၍ ပုဆိုးစွန်၌ထုပ်ကာ ပါဋလိပုတ်နေအိမ်မှ ထွက်ခွာခဲ့လေ၏။ သီဟိုဠ်ကျွန်းသို့ကူးရန် သင်္ဘောကြုံမရနိုင်၍ ပင်လယ်ဆိပ်ကမ်း၌တလခန့် ဆိုင်းငံ့နေရသေးသည်။

သူကြွယ်သည် အချိန်ပိုလည်းရ၊ ရောင်းရေးဝယ်တာလည်း ကျွမ်းကျင်သူ ဖြစ်သည့်အတိုင်း ပင်လယ်ဆိပ်ကမ်းမှာပင် သင်္ဘောစောင့်ယင်း ပါလာသော

http://www.dhammadownload.com



ငွေအသပြာတကျပ်နှင့် လုပ်အားကို အရင်းပြုလျက် တရားသဖြင့် ကုန်ရောင်း ကုန်ဝယ်လုပ်ရာ တလအတွင်းမှာပင် အသပြာတထောင် စုမိဆောင်းမိ ရှိသွား သည်။

## ဝိသာခ ရဟန်းခံပွဲ ငွေကြဲ

သဘော်ကြုံရသဖြင့် သီဟိုဠ်ကျွန်းသို့ ကူးသွား၏။ နာမည်ကျော် မဟာ ဝိဟာရကျောင်းတိုက်ကြီးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားသည်။

မဟာဝိဟာရကျောင်းတိုက် မထေရ်ကြီးများအား အကျိုးအကြောင်း လျှောက်၍ ရှင်ရဟန်းပြုခွင့် တောင်းခံရာ မထေရ်ကြီးများက အခွင့်ပေးကြ လေသည်။

ဝိသာခ ရဟန်းလောင်းအား ဥတ္တိစတုတ္ထ ကမ္မဝါဖြင့် ရှင်ရဟန်းပြု၍ သိမ်သို့ မထေရ်ကြီးများက ခေါ်ဆောင်သွားကြရာ လမ်းတဝက်၌ ဝိသာခ ခါးပိုက်ထဲ (ခါးတောင်းကျိုက်တွင်း)မှ အသပြာ ထောင်ထုပ်သည် ရုတ်တရက် မြေကြီးပေါ်သို့ ပြုတ်ကျသွားလေလျှင် မထေရ်ကြီးများက—

"ဝိသာခ...၊ အဲဒါ ဘာလဲ.... ဘာလဲ...."

"မှန်လှပါ....၊ အသပြာငွေ တထောင်ပါဘုရား။"

"ဝိသာခ....၊ ရှင်ရဟန်းများဟာ ရှင်ရဟန်းပြုတဲ့အချိန်ကစပြီး အသပြာ ငွေများကို မကိုင်တွယ် မစီမံကောင်းဘူး။ ယခုကတဲက ဒီအသပြာကို သင့်လျော် အောင် စီမံလိုက်ဦး" ဟု မိန့်တော်မူကြ၏။

ဝိနည်းတော်အရ ဆွေမျိုးသားချင်း၊ သို့မဟုတ် ကပ္ပိယကာရက တဦးဦး အား အပ်လိုက အပ်ထားနိုင်သော်လည်း ဝိသာခကမူ "ငါ့ရဟန်းခံပွဲလာတဲ့လူ အားလုံး လက်ချည်းမပြန်စေရ" ဟုဆုံးဖြတ်၍ အသပြာငွေတထောင်ကို အာလယ ပြတ် စွန့်လွှတ်ပြီးနောက် လာသမျှပရိသတ်အားသိမ်မဝင်မီ ကြဲဖြန့်ပေးလှူလိုက်၏။ ပြီးလျှင် မထေရ်ကြီးများက ဝိသာခအား ရှင်ရဟန်းပြုပေးတော်မူလိုက်ကြသည်။

## တောတွင်းခရီးသည် ယောဂီဝိသာခ

ဝိသာခသူကြွယ် ရဟန်းပြုသွားရာ ရဟန်းဘွဲ့တော်လည်း ဝိသာခထေရ် ဟူ၍သာ ခေါ်တွင်၏။ ဝိသာခထေရ်သည် ရဟန်းဝါ ငါးဝါရသည်အထိ ဒွေမာ တိကာနှင့်တကွ ပရိယတ္တိကို မဟာဝိဟာရ မထေရ်ကြီးများထံ လေ့လာသင်ယူ၏။ ငါးဝါအရ သီတင်းဝါလကျွတ်၍ ပဝါရဏာ ပွဲပြီးလျှင်ပင် မထေရ်ကြီးများထံ သင့်လျော်သော ကမ္မဋ္ဌာန်းများကို တောင်းခံ၍ မဟာဝိဟာရမှ ထွက်ခွာသွား

http://www.dhammadownload.com



လေ၏။ သမထ, ဝိပဿနာတရား ကြိုးစားအားထုတ်ရန် သီဟိုဠ်တကျွန်းလုံးရှိ သပ္ပာယဖြစ်သော နေရာများသို့ ကြွတော်မူ၏။ မေတ္တာ ဘာဝနာ ကမ္မဋ္ဌာန်းကို အထူးရွေတန်းတင်၍ အားထုတ်တော်မူလေသည်။

ဝိသာခမထေရ်၌ သီဟိုဠ်တကျွန်းလုံး လှည့်လည် သီတင်း သုံးရာတွင် အစီအစဉ်တခုရှိ၏။ မည်သည့်ကျောင်း, မည်သည့် နေရာ၌မဆို၊ တကျောင်း တကျောင်း, တနေရာ တနေရာလျှင် လေးလ လေးလမျှသာ သီတင်းသုံးတော်မူခြင်းဖြစ်သည်။ လေးလပြည့်လျှင် နေရာသစ်တခု၌ ပြောင်းရွှေ့ သီတင်းသုံးတော်မူလေ၏။

အထူးသဖြင့် ကမ္မဋ္ဌာန်း ယောဂီတို့အား သင့်လျော်သော တောတောင် အရပ်တို့၌သာ လှည့်လည် သီတင်းသုံးတော်မူရာ တနေ့တွင် ဝိသာခ မထေရ်သည် နာမည်ကျော် စိတ္တလတောင်သို့ အသွား....တောတောင် စိမ့်စမ်းတို့ဖြင့် အေးချမ်း ဆိတ်ငြိမ်သော တောကြီးအတွင်း ချင်းနင်းဝင်ရောက်၍ သွားရ၏။ သက်တုံတက်တုံ တရားအာရုံကိုသာလျှင် အဖော်ပြုရတော့သည်။

တောစောင့်နတ် တောင်စောင့်နတ်များ၊ ကျေးဇူးရှင် ဆရာသမားများမှ အစ သတ္တဝါအားလုံးအပေါ် 'ချမ်းသာကြပါစေ' ဟု လမ်းသွားယင်းကလည်း မေတ္တာများပို့လျက် နေ၏။

ခရီးပင်ပန်းလှသဖြင့် ခေတ္တ ခဏ ရပ်တန့် နားနေယင်း အံ့ဩဖွယ်ကောင်း လှသော မိမိ၏ ဘဝဖြစ်စဉ်ကို ဆင်ခြင် စဉ်းစားနေမိလေသည်။

မဇ္ဈိမဒေသ ပါဋလိပုတ်နေပြည်၌ ဖွေးဖွားကာ ပညာရှာချိန်မှအစ သားမယားအိမ်ထောင်သည်ဘဝ၏ ဒုက္ခ၊ ကြွယ်ဝ ချမ်းသာသော ကုန်သည်ကြီး တဦး၏ လောဘ,သောက၊ အမှန်တရားကို စွန့်စား ရှာဖွေရသော အခက်အခဲ ...

လောကီအာရုံ အမျိုးမျိုးနှင့် ပြည့်စုံ ကြွယ်ဝ ချမ်းသာရခြင်း၏ ဒုက္ခ၊ ဃရာဝါသ သမ္ဗာဓ=ကျဉ်းမြောင်းလှသော ဘဝမှ ကံကောင်း ထောက်မ၍ လွတ်မြောက်လာရပုံ၊ ရခဲလှသော ရဟန်းအဖြစ်ကို ရရှိမျှမက စတုပါရိသုဒ္ဓိသီလကို စင်ကြယ်အောင် ထိန်းသိမ်းနိုင်၍ ကာယကံ, ဝစီကံ စင်ကြယ်ပုံ၊ သမထ ဝိပဿနာတရားကိုလည်း ကံအားလျော်စွာ အားထုတ်ခွင့်ရ၍ မနောကံပါ စင်ကြယ်ပုံ စသည်တို့ကို အပြန်ပြန် အလှန်လှန် စဉ်းစားကာ စဉ်းစားယင်း စဉ်းစားယင်း မိမိဘဝအတွက် ဝမ်းသာ အားရ ဖြစ်ပြီး တယောက်တည်း ကြုံးဝါး နေမိလေသည်။ ရင်နှင့်မဆံ့ ဝမ်းသာလွန်း၍ နှုတ်ကပင် ကျူးရင့် နေမိ၏။

ယာဝတာ ဥပသမ္ပန္နော၊ ယာဝတာ ဣဓ အာဂတော။
တွေန္တရေ ခလိတံ နတ္ထိ၊ အဟော လာဘာ တေ မာရိသ။

http://www.dhammadownload.com



"အချင်း ဝိသာခ....၊ ရဟန်းပြုသည့် အချိန်ကစပြီး ဒီတောကြီး မျက်မည်းထဲ ရောက်လာတဲ့အလို ထိုသည့် အချိန် တလျှောက်လုံး သင်၏ ကိုယ်နှုတ်နှလုံး သုံးပါးလုံးမှာ ဘုရားအစရှိသော သူတော်ကောင်းတို့ ကဲ့ရဲ့စရာ အပြစ်အနာအဆာ ချွတ်ယွင်းချက်ဆိုလို့ ဘာ တခုမှ မရှိပါလား။ အချင်းဝိသာခ....၊ သင့်ဘဝကား အရတော် လေစွ....အရတော်လေစွ....။"

ဝိသာခ မထေရ်သည် မိမိဘဝကို ဆင်ခြင်ရာ ပီတိများ လျှံ၍ ထွက်ကာ နှုတ်မြွက် ရင့်ကျူးရသည်အထိ အားရ ကျေနပ်နေမိ၏။ အရတော်လှ ဆည်းပူး ခဲ့သမျှသော မိမိကုသိုလ်များကိုလည်း တောစောင့် နတ်များမှအစ အမျဝေယင်း ခရီးတထောက် ဆက်ပြန်လေသည်။

မိမိသွားလိုသော နာမည်ကျော် စိတ္တလ တောင်ကြီးကား ရှေ့တွင် ထီး တည်းကြီး မြင်နေရ၏။ သို့သော် တောင်သွားလမ်းမှာ နှစ်ခွ ဖြစ်နေ၍ ခဏ ရပ်ပြီး စဉ်းစားနေရ၏။ 'ဒီဘက်လမ်းလား၊ ဟိုဘက်လမ်းလား' စဉ်းစားလျက် ရပ်နေစဉ် 'ဒီဘက်က လမ်းပါ အရှင်ဘုရား'ဟု တောင်စောင့် နတ်မင်းကြီးက လက်ညှိုးညွှန်၍ပင် ပြလိုက်၏။ စိတ္တလတောင် တောကျောင်းသို့ ကောင်းမွန်စွာ ရောက်သွားလေတော့သည်။

## နတ်ချစ်သော ဝိသာခ

ဝိသာခ မထေရ်သည် စိတ္တလတောင် ကျောင်း၌လည်း လေးလမျှသာ သီတင်းသုံးမည်ဟု ဆုံးဖြတ်ထား၏။

'တနေရာ၌ လေးလမျှသာ နေသည်' ဆိုသော်လည်း ဝိသာခ မထေရ်၏ စိတ်တွင် 'ငါ....ဒီမှာ အာဂန္တုပဲ' ဟု မည်သည့် အခါမျှ သဘောမထား။ နှစ်ပေါင်းများစွာ နေရသော ဌာနကဲ့သို့ ရောက်လေရာ ကျောင်းကန်ဘုရား ဆရာသမား သီတင်းသုံးဖော်တို့၏ ဝတ်ကြီး ဝတ်ငယ်များကိုလည်း မလစ်ဟင်း စေခဲ့ပေ။ ပန်း, ရေချမ်း, တံမြက်, သောက်ရေ, သုံးရေမှအစ လိုလေသေးမရှိ စရဏဝတ်ကို ဖြည့်မြဲ ဖြည့်တော်မူ၏။ (သမပ္ပဝတ္တဝါသ)

ယင်းသို့ ရောက်လေရာ ဒေသခံ, ကျောင်းခံ မထေရ်များနှင့် လိုက်လျော ညီထွေ နေတော်မူလေ့ရှိသဖြင့်လည်း လေးလစေ့၍ ဝိသာခ မထေရ် ပြန်ကြွသွား လျှင် သီတင်းသုံးဖော်တိုင်း ဝိသာခ မထေရ်အား တ, သ-လျက်သာ ကျန်ရှိခဲ့ရ လေသည်။

စိတ္တလတောင် ကျောင်းကြီး၌လည်း ဝိသာခ မထေရ်သည် စရဏ,ဝိဇ္ဇာ နှစ်ဖြာမချွတ် ရဟန်းဝတ်ကို ဆောင်တော်မူလေရာ လေးလပြည့်၍ 'နောက်တရက်

http://www.dhammadownload.com



နံနက် အရုဏ်တတ်လျှင် မြန်တော့မည်'ဟု စဉ်းစားယင်း စကြံကမ္ဗဋ္ဌာန်းကျောင်း၌ လျှောက်လျှောက်၍ နေလိုက်၏။

ထိုအခိုက် ကမ္ဗဋ္ဌာန်းကျောင်းကလေး စကြံလှေကားဆီမှ ငိုသံလိုလိုကြား၍ ထသွားပြီး ကြည့်တော်မူလျှင် လှေကားထစ် ပျဉ်ပြားပေါ်၌ နတ်မင်းကြီးတဦး ထိုင်၍ ငိုယိုနေသည်ကို တွေ့ရလေ၏။

မထေရ် ငိုနေတာ ဘယ်သူလဲ။
နတ် တပည့်တော်....၊အရှင်မြတ်ရဲ့ စကြံကျောင်းခေါင်းရင်း သပြေပင်က ရုက္ခစိုးနတ် 'မဏိလိယ' ပါ ဘုရား။
မထေရ် သင်....၊ ဘာ့ကြောင့် ငိုနေရတာလဲ။
နတ် အရှင်မြတ် ကြွသွားတော့မှာမို့ ငိုနေရပါတယ်ဘုရား။
မထေရ် ငါကြွသွားမှာ သင်နဲ့ ဘာဆိုင်လို့လဲ။ ငါဒီမှာနေလို့ သင်တို့မှာ ဘာကျေးဇူးရှိလို့လဲ။
နတ် ရှိပါပြီလားဘုရား....၊ အရှင်မြတ် ဒီမှာ သီတင်းသုံးတော်မူကတည်းက တပည့်တော်တို့ နတ်တွေမှာ တဦးနှင့် တဦး ချစ်ခင် ညီညွတ်မှု ရနေကြပါတယ်။ ယခု အရှင်မြတ်သာ ကြွသွားတော်မူပါလျှင် တပည့်တော်က အစ နတ်တွေ အချင်းချင်း ခိုက်ရန် ငြင်းခုံ ရန်ဖြစ် ကုန်ကြရတော့မှာပါဘုရား။ ကြမ်းတမ်း ယုတ်မာ နားမခံသာအောင်လဲ ဆဲရေး တိုင်းထွာ ကုန်ကြ တော့မှာပါ ဘုရား။

ရုက္ခစိုး နတ်မင်းကြီးသည် လျှောက်ထား ပြောဆိုယင်းလည်း ငိုကြွေးလေ၏။သူ၏ စကားကြောင့် ဝိသာခ မထေရ်လည်း ခဏမျှ ဆိုင်းငံ့ စဉ်းစားကာ-

"ငါ ဒီမှာ နေတဲ့အတွက် သင်တို့ တတွေပါ ချမ်းသာညီညွတ်မှု ရရှိကြတယ်ဆိုယင်လဲ....ကောင်းပြီလေ၊ ငါ မသွားသေးပါဘူး"ဟု မိန့်တော်မူ၍ နတ်များအားလုံး ဝမ်းမြောက်ကြလေ၏။

မထေရ်သည် နောက်ထပ် လေးလ. စိတ္တလ တောင်၌ပင် သီတင်းသုံးရန် ထပ်မံစီစဉ်ရလေ၏။ လေးလစေ့၍ ပြန်မည် စဉ်းစားသောအခါ သပြေပင်စောင့် နတ်သည် ရှေးနည်း လာရောက် ငိုယိုပြန်၏။ သို့နှင့် နောက်ထပ် လေးလ ရွှေ့ရ ပြန်သည်။

မေတ္တာ ဘာဝနာကို အခြေခံ၍ အရဟတ္တဖိုလ် ရတော်မူသော ဝိသာခ မထေရ်ကြီးသည် လေးလစေ့တိုင်း ပြန်မည်အပြု ဤနည်း နှင့်နှင့်ချည်း ဖြစ်နေ၍ မည်သည့် နေရာသို့မျှ မပြောင်းရွှေ့ဖြစ်တော့ချေ။ သတ္တဝါ အများကို သနား

http://www.dhammadownload.com



ငွဲ့ညှာသောအားဖြင့် သိတင်းသုံးတော်မူရလေရာ စိတ္တလတောင် တောကျောင်းကလေး၌သာ ခန္ဓာဝန်ချ၍ ပရိနိဗ္ဗာန် စံလွန်တော်မူခဲ့ရလေသတည်း။

[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ-၁၊ ၃၀၆-၌ မေတ္တာပွားရ၍ နတ်အများကပါ ချစ်မြတ်နိုးပုံ သာဓကဝတ္ထု ဖြစ်၏။ အဆိုပ် အတောက် ပြေပျောက်ပုံ သာဓကဝတ္ထုကိုလည်း 'သံယုတ္တဘာဏက စူဠသိဝမထေရ်ကဲ့သို့' ဟု ညွှန်ပြထားသော်လည်း အကျယ်ကို မတွေ့ရချေ။ မေတ္တာနှင့်စပ်၍ ကိုယ်တွေ့ဝတ္ထုများနှင့်တကွ လက်တွေ့ လုပ်ထုံး၊ အဆုံးအဖြတ်အကျယ်ကို သိရှိ ကျင့်ကြံလိုသူများ ကျွန်ုပ်တို့ ရေးခဲ့ပြီး 'မေတ္တာဝါဒ' (ဗြဟ္မဝိဟာရအဖွင့်)၌ ကြည့်ရှုကြပါကုန်။]

## မေတ္တာ အကျိုး ၁၁-မျိုး

အိပ်, နိုး-ချမ်းသာ၊ ကောင်းစွာ အိပ်မက်၊ ချစ်လျက် လူ,နတ်၊ စောင့်လတ်နတ်များ၊ မီး, ဆိုပ်, ဓားတို့၊ ရှောင်ရှား ကိုယ်မှာ၊ လျင်စွာ စိတ်တည်၊ ရှင်ကြည်မျက်နှာ၊ သေခါမတွေ၊ လားလေ ဗြဟ္မာ၊ ဆယ့်တစ်ဖြာသည်၊ မေတ္တာပွားမှု အကျိုးတည်း။

## သကုလုဒါယီ ပရိဗိုဇ်ဝင်စားသော မေတ္တာ ဇာတဒ်ရ

# အဿဂုတ္တ ထေရ်

သကုလုဒါယီ ပရိဗိုဇ်ကား ရာဇဂြိုဟ်ပြည်၌ တပည့် အခြံအရံ များပြား၍ ကျော်ကြားသော ပရိဗိုဇ်တဦး ဖြစ်သည်။ ဓဝဠုဝန် ကျောင်းတော်နှင့် မနီးမဝေး ဥဒေါင်းတို့ကို ဘေးမဲ့ပေးရာ အရပ်၌ ဆောက်လုပ်ထားသဖြင့် 'မောရနိဝါပ'ခေါ် ပရိဗိုဇ်ကျောင်းမှ ကျောင်းအုပ် ခေါင်းဆောင်ကြီးလည်း ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံ ကြွတော်မူရာတွင် အနည်းငယ်မျှ အချိန်စောနေသေးသဖြင့် ပရိဗိုဇ်ကျောင်းသို့ ဝင်တော်မူ၏။ သကုလုဒါယီပရိဗိုဇ်လည်း ဘုရားရှင်အား လေးစား ရှိသေသူ ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် ထိုကျောင်းသို့ နှစ်ကြိမ်တိုင်တိုင် ဝင်ရောက်တော်မူကာ သကုလုဒါယီအား တရားနှစ်ကြိမ် ဟောဖူးလေသည်။ ထိုတရားများမှာ ပိဋကသုံးပုံကို ခြုံမိ၍ အစမှ အဆုံးတိုင်အောင် ကျယ်ကျယ်ပြန့်ပြန့် ဟောတော်မူထားသော အလုပ်ပေးတရားလည်း ဖြစ်သည်။ 'အယူဝါဒရှင်းတမ်း'ဟုလည်း ဆိုနိုင်၏။

http://www.dhammadownload.com



ပူရဏ ကဿပစသော တိတ္ထိဆရာကြီးများအကြောင်းကိုလည်း သကုလုဒါယီသည် ဝါဒစုံအောင် လေ့လာထားပြီးသူ ဖြစ်သည့်အတိုင်း တပည့်များနှင့် ဆွေးနွေး ဟောပြလေ့ ရှိ၏။ ဗုဒ္ဓနှင့် ခေတ်ပြိုင် ထိုဝါဒရေး ခေါင်းဆောင်ကြီးများ၏ အားနည်းချက်များကိုလည်း တပည့်များအား ထောက်၍ထောက်၍ ပြသေသည်။ ဗုဒ္ဓကိုမူ အပြစ်ဆိုစရာ မတွေ့သဖြင့် ကြည်ညိုနေသူဖြစ်၏။

တနေ့တွင် မြတ်စွာဘုရားရှင်က အဘယ့်ကြောင့် မိမိအား ကြည်ညိုလေးစားသူ များပြားရကြောင်း မေးတော်မူလျှင် သကုလုဒါယီသည် သူထင်သည့်အတိုင်း အဝတ်အစား အနေအထိုင် ခေါင်းခေါင်းပါးပါးကျင့်၍ ဆိတ်ငြိမ်ရာ၌ နေသောကြောင့်ဟု လျှောက်ရာ မြတ်စွာဘုရားက မဟုတ်ကြောင်း ငြင်းပယ်လေသည်။ မိမိထက် ခေါင်းပါးစွာ ကျင့်နေသူများ အများအပြား ရှိကြောင်းကိုလည်း ထောက်ပြတော်မူသည်။

ယခုကဲ့သို့ ကြည်ညို လေးစားသူ များပြားရခြင်းမှာ သီလ, သမာဓိ, ပညာကြောင့် ဖြစ်ကြောင်း သစ္စာလေးပါးအထိ အခြေခံနှင့်တကွ သာသနာ့ ကျင့်စဉ်များကို ဟောပြတော်မူလေသည်။

မဇ္ဈိမ နိကာယ် မဇ္ဈိမပဏ္ဏာသ-မဟာသကုလုဒါယီသုတ်ဟု ခေါ်လေသည်။

နောက်တကြိမ် ကြွရောက် ဟောတော်မူသေး၏။ စူဠသကုလုဒါယီသုတ်ဟု ခေါ်သည်။ နောက်တကြိမ်ဟောသောအခါ တရားဟောပြီးလျှင် သကုလုဒါယီ ပရိဗိုဇ်သည် လွန်စွာ နှစ်သက် အားရလှသဖြင့် သရဏဂုံ သုံးပါးဆောက်တည်ကာ ရှင်ရဟန်းပြုခွင့်ကိုပင် တောင်းခံလေ၏။ သို့သော် တပည့်များက ဝိုင်းအုံကန့်ကွက်ကြလေသည်။

"ဆရာ၊ ဆရာကြီးတဆူ လုပ်ပြီးမှ ဂေါတမဗုဒ္ဓထံမှာ တပည့်မခံပါနှင့်၊ တပည့်အဖြစ်ဖြင့် မနေချင်ပါနှင့်၊ အိုးစရည်းကြီး ဖြစ်ပြီးမှ ရေခပ်သော ခွက်ငယ် မလုပ်သင့်ပါဘူး" စသည်ဖြင့် ကန့်ကွက်ကြ၍ သကုလုဒါယီသည် ရဟန်းလည်း မပြုလိုက်နိုင်၊ မည်သည့်တရားကိုမျှလည်း မရရှိလိုက်ချေ။

ထိုသို့ ဖြစ်ရသည်မှာ ကဿပဘုရားရှင် လက်ထက်တော်က သူငယ်ချင်း ရဟန်းတပါး လူထွက်လို၍ (သကုလုဒါယီလောင်း)ရဟန်းအား တိုင်ပင်လေရာ ထိုရဟန်း၏ သပိတ် သင်္ကန်းကို လိုချင်သဖြင့် လူ့ဘဝကောင်းကြောင်း ချီးကျူးပြောဆိုမိသော ဝစီကံကြောင့် ငါတို့ဘုရားရှင် လက်ထက်တော်၌ ရဟန်းပြုခွင့် မရခြင်းဖြစ်သည်ဟု အဋ္ဌကထာ၌ ဆိုလေသည်။

မည်သို့သော အကျိုးထူးကိုမျှ လောလောဆယ် ရမသွားသော်လည်း 'တချိန်ချိန်၌ အကျိုးသက်ရောက်စေမည်'ဟု မြင်တော်မူသဖြင့် ကြိုးစား၍ တရားချီးမြှင့်တော်မူခြင်းဖြစ်လေသည်။

http://www.dhammadownload.com



သကုလုဒါယီ ပရိဗိုဇ်သည် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ပြုပြီးနောက် ပါဋ္ဌလိပုတ် နေပြည်၊ ဓမ္မာသောကမင်းကြီးလက်ထက်၌ ရဟန်းပြုကာ အဿဂုတ္တ မထေရ်ကြီးအဖြစ် ထင်ရှားခဲ့လေ၏။

## ယူဇနာ သုံးဆယ်ရှိ ကမ္မဋ္ဌာန်းတိုက်ကြီး

မြတ်စွာဘုရား သက်တော် ထင်ရှားရှိတော်မူစဉ် ဧတဒဂ်ဘွဲ့ထူးများ ပေးတော်မူရာ၌ (သီးခြား) မေတ္တာ ဝင်စားမှုအရာ၌ အသာလွန်ဆုံး အမြတ်ဆုံးဘွဲ့ (မေတ္တာ ဧတဒဂ်) ရရှိသော ရဟန်း ဟူ၍ မရှိခဲ့ဖူးချေ။

"ဤသကုလုဒါယီ ပရိဗိုဇ်သည် နောင်သောအခါ ငါဘုရား သာသနာတော်၌ ရဟန်းပြု၍ မေတ္တာစျာန်ဝင်စားနိုင်သူတို့တွင် အမြတ်ဆုံးဖြစ်ပေလတ္တံ့" ဟု ကြိုတင်၍ ဗျာဒိတ်ပေးတော်မူခဲ့၏။ ထို့ကြောင့် အဿဂုတ္တမထေရ်သည် မေတ္တာ ဧတဒဂ်ရ မထေရ်ပင် ဖြစ်သည်။

အဿဂုတ္တမထေရ်သည် ဇမ္ဗူဒိပ် တကျွန်းလုံးရှိ ရဟန်းသံဃာ အားလုံး၏ ဩဝါဒါစရိယ မထေရ်ကြီး ဖြစ်တော်မူ၏။ ဝိဋ္ဋ၂ာတောင်တန်းကြီးနှင့် စပ်လျက်ရှိသော ယူဇနာ သုံးဆယ်ရှိ တောအုပ်ကြီး အတွင်း၌ သီတင်းသုံးတော်မူသဖြင့် အဋ္ဌဝိတောကျောင်း(ဋီကာအလို။ အဋ္ဌကထာ၌ ဝတ္တနိ သေနာသန)ဟု ခေါ်၏။ ယူဇနာ သုံးဆယ်ရှိ တောကြီးတတောလုံး မထေရ်၏ ဩဝါဒခံ ရဟန်း ယောဂီများ ထောင်ပေါင်းများစွာနေထိုင်ကြသဖြင့် တခုတည်းသောယူဇနာသုံးဆယ်ရှိ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးဖြစ်လေသည်။ (ဝိဋ္ဋ၂ာ တောင်တန်းမြေပုံ၌ကြည့်ပါ။)

မထေရ်၏မေတ္တာတန်ခိုးကြောင့် ယူဇနာသုံးဆယ်အတွင်းရှိ သားရဲတိရစ္ဆာန်တို့လည်း မေတ္တာစိတ်ဝင်ကာ ယဉ်ပါး၍နေကြလေ၏။ တစုံတရာအန္တရာယ်ပြုခြင်း မရှိ။

မထေရ်သည် ထောင်ပေါင်းများစွာသော ယောဂီရဟန်းတော်များအား ကောင်းကင်ထက်ဝယ် စမ္မခဏ်(သားရေနွယ်)အခင်းပေါ်၌ ထိုင်လျက်ကမ္မဋ္ဌာန်း ပေးတော်မူ၏။ ကာလ ကြာသောအခါ ဆွမ်းခံခြင်းကိုပင် မပြုတော့ပဲ ကျောင်းမှာပင် ကမ္မဋ္ဌာန်းပြတော်မူလေရာ ဝိဋ္ဋ၂ာ တောင်တန်း တလျှောက်ရှိ ရွာများမှ ဒကာ၊ ဒကာမများသည် ထိုတောအုပ် ကမ္မဋ္ဌာန်းကျောင်းကြီးသို့ ဆွမ်းကွမ်းဒါန များ လာရောက် ပြုစုကြလေသည်။

ဓမ္မာသောကမင်းတရားကြီးသည် အဿဂုတ္တမထေရ်ကြီး၏ ကျေးဇူးဂုဏ် သတင်းများကို ကြားသိရ၍ ကြည်ညို ဖူးမြော်လိုလှသဖြင့် သုံးကြိမ်တိုင်တိုင် မင်းချင်းများကိုစေလွှတ်ကာ ပင့်ဆောင်လေ၏။ မထေရ်ကြီးကား မကြွ။ကမ္မဋ္ဌာန်း

http://www.dhammadownload.com



တရားဟောကြား သင်ပြခြင်းအလုပ် ပျက်ကွက်မည်စိုး၍ မင်းကြီး၏ ပင့်လျှောက်ချက်ကို လက်ခံတော်မမူခဲ့ချေ။

( မဇ္ဈိမ ဒေသ သာသနာဝင် နောက်ပိုင်းခေတ် ဖြစ်သော်လည်း ဤ၌ ဖော်ပြလိုက်ပါသည်။ မ-ဋ္ဌ-၃-၁၉၀။ စူဠ သကုလုဒါယီသုတ် အဖွင့်)

အဿဂုတ္တမထေရ်ကြီးသည် တန်ခိုး ဣဒ္ဓိပါဒ်လည်း ကြီးမားတော်မူ၏။ တခါက ကျောင်းရှိသံဃာတော်များ ဟင်းမရရှိပဲ ဆွမ်းချည်း သက်သက် ဘုဉ်းပေးနေကြသည်ကို သိမြင်တော်မူသဖြင့် ကျောင်းအတွင်းရှိကျောက်ရေကန်ကြီးကို နံနက်ပိုင်း၌ နို့ဓမ်းအရသာရှိအောင် ဖန်ဆင်း၍ပေးတော်မူထားသတတ်။ ညနေ အချိန်ခပ်ယူလျှင်ကား ပကတိ ရေ ဖြစ်မြဲဖြစ်နေသည် ဟူ၏။(ဝိသုဒ္ဓိမဂ်-၂၊ ၆၉။ အဘိ-ဋ္ဌ-၁၊ ၄၄၄-အာရမ္မဏ တိက် အဖွင့်)

## ပုဂ္ဂိုလ်ကျော် အရှင်နာဂသေန၏ ဆရာ

အဆိုပါ အဿဂုတ္တ မထေရ်ကြီးကား ပုဂ္ဂိုလ်ကျော် အရှင်နာဂသေန၏ ဆရာလည်း ဖြစ်တော်မူ၏။ မိလိန္ဒပဉှာ၌ ထိုအကြောင်းကို တွေ့နိုင်ပေသည်။ (မြန်မာပြန်–၁၆–၂၀-၅၈)

အဿဂုတ္တ မထေရ်ကြီးနှင့် အရှင်နာဂသေနတို့၏ အကြောင်း သဘော အချုပ်ကား အောက်ပါအတိုင်းဖြစ်သည်။

အရှင်နာဂသေနသည်၊ အသက် နှစ်ဆယ် ပြည့်သော အခါ ဟိမဝန္တာ တောင် ရက္ခိတကုန်းပြင်၌ များစွာသောရဟန္တာအရှင်မြတ်ကြီးများ၏ ချီးမြှောက်မှုအရ ရဟန်းဖြစ်၏။ ဥပဇ္ဈာယ်မထေရ်ကြီး၏ ဘွဲ့တော်ကား ရောဟဏမထေရ်ဟု ခေါ်လေသည်။ ထိုအခါ အရှင်နာဂသေနကား ဥပဇ္ဈာယ်ဆရာထံမှ အဘိဓမ္မာ ပိဋကကို သင်ယူတတ်မြောက်ပြီး ဖြစ်လေ၏။

ရဟန်းပြုပြီးနောက်တရက် ဥပဇ္ဈာယ်ဆရာနှင့်အတူ ဆွမ်းခံဝင်စဉ် 'မိမိအား အဘိဓမ္မာကိုသာ သင်ပေးရ ကောင်းလား'ဟု ဆရာအား စိတ်ထဲက ပြစ်တင် ရှုတ်ချနေမိ၏။ ထိုသို့ စိတ်အကြံ၌ ပြစ်မှားနေသည်ကို သိတော်မူ၍ ချက်ချင်းပင် မသင့်လျော်ကြောင်း မိန့်တော်မူသဖြင့် အရှင်နာဂသေန ဝန်ချ တောင်းပန်ရလေ၏။

"ငါ့ရှင်နာဂသေန၊ သည်လောက်နှင့် ငါသည်းမခံနိုင်သေးဘူး၊ သာဂလ မြို့သို့သွားကာ ရဟန်းသံဃာများကို အယူဝါဒဖြင့် နှိပ်စက်နေသော မိလိန္ဒ မင်းကို ဆုံးမပြီး သာသနာတော်ကို ကြည်ညိုအောင်လုပ်နိုင်မှသာ ငါ သည်းခံမယ်"ဟု မိန့်တော်မူလျှင် အရှင်နာဂသေနသည် မိလိန္ဒမင်းတဦးကိုမဆိုထားဘိ၊

http://www.dhammadownload.com



ဇမ္ဗူဒိပ်တကျွန်းလုံးရှိ မင်းများ အားလုံးကိုပင်လည်း အယုဝါဒ ပြဿနာကို ဖြေရှင်းနိုင်ကြောင်း၊ ဖြေရှင်းမည့် အကြောင်း၊ မိမိ အပြစ်ကိုသာ ခွင့်လွှတ်သည်းခံပါမည့်အကြောင်းလျှောက်သော်လည်း သည်းမခံနိုင်ဟု မိန့်တော်မူ၍—

"ဒါဖြင့် အရှင်ဘုရား၊ ဒီဝါတွင်း သုံးလ အတွင်း အဘယ် ဆရာ့ထံမှာ နေရပါ့မလဲ အရှင်ဘုရား"ဟု အရှင်နာဂသေနက လျှောက်ရာ ဥပဇ္ဈာယ်ဆရာ ရောဟဏမထေရ်ကြီးက ဝိဋ္ဋာတောင်တန်း အဋ္ဌဝိ(ဝတ္တနိယ)တောကျောင်းနေ အဿဂုတ္တမထေရ်ကြီးထံ လွှတ်တော်မူသည်။ ကျွန်းမာချမ်းသာကြောင်း သတင်း စကား စသည် ပြောဆိုမှာကြား၍ လွှတ်တော်မူရာ အဿဂုတ္တ မထေရ်ကြီးလည်း အရှင်နာဂသေနအား အမည်, နေရပ်, ဆရာ စသည်တို့ကို မေးမြန်းပြီးနောက်—

"အိမ်း....ငါ့ရှင် နာဂသေန၊ ကောင်းပြီ။ သင့်ရဲ့ သပိတ် သင်္ကန်းများ သိမ်းဆည်းထားချေ"ဟု မိန့်တော်မူသည်။

အရှင်နာဂသေနသည် နောက်တနေ့၌ ကျောင်းဝင်း အတွင်း တံမြက် လှည်းပြီးလျှင် ဆရာအတွက် မျက်နှာသစ်ရေ,ဒန်ပူတို့ကို တည်ထားရာ အဿဂုတ္တ မထေရ်ကြီးကား ရှင်နာဂသေန တံမြက်လှည်းပြီး နေရာ၌ ထပ်၍ လှည်းတော်မူ၏။ ဆက်ကပ်ထားသောရေကိုလည်းသွန်၍ အခြားတနေရာမှ ခပ်ယူသုံးစွဲတော်မူသည်။ ထိုဒန်ပူကိုလည်း အသုံးပြုတော်မမူချေ။

အသုံးမပြုရုံသာမက ခုနစ်ရက်ပတ်လုံး စကားတခွန်းမျှ ပြောဆိုမေးမြန်းခြင်းမပြုချေ။ ခုနစ်ရက်မြောက်သော နေ့၌ ရှေးနည်းအတူ အမည်, နေရပ်, ဆရာ, လာရင်းအကြောင်းကို ထပ်ပြီးမေးတော်မူသဖြင့် ဆရာကလွှတ်၍ တဝါ တွင်းနေခွင့်ပြုရန် ထပ်မံ လျှောက်ရ ပြန်လေသည်။ ထိုအခါမှ နေခွင့်ပေးကာ အဿဂုတ္တမထေရ်ကြီးထံ နည်းခံ၍ တဝါ ဆိုရလေ၏။

သီတင်းဝါလကျွတ်လျှင် ဒါယိကာမကြီးတဦးက ဆရာတပည့်နှစ်ပါးလုံး ဆွမ်းစားပင့်ရာ ဆွမ်းကိစ္စပြီးလျှင် မထေရ်ကြီးက အရှင်နာဂသေနအား ဆွမ်း အနုမောဒနာတရားဟောရန် မိန့်တော်မူ၍ ကျောင်းသို့ ပြန်ကြွနှင့်လေ၏။

"အရှင်ဘုရား နာဂသေန၊ တပည့်တော်မ အသက်ကြီးရင့် အိုမင်းသူဖြစ်၍ နက်နက်နဲနဲ ရုပ်နာမ်တရားများ ဟောကြား ချီးမြှင့်တော်မူပါ"ဟု ဒါယိကာမ ကြီးက လျှောက်ရာ အရှင်နာဂသေနလည်း လောကမှ လွန်မြောက်ကြောင်း ဖြစ်သော ပုဂ္ဂိုလ်သတ္တဝါဆိတ်သုဉ်းကာ ရုပ် နာမ် အဖြစ်အပျက်မျှသာ ရှိသော တရားသဘော ဝိပဿနာ=အဘိဓမ္မာကို ဟောပြတော်မူလေ၏။

တရားပြီးဆုံးလျှင် ဆွမ်းဒါယိကာမကြီး သောတာပန်ဖြစ်၏။ ဓမ္မကထိက အရှင်နာဂသေနလည်း မိမိ ဟောသောတရားကို ပြန်လည်၍ ဆင်ခြင် သုံးသပ်လျက် ထိုင်နေရာ ထိုနေရာ၌ပင် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်တော် မူလေသည်။

http://www.dhammadownload.com



အသာဂုတ္တမထေရ်ကြီးလည်း မိမိ ကျောင်းတွင်းရှိ စည်းဝေးညီမူရာ မဏ္ဍပ်တန်ဆောင်းကြီး အတွင်း၌ ထိုင်တော်မူနေလျက် ဆင်ခြင် ကြည့်တော်မူလျှင် ဟောသူ နာသူ နှစ်ဦးစလုံး သောတာပန်ဖြစ်သွားကြသည်ကို မြင်တော်မူသဖြင့်—

"အင်း....သာဓုသာဓု ငါ့ရှင် နာဂသေန၊ မြားချက် တခုတည်းဖြင့် ခန္ဓာကိုယ် နှစ်ခုကို ထွင်းဖောက်အောင် ပစ်ခွင်းနိုင်ပါပေတယ်"ဟု ရေရွတ်၍ ကောင်းချီးပေးတော်မူနေလေ၏။ တရားဟောပြီး၍ အရှင်နာဂသေနပြန်ရောက်လာလျှင်-

"ငါ့ရှင် နာဂသေန၊ သင်သည် ပါဋလိပုတ်ပြည်သို့ သွားချေ။ အသောကာရုံကျောင်းတိုက် အရှင်ဓမ္မရက္ခိတထံမှာ ပိဋကသုံးပုံကိုသင်ယူချေ"ဟု မိန့်တော်မူလျှင် ယူဇနာတရာဝေးကွာသော ခရီးကို သွားရမည် ဖြစ်၍ ဆွမ်းကွမ်း ခက်ခဲမည်ကို ပြန်လည်လျှောက်ရာ—

"ငါ့ရှင် နာဂသေန၊ သွားသာသွားလော့။ လမ်းခရီးမှာ ဆန်မဲကင်း၍ စမဲဟင်းလျာနှင့်တကွ သလေးဆွမ်းကို ရလိမ့်မယ်"ဟု တိုက်တွန်းစကား ပြောကြားတော်မူသဖြင့် ဆရာ့အား အရိုအသေပြုကာ အဋ္ဋဝိ တောကျောင်းမှ ပါဋလိပုတ်ပြည်သို့ ယူဇနာတရာခရီးကို ကြွတော်မူရလေ၏။

## အရှင်နာဂသေန၏ သာသနာပြု ခရီးစဉ်

ပါဋလိပုတ်ပြည်သွားလမ်းခရီးအကြား၌ ပါဋလိပုတ်ပြည်သို့လှည်းငါးရာဖြင့် သွားနေသော ပါဋလိပုတ်ပြည်သား ကုန်သည်သဌေးတဦးနှင့် တွေ့ဆုံမိကြရာ သဌေးက ကြည်ညိုလှသဖြင့် ဆွမ်းကွမ်းများ တာဝန်ယူ ဆက်ကပ်သွား၏။

**သဌေး** အရှင်ဘုရား....၊အမည်ဘယ်လိုခေါ်ပါသလဲ။

**အရှင်** ဒကာ....၊အရှင်နာဂသေနလို့ ခေါ်ပါတယ်။

**သဌေး** အရှင်ဘုရား....၊ မြတ်စွာဘုရား စကားတော် (ပိဋက) ဆိုတာကို သိတော်မူပါသလား။

**အရှင်** ဒကာ....၊ အဘိဓမ္မာ ပိဋကလောက်ကိုသာ သိပါတယ်။

**သဌေး** အရှင်ဘုရား....၊တပည့်တော်တို့ အလွန်ကံကောင်းကြပါပေတယ်၊ လှူဘဝအရတော်ကြပါပေတယ်ဘုရား၊တပည့်တော်လဲ အဘိဓမ္မာ ပိဋကကိုဆောင်နေပါတယ်၊အရှင်ဘုရားလဲဆောင်နိုင်ပါပေတယ်။ တပည့်တော်အား အဘိဓမ္မာပိဋကကို ရွတ်ဆိုဟောကြားတော်မူပါဦးဘုရား။

အရှင်နာဂသေနက အဘိဓမ္မာပိဋကဆောင် ကုန်သည်သဌေးအား ဟောကြားတော်မူရာ ကုန်သည်သဌေးမှာ 'ဖြစ်ခြင်းသဘောရှိသော တရားအားလုံး

http://www.dhammadownload.com



ချုပ်ဆုံးပျက်သုဉ်းခြင်းသဘောရှိ၏’ဟု တရားမျက်စိ ‘သောတာပတ္တိအသိဉာဏ်’ အလင်းရရှိသွားလေသည်။ပါဠလိပုတ်ပြည်အနီးသို့ရောက်လျှင် အရှင်နာဂသေန အား အသောကာရုံကျောင်းတိုက်သို့ သွားသော လမ်းခွဲကိုပြညွှန်၍ အလျား ၁၆-တောင်၊ အနံ၈-တောင်ရှိသော အလွန်ကောင်းမွန်သည့် ကမ္ဗလာရတနာ ဝတ်ထည်တခု လှူဒါန်းလိုက်၏။

အရှင်နာဂသေနလည်း အသောကာရုံကျောင်းတိုက် ဓမ္မရက္ခိတ မထေရ်ကြီးအထံတော်၌ ပိဋကသုံးပုံကို ပါဠိသဒ္ဒါအာဂုံအဖြစ်သုံးလမျှဖြင့် ဆက်တိုက်ရွတ်အံသင်ယူပြီးနောက် အနက် အဓိပ္ပာယ်များကို သုံးလတိုင်တိုင် နှလုံးသွင်းဆင်ခြင်၍ နေလေ၏။တနေ့သောအခါ မထေရ်ကြီးက အရှင်နာဂသေနအား—

“ငါ့ရှင်နာဂသေန....၊ နွားကျောင်းသားဟာ နွားတို့ကိုသာ ထိန်းကျောင်းရပြီး နွားနို့မှဖြစ်သောအရသာကိုမူ အခြားသောသူတို့သာ သုံးဆောင်ကြရသကဲ့သို့ ငါ့ရှင် သင်ဟာ ပိဋကသုံးပုံတည်းဟူသော ဘုရား စကားတော်ကို အာဂုံနှုတ်တက် ဆောင်ရွက်နေသော်လဲ မဂ်ဖိုလ်အဖို့အစု ရရှိသူ မဖြစ်ခဲ့” ဟု မိန့်တော်မူလျှင်—

“အရှင်ဘုရား....၊ ရှိပါစေတော့၊ ဒီလောက်ဆိုလျှင် ကျေနပ်တော်မူပါ၊ ဘုရားတပည့်တော်သဘောပေါက်ပါပြီအရှင်ဘုရား”ဟု လျှောက်၍ ဝိပဿနာတရားကို အားထုတ်လေရာ ထိုနေ့တရက်တည်းမျှဖြင့် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်တော်မူလေသည်။

ထိုအခါနတ်တို့သည်သာခုခေါ်ကာ ကောင်းချီးသြဘာ ပေးကြကုန်၏။ မြေငလျင်သည်းစွာလှုပ်၏။ ဗြဟ္မာမင်းတို့သည် လက်ပန်းပေါက်ခတ်ကြကုန်၏။ နတ်ပန်းမိုး ရွာသွန်းကြဲချကြကုန်၏။

ဟိမဝန္တာတောင် ရက္ခိတကုန်းမြေရှိ ရာပေါင်းများစွာသော ရဟန္တာအရှင်မြတ်တို့လည်း စည်းဝေးကာ အရှင်နာဂသေနထံ တမန်စေလွှတ် ပင့်ခေါ်ကြ၍ ဟိမဝန္တာသို့ ကြွရလေသည်။ ရဟန္တာအရှင်များက—

“ငါ့ရှင်နာဂသေန....၊ မိလိန္ဒမင်းဟာ ရဟန်းသံဃာများကို ပြဿနာမေးကာ ညှဉ်းဆဲနေတယ်၊ ငါ့ရှင်ကို ဒို့များ တောင်းပန်ပါတယ်၊ သာဂလမြို့သို့ သွားရောက်ဆုံးမချေပါ”ဟု တောင်းပန်တိုက်တွန်းကြလျှင်—

“အရှင်ဘုရားတို့....၊မိလိန္ဒမင်းတယောက်တည်းကို မဆိုထားဘိ၊ ဇမ္ဗူဒိပ်တကျွန်းလုံးရှိ မင်းအားလုံးလာပြီး ပြဿနာမေးဦးတော့၊ ဘုရားတပည့်တော်ကောင်းစွာဖြေရှင်းနိုင်ပါတယ်၊ အရှင်ဘုရားများ ကြောက်ရွံ့ စိုးရိမ်ခြင်းမရှိပဲ သာဂလမြို့သို့ ကြွသွားတော်မူကြပါ”ဟု လျှောက်လေသည်။

http://www.dhammadownload.com



သံဃာတော်များလည်း ထိုအခါကျမှ သာဂလမြို့သို့ ကြွရောက်ခဲ့ကြလေတော့သည်။ သာသနာပြုနိုင်သော ဘုန်းကံပါရမီရှိသူအား သာသနာစောင့်မထေရ်ကြီးတို့သည် ယင်းသို့ပင် စောင့်ရှောက်တော်မူကြ၏။

အရှင်နာဂသေနပုဂ္ဂိုလ်ကျော်အား ပြုစုစောင့်ရှောက်သော မထေရ်ကြီးများတွင် အဿဂုတ္တမထေရ်ကြီးလည်း တပါးအဝင်အပါ ဖြစ်တော်မူခဲ့သည်။

# မဟာယာနတို့ အလေးမူသော ရှင်ဥပဂုတ်

ရှင်ဥပဂုတ်အကြောင်း ရှေးဆရာတော်ကြီးအချို့လည်း ဒကာ ဒကာမတို့ မေးလျှောက်ကြသဖြင့် မကြာခဏ ဖြေဆိုတော်မူနေကြရဟန် တူလေသည်။ မုံရွေး ဇေတဝန်ဆရာတော်ဘုရားကြီးက 'သမန္တစက္ခုဒီပနီ' ကျမ်းတွင် ဖြေဆိုခဲ့သည်မှာ သဒ္ဒါကျမ်းများ၌ ဝေါဟာရစကားလုံးတခုအဖြစ် ပါဝင်ကြောင်း၊ မိလိန္ဒပဥှာ၌ပါကြောင်း ဖြေဆိုတော်မူ၏။

သို့ရာတွင် မိလိန္ဒပဥှာပါဠိတော်၌ အလျှင်းမပါရှိချေ။ ယိုးဒယားမူ၌ ရှိလေဟန် ဆိုကြပြန်လေသည်။ နောက်ဆုံးဇေတဝန် ဆရာတော်ဘုရားကြီးက—

"ရှင်ဥပဂုတ်၏ အတ္ထုပ္ပတ္တိ ဝတ္ထုထုံးစံများကို ခိုင်ခိုင်ခံ့ခံ့ ဒဋ္ဌိကမ္မညာပကပြု၍ မှတ်သားလောက်အောင် ကျမ်းဂန်မတွေ့ဖူးချေ" ဟု ဆုံးဖြတ်တော်မူခဲ့၏။ (မှတ်ချက်-ကျမ်းဂန်ဆိုသည်မှာ သံဂါယနာတင် ဆရာအစဉ်အဆက် အလေးမူသော ကျမ်းဂန်ကို ဆိုလိုပေသည်။)

## ဝဇီရဗုဒ္ဓိဋီကာ စဉ်းစားဖွယ်

ပါဠိ,အဋ္ဌကထာ,ဋီကာကျမ်းပေါင်းတရာကျော်တွင် မည်သည့် နေရာ၌မျှ ရှင်ဥပဂုတ်အကြောင်း အရိပ်အမြွက်မျှပင်မပါရှိပဲ ဝိနည်းဋီကာ ဝဇီရဗုဒ္ဓိ (၆၃-ဝေရဥ္စခန်းအဆုံး)၌သာ အရိပ်အမြွက်တွေ့ရလေရာ အလွန် အံ့ဩမိလေသည်။

"ဋီကာဆရာမူလရေးရင်း ဟုတ်မှဟုတ်ပါလေစ" ဟု သံသယဖြစ်ဖွယ် ရှိပေသည်။ မုံရွေး ဇေတဝန်စသော အလွန်ကျမ်းဂန်နှံ့စပ်သည့် ဆရာတော်ကြီးများ ထိုမျှ ထင်ရှားသောကျမ်းမှာ ပါသည်ကို မတွေ့ပဲ မရှိတန်လေရာ။

ဋီကာ ဖွင့်ပြထားသည်မှာလည်း ဝေရဥ္စ ကဏ္ဍဆုံးခါမှ အလွတ် (ပါဠိမုတ္တက) သဘောမျိုး ဖွင့်ပြခြင်းဖြစ်သည်။ ဖွင့်ပြသည့် အဓိပ္ပာယ်မှာ—"မြတ်စွာဘုရား ဝေရဥ္စာပြည်၌ ဝါကပ်လျှင် မာရ်နတ်ခနှောင့်ယှက်သည်ကို ဖျက်ဆီးနိုင်သော အစွမ်းမရှိသလော။ ရှိပါ၏။ သို့ရာတွင် နောက်ကာလ ဥပဂုတ်လက်ထက်၌

http://www.dhammadownload.com



သာသနာ ကြည်ညိုမှုရရန် အကြောင်းရှိ၍ သည်းခံနေတော်မူသည်''ဟု ဖွင့်ပြသည်မှာ အလွန် မဆီဆိုင်လှချေ။

ယင်းဋီကာ စာမျက်နှာ ၃၁-၌ပင် ဝေရဉ္စာပြည်၌ ဝါကပ်ရခြင်း၏ အကြောင်းများကို ဖော်ပြရာတွင် အရှင်မောဂ္ဂလ္လာန်၏ တန်ခိုး အာနုဘော်၊ အရှင်သာရိ ပုတ္တရာ၏ ဝိနည်းပညတ်ရန် အကြံဖြစ်ပေါ်မှုပြရန်၊ ဝေရဉ္စာ ပုဏ္ဏား ကြီးအား ချီးမြှောက်ရန်၊သာသနာဝင် အစဉ်အဆက် အာဟာရအပေါ် သည်းခံမှု သင်ခန်းစာဖြစ်စေရန် စသော ရွှေနားကပြခဲ့သည့် အကြောင်းပြချက်များ ကိုပါ ပေါင်းထည့်သွားစေ၏။

အကယ်၍ မာရ်နတ်အကြောင်း ဖွင့်လိုလျှင်လည်း ရွှေနားကပင် ဖွင့်ပြခဲ့ သင့်၏။ ယခုမူ ပြီးမှပြန်၍ ပြောနေခြင်းမှာ စဉ်းစားစရာ ဖြစ်သည်။

ယင်းဋီကာ၏မှီရာ ပါရာဇိကဏ် အဋ္ဌကထာ (၁-၁၄၇) ၌ အဋ္ဌကထာ ဆရာကြီးကိုယ်တိုင် ဝေရဉ္စာပြည် ကြွရောက် ဝါကပ်ရာ၌'မာရ်နတ် နှောင့်ယှက် မည်ကို မသိကြသလော'ဟု မေးခွန်းထုတ်ကာ ''မသိ၍မဟုတ်၊ ထိုအချိန်က မာရ် နတ်သည် အလွန် ရန်ငြိုးကြီးနေချိန်ဖြစ်၍ မြတ်စွာဘုရား တာဝတိံသာသို့ပင် ကြွ၍ ဝါကပ်သော်လည်း နှောင့်ယှက်မည်သာ ဖြစ်သည်''ဟု ဖွင့်ပြထားသော စကားနှင့် နှိုင်းရှည့်ပြန်သော် ဋီကာဆရာ့စကားသည် ပို၍ စဉ်းစားစရာ ဖြစ် လေသည်။

မြတ်စွာဘုရားရှင်သည် ထိုနှစ်ဝါတွင် သာသနာအရှည် တည်တံ့အောင် ဝိနည်းဥပဒေများ ပညတ်တော်မူမည်ဖြစ်၍ မာရ်နတ်က တဝါတွင်းလုံး မြင်းစား ဂျုံကြမ်းများကိုသာ ဘုဉ်းပေးနေရအောင် နှောင့်ယှက်ခြင်း ဖြစ်ဟန်တူပေသည်။

ဋီကာဆရာပြောသကဲ့သို့ လည်းကောင်း၊ ယခုအခါ လူအများ ထင်နေကြ သကဲ့သို့ လည်းကောင်း အရှင်ဥပဂုတ် တန်ခိုးကြီးသော ရဟန္တာကြီးတပါး တတိယ သံဃာယနာခေတ်က အမှန်တကယ် ဖြစ်ထွန်းခြင်း ရှိခဲ့ပါလျှင်၊ သို့မဟုတ် ထေရဝါဒ၌ အမှန်တကယ် စံပြုလောက်သော၊ တကယ့် ခီဏာသဝ ဣဒ္ဓိမန္တ ဖြစ်သော ပုဂ္ဂိုလ်ကြီးသာ ဟုတ်ရိုးမှန်ခဲ့ပါလျှင် အဋ္ဌကထာ ဆရာကြီးများသည် တနေရာရာ၌ မလွဲမသွေ ဖော်ပြသင့်ခဲ့ပေသည်။

အထူးသဖြင့် တတိယ သံဃာယနာတင်ခန်း၌ကား မဖော်ပြပဲ မနေသင့် ချေ။ တဖန် တန်ခိုးဣဒ္ဓိပါဒ်ကြီးမားသော ပုဂ္ဂိုလ်များကို စိတင် ညွှန်းပြရာတွင် လည်း သီဟိုဠ်ခေတ်က ပုဂ္ဂိုလ်ထူးများကိုပင် ဖော်ပြခဲ့သေးရာ ရှင်ဥပဂုတ်အား မည်သို့မျှ မေ့လျော့နေရန်၊ ချွင်းချန်ခဲ့ရန်အကြောင်း မရှိပါချေ။ ဝဇိရဗုဒ္ဓိဋီကာ ဆရာသည် (မူလရေးရင်း အမှန်ဖြစ်ခဲ့သော်) အဋ္ဌကထာ ဆရာကြီးများကိုပင် ကျော်လွန်ရာ ကျလေ၏။

http://www.dhammadownload.com



## မှန်နန်းရာဇဝင်နှင့် ဇိနတ္ထ မဟာဝင်

စင်စစ် ရှင်ဥပဂုတ်သည် သာသနာစောင့် မထေရ်ကြီးများ အဆက်ဆက် အလေးမူသော ကျမ်းဂန်များတွင် မလာမရှိ။ သာသနာနှင့်ဆန့်ကျင်သော အယူဝါဒများ ပါဝင်နေသဖြင့် ပါဠိလိုရေးထားသော်လည်း ဆရာစဉ်ဆက် အလေးမမူသော 'လောကပညတ္တိ' ကျမ်းတွင် လာရှိသည်။

ရာဇဝင်ကြီးကိုပြုစုသော ဆရာများနှင့် ကျီးသဲလေးထပ် ဆရာတော်သည် အဆိုပါသဘောကို အလေးအနက် မသုံးသပ်ပဲ သဒ္ဓါတရား ဖြစ်ပွားစေရန် လောက်ကိုသာ ရည်ရွယ်၍ ဆရာအစဉ်အဆက် အလေးမမူသော လောကပညတ္တိကျမ်းမှယူ၍ မှန်နန်းရာဇဝင်ကြီး၊ ဇိနတ္ထပကာသနီနှင့် မဟာဝင် ဝတ္ထုများတွင် ဖော်ပြခဲ့မိကြလေသည်။ ကျီးသဲဆရာတော်ကြီးကား ၁၉၂၁-ခုနှစ်က ပုံနှိပ်သော 'ဝိမတိစ္ဆေဒနီကျမ်း' (၉၃)၌ပင် 'အင်္ဂလိပ် လောကမာတ် ဆရာများ ပင်လယ် အတွင်း၌ ကြေးပြာသာဒ်ကြီးကို မြင်တွေ့ရကြောင်း' ၁၂၂၅-ခုနှစ် သတင်းစာပါ သတင်းကိုပင် ဖော်ပြထားသေး၏။ ထိုအခါမှစ၍ မြန်မာပြည် ထေရဝါဒ သာသနာဝင်တို့လောက၌ အလှူမကျွပ်ထိုးရာမှအစ ရှင်ဥပဂုတ်သည် ကန်တော့ပွဲတပွဲ ရတော်မူလေ၏။

အသုံးတွင်ကျယ်သော ကျမ်းများဖြစ်၍ မူရင်းမဟာဝင်၌ပါလေဟန်၊ ပါဠိ အဋ္ဌကထာလာ ဖြစ်လေဟန် ထင်မှားကုန်ကြလေသည်။

ရှေးက ကျမ်းပြုဆရာတော်ကြီးများ ထေရဝါဒကျမ်းဂန်၌ မလာသော 'ဇမ္ဗုပတိချွတ်ခန်း'ကို 'မဏိကုဏ္ဍလကျမ်း' တထာဂတဥဒါနဒီပနီတို့၌ ဖော်ပြခဲ့မိရာမှ **ယခုအခါ ထေရဝါဒ ရုပ်ပွားတိုင်းလိုလိုပင် အချွန်အတက်များနှင့် မင်းမြောက်တန်ဆာငါးပါးတွင် သန်လျက် မကိုင်ရုံသာ ရှိရလေတော့သည်။** သံဝေဂ ဖြစ်ဖွယ် ကောင်းလေစွ။ နှောင်းပညာရှင်တို့ စင်ကြယ်သော ဗုဒ္ဓဝါဒ ကျမ်းစာများ ရေးကြမည်ဆိုပါလျှင် သင်ခန်းစာယူဖွယ်ပင် ဖြစ်ပါတော့သည်။

> "လ-နေ-နှင့် ဘုရားစကားတော်(ပိဋက)များ ဖွင့်ဖော်မှ အကျိုးရှိသည်။ ဖုံးဝှက်ထား၍ အကျိုးမရှိ။ မိစ္ဆာအယူဝါဒ၊ မိစ္ဆာမန္တန်နှင့် မာတုဂါမတို့မှာမူ ဖုံးဝှက်ထားမှ အကျိုးရှိသည်။ ဖွင့်ဖော်၍ မပြရ" ဟု မြတ်စွာဘုရားရှင် အင်္ဂုတ္တရပါဠိတော် (အံ-၁၊ ၂၇၆-ပဋိစ္ဆန္နသုတ်)၌ ဟောတော်မူခဲ့လေသည်။

http://www.dhammadownload.com



## တတိယ သံဂါယနာတွင် ရှင်ဥပဂုတ် ပဓာနလော

အဋ္ဌကထာဆရာကြီးများနှင့် သံဂါယနာမတင်သော်လည်း ဆရာစဉ်ဆက် ပမာဏပြုရသော မဟာဝံသကျမ်းများ (နောက်ဆုံး မံကြာမီက သီဟိုဠ်မှ 'ဒေါက်တာ မာလလာဆေကရ' ပြုစုသော 'ပိဋကတော်လာ ပဓာနအမည်များ အဘိဓာန်') ၌ပင် မပါဝင် မဖော်ပြသော ရှင်ဥပဂုတ်အား တတိယ သံဂါယနာခေတ်တွင် ပဓာနပုဂ္ဂိုလ်ကြီးအဖြစ် ဖော်ပြ ရေးသားကြသည်မှာ အလွန် စဉ်းစားသင့်သော ကိစ္စရပ်ကြီးတခု ဖြစ်ပေသည်။ အလွန် တာဝန်ကြီးလေးသော ရေးသားမှုကြီး ဖြစ်ပေ၏။

ပို၍ ဆိုးသည်မှာ အသောကမင်းကြီး၏ သာသနာပြုဘက် ဆရာများ ဖြစ်သော ဣန္ဒဂုတ္တ မထေရ်ကြီးနှင့်(ပြဆိုခဲ့ပြီး သကုလုဒါယီ ပရိဗိုဇ် ဝင်စားတော်မူသော) အဿဂုတ္တ မထေရ်ကြီးများကိုပင် 'ဂုတ္တ' ပါနေ၍ ရှင်ဥပဂုတ်၏ အမည်ကွဲများဖြစ်သည်။ 'ရှင်ဥပဂုတ်ဟူသည် ဣန္ဒဂုတ္တမထေရ်ပင်တည်း၊ အဿဂုတ္တ မထေရ်ပင်တည်း' ဟု ရေးသားကြသည်မှာ ပို၍ပင် တာဝန်လေးသော စကားများ ဖြစ်ကုန်တော့သည်။

ထို့မှတပါး ဤကျမ်း ထုန်ခိုးအဘိညာဉ်အရာစံတော်ဝင်များတွင် ပြခဲ့သော ကိုရင်သံဃရက္ခိတ ဦးလေးဆရာ မဟာနာဂ (သမုဒ္ဒရာ၌နေသော) မထေရ်နှင့် မာရ်နတ် မီးကျီးမိုးရွာစဉ် တားသော မထေရ်များကို ထိုပုဂ္ဂိုလ်များ ဖတ်ရှု မိကြပါမူ လွယ်လွယ်နှင့်ပင် 'ရှင်ဥပဂုတ်' ဟု ယူမှားနိုင်တော့သည်။

အကယ်စင်စစ် ရှင်ဥပဂုတ်သည် တတိယသံဂါယနာ (မဟာယာနဝါဒ များကို ရှင်းလင်းပွဲ)၌ ပဓာန မဟုတ်စေကာမူ အတန်အသင့် တာဝန်ရှိသူတပါး ဖြစ်ခဲ့လျှင်သော်မှလည်း မဟာယာနဝါဒီတို့က ခေါင်းဆောင်အဖြစ် လေးစားသည်မှာ စဉ်းစား၍ မရအောင် ရှိပေ၏။

### အောင်ခေတ်စေနိုင်သူ ရှင်ဥပဂုတ်

ရှင်ဥပဂုတ်အကြောင်း ဖျာပုံမြို့၊ စကြာရန်အောင်ဆရာတော်ရေး ဗုဒ္ဓနိုင်ငံတော်(၄၉၀)စာအုပ်၊ ဓမ္မာစရိယ ဦးခင်မောင်လင်း တည်းဖြတ်၍ 'ဆရာဇာဂရ' ဆိုသော ပုဂ္ဂိုလ်တဦး ရေးသားသည့် 'ရှင်ဥပဂုတ္တရဟန္တာပူဇော်နည်းနှင့် ပရိတ်တော်'၊ မိုးကုတ်မြို့၊ အရှင်ပညိန္ဒာဘိဝံသ (ပထမကျော် သကျသီဟ ဘီအေ) ရေးသော 'စင်ကြယ်သော ဗုဒ္ဓဘာသာ' စာအုပ်များကို ဖတ်ရှုရရာ ရှင်ဥပဂုတ် သံသယသည် အတော်ပင် ရှင်းလင်းသွားရပါ၏။

http://www.dhammadownload.com



ထိုတွင် ဆရာတော် အရှင်ပညိန္ဒာဘိဝံသ စာအုပ်မှာ ရှင်ဥပဂုတ်သည် မဟာယာနဝါဒသာ ဖြစ်၍ ထေရဝါဒတွင် ရောနှောလာကြောင်း(ဝါ)စင်ကြယ်သော ဗုဒ္ဓဘာသာတွင် အမည်းစက် တခု ဖြစ်ကြောင်း ရေးထားသော စာအုပ်ဖြစ်ရာ ထေရဝါဒ သာသနာအတွက် ကျေးဇူးများလှပေသည်။

ဗုဒ္ဓနိုင်ငံတော် စာအုပ်တွင်လည်း 'မဟာယာန ဗုဒ္ဓဘာသာ မှတ်တမ်းများအရ အသောက မင်းတရား လက်ထက်က မဓုရအနီး နတဘာသိက တောအုပ်ကြီးအတွင်း ဂုရုမုဏ္ဍတောင်ပေါ်၌ သီတင်းသုံးသော ဥပဂုတ္တမထေရ်' စသည်ဖြင့် မဟာယာန မထေရ်တပါးသာလျှင် ဖြစ်ကြောင်း ပြဆိုထားလေသည်။

'ရှင်ဥပဂုတ္တ ရဟန္တာပူဇော်နည်းနှင့် ပရိတ်တော်' စာအုပ်၌ ရဟန္တာဟု ပြဆိုထားရုံမျှမက ဣန္ဒဂုတ္တ၊ အဿဂုတ္တ မထေရ်ကြီးများသည်ပင် ရှင်ဥပဂုတ်ဖြစ်ကြောင်း ပြဆိုထားရာ များစွာ ရောထွေးသွားပေ၏။ သို့ရာတွင် မဟာယာန သာသနာဝင် ဖြစ်သော သက္ကဋ ဘာသာရေး 'ဒိဗျာဝဒါန' ကျမ်းမှ ရှင်ဥပဂုတ်အဋ္ဌုပ္ပတ္တိကို ဖတ်ရှုရပေရာ တနည်းအားဖြင့် ထိုကျမ်းဆရာအား ကျေးဇူးတင်ရပေသည်။

ထိုစာအုပ်မှာ ဒိဗျာဝဒါန မဟာယာန သာသနာဝင်ကို မူထား၍ ဟိန္ဒူပညာရှင်များ၊ ခရစ်ယာန် သာသနာပိုင် 'ကာလ်ဒဝဲလ်' စသော ပညာရှင်များ၏ (သက္ကတ၊ ဟိန္ဒီ၊ အင်္ဂလိပ်) အဆိုအမိန့်များကို ပေါင်းစပ်သုတေသနပြုထားသည့် ကျမ်း ဖြစ်၏။

ရှင်ဥပဂုတ်သည် မဓုရပြည်သား ရေမွှေးကုမ္ပဏီပိုင်ရှင် ဂုတ္တ၏ သားငယ်ဖြစ်ပုံမှအစ အပြည့်အစုံ ဖော်ပြထားရာ ရှင်ဥပဂုတ်သည် လက္ခဏာ ကြီးငယ်မပါသော ဘုရားတဆူဖြစ်ပုံ၊ 'အဿတ်စ်တျသံဟိတာကျမ်း၊ အဿတ်စ်တျဂီတာကျမ်း၊ သတလ အာဒိကာရကျမ်း' များ ပြုစုခဲ့ပုံ၊ ဂဏန်းကျမ်း၊ ကောင်းကင်နက္ခတ်၊ ကမ္ဘာစက်ဂြိုဟ် နေကြတ်၊ လ-ကြတ်စသည်တို့ကိုလည်း ခေတ်စေတော်မူသည့် တန်ခိုး ဣဒ္ဓိပါဒ် အရှင် ဖြစ်ပုံကို အပြည့်အစုံ ဖတ်ရှုရပေသည်။

ထိုအချက်များကပင် ရှင်ဥပဂုတ်ဟူသည် မည်သို့သော ပုဂ္ဂိုလ်ဖြစ်ကြောင်း သံသယရှင်းစေလေသည်။ လောက၌ 'ငါဗုဒ္ဓဘောသ' ဟု ဆိုကာ ခေတ်စီး၍ တန်ခိုးပြသူများပင် ရှိနေလေရာ လောကီ စီးပွားဥစ္စာ အာဏာ ရာထူးစသည့်အတွက် ကိုးကွယ် ပသခြင်းကား ပြောဖွယ်မရှိ၊ မိမိတို့ ယုံကြည်ရာ အလိုက် ကိုးကွယ်ပသ နေကြသည်ပင် ဖြစ်၏။ အကျိုးရသည် မရသည်မှာလည်း စိစစ်ဖွယ် မရှိပြီ။ သို့ရာတွင် အရှေ့နှင့် အနောက် ခြားနားလှသော သဘာဝနှစ်ခုကိုမူ ထပ်တူပြု ခံယူရေးသားခြင်းကား စဉ်းစားကြရပေလိမ့်မည်။

http://www.dhammadownload.com



# အနှစ်သာရ ရှုထောင့်မှ အမြင်

လောကဌ် တောင်နှင့်မြောက် ဝါဒနှစ်ခု ခြားနားနေရာ 'ဤကျမ်းစာက ခိုင်မာသည်၊ ထိုကျမ်းကား မခိုင်မာ၊ ငါတို့ မှတ်တမ်းသာ မှန်ကန်၏။ သူတို့ မှတ်တမ်း မှားယွင်းသည်' စသော အယူအဆ အပြောအဆိုများကား သန်ရာ သန်ရာ ယူဆပြောဆိုနိုင်ကြသည်ပင် ဖြစ်လေသည်။

သို့ရာတွင် ဝါဒတခုတွင် အနှစ်သာရ မှတ်ကျောက်ဟူသည် ရှိစမြဲ ဖြစ်၏။ မည်မျှ ရွှေနှင့် တူလှစေကာမူ၊ ရွှေအစစ်ပင် ဖြစ်စေကာမူ မှတ်ကျောက်တင်သော အခါ အဖြေထွက်လာရ၏။ သံယုတ်ပါဠိတော် 'သဒ္ဓမ္မပ္ပဋိရူပကသုတ်'၌ သာသနာအစစ်ကို ကွယ်ပစေနိုင်သော သာသနာအတု၊ တရားအတု၊ ကျမ်းစာအတု များအကြောင်း ဟောတော်မူထားပြီး ဖြစ်လေသည်။

ဤ၌ အမြွက်မျှ ဖော်ပြလိုသည်မှာ 'ထေရ ဝါဒ'ဗုဒ္ဓဘာသာတွင် ဒါန၌ သည်းကောင်း၊ သီလ၌ လည်းကောင်း၊ ဘာဝနာ၌ လည်းကောင်း လုပ်နည်း လုပ်ဟန် ခြားနားချင် ခြားနားနေစေကာမူ အနှစ် သာရကား တူညီမှု ရှိရ၏။ ထိုအနှစ်သာရ ဆိုသည်မှာလည်း 'ဤသို့ ဤသို့'ဟု နေရာတိုင်းတွင် မှုသေ သတ်မှတ်ချက် ရှိချင်မှလည်း ရှိတတ်လေသည်။ သို့ရာတွင် ရွှေ ငွေ ကျောက်သံကို လုပ်ကိုင် နေသူများသည် ရွှေငွေ ကျောက်သံအကြောင်း သာမန်မြင်ရုံနှင့်ပင် အကဲဖြတ်နိုင် ကြ၏။

ရှင်ဥပဂုတ် ဝတ္ထုကြောင်းတွင် လာသော—

(၁) အသောကမင်းကြီး ကျောင်းအလှူပွဲတွင် ဝါဂွမ်း ဆီစိမ်များကို ခန္ဓာကိုယ် ပတ်၍ မီးရှို့ပြီး အမြတ်ဆုံးဒါနဖြစ်အောင် စေတီ ပူဇော်သည် ဆိုရာ ထိုဒါနမျိုးကို ရဟန္တာ အရှင်မြတ်ကြီးများ ခွင့်ပြုတော်မူပါမည်လော။ ထိုဒါနမျိုးကို ဘုရားရှင်ကော လက်ခံ တော်မူပါမည်လော။

(၂) ရှင်ဥပဂုတ်သည် သပိတ်ပိုက်၍ ခေါင်းမော်ကြည့်လျှင် 'နေသည် မည်သည့် အခါမျှ မွန်း မတည့်' ဆိုသော ဝေါဟာရစကား များသည်လည်းကောင်း၊ မာရ်နတ်နှင့် တန်ခိုး ပြိုင်ရာ၌ ဂဠုန် သဏ္ဌာန်၊ ကျားသဏ္ဌာန်၊ ဘီလူးသဏ္ဌာန် အပြိုင်အဆိုင် ဖန်ဆင်း၍ တန်ခိုးပြခြင်း(ဝိကုဗ္ဗနိဒ္ဓိ)ကို ဘုရားရှင် အာပတ် တပ်၍တားမြစ် ထားသည်ဖြစ်ရာ ရဟန္တာပုဂ္ဂိုလ်များ ဘုရား စကားတော်ကို (သာမန် ကိစ္စတွင် အစွမ်းပြသည့် အနေဖြင့်) ကျူးလွန်ပါမည် လော။

http://www.dhammadownload.com



(၃) တောင်သမုဒ္ဒရာ၌ ကြေးပြားသာဒ်နှင့် ယခုတိုင် ရှိနေသေးသည်ဟု ဝေါဟာရ ဆိုကြရာ ခန္ဓာဝန်နှင့် သင်္ခါရ ဒုက္ခကို မြင်တော်မူကြသော ရဟန္တာပုဂ္ဂိုလ်မြတ်ကြီးများသည် 'နာဘိ နန္ဒာမိ မရဏံ၊ နာဘိ နန္ဒာမိ ဇီဝိတံ' ဟူသည့် အတိုင်း ပရိနိဗ္ဗာန် ပြုရသည်ကို လွန်စွာဝမ်းမြောက်တော်မူကြသည်ဖြစ်ရာ အသက်ရှည်စွာ နေရခြင်းကို ခံမင်တော်မူကြပါသလော။ အသက်ရှည်စွာ နေရခြင်းကို ဗုဒ္ဓဝါဒ၌ ဦးစားပေးခြင်း ရှိပါ၏လော။

(၄) မာရ်နတ်က ဘုရားဟန် ဖန်ဆင်း၍ ပြသောအခါ ရှင်ဥပဂုတ် ရဟန္တာကြီးက မာရ်နတ်အား ရှိခိုးသည်ဆိုသည်မှာလည်းဖြစ်သင့်ပါသလော။

ဤသို့ စသည်ဖြင့် စဉ်းစား စရာတွေ များစွာ ရှိနေပေသည်။

(၅) မဟာယာနတို့ တီထွင်၍ဖြစ်စေ၊ အထိုက်အလျောက် နီးစပ်သော ဖြစ်ရပ် တစုံတရာရှိခဲ့၍ဖြစ်စေ မှတ်တမ်းတင်ထားသော ရှင်ဥပဂုတ် ဝတ္ထုတွင် နောက်ဆုံး ပဓာန အချက်ကြီးတခုကို တွေ့မြင်ကြရလေသည်။

ယင်းကား အခြားမဟုတ်၊ မာရ်နတ်သည် ခွေးသေကောင်ပုပ်ကြီး လည်ပင်း၌ အဆွဲခံရသဖြင့် ရှင်ဥပဂုတ်အား နောက်ဆုံးပြောပြသော စကားများသည် **မဟာယာန ဝါဒကြီးကို အမတေ ထည့်ထားသော ဝတ္ထုတပုဒ်** ဖြစ်ကြောင်း သိသာထင်ရှားစေတော့သည်။ (မဟာယာနဝါဒီတို့သည် ရဟန္တာကို အထင်သေးကြ၏။ ဘုရားဖြစ်ရခြင်းကိုသာ ဂုဏ်ယူကြသည်။ ဤ မူလ အခြေခံ မှုကို သတိပြုပါ။)

"ငါသည် ရှေးအခါက မြတ်စွာဘုရားအား များစွာ ဖောက်ပြန်သော အမှုကို ပြုခဲ့သည်။ မြတ်စွာဘုရားသည်ကား ငါ့အား တစုံတခုသောအပြစ်ကိုမပြု၊ ယခု သာဝက(ရှင်ဥပဂုတ်)သည် သနားခြင်း မရှိသည် ဖြစ်၍ ငါ့အား ညှဉ်းဆဲ နှိပ်စက်ဘိ၏"ဟု မြည်တမ်းလျက် တောင်ဝှမ်းကို အစဉ်လှည့်၍နေ၏။ တဖန် အကြံဖြစ်ပြန်၍ "ငါသည် ရှေးရှေးသောဘဝကလည်း ဘုရားရဟန္တာဖြစ်ရအောင် ပုညအစု ကောင်းမှု အထူးကို ဆည်းပူးခဲ့လျှပြီ။ ဤ ကုသိုလ်တို့၏ အာနိသင်ကြောင့် နောင်သောအခါ ဘုရားဆုကိုသာ ရလိုပါ၏။"

**"သတ္တဝါတို့အား သနားခြင်း မရှိသော သာဝက မဖြစ်လိုပါ"**ဟု မြည်တမ်း၏။ (မဟာဝင် ဝတ္ထု-၁၀၅။)

တတိယ သံဂါယနာပွဲတော်ကြီးကို နောက်ခံထား၍ မည်မျှ ပီရိစွာ ရေးဖွဲ့ထားသော်လည်း ရှင်ဥပဂုတ်မှာ ထေရ ဝါဒီ မဟုတ်ကြောင်း ထင်ရှားလေ၏။ ယိုဝတ္ထုမှာလည်း မည်မျှ လုပ်ကြံမှုများ ပါဝင်မည်ကို စဉ်းစားကြရာသည်။

http://www.dhammadownload.com

# အခန်း (၅)

# ဥာဏ်လို့လနှင့် သည်းခံမှုအရာ စံတော်ဝင် မထေရ်များ

## သည်းခံမှု နိဗ္ဗာန်ရောက်

လမ်းမှားကိုကျင့်ရာ၌ ဝီရိယနည်းသူ သက်သာ၍ ဝီရိယကြီးသူ ဆင်းရဲရ၏။ လမ်းစဉ်မှန်ကို ကျင့်ရာ၌ကား ဝီရိယနည်းသူ ဆင်းရဲရ၍ ဝီရိယကြီးသူသာ ချမ်းသာရ၏။

(ကေက အင်္ဂုတ္တရပါဠိတော်)

သာသနာတော်တွင်း မဂ္ဂင်ရှစ်ဖြာ သံသရာ ထွက်မြောက်ရေးအလုပ်ကို သေကောင်ပေါင်းလဲ အရိုးပေါ်အရေတင်အောင် လုပ်သော်လည်း 'အတ္တကိလမထ' မဆိုရ။ 'သမ္မာဝါယာမ' ဟူ၍သာ ဆိုရသည်။ (မ-ဋ္ဌ-၄၊ ၇-ဒေဝဒဟသုတ်။)

'ခန္တီ ပရမံ တပေါ တိတိက္ခာ = သည်းခံမှု နိဗ္ဗာန်ရသည်' ဘုရားရှင်တိုင်း၏ ဩဝါဒတော်။

http://www.dhammadownload.com



ဝေယျာဝစ္စလုပ်ယင်း ရဟန္တာဖြစ်သွားသော

# မုဆိုးဘဝ တဖြစ်လဲ မိလက္ခတိဿထေရ်

သီဟိုဠ်ကျွန်း ရောဟဏဇနပုဒ် ဂါမေဏ္ဍဝါလကျောင်းကြီး၌ စူဠပိဏ္ဍပါတိကတိဿမည်သောမထေရ် သီတင်းသုံးတော်မူ၏။ မိလက္ခခေါ်သော သားမုဆိုးကြီးတဦးလည်း ထိုမထေရ်၏ ဂေါစရဂါမ်ရွာ၌ ရှိလေသည်။

မုဆိုးကြီးသည် သားကျွေးမှု၊မယားကျွေးမှုအတွက် နေ့စဉ် ဘိ–တရာ၊ ညှတ်ကွင်းတရာ၊ တံကျင်တရာတို့ကို သုံးစွဲ၍ တောထဲ၌ လှည့်လည်ကျက်စားကာ အကုသိုလ်များကို များစွာပြုလုပ်နေ၏။ အိမ်မှထွက်လျှင် မီးနှင့်ဆားကိုလည်း ယူဆောင်ကာ သားကောင်များကို ဖုတ်ကင်စားလေ၏။

တနေ့သောအခါ သားကောင်များကို ဖုတ်ကင်စားသောက်ပြီး ရေဆာ မွတ်သိပ်သဖြင့် ဂါမေဏ္ဍဝါလကျောင်းကြီးအတွင်းသို့ ဝင်လာ၏။ ကျောင်းထဲရှိ ရေအိုးစင်၌ ရေအိုးဆယ်လုံးခန့် တည်ထားသော်လည်း အဆာပြေသောက်ရန် ရေတပေါက်မျှ မရရှိပေ။

"ဒီလို ရဟန်းတွေနေတဲ့နေရာမျိုးမှာ ခရီးသွား ဆာလောင်မွတ်သိပ်သူတွေ အဆာပြေသောက်ရန် ရေလေးတပေါက်တောင် မရှိ၊ခပ်ထည့်ထားရကောင်းမှန်း မသိကြပါလား၊ ပျင်းလိုက်ကြတာ၊ ဒကာ၊ဒကာမတွေ လှူတာစားပြီး အိပ်နေကြတာပဲ"ဟု ရဟန်းများကိုပင် ကဲ့ရဲ့ရှုတ်ချနေ၏။ ထိုအသံကိုကြား၍ မထေရ်ထွက်လာပြီးလျှင် သောက်ရေအိုးစင်ကို ကြည့်တော်မူရာ အိုးဆယ်လုံးခန့် အားလုံးရေပြည့်နေသည်ကို မြင်ရသဖြင့် "အင်း....လူစင်စစ်က ပြိတ္တာဖြစ်နေသူပဲ"ဟု စဉ်းစားမိလေသည်။

"ဒကာ၊ ရေဆာလျှင် ရော့....သောက်" ဟု ဆိုကာ လက်ခုပ်အခံခိုင်းပြီး ကိုယ်တော်တိုင် ရေမှုတ်ဖြင့်ခပ်ပြီး လောင်းထည့်ပေး၏။ ရဲရဲညီးနေသော မီးအိုးကင်းထဲသို့ ရေပေါက်ချသကဲ့သို့ ရေအိုးအပြည့်ဆယ်လုံးခန့်ပင် ကုန်သွားသော်လည်း အာသာမပြေ၊ အကုသိုလ်ကံသည် ယခုဘဝ ပစ္စက္ခမှာပင် ညွှန်ပြနေတော့သည်။

"ဒကာ၊ သင်လုပ်ထားတဲ့ အကုသိုလ်တွေဟာ ကြွက်သီးထလောက်အောင် ကြောက်စရာ ကောင်းလှချည့်လား၊ ယခုပဲ သင် ပြိတ္တာဖြစ်နေပြီ၊ နောင်တမလွန် ဘဝကစပြီး တသံသရာလုံး ခံရမယ့်ဒုက္ခတွေ ဘယ်လောက်များ ကြောက်စရာ ကောင်းလိုက်သလဲ....၊ သင့်ဟာသင်သာ စဉ်းစားကြည့်ပေတော့။"

http://www.dhammadownload.com



မုဆိုးကြီးသည် မထေရ်၏စကားကိုကြား၍ လွန်စွာ ထိတ်လန့်သွား၏။ မထေရ်အား ဦးချပြန်ယာပြီးနောက် တောထဲ၌ ချထောင်သုံးစွဲထားသော တို၊ ညှတ်၊ ကျော့ကွင်း၊ ပိုက်ကွန်၊ တံကျင်စသည်တို့ကို အားလုံး ဖျက်ဆီးလိုက်တော့၏။ တောမှအိမ်သို့ အမြန်ပြန်သွားပြီး သားမယားကို အကျိုးအကြောင်း ပြောဆိုပန်ကြားလိုက်သည်။ မုဆိုး လက်နက်များဖျက်ချိုး၍ တိန်ညင်ငှက် (တယ်ငှက်) များကိုလည်း ဖမ်းဆီးထားရာမှ ဘေးမဲ့ လွှတ်ပစ်လိုက်သည်။

ကျောင်းသို့လာ၍ မထေရ်ထံ ရှင်ရဟန်းပြုခွင့်တောင်းရာ–

"ဒကာ၊ ရှင်ရဟန်းဘဝဆိုတာ အလွန်ခက်ခဲတယ်၊ ဘယ်လိုလုပ်ပြီး သင် ရှင်ရဟန်း ပြုနိုင်ပါ့မလဲ။"

"အရှင်ဘုရား၊ ယခုဘဝမှာပင် မျက်မြင်ကိုယ်တွေ့ အကုသိုလ်အကျိုးကြီးကို မြင်တွေ့နေရမှတော့ ရှင်ရဟန်းမပြုလို့ မဖြစ်တော့ပါဘုရား။"

မထေရ်ယည်း နောက်ဆုံး 'ကေသာ လောမာ နခါ ဒန္တာ တစော' ဟူသော တစပဉ္စက ကမ္မဋ္ဌာန်းပေးကာ ရှင်ရဟန်း ပြုပေးလိုက်၏။ မိလက္ခထေရ် ဟူ၍ပင် ခေါ်တွင်ကာ မိလက္ခထေရ်သည် ဝတ်ကြီးဝတ်ငယ် ဝေယျာဝစ္စ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ အလွန် စိတ်ပါဝင်စား၏။ ဗုဒ္ဓစာပေများကိုလည်း သင်ယူ နာကြားလျက် နေ၏။

ကမ္မဋ္ဌာန်း အားထုတ်သောအခါ မုဆိုးဘဝက သားသမင်၊ ဝက်များသတ်ခဲ့ပုံ အာရုံနိမိတ်များ ထင်လာသည်။ တကိုယ်လုံး လူးလှိမ့် ပူလောင်လျက်ရှိ၏။ ကမ္မဋ္ဌာန်းထိုင်၍ မရတော့ပြီ။ 'ရဟန်းဘဝဖြင့်နေလို့ အကျိုးမရှိတော့' ဟု ယူဆကာ လူထွက်ရန် ဥပဇ္ဈာယ်ဆရာထံသွား၍ လျှောက်ရာ ဆရာက မဟာအဝီစိငရဲဘေးကြီးကို ပြသ၍ သံဝေဂဖြစ်စေသည်။ (သံ-ဋ္ဌ-၂၊ ၂၅၂။)

တနေ့သောအခါ–လူ့ဘဝရပါလျက် ကုသိုလ်ကောင်းမှု၌ မေ့လျော့ကာ ကိုယ်နှုတ်စိတ်တို့ဖြင့် မကောင်းမှုပြု၍ ငရဲဘုံသို့ လားရောက်သူများအား ငရဲထိန်းများက ဆွဲခေါ်၍ ယမမင်းကြီးထံ အစစ်ခံရပုံ၊ နောက်ဆုံး အမျိုးမျိုး ညှဉ်းဆဲခံရကာ အလှုံ့တပြောင်ပြောင် တောက်လောင်သော ငရဲအိုး၌ ပစ်ချခံရပုံ.... ဒေဝဒူတသုတ်ကိုလည်း သင်ကြားနာယူစေသည်။ (ထိုသုတ် အင်္ဂုတ္တရ တိကနိပါတ်နှင့် ဥပရိပဏ္ဏာသ ပါဠိတော်၌ လာ၏။)

"အရှင်ဘုရား၊ ဒီလောကဆင်းရဲဒုက္ခတွေ ခံရပြီးတဲ့နောက်မှာလဲ အဝီစိငရဲအိုးထဲကို ပစ်ချကြတယ်။ အပါယ်ငရဲဘေးကြီးဟာ အလွန်ကြောက်လန့်ဖွယ်ကောင်းလှပါကလား ဘုရား။"

"ဟုတ်ပေတယ် ငါ့ရှင်။ သင်လူထွက်လျှင် အဲသည် မဟာအဝီစိငရဲမှာ ခံရလိမ့်မယ်။"

"အဲဒီ ငရဲဘုံကို ကြည့်လို့မရဘူးလား ဘုရား။"

http://www.dhammadownload.com



"မရနိုင်ဘူး ငါ့ရှင်၊ ငရဲကို မြင်ရသလို လုပ်လို့ရတဲ့ အကြောင်းတခုတော့ ရှိတယ်၊ ပြရသေးတာပေါ့"ဟုဆိုကာ မိလက္ခထေရ်အား သာမဏေများကိုခေါ်၍ ကျောက်ဖျာကြီးတချပ်ပေါ်၌ ထင်းအစိုများကို အပုံခိုင်းလိုက်၏။ မထေရ်ကား ထိုင်နေတော်မူလျက်က တန်ခိုးဖြင့် မဟာအဝီစိငရဲမှ ငရဲမီးပွား ပိုးစိမ်းဖြုခန့်ကို ယူဆောင်တော်မူ၏။ ပိုးစိမ်းဖြုခန့်မျှသာရှိသော ငရဲမီးပွားကို မိလက္ခထေရ် ကြည့်နေစဉ်မှာပင် ထင်းစိုပုံထဲသို့ ပစ်ထည့်လိုက်သည်။ မီးပွားကျလျှင်ကျချင်း ထင်းစိုအပုံကြီးတခုလုံး ရှုကနဲ ပြာအတိကျသွားသည်ကို မိလက္ခထေရ် မြင်လျှင် လွန်စွာအံ့သြ၍—

"အရှင်ဘုရား....၊ မြတ်စွာဘုရားသာသနာဟာ ဝဋ်ဆင်းရဲက ထွက်မြောက်စေနိုင်တယ်ဆိုတာ အမှန်ပဲလားဘုရား။"

"မှန်တယ် ငါ့ရှင်။"

"ဒါဖြစ်ယင် ဒီဆင်းရဲကလွတ်အောင် တပည့်တော်ကြိုးစားပါ့မယ် အရှင်ဘုရား။ ဒီဘုရားရှင့်သာသနာမှာ ရဟန်းတို့လုပ်စရာ တာဝန်(ဓုရ) ဘယ်နှစ်မျိုး ရှိပါသလဲ။"

"ငါ့ရှင် စာပေသင်ကြားခြင်း(ဂန္ထဓုရ)နဲ့ တရားအားထုတ်ခြင်း(ဝိပဿနာဓုရ)နှစ်မျိုးပဲ ရှိတယ်။"

"အရှင်ဘုရား စာပေသင်ကြားမှုဟာ စွမ်းဆောင်နိုင်သောသူများအတွက် ဖြစ်ပါတယ်။ တပည့်တော်ကား ဒုက္ခကို အကြောင်းခံပြီး ကြီးမှရဟန်းပြုလာရသူ ဖြစ်ပါတယ်။ ဝိပဿနာတရားကိုသာ အားထုတ်လိုပါတယ်။ ကမ္မဋ္ဌာန်း ချီးမြှင့်တော်မူပါ ဘုရား။"

မထေရ်ကြီးလည်း မိလက္ခထေရ် ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံသူဖြစ်ကြောင်း သိမြင်တော်မူ၍ ဝတ်ကြီးဝတ်ငယ်ဆောင်ရွက်ယင်း ကမ္မဋ္ဌာန်းရှုမှတ်ပုံကို ညွှန်ပြပေးလိုက်သည်။မိလက္ခထေရ်သည် တရားကိုလည်း အားထုတ်၏။စေတီယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ်၊ သေနာသနဝတ်၊ ဥပဇ္ဈာယ်ဆရာဝတ် စသော ဝတ်ပဋိပတ်များကိုလည်း ဖြည့်ကျင့်လုပ်ဆောင်လေသည်။ မိမိနေသော ဂါမေဏ္ဍဝါလ ကျောင်းကြီး၌ ပြုဖွယ်ကိစ္စများကိုသာမက မနီးမဝေးရှိ စိတ္တလတောင်ပေါ် ကျောင်းတိုက်ကြီး၊ ဂေါစရဂါမ်ရွာကျောင်းကြီးများတွင်လည်း တရက်စီ လှည့်လည်၍ ဝေယျာဝစ္စဆောင်လေသည်။ ဝေယျာဝစ္စလုပ်ယင်း ကမ္မဋ္ဌာန်းလည်း ရှုပွားမှတ်သိနေ၏။

မိလက္ခထေရ်သည် ရံခါ ပျင်းရိထိုင်းမှိုင်းလေးလံကာ ထိနမိဒ္ဓစိတ် နှိပ်စက်သဖြင့် တာဝန်ပျက်ကွက်မည်ကို စိုးရိမ်၍ ကောက်ရိုး ကရွတ်ခွေကြီးလုပ်ပြီး ရေစိမ်ကာ ခေါင်းပေါ်စွပ်တင်ထား၏။ ခြေထောက်ကိုလည်း ရေစိမ်၍ ထိုင်လေသည်။

http://www.dhammadownload.com



## ထိနမိဒ္ဓ ပယ်ဖျောက်နည်း ၇ မျိုး

(သံ-၄-၃၊ ၂၈၉၊ အင်္ဂုတ္တရ အဋ္ဌကထာ နီဝရဏဝဂ် အဖွင့် ၃၈-၌) ယောဂီများ ထိနမိဒ္ဓဝင်လာလျှင် နှင်ထုတ်နည်း ၆-မျိုးကို ဖွင့်ဆိုထားသည်။ တနည်းနည်းကို ကျင့်သုံး၍ ပယ်ဖျောက်ရသည်။

၁။ အာဟာရကိုလျှော့စား၊ (လေးငါးလုတ်စာလျှော့၍ ရေတခွက် သောက်စာ ချန်စား၊)

၂။ ဣရိယာပုထ် ပြောင်းလဲပေး၊

၃။ အလင်းရောင် နှလုံးသွင်းပေး၊

၄။ လွင်ပြင်မှာနေ (အခန်းမအောင်းရ)၊

၅။ ထိနမိဒ္ဓနိုင်နင်းပြီးသော ကလျာဏမိတ္တနှင့်နေ၊

၆။ ဝီရိယအားပေးသော ဓုတင်နှင့်စပ်သည့် စကားများကိုသာပြော၊ (တတ်နိုင်လျှင်နေသဇ္ဇိကင်ဓုတင်ဆောင်။ ရှေ့၌ 'ဝီရိယထုတ်လုပ်နည်း' ကိုလည်းရှု။)

(အင်္ဂုတ္တရ၊ သတ္တကနိပါတ်၊ ပစလာယမာနသုတ် ၄၆၁-၌ကား)—

၁။ အိပ်ချင်ငိုက်မျဉ်းကြောင်းဖြစ်သော အမှတ်သညာကိုပယ်ခြင်း၊

၂။ တရားကျမ်းဂန်ကို ဆင်ခြင်ခြင်း၊

၃။ တရားစာရွတ်ဖတ်ခြင်း၊

၄။ နားနှစ်အက်ကိုဆွဲခြင်း၊ ကိုယ်ကိုလက်ဖြင့်ပွတ်သပ်ခြင်း၊

၅။ မျက်နှာသစ်ပြီး ထိုထိုအရပ်ကိုကြည့်ရှုခြင်း၊ ကြယ်တာရာတို့ကို မော်ကြည့်ခြင်း၊

၆။ အရောင်အလင်းကို နှလုံးသွင်းခြင်း၊

၇။ စင်္ကြံလျှောက်ခြင်းဖြင့် ထိနမိဒ္ဓပယ်ဖျောက်ရကြောင်း ဟောတော်မူထား၏။

မိလက္ခထေရ်သည် တရက်တွင် စိတ္တလတောင်ပေါ် ကျောင်းတိုက်ကြီး၌ သန်းခေါင်ကျော်သည့်တိုင်အောင် တညလုံး သေနာသနဝတ်ပြုယင်း တရားနှလုံးသွင်းနေရာ အရုဏ်တက်ခါနီး လင်းအားကြီးအချိန်သို့ရောက်လျှင် ထိနမိဒ္ဓ နှိပ်စက်လွန်း၍ ရေစိမ်ကောက်ရိုး ကရွတ်ခွေကြီးကို ခေါင်းမှာစွပ်တင်လျက် ရံခါ ရေတစက်တစက်ကျသော ရေအိုးကို ပေါင်ပေါ်၌ထားလျက် တရားရှုမှတ်နေ၏။

တိတ်ဆိတ်သော ညကာလဖြစ်၍ အရှေ့ဘက်တောင်ဝှမ်း ကျောင်းဆီမှ ကိုရင်တပါး၏ တရားစာပေ ရွတ်အံသရဇ္ဈာယ်သံကို သဲသဲကွဲကွဲကြားနေရ၏။

http://www.dhammadownload.com



(ကိုရင်ရွတ်အံနေသော တရားစာမှာ သိဒ္ဓိမြတ်စွာဘုရားရှင် လက်ထက်တော်က ပညာတေဒဂ်ရ အဂ္ဂသာဝကကြီး တပါးဖြစ်သူ အရှင်အဘိဘူက ပြဟ္မာ့ပြည်မှနေ၍ လောကဓာတ်တိုက်ပေါင်းတထောင်က ကြားနာရအောင် တန်ခိုးတော်ဖြင့် ဟောကြားသော 'အရုဏဝတီသုတ်' တရားတော်ဖြစ်၏။ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်။)

> အာရမ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။
> ဓုနာထ မစ္စုနော သေနံ၊ နဠာဂါရံ'ဝ ကုဉ္ဇရော။ ။
>
> "မြတ်စွာဘုရား သာသနာတော်၌ သူတော်ကောင်းတရားတို့ကို ထထကြွကြွ ကြိုးစားကြကုန်လော့။ မဆုတ်မနစ် အားသစ်ကြကုန်လော့။ ဆထက်ထမ်းပိုးတိုး၍ ရှုမှတ်အားထုတ်ကြကုန်လော့။ ဆင်ပြောင်ကြီးသည် ကျူထရံအိမ်ကို နင်းချေဖျက်ဆီးသကဲ့သို့ ကိလေသာရန် မာရ်စစ်သည်အပေါင်းကို ထောင်းထောင်းချေမွ တိုက်ဖျက်ကြကုန်လော့။"
>
> ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ။
> ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။ ။
>
> "ဓမ္မဝိနယခေါ် ဤမြတ်စွာဘုရား သာသနာတော်၌ အပ္ပမာဒ သတိရှိသော ယောဂီသည်သာလျှင် ဘဝသံသရာကို ဖယ်လှဲ၍ ဆင်းရဲကုန်အောင် ပြုနိုင်ပေလတ္တံ့။" (သံယုတ် အဋ္ဌကထာ၌ 'ဥဋ္ဌာနဝတော သတိ-မတော' ဂါထာလာ၏။)

မိလက္ခထေရ်သည် အထက်ပါ တရားဓမ္မသံကို ကြားရလျှင်ပင် ထိုင်းမှိုင်းပျင်းရိမှု ပြေပျောက်ကာ—

"မဆုတ်မနစ် အားသစ်ကြိုးပမ်းတဲ့ ငါ့ကဲ့သို့သော ရဟန်းကို ရည်ရွယ်ပြီး ဟောတော်မူခဲ့တာ ဖြစ်မှာပဲ"ဟု အားတက်လျက် ပီတိသုခဈာန် စိတ်အဟုန်များ တရိပ်ရိပ် ဖြစ်ပေါ်လာ၏။ နှစ်သိမ့်ချမ်းမြေ့၍မဆုံး ရှိနေရာ ထိုဈာန်ကိုအခြေခံ၍ ခန္ဓာကိုယ်ပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောများကို သုံးသပ်မှတ်ရှုလိုက်ရာ အနာဂါမ်အထိ ပေါက်မြောက်သွားသည်။

ဆက်လက်၍ ရှုမှတ်ပွားများအားထုတ်ရာ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်တော်မူလေ၏။

မိလက္ခမထေရ်ကြီး ပရိနိဗ္ဗာန်ပြုခါနီးတွင် အောက်ပါ ဂါထာတပုဒ်ကို ဟောထားတော်မူခဲ့၏။ ယောဂီအဆက်ဆက်တို့အတွက် အားဆေးတခွက် ဖြစ်တော့သည်။

http://www.dhammadownload.com



အလဒ္ဓါ ပလာလပုဉ္ဇာ'ဟံ၊ သီသေနာ' ဒါယ စက်မိ။
ပတ္တော'သ္မိ တတိယံ ဌာနံ၊ ဧတ္ထ မေ နတ္ထိ သံသယော။

"ငါ့ရှင်တို့၊ ရေစိုစွတ်သော ကောက်ရိုးပုံကို ခေါင်းရွက်ဆောင်ယူကာ ကြိမ်ဖန်များစွာ စကြံ့လျှောက်ခဲ့ရ၏။ ထို့ကြောင့်လည်း တတိယဆင့်သို့ မကွေ့မထောင့် တောက်လျှောက်ရောက်ရှိခဲ့သည်။ ဤနေရာ၌...ငါ့မှာ တစုံတရာ ယုံမှားခြင်း မရှိပြီ။"

## ကိလေသာ ခွာရှဲထားနိုင်သော အလုပ် ၆-မျိုး

ဤကားကျင့်ဝတ်ပဋိပတ်ဖြင့် ကိလေသာကိုပယ်ခွာ၍ ထိုမှတဆင့် အရဟတ္တဖိုလ် ရနိုင်ကြောင်း သာဓကဝတ္ထုဖြစ်သည်။ ထို့ကြောင့် ရှေးဆရာကြီးများက-

"ကျင့်ဝတ်မပြည့်, သီလမပြည့်၊ သီလမရှိ,သမာဓိမတည်၊ သမာဓိမတည်, ပညာမရ၊ ပညာမရှိ,နိဗ္ဗာန်မမြင်၊ နိဗ္ဗာန်မမြင်, ဆင်းရဲမလွတ်"ဟု ဆုံးမတော်မူခဲ့ကြလေသည်။

ဝိက္ခမ္ဘနပဟာန်အားဖြင့် ကိလေသာကိုပယ်ခွာနိုင်သော နည်းလမ်းများရှိရာ ထိုနည်းလမ်းများကား-

၁။ ကျင့်ဝတ်ပဋိပတ်(ဝေယျာဝစ္စ)လုပ်နေခြင်း၊

၂။ စာပေကျမ်းဂန်သင်အံချပို့လေ့ကျက်နေခြင်း၊

၃။ ဓုတင် ကျင့်နေခြင်း၊

၄။ ဈာန်သမာပတ်ဝင်စားနေခြင်း၊

၅။ ဝိပဿနာ ရှုမှတ်နေခြင်း၊

၆။ ကျောင်းကန်ဆောက်လုပ် စီမံနေခြင်း(နဝကမ္မ) စသည်တို့ဖြစ်၏။ တနည်းနည်းဖြင့် ကိလေသာများ ဝေးကွာဖယ်ရှဲနေခိုက် ဆက်လက်၍ တရားဘာဝနာအလုပ်ကို ကြိုးစားအားထုတ်ပါလျှင် လျင်မြန်စွာ ထမြောက်အောင်မြင်နိုင်သည်ဟု ဆိုလိုပေသည်။

ဝေယျာဝစ္စဆောင်ရွက်ယင်း၊ စာပေကျမ်းဂန်သင်အံချပို့ယင်း၊ ကျောင်းကန်ဆောက်လုပ်စီမံယင်း တရားဘာဝနာအလုပ်ကို အားထုတ်၍ အရဟတ္တဖိုလ်ပေါက် ရဟန်းကိစ္စပြီးမြောက်သွားကြပုံ သာဓကဝတ္ထုများကို ဆက်လက်၍ ဖတ်ရှုတုပမှုအားထုတ်တော်မူကြပါကုန်။ (အင်္ဂုတ္တရအဋ္ဌကထာ-၁၊ နီဝရဏပ္ပဟာနဝဂ်၊ ၂၇-မှ ၃၅-ထိ။ သံ-ဋ္ဌ၊ ၂၊ ၂၅၁-၌'မိလက္ခတိဿ'ဟု ရှိသည်။)

http://www.dhammadownload.com



## ဝီရိယထုတ်လုပ်နည်း ၁၁-မျိုး

သူတော်ကောင်းတရားကို ရှာဖွေကျင့်ကြံရာ၌ သဒ္ဓါဓာတ်=(ယုံကြည်ခြင်း)၊ ဆန္ဒဓာတ်= (မရမနေလိုလားခြင်း)နှင့် အာရမ္ဘ=နိက္ကမ=ပရက္ကမဓာတ်= (ထက်ထက်သန်သန် အားကျမခံ ဇွဲလုံ့လကြီးကြီးထား၍ အားထုတ်ခြင်း) ထိုဓာတ်သုံးမျိုး အနည်းဆုံးရှိထားသူမှ ပန်းတိုင်ရောက်သည်။

သဒ္ဓါဆန္ဒဓာတ်များဖြစ်ပေါ်လာစေရန် ရတနာသုံးပါး တရားစာပေနှင့် စပ်၍ နှံ့စပ်သိမြင်အောင်လေ့လာခြင်း၊ သဒ္ဓါဆန္ဒ ရှိသောသူများနှင့်သာ ပေါင်းဖော်၍ သဒ္ဓါဆန္ဒနည်းသူများကို ရှောင်ရှားရ၏။ ရတနာသုံးပါး ဂုဏ်ကျေးဇူးကို ထပ်တလဲလဲနှလုံးသွင်း ဆင်ခြင်ရသည်။

ကောင်းသည်ဟုယုံကြည်စွာ,လိုလားစွာ ဆုံးဖြတ်ပြီးသောကိစ္စကို မဖြစ်မနေ စတင်၍လုပ်ဖြစ်အောင်လုပ်၍ ယူရသည်။ လုပ်ငန်းတခုစမိလျှင် ထိုလုပ်ငန်းအဆုံးတိုင်အောင် ဆောင်ရွက်ရသည်သာဖြစ်၏။ 'အာရမ္ဘဓာတ်' ခေါ်၏။

လုပ်ယင်း တွန့်ဆုတ်ပျင်းရိလာလျှင် ထိုအပျင်းဓာတ်မှ လွန်မြောက်သွားအောင် အားသစ်ထုတ်ရသည်။ 'နိက္ကမဓာတ်' ခေါ်၏။ စောသေးသည်, နေမြင့်နေပြီစသော ကောသဇ္ဇဝတ္ထု ရှစ်ပါး=အပျင်းရှစ်မျိုးကို နိုင်အောင် ချိုးပစ်ရ၏။

နိုင်လိုက်ရုံမျှသာရပ်တန့်မနေပဲ ထိုနိက္ကမဓာတ်အားများ ဆင့်ကာဆင့်ကာ ပွားတိုးလာအောင်လည်း လုပ်ယူရသည်။ 'ပရက္ကမဓာတ်' ခေါ်၏။

ထိုအရာအားလုံးကို 'ဝီရိယ' ဟုပင်ခေါ်ရ၏။ ယင်းဝီရိယကို အသုံးပြုသောအခါ တွန့်ဆုတ်လေးဖင့်ဖြစ်နေခြင်း(အတိလီန)၊ အလွန်အကျွံ ကြောင့်ကြစိုက်လွန်းခြင်း(အတိ ပဂ္ဂဟိတ)၊ အကောင်အထည်မဖော်နိုင်ပဲ စိတ်ထဲမှာသာ ကျဉ်းကျုံ့နေခြင်း၊ ဝပ်နေခြင်း(အဇ္ဈတ္တ သံခိတ္တ)၊ အဖတ်ဆည်မရအောင် အပြင်ထွက်ကာ ပြန့်လွင့်နေခြင်း(ဗဟိဒ္ဓါဝိက္ခိတ္တ)ထိုလေးမျိုးမှ ကင်းလွတ်ကာ လုပ်ဆောင်သမျှ သဟိကပ်၍ပါနိုင်မှကောင်း၏။ မျှတညီညွတ်စေရသည်။

## ဝီရိယအင်္ဂါလေးပါး

ကာမံတစောစ နှာရုစ အဋ္ဌိစ အဝသိဿတု၊ သရီရေ ဥပသုဿတု မံသလောဟိတံ၊ ယံ တံ ပုရိသထာမေန ပုရိသဝီရိယေန ပုရိသပရက္ကမေန ပတ္တဗ္ဗံ၊ န တံ အပါပုဏိတွာ ဝီရိယဿ သဏ္ဌာနံ ဘဝိဿတိ။

၁။ သွေးသားခြောက်စေ၊ ရိုး, ကြော,ရေ၊ ကျန်စေ နောက်မဆုတ်။

၂။ ယောကျ်ားလုံ့လ၊ ငါမချ၊ မရ မချင်း လုပ်။

http://www.dhammadownload.com



ကိုယ်ထီလက်ရောက် ထထကြွကြွလုပ်ခြင်းကို 'ကာယိကဝီရိယ' ခေါ်၍ 'ရဟန္တာ မဖြစ်သမျှ ဒီနေရာက မထွက်တော့ဘူး၊ ဒီတင်ပျဉ်ခွေကိုမဖျက်တော့ဘူး' ဟု စိတ်ကို အခိုင်အမာ စွဲစွဲမြဲမြဲ စောက်ချလိုက်ခြင်းကို 'စေတသိကဝီရိယ' ခေါ်သည်။

'အသွေး၊ အသားတွေအားလုံး ခြောက်ခန်းပြီး အရိုးပေါ် အရေတင် အကြောအခြင်မျှသာ ကျန်ချင်ကျန်ပါစေ'ဟု ဝီရိယသမ္ဗောဇ္ဈင်=ပြင်းထန်သော လုံ့လရှိမှသာလျှင် ထိနမိဒ္ဓစသော ကိလေသာနီဝရဏများ လွင့်ပါးပျောက်ပျက်စေနိုင်သည်။

## ဝီရိယတွေ ဘာလုပ်ဖို့ ချန်ထားမလဲ

ယောဂီသည် မိမိသန္တာန်၌ ပြဆိုပြီး ဝီရိယဓာတ်များ (ဝီရိယသမ္ဗောဇ္ဈင်) ဖြစ်ပေါ်အောင် နှလုံးသွင်းနည်း (ဝီရိယထုတ်လုပ်နည်း) ၁၁-မျိုးရှိရာ လျော်သလိုဆင်ခြင်၍ အားဖြည့်ပင့်မြှောက် ထိုးတင်၍ ပေးတန်ပေးရသည်။

၁၁-မျိုးကား—

၁။ အပါယ်လေးပါးနှင့် ဝဋ်ဆင်းရဲ၌ခံရမည့် ဘေးများကို ဆင်ခြင်ရခြင်း၊

၂။ 'ပျင်းရိသူသည် လောကုတ္တရာကိုးပါး တရားထူးများကို မရနိုင်၊ အပြင်းအထန်အားထုတ်သူမှသာ ရနိုင်သည်'ဤသို့ ဝီရိယအကျိုးကို ဆင်ခြင်ခြင်း၊

၃။ 'ဘုရားပစ္စေကဗုဒ္ဓါ မဟာသာဝကတို့ သွားသော လမ်းအတိုင်း ငါသွားသင့်သည်၊ ထိုလမ်းကိုလည်း လူပျင်းတို့ မသွားနိုင်'ဟု အကျင့်လမ်းစဉ်ကို ဆင်ခြင်ခြင်း၊

၄။ ဒကာတို့၏ကောင်းမှုအကျိုးကြီးအောင် ပြုလုပ်ပေးခြင်းအားဖြင့် ဆွမ်းကို တုံ့ပြန်ပူဇော်ခြင်း၊

၅။ 'ငါ၏ဆရာမြတ်စွာဘုရားရှင်သည် ဝီရိယ၏ ဂုဏ်ကျေးဇူးကိုအမြဲ ချီးကျူး အားပေးတော်မူသည်၊ ငါသည် ဘုရား အဆုံးအမကို မဖောက်ဖျက်သင့်၊ မြတ်စွာဘုရားကား ငါတို့အပေါ် ကျေးဇူးများလှပါပေ၏။ထိုကျေးဇူးတော်ကို အာမိသပစ္စည်းဖြင့် ဆပ်၍ ပူဇော်ရမရောက်၊တရားအကျင့်ဖြင့် ဆပ်မှသာလျှင် ကောင်းစွာ ပူဇော်ရာ ရောက်ပေသည်'ဟု မြတ်စွာဘုရား၏ မြင့်မြတ်ပုံကို ဆင်ခြင်ခြင်း၊

http://www.dhammadownload.com



၆။ 'ငါ့မှာသူတော်ကောင်းကြီးများ၏ တရားအမွေကိုရမှ ဖြစ်မည်၊ ထိုအမွေကိုလည်း ပျင်းရိ ပေါ့လျော့သူတို့မရနိုင်' ဟု သူတော်ကောင်းတရားအမွေ၏ မြင့်မြတ်ပုံကို ဆင်ခြင်ခြင်း၊

၇။ တွေ့မြင်ဖူးသော အလင်းရောင်ကို ပြန်လည်နှလုံးသွင်းခြင်း၊ ဣရိယာပုထ်ပြောင်းလဲပေးခြင်း၊ ဟင်းလင်းအပြင်၌ နေခြင်းစသည်တို့ဖြင့် ထိနမိဒ္ဓကို ပယ်ဖျောက်ခြင်း (မိလက္ခတိဿထေရ်အခန်းကိုလည်းပြန်ကြည့်ပါ။ ဝိသုဒ္ဓိမဂ်-၁၊ ၁၂၈-မှတပါးသောအခြားအဋ္ဌကထာတို့၌ 'ဥက္ကာကရာဇ်နွယ်ဖွား ဘုရားသားတော် ဖြစ်၍ ပျင်းရိမနေသင့်ကြောင်း' မိမိ၏အမျိုးဇာတ်မြင့်မြတ်ပုံ ဆင်ခြင်ရန်ပြ၏။)

၈။ ဝီရိယနည်းသောလူပျင်းများနှင့် မပေါင်းသင်း မမှီဝဲရခြင်း၊

၉။ ဝီရိယစွဲမြဲ၍ ဇွဲကောင်းသူနှင့်ပေါင်းသင်းမှီဝဲရခြင်း၊

၁၀။ သမ္မပ္ပဓာန်၏အကျိုးကိုဆင်ခြင်ခြင်း၊အခြားအဋ္ဌကထာတို့၌ အရှင်သာရိပုတ္တရာစသော သီတင်းသုံးဖော်တို့၏ မြင့်မြတ်ပုံဆင်ခြင်ရန်ပြ၏။

၁၁။ ဝီရိယသမ္ဗောဇ္ဈင်၌ စိတ်ညွတ်ခြင်းတို့ ဖြစ်ကုန်၏။ (ဝိသုဒ္ဓိ-၁၊ ၁၂၈။ ဒီ-ဋ္ဌ-၂၊ ၃၇၈။မ-ဋ္ဌ-၁၊ ၂၉၇။ သံ-ဋ္ဌ-၃၊ ၁၉၅။အံ-ဋ္ဌ-၁၊ ၃၉၂။ဝိဘင်္ဂ-ဋ္ဌ၊၂၆၅။)

ဤပြဆိုပြီးဝီရိယတက်ကြောင်း နည်းလမ်းကောင်းများကို အသုံးချ၍သူတော်ကောင်းတရားကိုမလျော့သောဇွဲဖြင့်ကြပ်ကြပ်အားခဲကြကုန်ရာ၏။ (ကျွန်ုပ်တို့ ရေးသားခဲ့ပြီးသော ရတနာသုံးပါးကျေးဇူး အတုမရှိ ဂုဏ်တော်ဖွင့်လှ 'နတ္ထိဆန္ဒဿဟာနိ၊နတ္ထိ ဝီရိယဿ ဟာနိ' ဂုဏ်တော်အဖွင့်များကို ကြည့်ရှုပါလျှင်လည်း ယောဂီအတွက် တွန်းအားများရရှိနိုင်ပါသည်။)

ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီးကား— "ဝီရိယတွေ ရှိနေသေးတယ်။ ဘာလုပ်ဖို့ချန်ထားကြတာတုံးဗျာ့" ဟု အမြဲဆုံးမလေ့ ရှိပါသည်။

န ယိဒံ သိထိလ'မာရဗ္ဘ၊ န ယိဒံ အပ္ပေန ထာမသာ။
နိဗ္ဗာနံ အဓိဂန္တဗ္ဗံ၊ သဗ္ဗဒုက္ခပ္ပမောစနံ။ ။

"ရဟန်းတို့....၊ ဒုက္ခအားလုံးက လွတ်မြောက်ရာနိဗ္ဗာန်ကို လျော့လျော့ယဲ့ယဲ့ အနည်းငယ်သောအားစိုက်ရုံမျှ ကြိုးစားကြရုံနှင့် ရနိုင်သည်မဟုတ်ချေ။"
(သံ-၁၊ ၄၆၆-နိဒါနသံယုတ်-နဝသုတ်။)

http://www.dhammadownload.com



သိထိလော ဟိ ပရိဗ္ဗဇော၊ ဘိယျော အာကိရတေ ရဇံ။

"ရဟန်းတို့....၊ လျော့လျှဲလျှဲလုပ်သော ယောဂီသည် ပို၍သာ ရှုပ်ထွေးလာတတ်သည်" (ဓမ္မပဒ။)

## ဝီရိယဖြစ်ကြောင်း ရှစ်မျိုး

(ဝီရိယာရမ္ဘ ဝတ္ထု)

ဝီရိယဖြစ်ပေါ်အောင် စိတ်ထားနည်းရှစ်မျိုးကို ဘုရားရှင် ဟောတော်မူထားသည်ကိုလည်း (သင်္ဂီတိသုတ်-ဒီ-၃၊၂၃၂။အံ-၃။ ၁၄၇။ မဟာဋီကာ-၂၊ ၁၄၁)တွေ့ရှိရပေသည်။

၁။ ပြုလတ္တံ့သော အမှုကိစ္စကိုရည်ညွှန်း၍ "ငါ့မှာ လုပ်စရာကိစ္စသစ်တခုပေါ်လာရန်ရှိနေတယ်။ ပေါ်လာလျှင် ဒီအလုပ်မပြီးပဲ ရှိသိမ့်မည်။ ယခုတဲက ပြီးအောင်လုပ်ထားနှင့်မှ တော်မယ်"ဟု နှလုံးသွင်း၍လုပ်ရခြင်း၊

၂။ ပြုပြီးကိစ္စကိုရည်ညွှန်း၍ "ငါ့မှာ ကိစ္စသစ်တခု ပေါ်လာလို့ လုပ်နေကျအလုပ်လစ်ဟင်းခဲ့ရတယ်။ ယခုတော့ထိုကြားဖြတ်အလုပ်လဲ ပြီးသွားပြီ။ ယခုပိုပြီးကြိုးစားလိုက်ဦးမှ"ဟု လုပ်နေကျအလုပ်ကို မတင်းလုပ်ခြင်း၊

၃။ ခရီးသွားမှုနှင့်စပ်၍ "ငါ့မှာ ခရီးသွားရန်ရှိနေတယ်၊ သွားယင် ဒီအလုပ်ပျက်လိမ့်ဦးမယ်၊ ခုတဲက ကြိုးစားလုပ်ထားမှ" ဟု ဆင်ခြင်၍ လုပ်ရခြင်း။

၄။ သွားပြီးခရီးနှင့် စပ်၍ "ငါ့မှာ ခရီးသွားလို့တော့ ပြီးသွားပြီ၊ အလုပ်များလစ်ဟင်းခဲ့တာ ကြိုးစားပြီး လုပ်ရဦးမှ"ဟု လုပ်ရခြင်း၊

၅။ ဖြစ်ဆဲရောဂါကိုအကြောင်းပြု၍ "ငါ့မှာ မကျန်းမာစ ပြုနေပြီ။ သည့်ထက်ဆိုးလာယင် ဒီအလုပ်မလုပ်နိုင်ပဲ ရှိတော့မယ်။ ခုတဲက ကြိုးစားပါမှ တော်ကာကျမယ်"ဟုနှလုံးသွင်း၍ လုပ်ရခြင်း၊

၆။ ကျန်းမာစအခြေအနေကိုကြည့်၍ "ငါယခုနေကောင်းစပြုလာပြီ၊ မကျန်းမာလို့ လစ်ဟင်းခဲ့ရပြီ။ ယခုတိုးပြီး ကြိုးစားလိုက်ဦးမှ"ဟု ဆင်ခြင်၍လုပ်ရခြင်း၊

http://www.dhammadownload.com



၇။ ဆွမ်းအာဟာရပြည့်စုံမှုကိုထောက်၍ “ငါ့မှာယခု ဆွမ်းအာဟာရ ပြည့်စုံနေ၏၊ ခုလို ဘောဇနသပ္ပာယ မျှတတုန်း ကြိုးစားမှ” ဟု အားပေး၍ကြိုးစားခြင်း၊

၈။ ဆွမ်းအာဟာရ မပြည့်စုံလျှင်လည်း “ငါ့မှာ ပေါပေါများများ မရှိလှသော်လဲ မျှတသေးသဖြင့် ပေါ့ပါး သွက်လက် နေတယ်။ (သည်ထက်မမျှယင် ခက်လိမ့်မယ်)ကြိုးစားလိုက်ဦးမှ”ဟုဆင်ခြင်ကာ မိမိ၏ပဓာန (ကမ္မဋ္ဌာန်း) အလုပ်စသော လုပ်ငန်းများကို ကြိုးစားလုပ်ကိုင်ရလေသည်။

## သာသနာအလုပ်မှာ အတ္တကိလမထဟူ၍မရှိ

ကာယိကဝီရိယ, စေတသိကဝီရိယ နှစ်မျိုးနှင့်စပ်၍ (အံ-ဋ္ဌ-၁၊ ၃၈-နိဝရဏပ္ပဟာနဝဂ်-ဌ)သီဟိုဠ်ခေတ် စံတော်ဝင် အရိယာများကို နှိုင်းယှဉ်ပြထားသည်ကို တွေ့ရ၏။

မိလက္ခတိဿထေရ်၊ ဂါမန္တပဗ္ဘာရဝါသိမဟာသိဝထေရ်၊ ပီတမလ္လထေရ် စသည်တို့သည် ကာယိကဝီရိယကို အသုံးပြုကြကုန်၏။ ကုဋ္ဋုမ္ဗိယတိဿထေရ် စသည်တို့သည် စေတသိက ဝီရိယကို အသုံးပြုကြသည်။ ဥစ္စာဝါလုကဝါသီ မဟာနာဂထေရ်ကား ဝီရိယနှစ်မျိုးစလုံးကို အသုံးပြုသည်။

ထိုတွင် မဟာနာဂထေရ်ကား ဣရိယာပုထ်လေးပါးတွင် စင်္ကြံ ၇-ရက်၊ အထိုင် ၇-ရက်၊ အရပ် ၇-ရက်၊ လျောင်းခြင်း ၇-ရက်စီပင် အားထုတ်တော်မူရာ မကျန်းမာ မမျှတသည်ဟူ၍မရှိ။ ဤနည်းဖြင့် အားထုတ်တော်မူရာ ၄-သတ္တာဟ (၂၈-ရက်) အရတွင် ဝိပဿနာရှု၍ အရဟတ္တဖိုလ်သို့ ရောက်တော်မူကြောင်း ‘ဝီရိယထုတ်လုပ်မှု’ သမိုင်းစဉ်ကို မှတ်တမ်းတင်တော်မူခဲ့လေသည်။

သာသနာတော်တွင်း မဂ္ဂင်ရှစ်ဖြာ သံသရာ ထွက်မြောက်ရေးအလုပ်ကို သေကောင်ပေါင်းလဲ အရိုးပေါ် အရေတင်အောင် လုပ်သော်လည်း ‘အတ္တကိလမထ’ မဆိုရ။ ‘သမ္မာဝါယာမ’ ဟူ၍သာ ဆိုရသည်။

ယေ ပန သာသနေ ပဗ္ဗဇိတွာ အာရညကာဝါ ဟောန္တိ ရုက္ခမူလိကာ ဒယောဝါ၊ တေ ဒုက္ခေန န အဒ္ဓဘာဝေန္တိ (အဘိဘဝန္တိ) နာမ။ နိယျာနိက သာသနသ္မိံ ဟိ ဝီရိယံ သမ္မာဝါယာမော နာမ ဟောတိ။ (ဥပရိ-ဒေဝဒဟသုတ် အဖွင့်-မ-ဋ္ဌ-၄၊ ၇။)

http://www.dhammadownload.com



လမ်းမှားကို ကျင့်ရာ၌ ဝီရိယ နည်းသူသာ သက်သာ၍ ဝီရိယကောင်းသူ ဆင်းရဲရ၏။ လမ်းစဉ်မှန်ကို ကျင့်ရာ၌ကား ဝီရိယနည်းသူ ဆင်းရဲရ၍ ဝီရိယ ကောင်းသူသာလျှင် ချမ်းသာခွင့်ရကြောင်း ကေကအင်္ဂုတ္တိုရ်၌ ဘုရားရှင် ဆုံးမ တော် မူခဲ့လေသည်။

## ဝေဒနာသည်းမခံနိုင်၍ ရှင်ဘုရင် အထင်သေးခံရသော

# ကန္ဒရ သာလထေရ်

ကန္ဒရသာလ ကျောင်းတိုက် (သီဟိုဠ်မူ-ကန္တကသာရ)၌ သီတင်းသုံးတော် မူသော ဝါတော် ခြောက်ဆယ်ရှိ မထေရ်ကြီးတပါး ပြင်းထန်လှသော ရောဂါ တခုကြောင့် ပျံလွန်တော်မူမည်ရှိနေစဉ် တိဿမင်းကြီး (သီမူ-ဝသဘမင်းကြီး) သည် မထေရ်ကြီးအား ကန်တော့ရန် ကျောင်းသို့ သွားလေ၏။

ကျောင်းပေါက်သို့ ရောက်လျှင်ပင် မချိတင်ကဲ ညည်းညူနေသံကို ကြား ရသဖြင့် မင်းကြီးက—

''ဒါ....ဘာသံလဲ''ဟု မေးတော်မူလျှင် မထေရ်ကြီး ဝေဒနာ မခံသာ၍ ညည်းညူနေကြောင်း သိရသည်နှင့်—

''အင်း....ဖြစ်မှ ဖြစ်ရလေ၊ ရဟန်းလုပ်နေပြီး ရဟန်း ဝါတော်တောင် ခြောက်ဆယ် ကျော်နေပြီ၊ ရောဂါဝေဒနာကို သိမ်းဆည်းနိုင်ရုံ (ဝေဒနာကျော် လွန်နိုင်ရုံ)လောက်မှ ရှုမှတ်မှု မရှိရှာပဲကိုး၊ ကဲ....ငါလဲ မကန်တော့တော့ပါဘူး'' ဟု စဉ်းစားကာ ကျောင်းထဲသို့ပင် မဝင်တော့ပဲ မဟာဗောဓိ ရှိခိုးရန် လှည့်ပြန် သွားလေတော့၏။

မထေရ်ကြီး၏တပည့် ရဟန်းငယ် တပါးသည် ထိုအကြောင်းကို သိရ၍ မိမိဆရာတော်အတွက် စိတ်မကောင်းဖြစ်ကာ ချက်ချင်း မထေရ်အား သွား၍ လျှောက်လေသည်။

''အရှင်ဘုရား....၊ ဘာဖြစ်လို့ တပည့်တော်တို့ကို အရှက်ခွဲရတာလဲဘုရား။ အခုပဲ သာသနာတော်ကိုရော၊ ဆရာတော့်ကိုပါ အလွန်ကြည်ညိုနေတဲ့ ဒကာ တော်မင်းကြီးဟာ စိတ်မချမ်းမသာနဲ့ ရှိမခိုးတော့ပါဘူးဆိုပြီး ကျောင်းပေါက် ကပဲ လှည့်ပြန်သွားတယ်။''

''ဆိုပါအုံး....၊ မောင်ပဇင်းရဲ့၊ အဲဒါ....ဘာဖြစ်သလဲ။''

''တခြားအကြောင်းမရှိပါဘုရား၊ အရှင်ဘုရား ညည်းညူနေတာ ကျောင်း ဝင်းအပြင်ဘက်ကတောင် ကြားနေရလို့ပါပဲ။''

http://www.dhammadownload.com



"ဩော်....ဒီလိုလား၊ အေး....ဒီလိုဆိုလဲ ကဲ....ငါ့ရှင် အပြင်ခဏသွား၊ ဘယ်သူမှလဲ ဒို့များဆီ ဝင်မလာစေနဲ့။"

မထေရ်ကြီးသည် သံဝေဂဖြစ်ကာ ချက်ချင်းပင် တရားရှုမှတ်နိုင်အောင် ဆိတ်ငြိမ်မှု ရယူ၍ ရှုမှတ်တော်မူ၏။ သေဝပါးနီး သည်းထန်စွာ နှိပ်စက်နေသော ဒုက္ခဝေဒနာကို မေ့ဖျောက်ကာ ခန္ဓာကိုယ် ရုပ်နာမ် တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို ရှုမှတ်တော်မူလိုက်၊ ဝေဒနာကိုပင် ရှုမှတ်လိုက်ဖြင့် စိတ်အား ထက်သန်စွာ ရှုမှတ်တော်မူရာ တခဏချင်းပင် အာသဝေါ ကုန်ခန်း၍ ရဟန္တာ ဖြစ်တော်မူလေသည်။ (အဋ္ဌကထာ၌ 'ဝေဒနံ ဝိက္ခမ္ဘိတွာ' ဟုသာ လာ၏။)

ချက်ချင်းပင် အပြင်သို့ ထွက်ခွာမေးသော တပည့်အား ပြန်၍ ခေါ်တော်မူလျက်—

"ကဲ....ငါ့ရှင်၊ မင့်....ဒကာတော် မင်းကြီးကို သွားပြောချေ။ ဒကာတော် ဒို့များကို ယခု လာဖူးတွေ့လှည့်ပါလို့"ဟု မိန့်တော်မူလေ၏။ ရဟန်းငယ်လည်း ဆရာမထေရ်ကြီး အမိန့်အရ မင်းကြီးအား သွား၍ ပြောရလေသည်။

"မင်းကြီးလည်း အလွန်ကျက်သရေရှိလှသော မိကျောင်းကွက် သင်္ကန်း ဝတ်စုံကိုဝတ်၍ မထေရ်ကြီးအား လာရောက် ကန်တော့ရာ—

"ဆရာတော်ဘုရား....၊ယခု ဒကာတော်ဟာ အရှင်ဘုရားရဲ့ အရဟတ္တဂုဏ်ကို ရှိခိုးခြင်းမဟုတ်ပါ။ အရဟတ္တဖိုလ်ကို အလွယ်တကူ ရယူ ပေးနိုင်လောက်အောင် အဆင်သင့် သန့်ရှင်း စင်ကြယ် တော်မူလှသော အရှင်ဘုရား၏ ပုထုဇဉ်ဘဝက ရှိထားခဲ့တဲ့ စတုပါရိသုဒ္ဓိသီလကိုသာလျှင် ဒကာတော် လေးစားကြည်ညို လှသဖြင့် ရှိခိုးရခြင်း ဖြစ်ပါတယ်ဘုရား။"

## သီလကို လိုအပ်သည်ထက် မကြောင့်ကြသင့်

ဤသို့လျှင် သီလသည် မဂ်ပညာ, ဖိုလ်ပညာများကိုပင် တောက်ပြောင် အရောင်ထွက်လာအောင် ဆေးကြော ရယူပေးနိုင်လေသည်။ အတွင်း သန္တာန်၌ ယင်းသို့သော 'အပရာမဋ္ဌ'သီလမရှိသူအား အဘယ်မှာလျှင် မဂ်ပညာ,ဖိုလ်ပညာ များ ဖြစ်ပေါ်လာပါအံ့နည်း။

သို့ရာတွင် သန္တတိအမတ်ကြီး စသူတို့ကဲ့သို့ မီးခဲပြာဖုံး ဘုန်းပါရမီ အခံ ရှိသော ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်များအတွက်ကား သီလတရားသည် ကြိုကြိုတင်တင် အဆင်သင့် ဖြူစင်ချင်မှဖြူစင်နိုင်မည်ဖြစ်သော်လည်း ဂါထာတပုဒ်မျှ ကြားနာရ ရုံဖြင့် ဂုဏ်တရက် တည်ရသော သီလပင် ဖြစ်သော်လည်း မဂ်ပညာဖြင့် သီလကို

http://www.dhammadownload.com



ပို၍ တောက်ပြောင်စေနိုင်သည်လည်း ရှိပေသည်။ (ဒီ-ဋ္ဌ-၁၊ ၂၆၀-သောဏဒဏ္ဍသုတ်-'သီလပရိဓောတာ ပညာ' ပုဒ် အဖွင့်။)

အရိယမဂ်နှင့် ထိန်းချုပ်နိုင်၍ လုံခြုံသော သီလထက် ပုထုဇဉ် ဘဝဖြင့် လုံလဲအောင် စောင့်ထိန်းရသော သီလသည် ပို၍ ခက်ခဲကျပ်တည်းလှပေ၏။ ပို၍ မြင့်မြတ်သည်မဆိုအပ်သော်လည်း အတိုင်းမသိ ချီးကျူး ပူဇော်အပ်ပေသည်။ ထို့ကြောင့် တိဿမင်းကြီး လျှောက်ထားခြင်းဖြစ်ရာ မှတ်သားလောက်ပါပေ၏။

တရားအလုပ်စခန်းနှင့်စပ်၍ သီလအကြောင်း ပြောဆို စဉ်းစားကြသော အခါ 'သီလအရေးမကြီးလှ' သကဲ့သို့ ပြောဆိုရေးသားမှုများ ရှိကြ၏။ လိုအပ်သည်ထက်ပင် ကုက္ကုစ္စဖြစ်ကာ သီလ ဆေးကြောပွတ်တိုက်နေရသည်နှင့် အချိန်ကုန်ကာ လိုအပ်သလောက်ကိုပင် မဖြူစင်စေနိုင်သေးထင်၍ ဘာဝနာအလုပ်ခွင်သို့ မရောက်နိုင်သူများလည်း ရှိနေကြ၏။

မည်သည့်သီလမဆို သီလကိုချည်း မဲတင်းစောင့်ထိန်းနေပါက အကြွင်းမဲ့ စင်ကြယ်အောင် စောင့်ထိန်းရန် မလွယ်ကူလှ။ အဓိသီလလည်း မဖြစ်နိုင်ချေ။ (ရှေးက ဝိပဿနာအလုပ်များ ငုပ်ကွယ်နေခဲ့သဖြင့် ရသက်ပန် ခုံတင်နှင့် အချိန်ကုန်ခဲ့ကြရလေပြီ။)

အထိုက်အလျောက် သီလကို ဆောက်တည်ခံယူပြီး သမထ, ဝိပဿနာ ဘာဝနာအလုပ်ခွင်သို့ တောက်လျှောက်ဝင်ကာ တပ္ပိုင်နက်ထူထောင်သွားပါလျှင် သီလသည် စိတ်တိုင်းကျ ဖြူစင်လာ၏။ အထူးပင် စောင့်ထိန်း နေရသည် မရှိ။ ထိုအခါ သီလမျိုးမှလည်း 'အဓိသီလ'=သာသနာတွင်း သီလ, 'အရိယကန္တ (အရိယာတို့လိုလားသော)သီလ', 'ဘုဇိဿ(ဘဝကိုတော်လှန်နိုင်သော)သီလ'= မဂ်ဖိုလ်ကိုရယူပေးနိုင်သော သီလ ဖြစ်လာလေတော့သည်။

အဘယ့်ကြောင့်ဆိုသော် တရားရှုမှတ်ချက် တချက်တချက် အတွင်း၌ပင် သီလမဂ္ဂင်သုံးပါး (သမ္မာဝါစာ၊ ကမ္မန္တ၊ အာဇီဝ)တို့ အလိုလို ပါဝင်သွားသော ကြောင့် ဖြစ်လေသည်။ ရှုမှတ်ချက်တိုင်းတွင် မဂ္ဂင်ရှစ်ပါး ဖြစ်၍ဖြစ်၍ နေသည်ကို ကိုယ်တိုင် လုပ်ပြီးမှသာ သဘောကျနိုင်သဖြင့် လိုအပ်သည်ထက် ချွတ်ထွင် ကြောင့်ကြ၍ ကုက္ကုစ္စ ဖြစ်နေသူများအား ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး ရေးသားတော် မူထားသော **'ဝိပဿနာရှုနည်းကျမ်း'** (ပထမတွဲ) သီလခန်းကို ဆိုလိုချက်မိအောင် အထပ်ထပ် ဖတ်ရှုစဉ်းစားရန် တိုက်တွန်းလိုပါ သည်။ (မြန်းကနဲ လိုရာ ကွက်၍ ဖတ်လျှင် 'သီလအရေးမကြီး'ဟု ဆိုသကဲ့သို့ ထင်ချင်ထင်နေဦးမည်ဖြစ်၍ 'အထပ်ထပ်'ဟု ဆိုရပါသည်။)

http://www.dhammadownload.com



သာသနာအပြင်ဘက်၌ရှိသော သီလများသည်၊ သို့မဟုတ် ဤသာသနာတွင်း သီလသည်ပင် အဓိသီလ (ဘာဝနာ) နယ်ပယ်သို့ မရောက်နိုင်သေးလျှင် အဘယ်မျှ ကောင်းမွန် စင်ကြယ်ပါသည် ဆိုစေကာမူ သမာဓိ၊ ပညာ အကူအညီ မရသဖြင့် မြင့်မြတ်သောသီလအဖြစ်သို့ မရောက်သေး။ မြင့်မြတ်သော သီလကိုမှ မရရှိနိုင်လျှင် သာသနာနှင့် ကြုံရကျိုး မနပ်ချေ။

## အပူအအေးဒဏ်ကို သည်းခံရှုပွားသော

# လောမသနာဂထေရ်

## ကိလေသာပယ်သတ်နည်း ခုနစ်မျိုး

မြတ်စွာဘုရားရှင်သည် 'မူလပဏ္ဏာသ သဗ္ဗာသဝ သုတ်'၌ ကိလေသာ အာသဝေါတရားများ မဖြစ်ပေါ်အောင် ခုခံကာကွယ်နည်း၊ ကျော်လွှန်နည်းများကို အသေးစိတ် ဟောတော်မူထား၏။

၁။ မိမိ သင်ယူ လေ့ကျက်ထားသော စာပေ ပရိယတ် စသည်ဖြင့် သင့်မသင့်ဆင်ခြင်ကာ ကိလေသာပယ်သတ်နိုင်သော ဉာဏ်အမြင် ရအောင်ပြုလုပ်ခြင်းအားဖြင့် ကိလေသာပယ်သတ်ခြင်း၊ (အရှင်တိဿဘူတိထေရ်ကဲ့သို့။ ပြခဲ့ပြီ။)

၂။ ဣန္ဒြေတို့ကို ပိတ်ဆို့ခြင်းအားဖြင့် ပယ်သတ်ရခြင်း၊

၃။ ဉာဏ်အမြင်ဖြင့်ဆင်ခြင်မှီဝဲသောအားဖြင့် ပယ်သတ်ခြင်း၊(ပစ္စည်းလေးပါး အပေါ် ပစ္စဝေက္ခဏာဖြင့် သုံးစွဲခြင်း၊ မရနိုင်သည်ကို လိုချင်မှု၊ နှစ်သက်မှု 'ကာမာသဝ'၊ ငါရသည်၊ ငါ့ပစ္စည်းဟု ခံယူမှု 'ဒိဋ္ဌာသဝ' စသည် မဖြစ်ပေါ်အောင်ဟု ဆိုလို၏။)

၄။ အပူအအေးဒဏ်၊ မှက်၊ ခြင်၊ လေ နေပူ ကင်းသန်း၊ ဆဲရေးရှုတ်ချခြင်း စသည်ကို သည်းခံ၍ ပယ်ရခြင်း၊ (အဓိပ္ပာယ်ကျယ်လှ၏။)

၅။ ရှောင်လွှဲ၍ ပယ်ရခြင်း၊ (သားရဲ၊ ဆူးငြောင့်ခလုတ်၊ မိတ်ယုတ် စသည်ရှိသော နေရာမျိုးသို့ မသွားခြင်း၊ ရှောင်ကြဉ်ခြင်း အားဖြင့်လည်း ပယ်ရ၏။)

၆။ မေ့ဖျောက်ပယ်ဖျက်၍ပယ်ရခြင်း၊ (ကာမဝိတက်စိတ် စသည်ကို မေ့ဖျောက်နှင်ထုတ်ခြင်းအားဖြင့်လည်း ပယ်ရ၏။)

http://www.dhammadownload.com



၇။ သင့်မသင့်ဆင်ခြင်၍ ဗောဇ္ဈင်တရားတို့ကို ပွားများပေးခြင်းအား ဖြင့် ပယ်သတ်ခြင်းဟု ကိလေသာပယ်သတ်နည်းများကိုပေးတော် မူခဲ့သည်။

ယောဂီများ အလျဉ်းသင့်သလို အမြဲ သုံးစွဲရမည့် နည်းများပေတည်း။

အရိယာ သူတော်ကောင်းကြီး အဆက်ဆက်တို့သည် အထက်ပါ နည်းများကို ကျင့်သုံး၍ လွတ်မြောက်သွားကြရပေပြီ။ အရှင်မဟာ ဗုဒ္ဓဃောသ ဆရာတော်ကြီးသည်လည်း ယောဂီများအား ဆေးအဖြစ် သီဟိုဠ်ခေတ် ယောဂီ ရဟန်းတော်များကို နမူနာတင်၍ အားဖြည့်ပေးတော်မူခဲ့လေသည်။

အပူအအေး သည်းခံခြင်းအားဖြင့် ကိလေသာ တော်လှန်ရာ၌ အရှင် လောမသ နာဂထေရ်ကို စံတင်တော်မူခဲ့၏။

ယေဘုယျအားဖြင့် ယောဂီတို့သည် သဘာဝအလျောက် ဖြစ်ပေါ်နေသော ပူမှု အေးမှု ရာသီဥတုနှင့် အမြဲတစေ ရင်ဆိုင်နေကြရလေရာ 'ပူလျှင်လည်း ပူလို့၊ အေးလျှင်လည်း အေးလို့'ဟု အကြောင်းပြကာ ကိုယ်ရော စိတ်ပါ တွန့်ဆုတ် လှုပ်ရှားလာတတ်၏။ ကမ္မဋ္ဌာန်းအလုပ်ကိုပင် ဖြုတ်ပယ်၍ထားတတ်ကြလေသည်။

အရှင်လောမသနာဂထေရ်ကား ထိုသို့မဟုတ်ချေ။ ပူ၍အေး၍ မတုန်လှုပ်၊ ကမ္မဋ္ဌာန်းကို မဖြုတ်သည့်အပြင် တိုး၍သာ မဲတင်း လုပ်တော်မူသည်။

တခါက ယင်းမထေရ်သည် စေတီယတောင် ပိယင်္ဂုကမ္မဋ္ဌာန်းကျောင်း၌ နေစဉ် 'ယမဒါဌာ=သေမင်း အစွယ်ထက်သော ရက်'ဟု ခေါ်ဆိုရသည့် တပို့တွဲ တပေါင်းကြား ရှစ်ရက် နှင်းတဖွဲဖွဲကျ၍ အချမ်းအေးဆုံး(အန္တရဋ္ဌက) ရာသီ၌ပင် အဗ္ဘောကာသိက ဓုတင် ဆောင်လျက် တောင်ထိပ် ကမ္မဋ္ဌာန်းကျောင်း လွင်တီး ခေါင်၌ အအေးဒဏ်ကို အမှုမထားပဲ ရှုပွားတော်မူ၏။

"ငါ့ရှင် နာဂ၊ ယခု မင်းမှာ အေးတာ လောကန္တရိက် ငရဲမှာ ခံရတဲ့ ငရဲသားတွေနှင့်စာယင် ဘာဟုတ်သေးသလဲ။ အဲဒီ မြေ့မြေ့ကြေအောင် အေးတဲ့ ငရဲမှာ မင်းလဲ ခံခဲ့ရလှပြီ။ မင်း နောက်ထပ် မသွားချင်ယင် ကြိုးစား။"

အလွန် ပူပြင်းလှသော နွေရာသီ၌လည်း စေတီယတောင်ထိပ်သည် ပို၍ပင် ပူပြင်းလှ၏။ မထေရ်ကား ဆွမ်းစားအပြီး လိုဏ်ဂူ အပြင် စင်္ကြံလမ်းပေါ်၌ပင် ထိုင်၍ ရှုမှတ်တော်မူသည်။ လက်ကတီးကြားမှစ၍ တကိုယ်လုံး သင်္ကန်းများပါ ချွေးများ ရေညှစ်၍ ရလောက်အောင် ရွဲရွဲစိုနေတော့၏။ မထေရ်သည် မည်မျှပင် ပူလောင်စေကာမူ ကမ္မဋ္ဌာန်းကိုကား လက်မလွှတ်ချေ။

http://www.dhammadownload.com



သို့ရာတွင် သာသနာ့ပ အညတိတ္ထိယတို့ကဲ့သို့ အပူခံ အအေးခံသော 'အတ္တကိလ မထ မဟုတ်၊ ကမ္မဋ္ဌာန်းသတိမလွတ်သော မဇ္ဈိမ ပဋိပဒါ အကျင့်မြတ်ပင် ဖြစ်သည်။

ယင်းသို့ မထေရ်သည် နေပူခေါင်ခေါင် ကျောက်ဆောင်ကွင်းပြင်၌ ချွေးသံများဖြင့် နေတော်မူသည်ကို မမြင်ရက်၍ မထေရ်အနီးသို့ တပည့်တပါး လာရောက်ကာ—

"အရှင်ဘုရား....၊ ဟိုဘက်နားကို ကြွပြီး သီတင်းသုံးပါ၊ အပူ သက်သာပါတယ်"ဟု လျှောက်ထားလျှင်-

"ငါ့ရှင်၊ ဒို့ ဒီမှာ အပူဘေးကြီးနှင့်ပဲ ထိုင်နေတာ၊ မဟာအဝီစိငရဲကြီးမှာ သည့်ထက် အများကြီး မနိုင်းယှဉ်သာအောင် ပူတယ်။ ငါတို့ အကြိမ်ကြိမ် ရောက်ခဲ့ရပြီ။ ဒီအပူက အများကြီး သက်သာပါသေးတယ်"ဟု မိန့်တော်မူကာ ထိုင်မြဲထိုင်နေတော်မူ၏။

ထိုအတူ ယောဂီ သူတော်ကောင်းကြီးများသည် အစာရေစာ နှစ်နပ်၊ သုံးနပ် ပြတ်လပ်သော်လည်း မဖြုံကြပေ။ ပြိတ္တာ ဘုံသားများကို ဆင်ခြင်ကာ ကမ္မဋ္ဌာန်းကို မလွှတ်၊ တွင်တွင်ကြီးသာ အားထုတ်တော်မူကြ၏။

မှက်, ခြင်, လေ, နေပူများနှင့် ရင်ဆိုင်ရသောအခါတွင်လည်း တိရစ္ဆာန်တို့၏ဘဝကို ဆင်ခြင်ကာ တွင်တွင်ကြီးသာ မဲကြလေ၏။ မြွေ, ကင်း, စသော အကောင်များ တိုက်ခိုက်ခြင်း ခံရရာ၌လည်း ခြသေ့်, သစ်, ကျားများ၏ ပါးစပ်တွင်းသို့ အကြိမ်ကြိမ် သက်ဆင်း ဝါးမျို ခံရပုံများတို့ ဆင်ခြင်ကာ သည်းခံမြဲ သည်းခံ၍ ကိလေသာကို အနိုင်ယူကြလေသည်။

ရှေးရှေး ဘုရားရှင်တို့လည်း ဝိနည်း သိက္ခာပုဒ်၊ ပိဋကာ သုံးပုံ ဟူ၍ပင် မဟော၊ မထား၊ 'ခန္တီ ပရမံ တပေါ တိတိက္ခာ'သည်းခံခြင်းတရားကိုသာ ဟောတော်မူခဲ့ကြကုန်၏။ သည်းခံမှ နိဗ္ဗာန် ရနိုင်ကြလေသည်။ (မ-ဋ္ဌ-၁၊ ၈၁—သဗ္ဗာသဝ သုတ် အဖွင့်။)

သည်းခံခြင်း၏သဘောကား ကျယ်ဝန်းလှပေ၏။ ယောဂီ၌ နေမှုထိုင်မှု၊ အစားအစာ၊ အပြောအဆို၊ အကောင်းအဆိုး၊နောက်ဆုံး တရားမှတ်၍ ကောင်းခြင်း,မကောင်းခြင်းမှအစ အားလုံးကို သည်းခံရ၏။ မှတ်လို့ကောင်းသည်၌လည်း အမှတ် တမှတ် သာရ၏။ မကောင်းသည်ကိုမှတ်ရ၍လည်း လျှော့မသွား၊တမှတ်ပင် ရ၏။ (ခန္တီအကျယ်ကို 'ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ'စာအုပ်၌ များစွာရေးခဲ့ပြီ။)

http://www.dhammadownload.com



## မြွေကိုက်ခံရ၍ တရားရသော

# ပဓာနိယထေရ်

ပဓာနိယ မထေရ်သည် ခဏ္ဍစေလကျောင်းတိုက်ကြီးအတွင်း မဟာလေ့ကားပန်း ကမ္မဋ္ဌာန်းကျောင်းကလေး၌ သီတင်းသုံးတော်မူသည်။

မထေရ်သည် ထိုကျောင်းတိုက်အတွင်း မထေရ်တပါးက အရိယဝံသတရားတော်ကို ဟောကြား၍ တရားနာယူနေခိုက် မြွေဆိုး ကိုက်ပေါက်ခြင်း ခံရလေ၏။ မထေရ်သည် မြွေကိုက်မှန်း သိသော်လည်း အရိယဝံသတရားတော်၌ အလွန်စိတ်ပါဝင်စားကာ ကြည်နူးနှစ်သက်တော်မူလှသဖြင့် တရားနာ မဖျက်ပဲ နာမြဲ နာနေလေ၏။

အရိယဝံသတရား လေးပါးရှိသည်။ သင်္ကန်း, ဆွမ်း, ကျောင်း၌ ရောင့်ရဲ၍ ဘာဝနာ၌ ပျော်မွေ့ခြင်းတည်း။ ယင်း လေးမျိုး ရှိထားလျှင် နေရာမရွေး ပျော်နိုင်၍ နတ်ပြဟ္မာတို့ ချစ်ခင်လေးစားကြ၏။ (အံ-၁၊ ၃၃၆။ဒီဃ-၃၊၁၈၈။)

တဖြည်းဖြည်း အဆိပ်မှာ ပြင်းထန်လာပြီး တရိပ်ရိပ် တက်၍တက်၍လာရာ အရိယာ သူတော်ကောင်းကြီးများ၏ ကျင့်စဉ် အလေ့အလာအတိုင်း ရဟန်းပြုသည်မှအစ မိမိသီလကိုသာ ဆင်ခြင်နေမိသည်။ မိမိထိန်းသိမ်းထားသော သီလသည် တစုံတရာ အပြစ်အနာအဆာမရှိ၊ အကြွင်းမဲ့ ပြည့်စုံလုံလဲနေသည်ကို သိမြင်တော်မူသဖြင့် ခန္ဓာကိုယ်၌ ပြန့်တက်လာသော မြွေဆိပ်များအစား ပီတိစိတ်များသည် တဖွားဖွား ဖြစ်ပေါ်လာ၏။ နှစ်သက်သော ပီတိစိတ်များ တကိုယ်လုံးဖြာ၍ တက်လာလျှင်ပင် တကိုယ်လုံး၌ ပြန့်နေသော မြွေဆိပ်များလည်း တဖြည်းဖြည်း လျှောကျလာကာ ကိုက်သောဒဏ်ရာမှ စုပြုံထွက်ဆင်း၍ မြေကြီးအတွင်းသို့ ကျဝင်ကုန်တော့သည်။

မထေရ်သည် "ပီတိမနဿ ကာယော ပဿမ္ဘတိ=ပီတိစိတ်ဖြစ်လျှင် တကိုယ်လုံး ငြိမ်းအေးခြင်း ဖြစ်ပေါ်ကာ" ပဿဒ္ဓိ=ငြိမ်းအေးခြင်း အားကောင်းလာသည်နှင့်အမျှ သမာဓိလည်း စူးစိုက်၍ လာလေရာ ထိုမြွေကိုက်ခံရသော နေရာ၌ပင် ဆက်လက်၍ ဝိပဿနာ ရှုပွားကာ ရဟန္တာ ဖြစ်တော်မူလေသည်။ (မ-ဋ္ဌ-၁၊ ၈၂-သဗ္ဗာသဝသုတ်အဖွင့်။)

http://www.dhammadownload.com



## မြွေကိုက်ခံရ၍ အနာဂါမ် ဖြစ်သွားသော
# ပိဏ္ဍပါတိကထေရ်

သီဟိုဠ်ကျွန်း ဂင်္ဂါဝနဝါလိ အင်္ဂဏ(သီဟိုဠ်မူ-ဂဝရဝါဠ အင်္ဂဏ)အရပ်၌ ဝါကပ်တော်မူကြသော အရှင်မြတ် သုံးကျိပ်တို့သည် လပြည့်လကွယ် နေ့တိုင်း 'အရိယဝံသ တရားလေးပါး'ကို ဟောကြား နာယူကြကုန်၏။

တခုသော လကွယ်နေ့ည တံရားပွဲ၌ ပိဏ္ဍပါတိက (ရဟန်းဘွဲ့ မသ်လျှင် ပိဏ္ဍပါတိက မထေရ် ဆွမ်းခံ ကိုယ်တော်ဟု သုံး၏။ ဆွမ်းခံသော အကျင့်ကို ဂုဏ်တင်ခြင်း ဖြစ်ဟန်ရှိပေသည်။) မထေရ်ဘပါးသည် နောက်ကျနေ၍ ပရိသတ် အစွန် မရှင်း မလင်းလှသော ထောင့်ကွေး တနေရာ၌နေ၍ တရားနာယူရ၏။

တရားနာယူနေစဉ် မြွေတကောင်သည် မထေရ်၏ ခြေသလုံး အသားပုံကို ကိုက်ခဲလေရာ တရားပွဲနှင့် တရားနာယူမှု အနှောင့်အယှက် မဖြစ်စေရန် မြွေကို ဆွဲဖြုတ်ဖမ်းယူပြီး အသင့်ပါလာသော အိတ်ထဲ၌ ထည့်၍ ပိတ်ချည်ကာ မလှမ်း မကမ်း တနေရာ၌သွား၍ ချထားလိုက်သည်။

မြွေကိုက်သော ဒဏ်ကို အောင့်အည်းသည်းခံ၍ တရားကို နာမြဲ နာယူလေ၏။ မြွေဆိပ်များ တရိပ်ရိပ် တက်လာသော်လည်း 'ဘာဝနာ၌ စိတ်ကို စွဲမြဲ ထားရမည်'ဟု ဟောကြားနေသော အရိယဝံသတရားကို လက်ကိုင်ပြုကာ တရား နာယင်း နှလုံးသွင်းမြဲ သွင်းနေလိုက်လေသည်။

တရားပွဲမှာ သီဟိုဠ် ထုံးစံအတိုင်း ညလုံးပေါက် ဟောကြားနာယူကြသော တရားပွဲဖြစ်၍ အရုဏ်တက်မှပင် ပြီးဆုံးလေသည်။ အရုဏ်လည်းတက်၊ တရား ပွဲလည်းပြီး၊ ပိဏ္ဍပါတိက မထေရ် တကိုယ်လုံး ပြန့်တက်လာသော မြွေဆိပ်များ လည်း ဘာဝနာ သမာဓိတန်ခိုးကြောင့် ကိုက်ခဲသော ဒဏ်ရာ အပေါက်မှ ထွက် ကျကာ မြေကြီးထဲသို့ ဝင်သွားကုန်၏။ နေအရုဏ်နှင့်အတူ အနာဂါမိဖိုလ်သို့ ရောက်တော်မူလေသည်။

တရားပွဲပြီးလျှင် သီတင်းသုံးဖော်များအား—

"ငါ့ရှင်တို့....၊ ဒီမှာ ကြည့်ကြပါအုံး။ သူခိုးတကောင်ကို တရားပွဲ လာ စော်ကားလို့ ဖမ်းချုပ်ထားရတယ်"ဟု ညဦးက အိတ်ဖြင့် ပိတ်လှောင်ထားသော မြွေကို ဖွင့်လွှတ်ယင်း ပြောဆိုလိုက်ရာ—

"အရှင်ဘုရား....၊ ဘယ်အချိန်က အကိုက်ခံရတာပါလဲ။"

"မနေ့ည ညဦးတုန်းကပဲ။"

"အမယ်လေး ဘုရား....၊ ဖြစ်မှ ဖြစ်ရလေ၊ ဒီလောက် အန္တရာယ်ကြီးတာ ဘာလို့ မြိုနေရပါလဲဘုရား။"

http://www.dhammadownload.com



"ငါ့ရှင်တို့....၊ ငါ့ရှင်ထို အမိန့်ရှိတာလဲ မှန်ပါ၏။ သို့သော်လဲ တပည့်တော် မြွေကိုက်လို့ပါဆိုပြီး ဖွင့်ပြောလိုက်ယင် တပည့်တော်ရော အရှင်ဘုရားတို့ပါ ယခုလို အကျိုးတရားတွေ ရကြတော့မှာ မဟုတ်လို့ ဒီလိုပဲ တညလုံး သည်းခံပြီး နေခဲ့ရတာပဲ"ဟု အချီအချ ပြောဆိုကြလျက် တရားတော်၏ ကျေးဇူးဂုဏ်ကို ကိုယ်တွေ့ကြုံကာ ယုံကြည်လေးမြတ်တော် မူကြလေကုန်၏။ (အံ-ဋ္ဌ-၂၊ ၁၃၄-တိဌာနသုတ်အဖွင့်။ တရားနာယူရသောအကျိုးပြ ဝတ္ထု။)

## တရားဟောကောင်း၍ ဆဲရေးသည်ကို ခံနိုင်သော
# ဒီဃဘာဏက အဘယထေရ်

နာမည်ကျော် ဒီဃဘာဏက အဘယ မထေရ်သည် တနေ့သောအခါ တရားပွဲတခုသို့ ကြွရောက်၍ ညတရား ဟောတော်မူရ၏။

ဟောကြားသော တရားမှာ ပစ္စည်း လာဘ်လာဘ၌ ရောင့်ရဲ၍ ကမ္မဋ္ဌာန်း အလုပ်၌ စွဲမြဲရပုံ မဟာအရိယဝံသ ကျင့်စဉ် တရားတော်ဖြစ်ရာ အနယ်နယ် အရပ်ရပ်မှ လူပရိသတ်, ရဟန်းပရိသတ်များစွာ တရားနာ လာကြ၏။

တရားနာလာသော ပရိသတ်တွင် အသက်ကြီးသော မထေရ်ကြီးတပါးမှာ အလိုလို မနာလိုဖြစ်ကာ—

"ဒီဃ ဘာဏကဟာ အရိယဝံသကျင့်စဉ် တရားကို ဟောပြမယ်ဆိုပြီး တညလုံး မဟုတ်တမ်းတရားတွေ လျှောက်ပြောနေတာပဲ"စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချကာ ဆဲရေးတိုင်းထွာ၍ နေလေ၏။

တရားပွဲပြီး၍ ကျောင်းသို့ အသီးသီး ပြန်ကြသောအခါ အဘယမထေရ်သည် ထိုဆဲရေးသော မထေရ်ကြီးနှင့် တဂါဝုတ် (၂-မိုင်) ခန့် တလမ်းတည်း ပြန်ကြရသည်။ ထိုမထေရ်ကြီးသည် လမ်းတလျှောက်လုံးလည်း မထေရ်အား ဆဲရေး တိုင်းထွာလျက် ရှေ့က ကြွနေ၏။ တဂါဝုတ်ကျော်လျှင် လမ်းခွဲရမည်ဖြစ်၍ လမ်းခွဲသို့ ရောက်သောအခါ အဘယမထေရ်က မထေရ်ကြီးအား လက်အုပ်ချီ ရှိခိုးလျက်—

"အရှင်ဘုရား....၊ အရှင်ဘုရားကြွမယ့် လမ်းက ဒီဘက် လမ်းပါဘုရား"ဟု လျှောက်ရာ မထေရ်ကြီးမှာ မသိကျိုးကျွံ ပြု၍ လှည့်၍ မျှပင် မကြည့်ပဲ ကြွသွားလေ၏။

အဘယမထေရ်လည်း မိမိကျောင်းသို့ ရောက်၍ ခြေဆေးပြီး အမောပြေ ထိုင်နေတော်မူစဉ် တရားပွဲ လိုက်ပါလာသော တပည့်ရဟန်းငယ် တပါးက အနားသို့လာ၍—

http://www.dhammadownload.com



"အရှင်ဘုရား....၊ ဟိုကိုယ်တော်ကြီး တလမ်းလုံး ပက်ပက်စက်စက် ဆဲရေး တိုင်းထွာပြီး အမနာပပြောလာတာ အရှင်ဘုရား ဘာတခွန်းမှ ပြန်ပြီး အမိန့်မရှိပဲ ကိုး....၊ တော်ကြာ....သူပြောတဲ့အတိုင်းဟုတ်လို့ ငြိမ်ပြီးခံနေတယ် ထင်သွားအုံး မယ်ဘုရာ့"ဟု လျှောက်ရာ–

"ငါ့ရှင်....၊ ပြောပါစေ၊ ပြောတာ သူ့တာဝန်, သည်းခံဖို့က ဒို့တာဝန် ပဲ။ သည်းမခံနိုင် မရှိရဘူး။ ငါတို့မှာ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း အမှတ်နဲ့ သွားနေတာ၊ အမှတ်လွတ်သွားတဲ့ ခြေလှမ်းရယ်လို့ မရှိဘူး....ငါ့ရှင်"ဟု မိန့်တော် မူလေသည်။ (မ-ဋ္ဌ-၁၊ ၈၁-သမ္ပဇာသဝသုတ်အဖွင့်။)

## လွှဥပမာ ဒေသနာ

"ရဟန်းတို့....၊ သင်တို့သည် အကယ်၍ လူသတ်သမား လူယုတ်များက သင်တို့၏ ခြေလက်အင်္ဂါများကို အရိုးနှစ်ဘက်တပ်သော(ငါးမန်းစွယ်)လွှကြီးဖြင့် တိုက်ဖြတ်ကြကုန်ရာ၏။

ထိုအခါ အကြင်ရဟန်းသည် တိုက်ဖြတ်သူအား စိတ်ဆိုးခြင်း ဖြစ်သေး ၏။ ထိုရဟန်းသည် ငါ၏အဆုံးအမကို နာယူသူ–ငါ့စကား နားထောင်သူ မဖြစ် နိုင်ချေ။ ရဟန်းတို့ ...၊ ထိုအခါ၌ သင်တို့သည် ဤသို့ စိတ်ကိုလေ့ကျင့်ကြရမည်။

"ငါ၏စိတ်သည် ဖောက်ပြန်ပြောင်းလဲခြင်း မရှိစေရ။ ကြမ်းကြုတ် ယုတ် မာသော စကားကိုလည်း မထွက်ဆိုမိစေရ။ ဒေါသမသန်း မေတ္တာလွှမ်းကာ ချမ်းသာကြီးပွားစေလိုသော စိတ်ထား၍သာ ငါနေမည်။

"ထိုပါး ပြောဆိုလာသူကိုလည်း မေတ္တာစိတ် ဖြန့်လွှမ်း ပို့လွှတ်၍သာ ငါနေမည်။ သတ္တလောကတခုလုံးကိုလည်း ကျယ်ပြန့်,မြင့်မြတ်၍ ကန့်သတ်ချက် မထင်၊ တွင်းပြင် ဘေးရန်လည်း မစွက်၊ မေတ္တာစိတ် သက်သက်ဖြင့် ဖြန့်လွှမ်းပို့ လွှတ်၍သာ ငါနေမည်ဟု ဤသို့လျှင် ကိုယ့်စိတ်နှင့်ကိုယ် နှလုံးသွင်း လေ့ကျင့် ကြရမည် ရဟန်းတို့။" (မ-၁၊ ၁၈၁-ကကစူပမသုတ် ပါဠိတော်။)

## လေရောဂါကြောင့် အရဟတ္တဖိုလ်ရသော
# စိတ္တလတောင် ပဓာနိယထေရ်

ယောဂီသည် နာကျင်ခံခက် ပြင်းထန်စွာနှိပ်စက်၍ အသက်ကိုပင် သေ စေလောက်သော ရောဂါ ဝေဒနာမျိုးကိုလည်း အဓိဝါသနခန္တီဖြင့် သည်းခံ ရလေသည်။

http://www.dhammadownload.com



အဝိဇ္ဇာသနုသိုင်လိုသည် ဖြစ်လာတွေကြုံရသမျှ သုခ ဒုက္ခကို မိမိခေါင်း ပေါ်၌သာ တင်ထား၍ 'ဘယ်သူမပြု၊ မိမိမှု'ဟု သဘောပိုက်ကာ အောင့်အည်း၍ ခံနိုင်ရည်ရှိမှုကို ခေါ်လေသည်။

သည်းခံမှု နိဗ္ဗာန်ရနိုင်၏။

စိတ္တလတောင်နေ တရားအားထုတ်နေသော ပဓာနိယမထေရ်တပါးသည် သီတင်းသုံးဖော်များနှင့်အတူ ကမ္မဋ္ဌာန်းအားထုတ်နေစဉ် တညသ၌ စင်္ကြံတော် တော်များများ လျှောက်အပြီး တန်လောက်သောအခါ ရပ်၍ရှုမှတ်နေခိုက် ရင် ခေါင်းအတွင်းမှ ရုတ်တရက် လေတံစိုကြီး ထိုးအောင့်လာသဖြင့် မရပ်တည်နိုင် တော့ပဲ လဲကျသွားလေ၏။

လဲကျသွားရာတွင်လည်း ငြိမ်ငြိမ်နေ၍မရ၊ ဝေဒနာ ပြင်းထန်လွန်းသဖြင့် လူးလှိမ့် တွန့်လိမ်၍သာ နေရလေသည်။ ဖြစ်ပေါ်လာသော ဝေဒနာကိုလည်း နိုင်နင်းအောင် မရှုမှတ်နိုင်ပဲ ရှိနေသဖြင့် အော်ဟစ်ညည်းညူနေမိ၏။

ဒုက္ခဝေဒနာကို ခံစားရသောအခါ နိုင်အောင် မရှုမှတ်နိုင်ပါက ဒေါသ ဒေါမနဿသော်လည်း ထပ်၍ ဝင်လာတတ်၏။ သက်သာရာ သက်သာကြောင်း ကာမအာရုံ တခုခုသော်လည်း ရှာဖွေလက်ခံမိတတ်ရာ ဆူးတချောင်း စူးရာ အခြားဆူးတချောင်းနှင့် ထွင်သကဲ့သို့ နှစ်ခါနာတတ်ကြောင်း (သံ-၂၊ ၄၉၉-သဠာ၊ ဝေဒနာသံယုတ်-သလ္လသုတ်၌) ဟောတော်မူလေသည်။

ထိုသို့ ညည်းညူလူးလှိမ့်နေသည်ကို တဘက်သောစင်္ကြံထိပ်၌ ရှုမှတ်နေသော ယောဂီပဥ္စင်းငယ်တပါး မထေရ်အနီးသို့ ရောက်လာ၍ အခြေအနေကို ကြည့်၏။ ကြည့်ရ မြင်ရသည်မှာ မသက်သာလှသဖြင့် တရားကိုသာ နာနာဖိမှတ်ရန် အကြံ ပြုလို၍—

"အရှင်ဘုရား....၊ ဘယ်နားဆီက နာလို့ပါလဲ။"

"ငါ့ရှင်....၊ သီးခြားကွက်ပြီး ဘယ်နားဆီက နာတယ်ရယ်လို့ မဟုတ် ပါဘူး။"

"ရှိတာကလေးကို စိုက်ပြီး မရှုမှတ်ဘူးလား အရှင်ဘုရား။"

"ရှုမှတ်ပါပြီလား ငါ့ရှင်....၊ နာတဲ့နေရာကလေးကို စူးစိုက်ပြီး ရှုမှတ် နေလို့ နာတတ်တဲ့ သဘောကလေးကပဲ သူ့သဘောအတိုင်း သူနာနေတာပဲလို့ သာ သိနေပါတယ် ငါ့ရှင်။"

"ဒီလိုဆိုလဲ အရှင်ဘုရား....၊ ငါ့ငါ့ဟာမပါ၊ ဝေဒနာကပဲ သူ့သဘော သူဆောင်တယ်လို့ သိနေမှတော့ သည်းခံလို့ ရသင့်ပါတယ် မဟုတ်ပါလား အရှင် ဘုရား။ သည်းခံခြင်းဟာ အမြတ်ဆုံးပါပဲ။ ရဟန်းတို့မည်သည် အဓိဝါသနခန္တီ ကိုသာ နှလုံးသွင်းရမဲ့ ဖြစ်ပါတယ်။"

"ကောင်းလှပါပေတယ်၊ ငါ့ရှင်။"

http://www.dhammadownload.com



ပဓာနိယမထေရ်လည်း စိတ်ကို ပိုရှဲ၍မဲတင်းကာ မလှုပ်မယှက် ကျိတ်မှိတ်ပေခံပြီး ရှုမှတ်နေ၏။

ထိုအခိုက် ချက်ဆီမှ ထိုးအောင့်လာသော လေတစ်စို့သည် ရင်ဝနှလုံးသားကိုပင် တက်၍ ထိုးဆောင့် ဖောက်ခွဲလိုက်သည်နှင့်တပြိုင်နက် ခုတင်ပေါ်၌ ခွေခွေကလေး လျှောင်းနေသော မထေရ်၏ ဝမ်းဗိုက်မှအူများမှာ ခုတင်ပေါ်သို့ အခွေလိုက် ထွက်အန်ပုံကျကုန်တော့၏။ အပြင်းထန်ဆုံးသော ဝေဒနာကို ခံစားယင်းတရားကိုသာ နိုင်အောင် ရှုမှတ်လေတော့သည်။

ဝေဒနာကို ရှုမှတ်၍ လည်းကောင်း၊ ဝေဒနာကို ပယ်ခွာမေ့ဖျောက်ပြီး ရှုမှတ်မြဲ ဝိပဿနာအာရုံကို ရှုမှတ်၍လည်းကောင်း၊ မလွတ်တမ်း သတိ သမာဓိ ပညာများကို ထူထောင်နေလိုက်ရာ ထိုနေရာ ထိုခဏ၌ပင် ပဋိသမ္ဘိဒါပတ္တ သမသီသီ ရဟန္တာ ဖြစ်တော်မူသွား၏။

အနားဥ္ပထိုင်၍ ကြည့်ရှုအားပေးခဲ့သော ရဟန်းငယ်ကိုလည်း—

"ငါ့ရှင်....၊ ဒီလောက်သည်းခံယင် တော်လောက်ပါပြီနော်...."ဟု ပြောယင်း ပရိနိဗ္ဗာန် ပြုတော်မူသွားလေတော့၏။

ယင်းသို့လျှင် တစုံတခုသော သုခဒုက္ခများအပေါ် သည်းမခံနိုင်ပါက အာသဝတရားများ ဆင့်ပွား ဖြစ်ပေါ်လာနိုင်ပေသည်။ အအေးတွေ့ရသောအခါ အပူကို တောင့်တခြင်း၊ ပူပြန်တော့လည်း ငါပူသည် စသည်ဖြင့် လောဘ,ဒိဋ္ဌိ, ဒေါသ,ဒေါမနဿစသော ကိလေသာ အာဝသတရားများ ဆင့်ပွားကွင်းဆက်၍ လာရောက် နှိပ်စက်တတ်ပြန်လေသည်။

သည်းခံခြင်းမှတပါး သူတော်ကောင်းတရားကို ရယူပေးနိုင်သော အရာမရှိချေ။ (မ-ဋ္ဌ-၁၊ ၈၂-သဗ္ဗာသဝသုတ်အဖွင့်။ ဝိဘင်-ဋ္ဌ၊ ၂၅၁-ဈာနဝိဘင်းအဖွင့်။ ဒီ-ဋ္ဌ-၂၊ ၃၆၄-ပေါင်းစပ် ပြလိုက်ပါသည်။) ထို့ကြောင့် ရောဂါ တစုံတခုဖြစ်လာလျှင် 'တရားရချင်လို့'ဟုသာ မှတ်ယူ၍၊ မှားများပြင်းထန်လျှင် 'မြန်မြန်ရတော့မည်'ဟုသာ အားခဲလျက် စွဲယူရှုမှတ်မြဲ ဝိပဿနာအာရုံကိုသာ မလွတ်တမ်း ဆုပ်ကိုင်မိအောင် သတိဝီရိယ ရှိကြကုန်ရာ၏။

## ခြေထောက်ကို ရိုက်ချိုး၍ တရားရှာသော
# ကုဋုမ္ဗိက ပုတ္တ တိဿ ထေရ်

သာဝတ္ထိပြည်၌ ကုဋေလေးဆယ် ကြွယ်ဝ ချမ်းသာသော သဋ္ဌေးသား တိဿသည် စည်းစိမ် ဥစ္စာများအားလုံးကို ညီနှင့်ခယ်မအား လွှဲပြောင်းပေးအပ်၍ ရဟန်းပြုသွား၏။ တောရဆောက်တည်ကာ ရဟန်းတရားနှင့် နေတော်မူလေသည်။

http://www.dhammadownload.com



တနေ့သောအခါ ညီ၏ဇနီးဖြစ်သူ (ခယ်မ)က နောင်တော်တိဿ ရဟန်းဘဝ၌ မပျော်ပိုက်၍ လူထွက်လာခဲ့သော်၊ ပစ္စည်း ဥစ္စာများ ခွဲဝေ ပေးရမည်ကို ကြောင့်ကြနေလေ၏။ ထိုကြောင့် တိဿ နောင်တော်ကြီးအား တော တောင် အန္တို့ လိုက်လံ ရှာဖွေ၍ လက်စ,တုံး အဆုံးစီရင်ရန် ခိုးသား ငါးရာ (ခိုးသူကြီး ငါးဦး ခေါင်းဆောင်၍ နောက်လိုက်တရာစီ တရာစီပါသော ခိုးသားများ) အား တသုတ်ပြီးတသုတ် လွှတ်လိုက်၏။ တံစိုးလက်ဆောင်များကိုလည်း လက်ငင်းပေး တန်သရွေ့ ပေး၊ကြွေး ကတိ ထားတန်သရွေ့ ထားကာ လွှတ်လိုက်ရာ ခိုးသား အုပ်စုကြီး ငါးဖွဲ့သည် တိဿမထေရ်အား အုပ်စု ခွဲကာ လိုက်လံ ရှာဖွေကြ၏။

တခုသောတောင်ခြေ တောနက်အတွင်းသို့ ရောက်သောအခါ သစ်တပင် ရင်း၌ တရားဘာဝနာ ရှုမှတ်နေသော တိဿ မထေရ်အား တွေ့မြင်ကြသဖြင့် ခိုးသူကြီးများက မထေရ်အနီးသို့ ခပ်းလက်နက် ကိုယ်စီဖြင့် တိုး၍သွားကြ၏။ နောက်လိုက်ငယ်သားများအားလည်း ဘေးပတ်ပတ်လည်၌ ထွက်မပြေးနိုင်အောင် ဝိုင်းရံ အစောင့်ချထားကြလေသည်။

**မထေရ်** ဒကာတို့၊ သင်တို့ ဘာကိစ္စ ဒီကို လာကြရပါသတုံး။

**ခိုးသူကြီးများ** တိုတိုပြောရယင် သင်ရဟန်းကို သတ်ရအောင် လာကြတာပဲ။

**မထေရ်** ဩော်....ဒီလိုလား၊ ဒါဖြင့်ယင်လဲ ဒကာတို့ ဒီ တညတော့ဖြင့် အသက်ရှင်ခွင့် ပေးကြပါဦး။

**ခိုးသူကြီးများ** မဖြစ်ဘူး ရဟန်း၊ သင့်ကိုသတ်ပြီးမှ ငွေများများ ရကြမှာ၊ သင် ထွက်ပြေးယင် မခက်ပေဘူးလား၊

**မထေရ်** ဒီအတွက် စိတ်ချပါ ဒကာတို့၊ နံနက် အရုဏ်တက်ပြီးတဲ့နောက်မှာ ဒကာတို့ သဘောရှိသလို ပြုကြပါ။ မယုံနိုင်လျှင် အာမခံချက် ပေးပါ့မယ်။

**ခိုးသူကြီးများ** အို....ရဟန်း၊ မလိုပါဘူး၊ သင်ကကော ယခုလို အချိန်မျိုးမှာ ဘယ်လို အာမခံချက်တွေ ပေးချင်သေးလို့လဲ။

(မထေရ်သည် ပြောပြောဆိုဆို အနီးရှိ ကျောက်တုံးကြီး တခုကို မနိုင့်တနိုင် မ,ယူ ပင့်မြှောက်ကာ ခြေထောက် နှစ်ဘက်ကို ဆန့်စင်းလျက် ကျောက်တုံးကြီးဖြင့် ပေါင်ရိုးကြီး နှစ်ချောင်းလုံး ကျိုးကြေသွားအောင် ထုရိုက်ချလိုက်၏။ သွေးများ ပေကျံလူးလဲ လျက်က-)

**မထေရ်** ကဲ....ဒကာတို့၊ ဒါ ငါ့ရဲ့ အာမခံချက်ပါပဲ၊ စိတ်ချပါ၊ ဘယ်မှလဲ မသွားနိုင်တော့ပါဘူး၊ အရုဏ် မတက်ခင်ကလေး အသက်ရှင်ခွင့် ပေးကြပါ။

http://www.dhammadownload.com



မထေရ်က အမျိုးမျိုးတောင်းပန် ပြောဆိုသဖြင့် ခိုးသူတို့သည် မထေရ်အား ထောက်ထားငဲ့ညှာ၍ မနီးမဝေး စင်္ကြံသွား လမ်းထိပ်မှာ မီးဖို လှုံယင်း အရုဏ်တက်ချိန်ထိ အလှည့်ကျ အိပ်၍ စောင့်နေကြလေ၏။

အရှင်တိဿ မထေရ်လည်း ပြင်းထန်လှသော ဒုက္ခ ဝေဒနာကို ပယ်ခွာ မေ့ဖျောက်ထားကာ မိမိ၏ သီလကိုသာ ဆင်ခြင်နေမိ၏။ ရဟန်းပြုသည့်အချိန်မှ အစပြု၍ မိမိစောင့်ထိန်းခဲ့သော ရဟန်း သီလများကို အဖန်ဖန်အထပ်ထပ် သုံးသပ်ဝေဖန်၍ကြည့်ရာ တစုံတရာမျှ ကျိုးပေါက် ပြောက်ကျား အားနည်း ညစ်နွမ်းခြင်း မထင်၊ ထက်ဝန်းကျင် သန့်ရှင်း စင်ကြယ်နေသည်ကိုသာ တွေ့ရလေ၏။

'အမောင် တိဿ၊ သင်၏ သီလကား-

သာသနာ ပြင်ပ အညတိတ္ထိယတို့၏ အလေ့ အကျင့်များကဲ့သို့ မှားယွင်းသောအယူအဆ(ဒိဋ္ဌိ)ဖြင့် ကျင့်ရသောအကျင့်မျိုးမဟုတ်၊ ၃၁-ဘုံ၌ တစုံတခုသော မျှော်လင့် တွယ်တာချက်(တဏှာ)လည်းမပါ၊(အပရာမဋ္ဌ)သံသရာမှလွတ်ကြောင်း အရဟတ္တဖိုလ် ရရန် နီးကပ်နေသော အထောက်အပံ့ကောင်းကြီးပါ တကား'ဟု ဆင်ခြင်မိကာ အားရ ကျေနပ်၍သွားလေ၏။ ပီတိများ တလှပ်လှပ်ဖြစ်၍လာလေတော့သည်။

ခံစားနေရသော ဒုက္ခဝေဒနာကို ပယ်ခွာ မေ့ဖျောက် ထားနိုင်ခဲ့သည့် အပြင် မိမိသီလကိုဆင်ခြင်၍ တသွင်သွင် တသိမ့်သိမ့် စိမ့်၍စိမ့်၍ တက်လာသော ပီတိအဟုန်ကလည်း ဒုက္ခဝေဒနာကို သာ၍ပင် ဖယ်ခွာထိန်းချုပ်၍ ပေးထားလေသည်။ (ဋီကာများ။)

ဝေဒနာချုပ်ပျောက်၍ ဝေဒနာအစား ပီတိရောက်နေရာ၊ ထိုပီတိကိုပင် လက္ခဏာသုံးချက် ဖြစ်ပျက်သုံးသပ်၍ လည်းကောင်း၊ ရံခါ ထိုဝေဒနာကိုပင် လျှင် စူးစိုက်ရှုမှတ်၍လည်းကောင်း (ဝေဒနာနုပဿနာ) သမ္မပ္ပဓာန် လုံ့လဖြင့် တညပတ်လုံးရှုမှတ်တော်မူရာ ဝိပဿနာဉာဏ်များ အဆင့်ဆင့် ရင့်ကျက်ကြီးထွားကာ အရုဏ်တက်သည်နှင့် တပြိုင်နက် အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်တော်မူလေသည်။

အရုဏ်လည်းတက်၊ အရဟတ္တမဂ်ဖိုလ်လည်းဆိုက်ကာ ဝမ်းသာရွှင်လန်း၍ အောက်အပါအတိုင်း ဥဒါန်းကျူးတော်မူလေသည်။ မိမိ၏ ရည်ရွယ်ချက်နှင့် ခံစားရချက်များကိုလည်း အတည့်အလင်း ဖွင့်ဖော်လိုက်လေသည်။

ဥဘော ပါဒါနိ ဘိန္ဒိတွာ၊ သညပေဿာမိ ဝေါ အဟံ။
အဋ္ဋိယာမိ ဟာရာယာမိ၊ သရာဂမရဏံ အဟံ။ ။
ဝေါ'ဟံ စိန္တယိတွာန၊ ယထာဘူတံ ဝိပဿိသံ။
သမ္ပတ္တေ အရုဏုဂ္ဂမှိ၊ အရဟတ္တ'မပါပုဏိံ။ ။

http://www.dhammadownload.com



"အမောင် ခိုးသား ဒုကာတို့....၊ ထကြ....လာကြ ကုန်လော့....။ ငါသည် သင်တို့အား အခြား တပါးသို့ ထွက်သွား၍ မရစေရန် အာမခံချက်ပေးသောအားဖြင့် ငါ၏ ခြေထောက်နှစ်ချောင်းတို့ကို ရိုက်ချိုးကာ သင်တို့ကို အသိပေးခဲ့ပေပြီ။

"အမောင်ဒုကာတို့...၊ အကြောင်းမှာမူ.... ငါသည် (သူတပါး သတ်၍ သေရခြင်းထက်) ရာဂနှင့်တကွ သေရမည်ကို ငါ ရှံလည်း ရှံမုန်းလှပါ၏။ ရှက်လည်း ရှက်လှပါ၏။

"အမောင်ဒုကာတို့....၊ ငါသည် ဤသို့သော အကြံဖြင့် (သင်တို့ ကို တောင်းပန် ပြီးနောက်) သတိပဋ္ဌာန် လမ်းစဉ် အမှန်အားဖြင့် ဝိပဿနာတရား ရှုပွားသုံးသပ်ရာ နေအရုဏ် တက်လတ်သော အခါ ငါသည် အရဟတ္တဖိုလ်သို့ ရောက်ခဲ့ပေပြီတကား။"

နေအရုဏ်နှင့်အတူ တိဿမထေရ်၏ ဥဒါန်းကျူးသံမှာ ဆိတ်ငြိမ်သော တောကြီးအတွင်း၌ ရဲတင်း ရွှင်မြူး ကြည်နူးဖွယ် ကောင်းလှပေ၏။ ခိုးသားများ လည်း ထိုမှ ဤမှ တသုတ်ပြီးတသုတ်ရောက်လာကြရာ တဖြည်းဖြည်းအလံတော် ပျောက်ကာ ကုဋ္ဌမ္ဗိက တိဿမထေရ်၏အလောင်းတော်ကိုသာ ကြည့်ရှုပြန်သွား ကြရလေသတည်း။ (မ–ဋ္ဌ-၁၊ ၂၃၀။ ဒီ-ဋ္ဌ-၂၊ ၃၄၀-မဟာသတိပဋ္ဌာန သုတ် အဖွင့်။ ဝိသုဒ္ဓိမဂ်-၁၊ ၄၆။)

# ကျားပါးစပ်၌ အရဟတ္တဖိုလ် ရသော မထေရ်

ဗုဒ္ဓလက်ထက်တော်က ရဟန်းတော်သုံးကျိပ်တို့ တောထဲ၌ တရား အား ထုတ်ရာ မိုးလင်းခါနီးငိုက်မြည်းချိန်ရောက်လျှင် တညလျှင် တပါးတပါး ကျားချီ စားခြင်းခံကြရ၏။ ကျားချီခံရသော မထေရ်များ တပါးမျှ ဟစ်အော် အကူ အညီတောင်းခြင်းမရှိ၊ ကမ္မဋ္ဌာန်းသတိဖြင့်သာ အသေခံ သွားတော်မူကြ၏။

လပြည့်လကွယ် ဥပုသ်ပြုခါမှ သံဃာများလျော့နေသည်ကို တွေ့ကြရသ ဖြင့် နောင်အခါ ကျားဆွဲခံရလျှင် အသံပြုရန် မှာထားကြရသည်။ ထိုနေ့ည လင်းခါနီး၌ ရဟန်းငယ်တပါးအား ကျားဆွဲသွား၍ တုတ်များ, မီးတုတ်များ ဖြင့် ဝိုင်းဝန်း လိုက်ကြရာ ကျားကြီးမှာ ရဟန်းတော်၏ ခြေကို ကိုက်ခဲကာ လူမလိုက်နိုင်သော ချောက်ကြီးကို ဖြတ်လျက် တဘက်သော ကမ်းပါးထိပ် ကျောက်ဖျာပေါ်၌ ချ၍စားလေ၏။

http://www.dhammadownload.com



နောက်က ဝိုင်းဝန်းလိုက်သောရဟန်းများလည်း မလိုက်နိုင်ကြတော့ပြီ။ ကမ်းပါးထိပ်ကကြည့်လျက်သာကျန်ရစ်ခဲ့ကြရရှာလေ၏။ သို့သော် တဘက်ကမ်း ကျောက်ဖျာပေါ်၌ ကျားကြီးချနား၍ စားနေစဉ် ရဟန်းတော်များက လှမ်းပြီး အော်၍ပြောနေကြ၏။

"ငါ့ရှင်....ငါတို့ကူညီလို့ရနိုင်တဲ့ အခြေအနေ မရှိတော့ဘူးဟေ့....၊ အားမလျှော့နှင့်၊ ဘုရားသားတော် ယောဂီတို့ရဲ့ စွမ်းရည် သတ္တိကိုသာ ပြပေတော့၊ ထူးခြားမှုဆိုတာဒီလိုဒုက္ခကြုံတဲ့အလှည့်မျိုးမှာမှ ပိုပြီးရနိုင်တယ်၊ ကြိုးစားဟေ့။"

ကျားဆွဲခံရသော မထေရ်ငယ်လည်း—

"အင်း....တချက်ကလေး သတိလစ်သွားတာနဲ့ ငါတော့ ကျားဆွဲခံရပြီ။ ကျားစားလို့သေလဲသေပေစေတော့၊ ကျားစားမခံရလဲ အတွင်းအပြင် အန္တရာယ်တွေနဲ့ အမြဲတမ်းရင်ဆိုင်နေရတဲ့ခန္ဓာကိုယ်ကြီးဟာ တနေ့နေ့မှာ တခုမဟုတ်တခုနဲ့တော့ သေရစ္စာအမှန်ပဲ။ကမ္မဋ္ဌာန်းသတိနဲ့ သေရတာပဲမြတ်ပါတယ်လေ"ဟုစိတ်ကို ဒုန်းဒုန်းချကာ ကျားစားခံရသောဝေဒနာကို မေ့ဖျောက်လိုက်၏။ ခန္ဓာကိုယ်ရုပ်နာမ်တို့၏ ဖြစ်မှုပျက်မှုကိုသာ မလွတ်အောင် ရှုမှတ်နေလိုက်သည်။

ကျားကြီးသည် ခြေထောက်မှစ၍စားလေရာ ဖမျက်စားချိန်၌ သောတာပန်ဖြစ်တော်မူ၏။ ဒူးခေါင်းရောက်လျှင် သကဒါဂါမ်၊ချက်ရောက်လျှင်အနာဂါမ် ဖြစ်လေသည်။ အန္တရာယ်ကြီးမား၍ တိုး၍လာသည်နှင့်အမျှ တရားရှုမှတ်မှု ဝီရိယလည်းတိုး၍မြှင့်၍ ကြိုးစားလေရာ ရင်ဝနှလုံးသားအနီးထိ တရွေ့ရွေ့ကိုက်စားလာလေရာ ထိုအခိုက် ရဟန္တာဖြစ်တော်မူသွားလေသည်။ (ဒီ-ဋ္ဌ-၂၊ ၃၄၀။ မ-ဋ္ဌ ၁၊ ၂၃၈-သတိပဋ္ဌာနသုတ်အဖွင့်များ။ သီဟိုဠ်ခေတ် မဟုတ်စေကာမူ ဝေဒနာသည်းခံနိုင်မှုနှင့်စပ်၍ မှတ်သားလိုက်နာရန် ပြလိုက်ပါသည်။)

## သစ်ငုတ်ခြောင့်ရူး၍ တရားထူးရသော

# ကဏ္ဍကဝိဋ္ဌ ထေရ်

ရှေးအခါက ယောဂီရဟန်းတော် ၁၂-ပါးသည် တောထဲ၌ အတူတကွ တရားအားထုတ်နေကြရာ တရားအားထုတ်ချိန်နှင့်တကွ အကြောင်းရှိလျှင် အသိပေးရန် ကျောက်စည်ခေါင်းလောင်းတခု ချိတ်ဆွဲထားကြလေသည်။

ကျောက်စည်ခေါင်းလောင်း ဟူသည် အနည်းဆုံး လုံးပတ် လေးပေခန့်ရှိ၍ အလျား ၁၀-ပေ, ၁၅-ပေခန့် ရှိသော အင်ကြင်း ကျောက်ချောင်းကြီးကို နှစ်ဘက် ကြိုးချည်၍ ချိတ်ဆွဲကာ သစ်သားတုတ် စသည်ဖြင့် ထိုးရိုက်၍ တီးရသည်။ ကျောက်စည်ဟု ခေါ်၏။

http://www.dhammadownload.com



ယောဂီရဟန်းတော်များသည် နေဝင်သည်နှင့် တပြိုင်နက် မိမိတို့ နေမြဲနေရာ၌ တရားရှုမှတ်ရန်လည်း ကျောက်စည်ဖြင့် အချက်ပေးကြလေသည်။ မထေရ်တပါးသည် ညအခါ လျှောက်နေကျ စင်္ကြံလမ်းမှ ဖဲ့ဆင်းကာ လမ်းလျှောက်သွားစဉ် အမှိုက်များဖုံးနေသော သစ်ငုတ်ချွန်တခုကို ခပ်ပြင်းပြင်း နင်းချလိုက်မိရာ သစ်ငုတ်မှာ ခြေဖမိုးကိုပင် ပေါက်ထွက်သွား၏။ သံချောင်းကို မီးဖုတ်၍ ထိုးလိုက်သကဲ့သို့ မချိမဆံ့ နာကျင်သွားသည်။

မထေရ်မှာ ချက်ချင်း ထိုနေရာ၌ပင် ဖင်ထိုင်၍ ကျသွား၏။

'အင်း....ငါဟာ ဒီဒြောင့်ကိုပဲဂရုစိုက်ပြီး နုတ်ရမလား။ တသံသရာလုံးက စူးလာတဲ့ ကိလေသာဒြောင့်ကို နုတ်ရမလား။ အဲလေ....ခုစူးတဲ့ဒြောင့်က အပါယ်လေးပါးဘေးကြီး၊ သံသရာဘေးကြီးတွေဖြစ်အောင် မလုပ်နိုင်ဘူး။ ကိလေသာဒြောင့်ကြီးကသာ မင့်ကို အပါယ်ချလိမ့်မယ်။'

မထေရ်သည် ဤဆုံးဖြတ်ချက် စိတ်ကူးရသည်နှင့် ချက်ချင်း ထိုင်ရာမှ ပြန်ထကာ တညလုံး စင်္ကြံလျှောက်ယင်းပင် ရှုမှတ်တော်မူလေသည်။ ခြေထောက်က နာသည်ကိုပင် ဂရုမစိုက်တော့ချေ။ (ဝေဒနံ အဇ္ဈောဟာရိကံ ကတွာ။) မိမိ ရှုမှတ်မြဲ မူလ ကမ္မဋ္ဌာန်း (ကြွတယ်....လှမ်းတယ်....ချတယ် စသည်)ကိုသာ အထူး ဝီရိယစိုက်၍ ရှုမှတ်ရာ မိုးစင်စင်လင်းလေ၏။

မိုးလင်းမှပင် အနီးရှိ သီတင်းသုံးဖော် ရဟန်းတပါးအား လှမ်း၍အသံပြုလိုက်ရာ ထိုရဟန်းက—

"အရှင်ဘုရား....၊ ဘာကိစ္စရှိပါသလဲ"ဟု မေး၏။

"တပည့်တော် ခြေထောက်မှာ သစ်ငုတ်စူးနေတာ ပြောချင်လို့ပါဘုရား။"

"အို....၊ ဘယ်အချိန်က စူးတာပါလဲ။"

"ညဦးပိုင်းကတဲက စူးတာပါဘုရား။"

"အို....၊ ဖြစ်မှဖြစ်ရလေ....၊ဘာဖြစ်လို့စူးတုန်းက အသိမပေးရတာလဲဘုရား၊ တပည့်တော်ကို အသံပြုလိုက်ရောပေါ့။ ချက်ချင်းနုတ်ပြုပြီး ဆီကလေး ဘာကလေး မလိမ်းရ၊ မထည့်ရလေလား ...။"

"မှန်ပါတယ် ငါ့ရှင်....၊ ဒါပေမယ့် တပည့်တော်မှာ တသံသရာလုံးက စူးဝင်နေတဲ့ ကိလေသာ ဒြောင့်ကိုပဲ ကြိုးစားပြီး နုတ်တော့မယ်လို့ အောက်မေ့မိတာနဲ့ ငါ့ရှင်တို့ကို အသိမပေးမိတာပါ။"

"ဒီလိုဆိုယင် အဲဒီ ဒြောင့်ကို အကုန်ကျွတ်အောင် နုတ်နိုင်ပါပြီးလား ဘုရား။"

http://www.dhammadownload.com



"အင်း....ငါ့ရှင်....၊ တစိတ်တဒေသတော့ နိုတ်နိုင်သွားပါပြီ။"

"အင်း....၊ ဒီလိုဆိုလဲ သာဓုပါဘုရား။ သာဓု-သာဓု....။"

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ခဇ္ဇနီယယုတ် (သံ-၂၊ ၇၁)၌ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည် အမြဲတမ်း မျိုဝါး စားသောက် နှိပ်စက်နေကြောင်း ဟောတော်မူ၏။

ခန္ဓာကိုယ် ရုပ်တရားကြီးသည် အပူကြောင့်လည်း ဖောက်ပြန်ရ၊ အအေးကြောင့်လည်း ဖောက်ပြန်ရ၊ မွတ်သိပ် ဆာလောင်ခြင်းကြောင့်လည်း ဖောက်ပြန်ရ၊ မှက်၊ ခြင်၊ လေ၊ နေပူ၊ ကင်း၊ မြွေ စသည်တို့ကြောင့်လည်း ဖောက်ပြန်ရ၊ အမြဲတမ်း ခဲစားဝါးမျို၍ နှိပ်စက်နေသည်ကို မြင်သော အရိယာသာဝကသည် ထိုရုပ်ကြီး၌ ငြီးငွေ့ရှံမုန်းလာ၏။ ဖျက်ဆီးပစ်ရန်ကိုသာ လိုလား၏။ ကြီးထွားမှု မဖြစ်စေလိုတော့။ စွန့်ပယ်ရန်သာကြိုးစား၏။ စွဲလမ်းခင်တွယ်မှုမထား။ ချုပ်ငြိမ်း ပြတ်စဲရအောင်သာ ကြိုးစား၏။ တောက်လောင်အောင် မလုပ်တော့ကြောင်း ဟောတော်မူထားသည်။

ကဏ္ဍကဝိဒ္ဓ (သစ်ငုတ်စူးသော) မထေရ်လည်း ယင်းသို့ တနည်းမဟုတ် တနည်း ဆင်းရဲ၍ဆင်းရဲ၍သာနေရသော ခန္ဓာကိုယ်ကြီးကို မညှာမငဲ့။ ချုပ်ငြိမ်းမှု ရအောင်သာ ကြိုးစားလေရာ အရိယာပုဂ္ဂိုလ် အဖြစ်သို့ ရောက်တော်မူလေသည်။ (သံ-ဋ္ဌ-၂၊ ၂၇၂-ခဇ္ဇနီယသုတ် အဖွင့်။)

တရားရှုမှတ်ရာ၌ ရုပ်နာမ် နှစ်ပါးတွင် ရုပ်သည် ရှုရလွယ်၏။ ပေါ်လွင်၏။ နာမ်တရားတို့တွင် ဖဿ, စိတ္တ, ဝေဒနာ သုံးမျိုးသည် ပေါ်လွင်၏။ ထိုတွင် ဝေဒနာသည် အပေါ်လွင်ဆုံးဖြစ်၏။ ရှုရလွယ်သည်, ပေါ်လွင်သည်ကို ရှုမှတ်မှ တရားထူးအရမြန်လေသည်။ ဒုက္ခဝေဒနာသည် ကြောက်စရာမဟုတ်ချေ။

"ယောဂီတို့ရဲ့ တရားထူးဝိသေသ=ထူးခြားမှုဆိုတာ ဒုက္ခတွေ့ရတဲ့ အလှည့်မျိုးမှာမှ ပိုပြီးဖြစ်ပေါ်လာတတ်တယ်"ဟု ကျားစားခံရသောမထေရ်၏ သီတင်းသုံးဖော်များ လှမ်းအော်၍ ပြောသောစကားမှာ အလွန် မှတ်သားထိုက်ပေစွ။

## လက်ဖွဲ့ကျော်ဘဝမှ ရင်ဝလှံစူး၍ ရဟန္တာ ဖြစ်သွားသော ပီတမလ္လ ထေရ်

ရှေးအခါက အဝါရောင်အလံကို ကိုင်ဆောင်၍ လက်ဝှေ့ လက်ပမ်း သတ်သော သူတယောက် ရှိခဲ့၏။ ပီတ မလ္လ ဟုခေါ်သည်။ ပဏ္ဍုတိုင်း, စောဠ တိုင်း, ဂေါဠတိုင်း နိုင်ငံတို့၌ လှည့်လည်၍ လက်ဝှေ့လက်ပမ်း သတ်လေ့ရှိရာ သီဟိုဠ်မင်းများသည် လက်ဝှေ့သမားများအား ပို၍ ချီးမြှင့် မြှောက်စား အား

http://www.dhammadownload.com



ပေးတတ်ကြသဖြင့် ပီတ မလ္လသည် သီဟိုဠ်ကျွန်းသို့ အဝါရောင် အလံကိုင်ကာ ရောက်ရှိလာခဲ့သည်။

ပီတ မလ္လသည် သီဟိုဠ်ဘုရင့် နန်းသုံးလက်ဝှေ့သမားဖြစ်လာကာ တနေ့သောအခါ ဖျာရိုင်များကို ရောင်းချသော ဈေးလမ်းဖြင့် ကိစ္စ တခု အတွက် သွားလာနေစဉ် တရားဟောသံတသံကို ကြားလိုက်မိ၏။

"ရဟန်းတို့....၊ ဤရုပ်ခန္ဓာသည် သင်တို့ဟာ မဟုတ်ချေ။ ထိုရုပ်ခန္ဓာ၌ (တွယ်တာနေသောတဏှာ)ကို ပယ်စွန့်ကြကုန်လော့။ ထိုသို့ပယ်စွန့်နိုင်ပါမူ သင်တို့အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာ အမှန်ဖြစ်ပေလိမ့်မည်။"

ပီတမလ္လ ရုတ်တရက် ကြားလိုက်မိသော တရားသံမှာ ထိုမျှသာ ဖြစ်၏။ သံယုတ်ပါဠိတော် 'နတုမှာကဝဂ်' လာ တရားတော်ပင် ဖြစ်သည်။ ထိုတရားဓမ္မသံကို ကြားရလျှင် သူ၏စိတ်၌မမှေ့ာ်လင့်ပဲ ထပ်ကာထပ်ကာ စဉ်းစားနေမိ၏။

"နေ၀ ကိရ ရူပံ အတ္တနော=ဒီရုပ်ခန္ဓာကြီးဟာ ကိုယ့်ဟာမဟုတ်ဘူးဆိုပါလား....၊ နဝေဒနာ=ခံစားတာလဲ ငါ(ကိုယ်ပိုင်) မဟုတ်ဘူး ..တဲ့။"

ထိုတရားစကားတခွန်းသည်ပီတမလ္လ၏ယစ်မူးတွေဝေနေသောစိတ်ဆင်ရိုင်းကြီးကို ရုတ်တရက်ချွန်းအုပ်လိုက်သကဲ့သို့ ဖြစ်သွားတော့သည်။ ထိုသို့ ရုတ်တရက် ထိုးနှက်လိုက်သော တရားချွန်းချက် တချက်သည် ပီတ မလ္လအား မဟာဝိဟာရ ကျောင်းတော်ကြီးဆီသို့ တွန်းပို့လိုက်လေ၏။

မဟာဝိဟာရ မထေရ်ကြီး များထံ ရှင်ရဟန်းပြုခွင့် တောင်းခံလေ၏။ ရဟန်းပြု၍ ဒွေမာတိကာ (ဝိနည်းဥပဒေ)ကို သင်ယူပြီးနောက် အဖော်ရဟန်းတော် သုံးကျိပ်ကို ခေါ်ဆောင်ကာ ဂဗလဝါလိယအင်္ဂဏ အရပ်သို့သွားရောက်၍ သမထ,ဝိပဿနာတရားတို့ကို ကြိုးစားအားထုတ်လေသည်။

ပီတ မလ္လထေရ်သည် ကြွတယ်....လှမ်းတယ်....ချတယ်....စသော သတိပဋ္ဌာန် ဣရိယာပထပိုင်း၊ သမ္ပဇညပိုင်းကို စင်္ကြံ လျှောက်၍ အထူး ရှုမှတ်တော်မူရာ ခြေဖဝါးများ ကျိန်းစပ်နာကျင်လာကာ လုံးဝ လျှောက်၍မရသော အခြေအနေသို့ ရောက်တော်မူလေသည်။

သို့နှင့် စင်္ကြံမလျှောက်တော့ပဲ ထိုင်ပြီး နာကျင်သော ဝေဒနာနှင့် ကိုယ်အမူအရာများကို ပြောင်းလဲရှုမှတ်ရလေ၏။ ထိုင်၍ မှတ်ဖန်များလာလျှင် အိပ်ချင်သောစိတ်က ဝင်လာပြန်သည်။ ထိုစိတ်ကိုလည်း ရှုမှတ်ကြည့်ရာ နောက်ဆုံးထိနမိဒ္ဓကို မလွန်နိုင်ပဲရှိနေ၍ စင်္ကြံလျှောက်ရန် ထိုင်ရာမှ ထလေ၏။ ထိုင်ရပ်မှ ထရပ်အစဉ်များကိုလည်း မလွတ်အောင်မှတ်ယင်း စင်္ကြံလျှောက်ရာ ခြေဖဝါးများ နာကျင်လွန်းလှသဖြင့် မလျှောက်နိုင်ပဲ ရှိလေ၏။

http://www.dhammadownload.com



သို့နှင့် ပီတမလ္လသည် မလျော့သောလုံ့လဖြင့် ထိနမိဒ္ဓကို တွန်းလှန်ရန် ဒူးခေါင်းနှစ်လုံးဖြင့်သာ စင်္ကြံကြွရလေသည်။ သီတင်းသုံးဖော်များလည်း ကိုယ့်နေရာနှင့်ကိုယ် အသီးအသီး နေရာယူ ရှုမှတ်နေကြစဉ် တခုသောညတွင် မုဆိုးတဦးသည် ဒူးခေါင်းနှစ်လုံးဖြင့် တလှုပ်လှုပ်စင်္ကြံလျှောက်နေသော အရှင်ပီတမလ္လမထေရ်အား သားကောင်မှတ်ထင်၍ လှံဖြင့် ထိုးသွင်း လိုက်လေ၏။ လှံမှာ ရင်ဝ၌ ဒိုးယိုပေါက်ကာ ထိုနေရာ၌ပင် လဲကျသွားလေသည်။

သီတင်းသုံးဖော် မထေရ်များအား လှံကို အနုတ်ခိုင်းကာ တသွင်သွင် စီးဆင်းလာသော သွေးများ ရပ်တန့်သွားစေရန် မြက်များကို လုံးကျစ် စည်းနှောင်၍ ဒဏ်ရာကို ပိတ်ဆို့ခိုင်း၏။ ပြီးလျှင်—

“ငါ့ရှင်တို့၊တပည့်ဘော်ကို ဟောဟို ကျောက်ဖျာကြီးပေါ်မှာ တင်ထားပေးခဲ့ကြပါ။ ငါ့ရှင်တို့လဲ ကိုယ့်နေရာ ကိုယ်သွားပြီး ကိုယ့်တရား ကိုယ်သာ ရှုမှတ်တော်မူကြပါဘုရား။ တပည့်တော်ကိုလဲ ခုလိုအချိန်မှာ လွတ်လွတ်လပ်လပ် ရှုမှတ်နိုင်အောင် အခွင့်ပေးတော်မူကြပါ”ဟု ပြောဆိုခွင့်တောင်းကာ မိမိခံစားနေရသော ဒုက္ခဝေဒနာကိုသာ တွင်တွင်ကြီး ရှုမှတ်တော်မူလေ၏။

“ရူပံ ဘိက္ခဝေ နတုမှာကံ=ရဟန်းတို့၊ ဤရုပ်ခန္ဓာသည် သင်တို့ဟာ မဟုတ်ချေ။ တံ ပဇဟထ=ထို ရုပ်ခန္ဓာ၌ (တွယ်တာနေသောတဏှာ)ကို ပယ်စွန့်ကြကုန်လော့။”

အရှင် ပီတမလ္လထေရ်၏စိတ်၌ ထိုတရားသံသည် ထပ်မံ၍ ကြားနာနေရသကဲ့သို့ဖြစ်ကာ အထူး စိတ်တက်ကြွလာပြီးလျှင် ခန္ဓာကိုယ်ကို အမှုမထားပဲ ဝိပဿနာကို ရှုပွားတော်မူရာ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာ ဖြစ်တော်မူလေ၏။

ထိုအချိန်၌ပင် အရှင်ပီတမလ္လထေရ်အား အကဲခတ်ရန် သီတင်းသုံးဖော်အချို့ ချောင်းညှို့သံပေးပြီး အနီးသို့ ရောက်လာကြ၏။ ထိုအရှင်များရှေ့၌ပင် အရှင်ပီတမလ္လထေရ်သည် အရဟတ္တဂုဏ်ကို ထုတ်ဖော်၍ တိုက်တွန်းသောအားဖြင့် ဥဒါန်းကျူးရင့်တော်မူလေသည်။

ဘာသိတံ ဗုဒ္ဓသေဋ္ဌဿ၊ သဗ္ဗလောကဂ္ဂဝါဒိနော။
နတုမှာကံ မိဒံ ရူပံ၊ တံ ဇဟေယျာထ ဘိက္ခဝေါ။

> “ငါ့ရှင်တို့၊ တလောကလုံးတွင် အမြတ်ဆုံးသော အယူဝါဒရှိတော်မူ၍ အမြတ်ဆုံးသော ဓမ္မကို ဟောကြားဘော်မူတတ်သော ဘုရားမြတ်စွာ၏(တပည့်တော်အတွက် ပေးသနားတော်မူခဲ့သော) မိန့်ခွန်းဘော်မှာ ‘ရဟန်းတို့၊ဤရုပ်ခန္ဓာသည် သင်တို့ဟာ မဟုတ်

http://www.dhammadownload.com



ချော။ ထိုရုပ်ခန္ဓာ၌ တွယ်တာနေသော တဏှာကို ပယ်စွန့်ကြကုန်လော့’ဆိုတဲ့ တရားတော်ပဲ ဖြစ်ပါတယ်ဘုရား။”

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ ။

“ငါ့ရှင်တို့၊ ဖြစ်ပျက်မှု သဘောမျှသာရှိသော သင်္ခါရတရားတို့ဟာ အမြဲမရှိပါကလား။ တပည့်တော်သန္တာန်၌ရှိသော ရုပ်နာမ်သင်္ခါရတရားတွေဟာလဲ ဖြစ်ပြီး ချုပ်ပျောက်ကုန်ကြပါတယ်။ တပည့်တော်မှာ ထိုသင်္ခါရဓမ္မအားလုံး၊ ခဏမစဲ တဖွဲဖွဲ နှိပ်စက်နေသော ရောဂါအားလုံး ကင်းပျောက် ချုပ်ငြိမ်းသွားပြီဖြစ်၍ အတုမရှိ ချမ်းသာရပါပြီ ငါ့ရှင်တို့။”

ထိုအခါ သီတင်းသုံးဖော်များက အရှင်ပီတ မလ္လအား ဝိုင်းဝန်းကြည့်ရှုကာ—

“အရှင်ဘုရား....ပီတမလ္လ၊ မြတ်စွာဘုရားရှင်သာ သက်တော်ထင်ရှားရှိတော်မူပါသေးလျှင် အရှင်ဘုရားရဲ့ဦးခေါင်းတော်ကို ရွှေလက်တော်ဆန့်တန်းပြီး ချီးမွမ်းအားပေးတော်မူကာ သုံးသပ်တော်မူမှာ မလွဲပါဘုရား”ဟု ဝမ်းသာချီးကျူးစကား ပြောဆိုကြစဉ် အရှင်ပီတမလ္လ ပရိနိဗ္ဗာန် စံတော်မူလေ၏။ (မ-ဋ္ဌ-၁၊ ၂၃၉။ ဒီ-ဋ္ဌ-၂၊ ၃၄၀-မဟာသတိပဋ္ဌာနသုတ်အဖွင့်နှင့် ဋီကာများ။)

## သူ့ကျွန်မခံတော်လှန်ရေး

နာ’ဟံ ဒါသော ဘဋ္ဌော တုယှံ၊ နာ’ဟံ ပေါသေမိ’ဒါနိ တံ။
တွံ’မေဝ ပေါသေန္တော ဒုက္ခံ၊ ပတ္တော ဝဋ္ဋေ အနပ္ပကံ။ ။

ဘော=တွင်းပနှစ်တန်၊ အန္တရာယ်များလှသော အိုးခန္ဓာကိုယ်ယုတ်၊ အကောင်ပုပ်ကြီး။ အဟံ=ငါကား။ တုယှံ=သင်၏။ နဒါသော=မရုန်းထွက်နိုင်၊ အပိုင်ကျွန်လည်း မဟုတ်။ န ဘဋ္ဌော=နေ့စားလစား၊ အခစားယူသည့် အစေခံကူလီလည်း မဟုတ်။ ဣဒါနိ=ဘုရား အဆုံးအမ၊ ရပြီဖြစ်သော ယခုမှုကား။ အဟံ=ငါသည်။ တံ=သင်ခန္ဓာကိုယ်ယုတ်၊ အကောင်ပုပ်ကြီးကို။ နပေါသေမိ=အလိုလိုက်၍၊ အကြိုက်ပေးကာ၊ မမွေးမြူနိုင်တော့ပါ။ တွံဧဝ=ပြုပြင်တိုင်းပင်၊ ကောင်းမထင်ပဲ၊တွင်တွင်ပျက်ချုပ်၊သင်အကောင်ပုပ်ကြီးကိုသာလျှင်။ ပေါသေန္တော=အလိုလိုက်၍၊ အကြိုက်ပေးကာ၊ မွေးမြူခဲ့မိပါသောကြောင့်။ အဟံ=ငါသည် သာလျှင်။

http://www.dhammadownload.com



ဝဋ္ဋေ=တပြောင်းပြန်ပြန်၊ စုန်ဆန်နစ်မြဲ၊ သံသရာ ဝဋ်ဆင်းရဲ၌။
အနပ္ပကံ ဒုက္ခံ=သင်္ချေသချာ၊ မရေသာအောင်၊ များစွာသော
ဆင်းရဲ အမျိုးမျိုးကို။ ပတ္တော=ရောက်ခဲ့ရ၊ ရခဲ့လှလေပြီ။
(ရှေးဆရာများ။)

## ရောဂါဖြစ်တာ ဝမ်းသာစရာ
## နာတာရှည်လေ ကောင်းလေ

ရောဂါဝေဒနာ တစုံတခုဖြစ်လာလျှင် အတိတ်ကံကိုချည်း မယိုးရ၊ ပုဗ္ဗေကတ ဟေတုဒိဋ္ဌိ ဖြစ်တတ်သည်။

## ရောဂါဖြစ်ရာအကြောင်းရှစ်မျိုး

အဘိဓမ္မာအလို 'ဖဿပစ္စယာ ဝေဒနာ' ဖဿကြောင့်ဟု သိရ၏။ သုတ္တန်အလို အကြောင်းရှစ်မျိုးကြောင့်ဖြစ်ကြောင်း သီဝကသုတ်(သံ-၂၊ ၄၂၈)နှင့် ဂိရိမာနန္ဒသုတ် (အံ-၃၊ ၃၄၂-ဒသက)တို့၌ ဟောတော်မူ၏။ ရှစ်မျိုးတို့ကား–

၁။ ၂။ ၃။ လေ၊ သည်းခြေ၊ သလိပ် ဒေါသသုံးပါး တပါးပါးကြောင့်၊

၄။ ထိုသုံးမျိုး ပေါင်းဆုံခြင်း (ဒွန္ဒဝန်း, သန္နိပါတ်ကြောင့်)၊

၅။ ဥတု မမျှတခြင်းကြောင့်၊

၆။ ဣရိယာပုထ် အနေအထိုင် မမျှတခြင်းကြောင့်၊

၇။ သူတပါးလုံ့လ ထိခိုက်ဒဏ်ရာကြောင့်၊

၈။ ကံကြောင့်။

ကပ်ကြီးသုံးပါး ဆိုက်ရောက်ပုံကို ပြရာတွင်ကား မောဟ (စားမှု နေမှု နမော်နမဲ့လုပ်ခြင်း)ကြောင့် ရောဂန္တရကပ် ဆိုက်ရောက်ရသည်ဟု ဆိုသည်။ သဘောအချုပ်ကိုကြည့်လျှင် မှန်လှပါပေ၏။

သွေးတိုး၊ ဆီးချို၊ လေငန်း၊ ပန်းနာ၊ တီဘီ စသည်ဖြင့် ရောဂါအမည်တွေ များလှသော်လည်း 'အရင်းစစ်၊ အမြစ်မြေက'ဆိုသကဲ့သို့ အကြောင်းရင်းမှာ တခုတည်းသာ ဖြစ်သည်။ မောဟ စသော ကိလေသာတို့ကြောင့်ချည်း ရောဂါဝေဒနာ ဖြစ်ကြရလေသည်။ (လူအများ နေ့စဉ်နှင့်အမျှ လောဘဇောလောင်ပုံ၊ မနာလိုဝန်တို မီးလောင်ပုံ၊ ဒေါသမီးလောင်ပုံတို့ကို ချဲ့ထွင်ကြည့်ပါ။ ကိလေသာနာချည်းဖြစ်ကြောင်း သဘောပေါက်လာပါလိမ့်မည်။)

http://www.dhammadownload.com



## နေမကောင်း၍ သေလျှင် နတ်ပြည်ရောက်နိုင်

ရောဂါဖြစ်တာ အသိဉာဏ်ရှိလျှင် ဝမ်းသာစရာကောင်းလှ၏။ 'နာတာရှည် ဖြစ်လေ ကောင်းလေ'ဟု ဆိုရမည်ကဲ့သို့ရှိသည်။ ကပ်ကြီးသုံးပါးအကြောင်းကို ဖွင့်ဆိုရာ (ဒီ-ဋ္ဌ-၃၊၃၇-စက္ကဝတ္တိသုတ်အဖွင့်)၌—

၁။ လောဘ- အငတ်ဘေး- ပြိတ္တာဘုံသို့၊

၂။ ဒေါသ- လက်နက်ဘေး- ငရဲဘုံသို့၊

၃။ မောဟ- အနာရောဂါဘေး- နတ်ပြည်သို့၊

ဤခွဲတမ်းမှာ ရောဂါဝေဒနာရှင်များအတွက် စိတ်သက်သာရာ ရှိပေ၏။ 'ရောဂါဖြစ်၍ နတ်ပြည်ရောက်သည်' ဆိုရာ၌ အတန်ငယ် ဆန်းကြယ်သကဲ့သို့ ရှိသော်လည်း အဋ္ဌကထာ ဆရာကြီးက—

"ယခု ငါ ခံစားနေရသကဲ့သို့ သတ္တဝါတွေ မခံစားကြရပါစေနှင့်၊ ချမ်းသာကြပါစေ"ဟူသော မေတ္တာစိတ်များ ဝေဒနာခံစားရတိုင်း ဖြစ်ပေါ်တတ်သောကြောင့်ဟု ဆိုလေသည်။ သဘာဝရှိလှ၏။

ရောဂါဝေဒနာဖြစ်၍ ကြောက်သူ၊ စိတ်ဆင်းရဲ စိတ်တိုသူ (ဒေါသ) လူမမာ မေးသူရှိမှ၊ ယုယပေးမှကြိုက်သူ(လောဘ)၊ ဝေဒနာကို မရှုမှတ်နိုင်လောက်အောင် တွေဝေသူ (မောဟ)တို့ကား ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်သုံးမျိုးဖြင့် ခွဲတမ်းချရမည်သာ ဖြစ်လေသည်။

ထို့ကြောင့် သလ္လသုတ်၌ အသိဉာဏ်ရှိသူအတွက် တရားရနိုင်၍ အသိဉာဏ်မဲ့သူအတွက် ဆူးစူးရာ ဆူးနှင့် ထပ်၍ ထွင်သကဲ့သို့ ရောဂါဝေဒနာကြောင့် ပဋိဃာနုသယ (ဒေါသ)နှင့် ကာမရာဂါနုသယ (လောဘ)များ ဖြစ်တတ်၍ အနာပေါ်နှစ်နာဆင့်ကာ ဒုက္ခရောက်တတ်သည်ဟု ဟောတော်မူ၏။ (သံ-၂၊၄၀၉။)

မူလပဏ္ဏာသ- သဗ္ဗာသဝသုတ်လည်း သုခ,ဒုက္ခကို သည်းမခံနိုင်၍ ကိလေသာ အာသဝေါတရား လေးပါးလုံး လုံးထွေးရစ်ပတ် နှိပ်စက်လာတတ်ကြောင်း ဟောတော်မူထားလေသည်။ (မ-၁၊ ၇။)

## အရှင်ဂိရိမာနန္ဒ နေမကောင်းစဉ်က

အရှင်ဂိရိမာနန္ဒမထေရ် နေမကောင်းရှိနေစဉ် အရှင်အာနန္ဒာက ဘုရားရှင်ထံမှ လူမမာအား ဟောပြရန်. တရားများ လျှောက်ထား မှတ်သားခဲ့ပြီး အရှင်ဂိရိမာနန္ဒအား ဟောပြပေးတော်မူရာ ချက်ချင်း ကျန်းမာသွား၏။ လူနာအား နှလုံးသွင်းခိုင်းသော တရားမှာ-

http://www.dhammadownload.com



အနိစ္စသညာ၊ အနတ္တသညာ၊ အသုဘသညာ၊(ခန္ဓာကိုယ်အပြစ်)အာဒီနဝ သညာ၊ (ဝိတက်ပယ်ရန်) ပဟာနသညာ၊ (နိဗ္ဗာန်ချမ်းသာ အာရုံပြုရန်) ဝိရာဂ သညာ၊ နိရောဓသညာ၊ (တလောကလုံး၌ မတွယ်တာရန်) သဗ္ဗလောကေ အန ဘိရတ သညာ၊ (သင်္ခါရတရား အားလုံးအပေါ် ငြီးငွေ့စက်ဆုပ်ရန်) သဗ္ဗသင်္ခါ ရေသု အနိစ္စာသညာနှင့် အာနပါနဿတိရှုပွားခြင်းအားဖြင့် ဆယ်မျိုးဖြစ်၏။

ယောဂီကား မိမိ ထင်လွယ် မြင်လွယ်ရာ၊ သို့မဟုတ် အမြဲ ရှုမှတ်နေကျ တရားကို ပို၍ ဖိဖိစီးစီးရှုလျက် ကိစ္စပြီးနိုင်သည်ပင်ဖြစ်၏။ တရားရှုမှတ်ခြင်းသည် ဗောဇ္ဈင်္ဂဘာဝနာပင် ဖြစ်၍ ရှုမှတ်၍ ဖြစ်ပေါ်လာသော ပီတိသုခစသော အအေး ဓာတ်၊ အငြိမ်းဓာတ်များကြောင့် စိတ်ကြည်လင်၍ စိတ္တဇရုပ် စသည်တို့ ကြည်လင် လာကာ ရောဂါဖြစ်ရကြောင်း ဗောဇ္ဈင်္ဂသုတ် အဋ္ဌကထာတို့၌ အတည့်အလင်း ဟောကြား ဖွင့်ဆိုထားပြီး ရှိလေပြီ။

ယခုအခါ မည်သည့် ဆေးနှင့်မျှ မပျောက်နိုင်သော ရောဂါကြီးများ တရားရှုမှတ်ရုံနှင့် အံ့ဩလောက်အောင် လက်တွေ့ပျောက်သူ ယောဂီများ များလှ ပေပြီ။

[ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ 'သမ္မာပရိဗ္ဗာဇနီယ သုတ် တရားတော်'၊ 'တက္ကသိုလ်တရားတော်'များနှင့် ကျွန်ုပ်တို့ ရေးခဲ့ သော 'အနာဂါမ် ဆရာသက်ကြီး' စာအုပ်များ၌ ကိုယ်တွေ့ဝတ္ထုများ များစွာရှိလေပြီ။]

အရှင်ဥတ္တိယမထေရ်လည်း နေမကောင်းလာသည်နှင့် တပြိုင်နက် တရား ကိုသာ မဲတင်း၍ ရှုမှတ်ရာ ရောဂါပျောက်ကင်းကာ တရားရလေသည်။

အာဗာဓေ မေ သမုပ္ပန္နေ၊ သတိ မေ ဥဒပဇ္ဇထ။
အာဗာဓော မေ သမုပ္ပန္နော၊ ကာလော မေ နပ္ပမဇ္ဇိတုံ။

"ရောဂါဖြစ်လာသည်နှင့် အပ္ပမာဒသတိထားနိုင်လာ၏။ ငါ့မှာ ရောဂါတော့ ဖြစ်လာပြီ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေလို့ (လျော့ယှဲလျှဲရှုမှတ်ဒနလို့)မတော်တော့ဘူး။"(ဥတ္တိယတ္ထေရဂါထာ-ဝိမာနဒီ—၂၂၆။)

## နကုလပိတု ဒကာကြီးအိုနာ

ရောဂါဝေဒနာဟူသည် သတ္တဝါတို့၌ အမြဲတမ်း နှိပ်စက် ခံနေရသည်သာ ဖြစ်၏။ တရံမလပ်ပေ။ ရောဂါကြီးနှင့် ရောဂါကလေးသာ ခြားနား၏။ လူတိုင်း သေမျိုးဖြစ်၏။ သေသည်မှာ သေလောက်အောင် နာသောကြောင့်သာ သေကြ ရလေသည်။

http://www.dhammadownload.com



သေခါနီးမှ လေ့ကျင့်၍ မရပြီ။

ဘုရားလက်ထက်တော်က ဘဂ္ဂါးရာ ခမည်းတော် ဖြစ်ခဲ့ဖူးသော နကုလပိတု ဒကာကြီး နေ့စဉ် ဘုရားရှင်ထံ လာနေကျရှိနေရာမှ အိုမင်းလာသောအခါ မကြာခဏမလာရောက်နိုင်တော့၍ တရားချီးမြှင့်ရန် တောင်းပန်ရာ ဘုရားရှင်က-

"ဒကာကြီး....၊ ဤခန္ဓာကိုယ်ကြီးကား အမြဲနှိပ်စက် နာကျင်လျက်သာ နေ၏။ ကွဲပျက်လွယ်သော ဥသဖွယ် ဖြစ်၏။ အရေပါးဖြင့် မြှေးယှက်ထား၍ (ပြင်ပအန္တရာယ်) ထိပါးလွယ်၏။ ဒကာကြီး....- ဤသို့သဘောရှိသော ခန္ဓာကိုယ်ဝန်ကြီးကို သယ်ပိုးစောင့်ရှောက်နေရပါလျက် အကြင်သူသည် တခဏကလေးမျှလည်း ကျန်းမာပါသည်ဟု ဝန်ခံငြားအံ့။ ထိုသူအား မိုက်မဲခြင်းမှတပါး အခြားအကြောင်း မရှိပြီ။

"ဒကာကြီး....၊ ထို့ကြောင့်ပင်လျှင် 'ငါသည် ငါ၏ ခန္ဓာကိုယ်ကြီးပင်နာသော်လည်း ငါ့စိတ်ကိုမူ မနာစေရ'ဟု ဤသို့ လေ့ကျင့်ဆောက်တည်ရမည်"ဟု မိန့်တော်မူလေသည်။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် ခန္ဓာငါးပါး၌ 'ငါ ငါ့ဟာ၊ ငါနာသည်၊ နာတာ ငါ့ဥစ္စာ' စသည်ဖြင့် မသုံးသပ်ရန် ဆက်လက် ဟောပြတော်မူလေသည်။


အရိယာပုဂ္ဂိုလ်တို့ကား ကိုယ်ပင်နာသော်လည်း စိတ်နာရှိုးထုံးစံမရှိကြချေ။ (သံ-၂၊ ၁-နကုလပိတုသုတ်။)

ယခုအခါ ရှုမှတ်နည်းများ ထင်ရှားပွင့်လင်းလှသဖြင့် အထူးမရေးတော့ပြီ။ တရားရှုမှတ်ခြင်းသည်ပင် ကိလေသာကို သတ်ခြင်းဖြစ်ရာ ကိလေသာကြောင့် ဖြစ်သော ရောဂါဝေဒနာမှန်သမျှ ချုပ်ငြိမ်းရမြဲသာ ဖြစ်သည်။ ယောဂီများ ကိုယ်တွေ့များလှလေပြီ။

ရက္ခိတောပိ အဂုတ္တောဝ၊
ကာယော ဘယမုခေ ဌိတော။
တသ္မာ ကာယံ အနပေက္ခိတွာ၊
ဓမ္မံ စရေယျ ပဏ္ဍိတော။ ။ (နီတိ)

"ခန္ဓာကိုယ်ကြီးကား ဝတ်စားတန်ဆာ ဣရိယာပထ စသည် ပြောင်းလဲပေးကာ အမြဲ စောင့်ရှောက်နေသည့် ကြားထဲကပင်လျှင် လုံခြုံသည်ဟူ၍ကား မရှိ။ ဘေးမျိုးစုံတို့၏ နှုတ်ခမ်းဝ၌သာ မေးတင်လျက်ရှိနေ၏။ ထို့ကြောင့် ပညာရှိသူတော်ကောင်းသည် ခန္ဓာကိုယ်ကြီးကို ငဲ့ကွက်ထောက်ညှာခြင်းမပြု၊ လျစ်လျူရှုထားပြီးလျှင် မိမိတရားကိုသာ ရှုမှတ်ကျင့်ပွားရာ၏။"

http://www.dhammadownload.com



# အခန်း (၆)

# သွားလာလုပ်ကိုင် ယင်း ရှုမှတ်မှုအရာ စံတော်ဝင် မထေရ်များ

## ဘဝလုံခြုံရေး

ယထာ အဂါရံ ဒုစ္ဆန္နံ
ဝုဋ္ဌိ သမတိဝိဇ္ဈတိ၊
ဧဝံ အဘာဝိတံ စိတ္တံ
ရာဂေါ သမတိဝိဇ္ဈတိ။

အမိုးချင်းစပ်အောင် ကောင်းစွာ မမိုးအပ်သောအိမ်ကို မိုးရေပေါက်သည် ထိုးဖောက်ဖျက်ဆီးသကဲ့သို့၊ ထို့အတူ လျောင်း,ထိုင်,သွား,ရပ် အမှတ်ချင်း စပ်အောင် မရှုမှတ်နိုင်သော ယောဂီ၏စိတ်ကိုလည်း ရာဂ (ဒေါသ မောဟ) သည် ဝင်ရောက်ထိုးဖောက် နှောင့်ယှက် ဖျက်ဆီးလေတော့၏။

(ဓမ္မပဒ-၁၄-၅။)

http://www.dhammadownload.com



## အဆန်ပုဂ္ဂိုလ်=ပဋိသောတဂါမိ

"ရဟန်းတို့....၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အာရုံငါးပါးကို မခံစား၊ မကောင်းမှု ဒုစရိုက်ကိုလည်း မလွန်ကျူး။ ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်းကြောင့် မျက်ရည်ပေါက် ကြီးငယ်ကျအောင် ငိုကြွေးလျက်ကလည်း သူတော်ကောင်း တရားကို (လက်မလွှတ်။) ပြည့်စုံသည်ထက် ပြည့်စုံ၊ စင်ကြယ်သည်ထက် စင်ကြယ်အောင် ကျင့်ကြံလေ့ရှိ၏။ (သဟာပိဒုက္ခေန, သဟာပိ ဒေါမနဿေန အဿုမုခေါပိ ရုဒမာနော ပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ စရတိ။) ရဟန်းတို့ ဤပုဂ္ဂိုလ်မျိုးကို 'အဆန်ပုဂ္ဂိုလ်'ဟု ခေါ်ဆိုရသည်။"

(အံ-၁၊ ၃၁၁-စတုက္က-အနုသောတသုတ်)

http://www.dhammadownload.com



# တံမြက်လှည်းယင်း ဂုဏ်တော်ပွား၍ ရဟန္တာဖြစ်သွားသော ဖုဿ ဒေဝထေရ်

ရှေးအခါက သီဟိုဠ်ကျွန်း 'ကဋ္ဋအန္ဓကာရ' ခေါ် ကျောင်းတိုက်ကြီး တတိုက်၌ 'ဖုဿ ဒေဝ' မည်သော မထေရ်တပါး သီတင်းသုံးတော်မူ၏။

ထိုမထေရ်သည် ဗုဒ္ဓာနုဿတိ ကမ္မဋ္ဌာန်းကို အမြဲ စီးဖြန်းတော်မူသည်။ စေတီ ရင်ပြင်တော်၌ တံမြက်လှည်းခြင်းစသော စေတီယင်္ဂဏဝတ်များကိုလည်း အမြဲ ဆောင်တော်မူ၏။ တံမြက်လှည်းခြင်းစသော ဝေယျာဝစ္စများကို လုပ်ယင်း လည်း ဘုရားရှင်၏ ကျေးဇူးတော် ဂုဏ်တော်များကို နှလုံး သွင်းတော်မူသည်။

တနေ့သောအခါ စေတီရင်ပြင် တခုလုံး တံမြက်လှည်းပြီးနောက် သက်န်း ကို ယက်ဝဲတဘက် ပခုံးထက်၌ တင်လွှမ်းကာ အဝန်းညီစွာ (သေသေသပ်သပ် ချပ်ချပ်ရပ်ရပ် ညီညီညွတ်ညွတ်) ပြင်ဝတ်လျက် လက်တဘက်က တံမြက်စည်းကို ကိုင်ကာ တံမြက်လှည်းပြီး၍ ညီညာပြန့်ပြူးနေသော ရင်ပြင်တော်ကို တမျှော် တခေါ်ကြီး ကြည့်ရှုနေမိ၏။ မိမိ၏ ကုသိုလ်မှုကို ကျေနပ်အားရ ကြည်နူး၍ မဆုံးအောင် ဝမ်းမြောက် နေမိ၏။

## တံမြက်လှည်းရကျိုး ငါးမျိုး

သူများစိတ်ကြည်၊ ကိုယ်စိတ်ကြည်နှင့်၊ တလီနတ်ချစ်၊ ရောင်လှစ် ဆင်းလှ၊ သေကာလမှာ၊ ရောက်ရနတ်ပြေ၊ ဤငါးထွေသည်၊ မှတ် လေ တံမြက်လှည်းခြင်း အကျိုးတည်း။ (ဝိနည်း၊ ပရိဝါ ပါဠိတော်။ 'ရောင်လှစ်ဆင်းလှ' ဟူသည် အဆင်းလှပစေတတ်သည့် ကောင်းမှု မျိုးဟု ဆိုလို၏။)

ညီညာ ပြန့်ပြူးလျက်ရှိသော ငွေသဲသောင်ယံပမာ စေတီရင်ပြင်တော်ကို လှမ်းမျှော်ကြည့်ရှုယင်း ဗုဒ္ဓ ဂုဏ်တော်များကိုလည်း ပွားများမြဲ ပွားများနေ၏။ ရင်ထဲမှစ၍ တကိုယ်လုံး ပီတိများ စိမ့်ဖြာ၍ တက်လာ၏။ မတ်တတ် ရပ်လျက်က မျက်စိကို စုံမှိတ်ကာ အရဟံစသော ဂုဏ်တော်များကို တခုပြီးတခု နှလုံးသွင်း နေမိ၏။

http://www.dhammadownload.com



"အရဟံ = လောဘ ဒေါသ မောဟ စသည့် ကိလေသာ အပူအညစ် ခပ်သိမ်းတို့ ဝါသနာ အငွေ့ အသက်မျှ မကျန်ရအောင် အကြွင်းမဲ့ ကင်းငြိမ်းတော် မူပြီးသည်ဖြစ်၍ လူနတ် ဗြဟ္မာ သတ္တဝါ အားလုံးတို့၏ ညွတ်ရိုးဦးခိုက် အပူဇော် ခံထိုက်တော်မူပါပေသော မြတ်စွာဘုရား....။"

အတန်ကြာ နှလုံးသွင်းပြီးနောက် ရင်ပြင်တော် တောင်မြောက် လေးပါး ကြည့်လိုက်ရာ စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့မြင်လိုက်ရသဖြင့် အနည်းငယ် တရား အာရုံလျော့ပါးသွားရသည်။ အကြောင်းကား တောမျောက်ညိုကြီး တကောင်သည် နွားချေးခြောက်များကို ယူဆောင်လာကာ ရင်ပြင်တော်၌ ချေဖွ ဖြန့်ကြဲ နေသည်ကို တွေ့ရ၏။ နွားချေးခြောက်များကို ကောက်ယူ ရှင်းလင်း နေရသဖြင့် သမာဓိ လျော့ပါးသွားသည်။ နောက်ကရှင်း၊ ရှေ့က ရှုပ်ဖြင့် အလုပ်ပိုကာ တနေ့တာ ကုန်သွား၏။

နောက်တနေ့ တံမြက်လှည်းအပြီး ကြည်နူး နှစ်သိမ့်ကာ ဗုဒ္ဓ ဂုဏ်တော် အာရုံ ပီတိဖြင့် နေစဉ်၌လည်း နွားအိုကြီး တကောင် ရောက်လာပြီး စေတီ ရင်ပြင်၌ နွားချေး စွန့်ချ ပေကျံနေ၍ သုတ်သင် ရှင်းလင်း ရပြန်၏။ ရဟန္တာ ဖြစ်လောက်သော သီလ သမာဓိ ရှိသော်လည်း အနှောင့်အယှက် ဝင်လာသဖြင့် တရက်တာ ကုန်ရပြန်သည်။

သို့တိုင်အောင်လည်း မထေရ်သည် မာရ်နတ် လက်ချက်ဟု မရိပ်မိ မသိရှိ သေးချေ။

တတိယ နေ့သို့ ရောက်သောအခါ ညီညာ ပြန့်ပြူးနေသော သဲရင်ပြင်၌ သုတ်သင် လှည်းရှင်း၍အပြီး ကြည်နူး နှစ်သိမ့်ကာ ရှေးနည်းအတူ ဗုဒ္ဓ အာရုံဖြင့် နေခိုက်မှာပင် ခြေခွင် ခြေကောက်နေသူ ဒကာတယောက် ရင်ပြင်ခပါက ဖြတ်၍ လာသည်ကို တွေ့ရ၏။ ညီညာ ပြန့်ပြူးနေသော သဲများလည်း ခြေဖြင့် ဒရွတ်တိုက် ဆွဲထားသဖြင့် မညီမညာ အရာနှင့်ကြောင်းကြောင်း ကြည့်မကောင်း ရှုမကောင်း ဖြစ်သွားတော့သည်။

'တယူဇနာ ပတ်ဝန်းကျင် အတွင်းရှိ ငါ၏ ဂေါစရဂါမ် ရွာထဲမှာ ဓီလောက် ရုပ်ပျက် ဆင်းပျက် စက်ဆုပ်စရာ ကောင်းတဲ့လူ မရှိပါဘူး။ မာရ်နတ်များ ဖြစ်လေမလား'ဟု မထေရ်မှာ သံသယဝင်လာသဖြင့် "သင် မာရ်နတ်ပဲ မဟုတ်လား"ဟု မေးလိုက်ရာ—

"မှန်ပါ၊ တပည့်တော် မာရ်နတ်ပါ။ ယခု အရှင်ဘုရားကို လှည့်စား၍ မရတော့ပါ"ဟု ဝန်ခံရလေသည်။

http://www.dhammadownload.com



မထေရ်လည်း (ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းနေသူ ဖြစ်သည့်အတိုင်း ဗုဒ္ဓ အကြောင်းကိုပင် သိချင်နေသဖြင့်) မာရ်နတ်အား—

"သင် ဘုရားရှင်ကို ဖူးတွေ့ဖူးသလား"ဟု မေးတော်မူရာ ဖူးတွေ့ ဖူး ကြောင်း ဝန်ခံ၍—

"မာန်နတ်ဆိုတာ အလွန်တန်ခိုးကြီးပါတယ်။ ဘုရားရှင်နှင့် သဏ္ဌာန်တူ အောင် တဆိတ် ဖန်ဆင်းပြစမ်းပါ"ဟု မထေရ်က တောင်းပန်လိုက်သည်။

မာရ်နတ်ကလည်း—

"အရှင်ဘုရား၊ တပည့်တော် ဘုရားရှင်နှင့် အသွင်တူအောင် မဖန်ဆင်း နိုင်ပါ။ သို့သော် အတန်အသင့် တူရုံတော့ ဖန်ဆင်းပြပါ့မယ်"ဟု လျှောက်၍ ဘုရားအသွင် ဖန်ဆင်းလျက် ရှေ့၌ ရပ်ပြရာ- မထေရ်သည် မာရ်နတ်ကို ကြည့်ယင်း—

'ခြော်....၊ ရာဂ ဒေါသ မောဟတွေ ရှိနေတဲ့ မာရ်နတ်တောင် ဒီလောက် တင့်တယ်သေးလျှင် အမြဲတစေ ရာဂ ဒေါသ မောဟ ရှိတော်မမူသော ဘုရား ရှင်ကား ဘာဖြစ်လို့ သည့်ထက် မတင့်တယ်မသပ္ပာယ်ပဲ ရှိရပါ့မလဲ'ဟု ပို၍ပင် ဘုရား အပေါ်၌ ကြည်ညိုစိတ်များ ဝင်လာ၏။

အရဟံဂုဏ်တော်ကြီးကို ဆင်ခြင်ကာ ပီတိတွေ တလှိုက်လှိုက် ဖြစ်လာ၏။

ထိုပီတိ ဖြစ်ပြီးနောက် ဆက်လက်၍ လက္ခဏာရေး သုံးပါးကို နှလုံးသွင်းရာ ထိုနေရာ၌ပင် ရဟန္တာ ဖြစ်တော်မူသွား၏။

လှည့်စားရန် လာသော မာရ်နတ်သည် မထေရ်အား လှည့်စား၍ မရသည့် အပြင်၊ မထေရ်ခိုင်းစေသည့်အတိုင်း ပြုလုပ်မိ၍ မထေရ်သာလျှင် ရဟန္တာဖြစ်သွား သည်ကို အောက်မေ့မိ၍လော မသိ။

"အရှင်ဘုရား....တပည့်တော်ကို လှည့်စားတာပေါ့၊ တပည့်တော် အရှင် ဘုရား အလှည့် ခံလိုက်ရပါပြီ"ဟု ဝမ်းနည်းစွာလျှောက်ထားရာ—

"မာရ်နတ်အိုကြီး၊ သင့်ကို လှည့်စားလို့ ငါ့မှာ ဘာအကျိုးရှိမှာလဲ"ဟု မိန့်တော်မူလိုက်သည်။ သာရ သင်္ဂဟ အဋ္ဌကထာ၌ 'သင့်ကို လှည့်စားခြင်းသည် ဝန်လေးဖွယ်ရာ မရှိ'ဟု ဆိုသည်မှာ မသင့်တတ်။)

တံမြက်လှည်း၍ လှည်းသူ ကိုယ်တိုင် စိတ် ကြည်လင်ရပုံ၊ ထိုမှ ရဟန္တာ အထိ ဖြစ်နိုင်ပုံ သာဓကပင်တည်း။ (ဗုဒ္ဓါနုဿတိ ရှုပွားပုံ အဆုံးအဖြတ် သိမှတ် ဖွယ်များကို 'ရတနာ သုံးပါး ကျေးဇူး' စာအုပ်၌ အကျယ်ရေးခဲ့ပြီ။)

http://www.dhammadownload.com



## ဒတ္တထေရ်နှင့် သြဒါတ ကသိုဏ်း

ယင်း အဋ္ဌကထာ၌ ဆက်၍ "လောကန္တရကျောင်းနေ ဒတ္တမထေရ်လည်း စေတီရင်ပြင်ကို တံမြက်လှည်းအပြီးစိတ်ကြည်လင်ကာသဲပြင်ကိုဘစိမ့်စိမ့်ကြည့်ယင်း သြဒါတ(အဖြူ)ကသိုဏ်း ဝင်စား၍ရ၏။ သမာပတ် ရှစ်ပါးကိုပါ ရ၍ ထိုမှတဆင့် ဝိပဿနာ ပွားရာ အနာဂါမ်အထိ ဖြစ်တော်မူသည်" ဟု ပြဆိုထားသည်။

## တံမြက်လှည်းရာဌာနနှင့် ပုဗ္ဗေနိဝါသဉာဏ်

တံမြက်လှည်းထားသောနေရာဒေသနှင့်စပ်၍ လှည်းသူသာ စိတ်ကြည်နူး၍ တရားထူး ရသည်မဟုတ်၊ မြင်တွေ့ရသူ အပေါင်းလည်း စိတ်ကြည်နူး၍ တရားထူးများ ရဖူးကြောင်း အောက်ပါအတိုင်း သီဟိုဠ်ခေတ် ဖြစ်ရပ်များကို သာဓက တင်တော်မူထားသည်။

"တိဿ မည်သော ရဟန်းငယ်တပါး ဇမ္ဗုကောလစေတီ ရင်ပြင်၌ တံမြက်လှည်းအပြီး အမှိုက်ကျုံး တောင်းကို ကိုင်၍ရပ်နေစဉ် လှေသင်္ဘောမှ တက်ကြွလာသော တိဿဒတ္တမထေရ်ကြီးသည် ထိုစေတီသို့ ဘုရားဖူးမြော်ရန် ရောက်လာ၏။

ပြောင်ရှင်း ညီညာနေသော စေတီ ရင်ပြင်ကိုကြည့်၍ 'ကမ္မဋ္ဌာန်းဘာဝနာ ပွားယင်း တံမြက်လှည်းထားတဲ့နေရာပါကလား' ဟု သိမြင် ဆင်ခြင်တော်မူမိသည်နှင့် ထိုရဟန်းငယ်အား တရားအလုပ်နှင့်စပ်သော ပြဿနာ တထောင်ကို စစ်မေးချီးမြှောက်တော်မူ၏။ ရဟန်းငယ်လည်း မေးတိုင်းပင် ဖြေဆိုနိုင်လေသည်။

တံမြက်လှည်းယင်း တရားပေါက်မြောက်သော ရဟန်းငယ်ဖြစ်လေ၏။

အခြား ကျောင်းတကျောင်းမှ မထေရ်တပါးလည်း စေတီယင်္ဂဏ ဝတ်ပြုလုပ်လေ့ရှိရာ ယင်းစေတီ ရင်ပြင်သို့ ယေ ၂နကတိုင်း (ဝဇိရ ဗုဒ္ဓိ အလို စိန့်တိုင်း)မှ ဘုရားဖူးမထေရ်လေးပါးကြွရောက်လာကြ၏။မထေရ်များသည်ပရိဝုဏ်မုခ်ဦးကပင် စေတီ ရင်ပြင်ကို လှမ်းမျှော်၍ ကြည့်ရှုရာ ညီညာ သန့်ရှင်းနေသည်ကို တွေ့ကြရသဖြင့် မြင်ရရုံမျှဖြင့် စိတ်ကြည်နူးနေကြ၏။ ရင်ပြင်ပေါ် မတက်သေးပဲ တံခါးအပေါက်ဝ၌ပင် ရပ်ကာ အမောဖြေယင်း တရားသတိ ကပ်လိုက်ရာ ထိုနေရာ၌ပင် ရှေးဘဝများစွာကို သိမြင်နိုင်သော ပုဗ္ဗေနိဝါသာ နုဿတိ ဉာဏ်ကို ရတော်မူကြသည်။

ဘုရားဖူး မထေရ် လေးပါးတွင် တပါးက ရှစ်ကမ္ဘာ၊တပါးက ၁၆-ကမ္ဘာ၊ တပါးက ကမ္ဘာ နှစ်ဆယ်၊ တပါးက ကမ္ဘာ သုံးဆယ် တိုင်အောင် မြင်တော်မူလေသည်။

http://www.dhammadownload.com



ထိုဝတ္ထုနှင့် တဆက်တည်း 'တံမြက်လှည်း၍ နတ်များဝမ်းမြောက်ခြင်း' နှင့် စပ်၍ စေတီ ရင်ပြင်၊ ဗောဓိ ရင်ပြင်၌ တံမြက်လှည်းသော ရဟန်းတပါးအား- "ကျောင်းတိုက် တည်ကတဲက ယခုမှသာ တံမြက်လှည်းသူကို ဖူးတွေ့ရ၍ ဝမ်းသာ သောကြောင့် ပန်း လာလှူရပါသည်" ဟု ဆိုကာ နတ်များ ကိုယ်ထင်ရှားလာရောက် ဖူးမြော်သည့် ဖြစ်ရပ်တခုကိုလည်း ပြဆိုထား၏။

## ရဟန်းတပါးနှင့် အမတ်သားတို့ အလှုပြိုင်ပွဲ

တံမြက်လှည်းရသော အကျိုးနှင့်စပ်၍ သီဟိုဠ်ခေတ် ဖြစ်ရပ်တခုမှာ ကြုံကြုံ ဖန်ဖန် ရှိလှ၍ မှတ်သား နှစ်လိုဖွယ်လည်း ကောင်းလှပေ၏။

အဘယ ခေါ်သော ရဟန်းငယ်သည် အလွန် သပ္ပာယ်၏။ အမတ်ကြီး တဦး၏သားမှာလည်း အလွန် ချောမော လှပ၏။ မထေရ်နှင့် အမတ်သားမည်သူက ပို၍လှကြောင်း ငြင်းခုံကြရာ နောက်ဆုံး တနေရာ၌ နှစ်ဦးလုံး တွေ့ဆုံပေးကာ အလှဘွဲ့ပေးရန် ကြံဖန် စီစဉ်ကြသည်။ (အံ-ဋ္ဌ-၃၊ ၁၇-၌ မဟာ ဂတိမ္ဗ အဘယ ထေရ်နှင့် ဘဏ္ဍာစိုး အမတ်သားဟု ဆို၏။)

မဟာစေတီ ရင်ပြင်၌ တွေ့ဆုံ ပေးကြရန် စီစဉ်ကြ၏။ အမတ်ကြီးသား၏ သားချင်းများက သတို့သားကို အလှပဆုံး ဝတ်စား ဆင်ယင် ပေးပြီးနောက် မဟာစေတီဖူးရန် အမွှေဘက် စောင်ဟန်းမှ တက်လာကြသည်။ အဘယမထေရ်၏ မယ်တော်ကြီးကလည်း မိမိသားတော်ထံ အကောင်းဆုံး အလှင်ဆုံး သင်္ကန်း တစုံ ချုပ်လုပ်၍ ပေးပို့ထားနှင့်၏။

"သားတော်၊ နက်ဖြန် ခေါင်းကိုမပြောင်စိမ်းနေအောင် ရိတ်၊ ဒီသင်္ကန်းကို ရုံခဲ့ပြီး ဆရာတော် သံဃာတော်များနှင့်အတူ မဟာစေတီကိုဘုရားဖူးကြွခဲ့ပါ" ဟု မှာကြား လျှောက်ထား၏။

မထေရ်လည်း သံဃာများနှင့်အတူ တောင်ဘက် စောင်းတန်းမှ တက်ကြွ လာရာ စေတီရင်ပြင်သို့အရောက် အမတ်သားနှင့် ဆုံမိကြစဉ်—

"ဒကာကလေး၊ မထေရ်အိုကြီးတံမြက် လှည်းတုန်းက အမှိုက်ကျုံးရတဲ့ သင် ကများ ငါ့ကိုယှဉ်ပြိုင်သင့်တယ်လို့တွက်တာ အံ့ပါရဲ့" ဟု မထေရ်ကပြက်ရယ်ကျီစယ် လိုက်၏။

လွန်ခဲ့လေသော ဘဝက ရွာတရွာရှိ စေတီ တဆူ၌ မထေရ်ကြီး တပါးက တံမြက်လှည်း၊ ကပ္ပိယဒကာကြီး တဦးက အမှိုက်ကျုံးခဲ့ကြဖူး၏။ ထို ကောင်းမှု ကြောင့် ယခုအခါ အလှပြိုင်သူနှစ်ဦး ဖြစ်လာသည်ဟု ဆိုပေသည်။

http://www.dhammadownload.com



## အရှင်သာရိပုတ္တရာ တံမြက်မလှည်းမိ၍

အဋ္ဌကထာဆရာကြီးသည် တံမြက်လှည်းရခြင်း၏ အကျိုး ငါးမျိုးတွင် နတ်ပြည်ရောက်ရသော သာဓကေ ဝတ္ထုများမှာ အပဒါန်ပါဠိတော် စသည်တို့၌ အထင်အရှား ရှိနေသောကြောင့် သာဓကဝတ္ထု မပြတော့ပေ။

တံမြက်လှည်းခြင်းဝတ်ကို ဘုရားရှင်ကိုယ်တိုင် ချီးကျူးတော်မူသည်ဖြစ်၍ တံမြက်လှည်းသူသည် သာသနာပြုသူ၊ဘုရားစကား နားထောင်သူပင် ဖြစ်ကြောင်း (သတ္ထုသာသနံ ကတံ ဟောတိ) အရှင်သာရိပုတ္တရာ အကြောင်းဖြင့် နိဂုံးချုပ် ဖွင့်ဆိုတော်မူထားခဲ့လေသည်။

တချိန်က အရှင်သာရိပုတ္တရာ မထေရ်ကြီးသည် ဟိမဝန္တာ အရပ်သို့ တပါး တည်းကြွကာ တံမြက်မလှည်း မရှင်းပဲ လိုဏ်ဂူတခု၌ နိရောဓ သမာပတ် ဝင်စား တော်မူနေ၏။ ထိုအကြောင်းကို ဘုရားရှင် သိမြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူကာ မထေရ် သီတင်းသုံးရာ ရွှေတည့်တည့် အမှိုက်သရိုက် မရှင်းသော နေရာ၌ ခြေတော်ရာများ နင်းချပြတော်မူခဲ့၍ ပြန်ကြွတော်မူသည်။

မထေရ်လည်း သမာပတ်မှ ထသောအခါ ဘုရားရှင့် ခြေတော်ရာတို့ကို မြင်ရ၍ လွန်မင်းစွာ ရှက်ကြောက် ရွံ့စနိုးလှသဖြင့် ဒူးထောက် ဖူးမြော်ယင်း 'နေရာ မရှင်းလင်း မသုတ်သင်ပဲ ငါနေတာကို ဘုရားရှင် သိတော်မူသွားပြီကော။ သံဃပရိသတ် အလယ်မှာ ဝန်ခံလျှောက်ထားချေဦးမှပဲ'ဟု အောက်မေ့လျက် ဘုရားရှင်ထံ ကြွရောက်၍ ရှိခိုးထိုင်နေ၏။

"ချစ်သား သင် ဘယ်သွားနေသလဲ၊ ငါဘုရားနှင့် မခြားတမူ၊ အလား တူစွာ လှည့်လည် နေထိုင်ရတဲ့ သင်ဟာ တံမြက်မလှည်းပဲ နေတာ မဆင့်လျော် ဘူး"ဟု မိန့်တော်မူသဖြင့် အရှင်သာရိပုတ္တရာလည်း ထိုအချိန်မှစ၍ သက်န်းရုံစဉ် မတ်တတ်ရပ်၍ သက်န်း အနားပတ်သီး တပ်ရသည့် အချိန်မျိုးမှာပင် (ခေတ္တမျှ တန့်ရပ်၍ နေရစေကာမူလည်း) အမှိုက်သရိုက်ကို ခြေဖြင့်ယမ်းဖယ် ရှင်းလင်းပြီးမှ ရပ်တော်မူလေ့ ရှိပါသတဲ့။ (ပရိဝါ အဋ္ဌကထာ-၁၇၄-၆။)

## ယောဂီများ သတိပြုဖွယ်

ဝိသုဒ္ဓိမဂ် အဋ္ဌကထာလာ အပ္ပနာ ကောသလ္လဆယ်ပါး (တရားတိုးတက် ကြောင်း အင်္ဂါရပ်များ)တွင် 'ဝတ္ထုဝိသဒ=အတွင်းအပြင် သန့်ရှင်းရခြင်း' အင်္ဂါ ရပ်တခု ပါဝင်၏။ ယောဂီသည် ခြေသည်း လက်သည်း အဝတ်အစား နေရာ ထိုင်ခင်း ကျောင်း, ကျောင်းဝင်းများ သန့်ရှင်းအောင် သုတ်သင် ထားရမည်ဟု ဆိုလိုပေသည်။ ပတ်ဝန်းကျင် သန့်ရှင်းလျှင် စိတ်ဓာတ်လည်း ကြည်လင် သန့်ရှင်း ၍ တရားတိုးတက်ခြင်း၏ အကြောင်းတခု ဖြစ်သည်။

http://www.dhammadownload.com



# ဝေဘူ ဆရာတော်၏ ဩဝါဒ

ဤစာရေးသူ ၁၃၃၇-ခုနှစ်၊ သင်္ကြန်တွင်းက ရွှေဘိုမြို့မြောက် အင်ကြင်းပင် ကမ္မဋ္ဌာန်းဌာနရှိ ကျေးဇူးရှင် ဝေဘူ ဆရာတော်ဘုရားကြီး မေတ္တာရိပ် ခိုလှုံ၍ တရားရှုပွားခဲ့ပါသည်။

ဆရာတော် ဘုရားကြီးသည် အိုမင်းမစွမ်း ရှိနေသည့် ကြားကပင် နေ့စဉ် တံမြက်ဝတ်ဆောင်တော်မူလေ့ရှိသည်ကို ဖူးတွေ့ရပါ၏။ ယောဂီတိုင်းလည်း စရဏ ခေါ် ဝေယျာဝစ္စ သေနာသနဝတ်များကို နေ့စဉ် ပြုလုပ်ကြရပါသည်။ ထိုသို့ ပြုလုပ်မှုလည်း ကြိုက်တော်မူပါသည်။

ဤနေရာ၌ ပြဆိုပြီး ဖုသ္သဒေဝ မထေရ်ကြီး အကြောင်းနှင့် ဆက်စပ်နေခြင်း၊ ဆရာတော် ဘုရားကြီး၏ ဩဝါဒကိုလည်း ဖော်ပြလိုခြင်းတို့ကြောင့် ကိုယ်တွေ့ အဖြစ်ဆန်းတခုကို(မှားသော်ရှိ၊ မှန်သော်ရှိ) အလျဉ်းသင့်၍ ပြောခွင့်ပြုစေလိုပါ၏။

တနေ့သောအခါ နေ့ဆွမ်းစားအပြီး တရားရှုပွားရန် ယောဂီ အသီးသီး သင့်လျော်ရာ နေရာ ယူကြပါသည်။ စာရေးသူကား တိလောက သဗ္ဗညု စေတီတော်ကြီး၏ ဂန္ဓကုဋီ တိုက်သစ်ကြီးကို ရွေးချယ်လိုက်ပါသည်။ ထိုနေရာ၌ အခြားသူများ မလာကြပါ။ ထိုနေရာမှာ ဆရာတော်ဘုရားကြီး နေ့စဉ် မွန်းလပ်ကပ်ပွဲ ဘုဉ်းပေးရာ ဌာနလည်းဖြစ်၊ ဆောက်လုပ်ပြီးစလည်းဖြစ်၍ အလွန် သန့်ပြန့် ဆိတ်ငြိမ် လှပါသည်။ ကျယ်လည်း ကျယ်ဝန်းသော အုတ်တိုက် ဓမ္မာရုံကြီး ဖြစ်၏။

ဂန္ဓကုဋီ အာရုံခံကြီးထဲရောက်လျှင် တရားရှုပွားရန်သာ စိတ်စောနေသဖြင့် ဘုရားရုပ်ပွားတော်ရှိရာ အနောက်ဘက်သို့ မျက်နှာမူ၍ ဂန္ဓကုဋီ အလယ်ဘေးဘက် အသန့်ပြန့်ဆုံး နေရာ၌ တင်ပျဉ်ခွေ ထိုင်ချပြီးသည်နှင့် တရားမှတ်ပါတော့သည်။ ပရိက် တည်ခြင်း, မေတ္တာပွားခြင်း မပြုမိ၊ ယုတ်စွအဆုံး ဘုရားကိုပင် ဦးချမိသည် မထင်မိပါ။

တရားထိုင်၍ ၁၀-မိနစ်ခန့် ကြာလျှင် မစင်နံ့က နှာခေါင်းထဲ စူးဝင်လာသဖြင့် မျက်စိဖွင့်ပြီး ထ၍ ရှာကြည့်ရာ ကျွန်ုပ်၏ ကျောဘက် ၎ါးပေခန့် သမံတလင်းပြင်၌ အတန်ငယ် ခြောက်သွေ့နေသော လူ၏ မစင်ပုံကြီးတပုံ တွေ့ရသဖြင့် ကျုံးပြီး စွန့်ပစ်ရ၏။ ပြီးလျှင် မူလ နေရာ၌ ဆက်၍ ထိုင်ပါသည်။ တဖန် ၁၅-မိနစ်ခန့်ရှိလျှင် မစင်နံ့က မပျောက်ပဲ စူးရှ ဝင်လာပြန်သဖြင့် မစင်ကျုံးသော နေရာကို ကုန်း၍ အနံ့ခံကြည့်ပါသေးသည်။ ခြောက်နေ၍ အနံ့လည်း

http://www.dhammadownload.com



မထွက်၊ သမံတလင်းပင် မပေကျံပါ။ သို့နှင့် မူလနေရာ ပြန်ထိုင်မည်အပြု ရှေ့တည့်တည့် ငါးပေခန့် နေရာ၌ မစင်ပုံကြီး တပုံကို တွေ့ရပြန်ပါသည်။ ထပြီး ကျုံးရပြန်၏။

ထိုသို့ ထပြီး ဝေယျာဝစ္စ အလုပ်ရှုပ် နေချိန်၌ တရားအမှတ်များ လွတ်နေသည်ဟု ထင်ပါသည်။

'လူသူလေးပါး သွားလာ ဝင်ထွက်ခြင်းလည်းမရှိ၊ နေရာလည်း ရွေးပြီးမှ ထိုင်၏။ နောက်က မစင်ပုံကို တွေ့ပြီးမှ ရှေ့က အပုံကို နောက်မှ တွေ့၏။ ဂန္ဓကုဋိ အတွင်း လူများ မစင်စွန့်သလော' စသည်ဖြင့် မည်သို့မျှ မဝေဖန် မစဉ်းစားမိပါ။ ထိုင်မိသည်နှင့် တရားကိုသာ တွင်တွင် ရှုမှတ်နေမိပါသည်။ နောက်မှ ပြန်လည် စဉ်းစားရာ စဉ်းစားစရာတွေ များစွာ ထွက်ပေါ်လာပါသည်။ မိမိ ထင်သည့်အတိုင်း ဟုတ်ချင်မှလည်း ဟုတ်ပေမည်။

ပို၍ အံ့ဩမိသည်မှာ ညနေတိုင်း ဆရာတော်ဘုရားကြီး ကျောင်းတော် ဆေးကပ်ပွဲ (ထန်းလျက် အဖျော်ကပ်ပွဲ)၌ ရဟန်း ယောဂီ, ဒကာ ယောဂီများ စုရုံးလာရောက်ကြမြဲ ဖြစ်ရာ ဆရာတော်လည်း ဩဝါဒတရား အနည်းငယ် ထုံးစံအတိုင်း ဟောပြောပါသည်။

ထိုအခါကျမှ ခေါင်းနားပန်းကြီးမျှ အံ့ဩရပါသည်။

"ဘယ့်နှယ်တုံးဗျာ့၊ ဦးပဉ္ဇင်းကြီးများ၊ ဒကာကြီးများ တဆက်ထဲ ရကြရဲ့ မဟုတ်လား"

(တရက် ၂၄-နာရီ ရှိရာ ၂၄-နာရီလုံးလုံး မရပ်မနားပဲ ရှေ့ အမှတ်နှင့် နောက် အမှတ် တစပ်ထဲ ရအောင် မှတ်နိုင် မမှတ်နိုင် မေးခြင်း ဖြစ်ပါသည်၊ နေ့စဉ် မေးမြန်း ပြောဟောနေကျ စကားဖြစ်ပါသည်။)

"စားဖို့ သောက်ဖို့အလုပ်တွေလဲ လုပ်ရမှာပဲ၊ စေတီ ရင်ပြင်၊ ဗောဓိရင်ပြင် ရောက်တော့ စေတီယင်္ဂဏဝတ်, ဗောဓိယင်္ဂဏဝတ်၊ ဒါတွေလဲ ဆောင်ရမှာပဲဗျာ့၊ ဒါတွေပြုလုပ်ယင်းနဲ့ ဆောင်လို့(ရှုမှတ်လို့)ကော မရဘူးလားဗျာ့။ တချိန်ထဲမှာ အလုပ်နှစ်ခု ပြီးအောင် လုပ်ရတယ်ဗျာ့၊ ဒါပြီးမှ ဟိုဟာ လုပ်မယ် မလုပ်ကြနဲ့ဗျာ့"

(ထိုနေ့ ညနေ ဖုဿဒေဝ မထေရ်ကြီး တံမြက်လှည်းတဲ့ အကြောင်းကို အကျဉ်းချုပ် ဟောပြပါသည်။)

"အဲ.... စွန့်ထားတဲ့မစင်က အခြောက်ဆိုယင် စွန့်ရ သုတ်သင်ရတာ တော်သေးတယ်ဗျာ့။ အစို ဆိုယင် တော်တော်နဲ့ သုတ်သင်လို့ မပြီးဘူးဗျာ့။ ရှေးက အရှင်မြတ်များကျတော့ ဒါတွေ လုပ်ယင်းနဲ့ ဆောင်တာဗျာ့၊ကြားလား။ကဲ....ကဲ ပြိုင်ပြီးအားထုတ်ကြ။"

http://www.dhammadownload.com



ဖုဿဒေဝ မထေရ်ကြီးအကြောင်း ကြားနာရသောအခါ ကျွန်ုပ် ခေါင်းနားပန်းကြီးသွားပါသည်။အမှန်ကိုဝန်ခံရသော် ဆရာတော်ဘုရားထံ၌ ယောဂီများ ဝေယျာဝစ္စတွေ များစွာ လုပ်နေကြသည်ကို ရောက်စကတည်းက ဘဝင်မကျပါ။ တရားအလုပ်ချိန် ပျက်ရသည်ဟု ထင်မိသောကြောင့် ဖြစ်၏။ ကျွန်ုပ်မှာ အများနည်းတူ ဝေယျာဝစ္စ ဆောင်ရွက်ရာ၌လည်း အမှတ်မပါပဲ ရှိနေခဲ့ပါသည်။

တရားနာရခါမှ အလုပ် သတ်သတ်၊ တရား သတ်သတ် ခွဲခြားနေ၍ မရ။ တချိန်ထဲမှာ အလုပ် နှစ်ခု ပြီးအောင် လုပ်ရမည်ကို ကျေနပ်သွားပါသည်။သို့ရာတွင် မစင် နှစ်ကြိမ် ကျုံးရသောကိစ္စနှင့် ဖုဿဒေဝမထေရ်အကြောင်း ပြန်လည်စဉ်းစားသောအခါ စိတ်ထဲ၌ မရှင်းလင်းပါ။ မာရ်နတ် လက်ချက်လော၊ သို့မဟုတ် တန်ခိုးရှင်တဦးဦး၏လက်ချက်လော၊ မျက်စိထဲတွင် ဆရာတော်၏ မျက်နှာတော်ကိုသာ မြင်ယောင်နေမိပါတော့သည်။

## တရားအရေးကြီးလျှင် ဝေယျာဝစ္စတွေ ရပ်တန့်ရပ်

ဝေယျာဝစ္စလုပ်ယင်းလည်းအမှတ်သတိပါအောင်ရှုမှတ်နိုင်လျှင် တရားထူးရနိုင်သောဝတ္ထုများကို တွေ့ရသောအခါ ဆရာတော်ဘုရားကြီး၏သြဝါဒကို ပို၍ သဘောကျရပါ၏။ သို့ရာတွင် ခြွင်းချက် ပြုရန်ကား ရှိပေသေးသည်။ အမှတ်သတိရမှုသာ ပဓာန ဖြစ်၍ အလုပ်ပဓာန မဟုတ်ချေ။ နေ့လား ညလား တရားအရေးကြီးလျှင် ဝေယျာဝစ္စများကို ရပ်ထားနိုင်လေသည်။ ထင်ရှားစေအံ့....

> "ယော ပန အစ္စာရဒ္ဓ ဝိပဿကော 'အဇ္ဇ ဝါ၊
> သုဝေ ဝါ'တိ ပဋိဝေဓံ ပတ္ထယမာနော
> ဝိစရတိ၊ တေန ဥပဇ္ဈာယ ဝတ္တာ ဒီနိပိ
> ဟာပေတွာ အတ္တနော ကိစ္စမေဝ ကာတဗ္ဗံ။"
>
> (ဓမ္မပဒ-ဋ္ဌ-၂၊ ၁၀၃-အတ္တဒတ္ထထေရ် ဝတ္ထု။)

ဤပါဠိ၏အဓိပ္ပာယ်ကား–ဝိနည်းပညတ်တော်အရ ဥပဇ္ဈာယ်ဆရာစသည်၌ပြုရမည့်ဝတ်များကိုမပြုလုပ်ကဒုက္ကဋ်အာပတ်သင့်၏။သီလပျက်ကာ သဂ္ဂန္တရာယ် မဂ္ဂန္တရာယ် ဖြစ်နိုင်၏။သို့ရာတွင်ပြင်းထန်စွာအားထုတ်၍နေ့လားညလားတရားထူးရရန်မျှော်လင့်ချက်ရှိသူ ဖြစ်လျှင်(ဆရာကိုပန်ကြား၍)ထိုဝတ္တရားများကို မလုပ်ပဲ ထားနိုင်၏။ မိမိတရားအလုပ်ကိုသာ ဖိ၍လုပ်ရသည်၊ အာပတ် မသင့်။ (ဝိနည်းပညတ်ချက် အထူးမရှိသော လူယောဂီများ ဆိုဖွယ် မရှိ၊သာ၍ပင်ရှုမှတ်နိုင်၏။)

http://www.dhammadownload.com



ရဟန်း ယောဂီများအတွက် ဆက်လက် မှတ်သားရန်မှာ ဆရာ့ဝတ် စသည် ချွတ်ယွင်းသလောက် ဝိနည်း ပြစ်လည်း မရှိ၊ ကြောင့်ကြစိုက်ရမှု တာဝန်သာလျှင် ပို၍ လေးလံသော ဘုရား တည်ခြင်း၊ ကျောင်း ဆောက်ခြင်း၊ ပြုပြင် စီမံခြင်းနှင့် သံဃကိစ္စများကိုလည်း တရား ပဓာနပြုသူဖြစ်လျှင် မလုပ်ပဲ နေလိုက ရနိုင်သည်သာ ဖြစ်၏။ ဝိနည်း ပညတ်ရှိသော် ပန်ကြားရုံသာ ရှိပေ၏။

စေတီဟောင်း ပြုပြင်ခြင်း၊ ဘုရား တည်ခြင်းမျှလောက်ကိုပင် သာသနာပြု ကိစ္စကြီးဖြစ်လေဟန် ဒကာ,ဒကာမတို့အား မအပ်မရာ စီမံ၍ မိမိသန္တာန်၌ရှိရမည့် သီလစေတီ, သမာဓိစေတီ, ပညာစေတီ ပြုပြင် တည်ထားရမည်ကို ပဓာန မထား၊ လာဘ် များအောင် ကြံဆောင်သော ရဟန်းတို့အရေးကား ယခု ဖော်ပြလျက် ရှိသော သီလ သမာဓိ ကိစ္စနှင့် ကခြားစီသာ ဖြစ်ပေ၏။

## လယ်တီဆရာတော်ဘုရားကြီး ဖွင့်ဆိုထားသော

# မာရ်တပ်မကြီး ဆယ်တပ်

[အောက်၌ ဖော်ပြလတ္တံ့သော ဂါထာများမှာ သုတ္တနိပါတ် ပါဠိတော် 'ပဓာန'သုတ်၌ မြတ်စွာဘုရား ဟောတော်မူသည်ကို ၁၂၅၃-ခုနှစ်၊ ဝါဆိုလပြည့်နေ့က ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး အနက်မြန်မာ ပြန်ဆိုတော် မူခဲ့ပါသည်။

သုတ္တနိပါတ် အဋ္ဌကထာ၊ အံ-ဋ္ဌီ-၁၊ ၇၉၊ သာရတ္ထ(မဟာဝဂ္ဂ ဗောဓိဋ္ဌာန) ဋီကာများနှင့် ညီညွတ်၍ သည်းခံပြီး ဖတ်ရှုရန် လိုပါသည်။

စွမ်းဆောင်နိုင်သော ယောဂီများ ကျက်မှတ်ကြရန် ပဓာနသုတ် နိဿယမှ လိုရင်းဂါထာမျှကို ထုတ်နုတ်ဖော်ပြပါအံ့။ ထိုသုတ်သည် ဒုက္ကရစရိယာ ကျင့်စဉ်မှ စ၍ ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်တော်မူပြီးသည့် နောက်ကာလအထိ မြတ်စွာဘုရားရှင်က မာရ်နတ်အား ဟောပြောခဲ့သမျှသော စကားတော်များ ချည်း ဖြစ်ပါသည်။]

### ကာမဂုဏ်မှောင်၊ တရားရှောင်၊ ဆာလောင်စိတ်ကုန်ပျင်း

က။ ကာမာ တေ ပဌမာသေနာ၊ ဒုတိယာ အရတိ ဝုစ္စတိ။
တတိယာ ခုပ္ပိပါသာ တေ၊ စတုတ္ထီ တဏှာ ဝုစ္စတိ။

(၁) ပါပိမ=ဟယ်မာရ်ယုတ်၊ ကာမာ=လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝ၊ လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ် ဟူသော 'ဝတ္ထုကာမ'

http://www.dhammadownload.com



ထိုဘဝ ထိုစည်းစိမ်တို့၌ ပျော်ပိုက်သော တဏှာ သုံးပါးတည်း ဟူသော 'ကိလေသာကာမ'၊ ဤကာမနှစ်ပါး အယုတ်တို့သည်။ တေ=သင်မာရ်နတ်၏။ ပဌမာသေနာ=ပဌမ တပ်မတော်ကြီး ပေတည်း။

(၂) အရတိ=ရဟန်းအဖြစ်၌ မမွေ့လျော်ခြင်း၊ ပရိယတ်မှု ပဋိပတ်မှုတို့၌ မမွေ့လျော်ခြင်း၊ ဆိတ်ငြိမ်သော တောကျောင်း တောင်ကျောင်းတို့၌ မမွေ့လျော်ခြင်း၊ သမထ ဘာဝနာမှု ဝိပဿနာ ဘာဝနာမှုတို့၌ မမွေ့လျော်ခြင်း ဟူသော အရတိတရား ဥက္ကဏ္ဌိတ တရားစုကို။ တေ=သင်မာရ်နတ်၏။ ဒုတိယာသေနာ=ဒုတိယ တပ်မတော်ကြီးဟူ၍။ ဝုစ္စတိ=ဆိုအပ်၏။ (ဥက္ကဏ္ဌိတ=လည်တမျှော်မျှော် မော်တင့်တင့် ပျင်းဆန့်ငြီးငွေ့ခြင်း။)

(၃) ခုပ္ပိပါသာ=ဓုတင် ပဋိပတ်၊ လွန်ကျဉ်းကျပ်၍၊ နွားငတ်ရေချ၊ မစားရပဲ၊ မိဿကဘတ်၊ (ရောပြွမ်းသောဘုဆွမ်း)၊ ရတတ်ရာရာ၊ မျှတခါ၌၊ ဆာလောင်နွမ်းချည့်၊ ဖြစ်တုံဘိသော်၊ ဆားထိတီရှူး၊ ထွန့်ထွန့်လူးသို့၊ အထူးစိတ်စက်၊ အကုန်ပျက်၍၊ ဝိတက်ဗလပွ၊ ရမ္မက်ထူခြင်းတည်းဟူသော ခုပ္ပိပါသတရားစုသည်၊ တေ=သင် မာရ်နတ်၏၊ တတိယာသေနာ=တတိယ တပ်မတော်ကြီးတည်း။

(၄) တဏှာ=ဝမ်းကဟာ၍၊ ဆာလောင်ချည့်နွဲ့၊ ရှိလာခဲ့သော်၊ စိတ်ချို့ ကိုယ်ချို့၊ အားနွဲ့အင်ယုတ်၊ အကြံဆုတ်လျက်၊ လုပ်ရန်အခင်း၊ မှုတင်းလင်းကို၊ မချဉ်းလိုက်ချင်၊ ပျင်းစိတ်ဝင်၍၊ မရွှင်မလန်း၊ စိတ်ကုန်ခန်းခြင်းတည်း ဟူသော တဏှာတရားစုကို၊ တေ=သင် မာရ်နတ်၏၊ စတုတ္ထီသေနာ=စတုတ္ထတပ်မတော်ကြီးဟူ၍၊ ဝုစ္စတိ= ဆိုအပ်၏။

## ထိုင်းမှိုင်းလန့်ကြောက်၊ ပွဲဟဖောက်၊ မောက်မာချေဖျက်နင်း

၁။ ပဉ္စမံ ထိနမိဒ္ဓံ တေ၊ ဆဋ္ဌာ ဘီရု ပဝုစ္စတိ။
သတ္တမီ ဝိစိကိစ္ဆာ တေ၊ မက္ခော ထမ္ဘော တေ အဋ္ဌမော။

(၅) ထိနမိဒ္ဓံ=အလုပ်မတွင်၊ အပျင်းဝင်၍၊ မရွှင်ညှိုးနွမ်း၊ စိတ်ကုန် ခန်းသော်၊ တသမ်းဝေဝေ၊ မှိုင်တွေငေးမေ့၊ ဖြစ်သနေ့မှ၊ စ၍ လည်းကောင်း၊သခ်မ်းကျောင်းဝယ်၊ ဗယ်ပြောင်းညာပြန်၊မှောက် လှန်လူးလဲ၊ တနွဲ့နွဲ့ အိပ်ခြင်းတည်းဟူသော ထိနမိဒ္ဓတရားသည်။ တေ=သင်မာရ်နတ်၏။ ပဉ္စမံ=ပဉ္စမ တပ်မတော်ကြီးတည်း။

http://www.dhammadownload.com



(၆) ဘီရူ=အပျင်းစိတ်နှင့်၊ အအိပ်များ၍၊ တရားမတက်၊ စိတ်မထက်ပဲ၊ ရမ္မက်နွယ်နွယ်၊ စိတ်သိမ်ငယ်သော်၊ ဗယ်ဗယ်ညာညာ၊ ထွေလာ စုတ်နုပ်၊ အကြံရှုပ်၍၊ သစ်ငုတ်ကိုပင်၊ ဆင်ပဲကျားပဲ၊ ဘီလူးပဲဟု၊ အသဲတုန်ဆတ်၊ တဖျပ်ဖျပ်လန့်ခြင်းတည်း ဟူသော ဘီရုတရား တို့ကို။ တေ=သင်မာရ်နတ်၏။ ဆဋ္ဌာသေနာ=ဆဋ္ဌတပ်မတော်ကြီး ဟူ၍။ ပဝုစ္စတိ=ဆိုအပ်၏။

(၇) ဝိစိကိစ္ဆာ=အကျင့်ပြု၍၊ ကြောက်မှုကင်းစွာ၊ရဲပြန်ပါ၍၊ဘာဝနာ အလုပ်၊ အားထုတ်ပြန်လည်း၊ ဈာန်လမ်းမဂ်လမ်း၊စခန်းတိမ်မြုပ်၊ ငုပ်ကြီးငုပ်၍၊ အလုပ်အကြံ၊ အမှန်မုချ၊ လမ်းရိုးကျမည်၊ မကျ မည်ဟု၊ နှစ်လီရှုပ်ယှက်၊ အရေးပျက်အောင်၊ ကန့်ကွက်ဆီးတား တတ်သော ဝိစိကိစ္ဆာတရားသည်။ တေ=သင်မာရ်နတ်၏။ သတ္တမီ သေနာ=သတ္တမ တပ်မတော်ကြီးတည်း။

(၈) မက္ခော ထမ္ဘော=ယုံမှားဒွိဟ၊ ကင်းစင်ပ၍၊ နေ့ညအားထုတ်၊ တွင်တွင်လုပ်ရာ၊ ဘာဝနာနိမိတ်၊ အရိပ်အဆင်၊ အထူးမြင်၍၊ အထင်ကိုပွား၊ ရှိပြန်ငြားသော်၊ တပါးသူကို၊ လူရာမသွင်း၊ ဂုဏ် သတင်းကို၊ နင်းနယ်ချေဖျက်၊ မိမိထက်လျှင်၊ အသက်သိက္ခာ၊ ထေရ်ဝါကြီးမား၊ သူတို့အားကို၊ ညွတ်တွားမပြု၊ မောက်မာမှု ဟူသော မက္ခထမ္ဘတရားစုသည်။ တေ=သင်မာရ်နတ်၏။ အဋ္ဌမော= ရှစ်ခုမြောက်သော အဋ္ဌမ တပ်မတော်ကြီးတည်း။

## လာဘ်၊ ကျော်၊ သက္ကာ၊ ရပြန်လာ၊ မိစ္ဆာဖြန့်သိမ်းသွင်း

၈။ လာဘော သိလောကော သက္ကာရော၊ မိစ္ဆာလဒ္ဓေါစ ယော ယသော၊
ယော စ'တ္တာနံ သမုက္ကံ'သေ၊ ပရေစ အဝဇာနာတိ။ ။

(၉) (တဒါ=အထူးဝိသေသ ဖြစ်ပေါ်သဖြင့်၊ မော်လောက်မောက် လောက်၊ခရီးရောက်သောအခါ၌။) လာဘောစ=လာဘ်သပ္ပကာ များသည်၌ သာယာတက်ကြွသော တဏှာမာန သည်လည်း ကောင်း။ သိလောကောစ=အရပ်လေးမျက်နှာ၊ ကြော်ငြာနှံ့ပြား သည်၌ သာယာတက်ကြွသော တဏှာမာနသည်လည်းကောင်း။ သက္ကာရောစ=တပါးသူတို့ မရစဖူး၊ ထူးမြတ်သောလာဘ်ကိုရရာ၌ သာယာတက်ကြွသော တဏှာမာနသည်လည်းကောင်း။ မိစ္ဆာ

http://www.dhammadownload.com



လဒ္ဓော=လာဘ်များသည်ထက် များအောင်၊ တရားတု တရား ယောင်တို့ကိုပြ၍ ပါပိစ္ဆတဏှာနှင့်ယှဉ်လျက်၊ စင်စစ် အမှောက် အမှားပြု၍ ရအပ်သော။ (ပါပိစ္ဆ=အလိုဆိုး။)ယော ယသောစ= အကြင် အခြံအရံ အကျော်အစော၌ သာယာ တက်ကြွသော တဏှာမာနသည်လည်းကောင်း။တေ=သင်မာရ်နတ်၏။နဝမော= ကိုးခုမြောက်သော နဝမ တပ်မတော်ကြီးတည်း။

## ငါသာသိမြင်၊ ထိမထင်၊ မာရ်ဝင်မြှောက်နှိမ်ခြင်း

(၁၀) အတ္တာနံ = မိမိကိုယ်ကို။ ယော သမုက္က ံသေ = အကြင်ချီးပင့် မြှောက်စားမှုသည်လည်းကောင်း။ ပရေ=သူတပါးတို့ကို။ ယော အဝဇာနာတိ=အကြင် မထီမဲ့မြင်/မထီလေးစား ပြုမှုသည်လည်း ကောင်း။ တေ=သင် မာရ်နတ်၏။ ဒသမော=ဆယ်ခုမြောက် သော ဒသမ တပ်မတော်ကြီးတည်း။

## သတ္တမတပ်နားသို့ပင် မသီလှာကြ

(ပုဂ္ဂလာ ဓိဋ္ဌာန်ဒေသနာကို ဓမ္မာဓိဋ္ဌာန်ပြု၍ ထင်ရှားအောင် အနက်ဆို လိုက်သည်။

ရဟန်းတို့၌ တဏှာဖြင့် သာယာလောက်သော သင်္ကန်း, သပိတ်, ပရိက္ခရာ, တိုက်တာ, ကျောင်းကန်, အရာမ်, ဥယျာဉ်, ခုတင်, ညောင်စောင်း, အခင်းအရုံ အလုံးစုံသည်လည်း ရဟန်းတို့၏ ကာမဂုဏ်ဝတ္ထုစုပင်တည်း။

ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ၊ ပဗ္ဗဇိတ ဒုလ္လဘကို သိကြလျက် ဂိဟိဘောဂကို မစွန့် နိုင်၍ ဂိဟိဘောဂ အလယ်၌ ပုထုဇဉ် အနေနှင့် သေဆုံးကြသော လူစု။

ရုက္ခမူလကျောင်း၊ ပံ့သုကူသင်္ကန်း၊ ပိဏ္ဍိယာလောပဆွမ်း၊ ပူတိမုတ္တဆေး တို့ကို ရဟန်းခံစဉ်အခါ ကြားဖူးကြပါလျက် ဂဟပတိ(လူ)တို့ လှူဒါန်းသော ကျောင်းသင်္ကန်း ဆွမ်းဆေးတို့ကို မစွန့်နိုင်၍ ပဗ္ဗဇိတ ကာမဂုဏ် အလယ်၌ ပုထုဇဉ် အနေနှင့် သေဆုံးကြသော ရဟန်းစု။

ဤ လူရှင် ရဟန်းတို့သည် မာရ်မင်း၏ ကာမဟူသော ပထမ တပ်မတော် ကြီးနှင့် ဆိုင်မိ၍ မလှတမ သေဆုံးကြသော သူတို့ ပေတည်း။

အချို့သော ရဟန်းတို့သည် ပထမတပ်ကြီးမှ အလွတ်ထွက်ခဲ့၍ (ထွက်ခဲ့ ပြီး၍ါမှ) တောအရပ်တွင် ဓုတင် ပဋိပတ်နှင့် နေကြရာ အရတိ၊ ဥပ္ပိပါသာ၊

http://www.dhammadownload.com



တန္တိ၊ ထိနမိဒ္ဓ၊ ဘိရုု-ဤတပ်ကြီး ငါးတန် ဝိုင်းမိပြန်၍ လွတ်အောင် မထွက်နိုင်ကြပဲ ထိုတပ်ထဲမှာပင် ပုထုဇန် ဘဝနှင့် မလှတမ သေဆုံးကြကုန်၏။

ယခုကာလ၌ ဂါမဝါသီ (ရွာနေ) ရဟန်းတို့သည် ပထမတပ်တွင်းမှာပင် မြုပ်ဆုံးကုန်ကြ၏။ အရညဝါသီ(တောနေ)ရဟန်းတို့သည် နောက်တပ် ငါးတပ် အတွင်းမှာ မြုပ်ဆုံးကုန်ကြ၏။

သတ္တမတပ်သို့ ရောက်အောင် လာနိုင်သောသူပင် မရှိကြပြီ။)

## ဒုက္ကရစရိယာ အလုပ်ခွင်မှ ကြိုးဝါးသံ

**မာရ်ဆယ်တပ်မ ကျော်နိုင်မှ အာဂ ယောကျ်ားမင်း**

သော နမုစိ တေ သေနာ၊ ကဏှဿာ'ဘိပ္ပဟာရိနီ။

န နံ အသူရော ဇိနာတိ၊ ဇေတွာစ လဘတေ သုခံ။

နမုစိ=လူနတ်ဗြဟ္မာ၊ သတ္တဝါကို၊ သံသရာညွတ်၊ ဒုက္ခဝဋ်မှ၊ မလွတ်စေမှု၊ အတင်းပြုသည်၊ ဗိုလ်ထုကြီးလတ်....ဟယ်....မာရ်နတ်။

သော=ကာမ,အရတိ၊ အစရှိသောတရားစုသည်။ တေ=သင်မာရ်နတ်၏။ သေနာ=စစ်သည်ဗိုလ်ထု၊ ရဲမက်စုသည်။ ဟောတိ=ဖြစ်၏။ ကဏှဿ=နှလုံးအမူ၊ အဖြူမဖက်၊ ထည်လုံးနက်သား၊ ရမ္မက်ကြီးလတ်၊ သင်မာရ်နတ်၏။ အဘိပ္ပဟာရိနီ=ရဟန်းရသေ့၊ ဟူသရွေ့ကို၊ တွေ့တိုင်း ပစ်ခတ်၊ အသေသတ်သော၊ သေနတ်မီးပေါက်၊ အမြောက်စိန်ဗုံးတွေလည်း မည်၏။

အသူရော=သဒ္ဓါ,ဆန္ဒ၊ ဝီရိယ,ဉာဏ်၊ မစွမ်းသန်သော၊ ပုထုဇန်မွဲ၊ သူ့မရဲများသည်။ (သူရဲဘောကြောင်သူ အပေါင်းသည်။) နံ=ထိုတပ်ကြီးဆယ်တန်၊ သင်၏ ရန်ကို။ နဇိနာတိ=တွန်းလှန်တိုက်ဖျက်၊ အလွတ်ထွက်ခြင်းငှာ မစွမ်းနိုင်ကြပေ။ သူရောဝေ= သဒ္ဓါ, ဆန္ဒ၊ ဝီရိယ, ဉာဏ်၊ ထက်သန်ကြီးမား၊ လွန်စွန့်စားသော၊ ယောကျ်ား အာဇာနည်များသည်သာလျှင်။ ဇိနာတိ=မြက်နွယ်တပင်၊ ထီမထင်ပဲ၊ အလျှင်အမြန်၊ တွန်းလှန်တိုက်ဖျက်၊ အလွတ်ထွက်ခြင်းငှာ စွမ်းနိုင်ကြ၏။

ဇေတွာစ= တွန်းလှန်တိုက်ဖျက်၊ အလွတ် ထွက်နိုင်မှသာလျှင်။ သုခံ=ဗိုလ်ထုအများ၊ ဆယ်တပ်သားတို့၏၊ ဓားဘေးလှံဘေး၊ လက်နက် ဘေးမှ၊ ကင်းဝေးလှစွာ၊ မြတ်ချမ်းသာကို။ လဘတေ=ရနိုင်လေသတည်း။

http://www.dhammadownload.com



## ငါအသေခံတပ်သား၊ အောင်ရမည်

### သူ့ကျွန်မခံ၊ အသက်နှံ၊ သေခံတိုက်ကြမင်း။

သေ မုဍ္ဍ ပရိဟာရေ ဓီရတ္ထု ဣဓ ဇီဝိတံ။
သင်္ဂါမေ မေ မတံ သေယျော၊ ယဉ္စေ ဇီဝေ ပရာဇိတော။
သေ=ဧသော=ဤသိဒ္ဓတ်မင်းသည်။မုဍ္ဍ=စစ်မြေရောက်က၊နောက်သို့ တလှမ်း၊ မဆုတ်တမ်းဟု၊ ရဲစွမ်းအောင်လံ၊ တံခွန်မှန်သား၊ ဖြူဆံမြက်တိတ်၊ ပန်းနိမိတ်ကို။ ပရိဟာရေ ဣတိ=ခေါင်းဝယ်စိုက်ထောင်၊ ရဲပန်းဆောင်သော၊ ကြက်တောင်ဗိုလ်ကြီးဟူ၍။ မံ=ငါ့ကို။ ဓာရေဟိ=သင်မှတ်လော့။ (ရှေးက စစ်သားများတွင် အသေခံ တိုက်မည့်သူ၏ ခေါင်း၌ ဖြူဆံမြက်ထိုးစိုက်ထားသော ထုံးစံကို ရည်ရွယ်၍ဆိုသည်။) မမ=စစ်မြေပွဲဝယ်၊ အကဲမလှ၊ ဆုတ်ပြီးမှလျှင်၊ သင်၏လက်အောက်၊ ရောက်ပြန်ရသော၊ ငါ၏။ ဣဓ=ဤလောက၌။ ဇီဝိတံ=အသက်ရှည်ကာ နေရခြင်းသည်။ ဓီအတ္ထု= အရှက်ကြီးကွဲ၊ အကျိုးနဲ၍၊ အကဲစုတ်နုပ်၊ သတင်းပုပ်လျက်၊ စက်ဆုပ်ဖွယ်ကြီး ဖြစ်စွတကား။ သင်္ဂါမေ=စစ်မြေစစ်ပွဲ၌။ မတံ=ကျ၍သေရခြင်းသည်သာလျှင်။ မေ=ငါ့အား။ သေယျော=ကောင်းစွာသေး၏။ အဟံ=ငါသည်။ ပရာဇိတော=မလှစစ်ရေး၊ အရှုံးပေးလျက်။ ဇီဝေ=အသက် ရှည်ရငြားအံ့။ တေံ=ဤသို့အရှုံးပေး၍၊ အရေးမလှ၊ အရှက်ရလျက်၊ အသက် ရှည်ရခြင်းသည်။ ယဉ္စေ=မမြတ်သည်သာတည်း။

## နက်ဖြန်မရွှေ့၊ သည်ယနေ့၊ ရစေ့နှလုံးသွင်း

(ဤဂါထာဖြင့်လည်း 'ပဟိတတ္တ' ဖြစ်ကြောင်းကိုပင် ပြတော်မူသည်။ အထက်ကပြခဲ့သော 'ပဟိတတ္တ'မှာ အသားအသွေး ကုန်ခန်း၍ ကုန်သည့်တိုင် အောင်ပင် ကိုယ်ခန္ဓာကို ညှာတာစိတ် မရှိသည်ကား 'ပဟိတတ္တ'မှုတည်း။

ဤဂါထာ၌ပြသော 'ပဟိတတ္တ'မှာ—"ယခု အားထုတ်သော ပဓာန (ကမ္မဋ္ဌာန်း) အလုပ်သည် ထမြောက်လျှင်လည်း ကောင်း၏။ မထမြောက်လျှင် အလုပ်လက်ရှိနှင့် သေရလျှင် ကောင်းသေးသည်သာ ဖြစ်၏"ဟု ဤအလုပ်နှင့် ဤကိုယ်ခန္ဓာကို အပြီးစွန့်လိုက်သော 'ပဟိတတ္တ' ပေတည်း။

ဤသို့သော 'ပဟိတတ္တ'နှင့် ပြည့်စုံသောသူအား "ယခုဘဝ ထမြောက် လျှင်လည်း ကောင်းပါ၏။ မထမြောက်ပဲ နေခဲ့သော်၊ မပေါက်ပဲနေခဲ့သော်၊ မရောက်ပဲနေခဲ့သော်၊ မရပဲနေခဲ့သော်"ဟု စိတ်နှစ်ခွ မရှိပြီ။

http://www.dhammadownload.com



ဈေးနှမ်မက်ဖိုလ်အလုပ်ကို အားထုတ်သောသူ မည်သည် ဤကဲ့သို့ စိတ်နှစ်ခွ မရှိပဲ ဤဘဝနှင့် ဤအလုပ် ဟုအပြီး (အပြတ်) စွန့်သော 'ပဟိတတ္တ' စိတ်နှင့် လုပ်မှ ရနိုင်ရောက်နိုင် ထမြောက်နိုင်သည်။

[ဤကား ဇကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီး၏ နိသျယပြန်နှင့် မြန်မာစကားပြေများ ဖြစ်ကုန်၏။]

## မာရ်နတ်ပရိယာယ် သိမှတ်ဖွယ်

### ဘုရားကစ၊ အောင်မွဲရ၊ များလှကုန်ဘိခြင်း။

သတ္တဝါတို့၌ လိုချင်ခြင်း၊ တရားနှင့်မပျော်နိုင်ခြင်း၊ ပျင်းရိခြင်း၊ အိပ်ချင်ခြင်း စသည်တို့မှာ သံသရာကပါလာသော အမွေများဖြစ်ကုန်၏။

ထိုသွေးရိုးသားရိုး လိုချင်ခြင်း, အိပ်ချင်ခြင်းမျိုးချည်း မဟုတ်မူ၍ ယောဂီ၌ သတိပြုလျှင် အလွန်သိသာလှသော ထူးထူး ခြားခြား လိုချင်ခြင်း, လိုချင်အောင် သိမ်းသွင်းခြင်း၊ အိပ်ရေးဝပြီးထားပါလျက် ရံခါ မချိမဆံ့ အိပ်ချင်ခြင်းမျိုးလည်း ရှိတတ်လေသည်။ ကျန် သဘောများလည်း အလားတူပင် ရိုးရိုးနှင့် ဆန်းဆန်း နှစ်မျိုးစီ ရှိတတ်၏။

ရိုးရိုးဖြစ်စေ၊ ဆန်းဆန်းဖြစ်စေ နိုင်အောင်အားထုတ်ရသည်။ ထိုမှတပါး လာဘ်တိုက်အောင်၊ ကပ်ဆိုက်အောင်၊ အခြား သူများအား အထင်အမြင် လွဲမှားအောင် အမျိုးမျိုး အကွက် ဆင်၍လည်း လာတတ်သည်။ ယောဂီနှင့် ပဋိပတ်ဝန်းကျင် ရှောင်ရန် တိုက်တတ်၏။ (မြန်မာနိုင်ငံ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာအုပ်၌ အထပ်ထပ် ရေးခဲ့ပြီ။)

မည်သို့ဖြစ်စေ၊ ထိုးနှက်လာသော ထိုးစစ်၏အသွင်အပြင် အခြေအနေကို သုံးသပ်၍ မေတ္တာလက်နက် သုံးသင့်လျှင် မေတ္တာလက်နက်၊ အသုဘလက်နက် တန်လျှင် အသုဘ၊ အနိစ္စ စသည်တန်လျှင် အနိစ္စ စသည် ချင့်ချိန်၍ သုံးရသည်။ မေတ္တာကား ပင်တိုင်လက်နက်အဖြစ် အသုံးပြု၍ ကာကွယ်ကြရသည်။

ဘုရားရှင်ကို မာရ်နတ်နိုင်ရိုး မရှိချေ။

ဘုရားအစရှိသော သူတော်ကောင်းကြီးများလည်း ထိုတပ်ကြီး ဆယ်တပ်လုံးကို ရင်ဆိုင်ခဲ့ကြရသည် ချည်းပင်။ သင့်ရာ သင့်ရာ လက်နက်ကို သုံး၍သာ အောင်နိုင်ခဲ့ကြရ၏။ ပန်းတိုင်သို့ အလွယ်ဖြင့် ရောက်ရှိကြရသည် မဟုတ်ကုန်။

ထို့ကြောင့် ရှေးသူဟောင်းတို့၏ လုပ်ထုံးများ၊ စစ်ဆင်နည်းများကို လေ့လာဖတ်ရှုကြပါလျှင်လည်း ယွယ်ကူစွာ အောင်နိုင်ကြောင်း အထောက်အပံ့ကောင်း (တပ်ကူ)များ ဖြစ်နိုင်ပေ၏။

http://www.dhammadownload.com



## မုဒ္ဒါနုဿတိ ပီတိကြောင့် ကောင်းကင်ပျံတက်သော

# မဟာတိဿထေရ်

ပုဏ္ဏဝလ္လိကကျောင်း၌ သီတင်းသုံးသော မဟာတိဿထေရ်သည် တခုသော လပြည့်နေ့ ညချမ်းအချိန်၌ ကျောင်းတွင်းရှိ စေတီရင်ပြင်သို့သွား၍ သာယာသော လရောင်ကို အမှတ်မထင် ကြည့်ရှုနေ၏။

မဟာစေတီကြီး တည်ရှိရာဘက်သို့ မျက်နှာလှည့်ပြီး လသာသာတွင် ကြည်နူးစွာ စဉ်းစားနေမိသည်မှာ—

'ဒီလို သာယာတဲ့အချိန်အခါမျိုးမှာ ရဟန်းရှင်လူ ပရိသတ်လေးပါး လူအများဟာ မဟာစေတီကို ရှိခိုး ပူဇော်နေကြမှာပဲ'

ထိုသို့ စဉ်းစားဝမ်းမြောက်နေယင်း မိမိဖူးမြော်ဖူးသော မဟာစေတီကြီး စိတ်ထဲ၌ ကွင်းကွင်းကွက်ကွက် ပေါ်လာလေတော့၏။ ထိုမှဆက်ကာ ဘုရားရှင်၏ အရဟံ စသော ဂုဏ်ကျေးဇူးတော်များကို နှလုံးသွင်းနေမိသည်။ မထေရ်၏ သန္တာန်၌ နှစ်သက်မှု=ပီတိများ အမျိုးမျိုးဖြစ်ပွားလာကာ လွန်စွာ အာရုံပြု၍ ကောင်းနေလေသည်။

### ပီတိ ၅ါးမျိုး

၁။ ခုဒ္ဒိကာ ပီတိ=ကြက်သီးမွေးညင်းထခြင်း၊

၂။ ခဏိကာ ပီတိ=ခဏခဏ လျှပ်စစ်လက်သကဲ့သို့ စားရခြင်း၊

၃။ ဩက္ကန္တိကာ ပီတိ=သမုဒ္ဒရာလှိုင်းများ ကမ်းသို့ သက်၍သက်၍ ပျက်သကဲ့သို့ ကိုယ်ကို ပြန့်၍ပြန့်၍ ပျက်ခြင်း၊

၄။ ဥဗ္ဗေဂါ ပီတိ=ကိုယ်ပါ အထက်သို့ မြောက်ပျံ တက်ကြွသွားခြင်း၊

၅။ ဖရဏာ ပီတိ=လေပြည့်သော ဗူဖောင်း၊ ရေအလျဉ် စီးဝင်သော တောင်ဝှမ်းကဲ့သို့ တကိုယ်လုံး ထက်ဝန်းကျင် ပျံ့နှံ့ခြင်း၊

မဟာတိဿမထေရ်သည် ဘုရားဂုဏ်တော် နှလုံးသွင်းယင်း နှစ်သက်မှုအရသာများ တမျိုးပြီးတမျိုး ခံစားရလေရာ နောက်ဆုံး ဥဗ္ဗေဂါပီတိသည် အားအကြီးဆုံး ဖြစ်လာ၍ အင်္ဂတေ သင်္ဘတလင်းပေါ်၌ ပစ်ပေါက်လိုက်သော ဂျင်လုံးပမာ ကောင်းကင်သို့ တက်ပျံ၍ သွားလေသည်။ ထိုသို့ တက်ပျံသွားပြီးလျှင် မိမိစိတ်ထဲ၌ ထင်စွဲနေသော အဝေးရှိ မဟာစေတီကြီး၏ ရင်ပြင်ပေါ်သို့ အလိုလို

http://www.dhammadownload.com



ရောက်သွားလေတော့၏။ ရောက်မှပင် မိမိ ရောက်နေကြောင်း သိရလေ၏။ (ဝိသုဒ္ဓိမဂ်-၁၊ ၁၃၉။)

(အလားတူ ကိုယ်ဝန်ဆောင်ဒကာမလေးတဦးလည်း ထိုသို့ဖြစ်ဖူးကြောင်း အကျယ်ပြဆိုထားး၏။)

## သီဟိုဠ်ခေတ် ကမ္မဋ္ဌာန်းလေ မျိုးနှင့် ဗုဒ္ဓာနုဿတိ ပန်းပဲ

သီဟိုဠ်ခေတ်က မထေရ်များ သွားလေရာ၌ အမြဲ နှလုံးသွင်းလေ့ရှိသော အများသုံးကမ္မဋ္ဌာန်းမှာ လေးမျိုးရှိ၏။ ဗုဒ္ဓာနုဿတိ, မေတ္တာ, အသုဘ, မရဏဿတိ တို့ဖြစ်ရာ (ဝိသုဒ္ဓိမဂ်၌ကား နောက်သုံးမျိုးကိုသာ ပြသည်။) သဗ္ဗတ္ထက ကမ္မဋ္ဌာန်း=အရာခပ်သိမ်း ပွားများသင့်သော ကမ္မဋ္ဌာန်းဟုပင် ဆိုသည်။ (ခုဒ္ဒသိက္ခာ၊ စူဠဝဂ္ဂ အဋ္ဌကထာ သေနာသနခန်းနှင့် ဒီဃနိကာယ်ဋီကာ-၁၊ ၂၉၆။)

ဗုဒ္ဓာနုဿတိစသော အနုဿတိ ခုနစ်ပါးသည် အာနာပါန, မရဏာနုဿတိ, ကာယဂတာသတိ သုံးမျိုးတို့ကဲ့သို့ ဝိပဿနာအတွက်သာ ကောင်းသည် မဟုတ်။ စိတ်ဓာတ် ထက်သန် ရွှင်လန်းစေမှုအတွက်လည်း ကောင်းသည်ဟု (အံ-ဋ္ဌ-၁၊ ၃၆၆- ဧကဓမ္မပါဠိ၊ ပထမဝဂ်) ဖွင့်ဆိုသည်မှာ အလွန်မှတ်ဖွယ်ကောင်း လှ၏။

ဥပမာ—အသုဘစသည် ရှုမှတ်၍ စိတ်များညစ်ညူးလာလျှင် ထို အသုဘ ကမ္မဋ္ဌာန်းစသည်ကို ရပ်ထားရ၏။ ဗုဒ္ဓာနုဿတိကို အစားထိုး ပွားရသည်။ စိတ်ကြည်လင်လာမှ မူလပွားမြဲ အသုဘစသည်ကို ပွားပါဟု ဆိုပေသည်။ အဋ္ဌကထာ၌ ဤသို့ ဥပမာလည်း ပေးတော်မူ၏။

အိမ်ဆောက်ရန် သစ်ပင်ကြီးတပင်ကို ခုတ်လှဲရာ၌ အံပွေးအခက် ခုတ်ဖြတ်ရုံမျှဖြင့် ပုဆိန်အသွား တုံးပဲ့ လိပ်ခွေသွားလျှင် အားမလျှော့ရ၊ ပန်းပဲဖိုသို့ သွား၍ အသွားသ, ပြီးနောက် ပြန်၍ ခုတ်လှဲလျှင် အလွယ်တကူ ရနိုင်သကဲ့သို့ ဗုဒ္ဓာနုဿတိစသော အနုဿတိခုနစ်ပါးသည် စိတ်တည်းဟူသော ပုဆိန်အသွား ထက်အောင် သ, ပေးသော ပန်းပဲအလုပ်နှင့်တူသည်ဟု ဆိုလေသည်။

## ဗုဒ္ဓာနုဿတိကြံရည် အမောပြေဆေး

မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ၊ ဘိက္ခုနုပဿယ သုတ်အဖွင့် (သံ-ဋ္ဌ-၃၊ ၂၃၉)၌ ပြထားသော ဗုဒ္ဓာနုဿတိ ဥပမာမှာ သာ၍ပင် စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ ဥပမာ၏ဆိုလိုရင်းမှာ—

http://www.dhammadownload.com



ကြံရည်ကြိတ်ရန် ကြံပင်ချောင်း အစည်းများကို ခရီးဝေးကြီးမှ ထမ်းဆောင်လာရသူသည် ကိုယ်ရောစိတ်ပါ နွမ်းနယ် လေးလံလာသောအခါ ကြံစည်းကိုချ၍ တအောင့်တနား နားနေရ၏။ ထမ်းလာသောကြံကိုလည်း ချိုးဖြတ်စုပ်၍ အမောအဆာ ဖြေရသည်။ ထိုသို့နားယင်း စုပ်ယင်း ထမ်းဆောင်သွားပါလျှင် ချမ်းချမ်းသာသာဖြင့် လိုရာကိစ္စ ပြီးနိုင်သကဲ့သို့ ကမ္မဋ္ဌာန်းအားထုတ်၍ ကိုယ်စိတ်ပင်ပန်းနွမ်းနယ်လာလျှင် ဗုဒ္ဓါနုဿတိ ကြံကြီးကို နားယင်း စုပ်ယင်းသွားပါက ပန်းတိုင်သို့ ချမ်းသာစွာ ရောက်ရှိနိုင်မည်ဟု မိန့်ဆိုလေသည်။

## ကျောင်းကန် စီမံယင်း ရဟန္တာဖြစ်သော

# စိတ္တလတောင် ကျောင်းနေ တိဿထေရ်

သီဟိုဠ်ကျွန်း စိတ္တလတောင်ကျောင်းနေ ဆရာတော်ကြီးနှင့် ၎င်း၏တပည့်အရှင်တိဿမထေရ်တို့ တရားပေးပုံ၊ တရားရပုံမှာလည်း အလွန် မှတ်သားဖွယ်ကောင်းပေ၏။

ဦးပဉ္စင်းဦးတိဿသည် ရှစ်ဝါရသည့်တိုင်အောင် ဆရာ့စကားကို နာယူလေ့ရှိရာ ဆရာ့စကားကို တခွန်းတလေမျှ ပြန်လှန် ဆင်ခြေ တက်ခြင်း မရှိ၊ သောဝစဿတာဂုဏ်နှင့် ပြည့်စုံသူ ဖြစ်သည်။ မိမိထက် တရက်၊ တနာရီ၊ တဗီဇနာကြီးသော သီဘင်းသုံးဖော်တို့အပေါ်၌ပင် ထော်လော်ကန့်လန့် ဆန့်ကျင်ဘက်စကားပြောကြားငြင်းခုံရိုး မရှိချေ။ သို့ရာတွင် ရှစ်ဝါအရတွင် သာသနာ့ဘောင်၌ မပျော်ပိုက်သော စိတ်က နှိပ်စက်၍လာ၏။

စိတ်ပြေလက်ပျောက် တောက်တိုမယ်ရ ဝေယျာဝစ္စ အလုပ်များဖြင့် ဖြေသိမ့်၏။ ရံခါ သက်နှင်းချုပ် ဆိုး လျှော်ခြင်း၊ သပိတ် မီးဖုတ်ခြင်း၊ ခေါင်းရိတ်ခြင်းများကို ပြု၏။ တနေ့တွင် ဝေယျာဝစ္စများ လုပ်အပြီး ဥပဇ္ဈာယ်မထေရ်ကြီးထံ သွားရောက် ကန်တော့ရာ မထေရ်ကြီးက—

"ငါ့ရှင် မဟာတိဿ(မဟာတိဿဟု ချီးမြှင့် ခေါ်လိုက်ခြင်း ဖြစ်သည်)၊ ငါ့ရှင်ကြည့်ရတာ မပျော်ပိုက်ဘူး ထင်ပါရဲ့"ဟု ကြင်နာစွာ မေးတော်မူလျှင်—

"မှန်လှပါ ဘုရား၊ ဘုရားတပည့်တော် သာသနာမှာ မပျော်မွေ့ပါ။ ဒီစိတ်ကို မျိုသိပ် ဖြေဖျောက်သော်လဲ မရနိုင်ပဲ ဖြစ်-နေပါတယ်ဘုရား"ဟုလျှောက်၏။

မထေရ်ကြီးသည် တပည့်၏ အာသယဓာတ်ခံ ပါရမီကံကို ကြည့်တော်မူရာ အရဟတ္တဖိုလ် ရနိုင်သော ဥပနိဿယ (အခြေခံ)ကို မြင်တော်မူသဖြင့်—

http://www.dhammadownload.com



"ငါ့ရှင်တိဿ၊ ဒို့များလဲ သိမြင်တဲ့အတိုင်း အသက်ကြီးပြီ၊ ဒို့များ နေဖို့ သင့်လျော်တဲ့နေရာတခု စီမံခဲ့ပါဦး''ဟု မိန့်တော်မူရာ မည်သို့မျှ ပြန်လှန်ဆန့်ကျင်မှု မပြုပဲ "မှန်ပါဘုရား''ဟုသာ ဝန်ခံလိုက်လေသည်။

"ငါ့ရှင်၊ နဝကမ္မအလုပ် ဆောင်ရွက်တဲ့သူဟာ စာအံ-စာကျက်လဲ မဖျက်ရဘူး၊ ကမ္မဋ္ဌာန်းကိုလဲ နှလုံးသွင်းမြဲ နှလုံးသွင်းရတယ်။ ရံခါ ကသိုဏ်းနိမိတ်များ ကြည့်တန်ကြည့်ပေးရတယ်''ဟု အဓိပ္ပာယ်ရှိရှိမိန့်တော်မူရာ ဦးပဥ္စင်းဦးတိဿသည် ဆရာ၏ဆိုလိုရင်းအဓိပ္ပာယ်ကို နားမလည်သော်လည်း ဆရာ့စကား မလွန်ဆန်လိုသဖြင့်–

"မှန်လှပါ၊ ဆရာတော်အမိန့်ရှိသည့်အတိုင်း ဆောင်ရွက်ပါ့မယ်ဘုရား''ဟု လျှောက်ထားကာ ဆရာသမားသီတင်းသုံးဖို့ ဂူကျောင်းတခု ဆောက်လုပ်ရန် စီမံလေတော့သည်။

ဦးတိဿသည် ဝိနည်းတော် အရလည်း အပ်စပ်မှု ရှိလေအောင် ရံခါ သာမဏေတို့၏ အကူအညီယူတန် ယူ၍ သစ် ဝါး ထင်းများ ခုတ်လှဲ့ စုဆောင်းခြင်း အုတ်ဖုတ်ခြင်း၊ ကျောင်းနေရာ ရှင်းလင်းခြင်းများကို ပြုလုပ်ရလေ၏။ စကြံ့ လျှောက်၍လည်း ရ၊ လေကောင်း လေသန့် အလင်းရောင်လည်း ရအောင် အုတ် အင်္ဂတေဖြင့် စကြံ့လိုဏ်ဂူကျောင်းတခု ဆောက်လုပ်ရာ မမောနိုင် မပန်းနိုင် ရှိ၏။ လူထွက်လိုစိတ်များလည်း ပေါ်မလာသည့်အပြင် မည်သည့်ကိလေသာ နီဝရဏမှ ဖြစ်ခွင့်မရတော့ပေ။

အုတ်စကြံ့လိုဏ်ဂူကြီးပြုလုပ်ပြီးသောအခါ ဆရာတော်ဘုရားကြီး သပ္ပာယ မျှတစွာ သီတင်းသုံးနိုင်စေရန် ခုတင်ငယ်တခုကိုပင် စီမံ ခင်းထားလိုက်သေး၏။ စိတ်တိုင်းကျ စီမံပြီးသောအခါ ဆရာတော်ထံ ဝမ်းသာအားရသွားရောက်လျှောက်ထားရာ ဆရာတော်လည်း အုတ်စကြံ့ လိုဏ်ဂူကြီးဆီသို့ ကြွရောက်ကြည့်ရှုကာ–

"သြော်....တယ်နေရာကျပါလား ငါ့ရှင်၊ ငါ့ရှင်ဟာ ဒီအုတ်စကြံ့ လိုဏ်ဂူကြီးကို အတော်အပင်ပန်းခံပြီး လုပ်ထားတာကိုး၊ သာဓု–သာဓု၊ ကောင်းပြီငါ့ရှင်၊ ဒါပေမယ့် ဒီနေ့ တနေ့တော့ ငါ့ရှင်ပဲ ဒီလိုဏ်ဂူမှာ သီတင်းသုံးကြည့်ပါဦး။''

ဆရာသမား အမိန့်ရှိသမျှ "မှန်ပါ့ ဘုရား''ဟုသာ လျှောက်လေ့ရှိသော အရှင်ဦးတိဿလည်း ဆရာ့အမိန့်အရ တနေ့တည့ ဦးစွာ သီတင်းသုံးရလေ၏။

အရှင်ဦးတိဿသည် လိုဏ်ဂူထဲအဝင်ခြေကိုဆေးကြော ဝင်ပြီးနောက် ခုတင်ပေါ်တွင် တင်ပျဉ်ခွေကာ မိမိ၏ဝေယျာဝစ္စ ကုသိုလ်များကို ပြန်လှန် စဉ်းစားနေမိ၏။ ပင်ပန်းသည့် စိတ်များပင် ပြေပျောက်ကာ-

'ငါ့ကျေးဇူးရှင်ကြီးအတွက် ရသက်ပန် မမေ့နိုင်တဲ့ကုသိုလ်ကြီးကို ဆောင်ရွက်လုပ်ကိုင်ပေးရပေပြီ'ဟု အတိုင်းမသိ ဝမ်းမြောက်လေ၏။ ပီတိများတလှပ်လှပ် ဖြစ်ပွားလာ၏။ ဆရာသမားသင်ကြားဆုံးမထားသည့်အတိုင်းထိုပီတိကိုမေ့ဖျောက်

http://www.dhammadownload.com



ကာ လက္ခဏာရေး သုံးပါးကို ဆင်ခြင် သုံးသပ်လေရာ ထိုနေရာ၌ပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ မိမိ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ဆရာသမား၏စကားကို မြေဝယ်မကျ နာယူခြင်းဖြင့် ထိုသောဝစသဿတ ဂုဏ်က အရဟတ္တဖိုလ်ဆုကြီးကို ဆွတ်ခူး ပေးလိုက်လေသည်။ ထိုအခါကျမှ အရှင်တိဿလည်း ဆရာ့ကျေးဇူးဂုဏ်ကိုပို၍ ကြည်ညိုမိလေတော့၏။

## စေတီ ကျောင်းကန် စီမံတိုင်း အကောင်းမဖြစ်

**မှတ်ချက်။** ။အံ-ဋ-၁၊ ၃၂၄-လာ ဤဝတ္ထုကို ထောက်၍ ကျောင်းကန် ဝေယျာဝစ္စကို စီမံဆောင်ရွက်သည်ဆိုရာ၌ ဝိနည်း ဥပဒေလည်း မလစ်ရ၊ အပ္ပမာဒ သတိလည်း မလွှတ်ရအောင် နှလုံးသွင်းရသည်။ သို့မဟုတ်ပါက ဘိသဇာတ်တော်လာ ရုက္ခစိုးကြီး၏ ကျိန်စာမျိုးဖြစ်မှာ စိုးရလေသည်။ ယင်းဇာတ်တော်၌ မဟာကဉ္စနမင်းသားနှင့် ၁၀-ဦးတို့ ကောထွက် ရသေ့ ပြုကြရာ တနေ့တွင် စားရန် ကြာစွယ်ပျောက်၍ 'မိမိ ခိုးမစားပါကြောင်း' အသီးအသီး ကျိန်စာဆိုကြ၏။ "သဌေးကြီး ဖြစ်ရပါစေ့ရဲ့၊ ဘုရင်ကြီး, အမတ်ကြီး ဖြစ်ရပါစေ့ရဲ့" စသည်ဖြင့် ကျိန်ဆိုကြရာ ကြာအိုင် သခ်မ်းအနီးရှိ ရုက္ခစိုးကြီးကမူ—

"အဆိုပါ ကြာစွယ်ကို ကျွန်ုပ် ခိုးယူမိပါက ချမ်းသာကြွယ်ဝသောရပ်ရွာဒေသ၌ ကြီးကျယ်သော ကျောင်းတိုက်ကြီးကို ဦးစီး အုပ်ချုပ်၍ နဝကမ္မ အလုပ်များသော ဆရာတော်ကြီးဖြစ်ရပါစေ့ရဲ့"ဟု ကျိန်ဆိုလေသည်။

အပ္ပမာဒ သတိ မပါသော ကျောင်းကန် ဘုရား ဝေယျာဝစ္စများဖြင့် တဘဝတာ ကုန်ရသော ရဟန်းမျိုးဖြစ်ရမည်ကို ကြောက်လန့်သောကြောင့်ပင် ဖြစ်ပေသည်။

ဘုန်းကံကြီးမား လာဘ်ပေါမျှားတိုင်း ကောင်းသည် မဟုတ်။ "ကုလီဇာတာ ကောင်းလျှင် ပခုံး ပို၍ညောင်းရသည်"ဆိုသကဲ့သို့ ရှိတတ်လေသည်။

ကျောင်းကန် ဘုရား ဝေယျာဝစ္စများတွင် အပ္ပမာဒသတိမပါရှိစေကာမူ ဝိနည်းတော်နှင့် ညီညွတ်အောင် စီမံတတ်ပါမူကား တော်ပေသေး၏။ ထိုသို့ အပ်အပ်စပ်စပ်ဖြစ်အောင် စီမံတတ်သော ဆရာဒကာလည်း ရှားပါးလှပေသည်။

"ငါတို့ ကျောင်းက ကိုရင် ပွဲခိုးကြည့်တာ မင်းတို့ သာသနာပိုင် ဘုရားတည်တာလောက် အပြစ်မကြီးသေးပါဘူးကွ"ဟူ၍ပင် ဘုန်းကြီးနှင့် နဝကမ္မကိစ္စတွင် ဥဒါန်းစဉ် ရှိလေသည်။

ဝိနည်းမကျွမ်းသော ရဟန်းတို့ မအပ်မရာ စီမံသော ကျောင်း၌ ရဟန်းကောင်းတို့ မနေအပ်။ အာပတ်သင့်၏။ ထိုစေတီမျိုး ရှိမခိုးကောင်း၊ ယုတ်စွာ့

http://www.dhammadownload.com



အဆုံး၊ ထိုရဟန်းမျိုးစိုက်သည့် သစ်ပင်ရိပ်ကိုပင် မနားခိုကောင်းချေ။ သာသနာတော်က အပ်အပ်စပ်စပ် ရရှိထားသော ကျောင်းကန် ဘုရားများပင် ဝိနည်းမတတ်သော ဆရာဒကာများ မွမ်းမံပြင်ဆင်၍ သာသနာပြုကြရာ မအောင်မစပ်တွေဖြစ်ကုန်တတ်လေသည်။

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် ကျောင်းကန်များကို 'ထိန်းသိမ်းစောင့်ရှောက်ရသော ဝိနည်း တာဝန်တွေ ကျေကုန်အောင်လည်း ဆောင်ရွက်ရ၊ ပရိယတ် ပဋိပတ် တာဝန်လည်း များပြားလှသဖြင့် မရှောင်သာလျှင် ခုနစ်ရက်မျှသာ လက်ခံ၍ ဒကာအား ပြန်စွန့်သည်။ 'ဂဟပဋိကုဋ္ဌိ=ဒကာပိုင်အဖြစ်' ထား၍ သုံးစွဲတော်မူ၏။ ယခုအခါ ရှင်ရှင်, လူလူ ဝိနည်းမကျွမ်းကျင်သူက များပြားလာခြင်း၊ ဆေးဝါးအစာ အသုံးအဆောင် အသစ်အဆန်းများ များပြားခြင်း၊ ဒကာ, ဒကာမတို့ ဆည်းကပ်လှူဒါန်းပုံ မလိမ္မာခြင်း စသည်တို့ကြောင့်—

"ယခုအခါ အမြဲတမ်း တရားရှုမှတ် နေနိုင်မှ တော်ကာကျတယ်" ဟုလည်း မိန့်တော်မူသည်ကို မှတ်သားရဖူးပါ၏။

သာသနာအတွက် အဟောင်း အဟောင်းများကို အပ်စပ်အောင် ထိန်းသိမ်း စောင့်ရှောက်ဖို့က တန်ဖိုးကြီးမား ခမ်းနားသော အသစ် အသစ်ထက် အရေးကြီးလှပေသည်တကား။

စင်စစ် စေတီဝတ်, သံဃဝတ်များသည်လည်း ဥပဇ္ဈာယ်ဝတ် စသည်လောက် တာဝန်မလေး၊ တရားအရေးကြီးက ဥပဇ္ဈာယ်ဝတ်ကိုပင် ပန်ကြား၍ မလုပ်ပဲ နေနိုင်လေသည်။ ဘုရားကျောင်းကန် စီမံသော ကုသိုလ်သည် အကျိုးကြီးပါ၏။ ထိုရာတွင် ဝိနည်းနှင့်အညီ ဆောင်ရွက်တတ်ရန်ကား ခဲယဉ်းလှသည်။ အကျိုးကြီး၍ တရားသဖြင့် စီမံတတ်စေဦး၊ သာသနာတွင် ပဓာန အလုပ် မဟုတ်ပါချေ။ ပုဂံခေတ်တွင် စေတီတွေ အပြိုင် တည်ကြ၏။ ပဓာနအလုပ်၌ အနုတ်လက္ခဏာပြခဲ့သည်။ (ဓမ္မ-ဌ-၂၊ ၁၀၃-အတ္တဒတ္ထထေရ် ဝတ္ထုရှုပါ။)

## ကာမဝိတက် ဆေးသုံးလက်ဖြင့် ရောဂါပျောက်သော

# ကိုရင် တိဿ

တိဿ မဟာဝိဟာရ ကျောင်းတိုက်ကြီး၌ ဆရာဥပဇ္ဈာယ်ကို အလွန်လေးစားကာ ချစ်ကြောက်ရိုသေ ဝတ္တရားကျေသော 'တိဿ သာမဏေ'ဟု ရှိသည်။ ကိုရင်တိဿသည် တနေ့သောအခါ ကာမဝိတက်ကို မပယ်ဖျက်နိုင်သဖြင့် လူထွက်ခွင့်ပြုရန် ဥပဇ္ဈာယ်ဆရာအား ရှိသေစွာ လျှောက်လေ၏။

http://www.dhammadownload.com



ဥပဇ္ဈာယ်ဆရာလည်း အရိယာပုဂ္ဂိုလ်မြတ်ကြီး ဖြစ်သည်အား လျော်စွာ မိမိကိုရင်၏ အဇ္ဈာသယ အခြေအနေကို ဆင်ခြင်တော်မူကာ—

"ငါ့ရှင်တိဿ....၊ သင်လူထွက်လိုက ထွက်တာပေါ့။ မထွက်ခင် ဒို့များ အတွက် တခု ဆောင်ရွက်ပေးခဲ့ပါအုံး။ ဒို့များ ဒီမှာ နေရတာ ချီးရေ အခက်အခဲ ရှိတယ်၊ ဒါ့ကြောင့် ဒို့များကို စိတ္တလတောင်ကို ပို့ပြီး နေရာချထားခဲ့အုံး"ဟု မိန့်တော်မူရာ ဆရာအား စိတ္တလတောင်သို့ ပို့ဆောင်နေရာချလေ၏။

စိတ္တလတောင်သို့ ရောက်လျှင် ဆရာက ကိုရင်တိဿအား သင်ယူဆဲ သံယုတ္တနိကာယ်ကြီးကို သင်မြဲသင် ကျက်မြဲ ကျက်စေ၏။ စိတ္တလတောင်သည် တိဿမဟာဝိဟာရ ကျောင်းထက် တေဇောကသိုဏ်းရှုရန် သပ္ပာယ ဖြစ်သည်။ ထို့ကြောင့် ကိုရင်တိဿအား ဖျောင်းဖျ နားချကာ တေဇောကသိုဏ်းကိုလည်း ပေးထားလိုက်၏။

ကသိုဏ်းရှု၍ သမာဓိ အတန်အသင့် ထူထောင်မိလျှင် ဝိပဿနာရှုနည်း ကိုပါ လမ်းစ ဖွင့်ပေးထားလေသည်။ ထို့နောက် ကိုရင်တိဿ၏ အခြေအနေကို ကြည့်၍ ကာမဝိတက်ကို ဖြေဖျောက်ရန် လုံလောက်သေးဟန် မရှိသဖြင့်—

"ငါ့ရှင် တိဿ....၊ဒီ စိတ္တလတောင်မှာရှိတဲ့ ကျောင်းတိုင်းဟာ သံဃိကတွေ ချည်း ဖြစ်နေတော့ ရှင်းလင်း သုတ်သင် ပြုပြင်စီမံ စောင့်ထိန်းရတဲ့ ဝိနည်းတော် တာဝန်က ကြီးလေးလှတယ်။ ဒီတော့ ငါ့ရှင် ပုဂ္ဂလိက နေရာကလေးတခုလောက် စီမံနိုင်ယင် ကောင်းမယ်ကွယ့်"ဟု မိန့်တော်မူသဖြင့် ကိုရင်တိဿသည် စိတ္တလ တောင်ဝှမ်း တောင်ခြေ တနေရာတွင် တရားအားထုတ်မှုအတွက် သင့်လျော်မည့် လိုဏ်ဂူငယ်တခု တူးဖို့ဖောက်လုပ်ရလေသည်။

လိုဏ်ဂူဖောက်လုပ်ယင်း တဘက်က ဆရာ့ထံမှာ သင်ယူ ကျက်ရွတ်မြဲ သံယုတ္တနိကာယ်ကြီးကိုလည်း သင်ယူ ရွတ်ဖတ်နေ၏။ တေဇောကသိုဏ်းကိုလည်း ရှုမြဲ ရှုနေလေရာ တိုက်တိုက်ဆိုင်ဆိုင်ပင် လိုဏ်ဂူဖောက်လုပ်ပြီးပြေသောနေ့မှာပင် စာဝါလည်း ပြီးဆုံး၏။ ကသိုဏ်းရှု၍ အပ္ပနာစျာန်ကိုလည်း ရလေသည်။ လိုဏ်ဂူပြီးလျှင် ဝမ်းသာအားရ ဥပဇ္ဈာယ် မထေရ်ကြီးထံ သွားရောက် ရှိခိုး၍—

"အရှင်ဘုရား....၊ ယခု လိုဏ်ဂူ ပြုလုပ်ပြီးပါပြီ ဘုရား"ဟု လျှောက် သဖြင့် ဆရာကိုယ်တိုင် လိုက်ကြည့်တော်မူလျက်—

"သြော်... ငါ့ရှင် တိဿ၊ တယ်နေရာကျပါကလား၊ ငါ့ရှင်က အတော့်ကို အပင်ပန်းခံပြီး လုပ်တာကိုး၊ သာဓု....သာဓု၊ ဒါထက် ငါ့ရှင် (သင် ကြိုးစား မမ်းစား ပြုနိုင်ခဲ့တဲ့ ဆရာသမားဝတ်ကို ဆောင်တဲ့ အတွက်) ဒီနေ့ တရက် ငါ့ရှင် ပဲနေပါဦး"ဟု ခွင့်ပြု မိန့်ဆိုတော်မူလေသည်။

http://www.dhammadownload.com



ကိုရင်တိဿလည်း မိမိပြုလုပ်သော လိုဏ်ဂူအသစ်၌ ဝင်ရောက် နေထိုင်ရလေ၏။ စိတ်ကလည်း ဝမ်းသာ, သပ္ပာယလည်း မျှတသဖြင့် ကသိုဏ်း သမာဓိကို အခြေပြု၍ ဝိပဿနာ ရှုပွားရာ ထိုနေ့မှာပင် အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။

ကာမဝိတက်ကို အောင်နိုင်၍ ကိုရင်တိဿမှသည် တိဿ မထေရ်ကြီး အဖြစ်သို့ပင် ရောက်လာကာ ထိုလိုဏ်ဂူ၌ပင် ပရိနိဗ္ဗာန်ဝင်သည်အထိ သီတင်းသုံးတော်မူသွားရလေသည်။ ထိုနေရာ၌ သာသနာ့ မော်ကွန်းတင်ကာ 'တိဿ ထေရစေတီ' ဟူ၍ပင် ယခုတိုင် ဖူးတွေ့ရလေသတည်း။ (မ-ဋ္ဌ-၁၊ ၄၉၅-ဝိတက္က သဏ္ဌာနသုတ်အဖွင့်။)

## သက်နိုးဝိတက် နှိပ်စက်၍ အမှိုက်ပုံ ရှိခိုးသော

# ပွံသုကူ ထေရ်

ပွံသုကူမထေရ် တပါးသည် လူတို့ စွန့်ပစ်ထားသော အဝတ်စုတ်များကို ကောက်ယူချုပ်စပ် လျှော်ဖွပ်ဆိုးသော ပံ့သုကူသင်္ကန်းကိုသာ ဝတ်ရုံတော်မူလေ့ရှိရာ လက်ရှိသင်္ကန်းမှာ ဝတ်ရုံ၍မရအောင် ရိပ္ပတ်စုတ်ပြဲနေ၏။

ပံ့သုကူသင်္ကန်း အသစ်တထည် လိုနေသဖြင့် စိတ်ကြောင့်ကြမှု ဖြစ်နေရ၏။ တနေ့တွင် 'သံဃာတော်အများ သီတင်းသုံးတဲ့ အရပ်ဒေသမျိုးမှာ ဆိုယင် လွှယ်လင့်တကူ ရှာဖွေ ရရှိတန်မကောင်းရဲ့' ဟု စိတ်ကူးလျက် စေတီယတောင် ဘုရားများဖူးမြော်အပြီး မဟာဝိဟာရ ကျောင်းတိုက်ကြီးဘက်သို့ ကြွတော်မူ၏။

ကျောင်းတိုက်ကြီးထဲသို့ ရောက်လျှင် သံဃမထေရ်ကြီးအား သွားရောက် ဝတ်ပြု ပန်ကြားပြီးလျှင် ကျောင်းတကျောင်း၌ တည်းခိုနေထိုင်လေ၏။

နောက်တရက်နံနက်တွင် သင်္ကန်းအဟောင်းကလေးကိုကိုင်၍ သံဃမထေရ်ကြီးထံ သွားရောက်ကန်တော့ရာ—

"ငါ့ရှင်....၊ ဘာကိစ္စရှိသလဲ။"

"မှန်လှပါ....၊ မြို့တံခါးဘက် ခဏသွားဖို့ လာကန်တော့တာပါ အရှင်ဘုရား။"

"အိမ်း....အတော်ပဲ၊ တပည့်တော်များလဲ အဲဒီသွားဖို့ပဲ" ဟု သံဃမထေရ်ကြီးက မိန့်တော်မူ၍ နှစ်ပါးအတူ ကြွကြရလေ၏။ မထေရ်ကြီးမှာ ရှေ့ဆက်ကြွသွားသော်လည်း ပံ့သုကူမထေရ်မှာ မဟာဗောဓိတံခါးပေါက်သို့ ရောက်လျှင် မထေရ်ကြီးအား ပန်ကြားပြီး ရပ်နေရစ်ခဲ့၏။

http://www.dhammadownload.com



'အင်း....ဒီနေရာဒေသကတော့ ဘုန်းရှင်ကံရှင်တွေနေတဲ့ အရပ်ပဲ၊ သင့်သင့် တန့်တန့် အဝတ်စများ ရတန်ကောင်းပါရဲ့'ဟု စိတ်ကူးလျက် တံခါးဝ၌ တောင် မြောက် လေးပါးကြည့်၍ ရပ်နေစဉ်—

'ဩော်....ငါ့စိတ်ကူးတွေ ယုတ်ညံ့လိုက်တာ'ဟု ရုတ်တရက် သတိရကာ ထိုနေရာမှ လှည့်ပြန်၍ မဟာဝိဟာရသို့ကြွလေ၏။ မိမိတရားအာရုံနှင့် သွားရမည် ကို မသွားနိုင်ပဲ ရှိလေသည်။

နောက်ရက်များတွင်လည်း၊ အမ္ဗင်္ဂဏအနီး၊ နောက် မဟာစေတီ မြောက် ဘက်မုခ် စသော လူသူစည်ကား အသွားအလာ များသော နေရာဌာနများသို့ တရက်ပြီးတရက် အဝတ်စုတ် ကောက်ယူရန် ကြွလေရာ မိမိစိတ်ထဲ၌ ဖြစ်ပေါ် နေသော ဝိတက်=စိတ်ကူးအကြံများ မမှန်ကန် မသန့်ရှင်းသည်ကို သတိရ၍ချည်း လေးကြိမ်တိုင်တိုင် တည်းခိုရာကျောင်းသို့ ပြန်ရလေသည်။

လေးရက်မြောက်သောနေ့တွင် သံဃမထေရ်ကြီးထံ သွားရောက်ဦးချရာ သံဃမထေရ်ကြီးက—

'အင်း....ဒီမထေရ် မစင်ကြယ်သော သက်န်းဝိတက် နှောင့်ယှက်ခံနေရမှ ကော'ဟု သိတော်မူ၍ သင်္ကန်းတထည်ယူဆောင်ကာ ပံ့သုကူမထေရ်အား နောက် ပါခေါ်၍ မြို့ဘက်သို့ ကြွတော်မူ၏။ တလမ်းလုံး ဝိတက်ဖြေ တရားစကားများ မေးကာဖြေကာ ကြွကြစဉ် မြို့အဝင်ဝသို့ ရောက်သောအခါ အညစ်အကြေးများ စွန့်ပစ်ထားသော အမှိုက်ပုံကြီးတပုံထဲ၌ ယင်တရှုန်းရှုန်းနှင့် မစင်ကျင်ကြီးများ ပေကျံနေသဖြင့် လျှော်ဖွတ်၍ပင် မကောင်းတော့သော ပုဆိုးဟောင်းတထည် ပစ်ထားသည်ကို တွေ့ရလေသည်။

ပံ့သုကူမထေရ်လည်း မထေရ်ကြီးအနားမှ ဖဲခွာ၍ အမှိုက်ပုံကြီး အနီးသို့ သွားကာ မစင်ကျင်ကြီးများ ပေလူး၍ ယင်မဲရိုင်းကောင်ကြီးများဖြင့် တရှုန်းရှုန်း နှ်စော်နေသော ပုဆိုးစုတ်ကို မကောက်ယူသေးပဲ မတ်ဘတ်ရပ်လျက် ရှိခိုးနေ လေ၏။ သံဃမထေရ်ကြီးလည်း အနားသို့ ရောက်လာကာ—

"ငါ့ရှင်....၊ ဘယ့်နှာကြောင့် အမှိုက်ပုံကြီးကို ရှိခိုး နေရတာလဲ" ဟု မေးတော်မူလျှင်—

"မှန်လှပါ အရှင်ဘုရား....၊ ဘုရားတပည့်တော်များ အမှိုက်ပုံကို ရှိခိုးနေ ခြင်း မဟုတ်ပါ။ တပည့်တော်များရဲ့ ဖခမည်းတော် မြတ်စွာဘုရားရှင်ကို ရှိခိုးခြင်း ဖြစ်ပါတယ်။"

"ဘယ်လိုကြောင့်လဲ။"

"မှန်လှပါ....၊ တပည့်တော်တို့ရဲ့ အတုမရှိ ဖခမည်းတော်တောင်မှ ပုဏ္ဏာ ကျွန်မရဲ့ အလောင်းကောင်ကို ပတ်ထားတဲ့ ပံ့သုကူအဝတ်ကို တပြည်သားလောက် ရှိတဲ့ ပိုးလောက်များကို ခါယမ်းပြီး သုသာန်က ပံ့သုကူသင်္ကန်း ကောက်တော်မူရ

http://www.dhammadownload.com



သေးတယ်။ ငါ့ယခု မစင်များပေနေတဲ့ ပုံသုကူကို အလွယ်တကူ ကောက်ယူရတာ ထက် အံ့ဖွယ်သရဲ ခက်ခဲလှပါသေးကလားလို့ ကြည်ညိုသတိရ ဝမ်းမြောက်လှလို့ ရှိခိုးရကြောင်းပါဘုရား။"

သံဃမထေရ်ကြီးလည်း သာဓုခေါ်ကာ မည်သို့မျှ ဆက်လက် မိန့်တော် မမူပဲ—

'ငါ့ရှင် ပံ့သုကူ မထေရ်ရဲ့ သက်နီးဝိတက်ဟာ စင်ကြယ် မြင့်မြတ်လှပါ တကား'ဟုသာ စိတ်ထဲက ချီးမွမ်းတော် မူမိလေ၏။

ပံ့သုကူမထေရ်လည်း စင်ကြယ်သန့်ရှင်းသော သက်နီးဝိတက်မှ ရရှိလာ သည့် ဗုဒ္ဓါနုဿတိ ပီတိကို အခြေခံ၍ ဝိပဿနာရှုပွားရာ ထိုနေရာ၌ပင် အနာဂါမ် ဖြစ်တော်မူ၏။ ပြီးလျှင် ပံ့သုကူပုဆိုးစုတ်ကို ကောက်ယူချုပ်ဆိုးပြီး ထိုသက်နီးကို ဝတ်ရုံကာ ပါစိနခလ္လာရာဇဗိအရပ်သို့ ကြွသွားပြီးလျှင် ဆက်လက်၍ တရားအားထုတ် တော် မူရာ ရဟန္တာဖြစ်တော်မူလေသည်။ (အံ-ဋ္ဌ-၂၊ ၂၇၈-စတုက္က အရိယဝံသ သုတ် အဖွင့်။ ဒီ-ဋ္ဌ-၃၊ ၁၉၃။)

ပစ္စည်းလေးပါး၌ ရသမျှနှင့် ရောင့်ရဲရခြင်း၊ ဘာဝနာအလုပ်၌ မွေ့လျော် နိုင်ခြင်း ဟူသော 'အရိယဝံသ' တရားလေးပါးသည် ပိဋကသုံးပုံကို ခြုံမိငုံမိသော တရားဖြစ်ရာ သီဟိုဠ် သာသနာ ခေတ်တွင် ဟောပြော နာယူခြင်း များပြား၍ ထိုတရားတပုဒ်ဖြင့် နိဗ္ဗာန်ရသူ များလှပေကုန်ပြီ။

## ဝိတက်ပယ်ဖျောက်နည်း ၅ မျိုး

တရားအားထုတ်သော(အထူးသဖြင့် အားထုတ်စ)ပုဂ္ဂိုလ်များ၌ ပထမဆုံး လာသော ရန်သူမှာ ဝိတက်သုံးမျိုးပင်ဖြစ်၏။

၁။ **ကာမဝိတက်** သတ္တဝါနှင့် အရာဝတ္ထု (သင်္ခါရ)တခုခု၌ ရလိုမှု၊ နှစ်သက်မှုနှင့်စပ်သော အကြံအစည် စိတ်ကူး၊

၂။ **ဗျာပါဒဝိတက်** မိမိနှင့်စပ်၍ဖြစ်စေ၊ သူတပါးနှင့်စပ်၍ ဖြစ်စေ၊ ရာသီဥတုစသော တစုံတခုသော အရာဝတ္ထုကြောင့် ဖြစ်စေ၊ စိတ်ဆိုး၊ စိတ်ပျက်၊ အလိုမကျ၊ ဆုတ်နစ် ကြောက်ရွံ့ခြင်း။ တဘက်သားအား ပျက်စီးစေလိုခြင်းနှင့်စပ်သော အကြံအစည်၊ စိတ်ကူး၊

၃။ **ဝိဟိံသာဝိတက်** သူတဘက်သားအား နှိပ်စက် ဒုက္ခပေးလိုသော အကြံအစည်၊ စိတ်ကူး၊

http://www.dhammadownload.com



ယောဂီသည် ထိုစိတ်ကူးများကို ဖျောက်ဖျက်ပစ်မှ ရှေ့သို့ တရားတက်နိုင်သည်။ ပထမလုပ်စတွင် ထိုစိတ်ကူးများနှင့် နပန်းလုံးနေရတတ်၏။ ယင်းတို့ကို ပယ်နိုင်ရန် မြတ်စွာဘုရားရှင် မူလပဏ္ဏာသ ဝိတက္ကသဏ္ဌာနသုတ်၌ နည်းပေးတော်မူခဲ့သည်။ နည်းကား ၅-နည်းရှိ၏။

၁။ **အစားထိုးဖျောက်နည်း** (အညနိမိတ္တပဗ္ဗ)-သတ္တဝါနှင့်စပ်၍ လိုချင်နှစ်သက်မှု စိတ်ကူးဝင်လာလျှင် အသုဘနှလုံးသွင်း၊ အရာဝတ္ထုနှင့်စပ်လျှင် အနိစ္စသဘော နှလုံးသွင်း၊ သတ္တဝါနှင့်စပ်၍ ဒေါသစိတ်ကူးဝင်လာလျှင် မေတ္တာ၊အရာဝတ္ထုအတွက် ခေါတ်နှလုံးသွင်း၊ မောဟနှင့်စပ်၍ဖြစ်လျှင် ဆွေးနွေးမေးမြန်း။
(သို့မဟုတ် စိတ်သန်ရာ ကမ္မဋ္ဌာန်းတခုခုကို ဖိဖိစီးစီး ရှုမှတ်၍ ပယ်ဖျောက်လျှင်လည်း ပြေပျောက်နိုင်ပါ၏။)

၂။ **အပြစ်ရှုဖျောက်နည်း** (အာဒီနဝပဗ္ဗ)- ကာမဝိတက် လောဘအတွက် စက်ဆုပ်ရွံရှာဖွယ်၊ ခန္ဓာကိုယ်နှင့် လောဘအပြစ်ဆင်ခြင်၊ ဗျာပါဒ ဒေါသအတွက် 'စိတ်ဆိုးသူကို ပြန်လည် စိတ်ဆိုးလျှင် မင်း ပိုပြီး ယုတ်မာရာ ရောက်တော့မပေါ့' စသည်ဖြင့် ဒေါသအပြစ် ဆင်ခြင်။

၃။ **မေ့ဖျောက်ရှောင်လွှဲနည်း** (အသတိပဗ္ဗ)- ဝိတက်ကို မေ့ဖျောက်ထားပြီး ရသမျှတရားစာများကို စိတ်ပါလက်ပါ ရွတ်အံခြင်း၊ ဘုရားတရား ဂုဏ်တော်များ ရေးထားသော အိတ်ဆောင်စာအုပ်(မုဋ္ဌိပေါတ္ထက)ကို ရွတ်ဖတ်ခြင်း၊ စူဠာနဖာ တောက်တိုမယ်ရအသုံးအဆောင်များကို စိတ်ပြေလက်ပျောက် ကောက်ယူကြည့်ရှုစစ်ဆေးခြင်း၊ သက်နှီးချုပ်ခြင်း စသည်ဖြင့် အပြစ်မရှိသော အလုပ်ကလေးများ လုပ်ခြင်း။ (ဝိတက်ပျောက်သွားသော်လည်း လက်စတန်းလန်း ကျန်နေမည့် နဝကမ္မကြီးမျိုးကိုမူ မလုပ်ရ။ ကိုရင်တိဿမှာမူ စရိုက်ကိုကြည့်၍ ပေးခြင်းဖြစ်သည်။ သို့မဟုတ် ပူးတွဲလုပ်နိုင်မှသာ လုပ်သင့်သည်။)

၄။ **အကြောင်းရင်း ရှာဖွေဖျောက်နည်း** (ဝိတက္က မူလဘေဒ ပဗ္ဗ) ဖြစ်ပေါ်လာသော စိတ်ကူး၏ မြစ်ဖျားခံရာ အကြောင်းများကို ဆင့်ကာဆင့်ကာ ရှာဖွေထုတ်စစ်၍ ကြည့်ခြင်း၊
ဥသျှစ်ပင်အောက်နေသော ယုန်သူငယ် ဥသျှစ်သီးကြွေကျသည်ကို မြေပြိုသည်ထင်၍ ကြောက်လန့်ပြေးရာမှ ဆင်ကြီးများပါမကျန် တိရစ္ဆာန်များအားလုံး ဦးတည့်ရာ ပြေးကြစဉ် ဘုရားလောင်း

http://www.dhammadownload.com



ခြသေ့်မင်းက ယုန်သူငယ်ကို နှစ်သိမ့်စေ၍ ခေါ်ဆောင်ကာ အပင် ရင်းသွားပြီး ယုန်ဝပ်သောနေရာ၊ ကြွေကျသော ဥသျှစ်သီး၊ အပင် ပေါ်ရှိ အညှာ စသည်တို့ကို ထောက်ပြ၍ (အကြောင်းရင်း ရှာဖွေ၍) မြေပြိုသော အထင်မှား အတွေးမှားကို ဖယ်ရှားပေး သကဲ့သို့ အကြောင်းရင်းရှာ၍ ဖျောက်ရခြင်း၊

၅။ **ဖိနှိပ်အံကြိတ်၍ ဖျောက်နည်း** (အဘိနိဂ္ဂဏှနပဗ္ဗ)အရိုးကြေကြေ၊ အရေပြတ်ပြတ် အင်နှင့်အားနှင့် ဖိနှိပ်အံကြိတ် တောက်ခေါက်၍ မနိုင်နိုင်အောင် ဖျောက်ခြင်း။

ဘုရားအလောင်းတော်သည် ဒုက္ကရစရိယာကျင့်စဉ် ထိုသို့ပင် အံကြိတ် တောက်ခေါက်၍ မရမနေ အသေအလဲ ပယ်ဖျောက်တော်မူခဲ့၏။ သို့ရာတွင် အလောင်းတော်၌ ထို ဝိတက်ကြမ်းကြီးများ မရှိချေ။ မိမိသခ်မ်းကျောင်းကလေးမှ နေ၍ နေရဥ္စရာမြစ်ဆီသို့ လှမ်းမျှော်ကြည့်စဉ် သာယာသော တောရိပ်တောင်ရိပ် သားသမင်၊ ငှက်များနှင့် စိမ်းညိုသော ရေပြင်ကို မြင်ရရာ 'ဩော်....တယ်ပြီး သာယာလှပါကလား' ဟု စိတ်ကူးမိသော 'ကာမဝိတက်' အငယ်စား၊ အပူအအေး ဒဏ် စသည်ကြောင့် ရုံခါ အနည်းငယ် စိတ်လှုပ်ရှားမိသော 'ဗျာပါဒဝိတက်' အငယ်စားနှင့် သခ်မ်းကျောင်းပတ်ဝန်းကျင်တွင် မြင်တွေ့ရသည့် ကြီးနိုင်ငယ် ညှဉ်းနေသော သတ္တဝါတို့အပေါ်၌ သနားရခြင်း (စိတ်ပင်ပန်းရခြင်း)လောက် ကိုပင် 'ဝိဟိံသာဝိတက်' ဟု ခေါ်ဆိုရသည်။ ကြမ်းတမ်းသောဝိတက်များ မရှိချေ။ သို့သော်လည်း ထိုအနုစားများကိုပင် အံကြိတ်တက်ခေါက်ကာ ဖြေဖျောက်တော် မူလေသည်။ (မူလပဏ္ဏာသ ဒွေဓာဝိတက္ကသုတ်နှင့် ဝိတက္ကသဏ္ဌာနသုတ် မြန်မာပြန် များကို ဖတ်ရှုပါ။)

လောက၌ ယင်းသို့သော ဝိတက်များ ဖြစ်နေသည်ကိုပင် အကြံကောင်း သည်၊ ဉာဏ်ကောင်းသည်၊ အတွေးအခေါ် ရင့်ကျက်သည်ဟုဆိုကာ ဉာဏ်ပညာဟု ထင်နေကြ၏။ ထိုအတွေးအခေါ် စိတ်ကူးများဖြင့် ဘာတခုမျှ အမှန်ဆုံးဖြတ်ချက် မချနိုင်ပဲ 'ဟိုလိုလား၊ ဒီလိုလား' ဖြစ်နေသော ဝိစိကိစ္ဆာကိုပင် သုတေသန ပညာဟု ထပ်ဆင့်၍ အထင်ရောက်ကြပြန်လေ၏။

## ဝိတက်သဲပုံကြီးသမိုင်း

'ဥရုဝေလ' ဟူသည် အဆမတန် များပြားလှသော သဲပုံကြီးဟု ဆိုလို ပေသည်။

ထိုသဲပုံ သဲသောင်ကုန်းကြီး ဖြစ်လာပုံမှာ စိတ်ဝင်စားဖွယ် ကောင်းလှ၏။ လူသားတို့၏စိတ်ကို သာဓကတင်နေသောမော်ကွန်းတိုင်ကြီးလည်း ဖြစ်လေသည်။

http://www.dhammadownload.com



ဘုရားမပွင့်မီက ထိုဒေသ၌ ရသေ့သူတော်ကောင်းတသောင်းတို့ နေထိုင်ခဲ့ကြ၏။ တနေ့သောအခါ ရသေ့များ စည်းဝေးကာ ဆုံးဖြတ်ချက် ကတိကဝတ်တခု သတ်မှတ်ကြလေသည်။

"ငါ့ရှင်တို့....၊ ကာယကံနှင့် ဝစီကံ ကျူးလွန်မှုဟာ တပါးသူတို့ သိနိုင်အောင် ထင်ရှားတယ်။ စိတ်ထဲမှာတွင် ဖြစ်နေတဲ့ မနောကံ ပြစ်မှားမှုဆိုတာ မထင်ရှားဘူး။ ကာယကံရှင် တယောက်ပဲ သိနိုင်တယ်။ ဒါ့ကြောင့် အကြင်သူဟာ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက် စိတ်ကူးများကို ကြံစည် စိတ်ကူးမိလျှင် ထိုစိတ်ကူးအကြံ မနောကံ အပြစ်ကို ထိုသူအား အခြားသူ တဦးဦးက ပြောဆိုညွှန်ပြ ဖော်ထုတ်ဆုံးမလို့ မရနိုင်ဘူး။

"ထိုမနောကံ အကြံစိတ်ကူးပြစ်မှု ကျူးလွန်တဲ့သူဟာ မိမိဘာသာမိမိ ဖော်ထုတ်ဆုံးမ၍ စိတ်ကူး အကြံဖြစ်တိုင်းဖြစ်တိုင်း ဤနေရာမှ (နေဥ္စရာမြစ်ထဲက) သဲများကို ဖက်နှင့် ထုပ်ယူပြီး ဒဏ်ထမ်းကြရမယ်" ဟု ကတိကဝတ်ထား၍ ရသေ့များ ဝိတက်အကြံ မနောကံ ဒဏ်ခတ်သည့် အနေဖြင့် အမှတ်တရ မိမိကိုယ်ကို ဆုံးမခဲ့ကြရာမှ ယခုအခါ 'ဥရုဝေလ' ခေါ်သော သဲပုံ သဲသောင်ကုန်းကြီး ဖြစ်ထွန်းပေါ်ပေါက်နေခြင်း ဖြစ်သတည်း။ (အံ-ဋ္ဌ-၂၊ ၂၆၃-စတုက္က-ဥရုဝေလ သုတ်အဖွင့်။)

## ပြေးနေသောစိတ်ကို ကန့်သတ်ချက် ပေးထားသော

# မထေရ်ကြီး သုံးပါး

ရှေးအခါက သီဟိုဠ်ကျွန်း တနေရာ၌ အတူဝါကပ်ကြသော မထေရ် သုံးပါးတို့သည် အကုသိုလ်ဝိတက်များ မဖြစ်စေရန်၊ မေတ္တာ ဘာဝနာစသော ကုသိုလ်ဝိတက်များသာ ဖြစ်စေရန် အထူးစောင့်ထိန်း၍ ကျင့်ကြံ တော်မူကြသည်။

ဝါဆိုဝါကပ်သောနေ့တွင် မထေရ်ကြီးက ကျန်နှစ်ပါးအား ဤသို့ အမိန့်ရှိလေသည်။

**မထေရ်ကြီး** ငါ့ရှင်တို့....၊ ဒို့များ ဒီဝါတွင်း သုံးလပတ်လုံး ကာမဝိတက်စတဲ့ အကုသိုလ် ဝိတက်များကို မကြံစည်မိအောင် စောင့်ထိန်း ကြရမယ်။ (ဤသို့ ကတိကဝတ်ထားပြီး တဝါတွင်းလုံး ကျင့်ကြံကြရာ ဝါကျွတ်၍ ပဝါရဏာနေ့သို့ ရောက်လျှင် အငယ်ဆုံးမထေရ်အား)

ကဲ ...ငါ့ရှင်၊ ဝါတော့ကျွတ်ပြီ။ ဒီဝါတွင်းသုံးလ အတွင်းမှာ အဘယ်မျှလောက် ဝေးဝေး စိတ်ကို ထွက်သွားခွင့် ပေးခဲ့သလဲ။

http://www.dhammadownload.com



**ထေရ်ငယ်** အရှင်ဘုရား....၊ တပည့်တော်ရဲ့ စိတ်ကို ကျောင်းဝင်း အပြင်ဘက်ကိုတောင် ထွက်ခွင့်မပေးပဲ နေခဲ့ပါတယ် ဘုရား။

**မထေရ်ကြီး** (မထေရ်လတ်ဘက်လှည့်၍) ကဲ....ငါ့ရှင်ကကော။

**မထေရ်လတ်** မှန်လှပါ....၊ တပည့်တော်ရဲ့ စိတ်ကို ဘုရားတပည့်တော်နေတဲ့ ကမ္မဋ္ဌာန်း ကျောင်းကလေးထဲက အပြင်ကို မထွက်နိုင်အောင် စောင့်ထိန်းပါတယ် ဘုရား။

**မထေရ်နှစ်ပါး** (သုံးဆယ်မထေရ်ကြီးအား) အရှင်ဘုရားကောဘုရား....၊ စိတ်ကို ဘယ်လောက်ဝေးဝေး ထွက်ခွင့် ပေးတော်မူခဲ့ပါသလဲ။

**မထေရ်ကြီး** ငါ့ရှင်တို့....၊ တပည့်တော်ဟာ ဒီတဝါတွင်းလုံး တပည့်တော်ရဲ့ စိတ်ကို နိယကဇ္ဈတ္တခေါ်တဲ့ ဒီရုပ်နာမ် ခန္ဓာကိုယ် ဝိပဿနာ အာရုံအပေါ်က လွဲလို့ ခန္ဓာကိုယ် အပြင်ဘက် တခြားဘယ်ကိုမှ ပြေးထွက်ခွင့် မပြုခဲ့ဖူးဘူး ငါ့ရှင်တို့။

**မထေရ်နှစ်ပါး** သာဓုပါဘုရား....၊ အရှင်ဘုရားများက သာ၍ ခက်ခက်ခဲခဲ စွဲစွဲမြဲမြဲ ကျင့်ကြံတော်မူနိုင်ပါပေတယ်ဘုရား။ တပည့်တော်များလဲ သည်အတိုင်း ဖြစ်အောင် စိတ်ကို ဆုံးမကြပါ့မယ်။ (ဒီ-ဋ္ဌ-၂၊၃၂၉-သက္ကပဉ္စသုတ်အဖွင့်။)

## သွားလာသမျှ သတိမလွတ်၊ ဂတပစ္စာဂတ ဝတ်အရာ စံတော်ဝင်

# မဟာဖုဿဒေဝ ထေရ်

အာဠိန္ဒက ကျောင်းနေ မဟာဖုဿ ဒေဝ မထေရ်သည် သွားရ လာရသမျှ ကမ္မဋ္ဌာန်းသတိမလွတ် ဂတပစ္စာဂတဝတ် (အထူးသဖြင့် ဆွမ်းခံ အသွား အပြန် ကျင့်ဝတ်)အရာတွင် စံတင်ရသော မထေရ် ဖြစ်သည်။

### ဂတပစ္စာဂတဝတ် ဖြည့်ကျင့်နည်း

ထိုဝတ်ကို ၂၀- နှစ်လုံးလုံး ဖြည့်ကျင့်တော်မူ၏။ စေတီ, ဗောဓိပင်, ကျောင်းကန်၊ ဆရာသမား စသော ဝတ်များကို နေ့စဉ် ပြုမြဲ ပြုပြီး ဆွမ်းခံကြွရာ၌ မိမိကျင့်ဆောင်မြဲ၊ သို့မဟုတ် သတ်မှတ်ထားသော ကမ္မဋ္ဌာန်းကို ခြေလှမ်းတိုင်း

http://www.dhammadownload.com



သတိမလွတ်ရအောင် ရှုမှတ်၍ ကြွတော်မူ၏။ ကျောင်းမှ ရွာ၊ ရွာမှကျောင်း အသွား အပြန်(ဂတ ပစ္စာဂတ) သတိအမှတ်ဖြင့် ကြွလေရာ အမှတ်မပါပဲ လှမ်းမိလျှင် သတိရသည်နှင့်တပြိုင်နက် နောက်ကြောင်းပြန်ရ၏။ လွတ်သော နေရာမှ စ၍ ပြန်လျှောက်ရသည်။ ဆင်ကြမ်း, နွားကြမ်း, သောက်စား မူးယစ်သူ၊ လမ်းခရီး အနေအထားကိုလည်း မှတ်သားထားရ၏။

လှေကျင့်စအချိန်က မထေရ် ထိုသို့ ရှေ့သွားလိုက် နောက်ပြန်လိုက် လုပ်နေသည်ကို ကျောင်းနှင့် ရွာလမ်းဘေးရှိ ထွန်ယက် စိုက်ပျိုးနေသူများက—

"ဒီကိုယ်တော် ခဏခဏ ပြန်လှည့် ပြန်လှည့်လုပ်နေတယ်၊ လမ်းများမှားနေ လို့လား၊ဒါမှမဟုတ် တစုံတခု ကျပျောက်နေလို့လား မသိ"ဟု ပြောဆိုကြကုန်၏။

မထေရ်လည်း မကြားယောင်ပြုကာ မိမိ အမှတ်သတိမလွတ်အောင်သာ ဂရုစိုက်၍ ဖြည့်ကျင့်ရာ အနှစ် နှစ်ဆယ်အတွင်း ရဟန္တာဖြစ်တော်မူခဲ့၏။ မထေရ် ရဟန်းကိစ္စပြီးသောနေ့မှစ၍ မထေရ်၏စင်္ကြံကျောင်းထိပ်မှရုက္ခစိုးနတ်မင်းကြီးသည် မထေရ် စင်္ကြံကြွတိုင်း လက်ငါးချောင်း ဆီမီး ငါးတိုင် ထွန်းညှိကာ အမြဲရပ်တည် လာလေ၏။ ထို့မှတပါး စာတုမဟာရာဇ်နတ်မင်းကြီး ၄-ဦး၊ သိကြားမင်းနှင့် သဟမ္ပတိ ဗြဟ္မာမင်းကြီးများလည်း လာရောက် ဖူးမြော်ကြလေသည်။ ကိုယ်ရောင် ကိုယ်ဝါများလည်း လင်းထိန်သွား၏။

ထိုသို့ နတ်မင်းကြီးများ လာရောက် ဖူးမြော်ပြီး နောက်တရက်တွင် ထို အရောင်အလင်းများကို မြင်လိုက်မိသော ဝနဝါသီ (တောရကျောင်းနေ) မဟာ တိဿမထေရ်က—

"ညက အရှင်ဘုရားကျောင်းမှာ တကျောင်းလုံး လင်းနေတယ်၊ ဘာရောင် များ ဖြစ်ပါသလဲ"ဟု လျှောက်ရာ မထေရ်သည် စကားလိုးလွှဲ၍—

"အရောင်ဆိုတာကတော့ ဆီမီးရောင်လဲ ရှိရဲ့၊ ကျောက်ရောင်လဲ ရှိပါရဲ့" စသည်ဖြင့် မိန့်လေသည်။ ထို အကြောင်း မည်သူ့ကိုမျှ မပြောရန် မထေရ်က တောင်းပန် ပြောဆိုရာ အစဉ်အမြဲ လျှို့ဝှက်ထားပါမည်ဟု ဝန်ခံ၍ အကြောင်းစုံ ပြောပြတော်မူရ၏။

## ကာလဝလ္လိမဏ္ဍပ ဝါသီ

# မဟာနာဂ ထေရ်

ကာလဝလ္လိမဏ္ဍပ ဝါသီ မဟာနာဂထေရ်လည်း အထက်ပါအတိုင်း ဂတ ပစ္စာ ဂတ ဝတ်ကို ၂၃-နှစ်လုံးလုံး ဖြည့်ကျင့်တော်မူ၏။

http://www.dhammadownload.com



'ငါတို့ဆရာ မြတ်စွာဘုရားသည် ငါတို့အတွက် ၆-နှစ်တိုင်တိုင် ဒုက္ကရစရိယာကို ပင်ပန်းကြီးစွာ ကျင့်တော်မူခဲ့ရသည်။ငါလည်း ဘုရားရှင်အား ဤတရားအကျင့်ဖြင့် ခုနစ်နှစ် ပူဇော်မည်'ဟု ဆုံးဖြတ်ကာ ပထမ ခုနစ်နှစ် စ၍ ကျင့်တော်မူ၏။

ထိုခုနစ်နှစ်တွင်လည်း ဇွလိယာပုထ် လေးပါးတွင် အရပ်နှင့်(စင်္ကြံ)အသွား ဇွလိယာပုထ် နှစ်ပါးအတွက်သာ အဓိဋ္ဌာန်ထားလေသည်။ နောက်ထပ် ၁၆-နှစ် ထပ်မံ ကျင့်၍အပြီး ရဟန္တာဖြစ်တော်မူသည်။

ဆွမ်းခံ ကြွလျှင် ရှေးနည်းအတိုင်း ခြေလှမ်းတိုင်း သတိ မလွတ်ရအောင် ကြွသည်၊ ပြန်သည်။ လွတ်လျှင် နောက်ပြန်ဆုတ်၍ ကြွ၏။ ရွာနှင့် မလှမ်းမကမ်း (နွားလား, ရဟန်းလား, မခန့်မှန်းနိုင်လောက်သော) နေရာ ရောက်လျှင် ရပ်၍ သင်္ကန်း ရုံ၏။ ချိုင်းကြား၌ ဒသင့်ပါလာသော ရေဘူးမှ ရေ အနည်းငယ် သပိတ်၌ သွန်ငှဲ၍ သပိတ် ကျင်းလိုက်၏။ ပြီးလျှင် ပါးစပ်၌ သင့်လျော်ရုံ ရေတငုံ ငုံ၍ ကြွလေသည်။ ရဟန်းတို့ ကျင့်ဝတ်ကို နားမလည်သော(အကြောင်းမရှိ အကြောင်း ရှာ လျှာရှည်တတ်သော)ဒကာ, ဒကာမများက "နေကောင်းပါရဲ့လား ဘုရား" စသည်ဖြင့် ကမ္မဋ္ဌာန်း အမှတ် သတိ ပျက်စေသောစကားမျိုး မေးမြန်းလျှင် ပြော မိမည်စိုးသောကြောင့် ဖြစ်သည်။

"ယနေ့ ဘာနေ့ပါလဲ၊ ရဟန်းတော် ဘယ်လောက် ရှိပါသလဲ၊ ဘယ် တရားက ဘယ်လိုပါလဲ"စသည်ဖြင့် ရှောင်၍လည်း မရ၊ရဟန်းတို့နှင့်လည်း အပ်စပ် သောအမေးမျိုး မေးလျှင်မူ ငုံလာသော ရေကို မျိုချတန် ချပြီး ဖြေတော်မူရ၏။ အကယ်၍ တစုံတရာ ပြောဆိုရခြင်း မရှိလျှင် ရွာ အထွက်၌ ငုံလာသော ရေကို ထွေးပစ်တော်မူသည်။

### ကလမ္ဗ တိတ္ထကျောင်းနေ

# ရဟန်းတော် ငါးကျိပ်

ယင်းကျင့်ဝတ်ကို ကလမ္ဗတိတ္ထကျောင်းနေ ရဟန်းတော်ငါးကျိပ်တို့လည်း ကတိကဝတ် ထားကာ အားလုံး ကျင့်တော်မူကြသည်။

ဝါဆိုလပြည့်နေ့ကစည်းက—

"ငါရှင်တို့၊ငါတို့တတွေ အရဟတ္တဖိုလ်သို့ မရောက်မရသေးသမျှ တပါးနှင့် တပါး စကား မပြောကြတမ်း" ကတိကဝတ် ထားတော်မူကြ၏။ ဂါတပစ္စာ ဂတိက ဝတ်ကိုလည်း ဆောင်တော်မူကြရာ ရွာအပြင်၌ ရေထွေးချသော ကျင်း ရာကို ကြည့်၍ 'ယနေ့ ရဟန်းတော် မည်မျှ ကြွသည်' ဟုပင် လူတို့ သိနေကြ လေသည်။

http://www.dhammadownload.com



ကြွလာသောအခါ ရပ်ရွာရှိ ဒကာ,မကာမများ သံသယ ဝင်လာကြ၏။

"ရဟန်းတော်တွေဟာ ငါတို့နှင့်သာ စကား မပြောတာလား၊ သူတို့ အချင်းချင်းကော မပြောကြဘူးလား၊ တပါးနှင့်တပါး မခေါ် မပြော ဖြစ်နေကြတယ် ဆိုယင် ဧကန္တ ရန်ဖြစ်ထားကြလို့ နေမှာပဲ။ လာကြပါ၊ တပါးနှင့် တပါး တောင်းပန် သည်းခံပြီး ကျေအေးအောင် လုပ်ချေကြပါစို့"ဟု ဆိုကာ စိုးရိမ် စိတ်ဖြင့် ကျောင်းသို့ပင် လိုက်လာကြ၏။

ကျောင်းသို့ရောက်၍ ကြည့်ကြသောအခါ ရဟန်းတော် ငါးကျိပ်မှာ တနေရာတည်း၌ နှစ်ပါးအတူ နေသည်ကိုပင် မတွေ့ကြရချေ။ ထိုအခါ စဉ်းစားဉာဏ် ရှိသော ဒကာတဦးက....

"မိတ်ဆွေတို့၊ ငါတို့ ထင်တာ မဟုတ်ဘူး။ရန်ဖြစ်ဘဲ့ပုဂ္ဂိုလ်များရဲ့နေရာဟာ ဒါမျိုး မဟုတ်ဘူး။ ကြည့်စမ်း၊ စေတီ ရင်ပြင်, ဗောဓိ ရင်ပြင်တော်တွေမှာလဲ တံမြက်လှည်းထားလိုက်တာ ရှင်းလို့။ တံမြက်စည်းတွေလဲ ကျကျနန စနစ်တကျ ထားတယ်။ ဟိုမှာ....သောက်ရေ သုံးရေတွေလဲ အဆင်သင့်ပဲ"ဟု ပြောဆိုပြန်သွားကြလေ၏။

ရဟန်းတော် ငါးကျိပ်တို့လည်း ထို ဝါတွင်း ကာလမှာပင် ရဟန်းကိစ္စပြီးမြောက်ကာ 'ဝိသုဒ္ဓိ ပဝါရဏာ=သန့်ရှင်း စင်ကြယ်သူ ပုဂ္ဂိုလ်မြတ်တို့၏ ပဝါရဏာ=ဖိတ်ကြားခြင်း'ပွဲကို ဆင်နွှဲတော်မူနိုင်ကြလေ၏။ (မ-ဋ္ဌ-၁၊ ၂၆၂-၃-မဟာသတိပဋ္ဌာနသုတ် အဖွင့်။ ဒီ-ဋ္ဌ-၁၊ ၁၆၉။သံ-ဋ္ဌ-၃၊ ၂၂၀-၃။ အဘိ-ဋ္ဌ-၂၊ ၃၃၃။ထေရ-ဋ္ဌ-၁၊ ၂၂။ အပ-ဋ္ဌ-၁၊ ၁၅၉။ ယင်း-၂၁၃၄။ သုတ္တနိ-ဋ္ဌ-၁၊ ၄၇။)

## သမ္ပဇည တရားလေးပါးကို အားဖြည့်သော ကျင့်ဝတ်

ဂတ ပစ္စာဂတဝတ်ကို ပြရာ၌ အသွားသာဆောင်၍ အပြန်မဆောင်သူ၊ အပြန်သာဆောင်၍ အသွားမဆောင်သူ၊ အသွားရော အပြန်ပါ ဆောင်သူ၊ အသွားရောအပြန်ပါ မဆောင်သူဟု လေးမျိုးပြထားသည်။

အသွားရောအပြန်ပါ ကမ္မဋ္ဌာန်းမပါပဲ ဆွမ်းခံသူသည် သာသနာတွင် ရှက်ဖွယ်လီလီ ဖြစ်ပေ၏။ ရဟန်းတော်တိုင်း ရှေးအခါက အသွားအပြန် ရနိုင်သမျှ ရအောင် ဆောင်ခဲ့ကြရသည်။ အနည်းဆုံး ယခုအခါ မေတ္တာကမ္မဋ္ဌာန်းလောက်ကိုမူ ပါသင့်ပေ၏။ ပါသည်ဆိုရာ၌ ခြေလှမ်းမလပ်သော ပါဝင်မှုမျိုးကို ဆိုလိုပေသည်။

ဤကျင့်ဝတ်သည် သာသနာတော်နှစ် ၉၇၀-မတိုင်မီ၊ အဋ္ဌကထာ ဆရာကြီးများ လက်ထက်တော် မရောက်မီကပင် ဇမ္ဗုဒ္ဒီပ, သီဟိုဠ် သာသနာပြု ရဟန္တာ

http://www.dhammadownload.com



မထေရ်ကြီးများ အစဉ်အဆက် ရဟန်းတော်တိုင်း လိုက်နာရန် သတ်မှတ်ထားသော 'ကမ္မဋ္ဌာန်း ဥပဒေသကြီး' တခုဟုပင် ဆိုသင့်လေသည်။

ဤဝတ်အတိုင်း ဆောင်ရွက်ပါက ဥပနိဿယ ပြည့်စုံပါလျှင် ပထမအရွယ်၌ပင် ရဟန်းကိစ္စ ပြီးစေနိုင်၍ ဗောဓိဆုကြီးများကို အလျင်အမြန် ရင့်သန်စေသည်ဟု မိန့်မှာတော်မူကုန်၏။ (အသေးစိတ်ကို အဋ္ဌကထာတို့၌ ရှုပါကုန်။)

စင်စစ် ဤ ဂတပစ္စာဂတဝတ် ကျင့်စဉ်သည် သမ္ပဇည တရားလေးပါးကို ကြီးထွားလွယ်အောင် သတ်မှတ်ပေးသော ကျင့်စဉ်ဖြစ်၏။

## သမ္ပဇည တရားလေးပါးမှာ–

၁။ **သာတ္ထကသမ္ပဇဉ်=** မိမိလုပ်မည့် အလုပ်ကို အကျိုးရှိ-မရှိ သိမြင်ရခြင်း (ပညာ)၊

၂။ **သပ္ပါယသမ္ပဇဉ်=** အကျိုးရှိသောအလုပ်ပင် ဖြစ်စေကာမူ အခြေအနေ အခါအခွင့် သင့်မသင့် ချင့်ချိန် သိမြင်ရခြင်း၊ (ဘုရားဖူးခြင်းသည် အကျိုးရှိသော်လည်း ပွဲတော် အခါမျိုးကို ရှောင်ရသည်။)

၃။ **ဂေါစရသမ္ပဇဉ်=** မိမိ ရှုပွား လက်ကိုင်ထားသော တရားရှုကွက် တရားအာရုံကို မလွတ်တမ်း နှလုံးသွင်း သိမှတ်နေရခြင်း၊

၄။ **အသမ္မောဟသမ္ပဇဉ်=** အမြဲ နှလုံးသွင်းနေသဖြင့် ရုပ်နာမ်ဓမ္မကို မတွေမဝေ သေသေချာချာ ပိုင်ပိုင်နိုင်နိုင် သိသော ဉာဏ် အမြင်ရခြင်း၊

ပထမနှစ်မျိုးသည် လောကီ လောကုတ္တရာ နှစ်ဖြာအတွက် အသုံးကျ၏။ သို့သော် ကမ္မဋ္ဌာန်းမဟုတ်သေး။ ကမ္မဋ္ဌာန်း အလုပ်အတွက် ရွေးပြေး အထောက်အကူ ဖြစ်၏။ 'ဂေါစရသမ္ပဇဉ်'သာလျှင် ပဓာနဖြစ်သည်။ ဂေါစရ ဆိုသည်မှာ 'စားကျက်=အာရုံ–ရှုကွင်းရှုကွက်'ဟု ဆိုလိုသည်။

ဝမ်းဗိုက်၌ ဖောင်းမှု ပိန်မှု ရှုမှတ်သူသည် အမြဲတမ်း အထူးသဖြင့် ဆွမ်းခံ အသွားအပြန် ထိုအာရုံကိုသာ သိနေရသည်။ သို့မဟုတ် ခြေထောက် ဗယ်လှမ်းသည်, ညာလှမ်းသည်၊ ကြွသည်, လှမ်းသည်, ချသည် ကြွားသည် မြင်သည် စသော သတိပဋ္ဌာန်အာရုံ ရှုကွက်တခုခုကို ကိုင်မိ သိမိလျက်သား ရှိနေရ၏။

နှာခေါင်း ထွက်လေ ဝင်လေ ရှုမှတ်သူဖြစ်လျှင်လည်း ထိုနည်းလည်းကောင်းပင် မိမိရှုမှတ်မှုကို သွားရ လာရသော နေရာတိုင်း၌ မလွတ်တမ်း ရှုမှတ်ရသော၊ လွတ်သွားလျှင် လွတ်သွားသည်ဟု ယူဆရသော နေရာရောက်အောင်

http://www.dhammadownload.com



ခြေလှမ်းနောက်ပြန်ဆုတ်၍ အသစ် ပြန်ရှုမှတ်ရသော ကျင့်ဝတ်ဖြစ်၏။ ဂေါစရ သမ္ပဇဉ်ကို (ဝါ) ကမ္မဋ္ဌာန်းအသိကို အမြန်ဆုံး တိုးတက်အောင် လုပ်ပေးသော ကျင့်ဝတ်ကောင်းကြီး ဖြစ်ပေသည်။

ဆွမ်းခံ အသွားအပြန်မျှသာ မဟုတ်။ မည်သည့် နေရာ၌မဆို သူတော်ကောင်းကြီးများ သတ်မှတ်ထားသော ထိုဂတ ပစ္စာဂတ ကျင့်ဝတ်ကို နှလုံးမူ ရှိသေသော အားဖြင့် မပြတ်မလပ် တရစပ် အမှတ်ချင်း ရှေ့နောက်စပ်အောင် ရှုပွား၍ နေရမည်မှာ ယောဂီ၏ ပဓာန အလုပ်ကြီးပေတည်း။

'ဂေါစရသမ္ပဇဉ်' ပြည့်စုံသွားလျှင် (ဝါ) အထွတ်အထိပ် (သိခါပ္ပတ္တ)သို့ ရောက်သွားလျှင် 'အသမ္မောဟ သမ္ပဇဉ်'သည် အထူး (တမင်) လုပ်နေရသည် မဟုတ်၊ အလိုလို ဖြစ်လာလိမ့်မည်။

ခြေလှမ်းကို မှတ်သိသွားလျှင် ထိုခြေတလှမ်း၌ပင် အကြောင်းခံစိတ်၊ ထို စိတ်ကြောင့် လှုပ်ရှားသော လေဓာတ်၊ ထိုလေဓာတ်၏ တွန်းပို့ ထောက်ခံ ပင့် မြှောက်မှု ကြောင့် ကြွခြင်း လှမ်းခြင်း စသည် အဆင့်ဆင့် ဖြစ်ပုံကဲ့ ပြောင်းလဲ နေသည်ကို (ဝါ) ငါ,ငါ့ဟာမပါ၊ ရုပ်နာမ် သဘာဝများသာ ဓမ္မနိယာမအရ သူ့အလုပ် သူလုပ်နေသည်ကို သဲသဲကွဲကွဲ တပိုင်းစီ တပြတ်စီ ထင်ထင်လင်းလင်း ရှင်းရှင်းကြီး သိမြင်သွားမည်သာ ဖြစ်၏။ ယင်းကိုပင် 'အသမ္မောဟသမ္ပဇဉ်'ခေါ်သည်။ (အဋ္ဌကထာ၌ ကျယ်ဝန်းစွာ ပြထား၏။ ကောင်းလှပေသည်။)

## ရဟန္တာ မဖြစ်ဖူးသော ဆွမ်းစားဇရပ်မရှိ

ဤကျင့်ဝတ်, ဤသမ္ပဇဉ်များကြောင့် ရှေးအခါက သီဟိုဠ် ကျွန်းကြီး တကျွန်းလုံး တခုတည်းသော ကမ္မဋ္ဌာန်းကျောင်းကြီး ဖြစ်နေကြောင်း (မ-ဋ္ဌ-၂၊ ၂၆၁။ သံ-ဋ္ဌ-၂၊ ၂၁၂- ကလိင်္ဂရသုတ်အဖွင့်။) မဟာဝိဟာရ ကျောင်းတော်ကြီး၏ တောင်ဘက်မုခ်ကရပ်၍ မဟာစေတီကြီးကို ဖူးမြော်ရာ (ဗုဒ္ဓာရမ္မဏဖြင့်) ရဟန်းတော်သုံးသောင်း ရဟန္တာဖြစ်တော်မူခဲ့ကြကြောင်း၊ ထို့အတူ အနောက်မုခ်, မြောက်မုခ်၊ အရှေ့မုခ်နှင့် သပ္ပာယဖြစ်သော မဟာဇနာဂလိုဏ် စိတ္တလတောင် စသည်တို့၌ မရေမတွက်နိုင်အောင် တရားထူးရကြကြောင်း (ဝိသုဒ္ဓိမဂ်-၁၊ ၁၂၄။ မ-ဋ္ဌ-၁၊ ၂၆၉။ သံ-ဋ္ဌ-၃၊ ၂၂၀- သတိသုတ်အဖွင့်။) နေရာများစွာ၌ ဖတ်ရှု ကြည်ညိုရလေသည်။

ရှေးအခါက ဆွမ်းခံရဟန်းတော်များ ရွာတိုင်း၌ နားနေတည်းခို၍ ဆွမ်း ဘုဉ်းပေးရန် ဆွမ်းစားဇရပ်များရှိရာ သီဟိုဠ်ကျွန်း ဆွမ်းစားဇရပ်တိုင်း ရဟန္တာ

http://www.dhammadownload.com



မဖြစ်ဖူးသော ဆွမ်းစားဇရပ်ဟူ၍ပင် မရှိကြောင်း (သံ-ဋ္ဌ-၃၊ ၂၂၁) စသည်ဖြင့် ဤကျင့်ဝတ်ကြီး၏ အရေးပါပုံကို ထိုထို အဋ္ဌကထာတို့၌ ကျယ်ဝန်းစွာ ပြဆိုထားပေသည်။

ဆွမ်းစားခိုက်ကလေး အတွင်းမှာပင်လျှင်လည်း တရားထူး ရနိုင်သောကြောင့် အမှတ်မဲ့ မစားရ၊ မိမိရှုမှတ်မြဲ ကမ္မဋ္ဌာန်းအာရုံကို စွဲထုံကြရလေသည်။

## အမှတ်လွတ်သွားသောလက်

ဂေါစရသမ္ပဇဉ် ထားရှိရပုံနှင့်စပ်၍ ယခုအခါ ယောဂီများ အသိပင် ဖြစ်ပေသည်။ သီဟိုဠ်ခေတ်က မထေရ်ကြီးတပါးသည် နေ့ခင်းနေ့လယ် အမှတ်သတိ မလွတ်ရဲ ခဖ်ပေါ့ပေါ့မှတ်ယင်း တပည့်များနှင့်အတူ ထိုင်၍ စကားပြောနေစဉ် အမှတ်လွတ်ပြီး လက်ကိုကွေးမိသဖြင့် (ဆွမ်းခံသွားယင်း အမှတ်လွတ်၍ နောက်ပြန်လှည့်ပြီး မှတ်သူကဲ့သို့) လက်ကို တဖန် ပြန်ဆန့်ပြီးမှ "ကွေးတယ်....ကွေးတယ်"ဟု ခပ်ဖြည်းဖြည်းကလေး ပြန်ကွေးနေသည်ကို တပည့်များ မြင်နေကြလေသည်။

"အရှင်ဘုရား ...ခုနက လက်ကို မြန်မြန်ကွေးပြီးမှ ဘာဖြစ်လို့ တခါ ပြန် ဖြန့်ပြီး ဖြည်းဖြည်းကလေး ကွေးနေရတာလဲ အရှင်ဘုရား" ဟု တပည့်များက လျှောက်ကြရာ—

"ငါ့ရှင်တို့....၊ ဒို့များ ကမ္မဋ္ဌာန်းကို စတင်နှလုံးသွင်းတဲ့ အချိန်ကစပြီး အမှတ်မပါပဲ (သတိလွတ်ပြီး)တခါမှ မကွေးမဆန့်ဖူးဘူး၊ ယခု သင်တို့နှင့်စကား ပြောနေရလို့ အမှတ်လွတ်သွားတာနဲ့ လက်ကိုသူ့နေရာသူပြန်ထားပြီး ဖြည်းဖြည်း ကလေး အမှတ်နဲ့ ပြန်ကွေးနေရတယ်"ဟု မိန့်တော်မူလေသည်။

"မှန်လှပါ အရှင်ဘုရား၊ ရဟန်းဆိုတာ ဒီလိုပဲ ဖြစ်သင့်တာပါပဲဘုရား" ဟု လျှောက်ကြလေသည်။(သံ-ဋ္ဌ-၃၊ ၂၂၈-သတိသုတ်အဖွင့်။ ဒီ-ဋ္ဌ-၁၊ ၁၇၆။)

## ဖောင်းတာပိန်တာ ဘယ်ကစ

ယခုအခါ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ ပြတ်လပ်နေခဲ့သော သတိပဋ္ဌာန် အလုပ်စခန်းများကို ကမ္မဋ္ဌာန်းနှင့်ချီ၍ ပြန်လည်ဖော်ထုတ်ကာ အထူးကျယ်ပြန့်စွာ သာသနာပြုတော်မူရာ၌ တပည့်ယောဂီများ၏ သွားပုံ,လာပုံ,နေပုံ,ထိုင်ပုံမှာ လူများစု မျက်စိထဲ၌ တမျိုးကြီးဖြစ်နေ၍ မသိမလိမ္မာသူများ ဝေဖန်အပြစ် ကျူးလွန်မိတတ်ကြလေသည်။

http://www.dhammadownload.com



"ဖောင်းတယ်...ပိန်တယ်"ကိုပင် ဆရာတော် တမင်ထွင်ပြီးပေးလေဟန်၊ ကမ္မဋ္ဌာန်းပဲ့ မဟုတ်လေသယောင် ငဲ့ကြီးကြသူများလည်း ရှိလေသည်။

စင်စစ် 'ဖောင်းတယ် ပိန်တယ်'သည်ပင် ဆရာတော်ဘုရားကြီး အဆန်းထွင်ပေးသော အရာမဟုတ်ချေ။ ကျေးဇူးရှင် 'မူလ မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးနှင့် မြို့လှဆရာကြီး ဦးစံထွန်း'တို့ လက်ထက်တော်ကပင် လက်တွေ့လုပ်ပြီးမှ ပြသလာကြသော 'အပဏ္ဏက ပဋိပဒါ=ကိန်းသေနည်း'များသာ ဖြစ်ကုန်၏။ (ရှေးက 'ပူတယ်....ရှပ်တယ်'ဟု သုံးသည်။) ထို့ကြောင့် ဘုရားရှင်အာဘော်၊ ဤယခုပြဆိုသော အဋ္ဌကထာအာဘော်၊ သီဟိုဠ်ခေတ် သာသနာပြုရဟန္တာ မထေရ်ကြီး အဆက်ဆက်တို့၏ လုပ်ထုံးများသာလျှင် ဖြစ်ကြောင်း မမှိတ်မသုန် ယုံကြည်ကျင့်သွားကြရာ၏။

## အသမ္မောဟ သမ္ပဇဉ်ကြောင့် နာရီမလိုသော

# ဂေါဒတ္တထေရ် ကာဠဒေဝထေရ်

မြတ်စွာဘုရားရှင်သည် အလောင်းတော်ဂုဏ်ကပင် ခုနစ်ရက် ခုနစ်လီ လနေမထွက်စေကာမူ အချိန်ကို အတိအကျ သိတော်မူ၏။

လောကီစျာန်ရသူ၊ ကသိုဏ်း ဝင်စားသူများပင်လျှင် ဝုဋ္ဌာနဝသီဘော် (အဘယ်အချိန်၌ စျာန်မှထမည်ဟု) တိကျနိုင်နင်းမှု မရှိကြ၍ နေ့ညလွဲမှားသော ကြက်ငှက်တို့ကဲ့သို့ ဖြစ်ရပုံကို ဟောတော်မူကာ—

**သဘာဝဓမ္မတခုဖြစ်သော အသမ္မောဟတရားကြီး(အသမ္မောဟ သမ္ပဇဉ်=အမြဲမှတ်သိနေခြင်း)သည်** သတ္တဝါတို့အား အကျိုးစီးပွားများဖေ၍ မိခင်သည် သားသမီးများကို စောင့်ရှောက်သကဲ့သို့ တလောကလုံးအား စောင့်ရှောက်နိုင်သော ကမ္မဋ္ဌာထိန်း=သတ္တဝါစောင့် လက်နက်ကောင်းကြီး ဖြစ်ပုံကို(မူလပဏ္ဏာသ-ဘယဘေရဝသုတ်-ပါဠိ,အဋ္ဌကထာ, ဋီကာတို့၌)ဖတ်ရှု ကြည်ညိုနိုင်လေသည်။

ယင်း အသမ္မောဟတရားကြောင့် ကလျာဏီကျောင်းတိုက်ကြီး၌ နေတော်မူသော ဂေါဒတ္တမထေရ်ကြီးသည် အချိန်အခါကို အတိအကျ သိတော်မူ၏။

ရှေးအခါက အချိန်ကိုသိရှိရန် ပျဉ်ပြားခြမ်းတခု၌ အကွက်ဇယား မျဉ်းကြောင်းသား၍ ထိပ်ပိုင်း အလယ်ဗဟို၌ လက်တံငုတ်ရှည်တခု စိုက်ကာ ကိုင်ဖြင့် စိုက်ထူထားရသော 'နေနာရီတိုင်'ဟူ၍ ရှိ၏။ (ယခုအခါလည်း သုံးစွဲကြသည်။ ရေနာရီဟူ၍လည်း ရှိ၏။)

http://www.dhammadownload.com



အဆိုပါ ဂေါဒတ္တမထေရ်ကြီးသည် မည်သည့်နေ၊ မည်သည့်နေနာရီကိုမျှ မကြည့်ပဲ သူ့အချိန်နှင့်သူ၊ ဆွမ်းခံ၊ ဆွမ်းစား တရားရှုမှတ်ခြင်း ပြုတော်မူ၏။ နေနာရီ၌ သတ်မှတ်ထားကြသည့်အတိုင်း လက်နှစ်သစ်အချိန်၌ ဆွမ်းခံကြွ၍ လက်တသစ် အချိန်၌ ဆွမ်းစားသည်ဟုဆိုလျှင် မထေရ်ကြီးသည်လည်း ထိုအချိန် အတိုင်းပင် အတိအကျ ပြုလုပ်တော်မူရာ ကျောင်းတွင်းရှိ မထေရ်များသည် ဂေါဒတ္တ မထေရ်ကြီးအား တန္နေ့တွင် စောင့်၍ကြည့်မည်ဟု ဆုံးဖြတ်ကြသည်။ မထေရ်ကြီး ဆွမ်းခံ၊ ဆွမ်းဘုဉ်းပေးသည်ကို အစားအသောက်များကိုပါ ယူဆောင် လာကြပြီးလျှင် နေနာရီတိုင်၌ ထိုင်၍ အကဲခတ်ကြလေသည်။ တဆံချည်မျှမလွဲချေ။ နေမသာ မိုးအုံ့၍ နေမမြင်ရသောနေ့တွင်လည်း မထေရ်ကြီးသည် အချိန်မှန်ပင် ပြုလုပ်တော်မူသည်ကို တွေ့ကြရလေ၏။

ထိုအခါမှစ၍ ကလျာဏီကျောင်းတိုက်ကြီးတွင် သံဃာများ ဆွမ်းခံ၊ ဆွမ်းစား၊ ဝတ်ကြီးဝတ်ငယ် စသည် အချိန်မှန် ဆောင်ရွက်ရသည့် ကိစ္စများ အတွက် စည်ကြီးတလုံးတပ်ဆင်၍ ဂေါဒတ္တမထေရ်ကြီး၏ အခြေအနေကိုသာလျှင် ကြည့်ရှုသတ်မှတ်ပြီး တီးခတ်ကြလေ၏။

# ကာဠဒေဝထေရ်

ထိုမှတပါး အဇဂရကျောင်းတိုက်နေ ကာဠဒေဝမထေရ်ကြီးသည်လည်း အချိန်ကို အတိအကျ သိတော်မူ၏။

မထေရ်ကြီးသည် ဝါတွင်းသုံးလပတ်လုံး သံဃာအများ သေနာသနဝတ် စသည် ဆောင်ရွက်ရန် အမြဲတမ်း ကျောက်စည်ခေါင်းလောင်း ထိုးပေးလေ့ ရှိသည်။ အခြားအခြားသော မထေရ်များ၌ နေနာရီတိုင်, ရေနာရီခွက်များ ပြုလုပ်သုံးစွဲကြသော်လည်း ကာဠဒေဝ မထေရ်ကြီး၌ မည်သည့်နာရီမျှ မလိုချေ။ သို့ရာတွင် အချိန်ကျ၍ ကျောက်စည် ခေါင်းလောင်းထိုးရန် လက်ထိုးတုတ်ကို ကိုင်နေချိန်မှာပင် အခြား နေနာရီ,ရေနာရီများလည်း ထိုအချိန်ကို တပြိုင်နက် အတိအကျ ပြနေကြလေသည်။

မထေရ်ကြီးကား ညဉ့်သုံးယံပတ်လုံး အသမ္ဘောဟ သမ္ပဇဉ်ဖြင့် နေတော်မူရာ နံနက်ဆွမ်းခံကြွ၍ ကျောင်းသို့ပြန်လာပြီးနောက် ဆွမ်းစားဇရပ်၌ မထေရ်များ စုံလင်အောင်စောင့်၍ မနေ၊ ရသမျှ အချိန်ကလေးအတွင်း သပိတ်ကို ယူဆောင်ကာ သင့်လျော်သော ဆိတ်ငြိမ်ရာအရပ်သို့ သွားရောက်ကာ တရား ရှုမှတ်တော်မူလေသည်။

http://www.dhammadownload.com



ကျောင်းတိုက်သံဃာများ ဆွမ်းဘဉ်းပေးရန်စုံလင်၍ ဆွမ်းဘဉ်းပေးချိန် ကျရောက်လျှင် နေနာရီ,ရေနာရီ ထားရှိသော မထေရ်များက မထေရ်ကြီးအတွက် စိတ်ပူကြောင့်ကြကာ ရဟန်းငယ် တပါးပါးအား သွားရောက် အပင့်ခိုင်းလေ့ ရှိကြရာ ပင့်လျှောက်သွားသော ရဟန်းငယ်သည် မထေရ်ကြီးအား ကြွလာရန် ဟန်ပြင်နေချိန်၌ဖြစ်စေ၊ လမ်းခွတ်လတ်၌ဖြစ်စေ တွေ့ရမြဲ ဖြစ်လေသည်။(မ-ဋ္ဌ-၁၊ ၁၂၆-ဘယဘေရဝသုတ် အဖွင့်။)

## စိတ်ကို နှိုးစက်ချနည်း

မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားသော ဘုန်းတော်ကြီး ဦးသီလ အမိန့် ရှိဖူးသော စကားတခွန်းကိုလည်း သတိရဖွယ်ကောင်းလှ၏။

ဘုန်းတော်ကြီး တောရနေသော နေရာသို့ ကိုရင်, ဦးပဉ္စင်းငယ်များ အုံးမောင်း, တုံး ပြုလုပ်ရန်အတွက် တော၌ သစ်ပင်လှည်းရန် လှည့်လည် ရှာဖွေကြသည်ကို သိတော်မူလျှင်—

"မောင်ပဇင်းတို့ဟာက ရဟန်းလုပ်နေပြီး ကြက်လောက်မှ နိုးနိုးကြား ကြား မရှိကြပဲကိုး"ဟု မိန့်တော်မူလေသည်။

ယောဂီများ 'ဝုဋ္ဌာနသညီ'မေ ါ် 'ငါ မည်သည့်အချိန်၌ အိပ်ရာမှထမည်' ဟု စိတ်ထဲက တိတိကျကျ စွဲမြဲစွာ သတ်မှတ်ထားလျှင် နိုးသောအခါလည်း ပျင်းရိ မနေပဲ (သစ္စာရှိရှိ၊ ကတိတည်တည်) နိုးနိုးချင်း ထလျှင်ပင် နာရီအတိအကျ မှန်ကန်သည်ကို အံ့ဩလောက်အောင် ကိုယ်တွေ့ကြုံနိုင်ပါသည်။ ဝုဋ္ဌာနသညီနှင့် သမ္ပဇညတရားကို ပိုင်နိုင်လာပါလျှင် သတ္တဝါအများအတွက် မည်သို့စောင့်ရှောက် နိုင်ကြောင်း သိမြင်လာပါလိမ့်မည်။

### အာနာပါနဿတိဖြင့် အံ့ဖွယ်ပရိနိဗ္ဗာန်ပြုသော

# စိတ္တလတောင် ညီနောင်နှစ်ပါး

နာမည်ကျော် စိတ္တလတောင် ကျောင်း၌ ညီတော် နောင်တော်နှစ်ပါး တရားအတူအားထုတ်ကာ သီတင်းသုံးနေတော်မူကြ၏။ အမည်ကား မထင်ရှား။

ညီနောင်နှစ်ပါးတွင် မထေရ်တပါးသည် တခုသော လပြည့်ဥပုသ်နေ့တွင် သံဃာဥပုသ်ပြုအပြီး မိမိကျောင်းသို့ပြန်ကြွကာ သံဃာအများ ခြံရံလျက်ရှိစဉ် ကောင်းကင်မှ လရောင်ကိုမော်ကြည့်ယင်း မိမိ၏အသက်အပိုင်းခြားကို ဆင်ခြင် တော်မူနေ၏။

http://www.dhammadownload.com



လရောင်ကိုတွေ့ပြီးကြည့်နေရာမှ တပည့်သံဃာများဘက်သို့ လှည့်ကာ—

"ငါ့ရှင်တို့....၊သင်တို့ မည်ကဲ့သို့ပရိနိဗ္ဗာန်ပြုသည်ကို မြင်တွေ့ဖူးကြသလဲ" မေးတော်မူရာ အချို့ရဟန်းတော်များက 'နေရာ၌ထိုင်လျက် ပရိနိဗ္ဗာန်ပြုသည်ကို မြင်ဖူးကြောင်း' လျှောက်ထားကြ၏။အချို့တပည့်များကမူ 'ကောင်းကင်၌ တင်ပျဉ်ခွေ၍ ပရိနိဗ္ဗာန်ပြုသည်ကိုမြင်ဖူးကြောင်း' အသီးသီးလျှောက်ထားကြလေ၏။ ထိုအခါမထေရ်ကြီးက—

"ကောင်းပြီ ငါ့ရှင်တို့၊ ယခု သင်တို့အား ငါ စင်္ကြံ လျှောက်ယင်း ပရိနိဗ္ဗာန်ပြုသည်ကိုပြပေအံ့"ဟု မိန့်တော်မူပြီးလျှင် စင်္ကြံလျှောက်သော လမ်းတနေရာ၌ မျဉ်းသား၍ပြပြီးနောက်—

"ငါ့ရှင်တို့....၊ ကြည့်ကြလော့၊ ငါစင်္ကြံဒီဘက်ထိပ်ကနေ ဟိုဘက်ထိပ် အရောက်ကြွပြီးပြန်အလာ၊ ဟောဒီမျဉ်းသားတဲ့နေရာ ရောက်လျှင် ရောက်ချင်း ပရိနိဗ္ဗာန်ပြုလိမ့်မယ်"ဟု မိန့်တော်မူကာ တပည့်သံဃာများရှေ့၌ပင် စင်္ကြံကြွ၍ ပြတော်မူ၏။

သံဃာများမှာ မျက်တောင်မခတ် စင်္ကြံအစအဆုံး တည်ငြိမ်စွာ ကြွလှမ်းတော်မူသည်ကို ကြည့်ရှု ကြည်ညိုနေကြ၏။

မိန့်တော်မူသည့်အတိုင်း တဘက်သော စင်္ကြံအစွန်းမှ ပြန်လှည့်အလာ မျဉ်းသားထားသောနေရာ၌ ခြေတော်တဘက်မျှသာ နင်းချရသေး၏။ မတ်တတ်ရပ်လျက် ထိုနေရာ၌ပင် ပရိနိဗ္ဗာန်ပြုတော်မူလေသည်။(ဝိသုဒ္ဓိမဂ်-၁၊ ၂၀၄။)

ယင်းမထေရ်နှင့် အလားတူသော မထေရ်များကိုလည်း "ကောဋပဗ္ဗတ ဝိဟာရဝါသီ အရှင်တိဿထေရ်၊မဟာကရဉ္ဇိယဝိဟာရဝါသီ မဟာတိဿထေရ်၊ ဒေဝပုတ္တမဟာရဋ္ဌတိုင်းနေ ပိဏ္ဍပါတိက တိဿထေရ်များ"ဟု ဖော်ပြထားရာ အဋ္ဌုပ္ပတ္တိအကျယ်ကိုမူ မတွေ့ရတော့ချေ။

## သေရမည့်အချိန်ကို အတိအကျသိခြင်း

အာနာပါနကမ္မဋ္ဌာန်းသည် အလွန်တန်ခိုးသတ္တိ ကြီးမား၍ အင်အား အကောင်းဆုံးပြည့်ဝစေနိုင်သော ကမ္မဋ္ဌာန်းဖြစ်ပေသည်။ ဝိသုဒ္ဓိမဂ်ဆရာကြီးက—

"ဣဒံပန အာနာပါနဿတိကမ္မဋ္ဌာနံ ဂရုကံ, ဂရုကဘာဝနံ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ ဗုဒ္ဓပုတ္တာနံ မဟာပုရိသာနံယေဝ မနသိကာရဘူမိ ဘူတံ၊နစေဝ ဣတ္တရံ၊နစ ဣတ္တရသတ္တသမာသေဝိတံ" (ဝိသုဒ္ဓိမဂ်-၁၊၂၇၆။)

http://www.dhammadownload.com



"ဤအာနာပါနကမ္မဋ္ဌာန်းကား လေးလေး ပင်ပင် လေးလေး စားစား အားကြိုးသန်၍ ဂရုတစိုက်လုပ်မှရသော ကမ္မဋ္ဌာန်းဖြစ်သည်။ ဘုရားပစ္စေကဗုဒ္ဓါ သာဝကကြီးများဖြစ်ကြသော ဘုန်းနှင့်သမ္ဘာ ထက်ကြပ်ပါသည့် မဟာပုရိသ လူ့အာဇာနည်ကြီးတို့သာလျှင် နှလုံးသွင်းရာကမ္မဋ္ဌာန်းဖြစ်သည်။ ထို လူ့အာဇာနည်ကြီးများပင်သော်မှ ခဏတဖြုတ်လုပ်၍ရသော ကမ္မဋ္ဌာန်းမဟုတ်။ ဘုန်းကံနည်းပါးသော သတ္တဝါအညံ့စားတို့၏ အရာလည်းမဟုတ်။"ဟု မိန့်မှာတော်မူခဲ့သည်။

မြတ်စွာဘုရားရှင်ကလည်း-

"သတိပညာမရှိသူအား ဤကမ္မဋ္ဌာန်းကိုင်မဟော၊မပေး"ဟု (အာနာပါနသံယုတ်၊ ဉပရိ အာနာပါနသတိသုတ်တို့၌)အတည့်အလင်း ထုတ်ဖော်တော်မူခဲ့၏။

ကမ္မဋ္ဌာန်းအားလုံး၌ပင် သတိနှင့်ပညာမပါ၍မဖြစ်။ သို့ရာတွင် ဤအာနာပါနကမ္မဋ္ဌာန်း၌ကား အထူးသဖြင့် ပို၍လိုအပ်သောကြောင့် ယင်းသို့မိန့်တော်မူခြင်းဖြစ်သည်။"လေးလေးစားစား သတိပညာများများဖြင့် အားကြိုးသန်၍ခွဲခွဲမြဲမြဲ စူးစူးစိုက်စိုက် လေးလေးပင်ပင် အားထုတ်ကြ"ဟု သိစေတော်မူလိုရင်း—

ယခုအခါမြန်မာနိုင်ငံ၌ အာနာပါနရှုပွားသူပေါများသော်လည်းအပျော်တမ်း စားကောင်းသောက်ကောင်းယောဂီက များနေ၏။ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးကဲ့သို့ စနစ်တကျ နည်းပြစစ်ဆေး အလေးအနက်ရှေ့ဆောင်ညွှန်ပြသော ကမ္မဋ္ဌာန်းဌာနလည်း အလွန်ရှားလှ၏။

စင်စစ် အာနာပါနကမ္မဋ္ဌာန်းသည် ဘဝသံသရာက ပါရမီမျိုးစေ့ အလေ့အထံ့ပါသူများအတွက် ထူးခြားသော တန်ခိုးသတ္တိများကိုပါ ရရှိစေနိုင်၏။ သမထဝိပဿနာ စွယ်စုံရသော ကမ္မဋ္ဌာန်းကြီးပါပေတည်း။

အာနာပါနကိုလေ့ကျက်ပွားများ၍ ရဟန်းကိစ္စ ပြီးမြောက်သွားသော အရှင်မြတ်များသည် မိမိတို့ ပရိနိဗ္ဗာန်ပြုရမည့် အချိန်အခါကို မိနစ် စက္ကန့်မလွဲ ကြိုတင် သိမြင်တော်မူကြ၏။ အခြားကမ္မဋ္ဌာန်းဖြင့် ပေါက်မြောက်သော အရှင်တို့ကား သိသည်လည်းရှိ၏။မသိသည်လည်းရှိ၏။ မသေချာ။ စင်စစ် ရဟန္တာအရှင်မြတ်ကြီးများကို မဆိုထားဘိ၊ အတန်အသင့် ပေါက်မြောက်သော ယောဂီတို့ပင် ကိုယ့်အလောင်းကိုယ် အတိအကျ ကြိုတင်ပြင်ဆင် ပြောကြား သွားနိုင်သူများ မရေမတွက်နိုင်အောင် များကုန်၏။

မြတ်စွာဘုရားရှင်ကလည်း ထိုသို့သိမြင်နိုင်ကြောင်း အရှင်ရာဟုလာအား "ဝိဒိတာ ဝ နိရုဇ္ဈန္တိ၊ နော အဝိဒိတာ"ဟု တိုက်ရိုက်(မ-၂၊ ၇၉) ဟောတော်မူထားလေသည်။

ရှိသေလေးစားစွာ အားထုတ်ကြပါကုန်။

http://www.dhammadownload.com



# သတိကောင်းသော မထေရ်များ

အဋ္ဌကထာဆရာကြီးသည် သီဟိုဠ်သာသနာထွန်းကားစဉ်က သတိကောင်းသောမထေရ်များနှင့်စပ်၍ အောက်ပါသာဓကဝတ္ထုများကို ၃ ဆောင်တော်မူခဲ့၏။

၁။ **မဟာဂတိမ္ဗ အဘယထေရ်**– ယင်းမထေရ်ကြီးသည် အလွန်သတိကောင်းလှသဖြင့် တပည့်များက–

"အရှင်ဘုရား....၊အဘယ်အချိန်ကစပြီး အောက်မေ့တော် မူနိုင်ပါသလဲ" ဟုလျှောက်ကြရာ မထေရ်ကြီးက–

"ငါ့ရှင်တို့....၊ ငါသည် မွေးဖွား၍ငါးရက်မျှသာရှိသေးသော အရွယ်က ပြောဆိုသောစကားသံမှစ၍ အောက်မေ့နိုင်ပေ၏"ဟုဖြေတော်မူသည်။ ထိုမထေရ်ကြီးသည် မွေးဖွား၍ ငါးရက်အရတွင် မင်္ဂလာရှိသောနို့ဆန်နာဆွမ်းကို ကျီးကန်းထိုးဆိတ်သည်ကိုမြင်လျှင် 'ဟဲ့....ဟဲ့'ဟု အသံပြု၍ ကျီးနှင်ဖူးသည်ဟု ဆိုလေသည်။

၂။ **ဒီဃဘာဏက အဘယထေရ်**–ယင်းမထေရ်ကြီးသည် တပည့်များက မေးလျှောက်သဖြင့် မွေးဖွား၍ ကိုးရက်ရသော အရွယ်မှစ၍ သတိရကြောင်း မိန့်တော်မူဖူး၏။

မထေရ်၏မယ်တော်သည် သားမွေးဖွား၍ ကိုးရက်အရတွင် ပက်လက်အိပ်နေသောသားငယ်အား နမ်းရှုပ်ရန် ခေါင်းငုံ့လိုက်သောအခါ မယ်တော်၏ခေါင်းမှ တပြည်သားခန့်ရှိသော မုလေးပန်းများသည် ထုံးဖွဲ့ထားရာမှ ပြေကျလာသောဆံပင်များနှင့်အတူ သားငယ်၏ရင်ပတ်ပေါ်သို့ ကျခဲ့ဖူး၏။ ထိုအဖြစ်အပျက်မှစ၍ အောက်မေ့နိုင်သည်ဟု မိန့်တော်မူခြင်း ဖြစ်သည်။

၃။ **တိပိဋကစူဠာဘယထေရ်**–ယင်းမထေရ်ကြီးကားအနုရာဓမြို့၌ ရှိသမျှလူများအားလုံး နံနက်အခါ မြို့တံခါးသုံးပေါက်ကိုပိတ်၍ တံခါးတခုတည်းကသာ အထွက်ခိုင်းပြီး အသီးအသီးနာမည်မေးထားရလျှင်လူကုန်၍ ညနေ ပြန်လည်ဝင်စေသောအခါ တဦးချင်း၏အမည်ကိုပင်ပြောပြနိုင်သည်ဟု ဆိုလေသည်။ထိုမျှ သတိကောင်းတော်မူ၏။(ဒီ-ဌ-၂၊ ၁၂၀- မဟာပရိနိဗ္ဗာနသုတ်အဖွင့်။)

ဤကား ရှီးရှီးမှတ်မိသော သတိသဘောမျိုးဖြစ်နိုင်၏။ လက်ဖျစ်တတွက်ကုဋေတသိန်းချုပ်ပျက်နေသောစိတ်ကိုပင် ရှုမှတ်နေသော တရားသတိ၊ ဘဝပေါင်းများစွာ ကမ္ဘာပေါင်းများစွာကို အောက်မေ့ဆင်ခြင်နိုင်သော ပုဗ္ဗေနိဝါသဉာဏ်သတိများ မဟုတ်တတ်သေးဟု ဆိုရပေမည်။

http://www.dhammadownload.com



## မာတုဂါမကလေး၏ အပြုံးကြောင့် ရဟန္တာ ဖြစ်သော

# စေတိယတောင်နေ မဟာတိဿထေရ်

"ရဟန်းတို့၊ ရဲရဲ ပြောင်ပြောင် တောက်လောင်သော, ယက်ဝန်းကျင် တောက်ပသော, တခဲနက် မီးလျှံသဖွယ်ဖြစ်သော, လောလောပူသော သံချောင်းဖြင့် မျက်စိကို ထက်ဝန်းကျင်မှ ထိုးဖောက်ခြင်းက ကောင်းမြတ်သေး၏။ မျက်စိဖြင့် မြင်သိဖွယ် ရူပါရုံတို့၌ မိန်းမ,ယောကျ်ားအစရှိသော ပုံသဏ္ဌာန်နိမိတ်အသေး စိတ် ခြေလက် အင်္ဂါ (အနုဗျဥ္ဇန)တို့ကို (သိရှိအောင်ပြု) ယူခြင်း သည် မသင့်မြတ်သည်သာလျှင်တည်း။"

(သံ-၂၊ ၃၇၇-အာဒိတ္တပရိယာယသုတ်။)

စေတိယတောင်နေ မဟာတိဿထေရ်သည်လည်း ဣန္ဒြေကို စောင့်စည်း ရာတွင် စံတော်ဝင် အရှင်မြတ်တပါး ဖြစ်တော်မူ၏။

တနေ့သော နံနက်တွင် မဟာတိဿထေရ်သည် သပိတ်ကို လွယ်လျက် အသုဘဘာဝနာဖြင့် စေတိယတောင်ထက်မှ ဆင်းကြွကာ အနုရာဓမြို့ဘက်သို့ ဆွမ်းခံထွက်တော်မူလာ၏။ မာတုဂါမကလေးတဦးလည်း မိမိ လင်ယောကျ်ား နှင့် ရန်ဖြစ်ကာ အနုရာဓမှ မိဘဆွေမျိုးများရှိရာသို့ နံနက် စောစော တကိုယ် တည်း ထွက်လာသည်။ နတ်ကညာကဲ့သို့ ကောင်းစွာဝတ်စားဆင်ယင်၍ ဖြီးလိမ်း ပြင်ဆင်ထားလေသည်။

လမ်းခရီးအကြား၌ နှစ်ဦးသားဆုံမိကြလေရာ မာတုဂါမကလေးသည် မထေရ်ကို မြင်လျှင် (ရာဂ) စိတ်ဝင်စားကာ ဖောက်ပြန်လာသဖြင့် မထေရ် ကြားလောက်အောင် အသံထွက်၍ ရယ်သွမ်းသွေးလေ၏။ အသံသည် ကမ္မဋ္ဌာန်း အလုပ်၌ ဆူးငြောင့်ခလုတ် စူးဝင်ထိခိုက်မိသည်နှင့်တူလေရာ 'ဘာပါလိမ့်မလဲ'ဟု မထေရ်က အသံလာရာသို့ ရုတ်တရက်ကြည့်လိုက်မိရာ မာတုဂါမကလေး မထေရ် ကို ပြုံးရယ်လျက် စိုက်ကြည့် နေချိန် ဖြစ်၍ သွားများကိုသာ အထင်းသား မြင်တော်မူလေ၏။

မထေရ်သည် အသုဘသညာ အသုဘ ကမ္မဋ္ဌာန်း စီးဖြန်းလေ့ကျက်လေ့ ရှိခဲ့သည်အတိုင်း မာတုဂါမကလေး၏သွားများကို မြင်လိုက်ရသည်နှင့် အသုဘ ဘာဝနာ အဋ္ဌိက(အရိုးစု) ပဋိဘာဂနိမိတ် ထင်လာ၏။ ထိုအခိုက်၌ပင် ဥပစာရ ဈာန်မှ ပထမဈာန်ထိ ရရှိသွားလေသည်။

http://www.dhammadownload.com



မည်ပုံ့လုပအောင် ဝတ်စား ဆင်ယင် ပြင်ဆင် ဖြီးလိမ်းထားသော်လည်း မထေရ်၏အမြင်၌ အရိုးစုကြီးသာ ထင်လေတော့သည်။ ယောကျ်ား, မိန်းမ ဟူ၍ပင် မထင်သိတော့ချေ။

ထိုပထမစျာန်ကို အခြေခံ၍ ဝိပဿနာရှုပွားတော်မူရာ ဝိပဿနာဉာဏ်အဆင့်ဆင့်၊ မဂ်ဉာဏ်အဆင့်ဆင့် ရင့်ကျက်ကာ ထိုနေရာ၌ပင် ရဟန္တာ ဖြစ်တော်မူလေသည်။

ထိုမာတုဂါမကလေး၏ ခင်ပွန်းသည်ယောကျ်ားလည်း သူ့ဇနီးသွားရာ လမ်းအတိုင်း နောက်မှ လိုက်လံ ရှာဖွေရာ မထေရ်ကို တွေ့လျှင်–

"အရှင်ဘုရား....၊ ဒီလမ်းမှာ ဒကာမ တယောက်များ မတွေ့လိုက်မိဘူးလား ဘုရား"ဟု လျှောက်ရာ–

"အင်း....၊ ဒီလမ်းမှာ သွားတော့သွားတာ တွေ့လိုက်တယ်၊ ယောကျ်ားလား၊ မိန်းမလားလဲ မသိပါဘူး၊ ဒီလမ်းမှာ တကယ်တော့ အရိုးစုကြီး တဦး သွားလေရဲ့"ဟုသာ ချွတ်တရက် မိန့်တော်မူလိုက်လေသည်။ (ဝိသုဒ္ဓိမဂ်-၁၊ ၂၀-၁;၊ ၁၀၇၊ ၁၀၀။ မဟာဋီကာ-၁၊ ၄၀-၉။)

'မဟာစည်ထေရ်မြတ်အတ္ထုပ္ပတ္တိ'စာအုပ်စာမျက်နှာ-၁၄၅၊ သီဟိုဠ်သာသနာပြုကြွစဉ် ခရီးသွားမှတ်တမ်း၌ မဟာတိဿထေရ် မာတုဂါမကလေးနှင့်တွေ့၍ တရားရသောဌာနသည် ယခုအခါ စေတိယတောင်ခေါ် မဟိန္တလေ့တောင်နှင့် အနုရာဓမြို့ အကြား မြတ်လေးပန်းဥယျာဉ် တည်ရှိနေသော ကျောင်းနေရာ ဖြစ်သည်ဟု ဆိုလေသည်။

## အမိုးအကာ မရှိသော အိမ်

ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိဝိဇ္ဈတိ။

အမိုးချင်းစပ်အောင် ကောင်းစွာ မမိုးအပ်သော အိမ်ကို မိုးရေ ပေါက်သည် ထိုးဖောက်ဖျက်ဆီးသကဲ့သို့ ထို့အတူ မပွားများသော လျှောင်းထိုင်သွားရပ် အမှတ်ချင်းစပ်အောင် မရှုမှတ်နိုင်သော စိတ်ကိုလည်း ရာဂသည် ဝင်ရောက် ထိုးဖောက် နှောင့်ယှက် ဖျက်ဆီးလေတော့၏။ (ဓမ္မပဒ-၁၄–၅။)

http://www.dhammadownload.com



# ၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်းအရာ စံတော်ဝင်

# မလ္လကနှင့် မဟာဒေဝထေရ်

ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို စီးဖြန်းရာ၌ ထန်း ၃၂-ပင်ကို တပင်ပြီး တပင် အစမှအဆုံး အဆုံးမှအစ အပြန်ပြန်အလှန်လှန် ကူးပြောင်းနားခိုသော မျောက်၏ ဥပမာ စသည်တို့ဖြင့် ပြဆိုထားသည်။

ကေသာ,လောမာ(ဆံပင်,မွေးညင်း)စသည့် အသွင်သဏ္ဌာန်ကို မှတ်ယူနိုင်မှုသည်'ဥဂ္ဂဟနိမိတ်' ခေါ်၍ ယင်းတို့၏ စက်ဆုပ်ရွံရှာဖွယ်ထင်မှ 'ပဋိဘာဂနိမိတ်' မည်၏။ ရှုပွားဖန်များလျှင် အသုဘကမ္မဋ္ဌာန်းတို့ကဲ့သို့ ပထမဈာန် အပ္ပနာသို့ ရောက်နိုင်သည်။

အချို့ကား ကောဋ္ဌာသတခု၌ အပ္ပနာရလျှင်ပင် အခြားကောဋ္ဌာသတို့ကို မရှုပွားပဲနေ၏။ အချို့ကား တခု၌ အပ္ပနာဈာန် ရပြီးလျှင် နောက်တခု၌ ဈာန်ရအောင် ပွားကြလေ၏။

မလ္လကထေရ်ကား ၃၂-ကောဋ္ဌာသစလုံး၌ ဈာန်ရအောင် လှည့်ပြောင်းရှုပွားလေသည်။ တနေ့သောအခါ ကမ္မဋ္ဌာန်းနည်းခံသော ဒီဃဘာဏကအဘယထေရ်၏ လက်ကို ကိုင်၍—

"ငါ့ရှင်...အဘယ၊ ဟောဒီစကားဝါကျကို ပထမဆုံး နှုတ်တက်ရွတ်ဆိုကြည့်ပါဦး"ဟု ဆိုလျက် မိမိ အကြောင်းကို ပြောပြလေသည်။

"မလ္လကထေရ်သည် ၃၂-ကောဋ္ဌာသ စလုံး၌ပင် ပထမ ဈာန်ကို ရ၏။ အကယ်၍ နေ့တခု ညတခု ဝင်စားလျှင် တလဝက်ခန့်မျှဖြင့် ၃၂-ပါး ပြည့်စုံ၏။ အကယ်၍ တနေ့လျှင် တခုကျစီသာ ဝင်စားခဲ့သော် တလ, တလကျော်ခန့်သာ ဝင်စားရ၏။" (ဝိသုဒ္ဓိမဂ်-၁၊ ၂၅၇။)

စင်စစ် မလ္လကထေရ်ကား ပထဝီကသိုဏ်းဖြင့် ရဟန္တာ ဖြစ်တော်မူခဲ့၏။ ပထဝီကသိုဏ်းခွက်ကို အထူးစီမံပြုလုပ်၍ ရှုကြည့်မနေရပဲ ထွန်ယက်ထားသော ဇယ်ယာမြေကွက်နှင့် ကောက်နယ်တလင်းကို မြင်ရရုံမျှဖြင့် ထိုပမာဏရှိနိမိတ်ကို ရ၏။ ဆက်လက်ဖြန့်ပွားကာ ပဉ္စမဈာန်သို့ တက်ပြီးလျှင် ထိုဈာန်ကို အခြေခံ၍ ဝိပဿနာကူးပြောင်းတော်မူ၏။ ပထဝီကသိုဏ်းဖြင့် ရဟန္တာဖြစ်တော်မူခဲ့သည်။ ကသိုဏ်းအများတွင်လည်း စံတော်ဝင်ဖြစ်တော်မူလေသည်။ (ဝိသုဒ္ဓိမဂ်-၁၊၁၂၀။)

http://www.dhammadownload.com



## ၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်း မှတ်ဖွယ်

ဤ ၃၂-ကောဋ္ဌာသ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလိုလျှင် ပိဋကသုံးပုံကို အာဂုံ နှုတ်တက် ရထားသူပင်ဖြစ်စေ၊ ပထမဆုံး ပါးစပ်ဖြင့် ရွတ်ဆို၍ ပွားရသည်။

နှုတ်ဖြင့် ရွတ်ဆိုခြင်းသည် စိတ်ဖြင့် နှလုံးသွင်းရာ၌ အကျိုးပြု၏။ ထိုသို့ နှလုံးသွင်းနိုင်မှသာ လက္ခဏာရေး သုံးပါးမြင်ကာ နိဗ္ဗာန်သို့ရောက်နိုင်၏။ မလယဝါသီ မဟာဒေဝ ထေရ်ကြီးသည် မိမိထံ၌ ကမ္မဋ္ဌာန်းနည်းခံသူ တပည့်နှစ်ဦးအား လေးလတိုင်တိုင် ၃၂-ကောဋ္ဌာသကို အနုလုံပဋိလုံ ရွတ်ဆိုခိုင်းတော်မူသည်။ ရိုရို သေသေ ရွတ်ဆိုကြရာ လေးလကြာလျှင် သောတာပန် ဖြစ်ကြလေ၏။ (ဝိသုဒ္ဓိမဂ်-၁၊၂၃၃။)

ထို့ကြောင့် ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို လုပ်လျှင် ပထမဆုံး ရွတ်ဆိုမှုကို အခြေခံပြုရလေသည်။

မဟာသတိပဋ္ဌာန သုတ်၌ ပဋိက္ကူလ သမထအဖြစ် ဟောတော်မူ၍ မဟာဟတ္ထိပဒေါပမ၊ မဟာရာဟုလောဝါဒသုတ်တို့၌ ပရမတ္ထခေတ် သဘာဝထိအောင် ဝိပဿနာတင် ဟောတော်မူထား၏။ ကာယဂတာသတိ သုတ်၌ကား သမထ, ဝိပဿနာ နှစ်မျိုး ဟောတော်မူသည်။

သမထ, ဝိပဿနာ မဟူ ရှုပွားသူသာ ပဓာနဖြစ်၍ မည်သည့်ကမ္မဋ္ဌာန်းမဆို အရဟတ္တဖိုလ်သို့အရောက် သွားနိုင်သည်ချည်း ဖြစ်လေသည်။

အထူးသဖြင့် ဤကောဋ္ဌာသ, အသုဘ ကမ္မဋ္ဌာန်းများသည် ယောဂီတိုင်း လက်မလွှတ်သင့်သော ကမ္မဋ္ဌာန်းများဖြစ်ကုန်၏။ သုဘသညာကာမဂုဏ်အာရုံများ ထိုးဖောက်လာသောအခါ ဤကမ္မဋ္ဌာန်းဖြင့် ကာကွယ်ရလေသည်။ အတွင်းအပြင် မြင်သမျှ ထင်အောင် ကြိုးစားရ၏။

ဤကမ္မဋ္ဌာန်းသည် အရတိ-အလုပ်ခွင် ပျင်းရိခြင်း၊ မပျော်ပိုက်ခြင်းနှင့် ရတိ-အာရုံငါးပါး၌မွေ့လျော်နေခြင်းများကိုဖြိုဖျက်နိုင်၏။ ထို့အတူ ကြောက်ရွံ့ ထိတ်လန့်ဖွယ် အာရုံ၊ အချမ်း အပူ မွေ့ ကင်းစသော အသက် အန္တရာယ်များအထိ ခံနိုင်ရည်သတ္တိထူးများကိုပေးနိုင်လေသည်။(ဝိသုဒ္ဓိမဂ်နှင့်တကွ သမ္မောဟဝိနောဒနီ မူလပဏ္ဏာသ၊ သုတ်မဟာဝဂ္ဂ အဋ္ဌကထာများ၌ ကျယ်ပြန့်စွာ ဖွင့်ဆိုထားကုန်၏။)

http://www.dhammadownload.com



## ခြေတရပ်မျှ အသုဘရှု၍ အနာဂါမ်ဖြစ်သော
# တောသွား ဦးပဥ္စင်းနှင့် ကိုရင်

အမည်မထင်ရှားသော ရဟန်းငယ်တပါးသည် သွားတိုက်တံ (ဒန်ပူ)ပြုလုပ်ရန်အတွက် (ခင်ပုပ်၊ တမာ စသော) အသားခုတ်ရန် သာမဏေ တပါးကို ခေါ်၍ တောထဲသို့ သွား၏။

သာမဏေသည် လမ်းရိုးအတိုင်းမသွားပဲ တောထဲသို့ လမ်းဖွဲဆင်းလာကာ မိမိတို့ လိုသော သစ်ပင်ကို ရှာဖွေရာ ဘောထဲ၌ သေနေသော အလောင်းကောင် အသုဘတခုကို တွေ့လေ၏။

သာမဏေသည် အသုဘ ကောင်ကြီးကို မတ်တတ်ရပ်ကြည့်ယင်း စက်ဆုပ်ရွံရှာဖွယ် အခြင်းအရာများကို တွေ့မြင်ရလေရာ ပဌမစျာန်ကိုပင် ရရှိလေ၏။ ထို အသုဘအနီး၌ပင် ထိုင်၍ရရှိသောအသုဘစျာန်ကို အခြေခံလျက် မိမိ ခန္ဓာကိုယ်ရှိ ရုပ်နာမ်ဓမ္မတို့၏အဖြစ်အပျက် လက္ခဏာရေးသုံးပါးတို့ကို သုံးသပ် ဆင်ခြင်ပြန်ရာ အနာဂါမ်ဖြစ်သွားလေသည်။

ထိုမှတဆင့် အရဟတ္တဖိုလ်အတွက် ဆက်လက်၍ မတ်တတ်ရပ်ရှုပွားနေခိုက် ရဟန်းငယ်သည် ကိုရင်ကိုရှာမတွေ့သဖြင့် "ကိုရင်ရေ...."ဟု လှမ်း၍ အော်ခေါ်လိုက်သောအသံကို ကြားရသဖြင့် သာမဏေသည် အမှတ်သတိကို ဖျက်၍ စဉ်းစားနေမိ၏။

"ငါသည် သာမဏေပြုတဲ့အချိန်မှစ၍ ရဟန်းတော်များရဲ့စကားကို မနာမခံ ခွန်းတုံ့ပြန်လှန်ပြောဆိုဖူးခြင်း မရှိ၊ တိတ်တိတ်နေခြင်းဖြင့်လဲ ညှဉ်းဆဲဖူးသည် မရှိ၊ နောက်ရက်ကျမှပဲ အထက် မဂ် ဖိုလ် အတွက် ကြိုးစားရတော့မှာပဲ" ဟု စဉ်းစားကာ "အရှင်ဘုရား"ဟု လှမ်း၍ အသံပြုလိုက်၏။

"ကိုရင်၊ ဒီကို လာခဲ့"ဟု တခွန်း ခေါ်ရုံမျှဖြင့် ရဟန်းငယ်ထံ အရောက် သွားပြီးလျှင်–

"ဦးပဥ္စင်း၊ ဒီဘက်နား ခဏကြွပါ"ဟု ဆိုကာ ရဟန်းငယ်အားခေါ်သွားပြီးနောက်–

"ဦးပဥ္စင်း၊ တပည့်တော်နား ခဏကြွပြီး ဟောဟိုဘက် လှမ်းကြည့်လိုက်စမ်းပါ ဘုရား"ဟု ဆိုကာ အသုဘကိုညွှန်၍ပြလိုက်သည်။ ရဟန်းငယ်လည်း ထို ခြေတရပ်အတွင်း၌ပင် အနာဂါမိ ဖိုလ်သို့ ဆိုက်ရောက်လေ၏။

http://www.dhammadownload.com



ယင်းသို့ အသုဘအလောင်းကို ရှုကြည့်ရာ၌ ယောကျ်ားများအတွက် မိန်းမအလောင်း၊ မိန်းမများအတွက် ယောကျ်ားအလောင်းကိုကြည့်ရန်မသင့်။ သပ္ပာယမဖြစ်။ မိမိတို့နှင့်ဘာဝေါတူကိုသာ ကြည့်ရှုသင့်လေသည်။ (မ-ဋ္ဌ-၁၊၂၅၉-မဟာသတိပဋ္ဌာနသုတ်-သပ္ပာယ သမ္ဗဇဉ် အဖွင့်။)

စေတီယတောင်၌ သီတင်းသုံးသော (ပြဆိုပြီး)မဟာတိဿထေရ်၊ ဆင်စီးလာသောမင်းတပါးကိုကြည့်သော ယံဃရက္ခိတမထေရ်၏တပည့် သာမဏေတို့ကဲ့သို့ အသက်ထင်ရှားရှိသူများကို ကြည့်၍လည်း အသုဘ ကမ္မဋ္ဌာန်း ထင်သည်ပင်။ (ဝိသုဒ္ဓိမဂ်-၁၊၁၇၇-၉။ သံ-ဋ္ဌ-၃၊၂၁၉-သတိသုတ် အဖွင့်။ ဒီ-ဋ္ဌ-၁၊၁၆၆)

'မသာတခေါက်၊ ကျောင်း ဆယ်ခေါက်' ဆိုထုံးအရ ယခုအခါ အသုဘရှု၊ အသုဘပို့သွားနေကြရသူများ သတိထားဖွယ်။

http://www.dhammadownload.com

# အခန်း (၇)

# တန်ခိုး ဖန်ဆင်းမှုအရာ စံတော်ဝင် မထေရ်များ

## စိတ်ကိုနိုင်က လိုတိုင်းရ

"ရဟန်းတို့....ဤစိတ်သည် ပွားစေလျှင်၊ အကြိမ်များစွာပြုလျှင် နူးညံ့သည်လည်းကောင်း၊ အမှုဥ် ခံ့သည်လည်းကောင်း ဖြစ်သကဲ့သို့ ဤ-အတူ....စိတ်မှတပါး ထိုသို့ဖြစ်နိုင်သော အခြားတရားတခုကိုမျှ ငါဘုရား မြင်တော်မမူ။"

(ဧကအင်္ဂုတ္တရပါဠိတော်)

နူးညံ့သောစိတ်သည် ကောင်းစွာ ဦးပြီးသော ရွှေကဲ့သို့ တန်ခိုး ဖန်ဆင်းခြင်းစသော အမှု၌ ခံ့ပေ၏၊ သင့်လျော်ပေ၏။"

(ဝိသုဒ္ဓိမဂ်၊ ဣဒ္ဓိဝိဓခန်း။)

http://www.dhammadownload.com



## ဂဠုန်ရန်ကို အမြန်ဆုံး ကာကွယ်လိုက်သော

# ဗုဒ္ဓ ရက္ခိတ ထေရ်

သီဟိုဠ်ကျွန်း မိဿက (စေတီယ)တောင်၌ ထေရမ္ဗတ္ထလခေါ်သော သာသနာ့သမိုင်းဝင် အရပ်တခုရှိ၏။ (ထေရ=သီဟိုဠ်သာသနာပြု အရှင်မဟိန္ဒစသော မထေရ်များသက်ဆင်းရာ၊ အမ္ဗ=သရက်ပင်များ ရှိသော - ထလ—တောင်ကုန်း၊) ယင်းမထေရ်များစံရာ သရက်ပင်ကုန်းအရပ်၌ အလွန်ဘုန်းတန်ခိုး အာနုဘော်ကြီးသော မဟာရောဟဏဂုတ္တခေါ် ရဟန္တာအရှင်မြတ်ကြီးတပါး သီတင်းသုံးတော်မူ၏။

တနေ့သောအခါ ယင်းမထေရ်ကြီး သက်ရှယ်တော်ကြီး၍ နာမကျန်းရှိတော်မူသဖြင့် သူနာပြုစုရန် အနယ်နယ်အရပ်ရပ်ရှိ တပည့်ရဟန်းတော် သုံးသောင်းတို့ ကြွလာတော်မူကြသည်။ ထိုတပည့်များ အားလုံးလည်း တန်ခိုးအဘိညာဉ်ရ ရဟန္တာအရှင်မြတ်တို့ချည်း ဖြစ်တော်မူကြ၏။

ထိုမထေရ်တို့တွင် ရဟန်းရှစ်ဝါရ ဗုဒ္ဓရက္ခိတခေါ်သော တပည့်ငယ်ဘပါးလည်း ပါလာလေသည်။ ဗုဒ္ဓရက္ခိတ ရဟန်းငယ်သည် မထေရ်ကြီးများ အစွန်၌ နေရာယူ၍ ဆရာဖြစ်သော မဟာရောဟဏဂုတ္တမထေရ်ကြီး ယာဂုဘုဉ်းပေးတော်မူနေသည်ကို မလှမ်းမကမ်း၌ ထိုင်၍ ဝတ်ပြုနေ၏။

မထေရ်ကြီးအား အမြဲ ယာဂုဝတ်ပြုနေသော ဒကာကလေး တဦးရှိရာ ထိုဒကာကလေးမှာလည်း မထေရ်ကြီးအနီးတွင် ရိုသေစွာရှိခိုးလျက် ထိုင်နေလေသည်။ စင်စစ် ထိုဒကာကလေးကား နဂါးမင်းပင်ဖြစ်ပေ၏။ (အဋ္ဌကထာ၌ နဂါးမင်းဟူ၍သာဆို၏။)

ထိုအခိုက် ကောင်းကင်၌ အရှိန်ပြင်းစွာ လှည့်လည်ပျံဝဲနေသော ဂဠုန်မင်းကိုတွေ့ကြရသည်။ ယာဂုဒကာ နဂါးမင်းအား ချီသုတ်သတ်စားရန်လာခြင်း ဖြစ်ပေ၏။ ဂဠုန်မင်းလည်း ချက်ချင်းပင် ထိုးဆင်းလာလေရာ တန်ခိုးဣဒ္ဓိပါဒ်ရှိတော်မူသော မထေရ်ကြီး သုံးသောင်းတို့လည်း ရုတ်ဘရက် ထိုအန္တရာယ်ကို ကာကွယ်ရန် မတတ်နိုင်ရှိကြလေ၏။

(မထေရ်ကြီးများ၏ တန်ခိုးအဘိညာဉ်သည် လိုသလို ချက်ချင်းစက်နှိုး၍ မရသော ယာဉ်ကဲ့သို့ဖြစ်နေ၏။)

ထိုအခိုက် သံဃပရိသတ် အစွန်၌ ထိုင်နေသော ရှစ်ဝါရ ဗုဒ္ဓရက္ခိတ ရဟန်းတော်သည် ဂဠုန်မင်းအရှိန်ပြင်းစွာထိုးဆင်းလာသည်ကို မြင်လျှင် မြင်ချင်း ရုတ်တရက် စျာန်အဘိညာဉ်ဝင်စားကာ တောင်ကြီးတခု ဖန်ဆင်းလိုက်၏။ မထေရ်

http://www.dhammadownload.com



ကြီးအနီး၌ ထိုင်နေသော ဆွမ်းဒကာကလေး (နဂါးမင်း)၏ လက်မောင်းတဘက်ကို ဆွဲကိုင်လျက် ချက်ချင်း တောင်ခေါင်းကြီးထဲသို့ ဆွဲသွင်း ခေါ်ဆောင်သွားလေတော့သည်။

ဂဠုန်မင်းလည်း အရှိန်ပြင်းစွာ တောင်နှင့်တိုက်ခိုက်မိကာ နာကျင်ထွက်ပြေးသွားလေတော့၏။

ထိုအခါ မဟာရောဟဏဂုတ္တ မထေရ်ကြီးက–

"ငါ့ရှင်တို့....တန်ခိုးဣဒ္ဓိပါဒ်ကြီးမားသော မထေရ်ကြီးများ စုဝေးနေကြပါလျက် ကိုယ့်အလုပ်အကျွေးဒကာကို ဂဠုန်သုတ်တာမှ မစောင့်ရှောက်နိုင်ဘူးဆိုပြီး ငါတို့တတွေ အကဲ့ရဲ့ခံရတော့မှာ အမှန်ပဲ။ ယခုမူ ငါ့ရှင် ရက္ခိတပါပေလို့ ငါတို့တတွေ အကဲ့ရဲ့ခံရမယ့်ဘေးက လွတ်ကြရပေတယ်။ ဒါ့ကြောင့် ငါ့ရှင်များအားလုံး သွားလေရာမှာ ကိုယ်နဲ့ တပါတည်း ယူဆောင်ထားရမယ့် လက်နက်ဆိုတာ အမြဲတမ်းချေးချွတ်ပွတ်တိုက်ပြီး အသင့်ဆောင်ထားဖို့ လိုအပ်တယ်"ဟု မိန့်တော်မူလေသည်။

ဆိုလိုသည်ကား–"မိမိတို့ရရှိသော တန်ခိုးအဘိညာဉ်ကို လိုသလို၊ လိုတဲ့အချိန်၊ လိုသောနေရာမှာ စိတ်တိုင်းကျဝင်စားလို့ရရန် ဝသီဘော်ငါးပါး အဝါးဝအောင်၊ အသားကျအောင် လေ့ကျက်နေကြရမည်"ဟု မိန့်တော်မူလိုရင်းဖြစ်သည်။ ကြွရောက်လာသော မထေရ်ကြီးများလည်း ထိုအခါမှစ၍ တန်ခိုးကိုလိုသလိုရအောင် စွမ်းဆောင်ကြလေသည်။

## မာန်နတ်၏ မီးကျီးမိုးကို တားသော မထေရ်

ထိုမှတပါး သီဟိုဠ်ကျွန်း၌ အရှင်မဟိန္ဒစသော ရဟန္တာ သာသနာပြုမထေရ်ကြီးများ သီတင်းသုံးရာစေတီယတောင်(ယခုအခေါ်–မဟိန္တလေ)မှ အစပြု၍ သီဟိုဠ်တကျွန်းလုံးသာမက သမုဒ္ဒရာ ပင်လယ်အတွင်း တယူဇနာ ခရီးတိုင်အောင် ကြီးကျယ်သော ဆီးမီးပူဇော်ပွဲကြီး ကျင်းပလေ့ ရှိကြပေသည်။

ယင်းပူဇော်ပွဲကို 'ဂိရိ ဘဏ္ဍဝါဟန'ပူဇော်ပွဲဟု ခေါ်လေသည်။

တခါက ထိုဆီမီးပူဇော်ပွဲကြီး ကျင်းပစဉ် မာရ်နတ်သည် တကျွန်းလုံးကောင်းကင်မှနေ၍ မီးကျီးမိုးကြီး ရွာချခဲ့ဖူး၏။ ထိုအခါ မထေရ်တပါးသည် လူများထံ မီးပွားကလေးသော်မျှမကျရောက်လာစေရန် ချက်ချင်းပထဝီကသိုဏ်းဝင်စားကာ ကောင်းကင်၌ မြေပြင်ကြီး ဖန်ဆင်း၍ ဟန့်ဘား ပစ်လိုက်နိုင်လေသည်။

သို့ရာတွင် အဆိုပါ အတ္ထုပ္ပတ္တိအကျယ်ကို အဋ္ဌကထာ,ဋီကာတို့၌ မတွေ့ရတော့ပြီ။ (ဝိသုဒ္ဓိမဂ်–၁၊ ၁၅၀၊ ယင်း-၂၊ ၄။)

http://www.dhammadownload.com



## ဝေဇယန္တာပြာသာဒ်ကို ခြေညှပ်၍ လှုပ်ယမ်းသော

# ကိုရင် သံဃရက္ခိတ

သမုဒ္ဒရာ၌ နေတော်မူသော မဟာနာဂ မထေရ်ကြီးအား သံဃရက္ခိတ ခေါ်သော တူ သာမဏေကလေးတပါး ရှိ၏။ ကိုရင်သံဃရက္ခိတသည် ရှင်ပြု၍ ဆံချသော အခိုက်မှာပင် ရဟန္တာ ဖြစ်တော်မူသော ကိုရင်ကလေး ဖြစ်သည်။ တန်ခိုးဣဒ္ဓိပါဒ်နှင့်လည်း ပြည့်စုံတော်မူလေ၏။

ကိုရင်သံဃရက္ခိတသည် ရဟန္တာအဖြစ်သို့ ရောက်သည်နှင့် တပြိုင်နက်—

"ရှင်ရဟန်းပြုတဲ့နေ့မှာပင် ရဟန္တာဖြစ်ပြီး သိကြားမင်း၏ ဝေဇယန္တာ ပြာသာဒ်ကို ကိုင်လှုပ်ဖူးတဲ့ ရဟန်းတော်များ ရှေးက ရှိခဲ့ဖူးလေသလား" ဟု စဉ်းစားမိတော်မူလေ၏။ သာသနာ၌ ထိုသို့ လုပ်ဖူးသော ရဟန်းတပါးမျှ မရှိခဲ့ ဖူးသည်ကို သိ၍ စူးစမ်းသောအနေဖြင့် 'ငါ လှုပ်ပြမည်' ဟု ကြံရွယ်ကာ ချက်ချင်း ပင် အဘိညာဉ်ဖြင့် တာဝတိံသာ နတ်ပြည်သို့ တက်ကြွကာ ဝေဇယန္တာပြာသာဒ် ကြီး ပေါ်၌ ရပ်တော်မူနေပေ၏။

သို့ရာတွင် ခြေထောက်ဖြင့် ပြာသာဒ်ကြီးကို လှုပ်ကြည့်ရာ လှုပ်၍မရ ရှိလေ၏။ ထိုအခါ သိကြားမင်း၏ အခြွေအရံ နတ်သမီးများက ကိုရင်ကလေး ရှင်သံဃရက္ခိတအား—

"သားတော်မောင် သံဃရက္ခိတ၊ သင်ဟာ ဦးခေါင်းမှာ မိခင်ဝမ်းပုပ်နံ့မှ မပျောက်သေးဘူး၊ နတ်ပြည်ကိုမျှားလာပြီး ဝေဇယန္တာကို လှုပ်ယမ်းတယ်ပေါ့ လေ....၊ ဘယ်မှာရပါ့မလဲ ကိုရင်၊ ဝေဇယန္တာ ပြာသာဒ်ကြီးဟာ အခိုင်အမာ ကြီးပဲ" ဟု ပြောင်လှောင် ပြောဆိုကြလေ၏။

ကိုရင်သံဃရက္ခိတမှာ နတ်သမီးများ ပြောင်လှောင်သောအခါ သူ့ဆရာ ထံမှ နည်းပြည့်စုံအောင် မရ၍သာ ယခုကဲ့သို့ ကပြောင်အလှောင် ခံရသည်ဟု အောက်မေ့ကာ ဦးလေးတော် ဆရာ သာမုဒ္ဒိကမဟာန... ထေရ်ကြီး သီတင်း သုံးရာဌာနကို ဆင်ခြင်ကြည့်ရာ သမုဒ္ဒရာအတွင်း တနေရာ၌ ရေလှိုင်း...ကြီး ဖန် ဆင်း၍ နေ့သန့်စင် နေတော်မူကြောင်း တွေ့မြင်ရပေ၏။ ချက်ချင်းပင် ဆရာ့ထံ သွား၍ ရှိခိုးပြီး ရပ်နေလျှင်—

"ချစ်သား သံဃရက္ခိတ....၊ သင်ဟာ ပညာမသင်ကြားရသေးပဲနဲ့ တယ်ပြီး စစ်ထိုးချင်လှသကိုး" ဟု ဆီး၍ မိန့်တော်မူကာ—

http://www.dhammadownload.com



"ချစ်သား....သင် ဝေဇယန္တာကို မလုပ်နိုင်ခဲ့ဘူး မဟုတ်လား"ဟု မေးတော် မူ၏။ ဆရာ့အကူအညီ အဆုံးအမ နည်းပြ သွန်သင်မှု မရ၍ မလုပ်နိုင်ခဲ့ကြောင်း လျှောက်လေလျှင်—

"ချစ်သား.... သံဃရက္ခိတ၊ သင့်လိုလူကမှ မလုပ်နိုင်ယင် ဒီလောကမှာ ဘယ်သူ လုပ်နိုင်ပါလိမ့်မတုံး ချစ်သား....၊ သင် မြင်ဖူးတယ်မဟုတ်လား ရေထဲမှာ ပေါ်လောပေါ်ပြီး မျောနေတဲ့ နွားချေးခြောက်တွေ။ နောက်ပြီး ချစ်သား....၊ ဆီပူအိုးကင်းကြီးနှင့် မုန့်များကြော်ကဲ့အခါ ဆီတွေဟာ အိုးကင်း ဘေးအစွန်း ပတ်ပတ်လည်မှာ နယ်ခြားထားတာ တွေ့ဖူးတယ် မဟုတ်လား။ ဒါလောက်ဆို သင်....နားလည်လောက်ပြီးပေါ့...."

"ဒါလောက်ဆို ရပါပြီ အရှင်ဘုရား" ဟု လျှောက်ကာ ဝေဇယန္တာ ပြာသာဒ်ကြီး ရပ်တည်နေရာ တပြင်လုံးကို ရေဖြစ်အောင် အဓိဋ္ဌာန်ယင်း တာဝတိံသာသို့ ချက်ချင်း ပြန်တက်သွားလေ၏။ နတ်သမီးများ ကိုရင်သံဃရက္ခိတ လာသည်ကို မြင်ကြလျှင်—

"ဘခါ အရှက်ကွဲသွားတာ မမှတ်သေးဘူး....၊ ကိုရင်ကလေး တခေါက် လာပြန်ပြီ"ဟု ဝိုင်း၍ ဆီးကြို ပြောဆိုကြရာ သိကြားမင်းကြီးက—

"ရှင်မတို့....၊ ငါ့ သားတော်ကလေးနဲ့ ဇဂ ပြိုင်အန်တုပြီး ပြောနေကြသလား။ အခု သူ့မှာ ဆရာရလာပြီကွယ့်။ ညည်းတို့ ပြာသာဒ်ကြီးကို ခဏကလေးနဲ့ ကိုင်လှုပ်ပြလိုက်လိမ့်မယ်။ မပြောကြလေနှင့်"ဟု တားလေ၏။

ကိုရင်သံဃရက္ခိတလည်း ဝေဇယန္တာ ပြာသာဒ်ကြီး အထွတ် ထုပိကာကို ခြေမနှင့်ညှပ်ကာ သွက်သွက်ခါအောင် လှုပ်ယမ်း ပစ်လိုက်လေ၏။ ထိုအခါကျမှ စောစောက ပြောင်လှောင်သော နတ်သမီးများမှာ—

"ကိုရင်ဘုရား....သိပ်ပြီး မလှုပ်ပါနှင့်။ ရပ်ပေးပါတော့"ဟု ကြောက်လန့်အော်ဟစ်ကာ တောင်းပန်ကြလေသည်။ ကိုရင်သံဃရက္ခိတလည်း ပြာသာဒ်ကြီးကို နေမြဲတိုင်း ရပ်တည်စေပြီးနောက် ပြာသာဒ်ထိပ်ဖျားပေါ် ရပ်လျက်—

"ယနေ့သက်နှံးဝတ်၊ ယနေ့ရဟန္တာဖြစ်၊ ယနေ့ပင် ဝေဇယန္တာ ပြာသာဒ်ကြီးကို ငါလှုပ်နိုင်ပြီဟေ့ ....။ ဘုရားရှင့်ကျေးဇူးတော်၊ တရားမြတ်၏ ကျေးဇူးတော်၊ သံဃာတော် အရှင်မြတ်၏ ကျေးဇူးတော်တို့ကား အံ့ဖွယ်သရဲ ထူးကဲမြင့်မြတ်လှပါပေသည် တကား"ဟု ကြုံးဝါး၍ ဥဒါန်း ကျူးတော်မူလိုက်လေသည်။ (ဒီ-ဋ္ဌ-၂၊ ၁၄၈-မဟာပရိနိဗ္ဗာနသုတ် မြေလှုပ်ခန်းအဖွင့်။အံ-ဋ္ဌ-၃၊ ၂၅၁။)

http://www.dhammadownload.com



## နိရောဓ သမာပတ် ဝင်စားမှုအရာ စံတော်ဝင်

# မဟာနာဂထေရ်

နိရောဓသမာပတ် ဝင်စားခြင်းနှင့်စပ်၍ စံတင်တော်မူရသော သီဟိုဠ်ခေတ် မထေရ်တပါးမှာ မဟာနာဂမထေရ်ဖြစ်သည်။

မဟာနာဂမထေရ်သည် မယ်တော်ဒကာမကြီး၏ရွာသို့ ဆွမ်းခံကြွတော်မူရာ တနေ့တွင် မယ်တော်ကြီးလှူလိုက်သော ယာဂုကို အလှူခံ၍ ရွာတွင်း ဆွမ်းစားဇရပ်၌ ခေတ္တ အပန်းပြေ နားနေတော်မူ၏။ ထိုင်နေလျက်က နိရောဓသမာပတ် ဝင်စားတော်မူသည်။

နိရောဓသမာပတ် ဝင်စားခြင်းဟူသည် သင်္ခါရဒုက္ခများအပေါ် ငြီးငွေ့ကာ လက်ရှိဘဝခန္ဓာ၌ပင်လျှင် စိတ်ဆန္ဒရှိတော်မမူကြသဖြင့် အတုမဲ့ငြိမ်းသော အငြိမ်းခတ်သို့ (နိဗ္ဗာနသုခ)ဝင်ရောက်၍ လွတ်လွတ်လပ်လပ် ချမ်းသာစွာ နေခြင်းပေတည်း။

## နိရောဓသမာပတ် ဝင်စားနိုင်သူနှင့် အဓိဋ္ဌာန်ပုံ

ထို နိရောဓသမာပတ်မှာ အဘိညာဉ်တန်ခိုးရှိသော အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့သာ ဝင်စားနိုင်ကြကုန်၏။ ခုနစ်ရက်တိုင်တိုင် ထိုအငြိမ်းခတ်ဖြင့် နေတော်မူနိုင်ကြ၏။ ထိုသို့ မဝင်စားမီ မိမိ ပစ္စည်းများ မည်သည့် မီး လေ ရေ ခိုးသူ ကြွက် စသည်တို့ကြောင့်မျှ မပျက်စီးရအောင်လည်း ကြိုတင်၍ အဓိဋ္ဌာန်ရ၏။ ထို့ပြင် ဝင်စားမည့် အချိန်ကာလ သတ်မှတ်ရခြင်း၊ (ဘုရားရှင် သက်တော်ထင်ရှားရှိသော အခါကမူ ဘုရားရှင်ခေါ်တော်မူလျှင် သိရှိစေရန်နှင့်) သံဃာ့ကံကြီးကံငယ် ကိစ္စအတွက် မချွတ်ယွင်းစေရန်လည်း ကြိုတင်၍ အဓိဋ္ဌာန်တော်မူကြရလေသည်။

မဟာနာဂမထေရ်သည် ဆွမ်းစားဇရပ်၌ နိရောဓသမာပတ် ဝင်စားခိုက် ခေတ္တ အပန်းပြေနားနေသော အခြား ဆွမ်းခံ ရဟန်းတော်များလည်း ရှိနေကြ၏။ ထိုအခိုက် ရုတ်တရက် ဆွမ်းစားဇရပ်ကို မီးလောင်လေရာ အခြားရဟန်းတော်များမှာ နေရာထိုင်ခင်းနှင့် မိမိတို့သပိတ်များကို ယူဆောင်ကာ အပြေးအလွှား ထွက်ပြေးကြလေ၏။

မီးလောင်သည်ကိုမြင်၍ ရွာသူ ရွာသားများ စုရုံးရောက်ရှိလာကြရာ မီးများ ဝိုင်းနေသည့်ကြားတွင် ငုတ်တုတ်ထိုင်နေသော မဟာနာဂ မထေရ်ကို

http://www.dhammadownload.com



မြင်တွေ့ကြလေ၏။ မီးသည် မထေရ်ကိုဝိုင်းရံလျက် ရှိသမျှ မြက်သစ်ဝါးများကို လောင်ကျွမ်းနေလေပြီ။

ရွာသူ ရွာသားများမှာ မဟာနာဂထေရ်ကိုကြည့်၍ အိပ်ငိုက်နေသည် အထင်ဖြင့် "အတော်အပျင်းကြီးတဲ့ ရဟန်းပဲ"ဟု အပြစ်တင်ယင်း ရေအိုးများ သယ်ဆောင်ကာ ပက်ဖျန်းငြိမ်းသတ်ကြသည်။မထေရ်ကား တုတ်တုတ်မျှမလှုပ်ပေ။

အတန်ကြာလျှင် မထေရ်၏ကျေးဇူးဂုဏ်ကို ရိပ်မိသိရှိကြသဖြင့် အလျင် အမြန်ပြာများ မီးသွေးများကို ရှင်းလင်းကြ၏။ပြီးလျှင် နွားချေးစိုဖြင့်လိမ်းကျံ သော မြေသမံတလင်း လုပ်ကြ၏။ ရသမျှပန်းများရှာဖွေကာ ပန်းမွေ့ရာ ခင်းလှူ ကြ၏။ လူများ တအုံ့တဩ လာရောက်ကြည်ညို၍ ရှိခိုးကြသည်။

## ဘုန်းကြီးအောင်၊ ပစ္စည်းရအောင် တန်ခိုးပြသလား

မဟာနာဂထေရ်လည်း သတ်မှတ်ထားသော အချိန်ကာလစေ့၍ သမာပတ်မှ ထတော်မူရာ မိမိအား ရှိခိုးပူဇော်နေကြသော ဒကာများကို မြင်တော်မူ၍ 'ဖုံးကွယ် လျှို့ဝှက်ထားသော ငါ၏ သမာပတ်ဂုဏ်ကား ယခုပေါ်လေပြီ'ဟု နှလုံးသွင်းကာ (ဆက်၍ ဖုံးကွယ်ရန် မလိုအပ်တော့သဖြင့်) ထိုနေရာမှပင် ကောင်းကင်သို့ ပျံတက် ကာ ပိယင်္ဂုကျွန်းသို့ ကြွတော်မူလေ၏။ (ဝိသုဒ္ဓိမဂ်-၂၊ ၃၄၈။)

ရဟန်းတော်များ လူဒကာနှင့် သာမဏေတို့အား တန်ခိုးမပြကောင်း။ ဘူတာရောစန=အမှန်ပြောသော ပါစိတ်အာပတ်သင့်သည်။ ပဋိပတ်လုပ်နေသော သီတင်းသုံးဖော် ရဟန်းများကိုမူ ပြောပြကောင်းလေသည်။

"အဿဂုတ္တမထေရ်ကား သက်စွန့်ကြိုးပမ်း ကမ္မဋ္ဌာန်းလုပ်လိုသော နည်းခံ တပည့်များအား ကောင်းကင်၌ စမ္မခဏ် (သားရေအခင်း) ခင်း၍ အခင်းပေါ် တင်ပျဉ်ခွေထိုင်ပြီးလျှင် ကမ္မဋ္ဌာန်းတရား ပေးတော်မူဖူးသည်"ဟု ဝိသုဒ္ဓိမဂ်-၁၊ ၉၅-၌ တွေ့ရှိရပေသည်။

သာသနာအတွက် လိုအပ်လျှင် တန်ခိုးကို သုံးတော်မူကြသည်ပင်ဖြစ်သည်။ ဒေဝဒတ် သံဃာသင်းခွဲစဉ် ဒေဝဒတ်ထံပါသွားသော သံဃာများကို ပြန်လည် သိမ်းသွင်း ခေါ်ဆောင်ကြရာ၌ အရှင်သာရိပုတ္တရာသည် အတပ်ဟောတန်ခိုး (အာဒေသနာ ပါဋိဟာရိယ)ကို သုံး၍လည်းကောင်း၊အရှင်မောဂ္ဂလ္လာန်သည် ဖန်ဆင်းသောတန်ခိုး (ဣဒ္ဓိပါဋိဟာရိယ)ကို သုံး၍လည်းကောင်း ကောင်းကင်မှ ပြန်ခေါ်လာကြ၏။ (ဝိနည်းနှင့် ဓမ္မ-၃-၁၊၉၂-ဒေဝဒတ္တ ဝတ္ထု။) (ဘုရားရှင်သည် ပင် ရှင်သာဂတအား တန်ခိုးပြရန် တိုက်တွန်းတော်မူလျက် ဓေနေယျဇ္ဈာသယ လိုက်၍ တန်ခိုးကို ခွင့်ပြုတော်မူသည်။ (ဝိ-၃၊ ၂၆၆-နှင့် ယင်း၄၊ ၃၆၄။) ဘုရားလက်ထက်ကပင် သင်္ကါရဝပုဏ္ဏားသည် ပစ္စည်းရရန် တန်ခိုးပြသည်အထင်ဖြင့်

http://www.dhammadownload.com



ဘုရားရှင်အား လျှောက်၍ အကျယ်ရှင်းပြဖူး၏။ (အံ-၄-၂၊ ၁၅၁-သင်္ဂါရဝ သုတ်။)ပစ္စည်းရရန်အတွက် တန်ခိုးကို အရိယာများ သုံးရိုးမရှိချေ။(သုတ္တန်-၄-၂၊ ၂၃၇။)

## ရဟန်းခုနစ်ရာကို တန်ခိုးဖြင့် ပင့်ဆောင်သော

## စူဠ သမုဒ္ဒ ထေရ်

သီဟိုဠ်ကျွန်း တကျွန်းလုံး ဒုဗ္ဘိက္ခန္တရ ကပ်ကြီး ဆိုက်ရောက်သောအခါ ဒကာ ဒကာမတို့အား မှီခို၍ သာသနာပြုကြရသော သံဃာတော်များ ပို၍ပင် ဒုက္ခရောက်တော် မူကြရလေသည်။

ထိုခေတ်ဆိုး ခေတ်ကျပ်ကြီးအတွင်း ရဟန်းတော် ခုနစ်ရာတို့သည် စူဠ သမုဒ္ဒမထေရ်ကြီးထံရောက်လာကြရာ မထေရ်ကြီးမှာ သံဃာတော်များ ဆွမ်းကွမ်း အတွက် ကြောင့်ကြတော်မူရလေသည်။ ရဟန်းတော်များကလည်း အဆမတန် များလာသဖြင့် ဆွမ်းရနိုင်မည့်အရပ်ဒေသကို ဆင်ခြင်၍ကြည့်တော်မူရာ သီဟိုဠ် တကျွန်းလုံး မည်သည့်နေရာ၌မျှ ထိုမျှလောက် များပြားသော သံဃာတော်များ အတွက် ဆွမ်းရရန် မမြင်တွေ့ရချေ။

## အဝေးကို နီးအောင်၊ ရေကိုနို့ဖြစ်အောင် ဖန်ဆင်းခြင်း

သို့နှင့် သံဃာတော် ခုနစ်ရာအား–

"ငါ့ရှင်တို့....၊လာကြ၊ သက်န်းရုံကြ၊ သပိတ်ယူကြ၊ ဆွမ်းခံကြွကြစို့"ဟု နှိုးဆော်တော်မူလျက် မြေပြင်ကို ချုံ့ကာ သီဟိုဠ်မှ (ဋ္ဌကန္တိယ)ပါဋလိပုတ်ပြည်သို့ ဆွမ်းခံကြွတော်မူလေသည်။ ရဟန်းတော်များလည်း မိမိတို့ တခါမျှ မရောက်ဖူး သောမြို့ဖြစ်နေ၍ အံ့အားသင့်ကာ မေးလျှောက်သမျှ ဤသို့ ဖြေဆိုတော်မူ၏။

**ရဟန်းများ** အရှင်ဘုရား....၊ ဒါ ဘာမြို့ပါလဲ။

**မထေရ်** ငါ့ရှင်တို့....ပါဋလိပုတ်မြို့ဆိုဘာ ဒါပဲ။

**ရဟန်းများ** အရှင်ဘုရား....၊ ပါဋလိပုတ်မြို့ဆိုတာ တပည့်တော်များနေရာနှင့် အဝေးကြီး မဟုတ်လားဘုရား။

**မထေရ်** ငါ့ရှင်တို့....၊ မထေရ်အိုကြီးတွေဆိုတာ အဝေးမှာ ရှိနေဘာကိုလဲ ယူဆောင်ပြီး အနီးဖြစ်အောင် လုပ်တတ်ကြတယ်။

**ရဟန်းများ** အနို့....၊မဟာ သမုဒ္ဒရာက ဘယ်မှာပါလဲ ဘုရား။

http://www.dhammadownload.com



မထေရ် ငါ့ရှင်တို့....၊ အလာတုန်းက လမ်းခွတ်လတ်မှာ စိမ်းပြာပြာ ရေမြောင်းကလေးတခု ဖြတ်ကျော်လာခဲ့ရတယ်မဟုတ်လား။

ရဟန်းများ မှန်လှပါ....၊ ဖြတ်ကျော်ခဲ့ကြရပါတယ်။ သို့သော်လဲ သမုဒ္ဒရာဆိုတာ ကြီးကျယ်လှပါတယ် အရှင်ဘုရား။

မထေရ် ငါ့ရှင်တို့....၊မထေရ်အိုကြီးတွေဆိုတာ ကြီးတာကိုလဲ ငယ်အောင်လုပ်တတ်ကြတယ်။

## မဟာဗောဓိပင်ကို ဟန်နိုးဖြင့် ပင့်၍ဖူးသော

# တိဿ ဒတ္တ ထေရ်

အထက်ပါ စူဠသမုဒ္ဒမထေရ်ကြီးနှင့် တဆက်တည်း ကျေးဇူးရှင် မဟာဗုဒ္ဓဃောသအရှင်မြတ်ကြီးက တိဿဒတ္တ မထေရ်အကြောင်းကို ပြဆိုထား၏။ ယင်းမထေရ်လည်း တခုသော ညနေချမ်း ရေမိုးချိုးပြီးစ ကေသီ သင်္ကန်းကို သေသပ်စွာ ယမ်းပြီးနောက် မဇ္ဈိမဒေသရှိ အပရာဇိတပလ္လင်တည်ရှိရာ မဟာဗောဓိပင်ကို ဖူးမြော်လိုစိတ်ပေါ်ပေါက်လာ၍ သီဟိုဠ်နှင့်ဇမ္ဗူဒီပအကြားရှိ မြေရေသမုဒ္ဒရာကို ချုံ့တော်မူကာ မဟာဗောဓိပင်ကို မိမိရှေ့၌ပင် မသွားမကြွရပဲ ဖူးမြင်တော်မူလေသည်။

## ရေကို ထောပတ်နို့ လုပ်သော ထေရ်

စင်စစ် တန်ခိုးဟူသည် တန်ခိုးရှင်လိုရာကို ပြုလုပ်ဖန်ဆင်းနိုင်လေသည်။

တခါက မဟာအနုဠထေရ်သည် ရဟန်းသာမဏေများ ဂင်္ဂါမြစ်ကမ်း၌ ဟင်းမပါပဲ ဆွမ်းချည်းသက်သက် ဘုဉ်းပေးနေကြရရှာသည်ကို မြင်တော်မူ၍ "ဂင်္ဂါမြစ်ရေသည် ထောပတ်ကြည် ဖြစ်စေ"ဟု အဓိဋ္ဌာန်တော်မူလိုက်၏။ သာမဏေတို့ကိုလည်း မြင်အောင် အမှတ်သညာပေးလိုက်ရာ သာမဏေများ ခွက်များဖြင့် ထောပတ်ကို ခပ်ယူ၍ ရဟန်းသံဃာတော်များအား ဆက်ကပ် ခဲ့ကြရဖူးလေသည်။ (ဝိသုဒ္ဓိမဂ်-၂။ ၃၂-၃။)

ထို့အတူ အဿဂုတ္တမထေရ်ကြီးလည်း ဝိဠ၂ ၁တောင်တန်း၊ ဝတ္တနိယ ကျောင်းနေ သံဃာတော်များဟင်းမရပဲ ဆွမ်းသက်သက် ဘုဉ်းပေးနေကြသည်ကို မြင်၍ ထိုကျောင်းတွင်းရှိ ကျောက်ရေကန်ကို နေ့စဉ်နံနက်တိုင်း နို့ဓမ်းအရသာရှိအောင် ဖန်ဆင်းပေးတော်မူ၏။ ညနေခပ်ယူလျှင်ကား ပကတိ ရေဖြစ်မြဲ ဖြစ်နေသည်။ (ဝိသုဒ္ဓိ မဂ်-၂၊ ၆၀။)

http://www.dhammadownload.com



# ရှင်ဘုရင်အထင်မှားသည်ကို ပြန်လည်စောင့်ရှောက်သော
# ကုဋ္ဌတိဿ ထေရ်

"အရှင်ဘုရားတို့....၊ ဒကာတော်ပူဇော်ကိုးကွယ်သင့်သော မထေရ်ဘုရားပါးပါးကို ညွှန်ကြားပေးတော်မူကြပါ"ဟု သာသနာစော်နှစ် ၄၀၇-ခုနှစ်၌ နန်းတက်သောသဒ္ဓာတိဿမင်းကြီးက ရဟန်းသံဃာတော်များအား လျှောက်ထား၍ သံဃာတော်များက မဂ်လအရပ်၌ သီတင်းသုံးတော်မူသော ကုဋ္ဌတိဿ မထေရ်ကြီးအား ညွှန်ပြကြလေသည်။ (သာရသင်္ဂဟနှင့် သီဟိုဠ်မူတို့၌ 'မင်္ဂဝါသိခုဇ္ဇ (ကုဇ္ဇ)တိဿထေရ်'ဟု ရှိ၏။)

မင်းကြီးလည်း သတင်းရသည်နှင့် ဖူးမြော်လိုလှသဖြင့် မှူးမတ် ပရိသတ်အစုံအညီလိုက်ပါစေလျက် ငါးယူဇနာဝေးကွာသော မထေရ်ကြီးထံ အဖူးမြော်သွားလေ၏။ မထေရ်ကြီးသည် မလှမ်းမကမ်းမှ ရထား၊ မြင်း၊ ဆင်နှင့် လူသံသူသံများ ကြားတော်မူရသဖြင့်—

"ငါ့ရှင်တို့....၊ ဟိုဘက်ဆီက ဘာသံတွေလဲ"ဟု မေးတော်မူရာ-

"ဒကာတော်မင်းကြီး မင်းခမ်းမင်းနားဖြင့် ဆရာတော်အားဖူးမြော်ရန် လာနေကြပါတယ်ဘုရား"ဟု တပည့်များက လျှောက်ကြလေသည်။မထေရ်ကြီး၏ စိတ်ထဲက-

"ကြီးတောင်းကြီးမှ ဘုရင့်နန်းတော်မှာ ဘာလုပ်မလဲ"ဟု ရာဇဝလ္လဘ =(မင်းတို့နှင့်ရောနှောကျွမ်းဝင် နေရခြင်း)၌ စက်ဆုပ်တော်မူသဖြင့် ရှင်ဘုရင်မလာမီ နေ့သန့်စင်ရာ (နေ့ခင်းနေ့လယ်တရားနှလုံးသွင်းရာ) အရပ်သို့ ခပ်သုတ်သုတ်ကြွသွားကာ ကွပ်ပျစ်ခုတင်တခုပေါ်၌ လျောင်း၍ နေတော်မူ၏။ မင်းပရိသတ်ကြီး ကျောင်းထဲသို့ရောက်လာချိန်၌မူ တစုံတရာလှမ်းမျှော် ကြည့်ရှုခြင်းမပြုပဲ ကွပ်ပျစ်ပေါ် ဝမ်းလျားမှောက် လျောင်းလျက်က တုတ်ရှည် တချောင်းဖြင့် မြေကြီးကိုရေးခြစ်၍နေဟန် ပြုလေ၏။မြေကြီး၌ တုတ်ဖြင့် ရေးခြစ်ခြင်းမှာ ရဟန်းတော်များမလုပ်ရ။ပါစိတ်အာပတ်သင့်ရုံမျှမက စိတ်တည်ငြိမ်မှု မရှိသောသူများ လုပ်သော ကိစ္စမျိုးသာ ဖြစ်လေသည်။

မင်းကြီးလည်း ကျောင်းထဲသို့ ရောက်လျှင် ရဟန်းတော်များအား မေးလျှောက်၍ မထေရ်ကြီးသီတင်းသုံးရာသို့ အမောတကောသွားလေရာ မထေရ်ကြီး မြေကြီး၌တုတ်တချောင်းဖြင့် တောင်စဉ်ရေမရရေးခြစ်နေသည်ကို ခပ်လှမ်းလှမ်းကပင် တွေ့မြင်လိုက်ရသဖြင့် ခြေလှမ်းများတန့်ကာ ရှေ့ဆက်မသွားတော့ပဲ-

http://www.dhammadownload.com



'အင်း....ရဟန္တာဆိုတာ ဟတ္ထကုက္ကုစ္စ, ပါဒကုက္ကုစ္စ = (လက်ဆော့ ခြေဆော့)မငြိမ်မဆိမ်နေရိုးထုံးစံမရှိဘူးလို့ ဆိုတယ်။ အများက ဘယ်လိုဘယ်ညာ ပြောနေကြပေမယ့် ဒီမထေရ်ကြီးဟာ ရဟန္တာဟုတ်ပုံမရပါဘူး'ဟု စဉ်းစားလျက် ရပ်နေမိလေ၏။

မင်းကြီးသည် မိမိအမြင်နှင့်အသိကို အခိုင်အမာဆုံးဖြတ်ကာ ဦးမျှပင် မချတော့ပဲ ထိုနေရာမှ ချက်ချင်း လှည့်၍ပြန်သွားသည်။ မင်းကြီး ပြန်သွားလျှင် ကျောင်းရှိသံဃာများအားလုံး အံ့အားသင့်ကာ ဆရာမထေရ်ကြီးထံ တပည့်ကြီး များကသွား၍ ချက်ချင်းလျှောက်ကြလေ၏။

"အရှင်ဘုရား....၊ ဒီလိုခမ်းနားကြီးကျယ်စွာ သဒ္ဓါတရားနှင့် လာရောက် ဖူးမြော်တဲ့ မင်းကြီးလိုဟာကိုများ ဘာဖြစ်လို့ စိတ်မချမ်းမသာဖြစ်သွားအောင် လုပ်တော်မူရတာလဲဘုရား။"

"ငါ့ရှင်တို့....၊ မင်းကြီးရဲ့ သဒ္ဓါတရားကို စောင့်ရှောက်ဖို့ သင်တို့မှာ တာဝန်မရှိဘူး။ (သင်တို့နှင့် မဆိုင်ဘူး) မထေရ်အိုကြီး များနဲ့သာ ဆိုင်တယ်။ မထေရ်အိုကြီးများ သဒ္ဓါတရားကို စောင့်ရှောက်တတ်ကြတယ်။"

သွား၍လျှောက်သော တပည့်ကြီးများမှာလည်း မိန့်တော် မူသည်ကို နားမရှင်းပဲ လှည့်၍သာ ပြန်လာကြရလေ၏။ သူတော်ကောင်းတို့၏ သဘော လက္ခဏာကား ကြောင်ကြောင်ကြီး မြင်ပါလျက်၊ နားနှင့်ဆတ်ဆတ် ကြားရပါ လျက် သိနိုင်ခက်လှပါတိ။

မထေရ်ကြီးသည် သက်ရှယ်တော်ကြီးရင့်လာသဖြင့် ပရိနိဗ္ဗာန် ပြုတော် မူခါနီးလျှင် တပည့်သံဃာများအား—

"ငါ့ရှင်တို့....၊ ဒို့များသေပြီးယင် အလောင်းတင်ရထား ပြာသာဒ်ပေါ် မှာ အပိုခေါင်းတလုံးလဲ ထည့်ပြီး ပူဇော်ရစ်ကြ"ဟုသာ မိန့်မှာတော်မူ၏။

တပည့်များမှာ ဆိုလိုသည်ကို နားမလည်စေကာမူ သူတော်ကောင်းကြီး များမိန့်မှာတိုင်းကို လိုက်နာသော သောဝစဿတာဂုဏ်ရှိသူများပီပီ မထေရ်ကြီး ခန္ဓာဝန်ချလျှင် မိန့်မှာသည့်အတိုင်း ကြာပလ္လင်ခံသော ခေါင်းတော်အပိုတခုပါ ထည့်၍ အလောင်းတင်ရထားပြာသာဒ်ကို ပြုလုပ် ပူဇော်ကြရလေသည်။

## ကောင်းကင်ပျံတက်လာသော အလောင်းတော်

မထေရ်ကြီးလည်း ပရိနိဗ္ဗာန်ပြုခါနီးလျှင်—

"ဤငါ၏ အလောင်းတင်ရထားပြာသာဒ်ကြီးသည် ဒကာတော်မင်းကြီး မြင်လျှင်မြင်ချင်း တနေရာရာ၌ အငြိအတွယ်အဆိုင်းအရပ်မရှိ၊ မြေပြင်၌ဆင်းသက် ရပ်တည်ရစ်စေသော်ဝ်"ဟု အဓိဋ္ဌာန်တော်မူပြီးလျှင် ခန္ဓာဝန်ချတော် မူသွား၏။

http://www.dhammadownload.com



တပည့်များလည်း မထေရ်ကြီး ခန္ဓာဝန်ချလျှင် အလောင်းတော်ကို ရထားပြာသာဒ်ပေါ်ရှိ ခေါင်းတော်ဘခု အတွင်း၌ ထည့်သွင်း ပူဇော်ကြရာ အလောင်းတော်ရထားပြာသာဒ်ပေါ်သို့ ရောက်သည်နှင့် တပြိုက်နက် ပြာသာဒ် ကြီးသည် ကောင်းကင်ထက်သို့ ပျံတက်သွားလေ၏။ ပျံတက်ရုံမျှမက မင်းကြီး နေရာအရပ်သို့ပင် ဦးတည်ကာ ငါးယူဇနာခရီးတလျှောက် ကောင်းကင်မှပျံသွား လေတော့သည်။

ငါးယူဇနာအတွင်း လမ်းတလျှောက်ရှိ မြင့်မားသော သစ်ပင်ကြီးတိုင်း တံခွန်ကုက္ကားအလံများ တလူလူလွင့်ကာ အလောင်းတော်ကို ပူဇော်နေကြ၏။ ငါးယူဇနာအတွင်းရှိ သစ်ပင်ငယ်ချုံငယ်များအားလုံးလည်း အခါမဲ့သီးပွင့်ကာ အလောင်းတော် ရောက်ရာအရပ်သို့ လှည့်လည်ညွတ်ကိုင်း၍ ပူဇော်ကြလေသည်။ ထိုအကြောင်းသည် သီဟိုဠ်ဘက္ကျန်းလုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွား၏။

သဒ္ဓာ တိဿမင်းကြီးမှာ—

"ကုဋ္ဌတိဿ မထေရ်ကြီး ပရိနိဗ္ဗာန် ပြုပြီတဲ့။ အလောင်းတော် ရထား ပြာသာဒ်ကြီး ကောင်းကင်က လာနေသတဲ့" ဆိုသော ကောလာဟလများကို မယုံ ကြည်လေ။ မှူးမတ်များက အခိုင်အမာ သတင်းပေးကြသော်လည်း မယုံကြည် နိုင်ပဲ ရှိလေ၏။

ပြာသာဒ်ကြီးသည် ကောင်းကင်၌ ပျံတက်လာကာ ထူပါရုံစေတီတော်ကြီး ကို လက်ျာရစ် သုံးကြိမ် လှည့်ပတ်ပူဇော်၍ ပြီးလျှင် ကျောက်စေတီနေရာသို့ အရောက် ကောင်းကင်၌ပင် ရပ်တံ့နေလေ၏။ ကျောက်စေတီတော်ကြီးမှာလည်း ရင်ပြင်တော်ဖိနပ်တော်နှင့်တကွ ကောင်းကင်သို့ ပျံတက်ကာ ပြာသာဒ်ကြီး၏ အပေါ်၌ ပြောင်းရွှေ့စံပယ်တော်မူလေသည်။

တိုင်းသူပြည်သား ရဟန်း ရှင်လူ များမှာ မကြုံစဖူး အထူး အံ့သြကာ တခဲနက် လာရောက် ဖူးမြော် ပူဇော်ကြ၏။

## ကောင်းကင်တက်၍ ပရိနိဗ္ဗာန်ပြုသော

# မဟာဗျဂ္ဃ ထေရ်

အလောင်းတင်ရထားပြာသာဒ်တော်ကြီး ကောင်းကင်၌ ရပ်တည် အပူ ဇော်ခံနေချိန် အနီးရှိ ကြေးပြာသာဒ်(လောဟပါသာဒ)ကြီး ဘုံကိုးဆင့်အထက်၌ မဟာဗျဂ္ဃခေါ်သော မထေရ်ကြီးတပါးလည်း ရဟန်းသံဃာ အများ ခြံရံလျက် ရဟန်းတို့ ဝိနည်းကံနှင့်စပ်၍ ဩဝါဒပေးနေခိုက်ဖြစ်၏။ အုတ်အုတ်ကျက်ကျက် အသံများကြားနေရသဖြင့်—

http://www.dhammadownload.com



"ငါ့ရှင်တို့....၊ ဟိုဘက်ဆီက ဘာသံတွေလဲ"ဟု မေးတော်မူလျှင် တပည့်ရဟန်းသံဃာများက ပဂ်လဝါသီ ကုဋ္ဋတိဿမထေရ်ကြီး ပရိနိဗ္ဗာန်ပြု၍ ရထားပျံကြီးကောင်းကင်မှ ပျံတက်လာသဖြင့် လူအများ ဖူးမြော်ပူဇော်နေကြကြောင်း လျှောက်ထားကြသည်။ မဟာဗျဂ္ဃ မထေရ်ကြီးလည်း ဩဝါဒ စကား ပြောကြား ဆုံးမပြီးလျှင်—

"ငါ့ရှင်တို့....၊ အင်း....ဘုန်းကံကြီးမားတဲ့ပုဂ္ဂိုလ်များကိုမှီခိုပြီး ဒို့များလဲ အပူဇော် ခံရအုံးတော့မယ်"ဟု မိန့်တော်မူကာ တပည့်သံဃာ အပေါင်းအား ကာယကံ ဝစီကံ မနောကံ အပြစ်များရှိက သည်းခံကြရန် တောင်းပန် ပြောဆိုတော်မူ၏။ ဆုံးမစကားလည်း ဟောကြားတော်မူ၏။

ယင်းသို့ နှုတ်ဆက် ဟောပြောပြီးလျှင် ထိုနေရာမှပင် ကောင်းကင်သို့ ပျံတက်ကာ ရထားပြာသာဒ်ကြီးရှိရာသို့ ကြွတော်မူသွား၏။ ပြာသာဒ်ကြီးရှိရာသို့ ရောက်လျှင် ပြာသာဒ်ကြီးအတွင်းသို့ ဝင်တော်မူလျက် အပိုအလွှတ်ပါလာသော ခေါင်းတော်တခု၌ ဝင်ရောက်ကိန်းစံကာ ပရိဗ္ဗာန်ပြုတော်မူလေသည်။

သဒ္ဓာတိဿမင်းကြီးလည်း အဆမတန် အုတ်အော်သောင်းတင်း ရှိခါမှ မင်းခမ်းမင်းနားဖြင့်လာရောက်၍ ပန်းနံ့သာများဖြင့် ကောင်းကင်ရှိ အလောင်းတော်ကို လှမ်း၍ ဖူးမြော် ပူဇော်လေ၏။ မင်းကြီး လာရောက် ပူဇော်လျှင်ပင် ကောင်းကင်၌ ရပ်တည်နေသော ရထားပြာသာဒ်တော်ကြီးမှာ အလိုလို မြေသို့ သက်ဆင်းကာ ရပ်တည်တော်မူသည်။

ထိုအခါမှ မင်းကြီးလည်း အထင်မှားခဲ့သည်များကို ဝန်ချကန်တော့ကာ ခမ်းနားကြီးကျယ်စွာ ပူဇော်သက္ကာရပြုလေသည်။ ဈာပနပွဲတော်ကြီး ပြီးလျှင် ဓာတ်တော်များကို စေတီ တည်ထားကိုးကွယ်လေ၏။ (အံ-ဋ္ဌ-၂၊ ၁၃၃-တိဌာန သုတ် အဖွင့်။)

## အရိယာသဘာဝ၊ သိခက်လှ၊ နှုတ်ဟ မရဲရာ

ယခုအခါ၌လည်း အရိယာသူတော်ကောင်းကြီးများနှင့်စပ်၍ သဒ္ဓာတိဿ မင်းကြီးကဲ့သို့ အထင်မှားအမြင်မှားများ မကြာခဏ ကြားမြင်နေကြရ၏။

"ကျွန်တော့်ကို သည်အတိုင်း အမိန့်ရှိတာပါ။ ကျွန်တော် ကိုယ်တိုင် မျက်စိနှင့်မြင်ရတာပဲ"စသည်ဖြင့် မိမိတို့ထိတွေ့ခွင့်ရသလောက်ကလေးကို အတည်ပြု၍ မိမိ၏ထင်မြင်ချက်ကိုလည်း အခိုင်အမာဆုပ်ကိုင်၍၊ စာပေ ပရိယတ္တိ တတ်ကျွမ်းသူများဖြစ်လျှင်လည်း စာသံပေသံအကိုးအကားများကိုပင် ပြ၍ မဆီမဆိုင် သူတော်ကောင်းကြီးများအား ဝေဖန်ကဲ့ရဲ့ မိတတ်ကြလေသည်။

http://www.dhammadownload.com



မိမိတို့၏မျက်စိနှင့်နား သင်ကြားထားသော ဗဟုသုတကို မတည့်တည့်အောင် ကြံဆောင်ကိုးကား၍ ပြောဆိုပြစ်မှားတတ်သော ဝစီကံများမှာ အလွန်တာဝန်ကြီးလေးလှပေသည်။

သူတော်ကောင်းကြီးများ၏ အမူအရာ၊ အထာ၊ သဘော၊ အဟော၊ အမိန့်များကား အလွန်လျှင် အဘိခက်လှပါဘိ။ ဤမထေရ်ကြီးပြုမူပုံကို ကြည့်လျှင်ပင် သိသာလှပါ၏။

တခါက ဤစာရေးသူသည် အညာမှ ရဟန္တာဟု ကျော်ကြားထင်ရှားတော်မူသော ဆရာတော်ဘုရားကြီးတပါး ခန္ဓာဝန်ချစဉ် ရန်ကုန်မှ ကန်တော့ရန်သွားရာ မန္တလေးသို့ရောက်သောအခါ အချို့ဆရာတော်များက—

"အင်း....၊ မင့် ဆရာတော်ကြီး အနေ အထိုင် ကတော့ ကြည်ညိုစရာကောင်းပါသကွာ" ဟုအစချီကာ 'ဒါပေမယ့်' ကို ဆက်၍ ပြောပြန်၏။ ထိုဆရာတော်ကြီး ဘဏ်မှာ ဝတ္ထုငွေများ နှစ်သောင်း အပ်နှံထားသတဲ့ ဆိုသော တဆင့်ကြားကို ထောက်ပြလေ၏။

"ဘုန်းကြီးတပါး ပျံတော်မူသွားလျှင် ခက်တာက ရွှေက ဘယ်လောက်၊ ငွေက ဘယ်လောက်ကျန်ခဲ့သတဲ့ ဆိုတာ ဗို့ သာသနာမှာ ဝမ်းနည်းစရာပဲကွ" ဟုလည်းပုဒ်မ တပ်ပြန်လေသည်။ ထိုငွေကိစ္စမှာ သူတော်ကောင်းကြီးများ၌ အလွန်ရှင်းနေပါသော်လည်း ပြောရသည်မှာကား မလွယ်ကူချေ။

ကျွန်ုပ်မှာမူ ထိုပုဂ္ဂိုလ်ကြီးမျိုး၌ သောင်းမျှမက သိန်းများစွာပင် အလှူခံရရှိတတ်ကြောင်း၊ ထိုငွေများကို ကပ္ပိယ ကာရက ထားကာ သာသနာအတွက် မည်သို့မည်ပုံအကျိုးရှိအောင် စီမံကြောင်း သာမန်မျှသာ လျှောက်နိုင်တော့သည်။

## ရဟန်းများ မြေတူးတိုင်း အာပတ်သင့်သလား

ထိုအခါ အခြားတပါးက—

"အင်း....ဒါလဲ ဟုတ်ပါရဲ့၊ ဒါပေမယ့်ကွာ...." ဟု ဆိုကာ ဦးပဥ္ဇင်းကြီးများအား ဘုရားတည်ရာ၊ ကန်တူးရာ၌ တူရွင်း ပေါက်ပြားများဖြင့် မြေအတူးခိုင်းသည်ကို သူကိုယ်တိုင် မြင်ခဲ့ရသဖြင့် စိတ်အပျက်ကြီး ပျက်ခဲ့ရဖူးကြောင်း (ပထဝီခဏနသိက္ခာပုဒ်ကို ရည်ညွှန်း၍) အရိယာမဟုတ်နိုင်ကြောင်း အခိုင်အမာ ကိုယ်တွေ့ဖြစ်ရပ်နှင့် ကျမ်းဂန်ကို ထောက်ပြကာ စောဒနာပြန်၏။

ဘုန်းကြီး စာချဆိုသကဲ့သို့ ကျွန်ုပ်တို့ပြောရသည်မှာ မလွယ်ကူပါ။ မိမိအားသဒ္ဓါလွန်သူ၊ သို့မဟုတ် မုဓာပ္ပသန္န—အလွဲ ယုံကြည်နေသူဟု ထင်လိုက အထင်ခံရန်ဝန်မလေးလှသော်လည်း အရိယူပဝါဒကံကြီး ထိုက်မည့်စကားမျိုးကို ကြားနေရသဖြင့် တန်သလောက် သတိပေး လျှောက်ထားသင့်သည်ဟုကား ယူဆ၍ ပထဝီ

http://www.dhammadownload.com



ခဏနသိက္ခာပုဒ်၌ ရဟန်းတော်များ မတူးကောင်းသောမြေရှိသကဲ့သို့ တူးကောင်းသောမြေများရှိကြောင်း။ ထိုသို့မဟုတ် မတူးကောင်းသောမြေပင် ဖြစ်စေကာမူ "ဤနေရာမှာ တူးပါ"ဟု ခိုင်းမည့်အစား "ကန်တူးပါ"ဟု စကား အသုံးအနှုန်း (ကပ္ပိယဝေါဟာရ) ပြောင်းလွှဲလျှင်ပင် တူးခိုင်းနိုင်ကြောင်း အမြွက်မျှ လျှောက်ထားခဲ့ရဖူး၏။ (ပါစိတျာဒိ-ပထဝီ ခဏန သိက္ခာပုဒ်၌ အကျယ် ရှုပါကုန်။)

ဤကုဋ္ဌတိဿမထေရ်ကြီး မြေကြီး၌ တုတ်ဖြင့်ရေးခြစ်နေသည်ဆိုရာ၌လည်း အဆိုပါသိက္ခာပုဒ်နှင့် ဆက်နေသဖြင့် ဖော်ပြရခြင်းဖြစ်ပေသည်။ သူတော်ကောင်းကြီးများသည် သိက္ခာပုဒ်တော်များကို ပုထုဇဉ်တို့ လေးမြတ်သည်ထက် အဆအရာ အထောင်မက အသက်ပေး၍ပင် လေးမြတ်ရိုသေမည့်အကြောင်းကား ယုံမှားဖွယ် အလျှင်းမရှိပါပေ။

## ရဟန္တာဟု သိနိုင်သော နည်းလမ်း လေးမျိုး

မိမိတို့ မြင်သလောက်၊ထင်သလောက်၊ ကြားသလောက်ကို အခိုင်အမာ စွဲယူ၍ အသိခက်လှသော သူတော်ကောင်းကြီးများကိုစွတ်တွင် ဝင်ရောက် စွက်ဖက် ဝေဖန်ခြင်း ဝစီကံ မလွန်ကျူးမိအောင် သတိပြုကြပါကုန်။

ထိုကြောင့် မြတ်စွာဘုရားရှင်သည် ကောသလမင်းကြီးအား—

၁။ သံဝါသေန သီလံ ဝေဒိတဗ္ဗံ=အတူတကွ နေခြင်း အားဖြင့် သီလ ရှိ,မရှိ သိနိုင်၏။

၂။ သံဝေါဟာရေန သောစေယျံ ဝေဒိတဗ္ဗံ=ပြောဆိုခြင်းအားဖြင့် စင်ကြယ်မှု ရှိ,မရှိ သိနိုင်၏။

၃။ အာပဒါသု ထာမော ဝေဒိတဗ္ဗော=ဘေးရန် ကြုံသော်မှသာ ဉာဏ်စွမ်းအားကို သိနိုင်၏။

၄။ သာကစ္ဆာယ ပညာ ဝေဒိတဗ္ဗာ=ဆွေးနွေးကြည့်ခြင်း အားဖြင့် ပညာကို သိနိုင်၏ဟု (သဂါထာဝဂ္ဂနှင့် သုတ္တနိပါတ်- သတ္တဇဋိလ သုတ်၌)ဟောတော်မူခဲ့ဖူး၏။

ယင်းတို့ကိုလည်း (၁) အချိန်ကြာမှ၊ (၂)နှလုံးလည်း သွင်းဦးမှ၊ (၃) အသိဉာဏ်ကလည်း ရှိဦးမှသာ သိနိုင်လေသည်။ ဉာဏ် မျက်စိ,ဉာဏ်နား မရှိသူများ ခဏတဖြုတ်၊ နမော်နမဲ့ ကြားရ, မြင်ရရုံဖြင့် ပြောဆိုတတ်သော စကားများကို နားမယောင်ကြရာ။ သိနိုင်၊ မြင်နိုင်၊ ကြားနိုင်သော ဉာဏ်မျက်စိ, နားများဖြစ် အောင်သာ ထူထောင်ကြရာ၏။ မထူထောင်နိုင်သေးက ရှိစေဦး၊နှုတ်ကျူးနှုတ်လွန် မရှိကြစေရာ။

http://www.dhammadownload.com



ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံဒိဋ္ဌံ တံ န ပဿတိ။
အပဿံ ဗဇ္ဈတေ မူဠှော၊ ဗဇ္ဈမာနော နမုစ္စတိ။ ။
(သတိပဋ္ဌာန် အဋ္ဌကထာများ။)

''မြင်သော်လည်း မြင်သည် မမည်၊ မြင်အပ်သည်ကိုမူ မမြင်တတ်သော ပုထုဇဉ် အမိုက်သည် တစုံတခု၌ ကိုယ့်အမြင်နှင့်ကိုယ် ငြိကပ်ပတ်ဖွဲ့ခြင်းခံနေရသဖြင့် ဆင်းရဲမှ မလွတ်နိုင်။''

## မိုးနတ်သွားကို ချက်ချင်း မိုးရွာနိုင်းသော

# တာလကူဋက ထေရ်

မိုးနတ်သားတဦးသည် တာလကူဋကအရပ် (သီဟိုဠ်မှအလို ဟိမာလယကူဋ)၌ သီတင်းသုံး နေထိုင်တော်မူသော ရဟန္တာအရှင်မြတ်ကြီးထံ လာရောက်၍ ရှိခိုးလျက် ရပ်တည်နေ၏။

**မထေရ်** သင် ဘယ်သူလဲ။

**နတ်သား** ဘုရားတပည့်တော် မိုးနတ်သားပါ အရှင်ဘုရား။

**မထေရ်** သင်တို့ရဲ့ စိတ်အလိုအတိုင်း မိုးရွာချနိုင်တယ်ဆိုတာ ဟုတ်သလား။

**နတ်သား** မှန်လှပါ အရှင်ဘုရား။

**မထေရ်** ဒါဖြစ်ယင် ငါ ကြည့်မြင်လိုတယ်။

**နတ်သား** အရှင်ဘုရားကို မိုး စိုစွတ်သွားပါလိမ့်မယ် ဘုရား။

**မထေရ်** မိုးတိမ်တိုက်လဲ မဆင်၊ မိုးချုန်းသံလဲ မကြားရ၊ ဘယ်လိုလုပ်ပြီး မိုးစိုစွတ်နိုင်မတုံး။

**နတ်သား** အရှင်ဘုရား....၊ တပည့်တော်တို့ရဲ့ စိတ်ထဲက ညွှတ်လိုက်ယင် မိုးရွာလာမှာပါ။ အရှင်ဘုရား မယုံကြည်လျှင် ခေတ္တ သခ်မ်းကျောင်းကလေးထဲ ဝင်ရောက်နေတော်မူပါ။

**မထေရ်** အိမ်း.... ကောင်းပြီ-ဟု မိန့်တော်မူကာ ခြေဆေးပြီး သခ်မ်းကျောင်းကလေးထဲသို့ ကြွဝင်တော်မူ၏။

မိုးနတ်သားလည်း မထေရ်ကြီး ကျောင်းကလေးထဲသို့ ဝင်လျှင်ဝင်ချင်း သီချင်းတပုဒ်ကို သီဆိုလျက် လက်ကို မြှောက်၍ တင်လိုက်၏။ မိုးတိမ်နှင့် မိုးချုန်းသံ မမြင်ရ၊ မကြားရပဲလျက် ချက်ချင်း မည်းမှောင်လာကာ သုံးယူဇနာပတ်ဝန်းကျင် ထခုလုံး တခဲနက် မိုးကြီး ရွာသွန်းချလေတော့သည်။

ကျောင်းသခ်မ်းကလေး အတွင်းသို့ ကြွဝင်သွားသော မထေရ်ကြီးပင် မလွတ်၊ ကိုယ်တခြမ်း စိုစွတ်သွားလေ၏။ (သံ-ဋ္ဌ-၂၊ ၃၂၂-ဝလာဟကသံယုတ်။)

http://www.dhammadownload.com



## မိုးရွာခြင်းအကြောင်း ရှစ်ပါး

မိုးရွာခြင်း၏ အကြောင်း ရှစ်မျိုးရှိကြောင်း အင်္ဂုအထ၌ အောက်ပါအတိုင်း ဆက်လက်ပြဆိုထားလေသည်။

၁။ နဂါး

၂။ ဂဠုန်

၃။ နတ်တို့၏တန်ခိုးကြောင့်၊

၄။ သစ္စာပြုခြင်းကြောင့်၊

၅။ ရာသီဥတုကြောင့်၊

၆။ မာရ်နတ်လှည့်ပတ်ခြင်းကြောင့်၊

၇။ သူတော်ကောင်းတို့၏ တန်ခိုးကြောင့်၊

၈။ ဖျက်မိုးရွာခြင်း။

ကေနိပါတ် မဇ္ဈိဇာတ် အင်္ဂုကထာ၌—

သိကြားမင်း၏ အမိန့်အရ မိုးနတ်သားသည် တခုသော တိမ်လွှာပုဆိုးကို ဝတ်၍ တထည်ကိုခြုံပြီးလျှင် မိုးသီချင်းဆိုလျက် အရှေ့လောကဓာတ်သို့ ရှေးရှု ပြေးလေ၏။ ထိုအခါ အရှေ့အရပ်၌ ကောက်နယ်တလင်းခန့် တိမ်လွှာ တက်လာပြီးလျှင် မိုးတိမ်များ အရာအထောင် ဖြစ်လာ၏။ လျှပ်စစ်နွယ်တို့ဖြင့် ထစ်ချုန်းလျက် မိုးကို ရွာသွန်းချသည်ဟု ဆိုလေသည်။

ဝလာဟက သံယုတ်၊ ဒါဠ်ိတော်၌ မိုးလေရာသီဥတုနှင့်စပ်၍ တာဝန် အသီးအသီး ထမ်းဆောင်ကြသော နတ်များရှိကြောင်း ဟောတော်မူထား၏။

၁။ သီတဝလာဟက=အအေးဥတုနတ်၊

၂။ ဥဏှဝလာဟက=အပူဥတုနတ်၊

၃။ အဗ္ဘဝလာဟက=မိုးတိမ်နတ်၊

၄။ ဝါတဝလာဟက=လေနတ်၊

၅။ ဝဿဝလာဟက=မိုးရွာနတ်၊

ထိုနတ်သားတို့တွင် သီတဝလာဟကနတ်သည် အေးသောဥတု ဖြစ်ပေါ်ရန် လျှပ်စစ်နွယ်ကို ပြုလုပ်၏။ ထိုနတ်သား၏စိတ်၌ မိုးရွာချစေလိုလျှင် အအေးဓာတ်များ ပြန့်ကာ မိုးတိမ်များ ထိုမှ ဤမှ ပြန့်လွှမ်း ဖြစ်ပေါ်လာစေသည်။ အဗ္ဘဝလာဟကနတ်ကား ပူမှုအေးမှုမပါ၊ မိုးတိမ်သက်သက်ကိုသာ ပြုလုပ်၏။

အထူးမှတ်သားရန်မှာ မိုးခါ၊ ဆောင်းခါ၌ အေးရိုးအေးစဉ် အေးခြင်းသည် ဥတုနိယာမပင်ဖြစ်၏။ နွေအခါ၌ အေးခြင်း၊ မိုးဆောင်း၌ ရှိသင့်သည်ထက်ပို၍ အေးခြင်းကား သီတဝလာဟကနတ်၏ အစွမ်းကြောင့်ဖြစ်သည်။

http://www.dhammadownload.com



ထို့အတူ ပူခြင်း၊ သေတိုက်ခြင်း၊ မိုးတိမ်၊ မိုးရွာခြင်းများကိုလည်း ဖြစ်ရိုးဖြစ်စဉ် ဖြစ်ခြင်းသည် ဥတုသဘာဝ အရသာလျှင် ဖြစ်၍ မဖြစ်သင့်သော အခါဖြစ်ခြင်း၊ ဖြစ်သင့်သည်ထက် ပိုလွန်ခြင်းများမှာ ဆိုင်ရာနတ်တို့၏ အစွမ်းကြောင့်ဟု သိရလေသည်။ (ယင်း အဋ္ဌကထာ။)

## မိုးမရွာခြင်း၏ အကြောင်း ၅-မျိုး

အင်္ဂုတ္တရ ပဉ္စကနိပါတ် ပြာဟ္မဏဝဂ်-ဝဿသုတ်၌ မိုးမရွာခြင်း၏ အကြောင်း ၀ါးမျိုးကိုလည်း ဟောဘော်မူထားသည်။

၁။ ကောင်းကင်၌ တေဇောအပူဓာတ်ပျက်ခြင်း၊

၂။ ဝါယောဓာတ်ပျက်ခြင်း၊

၃။ ရွာသော မိုးရေတို့ကို ရာဟုအသူရိန်ကြီးက ယူဇနာ သုံးရာရှိသော လက်ဖြင့်ခံယူ၍ ပင်လယ်ထဲသို့ ပစ်ချခြင်း၊

၄။ မိုးနတ်သား အပျော်ကြူး၍ မေ့လျော့နေခြင်း၊

၅။ လူတို့ သီလမစောင့်ထိန်းခြင်း။

ယင်း အကြောင်း ၀ါးမျိုးရှိရာ မိုးနိမိတ်ဖတ်တတ်သူများပင် ဖတ်၍မရ၊ လွဲမှားတတ်ကြောင်း ဟောတော်မူထားသည်။

## မိုးရွာမှု မရွာမှု လူ့သာ ပဓာန

ရာသီဥတု မိုးသေဝသနှင့်စပ်၍ လူတို့၏သိပ္ပံပညာလည်း ထွန်းကားလျက်ရှိ၏။ အထောက်အကူပေးလျက်ပင် ရှိ၏။

ကိုယ်ကျမ်းကျင်သည့်ဘက်က လူသားတို့အား ကိုယ်ဖြစ်သလောက် အကျိုးပြုကြသည်ချည်းဖြစ်ရာ ငြင်းဖွယ်မရှိ။ ဗုဒ္ဓဒေသနာတော်အရမူ မိုးရွာမှု မရွာမှု ရာသီဥတု သီးနှံဩဇာ ဖြစ်ထွန်းမှု၊ မဖြစ်ထွန်းမှုတွင် လူတို့၏ ကိုယ်ကျင့်သီလသည် ပဓာနခြယ်လှယ်နေသော အကြောင်းရင်းကြီး ဖြစ်ကြောင်း ပါဠိတော်များစွာ၌ အထင်အရှားပင် လာရှိပေသည်။

တိကနိပါတ်- ဂါမဏိစန္ဒဇာတ်၊ စတုက္ကနိပါတ် ရာဇော ဝါဒ ဇာတ်၊ စတ္တာလီသနိပါတ်-တေသကုဏဇာတ် စသည်တို့၌လည်း လူတို့ အကျင့်သီလမရှိကြသဖြင့် ရာသီဥတုမမှန်၊ သီးနှံဩဇာမရှိ၊ အဖျက်အဆီးအန္တရာယ်မှအစ စ၀်မက်ထူထပ် ကပ်ကြီးများ ဆိုက်ရောက်ရကြောင်း၊ မြေဆီမြေဩဇာများ ခုနစ်တောင်ခန့် ငုပ်လျှိုးသွားကြောင်း အတည့်အလင်းပင် ဟောတော်မူလေသည်။

http://www.dhammadownload.com



# မြန်မာပြည်၌ မိုးရွာအောင် လုပ်နိုင်သော ပုဂ္ဂိုလ်များ

မဇ္ဈိမဇာတ်၌ ငရုံ့မင်း၏ သစ္စာကြောင့်ပင် မိုးရွာသွန်းကြောင်း အများအသိပင် ဖြစ်သည်။ ဟသ်ာတမြို့နယ် တနယ်လုံး နောက်မိုးမသိမ်း၍ လယ်ကေများစွာ ပျက်စီးရမည် ရှိနေစဉ် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး သစ္စာပြု၍ အံ့သြလောက်အောင် မိုးရွာပေးတော်မူခဲ့ဖူး၏။

ညောင်လွန့်တောရ ဆရာတော်ဘုရားကြီးလည်း မိုးခေါင်ရေရှားဒေသ၌ သီလသမာဓိဖြင့် မိုးကို ရွာသွန်းပေးတော်မူခဲ့ဖူးကြောင့် 'ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ' စာအုပ်၌ ကျွန်ုပ်တို့ ရေးခဲ့ပြီ။

(အရှင်သုဘူတိထေရ်၏ သီလသမာဓိ သစ္စာကို အခြေခံသော မိုး အမိန့်တော် ပြန်တမ်းကို 'မေတ္တာဝါဒ-ဗြဟ္မဝိဟာရအဖွင့်' စာအုပ်၌ ကြည့်ပါလေ။)

လွန်ခဲ့သော အနှစ် နှစ်ဆယ်လောက်က ရမည်းသင်းခရိုင်၌ တိုင်းပြည်ခေါင်းဆောင်များ ရောက်သွားကြသောအခါ 'မိုးခေါင်ရေရှား ဒေသဖြစ်၍ အစိုးရအနေဖြင့် တမြို့လုံး မှီခိုလောက်အောင် ကန်ကြီးတကန် တူးပေးပါ'ဟု မြို့ခံလူကြီးများ အားလုံးက ဝံတောင်းဆိုကြသဖြင့် အစိုးရက ကူညီ တူးပေးခဲ့ဖူး၏။ သို့ရာတွင် နောက်တခေါက် ထိုပုဂ္ဂိုလ်များ ရောက်သွားသောအခါ မြို့နေဆရာတော်ကြီးများနှင့် လူကြီးများက–

"ဒကာကြီးတို့လာတဲ့အခါ အခြားဧည့်ခံမှုကတော့ ဘာမှ လိုလေသေးမရှိလောက်ပါဘူး၊ ဒါပေမယ့် ရမည်းသင်းမှာ မိုးကို မရွာသေးလို့ ရေကိုတော့ တာဝန်ကျေအောင် ဧည့်ခံနိုင်ကြမှာ မဟုတ်ဘူး"ဟု ဆိုလေရာ ဆရာတော်များက ဦးစီး၍ ဗုဒ္ဓ တရားတော်အရ မိုးရွာအောင် လုပ်ရန် တိုက်တွန်း ပြောဆိုလျှင် "လုပ်တော့လုပ်တာပဲ၊ ရွာကို မရွာဘူး"ဟု ဆိုကြလေ၏။ ထိုအခါ–

"ဒါဖြင့်... တပည့်တော် မိုးရွာအောင် လုပ်တတ်တဲ့ ဆရာကြီး လွှတ်လိုက်ပါအုံးမယ်"ဟုဆိုကာ 'မဟာပညာဗလ-ဦးကြီးဖေ' ကြီးမှူးသောပရိတ်ဝတ်အဖွဲ့တဖွဲ့ ရမည်းသင်းသို့ သွားကြရသည်။ ရောက်လျှင် ရောက်ချင်း ရမည်းသင်းကန်ကြီးအတွင်း၌ မဏ္ဍပ်ကနားထိုးကာ ထုံးစံအတိုင်း အခမ်းအနားများပြုလုပ်၍ မိုးနတ်သားကအစ မေတ္တာပွားခြင်း၊ အထူးသီလ ဆောက်တည်ခြင်း၊ အမျှဝေခြင်းများနှင့်အတူ မိုးအမိန့်တော်ပြန်တမ်း, မိုးပရိတ် စသည်တို့ကို ရွတ်ဖတ်ကြရာ အံ့သြလောက်အောင် သိသိသာသာကြီး ရွာချခဲ့ဖူး၏။

မိုးကာလအတွင်း နှစ်ထောင့်ငါးရာ ဆဋ္ဌသံဂါယနာပွဲကြီး ကျင်းပစဉ်ကလည်း အရေးအကြီးဆုံးနေ့တွင်မှ မိုးတဖြောက်ဖြောက်ရွာနေ၍ အခမ်းအနားပျက်မလိုလို ဖြစ်နေရာ ထိုဆရာကြီးပင် မိုးကိုတိတ်စေခဲ့ဖူးလေသည်။ ထို့ကြောင့်

http://www.dhammadownload.com



ဆရာကြီးဦးကြီးဖေအား မဟာပညာဗလ ဘွဲ့နှင်း အခမ်းအနားဌ် "မိုးကို ရွာအောင်လဲလုပ်နိုင်၊ တိတ်အောင်လဲလုပ်နိုင်သော ဆရာကြီး"ဟု ပုဂ္ဂိုလ်ကြီး တဦးက ကိုယ်တွေ့သာဓက တင်ကာ ချီးကျူးခဲ့ဖူးလေသည်။

ဤကား သာမန်လူဝတ်ကြောင်တဦး၏ သီလ,သမာဓိမျှသာရှိပေသေး၏။

ရဟန်းပညာရှိ, လူပညာရှိတို့သည် ဗုဒ္ဓဒေသနာတော် နည်းအရ ယုံယုံကြည်ကြည် လိုက်နာ ကျင့်သုံးလျက် လူသားတို့၏ ဘဝကို အစွမ်းဆောင်နိုင်ဆုံး ကယ်မကြစေလိုသော ဆန္ဒဖြင့် အကြောင်း အားလျော်စွာ 'ဖော်ပြ တိုက်တွန်းရပါသည်။

လူသာမန်တို့အတွက် မည်သို့မျှကြံဆောင်၍ မရအောင် ခက်ခဲလှသည်ဟု ထင်ရသော ကိစ္စများတွင် ရံခါ ဗုဒ္ဓဝါဒနည်းအရ တကယ့် ယုံကြည်မှု၊ ဖြူစင်မြင့်မြတ်မှုတို့ဖြင့် လုပ်ဆောင်ရာ လွယ်လွယ်ကလေးဖြင့် အောင်မြင်မှု ရသည်ကို ပြသော ဖြစ်ရပ်သာဓကများ များစွာ ရှိနေတတ်ပေသည်။

## မိုးရွာအောင် လုပ်နိုင်သော မင်း

သာသနာတော်နှစ် ၇၉၄-ခုနှစ် သီဟိုဠ်ကျွန်း၌ စစ်သူကြီးဘဝမှ မင်းဖြစ်လာသူ 'သီရိသံဃဗောဓိ' ခေါ်သောမင်းလည်း မိမိ၏သီလဖြင့် မိုးရွာအောင် လုပ်ခဲ့ဖူး၏။

ထိုမင်းလက်ထက် သီဟိုဠ်တကျွန်းလုံး မိုးခေါင်၍ ဒုဗ္ဘိက္ခန္တရ ကပ်ကြီး ဆိုက်ရောက်ရာ တနေ့သ၌ ထိုမင်းသည် မဟာစေတီ ရင်ပြင်သို့ သွား၍ သီလကို ကောင်းစွာခံယူဆောက်တည်ပြီးလျှင် ရင်ပြင်ပေါ်၌ပင် အိပ်၍—

"ငါသည် မင်းပြုသောနေ့ကစ၍ ငါးပါးသီလကို အထူး လုံခြုံအောင် စောင့်ထိန်းခဲ့ပါလျက် သတ္တဝါအများ ချမ်းသာရာမရ ရှိခဲ့၏။ မိုးကြီးသည်းထန်စွာ ရွာ၍ ငါ့ခန္ဓာကိုယ်ကြီး ရေပေါ်မျောမပါသမျှ အသက်ပင် သေပစေ။ ဤစေတီ ရင်ပြင်ပေါ်မှ ငါ မထတော့ပြီ"ဟု သီလကို သစ္စာပြုလျက် အဓိဋ္ဌာန်ဖြင့် နေလေ၏။

တရက်ပြည့်သွားသောအခါ တကျွန်းလုံး ရေဖြိုင်ဖြိုင်စီးအောင် မိုးကြီး ရွာချလေ၏။ သို့ရာတွင် ရေပေါ်မျောပါလောက်အောင်ကား မရွာ၊ သီရိသံဃဗောဓိလည်း ရေ၌ မျောမပါသေးသဖြင့် နေရာမှ မထပဲရှိရာ အမတ်များမှာ ရင်ပြင်တော် လေးဘက်မလေးတန်မှ ရေစီးဆင်းရန် ပြွန်ပေါက်များကို မင်းကြီး မသိအောင် ဆို့ပိတ်ကြရလေ၏။ ရေမျောမှသာလျှင် မင်းကြီး ထလေတော့သည်။ (မဟာဝံသ-၃၆၊ ၇၅-၇၉။)

http://www.dhammadownload.com



# ကိုရင်ကလေး တော်တော် ချွန်ကစား

ရဟန္တာအရှင်မြတ်ကြီးတပါးသည် သီဟိုဠ်ကျွန်းရှိ မဟာစေတီနှင့် မဟာဗောဓိပင်ကို သွားရောက်ပူဇော်မည်ဟု မိမိသီတင်းသုံးသော ရွာကလေးမှ မဟာဝိဟာရကျောင်းတိုက်သို့ ကြွတော်မူ၏။ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော သာမဏေငယ်တပါးကိုလည်း နောက်ပါ ခေါ်တော်မူခဲ့သည်။ မဟာဝိဟာရကျောင်းတိုက်ကြီးအတွင်း သင့်လျော်သောကျောင်းတခု၌ ဆရာ တပည့် တည်းခို နေထိုင်တော်မူကြလေသည်။

ညနေအချိန်အခါမျိုးတွင် သံဃာတော်အများပင် မဟာစေတီသို့ ဘုရားပူဇော်သွားလေ့ရှိကြရာ မထေရ်ကြီးကား သံဃာတော်များကို လေးစားငဲ့ကွက်နေရသဖြင့် ကောင်းစွာဘုရားအာရုံပြုနိုင်ခွင့်ရမည်မဟုတ်၍ သံဃာအများ ကြွချိန် မကြွပဲ နေလေသည်။

ဘုရားဖူးသံဃာတော်များလည်း ပြန်ကြွလာချိန် လူဒကာ, ဒကာမများလည်း ညနေစာ စားသောက်နေချိန် (သပ္ပာယသမ္ပဇဉ်ခေါ်၏) လူသူရှင်းမည့်အချိန်ကို စောင့်ငံ့ကာ သာမဏေငယ်ကိုပင် အသိမပေးပဲတခုသော ညနေတွင် ကြွတော်မူလေ၏။ သာမဏေလည်း မိမိဆရာတော်ကြီးကို မတွေ့ရသဖြင့်—

'ဘယ့်နှယ်လဲ....အချိန်မဟုတ် အခါမဟုတ်၊ ဆရာတော်ကြီး တပါးထဲကြွသွားပြီ။ အကြောင်းဘယ်လိုလဲ သိရအောင် လိုက်သွားဦးမှပဲ'ဟု စဉ်းစားကာ ဆရာတော်ကြီးကြွသွားသော လမ်းအတိုင်း နောက်က ထက်ကြပ်မကွာလိုက်ပါသွားလေ၏။

မထေရ်ကြီးလည်း မိမိတပည့်လိုက်ပါလာမည်ကို မဆင်ခြင်မိချေ။ ကြွမြဲတိုင်း ကြွကာ မဟာစေတီ တောင်ဘက်မုခ်မှ တက်တော်မူရာ သာမဏေလည်း နောက်ကပင် လိုက်ပါတက်သွား၏။

စေတီရင်ပြင်ပေါ်သို့ရောက်လျှင် မထေရ်ကြီးသည် မဟာစေတီကို တချက်မော့ဖူးလိုက်ပြီး ဘုရားအာရုံပြုကာ မလှုပ် မယှက် စိတ်ပါ လက်ပါ အားရကျေနပ်စွာ ရှိခိုးတော်မူလေသည်။

သာမဏေလည်း နောက်မှနေ၍ မထေရ်ကြီးမလှုပ်မယှက်ရှိခိုးနေသည်ကို ကြည့်ကာ—

'ဩော်...ငါ့ရဲ့ဥပဇ္ဈာယ်ဆရာတော်ကြီးဟာ ဘုရားကို အလွန် ရိုရိုသေသေလေးလေးမြတ်မြတ်ရှိခိုးနေပါကလား။ ပန်းများရလျှင် ပူဇော် လှူဒါန်းလိုမလား မသိ'ဟု စဉ်းစားနေခိုက်၊ မထေရ်ကြီးလည်း ထိုင်၍ ရှိခိုးနေရာမှ မတ်တတ်ထ

http://www.dhammadownload.com



လက်အုပ်ချီလျက် မဟာစေတီကိုမော်ကြည့်ဖူးမြော်နေလေသည်။ သာမဏေလည်း မိမိရောက်နေကြောင်း ချောင်းဟန့်သံ ပေးလိုက်၏။ မထေရ်ကြီးမှာ နောက်သို့ စောင်းငဲ့ကြည့်ပြီးလျှင်—

"ငါ့ရှင် ကိုရင်....၊ ဘယ်အချိန်က ရောက်လာသလဲ"ဟု မေးတော်မူ၍—

"ဆရာတော်ဘုရား...၊ ဘုရားအာရုံပြုစကပင် ရောက်ရှိနေပါဘယ်ဘုရား။ ဆရာတော်ဟာ အလွန်ကို ရှိရှိသေသေ လေးလေးမြတ်မြတ်ကြီး ရှိခိုးနေတာပါလား ဘုရား။ တကယ်လို့ ပူဇော်ရန်ပန်းများရလျှင် လှူဒါန်း ပူဇော်လိုပါသလား အရှင်ဘုရား"ဟု လျှောက်လိုက်သည်။ မထေရ်ကြီးကလည်း—

"ကောင်းပေတယ်....ကိုရင်၊ ဒီမဟာစေတီလို ဘယ်မှာမှ ဒီလောက် ဓာတ်တော်မွေတော် များများ ထည့်သွင်း ဌာပနာထားတဲ့ စေတီတော်မရှိဘူး ငါ့ရှင်။ ပန်းရလျှင် ဒီလောက် ထူးခြား မြင့်မြတ်တဲ့ အတုမရှိစေတီတော်ကြီးကို ဘယ်သူ မပူဇော်လိုပဲ ရှိပါ့မလဲ ငါ့ရှင်။"

"ဒါဖြင့် အရှင်ဘုရား....၊ ခေတ္တ သည်းခံ ဆိုင်းငံ့တော်မူပါဦး၊ တပည့်တော် ပန်းကို ဆောင်ယူချေပါဦးမယ်"ဟု လျှောက်ကာ သာမဏေငယ်သည် ချက်ချင်း စျာန်သမာပတ်ဝင်စား၍ ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ ကြွသွားလေ၏။

မထေရ်ကြီးသည် စေ...တော်တောင်ဘက်မုခ်မှ အာရုံပြုအပြီး အနောက်ဘက်မုခ်သို့ လှည့်တော်မူ၏။ သာမဏေငယ်သည် မထေရ်ကြီး အနောက်ဘက်မုခ်သို့ မရောက်ခင်မှာပင် ရေစစ်ခွက်နှင့် ယူဆောင်လာသောပန်းများကို မထေရ်ကြီး လက်သို့ ထည့်လှူလိုက်၏။

"အဆင်းအနံ့နှင့်ပြည့်စုံသော ဤပန်းများကို လှူဒါန်း ပူဇော်တော်မူပါ အရှင်ဘုရား"ဟု လျှောက်လျှင် မထေရ်ကြီးသည် (တဖန့်ခွက်မျှသာ ရှိသော) ရေစစ်ခွက်ကို ကြည့်၍—

"ကိုရင် ...၊ ငါ့ရှင်ပန်းက နဲနဲကလေးပါလား"ဟု မိန့်တော်မူလျှင်—

"အရှင်ဘုရား....၊ ပန်းလှူရန် အလိုရှိကြွသာကြွပါ။ ဘုရားရှင်ရဲ့ ကျေးဇူးတော် ဂုဏ်တော်တွေကိုသာ ဆင်ခြင်ပြီး ပူဇော်တော်မူပါဘုရား"ဟုသာ လျှောက်ထားလိုက်သည်။

မထေရ်ကြီးလည်း စေတီအနောက်မုခ်က တက်ရသော လှေကားဖြင့် တက်ကာ စေတီတော် သပိတ်မှောက်အောက် အထက်ပစ္စယံ၌ ပန်းများ ခင်းဖြန့် လှူတော်မူ၏။ စေတီတော် တပတ်ပြည့်သွားသော်လည်း ရေခွက်ထဲရှိပန်းများကား မကုန်သေးချေ။ အထက်ပစ္စယံ ပတ်ပတ်လည်၌ ပန်းများ ပြည့်လျှံ ဖြိုးမောက်၍ အောက်ပစ္စယံသို့ပင် ကျလာကုန်၏။ အောက်ပစ္စယံသို့ဆင်း၍ ပူဇော်မည်ဟု ဆင်းကြွလာရာ အောက်ပစ္စယံ၌လည်း ပန်းများမှာ ဒူးဆစ်မြုပ်မျှ ပတ်ပတ်လည် ပြည့်

http://www.dhammadownload.com



နေကြသည်ကို တွေ့ရလေ၏။ အောက်ပစ္စယံမှ ပန်းများလည်း ပြည့်လျှံကျကာ စေတီဖိနပ်တော် ပတ်ပတ်လည်၌ပင် ပြည့်နေ၏။

အထက်ပစ္စယံမှ အောက်ခြေဖိနပ်တော်အထိ ပန်းများ ပြည့်လျှံနေသဖြင့် ပူဇော်ရန် နေရာမကျန်ရှိတော့၍ စေတီရင်ပြင်၌ ကြဲဖြန့် ပူဇော်လိုက်ရာ စေတီရင်ပြင်တော်တခုလုံးလည်း ပန်းများ ပြည့်နေတော့သည်။ သို့သော် ရေစစ်ခွက်ထဲ၌ကား ပန်းများ မလျော့သေးချေ။

"ငါ့ရှင်....၊ ပန်းတွေ မကုန်နိုင်ပါလား" ဟု မိန့်တော်မူလျှင်—

"အရှင်ဘုရား....၊ ရေစစ်မျက်နှာဝကို အောက်ဘက်လှည့်ပြီး မှောက်သွန်ချတော် မူလိုက်ပါဘုရား" ဟု လျှောက်၍ ရေစစ်ကိုမှောက်ပြီး လှုပ်ခါလိုက်မှ ပန်းများ ကုန်လေတော့သည်။ ရေစစ်ခွက်ကို သာမဏေငယ်အား ပေးပြီးနောက် ဆရာတပည့် မဟာစေတီကြီးအား လကျ်ာရစ် သုံးပတ်လှည့်ကာ ပူဇော်ကြလေ၏။ အရပ်လေးမျက်နှာတို့၌လည်း ထိုင်၍ ဘုရားအာရုံပြုပြီးလျှင် စေတီရင်ပြင်မှ ဆင်းကြလေ၏။

ကျောင်းသို့အပြန်လမ်းတွင် မထေရ်ကြီးသည် မိမိတပည့် သာမဏေငယ်၏ တန်ခိုးဣဒ္ဓိပါဒ်နှင့် စပ်၍—

'အင်း....ကိုရင်ကလေးကား တန်ခိုးကြီးပေစွ၊ ဒီတန်ခိုးကို ဆက်လက်ပြီး စောင့်မှ စောင့်ရှောက်နိုင်ပါ့မလား' ဟု ဆင်ခြင်တော်မူရာ ဆက်လက်စောင့်ရှောက်နိုင်မည့် အခြေအနေကို မြင်တော်မမူသဖြင့်—

"ငါ့ရှင်သာမဏေ....၊ သင် ယခုတော့ အလွန် တန်ခိုးကြီးပေတယ်။ ဒါပေမယ့် တနေ့တော့ ကိုယ့်တန်ခိုးကိုယ်ဖျက်ပြီး နောက်ဆုံးယက်ကန်းသည် အကန်းမကလေးလက်နှင့် နယ်တဲ့ ဆန်ပုန်းရည်ကို သောက်နေရတတ်တယ်" ဟု မိန့်တော်မူလိုက်သည်။

သို့ရာတွင် သာမဏေငယ်သည် ဥပဇ္ဈာယ်ဆရာ၏ စကားကြောင့် ထိတ်လန့်သံဝေဂရကာ ဝိပဿနာ ကမ္မဋ္ဌာန်းတရား မတောင်းခံရှာမှုမက၊ 'ငါ့ကို ဆရာတော်ဘာတွေ ပြောနေပါလိမ့်' ဟုပင် စိတ်မဝင်စား။ မကြားယောင်ဆောင်၍ လိုက်ပါခဲ့၏။

မထေရ်ကြီးသည် မဟာစေတီနှင့် မဟာဗောဓိကို ဖူးမြော်အပြီး သပိတ်သက်န်းကို သာမဏေအား ယူစေကာ ကုဋေ္ဌတိဿမဟာဝိဟာရ (သိဟိုဠ်မူ-ကုဋေ္ဌတိဿ မဟာဝိဟာရ) ကျောင်းတိုက်ကြီးသို့ ဆရာတပည့် ကြွကြလေသည်။

သာမဏေငယ်သည် ဆွမ်းခံကြွသောအခါ မိမိဆရာတော်နှင့်အတူ ဆွမ်းခံသော်လည်း ကျောင်းမှကြွသောအခါ အတူလိုက်ပါ၍ မသွား။

"အရှင်ဘုရား....၊ ဒီယနေ့ အဘယ်ရွာသို့ ဆွမ်းခံကြွပါမည်လဲ" လျှောက်ကာ ဆရာ၏ သပိတ် သက်န်းကြီးများကို ယူထားလိုက်ပြီးလျှင် ဆွမ်းခံဝင်မည့် ရွာ

http://www.dhammadownload.com



အပေါက်သို့ မထေရ်ကြီးရောက်ချိန်မှ ကျောင်းမှထွက်၍ ကောင်းကင် ခရီးဖြင့် အမီလိုက်လေ့ရှိသည်။ ရွာသို့ဝင်ခါနီးမှ သပိတ် သက်န်းများကို ဆက်ကပ်လေ့ ရှိ၏။

"ကိုရင်....၊ ဒီလိုမလုပ်နှင့်။ ပုထုဇဉ်တို့ရဲ့ တန်ခိုးဣဒ္ဓိပါဒ်ဆိုတာ ခိုင်မြဲမှု မရှိဘူး။ မသင့်လျော်တဲ့ ရူပါရုံ စသည်နှင့်တွေ့လျှင် ဘာ မဟုတ်တာကလေးနဲ့လဲ ပျက်စီး ဆုံးရှုံးတတ်တယ်။ ရှိထားတဲ့ ဈာန်သမာပတ်တွေ ယုတ်လျော့သွားယင် အကျင့်သီလ ဗြဟ္မစရိယကိုလဲ လုံခြုံအောင် စောင့်ထိန်းထားနိုင်ဖို့ ခက်တယ်" ဟု မကြာခဏ ဆုံးမတော်မူလေ့ရှိသော်လည်း သာမဏေငယ်မှာ ဘာတွေ ပြော မှန်းပင် မသိ။ မကြားယောင်ဆောင်၍သာ နေခဲ့လေသည်။

မထေရ်ကြီးလည်း သာမဏေကိုခေါ်၍ တန်ခိုးကြီး စေတီတော်များကို လှည့်လည်ဖူးလျက် ကမ္ဗုဗိန္ဒု (သီဟိုဠ်မူ-ကုပုဝေဏ၊ သာရသင်္ဂဟအလို ကုဗုဗောန္ဒ) ကျောင်းတိုက်သို့ ကြွတော်မူသည်။ ထို၌ နေသောအခါတွင်လည်း သာမဏေသည် တန်ခိုးကို သုံးမြဲသုံးကာ ဆရာ၏စကားကို မနာယူ၊ ပြုမူမြဲ ပြုမူနေ၏။

မထေရ်ကြီးသည် ဆွမ်းခံချိန်ရောက်သဖြင့် ကမ္ဗုဗိန္ဒုခေါ် ယက်ကန်းသည် ရွာကြီးသို့ တပါးတည်းကြွနှင့်လေ၏။ သာမဏေလည်း မထေရ်ကြီး ရွာပေါက် ရောက်ခါနီးလျှင် ထုံးစံအတိုင်း ကောင်းကင်မှ ပျံကြွ လိုက်ပါလာလေသည်။ ကျောင်းနှင့် ရွာအကြား၌ ကြာအိုင်ကြီးတအိုင် ရှိလေရာ သာမဏေသည် ထို ကြာအိုင်ပေါ်မှ ဖြတ်ကျော်သွားရ၏။ ထိုနေ့ကား ထို ကြာအိုင်ကြီး အတွင်း၌ ကမ္ဗုဗိန္ဒုရွာမှ အလွန် ချောမောလှပသော ယက်ကန်းသည်မကလေး တဦးသည် သီချင်းများ သီဆိုလျက် ကြာပန်းများကို ဆင်း၍ချိုးနေ၏။

## ယက်ကန်းသည်မလေး သီချင်းသံကြောင့် ဈာန်လျှော၍ကျပုံ မှတ်ဖွယ်

ယက်ကန်းသည်မကလေး၏ သီချင်းသံသည် ကြာအိုင်အပေါ်မှ ပျံကြွ လာသော ရှင်သာမဏေကလေး၏ နား၌ ပင့်ကူမြှေးအစေးငြိသော ယင်ကန်း ကဲ့သို့ ငြိစွဲသွားရာ မခွာနိုင်တော့ပဲ ထိုနေရာ၌ပင် ဈာန်အဘိညာဉ် တန်ခိုးများ ကွယ်ပျောက်ရလေ၏။ အတောင်ပံကျိုးသောငှက်ပမာ မြေပြင်သို့ ကျဆင်းလာ လေတော့သည်။

သို့သော် ဈာန် လျှောကျရသော်လည်း ဈာန်သမာပတ် တန်ခိုးကြောင့် ချောင်းကန်သမုဒ္ဒရာ စသည်တို့၌ ကျရိုးထုံးစံ မရှိချေ။ ကြိုးပြတ်ကျသူ၊ အမြင့်မှ ကျသူတို့ကဲ့သို့လည်း ထိခိုက်နစ်နာခြင်းမရှိ၊ လဲဝါဂွမ်းများ ကျသကဲ့သို့သာ ကျ

http://www.dhammadownload.com



လေသည်။ ချာန်ကြိုးပြတ်သော သာမဏေလည်း တရွေ့ရွေ့ ကျလျှောကာ ကြာအိုင်ကြီး ဆိပ်ကမ်း၌ ကျလေ၏။

အချိန်လည်း နီးကပ်နေသဖြင့် ဥပဇ္ဈာယ်ဆရာ၏ သပိတ်နှင့်သင်္ကန်းကြီးကို မထေရ်ကြီးရှိရာ ရွာဝင်ပေါက်သို့ ကုန်းကြောင်းလျှောက် အပြေး သွားကာ ဆက်ကပ်လိုက်၏။ မည်သို့မျှ အကျိုးအကြောင်း မလျှောက်ထားပဲ ချက်ချင်းပင် ကြာအိုင်ဘက်သို့ လှည့်ထွက်ခဲ့လေသည်။ မထေရ်ကြီး လည်း 'ဒီလို ငါမြင်လို့ အကြိမ်ကြိမ် တားပေမယ့် နားထောင် ရကောင်းမှန်း မသိရှာပဲကိုး' ဟုသာ အောက်မေ့တော်မူ၍ တစုံတရာ မေးမြန်း ပြောဆိုခြင်း မပြုပဲ ဆွမ်းခံဝင်တော် မူလေသည်။

သာမဏေလည်း ကြာအိုင်သို့ အလျင်အမြန် ပြန်လာကာ (အဝတ်အစား များ ချွတ်၍ ပုံထားသော) ကြာအိုင်ဆိပ်ကမ်းနဖူး၌ ရပ်လျက် ယက်ကန်းသည် မကလေး တက်လာမည့်အချိန်ကို စောင့်မျှော်နေလေ၏။

ယက်ကန်းသည်မကလေးလည်း ကိုရင်ကလေး ကောင်းကင်မှ ကြာအိုင်ကို ဖြတ်ကျော်၍ ပျံသွားသည်ကိုလည်း မြင်လိုက်၏၊ ယခု ကြာအိုင် ဆိပ်ကမ်းသို့ ရပ်၍ စောင့်နေသည်ကိုလည်း မြင်ရသဖြင့် မိမိအပေါ် သံယောဇဉ်ရှိနေမှန်း သိ လေ၏။ သို့ရာတွင် အဝတ်အစားများမပါပဲ ကြာပန်းဆင်းခူးခဲ့သဖြင့် ကုန်းပေါ် ပြန်တက်ရန် ခက်နေသဖြင့်—

"ကိုရင်....၊ ခဏ တနေရာ ရှောင်ပေးပါဦး"ဟု ပြောဆို၍ ကိုရင် ရှောင် တိမ်းပေးမှ ကမ်းပေါ်သို့ တက်ကာ အဝတ်အစားများ ဝတ်ရလေ၏။ အဝတ် အစား ဝတ်ပြီး၍ သာမဏေ၏ အနီးသို့ သွားကာ အကျိုးအကြောင်း ရိုသေစွာ မေးလျှောက်၏။

သာမဏေက လူထွက်ရန်၊ မေတ္တာမျှရန် ပြောပြသောအခါ ယက်ကန်း သည် မလေးသည် ဃရာဝါသ လူ့လောက၏အပြစ်များကို များစွာ ပြောပြ လေ၏။ သာသနာ့ဘောင်၌ နေရသော အကျိုးကျေးဇူးများကို ပြောပြ၍ တောင်းပန် လေသည်။ သာမဏေကား ယက်ကန်းသည် မလေး၏ စကားကို တွင်တွင်သာ ငြင်းပယ်နေတော့သည်။

ယက်ကန်းသည်မလေးမှာလည်း မည်သို့မျှ နားချပြောဆို တောင်းပန်၍ မရတော့သည့်အပြင် မိမိကြောင့်ပင်၎င်းမျှလောက်ကြီးကျယ်သော တန်ခိုးဣဒ္ဓိပါဒ် များဆုံး ရှုံးသွားရသဖြင့် သာမဏေကလေး၏အပေါ်၌ သနားစိတ်ဝင်သွားကာ—

"ဒါဖြင့်လဲကိုရင်....၊ ဒီကပဲ ခဏကလေး စောင့်နေခဲ့ပါဦး" အကျိုး အကြောင်းပြောဆိုတောင်းပန်ကာ အိမ်သို့ပြန်၍ မိဘများကိုပြောဆိုလေ၏။ မိဘ

http://www.dhammadownload.com



များရောက်လာသောအခါတွင်လည်း သာမဏေအား အကြောင်းစုံ ဖျောင်းဖျ နားချကြပြန်ရာ နားမထောင်ပဲ ငြင်းမြဲငြင်းနေပြန်၍—

''ကိုရင်....၊ တပည့်တော်တို့ကို ဆွေကြီးမျိုးကြီးများ ထင်မှတ်နေသလား ကိုရင်၊ တပည့်တော်တို့မှာ သားအမိ သားအဖဘာတွေ တနေကုန်ယက်ကန်းရက်မှ စားရတဲ့ ဆင်းရဲသားတွေပါ၊ ဒီလိုကြမ်းတမ်းတဲ့ အလုပ်မျိုးကို ကိုရင် လုပ်နိုင်မှာလား''ဟုပြောပြရာ သာမဏေက—

''ဒကာကြီး....၊လူဖြစ်မှတော့ ယက်ကန်းရက်ရတဲ့အလုပ်ဖြစ်ဖြစ်၊ ကျူထရံရက်ရတဲ့အလုပ်ဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် လုပ်နိုင်ရမှာပေါ့ဒကာကြီး၊ ပုဆိုးကလေး တထည်လောက်ပေးရမှာ နှမြောမနေပါနှင့်''ဟု ဒကာကြီးချိုင်းကြား၌ ညှပ်ယူလာသော အဝတ်များကိုကြည့်၍ပြောလိုက်ရာ ယက်ကန်းသည် ဒကာကြီးလည်း ယူလာသောအဝတ်ကို ပေးလိုက်ရလေ၏။ ချက်ချင်းပင် ရှင်လူထွက်ကာ သမီး ငယ်နှင့်အတူ အိမ်သို့ခေါ်ဆောင်သွား လသည်။

ကိုရင်လူထွက်လည်း ကမ္ဗုဇိန္ဒယက်ကန်းသည်ရွာကြီး၌ ယက်ကန်းအတတ် များ သင်ယူကာ အများနည်းတူ လုပ်ကိုင်စားသောက်ရရှာလေ၏။

ထိုရွာရှိ ယက်ကန်းသည်များ အားလုံး ရွာလယ်ရှိ ယက်ကန်းရုံကြီးသို့ နေထွက်မှနေဝင် တနေကုန် စုပေါင်းအလုပ်ဝင်ကြရ၏။ နေ့လယ်စာအတွက် ထမင်းများကိုချက်ပြုတ်ပြီး ယူဆောင်ခဲ့ကြရလေသည်။ အိမ့်ရှင်မများက ထမင်း လိုက်၍လည်း ပို့ပေးကြ၏။

အခြားယက်ကန်းသမားများသည် စားချိန်ရောက်လျှင် အလုပ်မှ ရပ်နားကာ ထမင်းစားနေကြသော်လည်း ကိုရင်လူထွက်မှာ အိမ်ရှင်မကလေး ထမင်း လာမပို့သေးသဖြင့် မနားရမစားရသေးချေ။ ထမင်းဆာဆာနှင့် ရက်ဖောက် များ၌ ချည်ရစ်လျက် စောင့်နေရလေ၏။ အလွန်နေမြင့်မှ အမောတကော ရောက်လာသောဇနီးအား ကိုရင်လူထွက်က 'နောက်ကျရကောင်းလား'ဟု ဟိန်း ဟောက်ငေါက်ငမ်းလေ၏။

မာတုဂါမတို့မည်သည် စကြဝတေးမင်းကြီးပင်ဖြစ်စေကာမူ မိမိအပေါ်၌ စွဲလမ်းတပ်မက်မှုန်းသိလျှင် ကျွန်ကဲ့သို့ပင် မှတ်ထင်ထားလေ့ရှိသည့်အတိုင်း ပြန်၍ စိတ်လိုက်မာန်ပါ အော်ပြောချေပလိုက်လေသည်။

''ကိုယ်တော်....၊တဆိတ်ရှိ သူများကို မာန်ဖို့မဲဖို့ပဲသိတယ်၊ သူများတွေ အိမ်မှာက ထင်းတို့ရေကို ဆန်ဆီဆားအားလုံးအဆင်သင့်၊ အပြင်က ဝိုင်းဝန်း ကူညီပြီးလုပ်ပေးတဲ့လူတွေဘာတွေနဲ့၊ ကျွန်မမှာက ထင်းမရှိလဲ ကျွန်မပဲ၊ ဆန်ဆီ မရှိလဲ ကျွန်မပဲ၊ ကျွန်မတယောက်ထဲလုပ်နေရတာ၊ ရှင်....ကိုယ့်အိမ်မှာ ဘာရှိလို့ ရှိမှန်း, မရှိလို့ မရှိမှန်းမသိဘူး၊ ကိုယ့်စိတ်နဲ့မတွေ့တိုင်းဆူဖို့ ကြိမ်းဖို့ပဲတတ်တယ်၊ ရော့....ကိုယ်တော် ထမင်း....၊ ကြိုက်လဲဘုဥ်းပေး၊ မကြိုက်လဲနေရုံပဲ''

http://www.dhammadownload.com



ကိုရင်လူထွက်မှာ လူပုံအလယ်တွင် ရှက်ရှက်နှင့် စိတ်မထိန်းနိုင်တော့ပဲ 'နေမြင့်မှလဲ ထမင်းလာပို့သေးရဲ့၊ ငါ့ကိုထိပါးပုတ်ခတ်ပြီး ပြောရကောင်းလား' ဟု စိတ်ဆိုးကာ ရိုက်ရန်တုတ်ရှာ၍ မရသဖြင့် ရှတ်တရက် ရက်ဖောက်တံဖြင့် မျက်နှာကိုပိတ်၍ ပစ်ပေါက်လိုက်၏။ ယက်ကန်းသည်မကလေးသည် မျက်နှာကို တိမ်းဖယ်လွှဲလိုက်သော်လည်း ရှောင်လိုက်ခါမှ ထက်လှသော ရက်ဖောက်တံ အချွန်နှင့် မျက်စိနှင့် တည့်တည့်ဖြစ်ကာ မျက်စိတဘက်၌ စူးဝင်သွားလေသည်။ ယက်ကန်းသည်မကလေးလည်း မျက်စိကို လက်ဝါးနှင့်ပိတ်ကာ ရှိုက်ကြီးတငင် ငိုကြွေးလေ၏။ မျက်စိမှသွေးများလည်း တသွင်သွင်ကျလေတော့သည်။

ထိုအခါကိုရင်လူထွက်လည်း ယူကျုံးမရ ငိုကြွေးလေ၏။ အနီးရှိ လုပ်ဖော် ကိုင်ဘက်များက–

"သူငယ်ချင်း....၊ ခုမှတော့ငိုမနေနဲ့တော့၊ ငိုနေလို့ ကန်းသွားတဲ့မျက်စိ တဘက်က ပြန်ပြီးကောင်းလာမှာမဟုတ်ဘူး" စိတ်ကိုဖြေ၍ လုပ်သင့်တာ လုပ်ရန် ကိုသာ ပြောဆိုနားချကြရာ ကိုရင်လူထွက်က–

"ကျွန်တော်....ဒါကြောင့် ငိုတာမဟုတ်ပါဘူး၊ ဆရာ့စကားကို နား မထောင်မိလို့" အစချီကာ အကြောင်းစုံကို ပြန်လည်ပြောပြလေ၏။

"မင်း....ယက်ကန်းသည် အကန်းမကလေးရဲ့ လက်နှင့်နယ်တဲ့ ဆန်ပုန်းရည် ကို သောက်နေရလိမ့်မယ်တဲ့ ကျွန်တော့်ဥပဇ္ဈာယ်ဆရာဟာ အရှည်မြင်တော်မူပါ တယ်၊ ကျွန်တော်သာ ဆရာ့စကား နားမထောင်မိလို့ ယခုလိုဖြစ်ရတာပါပဲ"ဟု ဆိုကာ ငိုယိုမြည်တမ်းကာ နောင်တဖြစ်ရှာလေတော့၏။

လောကုတ္တရာအင်အား အထိန်းအကွပ်မပါသော လောကီတန်ခိုးဣဒ္ဓိပါဒ် သည် သတ္တဝါတို့အား ဆင်းရဲစေတတ်ကြောင်း သင်ခန်းစာတရပ် ဖြစ်လေ၏။ (မ-ဋ္ဌ-၃၊ ၁၇၁-မဟာသကုလုဒါယီသုတ်အဖွင့်။ ဝိဘင်္ဂအဋ္ဌကထာ-၂၇၀။)

'ကိုရင်ကလေး တော်တော်ချာန်ကစား၊ ကန်းမနှင့်ညား'ဟု ပြောရိုး ဆိုစဉ်ရှိသော ဝတ္ထုတည်း။

# မှန်ကင်းတလှည့်ထင်းတလှည့် ချာနလာဘီပုဂ္ဂိုလ်

တခါက ရဟန်းတော်သုံးကျိပ်တို့သည် ကလျာဏီမဟာစေတီကို ဖူးမြော် ပြီးတောလမ်းခရီးဖြင့် ပြန်ကြွကြလေရာ လမ်းခွတ်လတ်၌ မီးသွေးဖုတ်ပြီးပြန်လာ သော ဒကာကြီးတဦးကို တွေ့မြင်ကြသည်။

ထိုဒကာကြီးမှာ တနေကုန်တောမှာ ထင်းမီးသွေးဖုတ်ခြင်း အလုပ်ဖြင့် လုပ်ကိုင်ရလေရာ နေဝင်ခါနီးလျှင် တဝက်တပျက်လောင်ကျွမ်းပြီး ထင်းမီးသွေး

http://www.dhammadownload.com



များကို စုစည်းထမ်းဆောင်၍ အိမ်သို့ ပြန်လာ၏။ တကိုယ်လုံးလည်း မီးသွေးများပေကျံနေ၏။ မီးသွေးပေကျံနေသော ခါးဝတ်ကိုလည်း လိမ်ကျစ်၍ ဝတ်ထားရာ သစ်ငုတ်တို မီးလောင်ထားသကဲ့သို့ရှိ၏။ လိမ်ကောက်နေသော ဆံပင်များလည်း ကျောဘက်၌ ဖားလျားကျနေရာ ကြောက်မက်ဖွယ် ရုပ်လက္ခဏာ ဆောင်နေတော့သည်။ ထင်းမီးသွေးစည်းများကိုထမ်း၍ အလုပ်ခွင်မှ လမ်းမရှိရာ သို့ ဦးတည်လာနေစဉ် ရဟန်းတော်များနှင့်အတူပါလာသော ကိုရင်ကလေးများ မှာ တပါးမျက်နှာ တပါးကြည့်ပြီး—

"ဟော့… ကိုရင်တို့ဿ၊ ဟိုမှာ ကိုရင့်အဖေဒကာကြီး လာနေတယ်။"

"အံမာ….အဲဒါ ကိုရင့်အဖိုးပဲ" စသည်ဖြင့် ပြောင်လှောင် ပြောဆိုနေကြ၏။ ဒကာကြီး မိမိတို့အနီးသို့ရောက်သောအခါ "ဒကာကြီးနာမည် ဘယ်လိုခေါ်သလဲ"ဟု မေးကြလေလျှင် မီးသွေးဖုတ် ဒကာကြီးမှာ ဝမ်းနည်းပက်လက် ဖြစ်ကာ ထင်းမီးသွေးစည်းကို အသာအယာချပြီး—

"အရှင်ဘုရားတို့..,ခဏ ဆိုင်းငံ့တော်မူကြပါဦး"ဟု လျှောက်လေ၏။ပုဆိုးကိုလည်း ပြင်ဆင်ခါတွက်၍ ဝတ်ပြီးနောက် မထေရ်ကြီးများအား ရိုသေစွာ ရှိခိုးလေ၏။

ကိုရင်သာမဏေကလေးများမှာ မထေရ်ကြီးများ ရှေ့မှာပင် ပြက်ရယ် ပြောင်လှောင်နေကြလေသည်။ ထိုအခါ ဒကာကြီးက—

"ကိုရင်တို့….၊ အရှင် ဘုရားများ တပည့်တော်ကို ကြည့်ပြီး ပြက်ရယ် ပြောင်လှောင်နေကြသလား။ ကိုရင်တို့….ယခုလို ဘုရားအရေတော် ခြုံထားရုံနှင့် ပြည့်စုံပြီလို့တော့ မမှတ်ကြပါနှင့်။ တပည့်တော်လဲ တချိန်က အရှင်ဘုရားတို့လို ရဟန်းတပါး ဖြစ်ခဲ့ပါတယ်။

"ယခု ကိုရင် ဦးပဥ္စင်းများကိုကြည့်ရတာ စိတ်တည်ငြိမ်မှုကလေးလောက် တောင် မရှိကြသေးပါဘူး။ တပည့်တော်များ ရဟန်းဝတ်နဲ့ သာသနာတော်မှာ နေတုန်းက အလွန် တန်ခိုး ဣဒ္ဓိပါဒ်ကြီးပါတယ် ဘုရား။ ကောင်းကင်ကြီးကို မြေကြီးလုပ်နိုင်တယ်။ မဟာပထဝီ မြေကြီးကိုလဲ ကောင်းကင်လုပ်နိုင်ပါတယ်၊ အဝေးကို နီးအောင်၊ အနီးကိုလဲ ဝေးအောင် လုပ်လို့ ရခဲ့ပါတယ်။ စကြဝဠာ တသိန်းလောက်များတော့ ချက်ချင်းဒိုးယိုပေါက်ဘာ"လို့ ရခဲ့ပါတယ်။

## နေလကို ကိုင်ခဲ့သော လက်နှင့် မီးသွေးဖုတ်ခြင်း

"အရှင်ဘုရားများ….၊ ယခု တပည့်တော်ရဲ လက်တွေ ကြည့်ကြစမ်းပါ ဘုရား။ တောထဲက မျောက်လက်နဲ့မတူဘူးလား။ ဒါပေမယ့် အရှင်ဘုရားတို့၊ တချိန်က ဒီလက်ဝါးတွေဟာ လူ့ပြည်မြေပြင်ကနေထိုင်ရာမထ လတွေနေတွေကို

http://www.dhammadownload.com



သုံးသပ် နိုင်ခဲ့ပါတယ်။ ဒီခြေထောက်တွေဟာလဲ လတွေ နေတွေကို ခြေပွတ် အိုးခြမ်းလိုနင်းခဲ့တဲ့ ခြေထောက်တွေပါ။

"အဲသည်လောက် ကြီးမားတဲ့ တန်ခိုး ဣဒ္ဓိပါဒ်တွေဟာ တပည့်တော်ရဲ့ သတိမထား ဝိပဿနာမရှုပွားပဲ အမြဲတမ်း ဒီအတိုင်းနေသွားရမလောက် တရား လက်လွတ်မေ့လျော့မိခဲ့တဲ့အတွက် ခုတော့ ဒါတွေ အကုန်လုံး ပျက်စီး ပျောက် ကွယ်ခဲ့ရပါတယ် ဘုရား။ အရှင်ဘုရားများလဲ သာသနာတော်နှင့် ကြုံကြိုက်တဲ့ အခါ မမေ့မလျော့ကြပါနှင့်၊ မေ့လျော့လျှင် ယခုလို ပျက်စီး ဆင်းရဲရတတ်ပါ တယ်။ သူတော်ကောင်းတရားတွေမှာ မမေ့မလျော့ နေသွားတော်မူနိုင်ကြမယ် ဆိုလျှင် ဇာတိ ဇရာ မရဏ ဆိုတဲ့ သံသရာဘေးဆိုးကြီးက လွတ်မြောက်တော်မူ ကြရမှာ အမှန်ပါပဲ ဘုရား။ တပည့်တော်ကို ကြည့်ပြီး အပ္ပမာဒ် သတိယှဉ်ကာ မမေ့မလျော့နေတော်မူကြစေချင်ပါတယ် ဘုရား"ဟု နောင်တလည်းရ၊ ပြောင် လှောင်သည်ကိုလည်း ရှက်စနိုးလှသဖြင့် သံဝေဂ ဖြစ်အောင် လျှောက်ထား လိုက်သည်။

ရဟန်းတော်သုံးကျိပ်နှင့်တကွ ဘုရားဖူးကိုရင်များမှာလည်း ဒကာကြီး၏ စကားကို ကြားကြရသဖြင့် သံဝေဂ ဖြစ်ကာ ဝိပဿနာတရားကို ပွားများ ဆင် ခြင်တော်မူကြလေရာ ထိုနေရာ၌ပင် အားလုံး ရဟန္တာ ဖြစ်တော်မူကြလေသည်။

(မ-ဌ-၃၊ ၁၇၂-ဝိဘင်္ဂ-ဌ-၂၀၂။)

http://www.dhammadownload.com




# အခန်း (၈)

## သိခက်သော အရိယ သဘာဝနှင့် အရိယူပဝါဒကံကြီး

### တရားငြင်း တရားချင်းပြိုင်

“အာနန္ဒာ....ပုဗ္ဗဘာဂမဂ် (သမထ ဝိပဿနာ လောကီမဂ္ဂင်)၌ဖြစ်စေ၊ ကျင့်စဉ်၌ဖြစ်စေ သံဃာ့ဘောင်၌ ငြင်းခုံမှုဖြစ်သော် ဖြစ်နိုင်ရာ သေး၏။ (လောကုတ္တရာမဂ်၌ကား ငြင်းခုံဖွယ် မရှိ။) အကယ်၍ ငြင်းခုံမှုဖြစ်ခဲ့လျှင် ထိုငြင်းခုံမှုသည် သတ္တဝါအများ အကျိုးမဲ့ရန်, ချမ်းသာမဲ့ရန် ဖြစ်၏။ များစွာသော လူအပေါင်း၏ အကျိုးပျက်စီးရန်, အစီးအပွားမဲ့ရန်ဖြစ်၏။ နတ်ပြဲဟ္မာ သတ္တဝါအားလုံး ဆင်းရဲကြရန်သာ ဖြစ်ပေ၏။

(သာမဂါမသုတ်)

http://www.dhammadownload.com



## ငရဲနှင့်နတ်ပြည်ကိုပြ၍ တရားဟောသော
# ပုဂ္ဂိုလ်ကျော် ဓမ္မဒိန္နထေရ်

သီဟိုဠ်ကျွန်းတလင်္ဂရကျောင်းနေ အရှင်ဓမ္မဒိန္နမထေရ်သည် အလွန်ထင်ရှား ကျော်ကြား၍ တန်ခိုးနှင့်ပြည့်စုံသော ရဟန္တာအရှင်မြတ်ကြီးတပါး ဖြစ်တော်မူလေသည်။ (မ-ဋ္ဌ-၁၊ ၁၇၇-၌ တလင်္ဂရတိဿတောင်၌ နေသည်ဟု လာ၏။)

မဟာနာဂ မထေရ်ကြီးနှင့် မဟာတိဿမထေရ်ကြီးနှစ်ပါး အဘိညာဉ် သမာပတ် ဝင်စားတော်မူနိုင်ကြသဖြင့် အနုသယ ကိလေသာများ ငုပ်ကွယ်၍ ရဟန်းကိစ္စ ပြီးပြီဟု အထင်ရောက်တော်မူနေကြစဉ် တရားလမ်းစဉ် အမှန်ရောက် အောင် ညွှန်ပြတော်မူသော ပုဂ္ဂိုလ်မှာ ဓမ္မဒိန္နမထေရ်မြတ်ကြီးပင်ဖြစ်၏။ (မဟာ နာဂ မထေရ်နှင့် မဟာတိဿ မထေရ်နှစ်ပါးအကြောင်း၌ ကြည့်ပါ။)

အဆိုပါ ဓမ္မဒိန္နမထေရ်သည် တနေ့သောအခါ တိဿမဟာဝိဟာရရှိ စေတီရင်ပြင်၌ အပဏ္ဏကသုတ္တန်ကို ဟောကြားတော်မူ၏။ အပဏ္ဏကသုတ္တန်ဟူသည် မူလပဏ္ဏာသပါဠိတော်၌ လာရှိသောသုတ်ဖြစ်၍ ထိုသုတ်၌ 'သုံးပါးသော အကျင့် တရားနှင့် ပြည့်စုံသောရဟန်းသည် အပဏ္ဏကပဋိပဒါခေါ်=ကိန်းသေ အကျင့်ကို ကျင့်သည်မည်၏'ဟု အစချီ ဟောကြားသော သုတ္တန်ဖြစ်၏။(မူလပဏ္ဏာသ၌ရှု။)

ဓမ္မဒိန္နမထေရ်သည် ထို အပဏ္ဏကသုတ်ကို ဟောတော်မူစဉ် ကိုင်ဆောင် ထားသောယပ်ကို အောက်ဖက်သို့ညွှတ်၍ ပြလိုက်လျှင် တရားနာသူရှိသတ်မှာ အဝီစိတိုင်အောင် တပြင်တည်း ဟင်းလင်းပွင့်မြင်ရ၏။ယပ်ကို အထက်သို့ ညွှန်ပြ လိုက်လျှင် နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာပြည်နှစ်ဆယ်ကို တပြင်တည်းဟင်းလင်းပွင့် မြင်ရလေသည်။

ယင်းသို့ ငရဲဘေးဖြင့် ခြိမ်းခြောက်၍၊ နတ်ချမ်းသာဖြင့် ဖြားယောင်း၍ တရားကို ဟောတော်မူရာ တရားနာသူများ သောတာပန်ဖြစ်သူဖြစ်၍ အချို့ ရဟန္တာတိုင်အောင် ပါရမီအလျောက် အသီးသီး ကျွတ်ဘမ်းဝင်ကြရလေသည်။ (ဝိသုဒ္ဓိမဂ်-၂၊ ၂၁။)

## အရှင်မြတ်အား တရားပြရန်ပင့်ခြင်း

အရှင်ဓမ္မဒိန္နကား ရဟန်းပြုစ၊ရဟန်းငယ်ဘဝကပင် ထင်းရှားကျော်ကြား၍ ထိုအရှင်မြတ်၏ ဥပနိဿယဖြင့် တရားထူးရကြသော ပုဂ္ဂိုလ်များမှာ အလွန် များပြားကုန်၏။

http://www.dhammadownload.com



ထိုသတင်းကို ကြားသိရသော မဟာဂါမ နေပြည်တော် တိဿမဟာဝိဟာရကျောင်းနေ သံဃာတော်များက—

"အရှင်ဓမ္မဒိန္နဟာ ပုဂ္ဂိုလ်နှင့်မသင့်လျော်တဲ့ ကမ္မဋ္ဌာန်းကိုပေးတဲ့ဆရာမျိုး မဟုတ်ဘူး၊ အမြန်ပင့်ဆောင်ခဲ့ကြ"ဟု ရဟန်းတော်များအား အရှင်ဓမ္မဒိန္နကို အပင့်လွှတ်လိုက်၏။ ထိုအပင့်လာသော ရဟန်းတော်များ အရှင်မြတ်ထံ ရောက်သောအခါ—

"ငါ့ရှင် ဓမ္မဒိန္န၊ တိဿမဟာဝိဟာရကျောင်း သံဃာများက ငါ့ရှင်အား တရားပြပေးရန် အပင့်ခိုင်း၍ လာကြရသည်"ဟု လျှောက်ရာ အရှင်မြတ်က—

"အရှင်ဘုရားများဘုရား၊ ယခု ကြွလာကြတဲ့ အရှင်ဘုရား များဟာ သူတပါးကိုပဲ ရှာကြမလား၊မိမိကိုယ်ကိုပဲ ရှာကြမလား"ဟု မေးလျှောက်လေ၏။ ကြွလာသော ရဟန်းများကလည်း မိမိကိုယ်ကိုသာ ရှာကြမည့် အကြောင်း လျှောက်ကြသဖြင့် အရှင်မြတ်က ကမ္မဋ္ဌာန်းပေးလေရာ ကြွလာသော ရဟန်းများ အားလုံး အရဟတ္တဖိုလ်သို့ ရောက်တော်မူကြလေသည်။ ပြန်လည်၍လည်း မကြွကြတော့ပေ။

တိဿမဟာဝိဟာရကျောင်း သံဃာ များမှာလည်း စေလွှတ်လိုက်သော ရဟန်းများ ပြန်၍မလာကြသဖြင့် သုံးကြိမ်တိုင်တိုင် တသုတ်ပြီးတသုတ် စေလွှတ် ပင့်ဆောင်ရာ လာတိုင်းလာတိုင်းသော ရဟန်းများအားလုံး ရှေးနည်းနှင်နှင် ရဟန္တာချည်း ဖြစ်တော်မူကြလေသည်။

## တောထွက်ကိုယ်တော်ကြီး ထပ်မံပင့်ခြင်း

သုံးကြိမ်တိုင်တိုင် ပင့်လျှောက်သော်လည်း အရှင်မြတ်ကား ကြွရောက်ခြင်း မရှိချေ။ ယင်းသံဃာတော်များ ပင့်လျှောက်သည့်အတိုင်း လိုရာကိစ္စ ပြီးမြောက်ကြမည့် ဝေနေယျများမှာ သုံးကြိမ်,သုံးသုတ်ကြွလာသော ရဟန်းတော်များသာ ဖြစ်၍ အခြားမကျန်ရှိတော့ကြောင်း၊ ထိုအတွက်လည်း တမင်မကြွသွားရတော့ပဲ မိမိကျောင်း၌ပင် ကိစ္စပြီးနေကြောင်း မြင်တော်မူ၍ မကြွသွားခြင်းဖြစ်လေသည်။ (ဋီကာ)

ယင်းသို့ သုံးကြိမ်တိုင်တိုင် ပင့်၍ မကြွလှာ၊ ပင့်ဆောင်ခိုင်းလိုက်သော ရဟန်းများလည်း ပြန်မလာကြသဖြင့် နောက်ဆုံး ကြီးမှူးရဟန်းပြုသော တောထွက်ရဟန်းကြီးတပါးအား အပင့်လွှတ်ကြပြန်၏။ ကြွလာသော ထိုရဟန်းကြီးက—

"ငါ့ရှင် ဓမ္မဒိန္န....၊ တိဿမဟာဝိဟာရ သံဃာတော်များက ငါ့ရှင်ထံ သုံးကြိမ်သုံးသုတ် အပင့်လွှတ်ခဲ့ပြီ။ ငါ့ရှင်လို ပုဂ္ဂိုလ်ကတောင် သံဃာတော်၏

http://www.dhammadownload.com



အာဏာကို မလေးစားပဲကိုး....၊ ဘာ့ကြောင့် ကြွမလာတာလဲ ငါ့ရှင်''ဟု သံဃာ့အာဏာဖြင့် ပြောဆိုရာ အရှင်မြတ်လည်း—

''သံဃာ့အာဏာတော်ကို မလိုက်နာဘူးဆိုတာ ဘာများပါလိမ့်မလဲ''ဟု (ဉာဏ်ဖြင့် မဆင်ခြင်တော့ပဲ အခြားကိစ္စ တစုံတရာဖြစ်လေမလား အောက်မေ့ကာ) မိမိ၏ သစ်ရွက်မိုး ကျောင်းကလေးတွင်းသို့ပင် မဝင်တော့ပဲ သပိတ်သင်္ကန်း အယူခိုင်းကာ ချက်ချင်းပင် ကြွတော်မူလေ၏။

## သမာပတ်မျှဖြင့် ရဟန္တာ ဖြစ်ပြီထင်နေသော ဟက်နဝါသီ

# မဟာ ဒတ္တထေရ်

အရှင်မြတ်သည် လမ်းခရီးအကြားရှိ ဟက်နမည်သော ကျောင်းတကျောင်းသို့ ဝင်တော်မူ၏။ ထိုကျောင်းနေ မဟာဒတ္တ မထေရ်ကြီးလည်း ဝါတော်ခြောက်ဆယ်ပင် ရှိနေပြီဖြစ်ရာ အဘိဉာဏ်သမာပတ်ကြောင့် ရဟန်းကိစ္စပြီးပြီဟု ထင်မှတ်နေသဖြင့် (မဟာနာဂ မထေရ်ကြီးအား ဆင်ဖန်ဆင်းခိုင်း၍ တရားပေးသကဲ့သို့) အရှင်မြတ် ရောက်သွား၍ လမ်းတည့်ပေးခါမှ ရဟန္တာ ဖြစ်တော်မူသွားလေသည်။ (မဟာနာဂထေရ်နှင့် အလုံးစုံတူ၍ မပြတော့ပြီ။)

## နိကပေန္နကဝါသီ

# စူဠ သုမန ထေရ်

ထိုနောက် အရှင်မြတ်သည် စိတ္တလတောင်သို့ ဆက်လက် ကြွတော်မူ၏။ ထိုတောင်ရှိ 'နိကပေန္နက' အရပ်၌လည်း အထက်ပါအတိုင်း ရဟန္တာဖြစ်ပြီဟု ထင်မှတ်နေသော စူဠသုမန မထေရ်ကြီးတပါးအား (မဟာ တိဿမထေရ်ကြီးအား ကြာပွင့်နှင့် ကြာရုံပေါ်၌ သီဆိုကခုန်နေဟန် သတို့သမီးငယ်တဦး ဖန်ဆင်းခိုင်းတော်မူသကဲ့သို့) ဖန်ဆင်းခိုင်းပြီးလျှင်—

''ကဲ ...အရှင်ဘုရား၊ အဲဒီမာတုဂါမလေးကိုပဲ အဖန်ဖန် အထပ်ထပ် ရှုကြည့်တော် မူပါဦးဘုရား''ဟု လျှောက်ထားကာ အရှင်မြတ်ကား ပြာသာဒ်ကျောင်းထဲသို့ ဝင်သွား၏။ မကြာမီ မထေရ်ကြီးလည်း အနှစ်ခြောက်ဆယ်လုံးလုံး ငုပ်ကွယ်နေသော အနုသယ ရာဂဇာတ်ငုပ်ကြီး ပေါ်လာသဖြင့် 'ငါ ရဟန္တာမဟုတ်သေး' ဟု သိမြင်ကာ အရှင်မြတ်ထံ တရားတောင်းခံ၍ ရဟန္တာ ဖြစ်တော်မူလေသည်။

http://www.dhammadownload.com



## တံမြက်စည်း ပီတိ 'ဗုဒ္ဓာနုဿတိပီတိ' မျှနှင့် ကျေနပ်နေသူများ

ထို့နောက် အရှင်မြတ်သည် ရည်ရွယ်ရင်းဖြစ်သော တိဿ မဟာဝိဟာရ ကျောင်းတိုက်ကြီးသို့ ကြွတော်မူလေ၏။

ထိုစဉ်က တိဿ မဟာဝိဟာရ ကျောင်းတိုက်ကြီး၌ နေကြသော သံဃာတော်များမှာ 'သူများစိတ်ကြည်၊ ကိုယ်စိတ်ကြည်နှင့် စသည်ဖြင့် ဟောတော်မူသော တံမြက်စည်း တရားလောက်ကိုသာ အလေးထား၍ အမြဲတမ်း စေတီရင်ပြင်၌ တံမြက်လှည်းကာ ထိုမျှလောက်သော ဗုဒ္ဓာရမ္မဏ ပီတိမျိုးနှင့်သာ နေ့စဉ် ရောင့်ရဲနေကြချိန် ဖြစ်လေသည်။ (ဋီကာမှ တိုက်ရိုက်ယူပြချက်)

အရှင်မြတ် အရှင်ဓမ္မဒိန္နရောက်သွားသော အခါ၌လည်း ကျောင်းသံဃာများအားလုံး စေတီရင်ပြင်၌ တံမြက်လှည်းကာ ဗုဒ္ဓာရမ္မဏပီတိဖြင့် ကျေနပ်နေကြရာ တံမြက်စည်းလှည်းနေသော သံဃာများထဲတွင် တပါးတလေကမျှ လာရောက်၍ "သပိတ် သင်္ကန်း ဒီမှာချပါဘုရား" စသည် အာဝါသိကဝတ်အရ ကြိုဆိုခြင်း၊ မေးမြန်းလျှောက်ထားခြင်း မရှိချေ။

မထေရ်တပါးကမူ 'အရှင် ဓမ္မဒိန္နများ ဖြစ်လေမလား' အထင်ဖြင့် တရားပုစ္ဆာများကို လာရောက်ဆွေးနွေး မေးမြန်းလေ၏။

အရှင်မြတ်ကလည်း မေးတိုင်းမေးတိုင်းသော ပုစ္ဆာများကို အလွန်ထက်လှသောဓားဖြင့် ကြာရိုးကြာနွယ်များကို အလွယ်တကူ ခုတ်ပိုင်းလိုက်သကဲ့သို့ မဆုတ်မဆိုင်း ဖြေဆိုပြတော် မူလေ၏။

ဖြေဆိုတော်မူပြီးလျှင် ခြေချောင်းကလေးများဖြင့် မြေပြင်ကို ပုတ်လိုက်ပြီးနောက် 'ဘုရားရှင်အမိန့်မှာ ကတိကဝတ်၊ အာဝါသိက ဝတ်လောက်ကိုမျှ မလေးစားသော သံဃာများနှင့် အတူနေ၍ အကျိုးမရှိ' ဟု ယူဆတော်မူကာ—

"အရှင်ဘုရားတို့....၊ အသက်ဝိညာဉ်မရှိသော ဤ မဟာပထဝီမြေကြီးကတောင် ၎ုပ်လျှိုးလိုလျှင် လမ်းဖွင့်ပေးကာ ဓမ္မဒိန္နရဲ့ ကျေးဇူးဂုဏ်ကို သိပါတယ်။ အရှင်ဘုရားတို့ဟာ ကတိကဝတ်၊ အာဝါသိကဝတ်၊ အာဂန္တုကဝတ်ကလေးမျှလောက်ကိုတောင် မသိကြပါကလား"ဟု ပြောဆို၍ ချက်ချင်းပင် ကောင်းကင်သို့ တက်ကြွတော်မူလျက် တလင်္ဂရတိဿတောင်သို့ ကြွတော်မူလေ၏။

(ဈာန်သမာပတ်မျှဖြင့် ကျေနပ်နေပါက အရိယမဂ်ဖိုလ် မရောက်နိုင်ကြောင်း အကျယ်ဝေဖန်၍ ဟောတော်မူသော သလ္လေခသုတ်ကို ဖွင့်ဆိုရာ၌ အရှင်မဟာဗုဒ္ဓဃောသနှင့် အာစရိယ ဓမ္မပါလ ဆရာတော်ကြီးတို့ မိန့်ဆိုချက်။ မ-ဋ္ဌ-၁၊ ၁၇၇။)

http://www.dhammadownload.com



## အရှင်ဓမ္မဒိန္န တူ ပဋိသမ္ဘိဒါအရာ စံတော်ဝင် ရှင်သုဓမ္မ

အရှင် ဓမ္မဒိန္နမထေရ်၏တူဘော် ရှင်သုဓမ္မသာမဏေသည် ရှင်ပြုရာ ဆံချစဉ်၌ပင် ရဟန္တာ ဖြစ်တော်မူသည်။ ဦးရီးဘော်မထေရ် တရားဓမ္မ ဆုံးဖြတ်ဟောပြရာ၌ ထိုင်နေလျက် တရားနာယင်း ပိဋကသုံးပုံကျွမ်းကျင်သော ပုဂ္ဂိုလ်ထူး ဖြစ်ပေ၏။

အရှင်နာဂသိန် မထေရ်ကြီးကဲ့သို့ ပဋိသမ္ဘိဒါရသော ပုဂ္ဂိုလ်တို့တွင် ထူးချွန်သော ပဋိသမ္ဘိဒါဉာဏ်ရည်ချွန် ဖြစ်တော်မူသည်။ (ဝိဘင်္ဂ-ဋ္ဌ၊ ၃၇၃-ပဋိသမ္ဘိဒါဝိဘင်းအဖွင့်။)

[ဓမ္မဒိန္နမထေရ်အကြောင်း 'သီဟိုဠ်ဓမ္မဝတ္ထုများ'တွင် ဝတ္ထုနံပါတ်-၂၀၊ ၃၇၊ ၃၉-တို့၌လည်း ပါရှိသေးသည်။ ဆက်လက် ကြည့်ရှုပါလေဦး။]

## အဘိညာဉ်မျှဖြင့် ရဟန်းကိစ္စပြီးပြီ ထင်မှတ်နေသော
# မဟာနာဂထေရ်

### ဝိပဿနာညစ်ညူးကြောင်း ၁၀-မျိုး

ယောဂီပုဂ္ဂိုလ်များ၌ တရားအတက် နှောင့်နှေးစေသော ဝိပဿနုပက္ကိလေသခေါ် ဝိပဿနာညစ်ညူးကြောင်းဆယ်မျိုးရှိ၏။ ပဋိပတ္တိသာသနာ ကွယ်ပကြောင်းတရားဟုလည်း ဆိုရသည်။

ယင်းဆယ်မျိုးကိုပင် 'တရားထူး'ဟုထင်နေတတ်သဖြင့် တရား မတက်နိုင်ပဲ ရှိတတ်သည်။ ဆယ်မျိုးကား-

၁။ ဩဘာသ=အလင်းရောင်ထွက်ပေါ်ခြင်း၊
၂။ ဉာဏ=အသိဉာဏ်ထက်မြက်လာခြင်း၊
၃။ ပီတိ=နှစ်သိမ့်ဝမ်းမြောက်နေခြင်း၊
၄။ ပဿဒ္ဓိ=ငြိမ်းအေးနေခြင်း၊
၅။ သုခ=ချမ်းသာနေခြင်း၊
၆။ အဓိမောက္ခ=ယုံကြည်မှုဆုံးဖြတ်ချက်များလာခြင်း၊
၇။ ပဂ္ဂဟ=ဝီရိယတိုးလာခြင်း၊
၈။ ဥပဋ္ဌာန=သတိထင်ခြင်း၊
၉။ ဥပေက္ခာ=မျှတလွယ်ကူစွာရှိနိုင်လာခြင်း၊
၁၀။ နိကန္တိ=တွယ်တာကပ်ငြိနေခြင်း၊

http://www.dhammadownload.com



ထိုဆယ်မျိုးတွင် နိကန္တိသာ ပဓာနဖြစ်၏။ အကုသိုလ်ဖြစ်၏။ ကျန် ၉-မျိုးကား တိုးတက်လာသော ဝိပဿနာစွမ်းရည်ကောင်းများဖြစ်၏။ သို့ရာတွင် ထိုသို့ဖြစ်ခြင်းကိုပင် တရားထူးဟု ထင်မှတ်နေတတ်၍ မတိုးတက်နိုင်သောကြောင့်သာ ညစ်ညူးကြောင်းဟု ဆိုရသည်။

ယင်းဆယ်မျိုးလည်း အမှန်တကယ် လုံ့လဝီရိယရှိရှိ အားထုတ်သူတို့၌သာ ဖြစ်လေ့ရှိ၏။ အများအားဖြင့် သမထဝိပဿနာ နှစ်မျိုးလုံးဖြစ်နေသူတို့၌ ဖြစ်တတ်သည်။

ထိုပုဂ္ဂိုလ်မျိုးက မိမိအရိယာထင်မှတ်၍ပြောလျှင် အပြစ်မရှိ၊ 'အဓိမာန= ထင်လောက်၍ အထင်ရောက်သူ'ဟု ဝိနည်း၌ ခွင့်ပြုရလေသည်။

၁။ အရိယာဖြစ်ပြီးသူများ၊

၂။ လွဲမှားစွာ ကျင့်နေသူများ၊

၃။ တရားအလုပ် ရပ်နားနေသူများ၊

၄။ ပျင်းပျင်းရိရိ အားထုတ် နေသူများ၌ကား ထိုဆယ်မျိုးတို့ ဖြစ်ပေါ်ခြင်းမရှိချေ။

အထူးသဖြင့် ကိလေသာကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ခွာထားသော ပုဂ္ဂိုလ်များ၌ အဖြစ်များလေသည်။ (အင်္ဂုတ္တရ အဋ္ဌကထာ နီဝရဏပ္ပဟာနခန်းလာ ကိလေသာနီဝရဏ ကင်းကွာနေသော ပုဂ္ဂိုလ်အမျိုးအစားကို 'မိလက္ခတိဿထေရ်'အကြောင်း၌ ကြည့်။) သမာပတ် ဝင်စားနိုင်လောက်အောင် သမထအင်အားရှိသောပုဂ္ဂိုလ်များ၌ ပို၍အဖြစ်များကြောင်း ပြဆိုပြီး 'မဟာတိဿမထေရ်ကြီး'အကြောင်းဖြင့် ထင်ရှား၏။

ဝိသုဒ္ဓိမဂ် ဥပက္ကိလေသအခန်း၌ကား မဟာတိဿ မထေရ်ကြီးနှင့် လုံးဝ နီးပါးတူသော မဟာနာဂမထေရ်ကြီးဝတ္ထုကို ဖော်ပြထားလေသည်။ အလားတူ ဟံကနအရပ်၌ သီတင်းသုံးသော မဟာဒတ္တထေရ်' စိတ္တလတောင်နိကပေန္နက အရပ်၌ သီတင်းသုံးသော စူဠသုမနထေရ်နှစ်ပါး ရှိကြောင်းကိုလည်း ညွှန်းပြထား၏။ (ဓမ္မဒိန္နထေရ် အခန်း၌ ရှုပါ။) မဟာနာဂ မထေရ် အကြောင်းကား အောက်ပါအတိုင်း ဖြစ်သည်။

တလင်္ဂရအရပ်၌ သီတင်းသုံးသော ဓမ္မဒိန္နမထေရ်သည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာမထေရ်ကြီးဖြစ်၏။ တပည့်ရဟန်းများစွာ ရှိသည်။

တနေ့သောအခါ ဓမ္မဒိန္နမထေရ်သည် နေ့သန့်ရာအရပ်၌ထိုင်နေစဉ် 'ငါတို့၏ဆရာ ဥစ္စဝါလိကအရပ်နေ မဟာနာဂမထေရ်ကြီး ရဟန်းကိစ္စ ပြီးမပြီး' ဆင်ခြင်ကြည့်ရာ ပုထုဇဉ်ဖြစ်နေသေးကြောင်း သိမြင်တော်မူ၏။ 'ငါမသွားလျှင် ပုထုဇဉ်သေခြင်းဖြင့် သေရရှာတော့မည်'ဟုသိ၍ ကောင်းကင်မှကြွကာ မဟာ

http://www.dhammadownload.com



နာဂမထေရ်ကြီး နေ့သန့်စင်ရာဌာနသို့ သက်ဆင်း၍ မထေရ်ကြီးအား ရှိခိုးလျက် နေ၏။

"ငါ့ရှင်ဓမ္မဒိန္န၊ အခါမဟုတ်ပဲ အဘယ့်ကြောင့်လာသလဲ"ဟု မေးတော်မူ၍–

"ပြဿနာမေးလျှောက်ရန်ရှိ၍လာပါကြောင်း"လျှောက်လျှင်–"ငါ့ရှင်.... မေးပါ၊သိလျှင်လဲ ဖြေတာပေါ့"ဟု မိန့်တော်မူ၏။ ပြဿနာတထောင် မေးလျှောက်ရာ မေးတိုင်းပင် ဆုတ်ဆိုင်းမရှိ မငြိမတွယ် လွယ်လင့်တကူပင် ဖြေတော်မူ၏။

ဓမ္မ "အရှင်ဘုရား....၊အရှင်ဘုရားများ ဉာဏ်တော်ဟာ လွန်စွာထက်မြက်လှပါပေတယ်၊ဤတရားကို ဘယ်အခါက ရရှိထားပါသလဲ။

မဟာ ယခုကရေသော် လွန်ခဲ့သောအနှစ်ခြောက်ဆယ်က ရခဲ့တယ်ငါ့ရှင်။

ဓမ္မ သမာဓိကို အသုံးပြုပါသေးသလားဘုရား။

မဟာ ငါ့ရှင် သမာဓိအသုံးပြုတာ မခဲယဉ်းပါဘူး။

ဓမ္မ ဤသို့ဆိုလျှင် ဆင်တကောင်ဖန်ဆင်းပြပါဘုရား။

(မဟာနာဂ မထေရ်ကြီးသည် ကိုယ်လုံးဆွတ်ဆွတ်ဖြူသော ဆင်တကောင်ကိုချက်ချင်းပင် အဘိညာဉ်ဖြင့် ဖန်ဆင်း၍ ပြတော်မူလိုက်၏။)

ဓမ္မ အရှင်ဘုရား...၊ ယခုဆင်ကို နားရွက်ကုတ်၊ အမြီးထောင်ကာ နှာမောင်းကိုခံတွင်းထဲ ထည့်ပြီး ကြောက်မက်ဖွယ်အသံ ပေးလျက် အရှင်ဘုရားဆီတည့်တည့်ပြေးလာဟန် ဖန်ဆင်းတော် မူပါဦးဘုရား" ဟုလျှောက်ထား၍ လျှောက်ထားသည့်အတိုင်း ဖန်ဆင်းရာ မထေရ်ကြီးသည် ကိုယ့်ဆင်ကိုယ်ကြောက်ကာ ထ၍ပြေးရန် ဟန်ပြင်လေ၏။

ထိုအခါ အရှင်ဓမ္မဒိန္နက မထေရ်ကြီးသင်္ကန်းကို ဆွဲထားကာ ဤသို့လျှောက်ထား၏။

"အရှင်ဘုရား....၊ရဟန္တာပုဂ္ဂိုလ်မှာ ကြောက်ရွံ့ထိတ်လန့်ခြင်း ရှိပါသေးသလားဘုရား။"

မဟာ (မိမိပုထုဇဉ်အဖြစ်ကိုသိ၍) ငါ့ရှင် ဓမ္မဒိန္န....၊ငါ၏ အားထားမှီခိုရာ ဖြစ်ပါ–ဟု မိန့်ကာ အရှင်ဓမ္မဒိန္န ခြေအနီး၌ ဆောင့်ကြောင့်ထိုင်လေ၏။

ဓမ္မ အရှင်ဘုရား ၊အရှင်ဘုရားများ အားထားမှီခိုရာဖြစ်စေမယ်ဟု ရည်ရွယ်၍ လာခဲ့ပါတယ်ဘုရား၊ စိုးရိမ်တော်မမူပါနှင့်ဟု လျှောက်၍ ကမ္မဋ္ဌာန်းပေးရာ မဟာနာဂ မထေရ်ကြီးသည် တပည့် အရှင်ဓမ္မဒိန္န ပေးသော ကမ္မဋ္ဌာန်းကို နာယူရှုမှတ်ယင်း စင်္ကြံသို့အတက် ခြေသုံးလှမ်းအရတွင် ရဟန္တာဖြစ်တော်မူလေသည်။ (ဝိသုဒ္ဓိမဂ်–၂၊၂၇၀။)

http://www.dhammadownload.com



## သမာပတ်ရှစ်ပါးဖြင့် ရဟန်းကိစ္စပြီးပြီထင်နေသော

# မဟာတိဿ ထေရ်

ဝတ်ပဋိပတ်၊ ပရိယတ်၊ ဓုတင်စသော သမာဓိကြောင့် နီဝရဏ ကိလေသာ ငြိမ်းကွာနေခြင်းသည် 'တရားထူးရပြီဟု' မှတ်ထင်မှု (အဓိမာန) မဖြစ်စေတတ်။

သမထသမာဓိ၊ လောကီဈာန်သမာပတ်နှင့် ဝိပဿနာရှုပွားသူတို့၏သမာဓိကား အချို့ပုဂ္ဂိုလ်များအား 'တရားထူးရပြီ' ဟု ထင်မှားစေတတ်လေသည်။

## တရားထူးမရပဲ ရပြီထင်သူအား ဘုရားအတွေ့မခံ

ဘုရားရှင် လက်ထက်တော်ကပင် အပြင်းအထန် ဝိပဿနာ ရှုပွားသော ရဟန်းတော်ခြောက်ကျိပ်တို့ 'ရဟန်းကိစ္စပြီးပြီ' အထင်ဖြင့် တရားလျှောက်ရန် ဘုရားရှင်ထံလာကြရာ ဘုရားရှင်သိမြင်တော်မူ၍ အတွေ့မခံပဲ တိမ်းရှောင်သွားကာ အရှင်အာနန္ဒာအား ထိုရဟန်းများကို သုသာန်သို့ကြွ၍ အသုဘကမ္မဋ္ဌာန်းရှုရန် မှာကြားတော်မူခဲ့ဖူးလေသည်။(ဓမ္မပဒအဋ္ဌကထာ–၂၊၇၁-သမ္ဗဟုလ အဓိမာနိကဘိက္ခုဝတ္ထု။ 'အဓိမာန' နှင့်စပ်၍ စတုတ္ထ ပါရာဇိကအဖွင့်လည်းကြည့်။)

ညဥ့်အခါလျှပ်စစ်လက်သကဲ့သို့(တဒင်္ဂ)ကင်းကွာခြင်း၊ မှော်တောထဲ ခဲပစ်သကဲ့သို့(ဝိက္ခမ္ဘန)ကွာခြင်းများသည် အချိန်ကြာမြင့်စွာ ကင်းကွာခွင့်ရနေလျှင် မိုးကြိုးပစ်သကဲ့သို့(သမုစ္ဆေဒ) အမြစ်ပြတ်ကွာနေပြီဟု ထင်မှားတတ်လေသည်။ ဤနေရာ၌ သီဟိုဠ်ခေတ်က မဟာတိဿမထေရ်ကြီးအကြောင်းကို(အံ-ဋ္ဌ-၁၊၃၂၃၌ လာသည့်အတိုင်း)ဖော်ပြပေအံ့။

မဟာတိဿ မထေရ်ကြီးသည် ရဟန်းတဝါ မရမီကပင် သမာပတ်ကို ရတော်မူသော မထေရ်ကြီးဖြစ်၏။ သမာပတ်၏ဝိက္ခမ္ဘနသတ္တိကြောင့် ကိလေသာ နီဝရဏကင်းကွာနေသဖြင့် ဝါတော်ခြောက်ဆယ်ရသည့်တိုင်အောင် မိမိကိုယ်ကို ပုထုဇဉ်ဟု မအောက်မေ့၊ အရိယာဖြစ်ပြီဟူ၍သာ မှတ်ထင်တော် မူနေ၏။

ဆွေးနွေးပြောဟောသောအခါများတွင်လည်း အရိယာပုဂ္ဂိုလ်တို့၏အပြုအမူ အပြောအဆိုမျိုး ပြုမူပြောဆိုလေ့ရှိ၏။ ရိုးသားစွာပြင့်ပင် တကယ်အရိယာဖြစ်ပြီးသည့်အနေဖြင့် ရိပ်သိရစ်ဝဲ၍သာ မိန့်ဆိုတော်မူလျက်ရှိလေသည်။ ကမ္မဋ္ဌာန်းလည်း ပေးတော်မူ၏။

http://www.dhammadownload.com



တနေ့သောအခါ မဟာဂါမ နေပြည်တော်၊ တိဿမဟာဝိဟာရကျောင်းတိုက်ရှိသံဃာတော်များက ဇာလင်္ဂရအရပ်နေ ဓမ္မဒိန္နမထေရ်အား တရားချီးမြှောက်ရန် စာဖြင့် ပင့်လျှောက်ကြ၏။ မထေရ်လည်း တရားဟောရန် လက်ခံပြီးနောက်-

'ငါတို့ဂိုဏ်းမှာ မဟာတိဿမထေရ်ထက် အသက်သိက္ခာကြီးသော မထေရ်ဟူ၍မရှိ။ ငါ၏ကမ္မဋ္ဌာန်းဆရာလည်း ဖြစ်သည်။ မဟာတိဿမထေရ်ကြီးကို သံဃနာယကအရာ ထား၍ တရားချီးမြှင့်ကြလျှင် ကောင်းမည်'ဟု ကြံစည်ကာ တပည့်အများကို ခေါ်ဆောင်၍ မဟာတိဿ မထေရ်ကြီးကျောင်းသို့ သွားရောက်၏။ ဝတ်ကြီးဝတ်ငယ်များ ပြုစုချဉ်းကပ်၍ နေစဉ် မထေရ်ကြီးက—

"ငါ့ရှင် ဓမ္မဒိန္န၊ မရောက်လှာတာ ကြာမှကော"ဟု မိန့်တော်မူရာ—

"မှန်လှပါဘုရား....၊ ယခုလဲ တိဿမဟာဝိဟာရ ကျောင်းတိုက် သံဃာများက တရားပြရန် ပင့်ထားတာ ဘုရားတပည့်တော် တပါးတည်း မသွားလိုပါ၊ ဆရာတော် ဝန်မလေးပါလျှင် ဘုရားတပည့်တော်များနှင့် အတူ သံဃနာယကအဖြစ် ကြွရောက်ချီးမြှောက်စေချင်လို့ပါဘုရား" စသည်ဖြင့် လျှောက်ထားကာ တရားနှင့်စပ်သော စကားများကို မထေရ်ကြီးနှင့် အချိန်ကြာမြင့်စွာ ဆွေးနွေးလျှောက်ထားလေ၏။

ဓမ္မဒိန္နမထေရ်သည် ထိုစကားများနှင့် ရောနှောကာ ရှုတ်တရက် လိုရင်းရောက်အောင် လျှောက်ထား ဆွေးနွေးလေသည်။

ဓမ္မဒိန္န — ဆရာတော်ဘုရား၊ ဤတရားထူးကို အဘယ်အချိန်ကများ ရတော်မူခဲ့ပါသလဲဘုရား။

မထေရ်ကြီး — ကြာပြီငါ့ရှင်၊ အနှစ်ခြောက်ဆယ်ရှိပြီ။

ဓမ္မဒိန္န — သမာပတ်ကော အမြဲဝင်စားပါသလားဘုရား။

မထေရ်ကြီး — အိမ်း....ဝင်စားပါရဲ့။

ဓမ္မဒိန္န — မှန်လှပါ၊ ယခုနေများ ရေကန်တကန် ဖန်ဆင်းလို့ ဖြစ်နိုင်ပါသလား ဘုရား။

မထေရ်ကြီး — ဒါ...မခက်ပါဘူး။ (ရှေ့ဦပင် ရေကန်ဖန်ဆင်း၍ ပြတော်မူသည်။ ထို့နောက် ကြာရုံကြီးနှင့် ကြာပွင့်ကြီးများကို ဖန်ဆင်းပြရန် လျှောက်၍ ဖန်ဆင်းပြတော်မူ၏။)

ဓမ္မဒိန္န — ကြာရုံကြီးထဲက ကြာပွင့်ကြီးပေါ်မှာ ၁၆-နှစ်ရွယ် သတို့သမီးငယ် အသွင် ဖန်ဆင်းပြီး ထို သတို့သမီးငယ်၏ ချောမောလှပဟန်ကို အဖန်ဖန် ကြည့်ရှုတော်မူစေချင်ပါသည်ဘုရား။

မထေရ်ကြီးသည် မိမိဖန်ဆင်းသော သတို့သမီးငယ်ကို တစိမ့်စိမ့် ကြည့်ယင်းက ငုပ်ကွယ်နေသော အနုသယတဏှာသည် ထွက်ပေါ်၍လာသဖြင့် 'ငါ ပုထုဇဉ်ပဲ ရှိပါသေးကလား'ဟု သိတော်မူကာ—

http://www.dhammadownload.com



"ငါ့ရှင် ကလျာဏမိတ္တကြီး၊ ယခုအခါ ငါ၏ အားထားမှီခိုရာ ဆရာ ဖြစ်ပါလေ့"ဟု ဆိုကာ မိမိတပည့်အထံ၌ ဆောင့်ကြောင့်ထိုင်လိုက်သည်။ ဓမ္မဒိန္န မထေရ်ကလည်း—

"မှန်လှပါ ကျေးဇူးရှင်ကြီးဘုရား၊ ဒီအတွက်ကြောင့်ပင်လျှင် ဘုရားတပည့် လာရောက်ခြင်းဖြစ်ပါတယ်"ဟု လျှောက်ကာ ဆရာ မထေရ်ကြီးအား အသုဘ ကမ္မဋ္ဌာန်း ညွှန်ပြပေးကာ အခန်းအပြင်ဘက်သို့ ထွက်ဖယ်ပေးလိုက်၏။

မထေရ်ကြီးလည်း ရုပ်နာမ်ဓမ္မတို့ကို ကောင်းစွာ သုံးသပ်နိုင်၍ တပည့်ကြီး ဓမ္မဒိန္န အပြင်ထွက်ခါမျှ အချိန်ကလေး အတွင်းမှာပင် ပဋိသမ္ဘိဒါ လေးပါးနှင့် တကွ ရဟန္တာဖြစ်တော်မူလေသည်။

[မှတ်ချက် ပလိဗောဓ သယ်ပါးတွင် တန်ခိုး ဣဒ္ဓိပါဒ်လည်း တခု အပါအဝင် ဖြစ်သည်။ ရိုးသားစွာ အထင်ရောက်သော ပုဂ္ဂိုလ်များ အတွက် ထို ရိုးသားမှုကပင် ဆရာကို ပင့်ဆောင် ပေးတတ်လေသည်။ ဓမ္မဒိန္နမထေရ်အခန်းလည်း ရှုပါ။ အဓိမာန ကြောင့် ပထမတွင် အရိယာထင်နေသူသည် ဝိနည်းပြစ် မရှိသော် လည်း တချိန်ချိန်တွင် မဟုတ်မှန်း သိလာတတ်၏။ ထိုအခါမျိုးတွင် လည်း ဒကာ ဒကာမတို့၏ ပူဇာသက္ကာရစသည်ကို ငဲ့၍ ဆက်လက် ပြီး အရိယာ ဟန်ဆောင်လျှင်ကား ထိုသူထက် နစ်မွန်းသူမရှိပြီ။]

## အရိယာကို ပုထုဇဉ်တို့ သိနိုင်ခက်ပုံ

# စိတ္တလတောင်နေ ဦးပဉ္စင်းကြီး

စိတ္တလတောင်၌ ရဟန္တာအရှင်မြတ်ကြီးတပါးအား လုပ်ကျွေးသမှု ပြုစု ဆည်းကပ်နေသော ကြီးမှရဟန်းပြုသည့် ကိုယ်တော်ကြီးတပါး ရှိ၏။

ရဟန္တာအရှင်မြတ်ကြီးနောက်မှ သပိတ် သက်နီးယူကာ နေ့စဉ် ဆွမ်းခံ လိုက်ရသည်။ ယင်းသို့ပင် နေ့စဉ်အတူနေ၍ နေ့စဉ်လိုက်ပါနေရရာ တနေ့သော အခါ ဆွမ်းခံအပြန်တွင် ရဟန္တာအရှင်မြတ်ကြီးအား ‌နောက်မှ လိုက်ပါယင်း—

"အရှင်ဘုရား....၊ အရိယာ....အရိယာနဲ့ အရိယာဆိုတာ ဘယ်လိုပုဂ္ဂိုလ် မျိုးပါလဲ ဘုရား"ဟု လျှောက်ရာ မထေရ်ကြီးက—

"ငါ့ရှင်....၊ လောကမှာ တချို့ လူအိုကြီးများ အရိယာ အရှင်မြတ်တို့ရဲ့ သပိတ်သက်နီးကိုယူပြီး ဝတ်ကြီးဝတ်ငယ်ပြုကာ နောက်က တကောက်ကောက် လိုက်ပါနေပေမဲ့ အရိယာ ပုဂ္ဂိုလ်မှန်း မသိဘူး။ အရိယာပုဂ္ဂိုလ်များ ဆိုတာ အဲသည်လောက် အသိရခက်တယ်"ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



ထိုသို့ပင် ပြောသော်လည်း ထိုတောထွက် ကိုယ်တော်ကြီးကား မသိရှိ၊ မရိပ်မိသေးချေ။

## ဆင်ဆိုကာ ကြံချောင်းလိုပါပဲ

'ပုထုဇ္ဇန'ဟူသည်ကို 'ကိလေသာ ထူထဲသောသူ'ဟု မြန်မာပြန်ရသည်။ ယင်း ပုထုဇ္ဇနကို အထူးပြု၍ (ဝိသေသနပြု၍) သုံးနှုန်းသော ပါဠိတော် သုံးရိုး သုံးစဉ် စကားများမှာ- 'အရိယာနံ အဒဿာဝီ=အရိယာပုဂ္ဂိုလ်တို့ကို မြင်တတ်သော ဉာဏ်မျက်စိမရှိသော'စသည်ဖြင့် သုံးနှုန်းလေ့ရှိ၏။ ထိုတွင် 'အဿုတဝါ= ဥဒယဗ္ဗယဉာဏ်လောက်ရရုံမျှပင် မရှုမှတ်မပွားများသဖြင့် နည်းသော အကြား အမြင်ရှိသော(ဝါ)လုံးဝ ကြားဖူးနားဝ မရှိသော'ဟုလည်း ဆိုထားလေသည်။ (မ-ဋ္ဌ-၁၊ ၂၃။ သံ-ဋ္ဌ-၂၊ ၂၃၂။ အဘိ-ဋ္ဌ-၁၊ ၃၇၅။ စူဠနိ-ဋ္ဌ-၇၁။)

ဒိဗ္ဗစက္ခုရသော ပုထုဇဉ် ပုဂ္ဂိုလ်ကိုပင်လျှင် အရိယာကို မြင်နိုင်သော မျက်စိရှိသူဟု မခေါ်ရချေ။ 'တရားကိုမြင်မှ ငါ့ကိုမြင်သည်' (သံ-၂၊ ၉၇။)ဟု ဝက္ကလိထေရ်အား ဘုရားရှင်ဟောတော်မူသည်ကို ထောက်ဆကာ အရိယာတို့၏ ကိစ္စ၊ အရိယာတို့၏အရာတွင် မျက်မမြင်များ ဆင်ကောင်စမ်းသကဲ့သို့ အကန်း- အကန်းလိုမနေပဲ လူတတ်မလုပ်ကြရာ။ လုပ်လျှင်- 'ဆင်ဆိုတာ ကြံချောင်းလို ပါပဲ' စသည်ဖြင့် လွဲပြီးယင်း လွဲတတ်လေသည်။

## အသောကမင်းကြီး၏ဆရာ၊ အပ္ပိစ္ဆတာစံတော်ဝင်

# မဇ္ဈန္တိက ထေရ်

သာသနာပြု အသောကမင်းကြီးလက်ထက် မဇ္ဈန္တိကထေရ် ခေါ် ရဟန္တာ အရှင်မြတ်ကြီးတပါး ရှိတော်မူ၏။ အပ္ပိစ္ဆတာ=အလိုနည်းမှုအရာတွင် စံတော်တင် ရသော မထေရ်ကြီး ဖြစ်သည်။

စင်စစ် ရဟန္တာအရှင်မြတ်တိုင်းပင်လျှင် အလိုနည်းတော်မူကြသည်ချည်း ပင် ဖြစ်၏။ လာဘ=လာဘ်, သက္ကာရ=အရိုအသေ, သိလောက=ကျော်စောခြင်း စသည်ကို လိုချင်ခြင်း, မိမိဂုဏ်ကို ထုတ်ဖော်လိုခြင်း စသော လိုချင်မှု အားလုံး သည် ဝဋ္ဋဒုက္ခခေါ် တဏှာပင်ဖြစ်ရာ ရဟန္တာအရှင်မြတ်ကြီးများသည် ယင်းတဏှာ ကို အကြွင်းမဲ့ပယ်သတ်ပြီးဖြစ်၍ ပစ္စည်းစသည် လိုချင်မှု၊ မိမိ ရရှိသော ဂုဏ်ကို ပြလို-သိစေလိုမှု- ရှိတော်မမူကြချေ။

http://www.dhammadownload.com



အနည်းဆုံး 'သဒ္ဓါတရားကောင်းသည်, ဆွိတ်ငြိမ်ရာမှာနေသည်' လောက်ကိုပင် အသိခံတော်မမူလိုကြ၊ ထုတ်ဖော်အသိပေးရန်ကား ဆိုဖွယ်မရှိ၊ ယင်းကို 'အပ္ပိစ္ဆတာဂုဏ်'ဟု ခေါ်ဆိုလေသည်၊

အဆိုပါ မဇ္ဈန္တိကမထေရ်ကြီး သုံးစွဲသော သပိတ်နှင့် သင်္ကန်း သုံးထည်လုံးမှ တမတ်လောက်သာ တန်လေသည်။

## အသောက အလှူပွဲ မင်းဆရာကိုပင် အထင်လွဲ

တနေ့တွင် သာသနဒါယကာ အသောက မင်းတရားကြီး၏ ကြီးကျယ်ခမ်းနားသော(ကုက္ကုဋာရာမ်)ကျောင်းအလှူ ရေစက်ချပွဲလုပ်ရာ ထိုမှ ဤမှ သံဃာတော်များ ကြွရောက်လာကြသကဲ့သို့ ဤမထေရ်ကြီးလည်း ကြွလာတော်မူ၏။ မထေရ်ကြီး၏ အသုံးအဆောင် အဝတ်သင်္ကန်းတို့မှာ အလွန်ညစ်ထေးစုတ်ပြတ်နေသဖြင့် မထေရ်ကြီးကြွလာသည်ကိုမြင်လျှင် ဝေယျာဝစ္စ ဆောင်ရွက်နေသော ဒကာများက-

"အရှင်ဘုရား....၊ အပြင်မှာပဲ ခဏသီတင်းသုံးပါအုံး"ဟု လျှောက်ကာ ဝင်ခွင့်မပေးကြ။ သို့နှင့် ဘေးတနေရာသို့ ရှောင်ပေးလိုက်ရသည်။ အသောက မင်းကြီးနှင့် မိဖုရားကြီးတို့ကား ကျောင်းသစ်ကြီးပေါ်၌ သံဃာများနှင့် သံဃမထေရ်ကြီးများအား ဆွမ်းဆက်ကပ် လှူဒါန်းရန် ပြင်ဆင်နေကြ၏။

မထေရ်ကြီးသည် ဝင်ခွင့်မရသဖြင့် ဘေးတခုနေရာ၌ ရှောင်ပေ၊ယင်း-

'အင်း....သာသနဒါယကာမင်းကြီးရဲ့ အာဒိသအလှူတော်ကြီးကို ငါကဲ့သို့သော ရဟန္တာ မထေရ်ကြီး တပါးက မချီးမြှောက်လျှင် ဘယ်လို ပုဂ္ဂိုလ်က ချီးမြှောက်လိမ့်မတုံး'ဟု စဉ်းစားကာ ထိုနေရာ၌ပင် သမာပတ်အဘိညာဉ် ဝင်စားတော်မူလျက် အခြားလူအများ မသိမြင်စေပဲ မြေ၌ ငုပ်လျှိုးတော်မူသွား၏။

မင်းကြီးနှင့် မိဖုရားကြီးများ သံဃမထေရ်ကြီးအတွက် ကပ်လှူရန် အမွန်အမြတ် သီးခြားပြင်ဆင်ထားသော ဆွမ်းဘောဇဉ်များကို (ထိုနေရာသို့ ရောက်မှ မြေမှ ထွက်ပေါ်လာကာ) အလှူခံတော်မူလေသည်။

ဝေယျာဝစ္စ လုပ်ကိုင်သူများမှာ ထိုအလှူပွဲကြီး၌ သံဃ မထေရ်ကြီးမှာ ဤမဇ္ဈန္တိက မထေရ်ကြီးပင် ဖြစ်သည်ကို မသိသောကြောင့် တားမြစ်ခြင်းဖြစ်၏။ မထေရ်ကြီးမှာလည်း 'ငါရဟန္တာ၊ ဒီအလှူပွဲမှာ သံဃမထေရ်ကြီးဟာ ငါပဲ'ဟု တနည်းတဖုံ အသိပေးရန်ပင် ကိုလားဘော်မမူချေ။ လျှို့ဝှက်တော်မူလေသည်။

http://www.dhammadownload.com



## မလိုချင်မှ များများရ

ယင်းသို့ အလိုနည်းတော် မူသော ပုဂ္ဂိုလ်အား မဖြစ်ပေါ်သေးသော လာဘ်လာဘများလည်း ဖြစ်ပေါ်လာကုန်၏။ ဖြစ်ပြီး လာဘ်လာဘများလည်း မလေလွင့် မပျက်စီး၊ အစိုင်အခဲ အမြဲတည်တံ့လေသည်။ လူဒကာတို့၏ ကြည်ညို သဒ္ဓာစိတ်ကိုလည်း ပွားစေသဖြင့် နည်းနည်း အလှူခံလေလေ၊ ကြည်ညိုသဒ္ဓာ များလေလေဖြစ်ကာ တိုး၍တိုး၍သာ လှူကြလေသည်။ (မ-ဋ္ဌ-၁၊ ၄၅-၇။ အံ-ဋ္ဌ-၁၊ ၅၈ စသည်။)

(ဤ မထေရ်ကား သီဟိုဠ်ခေတ်ဟု မဆိုသာသော်လည်း အဋ္ဌကထာ ဆရာကြီး စံတင်ထားတော်မူခဲ့သည့် အတိုင်း ပြလိုက်ပါသည်။)

## အရိယာတို့၏ သဘောထားနှစ်မျိုး

အရိယာပုဂ္ဂိုလ်တို့သဘောကား လွန်စွာလျှို့ဝှက်တော်မူကြ၏။ မဟာသမယ သုတ်တော် ဟောစဉ်က ရဟန်းငါးရာတို့သည် မိမိတို့ ရဟန်းကိစ္စ ပြီးကြောင်း လျှောက်ထားရန် ဘုရားရှင်ထံလာကြရာ ဘုရားရှင့်ရှေ့တော်၌ တစုံတဦး ကြားသိ သွားမည်စိုး၍ ရှက်နိုးတော်မူကြသဖြင့် တပါးမျှ ထုတ်ဖော် မလျှောက်ရဲကြပေ။

ရဟန္တာအရှင်မြတ်တို့၌ ထူးခြားစွာ မှတ်သားအပ်သော အခြင်းအရာနှစ်ခု ရှိပေသည်။

၁။ မိမိရရှိသောတရားကို တလောကလုံးအား လျှင်စွာ ရရှိစေတော်မူလို၏။

၂။ သို့ရာတွင် ရွှေအိုးရရှိထားသူကဲ့သို့ အခြားသူများအား ထုတ်ဖော် ပြောကြားရန်ကိုမူ လိုလားတော်မမူကြ။ (ဒီ-ဋ္ဌ-၂၊ ၂၇၀-မဟာ သမယသုတ်အဖွင့်။) သို့ရာတွင်—

၁။ ဝမ်းမြောက်လွန်း၍ ဥဒါန်းကျူးရင့်ခြင်း၊

၂။ ညီတော် အစဉ်အဆက် တုယူအားကျစေရန် သာသနာတော်သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း အစစ်ဖြစ်သည်ကို ဖော်ပြ လိုခြင်းတို့ကြောင့် မိမိဂုဏ်ကို ထုတ်ဖော်သင့်က ထုတ်ဖော်ကြ လေသည်။ (ထေရ-ဋ္ဌ-၁၊ ၃၃။ အပ-ဋ္ဌ-၂၊ ၃၆။ ဒီ-ဋ္ဌ-၁၊ ၅၅။ ဝိ-ဋ္ဌ-၂၊ ၆၃။)

ယင်းသုတ် အဋ္ဌကထာ(၂၈၈)၌ပင် သီဟိုဠ်ကျွန်း ကောဠိတောဝင်ကျောင်း နာဂလိုဏ်ဂူအတွင်း၌ ရဟန်းငယ်တပါး မဟာသမယသုတ်ကို ရွတ်ဖတ်စဉ် လိုဏ်ဂူ

http://www.dhammadownload.com



ကံ့ကော်ပင်မှ ရုက္ခစိုး နတ်သမီးတယောက်က 'ဘုရားဟောနှင့် ထပ်တူညီမျှ' နာကြားရ၍ သာဓုခေါ်ဖူး၏။ ထိုရဟန်းငယ်ကမေး၍ အောက်ပါအတိုင်း သူမ အကြောင်းကိုလည်း ပြောပြလိုက်၏။

## မဟာသမယ နတ်သမီးကလေး

ထိုနတ်သမီးသည် ဘုရားရှင် မဟာသမယသုတ် ဟောတော်မူစဉ်ကလည်း နာယူဖူးသူဖြစ်၏။ ထိုစဉ်က တန်ခိုးကြီးသောနတ်များ ဇမ္ဗူဒိပ်(ဣန္ဒိယ) တကျွန်းလုံး ပြည့်လျှံနေ၍ သီဟိုဠ်ကျွန်း(တမ္ဗပဏ္ဏိ)သို့လာ၍ ဇမ္ဗုကောလဆိပ်၌ နေရာယူရ ထိုဌလည်း တန်ခိုးကြီးနတ်များ ရောက်လာကြပြန်၍ ရောဟဏပြည်နယ် မဟာဂါမရွာကျောဘက်ရှိ သမုဒ္ဒရာထဲက နာယူရသည်။ သမုဒ္ဒရာရေထဲ၌ ခေါင်းတလုံးမျှသာဖော်၍ နာယူနေရရာ ဘုရားရှင်ကမူ သူမကိုကြည့်၍ ဟောတော်မူနေသကဲ့သို့ ထင်ရကြောင်း ပြောပြလေသည်။

(မူလပဏ္ဏာသလာ 'မဟာဓမ္မ သမာဒါန'သုတ်လည်း နတ်ချစ်သောသုတ်ဖြစ်၍ အထက်ပါအဖြစ်အပျက်နှင့်အတူ ရဟန်းငယ်ရွတ်နေစဉ် နတ်သား သာဓုခေါ်လေသည်။)

မထေရ်ငယ်က ထိုနတ်သမီးအား ထိုစဉ်က တရားထူးရသော လူနတ်ဗြဟ္မာများ များပြားလှသဖြင့်—

"သင်နတ်သမီးဟာ ရဟန္တာလား....အနာဂါမ်လား....သကဒါဂါမ်လား" ဟု အဆင့်ဆင့်မေးရာ မဟုတ်ကြောင်း လျှောက်လျှင်—

"သင်....သောတာပန်နဲ့ တူပါရဲ့"ဟု ရဟန်းငယ်၏ အမေးကို ရှက်နိုးလှသဖြင့်—

"အပုစ္ဆိတဗ္ဗံ ပုစ္ဆတိ အယျော=အရှင်ဘုရား၊ မမေးသင့်တာ မေးရန်ကော ဘုရား"ဟု လျှောက်လေသည်။

## ကိုယ့်ဂုဏ်ကိုယ်ဖော်၍ မကျေနပ်သူများ

တခါက မြတ်စွာဘုရားရှင် အင်ကြင်းတောအတွင်း၌ ညီညွတ်မှုစံပြုလောက်အောင် နေတော်မူကြသော အရှင်အနုရုဒ္ဓ, အရှင်နန္ဒိယ, အရှင်ကိမိလတို့ထံ ကြွတော်မူစဉ် ပြန်ခါနီးတွင် 'လောကီ လောကုတ္တရာ တရားထူးများ ရ-မရ' (သိလျက်) မေးတော်မူသည်ကို အရှင်အနုရုဒ္ဓာက ရကြောင်း လျှောက်ထား၏။ ကျန်နှစ်ပါးက 'ထိုသို့ လျှောက်ရကောင်းလား' ဟု ရှက်နိုးတော်မူကြ၍ အရှင်အနုရုဒ္ဓာအား အပြစ်တင်ကြသည်။ အဓိဂမ အုပ္ပိစ္ဆာပင်တည်း။

http://www.dhammadownload.com



ဒီဃခေါ်သော နတ်စစ်သူကြီးကလည်း လာရောက် တရားနာ, အကဲတော်နေခိုက်ဖြစ်၍ သူ့စိတ်တွင် မထေရ်သုံးပါး ထိုသို့ပြောဆို အပြစ်တင်နေသည်ကို မကြိုက်ချေ။

"ဤမထေရ်တွေဟာ ဘုရားရှင်ကိုမှီပြီး ဒီဂုဏ်ကျေးဇူးတွေကို ရရှိနေကြသော်လဲ ဘုရားကိုတောင်မှ ထုတ်ဖော်ပြောရမှာ နှမြောနေကြတယ်။ အလွန့်ကို လျှို့ဝှက်ထားကြတယ်။ ခုအချိန်ကစပြီး ဘယ်လိုမှ လျှို့ဝှက် ဖုံးကွယ်ထားလို့မရအောင် မြေပြင်က ဗြဟ္မာပြည်အထိ ငါလျှောက်ပြီး သူတို့ဂုဏ်တွေကို ဖော်ထုတ်ပြလိုက်မယ်" ဟု ကြံကာ ဝဇီ့တိုင်းမှအစ ဘုမ္မစိုးနတ်မှ ဗြဟ္မာပြည်တိုင်အောင် ကြွေးကြော်လိုက်လေသည်။ (မူလပဏ္ဏာသ-စူဠဂေါသိင်္ဂသုတ်)

ဤကား အရိယာတို့၏အမြင်နှင့် ပုထုဇဉ်တို့၏ အထင်တည်း။

## မျက်စိ ရှိသလောက်သာ မြင်ရသည်

မြတ်စွာဘုရား လက်ထက်တော်က အရှင်သာရိပုတ္တရာ၏ ညီအငယ်ဆုံး ရှင်ရေဝတ သီတင်းသုံးရာ အလွန်ဝေးခေါင်လှသော ရွာတောကြီးသို့ မြတ်စွာဘုရားရှင်သည် တပည့်သာဝကကြီးများ အစုံအညီဖြင့် ကြွရောက်ချီးမြှောက်ဖူး၏။ ရွာဆက်လည်းလှမ်း၊ တောလည်းကြမ်းလှပေရာ ရှင်သီဝလိ၏ ဘုန်းကံကြောင့် ချမ်းသာစွာ ကြွရောက်နိုင်၏။

ရဟန်းအချို့က 'ရှင်သာရိပုတ္တရာကြီးညီမို့ ဘုရား မျက်နှာလိုက် ချီးမြှောက်သည်' ထင်ကြ၏။ မနာလို ဝန်တိုကဲ့ရဲ့ယင်း လိုက်ပါလာကြသည်။

ရွာတောမှအပြန် သာဝတ္ထိသို့ ရောက်လာသော ရဟန်းတော်များအား ကျောင်းအမကြီး ဝိသာခါက–

"ရှင်ရေဝတရဲ့နေရာ သာယာပါရဲ့လား" လျှောက်လျှင်–

"ဒကာမကြီး....၊ သာဝတ္ထိသာနတ်ပြည်က နန္ဒဝန်ဥယျာဉ် ပျော်စရာကောင်းတယ်ဆိုတာ အပြောပဲ၊ ဘယ်မှာ ရှင်ရေဝတနေဘဲ့ ရွာတောကို မီလိမ့်မထုံး" ဟု ဆိုကြ၏။ မှန်လှပါပေသည်။

တဖန် နောက်မှရောက်လာသည့် မနာလို ဝန်တိုသော ရဟန်းများကို မေးပြန်ရာ (ထို စိတ်ယုတ်မာကြောင့် တန်ခိုးဖြင့်ဖန်ဆင်းထားသော အံ့သြဖွယ်များကို မမြင်ကြရသဖြင့်)

"အာ....ဒကာမကြီး....၊ အလကားပါ....၊ ကျင်းတွေ ချောက်တွေနဲ့၊ ရွာဝတ်တိုနဲ့ ဆူးတွေပဲရှိတာပါ၊ ပျင်းစရာကြီး" ဟု ဆိုကြကုန်၏။ ဒါလည်း မှန်ပေသည်။ မိမိတို့၏ အတွင်းစိတ်ထားနှင့် မျက်စိအားရှိသလောက်သာလျှင် မြင်ကြရကုန်၏။ (ဓမ္မပဒ-ဋ္ဌ-၁၊ ၃၉၆-ခဒိရဝနိယ ရေဝတဝတ္ထု။)

http://www.dhammadownload.com



## သေခါနီးမှ မေး၍ပြောခဲ့ရသော 'တရားထူး'

ရှေးအခါ သာသနာပကာလ ရသေ့များပင် တရားထူးနှင့်စပ်၍ မေးမြန်းသည်ကို တိုက်ရိုက်ပြောဆို ဝန်ခံခြင်းမပြုလိုကြ၊ ရိပ်ဝဲ၍သာ ပြောဆိုကြလေသည်။

ဘုရားအလောင်းတော် အမျိုးရှိသော ဗြာဟ္မဏလုလင် ငါးရာတို့ ရသေ့ရဟန်းပြု၍ ဟိမဝန္တာ၌ နေကြရာ အရှင်သာရိပုတ္တရာအလောင်း တပည့်ကြီးမှာ တပည့်အချို့ကိုခေါ်၍ ဆားချဉ်စသော ရိက္ခာအတွက် မြို့ရွာအနီး ခရီးလွန်နေခိုက် အလောင်းတော် ရသေ့ဆရာကြီး ကွယ်လွန်သွားသည်။

တပည့်ကြီးပြန်လာစဉ် ဆရာရသေ့ကြီး ကွယ်လွန်သွားကြောင်း သိရသဖြင့် အနီးရှိရသေ့များအား—

"ဆရာကြီး၏ တရားထူးနှင့်စပ်၍ သေခါနီးမှာ မမေးလိုက်ကြဘူးလား" ဟု မေးမြန်းကြည့်ရာ—

"ဆရာကြီးက ကျွန်ုပ်တို့ကို သေခါနီးမှာ 'နတ္ထိ ကိဉ္စိ' (ဘာမျှမရှိ)လို့ ပြောခဲ့ပါတယ်။ ဆရာကြီးဟာ အချည်းနှီး ကွယ်လွန်သွားရရှာတာပါပဲ" ဟု ပြောဆိုကြကုန်၏။ 'ဘာတရားထူးမှရသော ဆရာကြီး မဟုတ်' ဟု ယူဆကာ အလေးအမြတ် ပူဇော်သက္ကာရ်ခြင်း မပြုကြချေ။ ထိုအခါ တပည့်ကြီးက—

"အသင်တို့....၊ ဆရာကြီးပြောတဲ့ စကားအဓိပ္ပာယ်ကို မသိကြပဲကိုး"ဟု ဆိုကာ ဆရာကြီးသည် အာကိဉ္စညာ-ယတနစျာန်ရ၍ အာဘဿရ ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်း ပြောပြလေ၏။ မယုံကြလေ။ အကြိမ်ကြိမ် ရှင်းလင်းပြသော်လည်း ကိုယ်တိုင် နားနှင့်ဆတ်ဆတ် ကြားလိုက်သူများက ရှင်သာရိပုတ္တရာအလောင်း တပည့်ကြီးပြောသည်ကို ငြင်းဆိုကြလေ၏။

[လူမိုက်တို့သည် မိမိ မျက်စိ၊နားနှင့်စဉ်းစားဉာဏ်ကို အခိုင်အမာ ဆုပ်ကိုင်ထားတတ်ကြ၏။ အထင်ရောက်လွန်းကြသည်။ သူတော်ကောင်းကိစ္စတွင် 'ကျုပ်ကိုယ်တိုင် မြင်ရတာ၊ ကျုပ်ကိုယ်တိုင် နားနဲ့ဆတ်ဆတ် ကြားခဲ့ရတာ' ဆိုတိုင်းလည်း ယုံသင့်မှ ယုံကြရသည်။]

ထိုအခါ ဗြဟ္မာ့ပြည်ရောက်နေသော ရသေ့ဆရာကြီးကိုယ်တိုင် လာရောက်၍ အကြောင်းစုံ ရှင်းလင်းပြောဆိုရကာ—

"ပညာမဲ့သူ ထောင်ပေါင်းများစွာ စုရုံးပြီး အနှစ်တရာ၊ နှစ်ရာပတ်လုံး ပြောဆို ငိုကြွေးနေကြခြင်းထက် ပြောသောစကား၏အဓိပ္ပာယ်ကို နားလည်သော

http://www.dhammadownload.com



ပညာရှိသူတဦးသာလျှင် ကောင်းမြတ်လှပေ၏''ဟုလည်း ဆိုလေသည်။ (ကေ နိပါတ်၊ပရောသဟဿဇာတ်။ ပရောသတဇာတ်။ အလားတူ ပရိယာယ်ဖြင့် တရားထူးကို ပြောကြားခဲ့သော အနင်္ဂဏဇာတ်၊ စန္ဒာဘဇာတ်၊ သရဘဇာတ်များလည်း ရှိပေသည်။ အံ-၄-၁၊ ၁၀၀-သာရိပုတ္တတ္ထေရ-တေဒဂ်ခန်း။)

## အရိယာပုဂ္ဂိုလ်အား ကဲ့ရဲ့မိသော
# မထေရ်ငယ်တပါး

သိဟိုဠ်ကျွန်း ရွာတရွာ၌ အသက်ကြီးရင့်သော မထေရ်အိုကြီးတပါးနှင့် ရဟန်းငယ်တပါးတို့ တနေ့သောအခါ ရွာအတွင်းသို့ ဆွမ်းခံအတူတကွ ဝင်ကြ၏။

ပထမဆုံးအိမ်ကပင် မထေရ်နှစ်ပါးအား ယာဂုပူပူနွေးနွေး တမှုတ်ကျစီ လောင်းလှူလိုက်၏။မထေရ်အိုကြီးမှာ လေနာရောဂါရှိ၍ မခံသာအောင် နာကျင် ထိုးကျင့်နေသဖြင့် လောင်းလှူလိုက်သော ယာဂုကို ဆွမ်းစားဇရပ်အထိ မဆိုင်းငံ့ နိုင်တော့ပဲ တံခါးခုံပြုလုပ်ရန်ထားသော ထိုအိမ်ရှိ သစ်တုံးတခုပေါ်၌ ထိုင်၍ ဘုဉ်းပေးတော်မူ၏။ မအေးမီ ပူပူနွေးနွေး ဘုဉ်းပေးရလျှင် ဆေးလည်းဖြစ် အာ ဟာရလည်းဖြစ်ကာ လေနာသက်သာသွားမည်ဟု ယူဆသောကြောင့် ဖြစ်လေ သည်။

ရဟန်းငယ်သည် မထေရ်အိုကြီးကိုကြည့်ကာ နှာခေါင်းရှုံ့လျက်—

''ဒီဘုန်းကြီးအိုကြီး အရှက်မရှိ၊ဆာပဲ ဆာလွန်းလှတယ်။ ငါတို့လို ဦးပဉ္စင်း ကလေးတွေကို သက်သက် အရှက်ခွဲနေတာနှင့် မထူးဘူး''ဟု ကဲ့ရဲ့ရှုတ်ချပြီး ထွက် သွားသည်။

မထေရ်ကြီးလည်း ဆွမ်းခံပြီး၍ ကျောင်းသို့ရောက်သောအခါ ၎င်းရဟန်း ငယ်ရှိရာသို့ သွား၍—

''ငါ့ရှင်....၊ ဤဘုရားသာသနာမှာ ငါ့ရှင် ထောက်တည်ရာ (တရားထူး) များ ရရှိပါပြီလား'' ဟု မေးတော်မူလျှင် ရဟန်းငယ်က—

''မှန်လှပါ....၊ဘုရားတပည့်တော် သောတာပန်ပါဘုရား''ဟု လျှောက်၍—

''ငါ့ရှင်....၊ ဒီလိုဆိုယင် အထက်မဂ် အထက်ဖိုလ်အတွက် ငါ့ရှင် ဆက်ပြီး အားမထုတ်နှင့်တော့''ဟု မိန့်တော်မူလိုက်၏။ အရိယာအား စွပ်စွဲကဲ့ရဲ့မိသော သူများ မရသေးသော ဈာန်မဂ်ဖိုလ် တရားထူးကို မရနိုင်။ အရိယာ မဖြစ်သေး လျှင်ကား နတ်ရွာသုဂတိမျှကိုပင် မရနိုင်တော့ချေ။ ထို့ကြောင့် မိန့်တော်မူခြင်း ဖြစ်၏။ ထိုအခါ ရဟန်းငယ်က—

http://www.dhammadownload.com



"အရှင်ဘုရား....၊ အဘယ့်ကြောင့်ပါလဲ"ဟုထပ်မံလျှောက်ရာ–

"ငါ့ရှင်....၊ သင်ဟာရဟန္တာကိုစွပ်စွဲကဲ့ရဲ့မိပြီ"ဟုမိန့်ဘော်မူလျှင် ရဟန်းငယ်လည်း သတိရ သံဝေဂဖြစ်ကာ မထေရ်ကြီးရှေ့၌ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီလျက်–

"အရှင်ဘုရား....၊ ဘုရားတပည့်တော်အား သည်းခံ ခွင့်လွှတ်တော်မူပါ၊ ဘုရားတပည့်တော်သည် အရှင်မြတ်အား (ဤသို့ဤပုံ) ပြောဆို မိပါသည်။ ထိုအပြစ်မှ ခွင့်လွှတ်သည်းခံတော်မူပါ" ဟု လျှောက်မှ အရိယူပဝါဒ ကံကြီးပြေပျောက်ကာ တရားတက်နိုင်လေတော့၏။ (ဝိသုဒ္ဓိမဂ်-၂၊ ၆၀။ ဝိ-ဋ္ဌ-၁၊ ၁၃၄ ဝေရဉ္ဇကဏ္ဍ။)

(မထေရ်ကြီးက ဤသို့ပြောဆိုခြင်းမှာ မိမိဂုဏ်ကိုသိစေလို၍ မဟုတ်ချေ။ အရိယူပဝါဒကံပပျောက်အောင် စောင့်ရှောက်ခြင်းသာလျှင်ဖြစ်သည်။ အထူးသတိပြုသင့်သည်မှာ သောတာပန်သည်ပင် အပြစ်တင်လိုစိတ်စေသဖြင့်အရိယာမှန်းမသိချေ။ သာမန်ပုထုဇဉ်တို့ကား ဆိုဖွယ်ရာမရှိ။)

## ချွန်မဂ်ဖိုလ်မရနိုင်သော ကံကြီးငါးမျိုး

မဇ္ဈိမပဏ္ဏာသ အလဂဒ္ဒူပမသုတ်၌ ဖွင့်ပြသော နတ်ရွာသုဂတိနှင့် ချွန်မဂ်ဖိုလ်ကိုမရနိုင်သော ကံကြီးငါးခု(ဝါ)အန္တရာယ်ကြီးငါးခုရှိ၏။ ထိုအန္တရာယ်ကြီး ငါးခုတွင် တခုခုငြိတွယ်နေသောပုဂ္ဂိုလ်များ ချွန်မဂ်ဖိုလ်ကို မဆိုထားဘိ၊ နတ်ရွာသုဂတိလောက်ကိုမျှ မရနိုင်တော့ပြီ။

ကံ့ကိလေသ၊ ဝိပါက၊ ဝါဒ, တိက္ကမာ။
နတ်ရွာနိဗ္ဗာန်၊ မဂ်ဖိုလ်ချွန်၊ ငါးတန်အန္တရာ။

(ဆရာတော် ဦးဗုမ်)

၁။ **ကမ္မန္တရာယ်**=သေလျှင်မုချ အပါယ်ငရဲ ခံရသော မိသတ်, ဖသတ်စသော အနန္တရိယ ကံကြီးငါးမျိုး ထိုက်သူ၊ ဘိက္ခုနီ (ရဟန်းမ)ဖျက်ဆီးသူ၊ (ထိုတွင်ဘိက္ခုနီဖျက်ဆီးမှုကား နတ်ရွာသုဂတိကိုမူ မတား။)

၂။ **ကိလေသန္တရာယ်**=သေလျှင်ကေန် အပါယ်ငရဲကျမည့် 'ကုသိုလ်အကုသိုလ်မရှိ၊အလိုလိုချမ်းသာဆင်းရဲသည်ဟု စွဲယူသော'နိယတမိစ္ဆာဒိဋ္ဌိ အယူရှိခြင်း၊

၃။ **ဝိပါကန္တရာယ်**=ပဋိသန္ဓေဝိပါက်စိတ်အရ အဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်သော တိရစ္ဆာန်၊ပဏ္ဍုက်၊ဥဘတောဗျည်းများ၊

http://www.dhammadownload.com



၄။ အရိယူပဝါဒန္တရာယ်= အရိယာ (အောက်ထစ်ဆုံး လူ သောတာပန်)အား သိလျက်ဖြစ်စေ၊ မသိ၍ဖြစ်စေ စွပ်စွဲဆဲရေး ကဲ့ရဲ့ ပြစ်မှားခြင်း၊

၅။ အာဏာဝီတိက္ကမန္တရာယ်=ပညတ်တော်မူသော ဝိနည်းသိက္ခာပုဒ်များ ကျူးလွန်ခြင်း။

ထို၅-မျိုးတွင် ၁၊၂၊၃-တို့ကား ကုစား၍ မရပြီ။အရိယာ စွပ်စွဲပြစ်နှင့် အာဏာဝီဆန်မှုတို့ကား ကုစား၍ရနိုင်ပေသေးသည်။ အာဏာ ဖီဆန်မှုမှာ သက်ဆိုင်ရာ ဝိနည်းထုံးစံအရ ဒေသနာကြား၊အာပတ်ဖြေခြင်း စသည်ဖြင့် ကုစားရ၏။ (မ-ဋ္ဌ-၂၊ ၉။) (ပါရာဇိကသို့ပင်ရောက်စေဦး၊ ရိုးသားစွာ လူဝတ်လဲ၍ တရားအားထုတ်လျှင် ရနိုင်ပေသေးသည်။)

## အရိယူပဝါဒကံ ဖြစ်ပုံ၊ ကုစားပုံ

"ဤသူတို့မှာ ရဟန်းတရားမရှိ၊ ရဟန်းမဟုတ်"ဟု စကားကုန် (အန္တိမဝတ္ထုဖြင့်)စွပ်စွဲခြင်း၊ "ဤသူတို့မှာ ဈာန်သော်လည်းကောင်း၊ ဝိမောက္ခသော်လည်းကောင်း၊ မဂ်သော်လည်းကောင်း၊ ဖိုလ်သော်လည်းကောင်း မရှိ" စသည် ဂုဏ်ကိုဖျက်ဆီးခြင်းဖြင့် စွပ်စွဲခြင်းနှစ်မျိုးတွင် တမျိုးမျိုးဖြင့်စွပ်စွဲလျှင် အရိယူပဝါဒကံကြီး ထိုက်လေပြီ။ယခုဘဝ၌ပင် ဒိဋ္ဌဓမ္မ အကျိုးပေးတတ်လေသည်။ (စရိယာ ဋ္ဌ၊၁၅၆။)

သိလျက်စွပ်စွဲသည်ဖြစ်စေ၊မသိ၍စွပ်စွဲသည်ဖြစ်စေကံထိုက်သည်သာဖြစ်၏။

## တောင်းပန်ဝန်ချလျှင် ပြေပျောက်သည်

၁။ အစွပ်စွဲခံရသောပုဂ္ဂိုလ် အသက်ထင်ရှား ရှိနေလျှင် ထိုပုဂ္ဂိုလ်ရှိရာသို့သွားရောက်တောင်းပန်ရသည်။ မိမိကအသက်သိက္ခာ ဝါကြီးသော်လည်း ဆောင့်ကြောင့်ထိုင်၍ "တပည့်တော်သည် အရှင်ဘုရားကို (ဤသို့ဤပုံ)ပြောဆိုမိပါပြီ၊တပည့်တော်အားထိုအပြစ်မှ သည်းခံပါ"ဟုတောင်းပန်ရသည်။ မထေရ်ငယ်ဖြစ်ပါမူ ထိခြင်းငါးပါးဖြင့် ရှိခိုး၍ တောင်းပန်ရသည်။

၂။ အကယ်၍ ထိုပုဂ္ဂိုလ် အခြားအရပ်တခုခုသို့ကြွသွားလျှင် ကိုယ်တိုင်လိုက်၍၊သို့မဟုတ်တပည့်တဦးဦးကို စေခိုင်း၍ ကန်တော့ရ၊ ကန်တော့စေရသည်။

http://www.dhammadownload.com



ထိုသို့မဖြစ်နိုင်လျှင် ထိုပုဂ္ဂိုလ် အမြဲနေရာဌာနရှိ ရဟန်းတော်များထံ ရှေးနည်း အရိုအသေပြု၍ တောင်းပန်ရ၏။ "တပည့်တော်....ပြောဆိုမိပါပြီ၊ထိုအရှင်သည် တပည့်တော်အား သည်းခံတော်မူပါစေ။"

၃။ အကယ်၍ထိုပုဂ္ဂိုလ်မှာ နေရာ အတည်တကျမထား၊ လှည့်လည်သွားလာနေသည်ဆိုလျှင် ရှိဘတ်သောနေရာဆီမှန်းပြီး လက်အုပ်ချီ၍ ကန်တော့ရသည်။

၄။ အကယ်၍ ကွယ်လွန်လျှင် အလောင်းတော်ရှိရာသို့သွား၍၊ သင်္ဂြိုဟ်ပြီးလျှင် သင်္ဂြိုဟ်ရာဌာနသို့ သွား၍ ကန်တော့ရသည်။ (ဝိသုဒ္ဓိမဂ်-၂၊ ၅၆-စုတူပပါတခန်း။ စရိယာ-၄၊ ၁၅၆။ ပဋိသံ-၄-၁၊ ၃၃၇။မဟာနိ-၄၊၃၃၃။)

ထိုသို့ကန်တော့ပါမှ နတ်ရွာလမ်းပွင့်သည်။တရားထူးရနိုင်သည်။ သို့မဟုတ်ပါက အရိယာစွပ်စွဲပြစ်ကြီးသည် မဟာအဝီစိငရဲ၌ ကမ္ဘာပေါင်း အသင်္ချေ မရေမတွက်နိုင်အောင် ခံရပေတော့မည်။ (ဒသကအင်္ဂုတ္တရ-ကောကာလိက သုတ်၌ ရှုပါ။)

## အရိယာစွပ်စွဲပြစ် ၁၁–မျိုး

အရိယာပုဂ္ဂိုလ်အား စွပ်စွဲကဲ့ရဲ့ ရှုတ်ချသူသည် တမလွန် သံသရာဘေးကြီးကို ထားဘိဦး၊ လက်ငင်းပစ္စက္ခယခုဘဝ၌ပင်လျှင် အောက်ပါ အပြစ်များ ရရှိကြောင်း(ဒသက-အင်္ဂုတ္တရ-အက္ကောသကသုတ်၊ ကောဒသ-ဗျသနသုတ်၊ ဝိနည်း-ပရိဝါ-၂၄၉တို့၌) ဟောတော်မူထားသည်။

၁။ မရသေးသောတရားများကို မရနိုင်တော့ခြင်း၊

၂။ ရပြီးသော တရားများ ဆုတ်ယုတ်ခြင်း၊ (အရိယာမဂ်ကို မဆိုလို။)

၃။ သိက္ခာသုံးပါးကို စင်ကြယ်အောင် မတတ်စွမ်းနိုင်ခြင်း၊

၄။ တရားထူးမရပဲ ရသည်ဟု အထင်ရောက်တတ်ခြင်း၊

၅။ သူတော်ကောင်းအကျင့်၌ မပျော်ပိုက်ခြင်း၊

၆။ ဂရုကအာပတ်ကြီးများ သင့်တတ်ခြင်း၊

၇။ လူထွက်ရတတ်ခြင်း၊

http://www.dhammadownload.com



၈။ ပြင်းထန်သော အနာရောဂါ ဖြစ်ဘတ်ခြင်း၊

၉။ ရူးသွပ်တတ်ခြင်း၊

၁၀။ တွေတွေဝေဝေသေရခြင်း၊

၁၁။ သေပြီးနောက် အပါယ်ငရဲ ကျရောက်ရခြင်းတို့ ဖြစ်ကုန်၏။

အထူးမှတ်သားရန်မှာ အရိယာမဟုတ်သော ပုဂ္ဂိုလ်အား အရိယာအဖြစ် ပြောဆိုချီးမွမ်းခြင်းသည်လည်း အရိယာပုဂ္ဂိုလ်အား ကဲ့ရဲ့စွပ်စွဲသကဲ့သို့ပင် အရိယူပဝါဒကံထိုက်ကြောင်း ယင်းပါဠိ အဋ္ဌကထာတို့၌ တိုက်ရိုက်ပင် ပြဆိုထားလေသည်။ အထူးသတိရှိကြပါကုန်။

''နိဗ္ဗိယ ပသံသာယ ဟိ ပသံသိယနိန္ဒာယစ သမကော'ဝ ဝိပါကော''

(အင်္ဂုတ္တရသကသုတ်အဖွင့်။)

'အဘယ့်ကြောင့်သဘောတူသနည်း' ဆိုသော် မိမိ့သူတပါး၊ အယူအကျင့်များယွင်းစေနိုင်သောကြောင့် ဖြစ်ကြောင်း (ယင်းဋီကာ၌)ထပ်မံ ဖွင့်ဆိုထားလေသည်။

ခင်ပွန်းကြီးဆယ်ဦးကို ပြစ်မှား၍ လောင်မီးကျခြင်း၊ စီးပွားပျက်ခြင်းစသော ဒဏ်ဆယ်ပါးလည်းကျရောက်တတ်လေသည်။ (ဒဏ် ၁၀-ပါး-ဓမ္မ-ဠ-၁၊ ၁၁၅-သာမာဝတီဝတ္ထုကြည့်။)

ယခုအခါ **ရိပ်သာပြိုင်၊ ဆရာပြိုင်၊ တရားပြိုင်များ အထူး သတိထားကြရန်** ဖြစ်ပါသည်။ မိမိလိုလားသည့်၌ ပို၍ပြောခြင်း၊ မလိုလားသည့်၌ နှိပ်ချပြောခြင်း စသည်ဖြင့် (မရိုးသားသောစိတ်ဖြင့်) အရိယာတို့ ကိစ္စတွင် တစုံတရာ ဝင်ရောက် စွက်ဖက် ဝေဖန်ပြောဆိုခြင်းများမှ အထူး ရှောင်နိုင်ကြပါစေကုန်။

သူတော်ကောင်းတို့၏ သဘော၊ သိမ်မွေ့လှသော တရားသဘောကား သိခက် နက်နဲပါပေစွ။

ထေရာပဒါန်၌ ဟောဘော်မူသည့်အတိုင်း သာသနာတော်သည်လူလိမ္မာ၊ လူပညာရှိတို့အတွက် အမြိုက်ဆေးကြီးဖြစ်သော်လည်း နှုတ်မစောင့်သော လူမိုက်တို့အတွက်ကား ဝမ်းလျှောဆေး(အဆိပ်တုံး)ကြီးပင် ဖြစ်ဘတ်လေသည်။

ယခုခေတ်အခါ၌ ထိုအရိယူပဝါဒကံကြီးထိုက်သူ၊ သံဃဘေဒကကံကြီးထိုက်သူများ ထိုက်မှန်းပင်မသိရှာကြပဲ ရှိနေကြလေသည်။ ကျွန်ုပ်တို့ များစွာကြားသိ တွေ့မြင်နေရပေသည်။

မန္တလေးမြို့မှ နာမည်ကျော် စာချဆရာတော်ကြီး တပါးလည်း မန္တလေးရဟန္တာဟု ကျော်ကြားသော ဆရာတော်ကြီးတပါးအား စာချဟိုင်းလိုလိုပင် အမျိုးမျိုးကဲ့ရဲ့မိလေ၏။ 'အကောင်' ဟုပင် ရင့်ရင့်သီးသီးသုံးနှုန်းကာဝေဖန်ရှုတ်ချနေလေရာ မကြာမီပင် မိမိထိုင်နေရာ အထက်မှ ကျောင်းအမိုး ဘုံအပိတ်

http://www.dhammadownload.com



ကြီး ဦးခေါင်းပေါ်တည့်တည့်ကြီး ရုတ်တရက်ပြုတ်ကျရာ ထိုဒဏ်ရာ ရောဂါဖြင့် ပင် ကွယ်လွန်ရရှာလေသည်။ နစ်နာလေစွ။ အလားတူ သေွးအန်သေသူများ လည်း တွေ့ဖူးကြားဖူးလှလေပြီ။ ဆင်ခြင်ကြပါလေကုန်။ (ထိုစာချဆရာတော် ကြီးမှာ ကျွန်ုပ်တို့နှင့် တောရဆရာတူတပည့် ဖြစ်သော်လည်း အသက်ချင်းကား များစွာ ကွာပေသည်။)

အရိယာ ပုဂ္ဂိုလ်များကိုသာ မဟုတ်ပါချေ။ အရိယာဖြစ်ရန် ကျင့်ကြံ ပွားများနေသော ယောဂီများကိုပင်လျှင် မထီလေးစားမပြောဆိုရ။ ထိုယောဂီ၏ သီလ,သမာဓိ,ပညာနှင့်တန်သလောက် ကွဲ့ရှဲသူမှာ နစ်ရ,နာရတတ်လေသည်။

## အရိယူပဝါဒကံကြီး မသင့်အောင် စောင့်ရှောက်သော

# ယသထေရ်

မူလပုပ္ဖလဝါပိကျောင်းနေ ရဟန္တာ ဖြစ်တော်မူသော ယသမထေရ်သည် မူလပုပ္ဖလဝါပိရွာတွင်းသို့ ဆွမ်းခံကြွတော်မူရာ ဆွမ်းဒကာ တဦး အိမ်၌ နေ့စဉ် ထိုင်တော်မူ၏။ ပွဲသုကူမထေရ်ဟုလည်း ခေါ်ကြသည်။

မထေရ်ထိုင်ရန် ခင်းထားသောနေရာမှာ ယဇ်ပူဇော်သည့် ခုတင်မြင့်မြင့် ကဲ့သို့သော အင်းပျဉ်ကို မှီ၍ ခင်းထားသည်။ အမတ်ကြီးတဦး၏ သမီးလည်း ထိုအင်းပျဉ်ကိုပင် မှီထားသော နောက်ကျောဘက် အနိမ့်နေရာ တခု၌ ထိုင်၍ ကြည်ညိုနေ၏။ တံခါးပေါက်လောက်ဆီက လှမ်း၍ ကြည့်လျှင် မထေရ်နှင့် ဒကာမနှစ်ဦးကြားက အင်းပျဉ်ကို မမြင်ရချေ။ ကြမ်းတပြေးတည်း အနီးကပ် ထိုင်နေသည်ဟု ထင်နိုင်လေသည်။

ထိုကျောင်း၌ ကျောင်းထိုင်မထေရ် တပါးလည်း ပွဲသုကူမထေရ် ထိုသို့ ထိုင်နေစဉ် ဆွမ်းခံဝင်လာ၏။ ထိုအိမ်တံခါးဝသို့ ရောက်သောအခါ အိမ်ထဲသို့ လှမ်း၍ကြည့်လိုက်ရာ မထေရ်သည် အမတ်ကြီးသမီးဖြစ်သူ ဒကာမနှင့်အတူ ခုတင် ပေါ်ထိုင်နေကြသည်ဟု ထင်မှတ်သွားလေ၏။

'ဒီ ပွဲသုကူမထေရ်ဟာ ကျောင်းမှာတော့ ငြိမ်ငြိမ်ဆိမ်ဆိမ် ဣန္ဒြေကြီး တခွဲသားနဲ့နေတယ်။ ရွာထဲလဲရောက်ရော ခုတင်ပေါ်မှာ ဒကာမကလေးနဲ့အတူ ထိုင်နေလိုက်တာ'ဟု စိတ်ထဲကကဲ့ရဲ့နေမိလေ၏။ 'ငါများ မျက်စိ ရှုန်းနေရော့ လား'ဟုထင်ကာ အကြိမ်ကြိမ် လှမ်း၍ ငဲ့၍ ကြည့်သော်လည်း ထိုသို့ပင် မှတ်ထင် သွားလေ၏။

http://www.dhammadownload.com



ပံ့သုကူမထေရ်လည်း ဆွမ်းကိစ္စ ပြီး၍ ကျောင်းသို့ ပြန်ကြွတော်မူ၏။ ကျောင်းသို့ရောက်လျှင် မိမိ ကျောင်းသို့ကြွကာ တံခါးမင်းတုပ်ချပြီး တရားနှလုံးသွင်း၍ ထိုင်နေတော်မူ၏။ ကျောင်းထိုင် မထေရ်လည်း ကျောင်းသို့ ရောက်လျှင်—

'ဒီ ပံ့သုကူကိုယ်တော်တော့ နှိပ်ကွပ်ဆုံးမပြီး ကျောင်းက နှင်ထုတ်မှ ဖြစ်မယ်'ဟု မဆင်မခြင် ဒူးရှိဒူးရား မထေရ်နေသော ကျောင်းဘက်သို့ သွားလေ၏။ ပံ့သုကူမထေရ်ကျောင်းသို့ ရောက်လျှင် ကျောင်းအဆင်း ဆေးရေအိုးကို အသံမြည်အောင်ဆွဲယမ်းဆောင့်အောင့်၍ ဖွင့်ပြီးလျှင် ရေတမှုတ်ခပ်ယူကာ ခြေဆေးလိုက်သေး၏။ ပြီးလျှင် အဖုံးကို ဂျိုင်းကနဲမြည်အောင် ဆောင့်၍ ဖိချ ဖုံးထားလိုက်သည်။

ပံ့သုကူမထေရ်လည်း ထိုအသံဗလံများကို ကြားတော်မူ၍ 'မယဉ်မကျေးမဖွယ်မရာ ကာယိက္ကန္ဒြေကင်းမဲ့စွာ လုပ်နေတာ ဘယ်သူပါလိမ့်မလဲ'ဟု ဆင်ခြင်၍ ကြည့်တော်မူလျှင် အကြောင်းစုံ သိမြင်တော်မူလေ၏။

'ဩော်....သနားစရာကောင်းသော ကျောင်းထိုင်မထေရ်ကြီး....၊ ခမျာ....ငါ့ကို ပြစ်မှားပြီး အပါယ်လေးပါး မကျရောက်ပါစေနှင့်....'

မထေရ်သည် ချက်ချင်းစျာန်သမာပတ်ဝင်စားကာ အဘိညာဉ်ဖြင့်ပျံတက်၍ ကျောင်းဘုံမျက်နှာကြက်အထက်ပန်းဆွဲအနီး၌ တင်ပျဉ်ခွေ၍ နေတော်မူလေသည်။ ကျောင်းထိုင် မထေရ်ကြီးလည်း စိတ်ဆိုးမာန်ဆိုးဖြင့် ကျောင်းတံခါးမင်းတုပ်ကိုဆောင့်၍ မ,ဖွင့်ပြီး ကျောင်းထဲသို့ဝင်လာရာ ခုတင်ပေါ်၌မထေရ်ကိုမတွေ့ရသဖြင့် 'ငါ့ကို ကြောက်ပြီး ခုတင်အောက်များ ဝင်နေလေရော့လား' အထင်ဖြင့် ခုတင်အောက်ငုံ့ပြီး လှန်လှော ကြည့်လိုက်သေး၏။ ခုတင်အောက်၌လည်း မတွေ့ရသဖြင့် မကျေမချမ်းဖြစ်ကာ ပြန်ထွက်မည် အပြု—

'အပြင်ထွက်ပြီးနောက် မတော်မရော်ဆဲဆိုပြီး ကြိမ်းမောင်း ပြောဆိုသွားယင် ခမျာ....ငါ့အတွက် အကုသိုလ် ပွားစီးရှာတော့မယ်'ဟု စဉ်းစားမိ၍ မထေရ်သည် 'အဟမ်း....'ဟု ကျောင်းဘုံ အထက်မှ ချောင်းဟန့်သံ ပြုလိုက်၏။ ကျောင်းထိုင် မထေရ်ကြီးလည်း ထိုအခါကျမှ အပေါ်သို့ မော့ကြည့်ရာ မြင်တွေ့သွားလေ၏။

ကျောင်းထိုင်မထေရ်သည် ထိုမျှတန်ခိုးကြီးမားသည်ကို ကိုယ်တိုင်မြင်တွေ့ရသော်လည်း တဖျစ်ဖျစ် မြည်အောင် တောက်လောင်နေသော မိမိ ဒေါသ (ပဒုဋ္ဌ=ပြစ်မှားစိတ်)ကို မအောင့်အည်း နိုင်ရှာတော့ပဲ "ငါ့ရှင်....ဒီလောက်တန်ခိုးကြီးပါလျက်ကနဲ့ ဆွမ်းဒကာမကလေးနဲ့ ခုတင်တခုထဲမှာ အတူ ထိုင်နေတာ ကောင်းရော့လား...."စိတ်ဆိုးမာန်ဆိုး ပြောဖြစ်အောင် ပြောလိုက်သေး၏။

http://www.dhammadownload.com



ထိုအခါ ပွဲသုကူဆောင် အရှင် ယသမထေရ်က—

"အရှင်ဘုရား ..၊ အရှင်ဘုရားပဲ စဉ်းစားကြည့်တော်မူပါ၊ ရဟန်းတို့ မည်သည် မာတုဂါမနှင့် အတူတကွ ခုတင်တခုထဲမှာ ထိုင်နေတယ်ဆိုတာ မဖြစ်သင့်ပါဘူးဘုရား။ အရှင်ဘုရားမျှား မျက်စိမှောက်သွားပြီး အထင်မှားတာပဲ ဖြစ်ပါလိမ့်မယ်ဘုရား"ဟု အကျိုးအကြောင်းအပြည့်အစုံပြောပြရာ မထေရ်ကြီး သည် ထိုအခါမှ ဝန်ချတောင်းပန်လိုက်လေသည်။

## အရိယူပဝါဒ မဖြစ်အောင် စောင့်ရှောက်ပုံ

ရဟန္တာ အရှင်မြတ်များသည် မိမိတို့အတွက် မသိမလိမ္မာသူများအား အပြစ်ဖြစ်သွားမည်ကိုလည်း လွန်စွာ ကြောင့်ကြ၍ စောင့်ရှောက်တော်မူကြမြဲ ဖြစ်လေသည်။ (မ-ဋ္ဌ-၂၊ ၂၇၃။ ဝီမံသကသုတ်အဖွင့်။ ဋီကာ အဆို အမိန့်နှင့် တကွ ပြဆိုချက်။ ဝိ-ဋ္ဌ-၂၊ ၂၁၅-အနိယတသိက္ခာပုဒ် အဖွင့်ကား 'မလ္လာရာမ ကျောင်းနေခီဏာသဝထေရ်'ဟု မကျဉ်းမကျယ်လာ၏။)

မြတ်စွာဘုရားရှင် လက်ထက် သာဝတ္ထိပြည်သား သူငယ်ချင်း ရဟန်း နှစ်ပါးရှိရာ တပါးက ဂန္ထဓုရဆောင်၍ ဂိုဏ်းကြီး ၁၈-ဂိုဏ်းကို စာပေသင်ကြား တရားဟောလျက်နေ၏။

တပါးကား ဝိပဿနာဓုရဆောင်၍ ပွဲသုကူ စသော ဓုတင်ဆောင်ကာ တောသို့သွားလျက် တရားအားထုတ်ရာ ရဟန္တာဖြစ်တော်မူ၏။ နည်းခံကျင့်သော တပည့်များပင် များပြားလျက် ရှိသည်။

ငင်းတောနေသူငယ်ချင်း ရဟန္တာပုဂ္ဂိုလ်ကြီး ဘုရားရှင်ထံတရားလျှောက် လာစဉ် စာပေမတတ်၍ အထင်သေးကာ စာဖြင့် နှိပ်စက်မည်ရှိစဉ် ဘုရားရှင် သိတော်မူ၍ ဂန္ထဓုရ ပုဂ္ဂိုလ်အား အရိယူပဝါဒကံကြီး မထိုက်စေရန် ဟန့်တား တော်မူခဲ့ရဖူးလေသည်။ (ဓမ္မ-ဋ္ဌ-၁၊ ၉၉-ဒွေသဟာယကဘိက္ခုဝတ္ထု။)

ယခုအခါ တရားရှုမှတ်နေသော ယောဂီများကလည်း မိမိကို အကြောင်း ပြု၍ မသိမလိမ္မာသူများ အပြစ်မရကြစေရန် အနေအထိုင်၊ အပြောအဆို သတိ ထားကြရာ၏။ အထူးသတိပြုဆင်ခြင်ကြရာ၏။ မိမိအပေါ်တဘက်သား အထင် ကြီးစေရန်ကို မဆိုထားဘိ၊ ဟုတ်သလောက်ကိုပင် တဘက်သား မယုံကြည်နိုင် လောက်က မပြောသင့်။ ဟန်ဆောင်၍ပင် မနေသင့်။ နှစ်ဦးနှစ်ဝပင် အပြစ် မလွတ်ချေ။

http://www.dhammadownload.com



## သောတာပန်တို့၏ စိတ်ထားနှင့် ယုံကြည်ချက်ကိုပြသော
# မထေရ်တပါးနှင့် ဒကာတဦး

သောတာပန်ဖြစ်သော မထေရ်တပါးသည် မဟာစေတီရင်ပြင်၌ အင်္ဂတေ သမံတလင်း ခင်းညှိရန် ပြုလုပ်နေချိန် မိမိလည်း ထိုအလုပ်ကို လုပ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် လက်တဘက်က အင်္ဂတေပုံး၊ လက်တဘက်က သံလက်ကိုကိုင်၍ စေတီရင်ပြင်ပေါ်သို့ တက်လေ၏။

ထိုမထေရ်သည် ရင်ပြင်တနေရာ၌ အင်္ဂတေများ သံလက်ဖြင့် ညှိနေစဉ် ကိုယ်တော်ဝဝကြီး တပါးသည်လည်း ဘုရားပေါ်တက်လာကာ ဝေယျာဝစ္စ လုပ်နေသော ထိုမထေရ်နားသို့ အကျိုးမရှိ၊ ပေါက်တကရစကားများကို မေးမြန်းလေ၏။

ပဌမတွင် အလုပ်လုပ်နေသည့်ကြားက ထိုကိုယ်တော်ကြီးအား တဖက်က လက်ခံ၍ စကားပြောနေရသဖြင့် အလုပ်နှောင့်နှေးရလေ၏။ ထိုကိုယ်တော် ဝဝ ကြီးကား မဆုံးနိုင်အောင် စကားတပျစ်ပျစ် ပြောနေသဖြင့် အလုပ် မဖင့်နှေး စေရန် ထိုမထေရ်သည် အခြားတနေရာသို့ ပြောင်းရွှေ့ပြီး အလုပ်လုပ်၏။ ထို ကိုယ်တော်ဝဝကြီးလည်း နောက်က ထက်ကြပ်မကွာ လိုက်လေသည်။

သို့နှင့် နောက်တနေရာ ပြောင်းရပြန်၏။ ထိုကိုယ်တော်ကြီးလည်း ဆက်၍ လိုက်လာပြန်သည်။ လေးငါးနေရာ ပြောင်းရွှေ၍ ပြောင်းရွှေ၍ လုပ်ရရာ ကိုယ် တော်ကြီးနှင့် မလွတ်အောင်ရှိလေ၏။ သို့နှင့်—

"ကိုယ်တော်မြတ်၊ စေတီယင်ပြင်ဟာ အကျယ်ကြီးပါ၊ သည့်ပြင်မှာ နေစရာများမရှိတော့ဘူးလား"ဟု ဖွင့်၍ ပြောလိုက်သော်လည်းမဖြုံ၊ ခံပြင်းစိတ် လည်းမရှိ။ တခြားသို့လည်း ထွက်၍မသွားချေ။ (မ-ဋ္ဌ-၂၊ ၃၀၀-ကောသမ္ဗိယ သုတ် အဖွင့်။)

အချိန်တန်ဖိုးသိသူများ လုံ၍လုပ်နေရသလောက် အခိပ္ပာယ်မရှိ၊နမော်နမဲ့ ရီးတီးရားတား ပျင်းလောက်အောင် အချိန်တွေ ကုန်ခဲ့နေသူများလည်း ရှိကြ လေ၏။

## သောတာပန်၏ ယုံကြည်ချက်ကို ဖျက်၍မရ

ရတနာသုံးတန် ကံ,ကံ၏ အကျိုးအပေါ်၌ ကြည်ကြည်လင်လင် အမြင် ပြတ်သားနေပြီဖြစ်သော သောတာပန်၏ သဒ္ဓါတရားကိုပင်သော်မျှ ပြောင်းလဲ သွားအောင် မည်သည့်တန်ခိုးရှင်ကမျှ မတတ်နိုင်ချေ။

http://www.dhammadownload.com



တခါက သူရမ္ဗဋ္ဌခေါ်သော ဒကာသည် ဘုရားရှင်ထံမှ တရားနာရ၍ သောတာပန်ဖြစ်ပြီး အိမ်သို့ ပြန်အရောက်၊ မကြာခင်ပင် မာရ်နတ်က ဘုရားဟန်ဆောင်၍ အိမ်သို့လာ၏။ ဘုရားကြွလာတော်မူသည် ဆို၍ သူရမ္ဗဋ္ဌ စိတ်မရှင်းပဲ ထွက်လာ ကန်တော့ရ၏။ မာရ်နတ်က–

"သူရမ္ဗဋ္ဌ....၊ စောစောက ငါဘုရား မစဉ်းစားမဆင်ခြင်မိပဲ ရုတ်တရက် ပြောလိုက်ရလို့ ရုပ်အနိစ္စ၊ ဝိညာဉ်အနိစ္စလို့ ပြောလိုက်မိတယ်။ ဒါကြောင့် ယခု ရုပ်နိစ္စ၊ ဝိညာဉ်နိစ္စလို့ပဲ ပြင်ပြီးမှတ်ယူလော့"ဟု လာပြောရာ မည်သို့မျှ ယုတ္တိမရှိသဖြင့် "သင် မာရ်နတ်မဟုတ်လား."ဟု ကြားဖူးသော ဗဟုသုတအရ လှတ်ကန် မေးလိုက်ရာ အရိယာတို့၏ သဘာဝတန်ခိုးကြောင့် မလိမ်ရဲပဲ ဝန်ခံရလေ၏။

အဘယ်အတွက် လာရကြောင်းကို မေးလျှင် သဒ္ဓါတရားကို ဖျက်ဆီးရန် လာကြောင်း မာရ်နတ်က ဝန်ခံ၍–

"အို မာရ်နတ်ယုတ်....၊ ယခု သင်ဟာ တယောက်ထဲပဲ၊ သင့်လို မာရ်နတ်များ တရာ တထောင် လာဖျက်သော်လဲ ငါ့သဒ္ဓါတရားကို လှုပ်ချောက်ချားလို့ မရဘူး။ မဂ်ဉာဏ်ပညာနှင့်ရလာတဲ့ သဒ္ဓါတရားဆိုတာ ကျောက်သားမြေပေါ်မှာ အခိုင်အမာ ပေါက်လာတဲ့ မြင်းမိုရ်တောင်လိုပဲလို့ မှတ်ထားပါ။ သင် ဒီမှာ ဒီလို လာပြီး မရှုပ်ချင်နှင့်"ဟုလက်ဖြောက်တီး၍ ပြောလိုက်ရာ မာရ်နတ် ထွက်ခွာသွားလေ၏။ (မ-ဋ္ဌ-၂၊ ၂၀၇-ကောသမ္ဗိယသုတ်။ စကားစပ်၍ 'သူရမ္ဗဋ္ဌ' အကြောင်း ထည့်လိုက်သည်။ အရိယာ သောတာပန်သည် သင်္ခါရတရားများကို နိစ္စ၊ သုခ၊ အတ္တဟု ယူဆရိုးထုံးစံ မရှိကြောင်း ဧကကအင်္ဂုတ္တရ၊ ဝိဘင်္ဂပါဠိတို့၌ ဟောထားသည်။ သုပ္ပဗုဒ္ဓလူနူ၊ ခနုဋ္ဌာနီပုဏ္ဏေးမကြီးဝတ္ထု စသည်တို့ကိုလည်း ကြည့်ပါကုန်။)

## သောတာပန် ဓမ္မတာ ခုနစ်ပါး

### (မဟာပစ္စဝေက္ခဏာ ၇-ပါး)

မြတ်စွာဘုရားရှင်သည် ကောသမ္ဗီ အခါကရဟန်းကြီးနှင့်စပ်၍ လိုက်နာသူတိုင်း ပစ္စုပ္ပန်သံသရာ ချမ်းသာရကြောင်း လိုရင်းပဓာန အကျဆုံးဖြစ်သော 'သာရဏီယတရားခြောက်ပါး'ကို (မူလပဏ္ဏာသ-စူဠဂေါသိင်္ဂသုတ်၊ ဝိနည်း မဟာဝဂ္ဂ၊ ဆက္ကအင်္ဂုတ္တရနှင့် မူလပဏ္ဏာသ ကောသမ္ဗိယသုတ်တို့၌) ဟောတော်မူထား၏။ (သာရဏီယ ကျင့်ဝတ်ကြောင့် သစ်ပင်ရှိလျှင် ဆွမ်းရှိသော မထေရ်များ ဤစာအုပ်၌ ပြထားပြီး။)

တဖန် အရိယာပုဂ္ဂိုလ်တို့၏ သဘောထားပုံ၊ နေထိုင် ပြုမူပုံများကိုလည်း 'သောတာပန် ဓမ္မတာခုနစ်ပါး'ဟု ကောသမ္ဗိယသုတ်၌ ဟောတော်မူထားသည်။

http://www.dhammadownload.com



ထိုသဘောတရား ခုနစ်ပါးသည် လောကနှင့်၊ သို့မဟုတ် ပုထုဇဉ်တို့နှင့် လားလားမျှမဆိုင်၊ လောကမှ လွန်မြောက်၍ မြတ်သော ဉာဏ်အမြင်များ ဖြစ်ကြောင်းလည်း မိန့်တော်မူထားလေသည်။

"သောတာပန်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ"ဟု ကွဲကွဲပြားပြား ညွှန်ပြထားတော်မူ၏။ 'ဒိဋ္ဌိ, ဝိစိကိစ္ဆာကို ပယ်သည်' ဆိုသည်ကို ကောင်းစွာ သဘောမပေါက်နိုင်ကြ၍ 'သောတာပန်ဆိုတာ သူ့လိုကိုယ့်လိုပါပဲ' အထင်နှင့် မလေးမစား ဝေဖန်လိုသူ၊ မိမိကိုယ်ကို သောတာပန် ထင်နေတတ်သူများ အတွက် သုတ္တန်အမြင်အရ တမျိုးရှင်းပြတော်မူခြင်း ဖြစ်လေသည်။

သောတာပန်ဓမ္မတာ ခုနစ်ပါးကား–

၁။ သောတာပန် ပုဂ္ဂိုလ်သည် နီဝရဏငါးပါး၊ ယခုဘဝ, နောက်ဘဝအကြောင်း၊ ငြင်းခုံ ခိုက်ရန်ဖြစ်ခြင်းတို့နှင့်စပ်၍ အကြံအစည် အကုသိုလ်ဝိတက်များ (ကိလေသာစိတ်များ) ဖြစ်ပေါ်လျှင် ဖြစ်ပေါ်ရုံမျှသာ ရှိသည်။ ထိုပရိယုဋ္ဌာန (ထိုးနှက်လာသော) ကိလေသာစိတ်များသည် ရရှိသိမြင်ထားသော အသိမှန် အမြင်မှန်ကို တမျိုးတမည် ပြောင်းလဲသွားအောင် မထိုးဖောက် မနှောင့်ယှက်နိုင်။

အထက်မဂ်ဖိုလ်ရရန် စိတ်ကို တသန်တည်း တဖြောင့်တည်း ထားနိုင်၏။

(အကုသိုလ် ကိလေသာစိတ် ကြားခိုလျှင် ခိုမှန်း, ဝင်မှန်းသိကာ၊ သိသည်နှင့် တပြိုင်နက် ချက်ချင်း နောက်စိတ်က ရှုမှတ်ပစ်နိုင်သူဟု ဆိုလိုသည်။)

၂။ မိမိရရှိထားသော အသိအမြင် တရားဖြင့် အမှန်တကယ် စိတ်ငြိမ်သက်မှု၊ ကိလေသာ ငြိမ်းအေးမှု ရရှိနေသည်ကို ပိုင်းပိုင်းခြားခြား ကိုယ်တွေ့ကိုယ်ပိုင် သဘောပေါက်ထား၏။

(သန္ဒိဋ္ဌိကဖြစ်၍ သူပြောလူပြော တဆင့်စကား တဆင့်ကြားဖြင့် ရှုမှတ်ပွားများနေရသူ မဟုတ်။)

၃၊ မိမိရရှိထားသော အသိအမြင် တရားမျိုးကို ရရှိနေသူ အခြားဘာသာဝါဒီတို့အထဲ၌ မရှိနိုင်ဟု သဲသဲကွဲကွဲ သိမြင်ထား၏။

(ပတ်ဝန်းကျင်ကို စောင်းငဲ့ကြည့်လေလေ၊ မိမိဘဝ တန်ဖိုးကြီးမှန်း သိလေလေ ဖြစ်ကာ သဒ္ဓါ, ဆန္ဒ, ဝီရိယများ ထက်သန်နေသူဟု ဆိုလို၏။)

## အရိယာများ၌ ဖြစ်တတ်သော အာပတ်များ

၄။ (သီလသိက္ခာ အကုသိုလ် အပြစ်နှင့် စပ်၍ ရဟန်းတော် အရိယာများတွင်လည်း ပဏ္ဏတ္တိဝဇ္ဇ= ပညတ်တော်မူချက် ရှိနေ၍သာ အစိတ္တက= စိတ်စေတနာမပါပဲ သင့်တတ်သော အာပတ်များရှိ၏။ ဝိနည်းနားမလည်၍ ဖြစ်စေ၊

http://www.dhammadownload.com



အခြား အကြောင်း တမျိုးမျိုးကြောင့် ဖြစ်ခဲ့ သင့်နိုင်သော အာပတ်များမှာ ဂရုက (ကြီးလေးသော)အာပတ်တို့တွင် ကုဋိကာရ (ကျောင်းကန် စီမံမှုဆိုင်ရာ) အာပတ်မျိုး၊ လဟုက=ပေါ့ပါးသော အာပတ်တို့တွင် သဟသေယျ (ဒကာမနှင့် တမိုးတရံတည်း အိပ်မှု) နှင့် ပဒသောဓမ္မ၊ ဓာတုရူပရဇတ၊ ဥတ္တရိဆပ္ပဥ္စဝါစာ၊ သြမသဝါဒသိက္ခာပုဒ်များ၊ ပစ္စဝေက္ခဏာ မဆင်ခြင်မှု စသည်တို့ ဖြစ်ကုန်၏။

လူအရိယာတို့မှာကား ပိုးရှခြပုန်း စသည်တို့ကို စေတနာမပါပဲ မတော်တဆ ပါဏာတိပါတမှု၊ ဖရုသဝါစာ, သမ္ဖပ္ပလာ (အနုစား) စသည်တို့ကို ပြုလုပ်ပြောဆိုမိမည်ဆိုက ဖြစ်နိုင်ရာ၏။

မည်သို့ဖြစ်စေ ရဟန်းတော် အရိယာများ၌ လောကဝဇ္ဇ သိက္ခာပုဒ်များ၊ လူအရိယာ သောတာပန်များ၌ ငါးပါးသီလ သိက္ခာပုဒ်များကိုမူ မကျူးလွန်ကြတော့ပြီ။ အသက်ကိုသာ အသေခံကြကုန်၏။ (ငါး ပါး သီလ အကြွင်းမဲ့ လုံကြောင်းပြဆိုရန် စာမျက်နှာမရပါ။)

ဤ၌ ဆိုလိုသည်မှာ စေတနာမပါပဲ တစုံတရာအာပတ်, အကုသိုလ် အပြစ်မျိုး ကျူးလွန်မိခဲ့သော် ဖုံးကွယ်မျိုသိပ်၍ မထား။ ဝိနည်း ဒေသနာနှင့်အညီ အမြန်ဆုံး ကုစားဖြေဖျောက်၏။ ဒေသနာခံမည့်သူ (မိမိအပြစ်ရှိကြောင်း ဖွင့်ပြော ရမည့်သူ) အနီးအနား၌ မရှိလျှင်သော်မှ ရှိနိုင်သော အရပ်သို့ လက္ခယ်သန်းခေါင် မိုးမှောင်တောလယ် အဘယ်သို့သော အခက်အခဲ ရှိရှိ၊ မရောက် ရောက်အောင်သွား၍ ပြောကြားကုစား၏။

ကလေး ငယ်ကလေးများ ခြေလက်၌ မီးထိသလောက် ကြောက်ရွံ့ပူလောင်၏။ အထိနာ၏။ နောင် ဤအပြစ်မျိုး မဖြစ်စေရန်လည်း အစဉ်သတိရှိနေ၏။

(မိမိသူတပါး ထိခိုက်နစ်နာစေတတ်သော ကာယကံ, ဝစီကံ, မနောကံ ကျူးလွန်မှု တစုံတရာမရှိရအောင် အစဉ် သတိထားနေသော စင်းလုံးချောရိုးဖြောင့်သူဟုဆိုလိုသည်။)

## လောကဝတ္တရားနှင့် တာဝန်ကျေသူ—သောတာပန်

၅။ သောတာပန်ပုဂ္ဂိုလ်သည် (ရတနာသုံးပါး၊ဆရာသမား) သီတင်းသုံးဖော်(လူများ၌ မိသားစု၊အိမ်နီးချင်းများ)တို့၌ ကူညီဆောင်ရွက်ပေးရမည့် ဝေယျာဝစ္စနှင့် စပ်လာလျှင် အညစ်အကြေးသုတ်သင်ပေးခြင်း၊ အမှိုက်ကျုံးခြင်းမှအစ တာဝန်လေးသည်၊ ပေါ့သည်၊ ဂုဏ်သရေမြင့်သည်၊ နိမ့်သည်၊ အယုတ်အမြတ်မရွေး 'ငါဘာလုပ်ပေးရပါ့မလဲ'ဟု အမြဲကြောင့်ကြစိုက်နေ၏။

http://www.dhammadownload.com



ထိုဝေယျာဝစ္စအလုပ်များကို မည်မျှ ကြောင့်ကြစိုက် လုပ်ကိုင်နေရစေကာမူ မိမိ၏တရားနှလုံးသွင်းမှု(သိက္ခာသုံးပါး)လျော့မသွား၊ ထက်ထက်သန်သန်လိုလိုချင်ချင်ကြီးပင် ရှိနေ၏။

မိခင်နွားမကြီးသည် နွားစားကျက်တွင် မိမိသားငယ်ကို တဘက်က ကြောင့်ကြစိုက် စောင့်ရှောက်ယင်းကပင် မိမိမြက်စားသော အလုပ်ကိုလည်း မဖျက်၊ စောင့်ရှောက်မြဲ စောင့်ရှောက်၍ စားမြဲစားသကဲ့သို့ ဖြစ်သည်။

(အလုပ်လုပ်ယင်း တရားကို ရှုမှတ်နိုင်၍ တချိန်တည်းမှာ အလုပ်နှစ်ခုပြီးမြောင်လုပ်နိုင်သူ၊ တကိုယ်ကောင်း ကိုယ်လွတ်ရုန်းနေသူ မဟုတ်ရုံမျှ မက၊ လောကဝတ္တရားနှင့် ကိုယ့်လုပ်ငန်းတာဝန်ကို ကျေပွန်အောင် မလွတ်တမ်း လုပ်နေသူဟု ဆိုလို၏။)

## ဝါဒရေးရာတွင် အမြင်ရှင်းသူ–သောတာပန်

၆။ တရားနာရသောအခါလိုလိုလားလား(အတ္ထိက)၊စိတ်ပါလက်ပါ(မနသိကတွာ)၊ စူးစူးစိုက်စိုက် တလုံးမကျန်မှတ်သားပြီး (သဗ္ဗစေတသာ သမန္နာဟရိတွာ)၊ နားစိုက် (ဩဟိတသောတ)နာယူတတ်၏။

ငိုက်မျည်းခြင်း၊ တစုံဘဦးနှင့် စကားလက်ဆုံကျနေခြင်း၊ စိတ်ပျံ့လွင့်နေခြင်းမရှိ၊ ညလုံးပေါက်နာရသော်လည်း နတ်သုဓာကိုစားနေရသူကဲ့သို့ အားရရောင့်ရဲခြင်း မရှိချေ။

(ဘုရားလက်ထက်တော်က 'ကာတိယာနီ=ကစ္စာနီ'ခေါ် သောတာပန်ဒကာမကြီးတဦး ကျောင်းသို့သွား၍ တရားနာနေစဉ် အိမ်ကို သူခိုးဒမြများဖောက်ဖျက်ခိုးယူနေကြကြောင်း သတင်းလာပို့သော်လည်းအိမ်မပြန်၊ တရားနာမဖျက်၊ "လိုချင်တာယူကြပါစေ"ဟုသာ လာပြောသူအား ပြန်ပြောလိုက်ဖူး၏။)

၇။ တရားနာရသောအခါ တရားသဘော အဓိပ္ပာယ်ကို ကောင်းစွာ သဘောပေါက် နှစ်ခြိုက်၏။ အရသာခံတတ်၏။ (အတ္ထဝေဒံ)။ အသုံးအနှုန်း ဝေါဟာရတရားမှတ်ချက်များကို ငုံမိ၏။ (ဓမ္မဝေဒံ)။တရားနှင့်စပ်၍ နှစ်သက်ရွှင်လန်းဝမ်းမြောက်လေ့ရှိ၏။

(တရားအပေါ်လေးမြတ်ယုံကြည်ပုံကို သိသာစေရုံမျှမက တဘက်သားတို့ပြောဟောသောတရားစကားကို ခွဲခြားနားလည်စွမ်းရှိသော နား အရည်အချင်း 'နား အသံချဲ့စက်–အသံဖမ်းစက်'ကောင်းသူဖြစ်၏။ကြားတိုင်း ပြောတိုင်း ယုံသူမဟုတ်။စာပေဖတ်ရှုရာ၌လည်း ထို့အတူ မျက်စိချဲ့စက်ရှိ၍ အရသာကို ပို၍ ခံစားနိုင်သူ၊ အကောင်းအဆိုး ခွဲခြားရှုမြင်တတ်သူဖြစ်သည်။

http://www.dhammadownload.com



ထို့ကြောင့် 'ယထိန္ဒခီလော' ဂါထာနှင့် မဟာဝဂ္ဂသံယုတ် ဣန္ဒခီလသုတ်, ဝါဒတ္ထိကသုတ်တို့၌ အခြားဘာသာ, အယူဝါဒရေးရာ ပါရဂူကြီးများက သောတာပန် ပုဂ္ဂိုလ်အား (စာမတတ်သူပင် ဖြစ်စေကာမူ) ထိုးဖောက်၍ မရကြောင်း၊ ဝါဒမပြိုင်နိုင်ကြောင်း၊ ဟောတော်မူ၏။ ကေကအင်္ဂုတ္တရနှင့်ဝိဘင်္ဂအဋ္ဌာန ပါဠိတို့၌လည်း သောတာပန်ဖြစ်သွားလျှင် ဆရာမပြောင်း၊ ဆရာသစ်မရှာ၊ ဘာသာဝါဒခြား လက်မခံတော့ကြောင်း ဟောတော်မူထားသည်။

(အယူဝါဒ ဓမ္မရေးရာ၌ ခြွင်းချက်မရှိ အမြင်ရှင်းနေသူဟုဆိုလိုသည်။)

## ဗိမ္ဗိသာရနှင့် သီဟစစ်သူကြီးတို့ လူသတ်သေးသလား

သောတာပန် ပုဂ္ဂိုလ်များသည် ဆင်ခြင်လိုက်တိုင်း အထက်ပါ အရည်အချင်းခုနစ်မျိုးတို့ မိမိသန္တာန်၌ အမှန်တကယ်ရှိနေပြီ ဖြစ်ကြောင်း ကောင်းစွာသိမြင်ကြလေသည်။ လူသာမန်တို့နှင့် အလွန်ကြီးမထူးလှသယောင်၊ ငါးပါးသီလ လုံ၊ ပျှင်ပဲ ပြီးတော့သလိုလို၊ သောတာပန်ဖြစ်သော ဗိမ္ဗိသာရမင်းကြီးနှင့် သီဟစစ်သူကြီးတို့ လူသတ်ခိုင်းသေးလေဟန် ကျောချမ်းဖွယ် ပြောဆိုထင်မြင်နေတတ်ကြသော်လည်း အောက်ထစ်ဆုံးဖြစ်သော သောတာပန်၏ အရည်အသွေးမျှကိုပင်လျှင် အဘယ်မျှနှစ်လိုအားရရမ်း ဝမ်းမြောက် အားကျဖွယ်ရာကောင်းလိုက်ပါဘိသနည်း။ အဘယ့်မျှချမ်းသာနေမည်ကိုလည်း ခန့်မှန်းနိုင်ကောင်း၏။

[ဗိမ္ဗိသာရ၊ သီဟစစ်သူကြီးများ လူသတ်ခြင်း၊ စေခိုင်းခြင်းမရှိပုံကို ဝိနည်းမဟာဝဂ္ဂ-ရာဇာဘိဋ္ဌဝတ္ထု ၁၀၃၊ ယင်းအဋ္ဌကထာ-၂၇၈နှင့် ဘေသဇ္ဇခန္ဓက-သီဟ သေနာပတိဝတ္ထု-၃၃၄ တို့၌ တိုက်ရိုက်ဟောတော်မူ၏။ မုဆိုးကတော် သော်တာပန်လည်း ပါဏာတိပါတကံကို မလွန်ကျူး၊ အဆိပ်ကို ကိုင်တွယ်သော်လည်း လက်၌အနာမရှိ၍အဆိပ်မသင့်ကြောင်း ဓမ္မ-ဋ္ဌ-၂-၁၈-ကုက္ကုဋမိတ္တဝတ္ထုကြည့်ပါ။]

## ကထိုင်တည်းနှင့် ရဟန္တာဖြစ် ကမ္မဋ္ဌာန်း ပေးနိုင်သည်ဆိုသော ပထမတန်း ကမ္မဋ္ဌာန်းနည်းပြ မထေရ်ကြီး

ရှေးအခါက ပညာမဲ့၍အကြည်ညိုလွန်သော တပည့် ဒကာ ဒကာမတို့သည် မိမိတို့ဆရာမထေရ်ကြီးတပါးအား ဈာန် မဂ်ဖိုလ်ရသော ရဟန္တာပုဂ္ဂိုလ်ကြီးတပါးဟု ပြောဆိုအသံလွှင့်ကြလေသည်။

http://www.dhammadownload.com



ထိုမထေရ်ကြီးသည် တပည့်တပန်း ဧည့်သည်များ လာရောက်ကန်တော့ကြသောအခါ ထိုင်မှမထိုင်ရသေးမီ-

"ဘာကိစ္စ လာကြသလဲ။"

"တပည့်တော်များ အမြဲနှလုံးသွင်းရမည့် ကမ္မဋ္ဌာန်း တရားကို မေးလျှောက်ချင်လို့ပါဘုရား။"

"အင်း....ကောင်းပြီ၊ ထိုင်ကြ၊ ငါချက်ချင်း အရဟတ္တဖိုလ်ပေါက်ရောက်နိုင်တဲ့ ကမ္မဋ္ဌာန်းကို ပေးလိုက်မယ်"ဟု ဆိုကာ-

"မိမိနေမြဲနေရာမှာ နေပြီး (ဒီလိုဒီလို) နှလုံးသွင်း၊ ဒါ မူလကမ္မဋ္ဌာန်းခေါ်တယ်၊ အဲသလိုနှလုံးသွင်းယင်းနဲ့ အရောင်အလင်းတွေ ထွက်လာလိမ့်မယ်၊ အဲဒါပထမ မဂ်ရပြီလို့မှတ်၊ အဲသည်နောက် ထပ်၍ နှလုံးသွင်းလျှင် အလင်းရောင်စုဖြစ်ပေါ်ရန် အသိဉာဏ်ကလေး ပေါ်လာလိမ့်မယ်၊ အဲဒါ ဒုတိယမဂ်ပဲ။ တတိယမဂ်၊ စတုတ္ထမဂ်လဲ သိပ်မထူးလှပါဘူး၊ ဒီအတိုင်းပဲ နှလုံးသွင်းသွားလျှင် မဂ်လေးပါး ဖိုလ်လေးပါး ရတော့တာပါပဲ"ဟု မိန့်တော်မူလေ့ရှိ၏။

တရားနာယူကြရသော တပည့်တပန်း ရဟန်းရှင်လူ များလည်း-

"ရဟန္တာမဟုတ်ပဲနဲ့ ဒီလိုကမ္မဋ္ဌာန်းမျိုး ပေးနိုင်ဖို့ မလွယ်ဘူး၊ ဒို့ဆရာမထေရ်ကြီးဟာ ရဟန္တာမှ ရဟန္တာအစစ်ပါပဲ"ဟု ဆုံးဖြတ်ချက်ချ ကိုးကွယ်ကြလေ၏။

ကာလကြာသောအခါ ထိုမထေရ်ကြီး ပျံလွန်တော်မူရာ ကျောင်းအနီးပတ်ဝန်းကျင်ရှိ ဂေါစရဂါမ်ရွာများမှ ဒကာ ဒကာမများ ကျောင်းသို့ ရောက်လာကြလျက်-

"အရှင်ဘုရားတို့....၊ တပည့်တော်တို့ရဲ့မထေရ်ကြီး ပျံလွန်တော်မူခါနီးမှာ တစုံတရာ ဘာများ လျှောက်ထား လိုက်ကြရပါသေးသလဲ" ဟု ကျောင်းရှိ တပည့်သံဃာများကို မေးလျှောက်ရာ သံဃာများက-

"ဒကာတို့....၊ ဘာများ....မေးလျှောက်စရာ လိုသေးသလဲ၊ ဟိုအရင်ကတဲက ကျုပ်တို့ကို အတည့်အလင်း ဟောပြီးထားခဲ့တာပဲ"ဟု မိန့်တော်မူကြလေသည်။

## ပုထုဇဉ်ကို ရဟန္တာမှတ်၍ စေတီတည်ကြ

ဒကာ,ဒကာမများလည်း သံဃာတော်များ၏ စကားကို ယုံစား၍ ပန်းမဏ္ဍပ်၊ ပန်းထွတ်တပ် စံကျောင်းတော်၊ ရွှေပိန်းမျက်နှာကြက် စသည်တို့ကို ပြုလုပ်လျက် အမွှေးနံ့သာတို့ဖြင့် ပူဇော်ကာ ခုနစ်ရက်တိုင်တိုင် သာရကိစ္စ သဘင်

http://www.dhammadownload.com



ပွဲကြီး ကျင်းပကြလေ၏။ မီးသင်္ဂြိုဟ်ပြီးသောအခါ အရိုးများကို ကောက်ယူ၍ စေတီတည်ထား ကိုးကွယ်ကြလေသည်။

ရပ်ဝေးမှ အကြောင်းသိ အာဂန္တုမထေရ်များ ထိုကျောင်းသို့ ရောက်လာ၍ ခြေများဆေးကြောပြီးနောက်—

"မထေရ်ကြီး ဖူးချင်လို့ပါ။ ဘယ်ကြွနေပါသလဲ"ဟု ကျောင်းနေ သံဃာများကို မေးကြသောအခါ—

"အရှင်ဘုရား....၊ မထေရ်ကြီး ပရိနိဗ္ဗာန် ပြုသွားပါပြီ။"

"အာ....ငါ့ရှင်တို့....၊ ဒီမထေရ်ကြီး မဂ်ဖိုလ်နိဗ္ဗာန် ရဖို့ဆိုတာ မလွယ်လှပေဘူး။ ငါ့ရှင်တို့....၊ ပြန်တော်မမူမီ တစုံတရာ မလျှောက်ထားလိုက်ကြဘူးလား။ ဘာများ အမိန့်ရှိသွားသေးသလဲ"ဟု အာဂန္တုမထေရ်များက မေးကြလျှင် ယခင်က ၎င်းတို့အား တထိုင်တည်း ရဟန္တာဖြစ် ကမ္မဋ္ဌာန်းပေးခဲ့ပုံကို ပြန်၍ လျှောက်ကြလေ၏။

"ငါ့ရှင်တို့....၊ ဒီလိုဆိုယင် အဲဒါ မဂ်မဟုတ်ဘူး။ ဝိပဿနာ ဥပက္ကိလေသလို့ ခေါ်တယ်။ ဩော်.... ဖြစ်မှဖြစ်ရလေ....ငါ့ရှင်တို့ မသိရှာကြပါကိုး။ ဒီမထေရ်ကြီးဟာ ပုထုဇဉ်ပါ ငါ့ရှင်တို့ရယ်"ဟု မိန့်တော်မူကြလျှင်ပင် တပည့်များ နေရာမှထကာ—

"ဟုတ်တယ်....ဒီကျောင်းမှာရှိတဲ့ ကိုယ်တော်တွေအားလုံးရော၊ ရပ်ရွာဒကာ ဒကာမတွေရော ဘယ်သူမှ မသိဘူး။ အရှင်ဘုရားတို့ပဲ သိတယ် တတ်တယ်။ အရှင်ဘုရားတို့ ဘယ်လမ်းက ဒီကို ကြွလာကြသလဲ။ ဒီကျောင်းပေါက်အဝင်ဝမှာ ဓာတ်တော်စေတီကို အရှင်ဘုရားတို့ မမြင်ခဲ့ဖူးလား" စသည်ဖြင့် ငြင်းခုံကာကွယ် ကြလေတော့သည်။ (ဝိပဿနာ ညစ်ညူးကြောင်း ဆယ်ပါးသည် ပဋိပတ္တိ သာသနာကွယ်ခြင်း အကြောင်းတရားများအဖြစ် နိဒါနသံယုတ် သဒ္ဓမ္မပဋိရူပကသုတ်အဖွင့်၌ ပါရှိလေပြီ။)

ဤသို့အယူရှိသောရဟန်းများတရာတထောင်ပင်ရှိစေကာမူ၊ထိုအယူကိုမစွန့်သမျှ နတ်ရွာနိဗ္ဗာန်မဂ်ဖိုလ်စျာန်ကို မရရှိနိုင်ကြတော့ပြီ၊ အဘယ်ကြောင့်ဆိုသော်—

"ယော နိန္ဒိယံ ပသံသတိ၊

တံ ဝါ နိန္ဒတိ ယော ပသံသိယော"(ဓမ္မပဒ-၃၇၁။ သံ-၁၊၁၅၁၊၁၅၄။ အံ-၁၊ ၃၁၉-စသည်) ချီးမွမ်းသင့်သော အရိယာကို ကဲ့ရဲ့စွပ်စွဲခြင်းနှင့် ကဲ့ရဲ့ထိုက်သော ပုထုဇဉ်ကို အရိယာအဖြစ် ချီးမွမ်းဂုဏ်တင်ခြင်းသည် တူညီသော အရိယူပဝါဒကံကြီး ဖြစ်နေသောကြောင့်ပင်တည်း။

အဋ္ဌကထာ၌ အလားတူ ၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်းပေးပုံ နည်းဆန်းများကိုလည်း ပြဆိုထားပေသေးသည်။ (မ-ဋ္ဌ-၄၊ ၂၅-၆-သာမဂါမသုတ်အဖွင့်။)

http://www.dhammadownload.com



# လောကုတ္တရာမှာ ဖြင်းစရာမရှိ
# သာမဂါမသုတ္တန်

နိဂဏ္ဌ နာဋပုတ္တဆရာကြီး ကွယ်လွန်ပြီးလျှင်ပြီးချင်း ၎င်း၏တပည့်များ ငြင်းခုံ ခိုက်ရန်ဖြစ်ကြကြောင်း စုန္ဒသာမဏေ လျှောက်ထား သတင်းပေးချက် အရ အရှင်အာနန္ဒာက မြတ်စွာဘုရားမရှိလျှင် တပည့်များ သိက္ခာပုဒ်တို့နှင့်စပ်၍ ငြင်းခုံ ခိုက်ရန်ဖြစ်မည်ကို စိုးရိမ်သဖြင့် မြတ်စွာဘုရားအား နိဂဏ္ဌကြီးသတင်းကို ဖော်ပြယင်း လျှောက်ထားရာ-သိက္ခာပုဒ်တို့နှင့်စပ်သော ငြင်းခုံမှုသည် ပြော ပလောက်အောင် မရှိနိုင်ကြောင်း၊ လောကီယမဂ်၊ သမထ ဝိပဿနာအလုပ်နှင့် စပ်၍မှု ငြင်းခုံနိုင်သေးကြောင်း၊ ထိုငြင်းခုံမှုလည်း တလောကလုံး၏ ဆင်းရဲကျိုး မဲ့ခြင်းအကြောင်း ဖြစ်ကြောင်း မိန့်တော်မူလေသည်။

သို့ရာတွင် လောကုတ္တရာမဂ်သို့ ရောက်လျှင်ကား တစုံတရာ ငြင်းခုံဖွယ် မရှိတော့ချေ။

ထိုသို့သော ဝိဝါဒများ မရှိစေရန်၊ သာရဏီယ တရား ခြောက်ပါးနှင့် အဓိကရုဏ်း ငြိမ်းနည်းများကို ဟောတော်မူခဲ့လေသည်။ (မ-၃၊ ၃၂။ ဥပရိ-သာမဂါမသုတ်။)

"နာဟံ ဘိက္ခဝေ လောကေန ဝိဝဒါမိ၊ လောကော'ဝ မယာ ဝိဝဒတိ၊ န ဘိက္ခဝေ ဓမ္မဝါဒီ ကေနစိ လောကသ္မိံ ဝိဝဒတိ။"(သံ-၂၊ ၁၁၃-၄-ခန္ဓဝဂ်-ပုပ္ဖသုတ်။)

"ရဟန်းတို့.... (ကြာသည် ရေ၌နေရသော်လည်း ရေနှင့် မလိမ်းကျံ သကဲ့သို့ ထိုအတူ) ငါသည် လောကနှင့်မငြင်းခုံ။ လောကကြီးကသာလျှင် ငါနှင့် ငြင်းခုံနေတတ်၏။ ရဟန်းတို့ တရားသဖြင့် ပြောဆိုသူ-တရားသော အယူရှိသူသည် လောက၌ တစုံတယောက်နှင့်မျှ ငြင်းခုံခြင်းမရှိတော့ချေ။"

## ဖြဟ္မာ့ပြည်အထိ ဒုက္ခပေးနိုင်သော
# ကမ္မဋ္ဌာန်း ဆရာများ

ပြဆိုခဲ့သည့်အတိုင်း တထိုင်တည်းနှင့် အရဟတ္တဖိုလ်ထုတ်ချောက် အရောက် ပို့နိုင်သည်ဆိုသော ကမ္မဋ္ဌာန်းဆရာမျိုးသည် မိမိကိုယ်ကို မိမိအထင်ရောက်၍ဖြစ် စေ၊ ပါပိစ္ဆာ=အလိုဆိုးကြောင့်ဖြစ်စေ၊ မည်သို့ပင်ဖြစ်စေ မိမိနှင့်မတန်သော အလုပ်ကို လုပ်ခြင်းသည် မိမိသာလျှင် နစ်နာရသည်မဟုတ်။ နတ်နှစ့်တကွသော

http://www.dhammadownload.com



တလောကကြီးလုံးကိုပင် ဒုက္ခရောက်အောင်, အကျိုးမဲ့အောင် လုပ်နေသူဖြစ်ကြောင်း 'တိကအင်္ဂုတ္တရ ဉာတသုတ်'၌ ဘုရားရှင် တိုက်ရိုက် ဟောတော်မူထား၏။

မိမိကို အရင်းခံအကြောင်းပြု၍ မိမိဘပည့်များ၊ ဆည်းကပ်ကိုးကွယ်သူများသို့ ဘုရားအဆုံးအမ (သာသနာ)နှင့် မလျော်ကန်သော နည်းလမ်းများ ပြန့်ပွားသွားကာ၊ ထိုကမှ တဆင့်—

"ဒီပုဂ္ဂိုလ်ဟာ သူကိုယ်တိုင်မသိပဲနှင့်တော့ ဒီတရားကို ကျင့်မှာ-ပေးမှာ မဟုတ်ဘူး"ဟု ယူဆကာ ကိုယ်စောင့်နတ် ကျောင်းစောင့် ရွာစောင့်နတ်များမှအစ ဗြဟ္မာ့ပြည်အထိ ခေါတ်ခံတူရာတူရာ ပုထုဇဉ်လူမိုက်, နတ်မိုက်, ဗြဟ္မာမိုက်များကို တသိုက်တစန်းကြီး ဒုက္ခချောက်ဘဲသို့ တွန်းချနေသူသာ ဖြစ်ကြောင်း အဋ္ဌကထာ (အံ-ဋ္ဌ-၂၊ ၇၃-ဉာဘသုတ်အဖွင့်)၌ ဖွင့်ပြခဲ့လေသည်။ (ကမ္မဋ္ဌာနံ ဝိသံဝါဒေတွာ ကထေန္တောပန အနန္တလောမိကေသု ခမ္မေသု သမာဒပေတိ နာမ။)

> "မဂ္ဂေ ဝါ ဟိ အာနန္ဒ ပဋိပဒါယ ဝါ သံသေ ဝိဝါဒေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇေယျ၊ သွာ’ဿ ဝိဝါဒေါ ဗဟုဇနာဟိတာယ ဗဟုဇနာသုခါယ ဗဟုနော ဇနဿ အနတ္တာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ" (မ-၃၊ ၃၃-ဥပရိ-သာမဂါမသုတ်။)
>
> "အာနန္ဒာ....၊ ပုဗ္ဗဘာဂမဂ် (လောကီမဂ္ဂင်)၌ ဖြစ်စေ၊ ပုဗ္ဗဘာဂကျင့်စဉ်၌ဖြစ်စေ သံသယဘောင်၌ ငြင်းခုံမှုဖြစ်သော် ဖြစ်နိုင်ရာသေး၏။ အကယ်၍ဖြစ်ခဲ့လျှင် ထို (လောကီသမထ ဝိပဿနာအရာ၌)ငြင်းခုံမှုသည် သတ္တဝါအများ အကျိုးမဲ့ရန်, ချမ်းသာမဲ့ရန် ဖြစ်၏။ များစွာသော လူအပေါင်း၏ အကျိုးပျက်စီးရန် အစီးအပွားမဲ့ရန် ဖြစ်၏။ နတ်လူဗြဟ္မာ သတ္တဝါအားလုံး ဆင်းရဲကြရန်သာ ဖြစ်လေ၏။"

ထိုအတွက် သာဓကေဝတ္ထုကို (ဝိသုဒ္ဓိမဂ်-၁၊ ၂၈၈-ဗြဟ္မ ဝိဟာရခန်း၌လည်း လာသော) မေတ္တာကမ္မဋ္ဌာန်း အပေးမှား,အကျင့်မှား၍ အမတ်သားတယောက် တညလုံး အုတ်နံရံနှင့် လက်သီးထိုး၍ ရှုးရသောအကြောင်းကိုပင် ပြဆိုထားလေသည်။

ယင်းအမတ်သားအား ကမ္မဋ္ဌာန်းပေးသော ဆရာနှင့်စပ်၍ ဝိသုဒ္ဓိမဂ်၌ အထူးမပြ၊ 'ကုလူပက မထေရ်တပါး' ဟုသာ ဆိုသည်။ အင်္ဂုတ္တရအဋ္ဌကထာ၌ကား 'ဒက္ခိဏဝိဟာရဝါသီ' (တောင်အရပ်ကျောင်း) မထေရ်ဟုပါရှိ၏။ အမတ်သားက—

"အရှင်ဘုရား....၊ မေတ္တာပွားတဲ့သူဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးကစ၍ ပွားပို့ရပါသလဲ" ဟု မေးလျှောက်သည်ကိုပင် အထီး,အမ သပ္ပာယ ဖြစ်,မဖြစ် စိစစ်၍ မပေးတော့ပဲ "ချစ်တဲ့သူက စပြီးပွားပို့ရတယ်"ဟုသာ မိန့်ဆိုလိုက်သဖြင့် အချစ်

http://www.dhammadownload.com



ဆိုး မိမိ ဇနီးကစ၍ မေတ္တာပို့ရာ 'မေတ္တာသည် တဏှာနှင့် ကပ်နေသည်' ဆိုသည့် အတိုင်း မေတ္တာပွားယင်း ဇနီးကို အောက်မေ့လှ၍ ကာမရာဂ စိတ်မွန်လာကာ အခန်းတွင်း၌ ထွက်ရန် အပေါက်ရှာမရ နိုင်သဖြင့် တညလုံး ဘိတ္တိယုဒ္ဓ=နံရံနှင့် လက်ဝှေ့ထိုးကာ ရှုံးသွပ်သွားရရှာလေ၏။

ကမ္မဋ္ဌာန်းကို လျော်ကန်သင့်မြတ်အောင် ပေးနိုင်၍ တလောကလုံး၏ အကျိုးဆောင်ဖြစ်ပုံကို ကောဋ္ဌိတကျောင်းနေ နိကာယ် လေးပုံဆောင် တိဿ ထေရ်သည် ၎င်း၏ ညီတော် ပေါတလိယကျောင်းနေ နန္ဒာဘယ (သီမူ-ဒတ္တာ ဘယ)ထေရ်အား နာမကျန်းဖြစ်နေစဉ် ကပ္ပိယကာရ အာဟာရကမ္မဋ္ဌာန်းပေးရာ ချက်ချင်း ရဟန္တာဖြစ်သွားကြောင်း ဝတ္ထုကို ဆက်လက်ဖော်ပြတော်မူလေသည်။

## သာဝကကြီးများသော်မှ တရားပြ လွဲချော်တတ်

ဘုရားလက်ထက်တော်က ခန္ဓာငါးပါး၏ အဖြစ်အပျက် (ဥဒယဗ္ဗယ)ကို ရှုပွား၍ ရဟန္တာဖြစ်သွားသော မထေရ်ကြီးတပါးသည် နောက်ပါယောဂီရဟန်း တော် ခြောက်ကျိပ်ကိုခေါ်ဆောင်၍ ဘောရနေကာ ကမ္မဋ္ဌာန်းများပေး၏။

မဟာဘုတ်၊ ဥပါဒါရုပ်၊ နာမရူပ၊ ပစ္စယ၊ လက္ခဏာ၊ အာရုံ ရှုမှတ်ပုံ များကို တဝါတွင်းသုံး သင်ပြရာ ယောဂီခြောက်ကျိပ်လုံး မေးတိုင်းပင် ဖြေဆို နိုင်ကြ၏။ သို့သော် မဂ်ခန်းဖိုလ်ခန်းကို မေးစစ်သောအခါတွင်ကား တပါးမျှ မဖြေဆိုနိုင်ကြ။ ထိုအခါ ရဟန္တာ မထေရ်ကြီးက—

"အင်း....ငါ့ရဲ့ ဟောမှု ပြောမှု သင်ပြမှုလဲ ဘာမှမလိုဘူး။ သူတို့တတွေ လဲ ကြက်ရေတသောက်လောက်မျှ မတန့်မနား သတိတရားနှိုးရှိနဲ့ အားထုတ်ကြ တာပဲ။ ဘောက်မဲ့....မဂ်ဖိုလ်နိဗ္ဗာန် မရကြပါလိမ့်။ ခက်တာက....ငါလဲ သူတို့ရဲ့ အတွင်းခံ အဇ္ဈာသယကိုမသိ။ ဘုရားရှင်တရားပြမှရမယ့်သူတွေများလားလဲမသိ" ဟု ဆိုကာ (သီတင်းကျွတ်)လပြည့်နေ့ ဘုရားရှင်ထံ တပည့်များကို ခေါ်လာပြီး လျှင် ပုဗ္ဗာရုံကျောင်းတော်၌ ဘုရားရှင်အား တရားမေးလျှောက်ရာ ထိုအခါကျမှ အားလုံး ရဟန္တာ ဖြစ်ဘော်မူကြဘည်။ (မ-၃-၆၆၊ ဥပရိ-မဟာပုဏ္ဏမသုတ်။ မ-ဋ္ဌ-၄၊ ၅၀။)

အရှင်သာရိပုတ္တရာ မထေရ်ကြီးသည်ပင် ဘဝ ငါးရာ ရွှေပန်းထိမ်သည် ဖြစ်ခဲ့ဖူးသော ရွှေပန်းထိမ်သည်သား တပည့် ရဟန်း တပါးအား အနုကြိုက် သဘာဝ အဇ္ဈာသယကို မသိသဖြင့် အသုဘကမ္မဋ္ဌာန်းကို အပေးမှားရာ လေးလ တိုင်တိုင် ရှုပွားသော်လည်း နိမိတ်မျှပင်မပေါ်။ နောက်ဆုံး ဘုရားရှင်ထံ ခေါ် ဆောင်သွားမှ ကြာကန်နှင့်ကြာပန်းဖန်ဆင်းကာ ရှုပွားစေမှ ရဟန္တာ ဖြစ်သွား သေ၏။ (ဓကနိပါတ်-တိတ္တဇာတ်-ဇာ-ဋ္ဌ-၁၊ ၁၉၉။)

http://www.dhammadownload.com



## ဘုရားဟော၍မရ၊ တပည့်ဟောမှ ရသူလဲရှိ

ရံခါ သဗ္ဗညု မြတ်စွာဘုရား တရားပေး၍ မရနိုင်၊ အရှင်သာရိပုတ္တရာ စသော သာဝကများ ဟောပြောပြသပေးမှ တရားထူးရမည့် ပုဂ္ဂိုလ်မျိုးလည်း ရှိသေးသည်။ ပါထိကဝဂ္ဂ-ဒသုတ္တရသုတ်၌ ရဟန်းတော် ငါးရာသည် ဘုရားဟော၍မရ၊ ရှင်သာရိပုတ္တရာဟောမှ ပဋိသမ္ဘိဒါပတ္တ ရဟန္တာများဖြစ်တော်မူသွားကြဖူးသည်။ (ဒီ-ဋ္ဌ-၃၊ ၂၃၈။) အရှင်အာနန္ဒာသည်ပင် အရှင်ပုဏ္ဏ တရားကို နာရ၍ သောတာပန်ဖြစ်ခဲ့လေသည်။ (ခန္ဓသံယုတ်-၈၆-အာနန္ဒသုတ်။)

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, ကမ္မဋ္ဌာန်းယူခန်းနှင့် သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ ကာယဂတာသတိ နိဒ္ဒေသတို့၌ အဋ္ဌကထာဆရာကြီးမှာထားသည့် အတိုင်း ကမ္မဋ္ဌာန်းပေးမည့်သူနှင့်စပ်၍ အရိယာပုဂ္ဂိုလ်ကြီးများကို မရနိုင်ခဲ့သော် ပိဋကတ် ကျွမ်းကျင်သော ပုဂ္ဂိုလ်များထံ နည်းခံရကြောင်း၊ ရဟန္တာအရှင်မြတ်ကြီးများသော်မှ မိမိတို့ လျှောက်ခဲ့သည့် လမ်းစဉ်ကိုသာ ပြတတ်ကြသဖြင့် ချုံပုပ္ပောင်းတို့ကို နင်းချေ၍ သွားနိုင်သော ဆင်ပြောင်ကြီးအလား နာနာနယ ဗဟုသုတရှိသော ပုဂ္ဂိုလ်များထံနည်းခံသင့်ကြောင်း ညွှန်ပြသည်ကိုအလေးမူကြရ ပေလိမ့်မည်။ (ကိံသုကောပမ သုတ်လည်းရှု။)

ရဟန္တာမထေရ်ကြီးများ ထောင်ပေါင်းများစွာ ရှိနေသော်လည်း မိလိန္ဒ မင်းကြီး၏သံသယမေးခွန်းများကို အရှင်နာဂသေနမှတပါး မဖြေဆိုနိုင်ကြသဖြင့် ရဟန္တာအရှင်မြတ်ကြီးများ တိမ်းရှောင်နေကြရဖူးလေသည်။

## တရားထိုင်ခါမှ မိစ္ဆာဒိဋ္ဌိ ဖြစ်သွားရရှာသော
# မဟာဝါစကာလ ဒကာကြီး

အန္တရဂင်္ဂါခေါ် သီဟိုဠ်ကျွန်း ဂင်္ဂါမြစ်ဝှမ်းဒေသ အရပ်၌ နေထိုင်သော မဟာဝါစကာလ ခေါ် ဒကာတဦးရှိခဲ့ဖူး၏။

ဝါစကာလသည် ၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို အနှစ်သုံးဆယ်တိုင်တိုင် ရွတ်ဖတ် သရဇ္ဈာယ် နေခဲ့၏။ သောတာပန် ဖြစ်ရန် ရည်ရွယ်၍ ရွတ်ဖတ်နေရ သော်လည်း—

"ငါသည် အနှစ်သုံးဆယ်လုံးလုံး ၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ရွတ်ဆို သရဇ္ဈာယ်ခဲ့တာ အရောင်အလင်းကလေးဘောင် မရရှိသေးပါကလား။ စင်စစ် မြတ်စွာဘုရား တရားတော်ဟာ သံသရာ ဝဋ်ဆင်းရဲက လွတ်မြောက်စေနိုင်တဲ့

http://www.dhammadownload.com



တရားဟုတ်ပုံမရပါဘူး။ ကျင့်ကြံနေလဲဆင်းရဲရုံပါပဲ''ဟု တဖြည်းဖြည်း မယုံမရဲ ဝိစိကိစ္ဆာဖြစ်ရာမှ နောက်ဆုံး မိစ္ဆာဒိဋ္ဌိလုံးလုံး ဖြစ်သွားလေတော့သည်။

ထိုမိစ္ဆာ အယူကြောင့်ပင် ဝါစကာလဒကာကြီး သေလွန်သော အခါ ဂင်္ဂါမြစ်ကြီးအတွင်း၌ ကိုးဥသဘ ကြီးကျယ်သော မိကျောင်းကြီး ဖြစ်ရရှာလေသည်။ တခါက ကစ္စကဆိပ်ကမ်းမှ ကျောက်တိုင်များကို တိုက်လာသောလှည်း အစီး ခြောက်ဆယ်ကို နွားများကိုရော ကျောက်တိုင်ကြီးများကိုပါ ဝါစကာလ မိကျောင်းကြီးက မျိုဝါးစားသောက်ခဲ့ဖူး၏။

ဒိဋ္ဌိပယ်သတ်သော အလုပ်ကို လုပ်နေစေကာမူ ယောနိသောမနသိကာရ မရှိသူတို့သည် သမ္မာဒိဋ္ဌိရှိရင်းစွဲအယူပင် ရင်းစားပြုတ်ကာ မိစ္ဆာဒိဋ္ဌိ ဖြစ်တတ်ကြောင်း သင်ခန်းစာယူဖွယ် ရှိလေသည်။ (အံ-ဋ္ဌ-၂၊ ၁၀၈-နိဒါနသုတ်အဖွင့်)

## ဒိဋ္ဌိဇာလ=လူထောင်မြှုံးကြီးများ

ကမ္မဋ္ဌာန်းအလုပ်သည် လောက၌ အသိမ်မွေ့ဆုံးဖြစ်၏။ မှန်ကန်လျှင် အတုမဲ့ချမ်းသာကိုပေးနိုင်၍ မှားယွင်းလျှင် သံသရာနှင့်ချီ၍အပါယ်ငရဲစာဖြစ်တတ်လေသည်။

ထို့ကြောင့် မဇ္ဈိမနိကာယ် ဥပါလိသုတ်၌ မနောကံ အပြစ်ကြီးကြောင်း၊ တန်ခိုးကြီးကြောင်း ဟောတော်မူခြင်း ဖြစ်လေသည်။ သတ္တဝါတို့တွင် အရေးအကြီးဆုံး အခရာဆုံးဖြစ်သော အယူမှားယွင်းမှု၊ အမြင်လွဲမှားမှု(မိစ္ဆာဒိဋ္ဌိ)သည် ကာယကံ, ဝစီကံတို့တွင် မပါဝင်ချေ။ မနောကံသာလျှင် ဖြစ်ပေသည်။

အယူဝါဒအမြင်မှားလျှင် ကြောက်ဖွယ်ကောင်းလှသော ကာယကံ,ဝစီကံတို့ကို မြိန်ရေရှက်ရေ လက်ရဲဇက်ရဲ ကျူးလွန်ဝံ့ လေတော့သည်။ ထို့ကြောင့် မနောကံအလုပ်၊ စိတ်အလုပ်ဖြစ်သော ကမ္မဋ္ဌာန်းဘာဝနာအလုပ်သည် မိစ္ဆာဒိဋ္ဌိ ဘေးကြီးနှင့် အလွန်နီးကပ်လျက်နေသဖြင့် ယောနိသောမနသိကာရရှိရန် အလွန်လိုအပ်လှပေသည်။ သဒ္ဓါသီလရှိရန် အရေးကြီးလှပေသည်။

စာပေပရိယတ္တိ ကျွမ်းကျင်သော ပုဂ္ဂိုလ်များပင်လျှင် လာဘ သက္ကာရ သိလောက (လာဘ်, အရိုအသေ,ကျော်စောမှု)၊ မက္ခ ပလာသ (သူ့ကျေးဇူး ချေဖျက်ခြင်း၊ ဘက်ပြိုင်ခြင်း)စသော အကုသိုလ်မနောဆိုး တချက်ဝင်သွားလျှင် ကမ္မဋ္ဌာန်းထိုင်၍ရလာသော သမာဓိသည် ထိုသူမျိုးအတွက် မိစ္ဆာသမာဓိဖြစ်ကာ ဖြေဖျောက်၍ မရနိုင်တော့သော အမှားကြီးများကို ဆက်တိုက် ကျူးလွန်မိတတ်ကြ၏။ စာတတ်သလောက်၊ အရှိန်အဝါ, အခြံအရံကြီးသလောက် ဒုက္ခပေးလေတော့၏။ (ယာဝဒေဝ အနတ္ထာယ၊ ဥတ္တံဗာလဿဇာယတိ။ ဓမ္မပဒ။)

http://www.dhammadownload.com



သာသနာတော်နှင့်ဆန့်ကျင်သော ကမ္မဋ္ဌာန်းနည်းများကိုလည်း ထာဝရ ပယောဂအဖြစ် ကျမ်းစာများကိုပင်ရေးကာ ဝန်လေးသည်ထက် လေးကြရ ရှာသည်။

"အတ္တနာ ဒုဂ္ဂဟိတေန အမေ့စေဝ အဗ္ဘာစိက္ခတိ၊ အတ္တာနဉ္စ ခဏတိ၊ ဗဟုဉ္စ အပုညံ ပသဝတိ။"

(ဝိ-၂၊ ၁၇၇။ မ-၁၊ ၁၈၅။)

တပည့်ယောဂီတဦး မှားယွင်းသည်ထက် ဆရာလုပ်သူမှားလျှင် ပို၍နစ်နာ လှပေသည်။ "ဘုရားရှင်ကိုလည်း စွပ်စွဲပုတ်ခတ်ရာကျ၏။ မိမိကိုယ်ကိုလည်း တူးဖြို ၏။ မကောင်းမှုတွေလည်း ပွားစီးလေတော့သည်။"

၁။ အချို့ကမ္မဋ္ဌာန်းဆရာတို့ကား ကမ္မဋ္ဌာန်းဆရာ တစုံတဦးကို ဦးတည် တိုက်ခိုက်သော်လည်း သဗ္ဗညုတဉာဏ်တော်သခင် ဘုရားရှင်ကအစ တသာသနာ လုံးကိုပင် တုပြိုင်ရာကျလေ၏။ ဥပမာ— လက္ခဏာကိုသာ ရှုမှတ်ရမည်၊ ပဒဋ္ဌာန် မရှုမှတ်ရ။ 'ဂစ္ဆာမိ'ဆိုလျှင်ပင် 'ငါ' ပါနေ၍ မှားယွင်းကြောင်း ရှေးရှေးက ရှိသော ကမ္မဋ္ဌာန်းကျမ်းများကိုပင် ပုတ်ခတ်ကာ **လက်တဆစ်နှစ်ဆစ် ကမ္မဋ္ဌာန်း လက်သစ်များကို** ထွင်မိမှားလေ၏။ (မမှားသော်လည်း မရိုးသားသောစိတ်ဖြင့် တီလှင်ထား၍ နည်းရိုးနည်းကောင်းကား မဟုတ်ချေ။)

ပို၍အံ့ဖွယ်ကောင်းသည်မှာ အရိယာဖြစ်လက်မှတ်ပေးပွဲကြီးကိုပင် တိုင်းသိ ပြည်သိ လုပ်မိလေ၏။

၂။ အချို့လူပြန်တော်များတွင်လည်း ကမ္မဋ္ဌာန်းဆရာကြီး အမည်ခံ၍'မဇ္ဈိမ ပဋိပဒါ'ဟူသည် အလယ်အလတ်လမ်း(မဇ္ဈေ ဘဝါ၊ မဇ္ဈိမာ)ဖြစ်၍ သုခဝေဒနာကို မှတ်လျှင် ကာမသုခလ္လိကာ၊ ဒုက္ခဝေဒနာမှတ်လျှင် အတ္တကိလမထဖြစ်၍ မဇ္ဈိမ ပဋိပဒါကျအောင် ဥပေက္ခာဝေဒနာကိုသာ ရှုမှတ်ရမည်ဟု ယင်းအချက်ကိုပင် မဏ္ဍိုင်ပြုကာ ကမ္မဋ္ဌာန်းကျမ်းများ ရေးသားဟောပြောလျက်ရှိလေ၏။

သတိပဋ္ဌာန်, သက္ကပဉ္ဇ— အဋ္ဌကထာတို့၌ ရှုမှတ်ခါစ ပုဂ္ဂိုလ်များအတွက် ဥပေက္ခာဝေဒနာမှာ ဒုဒ္ဒသ ပနာ=ယောဂီဉာဏ်အမြင်၌ မြင်နိုင်ထင်နိုင်ခက်၍ မှောဟ ကဲ့သို့ပင် ရှိတတ်သောကြောင့် သမင်ခြေရာခံနည်းဖြင့်သာ သိရကြောင်း ဖွင့်ဆို ကြသည်။ (ဒီ-ဋ္ဌ-၂၊၃၁၅။ မ-ဋ္ဌ-၁၊၂၈၂။မ-ဋ္ဌ-၄-ဗဟုဝေဒနာသုတ်အဖွင့်။)

ရုပ်နာမ် ခန္ဓာကိုယ်က မလွတ်သော ရှုမှတ်ချက်တိုင်း၌ မဂ္ဂင်ရှစ်ပါးလုံး ပါဝင်၍ ပါဝင်၍ပင် နေရာ ထိုမဂ္ဂင်ရှစ်ပါးသည်ပင် မဇ္ဈိမပဋိပဒါ မည်ကြောင်း စာပေအရရော, ရှုမှတ်မှုအရပါထင်ရှားလှပေ၏။ ('စိတ် စိတ်အတိုင်းထား' ကား ရှင်းလှပေ၏။ အထူးပြောဖွယ်မရှိ။)

၃။ ထိုမှတပါး နိုင်ငံသိလူဝတ်ကြောင် ဆရာကြီးနှစ်ဦးလည်း ပဋိပတ် လောကတွင် တော်တော်ကလေး သုတေသနပြုသွားကြသည်ကို တွေ့ရ၏။ တဦး

http://www.dhammadownload.com



ကမူ အလွန်ဇွဲလုံ့လကြီးစွာ ပါဠိကျမ်းဂံန်များကိုပင် ဖတ်ရှုနိုင်သည်အထိ ကြိုးစား သွားလေသည်။ ချီးကျူးဖွယ် ကောင်းလှပေ၏။ ဝိပဿနာ ကျမ်းများ ပြုစု၍ သင်တန်းများ၊ အဖွဲ့အစည်းများကိုပင်တည်ထောင်ကာ နှစ်ချုပ်အစီရင်ခံစာများ ကိုပင် ထုတ်ဝေသွားခဲ့၏။

ကြိုးစားပမ်းစား စာပေများကို ဆစ်ပိုင်းကျကျ လေ့လာသွားသော်လည်း အရေးကြီးသော အလုပ်စခန်းပိုင်း ရောက်သောအခါ လွဲချော်နေလေသည်။ မိမိ ကိုးကားသော ပါဠိကပင် မိမိယူချင်သောအဓိပ္ပာယ် ထွက်မလာပဲ မိမိဦးတည် ဖယ်ထုတ်လိုသော တဘက်က အများအားထုတ်နေကြသည့် ဝါဒကိုပင် ဖော်ပြ နေလေသည်။ တဘက်အားထောက်ခံသော ပါဠိများ ဖြစ်နေ၏။ ဝိပဿနာကျမ်း များ၌ အလွန်ပိရိစွာရေးထား၍ မသိသာလှသော်လည်း **နှစ်ချုပ်အစီရင်ခံစာများ** ကို ကြည့်ရသောအခါ ထိုဆရာကြီး၏ ဦးတည်ဖယ်ရှားလိုသောအရာကို ကွက်ကွက် ကွင်းကွင်းကြီးပင် မြင်နေရလေသည်။

ယခုအခါ အများရှုမှတ်နေကြသော သတိပဋ္ဌာန်နည်းကို ဖယ်ရှားလိုခြင်း ပင် ဖြစ်၏။ အံ့ဖွယ်ကောင်းလေစွ။ "ဆန်အိုးထဲက ဆောက်ကြီး ငါမြင်ပေလို့ သာပေါ့။ အနို့မို့ ထမင်းစားတဲ့လူတွေ ဗိုက်ပေါက်ကုန်တော့မယ်" ဆိုသကဲ့သို့ ရှိလေသည်။

"သောတာပန်သည် ငါးပါးသီလ မလုံ၊ အရက်သောက်သေးသည်" ဆိုသော ဆရာကြီးကား လောကဂုဏ်သိက္ခာအရ မူလကဟုတ်သလိုလို တိုင်းပြည်က ထင်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် "ဟင်"ကနဲ ဖြစ်သွားကြ၏။ နာဠန္ဒာ တက္ကသိုလ်မှ ပါမောက္ခကြီးဝင်စားသည်ဟုဆိုသည့်အချိန်မှစ၍ ရာတူးမှ ရပ်စဲခြင်း လည်း ခံရရှာလေတော့သည်။

## ခန္ဓာကိုယ်တွေ့ ပစ်ခနထားကြလျှင်

၄။ ထိုမှတပါး အချို့သောပုဂ္ဂိုလ်များသည် ပရိယတ္တိလည်းမကျွမ်းကျင်၊ ကျွမ်းကျင်သော ဆရာသမားအမှီလည်း မယူ၊ မိမိတို့သံဝေဂအလျောက် ကြားဖူး နားဝဖြင့် ရှုမှတ်ကြရာ လုံ့လဝီရိယ ပါရမီအလျောက် သမာဓိစခန်းတွင် ပေါက် မြောက်ကြသည်။ ပညာစခန်းသို့သော်လည်း ရောက်သူရောက်နိုင်ရာ၏။

သို့ရာတွင် ထိုပုဂ္ဂိုလ်မျိုးသည် မိမိတို့မှ၊ မိမိတို့ဘဝကို ကျေနပ်လောက်ပြီ ဟု ယူဆကာ ဆရာတဆူပြုလုပ်၍ ကမ္မဋ္ဌာန်းပြ ပုဂ္ဂိုလ်ကြီးများ လုပ်နေကြရာ ဝိနည်းရော, အဘိဓမ္မာကိုပါ နားလည်ခြင်းမရှိကြ၍ ဗုဒ္ဓဘာသာဝင်အများစုအား ယုံမှားသံသယ ဖြစ်ကြစေလေသည်။ မသိမလိမ္မာသူ ဒကာ, ဒကာမတို့ကလည်း ဝိုင်းအုံအားပေးကြသဖြင့် စကားအသုံးအနှုန်းများ ဆရာရော, ဒကာပါ နယ်ကျွံ

http://www.dhammadownload.com



လာကြသော်လည်း မိမိတို့ကျ သည်ကို မသိကြလေ။ အပြစ်မကင်းသော ပြောဆိုပြုမူခြင်းများပင် ဖြစ်ကုန်ကြလေ၏။

စင်စစ် ထိုပုဂ္ဂိုလ်မျိုးသည် ရဟန္တာဖြစ်သည်ဟုပင်ဆိုစေဦး၊ဝိနည်းဒေသနာ အရ ဆရာနှင့်ကင်း၍ နေသင့်၊မနေသင့် စသည် စိစစ်သင့်လှပေသည်။

ယခုအခါ ထိုပုဂ္ဂိုလ်မျိုးကပင် ရဟန်း တဝါ နှစ်ဝါနှင့် 'ဆရာတော်၊ ဆရာတော်ဘုရားကြီး' အမည်ခံသော ကမ္မဋ္ဌာန်း နည်းပြဆရာကြီးများ လုပ်နေကြသည်မှာ ထိတ်လန့်ဖွယ်ကောင်းလှချေ၏။

ရှေးအခါက ပိဋကသုံးပုံချုပ်၍ ရဟန်းများစွာ၏ မှီခိုရာပုဂ္ဂိုလ်မျိုးကိုသာ 'ဆရာတော်'ဟု သုံးစွဲရ၏။ သို့မဟုတ်လျှင် 'ခင်ကြီး'ဟုသာ ခေါ်ကြသည်။

ထိုစာမတတ်သော ရဟန္တာ ပုဂ္ဂိုလ်သည်ပင်လျှင် ဝိပဿနာ တရားများ ဟောပြောပြသရန် အကျဉ်းအကျပ်တောင်းဆိုခဲ့သော် မိမိတို့ နေရာဌာနအတွင်း၌သာ ပြသသင့်၏။ပြသရာတွင်လည်း သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယဖြစ်လောက်ရုံ၊ အလုပ်လုပ်တတ်ရုံကိုသာ ပြောဆိုညွှန်ကြား၍ "ဒါက ဘာခေါ်သည်၊ ဒါက ဘယ်အဆင့်" စသော မိမိတို့နှင့်မတန်သည့် (သို့မဟုတ်) မနိုင်နင်းသည့် အရာများကို မသုံးစွဲ မပြောဆို မပြုမူသင့်ချေ။

ရဟန်းကိစ္စ အမှန်တကယ် ပြီးစီးသူပင် ဖြစ်စေကာမူ နားလည်နိုင်သည် မဟုတ်ချေ။ထို့ကြောင့် ခမ်းနားကြီးကျယ်စွာ နယ်လှည့်ဟောခြင်းမျိုးကိုမူရှောင်ရှားသင့်၏။ ဒကာ၊ ဒကာမများကလည်း ပမာဏကို သိသင့်ကုန်၏။ သဒ္ဓါသက်သက်မျှဖြင့်လုပ်သော အလုပ်များသည် သာသနာအား ကြီးစွာသော အန္တရာယ်ကို ပေးတတ်လေသည်။

ထိုမျှတွင် မရပ်မူ၍ ဝိနည်းလည်းမတတ်၊ အဘိဓမ္မာလည်းမနိုင်၊မြန်မာစာ ရေးတတ်ဖတ်တတ်ရုံပင်မရှိပဲ ဝိပဿနာကျမ်းများကိုပင် ပြုစုကြပြန်ရာ သာသနာအတွက် အလွန်ရင်လေးဖွယ် ဖြစ်ကုန်တော့သည်။ (ကြိုးစားပမ်းစား အားထုတ်ထားသည့်အတွက် အထိုက်လျောက်သမာဓိပညာရှိမည်ကို ယုံကြည်ပါ၏။ ရဟန်းကိစ္စပြီးသော် ပြီးရာ၏။ ထိုအတွက် ပြဆိုခြင်းမဟုတ်။)

ဥပမာ—ပထဝီဓာတုကိုပင် ပထဝီကတခြား၊ ဓာတုကတခြား၊လက်ဖက်ရည် ပန်းကန်ကိုပင် ခေါ်တာက ပညတ်၊ လုံးလုံးက ပရမတ်စသည် ပြောဆိုရေးသားထားသော ကျမ်းများ။

တဖန်—ကာယာနုပဿနာ အားထုတ်လျှင် သောတာပန်ဖြစ်၏။ (ဝေယျာလ)ဓမ္မာ နုပဿနာအားထုတ်လျှင် ရဟန္တာဖြစ်၏။ မင်္ဂလေးဆင့် ဖိုလ်လေးဆင့် ဘယ်လိုဘယ်လိုဖြစ်သည်ဟု ဒကာ ဒကာမတို့အား ဟောပြော ရေးသားထားသော တရားစာ၊ ကျမ်းစာများ။

http://www.dhammadownload.com



ခန္ဓာကိုယ်တွေ့ကိုသာ ပဓာနထားကြလျှင် သာသနာတွင် ကြောက်စရာ ဘေးကြီးဆိုက်လေပြီဟုသာ ဆိုရပေမည်။ 'ကျမ်းစာ (ပိဋကတ) မလို၊ ထိုင်နေယင်း သိလာတာသာ အမှန်'ဟု ခံယူသော သာသနာပ 'ဈင်'ဂိုဏ်းကြီးနှင့် တဂိုဏ်း တည်း ဖြစ်သွားပေတော့မည်။ ကြာလာသောအခါ ပရိယတ္တိနှင့် ပရိယတ္တိ ပညာ ရှင်ကြီးများကိုပင် ပမာဏမမူကြတော့ပဲ "သူတို့က စာပဲတတ်တာ၊ ကိုယ်တိုင် မကျင့်လို့ ငါသိထားတာကို မှားတယ်ထင်နေကြတာ"စသည်ဖြင့် အကျင့်တလမ်း စာတလမ်းဟု ဆက်၍ မှားကုန်ကြလေသည်။ မှတ်ကျောက်၏ အဆုံးအဖြတ်ကိုပင် အမှန်ဟု မခံယူလိုကြတော့ပြီ။ ဤခံယူချက်သည် တလောကလုံးအား နစ်မွန်း စေလေတော့၏။

## ဓမ္မစက်ကို ရိုက်ချိုးဖျက်ဆီးမှုကြီး

အသိဉာဏ်နည်းပါးသဒ္ဓာများသော ဒကာ ဒကာမများက မည်မျှပင် ဝိုင်းအုံ ချီးပပူဇော်၍ အကျော်ဒေးယျ ဖြစ်စေကာမူ ထိုအပြောအဆို အရေး အသားမျိုးသည် ပညာရှိတို့နားတွင် ကန့်လန့်ကြီး ဝင်နေသဖြင့် ထိုပုဂ္ဂိုလ်တို့၌ ရှိနိုင်သော သမာဓိ၊ ပညာများကိုပင် သံသယဖြစ်လာကြလေသည်။ ဖြစ်လည်း ဖြစ်ထိုက်လှပေ၏။

အဓိကရုဏ်း(ငြင်းခုံမှု) ကိုယ်ထိလက်ရောက် မဖြစ်စေကာမူ သာသနာ တော်၌ ဓမ္မကိုအဓမ္မ၊ အဓမ္မကို ဓမ္မ ပြောဆိုခြင်းသည်ပင် ဝိဝါဒါဓိကရုဏ်းဟု ခေါ်လေသည်။ အလွန်တာဝန်လေးလှသည်။ ပစ္စေကဗုဒ္ဓါများပင်လျှင် ဝေါ ဟာရမနိုင်နင်း၍ တရားဟောတော်မမူကြပေ။

အထက်ပါ ၁-၂-၃-၄ ပုဂ္ဂိုလ်များတွင် အသက်ထင်ရှား ရှိသူများလည်း ရှိ၏။ ကွယ်လွန်သူများလည်းရှိ၏။ ကွယ်လွန်သွားကြစေကာမူ ထိုပုဂ္ဂိုလ်များ၏ ကျမ်းစာများ 'ထာဝရပယောဂ'အဖြစ် ရှိနေကြသေးသဖြင့် နောက်သားနောင် လာတို့ စဉ်းစားကြရန် ဖော်ပြရပေ၏။

လုံးလုံး မှားယွင်းသောဝါဒများ အထူးရှင်းဖွယ်မရှိ။ အထက်ပါ ဝါဒ တို့ကား အမှန်နားသို့ကပ်လာသော၊ ကပ်၍ဖွဲ့နေသော အယူများဖြစ်၍ သတိပြု ကြရပေလိမ့်မည်။

ထိုဝါဒများသည် ပဋိပတ္တိသာသနာအား တိမ်းပါးအောင် မစွမ်းဆောင် နိုင်ကြစေကာမူ ဆင်တူယိုးမှား ပူးကပ်နေ၍ ဘုန်းကံနည်းပါး ဉာဏ်ခေါင်းပါး သော ဒကာ၊ ဒကာမများ 'ဒိဋ္ဌိဇာလ=လူထောင်မြှုံးကြီးများ'အတွင်း မဝင်မိကြ စေရန်သာ ရည်ညွှန်းပါသည်။ အရိယူပဝါဒကံကြီးမဖြစ်ကြစေရန် ရည်သန်ပါ၏။ ဘုရားရန်သူ မိစ္ဆာဒိဋ္ဌိ မဖြစ်ကြစေရန် ရည်ညွှန်းပါ၏။

http://www.dhammadownload.com



ပြဟ္မဇာလသုတ်၌ မြတ်စွာဘုရားရှင်အယူဝါဒများ ရှင်းပြရာ၌ 'ဒိဋ္ဌိဇာလ' ကြောက်ဖွယ်ကောင်းပုံကို သင်ခန်းစာယူကြရန် ဖြစ်ပါသည်။

၁။ အဘိဓမ္မံ ပဋိဗာဟေန္တော ဣမဿ ဇိနစက္ကေ ပဟာရံ ဒေတိ= အဘိဓမ္မ သဘာဝအမှန်ကို ဆန့်ကျင်ဟန့်တား ပြောဆိုရေးသားသူသည် ဤမြတ်စွာဘုရားရှင် သာသနာတော် အဆုံးအမတော် ဓမ္မစက်ကို ရိုက်ချိုးဖျက်ဆီးသူမည်၏။....

၂။ သဗ္ဗညုတညာဏံ ပဋိဗာဟတိ=သဗ္ဗညုတ ဉာဏ်တော်ကို စော်ကားသူမည်၏။

၃။ သောတုကာမံ ပရိသံ ဝိသံဝါဒေတိ = ကြားနာ ဖတ်ရှုရသူ အပေါင်းအား အလွဲလမ်းညွှန်ရာ ရောက်၏။

၄။ အရိယမဂ္ဂေ အာဝရဏံ ဗန္ဓတိ=သတ္တဝါတွေ တရားထူးမရအောင် ပိတ်ပင် ချုပ်နှောင်ထားသူ မည်၏။

၅။ အဋ္ဌာရသသု ဘေဒကရ ဝတ္ထူသု ဧကသ္မိံ သန္ဒိဿတိ=သာသနာတော်အား တနည်းနည်းဖြင့် ကွဲပြားအောင် ပြုလုပ်နေသူမည်၏ (စသည်)။

(အဋ္ဌသာလိနီ–၃၀။)

## ငရဲ အဖော်ညှိသူ

တရားသဘောတို့ကား သိသိကလေးနှင့် တသံသရာလုံးလွဲကာ အပါယ်ငရဲဘေးကြီးနှင့် နီးကပ်လှချေ၏။

ကိုယ်တိုင်ဆုံးဖြတ်ချက် ချနိုင်လောက်အောင် အသိဉာဏ်မရှိပဲ(အနနုဝိစ္စ)၊ အဖြေမှန် ပေါ်အောင် အထပ်ထပ် လေ့လာ စူးစမ်းမှုမပြုပဲ (အပရိယောဂါဟေတွာ)–

၁။ ချီးမွမ်းထိုက်သူအား ကဲ့ရဲ့ခြင်း၊

၂။ ကဲ့ရဲ့ထိုက်သူအား ချီးမွမ်းခြင်း၊

၃။ အကျင့်မှား လမ်းမှား တရားအလွဲများကို ကျင့်စေခြင်း၊ စည်းရုံးသိမ်းသွင်း သွေးဆောင်ခြင်း၊

၄။ အကျင့်မှန် လမ်းမှန် တရားမှန်၌ ပိတ်ပင်ခြင်း လေးမျိုးသည် "ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ" ငရဲသို့ ကျအောင် ဆွဲဆောင် တွန်းပို့ ချနှစ်ခြင်း ဖြစ်ကြောင်း အံ-၁၊ ၈၈။ ၃၉၆

http://www.dhammadownload.com



(ဒုက-အာယာစနဝဂ်နှင့် စတုက္က-အဝဏ္ဏာရဟာသုတ်။)၌ တိုက်ရိုက် သတိပေးတော်မူခဲ့လေသည်။

"အဘူတံ အဘူတတော နိဗ္ဗေဌေ တဗ္ဗံ=ချစ်သားတို့....၊ နည်းမမှန် လမ်းမကျသည့်အရာကို မမှန်ကန်ကြောင်း ဖြေရှင်းကြရမည်။"

(ဗြဟ္မဇာလသုတ်။)

# အနစ်နာဆုံး အလိမ်ခံရသူ
# (တာလပုဋ ဇာတ်အုပ်ဆရာကြီး)

လောက၌ တဦးက တဦး လိမ်လည် လှည့်ဖြားကြရာတွင် စီးပွားဉစ္စာ စသည် နစ်နာဆုံး ရှုံးဆုံးအောင် အလိမ်ခံရခြင်းထက် အယူဝါဒရေးရာ စိတ်ပိုင်းဆိုင်ရာ ဘာသာအယူနှလုံးသည်းပွတ်နှင့်စပ်၍ အလိမ်ခံရခြင်းသည် အနစ်နာဆုံး ဖြစ်လေသည်။

မြတ်စွာဘုရား လက်ထက်တော်က ရာဇဂြိုဟ်မြို့၌ ထင်ရှားကျော်ကြားသော တာလပုဋခေါ် ဇာတ်အုပ်ဆရာကြီးတဦးရှိ၏။

ထိုဇာတ်အုပ်ဆရာကြီးသည် ဘုရားရှင်နှင့် တွေ့သော အခါ ကချေသည်များသေလျှင် ပဟာသ(ပျော်ရွှင်စရာကောင်းသော) နတ်ဘုံတခု၌ ရောက်ရကြောင်း ဆရာ့ဆရာကြီးများ အဆက်ဆက် ပြောဆိုခဲ့ဖူးသည်ကို မှန်-မမှန် လျှောက်ရာ သုံးကြိမ်တိုင်တိုင် "ဒါထားပါ၊မမေးနှင့်"ဟု တားတော်မူ၏။ မရသည့်အဆုံး "ပဟာသ နတ်ပြည်မဟုတ်၊ အဝီစိငရဲတွင်ပါဝင်သော ပဟာသငရဲကို သွားရောက် ခံရကြောင်း" ဟောတော်မူလျှင် ဇာတ်အုပ်ဆရာကြီး ချုံးပွဲချ ငိုကြွေးရရှာလေသည်။

ထိုအခါ မြတ်စွာဘုရားက "မမေးနှင့်ဆိုတာ မရမက မေးသကိုး"ဟု မိန့်တော်မူလျှင်—

"တပည့်တော် ဒီအတွက် ငိုတာမဟုတ်ပါဘုရား။ ဇာတ်ဆရာကြီး အဆက်ဆက်တို့က တပည့်တော်တို့အား (ငရဲခံရမည်ကိုပင်) ပဟာသနတ်ပြည်ရောက်မယ်လို့ သူတို့ လိမ်လည်လှည့်စားခြင်းကို တပည့်တော်ခံရတဲ့အတွက် ငိုတာပါဘုရား" ဟု လျှောက်လေသည်။

နောက်ရဟန်းပြု၍ ဇာတ်အုပ်ဆရာကြီး တာလပုဋ ရဟန္တာ ဖြစ်တော်မူသွား၏။ (သံ-၂၊ ၄၉၇၊ တာလပုဋသုတ်နှင့် ထေရဂါထာ ဋ္ဌ-၂၊၄၅၇။)

http://www.dhammadownload.com



ကောရက္ခတ္တိယစသော ခွေးကျင့် နွားကျင့် ကျင့်နေသူများလည်း လုပ်ချင်၍သာ လုပ်နေသူများမဟုတ်၊ ဘာသာရေး မြှုံးသွင်းကာ အလိမ်ခံရသူများသာ ဖြစ်ကြလေသည်။

(မဇ္ဈိမ-ကုက္ကုရဝတိကသုတ်။ မ-၂၊၅၀။)

**လူတို့သည် အလိမ်ခံချင်နေကြ၏။ ဘာသာဝါဒရေးနှင့် လိမ်လျှင် အလိမ်ခံရသည်ကိုပင် ဂုဏ်ယူနေကြလေသည်။**

## ရဟန္တာဟန်ဆောင်သည်အထိ
## ရဟန်းဆိုးတို့ လိမ်ပုံ လိမ်နည်းများ

မြတ်စွာဘုရား ပညတ်တော်မူသော ဝိနည်းဒေသနာကား အလွန်လျှင် သိမ်မွေ့လှပါပေ၏။ ကာယကံနှင့် ဝစီကံကို တားမြစ်ရန် မိန့်ဘော်မူထားသော်လည်း မနောကံ အတွင်းသားထဲက မရိုးသား မဖြူစင်လျှင် ထိုမနောဒုစရိုက်သည် မည်မျှဖုံးကွယ်ထားစေကာမူ နှုတ်က၊ သို့မဟုတ် ကိုယ်က ထွက်ပေါ်လာမည်သာ ဖြစ်လေသည်။

အခြား အခြားသော နေနည်းစားနည်း ကျင့်ဝတ်များ အတွက်ကား မထောင်းတာလှ။ ပစ္စည်းရမှု၊ ကျော်စောသက္ကာရ ရမှုနှင့် စပ်၍လာလျှင်သော်လည်းကောင်း၊ အထူးအားဖြင့် 'ဥတ္တရိမနုဿဓမ္မ'ခေါ် ဈာန်မဂ်ဖိုလ်နှင့် စပ်၍ လာလျှင်သော်လည်းကောင်း၊မရိုးသားသော အတွင်းစိတ်ဓာတ်ခံကြီး ညှံ့နေပါသမျှ ထိုအပြစ်များမှ လွတ်ကင်းရှောင်လွှဲရန် မလွယ်ကူလှချေ။

"ဧဝံ မံ ဇနော သမ္ဘာဝေဿတိ=ဒီလိုနေလျှင်၊ ပြောလျှင် လူဒကာ ဒကာမအများက ငါ့ကိုချီးကျူးမြှောက်စား အားပေးကြည်ညိုလိမ့်မည်"ဆိုသော စိတ်ဖြင့် ဘာကိုမျှ မပြုလုပ်မပြောဆိုခြင်းသည် အရှင်းဆုံးဖြစ်ပေ၏။ (စတုတ္ထ ပါရာဇိကလာ ဝိနီတ ဝတ္ထုများကိုလည်း ရှုပါ။)

ဝိနည်း, အဘိဓမ္မာ ပါဠိအဋ္ဌကထာတို့၌ လာဘ်ပူဇော် သက္ကာရ ရအောင် မရိုးသားသော ပြောနည်းလုပ်နည်း နေနည်းထိုင်နည်း လိမ်လည်လှည့်ပတ်နည်းများစွာ ဟောကြားဖွင့်ဆို ထားတော်မူကြသည်မှာ ရေးမကုန်အောင်ရှိပေ၏။

သဒ္ဓါတရားမကောင်းပဲ ကောင်းလေဟန်၊သီလမရှိပဲ ရှိလေဟန်၊ သမာဓိအာရုံမရှိပဲ ရှိလေဟန်၊ စာမတတ်ပဲ တတ်လေဟန် အလုပ်အကျွေး ဒလံများ ထား၍တဖုံ လိမ်နည်းမျိုးစုံ၊ အလိုဆိုးမျိုးစုံကို ပြဆိုထားရာ စုံလှပေသည်။

http://www.dhammadownload.com



ဒကာ့ဒကာမ လူသူမြင်လောက်မှ ယုတ်စွာ့အဆုံး တံမြက်လှည်းဟန်၊ "အာ–ကျောင်းထဲမှာ ဆူလွန်းလို့ ဒီလိုပဲ ဆိတ်ငြိမ်ရာမှာ နေရတယ်"စသည်ဖြင့် လည်းကောင်း၊ညက ဘာ့သံလဲ မမြင်မကြားလိုက်ကြဘူးလား၊အဲဒီတော့ဘုန်းကြီး စင်္ကြံလျှောက်နေတုန်း ကြားလိုက် မြင်လိုက်ရတာပဲ"ဟု တမျိုး၊ "ဘုန်းကြီး တော့ဖြင့် တခါမြင်ဖူး ဖတ်ဖူးယင် မှတ်မိနေတာပဲ"ဟု သတိကောင်းလေဟန် တဖုံ၊ လူရှေ့ သူ့ရှေ့တွင် "ဟို....ပထမစျာန်ရဲ့ သဘောက ဒီလိုမဟုတ်သေးပါဘူး"၊ "အင်း....ဘုန်းကြီးတော့ အဲဒီပါဠိတော်ကြည့်ရုံနဲ့ ဒီတရားတွေ သိမြင်လာတာပါ ပဲ၊ ပရိယတ္တိဆိုတာ ဘာမှမခက်ပါဘူး၊ဒါပေမယ့် ဒီစာအလုပ်ကို ကျက်မှတ်သင်ယူ နေလို့တော့ ဒီဇာတိစတဲ့ ဒုက္ခတွေက မလွတ်နိုင်ဘူး။ ဒါနဲ့ စာတွေ ဘုန်းကြီးတော့ မေ့ဖျောက် စွန့်လွှတ်ထားတာ ကြာပါပြီ" စသည်ဖြင့် ပရိယတ္တိကိုရှုတ်ချ၍ လည်း ကောင်း မိမိကိုယ်ကို ပညာရှိကြီးအထင်ရောက်အောင် ပြောဆိုသူများကိုလည်း ပြဆိုထား၏။

ဝိဘင်း အဋ္ဌကထာ-၄၅၆-၇ (ခုဒ္ဒက ဝတ္ထုအဖွင့်)၌ ထိုမရိုးသားသော ပြောဆိုဟန်ဆောင်ခြင်းများနှင့်စပ်၍—

> "ဧဝံ ဝဒန္တော ပန ယော သာသနေ ပဟာရံ ဒေတိ၊ လူမိန္ဒာ သဒိသော မဟာစောရော နာမ နတ္ထိ=ဤသို့ ပြောဟောသူသည် ဘုရား သာသနာကို ပုတ်ခတ်သူ မည်၏။ လောက၌ ဤသူလောက် မိုက်မဲ သော သူခိုးကြီး မရှိပြီ"

ဟု မှတ်ချက်ပြုတော်မူ၏။

## အိုးစရည်း ရဟန္တာ(စာဒ္ဒိအရဟန္တ)

တဖန် အဋ္ဌကထာ၌ ဆက်၍ပြပြန်သည်မှာ အရပ်ထဲမှ ကလေးသူငယ် များအား—

"မင်းတို့ အမေ့အဖေတွေက ငါ့ကို ဘယ်လို ပြောဆိုနေသံ ကြားလဲ။"

"အရှင်ဘုရားကို ရဟန္တာလို့ ပြောနေကြပါတယ်ဘုရား။"

"အေး....မင်းတို့မိဘတွေက တယ်....အသိဉာဏ် ဗဟုသုတ ရှိတာပဲ။ သူတို့ ဟာ ဘယ်တုန်းကမှ လိမ်လည် မပြောတတ်ကြဘူး"ဟူ၍ပင် ကိုယ့်ကိုကိုယ် ရဟန္တာ ကြေငြာပုံကိုလည်း ပြဆိုထားလေ၏။ ထိုမျှမက—

ဘုန်းကြီးတပါးသည် ကျောင်းအခန်းထဲ၌ လူဝင်လောက်သောအိုးစရည်း ကြီးတလုံးကို မြေ၌မြှုပ်ထား၏။ ဧည့်သည်လာလျှင် ဒလံများက ကျောင်းထဲမှာ ရှိကြောင်း ပြောဆိုသော်လည်း မဖူးတွေ့ရသဖြင့် ပြန်ထွက်သွားကြရာ ဒလံများက

http://www.dhammadownload.com



"ကျောင်းထဲမှာပဲ ရှိပါတယ်"ဆို၍ တဖန် ပြန်၍ဝင်ကြသောအခါ အိုးစရည်းကြီးထဲကထွက်၍ ထိုင်ခုံပေါ်၌ အပူဇော်ခံနေလျှင်—

"အရှင်ဘုရား....၊ စောစောက တပည့်တော်တို့ အခန်းထဲမှာမတွေ့လို့ တခါ အပြင်ထွက် ပြန်သွားကြရတယ်။ ဘယ်ကြွနေပါသလဲ" လျှောက်ရာ—

"ရဟန်းဆိုတာ ဒီလိုပါပဲ....၊ သင့်တော်သလို အလိုရှိရာ သွားနေကြတာပါပဲ"ဟု မိန့်တော်မူလေ၏။ ဤကား 'အိုးစရည်း ရဟန္တာ' ဖြစ်သည်။

# မြစ်ပျဉ်းရဟန္တာ (ပါရောဟ အရဟန္တ)

ယင်း အဋ္ဌကထာ-၄၅၈-၌ 'မြစ်ပျဉ်းရဟန္တာ' တပါးအကြောင်းကိုလည်း ဆက်၍ ပြထားသည်။

ရှေးက အုံ့ဖွယ်သရဲ ထူးကဲဟန်ဆောင်လိုသော ဘုန်းကြီးတပါးသည် ရွာနှင့် မနီးမဝေး တောင်ကခုအနီး သစ်ရွက်မိုး ကျောင်း၌ နေသတတ်။

ကျောင်း၏နောက်ဘက်၌ နက်စောက်သော ချောက်ကမ်းပါးကြီးရှိရာ ထိုချောက်နှုတ်ခမ်း၌ အမြစ်ရှည်သောညောင်ကြပ်ပင်ကြီးတပင်လည်း ရှိလေသည်။ ယို မြစ်ပျဉ်းရှည်ကြီးသည် ကျောင်းနှင့်ချောက် တဘက်ကမ်းကို ဖြတ်သန်း၍ ပေါက်ရောက်လျက် ရှိ၏။

ဆွမ်းစားစသည်အတွက် ဒကာ ဒကာမများ ကျောင်းသို့လာပင့်ကြလျှင် "ကဲ....ကဲ....ကောင်းပြီ၊ သွားနှင့်ကြ"ဟုဆိုကာ မိမိမှာမူ နောက်မှ သွားလေ့ရှိသည်။ ဒကာများမှာ ချောက်ကြီးကို ကွေ့ပတ်၍ လမ်းရိုးလမ်းရှည်က သွားကြရသဖြင့် ကြာမြင့်နေရာ ဘုန်းတော်ကြီးမှာ ချောက်ကိုဖြတ်သော သစ်ပင်မြစ်ပျဉ်းကြီးပေါ်က ဖြတ်ကျော်ပြီးသွားသဖြင့် ရွာပေါက်သို့ အလျင်ရောက်နေနှင့်၏။ ဒကာများက အံ့သြကာ—

"အရှင်ဘုရား ...၊ ဘယ်လမ်းက ကြွလာတော် မူလာပါသလဲ" မေးကြလျှင်—

"ဒါ....မသိချင်ကြပါနဲ့၊ ရဟန်းတို့ သွားလာတဲ့လမ်းကို မမေးကောင်းဘူး။ ဒီလိုပဲ....ရဟန်းဆိုတာ အလိုရှိရာလမ်းက ကြွတတ်ကြတာပဲ"ဟု မိန့်တော်မူလိုက်၏။

နောက်လူတယောက်က မယုံသင်္ကာရှိ၍ စုံစမ်းရာ အကြောင်းစုံ တွေ့မြင်ရသဖြင့် အဆိုပါသစ်ပင်မြစ်ပျဉ်းကြီးကိုဖြတ်၍ မသိလိုက်ဘာသာ နဂိုနေမြဲအတိုင်း ထားလိုက်သည်။ ဘုန်းကြီးလည်း တနေ့တွင် ထုံးစံအတိုင်း တန်ခိုးပြရန် မြစ်ပျဉ်း

http://www.dhammadownload.com



ကြီးပေါ်သို့ တက်လေရာ ဗိုင်းကနဲ ချောက်ကြီးထဲသို့ လိမ့်ကျသွားလေ၏။ မြေ သပိတ်လည်း ကွဲသွားသည်။

ထိုနေ့မှစ၍ "ငါ့အကြောင်း ဒကာတွေ သိသွားပြီ"ဟုဆိုကာ ကျောင်း ကလေးမှ ထွက်ပြေးသွားလေတော့သတည်း။

## သာသန ဒမြ သူပုန်ကြီးငါးယောက်

လောက၌ သူခိုး ဒမြသူပုန်တို့သည် တဖြည်းဖြည်း သဘောတူရာ နောက် လိုက်နောက်ပါ လူသူစုဆောင်းကာ တအိမ်းရွာမှစ၍ တမြို့နှစ်မြို့ တနိုင်ငံ နှစ်နိုင်ငံထိအောင် မိမိတို့အင်အားအလိုက် ခိုးယူလုယက် ဖျက်ဆီးကြ၏။

သာသနာတွင်း သူခိုး ဒမြ သူပုန်ကြီးများလည်း ထိုနည်းအတူ လူသူ စုရုံးကာ တယောက်ပြီးတယောက်၊ တရွာပြီးတရွာ၊ တမြို့ပြီးတမြို့ ယုံလွယ်တတ်၍ အသိဉာဏ်နည်းပါးသော၊ ထူးကဲအံ့ဩဖွယ်ကိုလိုလားသော၊ ပစ္စက္ခကိုယ်ကျိုးကို မျှော်ကိုး၍ တစုံတရာလျှို့ဝှက် အတွင်းကျိတ်ပညာအကျင့်ကို ရနိုးနိုးထင်စားသော ဒကာ ဒကာမများကို စည်းရုံးကာ သာသနာတော်ကို ဒမြတိုက်ကြလေတော့ သည်။

သူတော်ကောင်းကြီးများနှင့်သာ ထိုက်တန်၍ သူတော်ကောင်းကြီးများ အတွက်ထားရှိသော ပစ္စည်းလာဘ်လာဘ၊ ရှိခိုးခြင်း၊ မြတ်နိုး ပူဇော်ခြင်း၊ ဂုဏ် သတင်းစသည်တို့ကို ဒလံများထား၍၊ အုပ်စုဖွဲ့၍ လုယူတိုက်ခိုက် စားသောက် သုံးစွဲခြင်းဟု ဆိုလိုပေသည်။

ယင်း သာသန့ ဒမြသူပုန်ကြီး ငါးယောက်ကား–

၁။ လှည့်ပတ် ဖြားယောင်းနည်း (ကုဟန)သုံးမျိုး (မဟာနိဒ္ဒေသ- ၁၇၂-ရှု)တို့တွင် တမျိုးမျိုးကိုကျင့်သုံး၍ မရိုးသားသောစိတ်ဖြင့် ပစ္စည်းလေးပါးအလို့ငှာ ရာထောင်တပည့်များခြံရံ၍ ရဟန်း ရှင်လူတို့၏ ကောင်းသောပြုစုခြင်း၊ အလေးအမြတ်၊ အပူဇော် အရိုအသေခံလျက် ရပ်ရွာနိုင်ငံ လှည့်လည်သူ၊ (ပဌမ ဒမြ သူပုန်ကြီး။)

၂။ သုတ်ပိနည်း အဘိဓမ္မာ တရားဒေသနာများကို အသံနေအသံထား ဖြင့်ဖြစ်စေ၊ တအံ့ကသြဖြစ်အောင်ဖြစ်စေ ဟောကြား ညွှန်ပြ၍ ထိုတရားဓမ္မကို မည်သည့်ဘုရားစသောဆရာသမားထံမှ ရရှိသည် ဟု မညွှန်မပြ၊ မိမိကိုယ်ပိုင် ထိုးထွင်းသိလေဟန် ဖော်ပြောသူ၊ (ဒုတိယ ဒမြသူပုန်ကြီး။ 'ခန္ဓာကိုယ်တွေ့'ဆိုသူများ သတိပြုရန်။)

http://www.dhammadownload.com



၃။ အရိယာပုဂ္ဂိုလ်များနှင့် သီလဝန္တပုထုဇဉ်တို့အား အကြောင်းမခိုင်လုံပဲ အပြဟ္မစရိယဖြင့် စွပ်စွဲဖျက်ဆီး၍ မိမိသာလျှင် ထိုဂုဏ်မျိုးရှိသည်ဟု အထင်ရောက်စေသူ၊ (တတိယ ဒမြသူပုန်ကြီး။)

၄။ သံဃာပိုင်ဂရုဘဏ်, ဂရုပရိက္ခရာခေါ်သော အရာမ်, မြေ, ကျောင်း, ခုတင် အိုးခွက် ဓား, ပုဆိန် စသည်တို့ကို လူဒကာ ဒကာမတို့အား ဖြားယောင်း သိမ်းသွင်းသော အားဖြင့် ပေးကမ်းခြင်း၊ (စတုတ္ထ ဒမြသူပုန်ကြီး။)

၅။ မိမိသန္တာန်၌ အမှန်တကယ်မရှိသော ဈာန် မဂ်ဖိုလ် တရားကိုလိမ်လည် လှည့်ဖြား ဝါကြွားလှည့်ပတ်၍ ပြောဆိုသူ၊ (ပဥ္စမ ဒမြသူပုန်ကြီး။)

အမှတ်(၅) ဒမြသူပုန်ကြီးသည် နတ်နှင့်တကွသော သုံးလောက၌အယုတ်မာဆုံး အဆိုးဆုံး ဒမြသူပုန်ကြီးဖြစ်သည်။ (ဝိ-၄-၁၊ ၇၄-၈- စတုတ္ထပါရာဇိက။) ဝဂ္ဂုမုဒါမြစ်ကမ်းနေ ဈာန်မဂ်ဖိုလ်ဘရားဖြင့် လှည့်ဖြားစားသောက်နေကြသော ရဟန်းဆိုးများကို ဟောတော်မူသည်။

ရဟန်းဆိုးတို့သည် အစစ်အမှန် သာသနာပြုတော်မူနေကြသည့် အခြားအပူဇော်ခံရသောပုဂ္ဂိုလ်များကိုလည်း ကိုယ်ချင်းစာကာ မိမိတို့ကဲ့သို့ပင် ဝမ်းရေးအတွက်၊ ဂိုဏ်းဂဏကြီးပွားရေးအတွက် ယင်းသို့လှည့်လည် ဟောပြောစည်းရုံးနေသည်ဟုလည်း ထင်တတ်ကြလေသည်။

အရှင်မောဂ္ဂလ္လာန် ဂိဇ္ဈကုဋ်တောင်မှအဆင်း ကိုယ်တိုင် တွေ့မြင်ရသော ကဿပသာသနာနောက်ပိုင်း ရဟန်းဆိုး၊ သာမဏေဆိုးများ သံသက်နံး, သံသပိတ် မီးလျှံကြီးများ ခြုံရုံမွေပိုက်နေကြသည့် ပြိတ္တာဖြစ်နေကြကြောင်း စသည်ကို ပြောဆိုရာ၌ အရှင်မောဂ္ဂလ္လာန်အား "အထင်ကြီးအောင် 'ဥတ္တရိမနုဿဓမ္မ' ဖြင့် ကြွားဝါသည်" ဟု ကိုယ်ချင်းစာပြောဆိုကြသဖြင့် ဘုရားရှင်ပင် ရှင်းပြတော်မူရဖူးလေသည်။ (ဝိ-၁၊ စတုတ္ထပါရာဇိက-ဝိနီတဝတ္ထုများ။ ဝိ-၄-၁၊ ၉၆-၁၀၀။)

## တိပိဋက စူဠနာဂမထေရ် တရားပွဲတွင်

# အနိစ္စကြောက်၍ ထွက်ပြေးသူ

တချိန်က တိပိဋက စူဠနာဂမထေရ်ကျော်သည် သီဟိုဠ်ကျွန်း လောဟပါသာဒ=ဘုံကိုးဆင့်ရှိကြေးပြာသာဒ်ကြီး အောက်ထပ်၌ ရဟန်းရှင်လူအပေါင်းတို့အား ဝိပဿနာအလုပ်ပေးတရား ဟောကြားတော်မူ၏။

http://www.dhammadownload.com



မိမိခန္ဓာကိုယ်ရုပ်နာမ်တရားများကို မိမိဉာဏ်၌ ပေါ်လွင်ရာလိုက်၍ ဖြစ်မှု ပျက်မှု ဉာဏ်၌မြင်အောင်ရှုမှတ်ပုံကို ဟောတော်မူရာအတ္တဝါဒီဗြာဟ္မဏဒကာတဦး လည်း ပရိသတ်အစွန်၌ လေ့လာသောအနေဖြင့် မရိုမသေ မတ်တတ်ရပ်လျက် နားထောင်နေ၏။

တိပိဋကစူဠနာဂမထေရ်လည်း ခန္ဓာကိုယ်၌ ရှုမှတ်ပုံ အသေးစိတ်ကို စိတ်ဝင်စားဖွယ်ဟောပြလေရာ ထိုဗြာဟ္မဏဒကာလည်း နားထောင်ယင်း စိတ်ပါ ဝင်စားလာ၏။ ဓမ္မကထိက ညွှန်ပြသည့်အတိုင်း မိမိခန္ဓာကိုယ်ပေါ်၌ စိတ်ကို စူးစိုက်ရှုမှတ်ကြည့်ရာ တဖြည်းဖြည်းစိတ်တည်ငြိမ်လာကာ ထိုသို့ ရှုမှတ်နေရသည် ကိုပင် ချမ်းသာသည်ဟု ထင်မြင်လာ၏။ တိုး၍ရှုမှတ်၏။ တိုး၍ မှတ်လေလေ သမာဓိတည်ကာ အသိဉာဏ် စူးစိုက်လေလေဖြစ်ကာ ဝိပဿနာဉာဏ် အနုစား (ဒုဗ္ဗလဝိပဿနာ) အခြေသို့ပင် ရောက်သွားသည်။

မိမိခန္ဓာကိုယ်၌ ဖြစ်မှုပျက်မှုများကိုချည်း မြင်လာသဖြင့် ငါ ပျောက်နေ ၏။ ထို့နောက် မိမိခန္ဓာကိုယ်နှင့်တကွ ကြည့်လေသမျှ အပျက်တွေချည်းသာ ဖြစ်နေတော့သည်။ သင်္ခါရတရားမှန်သမျှတို့သည် ငါ့,ငါ့ဟာဟု စွဲယူထင်မှတ်ဖွယ် မရှိ၊ အတ္တ၊အတ္တနိယမှ ဆိတ်သုဉ်း(သုညတာ)နေသည်ကို တွေ့ရလေ၏။

သမာဓိအရှိန်များ တရိပ်ရိပ်တက်၍တက်၍ လာသည်နှင့်အမျှ မတ်တတ်ရပ် နာယူနေယင်းကတအိအိပြိုကျနေသော သဲကမ်းပါးထိပ်မှာထိုင်နေရသကဲ့သို့ ရင်ထဲ တွင် တလှပ်လှပ် ဖြစ်လာလေသည်။ နောက်ဆုံး မြင့်မားလှသော သဲကမ်းပါး ပုံကြီးထိပ်က ရိပ်ကနဲပြိုဆင်းလိမ့်ကျသွားသကဲ့သို့....

"ဟာ....ငါမရှိတော့ဘူး၊ငါ့ဟာလဲ မဟုတ်ပါလား။ ဟင်....ငါ ဘာမှဖြစ်ရ ရှိရတော့မှာမဟုတ်ဘော့ပါလား" ဟု လန့်ကြောက်လာ၏။ ချက်ချင်းပင်မျက်စိ ဖွင့်ကြည့်ရာ ပရိသတ်အားလုံးမှာ တရားအာရုံစိုက်နေကြသည်ကိုတွေ့ရသော်လည်း ဗြာဟ္မဏဒကာကြီးမှာ ကြေးပြာသဒ်ကြီးအောက်ထပ်၌ ဖွင့်ထားသော တံခါး ပေါက်ဆီသို့ ခပ်သုတ်သုတ်သွားကာ အိမ်သို့ထွက်ပြေးလေတော့၏။

အူယားဖားယား အိမ်ရောက်လျှင်ရောက်ချင်း မိမိချစ်လှသော သားကို ရင်ခွင်၌ပွေ့ပိုက်ကျုံးဖက်လျက်—

"ငါ့သား.... ဖေဖေ့ရင်ဘတ်စမ်းကြည့်စမ်း၊ အံမာလေး....ကံကောင်းပေ လို့ပေါ့ကွာ၊ ဂေါတမတရားသွားနားထောင်ပြီး စမ်းကြည့်လိုက်တာ နန်နဲတောင် သွေးပျက် ...တယ်။ ဆက်ပြီးမစဉ်းစားပဲ ချက်ချင်းပြန်ပြေးလာခဲ့လို့သာ လွတ် ပေတော့တယ်" ဟု ဆိုကာ သားကို ပြောပြလေ၏။

၃၁-ဘုံ၌ အိုးမကွာ အိမ်မကွာနေလိုသော ငါ, ငါ့ဟာ အားကြီးလှသည့် ပုထုဇဉ်တို့အတွက် သူဘော်ကောင်းတရားသည် ကြောက်စရာကြီးပင် ဖြစ်နေလေ သည်။ မြတ်စွာဘုရားလည်း ထိုသို့ပင် မိန့်တော်မူ၏။

http://www.dhammadownload.com



ဝိပဿနာဉာဏ်ရင့်လာပါလျှင် ထို ကြောက်စရာသည်ပင်လျှင် ဉာဏ် ကြောက်ဖြစ်၍ အရသာရှိလှပေ၏။ သတ္တေသရဲ ကြောက်ရခြင်းနှင့် မဆိုင်ပေ။ ရုပ်နာမ် တရားတို့သာဖြစ်၍ ရုပ်နာမ်တရားတို့သာ ချုပ်ပျောက်နေကြရာ ငါ, ငါ့ဟာများ မပါရှိကြောင်း သဲသဲကွဲကွဲ သိမြင်ကြရလေသည်။ (သံ-ဋ္ဌ-၂၊၂၅၄-ဥဒါနသုတ်အဖွင့်။)

## အခြေခံကောင်းသူတိုင်း တရားထူးရလွယ်သည်ကို ပြသော မဟာနာဂထေရ်တပည့်တပါး

ပါဋလိပုတ်နေပြည်တော် မြို့တံခါးအထွက် ဇရပ်အဆောင်တခု၌နေသော ဗြာဟ္မဏမိတ်ဆွေနှစ်ဦးသည် သီဟိုဠ်ကျွန်း ကာဠဝလ္လိအရပ် မဏ္ဍပ်ကျောင်း၌ သီတင်းသုံး နေထိုင်တော်မူသော မဟာနာဂမထေရ်ကြီး၏ ကျေးဇူးဂုဏ်များကို နေ့စဉ်နှင့်အမျှ ကြားသိနေရသဖြင့် အဝေးကပင် ကြည်ညိုနေကြလေသည်။

"သူငယ်ချင်း....၊ မဟာနာဂမထေရ်ကြီး ဂုဏ်သတင်းကြားရတာ တယ်ပြီး ကြည်ညိုစရာ ကောင်းလှပါကလား။ သီဟိုဠ်ကျွန်းကူးပြီး သွားဖူးချေကြရအောင်" ဟု တိုင်ပင်ကာ မဇ္ဈိမ ဒေသ ပါဋလိပုတ်မှ ထွက်ခွာလာခဲ့ကြလေ၏။

သင်္ဘောကြုံများစောင့်ဆိုင်းကာနေကြသဖြင့် မိတ်ဆွေတဦးမှာ လမ်းခရီး တဝက်၌ပင် ကွယ်လွန်သွားရှာ၏။ အခြားမိတ်ဆွေတဦးမှာမူ သင်္ဘောကြုံဖြင့် အဆင်သင့်စီးနင်းလိုက်ပါ၍ သမုဒ္ဒရာကို ဖြတ်ကျော်ပြီး မဟာတိတ္ထ ဆိပ်ကမ်း၌ ဆင်းကာ အနုရာဓမြို့သို့ ရောက်သွားသည်။

အနုရာဓသို့ ရောက်လျှင် မဟာနာဂမထေရ်ကြီးရောဟဏပြည်နယ်(ဇနပုဒ်) ၌ သီတင်းသုံးကြောင်း စုံစမ်းသိရှိရသဖြင့် ရောဟဏနယ်ဘက်သို့ ခရီးဆက်ရပြန်လေသည်။ မထေရ်ကြီး သီတင်းသုံးရာဒေသသို့ ရောက်လျှင် စူဠနဂရ ခေါ်သော ရွာ၌ပင် အခြေတကျနေထိုင်ရန် စီစဉ်လိုက်၏။ မထေရ်ကြီးထံ သွားရောက်ဖူးမြော်ရန် ရောက်လျှင်ရောက်ချင်း ခဲဖွယ်ဘောဇဉ်များကို ကိုယ်တိုင် စီစဉ်ချက်ပြုတ်လေသည်။

နောက်တရက် နံနက် သွားရောက်ဖူးမြော်ရာ မိမိကဲ့သို့ လာရောက်ပူဇော်သူများ အလွန်များပြားလျက်ရှိသည်ကို တွေ့ရလေ၏။ မဟာနာဂ မထေရ်ကြီး ပရိသတ်ရှိရာသို့ အပူဇော်ခံကြွလာသည်ကိုမြင်ကြလျှင်ပင် ပရိသတ်ကြီးမှာလှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ ပါဋလိပုတ်ဒကာကြီးမှာလည်း ပရိသတ်အစွန်၌ ရပ်လျက် အခြေအနေစောင့်ကြည့်ယင်း လက်အုပ်ချီ၍ ဖူးမြော်နေ၏။

http://www.dhammadownload.com



မထေရ်ကြီးမှာ ကံအားလျော်စွာ ပါဋလိပုတ် ဒကာကြီး ရပ်နေသော အစွန်ဘက်မှ ဝင်ကြွလာလေရာ ဒကာကြီးမှာ ဝမ်းသာအားရ မထေရ်ကြီးအနား သို့ တိုးသွားကာ မထေရ်ကြီး၏ ခြေဖမျက်နှစ်ဘက်ကို အားရပါးရ ကိုင်တွယ်၍ နဖူးဖြင့်ဦးတိုက်လေသည်။ ဦးတိုက်ပြီးမော့ဖူးရာ ပါးစပ်က—

"အရှင်ဘုရား....၊ အရပ်တော်တယ်ရှည်မြင့်ပါလား" ဟု လျှောက်ထား မိလေ၏။ စင်စစ်မထေရ်ကြီးမှာ မရှည်မပု အလေ့ာတော်မျှသာ ဖြစ်လေသည်။ မထေရ်ကြီးမှာ ပရိသတ်ခံနေသဖြင့် ရှတ်တရက် ရှေ့သို့ မကြွနိုင်သေးပဲ ရှိနေစဉ် မှာပင်—

"အဲ....ထင်သလောက်လဲ အရပ်တော် မရှည်လှပါဘူးဘုရား။ သို့သော် ငြားလဲ အရှင်ဘုရားများ၏ ကျေးဇူးတော်ဂုဏ်သတင်းကတော့ဖြင့် စိမ်းပြာတဲ့ သမုဒ္ဒရာကြီးကိုကျော်ဖြတ်လာပြီး ဇမ္ဗူဒိပ်တကျွန်းလုံး ဖုံးလွှမ်းကျော်ကြားနေ ပါတယ်ဘုရား။ တပည့်တော်များ ပါဋလိပုတ်ကပါဘုရား။ အရှင်ဘုရားများ ဂုဏ်သတင်းကြားသိရလို့ လာရောက်ဖူးမြော်ရပါသဖရား။"

မထေရ်ကြီးအား အမျာနည်းတူ ညဦးကတဲက စီစဉ်လာသော ဆွမ်းခဲ ဖွယ်များကိုဆက်ကပ်လှူပြီးနောက် အသင့်ယူလာသောသင်္ကန်းများကို ဆက်ကပ် ၍ ရှင်ရဟန်းပြုလေသည်။ ပါဋလိပုတ် ဦးပဥ္စင်းကြီးမှာ ရက်ပိုင်းမျှဖြင့် ရဟန်း ကိစ္စ ပြီးမြောက်သွားလေသည်။ နှမြောတွန့်တိုမှုမရှိ၊ အလှူအတန်းရက်ရောခြင်း၊ သီလဝန္တရဟန်းတို့အားဖူးမြော်လိုစိတ်ရှိခြင်း၊ တရားစကားနာကြားမှတ်သားလို ခြင်း၊ ဤအခြေခံ အရည်အချင်းကောင်း သုံးမျိုး(တိဌာန)ရှိထားသူများ အလွယ် တကူပင်တရားထူးရနိုင်ကြောင်း သင်ခန်းစာသာဓက ဝတ္ထုတပုဒ် ဖြစ်ပေသည်။

(အံ-ဋ္ဌ-၂။ ၁၃၂-တိဌာနသုတ် သီလဂုဏ်အဖွင့်။)

## ရဟန္တာ ဟုတ်—မဟုတ် စုံစမ်းနည်းများနှင့်

# ရဟန္တာ စုံစမ်းခဲ့သူများ

"ငါ ရဟန်းကိစ္စပြီးပြီ" ဆိုကာမျှဖြင့် လက်ခံခြင်း, ကန့်ကွက်ငြင်းဆန်ခြင်း မပြုရ။ ဒိဋ္ဌ,သုတ,မုတ,ဝိညာတ ခန္ဓာ အာယတန ဓာတ် စသည် ခြောက်မျိုးတို့ဖြင့် အဆင့်ဆင့် မေးမြန်းစိစစ်ရကြောင်း၊ စိစစ်ပုံများကို ဟောတော်မူထားသည်။

ဥပရိပဏ္ဏာသပါဠိတော် ဆဗ္ဗိသောဓနသုတ်သည် အရိယာ, ရဟန္တာဟု ပြောဆိုသောပုဂ္ဂိုလ်အား စိစစ်ပုံကို ပြသောသုတ်ဖြစ်သည်။ (မ—၃၊ ၇၉-၈၆။)

ဝိနည်းပါဠိတော်(စတုတ္ထပါရာဇိက)၌လည်း စစ်ဆေးပုံခြောက်မျိုး ရှိပေ သည်။ (ဝိ-ဋ္ဌ—၂၊ ၈၁။)

http://www.dhammadownload.com



၁။ ဈာန်မဂ်ဖိုလ်တို့တွင် သင်သည် အဘယ်ကိုရသနည်း။
၂။ အဘယ်ပုံနှလုံးသွင်း၍ ရသနည်း။
၃။ အဘယ်အချိန်မှာ ရသနည်း။
၄။ အဘယ်နေရာ၌ ရသနည်း။
၅။ အဘယ်ကိလေသာတို့ကို ပယ်ပြီးပြီနည်း။
၆။ အဘယ်တရားတို့ကို ရသနည်း။

ဤနည်းအတိုင်း အဆင့်ဆင့် မေးမြန်းစိစစ်ရ၏။ ဖြေဆိုနိုင်တိုင်းလည်း မယုံကြည်ရသေး။ ဗဟုသုတရှိသူဖြစ်လျှင်လည်း အထိုက်အလျောက် ဖြေဆိုနိုင်သေးသဖြင့် ကျင့်စဉ်နည်းများကို ထပ်မံစိစစ်ရသေးသည်။

ထိုမျှဖြင့်လည်း လက်မခံထိုက်သေးချေ။ ပုထုဇဉ်ဖြစ်လျက်လည်း ရဟန္တာပုဂ္ဂိုလ်တို့၏ အမူအကျင့်မျိုး ရှိနေတတ်သဖြင့် နည်းဥပါယ် အမျိုးမျိုးဖြင့်လည်း ခြောက်လှန့်၍ စုံစမ်းရလေသည်။

ရဟန္တာပုဂ္ဂိုလ်တို့ မည်သည် ဦးခေါင်းပေါ်၌ မိုးကြိုးကျသော်လည်း ကြောက်လန့်ခြင်း၊ တောင့်ခိုင်ခြင်း၊ ကြက်သီးမွေးညင်းထခြင်း မရှိတော့ပြီ။ ပုထုဇဉ်မှာမူ အနည်းငယ်မျှဖြင့်ပင် ကြောက်လန့်တတ်လေသည်။

(ကြောက်လန့်ခြင်းသည် ဒေါသ၏ လက္ခဏာပင်တည်း။)

သီဟိုဠ်ခေတ်တွင် ထင်ရှားကျော်ကြားတော်မူသော 'ဒီဃဘာဏက အဘယ' မထေရ်သည် ရဟန်းတပါးအား စုံစမ်းရာ အခက်အခဲတွေ့နေသဖြင့် နောက်ဆုံး သူငယ်တယောက်အား ကြိုတင်သညာပေးထားရဖူး၏။ ရဟန္တာဟုဆိုသော ရဟန်း ကလျာဏီမြစ်၏ ပင်လယ်သို့ စီးဆင်းရာဆိပ်၌ ရေချိုးစဉ် ထိုသူငယ်သည် ခပ်လှမ်းလှမ်းက ရေ၌ငုပ်လျှိုးပြီး ထိုရဟန်း၏ ခြေထောက်ကို ဆွဲလိုက်၏။ ထိုရဟန်းမှာ မိကျောင်းဆွဲပြီထင်၍ ငယ်သံပါအောင် အော်ဟစ်လေတော့၏။

ထိုအခါကျမှသာ ပုထုဇဉ်ဟု သိကြရလေတော့သည်။

'စန္ဒမုခ တိဿမင်း' လက်ထက်က မဟာဝိဟာရကျောင်းတိုက်ကြီး၌ သီတင်းသုံးသော ရဟန္တာမထေရ်ကြီးတပါးသည် မျက်စိသိမ္မှုန်လှသဖြင့် မိမိကျောင်း၌ပင် နေထိုင်တော်မူရ၏။

ထိုမင်းသည် မထေရ်ကြီးအား ရဟန္တာ ဟုတ်၊ မဟုတ် စုံစမ်းလိုသဖြင့် ကျောင်းရှိသံဃာများဆွမ်းခံကြွသွားကြခိုက် မထေရ်ကြီးအပါးသို့ အသာအယာ ခြေသံမကြားအောင် သွားပြီးလျှင် မထေရ်ကြီး၏ ခြေထောက်ကို မြွေကဲ့သို့ ထင်အောင် ကိုင်ဆွဲလိုက်ရာ မထေရ်ကြီးမှာ မည်သို့မျှ လှုပ်ရှားခြင်းမရှိချေ။

"သင် ဘယ်သူလဲ" ဟု မေးတော်မူလျှင်–

"တပည့်တော် တိဿပါ အရှင်ဘုရား" ဟု လျှောက်ထားရလေ၏။

"ဟဲ့ ...တိဿ....၊ အမွှေးနံ့ရပါကလား" ဟု မိန့်တော်မူလေသည်။

http://www.dhammadownload.com



အချို့သော သက္ကာယဒိဋ္ဌိအားကြီးသည့် ပုထုဇဉ်များလည်း ကြောက်လန့်ခြင်း မရှိတတ်။ လောဘတဏှာ စုံစမ်းခြင်းအားဖြင့်လည်း စမ်းသပ်ဖူးလေသည်။

အဘယ့်ကြောင့်ဆိုသော် ရဟန္တာပုဂ္ဂိုလ်တို့ဟူသည် သာယာ နှစ်သက်မှု တဏှာမှန်သမျှကို အကြွင်းမဲ့ပယ်သတ်ပြီး ဖြစ်တော်မူကြလေသည်။ အထူးသဖြင့် ရသတဏှာကိုလည်း ပယ်တော်မူထားကြသည်ဖြစ်ရာ နတ်ပြည်၌ရှိသော နတ်သုဒ္ဓာ ရသာမျိုးကိုပင် နှစ်သက်ခြင်း မရှိကြတော့ပြီ။

'ဝသဘ'ခေါ် မင်းတပါးသည် ထိုသဘောကိုနှလုံးသွင်းမိသဖြင့် ရဟန္တာဟု ဆိုသော မထေရ်တပါးအား နန်းတော်သို့ပင့်၍ ၎င်းမထေရ်၏အနီး မြင်လောက်ရာ ရှေ့၌ပင် မင်းကြီးကိုယ်တိုင် ဆီးချဉ်သီးများကို ဖျော်ရည်လုပ်ရန် ခွက်တခုဖြင့် နယ်၍ နယ်၍ နေ၏။ ရဟန္တာဆိုသော မထေရ်လည်း ရှေ့၌ ဆီးချဉ်သီးများ နယ်နေသည်ကိုကြည့်ယင်း ခံတွင်း၌ တံတွေးလျှာရည်များ ယိုကျလာကာ လျှာကို လူးလည်းမျိုချနေသည်ကို တွေ့ရလေ၏။ (မ-ဋ္ဌ-၄၊ ၆၆– ဆဗ္ဗိသောဝနေသုတ်အဖွင့်။)

ဗဟုဟုတအဖြစ် ပါဠိ, အဋ္ဌကထာတို့၌ ရှိ၍သာ ပြလိုက်ရပေ၏။ လူများစုအတွက်ကား မလိုအပ်။

သာသနာအတွက် တာဝန်ရှိသော ပုဂ္ဂိုလ်များပင်လျှင် ရဟန္တာဟုဆိုသော ပုဂ္ဂိုလ်များကို စစ်ဆေး စုံစမ်းကြရာ ပရိယတ္တိ အမြင်သက်သက်ဖြင့် အထင်သေး၊ အမြင်သေး ချွတ်ချော်ပြောဆိုမေးမြန်းသည်များကို ဖတ်ရှုကြားသိရပေရာ တာဝန်လေးလှပါဘိသည်။

## ကိုယ်တွေ့ဘဝသံသရာဒုက္ခကို ထုတ်ဖော်ပြခဲ့သူ

# သုမနာ ထေရီမကြီး

[ယင်းထေရီမကြီးအကြောင်း ဓမ္မပဒအဋ္ဌကထာ၌ 'သုကရပေါတိကာ' ဝတ္ထုဟု လာရှိသည်။ 'အိန္ဒိယ, သီဟိုဠ်, မြန်မာ သံသရာလည်သောအမျိုးသမီး'ဟု 'ရတနာသုံးပါး ကျေးဇူး'စာအုပ်၌ ဖော်ပြခဲ့ပါသည်။ အထပ်ထပ် ဖတ်ရှုကြားနာရလေ အကျိုးများလေဖြစ်၍ ဤ၌လည်း ထပ်မံဖော်ပြပါအံ့။ဖော်ပြရာတွင်လည်း ကိုယ်ပိုင်ဘာသာပြန်ဆို ဖော်ပြရခြင်းထက် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ 'ဓမ္မစကြာတရားတော်'၌လည်း ဤဝတ္ထုကို ဟောပြထားသည်ဖြစ်ရာ သမိုင်းကြောင်းနှင့်တကွ ၎ုပ်ကွယ်နေသော သတ္တဝါတို့၏ တဏှာဗီဇ အဘိဓမ္မာ သဘာဝများကိုပါ ကြည်ညိုရပါသဖြင့် ဆရာတော်ဟောပြောသည့်အတိုင်း ဖော်ပြပါအံ့။]

http://www.dhammadownload.com



## ဖြဟ္မာဖြစ်လို့တဝင်းဝင်း ဝက်စားကျင်းမှာ တမြုံ့မြုံ့

တချိန်က မြတ်စွာဘုရားဟာ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်တော်မူတယ်။ အဲဒီအခါ ဝက်မကလေးတကောင်ကို မြင်တော်မူပြီး ပြုံးတော်မူပါသတဲ့။ ပြုံးတဲ့အခါ သွားတော်များမှ ဖြူသော ရောင်ခြည်တော်များထွက်လာတာကိုမြင်ရလို့ပြုံးတော်မူကြောင်းသိရတဲ့အတွက် ရှင်အာနန္ဒာက–

"ဘာကြောင့် ပြုံးတော်မူပါသလဲ" လို့ မေးလျှောက်တယ်။ မြတ်စွာဘုရားက–

"အာနန္ဒာ၊ ဟိုမှာကြည့်စမ်း၊ ဝက်မကလေးကို မြင်ရဲ့လား။"

"မြင်ပါတယ်ဘုရား။"

"အဲဒီ ဝက်မကလေးဟာ ကကုသန် မြတ်စွာဘုရား၏ သာသနာတော် တည်ထွန်းစဉ်က လူ့ဘဝ အမျိုးသမီးအဖြစ်မှ သေပြီး ဆွမ်းစားကျောင်း တခုအနီးမှာ ကြက်မ ဖြစ်ခဲ့တယ်။ အဲဒီ ကြက်မဟာ သိန်းငှက်ကဖမ်းသုတ်ပြီးစားလို့ သေရရှာတယ်။ ဒါပေမယ့် စောစောပိုင်းက ယောဂီရဟန်းတပါး၏ ကမ္မဋ္ဌာန်း တရားရွတ်ဆိုနေတဲ့ တရားသံကို ကြားပြီး ကုသိုလ်ဖြစ်ပွားခဲ့လို့ အဲဒီ ကုသိုလ်၏ အစွမ်းကြောင့် လူ့လောကမှာ မင်း၏အိမ်၌'ဥဗ္ဗရီ'မည်သောမင်းသမီးဖြစ်ခဲ့တယ်။

"အဲဒီ မင်းသမီးဟာ နောက်ကာလမှာ ပရိဗိုဇ်မကျောင်း၌ ပရိဗိုဇ်ပြုနေယင်း အိမ်သာထဲက ပိုးလောက်တွေကိုကြည့်ပြီး ပုဠုဝကသညာ(သြဒါတသညာ)ကို ဖြစ်စေလျက် ပထမစျာန်ကို ရခဲ့တယ်။ အဲဒီပရိဗိုဇ်ဘဝမှသေတဲ့အခါ ပထမစျာန်ဗြဟ္မာ့ဘုံမှာ ဗြဟ္မာ ဖြစ်ခဲ့တယ်။

"ဗြဟ္မာဘဝမှ စုတေတဲ့အခါ လူ့လောက၌ သဌေးသမီးဖြစ်ခဲ့တယ်။ အဲဒီ သဌေးသမီး ဘဝက သေတဲ့အခါ ဒီဝက်မကလေး ဖြစ်နေရရှာတယ်။ အဲဒီ အကြောင်းအရာတွေကိုမြင်လို့ ငါပြုံးတယ်"လို့ မိန့်တော်မူပါတယ်။

အဲဒီ အကြောင်းအရာကို ကြားရတော့ အရှင်အာနန္ဒာနှင့်တကွ ရဟန်းတော်များမှာ ကြီးစွာသော သံဝေဂကို ရကြပါသတဲ့။

အဲဒီအခါ မြတ်စွာဘုရားက ဆွမ်းခံကြွနေယင်း လမ်းမှာပဲ ရပ်တော်မူလျက် တရားဂါထာ ၆-ပုဒ်ကို ဟောတော်မူပါတယ်။

### တဏှာမကင်းသေးသမျှ ဘဝသံသရာလည်

ယခု အဲဒီ ၆-ပုဒ်ထဲက ပထမတပုဒ်ကို ထုတ်ပြမယ်။

ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊
ဆိန္နောပိ ရုက္ခော ပုနရေဝ ရူဟတိ။

http://www.dhammadownload.com



ဝေမ္ဗိ တဏှာနုသယေ အနူဟတေ၊
နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။

မူလေ=အမြစ်အရင်းသည်၊ အနုပဒ္ဒဝေ ဒဠှေ=ဘေးရန် မရှိပဲ ခိုင်မြဲ နေလတ်သော်၊ ဆိန္နောပိ=အထက်ပိုင်းဘက် အကိုင်း အခက် ခုတ်ဖြတ် ထားငြားသော်လည်း၊ ရုက္ခော=သစ်ပင်သည်၊ ပုနရေဝ ရူဟတိ ယထာပိ=တဖန်ပြန်၍သာလျှင် အညွန့် အတက် ပေါ်ထွက် စည်ပင်ပြန်သကဲ့သို့၊ ဝေမ္ဗိ=ဤအတူပင်လျှင် တဏှာနုသယေ အနူဟတေ=သန္တာန်၌ဖြစ်ထိုက်သော၊ အနုသယ တဏှာကို အရိယမဂ်ဖြင့် မပယ်အုပ်သေးသည်ရှိသော်၊ ဣဒံဒုက္ခံ=ဘဝအသစ်ဖြစ်ခြင်း စသော ဤဆင်းရဲသည်၊ ပုနပ္ပုနံ=အဖန်ဖန် အထပ်ထပ်၊ နိဗ္ဗတ္တတိ=ဖြစ်လေတော့၏-တဲ့။

အဲဒီဂါထာဖြင့် ဖော်ပြလိုရင်းကတော့ ဥဗ္ဗရီမင်းသမီးဘဝတုန်းက ပရိဗိုဇ် ရသေ့ပြုပြီး တရားနှလုံးသွင်းလို့ ပထမစျာန်ကိုရခဲ့တယ်။ ဒါပေမယ့် အဲဒီစျာန် က စိတ်ကူးအဖြစ်နဲ့ဖြစ်ပေါ်တဲ့ ကာမရာဂ 'ပရိယုဋ္ဌာန' တဏှာကိုသာ 'ဝိက္ခမ္ဘန ပဟာန်'ဖြင့် ပယ်နိုင်တယ်။ အခိုက်အတန့် အဟော်ကြာအောင် ဝေးကွာစေတာ ပါပဲ။

ဒါ့ကြောင့် အဲဒီ ပထမစျာန်ရတဲ့ ဘဝတုန်းကနဲ့ ဗြဟ္မာ ဘဝတုန်းက 'ကာမရာဂတဏှာ' မဖြစ်ပေါ်ပဲ ကင်းနေခဲ့တယ်။ ဒါပေမယ့် အရိယမဂ်ဖြင့် အမြစ်ပြတ်ပယ်တာ မဟုတ်သောကြောင့် လူ့ဘဝသဌေးသမီး ဖြစ်တဲ့ အခါကျ တော့ အဲဒီ ကာမတဏှာဟာ ဖြင်မြဲဖြစ်ပြန်တာပဲ။ ဘဝတဏှာကတော့ စျာန်ရ နေတုန်းကလဲ ဖြစ်နေခဲ့တာပါပဲ။

အဲဒီလို 'အနုသယတဏှာ' အမြစ်မပြတ်တဲ့အတွက် ဗြဟ္မာဖြစ်ပြီးတဲ့နောက် လူ့ဘဝမှတဆင့် ဝက်ဘဝလဲ ရောက်ရပြန်တယ်။

တဏှာမကင်းသေးသမျှ ကာလပတ်လုံး ဒီပုံဒီနည်းဖြင့် ကံအားလျော်စွာ ဘဝအမျိုးမျိုးတွေ အဖန်ဖန် ဖြစ်သွားရမယ်လို့ ဆိုပါတယ်။

အဲဒီမှာ ဗြဟ္မာဖြစ်ပြီးတဲ့နောက် ဝက်ဖြစ်ရပြန်တာကို အကြောင်းပြုပြီး တော့ရှေးဆရာတော်ကြီးများက "ဗြဟ္မာဖြစ်လို့ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တမြုံ့မြုံ့"လို့ ဆိုတော်မူခဲ့ကြပါတယ်။

ဒါပေမယ့် ဗြဟ္မာဘဝမှစုတေပြီးလျှင်ပြီးချင်း ဝက်တော့ မဖြစ်နိုင်ဘူး။ အခြား တိရစ္ဆာန်, ပြိတ္တာ, ငရဲသားဆိုတာတွေလဲ မဖြစ်နိုင်ပါဘူး။ စျာန်ရတဲ့ ဘဝက စျာန်၏အနီးဖြစ်တဲ့ 'ဥပစာရ ဘာဝနာ' ကုသိုလ်၏ အစွမ်းကြောင့် လူ့ လောက,နတ်လောက၌သာ ဖြစ်နိုင်ပါတယ်။

http://www.dhammadownload.com



ယခုပြောနေတဲ့ ဝက်မကလေးဟာလဲ လူ့လောက သဋ္ဌေးသမီး ဘဝမှ တဆင့် ဝက်ဘဝကို ရောက်ရတာပဲ။ အဲဒါဟာလဲ သဋ္ဌေးသမီး ဘဝတုန်းက မာန်ယစ်ပြီး ရှိသေထိုက်တဲ့ ပုဂ္ဂိုလ်ကို မရိုမသေပြစ်မှားခဲ့တဲ့ အကုသိုလ်ကြောင့် ဖြစ်ဖွယ်ရှိပါတယ်။

အဲဒီဝက်မကလေးဟာ အဲဒီဘဝမှ သေတဲ့အခါ 'သုဝဏ္ဏဘူမိ'ဆိုတဲ့ အရပ်မှာ မင်းမျိုး၌ဖြစ်တယ်။ သုဝဏ္ဏဘူမိဆိုတာ သထုံပြည်ပဲလို့ အများက ယူကြပါတယ်။ အချို့ ပညာရှိများကတော့ သာသနာတော်နှစ် ၁၅၀၀-နီးပါးက 'ဒေဝပါလမင်း' ရေးထိုးထားခဲ့သော ကြေးပုရပိုက်စာကို အထောက်အထားပြုပြီးတော့ သုမာတြာ(စုမတြာ)ကျွန်းကို သုဝဏ္ဏဘူမိခေါ်တယ်လို့ ဆိုကြပါတယ်။

အဲဒီသုဝဏ္ဏဘူမိမင်းသမီးဘဝမှ သေတဲ့အခါ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့၌ အမျိုးသမီးဖြစ်တယ်။အဲဒီဘဝမှ သေတဲ့အခါ 'ဝနဝါသီတိုင်း'၌ အမျိုးသမီးဖြစ်တယ်။ ဝနဝါသီတိုင်းဆိုတာ ဘုံဘေမြို့နယ်၏ အရှေ့တောင်အရပ်မှာရှိတယ်။ အဲဒီဘဝမှ သေတဲ့အခါ 'သုပ္ပာရက' သင်္ဘောဆိပ်အရပ်၌ မြင်းကုန်သည်သမီးဖြစ်တယ်။ သုပ္ပာရကသင်္ဘောဆိပ်ဆိုတာ ဘုံဘေမြို့မြောက်ဘက် ပင်လယ်ကမ်းခြေမှာ ရှိတယ်။

အဲဒီဘဝမှ သေတော့ 'ကာဝီရ' သင်္ဘောဆိပ်အရပ်၌ လှေသူကြီးသမီးဖြစ်တယ်။ ကာဝီရ သင်္ဘောဆိပ်ဆိုတာ အိန္ဒိယကျွန်းဆွယ် အရှေ့တောင်ဘက်အစွန်းမှာရှိတယ်။ရှေးတုန်းက 'ဒမိဠ'ခေါ်တဲ့ တမယ်လူမျိုးတို့၏ နိုင်ငံ ပင်လယ်ကမ်းခြေပေါ့။

အဲဒီဘဝမှ သေတော့ ယခု'သီရိလင်္ကာ'ခေါ်တဲ့ သီဟိုဠ်ကျွန်း အနုရာဓမြို့မှာ အစိုးရပိုင်း အမျိုးထဲ၌ ဖြစ်တယ်။ အဲဒီဘဝမှ သေတော့ အနုရာဓမြို့တောင်ဘက်'ဘောက္ကန္တ'ဆိုတဲ့ရွာမှာ 'သုမန' ဆိုတဲ့ သူကြွယ်၏ သမီး ဖြစ်တယ်။ အမည်ကတော့ ဖခင်အမည်ကိုပင် 'သုမနာ'လို့ခေါ်တယ်။ နောက်အခါမှာ သူ့ဖခင်က အဲဒီရွာကိုစွန့်ပြီး 'ဒီဃဝါပီ'နယ် 'မဟာမုနိ'ဆိုတဲ့ ရွာမှာ နေတယ်။

အဲဒီရွာမှာနေစဉ် 'ဒုဋ္ဌဂါမဏိ'မင်း၏အမတ်ဖြစ်တဲ့ 'လကုဏ္ဍကအတိမ္ဗရ' ဆိုသူက ကိစ္စတခုဖြင့် အဲဒီရွာရောက်လာတဲ့အခါ မယ်သုမနာကိုမြင်ရ၍ မေတ္တာသက်ဝင်သဖြင့် အကြီးအကျယ်ထိမ်းမြားမင်္ဂလာကိုပြုပြီး သူ့နေရပ်ဖြစ်တဲ့ 'မဟာပုဏ္ဏ'ရွာသို့ ခေါ်ဆောင်သွားတယ်။

အဲဒီရွာ၌နေစဉ်(ရောဟဏနယ် ကိတ္တိရွာအနီး ကောဋပဗ္ဗတဝိဟာရခေါ်) တောင်စွန်းကျောင်းတိုက်ကြီး၌ သီတင်းသုံးသော'မဟာအနုရုဒ္ဓ'မထေရ်(သီဟိုဠ်မှု၌-အနုလထေရ်)က အဲဒီရွာ ဆွမ်းခံကြွတော့ မယ်သုမနာ၏ အိမ်တံခါးဝ၌ ဆွမ်းရပ်နေစဉ် မယ်သုမနာကိုတွေ့မြင်ရ၍ နောက်ပါရဟန်းများနှင့် ဒီလိုပြောဆိုပါသတဲ့။

http://www.dhammadownload.com



"အာဝုသော=ငါ့ရှင်တို့၊ သူကရပေါတိကာ=ဘုရား လက်ထက်တော်က ဝက်မကလေးသည်၊ လကုဏ္ဍက အတိမ္ဗရ မဟာမတ္တဿ=လကုဏ္ဍက အတိမ္ဗရခေါ် အမတ်ကြီး၏၊ ဘရိယဘာဝံ=အမတ်ကတော်၏ အဖြစ်သို့၊ ပတ္တာနာမ=ရောက်နေတုံသေး၏။ အဟောအစ္ဆရိယံ=ဩော် အံ့ဩစရာ ကောင်းပါပေစွတကား"တဲ့။

အဲဒီစကားကို ကြားရတော့ အမတ်ကတော် မယ်သုမနာမှာ ရှေးဘဝဟောင်းတွေကို ပြန်လည်အောက်မေ့နိုင်တဲ့ 'ဇာတိဿရဉာဏ်'ဖြစ်ပေါ်လာသတဲ့။ အဲဒီဉာဏ်ဖြင့် သူဖြစ်ဖူးခဲ့တဲ့ ဘဝဟောင်းတွေကို ပြန်ပြီး ဆင်ခြင် ကြည့်လိုက်တဲ့အခါ သံသရာကို ထိတ်လန့်ကြောက်ရွံ့တဲ့ သံဝေဂဉာဏ်လဲ ဖြစ်လာပြန်သတဲ့။

ဒါကြောင့် သူ့ခင်ပွန်းအမတ်ကြီးထံ ခွင့်တောင်းပြီး ပဉ္စဗလက ဘိက္ခုနီကျောင်းတိုက်မှာ ရှင်ရဟန်း ပြုခဲ့တယ်။ ရှင်ရဟန်း ပြုပြီးတော့ 'တိဿမဟာဝိဟာရ'ကျောင်းတိုက်မှာ 'သတိပဋ္ဌာန်သုတ်'တရားကို ကြားနာပြီး ထိုနည်းအရ ရှုမှတ်သဖြင့် သောတာပတ္တိမဂ်ဖိုလ်ရောက်သွားပါသတဲ့။ အဲဒီနောက် 'ဒုဋ္ဌဂါမဏိ' မင်းကြီးနန်းတက်ပြီးတဲ့အခါ သူ့ဇာတိအရပ်ဖြစ်တဲ့ ဘောဂ္ဂန္တရွာသို့သွားရောက်ပြီး နေစဉ်'ကလ္လမဟာဝိဟာရ'ကျောင်းတိုက်၌ 'အာသီဝိသောပမသုတ်'ကိုကြားနာရ၍ အရဟတ္တဖိုလ်ရောက်ပြီး အာသဝေါကုန်ခန်းတဲ့ ရဟန္တာမကြီး ဖြစ်သွားပါသတဲ့။အဲဒီ'သုမနာထေရီမ'၏ ဘဝဖြစ်စဉ်ကို ဘုန်းကြီးက ဒီလို ဆောင်ပုဒ်စီထားတယ်။

> "လူ့ ကြက်မကြီး၊ မင်းသမီးတဖြာ၊ ဗြဟ္မာ့သဒ္ဒေး၊ ဝက်ကလေးဖြစ်ရ၊ သုဝဏ္ဏဘရာ၊ ဝနဝါနှင့်၊ သုပ္ပာရက၊ ကာဝီရမှ၊ သီဟဠနုရာ၊ ဘောဂ္ဂန်ရွာဟု၊ ဖြစ်ရပေါင်းစု၊ ဆယ့်သုံးခုသည်၊ မယ်သုမနာ ဖြစ်စဉ်တည်း။"

အဲဒီမယ်သုမနာရဲ့ဖြစ်စဉ် တဆယ့်သုံးဘဝကို သေသေချာချာ စဉ်းစားကြည့်ယင် အင်မတန် သံဝေဂဖြစ်စရာ ကောင်းတယ်။

ကကုသန်ဘုရား လက်ထက်တော်တုန်းက လူ့ဘဝမှာသေတဲ့အခါ သားသမီးအခြွေအရံတွေရော၊ လက်ရှိပစ္စည်းတွေရော မိမိကိုယ်ပါ စွန့်ပစ်ခဲ့ပြီးသေသွားရှာတယ်။သားသမီးစသည်တွေက ငိုကြွေးပြီး ကျန်နေရစ်ကြရှာမှာပေါ့။ သူ့မှာလဲ သေပြီးတော့ ကြက်မ ဖြစ်ရရှာတယ်။

လူစင်စစ်က ကြက်ဖြစ်သွားတာဟာ ကြောက်စရာပါပဲ။ အဲဒီကြက်မဘဝမှာလဲ သားသမီး ကြက်အခြွေအရံတွေရှိမှာပဲ။ သိန်းငှက်က ထိုးသုတ်ဖမ်းယူပြီး ထိုးဆိတ်စားလို့ ခေါင်းပြတ်ပြီး မချိမဆံ့နဲ့ သေရရှာတယ်။

http://www.dhammadownload.com



အဲဒီကနောက် ဂမ္ဘီရဌာန်းတရားသံကြားနာရတဲ့ ကုသိုလ်ကံကြောင့် မင်းသမီးဖြစ်ရတယ်ဆိုတာကတော့ ဝမ်းသာစရာပါပဲ။ အဲဒီ ကြက်မဟာ ကမ္မဋ္ဌာန်းတရားအကြောင်းကို ဘာမှ နားလည်မှာ မဟုတ်ပါဘူး။

ဒါပေမယ့် ကြည်ညိုတဲ့စိတ်နဲ့ နာလို့ ကုသိုလ်ဖြစ်ပြီး အဲဒီကုသိုလ်ကြောင့် လူ့ဘဝပြန်ရောက်ပြီး မင်းသမီးတောင်ဖြစ်ရတယ်ဆိုတော့ 'တရား နာရတာ အင်မတန် အားကိုးစရာ' ကောင်းတာပဲ။

အဲဒီ မင်းသမီးဘဝက ဈာန်ရလို့ နောက်ဘဝ၌ ဗြဟ္မာ ဖြစ်ရတာလဲ ဝမ်းသာစရာပဲ။ ဗြဟ္မာဘဝမှ စုတေတော့ လူ့လောက၌ သဌေးမျိုးမှာ ဖြစ်ရတယ်။ အဲဒါလဲ ဝမ်းသာစရာပါပဲ။ ဒါပေမယ့် အဲဒီ ဘဝမှာသေတဲ့အခါ သားသမီး စသည် အခြွေအရံတွေရော၊ ပစ္စည်းဥစ္စာတွေရော မခွဲချင်ပဲနဲ့ သေပြီး ခွဲခဲ့ရတာဟာ ဝမ်းနည်းစရာပဲ။

သေပြီးတော့ ဝက်မကလေး ဖြစ်ရတယ်ဆိုတာက သာပြီး ဝမ်းနည်းစရာ ကောင်းသေးတယ်။

ဗြဟ္မာကလူဖြစ်၊ လူက ဝက်ဖြစ်ရတယ်ဆိုတော့ ကြောက်စရာလဲ အလွန်ကောင်းတာပဲ။ သံဝေဂယူစရာပါပဲ။ အခြားလူတွေလဲ အရိယမဂ်ကိုမရသေးယင် အဲဒီလိုယုတ်ညံ့တဲ့ဘဝတွေကို ရောက်သွားနိုင်တယ်။

ဒါကြောင့် သတိသံဝေဂဖြစ်ပြီး တရားကို လေးလေးနက်နက် နှလုံးသွင်းနိုင်အောင် မြတ်စွာဘုရားက ဒီဝက်မလေးဖြစ်စဉ်ကို မိန့်တော်မူခဲ့တာပဲ။

အဲဒီ ဝက်မလေးဘဝတုန်းက ဘယ်လိုသေရတယ်ဆိုတာတော့ပြဆိုမထားဘူး။ ဒါပေမယ့် ယခုကာလလိုပဲ ဝက်ရှင်ကသတ်လို့ သေရတာဖြစ်မှာပါပဲ။ အဲဒီအခါတုန်းက ဝက်မမှာ သားသမီး စသည် အခြွေအရံ အပေါင်းအဖော်တွေ ရှိမှာပဲ။ အဲဒါတွေနဲ့ သေကွဲ ကွဲလာရတဲ့အခါ သက်ဆိုင်ရာတွေ အားလုံး စိတ်ဆင်းရဲစရာတွေ များစွာ ဖြစ်ကြရမှာပဲ။

အဲဒီကနောက် သုဝဏ္ဏဘူမိအရပ်မှ အနုရာဓမြို့အထိ ခြောက်ဌာနမှာ လူဘဝကြီး ဖြစ်သွားရတယ်ဆိုတော့ တော်သေးရဲ့လို့ ဆိုရမှာပဲ။ ဒါပေမယ့် အဲဒီ ခြောက်ဘဝမှ သေရတဲ့အခါတိုင်း သူ့ကိုယ်တိုင်ရော၊ သက်ဆိုင်တဲ့သူတွေရော ဝမ်းနည်းကြရ၊ စိုးရိမ်ပူဆွေးကြရ၊ ငိုကြွေးကြရမှာချည်းပဲ။

နောက်ဆုံးမှာ သုမနာထေရီဖြစ်ပြီး ရဟန္တာမ ဖြစ်သွားတာကတော့ ဝမ်းသာစရာ အကောင်းဆုံးပါပဲ။

အဲဒီဖြစ်စဉ်ထဲမှာ ဘဝဟောင်းမှ သေသေပြီး ဘဝ အသစ်အသစ် ထပ်ကာထပ်ကာ ဖြစ်ရတာဟာ ဘာကြောင့်လဲဆိုယင် ဆင်းရဲဖြစ်ပွားကြောင်း 'သမုဒယ

http://www.dhammadownload.com



သစ္စာဆိုတဲ့ တဏှာ’ ကြောင့်ပဲ။ အခြားသူတွေလဲ တဏှာမကင်းသေးယင် ဒီလိုပဲ သေသေပြီး ဘဝ အသစ်အသစ် ဖြစ်ဖြစ်သွားရလိမ့်မယ်။

ဒါကြောင့် ဒီသမုဒယသစ္စာဆိုတဲ့ ကဏှာကင်းငြိမ်းအောင် မဂ္ဂင်ရှစ်ပါး အကျင့် ကျင့်သုံးပွားများဖို့ရာ အလွန်ပင် အရေးကြီးပါတယ်။

## ပရိနိဗ္ဗာန်စံခါနီး ကိုယ်တွေ့ ဘဝသံသရာ တရားဟော

သုမနာထေရီမှာတော့ ‘သတိပဋ္ဌာနသုတ်’ တရားကို နာကြားပြီးတော့ အဲဒီ သတိပဋ္ဌာန်နည်းအတိုင်း ရှုမှတ်ပွားများပြီး သောတာပန်ဖြစ်တယ်။ အဲဒီက နောက် ‘အာသီဝိသောပမသုတ်’ကို နာကြားပြီး တဖန် နှလုံးသွင်းသဖြင့် အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာမ ဖြစ်သွားတယ်။ သမုဒယဆိုတဲ့တဏှာ ကင်းသွားတယ်။ ဒါကြောင့် တဖန် ဘဝသစ်ဖြစ်ဖို့ မရှိတော့ဘူး။ ပရိနိဗ္ဗာန်ပြုပြီး အေးငြိမ်းသွားဖို့ပဲ ရှိတော့တယ်။

ဒါကြောင့် အဲဒီ သုမနာထေရီဟာ အာယုသင်္ခါရကုန်တဲ့အခါ ပရိနိဗ္ဗာန်ပြုတော့မည့်အကြောင်း သီတင်းသုံးဖော်များအား ပြောကြားတယ်။ အဲဒီအခါ (မင်္ဂလာရာမ ကျောင်းတိုက် မဟာတိဿထေရ်ကြီး အမှူးရှိတဲ့) အမျိုးသား ရဟန်းတော်များနှင့် အမျိုးသမီး ရဟန်းမများက သူ့ အကြောင်းအရာကို မေးကြတဲ့အတွက်—

“ဘုရားတပည့်တော် မဟာကကုသန် ဘုရားလက်ထက်တော်က လူအမျိုးသမီး ဖြစ်ခဲ့ပါတယ်။ အဲဒီဘဝကသေတော့ ကြက်မဖြစ်ခဲ့ပါတယ်။ အဲဒီ ကြက်မ ဘဝမှာ သိန်းငှက်က ထိုးသုတ်ပြီးစားလို့ ခေါင်းပြတ်ပြီး သေခဲ့ရတယ်။ သေပြီးတော့ လူ့ဘဝမှာ မင်းသမီး ဖြစ်ခဲ့ရတယ်” စသည်ဖြင့် ဘောက္ကန္တရွာ၌ အဆုံးစွန်ဘဝတိုင်အောင် သူ့ အကြောင်းအရာတွေကို ဘိက္ခုနီသံဃာအား ဖြစ်စဉ်အတိုင်း ပြောကြားပြီးတော့—

“စေ=ယခု ပြောကြားခဲ့သည့်အတိုင်း၊ သမဝိသမေ=ညီမျှ,မညီမျှကုန်သော၊ (ဝါ) အကောင်းအဆိုး အမျိုးမျိုးကုန်သော၊ တေရသ အတ္တဘာဝေ=တဆယ့်သုံးခုသော အတ္တဘောတို့ကို၊ ပတ္တာ=ရောက်ခဲ့ပြီး၍၊ ဣဒါနိ=ယခု နောက်ဆုံးဘဝ၌၊ ဥက္ကဏ္ဌိတွာ=သံသရာ၌ ငြီးငွေ့သောကြောင့်၊ ပဗ္ဗဇိတွာ=ရဟန်းပြု၍၊ အရဟတ္တံ=ရဟန္တာအဖြစ် အရဟတ္တဖိုလ်သို့၊ ပတ္တာ=ရောက်ခဲ့ပါပြီ။

http://www.dhammadownload.com



"သဗ္ဗေပိ=အားလုံးသော အရှင်ကောင်း, အရှင်မ, တို့သည်လည်း၊ အပ္ပမာဒေန=မမေ့မလျော့ အမှတ်ရသည့် သတိတရားဖြင့်၊ သမ္ပာဒေထ=သီလ,သမာဓိ,ပညာကို ပြီးစီးပြည့်စုံအောင် အားထုတ်ကြပါကုန်လော့။"

လို့ ပြောကြားလျက် ပရိသတ်လေးပါးကို သံဝေဂဖြစ်စေပြီးလျှင် ပရိနိဗ္ဗာန် ဝင်စံသွားပါသတဲ့။

ယခုပြောခဲ့တဲ့ သူကရပေါတိကာ=ဝက်မကလေး ဝတ္ထုကတော့ ဓမ္မပဒ အဋ္ဌကထာ (ဒု-နှာ-၃၃၂-၅)မှာ အပြည့်အစုံ ပြဆိုထားလျက် ရှိပါတယ်။

http://www.dhammadownload.com

# အခန်း (၉)

## ရှေးခေတ် သီဟိုဠ် မှတ်တမ်းလာ ရဟန္တာ ပုဂ္ဂိုလ်ထူးများ

### နေမဝင်သော ကမ္ဘာ

"ဣမေ စ သုဘဒ္ဒ....ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ = ချစ်သား သုဘဒ်....ရဟန်းတို့သည် သတိပဋ္ဌာန်တရား မဂ္ဂင်ရှစ်ပါးကို ကိုယ်တိုင်လည်း ကျင့်ပွား, တပါးသူတို့ကိုလည်း ဟောကြား ညွှန်ပြလျက် ကောင်းစွာနေသွားကြပါမူ ဤလောကကြီးသည် ရဟန္တာတို့မှ ဆိတ်သုဉ်းခြင်းမရှိ (ဆိတ်သုဉ်းသောအခါဟူ၍မရှိ) ဖြစ်ပေရာ၏။"

(မဟာ ပရိနိဗ္ဗာန သုတ်)

http://www.dhammadownload.com



[ဤအခန်း ၉-၌ဖော်ပြထားသော ဝတ္ထုများမှာ အရှင်မဟာဗုဒ္ဓဃောသ ဇမ္ဗူဒီပမှ သီဟိုဠ်ကျွန်းသို့ မရောက်မီကပင် ရှိနိုင်သော၊ ရှေးသီဟိုဠ် မှတ်တမ်းများ၌ လာရှိသော ဝတ္ထုများဖြစ်ပါသည်။

ရဟန္တာအရှင်မြတ်ကြီးများ အဆက်ဆက် ဟောပြတော်မူခဲ့ကြသော မှတ်တမ်းတင်ထားခဲ့ကြသော ဝတ္ထုများဖြစ်ပါသည်။ ကိုယ်တိုင် ဟော ထေရုပ္ပတ္တိများပင် ဖြစ်ပါတော့သည်။

အဋ္ဌကထာ ဆရာကြီးလည်း ယင်းမှတ်တမ်းများနှင့် ရဟာ န္တာမထေရ်ကြီး အဆက်ဆက်တို့ မိန့်တော်မူချက်များမှ လျော်ရာ လျော်ရာ ထည့်သွင်း ရေးသားတော်မူခြင်း ဖြစ်ပါသည်။

မှတ်တမ်း များမှာ—

၁။ **သဟဿ ဝတ္ထု** (သီဟိုဠ်အက္ခရာနှင့် ရေးသူ အမည်မသိ၊ ဗုဒ္ဓဒတ္တ မဟာထေရ် တည်းဖြတ်၊ ၁၉၅၉-ခုနှစ်၊ အနုလာပုံနှိပ်တိုက်၊ မရဒန၊ သီရိလင်္ကာ။)

၂။ **မဓုရ ရသဝါဟိနီ** (ပါဠိ မဟာဝိဟာရ ဝါသီ အရှင်ရဋ္ဌပါလထေရ်၊ မြန်မာ-ပုဂံမြို့ အရှင်ဝဇိရဗုဒ္ဓိ ထေရ်။ ၁၃၂၃-ခုနှစ်၊ ပဒေသာ ပိဋကပုံနှိပ်တိုက်၊ မန္တလေး။)

၃။ **ရသဝါဟိနီ** (ပါဠိ-မူလဋီကာ အရှင်အာနန္ဒာ၏ တပည့်။ မြန်မာ—ဦးအာစရ ညောင်လေးပင်၊ ၁၉၂၅- ခုနှစ်၊ ၄၇-၅၁-လမ်း၊ မြန်မာအမျိုးသား စာပုံနှိပ်တိုက်၊ ရန်ကုန်။)

သဟဿဝတ္ထု၌ ဝတ္ထု ၉၅-ပုဒ်ပါ၍ ရသဝါဟိနီ၌ ဇမ္ဗူဒိပ (ဇမ္ဗုဒ္ဒိယ)ဝတ္ထု ၄၀၊ မဓုရ ရသဝါဟိနီ၌ သီဟိုဠ် ဝတ္ထု ၆၀-ပါဝင်သည်။ ၁-နှင့် ၂-၃ ဝတ္ထုများ အခြေခံအားဖြင့် အားလုံးတူသည်ဟု ဆိုနိုင်သော်လည်း ၁-၌ ကျဉ်း၍ ၂-၃-၌ ကျယ်သည်။ ပါဠိမဟုတ်သော ဒေသသုံး ဝေါဟာရများလည်း ပါဝင်နေ၍ အသိခက်၏။

နာမည်များမှာလည်း မြန်မာမူတို့၌ အပျက်များ၍ သီဟိုဠ်မူတို့၌ မူကွဲများလှသည်။ မဟာဝံသ၊ D. P. N, စသည်တို့နှင့် ညှိ၍ ရေးလိုက်ပါသည်။

ဤ၌ ဖော်ပြထားသော ဝတ္ထုများမှာ တိုက်ရိုက် ဘာသာပြန်ခြင်းမဟုတ် ချုံ့တန် ချုံ့၍ စကားအသွားအလာ ချောမွေ့ ပေါ်လွင်စေရန် အနည်းငယ် ဖြည့်တန် ဖြည့်၍ ဖော်ပြလိုက် ပါသည်။

http://www.dhammadownload.com



(အကြောင်း ညီညွတ်ပါလျှင် ယင်း 'သီဟိုဠ်ဓမ္မဝတ္ထုများ'ကို တလုံး တစည်းတည်း မြန်မာမှုပြု၍ ထုတ်ဝေပါဦးမည်။)

အဋ္ဌကထာလာ ဝတ္ထုများနှင့် မရောထွေးစေရန် 'ရှေးသီဟိုဠ် မှတ်တမ်းလာ ရဟန္တာပုဂ္ဂိုလ်ထူးများ'ကို အခန်း တခန်းအဖြစ် သီး သန့် နမူနာ သဘောမျှ တင်ပြရပါကြောင်း။]

## ဆွမ်းဒါနကြောင့် သာသနာပြုရ, သာသနာ့အမွေခံရသော

# ဂေါဋ္ဌဓမ္မရ သူရဲကောင်းထေရ်

[သဟဿ ဝတ္ထု-၄၄၊ မဓုရ ရသဝါဟိနီ-၂၅-ဝတ္ထု။]

### ဒုဋ္ဌဂါမဏိမင်းနှင့် တိုင်းပြုပြည်ပြု သာသနာပြုဘက်

ဂေါဋ္ဌဓမ္မရသည် ဒုဋ္ဌဂါမဏိမင်း၏ တိုင်းပြု ပြည်ပြု သာသနာပြုဘက် သူရဲကောင်း ဗိုလ်ချုပ်ကြီးတဦး ဖြစ်သကဲ့သို့ သီဟိုဠ်သာသနာဝင်၌ အာဇာနည် ပုဂ္ဂိုလ်ထူးတပါးလည်း ဖြစ်တော်မူ၏။

ကံတရားတို့သည် ဆန်းကြယ် လှပေကုန်၏။

ဒကာတဦးသည် ကဿပဘုရားရှင် လက်ထက်တော်၌ ရဟန်းသံဃာများ အား စာရေးတံ နို့ဆွမ်းလှူဒါန်းခဲ့သော ကောင်းမှုကြောင့် ကဿပ, ဂေါတမ ဘုရားနှစ်ဆူ နှစ်လက်ထက်နှင့် ကြားကာလတွင် လူ့ပြည်, နတ်ပြည်တို့၌ လူနတ် စည်းစိမ်များကို ခံစားခဲ့ရ၏။ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုပြီးနောက် သီဟိုဠ်ကျွန်း ရောဟဏ ဂိရိနယ် နိဋ္ဌလ ဝိဋ္ဌရွာ နာဂမည်သော သူကြွယ်ကြီး၏ သား ခုနစ်ယောက်တွင် အဘယမည်သော အထွေးဆုံးသား ဖြစ်၍လာသည်။

တနေ့သောအခါ အစ်ကိုခြောက်ဦးသည် လယ်ယာခုတ်ထွင်ရန်တောထဲသို့ သွားကြ၍ လယ်ယာခုတ်ထွင်ရှင်းလင်းကြ၏။ တနေရာ၌ ဋ္ဌမ္မရခေါ်သော သစ် ပင်ကြီးများ (ပါဠိ သိမ္ဗလိ, သို့မဟုတ် အမ္ဗ လက်ပံ, သရက်ပင် ဖြစ်ဖွယ်ရှိ၏။ D. P. N. သီဟိုဠ်ကျမ်းများ၌လည်း အတိအကျ မလာရှိ) ထူထဲစွာပေါက်ရောက် နေသဖြင့် 'ညီဖြစ်သူ ဂေါဋ္ဌ အတွက်'ဟု ချန်ပစ်ထားခဲ့ကြ၏။

အဘယ သူငယ်သည် ပုကွသဖြင့် အကိုဖြစ်သူများက ဂေါဋ္ဌဟု ပြက်ရယ် ပြောင်လှောင်၍ ခေါ်ကြသည်။ ဂေါဋ္ဌသည် အစ်ကိုများ တောမှပြန်လာ၍ သူ့ အတွက် ရှင်းလင်းခုတ်ထွင်ရန် တနေရာစာ ချန်ထားခဲ့ကြောင်း ကြားသိရလျှင် ချက်ချင်းတောထဲသို့ ထွက်သွား၏။သစ်ပင်ကြီးများကို အလွယ်တကူပင် လက်ဖြင့်

http://www.dhammadownload.com



နုတ်၍ ဖစ်ကာ မြေကို ညှိပြီး ပြန်လာခဲ့သည်။ အစ်ကိုများမှာ မယုံနိုင်၍ သွားရောက် ကြည့်ရှုကြရာ အံ့ဩ၍ ပြန်လာကြရ၏။

ထိုအချိန်မှစ၍ အဘယညီငယ်အား 'ဂေါဠကမ္မဂ' ဟုခေါ်ကြလေသည်။

ဂေါဠကမ္မဂ လူလားမြောက်ချိန်၌ ဒုဋ္ဌဂါမဏိမင်းသားသည် ကျေးကုလား (ဒမိဠ=တမယ်)မင်းများကို တိုက်ထုတ်ရန် နိုင်ငံအတွင်းရှိ အားကောင်းမောင်းသန်သော သူရဲကောင်းများ မဟာဂါမနေပြည်တော်၌ စုဆောင်းနေချိန် ဖြစ်၍ ဂေါဠကမ္မဂလည်း ဒုဋ္ဌဂါမဏိ မင်းသားထံ ခစားရန် ရွာမှထွက်ခွာသွား၏။ (ရွာမှ ထွက်အသွား အပေါင်းအဖော်များနှင့်အတူ ကပ္ပကန္ဒရ မြစ်အနီး ကန္ဒရ ကျောင်းသို့ဝင်၍ နားခိုစဉ် အုန်းပင်များကို လှုပ်ခါချွေချပြီး တတောင်ဖြင့် ခွဲစား၍ ထေရပုတ္တာဘယခေါ် ကိုရင်အဘယနှင့်တွေ့ပုံ အခန်း ၁-၌ ရေးခဲ့ပြီ။)

ဒုဋ္ဌဂါမဏိမင်းကြီးလည်း ဂေါဠကမ္မဂအား အကျိုးအကြောင်း မေးမြန်းစိစစ်ပြီး နှစ်ခြိုက်တော်မူသဖြင့် နေ့စဉ် အသပြာတထောင်ဆုချကာ ခစားစေ၏။

၃၂-ဦးသော ကျေးကုလားများနှင့် စစ်တိုက်ကြရသောအခါ ဂေါဠကမ္မဂလည်း အခြားသူရဲကောင်းကြီးတို့နှင့်အတူ နောက်လိုက်ယောက်ျားများ ခြံရံလျက် စစ်ထွက်ရလေ၏။

မဟာဂေါဠပိတ္ထနအရပ် (ရသဥ္စ မဟာတိတ္ထဆိပ်) ၌ တကျိပ်ခုနစ်ယောက်သော ကျေးမင်းတို့နှင့် စစ်တိုက်ရာ ကျေးစစ်သည် တထောင်ကို သတ်ဖြတ်၍ ကျေးမင်းတကျိပ်ခုနစ်ယောက်တို့၏ ခေါင်းကိုဖြတ်ပြီး ဒုဋ္ဌဂါမဏိ မင်းကြီးအား ဆက်သနိုင်လေသည်။ (သဟာယဝတ္ထု၌ မဟာဆတ္တအိုင် မဟာဆတ္တ ကျေးမင်းဦးခေါင်းဟု ဆို၏။)

အလားတူနေရာများစွာ၌ စစ်တိုက်ရလေရာ နောက်ဆုံး ဝိဇိတမြို့၌ ကျေးမင်းများ မြို့ကိုအခိုင်အမာတပ်စွဲ၍ ခုခံစဉ် ဂေါဠကမ္မဂ၏တပ်သည် မြို့တံခါးကို ဖျက်၍ မြို့ကိုစီးမိလေ၏။ ကျေးမင်းနှင့် စစ်သားများကိုလည်း အုန်းပင်များကို လက်ဖြင့်နုတ်၍နုတ်၍ ရိုက်ပုတ်သတ်ဖြတ်ကာ ဝိဇိတမြို့ကို အပြီးအပိုင် သိမ်းပိုက်နိုင်လေသည်။

## ဘီလူးရှိုင်းနှင့်သတ်သော အမတ်ကြီး

ကျေးကုလားများရန်ငြိမ်း၍ ဒုဋ္ဌဂါမဏိမင်းကြီး အနုရာဓမြို့၌ နန်းတက်သောအခါ ဂေါဠကမ္မဂကိုလည်း အမတ်ကြီးအရာထား၍ လမ်းမကြီးအနီး အိမ်တအိမ်၌ အခြံအရံနှင့် စည်းစိမ်များကို ပေးသနားတော်မူသည်။ အမတ်ကြီးသည် မိမိ၏ ခြွေရံသင်းပင်းများနှင့်အတူ နေအိမ်မှ တယူဇနာ ဝေးကွာသော တိဿဝါပိရေကန်သို့ နေ့စဉ် ရေကစားသွားလေ့ ရှိ၏။

http://www.dhammadownload.com



တနေ့သောအခါ ရေကန်မှအပြန် တိဿဝါပိကန်အနီး ဣဿရသမဏာ ခေါ်သော ကျောင်းဝ၌ ပိတ်ဆို့နေသော ဝါးရုံချုံကြီးကို ခုတ်ရှင်းပစ်ရန် ဘုန်းတော်ကြီးနှင့် တူးရွင်းပုဆိန်လက်နက်များ ကိုင်ဆောင်ထားသော လူအများကို တွေ့မြင်ရလေ၏။ ဘုန်းတော်ကြီးအား အကျိုးအကြောင်းကို အမတ်ကြီးက လျှောက်လျှင် ဝါးရုံချုံရှင်းရန် စီမံနေကြောင်းမိန့်သဖြင့် သားရေလွန်ကြိုးတခု ရှာပေးရန် လျှောက်ထားလေ၏။

အမတ်ကြီးသည် သားရေလွန်ရလျှင် ဝါးရုံချုံအမြစ်ဆုံ၌ ချည်၍ဆွဲလိုက်ရာ တမြုံလုံး ကျွတ်ထွက်လာသည်။ အမတ်ကြီးသည် ဝါးရုံချုံကြီးကို ခေါင်းပေါ်၌ လှည့်ပတ်ဝှေ့ယမ်းပြီး လမ်းနှင့်လွတ်ရာသို့ လွှင့်ပစ်ချလိုက်သည်။

ဝါးရုံချုံကြီးမှာ လှည်းအစီးခြောက်ဆယ်တိုက်ခန့် ရှိလေသတတ်။

အမတ်ကြီးသည် နောက်ကာလတွင် အနုရာဓမြို့တွင်း၌ ဘုံသုံးဆင့်ရှိ ပြာသာဒ်ကြီးကို ဆောက်လုပ်စေ၍ ကြီးကျယ်သော စည်းစိမ်ဖြင့် စံနေလေ၏။ တနေ့သောအခါ ပြာသာဒ်ကြီး၏ တခုသော လွင်ပြင်ခန်းမကျယ်ကြီးအတွင်း အဝတ်အထည်အမျိုးမျိုးမိုးကာလျက် ပန်းအမျိုးမျိုး၊ အနံ့အကြိုင် အမျိုးမျိုးတို့ဖြင့် နတ်ဗိမာန်ကဲ့သို့ တန်ဆာဆင်စေ၏။

မိမိနှင့်အမတ်ကတော်ကြီးတို့လည်း နတ်ဝထ်တန်ဆာဒွာဒရာများအဆောင်အယောင်များဝတ်စားဆင်ယင်ပြီးလျှင် ရတနာပလ္လင်နှစ်ခုတွင် ယှဉ်၍ထိုင်လျက် အရံအရွေတော်များကိုလည်း နတ်သမီးကညာတို့ကဲ့သို့ ဝတ်စားဆင်ယင်၍ ခစားစေ၏။ အတီးအမှုတ်အကအခုန်တို့ဖြင့် ဖြေဖျော်ကြရလေသည်။

ထိုသို့ နတ်စည်းစိမ်ကို ခစားလျက် ခမ်းနားကြီးကျယ်စွာ ငါးအမဲ စားဖွယ်များနှင့်တကွ သေရည်သောက်ပွဲကြီး ကျင်းပလေသည်။

ထိုအခါ အရိဋ္ဌတောင်၌ နေသော ဇယသေန ခေါ် ဘီလူးကြီးသည် အပေါင်းအဖော်များနှင့်အတူ တမ္ဗပဏ္ဏိသုသာန်သို့ကောင်းကင်ခရီးဖြင့်လာလေရာ အမတ်ကြီး ပြာသာဒ်ထက်သို့ ရောက်လျှင် မွှေးကြိုင်သောအနံ့များနှင့် တီးမှုတ်သံများကြောင့် မကြုံစဖူး အထူး အဆန်း ဖြစ်ကာ ရပ်၍ အကဲခတ် နေလေ၏။ ဂေါဌကုမ္ဘရအမတ်ကြီးသည် အရံအရွေ အဖြေအဖျော်များနှင့်အတူတကွခမ်းနားကြီးကျယ်စွာ သေရည်သောက်ပွဲကြီး ကျင်းပနေသည်ကို တွေ့ရသဖြင့် ဘီလူးအဖော်များနှင့်အတူ ကောင်းကင်မှသက်ဆင်းကာ မဏ္ဍပ်တွင်းသို့ ဝင်၍ ကြည့်ရှုလေသည်။

ဇယသေန ဘီလူးသည် နတ်ဝတ်တန်ဆာ ဒွာဒရာတို့ဖြင့် လွန်စွာ လှပသော အမတ်ကြီးကတော်ကို မြင်တွေ့ရလျှင်ပင် တပ်မက်သောစိတ်ရှိလာ၍ သေရည်မူးနေသော အမတ်ကတော်ကြီးကိုယ်၌ ပူးဝင်လေ၏။ အမတ်ကတော်လည်း သီဆိုတီးမှုတ်၍ ကခုန် ဖြေဖျော်နေကြသည်ကို ရှုစားယင်း ရုတ်တရက် ပလ္လင်

http://www.dhammadownload.com



ပေါ်မှ လိမ့်ကျသွားသည်။ ခံတွင်းမှ အမြှုပ်တစီစီ ထွက်ကာ မျက်လုံးကြီးများ ပြူးလျက် ထွန့်ထွန့်လူး လူးလိမ့်နေသည်နှင့် ချက်ချင်းပင် အတီးအမှုတ်များ ရပ်ဆိုင်းသွားကာ ပရိသတ်များအားလုံး အံ့အားသင့်ကုန်ကြလေတော့သည်။

အမတ်ကြီးလည်း တဘက်သော ပလ္လင်ထက်၌ ယစ်မူးလျက် ပွဲသဘင်ရှုစားနေရာမှ ရုတ်တရက် အံ့အားသင့်ကာ လဲကျသွားသော ဇနီး၏အနီးသို့ ပြေးဆင်းလာ၏။ အမတ်ကတော်ကြီးမှာသတိမရပဲ မျက်လုံးကြီးများပြူးကြောင်၍ ကြည့်နေသဖြင့် 'ဒါ ဘီလူး ဖမ်းစားတာပဲ'ဟု ဆင်ခြင်မိသော အမတ်ကြီးသည် မေးမထူး, ခေါ်မကြားသော ဇနီးကို ကြည့်ယင်းက ဒေါသ ထွက်လာလေ၏။ ထိုနေရာ၌ပင် လက်သီးလက်ရုံးတန်းကာ—

"သယ်....ဘီလူးယုတ်...၊ သင်ဟာ ငါ့ဇနီးကို ပုန်းလျှိုးကွယ်လျှိုး နှိပ်စက်ရသလား။ သတ္တိရှိလျှင် ကိုယ်ထင်ရှားထွက်ခဲ့စမ်း။ ခြေထောက်နဲ့ကန်လို့ အပိုင်းပိုင်းပြတ်ပြီး ပြာဖြစ်သွားမယ်။ ယောကျ်ားတို့ သတ္တိကို ပြစမ်းပါ။ မင်းနဲ့ ငါ နပန်းသတ်ကြရအောင်" စသည်ဖြင့် ကြိမ်းဝါးပြောဆိုလေလျှင် ဘီလူးလည်း အမျက် ဒေါသထွက်ကာ ကြီးမားသောကိုယ်ဖြင့် ထင်ရှားပြလေ၏။ အစွယ်နှစ်ချောင်းလည်း ငေါငေါထွက်ကာ မျက်လုံးနှစ်ဘက်မှလည်း မီးလျှံများ ထွက်လျက် ကြောက်မက်ဖွယ် မြင်ကြရလေသည်။

အမတ်ကြီးမှာကား ကြောက်ရွံ့ခြင်းမရှိ၊ ဘီလူးကြီးနှင့် အပြန် အလှန် စကားနိုင် ကြိမ်းဝါးပြောဆိုကာ လက်ဝှေ့လက်ပမ်းသတ်ရန် စိန်ခေါ်လေ၏။ ထိုအခါ ဇယသေနဘီလူးကြီးက—

"ဟေ့....ကွေ၊ ယခု ငါ လက်ဝှေ့မသတ်နိုင်သေးဘူး။ နောင် ခုနစ်ရက်ကြာယင် သုသာန်ကိုလိုက်ခဲ့။ အဲဒီအခါကျမှ ငါ့အစွမ်းကို ငါ့အပေါင်းအဖော် မြင်စေချင်သေးတယ်"ဟု ဆို၍ အမတ်ကြီးကလည်း ပြန်လည် ကြိမ်းဝါးကာ ထွက်သွားရန် ပြောဆိုသဖြင့် ဘီလူးလည်း ထွက်ခွာသွားလေ၏။

ခုနစ်ရက်မြောက်သောနေ့တွင် တမ္ဗပဏ္ဏိသုသာန်၌ ဘီလူးများ စည်းဝေးနေကြစဉ် အမတ်ကြီးလည်း နံနက်စောစော အိမ်မှတယောက်တည်း ထွက်လာခဲ့သည်။ နေအိမ်မှထွက်၍ လမ်းသို့ရောက်လျှင် နတ်များက မသွားရန် တားဆီးကြ၏။ ရန်သူမှန်သမျှကို နိုင်သောကြောင့် ဇယသေန ခေါ်ကြောင်း စသည်ဖြင့် ဖျောင်းဖျ ပြောဆိုကြသော်လည်း—

"ဒီအကောင်ဟာ သူ့ထက် အားကောင်းတဲ့လူကို မတွေ့ဖူးသေးလို့ပါ၊ ကိစ္စမရှိပါဘူး၊ ငါ့အကြောင်းသိစေ့မယ်"ဟု ပြန်လည်ပြောဆိုလေ၏။ သုသာန်သို့ ရောက်သည့်တိုင်အောင် နတ်များတားဆီးကြသည်ကို မနာယူပဲ သုသာန်ထဲသို့ ဝင်သွား၏။ ဘီလူးကြီးမှာ ဘီလူးများနှင့် စည်းဝေးနေကာ "ဒီလူမလာတော့ဘူးနဲ့ တူပါရဲ့"ဟု ပြောဆိုနေစဉ် အမတ်ကြီးက—

http://www.dhammadownload.com



"ဂေါဋ္ဌကုမ္ဘရ သူရဲကောင်းဆိုတာ ငါပဲကွ၊ ဒီမှာရောက်နေပြီ"ဟု ကြွေးကြော်လိုက်သည်။ ဘီလူးကြီးလည်း ကြိမ်းဝါး ဟိန်းဟောက် လက်ပမ်းပေါက်ခတ်ကာ ခံတွင်းမှ မီးလျှံများထုတ်လွှတ်လျက် အမတ်ကြီးထံပြေးလာ၏။ အမတ်ကြီးလည်း ဘီလူးကြီး မိမိအနီးသို့ရပ်လာသည်နှင့် တပြိုင်နက် အပေါ်သို့ ခုန်ပျံတက်ပြီး ဘီလူးကြီး၏မေးရိုးကို မိမိ၏ ဗယ်ဘက်ခြေဖျားဖြင့် ခပ်ဆတ်ဆတ် ခတ်လိုက်ရာ ဘီလူးကြီး၏ဦးခေါင်းပြတ်ထွက်သွား၏။ တကောသလောက်ဝေးသော အရပ်သို့ လွင့်စဉ်ကျသွားလေတော့သည်။

ဘီလူးပရိသတ်ကြီးမှာ အုတ်အော်သောင်းနင်း ဖြစ်သွား၏။ ဘီလူးများနှင့်တကွ တောစောင့်နတ်များအားလုံး—

"သာဓု-သာဓု ဂေါဋ္ဌကုမ္ဘရ....၊ ကဿပဘုရား လက်ထက် တော်တုန်းက သင်လှူခဲ့တဲ့ နို့ဃနာဆွမ်းကျေးဇူးပေပဲ"ဟု တခဲနက် ချီးကျူး ဩဘာပေးကြလေ၏။ အမတ်ကြီးလည်း အိမ်သို့ပြန်လာကာ ခုနစ်ရက်တိုင်တိုင် ယခင် ပွဲလမ်းဘဘင်ထက် ကြီးကျယ်သော အောင်သေသောက်ပွဲကြီး ကျင်းပလေ၏။

## မင်းကြီး အတွေ့မခံ၍

အတီးအမှုတ် အကအခုန် အောင်လံ တံခွန်များ လွှင့်ထူကာ ဝတ်စားတန်ဆာ ဒွာဒရာအမျိုးမျိုးဆင်ယင်၍ ပရိသတ်များနှင့်အတူ ဒုဋ္ဌဂါမဏီမင်းကြီးထံ အခစားဝင်မည်ဟု သွားကြရာ အောင်စည် အောင်မောင်းသံများကို ကြား၍ မင်းကြီးက မေးလေလျှင် အနီးရှိ အမတ်ကြီးများက ဂေါဋ္ဌကုမ္ဘရ ဘီလူးရန် အောင်ပွဲရ၍ မင်းကြီးထံ ဖူးမြော်ရန်လာကြောင်း သံတော်ဦးတင်ကြရသည်။

ဒုဋ္ဌဂါမဏီမင်းကြီးက အမတ်ကြီးများအား—

"ဒီ ယစ်ထုတ် ငမူးကြီး ငါကိုယ်တော်မြတ်ထံ အဖူးအမြော် ဝင်ခွင့်မပေးကြလင့်"ဟု မိန့်တော်မူသဖြင့် အမတ်ကြီးများသည် ခမ်းနားကြီးကျယ်စွာ အခစား ဝင်လာသော ဂေါဋ္ဌကုမ္ဘရ အမတ်ကြီးအား နန်းတော်သို့မဝင်မီ ကြိုတင်သတင်းပို့ကြရလေ၏။ ထိုအခါ ဂေါဋ္ဌကုမ္ဘရသည် စိတ်ခုသွားကာ—

"ဩော်... ဒီလိုလား....၊ ကောင်းပါပြီ မိတ်ဆွေတို့၊ အမိန့်တော်မြတ်အတိုင်းပါ။ ဒီကနေ့ကစပြီး မင်းကြီးကို ကျွန်ုပ် မဖူးမြင်တော့ပါ။ မင်းကြီးလဲ ကျွန်ုပ်ကို ဒီနေ့ကစပြီး တွေ့မြင်ခွင့်မရှိတော့ပါဘူး။ ကဲ....ဒါဖြင့် ကျုပ်ပြန်မယ်"ဟု ဆိုကာ ပရိသတ်များကို ခေါ်၍ နေအိမ်သို့ လှည့်ပြန်သွားလေတော့၏။

အိမ်သို့ရောက်လျှင်ပင် အမတ်ကြီးကတော်နှင့် သားသမီး အခြွေအရံများအား စီမံခန့်ခွဲမှာကြား၍ ချက်ချင်း အိမ်မှထွက်ခွာသွားလေ၏။ ၁၂-ယူဇနာဝေးသော နာဂဒီပကျွန်းသို့ နေ့ချင်းပေါက် ခြေကျင်သွားရောက်လေ၏။ တဖန် နာဂ

http://www.dhammadownload.com



ဒီပကျွန်းမှ ၂၄-ယူဇနာ အပြောကျယ်သော ဂေါဋ (ဣန္ဒိယ) သမုဒ္ဒရာကြီးကို လက်ပစ်ကူးကာ ကာဝီရ သင်္ဘောဆိပ်သို့ ရောက်သွားသည်။

## အသက်စွန့်၍ အရိယာ ဖူးမြင်လိုသူ

ကာဝီရပဋ္ဋနဣန္ဒိယဆိပ်ကမ်းသို့ရောက်လျှင် ထိုအရပ်ဒေသရှိလူများအား—

"မိတ်ဆွေတို့၊ ဂုဏ်ကျေးဇူးအထူးကြီးတော်မူကြသော ဘုရားရှင်ရဲ့တပည့်သား သံဃာတော် အရှင်မြတ်များ ဘယ်အရပ်မှာ သီတင်း သုံးတော်မူကြပါသလဲ။ နေရာသိလျှင် တဆိတ် ပြောပြပေးကြပါ"ဟု ခရီး ရောက်မဆိုက် မေးမြန်းရာ လူအများက—

"မိတ်ဆွေ....၊ ဒီအနားမှာ သံဃာတော်များ သီတင်းသုံးတဲ့ကျောင်းရယ်လို့တော့ မရှိပါဘူး။ ဒါပေမယ့် ဟောဟိုနားက ရွာမှာတော့ ဟိမဝန္တာမှာ ၁၂-ယူဇနာရှိတဲ့ လိုဏ်ဂူထဲ သီတင်းသုံးတော်မူကြတဲ့ သံဃာတော်အရှင်မြတ်များ ကောင်းကင်ကအမြဲသက်ဆင်းကြွလာပြီး ဆွမ်းခံတော်မူကြတယ်။ ဆွမ်းခံပြီးယင် အဲဒီနေရာကပဲ ကောင်းကင်ပြန်တက်ပြီး ဟိမဝန္တာကို ပြန်ကြွကြတာပဲ"ဟု ပြောဆိုကြကုန်၏။

ဂေါဋကုမ္ဘရလည်း သတင်းကြားရသည်နှင့် ဝမ်းသာအားရ"ကောင်းပါပြီ"ဟုဆိုကာ ဟိမဝန္တာသို့ ရှေးရှု၍ ဆက်လက် ခရီးထွက်လေသည်။

ဟိမဝန္တာမှ ရဟန္တာအရှင်မြတ်များ အမြဲ ဆွမ်းခံကြသည်ဆိုသော ရွာသို့ရောက်သောအခါ ရွာသူရွာသားများအား အကြောင်းစုံ မေးမြန်းစုံစမ်းပြန်၏။ လမ်းခရီးစဉ်များကိုလည်း သေချာစွာမှတ်သားပြီးနောက် ခရီးတထောက်ဆက်ပြန်သည်။ လမ်းခရီးစဉ်တလျှောက်၌ တွေ့မြင်ရသူများကိုလည်း ဆင့်ကာဆင့်ကာ မေးမြန်း၍သွားလေရာ ဟိမဝန္တာတောင်စသို့ ရောက်ရှိသွား၏။

ဦးစွာ တောင်တခုကိုတွေ့ရာ တောင်ပေါ်သို့တက်သွား၏။ ထိုတောင်မှ ဆင်းကာ အခြားတောင်ကြီးတခု၌ မွှေ့လျော်ဖွယ်ကောင်းသော ရဟန္တာအရှင်မြတ်များသီတင်းသုံးရာ လိုဏ်ဂူကျောင်းတော်ကြီးကို လှမ်း၍ မြင်နေရ၏။စိတ်ထဲတွင်လည်း အလွန်ကြည်နူးလျက်ရှိသည်။သို့ရာတွင် ထိုကျောင်းတော်ကြီးသို့သွားရန်မှာ နက်စောက်သော ချောက်ကမ်းပါးကြီး ဆီးတားနေသဖြင့် လူသာမန်တို့ သွားရောက်နိုင်သော ဌာနမဟုတ်ကြောင်း တွေ့ရှိရလေ၏။

ဂေါဋကုမ္ဘရသည် ချောက်ကမ်းပါးထိပ်၌ ရပ်တန့်ငေးမောပြီး လိုဏ်ဂူတော်ကြီးဆီသို့ မျှော်၍ကြည့်ရှုနေမိ၏။ရောက်စတွင် ဝမ်းသာရသော်လည်း သွားနိုင်သော အခွင့်မရှိတော့သဖြင့် လက်မှိုင်ချ၍ နေရလေသည်။အတန်ကြာစဉ်းစားပြီး ဆုံးဖြတ်ချက်တခု ချလိုက်၏။

http://www.dhammadownload.com



'ငါသည် အရိယာသံဃာတော်အရှင်မြတ်များကို ဖူးတွေ့ရအောင် ကြိုးစား လာခဲ့ရသော်လဲ လာရကျိုးမနပ်ပြီ။ သံဃာတော်အရှင်မြတ်တို့ကို မဖူးတွေ့ရလျှင် သေတာကမှ ကောင်းပါသေးတယ်။ မဖြစ် ဖြစ်တဲ့နည်းနဲ့ ငါသွားမယ်၊ သေလဲ သေပါစေတော့။'

ဂေါဠကုမ္ဗရသည် နက်ရှိုင်း မတ်စောက်လှသော ကမ်းပါးချောက်ကြီးကို အသက်စွန့်ကာ ကြံမိကြံရာ စမ်းရမ်း၍ ဆင်းလေ၏။ လက်နှစ်ဘက် ခြေနှစ်ဘက် ဖြင့် ဆွဲမိဆွဲရာ ထောက်မိထောက်ရာ ဆွဲ၍ ထောက်၍ တွားပြီးဆင်းကြည့်သည်။ အောက်သို့ ငုံ့ကြည့်သောအခါ မည်သည့်နေရာ၌ မြေပြန့်ရှိကြောင်း မမြင်ရချေ။ အဆုံးမရှိသော ကောင်းကင်ကဲ့သို့ ရှိလေ၏။

ဂေါဠကုမ္ဗရသည် စမ်း၍ဆင်းယင်းနှင့်ဆင်း၍မှမကြာမီ အဆုံးမမြင်ရသော ချောက်ကြီးထဲသို့ ခြေလွတ်လက်လွတ် ပက်လက်လန်၍ ကျသွားလေ၏။ ရဟန္တာ အရှင်မြတ်ကြီးတပါးသည် ထိုအဖြစ်ကိုမြင်တော်မူလိုက်သဖြင့် တန်ခိုးဖြင့် လက် ဆန့်တန်းကာ လှမ်း၍ဆွဲယူတော်မူလိုက်သည်။ မိမိကျောင်းသင်္ခမ်းသို့ ရောက်လာ သော ဂေါဠကုမ္ဗရအား အကြောင်းစုံ မေးမြန်းသိရှိရလျှင် ရဟန်းပြုပေးကာ ဝိပဿနာတရားကို ဟောကြားညွှန်ပြတော်မူ၏။

ဂေါဠကုမ္ဗရမထေရ်လည်း မကြာမြင့်မီ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ် တော်မူလျှင် မိမိဘဝကို ဆင်ခြင်သိမြင်တော်မူသဖြင့်—

"ရဲစွမ်းသတ္တိ ခွန်အားဗလနှင့်ပြည့်စုံ၍ ဘီလူးရိုင်းကြီးရန်ကိုပင် အောင်နိုင် ခဲ့သော ငါသည် ယခုမှပင် ကိလေသာရန်ကို အောင်ပွဲခံရပေ၏။

"ကဿပ ဘုရားသာသနာ၌ သံဃာတော်အရှင်တို့အား ပေးလှူခဲ့ရသော နို့ဃနာစာရေးတံ ဆွမ်းဒါနကြောင့် နောက်ဆုံးကာလတွင် ရှေးရှေး သူတော် ကောင်းများပမာ ငါလည်း အမြိုက်နိဗ္ဗာန်ကိုရရှိခံစားရပေပြီ"ဟု ဥဒါန်း ကျူး ရင့်တော်မူလေသတည်း။

## ဦးရိုးဆရာနှင့်မိဘကိုတရားပြသော

# မိဂပေါတက သာမဏေ

## [၁—မိဂပေါတက ဝတ္ထု၊ မဓုရ ရသဝါဟိနီ။]

အဘယမထေရ် သီတင်းသုံးသော ဥဒ္ဒလောဠကကျောင်းသည် တောအုပ် ကြီးနှင့်ဆက်စပ်နေသဖြင့် အေးချမ်းသာယာ ဆိတ်ငြိမ်လှစွာ၏။ ဥယျာဉ်ပန်းမန် ရေကန် တံတား ဘုရားစေတီတို့ဖြင့်လည်း စိမ်းကြည်နူးဖွယ် တင့်တယ်ပေသည်။

http://www.dhammadownload.com



အဘယမထေရ်ကြီးသည် နံနက်မိုးသောက် အရုဏ်တက်ချိန်သို့ရောက်တိုင်း ကျောင်းသင်္ခမ်းတောအုပ်ပတ်ဝန်းကျင်ရှိ ကျောင်းစောင့်နတ်, တောစောင့်နတ်, များအား တရားနာလှည့်ရန် ကြွေးကြော်တော်မူလေ့ရှိ၏။ နေအရုဏ်တက်သည်နှင့်မထေရ်၏ တရားရွတ်ဖတ်သရဇ္ဈာယ်သံမှာဆိတ်ငြိမ်သောအကာလတွင် သာယာနာပျော်ဖွယ်ကောင်းလှပေသည်။ တရားသံကိုကြားလျှင် တောတိရစ္ဆာန်များပင် ရပ်တန့်၍ နာကြားလေ့ရှိကြ၏။

ထိုသဘောကိုသိထားသော မုဆိုးတယောက်သည် တနေ့သော အာရုဏ်တက်တွင် မထေရ်၏တရားသံကြောင့် လည်ကိုဆန့်လျက် လကျာ်ခြေကို ၄မြေသို့မချပဲ နားနှစ်ဘက်လုံး စွင့်စွင့်ကား၍ တရားသံကို နားစိုက်ထောင်နေသော သမင်ငယ်တကောင်အား လေးမြားဖြင့် ရက်စက်စွာ ပစ်သတ်လိုက်၏။ အဖော်သားကောင်များလည်း လန့်ဖျပ်ထွက်ပြေးကြလေ၏။ အဘယမထေရ်၏ တရားသံကား အရှိန်မပျက် စည်ညံလျက်ပင်ရှိနေသည်။ သမင်ငယ်လည်း မြားဒဏ်ရာကြောင့် လဲကျသွားသော်လည်း မထေရ်၏တရားသံ၌သာ နားစိုက်ကြည်ညိုယင်းသေရရှာလေ၏။

အဘယမထေရ်သည် နေ့စဉ် နှမတော်အိမ်သို့ ဆွမ်းခံကြွရောက်တော်မူလေ့ရှိရာ နှမတော်မှမွေးဖွားသော သားငယ်ကလေးမှာ မထေရ်၏အသံကို ကြားရလျှင် အငိုပင် တိတ်သွား၏။ အရွယ်နှင့်မလိုက်အောင် ဦးရီးတော်မထေရ်အား လွန်စွာ စိတ်ဝင်စားသော အမူအရာကို ပြလေ့ရှိရာ စကားပီ နားလည်သော အရွယ်မှစ၍ မယ်တော်ထက် ဦးရီးတော်ကို ပို၍ ခင်မင်နေ၏။ ဦးရီးတော်အပါးက မခွာချေ။ ဦးရီးတော်၏ တရားသံကြောင့် လူဖြစ်လာရသော သူငယ်ပေတည်း။

ဦးရီးတော်ကလည်း "ဟဲ့....သမင်ကလေး" ဟု ခေါ်လေ့ရှိ၏။ ခုနစ်နှစ်အရွယ်ရှိလျှင်ပင် ရှင်သာမဏေဝတ်၍ ပေးလိုက်သည်။ ရှင်ပြုရန် ဆံချပြီးသည်နှင့်တပြိုင်နက် ပဋိသမ္ဘိဒါလေးတန် အဘိညာဉ် ခြောက်ပါးနှင့်တကွ ရဟန္တာဖြစ်တော်မူ၏။ ဦးရီးတော်မထေရ်ကြီးကား လောကီအဘိညာဉ်မျှသာ ရရှိတော်မူသေး၏။ သို့ရာတွင် ရဟန်းကိစ္စပြီးပြီဟု ထင်မှတ်နေလေသည်။

## လ,ကို ကိုင်သောလက်

တူသာမဏေငယ်သည် တခုသော နံနက်စောစော ဦးရီးတော်မထေရ်အနီးသို့ ဝတ်ကြီးဝတ်ငယ်ပြုရန်သွားစဉ် ဦးရီးတော်သည် လက်ကို ရှည်လျားသွယ်ပျောင်းအောင် ဖန်ဆင်း၍ ကောင်းကင်ရှိလမင်းကြီးကို ကိုင်တွယ်သုံးသပ်နေသည်ကို တွေ့ရ၏။ ထိုအခါ သာမဏေငယ်က—

http://www.dhammadownload.com



"ဦးရီးတော်ဘုရား....ဒီတရားမျိုးကို မြဲမြံ ခိုင်ခံ့အောင် စောင့်ရှောက်တော်မူနိုင်ယင် ကောင်းမှာပဲ ဘုရား"ဟု လျှောက်ထားလေ၏။ မထေရ်လည်း တူတော်၏စကားကို မကြားယောင်ပြုနေ၏။ တူရဟန္တာဖြစ်သွားပြီကိုလည်း မသိသဖြင့် ကလေးဘာဝ အားကျပြီး ပြောနေခြင်းမျှသာဟု ထင်မိလေသည်။ စကားပြန်ဖို့ မဆိုထားဘိ တူတော်ကို လှည့်၍မျှ မကြည့်ချေ။

တူတော်လည်း ဦးရီးတော်အား သံဝေဂဖြစ်အောင်ကြံဆောင်၍ ကောင်းကင်၌ လ,အစင်းပေါင်း တထောင်မက ချက်ချင်း ဖန်ဆင်းလိုက်၏။ မထေရ်လည်း ရုတ်တရက် အံ့အားသင့်ကာ တူတော်သာမဏေယ်အား လှည့်၍ကြည့်နေစဉ်-

"ဦးရီးတော်ဘုရား....၊ လမင်းပေါင်း တရာ,တထောင်,တသောင်း ကိုင်ဆောင်ဖို့ကား ဘာမျှမခက်ပါ။ ရဟန်းမြတ်မည်သည်မှာ တခုထဲသာရှိတဲ့ တဏှာကို ပယ်သတ်နိုင်ဖို့က ပိုပြီး အရေးကြီးလှပါတယ် အရှင်ဘုရား။

"ထိုမှတပါး သမုဒ္ဒရာကမ်း တခုမှာ ရပ်တည်၍ ကြည့်မြင်ရရုံမျှဖြင့် 'ငါ သမုဒ္ဒရာကြီးကို မြင်ရတယ်' ပြောဆိုသူကဲ့သို့ ဈာန်,သမာပတ်ကြောင့် ကိလေသာတဏှာ ကင်းကွာ ငြိမ်းစဲနေရုံမျှဖြင့် ကိလေသာ ကုန်ပြီဟု အထင်အမှတ် လွဲမှားနေပါက ဒကာတို့လှူသော ပစ္စည်းလေးပါးကို သုံးဆောင်နေရတာဟာ သန်လျက်ကို မျိုနေရသကဲ့သို့ ဖြစ်တတ်ပါတယ် ဘုရား။ လောကီတန်ခိုးဟာ အခိုင်အမာအားကိုးလောက်တဲ့ တရားမဟုတ်သေးပါ။"

## ခုနစ်နှစ်သား၏ တရားနှင့်တန်ခိုး

အဘယမထေရ်ကြီးသည် တူတော်သာမဏေယ်၏စကားကို ကြားရလျှင် ပြင်းစွာသံဝေဂ ဖြစ်တော်မူလေ၏။ ထိုနေရာ၌ပင် လက္ခဏာရေး သုံးပါး ထင်အောင် ရုပ်နာမ်နှစ်ပါးကို ဆင်ခြင်တော်မူရာ ရဟန္တာဖြစ်တော်မူသွားသည်။

တနေ့သောအခါ သာမဏေ၏မယ်တော် အဘယမထေရ်၏ နှမတော်သည် မောင်နှင့်တူအား နေ့ဆွမ်းကပ်ရန် စီစဉ်၍ ကျောင်းသို့လာရာ မောင်တော်က-

"နှမတော်....နက်ဖြန် သင့်အိမ်မှာ ငါတို့ တူအရီးနှစ်ပါးသာ မဟုတ်။ ရဟန္တာအများ ဆွမ်းအလှူခံ ကြွလာလိမ့်မယ်။ သို့သော်လဲ ငါတို့ တူအရီးနှစ်ပါးစသာ ပြုလုပ်ထားလေ"ဟု မိန့်တော်မူလိုက်၏။

နောက်တနေ့တွင် ရဟန္တာ အရှင်မြတ်သုံးသောင်း ဆွမ်းအလှူခံ ကြွတော်မူလာကြရာ နေရာ ထိုင်ခင်းမှ အစ အလှူ့ဒကာများ အခက်အခဲ တွေ့နေကြစဉ် တူအရီးနှစ်ပါး၏ တန်ခိုးတော်ကြောင့် အစစအရာရာ ပြည့်စုံသွား၍ ခမည်းတော်

http://www.dhammadownload.com



မယ်တော်တို့မှာ ဝမ်းသာမဆုံး ရှိကြရလေ၏။ ဆွမ်းကျွေးပြီးလျှင် မထေရ်ကြီးများက သာမဏေငယ်အား ဆွမ်းအနုမောဒနာ တရားဟောကြားစေရာ ခမည်းတော် မယ်တော်နှင့်တကွ ပရိသတ် ငါးရာတို့ သောတာပန် တည်ကြလေ၏။ (သဟဿဝတ္ထု၊ ဝတ္ထုနံပါတ် ၂-သီဟိုဠ်မှု၌ လမင်းနှင့်စပ်သော စကားများကို ဦးရီးတော်က ပြောဆိုကြောင်း ပါရှိရာ ဝတ္ထုသွားအရ စဉ်းစားကြရာ၏။)

# တောရ ကျောင်းနေ မဟာ အဘယ ထေရ်

## [၄-အာရညိက မဟာ အဘယ ဇေတ္ထုရဝတ္ထု]

မဟာဝါဠိကကျောင်းနေ မဟာအဘယထေရ်သည် ပိဋကသုံးပုံကိုဆောင်၍ ပရိယတ္တိကို အချိန်များစွာ သင်ကြား ပို့ချ လေ့လာတော် မူသော မထေရ် ဖြစ်သည်။

တနေ့သောအခါ တောရဆောက်တည်ရန် မဟာဝါဠိက စာသင်တိုက်ကြီးမှ ထွက်ခွာ၍ ထိုကျောင်းနှင့် မဝေးလှသော တောအုပ်ကြီး တခု အတွင်း၌ သီတင်းသုံးတော် မူသည်။ ထိုအခါမှစ၍ 'အာရညိက မဟာအဘယထေရ်' ဟု ခေါ်တွင်ကြသည်။ ဒကာတဦးသည် မထေရ်၏ အကျင့်သီလ တရားဓမ္မများကို လေးစားကြည်ညို၍ တဆယ့်နှစ်နှစ်ပတ်လုံး ပစ္စည်းလေးပါး ထောက်ပံ့ လှူဒါန်းနေ၏။

### သက်န်းဒကာနှင့် သူခိုး

အခါတပါး မထေရ်၌ သင်္ကန်းများ ဟောင်းနွမ်း နေသဖြင့် ပစ္စည်းလေးပါး ဒကာသည် စိတ်ကြိုက် ချုပ်ဆိုး၍ သုံးစွဲနိုင်စေရန် သင်္ကန်းအတွက် ပိတ်ဖျင်နှင့်အပ်၊ အပ်ချည်များကို လှူဒါန်းလေ၏။ သို့ရာတွင် မထေရ်ကြီးမှာ သင်္ကန်းအဟောင်းကိုချည်းသာ ဝတ်ရုံမြဲ ဝတ်ရုံနေသည်။ သင်္ကန်းဒကာမှာ စိတ်ထဲ၌ သံသယဖြစ်နေ၍ ကျောင်းကလေးအတွင်း၌ သိမ်းဆည်း ထားသေးသည် အထင်နှင့်ဝင်၍ကြည့်ရာ ကျောင်းမှာလည်းမတွေ့ရ။ တစုံတဦးအား ပေးလှူသည်ဟုလည်း မကြားသိ မတွေ့မြင်ရချေ။ တစုံတခု အကြောင်းရှိရမည်ဟု စဉ်းစားကာ အဝတ်များ ထပ်မံ လှူပြီးနောက် တညတွင် ဓားထမ်း၍ ကျောင်းနှင့် မလှမ်းမကမ်း လမ်းဘေးချုံကွယ်၌ အကဲခတ် စောင့်ကြည့်လေသည်။

http://www.dhammadownload.com



ထိုအခါ မိမိနှင့်အိမ်နီးချင်းဖြစ်သောအရတိဆိုသူ ကျောင်းဘက်မှ အချိန်မတော် ပြန်လာသည်ကို တွေ့မြင်ရ၏။ အနီးသို့ရောက်၍ သေသေချာချာ ကြည့်သောအခါ အရတိလက်ထဲ၌ သင်္ကန်းလျာ အဝတ်များကို တွေ့ရသဖြင့် ချုံကွယ်မှ ထ၍လိုက်ရာ ခိုးထုပ်ခိုးထည်နှင့် တကွ ဖမ်းမိလေ၏။

"လူယုတ်မာ....၊ မင်း ဘာပြောအုံးမလဲ၊ ဆယ့်နှစ်နှစ်တိုင်တိုင် ငါလှူတဲ့ သင်္ကန်းများ မလွတ်တမ်း ခိုးယူလုယက်နေတာ မင်းပဲ မဟုတ်လား" ဟု ဆံပင်ကို ကိုင်ဆွဲ၍ ရိုက်ပုတ်မေးစစ်ရာ အရတိလည်း ဟုတ်မှန်ကြောင်း ဝန်ခံရလေ၏။

သင်္ကန်းဒကာလည်း ထိုမျှဖြင့် အခဲမကျေသေးပဲ ခိုးသူအရတိအား အနီးရှိ သုသာန်ထဲသို့ ဆွဲခေါ်သွား၏။ သုသာန်သို့ရောက်လျှင် လတ်တလောပစ်ထားသော အလောင်းကောင် တခုကို မှောက်လျက်ထားကာ ခိုးသူအား အလောင်းကောင် အပေါ်၌ ကျောပေး၍ ထက်အောက် ပြောင်းပြန် ပက်လက်လှန် အိပ်စေ၏။ ဖြေ၍မရနိုင်အောင် ကြိုးများဖြင့် ချည်တုပ်လိုက်သည်။ ခိုးသူ မတ်တတ်ရပ်လျှင် အလောင်းကောင်ကြီးမှာ ကျောဘက်၌ ဇောက်ထိုးကပ်လျက် နေ၏။

သင်္ကန်းဒကာလည်း အရတိအား သုသာန်ထဲ၌ တုံးလုံးလှဲ ပစ်ထားခဲ့၍ ရေမိုးချိုးပြီး အိမ်သို့ပြန်လာ၏။ ရပ်ရွာရှိ လူအများကိုလည်း ရွာထဲသို့ ယနေ့ည ဘီလူးကြီးတကောင် ဝင်လာလိမ့်မည်။ အိမ်တံခါးပိတ်၍ နေကြရန် လိုက်လံ ပြောကြားထားလေသည်။

ည သန်းခေါင်ကျော်လောက်တွင် ခိုးသူလည်း သုသာန်မှ ထလာကာ အိမ်သို့ သွားလေ၏။ ဇနီးလုပ်သူမှာ တံခါးကိုပိတ်၍ အပေါက်မှ ချောင်းကြည့်လေရာ မကောင်းဆိုးဝါး ဘီလူးကြီး လာနေသည်ထင်၍ တံခါးကို ဖွင့်မပေးချေ။ "ငါ အရတိပါ"ဟု ဆိုသော်လည်း အသံမပေး။ ကြောက်ရွံ့ထိတ်လန့်၍ တိတ်တိတ် ကလေး နေလိုက်ရာ အရတိသည် မိဘများအိမ်ဘက်သို့ လှည့်ထွက်သွားသည်။ မိဘများအိမ်ကလည်း ဖွင့်မပေးပဲ အိမ်ထဲ၌ ပုန်းလျှိုးနေကြ၏။ ခိုးသူလည်း အခြား ရင်းနှီးသူများအိမ်သို့ တအိမ်ပြီးတအိမ်သွား၍ အကူအညီတောင်းရာ မည်သူကမျှ အရတိမှန်းမသိ၊ ဘီလူးကြီးထင်ကာ ပုန်း၍ပင် နေကြလေ၏။

## အဘယ မထေရ်၏ မေတ္တာ

အရတိသည် နောက်ဆုံး ညတွင်းချင်းပင် အဘယမထေရ်၏ တောကျောင်းသို့ သွားကာ—

"အရှင်ဘုရား....၊ ဘုရားတပည့်တော် ခိုးသူ အရတိပါဘုရား။ ဘုရားတပည့်တော်အား အရှင်ဘုရားမှတပါး ကယ်မည့်သူမရှိပါ။ ကယ်တော်မူပါဘုရား" စသည်ဖြင့် အကြောင်းစုံကို လျှောက်ထားလေ၏။

http://www.dhammadownload.com



မထေရ်လည်း သနားတော်မူလှသဖြင့် ခိုးသူ၏ကျောဌ် ပူးကပ်ချည်နှောင်ထားသော အလောင်းကောင်ကို ကြိုးဖြေ၍ ကျောင်း ဥပစာ အပြင်ဘက်သို့ သွားပြီး စွန့်ပစ်လိုက်၏။ ခိုးသူအားလည်း ရေမိုးချိုး၍ ပေးရန် ရေနွေးကျိုတော်မူ၏။ အနံ့အသက်များ ပျောက်ကင်းစေရန် ရေနွေးဖြင့် ချိုးပေးပြီးနောက် ဆီကျည်တောက်(ဆီးဗူး)မှ ဆီကိုငှဲ၍ ရိုက်ပုတ်ခံထားရသော ဒဏ်ရာများကို ကိုယ်တိုင်နှိပ်နယ်ပေးလေ၏။

သက်န်းဒကာလည်း တညလုံး မအိပ်တော့ပဲ အရတိသူခိုး အဘယ်အရပ်သို့ သွားသည်ကို အကဲခတ်လျက်ရှိ၏။ နံနက် အရုဏ်တက်လောက်တွင် မိမိ ဆရာမထေရ်၏ တောရကျောင်းကလေးဆီသို့ ထွက်လာခဲ့ရာ မထေရ်သည် ခိုးသူအားဆီဖြင့် လိမ်းကျံ နှိပ်နယ်၍ ပေးနေသည်ကို တွေ့ရလေ၏။ သက်န်းဒကာမှာ သူတော်ကောင်းများအား ညှဉ်းဆဲရ ကောင်းလားဟု ပို၍ပင် ဒေါသထွက်လာကာ—

"အရှင်ဘုရား....သူခိုးကို မသနားပါနှင့် ဘုရား။ သူခိုးဆိုတဲ့ အကောင်မျိုးဟာ ငါ့မိတ်ဆွေပဲ၊ ကျေးဇူးရှင်ပဲရယ်လို့ မထားပါဘူး။ ပါးစပ်ကပြောတော့ တမျိုး၊ လုပ်တော့တမျိုး၊ ဒီလိုလူစားမျိုးကို မိဘကတောင် အဝေးက ရှောင်ပါတယ် ဘုရား"ဟု လျှောက်ရာ မထေရ်က ပြုံးရွှင်သောမျက်နှာဖြင့်—

"ဒကာကြီး....၊ ဒကာကြီးပြောတာတွေဟာ အမှန်တွေချည်းပါပဲ။ ဒါပေမယ့် တခု စဉ်းစားရမှာက ဥပမာ– ဒကာကြီးရဲ့ခြေထောက်ကို လူတယောက်က ကုန်းပြီးကိုက်ပါပြီတဲ့။ ဒကာကြီးက တဖန် သူ့ခြေထောက်ကို မခံချင်လို့ ပြန်ပြီး ငုံ့ကိုက်မယ်ဆိုယင် ဘယ့်နှယ်နေမလဲ။ ဒါကြောင့် မိမိအား ပြစ်မှားတဲ့ လူကို ကိုယ်ကပြန်ပြီး ပြစ်မှားမယ်, စိတ်ဆိုးမယ်ဆိုယင် မိုက်တဲ့ လူထက် ပိုပြီး မိုက်ရာကျတော့မပေါ့ ဒကာကြီး....။

"ကျေးဇူးမသိတတ်တဲ့ လူမိုက်ကို မေတ္တာကြိုးနှင့်သာ ချည်တုပ်ရမယ် ဒကာကြီး....၊ အဲသလိုမတုံ့မပြန် သည်းခံပြီး မေတ္တာစိတ်ထားနိုင်သူကိုမှ အသိဉာဏ်ရှိသူလို့ ဆိုရတယ်။ ဒကာကြီး မောင်အရတိအပေါ် သည်းခံ ခွင့်လွှတ်လိုက်ပါ။ ဒကာကြီးလဲ ချက်ချင်းစိတ်ချမ်းသာကရောပ"ဟု နှစ်သိမ့်စေတော်မူ၏။

သက်န်းဒကာလည်း စိတ်ပြေကာ အိမ်သို့ ပြန်သွားလေတော့သည်။

"အမောင် အရတိ....၊ သက်န်းဒကာအပေါ် သင် စိတ်မဆိုးလေနှင့်။ သင်ရဲ့ကံနှင့် သင် ခံရတာပဲ။ သင်ရဲ့အဒိန္နာဒါန်ကံရဲ့ အကျိုးပဲ"ဟု ခိုးသူအားလည်း ဆုံးမတော်မူ၏။ ဒဏ်ရာဒဏ်ချက်များ ပြေပျောက်၍ အားခွန်ဗလ ပကတိ ကျန်းမာလာသည်အထိ နှစ်ရက်သုံးရက် ကျွေးမွေး စောင့်ရှောက်တော်မူထားသည်။

အရတိ ခိုးသူကြီးလည်း သူတော်ကောင်း အနီး၌ သုံးလေးရက်နေရသောအခါ သူတော်ကောင်းကြီးများ၏ မေတ္တာ,ကရုဏာကို သိရှိကြည်ညိုလှသဖြင့်—

http://www.dhammadownload.com



"အရှင်ဘုရား....၊ဘုရားတပည့်တော်မှာ လူသစ်စိတ်သစ်ဖြစ်ပြီး လူမသေပဲ ဘဝပြောင်းနေပါပြီဘုရား။ အိမ်ရာတည်ထောင် လူတို့ဘောင်၌ နေရန် စိတ်မရှိတော့ပါ။ တပည့်တော်အား သနားသောအားဖြင့် ရှင်ရဟန်း ပြုပေးတော်မူပါတော့ ဘုရား"ဟုလျှောက်ကာ အာရညိက မဟာအဘယမထေရ်ကြီးထံ ရဟန်းပြုသွား၏။

ရဟန်းပြုပြီး ဝတ်ကြီးဝတ်ငယ်များနှင့်တကွ ရဟန်းသီလ ရဟန်းကျင့်ဝတ်များကို သင်ကြားလျက် ရဟန်းတရား အားထုတ်ရာ မကြာမီပင် အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်တော်မူသွားသည်။

လူဆိုး လူမိုက်ကြီးများကိုပင် မကြာမတင် ရဟန္တာ ဖြစ်စေနိုင်အောင် လွယ်ကူမြင့်မြတ်လှသော တရားတော်၏ ဂုဏ်တော်သည်လည်းကောင်း၊ သူတော်ကောင်းကြီးတို့၏ ခန္တီ မေတ္တာ ကရုဏာ ဂုဏ်တော်သည်လည်းကောင်း ကြည်ညိုအားကျဖွယ်ကောင်းလှသကဲ့သို့၊ ပစ္ဆိမဘဝ အင်္ဂါဒကန္ဓကေယျ ရဟန္တာ ဖြစ်ရခါနီးကာလအထိပင် လိုက်လံနှိပ်စက်သော အကုသိုလ်ကံကြီးမှာလည်း ကြက်သီးထဖွယ်ကောင်းလှပေသည်တကား။

[ရသဝါဟိနီ၌ 'မဟာတဋ္ဌကကျောင်း၊ ဟရန္တိကခိုးသူ'ဟု အမည်ကွဲရှိနေ၏။ ဤ၌ သဟဿဝတ္ထု သီဟိုဠ်မူအတိုင်း ပြလိုက်သည်။]

## ခွေးပိန်ကလေးအား ကျွေးဖူးသော ထမင်းတလုတ်နှင့်

# သူပုန်ခေတ် အတွင်း အဘယ ထေရ်

### [ဂ-အဘယတ္ထေရ ဝတ္ထု။]

သီဟိုဠ်ကျွန်း၌ စဏ္ဍာလတိဿ သူပုန်ဘေးကြီး ပေါ်ပေါက်စဉ် မိုးလည်း ၁၂-နှစ်လုံးလုံး မရွာသွန်းသဖြင့် ရဟန်းရှင်လူ ပြည်သူအများ ဆင်းရဲငတ်မွတ်ကြရသည်။ ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့ ပြေးသွားကြရ၏။ ငတ်မွတ်လှသဖြင့် လူလူချင်း သတ်ဖြတ်၍ စားသောသူများပင် ရှိရာ အလွန် ကြောက်ဖွယ်ကောင်းသော ခေတ်ပျက်ကာလကြီး ဖြစ်တော့သည်။

သီဟိုဠ်ကျွန်း အနောက်ပိုင်းရှိ အဘယ မထေရ် သီတင်းသုံးရာ ပုပ္ဖဂိရိကျောင်း ဂေါစရဂါမ်ဖြစ်သော ဒေဝတာရွာသူရွာသားများလည်း ထိုဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်ရောက်လာစဉ် ထိုရွာမှ ထွက်ပြေးသွားကြရသည်။ ပြောင်းရွှေ့မပြေးသွားကြမီ ပုပ္ဖဂိရိကျောင်းသို့ လာ၍—

http://www.dhammadownload.com



"အရှင်ဘုရား....၊ တော်မှတ် ဘေးကြီးကတော့ အလွန် ကြောက်စရာ ကောင်းနေပါပြီ၊ ဒီအရပ်မှာပဲ ပေကပ်နေလို့ အသက်ရှင်ရဖို့ မလွယ်ပါ။ အရှင်ဘုရားလဲ တပည့်တော်များနှင့် အတူတကွ လိုက်ပါကြွတော်မူပါ"ဟု အဘယ မထေရ်အား လျှောက်ထားရာ မထေရ်က—

"ဒကာတို့....၊ သင်တို့သာ စိတ်ချမ်းချမ်းသာသာနှင့် လိုရာ ပြောင်းရွှေ့ကြပါ။ ဘုန်းကြီးတော့ မြတ်စွာဘုရားရှင်ရဲ့ ဓာတ်တော်, မွေတော်တွေ ဌာပနာထားတဲ့ ဒီစေတီဘော်,ဗောဓိပင်များကိုထားပြီး ဘယ်ကိုမှမသွားလိုဘူး။ အသက်ရှိနေသေးသမျှတော့ သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကို ပြုစုသလိုပဲ စောင့်ရှောက်ပြုစုပြီး နေခဲ့မယ်။ သေလဲ ဒီမှာ ဘုရားရှင်အနီးမှာပဲ သေပါစေတော့၊ ငါ့အတွက် မကြောင့်ကြနှင့်" ဟုသာ မိန့်ဆို၍ တပါးတည်း သီတင်းသုံး နေခဲ့လေသည်။

မထေရ်သည် ဂေါစရဂါမ် ဒကာများအားလုံး ပြောင်းရွှေ့ပြေးသွားကြသော်လည်း မလိုက်ပါတော့ပဲ အချိန်ရှိသမျှ ဂုဏ်တော်နှလုံးသွင်းလျက် စေတီရင်ပြင် ဗောဓိရင်ပြင်၌ ဝတ်ကြီးဝတ်ငယ်များ ပြုစုလျက်သာ ကျန်ရစ်ခဲ့သည်။ ဆွမ်းအာဟာရလည်း တစုံတရာမျှ မဘုဉ်းပေးရချေ။ဆွမ်းမဘုန်းပေးရပဲ သုံးရက်တိုင်တိုင် တံမြက်လှည်းခြင်းစသောဝေယျာဝစ္စများကို ပြုလုပ်နေရရာ တရက်ထက် တရက် ပင်ပန်းနွမ်းနယ်လာလေ၏။

တတိယမြောက်နေ့တွင် တံမြက် ဝတ်ပြုရသည်မှာ မောပန်း လာသဖြင့် ကျောင်းအလယ်ရှိ စည်းဝေးရာမဏ္ဍပ်(ဇရပ်)တခု၌ အမောပြေထိုင်နေယင်း ဘုရားဂုဏ်, တရားဂုဏ်ကိုသာ နှလုံးသွင်းနေလေ၏။

ထိုဇရပ်အနီးရှိ သင်းဝင်ပင်စောင့် နတ်ကြီးသည် ဆွမ်းအာဟာရ မရရှိပဲ စေတီယင်္ဂဏဝတ်, ဗောဓိယင်္ဂဏဝတ်များ ပြုပြီး မောပန်း နွမ်းနယ် နေသည်ကို ကြည့်၍ စိတ်မကောင်းဖြစ်နေ၏။နတ်မင်းကြီးသည် ချက်ချင်းပင် မိမိဇနီးအား—

"အရှင်မ....၊မထေရ်အရှင်မြတ်ကို ကြည့်စမ်း၊ ဆွမ်းမစားရပဲ တခြားအရပ်ကိုလဲ ပြောင်းရွှေ့မသွားဘူး၊ ဘုရားဝတ်ကိုပဲ ပြုနေတယ်။ ဆွမ်းမစားရလို့ အရှင်မြတ်မှာ ပင်ပန်းနွမ်းနယ်လှပြီ။ ဒီအရပ်မှာ ငါတို့ကလွဲလို့ ဆွမ်းလှူမယ့်သူလဲ မရှိပါကလား။ ယနေ့ကစပြီး အရှင်မြတ်အား ဆွမ်းလှူကြရအောင်" ဟု ပြောပြလျှင် ဇနီးက—

"ကောင်းပါတယ် အရှင်နတ်မင်း၊ သို့သော်လဲ ထိုအရှင်မြတ်ဟာ ရှေးဘဝက ဘယ်လို ကုသိုလ်ကောင်းမှုတွေ ပြုခဲ့တယ်ဆိုတာ ကြည်ညိုရအောင် ပြောပြပါအုံး"ဟု တောင်းပန်လေ၏။

http://www.dhammadownload.com



## ခွေးငတ်ကို အစာကျွေးသော အမတ်

ထိုအခါ နတ်မင်းကြီးသည် ဇနီးအား ရှေးဘဝက အဘယမထေရ် ပြုဖူးသော ဒါနတခုကို ပြောပြလေ၏။

အဘယမထေရ်သည် ထိုဒေဝတာရွာ၌ပင် ဒေဝမည်သော အမတ်ကြီး တယောက် ဖြစ်ခဲ့ဖူး၏။ ဒေဝအမတ်ကြီးသည် ရပ်ရေး ရွာရေး စီမံခန့်ခွဲရန် ကိစ္စရှိ၍ ရပ်ရွာများသို့ လှည့်လည်သွားရစဉ် ကိစ္စပြီးစီး၍ ဒေဝတာရွာသို့ ပြန်လာခဲ့၏။ လမ်းခွတ်လတ်၌ ထမင်းဆာလှသဖြင့် နောက်ပါ အမှုထမ်းများအား ထမင်းပွဲပြင်ရန် စေခိုင်း၍ ထမင်းစားမည်အပြု၊ ခွေးပိန် ခွေးငတ် တကောင်သည် အူယားဖားယား ပြေးလွှားလာကာ သွားရေတမြားမြားနှင့် အနားသို့ ရောက်လှာ၏။ ဆာလောင်လွန်းသဖြင့် တုန်တုန်ချည့်ချည့်ဖြစ်နေလေသည်။

ထိုအခိုက် အမှုထမ်းတဦးသည် တုတ်ကြီးတချောင်းကို ယူလာပြီး ထမင်းပွဲအနီးသို့လာသော ခွေးပိန်ကလေးအား ရိုက်မည်ပြုစဉ် အမတ်ကြီးကမရိုက်ရန် ဟန့်တားလိုက်၏။ မိမိစားမည့်ထမင်းကိုပင် ဟင်းလျာနှင့် စားကောင်းအောင် နယ်ဖပ်လုံးထွေးကာ ထမင်းတဆုပ် လှိမ့်ပေးလိုက်သည်။ ခွေးပိန်ကလေးမှာ ဆာလောင်လွန်း၍ အားပါးတရ ကိုက်စားနေသည်ကို တွေ့မြင်ရသော အမတ်ကြီးမှာ အလွန် ဝမ်းမြောက်သွားလေ၏။

ခွေးပိန်ကလေးအား ပေးကျွေးရသော ထမင်းတလုတ်ကြောင့် ကွယ်လွန်လျှင် အမတ်သည် ထိုဒေဝတာရွာ၌ပင် လူဖြစ်လာကာ ကြီးပြင်းသောအခါ သားမယားအိမ်ထောင်ကိုစွန့်၍ ရဟန်းပြုလျက် အဘယမထေရ် ဖြစ်လာလေ၏။

ဇနီးဖြစ်သူ နတ်သမီးလည်း ထိုအကြောင်းကို ကြားသိရလျှင် ပို၍ပင် ကြည်ညိုသွားကာ ဆွမ်းလှူရန် သဘောတူ စီစဉ်ကြလေသည်။

မထေရ်သည် သင်းဝင်ပင်အနီး ဇရပ်၌ အမောပြေထိုင်နေစဉ် လူအကာ တဦး လာရောက်ဝတ်ပြုကာ--

"အရှင်မြတ် ဘုရား....တပည့်တော်များအား သပိတ် ချီးမြှင့်တော်မူပါ။ အရှင်မြတ် အသက်တော်ရှည်သမျှ တပည့်တော်များ အမြဲဆွမ်းဝတ်ပြုပါ့မယ်။ ရဟန်းတရားကိုသာ ကြိုးစား၍ နှလုံးသွင်းတော်မူပါ"ဟု လျှောက်ကာ နတ်ဆွမ်းများ ထည့်လှူ ဆက်ကပ်လေ၏။ သင်းဝင်ပင်ဗိမာန်သို့ ဆွမ်းခံအမြဲ ကြွရန် လည်း လျှောက်ထားသည်။

http://www.dhammadownload.com



## လူသားစားသူများနှင့် အဘယမထေရ်

အဘယမထေရ်သည် နေ့စဉ် နတ်သုဓာဆွမ်းများကိုချည်း ဘုဉ်းပေးနေရသဖြင့် သပ္ပာယမျက်နှာ တင့်တယ်ဆူဖြိုးနေ၏။ စေတီ၊ ဗောဓိပင်များ၏ ဝတ်ကြီးဝတ်ငယ်နှင့် ရဟန်းတရားတို့ကို မကြောင့်မကြ ဆောင်ရွက်လာနိုင်၏။

တနေ့သောအခါ မထေရ်သည် ဘုရားပရိဝုဏ်အတွင်း တံမြက်လှည်းပြီး၍ ပရိဝုဏ်အပြင်သို့ထွက်လာစဉ် ကျောင်းဝင်း၏လေးဘက်လေးတန်မှ "ဝိုင်းဟေ့ ဖမ်းဟေ့"စသော ဆူညံသံများကိုကြား၍ ကြည့်လိုက်ရာ တုတ်များ, ဓားများကိုယ်စီကိုင်ဆောင်၍ ကျောင်းဆီသို့ ဦးတည်ပြေးလာနေကြသော လူအုပ်ကြီးကို မြင်တော်မူ၏။

လူတို့သည် ဆာလောင်တော်မွတ်လွန်းသဖြင့် လူလူချင်း သတ်ဖြတ်၍ စားသော သူများ ဖြစ်ကြလေသည်။ နတ်ဆွမ်းစားရသဖြင့် ဆူဖြိုးတင့်တယ်နေသော မထေရ်အား သတ်ဖြတ် စားသောက်ရန် လာကြခြင်းဖြစ်၏။ လူဆိုးများ ကျောင်းဝင်း လေးဘက်လေးတန်မှ ဝင်ကာ ကျောင်းထဲသို့ပင် ရောက်လာပြီး မထေရ်ကို သူ့ထက်ငါ ရှာဖွေနေကြလေသည်။

မထေရ်သည် ယခင်အမတ်ဘဝက ခွေးပိန်ခွေးငတ်အား ရိုက်ပုတ်မည့်သူကို ဟန့်တားခဲ့ဖူးသော ကုသိုလ်ကြောင့် ကျောင်းဝင်းအလယ်၌ ရုတ်တရက် တောင်ကြီးတတောင် ပေါ်ပေါက်လာလေ၏။ မထေရ်လည်း ထိုတောင်ကြီး၏ လိုဏ်ခေါင်းထဲ၌ အလိုလိုရောက်သွား၍ လူဆိုးများ ရှာမတွေ့နိုင်ကြတော့ပေ။ ရုတ်တရက် တောင်ကြီးပေါ်လာသည်ကို မြင်ကြလျှင် 'ရဟန္တာ ဖြစ်ပေလိမ့်မည်' ဟု ယူဆကာ ကြောက်လန့်ထွက်ပြေးကြလေ၏။

မထေရ်ကား ၁၂-နှစ်ပတ်လုံး ပုထုဇဉ်မျှသာရှိသေး၏။ သံသာရဒုက္ခကို သံဝေဂဖြစ်တော်မူ၍ ဝိပဿနာတရားရှုပွားရာ ရဟန္တာဖြစ်တော်မူ၏။ ၂၄-နှစ်တိုင်တိုင် နတ်ဆွမ်းဘုဉ်းပေးကာ ထိုကျောင်း၌ပင် ပရိနိဗ္ဗာန်ပြုတော်မူလေသည်။

### ကံတန်ခိုးနှင့် အဘိညာဉ်တန်ခိုး နှစ်မျိုးစုံသော

## တမ္ဗသုမနထေရ်

[၁၂-တမ္ဗသုမနထေရ်ဝတ္ထု၊ သဟဿဝတ္ထု-၂၄။]

သီဟိုဠ်ကျွန်း မာလာခေါ်သောရွာ၌ သုမနမည်သော ဒကာတဦးသည် ထက်သန်ပြင်းပြသော သံဝေဂဖြင့် ရဟန်းပြု၏။ တမ္ဗသုမနဟု တွင်သည်။ ရဟန်း

http://www.dhammadownload.com



ပြုပြီးနောက် ဗြာဟ္မဏာရာမ ကျောင်း၌ ရဟန္တာအရှင်မြတ်တို့ထံ ပရိယတ်,ပဋိပတ်များ နာယူမှတ်သား၍ အားထုတ်လေရာ မကြာမြင့်မီပင် ရဟန္တာ ဖြစ်တော်မူသွားသည်။

ဗြာဟ္မဏာရာမ ကျောင်းတိုက်ကြီး၌လည်း ရဟန်းတော် အရှင်မြတ် ၈ါးရာတို့ သီတင်းသုံးတော် မူနေကြသည်။ ထိုကျောင်းဝင်းကြီးအတွင်း၌ တည်ပင်ကြီးတပင်ရှိရာ ထို တည်ပင်စောင့် နတ်မင်းကြီးသည် တမ္ဗသုမနမထေရ်အား လွန်စွာ ကြည်ညိုလှသဖြင့် ၁၂ နှစ်တိုင်တိုင် ဆွမ်းဝတ်ပြုလေသည်။

## အရေးကြုံမှ တရားအစွမ်းကိုသိရ

၁၂-နှစ်ရှိသောအခါ ဗြာဟ္မဏတိဿဘေးကြီး ဖိစီးလာသဖြင့် ရဟန်းတော်အရှင်မြတ်ငါးရာတို့သည် ဇမ္ဗူဒိပ် (ဣန္ဒိယ) ဘက်သို့ ပြောင်းရွှေ့ကြရန် စီစဉ်ကြ၏။ တမ္ဗသုမနမထေရ်လည်း အခြားမထေရ်များနှင့်အတူ ဣန္ဒိယသို့ကြွရန် စီစဉ်နေ၏။

ထိုအခါ တည်ပင်စောင့် နတ်မင်းကြီးသည်—

"အရှင်ဘုရား....၊ ခရီးဒေသစာရီ ကြွမယ်လို့နှင့် တူပါရဲ့၊ အဘယ်အရပ်သို့ ကြွမလို့ပါလဲဘုရား" ဟု လျှောက်ရာ—

"ဒကာတော်နတ်မင်း....၊ သီဟိုဠ်တကျွန်းလုံး တော်မွတ် ခေါင်းပါးနေပြီ၊ ချောင်းကန်တွေလဲ ရေမရှိ။ မည်သည့် အသီးအပင်မျှ မပေါက်၊ ခြောက်ကပ် ပူလောင်ပြီး တိရစ္ဆာန်တွေကအစ အစာရေစာမရကြလို့ သေကြေကုန်ကြပြီ။ လူဒကာ,ဒကာမတွေလဲ အသက်ချမ်းသာရာ ရမယ်ထင်တဲ့နေရာ ဒေသများသို့ အသီးအသီး ပြောင်းရွှေ့သွားကြပြီ။ ဘုန်းကြီးများလဲ ဇမ္ဗူဒိပ်ကို ကူးကြမယ်လို့...." ဟု မိန့်တော်မူလျှင် နတ်မင်းကြီးမှာ ပို၍ပင် စိတ်မကောင်းဖြစ်လေ၏။

"အရှင်ဘုရား....၊ တပည့်တော် စကားတခွန်း လျှောက်ပါရစေ။

"ရှေးအခါက ဤသီဟိုဠ်ကျွန်းမှာ သဒ္ဓာတိဿခေါ်တဲ့ မင်းကြီး မင်းပြုစဉ်က မင်းချင်းတယောက်ဟာ မင်းမှုကိစ္စဖြင့် ကောဋ္ဌသာလရွာသို့ သွားရပါတယ်။ ထိုအခါ ရွာသားများက အမဲဟင်းလျာ,ထောပတ်စသော စားကောင်းသောက်ဖွယ်များဖြင့် တည်ခင်းကျွေးမွေး ပြုစုကြရဖူးပါတယ်။

"မင်းချင်းယောကျာ်းဟာ ထမင်းစားမည်ပြုခိုက် မထေရ်တပါး ဆွမ်းခံကြွလာတာကို မြင်တွေ့ရလို့ မိမိစားမယ့် ထမင်း ဟင်းလျာများနှင့် ထောပတ်ကိုလှူခဲ့ဖူးပါတယ်။ ထို မင်းချင်းယောကျာ်းဟာ အခြားသူမဟုတ်၊ အရှင်ဘုရားပင်ဖြစ်ပါတယ်။

http://www.dhammadownload.com



"အဲဒီ ဆွမ်းတထပ် အလှူဒါနကြောင့် ယခုဘဝမှာ သားမယားများ၊ စည်းစိမ်များကို စွန့်ပယ်ပြီး ရဟန်းတရား အားထုတ်ရာ အရဟတ္တဖိုလ်ဆုကြီးကို ရရှိလာခြင်း ဖြစ်ပါတယ်။ ယခု တပည့်တော်များ ၁၂-နှစ်တိုင်တိုင် ဆွမ်းဝတ်အလှူဟာလဲ အဲဒီဆွမ်းတထပ်ဒါနရဲ့ အကျိုးဆက်တခုပဲ ဖြစ်ပါတော့ဘယ်ဘုရား။

"ဒါ့ကြောင့် ယခုလဲ ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်နေစေကာမူ ဘာကိုမျှ ကြောင့်ကြတော် မမူကြပါနှင့်။ ထိုင်တော်မွတ်ဘေးကြီး အေးငြိမ်းသည်အထိ သီတင်းသုံးမြဲ သုံးတော်မူကြပါ။ တပည့်တော်အား သနား ချီးမြှောက်သောအားဖြင့် ပစ္စည်းလေးပါး အလှူခံတော်မူကြပြီး ချမ်းချမ်းသာသာဖြင့် မိမိတို့ ရဟန်းတရားကိုသာ နှလုံးသွင်းတော် မူကြပါဘုရား" ဟု လျှောက်ထားလေ၏။

သို့နှင့် ၁၂-နှစ်တိုင်တိုင် တမ္ဗသုမနမထေရ်သည် တည်ပင်စောင့် နတ်မင်းကြီး၏ ပစ္စည်းလေးပါးကို ခံယူ၍ ရဟန်းတော်ငါးရာနှင့် အတူသုံးစွဲကာ သီတင်းသုံးမြဲ သုံးတော်မူရလေသည်။

## ကျောက်စရစ်ခဲ နေမင်းကြီး

၁၂-နှစ်ရှိ၍ ငတ်မွတ်ဘေးကြီး ငြိမ်းအေးသောအခါ တမ္ဗသုမနမထေရ်သည် နတ်မင်းကြီးအား အသိပေးပန်ကြားကာ ရဟန်းတော်ငါးရာတို့နှင့်အတူ ဒေသစာရီ ကြွတော်မူ၏။

ပထမဆုံး ရာဇရဋ္ဌတိုင်း ကဏ္ဍရာဇ ရွာကြီးသို့ရောက်၍ ဆွမ်းခံပြီးအပြန်၊ တခုသောတောအုပ်၌ ဆွမ်းစားကြမည်ရှိသောအခါ ကောင်းကင်တခုလုံး မိုးတိမ်များ ဖုံးလွှမ်းနေသဖြင့် နေကို မမြင်ကြရချေ။ အချို့ရဟန်းတော်များမှာ 'နေမွန်းလွဲနေပြီလော' ဟု သံသယ ကုက္ကုစ္စဝင်နေ၍ ဆွမ်းမဘုဉ်းပေးပဲထိုင်နေကြလေ၏။

တမ္ဗသုမနမထေရ်သည် ထိုအကြောင်းကို သိမြင်တော်မူသဖြင့် ကျောက်ခဲတလုံးကို လက်ညှိုးဖြင့်ထိန်း၍ လက်မ လက်သည်းပေါ်သို့တင်ကာ အသာအယာ ကောင်းကင်သို့ တောက်၍ ပစ်တင်လိုက်၏။ ကျောက်ခဲလုံးကလေးသည် မိုးတိမ်ထုအကြား၌ ထွက်ပေါ်လာသော နေမင်းကြီးအလား ထွန်းလင်း ခတောက်ပနေတော့သည်။ ထိုအခါမှ နေမွန်းမလွဲသေးကြောင်းမြင်ကြရသည်နှင့် ဆွမ်းဘုဉ်းပေးကြလေ၏။

ထိုအခါမှစ၍ ထိုအရပ်ဒေသကို 'မဏိသူရိယ' (ကျောက်ခဲနေ)ဟု ခေါ်တွင်ကြလေ၏။

http://www.dhammadownload.com



## အကြောင်း ထောပတ်တဇွန်း၊ အကျိုး ထောပတ်ပင်လယ်

မထေရ်သည် ထိုမှတဆင့် ခရီးတထောက်ဆက်ပြန်ရာ ဂင်္ဂါမြစ်အနီး စူဠဂက ခေါ်သောရွာသို့ ဆိုက်ရောက်တော်မူ၏။ ရဟန်းငါးရာနှင့်အတူ ဆွမ်းခံပြီး ဂင်္ဂါ မြစ်ကမ်း၌ ဆွမ်းဘုဉ်းပေးရန် ထိုင်တော်မူကြသည်။ ဆွမ်းများမှာ အလွန် ကြမ်း တမ်းလှသည့်အပြင် ဆွမ်းဟင်းလျာလည်း မပါရှိသဖြင့် ဆွမ်းမဘုဉ်းပေးနိုင်ပဲ ရှိကြ လေ၏။ တမ္ဗသုမန မထေရ်သည် ရဟန်းတော်များကိုကြည့်ကာ—

"အရှင်ဘုရားများ....ထောပတ် မွှေးမွှေးကလေးနှင့် ဘုဉ်းပေးကြမလား ဘုရား"ဟု လျှောက်ထားရာ ဘုဉ်းပေးလိုကြောင်း ပြန်လည် လျှောက်ထားကြ၏။

မထေရ်လည်း လွန်ခဲ့သောဘဝက ဆွမ်းခံမထေရ်တပါးအား လှူခဲ့ဖူးသော ထောပတ်ဒါနကို အာရုံပြုကာ မာလာရွာကျောင်းဆိပ်မှ ဘတ္တကဆိပ်အထိ နှစ် ယူဇနာအရပ်တိုင်အောင် ဂင်္ဂါမြစ်ရေပြင်ကို လှမ်းမျှော်ရှုကြည့်ကာ မွှေးကြိုင် သော ထောပတ်များဖြစ်အောင် အဓိဋ္ဌာန် ဖန်ဆင်းတော် မူလိုက်သည်။ ('တန်ခိုး ရှိသော်လည်း ကံဟောင်းရှိဦးမှ' ဟု ဆိုရပေမည်။)

ထိုသတင်းကိုကြားသည်နှင့် တပြိုင်နက် ဂင်္ဂါမြစ်ကမ်းနှစ်ဘက်ရှိ ရွာသူရွာ သားများလည်း သူ့ထက်ငါ အိုးခွက်ကြီးငယ် ယူဆောင်၍ ထောပတ်များကို လှည်းဖြင့် သယ်ယူ သုံးစွဲကြရသောဟူ၏။

ရဟန်းတော်တပါးအား အမှတ်မထင် တကြိမ်တခါမျှ လှူရသောဆွမ်း, အနည်းငယ်မျှသော ထောပတ်အလှူမျှဖြင့် အရဟတ္တဖိုလ်ဆုကြီးကို ရရုံမျှမက မိမိ အတွက် သတ္တဝါအများပင် မှီခိုရလောက်အောင် အကျိုးအာနိသင် ကြီးမားလှ ပေ၏။

လောက၌ သီလရှိသောအလှူခံ ရဟန်းတော်တပါးလောက် ရရှိရုံမျှဖြင့် လည်း ဘဝများစွာ သတ္တဝါအဆက်ဆက် လက်ဆင့်ကမ်းကာ ကြီးပွားချမ်းသာမှု အမျိုးမျိုးကို ပေးကမ်းချီးမြှင့် နိုင်ပေ၏။

အဂ္ဂဒက္ခိဏေယျ ဖြစ်တော်မူသော ရဟန္တာ အရှင်မြတ်ကြီးတပါး ဤ လောက၌ ပွင့်ထွန်း ဖြစ်ပေါ်တော်မူပါလျှင်ကား ဆိုဖွယ်ရာမရှိပြီ။ သံဃာတော်၏ ဂုဏ်သည် ကြီးမြတ်လှပါပေ၏။ ဒါန,သီလ,ဘာဝနာ မြတ်စွာဘုရားရှင့် အဆုံး အမတို့သည် မြင့်မြတ်လှပါပေစွ။

http://www.dhammadownload.com



## တိုင်းပြည်ကို မပုန်ကန်၊ ဘဝကိုတော်လှန်သော
# ဒါဌာသေန သူရဲကောင်းထေရ်
## [၃၂- မဝုရ ရသဝါဟိနီ]

သီဟိုဠ်ကျွန်း ရောဟဏနယ် ကုဋုမ္ဗရရွာ၌ ချမ်းသာကြွယ်ဝသောအမျိုး၌ မွေးဖွားသူ ဒါဌာသေနလုလင်သည် ခွန်အားဗလနှင့်ပြည့်စုံသူဖြစ်၏။

တနေ့သောအခါ ဒါဌာသေနသည် အရွယ်သို့ရောက် လူလားမြောက်စ အားစမ်းရန် ဂိရိဂါမလတောင်သို့ ထွက်သွား၏။ တောင်ပေါ်ရောက်လျှင် နွယ်ငန်းများကိုနုတ်၍ ပိုက်ကွန်အိတ်ကြီးတလုံးဖြစ်အောင် ရက်လုပ်၏။ လူတထောင် ခန့်သယ်မှ နိုင်သော ကျောက်ခဲကြီးများကိုနွယ်အိတ်ကြီးထဲထည့်၍ ခေါင်းပေါ်၌ ထွေယမ်း အားစမ်းလေသည်။

မကြာမီ မိခင်နှင့် ဖခင်တို့အား—

"ခမည်းတော်နဲ့ မယ်တော်တို့ခင်ဗျား၊ ကျွန်တော် ရှိသေစွာ ခွင့်တောင်း ပါရစေ၊ ယခုအခါ မြတ်စွာဘုရား သာသနာတော်ကြီး ညှိုးနွမ်း၍ ရဟန်းရှင်လူ ပြည်သူတကာ ဆင်းရဲအောင် လုပ်နေကြတဲ့ မိစ္ဆာဒိဋ္ဌိ ကျေးကုလားများကို တိုက်ထုတ်ပြီး သာသနာပြုရမယ့်အခါ ဖြစ်ပါတယ်၊ တိုင်းပြုပြည်ပြု သာသနာပြုရ အောင် ကျွန်ုပ်ဘော်အား မင်းမှုထမ်းခွင့် ပေးတော်မူကြပါ" ဟူ၍ ခွင့်ပန်လေ၏။

ဒါဌာသေနသည် မိဘများထံမှ ခွင့်ရသည်နှင့် မဟာဂါမ နေပြည်တော် ကာကဝဏ္ဏတိဿ မင်းကြီးထံ အခစားဝင်လေ၏။ မင်းကြီးလည်း လက်နက် များထုတ်လုပ်ရာ လက်နက်ဘင်းကုပ်တော်၌ ပန်းပဲအမှုထမ်း ငါးရာတို့အား စည်းဝေးစေ၍ ကိုယ်တိုင်စီမံခန့်ခွဲနေခိုက် ဖြစ်၏။

မင်းကြီးသည် ဒါဌာသေနအား အကျိုးအကြောင်း မေးစိစစ်ပြီးနောက် ၎င်းအားစုံစမ်းလိုသဖြင့်အသွား မဖော်မသေးသောသန်လျက်ပုံကြမ်းခြောက်ဆယ်တို့ကို အသွားဖော်ပြီးဆက်သရန် မိန့်တော်မူ၏။ ဒါဌာသေနလည်း မင်းကြီး ပန်းပဲတင်းကုပ်တော် သည်ဘက်ထိပ်မှ ဟိုဘက်ထိပ်သို့ လှည့်လည် စစ်ဆေးပြီး ပြန်မရောက်မီပင် သန်လျက်အရှိုင်းခြောက်ဆယ်လုံး အသွားဖော်ပြီးဖြစ်နေ၏။

မင်းကြီးသဘောကျတော်မူသဖြင့် ဆုလာဘ်တော်များ ပေးသနားကာ သားတော်ကြီးဒုဋ္ဌဂါမဏိထံ အခြားသူရဲကောင်းကြီးများနည်းတူ ခစားစေ၍ စစ်ရေး လေ့ကျင့်ကြရလေ၏။

http://www.dhammadownload.com



# ဆင်တိုက်ပွဲ

ဒုဋ္ဌဂါမဏိမင်းကြီး ကျေးကုလားများနှင့် စစ်တိုက်ရစဉ် မဟေလမြို့ တိုက်ပွဲသည် လေးလပင်ကြာလေ၏။ ကျေးကုလားမင်းသည် မဟေလမြို့ ခံတပ်ကို ကျုံးသုံးတန်ဖြင့် အခိုင်အခံ့ခုခံနေသဖြင့် လွယ်လွယ်ဖြင့် မထိုးဖောက်နိုင်ပဲရှိလေ၏။ မြို့တံတိုင်းကြီးမှာ အမြင့် ၁၆-တောင် ရှိသည်။

ဒါဌာသေနသည် ကြိမ်းဝါး ဟစ်အော်၍ မြို့ရိုးပေါ်သို့ ခုန်ပျံတက်ရာ အတောင်ရှစ်ဆယ်မျှ မြောက်တက်သွား၏။ မြို့ရိုးခြေကို ဖနှောင့်ဖြင့် ကန်၍ ဖြိုလေရာ အတောင်သုံးဆယ်ခန့် တောက်လျှောက် ပြိုလဲကျသွား၏။ ထိုအခါမှ မဟေလမြို့ကို အောင်နိုင်လေတော့သည်။ အနုရာဓမြို့ အောင်မြင်သောနေ့ နောက်ဆုံး တောင်ကြားတိုက်ပွဲတွင်လည်း “ဒါဌာသေနကွ....”ဟု ကြုံးဝါး ဟစ်ကြွေးလျက် ရာပေါင်းများစွာသော ကျေးကုလား များကို အပြီးသတ် အောင်ပွဲ ရခဲ့လေသည်။

ဒါဌာသေနသည် ဒုဋ္ဌဂါမဏိမင်းကြီး အနုရာဓနေပြည်တော်၌ နန်းစိုက် သောအခါ အမတ်ကြီးအရာဖြင့် ချီးမြှောက်ခြင်းခံရလေ၏။သို့ရာတွင် မကြာမြင့် မီပင် မလိုလားသူများက—

“အရှင်မင်းကြီး....၊ ဒါဌာသေနအမတ်ကြီးသည် အရှင်မင်းကြီးအား ထောင်ထားပုန်ကန်၍ လုပ်ကြံပါလိမ့်မည်”ဟု ကုန်းတိုက်ကြသဖြင့် နောက်ဆုံး တွင် အမတ်ကြီးမှာ ကွပ်မျက်ရန် အမိန့်ချမှတ်ခြင်းခံရလေ၏။

ဒါဌာသေနအမတ်ကြီးသည် ယာဉ်ကိုစီးနင်း၍ အခြွေအရံများနှင့်အတူ တိဿဝါပိရေကန်သို့ထွက်အလာ နေပြည်တော်တောင်ဘက်သို့အရောက် ကြိုတင် စီစဉ်ထားကြသော ဘုရင့်တပ်များသည် သုံးစုခွဲကာ ချုံခိုတိုက်ရန် အသင့်စောင့် လင့်နေကြ၏။ ဆင်ရိုင်းကြီးတကောင်ကို အရက်များတိုက်၍ အမတ်ကြီးထံဦးစွာ လွှတ်လိုက်ကြရာ အမတ်ကြီး၏ အခြွေအရံနှင့် ကိုယ်ရံတော်တပ်များ ထွက်ပြေး ကြရသည်။ ထိုအခါမှ အမိန့်တော်အရ မိမိအားကွပ်မျက်ရန်စီစဉ်ကြောင်း သိရ လေ၏။

ဒါဌာသေနလည်း ယာဉ်ပေါ်မှ ချက်ချင်းဆင်းကာ မုန်ယိုသော ဆင် ရိုင်းကြီးရှေ့သို့ ကြွကြွသွား၍ ရပ်ပြလိုက်၏။ မည်သို့မျှ မလုပ်ရပဲ ဆင်ကြီးမှာ အော်ဟစ်မြည်တမ်းလျက် တိမ်းရှောင် ထွက်ပြေးသွား၏။ အမတ်ကြီးလည်း “ဒါဌာသေနကွ”ဟု ဟိန်းဟောက်လျက် ဆင်ရိုင်းကြီးနောက်သို့ ဒုန်းစိုင်းလိုက် ပြေးကာ ဆင်ကြီးရှေ့ကကြို၍ရပ်ပြီး အစွယ်နှစ်ချောင်းကိုလက်နှင့် တဘက်တချက် ကိုင်၍ ဦးစောက်ပြောင်းပြန် ဝှေ့ယမ်း နှတ်ချိုးပစ်လိုက်၏။ ပြီးလျှင် ဆင်

http://www.dhammadownload.com



နှာမောင်းကို ကိုင်လျက် ဆင်ဦးကင်းကို သိသိညက်ညက်ကြေအောင် ရိုက်သတ်လိုက်လေ၏။

ဆင်ကြီးမှာ ထိုနေရာ၌ပင် ဟစ်အော်မြည်တမ်းယင်း သေရရှာလေ၏။ ဘုရင့်တပ်မတော်သားများလည်း ထိုအဖြစ်အပျက်ကို မြင်တွေ့ကြရလျှင် အသီးအသီးချုံကွယ်မှ ထွက်ပြေးကြလေ၏။

## ဇမ္ဗူဒိပ်သို့ ထွက်ပြေးခြင်း

အမတ်ကြီးသည် စစ်မြေပြင်၌ ပြိုင်ဘက်မရှိ၊ အဖော်မရှိပဲ တဦးတည်း ရပ်လျက် မိမိရွှေ့ရေးအတွက် အမြန်ဆုံးစဉ်းစားကာ ဆုံးဖြတ်ချက်တခု ချမှတ်နေလေ၏။

'ငါသည် နန်းစည်းစိမ်ကို ယူသော် ရနိုင်ပေ၏။ သို့သော် မင်းကြီးကား ငါ၏ကျေးဇူးရှင်ဖြစ်သည်။ ကာယဗလအားကိုးဖြင့် ကျေးဇူးရှင်ကို ငါမပြစ်မှားထိုက်။ မင်းကြီးကား ငါမြတ်နိုးသော သာသနာတော်ကို ကြည်ညိုသူလဲ ဖြစ်ပေသည်။ လောဘ, ဒေါသကို သည်းခံအောင်မြင်နိုင်မှ တကယ့် သူရဲကောင်းဖြစ်မည်။ ထာဝရချမ်းသာ ဘေးကင်းမည်။ ငါသည် လောဘ, ဒေါသကို အောင်နိုင်သူဖြစ်အောင် လုပ်တော့မည်။'

အမတ်ကြီးသည် မည်သူ့အားမျှ မပြောဆို မမှာကြားတော့ပဲ ထိုနေရာမှ တကိုယ်တည်း ထွက်ခွာ၍ မင်္ဂလရွာသို့ရောက်လေ၏။ ထိုမှတဆင့် သမုဒ္ဒရာအနီး ဇလ္လိကမည်သော တံငါရွာသို့ ရောက်သွားသည်။ ထိုရွာ၌ မဟာဇလ္လိကမည်သော တံငါသည်၏သားသည် အားခွန်ဗလနှင့်ပြည့်စုံသူဖြစ်၍သမုဒ္ဒရာကမ်းခြေမှ သဲများ ရေမျှားကို ပိန်းကောလှေ့ဖြင့်တိုက်ကာ သဿမိတ္တာ မဟာဗောဓိရင်ပြင်၌ တဦးတည်း သဲရေများ လှူနေသည်ကိုတွေ့ရသဖြင့် တံငါသည်က အမတ်ကြီးအား ၎င်းအိမ်သို့ခေါ်သွားသည်။

အမတ်ကြီးသည် မဟာဇလ္လိကအိမ်၌နေစဉ် မဟာဇလ္လိကက သူရဲကောင်းကြီးမှန်းသိ၍ အားအစွမ်းကိုမြင်လိုသဖြင့် ပြောင်းဆန်ခုနစ်ကွမ်းစားကိုချက်စေ၍ သီးသီးထောင်းနှင့်နယ်ကာ ခုနစ်ဆုပ်ဆုပ်စေ၏။ အမတ်ကြီးသည် မိမိစားမည်ပြုစဉ် မစားနိုင်အောင်လည်မျိုကို လက်နှစ်ဘက်ဖြင့် မဟာဇလ္လိကအား အားကုန်ဖျစ်ညှစ်၍ အသတ်ခိုင်းလေ၏။

အမတ်ကြီး ထမင်းတဆုပ်ကို စားမည်ပြုစဉ် လက်ဖြင့် ဖျစ်ညှစ်သော မဟာဇလ္လိကသည် လက်မြဲအောင်မကိုင်နိုင်ပဲ အဝေးသို့ လွင့်စဉ် ကျသွားသည်။ သုံးကြိမ်တိုင်တိုင် ဖျစ်ညှစ်သော်လည်းမရ၊ ပို၍ဝေးရာသို့ လွင့်စဉ်၍လဲကျလေ၏။

http://www.dhammadownload.com



နောက်ဆုံး အမတ်ကြီးသည် မဟာဇလ္လိကထိမှ ပိန်းကောလှေတစင်းကို တောင်းကာ သမုဒ္ဒရာကိုဖြတ်၍ နာဂဒီပကျွန်းသို့ သွားရန်စီစဉ်လေ၏။

လှေရှင်သျှင် လှေပေါ်၌ခြေတဘက်နင်း၍ ခြေတဘက်ဖြင့် ဆိပ်ကမ်းခြေကို တချက်မျှဆောင့်ကန်လိုက်ရာ လှေသည်ရွက်တိုက်သကဲ့သို့ (၁၂-ယူဇနာခန့်ဝေးသော) နာဂဒီပကျွန်းသို့ တရှိန်တည်း ဆိုက်ရောက်သွားလေ၏။

နာဂဒီပကျွန်းသို့ရောက်လျှင် ပုဆိုးနှင့် ဆံပင်များကို မြဲမြံအောင် ဖွဲ့ချည်ထုံးနှောင်၍ ၅၅-ယူဇနာအပြောကျယ်သော သမုဒ္ဒရာကြီးကို လက်ပစ်ကူးသွားရာ စောင်ဌတိုင်း ကာဝီရပဋ္ဋနသဘော်ဆိပ်သို့ ရောက်ရှိသွားလေ၏။လူအများတအံ့တသြ ချီးကျူးပြောဆိုနေကြသည်ကိုပင် ဂရုမမူပဲ—

"မိတ်ဆွေတို့....၊ ဘုရားရှင့်သားတော် အရိယာသံဃာတော် အရှင်မြတ်များ အဘယ်အရပ်မှာ သီတင်းသုံးတော်မူနေကြပါသလဲ" ဟု မိမိသိလိုသော ကိစ္စကိုသာ မေးမြန်းလေတော့သည်။

ကာဝီရဆိပ်ကမ်း မြို့သူမြို့သားများသည် အမတ်ကြီးအား ၁၂-ယူဇနာဝေးသော တက္ကသိုလ်မြို့၌ (ယခုအခါ အနောက်ပါကစ္စတန်၌ရှိသည်။) ရဟန္တာအရှင်မြတ်များ သီတင်းသုံးတော်မူနေကြောင်း ပြောကြားလျှင် ခရီးဆက်၍သွားလေ၏။ ၁၂-ယူဇနာခရီးကို ကုန်းကြောင်းသွားရာ မကြာမတင် ရောက်ရှိသွားသည်။

## ခက်ခဲစွာ တရားရှာခြင်း

တက္ကသိုလ်မြို့သူမြို့သားများသည် တောတောင် လျှိုမြောင် အထပ်ထပ်ဖြတ်ကျော်သွားရသော သားမျိုး ငှက်မျိုးစုံလင်၍ ဥမင်လိုဏ်ကျောင်း များဖြင့်ခမ်းနားဆိတ်ငြိမ်လှသည့် အနိဝတ္တန (အနိဝတ္တိယ အဝဋ္ဋနိယ) တောင်ပေါ်တောကျောင်းကြီးရှိရာ (ဝိဥ္ဇ၂ ၁)တောင်တန်းကြီးကို ပြညွှန်ကြလေသည်။

အမတ်ကြီးသည် အနိဝတ္တန တောင်ပေါ်တောကျောင်းကြီးသို့ရောက်လျှင် မဟာဝရုဏမည်သော ရဟန္တာအရှင်မြတ်ကြီးထံ သွားရောက်ဝတ်ပြု၏။

"အို ဒကာ...၊ အဘယ်အကျိုးငှာ ဤအရပ်သို့လာသနည်း" ဟု မေးတော်မူလျှင် အကြောင်းစုံလျှောက်ထားကာ ရဟန်းပြုခွင့် လျှောက်တောင်းခံလေ၏။ ရဟန်းပြုပေးပြီးနောက် ကမ္မဋ္ဌာန်းတရား ရှုပွားရန်လည်း ပြညွှန်ပေးတော်မူသေး၏။ ဒါဌာသေနမထေရ်သည် ကမ္မဋ္ဌာန်းတရား ရှုပွားနေရသော်လည်း သမာဓိမရ၍ [illegible] ဖြစ်ပွားနေသဖြင့် နှစ်ရက်ခန့်ရှိလျှင်—

-http://www.dhammadownload.com



"ဆရာတော်ဘုရား....၊ တပည့်တော်ကမ္မဋ္ဌာန်းတရားကို ကြိုးစားရှုပွားပါသော်လည်း သမာဓိမရနိုင်အောင် ရှိနေပါသည်။ အခြားသင့်လျော်ရာဌာနရှိလျှင် ပြည့်နှိပ်ပေးတော်မူပါဘုရား"ဟု လျှောက်ထားလေ၏။ မဟာဝရုဏ မထေရ်ကြီးလည်း အဘိညာဉ်ဖြင့် ဆင်ခြင်သုံးသပ်တော်မူရာ တရားအားထုတ်သောပုဂ္ဂိုလ်များများပြားလှသောကြောင့် ရှုပွား၍မရကြောင်းမြင်တော်မူလျှင် အခြားသပ္ပာယဖြစ်မည့် နေရာတခုကိုလည်း ရှုဆင်ခြင်တော်မူလေ၏။

"ငါ့ရှင် ဒါဌာသေန....၊ ဤအရပ်မှ ယူဇနာခြောက်ဆယ်ဝေးကွာသောအရပ်၌ လူသူမရောက် မြင့်စောက်လှသော တောင်ထိပ်ပေါ်မှာ သိကြားမင်းဖန်ဆင်းဆောက်လုပ်ထားတဲ့ ဝေရမ္ဘကျောင်းဆိုတာ ရှိလေရဲ့။ အဲဒီကျောင်းမှာ မထေရ်အိုကြီးတပါး၊ သာမဏေငယ် တပည့်တဦးနှင့်သာ သီတင်းသုံး နေတော်မူတယ်။ အဲဒီ ဝေရမ္ဘကျောင်းမှာ ချမ်းသာစွာနဲ့ မိမိ၏ ထောက်တည်ရာရအောင် ကြိုးစားပါလေ"ဟု မိန့်မှာ စေလွှတ်တော်မူ၏။

ဒါဌာသေနမထေရ်သည် သပိတ်သင်္ကန်းကိုယူ၍ ဆရာမထေရ်ကြီး ညွှန်ပြသည့်အတိုင်း သွားလေရာ ဝေရမ္ဘတောင်ပေါ်ကျောင်းရှိရာ တောင်သို့ရောက်လျှင် တောင်ခြေမှနေ၍ မော့လျက်သာ ကြည့်မျှော်နေလေ၏။ လူသာမန်တို့ တက်၍ရနိုင်သောတောင် မဟုတ်ချေ။ ချိတုံချတုံဖြင့် တောင်ခြေ၌သာ ရပ်လျက် နေရလေ၏။

မကြာမီ သာမဏေတပါး မိမိအနီးသို့ ရောက်လာမှ စိတ်သက်သာရာရသွားတော့၏။ ဆရာမထေရ်ကြီး၏အမိန့်အရ တန်ခိုး အဘိညာဉ်ဖြင့် တောင်ပေါ်သို့ ပင့်ခေါ်ရန် သာမဏေငယ်ရောက်လာခြင်း ဖြစ်လေသည်။ ကာယဗလစွမ်းရည်အားကိုးဖြင့် အောင်ပွဲအမျိုးမျိုးရခဲ့သော သူရဲကောင်းကြီးများ အစွမ်းတုံးရသော ဒေသ၊ တန်ခိုးရှင်ရဟန်းတော်များသာ သီတင်းသုံးရာဌာန ဖြစ်နေပေတော့သည်။

ထိုကျောင်း၌လည်း တရက်နှစ်ရက်မျှသာနေနိုင်၍ သမာဓိမရ၊ ဝိတက်တွေသာ ဖြစ်ပွားနေသဖြင့် အခြား သင့်လျော်ရာဌာနတခုကို ညွှန်ကြားပေးပါရန် တောင်းခံရပြန်လေ၏။

"ကောင်းပြီ ငါ့ရှင်....၊ ဒီကနေ မြောက်ဘက် ၁၅-ယူဇနာ အရပ်မှာ လောဟကူဋ(ကြေးနီတောင်)ရှိလေရဲ့၊ အဲဒီ ကြေးနီတောင်ထိပ်မှာ ရတနာ၇မျိုးစုံစီခြယ်ပြီး အလွန်မွေ့လျော်ဖွယ်ကောင်းတဲ့ ကျောင်းကန်မဏ္ဍပ်၊ ဇရပ်တန်ဆောင်းတွေရှိတယ်။ သိကြားမင်းကောင်းမှုတော်တွေချည်းပဲ။ အဲဒီမှာ အရှင်မြတ်များသီတင်းသုံးတော်မူနေကြတယ်။ လူသာမာန်တို့ရောက်နိုင်ဖို့တော့ မလွယ်လှပေဘူး။ ဒါပေမယ့် တခုတော့ရှိတယ်။ တောင်နံရံမှာ ပေါက်ရောက်နေတဲ့ ညောင်ပင်ကြီးဟာ လေအဟုန်နဲ့ အောက်ဘက်ကို ယိမ်းညွှတ်လာတဲ့အခါမျိုးမှာ ညောင်ကိုင်းကို

http://www.dhammadownload.com



ဆွဲပြီးတက်သွားလျှင် ရောက်နိုင်လောက်ပေတယ်။ စွမ်းနိုင်လျှင်လဲ ကြွပေတော့ ငါ့ရှင်။”

ဒါဌာသေန မထေရ်လည်း မထေရ်ကြီး နည်းပေး လမ်းညွှန်သည့်အတိုင်း ကြေးနီတောင်ပေါ်သို့ ခြေဖြင့်တက်လို့ရနိုင်သလောက် တက်ပြီး တောင်ထိပ်ပေါ်သို့ ရောက်နိုင်ရန် လေအဟုန်ဖြင့် ဝှေ့ယမ်းညွတ်ကိုင်းလာသော ညောင်ပင်ကြီးကို မှီကပ်၍ တက်သွားရသည်။

တောင်ထိပ်ပေါ်သို့ရောက်လျှင် ရတနာမျိုးစုံတို့ဖြင့် ဖိတ်ဖိတ်တောက်နေသော အဆောက်အအုံများကိုကြည့်လျက် မကြုံစဖူးအထူးအံ့သြကာ မယုံကြည်နိုင်လောက်အောင် တွေ့မြင်ရလေ၏။ ရောက်လျှင်ရောက်ချင်း ငြိမ်းချမ်း နူးညံ့လှသော နေရာတခု၌ တင်ပျဉ်ခွေထိုင်လျက်—

“ငါ၏စိတ်သည် ကိလေသာ အာသဝေါတရားတို့က မလွတ်မြောက်သမျှ ကာလပတ်လုံး ဒီတင်ပျဉ်ခွေကို မဖျက်တော့ဘူး”ဟု အပြီးအပြတ် သန္နိဋ္ဌာန်ချကာ ကမ္မဋ္ဌာန်းတရားရှုပွားလေရာ တရက်, နှစ်ရက်, သုံးရက် ကြာသော်လည်း မည်သို့မျှ အကြောင်းထူးမလာချေ။ တလည်းမထ၊ ဆွမ်းအာဟာရလည်း မသုံးဆောင်တော့ပေ။

လေးရက်မြောက်သောနေ့တွင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်တော်မူရာ ထိုကြေးနီတောင် ပတ်ဝန်းကျင်ရှိ နဂါး,နတ်, ဂန္ဓဗ္ဗများအားလုံး [illegible] ကောင်းချီးသြဘာ သာခုခေါ် သံများ ပဲ့တင်ထပ် သွားလေတော့၏။

## ကိုယ်တိုင်ဟော ထေရုပ္ပတ္တိ

ဒါဌာသေနမထေရ်သည် ကြေးနီတောင်မြေ၌ ငုပ်လျှိုးကာ အနိဝတ္တန တောကျောင်း ဥပဇ္ဈာယ်ဆရာ မဟာဝရုဏမထေရ်ကြီးခြေရင်း၌ ထွက်ပေါ်လျက် ရှိသေစွာရှိခိုး၍ အကျိုးအကြောင်းလျှောက်ထားလေ၏။ ပြီးလျှင် ရွှေဟင်္သာမင်းကဲ့သို့ ထိုနေရာမှပင် ကောင်းကင်သို့ပျံတက်ကာ ကြေးနီတောင်ကြီး တောခေါင်းထဲ၌ နှစ်ပေါင်းများစွာ ကိန်းအောင်း စံနေတော်မူပေ၏။

ကာလကြာလတ်သော် မိမိ၏အသက်အပိုင်းအခြားကို ဆင်ခြင်တော်မူ၍ ကြေးနီတောင်ထိပ်ပေါ်သို့ တက်ကြွတော်မူ၏။

“ရဟန္တာ အရှင်မြတ်များဘုရား...။ တပည့်တော်အား ချီးမြှောက်သောအားဖြင့် ဤကြေးနီတောင်ထိပ်သို့ စုဝေး ကြွရောက်တော် မူလှည့်ကြပါကုန်ဘုရား”ဟု မတ်တတ်ရပ်လျက် ပင့်လျှောက်ကြွေးကြော်လိုက်ရာ ရဟန္တာ အရှင်

http://www.dhammadownload.com



မြတ် သုံးသောင်းတို့သည် ဒိဗ္ဗသောတနတ်နားဖြင့် ကြားတော်မူကြသဖြင့် ကြွရောက်တော်မူလာကြလေသည်။

ရဟန္တာအရှင်မြတ်သုံးသောင်းတို့ ကြွရောက်လာတော်မူလျှင် ဒါဌာသေန မထေရ်သည် ရိုသေစွာရှိခိုး၍ သင့်လျော်ရာ၌ ထိုင်နေလျက်–

"အရှင်မြတ်တို့ဘုရား....၊ မြတ်စွာဘုရားရှင် အဆုံးမတော် သာသနာသည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက် ကျွတ်လွတ်ရာ အမှန်ပင် ဖြစ်ပါတော့သည် ဘုရား။

"ဘုရားတပည့်တော်သည် ကဿပ မြတ်စွာဘုရားရှင် သာသနာတော်၌ တရားတော်ကို နာယူရပါသဖြင့် သဒ္ဓါ ကြည်ညိုကာ အနှစ်နှစ်သောင်း ကာလ ပတ်လုံး နွားနို့ စာရေးတံဆွမ်းနှင့်တကွ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးတို့ကိုလှူခဲ့ ရပါသည်။ ထိုကောင်းမှုကြောင့် လူနတ်ချမ်းသာတို့ကိုသာ ရရှိခံစားလျက် ယခု နောက်ဆုံးဘဝ၌ကား အသခ်တဓာတ် အမြတ်ဆုံးသော နိဗ္ဗာန်ချမ်းသာကြီးကို မျက်မှောက်ပြုရပါတော့သည် ဘုရား" ဟု လျှောက်ထားယင်းက ထိုကြေးနီ တောင်ကြီးအပေါ် ရဟန္တာအရှင်မြတ်သုံးသောင်းတို့၏ ရှေ့၌ပင် ပရိနိဗ္ဗာန်စံတော် မူလေ၏။

## သီဟိုဠ်ရှင်သီဝလိ ခေါ်ဆိုလောက်သော

# စူဠနာဂထေရ်

[သဟဿ-၅၂၊ မဓုရ-၃၅၀ ဆူ။]

သီဟိုဠ်ကျွန်း အနုရာဓနေပြည်တော်ရှိ ထူပါရုံစေတီတော်ကြီးသည် ဂေါ တမ ဘုရားရှင်၏ ညှပ်ရိုးတော်နှင့်တကွ ဘုရားလေးဆူတို့၏ မွေတော်၊ ဓာတ် တော်များနှင့် ပရိဘောဂ(အသုံးအဆောင်များ)ကို ဌာပနာ၍ ဒေဝါနံ ပိယတိဿ မင်းကြီး တည်ထားသော စေတီတော်ကြီး ဖြစ်၏။

ဘုရားလေးဆူစလုံး တပြိုင်နက် ပူဇော်ခွင့်ပေးသော စေတီတော်ကြီး ဖြစ်သည်။

ထိုစေတီတော်ကြီးအနီး၌ ရဟန်းတော်ပေါင်းများစွာတို့ သီတင်းသုံးရာ ထူပါရုံ ကျောင်းတိုက်ကြီးလည်း ရှိသည်။ ပုလဲရောင် သဲများကို ကျောင်း တိုက်ကြီး တဝင်းလုံး ညီညာစွာ ခင်းထားရာ သာယာလှပေ၏။ ပင်လုံးကျွတ် ပွင့်ရာမှ ကြွေကျလာသော ချရား, စကားပွင့်များနှင့် ညီညာသော သဲပြင်ကြီးမှာ ပန်း ရလှပေသည်။ ဂူကျောင်း, ပြာသာဒ်, မဏ္ဍပ်, ပရိဝုဏ်များမှာ သံဃာတော် တို့၏ ဂုဏ်နှင့် လိုက်ဖက်လှပေတော့သည်။

http://www.dhammadownload.com



## အလှူခံသူမှာ ခွေးတော်မကလေး

ထိုထူပါရုံ ကျောင်းတိုက်ကြီး အတွင်းရှိ ဘုရင့်သန်လျက်စွဲတော် အမတ်ကြီး (အသိဂ္ဂါဟက) ဆောက်လှူသော ကျောင်းတဆောင်လည်း ရှိလေရာ ထိုကျောင်း၌ စူဠနာဂမည်သော မထေရ် သီတင်းသုံးတော်မူ၏။ မထေရ်သည် အနုရာဓ နေပြည်တော်၌ လရေးသဖွယ် ကွေးညွှတ်လျက်ရှိသော စန္ဒဝင်္ကလမ်းမတော်ကြီးတလျှောက် ဆွမ်းခံ ကြွတော်မူလေ့ရှိသည်။

မထေရ်သည် ဆွမ်းခံ ဆွမ်းစားပြီး ကျောင်းသို့ ပြန်အလာ ကျောင်းရှေ့၌ ခေတ္တ ထိုင်၍ နားနေယင်း သပိတ်ကို နေရောင်ပြ၍ သုတ်သင်နေစဉ် တောင်မြောက်လေးပါး ပြေးလွှား ရှာဖွေသော်လည်း အစာရေစာမရ၊ ပိန်ချုံးတော်မွတ်လှသော ခွေးသားသည်မ တကောင်သည် အစာရလိုရငြား မထေရ်အနားသို့ လာ၍ မျှော်ငံ့ကြည့်ရှုနေရှာ၏။ မထေရ်သည် တုန်တုန်ခိုက်ခိုက်ဖြင့် လျှာရည်ကျကာ တော်မွတ်ချည့်နဲ့သော ခွေးမအားကြည့်ကာ လွန်စွာ သနားမိလေ၏။ ဆွမ်းကိစ္စ ပြီးခဲ့ပြီဖြစ်၍ ကျွေးစရာလည်းမရှိ ဖြစ်နေလေသည်။

ထိုအခိုက် ခွေးတော်မကို မြင်ရသည်မှာ စိတ်မချမ်းသာ လှသဖြင့် သမ်ယာလင်း တနေရာ၌ အမှိုက်သရိုက် သဲဖုန်များ ရှင်းလင်းရာ ခွေးတော်မလည်း သူ့အား အစာကျွေးတော့မည်ဟု ယူဆ၍ မထေရ်အနီးသို့ ကတုန်ကယင် ချဉ်းကပ်လာလေ၏။ မထေရ်လည်း ပါးစပ်ထဲသို့ လက်ညှိုးထည့်၍ စားပြီးစ အစာများကို အန်ချ၍ ကျွေးလှူတော်မူရလေသည်။ ခွေးတော်မလည်း ဝမ်းသာ အားရ တရှိုန်တည်း စားလိုက်ရာ ချက်ချင်း ကုန်သွား၏။ အတန်ငယ် ဆာလောင် မွတ်သိပ်မှု ပြေပျောက်ဟန် ရှိသော်လည်း မထေရ်၏မျက်နှာကို မော်၍ ကြည့်နေပြန်သဖြင့် ဒုတိယတကြိမ် ထပ်မံအန်ချ၍ ကျွေးလှူတော်မူရပြန်၏။

ဒုတိယ အကြိမ်၌မူ အေးဆေး လေးကန်စွာ စားသောက်နေသည်ကို မြင်ရသဖြင့် ဝလင်လောက်ပြီဟု ယူဆတော်မူကာ ရေစစ်ဖြင့် ရေခပ်၍ အိုးခြမ်းကွဲတခုကို ဆေးကြောပြီး ရေထည့်တိုက်ပြန်သည်။ ထိုအခါကျမှ ခွေးတော်မသည် မထေရ်၏ရှေ့၌ လေးဘက်ထောက် ဝမ်းလျားထိုးပြီးဝပ်ကာ မထေရ်၏ မျက်နှာကို ကျေးဇူးတတင် ကြည်လင်သော အမူအရာဖြင့် အမြီးကိုနှန့်လျက် ငေးစိုက်ကြည့်နေလေတော့သည်။ ခွေးငယ်ကလေးများလည်း မကြာမီ မိခင်နို့ကို ဝိုင်းအုံစို့ကြလေ၏။

မထေရ်လည်း အစာရေစာ ဝလင်၍ ဂုဏ်ခြွေရရ ရှိရှိသေသေ ဝပ်နေသော ခွေးမကို ကြည့်ကာ အတိုင်းမသိ ဝမ်းမြောက် ကြည်နူးနေမိလေ၏။

http://www.dhammadownload.com



"ငါသည် မိမိကိုယ်ကို မငဲ့ကွက်ပဲ စွန့်လှူရသော ဤကောင်းမှုကြောင့် ဖြစ်လေရာဘဝ လာဘ်ရသူတို့တွင် အမြတ်ဆုံး ဖြစ်ရပါလို၏။ နိဗ္ဗာန်ချမ်းသာ မြတ်ကြီးကိုလည်း လျင်မြန်စွာ မျက်မှောက်ပြုရ ပါလို၏။"

## ဒိဋ္ဌဓမ္မဝေဒနီယကံ

စူဠနာဂ မထေရ်၏အလှူဒါနသည် ဘဝသံသရာပင် မဆိုင်း၊ ပထမဇော စေတနာ ထက်သန်လှသဖြင့် ဒိဋ္ဌဓမ္မ ယခု မျက်မှောက်ဘဝ၌ပင် အကျိုးပေး လေသည်။

အနုရာဓ နေပြည်တော်ရှိ ဒကာ, ဒကာမတို့သည် ထိုနေ့ ညနေချမ်းမှာပင် ထောပတ်တင်လဲ ပျားသကာ စသည်ကို အသီးအသီး ယူဆောင်လာကြကာ–

"စူဠနာဂ မထေရ် အဘယ်ကျောင်းမှာ သီတင်းသုံးတော်မူပါသလဲ"ဟု မေးမြန်းကာ သူ့ထက်ငါ လာရောက်လှူဒါန်းကြလေ၏။ မိမိတပါးတည်းအတွက် သာမက ထူပါရုံ ကျောင်းနေ သုံးသောင်းခန့်ရှိသော သံဃာတော်များကိုပင် လောက်ငအောင် လှူဒါန်းရလေသည်။ ထို့နောက် ဇာတိဖိုလ်, ပရုတ်, ကရဝေး, အမွှေးနံ့သာ ဆေးပစ္စည်းများကိုလည်း လာရောက် လှူကြပြန်သဖြင့် တဆင့် လှူဒါန်းရပြန်ရလေသည်။

ထိုနေ့ ညတွင်လည်း မထေရ်ဆွမ်းခံကြွနေကျ စန္ဒဝက်လမ်းတလျှောက် နံနက် အရုဏ်ဆွမ်းအတွက် ယာဂုဟင်းလျာ ခဲဖွယ်ဘောဇဉ်များ မထေရ်၏ ကျောင်းသို့ ပို့လှူကြရန် နတ်များက နှိုးဆော်ထား၍ နံနက်ဆွမ်း လာလှူသူများမှာ ပွဲတော်ကြီးတမျှ စည်ကားလှပေ၏။ မထေရ်လည်း ကျောင်းအနီးရှိ ကျောက် စည်ကို ထိုး၍ အချက်ပေးကာ သုံးသောင်းခန့် သံဃာတော်များအား ဆွမ်းအလှူ ခံရန် ပင့်လျှောက်ရလေသည်။

တနေ့သောအခါ နေပြည်တော် အတွင်းသို့ ဆွမ်းခံကြွသည်ရှိသော် ထူပါရုံ ကျောင်းတိုက်ကြီး အပြင်ဘက် အထွက်မှာပင် တံခါးမုခ်စောင့် နတ်များသည် လှည်းတပ်ကြီးချကာ ဆွမ်းလှူရန် စောင့်ငံ့နေကြသည်ကို တွေ့ရလေ၏။ မထေရ် နှင့်တကွ သံဃာတော် သုံးသောင်းပင် လုံလောက်တော်မူသည်။

ဆွမ်းခံနေကျ စန္ဒဝက်လမ်းမဘော်ရှိ ဒကာ, ဒကာမများလည်း အလှည့် ကျ ဝေမျှ၍ လောင်းလှူခွင့် ရရန် စီစဉ်ကြရသည်။ ၁၂-နှစ်ကြာမှပင် ထိုလမ်း၏ အစွန်ဆုံးအိမ်အတွက်ဆွမ်းလှူခွင့် ရလေတော့သည်။ သီဟိုဠ်တကျွန်းလုံး ဘုန်းလာဘ် သပွကာ အရာတွင် အရှင်သီဝလိမထေရ်ပမာ လွန်စွာ ကျော်စောလေ၏။

http://www.dhammadownload.com



ထိုမျှ များပြားလှသော လာဘ်လာဘများကို အလှူခံလျက်က ဝိပဿနာ တရားကို ကြိုးစားရှုမှတ်ရလေရာ ထိုခွေးဝတ်မအား အစာတထပ်ကျွေးလှူရသော ဒါနစေတနာ၏ အစွမ်းကို ဆင်ခြင်ကာ ပီတိ သောမနဿများ ဆင်ခြင်တိုင်း ဖြစ်ရလေ၏။ ထိုဒါန စေတနာကို အရင်းခံလျက်ပင် နိဗ္ဗာန် ချမ်းသာကို လွယ်ကူစွာ ရရှိ ခံစားတော်မူရလေသည်။

## ဗောဓိမဏ္ဍိုင် ဘုရားဖူးကြွစဉ်

ထူပါရုံကျောင်းနေ မထေရ် ငါးရာတို့သည် တနေ့သောအခါ မဇ္ဈိမဒေသ ဘုရားပွင့်တော်မူရာ မဟာဗောဓိကို ဖူးမြော်လိုကြ၏။ ရဟန်းငါးရာတို့၏ သွားလာနေထိုင် စားသောက်မှုအတွက် အခက်အခဲ ရှိနေကြသဖြင့် မည်သို့မျှ မကြံတတ် ရှိကြရလေ၏။ ထိုအခါ စူဠနာဂ မထေရ်အား သတိရကြသဖြင့် မဟာဗောဓိ ဖူးမြော်ရန် ပို့ဆောင်ပေးဖို့ ဝိုင်း၍ တောင်းပန်ကြလေသည်။ မထေရ်လည်း လိုက်၍ ပို့တော်မူ၏။

စူဠနာဂမထေရ်မြတ်သည် နောက်ပါ ဘုရားဖူး သံဃာတော် ငါးရာကို ခေါ်ဆောင်၍ ထူပါရုံကျောင်းမှ မဟာကောဠပဋ္ဋနဆိပ်, ထိုကမှတဆင့် မဟာဂေါဓ ဆိပ်သို့ ကြွတော်မူရသည်။ လမ်းခရီးအဆင့်ဆင့်၌ လူရော နတ်ပါ ဒကာ ဒကာမတို့၏ အလှူဒါနကို ခံယူချီးမြှောက်ယင်း ကြွနေရသဖြင့် လေးလတိုင်တိုင် အချိန်ကြာညောင်းရလေ၏။

သမုဒ္ဒရာကို ဖြတ်ကျော်ရန် လှေ သင်္ဘောစီးရာတွင်လည်း သမုဒ္ဒရာစောင့် နတ်နဂါးတို့၏ အလှူဒါနကို ချီးမြှောက်တော်မူနေရသဖြင့် သမုဒ္ဒရာ အတွင်း၌လည်း သုံးလခန့်ကြာညောင်းခဲ့လေသည်။ မဇ္ဈိမဒေသဆိပ်သို့ ရောက်၍ ထိုကမှတဆင့် မဟာဗောဓိသို့ ကြွရာလမ်းခရီးတလျှောက်တွင်လည်း ကြီးကျယ် ခမ်းနားသော အလှူဒါနများကို ချီးမြှောက်၍ ကြွတော်မူရ၏။

## အရှင်မြတ် ရောဂါကြောင့် နှလုံးမသာဖြစ်ကြရ

မြတ်စွာဘုရားရှင် သဗ္ဗညုတ ဉာဏ်တော်ရရာ မဟာဗောဓိ အောင်မြေ၌ ရောက်ကြလျှင် ကျေနပ်အားရအောင် ဖူးမြော်ကြ၏။ အာရုံပြုကြ၏။ အပြန် ခရီး လမ်းခရီးအကြား မထေရ်မြတ်ဝမ်းဘွင်း၌ ပြင်းထန်သော လေရောဂါကြီး ဖိစီးနှိပ်စက်လေတော့သည်။ အတူပါလာသော ရဟန်းတော်များအားလုံး စိတ် နှလုံးမသာမယာ ဖြစ်ကုန်ကြလေသည်။ ဝေဒနာမှာ ပို၍ ပို၍ ဆိုးလာ၏။

http://www.dhammadownload.com



**မထေရ်** အရှင်ဘုရားတို့....၊ ဘယ်အတွက် စိတ်နှလုံးမသာမယာ၊ မျက်နှာမရွှင် မပျ ဖြစ်နေကြရပါသလဲ။

**သံဃာများ** အရှင်ဘုရား၊ စူဠနာဂ အရှင်မြတ်ရဲ့ ဘုန်းကံကို မှီခိုပြီး တပည့်တော်များ ချမ်းချမ်းသာသာ လာခဲ့ကြရပါတယ်။ အရှင်မြတ်ဘုန်းကံကြောင့် အလွန်တရာ ဖူးမြော်ရခဲတဲ့ မဟာဗောဓိမဏ္ဍိုင်ကိုလဲ ဖူးမြော်ခဲ့ကြရပါပြီ။ အကယ်၍များ ဤရောဂါဝေဒနာဟာ အရှင်မြတ်ရဲ့ အသက်အန္တရာယ်ဖြစ်ခဲ့သော် တပည့်တော်တို့ ရဟန်းတော်အများကြီးဟာ ထူပါရုံကျောင်းတော်ကြီးသို့ ဘယ်ပုံပြန်ရောက်နိုင်ကြပါမလဲ ဘုရား။

**မထေရ်** အရှင်ဘုရားတို့....၊ သည်ကိစ္စ စိုးရိမ်ကြောင့်ကြတော် မမူကြပါလေနှင့်။ အကယ်၍ ဒီလမ်းခရီး အကြားမှာပဲ တပည့်တော် ပရိနိဗ္ဗာန်ပြုရသော် ကောင်းမွန်စွာသင်္ဂြိုဟ်ပြီး ဓာတ်တော်များကို ရေစစ်ဖြင့် ကောက်ယူတော်မူရစ်ကြပါ။

ဆွမ်းခံရွာသို့ ဝင်ကြရသော အခါတွင်လဲ ရွှေဆိုးကကြွမည့် သံဃာ့မထေရ်ကြီးရဲ့သပိတ်မှာ ရေစစ်ကို ချိတ်ဆွဲ ချည်နှောင်ပြီး ကြွတော်မူကြပါလေ။ အရှင်ဘုရားများ ပစ္စည်းလေးပါးအတွက် ပင်ပန်းခက်ခဲမှုရှိကြရမည် မဟုတ်ပါ ဘုရား။

စူဠနာဂမထေရ်မြတ်ကြီးလည်း သံဃာတော်များ နှစ်သိမ့်စေရန် စကားအကြောင်းစုံမှာကြားမိန့်ဆိုကာ တောလမ်းခရီး တနေရာ၌ပင် ခန္ဓာဝန်ချတော်မူသွား၏။

မထေရ်မြတ် မှာထားခဲ့သည့်အတိုင်း မီးသင်္ဂြိုဟ်ပြီးလျှင် ဓာတ်တော်များကို ပင့်ဆောင်၍ ပြန်လာကြရာ မထေရ်မြတ်ရှိစဉ် အလာကကဲ့သို့ပင် ပစ္စည်းလေးပါးပေါများပြည့်စုံကြရလေ၏။ (မုံရွေး ဇေတဝန် ဆရာတော်ဘုရားကြီးသည် သမန္တစက္ခုဒီပနီ၌ ဤဝတ္ထုကိုဖော်ပြ၍ ဓာတ်တော် မွေတော် ရုပ်ပွားတော်ကိုးကွယ်မှုနှင့်စပ်၍ အလွန် မှတ်သားဖွယ်ကောင်းသော အဆုံး အဖြတ်များ ရေးထားသည်။ ရှုကြပါကုန်။)

## နိဗ္ဗာန်ပို့သော ဒါနစေတနာ ရောင်ပြန်

ဘုရားဖူးပြန်လာကြသော သံဃာတော် ၄ါးရာတို့သည် ထူပါရုံကျောင်းတိုက်ကြီးသို့ ချမ်းသာချောမောစွာ ပြန်လည် ရောက်ရှိလာကြသေး၏။ ကျောင်း

တိုက်ကြီးသို့အရောက် အမောပြေနားနေကြစဉ် သံဃာ့မထေရ်ကြီးက ဘုရားဖူး သံဃာငါးရာတို့အား—

"ငါ့ရှင်တို့....၊ မြတ်စွာဘုရားသာသနာ၌ ဒါန စေတနာသည်ပင် အံ့ဖွယ်ကောင်းလေစွ။ အရှင်နာဂမထေရ်၏ ကျေးဇူးတော်လည်း ကြီးမားလှပေစွ။

"ကျေးဇူးရှင် အရှင်နာဂမထေရ်မြတ်ဟာ ခွေးငတ်မကလေး တကောင်အား အစာကိုအန်၍ကျွေးမွေးရသော ဒါနစေတနာဟာ ယခု မျက်မှောက်ဘဝမှာပင် အံ့သြ၍ မကုန်နိုင်သော လောကီ ပစ္စည်း လာဘ်လာဘများကို ဒိဋ္ဌဓမ္မ အကျိုးပေးခဲ့တာ ငါ့ရှင်တို့အမြင်ပဲ။

"သည်မျှမက....၊ ဒီဒါန စေတနာကပဲ အရှင်မြတ်အား အရဟတ္တဖိုလ် ဆုကြီးကို ရအောင်ပို့ဆောင်ပေးခဲ့ပေတယ်။ မြတ်စွာဘုရားအဆုံးအမ၊ အရှင် နာဂ မထေရ်၏ စေတနာသည် အားကျဖွယ်ကောင်းပေစွ....ငါ့ရှင်တို့....၊ ယုံယုံကြည်ကြည်ဝီရိယရှိရှိ၊ သတိများများဖြင့် ကြိုးစားရှုမှတ်ပြီး မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးနှင့် အရှင်မြတ်ကို ကျေးဇူးဆပ်နိုင်အောင် လုပ်ကြရမယ်။"

သံဃာ့မထေရ်ကြီး အမိန့်ရှိနေစဉ်မှာပင် ရဟန်းတော် ငါးရာလုံး အရှင်စူဠနာဂမထေရ်၏ ဒါနစေတနာကို ဆင်ခြင်စဉ်းစား၍ အားကျ ကြည်ညိုနေကြ၏။ ပီတိများ တလှိုက်လှိုက်ဖြစ်ကာ ပီတိကို ခွာ၍ လက္ခဏာရေး သုံးချက် ဖြစ်ပျက်သဘောကို ရှုမြင်ကြရာ ထိုနေရာ၌ပင် အားလုံး ရဟန္တာ ဖြစ်တော်မူကုန်၏။

## ဝေဒနာသုတ္တန်ဖြင့် မုဆိုးဘဝမှ ရဟန္တာဖြစ်ရသော ပိယောလ ထေရ်

[၄၀-မဓုရ ရသဝါဟိနီ၊ ၅၇-သဟဿဝတ္ထု]

သီဟိုဠ်ကျွန်း ယောဟဏ ဇနပုဒ် မဟာဂါမ နေပြည်တော်၌ ပိယောလ ခေါ်သော သားသတ်မုဆိုးကြီးတဦးရှိ၏။ အမျိုးမျိုးသော မုဆိုးအသုံးအဆောင် တိန်ညင်, ပိုက်ကွန်, လေးမြားစသည်တို့ဖြင့် နေ့စဉ် သားငှက်တိရစ္ဆာန်များကိုသတ်ဖြတ်၍အသက်မွေး၏။ သူ့အသက်မပါပဲ စားလေ့မရှိ။

### ယနေ့မုဆိုး၊ နက်ဖြန်သူတော်ကောင်း

တနေ့သောအခါ သားငှက် တကောင်တလေမျှ မရရှိသဖြင့် အိမ်ရှိ နွားငယ်တကောင်အား မြက်စည်းကိုပြ၍ မြှူခေါ်ရာ နွားငယ်မှာ အစာကိုမြင်

http://www.dhammadownload.com



သဖြင့် မုဆိုးအနီးသို့ကပ်လာပြီး ပါးစပ်ကိုဟ၍ မြက်ကိုဆွဲလေ၏။ မုဆိုးသည် ထိုနွားငယ်၏လျှာကို ဓားဖြင့်ဖြတ်ကာ ဖုတ်ကင်၍စားလေသည်။

ထိုမျှရက်စက်ကြမ်းကြုတ်လှသော အကုသိုလ်ကံသည် ချက်ချင်းပင်အကျိုးပေးလေ၏။ ထိုမုဆိုးကြီးသည် ထိုအချိန်မှစ၍ တညလုံးအိပ်၍မရ။ တကိုယ်လုံး လူးလိမ့်နေရအောင် ပူလောင်နေ၏။ တင်းပုတ်ဖြင့် ရိုက်သကဲ့သို့လည်းကောင်း၊ လှံတံကျင်များဖြင့်ထိုးဆွနေသကဲ့သို့လည်းကောင်း တကိုယ်လုံး နာကျင်စူးအောင့်လျက် အော်ဟစ်နေရလေ၏။

နံနက်မိုးလင်းလျှင်လင်းချင်း တိဿမဟာဝိဟာရ ကျောင်းတော်ကြီးသို့ သွားရောက်၍ အရှင်မြတ်များထံ ကယ်မ,ရန် လျှောက်ထားလေသည်။

တိဿမဟာဝိဟာရကျောင်း မထေရ်ကြီးသည် မုဆိုးကြီး၏အကြောင်းကို ကြားသိတော်မူလျှင် လွန်စွာ ကရုဏာသက်တော်မူ၏။

"အို....ဒကာမုဆိုး၊ သားကျွေးမှု မယားကျွေးမှုအတွက် သူ့အသက်ကို သတ်ရ၍ သေလျှင် အလွန် ကြောက်လန့်ဖွယ်ကောင်းသော မဟာအဝီစိငရဲ၌ခံရသော် သားမယားများက ကူပြီးခံကြမည်မဟုတ်၊မိမိအမှု မိမိသာခံရသည်။

"ယူဇနာတရာရှိ၍ လေးထောင့်သံလှောင်အိမ်ပမာ မဟာအဝီစိ ငရဲကြီးကား မီးလျှံတပြောင်ပြောင်တောက်ကာ ကြောက်ဖွယ်ကောင်းလှပေ၏။တကိုယ်လုံး ပကတိမီးလောင်၍ပြေးလွှားအော်ဟစ်နေရသူ့ရဲ့ ဒုက္ခဟာ အဲဒီမဟာအဝီစိငရဲမီးပူအပုံတရာပုံ တပုံမျှ မရှိလေသေးဘူးမုဆိုးကြီး။ ပကတိလှံအစင်း သုံးရာဖြင့် ဝိုင်းအုံအထိုးခံရတဲ့ ဒုက္ခဟာလဲ ဘာမှ မပြောပလောက်ဘူး။

"ယခုပင်လျှင် သင်ရဲ့ ပါဏာတိပါတကံဟာသက်သေပြနေပြီ" စသည်ဖြင့် ဒေဝဒူတသုတ္တန်ကြီးကို အကျယ်ဟောပြ၍ငရဲဘေးဒုက္ခမှလွတ်ရန်အကြောင်း မရှိပုံကို ညွှန်ပြတော်မူ၏။

ထိုအခါ မုဆိုးကြီးသည် လွန်စွာထိတ်လန့်၍—

"မှန်လှပါ အရှင်ဘုရား....၊ ယနေ့မှစ၍ သူ့အသက်ကို သတ်ခြင်းမှ အလျှင်းရှောင်ကြဉ်ပါတော့မယ်" ဟု ကတိခံလိုက်လေသည်။

အိမ်ရောက်လျှင် မုဆိုး တံငါ အသုံးအဆောင်များကိုလည်း စွန့်ပစ်လိုက်လေ၏။

## သေရမှာမကြောက်သောတရား

တနေ့သောအခါ ပိယောလမုဆိုးကြီးသည် မိမိ၏ အပေါင်းအဖော်များနှင့်အတူ ဂေါဌသမုဒ္ဒရာကမ်းခြေ၌ ရေချိုးကြစဉ် သမုဒ္ဒရာအတွင်းရှိ ရေနဂါးကြီးတကောင်သည် ပိယောလအားသတ်ရန် တကိုယ်လုံးကိုယ်ဖြင့် ရစ်ပတ်လိုက်၏။ ပိယောလလည်း နဂါးအန္တရာယ်မှလွတ်ရန် မမြင်တော့သဖြင့် မိမိကြားနာရဖူး

http://www.dhammadownload.com



သော ဒေဝဒူတသုတ္တန် တရားတော်ကိုသာ ဆင်ခြင် အောက်မေ့၍ နေသည်။ သေရမည်ကိုပင် ကြောက်လန့်ခြင်း မရှိတော့ပေ။

"ဒေဝဒူတသုတ်တော်ကား မြတ်စွာဘုရားရှင် ဟောကြားခဲ့သော တရားတော်အမှန်ပင်ဖြစ်ပါတယ်။ ဘုရားသားတော် သံဃာတော်များကလဲ ထိုတရားအမှန်ကို ဟောပြတော်မူကြတယ်။ ငါနာယူမှတ်သားဖူးသော ထိုဒေဝဒူတ တရားတော်၊ သံဃာတော်အရှင်မြတ်တို့၏ တန်ခိုးတေဇော်အာနုဘော် တော်တို့ကြောင့် ငါ့အား အသက်အန္တရာယ် မဖြစ်ပါစေနှင့်"ဟုလည်း စိတ်ထဲက တောင့်တမိ၏။ 'ငါမသေနိုင်'ဟုလည်း ယုံကြည်ကိုးစား မိလေသည်။

နဂါးမင်းလည်း ပိယောလအား သတ်ရန်ရစ်ပတ်သော်လည်း ပတ်၍မရ၊ ပြေ၍ပြေ၍သာနေသဖြင့် အထူးအဆန်းဖြစ်ကာ နဂါးပြည်သို့ ခေါ်ဆောင်သွားလေ၏။ နဂါးပြည်သို့ရောက်လျှင် နဂါးမင်းက–

"အိုအမောင်လုလင်....၊ သင်ဟာ အဘယ့်ကြောင့်သေရမှာကို မကြောက်သလဲ"ဟု မေးလေရာ–

"အို....နဂါးမင်း....၊အလုံးစုံသော ဘေးရန်အန္တရာယ် ပယ်ဖျောက်တတ်၍ ချမ်းသာသုခ အမျိုးမျိုးကို ပေးတတ်သော တရားတော်ကို မြတ်စွာဘုရားရှင် ဟောထားတော်မူခဲ့သည်ကို ကျွန်ုပ် နာကြားရဖူး ပါတယ်။ ဒီတရားတော်ကို နှလုံးသွင်းမိလို့ ကျွန်ုပ်မကြောက်တာပါပဲ။ဒီတရားတော်ဟာကျွန်ုပ်အတွက်ဝရဇိန်လက်နက်ကြီးပါပဲ"ဟု ပိယောလက ပြောပြလေ၏။

နဂါးမင်းက"ထိုသေရမှာ မကြောက်သော တရားကို ကြားချင်ပါသည်" ဆို၍ သူမှတ်မိသမျှ ဒေဝဒူတသုတ္တန်ကို တဆင့်ပြန်၍ ဟောပြလေသည်။ ပါဌာတော် ပါတစသော ဒုစရိုက်များကို ရှောင်ကြဉ်ပါမှ သတ္တဝါသည် ချမ်းသာစွာနေရပုံကို အပြည့်အစုံဟောပြလေရာ နဂါးမင်းကြီး ကြည်ညိုအားရ ဝမ်းသာလှသဖြင့် ဇာတိသာယ ပတ္တမြား တလုံးပေးကာ အိမ်သို့အရောက် ပြန်ပို့ပေးလေ၏။

## ယနေ့ သူတော်ကောင်း နက်ဖြန် ရဟန္တာ

ပိယောလလည်း ထိုပတ္တမြားရတနာကို အမှီပြု၍ သားမယားနှင့်တကွ ကုသိုလ်ကောင်းမှုများကိုသာ ပြုလုပ်နေ၏။ မကြာမီ ပတ္တမြားရတနာကို သားမယားများအား လွှဲအပ်၍ တိဿမဟာဝိဟာရကျောင်းတော်ကြီး၌ ရဟန်းပြုရာ ဒေဝဒူတ သုတ္တန်ကို ထပ်မံနာကြား၍. ဝိပဿနာရှုပွားရာ ရဟန္တာ ဖြစ်တော်မူသွား၏။

မဟာဂါမနေပြည်တော်၌ ပိယောလမုဆိုးကြီး၏ သတင်းသည် ကျယ်ပြန့်သွား၏။ နေရာများစွာ၌ မုဆိုးကြီးအကြောင်းကိုပင် ပြောဆိုကာ–

http://www.dhammadownload.com



"ဒီလောက် ကြမ်းကြုတ်ယုတ်မာတဲ့ ပိယောလ မုဆိုးကြီးတောင်မှ ရဟန္တာ ဖြစ်တော်မူသွားသတဲ့၊ အံ့စရာပဲ၊ တရားတော်ဟာ တကယ်လုပ်ယင် အဟုတ်ဖြစ်ပါကလား" စသည်ဖြင့် အားကျစံယူ နမူနာထား၍ ကုသိုလ်တရား ပွားများအားထုတ်ကြလေသည်။

## ငတ်မွတ်သူတို့အား အရှုအကျိုးကြီးစေသော

# ရှုဝက ဝိဇ္ဇရှာ ဆွမ်းခံထေရ်

[မဝုရ-၄၇-ရုက္ခဒေဝတာ ဝတ္ထု။]

သီဟိုဠ်ကျွန်း၌ တချိန်က ဗြာဟ္မဏတိဿ တိုင်းပြည်ဖျက် သူပုန်ဘေးကြီးနှင့်အတူ ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ရောက်ခဲ့ရာ တကျွန်းလုံး ငတ်မွတ် သေကြေခဲ့ကြရဖူး၏။

အိမ်ခြေငါးရာခန့်ရှိသော ရှုဝကဝိဇ္ဇရှာသည် အလှူရေစက် လက်နှင့်မကာ သံဃာတော်များအား အမြဲလှူဒါန်းနေသောရွာ ဖြစ်၏။ ငတ်မွတ်ဘေးကြီး ဆိုက်လာသောအခါ မည်သူ တဦးတလေမျှ လှူဒါန်းနိုင်သူ မရှိ၊ မိမိတို့အသက်ကိုပင် ကြံဖန်၍ မွေးမြူနေကြရကုန်၏။

တကွမ်းစားမျှလောက်သော ဆန်ကိုပင် အဝတ်ဖြင့်ထုပ်ကာ ရေနွေးဖြင့်ကြိတ်ပြီး နေပူလှမ်းအခြောက်ခံထားကြရ၏။ ခိုးယူ လုယက်သောဘေးမှ ကင်းဝေးစေရန် ထိုထမင်းခြောက်ပြားများကို အိုးဖြင့်ထည့်၍ မြေကြီးထဲ၌ မြှုပ်နှံထားကြရ၏။ မသေရုံ ရေဖြင့်ဖျော်ကာ အသက်ဆက်နေကြရသည်။ ထိုအချိန်၌ ရဟန်းတော်တပါးသည် ရွာရိုးလျှောက် ဆွမ်းခံ ကြွတော်မူရာ တဦးတလေမျှ လောင်းလှူခြင်းမရှိ၊ သပိတ်အတိုင်း ပြန်ကြွတော်မူရသည်။

## ပြတ်သားစွာ စွန့်ရဲသော ဆွမ်းအကျိုး

ထိုအခြင်းအရာကို မြင်၍ အိမ်တအိမ်ရှိ မိသားစုများမှာ စိတ်မကောင်းဖြစ်ကြရ၏။ အိမ်သားများအားလုံး ခေါင်းချင်းဆိုင်၍ တိုင်ပင်ညှိနှိုင်းကာ ဆွမ်းလှူရန် သင့်၊ မသင့် တဦးသဘောကို တဦး ချက်ချင်းမေးနေကြလေ၏။

"ကျွန်တော်တို့မှာ ရှေးက အလှူဒါနနည်းခဲ့လို့ ဒီလောက် ဆင်းရဲကျပ်တည်းတဲ့ အငတ်ဘေးကြီးနဲ့ကြုံတွေ့ရတာပဲ။ ဒီလောက်ထိအောင် အသက်မသေပဲကျန်နေနိုင်တာလဲ ဒီဆန်ကလေးရှိနေလို့။ ဒီဆန်မှီပြီး အသက်ရှင်နေရတာလဲ

http://www.dhammadownload.com



ဆင်းရဲခံနေရသလိုပါပဲ။ ဒီဆင်းရဲကြီးကိုလဲ မခံလို့ မကြား မမြင်လိုတော့ပါဘူး။ ဒီအရှင်မြတ်ကို လှူပြီး သေကြရတာကမှ ကောင်းပါသေးတယ်။”

မိသားစုအားလုံး သဘောတူညီကြသဖြင့် ဆွမ်းခံရဟန်းတော်အား အမြန်ပင့်လျှောက်၊ နေရာပေး၍ ဆွမ်းကို အမြန် စီစဉ် ချက်ပြုတ်ကြလေ၏။ ဆွမ်းကျက်၍ တအိုးလုံး လောင်းလှူပြီးနောက် မိမိတို့ဆွမ်းအလှူကိုသာ ဝမ်းမြောက်၍ နေကြရကုန်၏။ ဝမ်းထဲကမူ ဆာလောင်နေကြလေသည်။

ဆွမ်းခံအရှင်မြတ်အား လောင်းလှူပြီးနောက် ထမင်းအိုးကို ဆေးကြောရန် ယူလိုက်သောအခါ သလေးထမင်းများ စပယ်ဖူးပမာ တအိုးလုံး ပြည့်လျှံနေသည်ကို တွေ့ကြရသဖြင့် အတိုင်းမသိ ဝမ်းသာကြရလေ၏။

“အရှင်မြတ်အား ယခုလို အခါမျိုးမှာ လှူရတဲ့ဒါနဟာ အလွန် အကျိုးကြီးကြောင်း ချက်ချင်း သိရဘာပဲ”ဟုဆိုကာ မိသားစုအားလုံး ဝမ်းသာအားရ စားသောက်ကြကုန်၏။ ခပ်ယူတိုင်းပင် လျော့သွားသည်မရှိ၊ ပြန်၍ ပြည့်မြဲ ပြည့်နေသဖြင့် အိမ်နီးနားချင်းများမှအစ တရွာလုံးကိုပင် ပေးလှူကြရ လေတော့သည်။ ထိုမိသားစုအတွက် ရာသက်ပန် မကုန်တော့သော ထမင်းအိုးတလုံး ဖြစ်ပေတော့သည်။

အရိယာသံဃာတော်၊ အရိယာဖြစ်ရန် ကျင့်ကြံဆဲသော သမ္မုတိသံဃာတော် အရှင်မြတ်တို့ဟူသည်ကား သီလ၊ သမာဓိ၊ ပညာဖြင့် မိမိလည်းချမ်းသာ၊ သတ္တဝါအများ တလောကလုံးအားလည်း ကြီးပွားချမ်းသာရအောင် ဆောင်ရွက်တော်မူနေကြသော ပုဂ္ဂိုလ်များ ပါပေတကား။

## နတ်မွဲ ချမ်းသာ သံဃာကျေးဇူး

ဆွမ်းအလှူခံ သွားသော အရှင်မြတ်သည်း ရွာမှထွက်ခွာပြီးနောက် ရွာနှင့် မလှမ်းမကမ်း တဘက်ဆည်ကန် ကန်ဘောင်ရိုးရှိ နံ့ပဲပင်ကြီးအောက်၌ ရေမိုး အရိပ်အာဝါသ ကောင်းလှသဖြင့် ဆွမ်းဘုဉ်းပေးရန် ထိုင်တော်မူလေ၏။

အရှင်မြတ်သည် မျက်လွှာကိုချ၍ သပိတ်ထဲက ဆွမ်းများကို တရားသတိဖြင့် ဖြည်းလေးအေးဆေးစွာ ဘုဉ်းပေးတော်မူနေစဉ် နံ့ပဲပင်စောင့် နတ်မင်းကြီးသည် အစာရေစာပြတ်လပ်သဖြင့် အရှင်မြတ်ကိုမြင်လျှင် မချင့်မရဲ၊ ဝမ်းထဲက တကြုတ်ကြုတ်၊ မည်သို့လုပ်ရမည်မသိ ဆာလောင်မွတ်သိပ်စွာကြည့်မျှော်၍သာ နေရရှာလေ၏။ နောက်ဆုံး သူအိုယောင်ဖန်ဆင်းကာ အနီးသို့ရောက်လာ၏။

အရှင်မြတ်မှာ မျက်လွှာချ၍ အပ္ပမာဒသတိဖြင့် ဘုဉ်းပေးတော်မူနေလေရာ ဂုတ်တရက်မမြင်ပဲရှိနေ၍ သူအိုကြီးမှာ ချောင်းဟန့်သံ ပေးလေ၏။ အရှင်မြတ်လည်း လှည့်၍ကြည့်လိုက်ရာ ဆာလောင်တော်မွတ်ဟန်ရှိသော သူအိုကို တွေ့မြင်ရ၏

http://www.dhammadownload.com



လျှင် သပိတ်ထဲ၌ ဆွမ်းတလုတ်စာမျှသာ ကျန်ရှိတော့၍ အလွန် သနားတော်မူလျက် ရှိလေ၏။

ကျန်ရှိသော ဆွမ်းတလုတ်ကိုပင်ယူ၍ သူအိုလက်ထဲသို့ လှမ်း၍ ထည့်ပေးလိုက်ရာ သူအိုကြီးမှာ ဆာလောင်မွတ်သိပ်လှစွာ ကတုန်ကယင်ဖြင့် ထမင်းလုတ်ကို ကိုင်ယင်း မှိုင်တွေချလျက် ရုတ်တရက် မစားနိုင်ပဲ ငိုင်၍နေရှာ၏။

'ဩော်.... ငါကား ဖြစ်မှုဖြစ်ရလေ၊ နတ်ဖြစ်ပါလျက် အစာရေစာမဝ၊ အရှင်မြတ်ဆီကတောင် တောင်း၍ စားနေမိချေပြီ။ ရှေးအခါက သူတော်သူမြတ်များနဲ့ ယုတ်စွာ့အဆုံး ဆင်းရဲငတ်မွတ်သူ၊ ခွေး ငှက် တိရစ္ဆာန် များကိုသော်မျှ အစာရေစာ မပေးလှူခဲ့ဖူးချေသဖြင့် နတ်ဖြစ်ပါလျက်လဲ ငတ်မွတ်၍ နေရချေသည်တကား။'

နှံ့ပဲပင်စောင့်နတ်ကြီးသည် စိတ်မကောင်းဖြစ်ကာ ထိုထမင်းတလုတ်ကိုပင် စားရန်မျှိမကျအောင် နောင်တဖြစ်ရရှာလေ၏။ ထမင်းစားလိုသော အာသာကို မျှိသိပ်လျက်—

"အရှင်ဘုရား....၊ သည်းခံတော်မူပါ၊ တပည့်တော်အား ချီးမြှောက်ကယ်မသောအားဖြင့် ဆွမ်းတလုတ်ကို အလှူခံယူတော်မူပါ။ အရှင်မြတ်အား ပြန်၍ လှူပါသည်။ ဤကုသိုလ်အတွက် ယခုဘဝမှာရှိပါစေတော့၊ တမလွန်ဘဝအတွက် ချီးမြှောက်တော်မူပါဘုရား။"

ပြောပြောဆိုဆို အရှင်မြတ်သပိတ်ထဲသို့ ပြန်၍လောင်းလှူလိုက်၏။ သပိတ်ထဲသို့ ထမင်းလုတ် ကျသွားသည်နှင့်တပြိုင်နက် နတ်သုဓာ ခဲဖွယ် ဘောဇဉ်များ ရုတ်တရက် ရှစ်ပွဲပင် ဖြစ်ပေါ်လာလေတော့သည်။

အရှင်မြတ်လည်း နတ်လှူသောဆွမ်းတလုတ်ကိုဘုဉ်းပေး၍ ကျောင်းတော်သို့ ကြွတော်မူလေ၏။

နှံ့ပဲပင်စောင့်နတ်မင်းကြီးသည် အရှင်မြတ် ဆွမ်းတလုတ် ဘုဉ်းပေးပြီး၍ ကြွသွားတော်မူသည်ကို ကြည်ညိုနေပြီးနောက် မိမိဗိမာန်၌ ကြည့်လိုက်ရာ နတ်သုဓာရှစ်ပွဲကို တွေ့မြင်ရသဖြင့် ဝမ်းသာမဆုံး ရှိရလေတော့၏။

'ကုသိုလ်ကောင်းမှုတို့၏ စိုက်ပျိုးရာ လယ်တာ မြေကောင်းသဖွယ် ဖြစ်သော သီလဝန္တသံဃာတော်အရှင်မြတ်တို့၏ကျေးဇူးကား ကြီးမြတ်လှပါပေစွ။ ငါ့အား ဤအရှင်မြတ်နှင့် တွေ့ကြုံသည်မှာ အရတော်ပေစွ' စသည်ဖြင့် သံဃာတော်၏ ကျေးဇူးဂုဏ်များကို မဆုံးနိုင်အောင် တအောက်မေ့မေ့ ဆင်ခြင်ဝမ်းသာလျက် ရှေးအခါက မလှူ-မဒါန်းခဲ့မိသည်ကို နောင်တဖြစ်လျက်နေလေ၏။

ထိုအခါမှစ၍ ဆွမ်းတလုတ်ဒါနကြောင့် သုံးစား ပေးလှူ၍ မကုန်သော နတ်သုဓာရှစ်ပွဲဖြင့် အသက်ထက်ဆုံး ပေးလှူ၍ ရတနာသုံးပါး ကျေးဇူးဂုဏ်ကို အာရုံပြု ကြည်ညို၍ နေလေတော့သတည်း။

http://www.dhammadownload.com



(မစုရ ရသဝါဟိနီ၌ သံဃာတော်၏ကျေးဇူးစကားများ များစွာလာ၏။ သဟာသဝတ္ထု ၇၉-၌ 'ရှုဝကဝိဠ်ဂါမဝတ္ထု'ဟု လာရှိသောဝတ္ထုမှာ ယခုပြဆိုခဲ့သည်နှင့် မတူချေ။ မစုရ ၄၇-၌လာသော 'ဇာယမ္ပတိကဝတ္ထု'သာ ဖြစ်သည်။ ဤဝတ္ထုကား မစုရ ၄၇-၌ 'ရက္ခဒေဝတာ ဝတ္ထု'အမည်ဖြင့် လာသည်။)

## ဆင်ရိုင်းကြီးဝမ်းဗိုက်အောက်မှ အရဟတ္တဖိုလ်ရသော

# တိဿ မဟာနာဂ ထေရ်

[၅၇—မစုရ ရသဝါဟိနီ၊ ၉၁-သဟာသဝတ္ထု]

သီဟိုဠ်ကျွန်း ရောဟဏနယ်၌ ကုဋ္ဌမ္ဗိယ ကျောင်းတိုက်ကြီး ရှိ၏။ ထိုကျောင်းတိုက်၌ တိဿမဟာနာဂ မထေရ်သည် သံဃာတော်များအား ပရိယတ်စာပေပို့ချသင်ကြားလျက် ကျောင်းတိုက်ကြီး၏ အကြီးအမှူးအဖြစ် သီတင်းသုံးတော်မူ၏။

ထိုကျောင်းတိုက်နှင့် အတန်ဝေးကွာသော တောင်ခြေတခု၌ အမရလိုဏ်ဂူတခုရှိရာ ထိုလိုဏ်ဂူ၌ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်တော်မူသော တိဿမည်သော မထေရ်မြတ်ကြီးတပါး သီတင်းသုံးတော်မူလျက်ရှိသည်။ တိဿမဟာနာဂမထေရ်သည် တနေ့သောအခါ အမရလိုဏ်ဂူ၌ သီတင်းသုံးတော်မူသော တိဿမထေရ်ကြီးထံ သွားရောက်ဖူးမြော်ရာ မထေရ်ကြီးက ပဋိသန္ဓာရစကား ပြောကြားပြီးနောက် တရားနှင့်စပ်သောစကားများကို ဟောကြားဆုံးမတော်မူသည်။

### သီလရှိမှ၊ ဘေးရန်ပ၊ လိုတ—ရစမြဲ

"ငါ့ရှင် နာဂ....၊ ပုထုဇဉ်တို့ရဲ့ ဂတိဆိုတာ မမြဲဘူး။ သဒ္ဓါသဖြင့် ရဟန်းပြုသော ရဟန်းဆိုတာ ပရိယတ္တိ သာသနာဝန်ကိုထမ်းဆောင်၍ စာပေသင်ကြားပို့ချကာမျှနှင့် ပုထုဇဉ်သေခြင်းသေရမည်ဆိုယင် မသင့်တော်လှပေဘူး။ ရဟန်းတို့မည်သည်မှာ-

၁။ ဝိနည်းပရိယတ်မှာ လာတဲ့အတိုင်း ပါတိမောက္ခ သံဝရသီလခေါ်တဲ့ ပါဠိမောက်မှာလာတဲ့ သိက္ခာပုဒ်များကို လုံခြုံအောင် စောင့်ထိန်းပြီး အပြစ်ကင်းအောင် နေနိုင်ဖို့ ပထမဆုံး လိုအပ်ပေတယ်။

အာစာရ သမ္ပန္နလို့ဆိုတဲ့ စေတီယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ်၊ ဆရာသမားဝတ် စတဲ့ကျင့်ဝတ်များကိုလဲ မလစ်ဟင်းစေရဘူး။

http://www.dhammadownload.com



၂။ ဣန္ဒြိယသံဝရသီလခေါ်တဲ့ မျက်စိ, နား, နှာ စသည်မှ ဖြစ်ပေါ်တတ်တဲ့ အာရုံခြောက်ပါးကိုလဲ သတိနဲ့သိမ်းဆည်းရလိမ့်ဦးမယ်။

၃။ အာဇီဝပါရိသုဒ္ဓိ သီလခေါ်တဲ့ ရဟန်းတို့နှင့် မအပ်စပ်တဲ့ လာဘ်ရှာခြင်း၊ အသက်မွေးခြင်း၊ လူဒကာ,ဒကာမတို့ရဲ့ သဒ္ဒါတရားကို ဖျက်ဆီးရာကျတဲ့ ကုလဒူသန, အနေသန အလုပ် (၂၁-မျိုး)မှ ရှောင်ကြဉ်ပြီးသကာလ

၄။ ပစ္စယသန္နိဿိတ သီလခေါ်တဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို သုံးစွဲတိုင်းပစ္စဝေက္ခဏာဘာဝင်ဆင်ခြင်ပြီး သုံးစွဲကြရပေတယ်။

"ဒီသီလတွေနှင့် ပြည့်စုံပြီလားဆိုမှဖြင့် သီလဝိသုဒ္ဓိဖြစ်နေလို့ မဂ်ဖိုလ်နိဗ္ဗာန်ဟာ လွယ်ကူစွာရဖို့ အကြောင်းရင်းကြီး လိုလောက်သွားပြီ။

"သီလပြည့်စုံနေလျှင် လောကမှာ လူနတ်ချမ်းသာ အလိုရှိရာ ပြည့်စုံပြီး နိဗ္ဗာန်ချမ်းသာကြီးကို အလွယ်တကူ ရနိုင်တော့တယ်။

၁။ သီလဝန္တံ န ဗာဓေန္တိ၊ အာသဝါ ဒိဋ္ဌဓမ္မိကာ။
သမ္ပရာယိကာ ဒုက္ခာနံ၊ မူလံ ခဏတိ သီလဝါ။

၂။ ယာ မနုဿေသု သမ္ပတ္တိ၊ ယာစ ဒေဝေသု သမ္ပဒါ။
န သာ သမ္ပန္နသီလဿ၊ ဣစ္ဆိတော ဟောတိ ဒုလ္လဘာ။

"ပစ္စုပ္ပန်မှာရော သံသရာမှာရော တွေ့ရကြုံရတဲ့ဘေးရန်အန္တရာယ်တွေဆိုတာလဲ အကြောင်းခံက ကိလေသာအာသဝေါ တရားတွေကြောင့် ဖြစ်ပေါ်လာကြရတာပဲ။ သီလစောင့်စည်းတဲ့, လုံခြုံတဲ့ ပုဂ္ဂိုလ်များမှာ ဒီကိလေသာတွေကိုပယ်သတ်နေတဲ့ ပုဂ္ဂိုလ်များဖြစ်လို့ အကြောင်းရင်းချုပ်ငြိမ်းပြီး ဘယ်ဘေးရန် အန္တရာယ်မှ ဖြစ်ပေါ်နှောင့်ယှက်ခြင်း မရှိတော့ဘူး။

"သီလပြည့်စုံလျှင် လူနတ်နိဗ္ဗာန် ချမ်းသာတွေဟာ မရနိုင်တာရယ်လို့ မရှိတော့ဘူး ငါ့ရှင်–

"ဒါ့ကြောင့် ဒီရဟန်းသီလပေါ်မှာ ရပ်တည်ပြီးသကာလ ဘုရားအရိယာအရှင်မြတ်တိုင်းကြွတော်မူရာ တခုတည်းသော လမ်းကြောင်းဖြစ်တဲ့ သတိပဋ္ဌာန်တရားကို ကြိုးစားရှုမှတ်ဖို့ သင့်ပြီ။ စာသင်စာချ သံဃပရိသတ်ကို ထိန်းသိမ်းပြီး ပရိယတ္တိသာသနာ့ဝန်ကိုလဲ ကြာမြင့်စွာ ထမ်းဆောင်ခဲ့ပြီပဲ။ ကိုယ်ကျိုးကိုယ်စီးပွားကို ကြိုးစားအားထုတ်ဖို့ အချိန်တန်ပြီ။"

http://www.dhammadownload.com



## ဆင်ရိုင်းကြီးအောက်ဝင်၍ မိုးခိုရာမှ

တိဿမဟာနာဂ မထေရ်သည် တိဿမထေရ်ကြီးထံမှ တရားကို ရိုသေစွာ နာယူမှတ်သား၍ ကျောင်းသို့ ပြန်ကြွခဲ့လေ၏။ အပြန်လမ်းတလျှောက်လုံးတောကြီး အတွင်း၌ မေတ္တာဘာဝနာများ ပွားပို့ကာ အထူးသဖြင့် သတိပဋ္ဌာန်တရားရှုမှတ် ခြင်းဖြင့် တလှမ်းချင်းပြန်ကြွအလာ လမ်းခရီးအကြား၌ မုန်ယစ်သော တောဆင် ရိုင်းကြီးတကောင်နှင့် ရုတ်တရက် ရင်ဆိုင်တိုးမိလေ၏။

လမ်းခရီးမှာ ကျဉ်းကျပ်လှသဖြင့် တိမ်းရှောင်သွား၍လည်း မရသာ ရှိလေ၏။ ပထမတွင် ဆင်ရိုင်းကြီးမှာ မာန်စောင်၍ ကြည့်နေရာ မထေရ်၏ မေတ္တာ ကြောင့် မကြာမသာင် မုန်ယစ်ပြေသွား၏။ ထိုအခိုက် ရုတ်တရက် အရပ်လေးမျက် နှာ၌ မိုးတိမ်များ အုံ့ဆိုင်းမှိုင်းမှုန်လာကာ မိုးကြိုးများ ထစ်ချုန်းလျက် မိုးကြီး သည်းထန်စွာ ရွာသွန်းချလေတော့သည်။

ဆင်ကြီးမှာ လမ်းကျဉ်းကလေး၌ ပိတ်ဆို့ကာဆီးနေမြဲ နေလျက် ရှိရာ မထေရ်လည်း ကြံရာမရ ထိုဆင်ရိုင်းကြီးအနီးသို့သွားကာ ဆင်ရိုင်းကြီး၏ဝမ်းဗိုက် အောက်၌ မိုးခိုတော်မူရလေသည်။ ဆင်ရိုင်းကြီးလည်း မလှုပ်မယှက် ငြိမ်သက် စွာ မိုးအန္တရာယ်ကို ကာကွယ်၍ပေးနေ၏။ မိုးသည်ပို၍ပင် သည်းထန်စွာ ရွာသွန်း နေသဖြင့် မထေရ်သည် သတိပဋ္ဌာန်တရားကိုသာ အားစိုက်ခွန်စိုက် စိတ်လိုက် မာန်ပါ ရှုပွားနေ၏။

## ပန်းမိုးရွာ၍ နံ့သာလွှမ်းထုံခြင်း

တိဿမဟာနာဂထေရ်သည် ရဟန်းသီလနှင့် ပရိယတ္တိ အသိဉာဏ်များ ပြည့်စုံထားပြီးသူ ဖြစ်တော်မူသည့် အတိုင်း မကြာမြင့်မီပင် သောတာပတ္တိ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူ၏။

ထိုအခိုက် ပတ်ဝန်းကျင် တောတောင်တခွင်လုံး အုန်းအုန်းကျွက်ကျွက် သွက်သွက်ခါ မြေဝယာရှေ့နောက်လှုပ်ခြောက်မြည်ဟည်းပဲ့တင်ထိ၍မြေလျှောင်ကြီး လှုပ်လေ၏။ မိုးလည်း သည်းစွာရွာသွန်းမြဲရွာသွန်းနေသဖြင့် မထေရ်သည် သတိ ပဋ္ဌာန်တရားကိုသာ ဆက်၍ပေါက်မြောက်အောင် ရှုမှတ်မြဲ ရှုမှတ်တော်မူနေ၏။ ဆင်ရိုင်းကြီးလည်း မလှုပ်မယှက် မိုးဒဏ်ကိုအကာအကွယ်ပေးလျက် ငြိမ်သက်စွာ ရပ်မြဲရပ်နေလေသည်။

http://www.dhammadownload.com



တဖြည်းဖြည်း မိုးသည် စဲ၍စဲ၍ လာ၏။ မိုးစဲသွားသည်နှင့် တပြိုင်နက် တောတောင်သစ်ပင် ပတ်ဝန်းကျင်တခုလုံး အုတ်အုတ်ကျက်ကျက်တခဲနက် လျှောင်ကြီးလှုပ်လာပြန်၏။ လျှောင်ကြီးနှင့်အတူ ကောင်းကင်တခိုမှ ပန်းမျိုးစုံဖြန့်ကြဲသွန်းဖြိုးကာ ပန်းမိုးကြီးရွာချပြန်လေသည်။ တောတောင်ရှိ နတ်များအားလုံး ဝမ်းမြောက်ဝမ်းသာ ကောင်းချီးသာဓုခေါ်ကြကုန်၏။

ပန်းမိုးကြီးရွာသွန်းပြီး မကြာမီ မြေ၌နေကြသော နဂါးတို့သည် တိဿမဟာနာဂ ရဟန္တာ အရှင်မြတ်ကြီးအား၊ အမွှေးနံ့ အခိုးနံ့များ တတောလုံး ပျံ့အောင် ထုတ်လွှတ်ကာ ပူဇော်ကြပြန်လေသည်။

## အနှစ်သုံးဆယ် လုပ်ကျွေးသော ဆင်ကြီးသေလျှင်

တိဿမဟာနာဂ မထေရ်သည် ဆင်ရိုင်းကြီးအောက်၌ပင် မိုးခိုယင်း ရဟန္တာဖြစ်တော်မူပြီးနောက် ဆင်ကြီးနှင့်တကွ တောစောင့်နတ်၊ တောင်စောင့်နတ်များအား တရားဦး ဟောတော်မူ၏။ တရားဟောပြီးလျှင် ပိယောလက ကျောင်းသို့ ကြွတော်မူရာ ဆင်ကြီးလည်း မထေရ်၏နောက်က ထက်ကြပ်မကွာ လိုက်ပါသွားလေ၏။

မထေရ်သည် ပိယောလကကျောင်း၌ အနှစ်သုံးဆယ်လုံးလုံး သီတင်းသုံးတော်မူရာ ဆင်ကြီးသည်လည်း အနှစ်သုံးဆယ်လုံးလုံးပင် မထေရ်၏ ဝတ်ကြီးဝတ်ငယ်များကို ပြုစုလုပ်ကျွေးလျက် နေလေ၏။

မထေရ်ကြီး ပရိနိဗ္ဗာန်ပြုလျှင် လူတို့သည် အလောင်းတော်ကို ရထားပြာသာဒ်ဖြင့် တင်လှူပူဇော်၍ ကုဋုမ္ဗိယကျောင်းသို့ ပြောင်းရွှေ့ ယူဆောင်ကာ ခုနစ်ရက်ပတ်လုံး သာဓုကီဠနသဘင် ဆင်ယင် ပူဇော်ကြလေသည်။

ဆင်ကြီးလည်း အလောင်းတင်ရထား ပြာသာဒ်နောက်မှ ထက်ကြပ်မကွာ လူအုပ်ကြီးနှင့်အတူ ရောပါလျက် ကုဋုမ္ဗိယကျောင်းသို့လိုက်ကာ ပန်းပွင့်များကို ချီးယူပူဇော်ရာ ဈာပနပွဲကြီးပြီးလျှင် ပိယောလကကျောင်းသို့ပင် ပြန်ကာ သေလွန်ရာ တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်လေသတည်း။

**သီဟိုဠ်ခေတ် စံတော်ဝင် အရိယာများ**

**ဤတွင်ရွှေ့ ပြီးပြည့်စုံပြီ။**

**နိဗ္ဗာနပစ္စယော ဟောတု**

**ဒွေးလှိုင်**

**၁၃၄၁-ခုနှစ်၊ ဝါဆိုလပြည့် ဓမ္မစကြာနေ့။**

http://www.dhammadownload.com




## နောက်ဆက်တွဲ မှတ်သားဖွယ်များ

က။ တမျှတ်ရဟန်းတော် ဖာဟီယန်ကိုယ်တွေ့ ကျွန်းသီဟိုဠ်, ရဟန္တာ ဈာပနနှင့် ပုဂ္ဂိုလ်ထူးများ။ (သာသနာ-၉၁၄ · ၉၅၆။)

ခ။ သီဟိုဠ်ကျွန်းသို့ သာသနာ သက်ဆင်းပုံနှင့် ထေရဝါဒအတွင်းသို့ သွင်းလာသော ဝါဒဆန်းများ ရှင်းရခြင်း။

ဂ။ သီရိလင်္ကာ သီဟိုဠ်ကျွန်း ထင်ရှားသော မြို့ရွာဒေသ ကျောင်းကန်စေတီများ ခရီးစဉ် သမိုင်းအချုပ်။

http://www.dhammadownload.com



## နောက်ဆက်တွဲ (က)

## တရုတ်ရဟန်းတော် ဖာဟီယန်ကိုယ်တွေ့

# ကျွန်းသီဟိုဠ်၌ ရဟန္တာချာပနနှင့် ပုဂ္ဂိုလ်ထူးများ

## ခြေတော်ရာစေတီနှင့် အဘယဂိရိ ကျောင်းတိုက်ကြီး

မြို့တော်မြောက်ဘက်ရှိ ခြေတော်ရာပေါ်၌ ရွှေ၊ ငွေ ရတနာတို့နှင့်တကွ အဘိုးအနဂ္ဃ ထိုက်တန်လှသော ရတနာအမျိုးမျိုးတို့ဖြင့် စုပေါင်းခြယ်လှယ် တင့်တယ်စွာ စီရင်၍ တန်ဆာဆင်အပ်သော အမြင့်ဉာဏ်တော် ပေ(၄၀၀) မြင့်မားသော စေတီတော်ကြီးတဆူကို တည်ထား ကိုးကွယ်ကြလေသည်။

ၚင်းစေတီတော်ကြီး၏ နံဘေး၌ 'အဘယဂိရိ' အမည်ရှိသော ကျောင်းတိုက်ကြီးတတိုက်ကိုလည်း ဆောက်လုပ် လှူဒါန်းကြ၍ ယခုအခါ ၎င်းကျောင်းတိုက်ကြီး၌ ရဟန်းတော်ပေါင်း (၅၀၀၀) သိတင်းသုံး နေထိုင်လျက် ရှိလေသည်။

## ကျောက်စိမ်း ရုပ်တုတော်

ရွှေ၊ ငွေ အစရှိသော အဖိုးတန် ရတနာအမျိုးမျိုးတို့ဖြင့် ဆန်းကြယ်လှစွာ ပြုပြင်စီမံ၍ထားသော ဘုရားခန်းကြီးတခုရှိ၍ ၎င်းဘုရားခန်းကြီး၌ အမြင့်ဉာဏ်တော်ပေ (၂၀) ကျော်ရှိသော ကျောက်စိမ်းဆင်းတု ရုပ်ပွားတော်တဆူ ရှိလေသည်။

၎င်းရုပ်ပွားတော်နှင့်တကွ ဘုရားခန်းကြီးသည် ရတနာ ၇-ပါး အရောင်တို့ဖြင့် တပြောင်ပြောင် တောက်လျှမ်းလျက် ဖူးမြင်သူတို့၏ သဒ္ဓါပန်းကို ပွင့်လန်းတိုးတက် ထက်မြက်စေပြီးလျှင် ရုပ်ပွားဆင်းတု၏ မျက်နှာတော်သည် ကြည်ညိုဖွယ်ရာ မင်္ဂလာကျက်သရေ အထွေထွေတို့နှင့်တကွ မည်ရွှေမည်မျှ သပ္ပါယ်တော်မူလှသည်ဟု နှုတ်ဝစီဖြင့် အလီလီ ပြောငြားသော်လည်း မဖောပန်းရုံသာ၊ ကုန်နိုင်ဖွယ်မရှိချေ။ ရုပ်ပွားတော်၏ ညာလက်ဝါးပြင်ပေါ်တွင် အဖိုးအနဂ္ဃ ထိုက်တန်သော ပုလဲတလုံး ရှိလေသည်။

http://www.dhammadownload.com



## မဟာဗောဓိပင်

၆ရှေးအခါ သမယက ဤသီဟိုဠ်ကျွန်းကြီးအရှင် ဘုရင်တပါးသည် ဗုဒ္ဓရှင်တော်ဘုရား ပွင့်တော်မူသော မဟာဗောဓိပင်၏ မျိုးစေ့ကို ရယူရန် သံတမန်တဦးကို စေလွှတ်၍ ဆောင်ယူခဲ့ပြီးလျှင် ဘုရားကျောင်းကြီး၏ နံဘေး၌ စိုက်ပျိုးသောအခါ ပေ(၂၀၀)အမြင့်ရှိသော ဗောဓိပင် ပေါက်လာလေသည်။

ဗောဓိပင်သည် အရှေ့တောင်ဘက်သို့ ကိုင်းညွတ် ယိမ်းယိုင်လာသောအခါ ဘုရင်မင်းမြတ်သည် လဲကျလိမ့်မည်ဟု စိုးရိမ်းတော် မူသောကြောင့် ထိပ်ဝ အကျယ် ရှစ်ထွာ့ကိုးထွာမျှရှိသော သစ်သားကောက်တို့ဖြင့် ၎င်ဗောဓိပင်ကို ကောက်ကန်ကူညီ၍ ထားလေသည်။

ဗောဓိပင်သည် ဒေါက်ထောက်ကန်၍ ထားသောနေရာမှ အမြစ်ထွက်၍ ဒေါက်ကိုထွင်းဖောက်လျက် မူလရှိရင်းဒေါက်ကို ၄-ထွာခန့် ကြီးထွားလာစေပြီးလျှင် မြေကြီးသို့ဆင်းသက်၍ အမြစ်တွယ်လေသည်။ ဒေါက်-တလျှောက်လုံး ကွဲအက်၍ နေငြားသော်လည်း ဗောဓိအမြစ်တို့ဖြင့် ဝန်းရံလျက်ရှိနေသောကြောင့် ထုတ်ပစ်ခြင်းကို မပြုချေ။ ဗောဓိပင်ခြေရင်း၌ တန်ဆောင်းတော်ကြီးတခု ဆောက်လုပ်၍ ၎င်း တန်ဆောင်းတော်ကြီးအတွင်း၌ တင်ပျဉ်ခွေ တည်ထားတော်မူသော ရုပ်ပွားဆင်းတုတော်ကို တိုင်းသားသူပြည် ရဟန်းရှင်လူတို့သည် အစဉ်မပြတ် သွားရောက်၍ ဆည်းကပ်ဖူးမြော် ပူဇော်ကြလေသည်။

## မြတ်စွယ်တော်

ဤကျွန်း၌ ဗုဒ္ဓရှင်တော်ဘုရား သွားတော် (စွယ်တော်) ကိန်းဝပ်တော်မူသော အဆောက်အအုံကြီးတခုကိုလည်း ဆောက်လုပ်ထားကြလေသည်။

အထက်ပါ အဆောက်အအုံနှစ်ခုတို့သည် ရတနာ ခုနစ်ပါးတို့၏ အရောင်အဝါတို့ဖြင့် တပြောင်ပြောင် တောက်ပလျက် ကြီးကျယ် ခမ်းနားလှပါပေ၏။

## ဥပုသ်နေ့တိုင်း လမ်းပေါ်က တရားပွဲများ

ဘုရင်မင်းမြတ်သည် ဗြဟ္မဝိဟာရ တရား ၄-ပါးတို့ကိုသချ်ာစွာလိုက်နာ စောင့်ရှောက်လျက် တိုင်းပြည်အတွင်း၌ မှီတင်းနေထိုင်ကြကုန်သော တိုင်းသားပြည်သူ များဗိုလ်လူတို့ကိုလည်း ရတနာသုံးရပ်တရားမြတ်၌ ဆည်းကပ်မှီခိုကြည်ညိုလိုက်ပါစေရန် အစဉ်မပြတ် တိုက်တွန်းတော်မူလေသည်။

http://www.dhammadownload.com



ဤသီဟိုဠ်ကျွန်းကြီးသည် ယဉ်ကျေးလိမ္မာ ဆယ်ဖြာသော ရာဇဓမ္မတို့နှင့် ပြည့်ဝစုံလင်သော မင်းကောင်း,မင်းမြတ်များ စိုးမိုး အုပ်ချုပ်တော်မူသည့်အခါ ကာလကစ၍ ငတ်မွတ်ခေါင်းပါးခြင်းတည်းဟူသော ဒုဗ္ဘိက္ခန္တရဘေး, တိုက်ခိုက်လုယူ ရန်မူသတ်ဖြတ်ခြင်းတည်းဟူသော သတ္ထန္တရဘေးတို့မှ လွတ်ငြိမ်းချမ်းသာကြလေသည်။

ရဟန်းတော်များနှင့်သာဆိုင်သော ဘဏ္ဍာတော်တိုက် အတွင်း၌လည်း ရတနာအဖိုးတန် ကျောက်သံပတ္တမြားနှင့်တကွ အဖိုးမဖြတ်နိုင်သော ပုလဲရတနာပေါင်းများစွာ ရှိလေသည်။

ဤကျွန်းကြီး၌ ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည်သူ ဂုဏ်အသရေရှိ လူကြီးလူကောင်းများစွာရှိ၍ ကုန်သည်ကြီးတို့၏ အမြဲနေထိုင်ရာ အိမ်ဂေဟာတို့သည်လည်း အလွန်ပင်ကြီးကျယ်ခမ်းနား များပြားလျက် လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့ကိုလည်း ညီညွတ်ပြေပြစ် ကျစ်လျစ်ကောင်းမွန်စွာပြုပြင်ထားကြလေသည်။

လစဉ်မပြတ် လဆန်းရှစ်ရက်,လဆုတ်ရှစ်ရက်, လပြည့်နေ့, လကွယ်နေ့တို့၌ တရားပွဲကျင်းပရန်အလို့ငှာ လမ်းဆုံလမ်းဝ လမ်းလေးခွတို့၌ တရားဟောမဏ္ဍပ်များကို ဆောက်လုပ်ထား၍ အရပ်လေးမျက်နှာမှ ရဟန်းရှင်လူ များဗိုလ်လူတို့သည် တရားတော်များကို ကြားနာမှတ်သားရန် စုရုံးလာရောက်ကြလေသည်။

သီဟိုဠ်ကျွန်းကြီး၌ သီတင်းသုံးနေထိုင်တော်မူကြကုန်သော ရဟန်းတော်တို့သည် (၅၀၀၀)ကျော်(၆၀၀၀)ခန့်ရှိသည့်ဟု ကျွန်းသူကျွန်းသားတို့ ပြောဆိုကြလေသည်။ ထိုရဟန်းတော် တို့သည် တိုင်းသူ ပြည်သား လူအများတို့ထံ 'ပိဏ္ဍစာရိက' အကျင့် ဆွမ်းခံခြင်းဖြင့် 'ဘောဇန သပ္ပာယ' မျှတတော်မူကြလေလည်း။

ဘုရင်မင်းမြတ်သည် မိမိတိုင်းပြည်အတွင်း၌(၅၀၀၀)·(၆၀၀)ကျော်ခန့်မျှရှိသော ဆင်းရဲသား သူတောင်းစားတို့အား သီးသန့်ခြားနား၍ နေရာချပေးထားပြီးလျှင် အစာအာဟာရ လိုချင်သော သူတောင်းစားတို့သည် မိမိတို့ခွက်များဖြင့် သွားရောက်တောင်းခံကြသောအခါ အစွမ်းရှိသလောက် မြောက်မြားစွာ ရရှိကြလေသည်။

## စွယ်တော်လှည့်ပွဲကြီး

မြတ်စွာဘုရား၏စွယ်တော်ကို နယုန်လပြည့်နေ့၌ အစဉ်မပြတ် ပင့်ဆောင်ပူဇော်ကြလေသည်။ ဘုရင်မင်းမြတ်သည် စွယ်တော်မြတ်ကို မပင့်ဆောင်မီ ဆယ်ရက်ကကြိုတင်၍ မင်္ဂလာဆင်တော်ကြီးတစီးကို ကြီးကျယ်ခမ်းနားစွာကကြိုးတန်ဆာဆင်ပြီးလျှင် အသံသြဇာကောင်းစွာပြည့်စုံသောယောကျ်ားတယောက်ကို

http://www.dhammadownload.com



မင်းဝတ်တန်ဆာများဖြင့် ဝတ်စားဆင်ယင်စေလျက် မင်္ဂလာဆင်ကြီးပေါ်တွင် စီးစေပြီးသောအခါ စည်တော်များကိုရွှမ်း၍ အသံကျယ်လှစွာ (တမြို့လုံးပူဇော်ကြရန်) ကြွေးကြော်စေလေသည်။ (စွယ်တော်လှည့်ပွဲကို အဘယဂိရိကျောင်းက ဦးစီးလုပ်ပုံ အကျယ်ရေးထားသည်။)

## ဘဒ္ဒရိက ကျောင်းတိုက်နှင့် အရှင်ဓမ္မဂုတ္တထေရ်၏အံ့ဖွယ်

အဘယဂိရိကျောင်းတိုက်မှ အရှေ့ဘက်လိပေါင်း ၄၀-အကွာအဝေးတွင် ရဟန်းတော်ပေါင်း (၂၀၀၀)မျှသီတင်းသုံး နေထိုင်တော်မူကြသော 'ဘဒ္ဒရိက' ခေါ်ကျောင်းတိုက်ကြီးနှင့်'မဟီတလေ'ခေါ်သောဗုဒ္ဓဘာသာနှင့် စပ်လျဉ်းသည့် တောင်တခု ရှိလေသည်။

ဘဒ္ဒရိက ကျောင်းတိုက်၌ သီတင်းသုံးတော် မူကြသော ရဟန်းတော် အပေါင်းတို့တွင် 'အရှင်ဓမ္မဂုတ္တ' မထေရ်မြတ်ကို တိုင်းသူပြည်သား လူအများ တို့သည် အထူးအားဖြင့် မြတ်နိုးကော်ရော် ဖူးမြော်ကြည်ညို သဒ္ဓါပိုကြလေ သည်။ ထိုမထေရ်မြတ်သည် နှစ်ပေါင်း လေးဆယ်ကျော်တိုင်တိုင် ကျောက်ဂူ အတွင်း၌ သီတင်းသုံးနေထိုင်တော်မူ၍—

မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများတော် မူလေသည်။ အရှင်ဓမ္မဂုတ္တ မထေရ်မြတ်၏ တန်ခိုးရှိန်စော် မေတ္တာတော်သည် အဟိတ်တိရစ္ဆာန် ဖြစ်သော ကမ္ဘာ့ရန်သူ'မြွေနှင့်ဖား'သည်ပင်လျှင် တဦးနှင့်တဦး နှိပ်စက်ညှဉ်းပန်းခြင်း မရှိကြပဲ တွင်းတခုထဲ၌ အတူတကွ ဆက်ဆံပေါင်းသင်း ညီညွတ်စွာ မှီတင်းနေထိုင် ခြင်းကို ဖြစ်စေနိုင်လောက်အောင် ထက်မြက်သော အာနုဘော် ရှိလေသည်။

## မဟာဝိဟာရ ကျောင်းတိုက်ကြီး

မြို့တော်၏တောင်ဘက် ခုနစ်-လီအကွာတွင် 'မဟာဝိဟာရ'ကျောင်းတိုက် ကြီးတည်ရှိ၍ ရဟန်းတော်ပေါင်း(၃၀၀၀)အမြဲသီတင်းသုံးတော် မူလေသည်။

ထိုရဟန်းတော်များအနက် ရဟန်းတော်တပါးသည် ဗုဒ္ဓရှင်တော်ဘုရား၏ အာဏာဒေသနာ စောင့်ထိန်းအပ်သောဝိနည်း သိက္ခာပုဒ်တော်များကို မကျိုး မပေါက် မပြောက်မကျား ထိန်းသိမ်းစောင့်ရှောက်တော်မူ၍ မထေရ်မြတ်၏ အကျင့်သီလတော်မြတ်သည် ဝါဂွမ်းပုံပမာဏ ဖြူဖွေး စင်ကြယ်လှသောကြောင့် အာသဝေါခန်းခြောက် သံသရာမှထွက်မြောက်ပြီးသောရဟန္တာ အရှင်မြတ် ဖြစ် လိမ့်မည်ဟု ဖူးမြင်ရသူ အားလုံးတို့၏ စိတ်နှလုံး၌ ယူကျုံးမှတ်သား ဖြစ်ပွား လောက်အောင် ကြည်ညိုဖွယ်ကို ဆောင်တော်မူလေသည်။

http://www.dhammadownload.com



မထေရ်မြတ်သည် ခန္ဓာချုပ်စဲ မရဏပွဲသို့ ဝင်တော်မူခါနီးလေလျှင် အာသဝေါကုန်ခန်း 'ရဟန္တာ' ဟုတ်-မဟုတ်ကို သေချာစွာ မေးလျှောက်ထားရန် ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ကြွတော်မူ၍ ရဟန်းတော် များစွာတို့ကို ပင့်ဖိတ် စည်းဝေး စေပြီးသောအခါ "ဤရဟန်းတော်မြတ်သည် အာသဝေါ ကုန်ခန်း ရဟန္တာ ဖြစ်ပါပြီလော"ဟု မေးမြန်း လျှောက်ထားလေသည်။ ရဟန်းတော် တို့သည် အမြန်ချက်ချင်း မှန်ကန်သော စကားဖြင့် ထိုပုဂ္ဂိုလ်သည် ရဟန္တာ ဖြစ်သည် ဟု ပြန်ကြား ပြောဆို တော်မူကြလေသည်။

ထိုရဟန္တာ အရှင်မြတ် ခန္ဓာ ဇာတ်သိမ်း ပရိနိဗ္ဗာန်ဝင်စံပြီမ်းတော်မူသော အခါ ဘုရင်မင်းမြတ်သည် ဒေသနာတော်၌ လာရှိသော ထုံးနည်း ဥပဒေသ အတိုင်း ရဟန္တာ အရှင်မြတ်တို့နှင့်သာ သက်ဆိုင်သော သာမုကိဋ္ဌန ပူဇော်ပွဲကြီးကို ဝှဲချီးကျင်းပလျက် သင်္ဂြိုဟ်တော် မူလေသည်။

## ရဟန္တာအရှင်မြတ်၏ အလောင်းတော်ကို သင်္ဂြိုဟ်ခြင်း

မဟာဝိဟာရ ကျောင်းတိုက်ကြီးမှ အရှေ့ဘက် လေးလံ, ငါးလံ အကွာ တွင် စတုရန်း အကျယ်အဝန်းပေ-၃၀ ကျော်နှင့် အမြင့်ပေ -၃၀နီးနီးခန့်ရှိသော ထင်းပုံကြီးကို စုပုံစေပြီးလျှင် ကရမက်,နံ့သာစသော မွှေးကြိုင် သင်းပျံ့ ရနံ့ကောင်း ထင်းများကို အပေါ်၌ထား၍ လေးဘက် မျက်နှာတို့၌ လှေကားထစ်များကို ပြုလုပ်စေလေသည်။

ထင်းပုံကြီးကို အဖိုးထိုက်တန်သော ကသ္မီရတိုင်းဖြစ် ဖြူဖွေးသစ်လွင်သော အထည်အလိပ်တို့ဖြင့် မိုးကာ ဖြန့်ကြက် ပတ်လည် ပိုင်းလျက် ဖုံးအုပ်ထားပြီး အထက်၌ တရုပ် လူမျိုးတို့၏ အသုဘ ရထားနှင့် တူသော်လည်း နဂါးရုပ် မပါ သော လှည်းတခုကို ထားလေသည်။

သင်္ဂြိုဟ်တော်မူရန် အချိန်ကာလ ဈာပနပွဲကြီး ကျင်းပသော သမယ၌ ဘုရင်မင်းမြတ်သည် နောက်ပါ အခြွေအရံများစွာတို့နှင့် တကွ အရပ် လေးမျက် နှာမှ ရောက်လာကြကုန်သော တိုင်းသူ ပြည်သားတို့ကို ရုံးစုစေ၍ ပန်းနံ့သာ လက်စွဲကြလျက် သင်္ဂြိုဟ်တော်မူရန် နေရာသို့ ရောက်သည်တိုင်အောင် ရထား နောက်မှ ပူဇော်လိုက်ပါကြလေသည်။

ဘုရင်မင်းမြတ် ကိုယ်တော်တိုင်လည်း ပန်းနံ့သာလက်စွဲတော်မူလျက် လိုက် ပါပူဇော်ခြင်းကို ပြုတော်မူလေသည်။ ပူဇော်ကြပြီးသောအခါ အလောင်းတော် ရထားကို ထင်းပုံပေါ်သို့ တင်၍ ရေမွှေးနံ့သာဆီတို့ဖြင့် သွန်းလောင်း ဖျန်းပက် ပြီးလျှင် မီးရှို့ကြလေသည်။

http://www.dhammadownload.com



မီးတောက် မီးလျှံ ထနေစဉ် များစွာသော လူအပေါင်းတို့သည် ပရိနိဗ္ဗာန်ပြုသော အရှင်မြတ်ကို ကြည်ညို ရိုသေသော စိတ်သဘောဖြင့် မိမိတို့ ဝတ်ဆင်ထားသော ခန္ဓာကိုယ် အထက်ပိုင်းရှိ အဝတ်တန်ဆာများကို ချွတ်၍ ငှက်မွေး ယပ်တောင်, ထီးများနှင့် အတူတကွ မီးပုံထဲသို့ ပစ်ထည့် ပူဇော်ကြလေသည်။

မီးသင်္ဂြိုဟ်ပြီးသောအခါ ကြွင်းကျန်ရစ်သော အရိုးဓာတ်တော် များကို ဌပနာ ထည့်သွင်း၍ စေတီတော်တဆူကို တည်ထားကိုးကွယ်ကြလေသည်။

ရဟန်းတော် ဖာဟီယန်သည် ပရိနိဗ္ဗာန်ပြုတော်မူသော ထိုမထေရ်မြတ် သက်တော် ထင်ရှား ရှိတော်မူစဉ် အခါက မရောက်သေးသော်လည်း အဂ္ဂိစျာပန ပွဲကြီး ကျင်းပဆဲ အခါမှာ ရောက်ရှိလေသည်။

## သီဟိုဠ်ဘုရင် သာသနာတော်ကို အားပေးခြင်း

၎င်းပြည်ရှင် ဘုရင်မင်းမြတ်သည် ဗုဒ္ဓသာသနာကို လွန်စွာ ကြည်ညို မြတ်နိုးတော်မူသောကြောင့် ရဟန်းတော်များ သီတင်းသုံးတော်မူရန် အသစ် ဖြစ်သော ကျောင်းတိုက်ကြီးကို တည်ထောင် ဖန်ဆင်းရန် အလိုရှိတော်မူသည်ဖြစ်၍ ရဟန်းတော်ပေါင်း များစွာတို့ကို ပင့်ဖိတ်တော်မူပြီးလျှင် အစည်းအဝေးကြီးကို ပြုလုပ်လေသည်။ ထိုရဟန်းတော် အရှင်မြတ်တို့အား ဆွမ်းဘောဇဉ် အာဟာရ တို့ဖြင့် လုပ်ကျွေးပြီး၍ လှူဒါန်းဖွယ်ရာ ဒါနဝတ္ထုတို့ကို လှူဒါန်းပြီးသောအခါ ဘုရင်မင်းမြတ်သည် ရွှေ,ငွေ ဘဏ္ဍာ အဖိုးတန် ရတနာတို့ဖြင့် ကောင်းမွန်စွာ တန်ဆာဆင်၍ထားသော ဦးချိုပါရှိသည့် နွားထီးကြီးတရှဉ်းကို ရွေးချယ်တော်မူလျက် ရွှေဖြင့်ပြီးသော ထွန်တုံး, ထွန်သွားတို့ကို တပ်ဆင်စေပြီးလျှင် မိမိကိုယ်တော်တိုင် မြေကွက် တခုပေါ်တွင် လေးဘက် မျက်နှာလှည့်ပတ်၍ ထွန်ယက် သတ်မှတ်တော်မူလေသည်။

ဤကဲ့သို့ သတ်မှတ်ပြီးသော မြေကွက်နှင့်တကွ အားလုံး နေထိုင်သူ လူစုများ, လယ်ယာများ, အိမ်များကို သာသနာတော် ကြီးပွားရန် ရည်ရွယ်တော်မူ၍ ရဟန်းတော်တို့ အဆက်ဆက် မပျက် မကွက် သုံးစွဲနိုင်ရန်နှင့် နောင်တဖန် ပြန်လည် နုတ်သိမ်း ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်ရာသော အမိန့်တော် စာတမ်း တို့ကို ရေးသား ပြဋ္ဌာန်း အတည်ပြုလျက် သာသနာတော်၏ ဝတ္ထုကံမြေအဖြစ်ဖြင့် ရဟန်းတော်တို့အား လှူဒါန်း အပ်နှံတော်မူလေသည်။ သို့ဖြစ်သောကြောင့် ၎င်း ဝတ္ထုကံမြေရာကို မည်သူတဦး တယောက်မျှ ဖျက်ဆီး ရွှေ့ပြောင်းခြင်းငှာ မတတ် စွမ်းနိုင်ချေ။

http://www.dhammadownload.com



[‘ဖာဟီယန် မှတ်တမ်း’ စာအုပ်မှ ကောက်နုတ်ချက် ဖြစ်သည်။ ဖာဟီယန် ဂ္ဂလန္ဒိယမှ ကူးလာကာသီဟိုဠ်ကျွန်း အဘယဂိရိကျောင်း၌ နှစ်နှစ်(သာသနာ-၉၅၄-၉၅၆)နေထိုင်သွားသည်။]

## နောက်ဆက်တွဲ (ခ)

## [သီဟိုဠ်ကျွန်း သာသနာ သက်ဆင်းပုံနှင့် ထေရဝါဒတွင်းသို့ သွတ်သွင်းလာသော ဂိုဏ်းကွဲဝါဒဆန်းများရှင်းရခြင်း]

# အရှင်မဟိန္ဒထေရ် သီဟိုဠ် သာသနာပြုကြွရခြင်း

အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်သည် ဘစ္စန်အဖျား ကျသော ကိုးတိုင်းကိုးဌာနတို့၌ သာသနာတော်တည်တွန်းစေရန်အကျိုးငှာ ကိုးပါးသော သာသနာပြုနာယကမထေရ်တို့ကို ရွေးချယ်၍ စေလွှတ်တော်မူ၏။

ထို ကိုးပါးတို့တွင် ရှစ်ပါးသော မထေရ်တို့သည် မိမိ, မိမိ၏ကျရောက်ရာ ဌာနသို့သွား၍ ဗုဒ္ဓသာသနာတော်ကို တည်စေပြီးလတ်သော် အရှင်မဟာမဟိန္ဒမထေရ်သည် သာသနာတော် ၂၃၆-ခုနှစ်၌ ဇမ္ဗူဒိပ်ကျွန်း (ဂ္ဂလန္ဒိယနိုင်ငံ) မှ သီဟိုဠ်ကျွန်းသို့ ကြွသွားပြီးလျှင် ဒေဝါနံပိယတိဿမင်းအမှူးရှိသော ထိုကျွန်းသူ ကျွန်းသားအပေါင်းကို သာသနာတော်၌ ကြည်ညိုစေ၍ ဗုဒ္ဓသာသနာတော်ကို ကောင်းစွာ တည်စေတော်မူ၏။

ထိုမင်းလှူသော မဟာမေဃဝန်ဥယျာဉ်ကိုလည်း ခံယူတော်မူ၍ ထိုဥယျာဉ်၌ မဟာဝိဟာရမည်သော သံဃာအရာမ်ကျောင်းတိုက်ကြီးကို တည်စေတော်မူ၏။ ထိုကာလမှစ၍ သီဟိုဠ်ကျွန်း၌ ဗုဒ္ဓသာသနာတော်သည် ဝဋ္ဋဂါမဏိမင်း လက်ထက် တိုင်အောင် ဂိုဏ်းတပါးတို့၏ ဝါဒရောယှက်ခြင်းမရှိပဲ အညစ်အကြေးကင်းလျက် ကောင်းစွာ စင်ကြယ်သည်ဖြစ်၍ တွန်းပခဲ့လေပြီ။

ဝဋ္ဋဂါမဏိမင်း၏ လက်ထက်မှစ၍မူကား ဂိုဏ်းတပါးတို့၏ အယူဝါဒတို့ သည်လည်း သီဟိုဠ်ကျွန်းသို့ချဉ်းကပ်ဝင်ရောက်လာကုန်၏။ ထိုအခါ၌ စင်ကြယ် သော ထေရဝါဒီဂိုဏ်းဝင် မထေရ်မြတ်တို့သည် ရှေးဟောင်းဖြစ်သောတရားတော် နှင့်ဝိနည်းတော်ကို ထိုဂိုဏ်းတပါးတို့၏ ဝါဒတို့နှင့် မရောနှောမညစ်နွမ်းပဲပကတိ အတိုင်း စင်ကြယ်လျက် တည်တံ့အောင် ကြိုးစွာသောလုံ့လဖြင့် ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်တော်မူကုန်၏။ အဘယ်ကဲ့သို့နည်းဟူမူ—

http://www.dhammadownload.com



# အဘယဂီရိဝါသီဂိုဏ်း ဖြစ်ပေါ်လာခြင်း

ဝဋ္ဋဂါမဏိမင်းသည် သာသနာတော် ၄၄၀-ပြည့်နှစ်၌ မင်းအဖြစ်သို့ ရောက်၍ ၅-လမျှကြာသောအခါ၌ ဗြာဟ္မဏတိဿမည်သော သူပုန်ဒမြကြီးနှင့် ခုနစ်ဦးကုန်သော ဒမိဠ (တမယ်) စစ်သူကြီးတို့က တိုက်ခိုက်နှိပ်စက်သည် ဖြစ်၍ စစ်ပွဲ၌လည်း ရှုံးသည်ဖြစ်၍ ထွက်ပြေးပြီးလျှင် ၁၄-နှစ်ကျော် ကာလပတ်လုံး ပုန်းအောင်းလျက် မထင်မရှားသောအသွင်ဖြင့် နေရ၏။

ထိုအခါ သီဟိုဠ်ကျွန်း၌ လူတို့သည် သူခိုးဒမြ သူပုန်ဘေးဖြင့် လည်းကောင်း၊ ခေါင်းပါးတော်မှတ်ခြင်းဘေးဖြင့်လည်းကောင်း နှိပ်စက်သောကြောင့် ရဟန်းတော်တို့အား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လုပ်ကျွေးခြင်းငှာ မစွမ်းနိုင်ရှာလေကုန်။ ထို့ကြောင့် သီဟိုဠ်မှ ရဟန်းတော်တို့သည် အများအားဖြင့် ဇမ္ဗူဒိပ်ကျွန်း (ဣန္ဒိယနိုင်ငံ) သို့ သွားကုန်၍ ဓမ္မဝိနယကို နှုတ်တက်အာဂုံ ဆောင်လျက် နေတော်မူကုန်၏။

သီဟိုဠ်ကျွန်း၌ပင်လျှင် ကျန်ရစ်သော မထေရ်တို့သည်လည်း ရတတ်သမျှသောသစ်ဥသင်ဖု သစ်မြစ် သစ်ရွက်တို့ဖြင့်မျှတကုန်လျက်ရုပ်ကိုစွမ်းဆောင်နိုင်လျှင် တိုင်လျက် ပရိယတ်တရားတော်ကို ရွတ်ဖတ်ပြန်ဆိုတော်မူကြကုန်၏။ ကိုယ်ကာယ မစွမ်းဆောင်လျှင် သဲကိုစုပုံ၍ ထိုသဲပုံကို ဝန်းရံကုန်လျက် ဦးခေါင်းတို့ကိုအလယ် ဗဟိုတနေရာတည်း၌ ထားကုန်၍ ပရိယတ်တရားတော်ကို သုံးသပ်ဆင်ခြင်ကုန်၏။ ဤနည်းဖြင့် ၁၂-နှစ်တိုင်ကာလပတ်လုံးအဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံကို မယုတ် မလျော့စေပဲ နှုတ်တက်အာဂုံဆောင်တော်မူကုန်၏။

ဝဋ္ဋဂါမဏိမင်းသည် ဒမိဠ (တမယ်)မင်းကို သုတ်သင်၍တဖန်မင်းပြုသော အခါကာလ (သာသနာ ၄၅၅-၄၆၆-နှစ်အတွင်း)၌ သီဟိုဠ်တွင် ကျန်ရစ်သော ထိုမထေရ်တို့သည် ဇမ္ဗူဒိပ်ကျွန်း (ဣန္ဒိယနိုင်ငံ)မှ ပြန်ရောက်လာသော မထေရ်တို့ နှင့်အတူတကွ ပိဋကသုံးပုံကို တိုက်ဆိုင်သုတ်သင် ကုန်လသော် အက္ခရာတလုံးမျှ သော်လည်း မညီညွတ်ပဲ ကွဲလွဲသည်ကို မတွေ့ရလေကုန်။

သို့ရာတွင် မဟာနိဒ္ဒေသ ကျမ်းကိုကား ထိုစဉ်ကာလက ဒုဿီလရဟန်း တဦးသာလျှင် နှုတ်တက်ဆောင်ထားလျက်ရှိ၏။ ထိုကျမ်းကိုလည်း မဟာတိပိဋက မထေရ်က ထိုဒုဿီလ ရဟန်းထံမှ မဟာရက္ခိတမထေရ်ကို သင်ယူစေလျက် ထိန်းသိမ်း စောင့်ရှောက်ခဲ့ပေသည်။

ဤဆိုခဲ့သည့်အတိုင်း ခေါင်းပါးတော်မှတ်ခြင်း၊ ဝိုင်းပြည်ချောက်ချား ပျက်စီးခြင်း ဘေးတို့ဖြင့် နှိပ်စက်သောကြောင့် နှုတ်ငုံဆောင်ရန် ခဲယဉ်းသော

http://www.dhammadownload.com



အခါသမယ၌သော်လည်း ပိဋကသုံးပုံ ဟူသော ဓမ္မဝိနယကို ရှိသေစွာ ဆောင်လာခဲ့ကြပေသည်။

ဝဋ္ဋဂါမဏိမင်းသည် အဘယဂိရိမည်သော ကျောင်းတိုက်ကိုဆောက်လုပ်ပြီးလျှင် (မှထင်ရှားသော အသွင်ဖြင့် တိမ်းရှောင်ပုန်းအောင်းနေစဉ်က)မိမိအား ကျွေးမွေး စောင့်ရှောက်လျက် ကျေးဇူး ပြုဖူးသော မဟာတိဿမထေရ်အား လှူဒါန်းလေ၏။

ထိုမထေရ်မှာ ဒါယကာတို့နှင့် ရောနှော ဆက်ဆံခြင်းများသောကြောင့် မဟာဝိဟာရဝါသီ ရဟန်းတော်တို့က ၎င်းကို ပဗ္ဗာဇနီယကံပြု၍ နှင်ထုတ်လေ၏။ ထိုအခါ သူ၏တပည့် ဗဟလမဿုတိဿ မည်သော မထေရ်သည် ထိုကံကိုကန့်ကွက်တားမြစ်၏။ ထို့ကြောင့် ၎င်းအားလည်း ဥက္ခေပနီယကံ ပြု၍ ကြဉ်ထုတ်ပြန်လေ၏။ ထိုဗဟလမဿုတိဿ မထေရ်သည် မဟာဝိဟာရဝါသီ ရဟန်းတို့ကို အမျက်ထွက်၍ အဘယဂိရိကျောင်းတိုက်သို့သာလျှင် သွားလေ၍ ထိုမဟာတိဿထေရ်နှင့် တပေါင်းတည်းဖြစ်ကာ သီးသန့် ဂိုဏ်းဂဏကို ထောင်လျက် နေလေတော့၏။

ထိုမထေရ် နှစ်ပါးတို့သည် မဟာဝိဟာရကျောင်းတိုက် (ဂိုဏ်းဂဏ)သို့ တဖန်ပြန်၍ မဝင်လာကြတော့လေပြီ။

ထိုအခါမှစ၍ သီဟိုဠ်ကျွန်း၌ မဟာဝိဟာရဝါသီဂိုဏ်း၊ အဘယဂိရိဝါသီဂိုဏ်း ဟူ၍ နှစ်ဂိုဏ်းကွဲလေသည်။

ဤသို့ နှစ်ဂိုဏ်း ကွဲခြင်းသည် သီဟိုဠ်ကျွန်း၌ **သာသနာ ဆုတ်ယုတ်ရန် ပထမအကြောင်း** ဖြစ်လေသည်။

## ဓမ္မရုစိဂိုဏ်း ဖြစ်ပေါ်လာခြင်း

ထိုစဉ်အခါက ဝဋ္ဋဂါမဏိမင်းသည်အဘယဂိရိဝါသီ ရဟန်းတို့၌သာလျှင် အထူးသဖြင့် ကြည်ညို၍ ၎င်းတို့ကိုသာလျှင် ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်မန်လျက် ထောက်ပံ့၏။

မင်း၏ အမတ်ကြီး အစရှိကုန်သော ထင်ရှားကုန်, ထင်ရှားကုန်သော တိုင်းသူ ပြည်သား လူအများ တို့သည်လည်း ထိုအဘယဂိရိကျောင်း၌ လည်းကောင်း၊ အခြားအရပ်တို့၌လည်းကောင်း များစွာသော ကျောင်းတို့ကိုဆောက်လုပ်၍ ထိုအဘယဂိရိဝါသီ ရဟန်းတို့အား လှူဒါန်းကုန်၏။ ဤသို့သောနည်းဖြင့် အဘယဂိရိဝါသီရဟန်းတို့သည် ထင်ရှားကျော်စောသူလူအများတို့၏ အရိုအသေပြုလျက် ပေးလှူပူဇော်ခြင်း၊ မြတ်နိုးခြင်းကို ခံရကုန်၏။

http://www.dhammadownload.com



ထိုပြင်လည်း ဗဟာလမဿုတိဿမထေရ် အစရှိသော အဘယဂိရိဝါသီ ရဟန်းတို့သည် ဣန္ဒိယနိုင်ငံမှဆောင်ယူလာသော ဝဇ္ဇိပုတ္တကဂိုဏ်း၌ အတွင်းဝင်သည့် ဓမ္မရုစိဂိုဏ်း၏ ဓမ္မဝိနယဖြစ်သော သက္ကတဘာသာဖြင့် တင်ထားသော ပိဋကအသစ်အဆန်းကိုလည်း လက်ခံသင်ယူပို့ချကုန်၏။ ထို့ကြောင့် ထိုအဘယဂိရိဝါသီတို့သည်လည်း ဓမ္မရုစိဂိုဏ်းသားမည်လေကုန်၏။

ဤကား သီဟိုဠ်ကျွန်း၌ **သာသနာ ဆုတ်ယုတ်ရန် ဒုတိယ အကြောင်း** ဖြစ်လေသည်။

## ပိဋကသုံးပုံကို ပေထက်အက္ခရာတင်ခြင်း

မဟာဝိဟာရဝါသီ မထေရ်တို့သည်ကား ပါဠိဘာသာဖြင့် ကောင်းစွာတည်လျက်ရှိသော ထက်ဝန်းကျင် စင်ကြယ်သော ရှေးဟောင်းပိဋကကိုသာလျှင် လက်ခံလျက် သင်ယူပို့ချကုန်၏။ဋ္ဌင်းကိုလည်း နှုတ်ငုံ့ပါဠ်ဖြင့်သာလျှင် ဆောင်ထားကုန်၏။

သို့သော် ထိုခေတ်ကမထေရ်တို့သည် နောင်လာနောက်သားပုဂ္ဂိုလ်အများတို့၏ သတိပညာဆုတ်ယုတ်မည်ကို မြော်မြင်တော်မူကြ၍ ဘုရားလက်ထက်တော်ကာလမှစ၍ ထိုခေတ် ကာလတိုင်အောင် နှုတ်ငုံ့ပါဠ်ဖြင့် ဆောင်လာခဲ့သော အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံကို ပေထက်၌ ရေးသားတင်ထားရန် အားထုတ်ကြလေသည်။

အားထုတ်သော အခါမှာလည်း မဟာဝိဟာရဝါသီ မထေရ်တို့သည် အနုရာဓမြို့တော်မှ ၆၇-မိုင်ဝေးကွာသော မလယဇနပုဒ်၊ မာတုလမြို့အနီး အာလောကလိုဏ်၌ သီတင်းသုံးကုန်လျက် ထိုနယ်ပယ်၏ အကြီးအကဲဖြစ်သူ၏ အစောင့်အရှောက်ကို ယူကုန်၍ ပေထက်၌ အက္ခရာတင်ခြင်း ကိစ္စကို ဆောင်ရွက်တော်မူကြလေသည်။ ဤအကြောင်းကို ထောက်ဆ၍—

"ထိုစဉ်အခါက မဟာဝိဟာရဝါသီမထေရ်တို့သည် မင်းနှင့်မင်း၏အမတ်ကြီးတို့ထံမှ ထောက်ပံ့ကူညီခြင်းကို မရကုန်ပဲ မိမိတို့၏ အားအစွမ်းဖြင့်သာလျှင် ပိဋကသုံးပုံ ပေထက်အက္ခရာတင်ခြင်းကိစ္စကို ဆောင်ရွက်တော်မူခဲ့ကြသည်" ဟူ၍ လည်းကောင်း-

"ထို ပေထက် အက္ခရာတင်ခြင်းမှာလည်း နောင်လာ နောက်သားတို့၏ သတိပညာဆုတ်ယုတ်မည်ကို မြင်သောကြောင့် ပြုကြကုန်သကဲ့သို့ပင် ခေါင်းပါးငတ်မွတ်ခြင်း၊ တိုင်းပြည်ချောက်ချားပျက်စီးခြင်း စသော ဘေးတို့ဖြင့် နှိပ်စက်သော အခါကာလတို့၌ နှုတ်ငုံ့ဆောင်ထားရန် ခဲယဉ်းခြင်းကို မြင်သောကြောင့်လည်း ပြုခဲ့ကြသည်" ဟူ၍ လည်းကောင်း၊ ထို့အတူပင်—

http://www.dhammadownload.com



"အဘယဂိရိဝါသီဂိုဏ်းသားတို့က လက်ခံ သင်ယူပို့ချနေသော အယူတပါးဝါဒတို့နှင့် မရောယှက် မရှုပ်ထွေးစေရန် အကျိုးငှာလည်း ရည်ရွယ်၍ ပေထက်အက္ခရာ တင်တော်မူခဲ့ကြသည်" ဟူ၍လည်းကောင်း ဤအချက်များကိုလည်း သိအပ်၊ မှတ်ယူအပ်ပေ၏။

ဤသို့ ပြဆိုခဲ့သည့်အတိုင်း မဟာဝိဟာရဝါသီမထေရ်တို့သည် ထက်ဝန်းကျင် စင်ကြယ်သော ထေရဝါဒပိဋကကို အယူတပါးတို့နှင့် မရောနှောခြင်း အကျိုးငှာ ရှေးကကဲ့သို့ပင် ပါဠိဘာသာဖြင့်သာလျှင် ပေထက်၌ တင်၍လည်းကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်တော်မူခဲ့ကြပေသည်။

အကယ်၍သာ ထိုစဉ်ကာလက ပိဋကသုံးပုံကို ပေတို့၌ တင်မထားခဲ့ပါလျှင် နောက်နောက် ခေတ်ကာလတို့၌ အယူတပါးမှလာသော သုတ်တို့ကို "ဤသုတ်များသည် ငါတို့၏ ပိဋကမဟုတ်" ဟု ပယ်ရှားရန် မလွယ်ကူပဲ ရှိလေရာ၏။ စင်စစ်သော်ကား ထိုစဉ်ကာလက အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံကို ပေတို့၌ တင်ထားခဲ့သောကြောင့်သာလျှင်နောက်အနာဂတ်ကာလတို့၌ အယူတပါးမှလာသော သုတ်တို့ကို ထိုပေစာတို့နှင့် နှီးနှောတိုက်ဆိုင်၍ပယ်ရှားရန်လွယ်ကူပေတော့သည်။

ထိုသို့လွယ်ကူပုံကို ထင်ရှားပြရလျှင် သာသနာနှစ် ၅၂၄-နှင့် ၅၅၂-ခုနှစ်တို့အတွင်း ဘာတိယမင်း၏ လက်ထက်၌ အဘယဂိရိဝါသီ မထေရ်တို့နှင့် မဟာဝိဟာရဝါသီမထေရ်တို့အား ဝိနည်း၌ ငြင်းခုံမှု ဖြစ်ပေါ်ခဲ့လေသည်။ ထိုအခါ ဘာတိယမင်းသည် ပုဏ္ဏားမျိုးဖြစ်သော ဒီဃကာရာယန မည်သော အမတ်ကို မထေရ်တို့ထံသို့ စေလွှတ်လိုက်၏။ ထိုအမတ်သည် နှစ်ဦးနှစ်ဘက်လုံးတို့၏ သုတ်ကို ကြားနာပြီးလျှင် အဆုံးအဖြတ်ကို ပေးလေသည်။

ထို့ပြင် သာသနာနှစ် ၇၅၈-နှင့် ၇၈၀-တို့အတွင်း ဝေါဟာရက တိဿမင်း၏ လက်ထက်၌လည်းကောင်း၊ သာသနာနှစ် ၇၉၇-နှင့် ၈၁၀-တို့အတွင်း ဂေါဌာဘယမင်း၏လက်ထက်၌လည်းကောင်း၊ ထေရဝါဒီမထေရ်တို့သည် ပေထက်တင်ထားသော ပိဋကတော် ဓမ္မဝိနယနှင့် နှီးနှော၍ မှားယွင်းသောအဓမ္မဝါဒကို ပယ်ရှားတော်မူကြလေသည်။

## အဓမ္မဝါဒ ဖြစ်ပေါ်လာခြင်း

ဤ ဆိုလတ္တံ့သောစကားမှာ မူလ အရင်းမှစ၍ သာသနာတော်၏ အညစ်အကြေးဖြစ်သော အဓမ္မဝါဒတို့ ဖြစ်ပေါ်လာပုံ ဖြစ်သည်။

သီရိဓမ္မာသောကမင်းတရားကြီး၏ လက်ထက်၌ လူဝတ်လဲစေ၍ နှင်ထုတ်လိုက်သော တိတ္ထိတို့သည် ဗုဒ္ဓသာသနာတော်၌ ထောက်တည်ရာမရသောကြောင့်

http://www.dhammadownload.com



အမျက်ထွက်ကုန်သည်ဖြစ်၍ ပါဋလိပုတ်မြို့တော်မှ ထွက်ခွာသွားကြပြီးလျှင် ရာဇဂြိုဟ်မြို့အနီး နာလန္ဒမြို့၌ စည်းဝေးကုန်၍—

"ဗုဒ္ဓ သာသနာတော်၌ လူများအပေါင်းတို့ မသက်ဝင် မယုံကြည်စေရန် အကျိုးငှာ သာကီဝင်နွယ် ရဟန်းတို့၏ တရားဝိနည်းကို ဖျက်ဆီးပစ်ရမည်။ ထိုသို့ ဖျက်ဆီးခြင်းငှာလည်း သူတို့၏အယူကို မသိလျှင် ဖျက်ဆီးရန် မတတ်နိုင်။ ထို့ကြောင့် အမှတ်မရှိ တစုံတခုသောနည်းဖြင့် ဗုဒ္ဓသာသနာ၌ တဖန် ဝင်ရောက်၍ ရှင်ရဟန်းပြုရမည်" ဟု ဆွေးနွေး တိုင်ပင်လေကုန်၏။

ထိုတိတ္ထိတို့သည် ဤသို့ ဆွေးနွေးတိုင်ပင်ပြီးလျှင် တဖန် ပြန်လာကုန်၍ စင်ကြယ်သော ထေရဝါဒီဂိုဏ်းသား ရဟန်းတို့၏အတွင်းသို့ ဝင်ရောက်ခြင်းငှာ မစွမ်းနိုင်သောကြောင့် ထိုမှတပါးသော မဟာသံဃိကဂိုဏ်း အစရှိကုန်သော တဆယ့်ခုနစ်ပါးသော ဂိုဏ်းသားတို့၏အထံသို့ချဉ်းကပ်၍ မိမိတို့တိတ္ထိဖြစ်ကြောင်းကို အသိမပေးပဲ ရှင်ရဟန်းပြုကုန်၍ ပိဋကသုံးပုံကို သင်ယူပြီးလျှင် ထို ပိဋကသုံးပုံကိုလည်း ဖောက်လွဲဖောက်ပြန်ပြု၍ ထို့ နောင် ကောသမ္ဗီမြို့သို့သွား၍ ဓမ္မဝိနယကို ဖျက်ဆီးခြင်းငှာ အကြောင်းဥပါယ်ကို ဆွေးနွေး တိုင်ပင်ကြပြီးလျှင် သာသနာတော် ၂၅၃-ခုနှစ်တွင် ခြောက်ပါးသော ဌာနတို့၌ နေကုန်လျက်—

၁။ ဟေမဝတိကဂိုဏ်း
၂။ ရာဇဂိရိကဂိုဏ်း
၃။ သိဒ္ဓတ္ထိကဂိုဏ်း
၄။ ပုဗ္ဗသေလိယဂိုဏ်း
၅။ အပရသေလိယဂိုဏ်း
၆။ ဝါဇိရိယဂိုဏ်း
၇။ ဝေတုလ္လဂိုဏ်း
၈။ အန္ဓကဂိုဏ်း
၉။ အညမဟာသံဃိကဂိုဏ်း

ဟူ၍ ကိုးခုသော ဂိုဏ်းသစ်တို့ကို ဖြစ်စေကုန်၏။ ထိုဂိုဏ်းတို့၏အမည်နှင့် အယူတို့မှာ ကထာဝတ္ထု အဋ္ဌကထာ၌ ပြထားလျက် ရှိပေ၏။ (ဤနေရာ၌ ဆရာတော်ဘုရားကြီးက ဝေတုလ္လပိဋက စသော ဂိုဏ်းတပါးကျမ်းများကို ပြဆို၏။) ထို ဝေတုလ္လပိဋကစသော ကျမ်းဟူသည် လည်းကောင်း၊ ထိုမှတပါးသော ထိုခေတ်ပေါ် မဟာယာန ပိဋကတို့သည် လည်းကောင်း အများအားဖြင့် သီဟိုဠ်ကျွန်းသို့ ချဉ်းကပ်ဝင်ရောက်ကြသည်ဟု ယူသင့် ယူထိုက်၏။ ထိုကျမ်းတို့တွင်လည်း ဝဇ္ဇပုတ္တကဂိုဏ်းအတွင်းဝင်သော ဓမ္မရုစိဂိုဏ်း၏ ပိဋကတို့ သီဟိုဠ်သို့ ဆက်ရောက်ခြင်းကို ရှေး၌ပြလျှင် ဆိုခဲ့ပြီ။ ထိုမှတပါးသော ပိဋကကျမ်းတို့ သီဟိုဠ်ကျွန်းသို့ ဆိုက်ရောက်လာပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

http://www.dhammadownload.com



## ဝေတုလ္လဝါဒကို ပထမအကြိမ် နှိမ်နင်းခြင်း

သာသနာနှစ် ၇၅၈-နှင့် ၇၈၀-တို့တွင် ဝေါဟာရက တိဿမင်း၏ လက်ထက်၌ အဘယဂိရိကျောင်းနေ ဓမ္မရုစိဂိုဏ်းသားတို့သည် သာသနာတော်ကို ဖျက်ဆီးရန်အကျိုးငှာ ရဟန်းအသွင်ကိုဆောင်သော ဝေတုလ္လဝါဒီ ပုဏ္ဏားတို့ စီရင်ထားသော ဝေတုလ္လပိဋကကို လက်ခံကုန်၍ "ဤ ဝေတုလ္လပိဋကသည် ဘုရားဟောတည်း" ဟု ပြကုန်၏။

ထို ဝေတုလ္လပိဋကကို မဟာဝိဟာရကျောင်း၌ နေလေ့ရှိကုန်သော ထေရဝါဒီ ရဟန်းတော်တို့သည် မိမိတို့၏ ဓမ္မဝိနယနှင့် နှိုးနှောပြီးလျှင် အဓမ္မဝါဒဟု ဆုံးဖြတ်၍ ပယ်ရှားကုန်၏။ ထိုအကြောင်းကိုကြား၍ ဝေါဟာရက တိဿမင်းသည် အလုံးစုံသောကျမ်းတို့၌ ပါရဂူမြောက် တတ်ကျွမ်းလိမ္မာသော ကပိလအမတ်ကို စေလွှတ်၍ ဆုံးဖြတ်စေပြီးလျှင် ဘုရားဟော မဟုတ်ကြောင်း သိရ၍ အလုံးစုံသော ဝေတုလ္လ စာပေဟူသမျှကို မီးရှို့စေ၍ ထို ဝေတုလ္လအယူရှိသော ရဟန်းယုတ်တို့ကိုလည်း နှိပ်ကွပ်၍ ဗုဒ္ဓ သာသနာတော်ကို ထွန်းလင်းစေခဲ့ပြီ။ ထို့ကြောင့် မဟာဝံသ၌ အောက်ပါဂါထာကို မိန့်ဆိုထားလေသည်။

၃၆-၄၁။ ထိုဝေါဟာရက တိဿမင်းသည် ကပိလမည်သော အမတ်ကြီးဖြင့် (ဆုံးဖြတ်စေ၍) ဝေတုလ္လဝါဒကို နှိမ်နင်း၍ ရဟန်းယုတ်တို့အား နှိပ်ကွပ်ခြင်းကိုလည်းပြု၍ သာသနာတော်ကို ထွန်းလင်းစေခဲ့လေပြီ။

## သာဂလိယဂိုဏ်း ဖြစ်ပေါ်လာခြင်း

အဘယဂိရိဝါသီ ဂိုဏ်းသားတို့သည် သာသနာတော်နှစ် ၇၉၇-နှင့် ၈၁၀-တို့တွင် ဂေါဌာဘယမင်း၏ လက်ထက်၌ လည်းကောင်း ဝေတုလ္လဝါဒကို ရှေးနည်းအတူပင် ဟောပြပြန်ကုန်၏။

ထိုအခါ၌ ထို အဘယဂိရိဝါသီ ဂိုဏ်းသားတို့တွင် ဥဿိလိယတိဿ မည်သော မထေရ်သည် ဝေါဟာရက တိဿမင်းလက်ထက်က ဝေတုလ္လဝါဒီ ရဟန်းတို့အား ပြုဖူးသော နှိပ်ကွပ်ခြင်းကို ကြားသိရ၍ 'စူးစမ်းဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသော ဂေါဌာဘယမင်း၏ လက်ထက်၌လည်း ထို့အတူပင် ဖြစ်ကောင်း ဖြစ်လိမ့်မည်။ ထိုသို့ဖြစ်လျှင်မကောင်း'ဟု ကြံစည်စဉ်းစားပြီးလျှင် 'ငါတို့သည် ထို အဘယဂိရိ ရဟန်းတို့နှင့် တပေါင်းတည်း မဖြစ်ကုန်အံ့' ဟု ဆုံးဖြတ်၍ သုံးရာခန့်

http://www.dhammadownload.com



မျှသော ရဟန်းတို့ကို ခေါ်ဆောင်ပြီးလျှင် ဒက္ခိဏဂိရိကျောင်းသို့သွား၍ ဓမ္မရုစိဂိုဏ်းမှ အသီးအခြားပြုလျက် နေထိုင်လေ၏။

ထိုရဟန်းတို့တွင် သာဂလမည်သော မထေရ်သည် ထို ဒက္ခိဏဂိရိကျောင်းတိုက်၌ပင်နေလျက် အာဂမဗျာချာန် ခေါ်သော သုတ္တန်အဖွင့်ကျမ်းကို ရေးသားစီရင်လေသည်။ ထိုသာဂလမထေရ်ကို အကြောင်းပြု၍ ယင်း၏ အန္တေဝါသိကတပည့်တို့သည် ထိုကာလမှစ၍ သာဂလိယဂိုဏ်းသား မည်ကုန်၏။ ထို သာဂလိယဂိုဏ်းသားတို့၏ ဝါဒသည်လည်း နောင်အခါ မဟာသေနမင်း၏ လက်ထက်တွင် ဇေတဝန်ကျောင်းတိုက်၌ ပြန့်သွားလေ၏။

## ဝေတုလ္လဝါဒကို ဒုတိယအကြိမ်နှိမ်နင်းခြင်း

ဂေါဌာဘယမင်းသည် မဟာဝိဟာရကျောင်းတိုက်၊ စေတိယကျောင်းတိုက်၊ ထူပါရုံကျောင်းတိုက်၊ ဣဿရသမဏကကျောင်းတိုက်၊ ဝေဿဂိရိကျောင်းတိုက် ဟူသော ငါးခုသော ကျောင်းတိုက်ကြီးတို့၌ ရှိသော များစွာသောရဟန်းအပေါင်း သံဃာတော်ကို တပေါင်းတည်းစည်းဝေးစေပြီးလျှင် ထိုအကြောင်းကို မေးလျှောက်၍ ဝေတုလ္လဝါဒ၏ ဘုရားဟော မဟုတ်ကြောင်းကို သိရသဖြင့် ထိုဝေတုလ္လအယူရှိသော ၆၀-သော ရဟန်းယုတ်တို့ကို တံဆိပ်ခတ်နှိပ်၍ သီဟိုဠ်နိုင်ငံမှ နှင်ထုတ်လိုက်လေ၏၊

ဝေတုလ္လကျမ်းစာတို့ကိုလည်း မီးရှို့၍ ဗုဒ္ဓသာသနာတော်ကို ထွန်းလင်းစေခဲ့ပေ၏။ ထိုအခါ သီဟိုဠ်နိုင်ငံမှ နှင်ထုတ်လိုက်သော ထိုရဟန်းတို့ အနက်အချို့ ရဟန်းတို့သည် ကာဝီရသဘော်ဆိပ်သို့သွား၍ ထိုအရပ်၌နေကုန်၏။ ထိုသို့နေကြစဉ်ကာလ၌ပင် တဦးသော တိတ္ထိလုလင်သည် အရပ်တပါးမှကာဝီရသဘော်ဆိပ်သို့ ရောက်လာလတ်သော် သဘော်ဆိပ် ရွာသူ့ရွာသားတို့က ထိုရဟန်းတို့အား ပေးလှူပူဇော်သည်ကို မြင်ရသဖြင့် လာဘ်ပူဇော်သက္ကာရကို မှီ၍ ထိုရဟန်းတို့၏ထံ၌ ရှင်ရဟန်းပြုပြီးလျှင် သံဃမိတ္တ ဟူသော အမည်ဖြင့်ထင်ရှားလေသည်။

ထိုသံဃမိတ္တသည် မဟာဝိဟာရဝါသီ ရဟန်းတို့၏ ဆုံးဖြတ်ချက်ကို မှီ၍ ဝေတုလ္လဝါဒ ဟူသော အရကြောင်းကြောင့် မိမိ၏ ဆရာရဟန်း တိုင်းပြည်မှ နှင်ထုတ်ခံရကြောင်းကို သိရသဖြင့် မဟာဝိဟာရဝါသီ ရဟန်းတို့အား အမျက်ထွက်သည် ဖြစ်၍ "ဝေတုလ္လဝါဒကိုမူလည်း သူတို့အား ယူစေမည်၊ သူတို့၏ ကျောင်းတိုက်တို့ကို မူလည်း အမြစ်ပါနုတ်၍ ဖျက်ဆီးပစ်မည်" ဟု ကြိမ်းလျက် သီဟိုဠ်ကျွန်းသို့သွားပြီးလျှင် ဂေါဌာဘယမင်းကို မိမိအား ကြည်ညိုအောင် ပြောဟော၍ ထိုမင်း၏သားတော်နှစ်ယောက်တို့ကို အတတ်ပညာ သင်ပေးရန် အားထုတ်လေသည်။ သို့သော်လည်း မိမိ၏ဝါဒကိုနားလည်ရိပ်မိနိုင်သော အစ်ကိုကြီး

http://www.dhammadownload.com



ဇေဌတိဿကိုချန်ထား၍ နောင်အခါ၌ မိမိစကားကိုလိုက်နာစေနိုင်သော ညီငယ် မဟာသေန မင်းသားကိုသာလျှင် ချီးမြှောက်၍ အတတ်ပညာ သင်ကြားပေး လေသည်။

ခမည်းတော်နတ်ရွာစံ၍ ဇေဌတိဿမင်းသား မင်းအဖြစ်သို့ ရောက်သော အခါ (သာသနာ-၈၁၀-၈၁၉)၌ ထိုသံဃမိတ္တသည် ဇေဌတိဿမင်းကို ကြောက်သဖြင့် ကာဝီရသဘော်ဆိပ် အရပ်သို့သာလျှင် ထွက်သွားလေ၏။

သာသနာနှစ် ၈၁၉-နှင့် ၈၄၅-တို့အတွင်း မဟာသေနမင်း၏ လက်ထက် ၌မူ ထိုသံဃမိတ္တသည် သီဟိုဠ်ကျွန်းသို့ တဖန် ပြန်လာ၍ အဘယဂိရိကျောင်း တိုက်၌နေလျက် မဟာဝိဟာရဝါသီဂိုဏ်းသားတို့အား ဝေတုလ္လဝါဒကို လက်ခံ စေရန် အမျိုးမျိုးသောနည်းတို့ဖြင့် ကြိုးစားအားထုတ်လေသည်။ သို့သော်လည်း မဟာဝိဟာရဝါသီတို့အား ထိုဝါဒကိုယူစေရန် မစွမ်းနိုင်သောအခါ မဟာသေန မင်းကို ချဉ်းကပ်၍ အမျိုးမျိုးသော အကြောင်းတို့ဖြင့် သွေးဆောင် နားချ ပြီးလျှင်—

“တစုံတယောက်သော သူသည် မဟာဝိဟာရဝါသီ ရဟန်းတပါးအား သော်လည်း ဆွမ်းဘောဇဉ်အာဟာရကို ပေးလှူငြားအံ့။ ထိုသူအား ဒဏ်ငွေတရာ တပ်စေ”ဟု မင်း၏ အာဏာဖြင့် မြို့၌ ကြွေးကြော်လျက် စည်လည်စေ၏။ ထိုအခါ မဟာဝိဟာရဝါသီ ရဟန်းတော်တို့သည် မြို့၌ ဆွမ်းခံကြွကုန်လတ်သော် ၃-ရက်တိုင်တိုင် ဆွမ်းမရကြသောကြောင့် လောဟပါသာဒ ခေါ် ပြာသာဒ် ကြီး၌ စည်းဝေးကုန်၍—

“အကယ်၍ ငါတို့သည် ဆာလောင်ခြင်း ဟူသော အကြောင်းကြောင့် တရားမဟုတ်သည်ကို တရားဟု ယူကုန်ငြားအံ့၊ များစွာသောလူတို့သည် ထိုတရား မဟုတ်သည်ကိုယူ၍ အပါယ်သို့ လားရောက်ကုန်လတ္တံ့၊ ငါတို့အားလုံးသည်လည်း အပြစ်ရှိသည်ဖြစ်ကုန်လတ္တံ့၊ ထို့ကြောင့် ငါတို့သည် အသက်ကိုစွန့်ကြရစေကာမူ ဝေတုလ္လဝါဒကိုမယူကုန်အံ့”ဟု ဆွေးနွေး ဆုံးဖြတ်ကြပြီးလျှင် မဟာဝိဟာရ ကျောင်းတိုက် အစရှိသောအလုံးစုံသောကျောင်းတိုက်တို့ကိုစွန့်လွှတ်ထားခဲ့ကုန်၍ ရောဟဏဇနပုဒ်ခေါ် သီဟိုဠ်ကျွန်းတောင်ပိုင်းနယ်သို့လည်းကောင်း၊ မလယဇနပုဒ် ခေါ် သီဟိုဠ်ကျွန်း အလယ်ပိုင်းနယ်သို့လည်းကောင်း ထွက်ခွာ သွားလေကုန်၏။

## ဝေတုလ္လ အယူဝါဒ အကြောင်း

မဟာဝိဟာရဝါသီ မထေရ်တို့ အလွန်ရွံရှာစက်ဆုပ်သော ဝေတုလ္လဝါဒ မည်သည်မှာ အဘယ်သို့သောအယူဝါဒပါနည်းဟူမူ- ယခုခေတ်အခါ၌ ဝေတုလ္လ အယူဝါဒ၏သရုပ်ကို အပြည့်အစုံ ဖော်ပြရန် မစွမ်းနိုင်ပါ။ အကြောင်းမှာ

http://www.dhammadownload.com



ဝေတုလ္လဟူသော အမည်နှင့် ကျမ်းစာတို့သည် လည်းကောင်း၊ ဂိုဏ်းဂဏသည် လည်းကောင်း မထင်ရှားသောကြောင့် ဖြစ်ပေသည်။ သို့သော် အဘိဓမ္မပိဋက ကထာဝတ္ထု အဋ္ဌကထာ၌ အချို့ အနည်းငယ်သောဝေတုလ္လဝါဒတို့ကို အောက်ပါအတိုင်း တွေ့ရ၏။ အဘယ်သို့နည်း ဟူမူ—

(၁) ပရမတ္ထအားဖြင့် မဂ်ဖိုလ်တို့သည်သာလျှင် သံဃာ မည်ကုန်၏။ မဂ်ဖိုလ်မှတပါးသော သံဃာမည်သည်မရှိ။ မဂ်ဖိုလ်တို့သည်လည်း တစုံတခုကိုမျှ မခံယူတတ်ကုန်။ ထို့ကြောင့်သံဃာသည် မြတ်သော အလှူကိုခံယူသည်ဟု မဆိုအပ်-ဟူ၍လည်းကောင်း၊

(၂) မဂ်ဖိုလ်တို့သည်သာလျှင် သံဃာမည်၏။ ၎င်းတို့သည်လည်း မြတ်သော အလှူကို စင်ကြယ်စေခြင်း (အကျိုးကြီးစေခြင်း)ငှာ မစွမ်းနိုင်ကုန်၊ ထို့ကြောင့် သံဃာသည် မြတ်သောအလှူကို စင်ကြယ်စေသည်ဟု မဆိုအပ်-ဟူ၍လည်းကောင်း၊

(၃) မဂ်ဖိုလ်တို့သည်သာလျှင် သံဃာမည်၏၊ ၎င်းတို့သည်လည်း တစုံတခုကိုမျှ မစားသောက်မသုံးဆောင်တတ်ကုန်၊ထို့ကြောင့် သံဃာက စားသည်,သောက်သည်, ခဲသည်, လျက်သည်ဟု မဆိုအပ်-ဟူ၍ လည်းကောင်း၊

(၄) မဂ်ဖိုလ်တို့သည်သာလျှင် သံဃာမည်၏၊၎င်းတို့အား တစုံတခုကိုမျှ ပေးလှူရန်မတတ်နိုင်၊ ၎င်းတို့ကလည်း ခံယူရန်မတတ်နိုင်၊ ၎င်းတို့အား ပေးလှူခြင်းဖြင့်လည်း အကျိုးကျေးဇူးတစုံတခုမျှမပြီးစီး၊ ထို့ကြောင့် သံဃာအားလှူခြင်းသည်အကျိုးကြီးသည်ဟုမဆိုအပ် ဟူ၍လည်းကောင်း၊

(၅) ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တစုံတခုကိုမျှ မဘုဉ်းပေး မသုံးဆောင်၊ သို့သော်လည်း လောကသို့ အစဉ်လိုက်၍ လျော်စွာ ပြုခြင်းအကျိုးငှာ ဘုဉ်းပေး သုံးဆောင်ဘိသကဲ့သို့ မိမိကိုယ်ကို ပြတော်မူ၏၊ သို့ဖြစ်၍(ဘုရားအား လှူခြင်းသည်) အကျိုး မရှိသော ကြောင့် ထိုဘုရား၌လှူခြင်းသည် အကျိုးကြီး၏ဟု မဆိုအပ်- ဟူ၍ လည်းကောင်း၊

(၆) ဘုန်းတော်ကြီးသော မြတ်စွာ ဘုရားသည် တုသိတာ နတ်ပြည်၌ ဖြစ်၍ ထိုနတ်ပြည်၌သာလျှင် စံနေတော်မူ၏၊ လူ့ပြည်လောကသို့ မကြွလာချေ၊ စင်စစ်အားဖြင့် ဤလူ့ပြည်လောက၌ နိမ္မိတရုပ်ပွား တော် မျှကိုသာလျှင် ဖန်ဆင်းစေလွှတ်လျက် ပြတော်မူသည် ဟူ၍ လည်းကောင်း၊

http://www.dhammadownload.com



(၇) ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တုသိတာ နတ်ပြည်၌ တည်တော်မူလျက် တရားဟောရန် အလို့ငှာ ဖန်ဆင်းအပ်သော နိမ္မိတ ရုပ်ပွားတော်ကို စေလွှတ်တော်မူ၏။ ထိုနိမ္မိတ ရုပ်ပွားတော်သည် လည်းကောင်း၊ ထိုရုပ်ပွားတော်၏ တရားကို လက်ခံနာယူ၍ အရှင်အာနန္ဒာသည်လည်းကောင်း၊ ဤနှစ်ပါးတို့ကသာလျှင် ဟောကြသည်။ မြတ်စွာဘုရားကိုယ်တော်တိုင်ကား တရားမဟော-ဟူ၍ လည်းကောင်း၊

(၈) တခုသောအလို၊ တူသောအလိုရှိလျှင် မေထုန်အကျင့်ကို မှီဝဲအပ်၊ မှီဝဲကောင်း၏။ ဆိုလိုသည်မှာ သနားငဲ့ညှာခြင်းဟူသော အလိုဖြင့် တခုသော အလိုရှိလျှင်၊ သို့မဟုတ် သံသရာ၌ အတူတကွဖြစ်လျက် ကျင်လည်ကုန်အံ့ဟု မာတုဂါမနှင့်အတူ ဘုရားအား ပူဇော်ခြင်း စသည်တို့ကိုပြု၍ ဆုပန်သည်၏ အစွမ်းဖြင့် တခုတည်းသော တူသော အလိုရှိခဲ့လျှင်၊ ထိုနှစ်ဦးသောသူတို့၏ ဤသို့တာလိုတူသော မေထုန်အကျင့်ကို မှီဝဲအပ် မှီဝဲကောင်း၏-ဟူ၍ လည်းကောင်း၊

အထက်ပါအတိုင်း ဝေတုလ္လဝါဒတို့ကို ကထာဝတ္ထုအဋ္ဌကထာ၌ တွေ့ရ၏။ ဝေတုလ္လဝါဒီတို့၏ အယူဝါဒတို့ကို ထေရဝါဒကျမ်းဂန်တို့၌ ယခုခေတ်တွင် ဤမျှသာ တွေ့ရပေသည်။

စိစစ်ပြရလျှင် အထက်ပါ ဝေတုလ္လဝါဒတို့တွင် အဓမ္မဝါဒ ၄-ခုတို့ဖြင့် သုတ္တန် ပိဋကတ်၌လာသော အရိယာသံဃာကို မှားယွင်းစွာ ယူဆထား၏။ ဝိနည်း ပိဋကတ်၌လာသော သမ္မုတိသံဃာကိုလည်း လုံးဝပယ်ဖျက်ထား၏။ ထို့နောင် သုံးခုသော ဝါဒတို့မှာ ဣဿရခေါ် ဘုရားသခင်က ဖန်ဆင်းသည်ဟူသော အယူသို့ အစဉ်လိုက်သော ဝါဒတို့ဖြစ်သည်။ နောက်ဆုံး ဝါဒမှာ သူယုတ်မာ ဝါဒဖြစ်ကြောင်း အလွန်ပင် ထင်ရှားလှပေ၏။

အသင်္ဂမည်သော ကျမ်းဆရာက သက္ကတဘာသာဖြင့် ရေးသား စီရင်ခဲ့သော အဘိဓမ္မသမုစ္စယခေါ် မဟာယာန ကျမ်း၌မူကား အောက်ပါအတိုင်း ဆိုထားသည်ကို တွေ့ရပေ၏။

> "ဝေပုလ္လအင်္ဂါဟူသည် အဘယ်နည်း၊ ဗောဓိသတ္တ ပိဋက(ဘုရားအလောင်းကျမ်းစာ)နှင့် စပ်ဆိုင်လျက် ဟောထားသော တရားစာဖြစ်သည်။ အကြင်တရားအင်္ဂါကို ဝေပုလ္လဟု ဆိုအပ်၏။ ထိုတရားအင်္ဂါကို ဝေဒလ္လဟူ၍လည်း ဆိုအပ်၏။ ဝေတုလ္လဟူ၍လည်း ဆိုအပ်၏၊ အဘယ့်ကြောင့် ဝေပုလ္လဟု ခေါ်ဆိုရပါသနည်းဟူမူ အလုံးစုံသော သတ္တဝါတို့၏ စီးပွားချမ်းသာတည်ရာ ဖြစ်သောကြောင့်လည်း

http://www.dhammadownload.com



ကောင်း၊ မြင့်မြတ်ကြီးကျယ်၍ နက်နဲသော တရားဒေသနာဖြစ်သော ကြောင့်လည်းကောင်း ခေါ်ဆိုရပေသည်။ အဘယ့်ကြောင့် ဝေဒလ္လဟု ခေါ်ဆိုရပါသနည်း ဟူမူ အလုံးစုံသော အပိုတ်အပင် အာဝရဏ တရားတို့ကို ခွဲဖျက်တတ်သောကြောင့် ခေါ်ဆိုရပေသည်။ အဘယ့် ကြောင့် ဝေတုလ္လဟု ခေါ်ဆိုရပါသနည်းဟူမူ ထိုကျမ်း၌ ထုတ်ပြ ထားသော ဥပမာနတရားကိုသည် အတုမဲ့ဖြစ်သောကြောင့် ခေါ်ဆို ရပေသည်။''(အဘိဓမ္မသမုစ္စယကျမ်း၊ နှာ-၇၉)

ယခုခေတ်ကာလ၌ သဒ္ဓမ္မပုဏ္ဍရိကသုတ္တန်ဟုခေါ်သော မဟာယာနကျမ်း စာ၌ သာဝကအဖြစ်၊ ပစ္စေကဗုဒ္ဓါ အဖြစ်နှင့်လည်း နိဗ္ဗာန် ရောက်နိုင်သည်ဟူ သောဝါဒကို လုံးဝ ပယ်ရှားနှိမ်နင်း၍ လူတိုင်း ပုဂ္ဂိုလ်တိုင်း ဘုရားဖြစ်အောင် ကျင့်ရန် တိုက်တွန်းလျက် ဘုရားအလောင်းနှင့်စပ်၍ အတုမရှိ အကြီးအကျယ် ချီးမြှင့်ဖော်ပြထားသော ဥပမာတို့ကို များစွာတွေ့ရ၏။ထို့ကြောင့် ထိုသဒ္ဓမ္မပုဏ္ဍ ရိကသုတ္တန် ကျမ်းကဲ့သို့သော ဗောဓိသတ္တ(ဘုရားအလောင်း)နှင့်စပ်၍ ပြဆိုသော ပိဋကကျမ်းစာ၌လာသော ဝါဒကိုလည်း ဝေတုလ္လဝါဒဟု သိအပ်၏။

## မဟာဝိဟာရကျောင်းတိုက်ကို ဖျက်ဆီးခြင်း

မဟာဝိဟာရဝါသီ ရဟန်းတို့သည် ပြဆိုခဲ့သည့်အတိုင်း အလုံးစုံသော ကျောင်းတိုက်တို့ကို စွန့်လွှတ်ထားခဲ့၍ ထွက်ခွာသွားကြသောအခါ သံဃမိတ္တ မည်သော ရဟန်းယုတ်သည် မင်းကို နားချလျက် သိစေ၍ လောဟပါသာဒ အစရှိသော ၃၆၄-ခုသော ပရိဝုဏ်ပြာသာဒ်တို့ကို ဖျက်ဆီးစေပြီးလျှင် အမြစ်ရင်း ပါ နုတ်စေ၍ အဘယဂိရိကျောင်းတိုက်သို့ ဆောင်ယူစေ၏။ကျောင်းတိုက်မြေပြင် ၌လည်း ထွန်ယက်စေ၍ ပြောင်းပဲတို့ကို စိုက်ပျိုးစေ၏။

ဤအခြင်းအရာဖြင့် မဟာဝိဟာရကျောင်းတိုက်သည် ထိုအခါက ကျောင်း အဆောက်အအုံမှ ကင်းလျက် ကိုးနှစ်ပတ်လုံး ရဟန်းတို့မှ ဆိတ်သုဉ်းလျက်ရှိလေ သည်။

ထိုမှနောက်ကာလ၌ မဟာသေနမင်းသည် မေဃဝဏ္ဏာဘယမည်သော ကလျာဏမိတ္တဖြစ်သော အမတ်ကြီး၏ ခြိမ်းခြောက်ခြင်းရှေ့သွားရှိသော ဖျောင်း ဖျပြောဆိုချက်ဖြင့် မဟာဝိဟာရကျောင်းတိုက်ကို တဖန် ပကတိအတိုင်း ပြုပြင် ပြီးလျှင် ဖဲခွာသွားသော ထိုမဟာဝိဟာရဝါသီ ရဟန်းတော်တို့ကိုလည်း ပင့် ဆောင်၍ ပစ္စည်းလေးပါးတို့ဖြင့် ပြုစု ထောက်ပံ့လေသည်။

http://www.dhammadownload.com



## ဇေတဝနဝါသီဂိုဏ်း ဖြစ်ပေါ်လာခြင်း

မဟာသေနမင်းသည် ဒက္ခိဏာရာမကျောင်း၌နေသော စိတ်နှလုံးကောက်ကျစ်သော (ဒကာ,ဒကာမတို့ အထင်ကြီးအောင် ပြုတတ်၍)ကုဟကတိဿမည်သော မထေရ်ကို ကြည်ညိုပြန်၍ ထိုမထေရ်အတွက် မဟာဝိဟာရကျောင်းတိုက် နယ်ပယ်(သိမ်)အတွင်း ဇောတိဝနမည်သော ဥယျာဉ်၌ ဇေတဝန် မည်သော ကျောင်းကို ဆောက်လုပ်စေရန် အားထုတ်ပြန်လေ၏။ မဟာဝိဟာရဝါသီရဟန်းတော်တို့သည် မင်းကို တားမြစ်ခြင်းငှာ မစွမ်းနိုင်သောကြောင့် တဖန်လည်း မဟာဝိဟာရကျောင်းတိုက်မှ တွက်ခွာသွားကြပြန်လေ၏။

ထိုအခါ၌လည်း မဟာဝိဟာရကျောင်းတိုက်သည် ကိုးလပတ်လုံး ရဟန်းတော်တို့မှ ဆိတ်သုဉ်းလျက်ရှိလေ၏။ မဟာသေနမင်းသည်ကား မိမိအလိုအတိုင်း ပင်လျှင် ထိုဇောတိဝနဥယျာဉ်၌ ဇေတဝနဝိဟာရမည်သောကျောင်းကို ဆောက်လုပ်၍ ထိုကုဟကတိဿ မထေရ်အား လှူဒါန်းလေသည်သာတည်း။

ထိုဇေတဝနဝိဟာရ၌ ဒက္ခိဏဂိရိကျောင်းတိုက်မှ သာဂလိယဂိုဏ်းသား ရဟန်းတို့သည် လာ၍နေကုန်၏။ နောက်ကာလ သာသနာတော်နှစ် ၁၀၆၇နှင့် ၁၀၁၀ တို့အတွင်း အမ္ဗသာမဏေရသိလာကာလမင်း၏လက်ထက်၌ ထိုဇေတဝနဝိဟာရဝါသီ ရဟန်းတို့သည် ဝေတုလ္လဝါဒီဂိုဏ်းသားတို့ ဖြစ်လေကုန်၏။

ဤသို့ ပြဆိုခဲ့သည့်အတိုင်း အရှင်မဟိန္ဒထေရ်သ မထေရ် သီဟိုဠ်ကျွန်းသို့ ရောက်သောကာလ(သာသနာတော် ၉၆၅-ခုနှစ်)မှ ရှေးမဆွကပင်လျှင် စင်ကြယ်သော ထေရဝါဒီဖြစ်ကုန်သော မဟာဝိဟာရဝါသီဂိုဏ်းနှင့် ဆန့်ကျင်သော အယူရှိကုန်သော—

| | |
|---|---|
| ၁။ အဘယဂိရိဝါသီဂိုဏ်း | (သာသနာ-၄၅၅) |
| ၂။ သာဂလိယဂိုဏ်း | (သာသနာ-၇၉၇-၈၁၀) |
| ၃။ ဇေတဝနဝါသီဂိုဏ်း | (သာသနာ-၈၂၉-၈၄၅) |

ဟူ၍ သုံးခုသော ဂိုဏ်းတို့ဖြစ်ပေါ်လျက် ရှိနှင့်ကုန်၏။

ထိုသုံးဂိုဏ်းတို့တွင် အဘယဂိရိဝါသီ ဂိုဏ်းသားတို့သည်သာလျှင် အထူးအားဖြင့် ထင်ရှား၍ အားလည်း ကောင်းကုန်၏။ ထိုအကြောင်းကို ချဲ၍ပြရလျှင် အဘယဂိရိဝါသီ ဂိုဏ်းသားတို့သည် စင်ကြယ်သော ထေရဝါဒ ပိဋကကို လည်းကောင်း၊ ဝဇ္ဇိပုတ္တကဂိုဏ်း၌ အတွင်းဝင်သော ဓမ္မရုစိဂိုဏ်းသားတို့၏ ပိဋကကို လည်းကောင်း၊ မဟိံသာသက အစရှိသောဂိုဏ်း၏ ပိဋကကိုလည်းကောင်း၊ မဟာ

http://www.dhammadownload.com



ယာနဂိုဏ်း၏ ပိဋကကိုလည်းကောင်း လက်ခံ သင်ယူပို့ချကုန်၏။ ထိုပိဋကတို့တွင် ဓမ္မရုစိဂိုဏ်း၏ ပိဋကကို လက်ခံထားကြောင်းမှာ ပြခဲ့ပြီးဖြစ်၍ ထင်ရှားသည်သာ။

မဟိသာသက အစရှိသော ဂိုဏ်းတို့၏ ပိဋကကို လက်ခံသည်၏ အဖြစ်မှာမူ ဖာဟီယန်မည်သော တရုတ်ရဟန်းတော်၏ ခရီးစဉ် မှတ်တမ်း အဆိုဖြင့် လည်းကောင်း၊ အဋ္ဌကထာတို့၌ ပယ်ထားသော ဝဏ္ဏပိဋကစသော အမည်၏ အစွမ်းအားဖြင့်လည်းကောင်း သိအပ်၏။ မဟာယာနပိဋကကို လက်ခံသည်၏ အဖြစ်မှာလည်း ထိုအတူပင် သိအပ်ပေ၏။

(အရှင် မဟိန္ဒထေရ် သီဟိုဠ်သာသနာပြု ကြွပုံမှအစ ဤတိုင်အောင် စာသားများမှာ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ် မြန်မာပြန် နိဒါန်းမှ ကောက်နုတ်ဖော်ပြချက်များသာ ဖြစ်ပါသည်။ အပြည့်အစုံကို ထိုနိဒါန်း၌ ရှုပါကုန်။)

## ဝန်ခံချက်

ပြဆိုလတ္တံ့သော နောက်ဆက်တွဲ (ဂ) 'သီရိလင်္ကာ သီဟိုဠ်ကျွန်း ထင်ရှားသောမြို့ရွာဒေသ ကျောင်းကန် စေတီများ ခရီးစဉ် သမိုင်းအချုပ်' မှာ အဋ္ဌကထာ, ဋီကာ, ဒီပဝံသ, မဟာဝံသ, ပါဠိ မြန်မာပြန်များနှင့်တကွ အောက်ပါစာအုပ်များမှ သင့်လျော်သလို ထုတ်နုတ်ပေါင်းစပ်၍ ဖော်ပြလိုက်ပါသည်။

၁။ DICTIONARY OF PALI PROPER NAMES (ဒေါက်တာ မာလလာ ဆေကရ ၁၉၆၀။ D.P.N.)

၂။ ဗုဒ္ဓသာသနိက ပဋ္ဌဝိဝင်ကျမ်းကြီး (တောင်ပေါက်ဆရာတော် ဦးစက္ကပါလ၊ ၁၃၂၀-ခုနှစ်။)

၃။ ဗုဒ္ဓနိုင်ငံတော် ပ-ဒု-တ။ (ဆရာတော် ဦးသံဝရ ဘိဝံသ၊ ဖျာပုံမြို့။ ၁၉၆၈-ခုနှစ်။)

၄။ လင်္ကာဒီပနိုင်ငံခြား ဗဟုသုတ စာအုပ်ကြီး။ (၁၉၃၇-ခုနှစ်မှစ၍ သီဟိုဠ်ဇမ္ဗူဒီပ စသည်၌ နှစ်ပေါင်းများစွာ နေထိုင်လေ့လာခဲ့သော ဘိက္ခုဃောသဓမ္မ၊ မော်သာယာကျောင်း၊ ပုလဲမြို့ ရေးသည်။ ၁၉၅၂-ခုနှစ်။)

၅။ မဟာထေရလလိတ (ဆရာတော် ဦးပညာထေရ်ပုဗ္ဗတ္တိ၊ သီဟိုဠ်၌ ၈ နှစ်ကျော် နေထိုင်၍ B.A.Horns ဘွဲ့ရ၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက် ဂဏဝါစက ဓမ္မာစရိယ ကျမ်းပြုဆရာတော် အရှင်ကေလာသ ရေးသည်။ ၁၃၃၉-ခုနှစ်။)

http://www.dhammadownload.com

## နောက်ဆက်တွဲ (ဂ)

# သီရိလင်္ကာ သီဟိုဠ်ကျွန်း

## ထင်ရှားသော မြို့ရွာဒေသ ကျောင်းကန် စေတီများ

# ခရီးစဉ်သမိုင်းအကျဉ်း

သီဟဠ, တမ္ဗပဏ္ဏိ, လင်္ကာဒီပခေါ် သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာ) သည် ဣန္ဒိယပြည်တောင်ဘက် ဣန္ဒိယပင်လယ်အတွင်း၌ တည်ရှိသည်။ ဣန္ဒိယဆိပ်မှ ၂၂-မိုင်၊ ကာလကတ္တားမှ-၁၂၃၀၊ ရန်ကုန်မှ-၁၂၃၅၊ လန်ဒန်မှ-၄၇၆၀-မိုင် ဝေးကွာ၏။

အလျား ၂၇၀-မိုင်၊ အနံ-၁၄၀-မိုင်၊ အကျယ်စတုရန်း ၂၅၃၃၂-မိုင် ရှိ၏။ ၁၉၃၅-ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေငါးသန်းကျော် ခြောက်သန်းနီးပါး၊ သံဃာ တသောင်း နှစ်ထောင့်လေးရာ (၁၂၄၀၀) ကျော် ရှိသည်။ ယခု လူဦးရေ ၁၃-သန်းခန့် ရှိ၏။

ဝိဇယဗာဟုမင်းသား ဘုရားရှင် ပရိနိဗ္ဗာန်ပြုသည့်နေ့ သီဟိုဠ်ကျွန်း၌ ကူးလာ၍ မင်းပြုသည်။ ထိုအခါမှစ၍ လူနေဒေသ ဖြစ်လာ၏။ မင်းဆက်ပေါင်း ၁၇၇။ ခရစ်–၁၅၀၅-ခုနှစ် ပေါ်တူဂီလူမျိုးများ၊ ၁၆၀၂-၁၆၅၈-ခုနှစ် ဒတ်ချ်(နယ်သာလင်)များ၊ ၁၇၉၆-ခုနှစ် ဗြိတိသျှများ သိမ်းပိုက်ခြင်း ခံရ၏။ ၁၉၄၈-ခုနှစ်၊ ဖေဖော်ဝါရီ ၄-ရက်နေ့ ဒိုမီနီယံ လွတ်လပ်ရေးရ၍ ၁၉၇၂-ခုနှစ် မေလ-၂၂ ရက်နေ့မှစ၍ 'သီရိလင်္ကာ သမ္မတနိုင်ငံ' ဖြစ်လာသည်။

အနောက်တိုင်းသားများက 'စီလုန် (Ceylon)' ဟု ခေါ်၏။

## သာသနာ စတင်ချိန်

ဘုရားဖြစ်တော်မူပြီး ၉-လမြောက် တကြိမ်၊ ၅-ဝါအရ တကြိမ်၊ ၈-ဝါအရ တကြိမ် သုံးကြိမ် ကြွတော်မူဖူး၏။

သာသနာ ၂၃၆–ခုနှစ်၊ တတိယ သံဂါယနာအပြီး ကိုးတိုင်း ကိုးဌာန သာသနာပြုလွှတ်ရာ အသောကမင်းကြီးသားတော် အရှင်မဟိန္ဒ, သမီးတော် သင်္ဃမိတ္တာထေရီမကြီးတို့ ပဓာန သာသနာပြုရာဌာန ဖြစ်ခဲ့၏။ အသောကမင်း နန်းစံ တဆယ့်ရှစ်နှစ်၊ ဒေဝါနံ ပိယတိဿမင်း နန်းတက်စ ခုနစ်လ၊ အရှင်မဟိန္ဒထေရ် ၁၂–ဝါအရ သာသနာ စတင်ပြန့်ပွားသည်။

http://www.dhammadownload.com



မြတ်စွာဘုရား တတိယအကြိမ် ကြွစဉ် နောက်ပါ ရဟန္တာ ၁၀ ပါးရာနှင့် တကွ သမာပတ်ဝင်စားရာ သီတင်းသုံးရာ သမိုင်းဝင် ၁၆-ဌာနတို့၌ စေတီကြီး ၁၆-ဆူ တည်ထားသည်။ သောဠသဌာန ခေါ်၏။

ရှေးမြို့တော်ဟောင်းများ—တမ္ဗပဏ္ဏိ၊ ဥပတိဿ၊ မဟာဂါမ၊ အနုရာဓ၊ သီဟဂိရိ၊ ဟုင္ဒက္ကိ။ ယခု မြို့တော်အမည် ကန္ဒီ(သေခ်ဏ္ဍသေလ)၊ ကိုလမ္ဗို(ကောလမ္ဗ)။ ရှေးအရန်မြို့ အမည်များ—ဂါလု၊ မဟာတိတ္ထ၊ ရတနပုရ၊ တိကောဏ၊ မလယ။

## သမိုင်းဝင် ၁၆-ဌာန

၁။ မဟိယင်္ဂဏစေတီ
၂။ နာဂဒီပစေတီ
၃။ ကလျာဏီစေတီ
၄။ စက်တော်ရာစေတီ
၅။ ဒိဝါဂုဟာစေတီ
၆။ ဒီဃဝါပိစေတီ
၇။ မုတိယင်္ဂဏစေတီ
၈။ တိဿမဟာဝိဟာရစေတီ
၉။ ဒက္ခိဏာသာခါ-မဟာဗောဓိ
၁၀။ မရီစဝဋ္ဋိ (ကုဋ္ဌ)စေတီ
၁၁။ မဟာစေတီ
၁၂။ ထူပါရာမစေတီ
၁၃။ အဘယဂိရိစေတီ
၁၄။ ဇေတဝနစေတီ
၁၅။ သိလာစေတီ
၁၆။ ခိရစေတီ။

(ပါရာဇိကကဏ် အဋ္ဌကထာ၌ ၁၊ ၃၊ ၆၊ ၇၊ ၉၊ ၁၁၊ ၁၂- ခုနစ်ဌာန သာလာသည်။)

## အနုရာဓ

အနုရာသည် မူလ ဝိဇယမင်းသား၏ အမတ်က ရွာတည်၏။ နောက် ပဏ္ဍုဝါသုဒေဝနှင့် ဘဒ္ဒကစ္စာနာ သာကီဝင်မင်းတို့တွင် သားခုနစ်ဦးရှိရာအနုရာမနှင့် ရောဟဏတို့သည် အသီးအသီး ရွာတည်၍နေကြရာမှ အနုရာဓရွာ၊ ရောဟဏရွာများ ဖြစ်ပေါ်လာသည်။

အနုရာဓကား ကျွန်းမြောက်ပိုင်း ကဒမ္ဗမြစ်ကမ်း(ကိုလံဗိုမှ အရှေ့မြောက် ၁၂၇-မိုင်၊ ဣန္ဒိယသွား တလိုင်းမင်းနား သဘော်ဆိပ်မှ ၈၂-မိုင်)၌ တည်ရှိ၏။ (ရောဟဏ နောက်မှာကြည့်။) အနုရာဓရွာမှ နေပြည်တော်အဖြစ်သို့ သာကီဝင် အနုရာဓ မင်းသား၏တူ့တော် ပဏ္ဍုကာဘယ (၃၉၄-၃၀၇-ဘီ-စီ) မင်းက မူလ ဥပတိဿရွာမှ ပြောင်းရွှေ့ နန်းစိုက်ရန်တည်၏။ မူလအနုရာဓရွာ အနီး၌ပင် အနုရာဓ နက္ခတ်နှင့်စန်း ယှဉ်ခိုက် တည်ထောင်၍ သုံးထပ်ကျွမ်း အနုရာဓ မည်လေတော့သည်။

http://www.dhammadownload.com



ခရစ်မပေါ်မီ နှစ်ပေါင်း ၄၁၀-ဘီ-စီခန့်မှ စ၍ ခရစ်ပေါ်ပြီး ၁၁၀၉-အေ- ဒီ-တိုင်အောင် နှစ်ပေါင်း ၁၅၁၉-နှစ်တိုင်တိုင် မင်းဆက် ၉၀-ကျော် အုပ်စိုးခဲ့၍ စည်ကားသော သက်တမ်းရှည် နေပြည်တော်ကြီး ဖြစ်ရုံမျှမက သာသနာ့အချေစိုက်ဌာန ဘူမိနက်သန်လည်း ဖြစ်ခဲ့၏။

ပဏ္ဍုကာဘယ စတင် မြို့တည်စဉ် ၁၆-မိုင်ပတ်လည် ကျယ်ဝန်း၏။ လမ်းမကြီး လေးသွယ်၊ ရာထူး အမျိုးအဆင့်အလိုက်နေရန် ရွာကြီးများ၊ အိမ်ကြီးများ၊ ဇယဝါပိ၊ အဘယဝါပိ ရေကန်ကြီးများ စသည်ဖြင့် ခမ်းနားကြီးကျယ်စွာ တည်ထောင်၏။ ကြက်ပျံမကျ စည်ကားသည်။ တံတိုင်းမြို့ရိုး ၁၈-တောင် မြင့်၏။ နေ့ည အစောင့်များထားပေး၏။ (ယခုအခါ တံတိုင်းအရာမျှကိုပင် မတွေ့ရပြီ။)

သာသနာမရောက်လှာသေးသော်လည်း ဂျိန်းဘာသာ၊ အာဇီဝကတက္ကဒွန်းပရိဗိုဇ်၊ ဗြာဟ္မဏ စသော ဘာသာရေး ပုဂ္ဂိုလ်များ အတွက်လည်း သီးသန့်အဆောက်အအုံ အထောက်အပံ့များ ပေးထားသည်။

၎င်း၏သားတော် မုသိဋ္ဌိဝ လက်ထက်တွင်ကား သာသနာဝင်၌ နာမည်ကျော်ကြားသော မြို့တောင်ဘက် မဟာမေဃဝန် ဥယျာဉ်ကြီးနှင့်တကွ နန္ဒနခေါ် ဇောတိဝန ဥယျာဉ်များကိုလည်း တည်ထောင်၏။ ၎င်းသားတော် ဒေဝါနံပိယတိဿ (၂၄၇-၂၀၇-ဘီ-စီ) လက်ထက်တွင် ယင်းမဟာမေဃဝန် ဥယျာဉ်ကြီးကို သံဃာ့အရာမ်အဖြစ် သိမ်သမုတ်၍ အရှင်မဟိန္ဒအား လှူ၏။ အလွန် ကြီးကျယ်ခမ်းနားသော မဟာဝိဟာရ ကျောင်းတော်ကြီးကိုလည်း လှူသည်။ သီဟိုဠ်ကျွန်း၌ ပထမဆုံး သာသနာမျိုးစေ့ ချတော်မူသည်။

## မျက်မြင်ကိုယ်တွေ့ ရှေးနှင့်ယခု
## သာသနာ့ အဆောက်အအုံများ

ဒက္ခိဏသာခါ မဟာဗောဓိပင်ကိုလည်း ထိုဥယျာဉ်၌ပင် စိုက်ပျိုးပူဇော်ထားလေသည်။ ဒုဋ္ဌဂါမဏိမင်း လက်ထက် တည်သော မဟာစေတီကြီးမှာ ဒက္ခိဏသာခါ ဗောဓိပင်နှင့် သုံးဖာလုံခန့်သာ ဝေး၏။ မဟာဗောဓိနှင့် လောဟပါသာဒ (ကြေးပြာသာဒ်ကြီး)မှာ တောင်နှင့်မြောက် (ယခုအခါ ကားလမ်းမျှသာ ခြား၍)အတောင်လေးဆယ်မျှသာ ကွာသည်။

## ထူပါရာမ စေတီနှင့်ကျောင်း

မဟာစေတီကြီး၏ မြောက်ဘက် နှစ်ဖာလုံအကွာ မြို့တော်၏တောင်ဘက် တံခါးမုခ်အနီးတွင် ထူပါရာမ စေတီတော်ကြီးရှိ၏။ ဒေဝါနံပိယတိဿကောင်းမှု၊

http://www.dhammadownload.com



အမြင့် သံတောင် ၃၀-ခန့်၊ လုံးပတ် ၁၂၁-တောင် ၁-မိုက်၊ ဘုရားရှင်၏ခါတ်တော် တသပိတ်နှင့် လကျာ်ညှပ်ရိုးတော် ဌာပနာ ထားသည်။ ကကုသန်, ကောဏာဂုံ, ကဿပဘုရားသုံးဆူတို့၏ ရေစစ်၊ ခါးပန်း၊ ရေသနုပ်တော်များလည်း ဌာပနာ ထား၏။

ထိုအနီး နာမည်ကျော် မဟာဝိဟာရနှင့် စပ်လျက် ထူပါရာမ (ထူပါရုံ) ကျောင်းတော်ကြီးလည်း တည်ရှိ၏။ (ယခုအခါ ၁၃- ပေခန့် အမြင့်ရှိသော ကျောက်တိုင်များကိုသာ တွေ့ရတော့၏။) မဟာ ဝိဟာရ၏ အခြံအရံများကား များပြားလှပေသည်။

ထူပါရုံစေတီ၏ အရှေ့ဘက် တဖာလုံ၌ မူလ စွယ်တော် တိုက်ကြီး (ကိတ္တိသီရိမေဃကောင်းမှု)ရှိ၏။ (ယခု ကျောက်တိုင် ကျောက်ထုပ်လျှောက်များ တင်ကျန် ရှိသေးသည်။)

ထိုမှ တဖာလုံလောက်တွင် သင်္ဃမိတ္တာထေရီမကြီး၏ ကျောင်းနှင့် ထို၏ အနောက်မြောက် အတောင် ရှစ်ဆယ်လောက်တွင် ထေရီမကြီး၏ အရိုးခါတ် စေတီတဆူ ရှိသည်။

ထူပါရုံစေတီ၏ အနောက်ဘက် တဖာလုံအရပ်၌ ဝိနည်းအကျော် မဟာ ပဒုမ မထေရ်ကြီး၏ ကျောင်းတိုက်ကိုလည်း တွေ့နိုင်လေသည်။

## သာသနာဆယ်ရာစု အနုရာဓ

တရုတ်ရဟန်းတော် ဖာဟီယန် (သာသနာ- ၉၅၄-၉၅၆) ရောက်စဉ်က အနုရာဓသည်ပင် ကြည်နူးဖွယ် အတိရှိပေသေး၏။ ဆောင်းနွေမခြား ဥတုရာသီ ကောင်း၍ သီးနှံနှင့် ကျောက်မျက်ရတနာများ၊ ပုလဲများ ပေါကြောင်း၊ မဟာ ဝိဟာရ၌ သံဃာ ၃၀၀၀၊ အဘယဂိရိ၌ သံဃာ-၅၀၀၀၊ မြို့တွင်း လမ်းဆုံလမ်းခွ တို့၌ လစဉ်ဥပုသ်နေ့တိုင်း တရားဟောပြော နာယူကြကြောင်း စသည် ပြဆိုထားရာ ယခုအခါ အလွန် ပျူပြင်းခြောက်သွေ့၍ အရသာမရှိသော သောက်ရေပင် မလုံ လောက်။ ငှက်ဖျားရောဂါပင် စွဲတတ်သည်ဆို၏။ အိမ်ခြေလည်း ၅၀၀-ဇတ်ဝန်း ကျင်မျှသာ ရှိတော့၍ မြန်မာနိုင်ငံ ပုဂံမြို့ကြီးသဖွယ် ရှိလေ၏။

ပုဂံမြို့ကြီး ဥယျာဉ်ဗိမာန် ချောင်းကန် စိမ့်စမ်းတို့ဖြင့် စိမ်းလန်း စိုပြည် ကြောင်း။ မိုးလေဝသ ကောင်းမွန်၍ သီးနှံကိုင်းကျွန်း ဖြစ်ထွန်းလှကြောင်း ‘ပေါင်လောင်ရှင် ကဿပ’ ရေး ပါဠိဘာသာ သဟာဿရံသီခေါ် ဗောဓိဝင်ဋီကာ နိဂုံးမှ ပုဂံပြည်ကြီးနှင့် ယနေ့ ပုဂံသည် ဒဏ္ဍာရီပမာ ခြားနားလှသကဲ့သို့ပင်တည်း။

http://www.dhammadownload.com



## အဋ္ဌကထာ သာသနာသာ ပဓာန

ထို့ကြောင့် ဗဟိဒ္ဓသာသနာ အပြင်ဗန်း ရုပ်ဝတ္ထုတို့သည် အရေးမကြီး၊ လိုအပ်ရုံမျှသာ ထူထောင်သင့်၏။ သင်္ခါရတရားများဖြစ်၍ ကျောက်တိုင် ကျောက်သားပင် အနှစ်တရာပင်မခံ။ အဇ္ဈတ္တိက သာသနာသာ အရေးကြီးပေသည်။ အမှန်တရား တခုနှင့် ယုံကြည်မှု တည်ရှိနေပါသေးသမျှ သာသနာသည် ခိုင်မာလျက်ပင်တည်း။

## မဟာစေတီနှင့်လောဟပါသာဒ

အနုရာဓ၌ ဒုဋ္ဌဂါမဏိမင်းကြီး(၁၀၁-၇၇-ဘီစီ)၏ ကောင်းမှု မဟာစေတီကြီးနှင့်လောဟပါသာဒ ကြေးပြာသာဒ်ကြီးအကြောင်း(အခန်း ၁-စာကိုယ်၌)ရေးခဲ့ပြီ။ မရိစဝဋ္ဋိကုဋ္ဌစေတီများလည်း ရေးခဲ့ပြီ။

မဟာဝိဟာရကျောင်းတိုက်ကြီးတွင်းရှိ ဘုံ ၉-ဆင့်ကြေးပြာသာဒ်ကြီးကား တည်ဆောက်ပြီး မကြာမီ မီးခဲ၍ ညီတော် သဒ္ဓာတိဿမင်းက ဘုံ ၇-ဆင့်ချို့ကာ ပြန်၍ တည်ဆောက်ခဲ့သည်။ မြတ်စွာဘုရား ပထမအကြိမ် ကြွစဉ် သမာပတ် ဝင်စားရာ ဌာန၌ ဆောက်ထားသည်။

ယခုအခါ သံဃာ့မိတ္တာ ဗောဓိပင်အနီး ၁၂-ပေခန့်မြင့်သော ကျောက်တိုင် အတန်းပေါင်း ၄၀-အတိအကျရှိ၍၊ တတန်းလျှင် တိုင်ပေါင်း ၄၀-စီရှိရာ စုစုပေါင်း တိုင် ၁၆၀၀ ရှိလေသည်။

အနုရာဓသည် ဒုဋ္ဌဂါမဏိ မတက်မီကလည်းကောင်း၊ တက်ပြီးနောက်တွင်လည်းကောင်း၊ ဝဋ္ဋဂါမဏိ(၂၉-၁၇-ဘီစီ)လက်ထက် မတိုင်မီနှင့် နောက်နောက် ကာလများတွင်လည်းကောင်း၊ဒမိဠ=ကျေးကုလားစသော အတွင်းအပြင် သာသနာအန္တရာယ်အသွယ်သွယ်တို့နှင့်ရင်ဆိုင်ခဲ့ရလေရာ ဖျက်၍မရသော ကျောင်းတိုက်ကြီးများနှင့်တွဲ၍ တည်ခဲ့သော စေတီကြီးများကသာ သမိုင်းကို ဖော်ပြတော်မူနေကြရလေသည်။

မဟာသေနမင်း(၄၁၂-၄၃၄-အေဒီ)လက်ထက် အနုရာဓနှင့်မဟာဝိဟာရသည် ကမ္ဘာတခွင် ကျော်ကြား၍ အရှင်မဟာဗုဒ္ဓဃောသစသော နိုင်ငံခြားမှ ဗုဒ္ဓစာပေပညာရှင် အများအပြား လာရောက်လေ့လာရာ ဗုဒ္ဓဘာသာ ထေရဝါဒ တက္ကသိုလ်ကြီး ဖြစ်ခဲ့လေသည်။

၁၁-ရာစု၌မူ လူနေအိမ်ခြေ ဆိတ်သုဉ်းကာ တောကြီးအတိ ဖြစ်ခဲ့ရဖူးလေသည်။

http://www.dhammadownload.com



## ရောဟဏ၊ မဟာဂါမ

ရောဟဏ(ရုဟုန)ကား သီဟိုဠ်ကျွန်း ရှေးဦးနယ်ကြီး သုံးနယ်တို့တွင် တခုဖြစ်ခဲ့၏။ မြောက်ဘက်နယ်နိမိတ် မဟာဝါလုကဂင်္ဂါ (မဟာဝေလိဂင်္ဂါ)၊ ထိုမှ အရှေ့တောင်ဒေသတခုလုံးကို ခေါ်သည်။ နေပြည်တော်ကား မဟာဂါမ (မာဂမ်ပုရ)၊ မဟာတိတ္ထ(မာတရ)ဆိပ်မှ ၆၂-မိုင်သွားလျှင် မဟာဂါမနယ် ရောက်၏။

အနုရာဓ၌ ဒေဝါနံပိယတိဿ မင်းကြီး နန်းစံစဉ် ညီတော် အိမ်ရှေ့မင်းသား မဟာနာဂသည် နောက်ပါ အခြံအရံများနှင့် ပြောင်းရွှေ့သည်မှစ၍ ရောဟဏနယ် ထင်ရှားလာ၏။ မဟာဂါမလည်း နေပြည်တော်တခု ဖြစ်လာ၏။ မဟာနာဂအမည်ရှိသော ကျောင်းတိုက်ကြီးစသည်တို့ကိုလည်း တည်ဆောက်၏။

မဟာနာဂ၊ သားတော် ယဋ္ဌာလတိဿ၊ ၎င်း၏သားတော် ဂေါဋ္ဌာဘယ၊ ၎င်း၏သားတော် ကာကဝဏ္ဏတိဿ-မင်းလေးဆက်တိုင် မဟာဂါမနေပြည်တော်၌ စိုးစံ၏။ သားတော် ဒုဋ္ဌဂါမဏိလက်ထက်တွင် အနုရာဓသို့ ရွှေ့ပြောင်း နန်းစိုက်သည်။ ဒုဋ္ဌဂါမဏိ၏ ဇာတိမြေတည်း။

ယဋ္ဌာလတိဿဟူသည် ကလျာဏီတိဿပင်တည်း။ မဟာဂါမ၏ ပင်လယ်ကမ်းခြေ ၁၆-မိုင်အကွာ ကလျာဏီမြစ်အနီး၌ ရွှေ့ပြောင်း နန်းစိုက်၍ ကလျာဏီတိဿ ခေါ်၏။

## တိဿမဟာဝိဟာရနှင့်စိတ္တလတောင်

မဟာဂါမ၌ ကာကဝဏ္ဏတိဿမင်းကြီး သာသနာ ၃၁၅-ခုနှစ်၊ မင်းပြုစဉ် နာမည်ကျော် တိဿမဟာရာမခေါ် **တိဿမဟာဝိဟာရ**ကျောင်းတော်ကြီးနှင့်တကွ သာသနာ့ အဆောက်အအုံ ၆၄-မျိုး တည်ထားခဲ့၏။ နဖူး သင်းကျစ်တော်ကို ဌာပနာ၍ တည်ထားသော တိဿမဟာရာမစေတီလည်း ထိုကျောင်းတော်ကြီးအနီး၌ ရှိ၏။ ကိုလံဗိုမှ ၁၆၇-မိုင် ခရီး၊ ယခု တိဿမဟာရာမမြို့ပင် ဖြစ်နေ၏။

ယင်းမြို့မှ ၁၂-မိုင်အကွာ၌ ကတ္တရဂါမစေတီကြီး ရှိ၏။

တိဿမဟာရာမမှ ၁၈-မိုင်ဝေးသော **စိတ္တလတောင်ကြီး**ကား အဋ္ဌကထာတို့၌ မကြာခဏတွေ့ရသော ရဟန္တာပေါင်း မြောက်မြားစွာ ထွက်ပေါ်ရာဌာနကြီး ဖြစ်၏။ ဥတုရာသီ ညီညွတ်မျှတ သဘာဝအေးချမ်း၍ နိဗ္ဗာန်ဆိုပ်ကမ်းတက်လှမ်းရာ အောင်မြေကြီးပင်တည်း။

http://www.dhammadownload.com



## အဘယဂိရိနှင့်ဖာဟီယန်

ဝဋ္ဋဂါမဏိမင်းလက်ထက် (သာသနာ၄၅၅)တွင် မဟာစေတီ၏မြောက်စူးစူး၊ မဟာဝိဟာရကျောင်းတိုက်ကြီး၏အရှေ့မြောက်ဘက် တမိုင်ခန့်၌ အဘယဂိရိ ကျောင်းတော်ကြီး တည်ခဲ့၏။ မူလက မဟာဝိဟာရ ဂိုဏ်းဝင်ဖြစ်သော်လည်း ဒကာ,ဒကာမများနှင့်ရောနှောနေသဖြင့် မဟာဝိဟာရမှ ထုတ်ပယ်ရာ အဘယဂိရိဂိုဏ်း ဖြစ်သွားသည်။ နောင်သောအခါ မဟာယာန၊သင်္ဂီတိ၊ ဝေတုလ္လမိစ္ဆာအယူများပင် ဝင်လာ၍ လုံးဝပျက်စီးသွားသည်။

မင်းကြီး စစ်ပြေးစဉ်က ထမင်းကျွေးဖူးသော ကျေးဇူးကို ထောက်၍ အရှင်မဟာတိဿထေရ်အား စတင် ကျောင်းလှူခဲ့သည်။

ယင်း ကျောင်းတိုက်ကြီးအတွင်း လုံးပတ်ပေ ၉၀၀၊ ဉာဏ်တော်အမြင့် ၂၃၅-ပေရှိ အဘယဂိရိ စေတီကြီးကိုလည်း တည်ထား၏။ ယခု စေတီကြီးကို ထောက်၍သာ ကျောင်းနေရာကို သိရတော့သည်။

တရုတ်ရဟန်းတော် 'ဖာဟီယန်'သည် အဘယဂိရိ၌ နှစ်နှစ် တိုင်တိုင် နေထိုင်သွားကာ ထေရဝါဒပိဋကအနည်းငယ်နှင့် မဟာယာနပိဋကများ ကူးယူသွား၏။ မျက်မြင်ကိုယ်တွေ့ သီဟိုဠ်ကျွန်းအကြောင်းကိုလည်း ရေးသားခဲ့သည်။

## ဇေတဝနစေတီနှင့်ကျောင်း

ဝေါဟာရိကတိဿမင်း၏ သားငယ် မဟာသေနမင်း (၂၇၇-၃၀၄-အေဒီ)သည် ပထမတွင် မိတ်ဆွေဆရာယုတ် သံဃမိတ္တနှင့်သောဏအမတ်တို့ကို အမှီပြု၍ မဟာဝိဟာရနှင့် အဘယဂိရိကျောင်းများကို သိမ်းယူဖျက်ဆီး၍ ဆွမ်းမလောင်းရန် အမိန့်ထုတ်ခဲ့၏။

နောက် မိတ်ဆွေအမတ်ကြီး မေဃဝဏ္ဏာဘယနှင့် တိဿမထေရ်တို့ကြောင့် ပြန်လည်ကြည်ညိုကာ မဟာဝိဟာရ၏ အရှေ့မြောက်ယွန်း၊ အဘယဂိရိ မြောက်တမိုင်ကျော်လောက် ဇောတိဉယျာဉ်အတွင်း ဇေတဝနကျောင်းတော်ကြီးနှင့် လုံးပတ်ပေ ၁၁၀၀၊ ဉာဏ်တော်အမြင့် ၂၃၁-ပေရှိ ဇေတဝန စေတီကြီးကို ဆောက်လှူခဲ့သည်။

မဟာဝိဟာရနယ်မြေပေါ်၌ ဆောက်ခဲ့သော်လည်း နောက်ပိုင်းတွင် ( ဟာဝိဟာရအယူနှင့် ခြားနားခဲ့လေပြီ။

http://www.dhammadownload.com



## လံကာရာမစေတီ ကျောင်း

ဇေတဝနကျောင်းကြီးမှ အနောက်မြောက် တာ-၂၀၀ ခန့်တွင် လံကာရာမစေတီ (၁၅၀-၅၀-ပေရှိ) ရှိ၏။ ဝဋ္ဋဂါမဏိစစ်ရှုံးစဉ် သိလာသောဘကဏ္ဍက ရွာ၌ ခိုလှုံရဖူးသည်ကိုအကြောင်းပြု၍ သိလာသောဘကဏ္ဍကစေတီ သမုတ်ခဲ့၏။ လံကာရာမမင်းသမီး ဆောက်လှူသော လံကာရာမကျောင်းကြီးလည်း ရှိ၏။မူလ သောမာရာမ (တုမူလသောမ)၊ ကျောင်းတော်နေရာဟုလည်း ဆိုကြ၏။

## ဣဿရမုနိစေတီ, ကျောင်း

ဣဿရမုနိစေတီနှင့် ကျောင်းတော်ကြီးကို ဒေဝါနံပိယတိဿ တည်ထားသည်။ အရှင်မဟိန္ဒထံ မင်းမျိုးမှ အမျိုးသား ၄၀၀ ရဟန်းပြု၍ သီတင်းသုံးသော ကျောင်းကြီးဖြစ်သည်။

တိဿဝါပိ (တိဿရေကန်)၏ အရှေ့ဘက်၌ကပ်လျက် တည်ရှိ၏။

## အသောက မာလာကျောင်း

အသောကမာလာ ပန်းပဲသမားသမီးနှင့် ဝိဇိတာဝီမြို့ အိမ်ရှေ့မင်းသား ကိုကောင်းမှု အသောကမာလာကျောင်းခေါ်၏။

ကန်ညီနောင် (Twin pond) မှ အနောက်မြောက်သုံးမိုင်ခန့်၌ရှိသည်။

## ဝိဇယာရာမ ကျောင်းတိုက်

အသောကမာလာကျောင်းကြီး၏ အနောက်တောင်တောစပ်ရှိ ချောင်းကလေးကို ကျော်၍ မိုင်ဝက်လောက်သွားလျှင် ဝိဇယမင်းသား ပထမစခန်းချရာ၌ စေတီတည်ရှိ၏။ ဝိဇယာရာမကျောင်းတော်ပျက်ကြီးလည်း ရှိသည်။

စာသဒ္ဒါသုန်သော ရဟန်းငယ်နှစ်ပါးအား ကမ္မဋ္ဌာန်းမပေးပဲ ကြိမ်းမောင်းလွှတ်သော မထေရ်ကြီး သီတင်းသုံးသည့်ကျောင်းသည် ဤဝိဇယာရာမ ပင် ဖြစ်ဖွယ်ရှိ၏။

အဘယဂိရိနှင့်မုနိဿရ (မဟာစေတီဌပနာရန်ရုပ်လုံးများခေတ္တထားရာ) ကျောင်းကြီး၌ သံဃာတော်များ ယာဂုဆွမ်းထည့်လှူရန် ကျောက်သားပကတိ စရွေးလျှို၍ ပြုလုပ်ထားသော ကျောက်လှေကြီးများ အဝအနံ ၂-တောင်၊ ဇောက် ၂-တောင်ရှိ၍ အလျားမှာ အတောင် ၃၀-မှ ၄၁-တောင်အထိ ရှိနေ သေးသည်။

http://www.dhammadownload.com



## နောင်းခေတ်မြို့တော်များနှင့် အခြားသမိုင်းဝင်ဌာနများ
## သီဟဂိရိမြို့

တမ္ဗပဏ္ဏိ၊ ဥပတိဿ၊ အနုရာဓ (မဟာဂါမ) ပြီးလျှင် စတုတ္ထမြောက် မြို့တော်၊ အဖယသတ်သီရိကဿမင်း နန်းစံရာ မလယဒိစတြိတ်ရှိ တောင်ပေါ်မြို့။ ('သိဂိရိယ' ဟုခေါ်ကြသည်။)

## ပုလတ္ထိ=ပေါလောန္နရုဝ

ခုဒ္ဒဂ္ဂ(ကိတ္တိဂ္ဂ) ပောဓိမင်း နန်းစိုက်ရာမြို့။ ကောလံဗိုမှ အရှေ့မြောက်မိုင် ၁၆၀, အနုရာဓမှ ၆၄-မိုင် ဝေး၏။

ပရက္ကမဗာဟုမင်းကြီးလက်ထက် နှစ်ပေါင်း ၁၂၀၀-ကျော်ခန့် ကဲ့ပြား လာခဲ့ကြသော ဂိုဏ်းကြီးသုံးဂိုဏ်းညီညွတ်ရေးလုပ်ရာမြို့။ ဝိနယသင်္ဂဟအဋ္ဌကထာ, သာရတ္ထ, အင်္ဂုတ္တရဋီကာစသော ကျမ်းများကိုပြုစုသူ အရှင်သာရိပုတ္တာရာ၊ အရှင် သုမင်္ဂလသာမိ (ဋီကာကျော်)၊ အရှင်မောဂ္ဂလာန် (အဘိဓာနပ္ပဒီပိကာ) စသော ကျမ်းပြုပညာရှင်ကြီးများ သီတင်းသုံးရာ ဌာနဖြစ်သည်။

## ကန္ဒီ (သေခ်ဏ္ဍသေလ) မြို့

မူလသေခ်ဏ္ဍသေလကို သီဟိုဠ်သားတို့က သေက်ဥဂလခေါ်၍ သိုးဆောင်း လူမျိုးများက ကန္ဒီဟုခေါ်သော မြို့တော်။

မင်းဆက်ပေါင်း ၁၉၀-တို့တွင် နောက်ဆုံးသီရိဝိက္ကမရာဇသီဟ (အင်္ဂလိပ် ပါမင်း) လက်ထက်တိုင် စိုးစံရာမြို့။ကလိင်္ဂတိုင်းမှရောက်လာသော လက်ဝဲအောက် စွယ်တော်ဓာတ်မြတ်ကိန်းဝပ်ရာ ဌာနဖြစ်သည်။

ကိုလံဗိုမှ ၇၂-မိုင်ဝေး၍ ယခုအခါ ဒုတိယမြို့တော်ကြီး ဖြစ်သည်။

## ကိုလံဗို(ကောလမ္ဗ)

ပေါ်တူဂီနှင့် အင်္ဂလိပ်တို့၏သင်္ဘောဆိပ်မြို့၊ ယခုအခါအကြီးဆုံး မြို့တော်။

## ဂါလု=ဂါလ္လမြို့

ဒတ်ချ်လူမျိုးများ၏ သင်္ဘောဆိပ်မြို့။ ကိုလံဗိုမှ မိုင် ၇၀-ဝေး၏။ ယခု အခါ တတိယမြို့တော်။

http://www.dhammadownload.com



## မဟာတိတ္ထ=မာတရ

ကိုလံဗိုမှ အရှေ့တောင်ဘက် မိုင် ၁၀၀၊ တောင်ဘက် မီးရထားလမ်းဆုံး၊ ယခုအခါ စတုတ္ထမြို့တော်ဖြစ်သည်။

## ရတနပုရ

ရှေးအနှစ် ၈ါးဆယ်ငှကျော်လောက်က များစွာကျယ်ဝန်းသော မြို့ဖြစ်၏။ မြတ်စွာဘုရားရှင်၏ ခြေတော်ရာတည်ရှိရာ သမန္တကူဋ (သုမနကူဋ) တောင်မှ တောင်ဘက်အနီးအရပ်၌ တည်ရှိသည်။

ကိုလံဗိုမှ အရှေ့တောင် ၄၅-မိုင်ခန့်အကွာ၌ ရှိသည်။

## ရှင်မဟိန္ဒ နှင့် မိဿက (စေတိယ) တောင်

အနုရာဓမှ အရှေ့မြောက် ၈-မိုင်ကွာ၌ မိဿကတောင်ရှိသည်။ မေတိယ ဂိရိ=စေတိယပဗ္ဗတတောင်ဟုလည်း ခေါ်၏။ သဲကျောက်နှစ်မျိုး ရောစပ်နေ၍ မိဿကတောင်ဟုခေါ်သည်။ မဟိန္ဒတ္ထလမှ 'မဟိန္ဒလေ့' ဟု ပြောင်းလဲ၍လည်း ခေါ်ကြသည်။

အငှကထာတို့၌ ဤအမည်ကို များစွာတွေ့နိုင်၏။ လှေကားထစ်ပေါင်း ၂၀၀၀-ရှိသော တောင်တက်လှေကားမှာ တရုတ်စကားပင်များ ဝဲယာစီရီ စိုက်ပျိုး ထားရာ ကြည်နူးဖွယ်ရှိလှပေသည်။

ယင်းတောင်၌ ဥက္ကာလုံမွေးရှင်တော်ခေတ် ဌပနာထားသော ၁၆ ဌာနအဝင်အပါ သိလာစေတီတော်လည်း ရှိ၏။

အရှင်မဟိန္ဒရဟန္တာ အရှင်မြတ်ကြီး သီတင်းသုံးတော်မူသော ကျောင်း တိုက်၊ နေ့သန့်စင်ရာလိုဏ်ဂူ၊ နတ်ပြဟ္မာများ တရားနာလာရန် သုမနသာမဏေ ကြွေးကြော်ဖိတ်ကြားရာဖြစ်သော ကျောက်တုံးကျောက်ဖျာများ ရှိသည်။

ထိုတောင်၌ ဒေဝါနံပိယတိဿမင်းကြီးနှင့် အရှင်မဟိန္ဒတို့ စတင်တွေ့ဆုံရာ ဖူးတွေ့ရသော သရက်ပင်ပေါက်သောကုန်းမြေကို ထေရမ္ဗတ္ထလ (ထေရ=မထေရ်+ အမ္ဗ=သရက်ပင်+ထလ=ကုန်း)ဟု ခေါ်သည်။

အရှင်မဟိန္ဒ သာသနာ ၂၈၄-ခုနှစ် ပရိနိဗ္ဗာန်ပြု၍ ဒေဝါနံပိယတိဿ၏ ညီတော် ဥတ္တိယမင်းက အရိုးဓာတ်တော်များကို စေတီတည်ထား၏။ အမ္ဗတ္ထလ စေတီခေါ်သည်။ (ဓာတ်ပုံ၌ကြည့်ပါ။)

http://www.dhammadownload.com



ကာဠဒ္ဒန္တမှရကြွတမထေရ် ကာဠကာရာမသုတ္တန်ဟောစဉ်က သီတင်းသုံးသော တည်ပင်ညီပေါက်ရာ အရပ်ကား ယင်းတောင်တော်၏အနီး အနောက်တောင် ထောင့်၌ ယခုတိုင် တွေ့နိုင်၏။

## မဟိယင်္ဂဏ စေတီ

သီဟိုဠ်ကျွန်း ပထမဆုံးစေတီ၊ ဆံတော်တဆုပ် နှင့် လည်ရိုး ဓာတ်တော် ဌာပနာထား၏။

ကန္ဒီမှ ၄၅-မိုင်ကွာ အရှေ့မြောက်ယွန်း၊ 'အလုတ်နုရှဝ' မြို့အနီး။

## မုတိယင်္ဂဏ စေတီ

ဘုရားရှင် ရှစ်ဝါမြောက်ကြွစဉ် သမာပတ်ဝင်စားရာဌာနဋ္ဌ ဒေဝါနံပိယ တိဿမင်း တည်သည်။

ကိုလံဗိုမှ ၁၃၆-မိုင်ကွာလှမ်းသော ဘဒ္ဒုလမြို့၌ ရှိသည်။ ယင်းမြို့ဘူတာမှ ၁၈-မိုင်ခန့် သွားရသေးသည်။

## ကလျာဏီ စေတီ

ကိုလံဗိုမှ အရှေ့ငါးမိုင်ခန့်။ ဘုရားရှင် ရတနာမဏ္ဍပ်အတွင်း တရား ဟောစဉ် သီတင်းသုံးသော ရတနာပလ္လင်ကို ဌာပနာထားသည်။

## မင်္ဂလာ စေတီ

နဖူးသင်းကျစ် အသမ္ဘိန္န အရိုးတော်ဓာတ်နှင့် ဆံတော်နှစ်ဆူ ဌာပနာ၍၊ ကာကဝဏ္ဏတိဿမင်းတည်သည်။ လုံးပတ် ၂၈၀-ပေ၊ ဉာဏ်တော် ၁၀၀-ပေ။

ဝိဟာရဒေဝီ၏မောင်တော် စူဠပိဏ္ဍပါတိကတိဿထေရ်၏တပည့် ဆဋ္ဌဘိည ရဟန္တာဖြစ်တော်မူသော သိဝမထေရ်သည် တပုဿ, ဘလ္လိကတို့ရရှိသော ဆံတော် ရှစ်ဆူတွင် နှစ်ဆူကို မေ့လျော့နေကြစဉ် ဇယသေန နဂါးမင်း ပူဇော်ထားရာမှ ပင့်ဆောင်လာခဲ့သည်။

ပုလတ္ထိမြို့မှ ၇၂-မိုင်၊တရိန်ကော်မာလီမြို့မှ -၂၈မိုင်၊(သေရုဝါဝီလမင်္ဂလာ မဟာစေတီဟုလည်း ခေါ်၏။)

## သောမာဝတီ စေတီ

အရှင်မဟိန္ဒထံမှရသော ဘုရားရှင်၏ လကျ်ာ စွယ်တော်ကို ဌာပနာ၍ ပဒေသရာဇ်ဘုရင် ဂီရိအဗာ (သေလာဘယ)က သာသနာ ၃၃၉-ခုနှစ် တည်၏။

http://www.dhammadownload.com



မိမိ၏မိဖုရားအမည်ကိုယူ၍ ဘွဲ့တော်မှည့်သည်။ လုံးပတ် ၂၂၅-မေ၊ ဉာဏ်တော် ၁၅၀-ပေ။

ပုလတ္ထိမှ ၁၄–မိုင်ခန့်။

## အရှေ့ဘက်ပင်လယ်ကမ်းခြေမှ ဒီဃဝါပိစေတီ

ဘုရားရှင်နှင့်တကွ ရဟန္တာ ၅၀၀ ပါးရာ သမာပတ်ဝင်စားရာဌာနဌ် သဒ္ဓါတိဿ မင်း (သာသနာ ၄၀၇-၄၂၅) တည်ထားသည်။

သူငယ်တယောက် အင်္ဂတေကိုင်ယင်း စေတီထိပ်မှ လိမ့်ကျစဉ် အောက်၌ ရှိသော မထေရ်များက "ဓဇဂ်သုတ် ပရိတ်ရွတ်"ဟု လှမ်းအော် သတိပေး၍ "ဓဇဂ္ဂသုတ္တံ မံ ရက္ခတု= ဓဇဂ်သုတ် ကယ်တော်မူပါ"အော်လျှင် စေတီမှ အုတ်နှစ်ချပ် ရုတ်တရက်ထွက်လာကာ ငြမ်းကဲ့သို့ ခံလင့်ထား၍ အသက်ဘေးမှ လွတ်ခဲ့ဖူးကြောင်း သံယုတ်အဋ္ဌကထာ (၁၊၃၁၂)၌ ဆိုသည်။

ကန္ဒီမှ အရှေ့မြောက် မိုင် ၆၀၊ပေါလုဝိလမှ ၄၈–မိုင်၊ဘာတိကာလို(အရှေ့ဘက်ကမ်းခြေ)မြို့မှ ၂၅-မိုင်။ ကန္ဒီမှ တောင်ဘက်သို့ ၂၅-မိုင်၊ ပေ၆-ထောင်မှ ရှစ်ထောင်ကျော်မြင့်မား၍ ရှမ်းပြည်၊ ကလောလီရာသီဥတုမျိုးရှိသော နုဝရအေလိယ (တောင်ပေါ်မြို့)နှင့်ပိဒရိုတောင်တန်းကြီးများကိုဖြတ်ကျော်၍ ရထားခုတ်မောင်း သွားရသည်။ ဟာပုတ်တလေတောင်ကြီးကို ဖြတ်ကျော်ပြီးမှ ဘာတိကာလိုမြို့သို့ ရောက်သည်။

အရှင်မလိယဒေဝ ဆဆက္ကသုတ္တန်ဟောကြား၍ ရဟန်းတော်ခြောက်ကျိပ်တို့ ရဟန္တာဖြစ်ရာ အရှေ့ဘက်ပင်လယ်ကမ်းခြေဒေသတခု ဖြစ်၏။

အင်္ဂလိပ်ရာဇ ၂၁၃၄-တိဌာနသုတ်အဖွင့်အရ ဒီဃဝါပိအရပ်၌ မဟာဇာတက ဘာဏကထေရ်တရားပွဲများပြုလုပ်ရာ ခက်ခဲစွာလာရောက်နာယူကြကြောင်း ပါရှိ၏။

## နေမင်းသုံးကြိမ်ချာချာလည်ဦးတိုက်ရသော သမန္တကူဋ(သုမနကူဋ) ခြေတော်ရာတောင်

မြတ်စွာဘုရား တတိယအကြိမ်ကြွစဉ် ဝဲဘက်ခြေတော်ရာ ချတော်မူခဲ့ရာ တောင်၊ နေ့သန့်ရာ 'ဒိဝါဂုဟာ'လိုဏ်ဂူတော် စေတီလည်းရှိ၏။ (ခြေတော်ရာကိုကား ယခုတိုင် ရှာ၍မတွေ့ကြရသေး။)

http://www.dhammadownload.com



ကိုလံဗိုမှ ၃၃-မိုင်၊ ထိုတောင်သည် ပေပေါင်း ၇,၆၃၀-မြင့်၏။ ဟယ်ဋ္ဌန် ဘူတာ၌ဆင်း၍ ကားဖြင့်ဆက်၍ အနောက်သို့ ၈-မိုင်သွားရသေးသည်။ 'စေတီ ပါဒတောင်'ဟုလည်း ခေါ်၏။

ကိုလံဗိုမှ စေတီပါဒတောင် (သမန္တကူဋ) သွားလမ်းမှာ နှစ်လမ်းရှိ၏။ ဟယ်ဋ္ဌန်မြို့သို့ မီးရထား မိုင်တရာ၊ ၎င်းမှ တောင်ခြေသို့ ကားလမ်း မိုင်ရှစ်ဆယ် သွားရ၏။ ရတနပူရမြို့မှသွားလျှင် နီးသော်လည်း မတ်စောက်လှ၍ အသွားနည်း သည်။ အဘိုးအိုး အဘွားအိုများပင် ညအိပ်၍တက်ကြ၏။ ချမ်းလွန်း၍ မီးဖို၍ အာမုံပြုရသည်။ အဆောက်အအုံ မလုံလောက်။

စေတီပါဒတောင်ကို နေမင်း ဦးသုံးကြိမ်ဦးတိုက်သည်ဟု ဆိုကြ၏။

နေလုံးကြီးထွက်ပြူမလာမီ အရှေ့လောကဓာတ်၌ ညို နီ ခရမ်း သက်တံ့ ရောင်များ ယှက်သန်းလာပြီးလျှင် လျှပ်စစ်ရောင်ကြားမှ ရုတ်တရက် ထွက်လာ သော နေမင်းကို ဘဲဥသဏ္ဍာန်မျှသာမြင်ရပြီး ၁၅-မိနစ်ခန့်ပျောက်ချည်ပေါ်ချည် ဖြစ်နေ၏။ ချာချာလည်နေသည်ဟုလည်း ထင်ရသည်။ထိုနည်းဖြင့် ငုပ်ချည် ပေါ် ချည်လုပ်ပြီးမှ ထင်ထင်ရှားရှား ထွက်ပေါ်လာသည်ကို မြင်ကြရသဖြင့် ဦးသုံးကြိမ် ချာချာလည် ရှိခိုးပြီးမှ ထွက်လာသည်ဟု ဆိုကြသည်။

တောင်ပေါ်သို့ရောက်သူတိုင်း ဤသို့လည်း ထင်ရတတ်ပေသည်။ (မြေ ဒေ ဒေသ သဘာဝပင်တည်း။)

ထိုစေတီပါဒ (ဆီရိပါဒ) တောင်သို့ ရောက်သူတိုင်း အံ့သြရသည်မှာ ရှိ သေး၏။

စေတီပါဒတော်ကြီး၏ အနောက်ဘက်တွင် တောင်ခြေမှစ၍ ယိုးထွက်နေ သော မှောင်ရိပ်ကြီးမှာ မိုင် ခြောက်ဆယ်, ခုနစ်ဆယ်ခန့် ရှိသည်မှာလည်း အံ့ တပါး ဖြစ်နေတော့သည်။ အချိန်မရွေး ထိုအရိပ်ကြီးမှာ ထိုအတိုင်း ဖြစ်နေ၏။

ပို၍ အံ့ဖွယ်ကောင်းသည်ကား ဗုဒ္ဓဘာသာဝင်တို့သာမက အခြား ခရစ် ယာန်၊ ဟိန္ဒူ၊ မူဆလင်များလည်း အုပ်စုနှင့်ချီ၍ တက်ရောက်ကြသည်။ထိုဘာသာ ခြားများကလည်း 'စိန့်သောမတ်၏ခြေရာ'၊ 'သီဝနတ်ဘုရားခြေရာ (ဆိဝနိုလိပါ ဒါမ်)'၊ 'မဟာမက်ခြေရာ (ဖာသားအာဒမ်)' ဟု အသီးအသီး ယုံကြည်ထားကြ သောကြောင့် ဖြစ်လေသည်။ ခရစ်ယာန် ဘာသာဝင်များကမူ နှစ်စဉ် ဘုရားဖူး တက်ရာ 'အာဒမ်စပိခ်=ထာဝရခြေရာ'ဟု ဆိုကာ ထာဝရဘုံနှင့်မိုင်လေးဆယ်သာ ဝေးတော့သည်ဟု ယုံကြည်နေကြ ပြန်လေသည်။ ("ဇမ္ဗူမှာဒွေး၊ ယာမှာဇ" လက်ာအရ ဋ္ဌန္ဒိယ၏လက်ယာ=လံကာမှာ ခြေတော်ရာ တခုဟူလို။)

http://www.dhammadownload.com



# နာဂဒီပ ကျွန်းထူး ကျွန်းမြတ်

နာဂဒီပကျွန်းသည် အဋ္ဌကထာကြီးများနှင့် မဟာဝင်၊ ဒီပဝင်၊ ဓာတုဝင်၊ ထူပဝင်၌ အလွန်ထင်ရှားသောကျွန်း ဖြစ်သည်။

မြတ်စွာဘုရားရှင် ဒုတိယ အကြိမ် ကြွစဉ် သမာပတ် ဝင်စားရာ ဌာန ရာဇာယတနစေတီရှိ၏။ ဦးရီးနှင့်တူ နဂါးများ ပလ္လင်လုစစ်ပွဲကြီးကို ငြိမ်းချမ်းရေး ဟောတော်မူရာဌာန ဖြစ်၏။

သာသနာကွယ်ပျောက်ခါနီးလျှင် သရီရဓာတ်တော်များ ဤကျွန်း၌လည်း စုဝေးမည့်အကြောင်း အဋ္ဌကထာများ၌ ဖော်ပြပါရှိသည်။

လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်ရှိ ဓာတ်တော်များ အားလုံး ပထမဆုံး မဟာစေတီ၌ ကြွရောက်စုရုံးကြမည်။ ဒုတိယ နာဂဒီပကျွန်း၊ ထိုကမှ ဗောဓိမဏ္ဍိုင်သို့ ကြွကာ ဗုဒ္ဓရှင်တော်မြတ်ပမာ လက္ခဏာကြီးငယ် ခြောက်သွယ် ရောင်ခြည် ထုံးလည်တင့်တယ် စံပယ်တော်မူရာမှ သာသနာတော် နောက်ဆုံးကွယ်ခြင်း အဖြစ် တေဇောဓာတ်လောင်မည့်အကြောင်း (သမ္မော-၁၄၁၃၊ ပါထိက-၈၃၊ ဥပရိ-၈၁-အံ-၌-၁၊ ၇၀)တို့၌ အကျယ်ပါရှိ၏။

ဓမ္မစကြာ ရွတ်ဖတ်နာယူပူဇော်၍ ဝူဠာသယ ပတ္တမြားရသော'ဓမ္မစကြာ မယ်ဟေမာ'သည် နာဂဒီပကျွန်းသူ ဖြစ်သည်။

ဤကျွန်းကို နာဂဒီပ၊ ဓမ္မိလ ဟိန္ဒူ ကျေးများက 'နိုင်နဒွိဝု' (Nina-dwivu)ဟုလည်းကောင်း၊'မိနိပလံဂ' (Minipalanga)ကျွန်းဟု လည်းကောင်း ခေါ်ကြသည်။ လူဦးရေ ငါးထောင်ခန့်ရှိ၏။ ဟိန္ဒူများသာ များးကုန်၏။ ကျွန်း ဧရိယာ အလျား သုံးမိုင်မျှသာ ရှိသည်။ ဇူလိုင်ကမ်းခြေသို့ ၂၂-မိုင်သာ ဝေး တော့၏။

နာဂဒီပ မရောက်မီ ကျွန်းငယ်ပေါင်း များစွာရှိနေ၏။

ကိုလံဗိုမှ မိုင် ၂၀၀-ကျော် ဝေးသော ကျွန်း မြောက်ဆုံးရှိ ဂျပ္ဖနား (ယာပန)ဆိပ်သို့ မီးရထားဖြင့်ဖြစ်စေ၊ ကားဖြင့်ဖြစ်စေ သွား၍ ထိုကမှ ကားဖြင့် ကာရေတိဝုကျွန်း၊ ထိုကမှ ကူးတို့ဖြင့် ကိုက်ကျွန်း၊ ထိုကမှ မော်တော်ဖြင့် နာဂဒီပ ကျွန်းသို့ သွားရသည်။

**နောက်ဆက်တွဲ ပြီး၏။**

http://www.dhammadownload.com

# ပြင်ဆင်ဖတ်ရှုရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၈ | ၂၈ | sialkol | sialkot |
| ၂၅ | ၁၈ | သာဓြ | သာသနာပြု |
| ၅၅ | ၂၅ | ကျောင်းဆောင် | ကျောင်းတော် |
| ၆၀ | ၁၈ | မင်္ဂလာ | မင်္ဂဏ |
| ၆၄ | ၃၀ | ဥရာ | ဥရဂ |
| ၆၆ | ၂၄ | ကောသ | ကေသ |
| ၇၅ | ၂ | ပဏ်ကြွာက | ပကိဏ္ဏက |
| ။ | ၂၀ | မှထေရ်မြတ်ကြီး | မထေရ်မြတ်ကြီးများ |
| ၉၆ | ၉ | သီဟိုဠ်ကျွန်းကလေးသည် | သီဟိုဠ်ကျွန်းကလေးနှိုက် |
| ။ | ၁၄ | ကျောင်းတွင်း၌အပရိဝုဏ် | ကျောင်းပရိဝုဏ်အတွင်း၌ |
| ၁၀၇ | ၉ | အကြိမ်များမှာ | အကြိမ်များစွာ |
| ၁၁၉ | ၂ | မျို | မြို့ |
| ။ | ၃ | ဤသို့ဆိုလျှင် | ဤသို့လျှင် |
| ၁၂၉ | ၁၀ | မြန်မာမင်းများပင် | မြန်မာများပင် |
| ၁၅၈ | ၂၁ | ဓမ္မစိဋ္ဌာန် | ဓမ္မာဓိဋ္ဌာန် |
| ၁၅၉ | ၁၁-၂ | ၁၃၄၀-ပြည့်နှစ်၊ ၁၂၊၃ | ၁၃၄၁-ခုနှစ်၊ ၂၉၊၂ |
| ၁၆၂ | ၁ | အညွှံခံတာ | အညံ့ခံ |
| ၁၇၀ | ၁၂ | ဥာဏ်မြတ်ရင့် | ဥာဏ်မြင်ရင့် |
| ၁၇၅ | ၂၄ | အိပ်ပါခံတာ့လား | အိပ်ပါတော့လား |
| ။ | ၂၈ | ဒီဆောက် | ဒီလောက် |
| ၁၈၅ | ၂၅ | နန်းဆောင် | နန်းတော် |
| ၁၉၇ | ၂၃ | ကောလာသ | ကေလာသ |
| ၂၀၉ | ၁၁ | မသွားပါ | မသွားလိုပါ |
| ၂၃၀ | ၂၈ | ယောတိ | ဟောတိ |
| ၂၃၆ | ၂၈ | ဝသာန | ဝဿာန |

# ပြင်ဆင်ဖတ်ရှုရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၅၅ | ၅ | ကာဠ္ဌေဒက | ကာဠ္ဌောဒက |
| ၂၇၃ | ၃၀ | အာရသော | အာဝုသော |
| ၂၇၅ | ၁ | လေ့ကျင့် | လေ့ကျက် |
| ၂၉၉ | ၂၆ | ခန္ဓာတို | ခန္ဓာကား |
| ၃၂၀ | ၂၅ | ပြည့်မြောက်လျက်ရှိ၏။ | ပြည့်မြောက် လွယ်၏။ |
| ၃၂၉ | ၁၃ | သမ္မာသိတ္တာန | သမ္မသိတ္တာန |
| ၃၃၂ | ၁၃၊၂၃ | ဗာဠ္ဌ၊အသုခိ | ဗာဠ္ဌံ၊ အသုစိ |
| ၃၆၁ | ၆ | နတဘာသိက | နတဘာတိက |
| ၃၇၀ | ၂၊၁၂ | ငွဲ့တွဲ၊ပညာမရှိ | ဇွဲ့တွဲ၊ပညာမရ |
| ၃၇၃ | ၂၆ | မာရန္တ | မာရဇ္ဇ |
| ၃၈၆ | ၂၅ | ရှိတာကလေးကို | နာတာကလေးကို |
| ၃၉၈ | ၂၀ | အနာဖေါ် | တစ်နာပေါ် |
| ၃၉၉ | ၃၊၇ | အနဘာရတ၊ရှုလျက် | အနဘိရတ၊ရှုလျှင် |
| ။ | ၉ | ဇာတိ၊အငြိမ်းဇာတ် | ဓာတ်၊ အငြိမ်းဓာတ် |
| ။ | ၁၁ | ရောဂါဖြစ်ရ | ရောဂါ ပျောက်ရ |
| ၄၅၇ | ၂၆ | အာဏာဒေသနာ | အာဒေသနာ |
| ၄၈၅ | ၂၇ | မှတ်လွယ်ကူစွာရှိနိုင် | မှတ်လွယ်ကူစွာရှုနိုင် |
| ၅၀၁ | ၂၉ | မင်္ဂလေး | (ဖြုတ်ပယ်ရန်) |
| ၅၀၉ | ၂၉၊၃၀ | ဆွဲ့စက် | ချက်စက် |
| ၅၂၀ | ၆ | အမည်ခံသာ | အမည်ခံကာ |
| ၅၀၄ | ၆ | လောကေ | လောကော |